ကန့်သတ်

# ပြည်ထောင်စု မြန်မာနိုင်ငံတော်
# ရဲလက်စွဲ (ပထမတွဲ)

ပထမအကြိမ်ပုံနှိပ်ခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
၂၀၀၀ပြည့်နှစ်

ကန့်သတ်

ကန့်သတ်

မြန်မာနိုင်ငံရဲ ...

# ပြည်ထောင်စု မြန်မာနိုင်ငံတော်

# ရဲလက်စွဲ (ဒုတိယတွဲ)

ဒသမအကြိမ်ပုံနှိပ်ခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

၂၀၀၈ ပြည့်နှစ်

ကန့်သတ်

## နိုင်ငံတော် အရေးသုံးပါး

၁။ ပြည်ထောင်စု မပြိုကွဲရေး။

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

၃။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ကန့်သတ်

| | |
|---|---|
| ဓသာမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း | စောင်ရေ ၁၅၀၀၀ |
| ပုံနှိပ်တိုက် | ရွှေဒီပ |
| | ၀၂၇-၃၄-လမ်း(အလယ်)၊ရန်ကုန်မြို့။ |
| ဖလင် | ဦးဝင်းအောင်သူ |
| | ၃၃-လမ်း(အထက်)၊ ရန်ကုန်မြို့။ |

ကန့်သတ်

ကန့်သတ်

# ရဲလက်စွဲ(ဒုတိယတွဲ)
# ၂၀၀၀ ပြည့်နှစ်

၁။ ဤစာစောင်နှင့် စာစောင်ပါ အကြောင်းအရာများကို မသက်ဆိုင်သူများလက်ဝယ်သို့ မရောက်ရှိစေရန် တာဝန်ရှိသူအားလုံးမှ ထိန်းသိမ်းစောင့်ရှောက်ရမည်။ ပုံနှိပ်ထုတ်ဝေခြင်း၊ကူးယူဖော်ပြခြင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုံးဝမပြုရ။

၂။ ဤစာစောင်နှင့် စာစောင်ပါ အချက်အလက်များအား လုံခြုံမှုရှိရန် ထိန်းသိမ်းကြရမည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီ၏
အမိန့်အရ
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှထုတ်ဝေသည်

ကန့်သတ်

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၏စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီ

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် | အတွင်းရေးမှူး(၁) | ဥက္ကဋ္ဌ |
| ၂။ ဗိုလ်မှူးကြီးတင်လှိုင် | ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန။ | ဒုဥက္ကဋ္ဌ |
| ၃။ ဦးအောင်တိုး | တရားသူကြီးချုပ် | အဖွဲ့ဝင် |
| ၄။ ဦးသာထွန်း | ရှေ့နေချုပ် | 〃 |
| ၅။ ဒေါက်တာသန်းညွန့် | ဥက္ကဋ္ဌ၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။ | 〃 |
| ၆။ ဗိုလ်ချုပ်သိန်းစိုး | စစ်ဥပဒေချုပ် | 〃 |
| ၇။ ဗိုလ်ချုပ်ကျော်ဝင်း | ဒုတိယတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး | 〃 |
| ၈။ ဗိုလ်မှူးချုပ်သူရမြင့်မောင် | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန။ | 〃 |
| ၉။ ဒုတိယဗိုလ်မှူးကြီးပေငြိမ်း | ညွှန်ကြားရေးမှူးချုပ်(နယက) | 〃 |
| ၁၀။ ဦးစိုးတင့် | ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး။ | 〃 |
| ၁၁။ ဦးတင်အေး | ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်။ | 〃 |
| ၁၂။ ဒေါက်တာထွန်းရှင် | ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး။ | 〃 |
| ၁၃။ ဦးအောင်သိမ်း | ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ | 〃 |
| ၁၄။ ဦးကျော်ထွန်း | ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန။ | 〃 |
| ၁၅။ ဦးတင်ထွန်း | ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်။ | 〃 |
| ၁၆။ ဗိုလ်မှူးကြီးစိုးဝင်း | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။ | အတွင်းရေးမှူး |

# မြန်မာနိုင်ငံရဲတပ်ဖွဲ့၏စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ
## ဥပဒေရေးဆိုင်ရာ ဆပ်ကော်မတီဝင်များ

| | | |
|---|---|---|
| ၁။ ဗိုလ်ချုပ်သိန်းစိုး | စစ်ဥပဒေချုပ် | ဥက္ကဋ္ဌ |
| ၂။ ဗိုလ်မှူးကြီးစိုးဝင်း | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့။ | အဖွဲ့ဝင် |
| ၃။ ဦးသန်းမြင့် | ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။ | ။ |
| ၄။ ဒေါက်တာထွန်းရှင် | ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး။ | ။ |
| ၅။ ရဲမှူးချုပ်ညိုသိန်း | ရဲရေးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်။ | ။ |
| ၆။ ဗိုလ်မှူးကြီး အာဏနီ | ဒုတိယစစ်ဥပဒေချုပ် | အတွင်းရေးမှူး |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏အမှာ

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးနှင့် လိုက်လျောညီထွေဖြစ်စေမည့် နိုင်ငံတကာအဆင့်မီရဲတပ်ဖွဲ့ဖြစ်လာစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ယခင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၉၄ ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောမြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီ၏လက်အောက်တွင် တရားရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဥပဒေရေးဆိုင်ရာဆပ်ကော်မတီ၊ ထောက်လှမ်းရေးဆိုင်ရာဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးဆိုင်ရာဆပ်ကော်မတီ၊ လေ့ကျင့်ရေးဆိုင်ရာဆပ်ကော်မတီနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဆပ်ကော်မတီ ဟူ၍ ဆပ်ကော်မတီ ၆ ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဥပဒေချုပ်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဥပဒေရေးဆိုင်ရာဆပ်ကော်မတီသည် နိုင်ငံတော်အကြီးအကဲ၏ " ကိုယ်လိုနီစရိုက်ကိုဖျောက်၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ဆောင်ရွက် " ဟူသောဆောင်ပုဒ်နှင့်အညီ ဗြိတိသျှကိုလိုနီတို့လက်ထက် ၎င်းတို့၏ အုပ်ချုပ်ရေးယန္တရားကို အထောက်အကူဖြစ်စေရန် ရေးဆွဲပြဋ္ဌာန်းခဲ့သော ရဲလက်စွဲများအား ခေတ်စနစ်နှင့်အညီ ပြုစုရေးသားရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီ၏ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲလက်စွဲပထမတွဲမှ စတုတ္ထတွဲအထိ ရှိသည့်အနက် ဒုတိယတွဲနှင့်တတိယတွဲတို့ကို မြန်မာဘာသာပြန်ဆို၍ အသုံးပြုခဲ့သော်လည်း ပထမတွဲနှင့်စတုတ္ထတွဲတို့မှာ မူရင်းအင်္ဂလိပ်ဘာသာဖြင့်သာထားရှိအသုံးပြုခဲ့ပါသည်။ ရဲလက်စွဲ (ဒုတိယတွဲ) ကို ၁၉၈၅ ခုနှစ်တွင်နဝမအကြိမ်အထိ ပြင်ဆင်ပုံနှိပ်ခဲ့ရာ အသုံးအနှုန်းအချို့သာ ပြင်ဆင်ခဲ့ပြီးခေတ်စနစ်နှင့် လျော်ညီသော လုပ်ထုံးလုပ်နည်းများ ပါဝင်ခဲ့ခြင်းမရှိပါ။ သို့ဖြစ်၍ ရဲလက်စွဲ (ဒုတိယတွဲ)ကို ခေတ်စနစ်နှင့်လျော်ညီအောင် ပြန်လည်ပြင်ဆင်ရေးသား၍ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက်ဥက္ကဋ္ဌအဖြစ် ရဲဦးစီးအရာရှိချုပ်၊ အတွင်းရေးမှူးအဖြစ် ညွှန်ကြားရေးမှူး ( စီမံ / လေ့ကျင့် )၊ အဖွဲ့ဝင်များအဖြစ် စစ်ဥပဒေချုပ်ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိများပါဝင်သောကော်မတီတစ်ရပ်ကို ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၄။ ယင်းကော်မတီသည် ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ နေ့စဉ်ရုံးထိုင်ကာ ရဲလက်စွဲ (ဒုတိယတွဲ)အား အကြေအလည် စိစစ်ညှိနှိုင်းဆွေးနွေးပြီး ခေတ်စနစ်နှင့်လျော်ညီသည့် အသုံးအနှုန်း အခေါ်အဝေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီပြန်လည်ပြင်ဆင်ရေးသားပြုစုခဲ့ပါသည်။ ရဲလက်စွဲ(ဒုတိယတွဲ)တွင်ရဲတပ်သားမှ မြို့နယ်ရဲတပ်ဖွဲ့မှူးအထိ ရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအသီးသီး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ရဲလုပ်ငန်းတွင် အခြေခံအကျဆုံးဖြစ်သော ရဲစခန်းနှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများ၏ လုပ်ငန်းများကို ရဲတပ်ဖွဲ့ဝင်များ သိရှိနားလည်ကျင့်သုံး လိုက်နာကြစေရန်အတွက် အသေးစိတ်ဖော်ပြထားပါသည်။

၅။ ရဲလက်စွဲ(ဒုတိယတွဲ)အား ဒသမအကြိမ် ပုံနှိပ်ထုတ်ဝေရာတွင်ဥပဒေ၊ နည်းဥပဒေများတွင်ဖြစ်စေ၊ အသုံးအနှုန်းဝေါဟာရများတွင်ဖြစ်စေ၊ အကြောင်းခြင်းရာအချက်အလက်များတွင်ဖြစ်စေ၊ ပြုပြင်သင့်သည့် အချက်အလက်များကို ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အကြံပြုတင်ပြနိုင်ပါကြောင်းနှင့်

ဝမ်းမြောက်ဝမ်းသာစွာလက်ခံ၍ ကောင်းမွန်ပြည့်စုံမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရဲတပ်ဖွဲ့

နေရာ။ ရန်ကုန်မြို့။
ရက်စွဲ။ ၂၀၀၀ပြည့်နှစ်၊ မေလ ၂၇ ရက်

## မာတိကာ

(က)



| အစဉ် | အကြောင်းအရာ | ရုံးလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | **အပိုင်း(၁)** အလုပ်ဝတ္တရားများကို စီမံခုပ်ချုပ်ခန့်ခွဲခြင်း၊ | ၁၀၃၉ | ၁၁၈၇ | ၁ | ၉၁ |
| | **အခန်း(၃၂)** | | | | |
| ၁ | ရဲတပ်ဖွဲ့ဝင်များ၏ အရပ်ရပ်အခွင့်အာဏာအလုပ်ဝတ္တရားနှင့် တာဝန်များ | ၁၀၃၉ | ၁၀၆၆ | ၁ | ၁၈ |
| | (က) ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၃၆ အရ အခွင့်အာဏာများ နှင့် အလုပ်ဝတ္တရားများ | ၁၀၃၉ | ၁၀၄၆ | ၁ | ၄ |
| | (ခ ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အခွင့်အာဏာများနှင့် အလုပ်ဝတ္တရားများ | ၁၀၄၇ | ၁၀၅၅ | ၄ | ၁၁ |
| | (ဂ) အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်တို့မည်သို့ ပြုကျင့်ဆောင်ရွက်ရန် | ၁၀၅၆ | - | ၁၁ | ၁၃ |
| | (ဃ) မြို့ရွာငြိမ်ဝပ်ပြားရှိစေရန် စောင့်ရှောက်ခြင်း | ၁၀၅၇ | ၁၀၅၉ | ၁၃ | ၁၇ |
| | (င ) ရဲဝတ္တရား ပျက်ကွက်ခြင်းနှင့် အပြစ်ဒဏ် | ၁၀၆၀ | - | ၁၇ | - |
| | (စ ) ဝရမ်းစာအရပြစ်စေပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း(၉) အရ ဖြစ်စေဆောင်ရွက်သည့်အမှုများအတွက် တာဝန် ကင်းလွတ်ချမ်းသာခွင့် | ၁၀၆၁ | ၁၀၆၅ | ၁၇ | ၁၈ |

မာတိကာ

(ခ)


| အစဉ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | (ဆ) လူသေအလောင်းနှင့် သက်ဆိုင်သည့် အလုပ်ဝတ္တရားများ | ၁၀၆၆ | - | ၁၈ | - |
| ၂ | အခန်း(၃၃) ရဲတပ်ဖွဲ့ဝင်များ၏ အလုပ်ဝတ္တရားများ | ၁၀၆၇ | ၁၀၉၃ | ၁၈ | ၃၇ |
| | (က) မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ အလုပ်ဝတ္တရားများ | ၁၀၆၇ | ၁၀၇၅ | ၁၈ | ၃၂ |
| | (ခ) ရဲစခန်းမှူးများ၏ အလုပ်ဝတ္တရားများ | ၁၀၇၆ | ၁၀၈၀ | ၃၂ | ၃၄ |
| | (ဂ) ရဲစာရေးများ နှင့် ရဲတပ်ကြပ်ကြီးများ၏ အလုပ်ဝတ္တရားများ | ၁၀၈၂ | ၁၀၈၄ | ၃၄ | ၃၅ |
| | (ဃ) ရဲတပ်သားများ၏ အလုပ်ဝတ္တရားများ | ၁၀၈၅ | ၁၀၉၃ | ၃၅ | ၃၇ |
| ၃ | အခန်း(၃၄) ရဲစခန်းအကြောင်း | ၁၀၉၄ | ၁၁၂၆ | ၃၈ | ၅၅ |
| | (က) ရဲစခန်းတွင်ရှိသည့်ရဲတပ်ဖွဲ့ဝင်များ | ၁၀၉၄ | ၁၁၀၁ | ၃၈ | ၃၉ |
| | (ခ) အဆောက်အဦနှင့် အသုံးအဆောင်များ | ၁၁၀၂ | ၁၁၀၈ | ၄၀ | ၄၃ |
| | (ဂ) ရဲစခန်းမှူး | ၁၁၀၉ | ၁၁၂၅ | ၄၄ | ၅၁ |
| | (ဃ) ငွေကြေးများ နှင့် အဖိုးတန်ပစ္စည်းများကို ထိန်းသိမ်းထားခြင်း | ၁၁၂၆ | ၁၁၃၅ | ၅၁ | ၅၅ |

မာတိကာ




| အစဉ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် မှ | ရဲလက်စွဲအပိုဒ် ထိ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|---|
| | **အခန်း(၃၅)** | | | | |
| ၄ | **ရဲစခန်းဆိုင်ရာလက်နက်ခဲယမ်း ကိရိယာများအကြောင်း** | ၁၁၃၆ | ၁၁၄၁ | ၅၆ | ၅၇ |
| | **အခန်း(၃၆)** | | | | |
| ၅ | **ရဲဝတ်တန်ဆာ၊ရဲဆောင်ကိရိယာများ၊ တံဆိပ်များ၊နှင့် အစိုးရအဝတ်အစား၊ ကိရိယာတန်ဆာများကြည့်ရှုစစ်ဆေး ခြင်းအကြောင်း** | ၁၁၄၂ | ၁၁၅၆ | ၅၇ | ၆၂ |
| | (က) ရဲဝတ်တန်ဆာများနှင့် ရဲဆောင် ကိရိယာများ | ၁၁၄၂ | ၁၁၄၅ | ၅၇ | ၅၉ |
| | (ခ) ရဲတပ်ဖွဲ့ဝင်တို့ ဆင်ယင်သုံးစွဲ သည့် ရဲဝတ်တန်ဆာ ကိရိယာ များကို စစ်ဆေးကြည့်ရှုခြင်း | ၁၁၄၆ | ၁၁၅၁ | ၅၉ | ၆၀ |
| | (ဂ) ဂုဏ်ထူးဆောင် ဘွဲ့များ၏ အဆောင်အယောင် တံဆိပ်များ | ၁၁၅၂ | ၁၁၅၄ | ၆၀ | ၆၁ |
| | (ဃ) ရဲတပ်ဖွဲ့ဝင် တစ်ဦးချင်း ရဲဝတ် တန်ဆာပစ္စည်းစာရင်း (ပုံစံ–ထောက် ၂၅) | ၁၁၅၅ | ၁၁၅၆ | ၆၁ | ၆၂ |
| | **အခန်း(၃၇)** | | | | |
| ၆ | **ဆေးဝါးကုသခွင့် နှင့် ရောဂါဘယ ကြည့်ရှု စမ်းသပ်ခံခွင့် အကြောင်း** | ၁၁၅၇ | ၁၁၇၀ | ၆၂ | ၆၆ |
| | **အခန်း(၃၈)** | | | | |
| ၇ | **လေ့ကျင့်ရေးသင်တန်းကျောင်းများ** | ၁၁၇၁ | ၁၁၇၆ | ၆၇ | ၇၆ |

မာတိကာ

(ဃ)


| အပိုဒ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | **အခန်း(၃၉)** | | | | |
| ၈ | စာမေးပွဲများအကြောင်း၊ | ၁၁၇၇ | ၁၁၈၇ | ၇၇ | ၉၀ |
| | (က) ရဲတပ်ဖွဲ့ဝင်များ၏ စာမေးပွဲများ | ၁၁၇၇ | ၁၁၈၁ | ၇၇ | ၇၉ |
| | (ခ) အမြားအဆင့် တပ်ဖွဲ့ဝင်များ ရာထူး တိုးမြှင့်ပေးရေးဆိုင်ရာ ကိစ္စရပ်များ | ၁၁၈၂ | ၁၁၈၄ | ၈၀ | ၉၀ |
| | (ဂ) ကျွမ်းကျင်မှုနှင့် မွမ်းမံသင်တန်းများသို့ တက်ရောက် သင်ကြားခြင်း | ၁၁၈၅ | ၁၁၈၇ | ၉၀ | ၉၀ |
| | **အပိုင်း(၂)** | | | | |
| | အထွေထွေ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ရသည့် အလုပ်ဝတ္တရားများ | ၁၁၈၈ | ၁၄၁၀ | ၉၁ | ၂၄၂ |
| | **အခန်း(၄၀)** | | | | |
| ၉ | ရဲစခန်း၊ ရဲကင်းများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကင်းစောင့်များနှင့် ကြပ်မတ်ပို့ဆောင်ရသူတို့ လိုက်နာရန် နည်းလမ်းများ | ၁၁၈၈ | ၁၂၃၆ | ၉၁ | ၁၃၆ |
| | (က)ကင်းများကို ပြင်ပမှ တိုက်ခိုက်ခြင်း မပြုနိုင်အောင် ကာကွယ်စောင့်ရှောက်ခြင်း | ၁၁၈၈ | ၁၁၉၀ | ၉၁ | ၉၂ |
| | (ခ) ကင်းများကိုအတွင်းမှ တိုက်ခိုက်ခြင်း မပြုနိုင်အောင် ကာကွယ်စောင့်ရှောက်ခြင်း | ၁၁၉၁ | - | ၉၂ | ၉၃ |

## မာတိကာ

## ( င )


| အခန်း | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် မှ | ရဲလက်စွဲအပိုဒ် ထိ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|---|
| | (ဂ) အကျဉ်းသား/ အချုပ်သားများ အား ချုပ်နှောင်ခြင်း | ၁၁၉၂ | ၁၁၉၅ | ၉၃ | ၁၀၅ |
| | (ဃ)အချုပ်သားများကို စောင့်ကြပ် ခြင်း | ၁၁၉၆ | ၁၁၉၈ | ၁၀၅ | ၁၀၇ |
| | (င )အချုပ်သားများကို ကြပ်မတ်ပို့ ဆောင်ခြင်း | ၁၁၉၉ | ၁၂၀၈ | ၁၀၇ | ၁၁၃ |
| | (စ ) အချုပ်သား တို့ကို မီးရထား သို့မဟုတ် ရေယာဉ်များ နှင့် ကြပ်မတ်ပို့ဆောင်ခြင်း | ၁၂၀၉ | ၁၂၁၆ | ၁၁၃ | ၁၁၇ |
| | (ဆ) အချုပ်သားများကို ကုန်းလမ်း ခရီးဖြင့်ကြပ်မတ်ပို့ဆောင်ခြင်း | ၁၂၁၇ | ၁၂၂၁ | ၁၁၇ | ၁၁၉ |
| | (ဇ ) ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရပိုင်ငွေ၊ တန်ဖိုးရှိသော ငွေများနှင့် ခဲယမ်းကိရိယာများကိုကြပ်မတ် ပို့ဆောင်ခြင်း | ၁၂၂၂ | ၁၂၂၈ | ၁၁၉ | ၁၂၇ |
| | (ဈ) ငွေတိုက်များကိုစောင့်ကြပ်ခြင်း | ၁၂၂၉ | ၁၂၃၁ | ၁၂၇ | ၁၂၈ |
| | (ည) ကင်းအဖွဲ့များ လိုက်နာရန် ညွှန်ကြားချက် | ၁၂၃၂ | ၁၂၃၃ | ၁၂၈ | ၁၃၂ |
| | (ဋ ) အရိုအသေပြုခြင်း | ၁၂၃၄ | – | ၁၃၂ | ၁၃၅ |
| | (ဌ ) ကြပ်မတ် ပို့ဆောင်သူတို့နှင့် စပ်လျဉ်းသော အထွေထွေ အမိန့်များ | ၁၂၃၅ | ၁၂၃၆ | ၁၃၅ | ၁၃၆ |
| | အခန်း (၁၀) | | | | |
| ၁၀ | အထွေထွေ အလုပ်ဝတ္တရားများ အကြောင်း | ၁၂၃၇ | ၁၂၅၇ | ၁၃၆ | ၁၄၇ |

| အခန်း | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် မှ | ရဲလက်စွဲအပိုဒ် ထိ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|---|
| | (က) အရှင်မပေါ် သို့မဟုတ် မသင်္ကာသည့် ဖွဲ့စည်းများကို ဖမ်းဆီးသိမ်းယူစီမံခန့်ခွဲခြင်း၊ | ၁၂၃၇ | ၁၂၄၃ | ၁၃၆ | ၁၄၀ |
| | (ခ) ကျွဲနွားတိရစ္ဆာန်များကို ရဲတပ်ဖွဲ့ဝင်တို့က ဖမ်းဆီးထားခြင်း၊ | ၁၂၄၄ | ၁၂၄၅ | ၁၄၀ | ၁၄၂ |
| | (ဂ) လူနာများနှင့် ဒုက္ခိတများအား အကူအညီပေးခြင်း၊ | ၁၂၄၆ | ၁၂၄၇ | ၁၄၂ | - |
| | (ဃ) ခရီးသည်များအားအကူအညီပေးခြင်း၊ | ၁၂၄၈ | - | ၁၄၂ | - |
| | (င) ကူးစက်တတ်သောရောဂါဖြစ်ပွားသည့်အခါဆောင်ရွက်ခြင်း၊ | ၁၂၄၉ | - | ၁၄၂ | ၁၄၃ |
| | (စ) ရဲအချုပ်ခန်းများ၌ ကူးစက်တတ်သည့်ရောဂါများရုတ်တရက်ကျရောက်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ | ၁၂၅၀ | - | ၁၄၃ | ၁၄၄ |
| | (ဆ) ကျွဲ၊ နွားများ သေကြေပျက်စီးလျှင် အရေးယူခြင်း၊ | ၁၂၅၁ | ၁၂၅၄ | ၁၄၄ | ၁၄၅ |
| | (ဇ) လူပျောက်လျှင် အရေးယူခြင်း၊ | ၁၂၅၅ | - | ၁၄၅ | ၁၄၆ |
| | (ဈ) မီးသင့်လောင်သည့်အခါအရေးယူခြင်း၊ | ၁၂၅၆ | - | ၁၄၆ | ၁၄၇ |
| | **အခန်း(၄၂)** | | | | |
| ၁၁ | မြို့များတွင်စောင့်ရှောက်ခြင်းနှင့်ထင်းများလှည့်လည်ခြင်း၊ | ၁၂၅၇ | ၁၂၆၅ | ၁၄၇ | ၁၅၀ |
| | (က) လှည့်ကင်းများဆောင်ရွက်ခြင်း၊ | ၁၂၅၈ | ၁၂၇၀ | ၁၄၈ | ၁၅၇ |
| | (ခ) အချုပ်ထောင်များ | ၁၂၇၁ | ၁၂၇၂ | ၁၅၇ | ၁၅၀ |

မာတိကာ

(ဆ)


| အစဉ် | အကြောင်းအရာ | ရုံးလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | (ဂ) အရပ်ရပ်ဆိုင်ရာစီမံချက်များနှင့် အလုပ်ဝတ္တရားများ | ၁၂၇၄ | ၁၂၇၅ | ၁၅၈ | - |
| | **အခန်း(၄၃)** | | | | |
| ၁၂ | **ရထားရုံးတပ်ဖွဲ့ဝင်နှင့်နယ်မြေရုံးတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရမည့် အလုပ်ဝတ္တရားများ** | ၁၂၇၆ | ၁၂၈၈ | ၁၅၉ | ၁၆၆ |
| | (က) မှုခင်းစုံစမ်းစစ်ဆေးခြင်းနှင့်အခြားကိစ္စများတွင်ပူးပေါင်းဆောင်ရွက်ခြင်း | ၁၂၇၆ | ၁၂၈၇ | ၁၅၉ | ၁၆၃ |
| | (ခ) အရေးကြီးသော ဖြစ်မှုကြီးများဖြစ်ပွားသည့် အခါ ရထားရုံးတပ်ဖွဲ့ဝင်များနှင့် နယ်မြေရုံးတပ်ဖွဲ့ဝင်များ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း | ၁၂၈၈ | - | ၁၆၃ | ၁၆၆ |
| | **အခန်း(၄၄)** | | | | |
| ၁၃ | **မြို့နယ်ရုံးတပ်ဖွဲ့နှင့်မှုခင်းတပ်ဖွဲ့အကြောင်း** | ၁၂၈၉ | ၁၂၉၇ | ၁၆၆ | ၁၇၁ |
| | **အခန်း(၄၅)** | | | | |
| ၁၄ | **ရုံးတပ်ဖွဲ့ပိုင်ပျောက်သော လက်နက်လိုင်စင်များ/ ပါမစ်များ၊ လက်နက်ခဲယမ်း မီးကျောက် စသည်တို့ကို ထိန်းသိမ်းခြင်းနှင့် စီမံဆောင်ရွက်ခြင်း** | ၁၂၉၈ | ၁၃၀၄ | ၁၇၁ | ၁၇၆ |
| | (က) လက်နက်လိုင်စင်များဖိုင်တွဲ မှတ်ပုံတင်၊ မှတ်ပုံတင် (၁) | ၁၂၉၈ | - | ၁၇၁ | ၁၇၂ |

မာတိကာ

(စ)


| အစဉ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | (ခ) လက်နက်များကိုကြည့်ရှုစစ်ဆေးခြင်း | ၁၂၉၉ | ၁၃၀၀ | ၁၇၂ | ၁၇၃ |
| | (ဂ) လက်နက်ခဲယမ်းစစ်မက်ကိရိယာများမှတ်ပုံတင်၊ မှတ်ပုံတင် (၂) | ၁၃၀၁ | ၁၃၀၃ | ၁၇၃ | ၁၇၅ |
| | (ဃ) အစိုးရပိုင်ဖြစ်စေ ဥပဒေအရကိုင်ဆောင်ခွင့်ရှိသူထံမှဖြစ်စေ၊ လက်နက်များခိုးယူပျောက်ဆုံးခြင်း | ၁၃၀၄ | – | ၁၇၅ | ၁၇၆ |
| | **အခန်း(၄၆)** | | | | |
| ၁၅ | **စစ်ဆေး ကြည့်ရှုခြင်းအကြောင်း** | | | | |
| | ရဲစခန်း စစ်ဆေးချက်မှတ်ပုံတင်၊ မှတ်ပုံတင်(၃) | ၁၃၀၅ | ၁၃၀၆ | ၁၇၆ | ၁၇၇ |
| | **အခန်း(၄၇)** | | | | |
| ၁၆ | **တရားရုံးတွင် အမှုများကို စွဲဆိုဆောင်ရွက်ခြင်းအကြောင်း၊** | ၁၃၀၇ | ၁၃၂၂ | ၁၇၇ | ၁၈၂ |
| | **အခန်း(၄၈)** | | | | |
| ၁၇ | **ရဲစာရေးနှင့်ရဲစခန်းမှတ်ပုံတင်များအကြောင်း၊** | ၁၃၂၃ | ၁၃၃၇ | ၁၈၂ | ၁၈၈ |
| | (က) ရဲစာရေး | ၁၃၂၃ | ၁၃၂၉ | ၁၈၂ | ၁၈၄ |
| | (ခ) ရဲစခန်းဆိုင်ရာ မှတ်ပုံတင်များအကြောင်း | ၁၃၃၀ | ၁၃၃၇ | ၁၈၅ | ၁၈၈ |
| | **အခန်း(၄၉)** | | | | |
| ၁၈ | **အရပ်ရပ်နေ့စဉ်နှင့် အလုပ်ဝတ္တရားခွဲဝေမှတ်တမ်း** | ၁၃၃၈ | ၁၃၄၆ | ၁၈၈ | ၁၉၈ |
| | (က) အရပ်ရပ်နေ့စဉ်မှတ်တမ်း၊ မှတ်ပုံတင်(၄) | ၁၃၃၈ | ၁၃၄၅ | ၁၈၈ | ၁၉၄ |

မာတိကာ





| အခင်း | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | (ခ) အလုပ်ဝတ္တရားခွဲဝေမှတ်တမ်း မှတ်ပုံတင် (၄–က) | ၁၃၄၆ | – | ၁၉၄ | ၁၉၈ |
| | **အခန်း(၅၀)** | | | | |
| ၁၉ | **တရားခံများချုပ်ထားရန် "ဒိုမန် "အမိန့်တောင်းဆိုခြင်း၊ဖမ်းဆီးခြင်းနှင့်ချုပ်နှောင်ထားခြင်း** | ၁၃၄၇ | ၁၃၈၂ | ၁၉၈ | ၂၁၉ |
| | (က) ချုပ်ထားရန် "ဒိုမန် "အမိန့်တောင်းဆိုခြင်း | ၁၃၄၇ | ၁၃၅၁ | ၁၉၈ | ၂၀၀ |
| | (ခ) ဝရမ်းမပါဘဲ ဖမ်းဆီးရမိသူတို့ မှတ်ပုံတင်၊ မှတ်ပုံတင်(၅) | ၁၃၅၂ | – | ၂၀၀ | ၂၀၁ |
| | (ဂ) ဖမ်းဆီးရမိသူတို့အားချုပ်နှောင်ထားခြင်း | ၁၃၅၃ | ၁၃၆၂ | ၂၀၁ | ၂၀၄ |
| | (ဃ) ကိုယ်တွင်ရှာဖွေခြင်း | ၁၃၆၃ | ၁၃၆၆ | ၂၀၄ | ၂၀၅ |
| | (င) အချုပ်တရားခံတို့ကိုချုပ်ထားခြင်း | ၁၃၆၇ | ၁၃၇၁ | ၂၀၅ | ၂၀၇ |
| | (စ) အချုပ်ထောင်မှတ်ပုံတင်၊ မှတ်ပုံတင်(၆) | ၁၃၇၂ | ၁၃၇၆ | ၂၀၇ | ၂၀၉ |
| | (ဆ) အထွေထွေညွှန်ကြားချက်များ | ၁၃၇၇ | ၁၃၈၁ | ၂၀၉ | ၂၁၁ |
| | (ဇ) လက်ထိပ်များအကြောင်း | ၁၃၈၂ | – | ၂၁၁ | ၂၁၉ |
| | **အခန်း(၅၁)** | | | | |
| ၂၀ | **ရဲစခန်းငွေစာရင်းများ** | ၁၃၈၃ | ၁၃၈၈ | ၂၁၉ | ၂၂၉ |
| | (က) ခရီးစရိတ် မှတ်ပုံတင်၊ မှတ်ပုံတင်(၇) | ၁၃၈၃ | ၁၃၈၅ | ၂၁၉ | ၂၂၄ |
| | (ခ) ဘီလ် စာရင်းများကိုစစ်ဆေးသော မှတ်ပုံတင်၊ မှတ်ပုံတင်(၈) | ၁၃၈၆ | – | ၂၂၅ | – |

မာတိကာ

(၁၁)

| အမှတ်စဉ် | အကြောင်းအရာ | ရုံးလက်စွဲအပိုဒ် မှ | ရုံးလက်စွဲအပိုဒ် ထိ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|---|
| | (ဂ) နေ့စဉ် ငွေစာရင်းမှတ်ပုံတင်၊ မှတ်ပုံတင် (၉) | ၁၃၈၇ | - | ၂၂၅ | ၂၂၇ |
| | (ဃ) အရပ်ရပ်ပို့ငွေပြေစာဖိုင်တွဲ မှတ်ပုံတင်၊ မှတ်ပုံတင်(၁၀) | ၁၃၈၈ | - | ၂၂၈ | ၂၂၉ |
| | **အခန်း(၃၂)** | | | | |
| ၂၁ | **ထုတ်နုတ်ချက်ခံယူခြင်းအကျောက်၊ ရုံးတော်ခံ ကိုးရိုးသော့နှင့်အမိုးရသူများအကြောင်း** | ၁၃၈၉ | ၁၃၉၄ | ၂၃၀ | ၂၃၂ |
| | (က) ရုံးထောက်ပံ့ဌာနမှ ထုတ်ပေးသော ရုံးခန်းသုံးအထွေထွေပစ္စည်းစာရင်း မှတ်ပုံတင်၊ မှတ်ပုံတင် (၁၁) | ၁၃၈၉ | ၁၃၉၀ | ၂၃၀ | ၂၃၀ |
| | (ခ) ရုံးထောက်ပံ့ဌာနမှ ထုတ်ပေးခြင်း မပြုသော သောင်းပြောင်းပစ္စည်း စာရင်းမှတ်ပုံတင်မှတ်ပုံတင် (၁၂) | ၁၃၉၂ | ၁၃၉၄ | ၂၃၀ | ၂၃၂ |
| | **အခန်း (၃၃)** | | | | |
| ၂၂ | **ရုံးခန်းရှိ သောင်းပြောင်းမှတ်တမ်းနှင့် စာတွဲများအကြောင်း** | ၁၃၉၅ | ၁၄၀၆ | ၂၃၂ | ၂၄၀ |
| | (က) နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ ရုံးတပ်ဖွဲ့ဌာနချုပ်မှထုတ်ပြန်သော သာကြူလာ အမိန့်များဖိုင်တွဲ မှတ်ပုံတင်၊ မှတ်ပုံတင် (၁၃) | ၁၃၉၅ | ၁၃၉၆ | ၂၃၂ | ၂၃၃ |

မာတိကာ



| အခန်း | အကြောင်းအရာ | ရုံးလက်စွဲအပိုဒ် |  | စာမျက်နှာ |  |
|---|---|---|---|---|---|
|  |  | မှ | ထိ | မှ | ထိ |
|  | (ခ) အထွေထွေအမိန့်များဖိုင်တွဲ မှတ်ပုံတင်မှတ်ပုံတင်(၁၄) | ၁၃၉၇ | ၁၃၉၉ | ၂၃၃ | ၂၃၅ |
|  | (ဂ) ပေးစာလက်ခံမှတ်ပုံတင်၊ မှတ်ပုံတင် (၁၅) | ၁၄၀၀ | - | ၂၃၅ | - |
|  | (ဃ) ချောစာပေးပို့သည့် မှတ်ပုံတင်၊ မှတ်ပုံတင်(၁၆)(၁၆-က)နှင့်(၁၇) | ၁၄၀၁ | ၁၄၀၂ | ၂၃၆ | ၂၃၇ |
|  | (င) ရုံးတာဝန်ခွဲမှအဆောက်လုပ်၍ ကြည့်ရှုထားရသော အဆောက်အဦများ မှတ်ပုံတင်၊ မှတ်ပုံတင်(၁၈) | ၁၄၀၃ | - | ၂၃၇ | ၂၃၈ |
|  | (စ) လက်ခံရရှိသော ပုံနှိပ်ထုတ်ဝေသည့် စာရွက်စာတမ်းများနှင့် ဥပဒေစာအုပ်များ မှတ်ပုံတင်၊ မှတ်ပုံတင်(၁၉) | ၁၄၀၄ | - | ၂၃၈ | ၂၄၀ |
|  | (ဆ) နေ့စာလက်မှတ်များ | ၁၄၀၅ | - | ၂၄၀ | - |
|  | (ဇ) ရုံးစခန်းဆိုင်ရာ နယ်မြေအတွင်းရှိ ကျေးရွာများမြေပုံ | ၁၄၀၆ | - | ၂၄၀ | - |
|  | အခန်း(၂၄) |  |  |  |  |
| ၂၄ | အမှုတွဲများထုတ်ပေးခြင်းနှင့် စီရွှေမှုများ ရေးထားခြင်း | ၁၄၀၇ | ၁၄၁၀ | ၂၄၂ | - |
|  | အပိုင်း(၃) |  |  |  |  |
|  | အမှု စစ်ဆေးအရေးယူခြင်း၊ သေမှု သေဆင်းစစ်ဆေးခြင်း၊ လက်ပုံစံအသုံးပြုခြင်း၊ တရားခံပြေးများ ၊ သက်သေခံပစ္စည်းများ၊ လူဆိုးများကြည့်ရှုစစ်ဆေး၊ |  |  |  |  |

မာတိကာ

(၄)

| အစဉ် | အကြောင်းအရာ | ခဲလက်စွဲအပိုဒ် မှ | ခဲလက်စွဲအပိုဒ် ထိ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|---|
| | မြင်းမှတ်တမ်း၊ အစွန့်ပစ်ရမည့်လူမှုရေးမြင်းများ၊ အမှုစစ်ဆေးခြင်းအတွက် ပြစ်မှုဆိုင်ရာထုတ်ပြန်ချက်များနှင့် အရေးပြည့်သတင်းပေးပို့ရေးစာချုပ်များ | ၁၄၁၁ | ၁၇၉၂ | ၂၄၃ | ၃၁၀ |
| | အခန်း (၁၅) | | | | |
| ၂၄ | ပထမသတင်းပေးတိုင်ချက်အမှုနေ့စဉ်မှတ်တမ်း၊ နောက်ဆုံးအစီရင်ခံချက်များနှင့်စွဲချက်စာချုပ်များရေးသားထားရှိခြင်း | ၁၄၁၁ | ၁၄၅၃ | ၂၄၃ | ၂၆၃ |
| | (က) ပထမသတင်းပေးတိုင်ချက်မှတ်ပုံတင်၊ မှတ်ပုံတင်(၂၀) | ၁၄၁၁ | ၁၄၂၂ | ၂၄၃ | ၂၅၀ |
| | (ခ) အမှုနေ့စဉ်မှတ်တမ်း ၊ မှတ်ပုံတင် (၂၁) | ၁၄၂၃ | ၁၄၃၆ | ၂၅၀ | ၂၅၅ |
| | (ဂ) အမှု စုံစမ်းစစ်ဆေးသူ အရာရှိ တစ်ဦးစီစစ်ဆေးသည့်အမှုစာရင်း၊ မှတ်ပုံတင်(၂၂) | ၁၄၃၇ | — | ၂၅၅ | ၂၅၆ |
| | (ဃ) နောက်ဆုံးအစီရင်ခံချက်မှတ်ပုံတင်၊ မှတ်ပုံတင်(၂၃) | ၁၄၃၈ | ၁၄၄၅ | ၂၅၆ | ၂၅၉ |
| | (င) စွဲချက်စာချုပ်၊ မှတ်ပုံတင်(၂၄) | ၁၄၄၆ | ၁၄၅၃ | ၂၅၉ | ၂၆၃ |

မာတိကာ

(၃)


| အစဉ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | **အခန်း (၅၆)** | | | | |
| ၂၅ | **ရဲအရေးမပိုင်သည့်ပြစ်မှုများ** | ၁၄၅၄ | — | ၂၆၃ | ၂၆၇ |
| | ရဲတပ်ဖွဲ့ဝင်များ တရားစွဲတင်ပို့သောရဲအရေးမပိုင်သည့် ပြစ်မှုများ မှတ်ပုံတင်၊ မှတ်ပုံတင်(၂၅) | ၁၄၅၄ | — | ၂၆၃ | ၂၆၇ |
| | **အခန်း (၅၇)** | | | | |
| ၂၆ | **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ သစ်ရိုးဥပဒေတို့နှင့် သက်ဆိုင်သော ပြစ်မှုများအကြောင်း** | ၁၄၅၅ | ၁၄၅၇ | ၂၆၇ | ၂၇၀ |
| | **အခန်း (၅၈)** | | | | |
| ၂၇ | **ဒဂါးအတု/ငွေစက္ကူအတုများအကြောင်း** | ၁၄၅၈ | ၁၄၆၃ | ၂၇၀ | ၂၇၁ |
| | **အခန်း (၅၉)** | | | | |
| ၂၈ | **နိုးယူ သို့မဟုတ် ပျောက်ဆုံးသောဝတ္ထုပစ္စည်းများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအကြောင်း** | ၁၄၆၄ | ၁၄၆၆ | ၂၇၂ | ၂၇၄ |
| | ခိုးရာပါပစ္စည်း မှတ်ပုံတင်နှင့် ပျောက်ဆုံးသည့် ကျွဲနွားတိရစ္ဆာန် မှတ်ပုံတင်၊ မှတ်ပုံတင်(၂၆) နှင့် (၂၇) | ၁၄၆၄ | ၁၄၆၆ | ၂၇၂ | ၂၇၄ |
| | **အခန်း (၆၀)** | | | | |
| ၂၉ | **သေမှုသေခင်းအခြင်းအရာကိုစစ်ဆေးခြင်းအကြောင်း** | ၁၄၆၇ | ၁၅၀၄ | ၂၇၅ | ၂၈၄ |
| | (က) မည်သူကစုံစမ်းစစ်ဆေးရခြင်း | ၁၄၆၇ | ၁၄၇၀ | ၂၇၅ | ၂၇၇ |
| | (ခ) စုံစမ်းစစ်ဆေးခြင်းကို မည်ကဲ့သို့ပြုလုပ်ရခြင်း | ၁၄၇၁ | ၁၄၉၀ | ၂၇၈ | ၂၈၀ |

| အ<br>စဉ် | အကြောင်းအရာ | ခုံလက်စွဲအပိုင် မှ | ခုံလက်စွဲအပိုင် ထိ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|---|
| | (ဂ) အရပ်ရပ်ညွှန်ကြားချက်များ | ၁၄၉၁ | ၁၅၀၃ | ၂၉၁ | ၂၉၄ |
| | (ဃ) ဆောက်တဆေးထိုးကိုက်သေဆုံးသူတို့နှင့် မိမိကိုယ်ကိုမိမိ သတ်၍သေသူတို့ဆိုင်ရာရှိုင်းထွဲများ မှတ်ပုံတင်၊ မှတ်ပုံတင် (၂၈) | ၁၅၀၄ | - | ၂၉၄ | - |
| | **အခန်း (၆၀)** | | | | |
| ၃၀ | တရားခံပြေးများအကြောင်း၊ | ၁၅၀၅ | ၁၅၁၈ | ၂၉၅ | ၃၀၃ |
| | (က) ပြစ်မှုကျူးလွန် ထွက်ပြေးတိမ်းရှောင်နေသူ တရားခံပြေးတို့၏ မှတ်ပုံတင်၊ မှတ်ပုံတင် (၂၉) | ၁၅၀၅ | ၁၅၀၉ | ၂၉၅ | ၂၉၆ |
| | (ခ) ပြစ်မှုကျူးလွန်ပြီးနောက်ထွက်ပြေးတိမ်းရှောင်နေသူ(တရားခံပြေး)တို့ကိုကြော်ငြာခြင်းနှင့်ပြစ်မှုပြန်တမ်းတွင်ကြော်ငြာခြင်း၊ | ၁၅၁၀ | ၁၅၁၇ | ၂၉၆ | ၃၀၃ |
| | (ဂ) ပြစ်မှုကျူးလွန်သူတို့အားဖမ်းဆီးရမည့်အတွက်ဆုလာဘ်များ | ၁၅၁၈ | - | ၃၀၃ | - |
| | **အခန်း (၆၂)** | | | | |
| ၃၁ | ညည်းကာမ်းသတ်မှတ်ချက်ဖြင့်လွှတ်ထားသည့်အကျဉ်းသားများအကြောင်း၊ | ၁၅၁၉ | ၁၅၂၆ | ၃၀၄ | ၃၀၉ |
| | ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ အရစည်းကမ်းသတ်မှတ်ချက်ဖြင့်လွှတ်ထားသောအကျဉ်းသားများ ရှိုင်းထွဲ၊ မှတ်ပုံတင် (၃၀) | ၁၅၂၀ | ၁၅၂၆ | ၃၀၆ | ၃၀၉ |

မာတိကာ

(က)

| အစဉ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | **အခန်း (၆၃)** | | | | |
| ၃၂ | **လက်ပုံစံ ၊ သက်သေခံပစ္စည်းများနှင့် အထောက်အထားပြစ်မှုထင်ရှားပြီးမှ ထိန်းရင် ခြင်းခံရသူအား ပြစ်မှုကျူးလွန်သူတို့ အား ထင်ရှားသိသာအောင် ခွဲခြားခြင်း များအကြောင်း** | ၁၅၂၇ | ၁၆၀၅ | ၃၁၀ | ၃၆၂ |
| | (က) ပြစ်ချက်ဟောင်းများရှာဖွေရန်ပေးပို့ သည့် လက်ပုံစံစာရင်းမှတ်ပုံတင်၊ မှတ်ပုံတင် (၃၁) | ၁၅၂၇ | ၁၅၃၂ | ၃၁၀ | ၃၁၄ |
| | (ခ) ပြစ်မှုကျူးလွန်သူ (လူဆိုး) တို့၏ ပုံသဏ္ဌာန်များကို ကောင်းစွာသိရှိ စေခြင်း | ၁၅၃၃ | - | ၃၁၄ | - |
| | (ဂ) လက်ပုံစံနှိပ်ယူခြင်း | ၁၅၃၄ | ၁၅၅၂ | ၃၁၅ | ၃၂၀ |
| | (ဃ) ပြစ်မှုထင်ရှား စီရင်ခြင်း မပြုမီ လက်ပုံစံများနှင့် သက်ဆိုင်သော ရဲအရာရှိများ၏အလုပ်ဝတ္တရား များ | ၁၅၅၃ | ၁၅၇၂ | ၃၂၀ | ၃၂၈ |
| | (င) ပြစ်မှုထင်ရှား စီရင်ပြီးနောက် လက်ပုံစံများနှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့ဝင်တို့ ဆောင်ရွက်ရန် ဝတ္တရားများ | ၁၅၇၃ | ၁၅၈၃ | ၃၂၈ | ၃၃၄ |
| | (စ) ရဲတပ်ဖွဲ့ဝင်တို့ အမှုစုံစမ်းစစ်ဆေး ရာ၌ လက်ပုံစံများ အသုံးချခြင်း | | | | |

မာတိကာ

(ဘ)

| အစဉ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | နည်းလမ်းနှင့် ဆောင်ရွက်လုပ်ကိုင်ရန်ညွှန်ပြချက်များ | ၁၅၈၄ | ၁၅၉၃ | ၃၃၅ | ၃၄၁ |
| | (ဿ) စာချုပ်စာတမ်းများပေါ်ရှိ လက်ချောင်းတစ်ခုတည်း၏ လက်ပုံစံ | ၁၅၉၄ | - | ၃၄၁ | - |
| | (ဓ) သက်သေခံ ဝတ္ထုပစ္စည်းများကို ကျွမ်းကျင်သူကစစ်ဆေးခြင်း | ၁၅၉၅ | - | ၃၄၁ | ၃၄၂ |
| | အခန်း (၆၄) | | | | |
| ၃၃ | ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိ သို့မဟုတ် သိမ်းယူသည့် ပစ္စည်းများနှင့် ပိုင်ရှင်မပေါ်သည့် ပစ္စည်းများ မှတ်ပုံတင်၊ မှတ်ပုံတင်(၃၂) | ၁၅၉၆ | ၁၆၀၈ | ၃၄၃ | ၃၄၉ |
| | အခန်း (၆၅) | | | | |
| ၃၄ | မြို့မှုကျူးလွန်သူ လူဆိုးမှတ်တမ်းများနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအကြောင်း | ၁၆၀၉ | ၁၆၆၅ | ၃၅၀ | ၄၃၃ |
| | (က) နယ်ထိန်းမှတ်စုမှတ်ပုံတင် (၃၃) | ၁၆၀၉ | ၁၆၁၀ | ၃၅၀ | ၃၅၁ |
| | (ခ) ရဲစခန်းနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာများမှတ်ပုံတင်(ရွာစဉ်ကျယ်စာရင်း)၊ မှတ်ပုံတင်(၃၄) | ၁၆၁၁ | - | ၃၅၁ | ၃၅၂ |
| | (ဂ) ရဲအရာရှိများ လာရောက်ကြည့်ရှုသည့် မှတ်တမ်းစာအုပ် | ၁၆၁၂ | - | ၃၅၃ | - |

မာတိကာ



| အစဉ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | (ဃ) နယ်ထိန်းအဖွဲ့မှ စောင့်ကြပ်ကြည့်ရှုရန် လိုအပ်သည့် လူဆိုးများ | ၁၆၁၃ | ၁၆၁၅ | ၃၅၄ | ၃၅၆ |
| | (င) အထွေထွေပတ္တိစာချုပ်ဖွင့်ခြင်းခံရသည့် လူဆိုးများနှင့် မသင်္ကာသော ရည့်သည်အာဂန္တုများကို ကြီးကြပ်စောင့်ကြည့်ခြင်း၊ ၎င်းတို့အကြောင်းများကို အစီရင်ခံခြင်းနှင့် စပ်လျဉ်းသော နည်းလမ်းများ | ၁၆၁၆ | ၁၆၂၃ | ၃၅၆ | ၃၆၃ |
| | (စ) ရဲစခန်းနယ်ထိန်းအဖွဲ့၏ ခုနစ်ရက်တစ်ပတ်မှတ်တမ်း၊ မှတ်ပုံတင်(၃၅) | ၁၆၂၄ | ၁၆၂၇ | ၃၆၄ | ၃၆၇ |
| | (ဆ) လူဆိုးအညွှန်းမာတိကာစာချုပ်နှင့် ရပ်ကွက်/ကျေးရွာ ပြစ်မှုလယ်ဂျာ စာရင်းချုပ်မှတ်ပုံတင်၊ မှတ်ပုံတင် (၃၆) | ၁၆၂၈ | ၁၆၄၄ | ၃၆၈ | ၃၉၈ |
| | (ဇ) အထွေထွေပတ္တိဖွင့်ပြီး လူဆိုးများ | ၁၆၄၅ | ၁၆၅၃ | ၃၉၈ | ၄၁၀ |
| | (ဈ) ရဲစခန်းမှူး၏ နှစ်ချုပ်မှတ်တမ်း မှတ်ပုံတင်၊ မှတ်ပုံတင်(၃၇) | ၁၆၅၄ | ၁၆၅၆ | ၄၁၀ | ၄၂၁ |
| | (ည) အချို့သောပြစ်မှုများပြီးပြတ်သော အခါ တင်ပြရန် သက်သေခံလက်မှတ်များပုံစံ (ပြစ်မှု ၁၀၂) | ၁၆၅၇ | - | ၄၂၁ | ၄၂၄ |
| | (ဋ) အထွေထွေပတ္တိစာချုပ်ဝင် လူဆိုးများ သေဆုံးခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းခြင်းနှင့် မသင်္ကာသူတို့လာရောက်ခြင်း | ၁၆၅၈ | ၁၆၆၀ | ၄၂၄ | ၄၂၈ |

မာတိကာ

(၁)

| အစဉ် | အကြောင်းအရာ | ရုံးလက်စွဲအပိုဒ် မှ | ရုံးလက်စွဲအပိုဒ် ထိ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|---|
| | (ဋ) အကျဉ်းထောင်မှ လွှတ်လိုက်ပြီး နောက် အကျဉ်းသားတို့က မည် သည့်အရပ်တွင် နေထိုင်မည်ကို တိုင်တန်းခြင်း | ၁၆၆၂ | ၁၆၆၅ | ၄၂၉ | ၄၃၃ |
| | အခန်း (၆၆) | | | | |
| ၃၅ | ဖြစ်မှုများကို စုံထောက်စစ်ဆေးခြင်း အကြောင်း | ၁၆၆၆ | ၁၇၅၃ | ၄၃၄ | ၄၈၉ |
| | (က) ဖြစ်မှုသတင်းပေးခြင်း | ၁၆၆၆ | ၁၆၆၉ | ၄၃၄ | ၄၃၅ |
| | (ခ) စီရင်ပိုင်ခွင့်နယ်မြေနှင့် စပ်လျဉ်း သည့်ကိစ္စ | ၁၆၇၀ | ၁၆၈၀ | ၄၃၅ | ၄၄၁ |
| | (ဂ) စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ | ၁၆၈၁ | ၁၆၈၄ | ၄၄၂ | ၄၄၄ |
| | (ဃ) စုံထောက်စစ်ဆေးရမည့်နေရာ | ၁၆၈၅ | ၁၆၈၇ | ၄၄၄ | ၄၄၇ |
| | (င) အမှုစုံထောက်စစ်ဆေးခြင်း၊ အမှု နေ့စဉ်မှတ်တမ်းများရေးသားခြင်း၊ ဖြောင့်ချက်ပေးခြင်း၊ အမှုနောက်ဆုံး အစီရင်ခံစာနှင့်စွဲချက်များတင်သွင်း ခြင်းနှင့် စပ်လျဉ်းသော အရပ်ရပ် နည်းလမ်းများ | ၁၆၈၈ | ၁၇၀၂ | ၄၄၈ | ၄၆၅ |
| | (စ) ရာဇဝတ်မှုများကို ဆောင်ရွက်ခြင်း | ၁၇၀၃ | ၁၇၁၇ | ၄၆၅ | ၄၇၃ |
| | (ဆ) အစစ်အမှန်ဖြစ်ကြောင်း သက်သေ ခံချက် | ၁၇၁၈ | ၁၇၂၁ | ၄၇၃ | ၄၇၅ |
| | (ဇ) ဖမ်းဆီးရာ၌ တရားသဖြင့် ဖြစ်စေ သည့် အကြောင်းအရာများ | ၁၇၂၂ | ၁၇၂၅ | ၄၇၆ | ၄၇၈ |
| | (ဈ) ဖမ်းဆီးခြင်း | ၁၇၂၆ | ၁၇၃၉ | ၄၇၈ | ၄၈၁ |
| | (ည) ဖမ်းဆီးရမိသူတို့ကို စီမံခန့်ခွဲခြင်း | ၁၇၄၀ | ၁၇၄၆ | ၄၈၁ | ၄၈၆ |

မာတိကာ

(ဓ)


| အ ခဉ် | အကြောင်းအရာ | ရဲလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | (၄) သက်သေနှင့် သက်သေခံပစ္စည်းများကို တင်သွင်းခြင်း | ၁၇၄၇ | ၁၇၅၂ | ၄၈၆ | ၄၉၁ |
| | (၅) လိုက်နာဆောင်ရွက်ရန် နည်းလမ်းအကျဉ်းချုပ် | ၁၇၅၃ | - | ၄၉၂ | ၄၉၉ |
| | အခန်း (၆၇) | | | | |
| ၃၆ | အချို့အမှုများတွင် အထူးလိုက်နာဆောင်ရွက်ရန် နည်းလမ်းများ | ၁၇၅၄ | ၁၇၉၂ | ၅၀၀ | ၅၂၀ |
| | (က) အရေးကြီးသော ပြစ်မှုကြီးများ | ၁၇၅၄ | ၁၇၆၂ | ၅၀၀ | ၅၀၅ |
| | (ခ) အမှုကြီးများ ဖြစ်ပွားမှုပြ မြေပုံများ | ၁၇၆၃ | - | ၅၀၅ | ၅၀၆ |
| | (ဂ) ထိမိုက်နာကျင်စေသည့် အမှုများနှင့် မုဒိမ်းမှုများ | ၁၇၆၄ | ၁၇၇၂ | ၅၀၆ | ၅၁၀ |
| | (ဃ) ဒဏ်ရာ အနာတရဖြစ်သူတို့အား စမ်းသပ်စစ်ဆေးရန်နှင့် ပြစ်မှုများတွင်သေဆုံးသူတို့၏ အလောင်းကိုခွဲစိတ်စစ်ဆေးခြင်းများ | ၁၇၇၃ | - | ၅၁၀ | ၅၁၂ |
| | (င) စစ်မှုထမ်းတို့က နိုင်ငံသားတစ်ဦးဦးအပေါ်လက်ရောက်မှုကျူးလွန်၍ သေဆုံးရသည့်အမှုများ | ၁၇၇၄ | - | ၅၁၂ | ၅၁၃ |
| | (စ) စစ်ဘက်ဥပဒေကိုလိုက်နာရသူတစ်ဦးအား ပြစ်မှုဆိုင်ရာဥပဒေတွင် ပါရှိသော ပြစ်မှုများဖြင့် စွဲဆိုရန် ရှိသောအမှုများ | ၁၇၇၅ | - | ၅၁၃ | ၅၁၄ |
| | (ဆ) နိုင်ငံခြားတွင် ပြစ်မှုကျူးလွန်ခဲ့သူတို့၏ အမှုများ | ၁၇၇၆ | ၁၇၈၃ | ၅၁၅ | ၅၁၆ |

## မာတိကာ

(၄)

| အမှတ်စဉ် | အကြောင်းအရာ | ရုံးလက်စွဲအပိုဒ် | | စာမျက်နှာ | |
|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ |
| | (၁) အာမခံပေးခြင်း | ၁၇၈၄ | ၁၇၈၆ | ၅၁၆ | ၅၁၇ |
| | (၂) ဆေးဘက်ဆိုင်ရာက စစ်ဆေးခြင်း | ၁၇၈၇ | ၁၇၉၂ | ၅၁၈ | ၅၂၀ |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# ပြည်ထဲရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံရဲတပ်ဖွဲ့
# ရဲလက်စွဲ(ဒုတိယတွဲ)

## အပိုင်း(၁)

## အလုပ်ဝတ္တရားများကိုစီမံအုပ်ချုပ်ခန့်ခွဲခြင်း

## အခန်း(၃၂)

## ရဲတပ်ဖွဲ့ဝင်များ၏ အရပ်ရပ်အခွင့်အာဏာအလုပ်ဝတ္တရားနှင့်တာဝန်များ

### ၁၉၄၅ ခုနှစ်၊ရဲအက်ဥပဒေပုဒ်မ ၁၆ အရ အခွင့်အာဏာများနှင့် အလုပ်ဝတ္တရားများ

၁၀၃၉။ **အခွင့်အာဏာများသုံးစွဲခြင်း။** ရဲတပ်ဖွဲ့ဝင်များသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ရဲအက်ဥပဒေ(၁၉၄၅ခုနှစ်အက်ဥပဒေအမှတ်-၆)နှင့် အချို့အထူးတရားဥပဒေများအရ ရဲတပ်ဖွဲ့ဝင်အဖြစ်ဖြင့် တိကျစွာထုတ်ဖော် အပ်နှင်းသည့် အခွင့်အာဏာများကိုသာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ (၁၉၄၅ခုနှစ်၊ ရဲအက်ဥပဒေ ပုဒ်မ-၁၆)

၁၀၄၀။ **ရဲတပ်ဖွဲ့ဝင်တိုင်းအမြဲဝတ္တရားထမ်းရွက်ရခြင်း။** ရဲတပ်ဖွဲ့ဝင်တို့သည် မိမိတို့ဝတ္တရားဆောင်ရွက်ရန် အချိန်မှာ အရေးကိစ္စအားလုံးအတွက် အမြဲတစေ နေ့ရောညပါဝတ္တရားဆောင်ရွက်ရန် အချိန်ဖြစ်သည်ဟု မှတ်ယူရမည့်အပြင် ၎င်းတို့အား နိုင်ငံတော်အတွင်း မည်သည့်ဒေသတွင်မဆို ဝတ္တရားဆောင်ရွက်စေနိုင် သည်။(၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ-၁၇)

၁၀၄၁။ **ရဲတပ်ဖွဲ့ဝင်တိုင်း၏အစိုးရဝတ္တရားများ။** ရဲတပ်ဖွဲ့ဝင်တိုင်း မိမိအား အမိန့် ပေးပိုင်ခွင့်ရှိသော အရာရှိက တရားဥပဒေနှင့်အညီ ထုတ်ဆင့်သော

အမိန့်နှင့်ဝရမ်းစာများအားလုံးကို လျင်မြန်စွာလိုက်နာဆောင်ရွက် အတည်ပြု ရမည့်အပြင် အောက်ပါဝတ္တရားများကိုလည်း တရားဥပဒေနှင့်အညီဆောင်ရွက် ရမည်-

(က) ပြည်သူ့ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့် သတင်းများကို စုဆောင်း အစီရင်ခံခြင်း။

(ခ) ပြစ်မှုများနှင့် ပြည်သူ့နှောင့်ယှက်မှုများကို တားဆီးခြင်း။

(ဂ) ပြစ်မှုကျူးလွန်သူများအား ပေါ်ပေါက်အောင်စုံစမ်းပြီး တရား ဥပဒေအတိုင်း အပြစ်ရရှိအောင် ဆောင်ရွက်ခြင်း။

(ဃ) ဖမ်းဆီးရန်အကြောင်းလုံလောက်သောသူများနှင့်တရားဥပဒေ အရ ဖမ်းဆီးသင့်သူ အားလုံးကို ဖမ်းဆီးခြင်း။

(င) အများပြည်သူတို့ ဝင်ထွက်သွားလာသည့် နေရာများတွင် လူစု လူဝေးဖြင့် စီတန်းလှည့်လည်ခြင်းများကို ထိန်းသိမ်း ကြပ်မတ် ပေးခြင်း။

(စ) အများပြည်သူတို့ သွားလာရာ လမ်းကြီး လမ်းငယ်များ ပေါ်တွင် ယာဉ်ရထား အသွားအလာကို ကြပ်မတ်ခြင်းနှင့် လမ်းများပေါ်တွင် တားဆီးပိတ်ဆို့နေသော အရာများကို ဖယ်ရှား ပေးခြင်း။

(ဆ) အများပြည်သူတို့ ဝင်ထွက်သွားလာသည့် နေရာများတွင် လည်းကောင်း ပွဲလမ်းသဘင်များတွင်လည်းကောင်း ရာဇဝတ် သိက္ခာစောင့်စည်းမှုကို ထိန်းသိမ်းပေးခြင်း။

(ဇ) ပိုင်ရှင်မပေါ်သော သို့မဟုတ် ပျောက်ဆုံးသော ပစ္စည်းများ ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပိုင်ရှင်များကို လိုက်လံ ရှာဖွေခြင်း။

(ဈ) အထိန်းအကျောင်းမရှိသော တိရစ္ဆာန်များကို ဖမ်းဆီး၍ တိရစ္ဆာန် ထောင်တွင် ချထားခြင်း။

(ည) မီးသင့်လောင်သည့်အခါ အသက်နှင့်ပစ္စည်းကို မီးဘေးမှ ကာကွယ် စောင့်ရှောက်ရာတွင် ကူညီခြင်း။

(ဋ) ပြည်သူပိုင်ပစ္စည်း မဆုံးရှုံးရန် သို့မဟုတ် မပျက်စီးရန် ကာကွယ် စောင့်ရှောက်ခြင်း။

(ဌ) တရားရုံးများတွင် ငြိမ်ဝပ်ပိပြားရေး မပျက်ပြားစေရန် တရားသူကြီးအား ကူညီခြင်း။

(ဍ) တရားသူကြီးက အထူးညွှန်ကြားသည့်အခါ လူဖမ်းဝရမ်းများ အတည်ဖြစ်အောင်ဆောင်ရွက်ခြင်းနှင့်သမ္မန်စာ နို့တစ်စာများ ချအပ်ခြင်း။ (၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ—၁၈)

၁၀၄၂။ ရဲတပ်ဖွဲ့ဝင်များသည် အထက်ပါအပိုဒ်တွင် ဖော်ပြထားသည့် ဝတ္တရား များဆောင်ရွက်ရန် အပေါင်ဆိုင် သေရည်သေရက်ရောင်းချသောဆိုင် အလောင်းအစား ပြုလုပ်ရာအိမ် အခြားအကျင့်စာရိတ္တပျက်ရာရပ်၊ သောင်းကျန်း သူတို့ သွားလာမြဲ နေရာ တစ်ခုခုသို့ ဝရမ်းမပါဘဲ ဝင်ရောက်ကြည့်ရှုစစ်ဆေး နိုင်သည်။ (၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ— ၁၈)

၁၀၄၃။ × × × × × × × × × × × × × × × × × × × × × × × × × ။

၁၀၄၄။ ရဲတပ်ဖွဲ့ဝင်များသည် အရှင်မပေါ်သောရွှေ့ပြောင်းနိုင်သည့်ပစ္စည်း များကို ထိန်းသိမ်းပြီးလျှင် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာရှိထံ စာရင်းတင်သွင်းရန် ဝတ္တရားရှိသည့်အပြင် ၄င်းပစ္စည်းများနှင့် ပတ်သက်၍ အမိန့်ပေးသည့်အတိုင်း ဆောင်ရွက်ရမည်။ (၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ—၂၀)

၁၀၄၅။ လမ်းကြီးလမ်းငယ်များမှစ၍ ဆိပ်ကမ်းများနှင့် အများပြည်သူတို့ သွားရောက်တတ်သည့် အခြားအရပ်ရပ်နေရာ ရပ်ကွက်များ၌ ငြိမ်ဝပ်ပိပြား ခြင်းရှိစေရန်ရဲတပ်ဖွဲ့ဝင်တို့တွင်ဝတ္တရားရှိသည့်အလျောက်ကြည့်ရှုစောင့်ရှောက် ရသည့်ပြင် လမ်းကြီးလမ်းငယ်များတွင် အစုအဝေးစသည်များကိုပြုလုပ်၍ ပွဲလမ်းသဘင် ကျင်းပလှည့်လည်သွားလာသည့်အခါများတွင်လည်း ၄င်းလမ်း များမှစ၍ ပြည်သူလူထုတို့ ဘုရားပုထိုးရှိခိုးပူဇော်ခြင်း ကျောင်းတတ်ခြင်း

စသည်တို့ကို ပြုလုပ်စဉ် ဤကဲ့သို့ ပြုလုပ်သော နေရာဌာန အနီးအနားများကို လူစုလူဝေးထူထပ်သည့်အခါ သို့မဟုတ် ပိတ်ဆို့ရန်ရှိသောအခါများတွင် ပိတ်ဆို့ခြင်း မရှိစေရန် ကာကွယ်ရှင်းလင်း ပေးရမည်။ (၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ ပုဒ်မ–၃၁)

၁၀၄၆။ × × × × × × × × × × × × × × × × × × × × × × × ×။

## ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရအခွင့်အာဏာများနှင့်အလုပ်ဝတ္တရားများ

၁၀၄၇။ အရပ်ရပ်ရဲတပ်ဖွဲ့ဝင်တို့မှာပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၉ အရ အရေးယူပိုင်သည့် ပြစ်မှုတစ်စုံတစ်ရာ ပြုကျင့်သည့်အမှုကိစ္စကို တတ်နိုင်သလောက် တားမြစ်ရန် ဝတ္တရားရှိသည့်အလျောက် ၎င်းပြစ်မှုမျိုး ပြုကျင့်မည် ကြံစည်သည့် အကြောင်းနှင့်စပ်လျဉ်း၍ ရရှိသည့်သတင်းစကားများကိုဆိုင်ရာအထက်အရာရှိတို့ထံ အစီရင်ခံရမည်။ ၎င်းပြင် ပြစ်မှုပြုကျင့်မည် ရှိသည်ကို အခြားနည်းလမ်းဖြင့်တားဆီး ခြင်းငှာ မတတ်နိုင်ကြောင်း ထင်မြင်လျှင်လည်း၊ ဆိုခဲ့သည့်အတိုင်း ကြံစည်ကြောင်း သိရှိရသူ မည်သူ့ကို မဆို ဖမ်းဆီးခွင့်ရသည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၀နှင့် ၁၅၁)

## လျှို့ဝှက်အပ်သည့်အစီရင်ခံစာကို ကာကွယ်နိုင်ရန်နည်းလမ်းများ

၁၀၄၈။ လျှို့ဝှက်အပ်သည့်အစီရင်ခံစာကို ကာကွယ်နိုင်ရန် အောက်ပါနည်းလမ်း များအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) လိုက်နာဆောင်ရွက်ရန် အများအသိအမှတ်ပြုသည့် မူလပင်ရင်းဖြစ်သော ရဲစည်းကမ်းမှာ သတင်း စကားကို မည်သူ မည်ဝါ ထံမှ အစရရှိကြောင်းနှင့် ၎င်းသတင်းစကား တစ်ဆင့်ပေးသောသူကို ၎င်းသတင်းစကားများကို လက်ခံရယူသည့် အရာရှိများကသာလျှင် သိရှိရန်နှင့် ၎င်းသတင်းစကား ပေါက်ကြားခြင်း မရှိအောင် သတိချပ်ကာကွယ်ရန် ဖြစ်သည်။

(ခ) မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေပုဒ်မ ၁၅ တွင်ညွှန်း

ထားသည့်သတင်းစကားမျိုးမှတစ်ပါး အခြားသတင်းစကားမျိုးကို မည်သူမည်ဝါထံမှအစရှိကြောင်း ပေါက်ကြားခြင်းနှင့်စပ်လျဉ်း၍ ဆိုလတ္တံ့သည့်နည်းဥပဒေများကိုပြဋ္ဌာန်းသည်။ ယခုပြဋ္ဌာန်းထားရှိချက်နှင့်အညီမှတစ်ပါးရဲအရာရှိမှတိတ်တဆိတ်လျှို့ဝှက်အပ်သည့် သတင်းစကားရှိသည့်စစ်မြစ်ကိုဖော်လည်းကောင်း မည်သူ့ထံမှတစ်ဆင့်ဖော်လည်းကောင်း မည်သည့်နည်းဖြင့်ဖော်လည်းကောင်း အစရှိပြီး သို့မဟုတ် ရှိကြောင်းကို ပေါက်ကြားခြင်း၊ သို့မဟုတ် ပေါက်ကြားစေခြင်းမရှိစေရနှင့်ပြင်စာမှတ်စာတမ်းတွင်ပါရှိသည် ဖြစ်စေ မပါရှိသည်ဖြစ်စေ လျှို့ဝှက်အပ်သည့် သတင်းစကား ရှိသည့် စစ်မြစ်ကိုဖော်လည်းကောင်း မည်သူ့ထံမှတစ်ဆင့် ဖော်လည်းကောင်းမည်သည့်နည်းဖြင့်ဖော်လည်းကောင်း၊ ရှိပြီး သို့မဟုတ် ရှိကြောင်းကို ပေါက်ကြားသည့် သို့မဟုတ် မိမိ သဘောအရ အခြားအခြေအနေ အကြောင်းခြင်းရာများနှင့် ပေါင်းစပ်၍ ပေါက်ကြားခြင်း သို့မဟုတ် သိရှိစေခြင်း အကြောင်း ကိစ္စ မည်သည်ကိုမျှ စာရေးသားပြောကြားခြင်း မရှိစေရ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်း၌ ခရိုင်ရဲတပ်ဖွဲ့တွင် အမှုထမ်းရွက်နေသော ရဲအရာရှိသည် ရဲချုပ်၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သို့မဟုတ် မိမိခရိုင်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးမှတစ်ပါး အခြားမည်သူ့ကိုမျှ ထိုကဲ့သို့ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် စာရေးသားပြောကြားခြင်း သို့မဟုတ် စာရေးသားပြောကြားစေခြင်းမရှိစေရ။ တပ်ရင်း/တပ်ဖွဲ့များတွင် အမှုထမ်းရွက်နေသော အရာရှိများသည် ရဲချုပ်သို့မဟုတ် သက်ဆိုင်ရာတပ်ရင်း/တပ်ဖွဲ့မှူးများမှတစ်ပါးအခြားမည်သူ့ ကိုမျှ ထိုကဲ့သို့ထုတ်ဖော်ပြောဆိုခြင်း၊ သို့မဟုတ်စာရေးသား ပြောကြားခြင်းမရှိစေရ။ ထိုသတင်းစကားပေးပို့သည့်အခါ အခြားသူတို့ မမြင်နိုင်အောင်အထူးသတိပြုရမည်။ စာတိုက်မှပေးပို့လျှင်မူရင်းအစီရင်ခံစာကိုဖော်လည်းကောင်း၊ မိတ္တူကိုဖော်လည်းကောင်း မပေးပို့ရ။ အကြောင်းအရာအကျဉ်းချုပ်ကိုသာလျှင်ပေးပို့ရမည်။ ကြေးနန်းဖြင့်ပေးပို့လျှင် အထက်ပါအတိုင်းလျှို့ဝှက်စာဖြင့်ပေးပို့ရမည်။ သို့ရာတွင်ရဲချုပ်ကအကြံပြုမည် ဟု ထင်မြင် သဘောရရှိလျှင် သတင်းစကားကို အခြားသူများထံသို့

ပေးပို့ရန် သာမန် သို့မဟုတ် အထူးအမိန့်ဖြင့် အခွင့်အာဏာ ပေးနိုင်သည်။

(ဂ) ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေပုဒ်မ ၁၅ တွင်ညွှန်းထားသည့် သတင်းစကားမျိုးနှင့်စပ်လျဉ်း၍ အထက်ပါ နည်းဥပဒေများကို ၄င်းအက်ဥပဒေပုဒ်မ ၁၅ အရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် ပယ်ဖျက်သည်။

၁၀၄၉။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၂ အရ ရဲတပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်၏ မျက်မှောက်တွင် ပြည်သူပိုင်လမ်း အဆောက်အဦ မီးတိုင် မိုင်တိုင် သို့မဟုတ် ပြည်သူပိုင်လမ်း နှင့် သစ်တောအတွင်း ပေါက်ရောက်သည့် သစ်ပင်စသော ပြည်သူပိုင်ပစ္စည်းများကို ထိခိုက်ပျက်ဆီးရန် ကြံစည်အားထုတ်ခြင်းမှုကာကွယ်စောင့်ရှောက်တားမြစ်ခွင့်ရှိသည်။ ဤကဲ့သို့ ကာကွယ်စောင့်ရှောက် တားမြစ်ခြင်းကို နှောင့်ယှက်တားဆီးခဲ့လျှင် တားဆီးကန့်ကွက်သူကို ဖမ်းဆီးခွင့် ရသည်(အပိုဒ်-၁၀၅၀ကိုကြည့်ပါ)။ မည်သည့် ပြည်သူပိုင်လမ်းနှင့် အများပြည်သူတို့ဆိုင်ရာ နေရာရပ်ကွက်တွင်မဆို တရားဥပဒေနှင့် ဆန့်ကျင်ပြီး ပိတ်ဆို့နှောင့်ယှက်ခြင်းမှစ၍ အဆောက်အဦ ရေတွင်းရေကန် တွင်း ကျင်းစသည်များ အခြေအနေကိုထောက်၍ အများပြည်သူတို့ ဘေးအန္တရာယ် ဖြစ်နိုင်ရန်ရှိသည်များကို သက်ဆိုင်ရာ မြို့နယ်တရားရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ အစီရင်ခံရမည်။(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ -၁၃၃)

၁၀၅၀။ **ဝရမ်းမပါဘဲဖမ်းဆီးနိုင်သောပြစ်မှုများ။** မည်သည့် ရဲတပ်ဖွဲ့ဝင် မဆို အောက်တွင် ဖော်ပြထားသူတစ်ဦးဦးကို တရားသူကြီးထံမှ အမိန့်နှင့်ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(က) အရေးယူပိုင်သည့် ပြစ်မှုတစ်ခုခုတွင်ပါဝင်သူ သို့မဟုတ် ထို ပြစ်မှုတွင် ပါဝင်ရန်အကြောင်းရှိသည်ဟု တိုင်တန်းခြင်းခံရသူ၊ သို့မဟုတ် ထိုပြစ်မှုတွင် ပါဝင်သည်ဟု ယုံကြည်လောက်အောင် သတင်းပေးခံရသူ သို့မဟုတ် ထိုပြစ်မှုတွင် ပါဝင်ရန်အကြောင်း ရှိသည်ဟု သင်္ကာမကင်းသူ။

(ခ) အိမ်ဖောက်ထွင်းရန် ကိရိယာတစ်ခုခုကို တရားဥပဒေနှင့်အညီ

လက်ရှိထား ခွင့်ရသည်ဟုအကြောင်းမပြနိုင်ဘဲ လက်ရှိထားသူ။ ထိုကိရိယာကို လက်ရှိထားသူက မိမိလက်ရှိထားခွင့်ရှိသည်ဟု ဆိုလျှင် ထိုသူ၌ ထိုသို့လက်ရှိထားခွင့်ရှိကြောင်းကို သက်သေ ထင်ရှားပြရမည့် တာဝန်ရှိသည်။

(ဂ) ပြစ်မှုကျူးလွန်သူ ဖြစ်သည်ဟူ၍ ဥပဒေအရဖြစ်စေ နိုင်ငံတော် သမ္မတ၏ အမိန့်အရဖြစ်စေ ကြေညာခြင်းခံရသူ။

(ဃ) ခိုးရာပါပစ္စည်း ဖြစ်တန်ရာသည်ဟု သင်္ကာမကင်း ဖွယ်ရာ အကြောင်းရှိသည့် ပစ္စည်းတစ်ခုခု လက်ရှိထားသည်ကိုတွေ့ရှိ၍ ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ခဲ့သည်ဟု သင်္ကာမကင်း ဖွယ်ရာ အကြောင်းရှိသူ။

(င) တာဝန်ဝတ္တရားဆောင်ရွက်နေသော ရဲအရာရှိကို အဟန့်အတား ပြုသူ သို့မဟုတ် တရားဥပဒေနှင့်အညီချုပ်ထားရာ အချုပ်မှ ထွက်ပြေးသူ သို့မဟုတ် အချုပ်မှထွက်ပြေးရန် အားထုတ်သူ။

(စ) တပ်မတော်မှ ထွက်ပြေးသူဖြစ်သည်ဟု သင်္ကာမကင်းဖွယ်ရာ အကြောင်းရှိသူ။

(ဆ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၅ ပုဒ်မခွဲ(၃)အရ ပြုလုပ် သည့် စည်းကမ်းသတ်မှတ်ချက် တစ်ခုခုကို ဖောက်ဖျက် ကျူးလွန်သည့် ထောင်လွတ်အကျဉ်းသား။

(ဇ) အခြားရဲအရာရှိ တစ်ဦးထံမှ ဖမ်းဆီးပေးရန် တောင်းဆိုချက်အရ ဖမ်းဆီးပေးရမည့်သူ သို့သော်ထိုသို့တောင်းဆိုသည့်အခါ မည်သူ့ ကိုဖမ်းဆီးရမည်ဟူ၍လည်းကောင်း မည်သည့် ပြစ်မှုကြောင့် သို့မဟုတ်အခြားမည်သည့်အကြောင်းကြောင့် ဖမ်းဆီးရမည်ဟူ၍ လည်းကောင်းသေချာစွာဖော်ပြ၍ ထိုပြစ်မှုကိုသော်လည်းကောင်း အခြား အကြောင်းကိုသော်လည်းကောင်း ထောက်ရှုခြင်းအားဖြင့် ထိုသူ အားဖမ်းဆီးပေးရန်တောင်းဆိုသည့်အရာရှိက ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ကြောင်းထင်ရှားမှသာထိုသူကိုဖမ်းဆီးပေးရမည်။(ပြစ် မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၅၄)

မှတ်ချက်။ အရေးယူပိုင်သည့်ပြစ်မှု ပြုကျင့်ကျူးလွန်ကြောင်း သို့မဟုတ်ကျူးလွန်ရာ၌သက်ဆိုင်ပါဝင်ကြောင်းမသင်္ကာရှိသူတိုင်း ကိုရဲတပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်တွင် ဖမ်းဆီးရမည့် ဝတ္တရားရှိသည်ဟုမဆိုလို။ စဉ်းစားချင့်ချိန်၍ ဖမ်းဆီးရမည်။ အကယ်၍ ဖမ်းဆီးခြင်းမပြုက စွပ်စွဲခံရသူသည်တရားရှည်းလမ်း အတိုင်း စီရင်ခြင်း ခံထိုက်သည့်အလျောက် ဖမ်းဆီးခြင်း မခံဘဲ ထွက်ပြေးမည့်လက္ခဏာရှိလျှင်ဖြစ်စေ သို့တည်းမဟုတ်အခွင့် မသင့်သော နှောင့်နှေးကြန့်ကြာခြင်းဖြစ်ရန်ရှိလျှင်ဖြစ်စေထိုတရားခံကိုဖမ်းဆီး ရမည်။ ဆိုခဲ့သည့်အတိုင်း စိုးရိမ်ဖွယ်မရှိသောအမှုများ ရှိတန်သည်ဖြစ်၍ ၎င်းအမှုမျိုးနှင့်ကြုံကြိုက်ခဲ့သည် ရှိသော် ရဲတပ်ဖွဲ့ဝင်တို့က ဆိုင်ရာတရားသူကြီးထံ တိုင်ကြားအစီရင်ခံပြီးလျှင်အမိန့်ခံယူရမည်။

၁၀၅၁။ အရေးမပိုင်သော ပြစ်မှုကျူးလွန်သူကိုဖမ်းဆီးခြင်း။ ရဲတပ်ဖွဲ့ဝင်၏ မျက်မှောက်တွင်အရေးမယူပိုင်သည့်ပြစ်မှုကျူးလွန်လျှင်သို့မဟုတ် ထိုသို့ ကျူးလွန်သည်ဟုစွပ်စွဲလျှင် ရဲတပ်ဖွဲ့ဝင်ကကျူးလွန်သူ၏ အမည် နေရပ်များကို မေးမြန်းရမည်။ ထိုသို့မေးမြန်းရာတွင် ပြစ်မှုကျူးလွန်သူက ထုတ်ဖော်ပြောဆိုရန် ငြင်းဆန်လျှင် သို့မဟုတ် ထုတ်ဖော်ပြောဆိုသော်လည်း အမည် နေရပ်အမှန်ကို ထုတ်ဖော် မပြောဟု ယုံကြည်ရန်အကြောင်းရှိလျှင် ထိုသူကို ဖမ်းဆီးပြီးလျှင် အမည်နှင့်နေရပ်ကို စုံစမ်းမေးမြန်းနေစဉ် ၂၄ နာရီထက်မပိုသော အချိန်ကာလအတွင်းချုပ်နှောင်ထားနိုင်သည်။ ထိုသူ၏ အမည် နေရပ်များကို သိရှိပြီးနောက် ခံဝန်သူနှင့်ဖြစ်စေ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေလွှတ်ရမည်။ ၂၄ နာရီအတွင်းထိုသူ၏နေရပ်ကိုမသိရှိသေးလျှင်ဖြစ်စေခံဝန်သူမပေးနိုင်လျှင်ဖြစ်စေအနီးဆုံးတရားသူကြီးထံ သို့ပို့ရမည်။(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ -၅၇)

၁၀၅၂။ (က) ဖမ်းဆီးဝရမ်းအတည်ပြုခြင်း

(၁) ဖမ်းဆီးဝရမ်းဆိုသည်မှာလူတစ်ဦးတစ်ယောက်ကိုဖမ်းဆီးရန် တရားသူကြီး၏ထုတ်ဆင့်သောအမိန့်ဖြစ်၍တရားသူကြီး ၏ လက်မှတ်နှင့် တရားရုံး တံဆိပ်ပါရမည်။

(၂) ဝရမ်းအတည်ပြုရန်အမိန့်ရသော ရဲအရာရှိကကိုယ်တိုင်

အတည်မပြုနိုင်လျှင်အခြားရဲအရာရှိတစ်ဦးဦးအား အတည်ပြုရန်ဝရမ်းပေါ်တွင် ရေးသား၍ လွှဲအပ်နိုင်သည်။

(၃) ဝရမ်းအတည်ပြုသောသူသည် အဖမ်းခံရမည့်သူအားဝရမ်းတွင်ပါသောအကြောင်းအရာများကိုပြောပြရမည်။ ထိုသူကိုယ်တိုင်ဖတ်လိုကဝရမ်းစာကို ပြရမည်။

(၄) ဝရမ်းကအာမခံပေးခွင့်ပြုလျှင် သို့မဟုတ် အဖမ်းခံရမည့်သူကလည်းဝရမ်းပေါ်တွင်ဖေါ်ပြပါအာမခံကို ပေးနိုင်လျှင် မဖမ်းဆီးဘဲခံဝန်ချုပ်ဖြင့် လွှတ်ထားခဲ့ရမည်။ ဝရမ်းနှင့်ခံဝန်ချုပ်ကို တရားရုံးသို့ ရက်ချိန်း မတိုင်မီပြန်ပို့ရမည်။ ဝရမ်းတွင် ဖေါ်ပြပါ အာမခံ မပေးနိုင်လျှင် သို့မဟုတ် ဝရမ်းကအာမခံခွင့်မပြုလျှင်ထိုသူအားဖမ်းဆီးပြီး တရားရုံးသို့ ဝရမ်းနှင့်တကွ မကြန့်ကြာစေဘဲ ပို့ဆောင်ရမည်။

(၅) ဖမ်းဆီးရမည့်သူသည် အခြားရဲစခန်းအပိုင်သို့ သွားရောက်နေလျှင်အချိန်ရနိုင်က ထိုရဲစခန်းသို့လိုက်၍ ရဲစခန်းမှူးကိုဖြစ်စေ တရားသူကြီးကိုဖြစ်စေ ဝရမ်းစာကိုပြပြီးလျှင် ဖမ်းဆီးရန်အမိန့် ချမှတ်ပေးရန် တောင်းဆိုရမည်။ ဤကဲ့သို့ အမိန့်တောင်းဆိုနေစဉ် တရားခံထွက်ပြေးလိမ့်မည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် အမိန့်မယူဘဲ အတည်ပြုနိုင်သည်။ ဖမ်းဆီးပြီးသောအခါ တရားခံကို အပိုင်တရားသူကြီးထံသို့ဖြစ်စေ အပိုင်ရဲစခန်းမှူးထံသို့ ဖြစ်စေ မကြန့်ကြာစေဘဲ ပို့ဆောင်ရမည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ– ၇၅ မှ ၈၁ ထိ)

(ခ) သမ္မန်စာချခြင်း၊

(၁) သမ္မန်စာဆိုသည်မှာလူတစ်ယောက်ကိုတရားရုံးကချိန်းဆိုသောနေ့ရက်တွင် လာရောက်ရန် ဆင့်ဆိုသည့်အမိန့်စာဖြစ်သည်။ ၄င်းအမိန့်ကို မိတ္တူနှစ်စောင် ရေးသား၍ တရားသူကြီး သို့မဟုတ် ၄င်း၏ စာရေးကြီးလက်မှတ်နှင့် တရားရုံးတံဆိပ် ပါရမည်။

(၂) အတည်ပြုရန်မှာ သမ္မန်စာတွင်ပါရှိသောသူကို ရှာဖွေ၍ တွေ့ရှိလျှင် မိတ္တူတစ်စောင်ကို ၎င်းအား ပေးခဲ့ရမည်။ မူရင်းမိတ္တူပေါ်တွင်သမ္မန်စာ ရရှိကြောင်း လက်မှတ်ထိုးစေ၍ တရားရုံးသို့ ရက်ချိန်းမတိုင်မီပြန်ပို့ရမည်။

(၃) သမ္မန်စာချသူကို မတွေ့လျှင် ၎င်းအိမ်သားထဲမှ အရွယ်ရောက်သူတစ်ဦးဦးအား မိတ္တူတစ်စောင်ကိုပေး၍ ၎င်းက ရရှိကြောင်း မူရင်းမိတ္တူပေါ်တွင် လက်မှတ်ရေးထိုးစေပြီး တရားရုံးသို့ ရက်ချိန်းမတိုင်မီ ပို့ရမည်။

(၄) အထက်ညွှန်ပြထားသည့်အတိုင်းအတည်မပြုနိုင်လျှင်မိတ္တူတစ်စောင်ကို ထိုသူအပြနေသောအိမ်၌ အများမြင်နိုင်သောနေရာတွင်ကပ်ထားခဲ့ရမည်။ ဤကဲ့သို့ပြုလုပ်ခဲ့ပြီးကြောင်းကိုမူရင်းကျောပေါ်တွင်ရေးသား၍ တရားရုံးသို့ရက်ချိန်းမတိုင်မီပြန်ပို့ရမည်။(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၆၈ မှ ၇၁ ထိ)

၁၀၅၃။ ဖမ်းဆီးရန် ဝရမ်းထုတ်ခြင်းခံရသူ တစ်ဦးတစ်ယောက်ကို တတ်နိုင်သလောက်အကြောင်းအားလျော်စွာရှာဖွေသော်လည်းမတွေ့နိုင်သည့်အခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၇၉ အရ ဝရမ်းအတည်ပြုရန်ဆင့်ဆိုခံရသည့်ရဲအရာရှိကဖြစ်စေ ၎င်းဝရမ်းစာတွင်ထပ်ဆင့်ရေးမှတ်၍ အလွှဲခံရသူ ရဲအရာရှိကဖြစ်စေ ၎င်းဝရမ်းစာကို တရားသူကြီးထံ ပြန်၍မသွင်းရ။ သို့ရာတွင် အကြောင်းခြင်းရာများကို ဖေါ်ပြထားပြီးလျှင် ဝရမ်းစာကို ပြန်၍သွင်းရမည် မသွင်းရမည်ကို အမိန့်နာခံကြောင်း တရားသူကြီးထံအစီရင်ခံစာတင်သွင်းရမည်။ ဝရမ်းစာတွင်အာမခံယူရန် ဆင့်ဆိုချက်ပါရှိလျှင် တရားခံတရားရုံးသို့ လာရောက်ရန် ဝရမ်းစာတွင် ချိန်းဆို သည့်နေ့နံနက် ထက်နောက်မကျစေဘဲထုတ်ဆင့်သည့်တရားသူကြီးထံသို့ ရောက်ရှိစေရန် အစီရင်ခံစာ တင်သွင်းရမည်။

၁၀၅၄။ မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို နိုးရာပါပစ္စည်းဖြစ်ကြောင်း ထင်မြင်ရန် သော်လည်းကောင်း သို့မဟုတ်မသင်္ကာရန်သော်လည်းကောင်း ရှိသည့်ပစ္စည်းသို့မဟုတ် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း မသင်္ကာရန် အခြေအနေနှင့်တွေ့ရှိသည့်ပစ္စည်း

တစ်စုံတစ်ရာကို ဖမ်းဆီးသိမ်းယူခွင့်ရှိသည်။ ထိုနောက်သက်ဆိုင်ရာ ရဲစခန်းမှူးထံ ချက်ချင်းအစီရင်ခံရမည်။(ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ -၅၅၀)

၁၀၅၅။ တည်ဆဲဥပဒေ သို့မဟုတ်ပြဋ္ဌာန်းချက်တစ်စုံတစ်ရာတွင် မပါဝင်သည့် အခြားတာဝန်ဝတ္တရား အသစ်များကို ရဲချုပ်၏အခွင့်အမိန့်မရဘဲ မဆောင်ရွက်ရ။

၁၀၅၆။ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်တို့ မည်သို့ပြုကျင့်ဆောင်ရွက်ရန်။အလုပ်ဝတ္တရားဆောင်ရွက်ရာတွင်ရဲတပ်ဖွဲ့ဝင်တို့သည်အောက်ပါအတိုင်း ပြုကျင့်ဆောင်ရွက်ရမည်-

(က) ရဲတပ်ဖွဲ့ဝင်တိုင်း၏အလုပ်ဝတ္တရားမှာပြည်သူလူထုနှင့်ပျူပျူငှာငှာ မိတ်ဆွေကဲ့သို့ရှိစေရမည်။အဘယ်ကြောင့်ဆိုသော် ပြည်သူလူထုနှင့် ပေါင်းသင်းဆက်ဆံခြင်းမရှိ၍ အကူအညီ မရရှိခဲ့သော အလုပ်ဝတ္တရားဆောင်ရွက်ခြင်းသည်မည်သည့်အခါမျှ ထမြောက်အောင်မြင်လိမ့်မည်မဟုတ်။ ထို့ကြောင့်ရဲတပ်ဖွဲ့ဝင်တိုင်း စိတ်ထားကောင်းမွန်စွာနှင့်ပြည်သူလူထုတို့အား ပျူပျူငှာငှာ ပေါင်းသင်းဆက်ဆံရမည်။ ရဲတပ်ဖွဲ့ဝင်တို့မှာပြည်သူလူထု၏ ဝန်ထမ်းဖြစ်သည့်အလျောက် ပြည်သူလူထုတို့အပေါ်တွင် မိမိတို့ကိုယ်ကို အုပ်ချုပ်သူအရှင်သခင်ဟု ထင်မှတ်ခြင်းမရှိရ။ပြည်သူလူထု တို့အပေါ်တွင် နိုင်လိုမင်းထက် မယဉ်ကျေးသည့် အပြုအမူကို ပြုမှုလျှင်။ရဲတပ်ဖွဲ့ဝင်တို့ကိုစက်ဆုပ်ရွံရှာလိမ့်မည့်အပြင်မည်သည့် ပြည်သူလူထုကမျှ ကူညီတော့မည်မဟုတ်။

(ခ) ယခုအခါတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် မှုခင်းကျူးလွန်မှုနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်း ပါဝင်မှသာ အောင်မြင်မည်ဖြစ်သော အယူအဆကို ကမ္ဘာ တစ်ဝန်းလုံး လက်ခံကျင့်သုံးလျက်ရှိပေသည်။ ထိုသို့ပြည်သူလူထု ပူးပေါင်းပါဝင်ကူညီစေရေးအတွက် ပြည်သူလူထုက ယုံကြည် လေးစားအားကိုးသော ဂုဏ်သိက္ခာရှိသည့် ရဲတပ်ဖွဲ့ဖြစ်ရေးအတွက် အောက်ပါ ဆောင်ရန် ရှောင်ရန်အချက်များကို လိုက်နာ ဆောင်ရွက်ရန်အရေးကြီးပါသည်-

(၁) ဆောင်ရန်အချက်များ-

(ကက) နေ့မအား ညမနားအလုပ်လုပ်ခြင်း။

(ခခ) အမှုလာရောက်တိုင်ကြားက ဖျူးဖျူးရာရာဖြင့် ခရီးဦးကြိုပြုံ၍အချိန်မဆိုင်းဘဲအမှုဖွင့်ကူညီပေးခြင်း။

(ဂဂ) သက်ကြီးရွယ်အို ကလေးသူငယ်နှင့်နုံအအချာသူများအား ကူညီပေးခြင်း။

(ဃဃ) ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်း။

(ငင) ပြည်သူနှင့် မပြတ်ထိတွေ့ခြင်း (နယ်မြေလူထုပူးပေါင်းပါဝင်သောရဲကင်းနှင့် ပြည်သူလူထုနှင့် အိမ်တိုင်ရာရောက် ကူညီဆက်ဆံခြင်း Home Visit)။

(စစ) မှုခင်းကျူးလွန်မှုလျော့ချရေးအမြဲတွေး၊ ညကိသာရောင်ခြည်ချိုးရေး အမြဲတွေး၊ ပြည်သူလူထုကို အကူအညီပေးရေး အမြဲတွေး ဟူသော မြဲ ၃ မြဲဆောင်ပုဒ်ကိုလိုက်နာဆောင်ရွက်ခြင်း။

(ဆဆ) ရဲတပ်ဖွဲ့ဝင်များ၏ ကျင့်ဝတ် ၇၀ ပါ အတိုင်း ကျင့်ကြံ နေထိုင်ခြင်း။

(၂) ရှောင်ရန်အဓိကအချက်များ-

(ကက) လာဘ်ပေးလာဘ်ယူမှုကိုရှောင်။

(ခခ) ရိုင်းပြမောက်မာမှုကိုရှောင်။

(ဂဂ) အမှုလာဖွင့်ချိန်တွင် လိုးလွှဲ အကြောင်းပြခြင်း၊ မျက်ကွယ်ပြုခြင်းကိုရှောင်။

(ဃဃ) ခုစရိုက်သမားနဲ့ လုံးဝကင်းကင်းရှင်းရှင်းနေ။

(ဂ) ရဲတပ်ဖွဲ့ဝင်တို့သည် လူစုလူဝေးနှင့် လူသွားလူလာ စသည်တို့ကို ဆောင့်ရှောက်ကြပ်မတ် ရသည့်အခါတွင် ထိုသူတို့အား တတ်နိုင်သမျှချိုသာသဉ်ကျေးစွာပြောဆိုရမည့်အပြင် ကောင်းမွန်ငြိမ်သက်စွာနေသူတို့အား မသင့်မလျော်သော အနှောင့်အယှက်ပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(ဃ) ဝပ်ကင်းလှည့်ကင်းအလုပ်ဝတ္တရားဆောင်ရွက်ရသော ရဲတပ်ဖွဲ့ဝင်တို့ပျင်းရိပေါ့တန်ခြင်းမရှိဘဲ လျင်မြန်ဖျတ်လတ်စွာမိမိတို့၏ကင်းပတ်အတွင်း လှည့်လည်ကြရမည်။ မိမိတို့နှင့် မသက်ဆိုင်သည့်စကားများကိုလည်း မပြောဆိုရ။

(င) အကယ်၍ ဖမ်းဆီးရမည့်ကိစ္စပေါ်ပေါက်လျှင် အနိုင်အထက်ပြုသင့်သလောက်သာ ပြုလုပ်ဖမ်းဆီးရမည်။ ကြမ်းကြုတ်သည့်စကားအပြုအမူများကို ရှောင်ကြဉ်ရမည်။

၁၀၅၇။ **ငြိမ်ဝပ်ပိပြားခြင်းရှိစေရန် စောင့်ရှောက်ခြင်း။** တစ်စုံတစ်ယောက်သောသူသည် ငြိမ်ဝပ်ပိပြားခြင်းကိုဖျက်ဆီးရန်သော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားခြင်း ပျက်ရန်အကြောင်းရှိသော မတော်မမှန်သည့်အမှုကို ပြုလုပ်ရန်သော်လည်းကောင်း လက္ခဏာရှိသည့်အခါ ရဲတပ်ဖွဲ့ဝင်တို့သည် စီရင်ခွင့်အာဏာပိုင် တရားသူကြီးထံ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ အရ အရေးယူပေးရန် တိုင်ကြားရမည့်ဝတ္တရားရှိသည်။ ဤကဲ့သို့ တိုင်ကြားသည့်အခါ ရဲအရာရှိများသည် မိမိတို့အားကိုးအားထားပြုသော သက်သေခံချက်များ သို့မဟုတ် သူတူညင်းရရှိသည့် အကြောင်းခြင်းရာအလုံးစုံတို့ကို ဂရုပြု၍ ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

၁၀၅၈။ ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၂၇ တွင်ဖော်ပြထားသည်မှာ မည်သည့်တရားဥပဒေနှင့်ဆန့်ကျင်သည့်အစုအဝေး သို့မဟုတ် ရန်းရင်းဆန်ခတ် သို့မဟုတ် ငြိမ်ဝပ်ပိပြားခြင်းကို ဆူပူနှောင့်ယှက်ရန် ရှိခဲ့သော် ဤကဲ့သို့ ဖြစ်ပွားရန်ရှိသည့် ရပ်ကွက်၌ ငြိမ်ဝပ်ပိပြားအောင် စောင့်ရှောက်ရန် တာဝန်ရှိသည့် ရဲတပ်ဖွဲ့အင်အားလုံလောက်ခြင်းမရှိခဲ့လျှင် ရဲအုပ်အောက်ရာထူးမနိမ့်သည့် မည်သည့် ရဲအရာရှိကမဆို အများပြည်သူတို့ ငြိမ်သက်အေးချမ်းခြင်းရှိစေရန် ဆောင်ရွက်ရာ၌ ရဲတပ်ဖွဲ့ဝင်တို့ကို ဝိုင်းဝန်းကူညီရန် ဆိုင်ရာရပ်ကွက်ရှိ ရပ်သူရွာသားတို့အား

"အထူးရဲအရာရှိ"အဖြစ်ထမ်းရွက်ခန့်ထားစေရန် အနီးဆုံးရှိ ဒေသန္တရအာဏာပိုင်ထံ လျှောက်ထားနိုင်ခွင့်ရှိသည်။ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်လိုသူတို့သည် မကူညီလိုသူများထက် ပိုမိုလုံလောက်တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် "အထူးရဲအရာရှိ"များခန့်ထားခြင်းကို တရားဥပဒေအတိုင်းခန့်ထားခြင်း မပြုမီ မိမိအလိုအလျောက်ခန့်ထားခြင်း ခံလိုသူတို့ရှိလျှင် ခန့်ထားဆောင်ရွက်စေရန် ခေါ်ဆိုခြင်းပြုလုပ်သင့်သည်။ အများအားဖြင့် မြို့ရွာငြိမ်ဝပ်ပိပြားရေးတွင် ရဲတပ်ဖွဲ့ဝင်များနှင့်အတူတကွ ဝမ်းမြောက်ဝမ်းသာ ဝိုင်းဝန်းကူညီလိုသောပြည်သူလူထုအများပင် ရှိကြသည့်အတိုင်း ကူညီရန်ကိစ္စ ကြုံကြိုက်သောအခါ ကူညီဆောင်ရွက်ကြလိမ့်မည်။ အကယ်၍မိမိအလိုအလျောက်"အထူးရဲတပ်ဖွဲ့ဝင်" အဖြစ်ဖြင့် ကူညီရန် စာရင်းတင်သွင်းသူမပေါ်ပေါက်ခဲ့လျှင် လိုအပ်သူတို့အား နည်းလမ်းအတိုင်းခန့်ထားခြင်းပြုရလိမ့်မည်။ ဤအခါ၌ လူများကို သေချာစွာ ရွေးချယ်ခန့်ထားရမည်။ ဤကဲ့သို့ခန့်ထားရေးတွင် နည်းလမ်း စည်းမျဉ်း သေချာစွာဖော်ထုတ်ရေးသားထားခြင်းမရှိ။ သို့သော်လည်း လိုက်နာဆောင် ရွက်ရန်အကြောင်းမှာပြည်သူတို့ ရိုသေကိုင်းညွတ်၍ ဩဇာရှိသော ခေါင်းဆောင် များကိုသာ ရွေးချယ်ရမည်။ ထိုအကြောင်းကိုထောက်၍ ရန်းရင်းဆန်ခတ်ဖြစ်နေသော လူစုလူဝေးများကို နိုင်နင်းမည့် ဩဇာရှိသော ခေါင်းဆောင်များကိုသာ အများအားဖြင့် ရွေးချယ်ရမည်။ ရွေးချယ်ရန်အသင့်လျော်ဆုံးသူတို့မှာ အတိုက်အခံနှစ်ဦးနှစ်ဖက်မှ ရန်းရင်းဆန်ခတ်ဖြစ်နေသော ခေါင်းဆောင်လူကြီးများဖြစ်သည်။ ဤကဲ့သို့ရွေးချယ်ရာတွင် ထိုသူတို့အား "အထူးရဲတပ်ဖွဲ့ဝင်" ခန့်ထားခြင်းအားဖြင့် နှိမ့်ချစေလိုသည့်သဘောသို့မရောက်ရှိစေရန်အထူးသတိပြုရမည်။"အထူးရဲတပ်ဖွဲ့ဝင်"တို့အားအသေးအဖွဲကို [illegible]လုပ်ကြမ်းနှင့် စစ်ရေးပြခြင်းစသည့် ပင်ပန်းငြီးငွေ့စေသော အလုပ်ဝတ္တရားများကိုမည်သည့်အခါမျှ ခိုင်းစေခြင်းမပြုရ။ ဂုဏ်သရေအဆင့်အတန်းပြည့်စုံသူတို့အား အခြားသူများထက်မြင့်သောရာထူး၌နေရာပေးအပ်ခန့်ထားပြီးလျှင် ရဲတပ်ဖွဲ့ဝင်များကသာလက်အောက်အရာရှိအလုပ်ဝတ္တရားများကို ကြီးကြပ်ဆောင်ရွက်ကြရမည်။ စည်းကမ်းဥပဒေကိုတတ်နိုင်သမျှ ပေါ့ပါးသက်သာစေရမည့်အပြင် မိမိကိုယ်ကိုသေးသိမ်စေမည်ဟုလည်းကောင်း ငြီးငွေ့ဖွယ်ရာဟုလည်းကောင်း အထင်ရောက်စေနိုင်သည့်ပြုမူချက်တို့ကိုလိုက်နာစေရန် အတင်းအကြပ်မတိုက်တွန်းသင့်ပေ။ မငြိမ်မသက်ဖြစ်သောရပ်ကွက်များတွင် ရဲတပ်ဖွဲ့ဝင်များနှင့်ဖြစ်စေ ၎င်းတို့သက်သက်ဖြစ်စေ လှည့်ကင်း ဝပ်ကင်းအစောင့်အရှောက်

ဝတ္တရားဆောင်ရွက်ခြင်း ထကြွသောင်းကျန်းနေသည့် အတိုက်အခံနှစ်ဦးနှစ်ဖက် ကြားတွင် ရေစပ်သူကြားလူအဖြစ်ဖြင့် ထို "အထူးရဲတပ်ဖွဲ့ဝင်" တို့ကိုအသုံးပြု ရမည်။ ၎င်း "အထူးရဲတပ်ဖွဲ့ဝင်" တို့အား ခွဲခြားသိသာစေရန် အမှတ်တံဆိပ်ဖြစ်စေ၊ လက်မောင်း၌ ဆင်ယင်ရန်အဝတ်ပတ်ဖြစ်စေ နံပါတ်တုတ်များဖြစ်စေ သို့မဟုတ် အကြောင်းအားလျော်စွာ အလိုရှိသောလက်နက်များကိုဖြစ်စေ ထုတ်ပေးရမည်။ နံပါတ်တုတ်အသုံးပြုခြင်းနှင့် သက်ဆိုင်သောပြဋ္ဌာန်းချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်–

(က) "နံပါတ်တုတ်" ကိုအောက်ပါအတိုင်းအသုံးပြုရမည်–

(၁) ဖမ်းဆီးရဦ့အတင်းအကြပ်ခုခံသူများ ဖမ်းဆီးရမိပြီးနောက် ထွက်ပြေးရန်ကြံစည်အားထုတ်သူများကို နှိမ်နင်းရန်လိုအပ် သောအချိန်အခါဖြစ်ခြင်း။

(၂) တရားဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးများကို ကွဲပြား အောင် အတင်းအကြပ်ပြုလုပ်ရန် လိုသောအချိန်အခါ ဖြစ်ခြင်း။

(၃) တရားခံများကိုလုယူကယ်ဆယ်ရန် ကြံစည်အားထုတ်သူ တို့ကိုခုခံခြင်း။

(၄) တရားဥပဒေနှင့်ဆန့်ကျင်သောအကြမ်းဖက်မှုများကိုနှိမ်နင်း ခြင်း။

(ခ) တရားဥပဒေအရ ဖမ်းဆီးရမည့်သူတစ်ဦးတစ်ယောက်ကို ဖမ်းဆီး ရာ၌ ခုခံခဲ့သော် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆ အရ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် နိုင်နင်းအောင်ဖိစီးနှိပ်ကွပ်ခွင့် ရသော် လည်း ၎င်းသူတို့နာကျင်အောင်ပြုလုပ်ရန်သင့်လျော်ကာမပြုလုပ် ရ။ထိုအမှုထမ်းသည်ဖမ်းဆီးရာ၌နိုင်နင်းမည့်လက္ခဏာမပေါ်လျှင် "နံပါတ်တုတ်" ကိုဆွဲယူအသုံးပြုနိုင်သည်။သို့ရာတွင် ဦးခေါင်းကို မရိုက်မိစေရန်သတိပြုရမည်။လူတစ်ဦးတစ်ယောက်ကို လက်များ ခြေများကိုသာ ချိန်၍ရိုက်ရမည်။ အဘယ့်ကြောင့်ဆိုသော်၎င်းနေရာ များတွင် ကြီးလေးသည့်ဒဏ်ရာများ ရရှိနိုင်ရန်အကြောင်းအနည်း

ငယ်သာရှိသည်။ ကြမ်းတမ်းဆိုးသွမ်းသောသူများကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ လက်ထိပ်ခတ်သင့်သည်။

(ဂ) အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း "နံပါတ်တုတ်"များကို ရိုက်နှက်သတ်ပုတ်ခုခံရန် လက်နက်အနေနှင့် အသုံးမပြုသည့်အခါလက်ဖြင့်မကိုင်ဘဲခါးပတ်ချိတ်တွင်ထည့်ချိတ် ဆောင်ယူရမည်။ မြို့များတွင်အလုပ်ဝတ္တရား ထမ်းရွက်ရသော ရဲတပ်ဖွဲ့ဝင်များသည် လမ်းသွားလမ်းလာနှင့် ယာဉ်ရထားထိန်းသိမ်းပြုပြင်ရာမှစ၍ မိမိတို့၏အမိန့်အာဏာအတိုင်း နာခံအောင်ပြုလုပ်ရန် မိမိတို့၏ "နံပါတ်တုတ်" များကို အသုံးမပြုရ။

၁၀၅၉။ မည့်သည့်ဘာသာဝင်မဆို မိမိတို့ဘာသာအယူဝါဒအလျောက် ငြိမ်ဝပ်စွာ တရားဟောပြောလျက်နေစဉ် ၎င်းတရားဟောဆရာများသည် အနှောင့်အယှက် မဖြစ်စေရန် အခြားလူများကဲ့သို့ ရဲတပ်ဖွဲ့ဝင်တို့ထံမှ စောင့်ရှောက်ခွင့်ရထိုက်သည်။ အများသွားလာသည့်နေရာလမ်းများကိုပိတ်ပင်ဆီးတားခြင်းမရှိသဖြင့် ၎င်း တရားဟောဆရာများကိုဖြစ်စေ တရားနာသူတို့ကိုဖြစ်စေ ရဲတပ်ဖွဲ့ဝင်အမှုထမ်းတို့က ဝင်ရောက်နှောင့်ယှက်ခြင်းမပြုရ။ မငြိမ်မသက်ရန်းရင်းဆန်ခတ်ဖြစ်မည်ဟုထင်မြင် သည့်အခါ ဤကဲ့သို့ မဖြစ်စေရန် ဟန့်တားပြီးလျှင် ရန်းရင်းဆန်ခတ် ပြုလုပ်သောင်းကျန်းမည့်လက္ခဏာရှိသူတို့ကို ရှောင်ရှားထွက်ခွာသွားစေရန် နှင့် မြို့ရွာငြိမ်ဝပ်ပိပြားခြင်းကို ပျက်ပြားအောင် ခေါင်းဆောင်ပြုလုပ်သူတို့ကို မှတ်သား၍ ဖမ်းဆီးရန်သင့်လျော်ပါက ဖမ်းဆီးရန်အသင့်ရှိနေရမည်။ ရံဖန်ရံခါ တစ်စုံတစ်ယောက်သောသူကဖြစ်စေ ကျေးရွာနေရပ်သူရွာသား အစည်းအရုံးကဖြစ်စေ ရဲတပ်ဖွဲ့ဝင်တို့အား ၎င်းတို့၏လယ်ယာစသည်များကို ထွန်ယက်လုပ်ကိုင်နေစဉ်သော်လည်းကောင်း ကောက်ပဲသီးနှံများကိုရိတ်သိမ်းနေစဉ်သော်လည်းကောင်း လယ်ယာချောင်းမြောင်းတို့ကို ရေသွယ်သွင်းနေစဉ်သော်လည်းကောင်း မြို့ရွာငြိမ်ဝပ်ပိပြားရေး ပျက်စေမည့် အကြောင်းများကိုကြိုတင်တားမြစ်ရန် အကြောင်းနှင့် ဝင်ရောက် စောင့်ရှောက်ပါမည့်အကြောင်း အကူအညီတောင်းလေ့ရှိသည်။ ၎င်းအမှုကိစ္စများနှင့်ပတ်သက်၍ အများအားဖြင့် ရဲတပ်ဖွဲ့ဝင်တို့သည် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ အနီးဆုံးရှိ ဒေသအာဏာပိုင်ထံ တင်ပြရမည်။ သို့သော် ထကြွသောင်းကျန်းမှု တစ်စုံတစ်ရာအမှန် ဖြစ်ပွားလျက်ရှိလျှင်ဖြစ်စေ၊ ဖြစ်ပွားမည့်ဆဲဆဲ

ဖြစ်၍ ဆိုခဲ့သည့်နည်းအတိုင်း တိုင်တန်းရန်အချိန်မရလျှင်ဖြစ်စေ ရဲတပ်ဖွဲ့ဝင်တို့သည် ငြိမ်ဝပ်ပိပြားအောင်ဆောင်ရွက်ရန် ဝတ္တရားရှိသည့်အလျောက် ရုတ်တရက်ရှောင်တခင်ဖြစ်ပွားသော အမှုများတွင် အကြောင်းအားလျော်စွာ ဆင်ခြင်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရှိသည်။

၁၀၆၀။ ရဲဝတ္တရားပျက်ကွက်ခြင်းနှင့်အပြစ်ဒဏ်။ မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ကျူးလွန်လျှင် ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ် ငွေဒဏ် နှစ်ရပ်စလုံး ကျခံရမည်။

**ဝရမ်းစာအရဖြစ်စေ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအခန်း (၉) အရဖြစ်စေ ဆောင်ရွက်သည့်အမှုများအတွက် တာဝန်တင်းလွတ်ချမ်းသာခွင့်**

၁၀၆၁။ ရဲတပ်ဖွဲ့ဝင်တစ်ဦးအပေါ်တွင် ရဲတပ်ဖွဲ့ဝင်အဖြစ်ဖြင့် ဆောင်ရွက်သည့် အမှုတစ်စုံတစ်ရာအတွက် တရားမကြောင်းဖြစ်စေ၊ ပြစ်မှုကြောင်းဖြစ်စေ၊ တရားစွဲဆိုသည့်အခါ ၄င်းရဲတပ်ဖွဲ့ဝင်တို့သည် တရားသူကြီး၏ ထုတ်ဆင့်သော ဝရမ်းစာအရ ဆောင်ရွက်ရကြောင်းနှင့် ထုချေ၍ ၄င်းတရားသူကြီး လက်မှတ်ရေးထိုးထားသည့် ဝရမ်းစာကို တင်သွင်းပြသလျှင် ၄င်းရဲတပ်ဖွဲ့ဝင်တို့အပေါ်တွင် အရေးယူပြစ်ဒဏ်တာဝန်များထိုက်သင့်လိမ့်မည်မဟုတ်။(၁၉၄၅ခုနှစ်ရဲအက်ဥပဒေပုဒ်မ- ၅၄)

၁၀၆၂။ မည်သည့်တရားသူကြီးကဖြစ်စေ မည်သည့် ပြစ်မှုများကို ဆောင်ရွက်ရသည့် အခြားသူတို့ကဖြစ်စေ တရားဥပဒေနှင့်အညီထုတ်ဆင့်သည့် ဝရမ်းအမိန့်စာများကို အတည်ပြုလုပ်ရန် ဝတ္တရားရှိသူ မည်သူကိုမဆို အမိန့်ထုတ်ဆင့်သော တရားသူကြီး စသည်တို့ပိုင် စီရင်နယ်နိမိတ်များအတွင်းဖြစ်လျှင် ထိုဝရမ်းစာများနှင့်အမိန့်စာများကို အတည်ပြုခဲ့သော် ထိုကဲ့သို့အတည်ပြုလုပ်သည့်အတွက် တရားရုံးတွင် တရားမကြောင်းအရ တရားစွဲဆိုခြင်း မခံထိုက်စေရ။(၁၉၄၅ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ–၁၈ ပထမအပိုဒ်)

၁၀၆၃။ ဥပဒေနှင့်ဆန့်ကျင်သည့်အစုအဝေးများကို ဖျက်ရန်အလို့ငှာ စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအခန်း(၉)အရ ဆောင်ရွက်ရသည်ဟု ဆိုလိုသည့် အမှုတစ်စုံတစ်ရာအတွက် မည်သည့် ရဲတပ်ဖွဲ့ဝင်တို့အပေါ်တွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုမိန့် တစ်စုံတစ်ရာမရရှိဘဲ ပြစ်မှုကြောင်း တရားစွဲဆိုခွင့်မရ။ ၄င်းရဲတပ်ဖွဲ့ဝင်

တို့မှာ မိမိတို့၏ သဘောအလိုအရ ဆောင်ရွက်ခဲ့လျှင် ၎င်းရဲတပ်ဖွဲ့ဝင်အပေါ်တွင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူခြင်း မရှိစေရ။

၁၀၆၄။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၅ အရ အမှုစုံစမ်းစစ်ဆေးနေသည့်ကိစ္စမှတစ်ပါးနိုးရာပါပစ္စည်းကို အိမ်တစ်ဆောင်တွင် ရှာလို့ခဲ့သော် ရဲအရာရှိများသည် ထိုနိုးရာပါ ပစ္စည်းများကို အိမ်ပေါ်တက်ရောက် ရှာလိုကြောင်းနှင့် တရားသူကြီး တစ်ဦးဦးထံမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၀ အရ ရှာဖွေရန် ဝရမ်းစာကို လျှောက်ထားတောင်းဆိုရန် သတိပြုရမည်။

၁၀၆၅။ ပြန်တမ်းဝင်ရဲအရာရှိတစ်ဦးဦးကို အစိုးရအမှုထမ်းအဖြစ်ဖြင့် ပြစ်မှုတစ်စုံတစ်ရာနှင့် စွဲဆိုစရာရှိသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ကို ရရှိပြီး မဟုတ်လျှင် မည်သည့်တရားရုံးကမျှ ၎င်းပြစ်မှုကိုအရေးမယူရ။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၁၉၇)

၁၀၆၆။ လူသေအလောင်းနှင့်သက်ဆိုင်သည့်အလုပ်ဝတ္တရားများ၊ အများပြည်သူတို့ သွားလာခွင့်ရှိသော နေရာတွင် သေဆုံးနေသူတို့ကို သင်္ဂြိုဟ်မည့်သူမရှိလျှင်၊ ရပ်ကွက်/ကျေးရွာဆိုင်ရာလူကြီးတို့ကကောင်းစွာမြေမြှုပ်ခြင်း၊ သို့မဟုတ်မီးသင်္ဂြိုဟ်ခြင်းပြုလုပ်စေရန်နှင့် လိုအပ်သော အကူအညီပေးရန်မှာ ရဲတပ်ဖွဲ့ဝင်တို့၏ အလုပ်ဝတ္တရားတစ်ရပ်ပင်ဖြစ်သည်။ မြေမြှုပ်/မီးသင်္ဂြိုဟ်ရာတွင် ကုန်ကျသည့်စရိတ်များကိုလည်း ငွေစာရင်းလက်မှတ်တင်သွင်းသောအခါ ခရိုင်ရဲတပ်ဖွဲ့မှူးက ထုတ်ပေးလိမ့်မည်။

## အခန်း (၃၃)

## ရဲတပ်ဖွဲ့ဝင်များ၏အလုပ်ဝတ္တရားများ

### မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ အလုပ်ဝတ္တရားများ

၁၀၆၇။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၅၁ အရ ရဲစခန်းမှူးထက် ရာထူးကြီးမြင့်သောရဲအရာရှိတို့မှာ ဆိုင်ရာရဲစခန်းနယ်နိမိတ်အတွင်း ရဲစခန်းမှူးဆောင်ရွက်ခွင့်ရသည့် အာဏာများအရ ဆောင်ရွက်သကဲ့သို့ ၎င်းအရာရှိများကို ခန့်ထားရာနယ်မြေဒေသတစ်ဝန်းလုံးအတွင်း ဆောင်ရွက်ခွင့်ရသည်။

၁၀၆၈။ မြို့နယ်များကို ဒုတိယရဲမှူးများက မြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ် တာဝန်ခံ ဆောင်ရွက်ရသည်။

၁၀၆၉။ မြို့နယ်တစ်မြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်အဖြစ် ဒုတိယရဲမှူးက ဆောင်ရွက်ရ၍ လုပ်ငန်းကိစ္စရပ်များ အဆင်မပြေချောမွေ့စေရန် မြို့နယ်ရဲတပ်ဖွဲ့မှူး လက်အောက်တွင် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ် ရဲအုပ်တစ်ဦးအား တာဝန်ပေး ဆောင်ရွက်စေရမည်။ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လုပ်ငန်း တာဝန်များကိုတာဝန်ခံဆောင်ရွက်ရမည်။၎င်းတို့၏တာဝန်ဝတ္တရားများမှာ–

(က) ထိုအရာရှိတို့သည် မိမိတို့၏ မြို့နယ်အတွင်းရှိ ရဲစခန်းများ နှင့် ရဲကင်းများကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ်ကျ အပြည့် အစုံ စစ်ဆေးရမည့်အပြင် ရံဖန်ရံခါ တတ်နိုင်သလောက် ထိုရဲစခန်းနှင့်ရဲကင်းများကို အစီအစဉ်မပြုလုပ်ဘဲ စစ်ဆေးရမည်။ ရဲစခန်းစစ်ချက်စာတွဲများတွင် ထိုရဲစခန်းနှင့်ရဲကင်းများ နှစ်ရပ်လုံး သောစစ်ဆေးချက်များကို ရေးသားဖိုင်တွဲထားရမည်။ အပြည့်အစုံ စစ်ဆေးသည့် "ရဲစခန်းစစ်ဆေးချက်"များ၏ မိတ္တူများကို ခရိုင် ရဲတပ်ဖွဲ့မှူးထံ သိသာစေရန်တင်ပြရမည်။

(ခ) မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးများသည်တပ်ဖွဲ့တွင် စံနမူနာပြစည်းကမ်းလိုက်နာထိန်းသိမ်းရမည်။လက်အောက်အရာ ထမ်း အမှုထမ်းများအား ဝတ္တရား ပျက်ကွက်ခြင်းများအတွက် သတိပေး ရမည်။ မိမိတို့တွင် အပြစ်ပေးရန် အခွင့်အာဏာရှိလျှင် အပြစ်ပေး ရမည်။ အပြစ်ပေးထိုက်သော အမှုကိစ္စရပ်များအတွက် မိမိ၌အပြစ် ပေးရန် အခွင့်အာဏာမရှိလျှင် လိုအပ်သော စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်၍ ထင်မြင်ယူဆချက်နှင့်တကွ ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။

(ဂ) ရဲတပ်ဖွဲ့ဝင်များအားရဲအဝတ်အစားနှင့် ရဲဆောင်ကိရိယာတန်ဆာ များ မှန်ကန်ပြည့်စုံစွာ ပေးအပ်ရန်နှင့် ကောင်းမွန်စွာ ထိန်းသိမ်း ထားစေရန် ဆောင်ရွက်ရမည်။ စစ်ရေးပြခြင်းနှင့်တကွ အလုပ် ဝတ္တရားများ ကောင်းမွန်ဖျတ်လတ်စွာ ဆောင်ရွက်စေခြင်း၊ ရဲစခန်း ဆိုင်ရာ အဆောက်အဦများ သပ်ရပ်စွာ ပြင်ဆင်ထားရှိစေခြင်း

ရဲစခန်းဝင်းအတွင်းကျန်းမာခြင်းနှင့်ညီညွတ်ရန် သန့်ရှင်းစင်ကြယ်စွာထားရှိစေခြင်း အဆောက်အဦဆောက်လုပ်ခြင်းများ သို့မဟုတ် အခြားလုပ်ငန်းများ တည်ဆောက်ခြင်းတို့ကို ရိုးသားဖြောင့်မတ်စွာနှင့် စရိတ်အကုန်အကျနည်းပါးပြီး ချွေတာ၍ကောင်းမွန် သေသပ်ကျနစွာ ဆောက်လုပ်စေခြင်းတို့မှာ မိမိတို့၏ အလုပ်ဝတ္တရားပင်ဖြစ်သည်။

(ဃ) ရဲစခန်းဆိုင်ရာ မှတ်ပုံတင်များနှင့် အမှုတွဲများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်ကျနမှန်ကန်စွာ ရေးသားထားရှိခြင်း၊ တရားဥပဒေနှင့်အညီ ထားရှိသည့် မှတ်ပုံတင်စာရင်းများတွင် မှန်ကန်စွာ ဖြည့်သွင်းရေးသားထားခြင်းနှင့် ရဲစခန်းစစ်ချက်တွင် ချမှတ်သည့် အမိန့်များနှင့်တကွ အရေးယူအမိန့်များကို လိုက်နာ ပြုလုပ်ဆောင်ရွက်ပြီးစီးစေရန်မှာ မိမိတို့၏ တာဝန်များဖြစ်သည်။

(င) ခရိုင်ရဲတပ်ဖွဲ့ရုံးမှ ထုတ်ပေးသည့် အသေးသုံးငွေ၊ လစာငွေနှင့် ခရီးစရိတ်ငွေများ ပေးကမ်းထုတ်ဝေခြင်းကို ရဲစခန်းများတွင် ကြည့်ရှုစစ်ဆေးခြင်း၊ ၎င်းငွေများကို ရသင့်ရထိုက်သောသူတို့အား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မှန်ကန်စွာ ပေးဝေစေခြင်း ပေးဝေသည့်အခါ ပြေစာလက်မှတ်များ ရယူထားရှိပြီးလျှင် နှောင့်နှေးကြန့်ကြာခြင်း၊ မရှိစေဘဲ ပေးဝေပြီးကြောင်း၊ စာရင်းများကို ခရိုင်ရဲတပ်ဖွဲ့ရုံးသို့ ပြန်သွင်းခြင်းများကို ကြည့်ရှုစစ်ဆေးခြင်းမှာ မိမိတို့၏တာဝန်ဖြစ်သည်။ ခရိုင်ရဲတပ်ဖွဲ့ထံသို့ တင်သွင်းသော ငွေစာရင်းများကို စာရင်းမှန်ကန်ခြင်းနှင့် ရိုးသားဖြောင့်မတ်စွာ ပြုလုပ်သည် မပြုလုပ်သည်နှင့် ခရီးစရိတ်တောင်းခံသော ခရီးမှာ သွားထိုက် မသွားထိုက်သော အကြောင်းတို့မှာလည်း မိမိတို့၏ စစ်ဆေးကြည့်ရှုရန် တာဝန်ပင်ဖြစ်သည်။

(စ) အရပ်ရပ်အစီရင်ခံစာ စာရင်းများကို သတ်မှတ်ပိုင်းခြားထားသည့် နေ့ရက်များတွင် ခရိုင်ရဲတပ်ဖွဲ့ရုံးသို့ မှန်ကန်စွာ တင်သွင်းကြောင်းကို ကြည့်ရှုရမည်။ ဤအချက်နှင့်ပတ်သက်၍ ရဲစခန်းမှူး

နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က တင်သွင်းရမည့် အစီရင်ခံစာများ၏ စာရင်းများကို မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် မြင်သာသည့် နေရာ၌ စာရင်း တစ်ခုရေးသား ဆွဲကပ်ထားရမည်။

(ဆ) ဆိုင်ရာမြို့နယ်အတွင်း လက်အောက်ခံ ရဲတပ်ဖွဲ့ဝင် တို့သည် အရပ်ရပ်လူဆိုးတို့နေထိုင်ရာ ရပ်ကွက်နေအိမ်များနှင့် သွားလာ ဝင်ထွက်ခြင်းများကို သိရှိထားကြရန်နှင့် ၎င်းလူဆိုးတို့မှစ၍ စည်းကမ်းသတ်မှတ်ချက်နှင့် လွှတ်ထားသည့် အကျဉ်းသား တို့အပြင် ထောင်လွတ်အကျဉ်းသားတို့ကိုလည်း လစ်လပ်ခြင်း မရှိစေဘဲ လိုက်လံနပ်စွာ စောင့်ကြည့်ရမည်။

(ဇ) ရဲစခန်းရှိမှတ်ပုံတင်စာရင်း စာတမ်းမှတ်သားချက်များကို စစ်ဆေး ခြင်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များတို့ မေးမြန်းစစ်ဆေးရုံသာမက မိမိတို့ကိုယ်တိုင် ကျေးရွာများတွင် လူဆိုးများ၏သတင်းများကို စုံစမ်း၍ ၎င်းနယ်ထိန်းတပ်ဖွဲ့ဝင်တို့သည် မိမိတို့၏ အလုပ် ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ခြင်းရှိ မရှိ စစ်ဆေးရမည်။

(ဈ) အစဉ်သဖြင့်တောနယ်သို့ လှည့်လည်ခြင်းအားဖြင့် ရပ်သူရွာသား တို့နှင့်တွေ့ဆုံဆက်သွယ်ခြင်းရှိစေရမည်။(တစ်လလျှင်အနည်းဆုံး ၂၀ရက်တောသွားရက်ရှိစေရမည်)။ ရဲလုပ်ငန်းနှင့်ပတ်သက်သော သို့မဟုတ် အရပ်ရှုပ်အုပ်ချုပ်ခြင်းနှင့် သက်ဆိုင်သော မည်သည့် သတင်းစကား အကြောင်းအရာမဆို နှောင့်နှေးခြင်းမရှိစေဘဲ သိနိုင်ရန် အခွင့်အရေးတို့ကို လက်မလွှတ်စေရ။ ဤကိစ္စနှင့် ပတ်သက်၍အရေးကြီးသောနယ်မြေဒေသများ၌ အချိန်နာရီများစွာ ဆိုင်းငံ့နေသင့်သည်။ခရီးစဉ်ဖြင့် တောမှူးသွားရောက်ပြီးလျှင်ပြန်လာခြင်း အလေ့အထမှ ရှောင်ကြဉ်ရမည်။

(ည) အရေးကြီးသောပြစ်မှုကြီးများ စုံစမ်းစစ်ဆေးခြင်းကို နည်းလမ်း ညွှန်ကြားပြသရမည်သာမက အိမ်ဖောက်ထွင်းခိုးယူမှုနှင့်တိရစ္ဆာန် ခိုးမှုစသော အခြားအရေးကြီးသည့် အသက်မွေးဝမ်းကျောင်း အလို့ငှာ အမြဲကျူးလွန်လေ့ရှိသောပြစ်မှုများ စုံစမ်းစစ်ဆေး ခြင်းကို နည်းလမ်းညွှန်ကြားပြသရမည်။ လိုအပ်ပါက ဖြစ်ပွားရာ

အခင်းဖြစ်အရပ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးရမည်။ စစ်ဆေးကြည့်ရှုခြင်းနှင့် ကြီးကြပ်စီမံခြင်းဖြင့် မိမိတပ်ဖွဲ့ဝင်တို့သည် အလုပ်ဝတ္တရားကို ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ မရှိ အခြေခံကျကျ သိရှိနိုင်သည်။ အမှုများ စုံစမ်းစစ်ဆေးသည့် အစိတ်အပိုင်း များစွာတွင် မိမိကိုယ်တိုင်ဝင်ရောက်ဆောင်ရွက်နေလျှင် တပ်ဖွဲ့ဝင်တို့၏ အလုပ်ဝတ္တရား ဆောင်ရွက်နိုင်ခြင်း စွမ်းရည်ကို များစွာထိခိုက်စေလိမ့်မည်။ မိမိ၏တပ်ဖွဲ့ဝင်များထံမှ အထူးအကြောင်းကိစ္စရှိမှသာ အမှုများကိုယူ၍ စုံစမ်းစစ်ဆေးရမည်။ အမှုစုံစမ်း စစ်ဆေးရာတွင် မိမိရောက်ရှိနေက ထိုစုံစမ်းစစ်ဆေးချက်နှင့်ပတ်သက်သော အမှုနေ့စဉ်မှတ်တမ်းများပေါ်တွင် ထပ်ဆင့်မှတ်ချက် ချမှတ်ပြီးလျှင် မိမိညွှန်ပြလိုသည့် နည်းလမ်းများကို လည်းရေးသွင်းရမည်။

(၄) မြို့နယ်များတွင် အုပ်ချုပ်စီမံခြင်းနှင့် သက်ဆိုင်သော သိရှိထိုက်သည့် အရေးရေးဖြစ်ပျက်ခြင်းများကို ခရိုင်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံရမည်။ အစိုးရအား အကြည်ညိုပျက်စေရန် ပြုလုပ်ခြင်းများ၊ ထကြွ သောင်းကျန်းစေမည့် တိုင်းရေးပြည်ရေး သတင်းများနှင့် အကာယ်၍ ကြိုတင်တားဆီးခြင်းမပြုက လူပ်ရှားထကြွမည့် ငြိမ်းချောက်ခြင်း၊ ကောလာဟလ သတင်းစကား အပြုအမူ အသွားအလာ အလုပ်အကိုင်များကို ခရိုင်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံခြင်းမှာ မိမိတို့၏ အရေးဝတ္တရားပင်ဖြစ်သည်။

(၅) မိမိတို့ မည်ကဲ့သို့ အလုပ်ဝတ္တရား ဆောင်ရွက်နေကြောင်းကို ၁၄ ရက်တစ်ကြိမ် နေ့စဉ်မှတ်တမ်းများရေးသားပြီးလျှင် ခရိုင်ရဲတပ်ဖွဲ့မှူး ထံသို့ တင်ပို့ရမည်။

မှတ်ချက်။ ထို ၁၄ ရက်တစ်ကြိမ်ရေးသားသည့် နေ့စဉ်မှတ်တမ်းများ၏နောက်ဆုံးတွင်အောက်ပါအချက်များကို အတိုကောက်ရေးနည်းဖြင့်ထည့်သွင်းဖော်ပြရမည်–

| အကြောင်းအရာ | အတိုကောက်ရေးနည်း |
|---|---|
| (၁) ၁၄ ရက်တစ်ပတ်အတွင်း တောသွား သောရက်ပေါင်း | တ |
| (၂) ၁၄ ရက်တစ်ပတ်အတွင်းတောတွင် အိပ်သောရက်ပေါင်း | တအ |
| (၃) ၁၄ ရက်တစ်ပတ်အတွင်း တိုင်တန်း သည့်အရေးကြီးသော အမှုကြီးပေါင်း | နူကြီး |
| (၄) ၁၄ ရက်တစ်ပတ်အတွင်း အရေးကြီး သောအမှုကြီးများကျူးလွန်ရာအခင်း ဖြစ်နေရာများသို့သွားရောက်ကြည့်ရှု သည့် အကြိမ်ပေါင်း | သ |
| (၅) စစ်ရေးပြရာတွင် တက်ရောက်သော အကြိမ်ပေါင်း | စ |
| (၆) အစိုးရအဝတ်အစားကိရိယာတန်ဆာ များစစ်ဆေးကြည့်ရှုသောအကြိမ်ပေါင်း | ၂ ဝစ |
| (၇) သန်းခေါင်ကျော်အခါ ရဲကင်းစောင့် များကိုစစ်ဆေးသည့်အကြိမ်ပေါင်း | က |
| (၈) သွားရောက်ခဲ့သည့်ကျေးရွာပေါင်း | ရှ |
| (၉) ကြည့်ရှု စစ်ဆေးခဲ့သောသေနတ် လိုင်စင်ပေါင်း | သစ |
| (၁၀) တွေ့ရှိခဲ့သောလူဆိုးပေါင်း | ရဆ |
| (၁၁) ဖြစ်မှုမဖြစ်ပွားရန် ကြိုတင်ကာကွယ် ရေးအတွက် ဥပဒေအရ မိမိမှ တရားစွဲဆိုရန်ပေးသောခွင့်ပြုမိန့်ပေါင်း | ကတ |

(၁၂) အပြည့်အစုံစစ်ဆေးခြင်းသို့မဟုတ်အစီအစဉ် မပြုလုပ်ဘဲ စစ်ဆေးသော အကြိမ်ပေါင်း { ဝစစ / စမစ

ဥပမာ—

| | |
|---|---|
| (ကက) တ | ၁၂ |
| (ခခ) တအ | ၆ |
| (ဂဂ) မှုကြီး | ၂ |
| (ဃဃ) သ | ၁ |
| (ငင) စ | ၂ |
| (စစ) ဝစ | ၂ |
| (ဆဆ) တ | ၃ |
| (ဇဇ) ရရ | ၁၅ |
| (ဈဈ) သဆ | ၃ |
| (ညည) ရဆ | ၆ |
| (ဋဋ) ကတ | မရှိ |
| (ဌဌ) စ | { ပစ ၁ / စမ ၁ |

(၃) အမှုနံထောက်စစ်ဆေးခြင်းနှင့် လူဆိုးနံထောက်စစ်ဆေးခြင်းကို သေချာစွာ ကြီးကြပ်စီမံရမည်။ မိမိ၏မြို့နယ်အတွင်းရှိသော ရဲစခန်းတစ်ခုနှင့်တစ်ခု အတူတကွ ညီညီညွတ်ညွတ် ပေါင်းသင်း လုပ်ကိုင်ဆောင်ရွက်စေရမည့်အပြင် မိမိ၏မြို့နယ်နှင့် နီးကပ်လျက် ရှိသော ခရိုင်တစ်ခုအတွင်း သို့မဟုတ် အခြားခရိုင် အတွင်းရှိ မြို့နယ်များတွင်ရှိသည့် ရဲစခန်းနှင့်လည်း အတူတကွ ညီညီညွတ်ညွတ် ကူညီပေါင်းသင်းလုပ်ကိုင်ဆောင်ရွက်ရမည်။

(ဃ) မိမိမြို့နယ်အတွင်းရှိ ရဲစခန်းများတွင် အလုပ်ဝတ္တရားများကို ညီတူညီမျှစွာ ခွဲဝေထမ်းဆောင်စေခြင်းနှင့် ရဲတပ်ဖွဲ့ဝင်တို့ တစ်ဦးနှင့်တစ်ဦး မနာလိုဝန်တိုစိတ် မရှိကြစေခြင်းမှာ ကြပ်တည်းစွာ ကြည့်ရှုစီမံ ဆုံးဖြတ်ရမည်။

(င) ၎င်းအရာရှိတို့သည် မိမိတို့ရုံးစိုက်ရာ မြို့နယ်တွင် ရှိနေသည့်အခါ မိမိတို့ရဲစခန်း ရဲကင်းရုံးစိုက်ရာ မြို့နယ်တွင်ရှိသည့် ရဲစခန်း/ ရဲကင်းတို့ကို နေ့အချိန်၌ဖြစ်စေ ညအချိန်၌ဖြစ်စေ ရက်သတ္တတစ်ပတ်လျှင် ၃ ကြိမ်ထက်မနည်း၊ ၎င်းအပြင် မိမိရုံးစိုက်ရာမြို့ပြင်ပဖြစ်သော ရဲစခန်းများသို့ သွားရောက်ကြည့်ရှုသည့်အခါ ညအချိန်၌ အနည်းဆုံးတစ်ကြိမ် သွားရောက်ကြည့်ရှုရမည့်အပြင် မိမိလက်အောက်ရှိ ရဲစခန်း၊ ရဲကင်း၊ အချုပ်ဆောင်၊ အချုပ်ခန်း အားလုံးကို တစ်လလျှင်တစ်ကြိမ် အသေးစိတ်စစ်ဆေးရမည်။

၁၀၇၀။ ပြစ်မှုမဖြစ်ပွားစေရန် ကာကွယ်တားဆီးခြင်းနှင့် ပြစ်မှုပေါ်ပေါက်ထင်ရှားစေရန် စုံထောက်စစ်ဆေးခြင်းတို့၌ မိမိမြို့နယ်အတွင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အတူတကွ တာဝန်ယူ၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤကဲ့သို့ အလုပ်ဝတ္တရားများကို ညီညီညွတ်ညွတ် အတူတကွ လုပ်ကိုင်ဆောင်ရွက်ရန် မိမိ၏ တာဝန်ဝတ္တရားများဖြစ်သည်။ မိမိမြို့နယ်အတွင်း ထုတ်ပေးထားသည့် လက်နက်ခဲယမ်း ကိရိယာ အသုံးအဆောင်ပစ္စည်းများအတွက်လည်း မိမိ၏ တာဝန်ဝတ္တရားဖြစ်သည်။

၁၀၇၁။ × × × × × × × × × × × × × × × × × × × × × × × × × ×။

**မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင်ထားရှိရမည့် မှတ်ပုံတင်နှင့် စာတွဲများ**

၁၀၇၂။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် အောက်ပါမှတ်ပုံတင်နှင့် စာတွဲများကိုထားရှိရမည်-

(က) ဦးစီးဌာန

(၁) လက်နက်လိုင်စင်မှတ်ပုံတင်။

(၂) ရဲစခန်းမှသိမ်းဆည်းရမိသောလက်နက်များမှတ်ပုံတင်။

(၃ ) အရပ်ရပ်နေ့စဥ်မှတ်တမ်း။

(၄ ) ခရိုင်မှတ်ပုံတင် (၁)၊ ပြစ်မှုမှတ်ပုံတင်။

(၅ ) ခရိုင်မှတ်ပုံတင် (၂)၊ ပြစ်မှုမှတ်ပုံတင်စာရင်းဇယား။

(၆ ) မှုခင်းမှတ်တမ်းမှတ်ပုံတင် (၄၃)၊ တရားစွဲဆိုတင်ပို့သော အမှုများမှတ်ပုံတင်။

(၇ ) မြို့နယ်မှတ်ပုံတင် (၁)၊ မြို့နယ်အတွင်းရှိ လူဆိုးများ မှတ်ပုံတင်။

(၈ ) မြို့နယ်မှတ်ပုံတင် (၂)၊ မြို့နယ်အတွင်းရှိ စစ်ပြေး၊ ရဲဘက်ပြေး၊ တရားခံပြေး၊ ရဲပြေးများမှတ်ပုံတင်။

(၉ ) မြို့နယ်မှတ်ပုံတင် (၃)၊ သင်တန်းတက်/ဆင်းမှတ်ပုံတင်။

(၁၀) မြို့နယ်မှတ်ပုံတင်(၄)၊ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ရဲစခန်းများ စစ်ဆေးချက်မှတ်ပုံတင်။

(၁၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ညွှန်ကြားရေးကော်မတီမှတ်တမ်းလွှာ စာအုပ်များ (၁) မှ (၁၇) ထိ။

(၁၂) မြို့နယ်မှတ်ပုံတင် (၅)၊ မြို့နယ်အတွင်း ကာကွယ်ရေး အရန်အင်အား စုဖွဲ့လေ့ကျင့်မှုမှတ်ပုံတင်။

(၁၃) မြို့နယ်အတွင်းစာပေးစာယူမှတ်ပုံတင်စာအုပ်များ—

(ကက) ဝင်စာမှတ်ပုံတင်စာအုပ်။

(ခ ခ ) ထွက်စာမှတ်ပုံတင်စာအုပ်။

(ဂ ဂ ) ကြေးနန်းမှတ်ပုံတင်စာအုပ်။

(ဃဃ) ဆက်သားဖြင့်ပေးပို့သောစာများမှတ်ပုံတင်စာအုပ်။

(င င ) စာတိုက်မှပေးပို့သောစာများမှတ်ပုံတင်စာအုပ်။

(စ စ ) တံဆိပ်ခေါင်းသုံးမှတ်ပုံတင်စာအုပ်။

(ခ) ရေးထားရှာ

(၁) ခရိုင်မှတ်ပုံတင် (၂၁)၊ ရဲတပ်ဖွဲ့ဝင်များ၏ စာရင်းရှည် မှတ်ပုံတင်။

(၂) ခရိုင်မှတ်ပုံတင် (၂၂)၊ အဆောင့်တိုးမြှင့်ရေး ကြီးစဉ် မှတ်ပုံတင်။

(၃) ခရိုင်မှတ်ပုံတင် (၂၉)၊ ဆေးရုံတက်/ဆင်းမှတ်ပုံတင်။

(၄) ခရိုင်မှတ်ပုံတင် ၃၁(က)ဆောကြာရှလောအမိန့်မှတ်ပုံတင်။

(၅) ခရိုင်မှတ်ပုံတင် ၃၁(ခ)၊ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးများ နှင့်ခရိုင်ရဲတပ်ဖွဲ့မှူးများ၏တည်မြဲအမိန့်မှတ်ပုံတင်။

(၆) ခရိုင်မှတ်ပုံတင် (၃၂)၊ အထွေထွေအမိန့်မှတ်ပုံတင်။

(၇) ခရိုင်မှတ်ပုံတင် (၃၄)၊ အရာရှိအတွင်းရေးအစီရင်ခံစာ မှတ်ပုံတင်။

(၈) ခရိုင်မှတ်ပုံတင် ၂(က)၊ ဆုချီးမြှင့်မှုမှတ်ပုံတင်။

(၉) ခရိုင်မှတ်ပုံတင် (၈)၊ နှစ်တိုးလစာမှတ်ပုံတင်။

(၁၀) ခရိုင်မှတ်ပုံတင် (၁၀)၊ တပ်ဖွဲ့ဝင်များ၏ ခွင့်လျှောက် လွှာမှတ်ပုံတင်။

(၁၁) ခရိုင်မှတ်ပုံတင် ၁၀(က)၊ ရှောင်တခင်ခွင့်မှတ်ပုံတင်။

(၁၂) ခရိုင်မှတ်ပုံတင် (၂၀)၊ အကျင့်စာရိတ္တနှင့် လုပ်သက် မှတ်တမ်း။

(၁၃) ခရိုင်မှတ်ပုံတင် (၇)၊ ရုံး/ ဌာန/ ရဲစခန်းအလိုက် ဖွဲ့စည်းထားရှိသည့် တပ်ဖွဲ့ဝင်များ၏အမည်နှင့် တာဝန်။

(၁၄) မြို့နယ်မှတ်ပုံတင် (၆)၊ သက်သာချောင်ချိရေးငွေကြေး ထောက်ပံ့မှုမှတ်တမ်း။

(၁၅) ခရိုင်မှတ်ပုံတင် (၄၉)၊ မှတ်တမ်းဝင် သတိပေးခြင်း မှတ်ပုံတင်။

(၁၆) ခရိုင်မှတ်ပုံတင် (၅၁)၊ ခွင့်မဲ့ပျက်ကွက်/ ရဲပြေးမှတ်ပုံတင်။

(၁၇) ခရိုင်မှတ်ပုံတင် (၅၂)၊ အုပ်ချုပ်မှုအာဏာဖြင့် အရေးယူခြင်းမှတ်ပုံတင်။

(၁၈) ခရိုင်မှတ်ပုံတင် (၅၃)၊ အကျဉ်းနည်းဖြင့် အရေးယူခြင်းမှတ်ပုံတင်။

(၁၉) ခရိုင်မှတ်ပုံတင် (၅၄)၊ ရဲတာရေးရုံးမှတ်ပုံတင်။

(ဂ) ဘောက်ချာ

(၁) ခရိုင်မှတ်ပုံတင် (၁၂)၊ လစာနှင့် စရိတ်ထုတ်ပေးငွေ စာရင်းမှတ်ပုံတင်။

(၂) ခရိုင်မှတ်ပုံတင် (၁၃)၊ အသေးသုံး ငွေစာရင်း မှတ်ပုံတင်။

(၃) ခရိုင်မှတ်ပုံတင် (၁၄)၊ ငွေတောင်းခံလွှာမှတ်ပုံတင်။

(၄) ခရိုင်မှတ်ပုံတင် (၁၆)၊ အမြဲတမ်းကြိုတင်ထုတ်ပေးငွေ မှတ်ပုံတင်။

(၅) ခရိုင်မှတ်ပုံတင် (၁၈)၊ ခရီးစရိတ်ထုတ်ပေးငွေမှတ်ပုံတင်စာအုပ်။

(၆) ခရိုင်မှတ်ပုံတင် (၁၉)၊ ဝန်ဆောင်မှု လုပ်ငန်းများအတွက် မှတ်ပုံတင်။

(၇) ခရိုင်မှတ်ပုံတင် (၃၈)၊ စာရေးကိရိယာများ ဆိုင်ရာ မှတ်ပုံတင်။

(၈) ခရိုင်မှတ်ပုံတင် (၄၂)၊ လက်ခံရရှိသည့် လက်နက်ခဲယမ်းကိရိယာများနှင့် စစ်မက်ကိရိယာများမှတ်ပုံတင်။

(၉) ခရိုင်မှတ်ပုံတင် (၄၃)၊ ———နှင့်သက်ဆိုင်သည့် နိုင်ငံတော်ပိုင်လက်နက်/ခဲယမ်းကိရိယာများမှတ်ပုံတင်။

(၁၀) ခရိုင်မှတ်ပုံတင် (၄၄)၊ ———နှင့်သက်ဆိုင်သည့် နိုင်ငံတော်ပိုင်လက်နက်/ ခဲယမ်းကိရိယာများ ထုတ်ပေး မှတ်ပုံတင်။

(၁၁) ခရိုင်မှတ်ပုံတင် (၄၅)၊ ရဲပစ္စည်းထိန်း စတိုစာအုပ်များ မှတ်ပုံတင်။

(၁၂) ခရိုင်မှတ်ပုံတင် (၄၆)၊ ရဲဝတ်ပစ္စည်းနှင့် အထွေထွေ ပစ္စည်းများဆိုင်ရာမှတ်ပုံတင်။

(၁၃) ခရိုင်မှတ်ပုံတင် (၄၇)၊ ပစ္စည်းလက်ကျန်စာရင်းမှတ်ပုံ တင်။

(၁၄) ရဲစခန်းမှတ်ပုံတင် ၁၁ (က) မှ (ဆ) ထိ၊ တပ်ဖွဲ့ပိုင် လက်နက်ခဲယမ်း၊ ပစ္စည်းများနှင့်ပတ်သက်သည့်လယ်ဂျာ စာအုပ်များ။

(၁၅) ခရိုင်မှတ်ပုံတင် (၃၅)၊ မြေပိုင်ဆိုင်ခွင့်မှတ်ပုံတင်။

(၁၆) ခရိုင်မှတ်ပုံတင် ၃၅(က)၊ရဲတပ်ဖွဲ့ပိုင်မြေစာရင်းမှတ် ပုံတင်။

(၁၇) ခရိုင်မှတ်ပုံတင် (၄၈)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဆောက် လုပ်ထားသော အဆောက်အဦများစာရင်း။

(၁၈) မြို့နယ်မှတ်ပုံတင်(၇)၊ မြို့နယ်မှစီစဉ်သည့်ကိုယ့်အား ကိုယ်ကိုးဖြင့်ဆောက်လုပ်ထားသော အဆောက်အဦများ စာရင်း။

(၁၉) မြို့နယ်မှတ်ပုံတင် (၈)၊ မြို့နယ် သက်သာချောင်ချိရေး အတွက်ဆောက်လုပ်ထားသည့်ဆိုင်ခန်းများအဆောက်အဦ များမှတ်ပုံတင်။

(၂၀) မြို့နယ်မှတ်ပုံတင် (၉)၊ ထောက်ဌာနမှ ထုတ်ပေးထား သည့်လက်ထိပ်နှင့်အမှုစစ်သေတ္တာများမှတ်ပုံတင်။

(၂၁) ရဲထောက်ဌာနမှ ထုတ်ပေးထားသော မော်တော်ယာဉ်/ စက်ဘီး/ ဆိုင်ကယ်စာရင်း။

(၂၂) မြို့နယ်မှတ်ပုံတင် (၁၀)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှထုတ်ပေး သည့်စာအုပ်စာတမ်းများမှတ်ပုံတင်။

၁၀၇၃။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ စာကြည့်တိုက်တွင် အောက်ပါစာအုပ်များ ထားရှိစေရမည်-

(က) လက်နက်အက်ဥပဒေ။

(ခ) ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေ။

(ဂ) မြန်မာနိုင်ငံတော်ပြန်တမ်း။

(ဃ) ရဲလက်စွဲ( ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ )။

(င) ၁၉၉၅ခုနှစ်မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေ။

(စ) မြန်မာနိုင်ငံတော်မြို့များအက်ဥပဒေ။

(ဆ) ၁၉၈၅ ခုနှစ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်ကျော်နင်းမှုဥပဒေ။

(ဇ) မှုခင်းတပ်ဖွဲ့လက်စွဲဥပဒေ၊ ပထမတွဲ။

(ဈ) ပြစ်မှုဆိုင်ရာဥပဒေ။

(ည) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ အထူး နှင့် အထွေထွေဥပဒေများ။

(ဋ) ၁၉၉၃ခုနှစ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး များဆိုင်ရာဥပဒေ။

(ဌ) ပေါက်ကွဲစေတတ်သည့်အရာဝတ္ထုလက်စွဲဥပဒေ။

(ဍ) ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ။

(ဎ) အစိုးရအရာထမ်း၊ အမှုထမ်းတို့၏အကျင့်စာရိတ္တနည်းဥပဒေ။

(ဏ) ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနှင့် ၎င်းနှင့် သက်ဆိုင်သည့် နည်းဥပဒေများ။

(တ) မြစ်ကြောင်းသွားသင်္ဘောဥပဒေ။

(ထ) ရေနံတွင်းလက်စွဲဥပဒေ။

(ဒ) ရဲအက်ဥပဒေ။

(ဓ) ပြစ်မှုပြန်တမ်းနှင့်နောက်ဆက်တွဲ။

(န) ကျေးရွာလက်စွဲဥပဒေ။

(ပ) ရဲကျင့်ဝတ်စာအုပ်။

(ဖ) တရားရုံးလက်စွဲ။

ထို့အပြင် ခရိုင်ရဲတပ်ဖွဲ့မှူးကထားရန် သင့်လျော်သည်ဟု ထင်မြင်သည့် နိုင်ငံတော်မှ ထုတ်ပြန်သည့် ဥပဒေများ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ကြော်ငြာစာများ ထားရှိရမည်။ အထက်တွင် ဖော်ပြထားသော ပုံနှိပ်ထုတ်ဝေသည့် လက်စွဲဥပဒေ စာအုပ်စာတမ်းများ ရှိသောအခါ စာအုပ်များစာရင်းနှင့် အခြားပုံနှိပ်ထုတ်ဝေသည့် စာတမ်းများစာရင်းစာအုပ်၊ ပုံစံအမှတ် အုပ်ချုပ်ရေး (၁၀၃)တွင် စာရင်းရေးသား ထည့်သွင်းထားရမည်။ ပုံနှိပ်ထုတ်ဝေသည့် စာတမ်းများနှင့် အရပ်ရပ်လက်စွဲဥပဒေစသည်တို့၏ အရပ်ရပ်ပြင်ဆင်ချက်စာတမ်းများကိုရသည့် နေ့ရက်တွင်ရရှိကြောင်း မှတ်သားရေးသွင်းထားရှိရန် ဤမှတ်ပုံတင်စာရင်းစာအုပ်တွင် ယေဘုယျကွက်များသီးခြားဖော်ပြထားလေသည်။ စာအုပ်များနှင့် အခြားပုံနှိပ်ထုတ်ဝေသည့် စာတမ်းများ အသုံးမဝင်လျှင်သော်လည်းကောင်း၊ ဖျက်ဆီးရန်သင့်လျှင်သော်လည်းကောင်း အကြောင်းအရာယေဘုယျကွက်တွင် ရေးသားဖော်ပြထားရှိရန် အရေးကြီးလေသည်။ ပြင်ဆင်ချက်များ လုံလောက်စွာထည့်သွင်းနိုင်စေရန် ဤမှတ်ပုံတင်စာရင်းစာအုပ်၏ စာမျက်နှာ၀က်မျက်နှာလျှင် စာအုပ်စာတမ်းအမျိုးအမည်သုံးခုထက်ပိုမို၍ စာရင်းရေးသားထားခြင်းမပြုရ။ နှစ်စဉ် ဇန်နဝါရီလ

ဆန်းစတွင် လက်ရှိစာအုပ်စာတမ်းများ မည်ရွေ့မည်မျှရှိကြောင်း နှစ်ချုပ်စာရင်းကို ပုံစံလွှတ် အုပ်ချုပ်ရေး (၁၀၃) ပေါ်တွင်ရေးသား၍ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ၎င်း၏ ရုံးတွင်ထားရှိသည့် မှတ်ပုံတင်စာရင်းနှင့်တိုက်ဆိုင်စစ်ဆေးရန် တင်ပို့ရမည်။

၁၀၇၄။ တင်ပြရိုးအစဉ်အလာဖြစ်သည့်အစီရင်ခံစာများမှတစ်ပါး အခြားအစီရင်ခံစာ အရေးရပ်တို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးများသည် ခရိုင်ရဲတပ်ဖွဲ့မှူးထံ တိုက်ရိုက် တင်ပို့ရမည်။

၁၀၇၅။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည်မိမိမြို့နယ်အတွင်း လိုင်စင်နှင့်ဖြစ်စေ ပါမစ်နှင့် ဖြစ်စေ ကိုင်ဆောင်ခွင့်ပြုထားသည့် လက်နက်ခဲယမ်းကိရိယာများကို တစ်လလျှင် တစ်ကြိမ်စစ်ဆေးရမည်။ စစ်ဆေးရသည့်အကြောင်းအရာ အစီရင်ခံစာကို ခရိုင်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံရမည်။

## ရဲစခန်းမှူးများ၏ အလုပ်ဝတ္တရားများ

၁၀၇၆။ ရဲစခန်းတိုင်းနှင့် ၎င်း၏လက်အောက် ရဲစခန်း နှင့် ရဲကင်းများ ကို ကြီးကြပ်စီမံ အုပ်ချုပ်ရန် အရာရှိအဖြစ် ရဲအုပ်တစ်ဦးအား ထားရှိလေသည်။ ထိုအုပ်ချုပ်သော ရဲအုပ်ကို ရဲစခန်းမှူးဟုခေါ်သည်။ ရဲစခန်းတွင် တိုင်တန်းသော ဖြစ်မှုများသည်သတ်မှတ်သောအရေအတွက်ထက် ပိုခဲ့သော် အမှု စစ်ဆေးစုံထောက် ခြင်း၌ ကူညီရန် ဒုတိယရဲအုပ်များ သို့မဟုတ် ရဲတပ်ကြပ်ကြီးများကို ပိုမို၍ ထားရ မည်။ အမှုစစ်ဆေးစုံထောက်သူ အရာရှိများအား ကူညီရန် လက်အောက်တပ်ဖွဲ့ဝင် များလည်း ထားရှိသည်။ အမှုကြီးနှင့် အခြားအမှုအမျိုးအစားတွင် ပါဝင်သည့် ဖြစ်မှုမျိုး များပြားမှုခြင်းအရေအတွက်ကို စုံထောက်စစ်ဆေးရန် အမှုစုံထောက်စစ်ဆေး သူ အရာရှိများ အမျိုးအစားကို အောက်ပါစာရင်းအရ ပြဋ္ဌာန်းထားသည်-

(က)ကျေးရွာများရှိရဲစခန်းများ

| အမှုပေါင်း | အမှုစုံထောက်စစ်ဆေးနိုင်ခွင့်ရသည့်အရာရှိပေါင်း | | |
|---|---|---|---|
| | ဒုရဲအုပ် | ရဲတပ်ကြပ်ကြီး | ရဲတပ်သား |
| ၇၅ | ၁ | - | ၂ |
| ၁၁၅ | ၁ | ၁ | ၂ |
| ၁၅၀ | ၂ | - | ၄ |

| | | | |
|---|---|---|---|
| ၁၉၀ | ၂ | ၁ | ၄ |
| ၂၂၅ | ၃ | ၁ | ၄ |
| ၂၆၅ | ၃ | ၂ | ၄ |
| ၃၀၀ | ၄ | ၁ | ၆ |
| ၃၄၀ | ၄ | ၂ | ၆ |
| ၃၇၅ | ၅ | ၁ | ၈ |
| ၄၂၅ | ၅ | ၂ | ၈ |
| ၄၅၀ | ၅ | ၃ | ၈ |
| ၄၉၀ | ၆ | ၂ | ၁၀ |
| ၅၂၅ | ၆ | ၃ | ၁၀ |
| ၅၆၅ | ၇ | ၂ | ၁၂ |
| ၆၀၀ | ၇ | ၃ | ၁၂ |

(ခ) မြို့ပေါ်ရှိရဲစခန်းများ

| အမှုပေါင်း | အမှုစုံထောက်စစ်ဆေးနိုင်ခွင့်ရသည့်အရာရှိပေါင်း | | |
|---|---|---|---|
| | ဒုရဲအုပ် | ရဲတပ်ကြပ်ကြီး | ရဲတပ်သား |
| ၁၀၀ | ၁ | – | ၂ |
| ၁၅၀ | ၁ | ၁ | ၂ |
| ၂၀၀ | ၂ | – | ၄ |
| ၂၅၀ | ၂ | ၁ | ၄ |
| ၃၀၀ | ၃ | ၁ | ၄ |
| ၃၅၀ | ၃ | ၂ | ၄ |

| | | | |
|---|---|---|---|
| ၄၀၀ | ၄ | ၁ | ၆ |
| ၄၆၀ | ၄ | ၂ | ၆ |
| ၅၀၀ | ၅ | ၁ | ၈ |
| ၅၆၀ | ၅ | ၂ | ၈ |
| ၆၀၀ | ၆ | ၂ | ၈ |
| ၆၆၀ | ၆ | ၃ | ၈ |
| ၇၀၀ | ၇ | ၂ | ၁၀ |
| ၇၆၀ | ၇ | ၃ | ၁၀ |
| ၈၀၀ | ၈ | ၂ | ၁၂ |

**မှတ်ချက်။** ရဲစခန်းများတွင် ရဲစခန်းမှူး မရှိသည့်အခါများ၌ ထိုရဲစခန်းမှူး၏ လက်အောက်တွင် ရှိနေသည့် အဆင့်အတန်း ရာထူးအမြင့်ဆုံး အရာရှိမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄(၁)(တ) အရ ရဲစခန်းမှူးဖြစ်သည်။

၁၀၇၇။ × × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၀၇၈။ × × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၀၇၉။ × × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၀၈၀။ × × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၀၈၁။ × × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၀၈၂။ **ရဲစာရေးများနှင့်ရဲတပ်ကြပ်ကြီးများ၏ အလုပ်ဝတ္တရားများ။** ရဲစခန်းများတွင် ရဲစခန်းမှူး၏စီမံကြပ်မတ်ခြင်းကိုခံယူ၍ စီမံအုပ်ချုပ်မှုနှင့်ဂုပ်ရီးလုပ်စဉ်အလုပ်များလုပ်ကိုင်ဆောင်ရွက်ရန် အနည်းဆုံးရဲစာရေးတစ်ဦးထားရှိရမည်။

**မှတ်ချက်။** ရဲစာရေးများ၏ ဝတ္တရားများကို လုပ်ငန်းစဉ်အလိုက်အပိုဒ် (၁၁၀၁)၊ (၁၁၁၀)၊ (၁၁၃၄)၊ (၁၁၃၈)၊ (၁၁၄၃)၊ (၁၁၄၄)၊ (၁၁၅၅)၊ (၁၁၆၂)၊ (၁၁၆၃)၊ (၁၁၉၁)၊ (၁၃၂၃)၊ မှ (၁၃၂၆)၊ (၁၃၂၇)၊ (၁၃၂၈)၊ (၁၃၃၃)၊ (၁၃၃၅)၊ (၁၃၃၇)၊

(၁၃၄၅)၊ (၁၃၇၁)၊ (၁၃၈၅)၊ (၁၃၉၃)၊ (၁၅၂၄)၊ (၁၅၆၀)၊ (၁၅၈၂)၊ (၁၆၂၈)နှင့် (၁၇၅၆) တွင်ဖော်ပြပါရှိသည်။

## ရဲတပ်ကြပ်ကြီး၏ အထူးဝတ္တရားများ

၁၀၈၃။ ရဲတပ်ကြပ်ကြီးသည် ရဲစခန်းတွင် ရဲစခန်းမှူးအား ကူညီရသူတစ်ဦးဖြစ်သဖြင့် ၎င်းထက်ရာထူးအဆင့်အတန်းငယ်သော ရဲတပ်သား ရဲဒုတပ်ကြပ်နှင့် ရဲတပ်ကြပ်တို့၏ ခေါင်းဆောင်တစ်ဦးအနေနှင့် ရဲလုပ်ငန်းများတွင်ဆောင်ရွက်ရမည်။ ထို့အပြင်ရဲတပ်ကြပ်ကြီးသည် အမှုစစ်ဆေးခြင်း လူဆိုးဖုံထောက်ခြင်း ကင်းလှည့်ခြင်း အချုပ်သားနှင့် အစိုးရဘဏ္ဍာများကို ကြပ်မတ်ပို့ဆောင်ခြင်းနှင့် ရဲကင်းမှူးအဖြစ် ဆောင်ရွက်ခြင်းများကိုပြုလုပ်ရမည်။ ရဲတပ်ကြပ်ကြီးသည် တစ်ခါတစ်ရံ မလွှဲမရှောင်သာသောအခါတွင် ရဲစခန်းကို ခေတ္တတာဝန်ယူ၍အုပ်ချုပ်ရမည်။

၁၀၈၄။ ရဲတပ်ကြပ်ကြီး၏ ဝတ္တရားများမှာမိမိ၏အထက်အရာရှိများဖြစ်သော ရဲစခန်းမှူး ဒုရဲအုပ်နှင့်ရဲအရာခံများအား တတ်နိုင်သမျှကူညီရန်နှင့် ၎င်းတို့၏အမိန့်များကိုနာခံရန်ဖြစ်သည်။ ထို့ကြောင့် ရဲတပ်ကြပ်ကြီးသည် ရဲတပ်သားတို့၏ အလုပ်ဝတ္တရား ဆောင်ရွက်ခြင်းကို ကြပ်မတ်ကြည့်ရှု၍ ၎င်းတို့၏အကျင့်စာရိတ္တဖောက်ပြားမှုနှင့် စည်းကမ်းဖောက်ပြားခြင်းများကို မိမိသိရှိကိုင်းအထက်အရာရှိထံ အစီရင်ခံရမည်။

## ရဲတပ်သားများ၏ အလုပ်ဝတ္တရားများ

၁၀၈၅။ အမှုဖုံထောက်စစ်ဆေးသော အရာရှိများကို ကူညီရန်ဖြစ်စေ လူဆိုးဖုံထောက်စစ်ဆေးရန်ဖြစ်စေ ရဲစခန်းကင်း စောင့်ရှောက်ရန်ဖြစ်စေ လှည့်ကင်းထပ်ကင်းလှည့်လည်ရန်ဖြစ်စေ အထက်အရာရှိများလုပ်ကိုင်ဆောင်ရွက်ရန်မလိုသည့် လွယ်ကူသော အထွေထွေအလုပ်ဝတ္တရားများကို လုပ်ကိုင်ဆောင်ရွက်စေရန်ဖြစ်စေ ရဲတပ်သားများအား အသုံးပြုရမည်။

၁၀၈၆။ အလုပ်ဝတ္တရားများကို အစဉ်အမြဲနိုးကြားထကြွစွာဖြင့် အမိန့်များကို တစ်သသမတ်တိမ်းလိုက်နာဆောင်ရွက်ရန်မှာ ရဲတပ်သားများအတွက် လိုအပ်သော အချက်ပင်ဖြစ်သည်။ ပြည်သူလူထုတို့ကိုကာကွယ်စောင့်ရှောက်၍ မြို့ရွာငြိမ်ဝပ်ပိပြားစွာရှိစေရန်နှင့် ပြစ်မှုများမဖြစ်ပွားအောင်စောင့်ထိန်းလျက် ဖြစ်ပွားသော ပြစ်မှုများကို ပေါ်ပေါက်အောင်စစ်ဆေးဖုံထောက်ရန် တရားဥပဒေအရတာဝန်ရှိသည့်

အလျောက် အခွင့်အာဏာများကို ရဲတပ်သားတို့အား အပ်နှင်းထားရှိသည်။ ဤကဲ့သို့ အခွင့်အာဏာများကို အလွဲသုံးစားမပြုလုပ်ကြရန် ကြပ်တည်းစွာတားမြစ်သည်။ ရဲတပ်သားတို့မှာ ပြည်သူ့ဝန်ထမ်းများဖြစ်ကြသည်။ ထို့ကြောင့်ရဲတပ်သားတို့က ယဉ်ကျေးစွာ ပြောဆိုလုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ပြည်သူလူထုတို့က ရပိုင်ခွင့်ရှိသည်။ ရဲတပ်သားတို့သည် တတ်စွမ်းနိုင်သမျှ ပြည်သူလူထုတို့၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည့်အလျောက် ညွှန်ကြားချက်များကိုမဆို ဆောင်ရွက်ရာ၌ မိမိတို့သည် တိုင်းသူပြည်သားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်နေသည်ဟု မှတ်ယူကြရမည်။

၁၀၈၇။ အမြဲထကြွနိုးကြားစွာရှိ၍ မိမိပတ်ဝန်းကျင်တွင် ဖြစ်ပွားနေသမျှကို မှတ်သားထားရမည်။ ထိုသို့ပြုလုပ်ရာတွင် လူဆိုးတို့၏ပုံသဏ္ဌာန်နှင့် အလေ့အထများကို သိကျွမ်းရန် ကြိုးစား၍ ရသမျှသောသတင်းကို အထက်အရာရှိထံပို့ရမည်။ ရဲနှင့်စပ်ဆိုင်သောသတင်းများကို မိမိ၏"မှတ်စုစာအုပ်"တွင် ရေးသားထားရမည်။ ထို့ပြင် မိမိတို့ကြားသိသော ပြစ်မှုနှင့်စပ်လျဉ်းသောသတင်းစကားဖြစ်စေ မိမိတို့တွေ့ကြုံသော အဖြစ်အပျက်များကိုဖြစ်စေ မိမိမှတ်သားရန်စာအုပ်၌ ရေးမှတ်ထားရမည်။

၁၀၈၈။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်ဆုံးဖြတ်ဆောင်ရွက်ရမည့်အခါ နှောင့်နှေးခြင်းမရှိဘဲ မယုတ်မလွန်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ရုတ်တရက်ဖမ်းဆီးရန် အကြောင်းပေါ်ပေါက်က ဖမ်းဆီးပြီးလျှင် ဖမ်းဆီးရမိသူကို ရဲစခန်းသို့ ချက်ချင်းပို့ရမည်။ ရဲတပ်သားသည် မိမိဖမ်းဆီးရမိသူကို မိမိကအာမခံဖြင့် မလွှတ်နိုင်။

၁၀၈၉။ မိမိအား ရဲအရေးယူပိုင်သော ပြစ်မှုကျူးလွန်ကြောင်း တိုင်တန်းလျှင် မိမိကတရားခံကို ဖမ်းသည်ဖြစ်စေ မဖမ်းသည်ဖြစ်စေ ထိုသူအား ရဲစခန်းသို့ တိုင်ကြားရန် စေလွှတ်ရမည်။ ရဲတပ်ဖွဲ့ဝင်တို့သည် ရဲအရေးယူပိုင်သောပြစ်မှု ကျူးလွန်ရန် ကြံစည်နေကြောင်း သတင်းရရှိသောအခါ မိမိ၏အထက်အရာရှိများထံသို့ သတင်းပို့အစီရင်ခံရမည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၁၅၀)။ ပထမသတင်းပေးတိုင်ချက်ကို ရေးမှတ်ယူခြင်း၊ ရေးမှတ်ယူစေခြင်း၊ အခွင့်အာဏာများကို ရဲစခန်းမှူးအားသာလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ(၁၅၄)အရ အပ်နှင်းထားသည်။

မှတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ၄(၁)(တ)အရ ရဲစခန်းအုပ်ချုပ်သူအရာရှိဆိုသည့် စကားရပ်တွင် ရဲစခန်းမှူးသည် ရဲစခန်းတွင် မရှိသည့်အခါဖြစ်စေ မကျန်းမာ၍အလုပ်ဝတ္တရားများကို မဆောင်ရွက်နိုင်သည့်အခါဖြစ်စေ ၄င်းအရာရှိ၏ အောက်တစ်ဆင့်နိမ့်သည့် ရဲစခန်းရှိရဲအရာရှိလည်းပါဝင်သည်။

၁၀၉၀။ လူတစ်ဦးတစ်ယောက်ကို ဝရမ်းမပါဘဲဖမ်းဆီးလျှင် ၄င်းလူကို အနီးဆုံးရဲစခန်းသို့ပို့ရမည်။ ဖမ်းဆီးရမိသည့်နေရာမှ ရဲစခန်းသို့ ရဲစခန်းမှတရားရုံးသို့ ယူဆောင်ရသည့်အချိန်ကို နုတ်ပယ်ပြီး ၂၄ နာရီအတွင်းတရားသူကြီးထံသို့ ခေါ်ဆောင်သွားရမည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၆၀ နှင့် ၆၂) ။ ရဲတပ်ဖွဲ့ဝင်တို့သည် မိမိတို့ဖမ်းဆီးထားသူ တစ်ဦးတစ်ယောက်အား ကိုယ်တိုင်ခံဝန်မပြုလုပ်ဘဲ သို့မဟုတ် အာမခံမပြုလုပ်ဘဲ တရားသူကြီးကအထူးထုတ်ဆင့်သည့်အမိန့်မရှိဘဲ အချုပ်မှမလွှတ်ရ။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ– ၆၃)

၁၀၉၁။ ဖမ်းဆီးရန်ဝရမ်းစာကိုအတည်ပြုလုပ်ရသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ၄င်းဝရမ်းစာတွင်ပါရှိသောအကြောင်းအရာကို ဖမ်းဆီးခြင်းခံရမည့်သူအားပြောကြားရမည်။ ၄င်းဖမ်းဆီးခြင်းခံရမည့်သူက ဝရမ်းစာကို ကြည့်လိုလျှင် ၄င်းဝရမ်းစာကိုပြရမည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၈၀) ။ ဖမ်းဆီးရန်ဝရမ်းစာတွင်ဖော်ပြပါရှိသော အရာရှိကထပ်ဆင့်၍ ဖမ်းဆီးရန်အမိန့်ပေးခြင်းခံရသောအရာရှိတစ်ဦးသည် တရားခံကိုဖမ်းဆီးလျှင် ထိုထပ်ဆင့်အမိန့်ပေးသည့်အရာရှိထံသို့တရားခံကို အမြန်ခေါ်ဆောင်လာရမည်။

၁၀၉၂။ ရဲတပ်ဖွဲ့ဝင်တို့သည် စောင့်ကြပ်ကြည့်ရှုရန်လွှဲအပ်ထားသည့် အချုပ်သားတို့ကို လုံခြုံစွာစောင့်ကြပ်ထိန်းသိမ်းရန်တာဝန်ရှိသည်။ အချုပ်သားတစ်ဦးတစ်ယောက်ကို ၄င်းရဲတပ်ဖွဲ့ဝင်က တမင်သက်သက်ထွက်ပြေးစေလျှင်ဖြစ်စေ ပေါ့လျော့၍ထွက်ပြေးလျှင်ဖြစ်စေ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်းခံရမည်။ {ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၂၂၂)(၂၂၃)နှင့်ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇(င)}

၁၀၉၃။ × × × × × × × × × × × × × × × × × × × × × × × × × × ×။

# အခန်း (၃၄)

## ရဲစခန်းအကြောင်း

၁၀၉၄။ ရဲစခန်းတွင်ရှိသည့်ရဲတပ်ဖွဲ့ဝင်များ။ မြန်မာနိုင်ငံအတွင်းရှိ ရဲစခန်းပိုင်နယ်မြေနှင့်ရဲကင်းပိုင်နယ်မြေများမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ ရဲစခန်းများဖြစ်ကြသည်။ {ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄(၁)(စ)}

၁၀၉၅။ ရဲကင်းများရှိသည့် ရဲစခန်းတစ်ခု၏နယ်နိမိတ်ကို ထပ်မံ၍ ရဲစခန်းနယ်နိမိတ်နှင့်ရဲကင်းများ၏နယ်နိမိတ်ဟု ခွဲဝေပိုင်းခြားထားသည်။

၁၀၉၆။ ရဲစခန်းတိုင်းနှင့်ရဲကင်းတိုင်းတွင် ရဲတပ်ဖွဲ့ဝင်အင်အားမှာ ဖွဲ့စည်းပုံအတိုင်းရှိစေရမည်။ ရဲစခန်းများနှင့်ရဲကင်းများမှ "ရဲသင်တန်းကျောင်း"များသို့တက်ရောက်နေသူများနှင့်တစ်လထက်ပိုမို၍ ခွင့်သွားသူများ၏ နေရာများတွင်ခရိုင်ရဲတပ်ဖွဲ့မှူးအစီအစဉ်ဖြင့် အစားထိုးတာဝန်ချထားရမည်။

၁၀၉၇။ ရဲစခန်းမှ စေ့စေ့စပ်စပ်ကျနစွာ အုပ်ချုပ်ခြင်းမပြုလုပ်နိုင်သည့်နယ်မြေရပ်ကွက်များအတွက် ရဲကင်းများကို ထားရှိရသည်။ ၎င်းရဲကင်းများမှာ ၎င်းဆိုင်ရာရဲစခန်း၏ လက်အောက်ခံဖြစ်ကြသည်။ ရဲကင်းကြီးကြပ်အုပ်ချုပ်သူ အရာရှိသည် ၎င်းဆိုင်ရာ ရဲစခန်းမှူး၏အမိန့်ကို လိုက်နာဆောင်ရွက်ရမည်။ ရဲကင်းမှစာပေးစာယူနှင့် မှတ်ပုံတင်စာရင်းစာတမ်းများကို ၎င်းဆိုင်ရာရဲစခန်းမှူးထံမှ တစ်ဆင့်ပေးပို့ရမည်။ ထိုရဲကင်းကို ကြည့်ရှုရသည့် ရဲစခန်းမှူးသည် ရဲကင်း၏အလုပ်ဝတ္တရားများကျနစွာရှိစေရန် တာဝန်ရှိသည်။

၁၀၉၈။ ပြစ်မှုတစ်ခုကျူးလွန်ဖြစ်ပွားကြောင်း ရဲကင်းစခန်း၌ တိုင်ကြားသတင်းပေးလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ ပါ ပြဋ္ဌာန်းသတ်မှတ်ချက်ကို လိုက်နာ၍ "ပထမသတင်းပေးတိုင်ချက်" ကို၊ ရဲကင်းတွင်ထားရှိသည့်မှတ်ပုံတင်၌ နှစ်ဆောင်ရေးယူရမည်။ မူလသတင်းပေးတိုင်ချက်ကို ဆိုင်ရာရဲစခန်းသို့ ပို့၍ မိတ္တူလက်ခံတစ်ဆောင်ကို ရဲကင်း၌ထားရှိရမည်။ ၎င်းရဲကင်းမှပို့သော "ပထမသတင်းပေးတိုင်ချက်"ကို ရဲစခန်းတွင်ရှိသည့် မှတ်ပုံတင်စာရင်းစာအုပ်တွင် ရေးကူးပြီးလျှင် ၎င်းတိုင်ချက်ကို "အမှုနေ့စဉ်မှတ်တမ်း"များနှင့်တွဲထားရမည်။ ၎င်းရဲစခန်းတွင်မင်ခဲရောင်ဖြင့်ရေးကူးထားသည့်"ပထမသတင်းပေးတိုင်ချက်"ကိုတရားသူကြီးထံ

အပိုဒ်(၁၄၁၈)နှင့် (၁၄၁၉)အရ ချက်ချင်းပို့ရမည်။ ကျန်ရှိသည့်"မီတွာတိုင်ချက်"ကို အမှုတွဲတွင် တွဲထားရန် ရဲစခန်းတွင်ထားရှိရမည်။

၁၀၉၉။ ရဲစခန်းတွင်တိုင်ကြားသည့် ပြစ်မှုကို ရဲစခန်းမှူးက စုံထောက်စစ်ဆေးရမည်။ အကြောင်းထူးမရှိသည့် ပြစ်မှုအသေးအဖွဲ့များကို ရဲကင်းမှူးသည်ဆုံးခန်းတိုင်အောင် စုံထောက်စစ်ဆေးရမည်။ ပြစ်မှုကြီးများနှင့် ရှုပ်ထွေးသောပြစ်မှုများကို ၎င်းရဲကင်းစခန်းကို ကြည့်ရှုအုပ်ချုပ်ရသည့် ရဲစခန်းမှူးကိုယ်တိုင်ဖြစ်စေ ၎င်းကလွှဲအပ်ဆောင်ရွက်စေသည့် ဒုရဲအုပ်ကဖြစ်စေ စုံထောက်စစ်ဆေးရမည်။ ရဲကင်းစခန်းတွင် အလုပ်ဝတ္တရားများ ထမ်းဆောင်ရသည့် ရဲတပ်ဖွဲ့ဝင်တို့က သူတစ်ဦးတစ်ယောက်အား ဖမ်းဆီးခဲ့သော် ထိုဖမ်းဆီးခြင်းခံရသူကို ရဲကင်းစခန်းသို့ဖြစ်စေ ရဲစခန်းသို့ဖြစ်စေ နီးရာသို့ ချက်ချင်းခေါ်ဆောင်သွားရမည်။ အကယ်၍ ရဲကင်းစခန်းသို့ ခေါ်ဆောင်သွားပါမူ ရဲကင်းစခန်းမှူးသည် ထိုဖမ်းဆီးခြင်းခံရသူကို ရဲစခန်းသို့ နှောင့်နှေး ကြန့်ကြာခြင်းမရှိစေဘဲ ပို့ရမည်။

၁၁၀၀။ (က) **ရဲစခန်းမှူး။** ရဲစခန်းတစ်ခုနှင့် လက်အောက်ခံရဲကင်းစခန်းများကို ကြီးကြပ်စီမံအုပ်ချုပ်ရန် ခန့်ထားခြင်းခံရသောရဲအုပ်ကို စခန်းမှူးဟုခေါ်သည်။(ရဲလက်စွဲ၊ ဒုတိယတွဲ အပိုဒ် -၁၀၇၆)

(ခ) **ရဲစခန်းအုပ်ချုပ်သူ။** ရဲစခန်းမှူးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် ဖော်ပြထားသည့် ရဲစခန်းအုပ်ချုပ်သူဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄(၁)(တ)အရ ရဲစခန်းမှူးသည်ရဲစခန်းတွင်မရှိခိုက် ရဲစခန်းရှိ ၎င်း၏လက်အောက်တွင် ရာထူးနှင့်ရာထူးစဉ်အမြင့်ဆုံးဖြစ်၍ ရဲတပ်သားအဆင့်အတန်းမဟုတ်သော ရဲစခန်းလွှဲအပ်ခြင်းခံရသည့် အရာရှိလည်း ရဲစခန်းအုပ်ချုပ်သူဖြစ်သည်။ {ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄(၁)(တ)}

၁၁၀၁။ ရဲစာရေး။ ရဲစခန်းတိုင်းတွင် ရဲစာရေးတစ်ယောက်ဖြစ်စေ ပို၍ဖြစ်စေ ခန့်ထားနိုင်သည်။ ၎င်းတို့၏ အလုပ်ဝတ္တရားများမှာ ရဲစခန်းရှိ မှတ်တမ်းများကိုရေးသားခြင်း စာများကိုလက်ခံသိမ်းဆည်းပေးပို့ခြင်းနှင့် ထိုဆက်ရာထူးမြင့်သူမရှိခဲ့တွင် ရဲစခန်းကိုကြီးကြပ်အုပ်ချုပ်ခြင်းများဖြစ်သည်။ ရဲစာရေးများသည်ရဲစခန်းမှူး၏ အမိန့်များအတိုင်းလိုက်နာဆောင်ရွက်ရမည်။

၁၁၀၂။ **အဆောက်အဦနှင့်အသုံးအဆောင်များ။**

(က) ရဲစခန်းအတွင်း အပြင်မှစ၍ ရဲစခန်းဝင်းတစ်ခုလုံးကို ကောင်းမွန်သေသပ်သန့်ရှင်းစင်ကြယ်စွာ ပြုလုပ်ထားရှိရမည်။

(ခ) ရဲစခန်းဝင်းအတွင်းတွင် ပေါင်း၊ ချုံများနှင့် အညစ်အကြေးစသည်တို့ကို ရှင်းလင်းထားရှိ စေရမည်။ ထို ပေါင်း၊ ချုံများကို ရှင်းလင်းစေရန် ရဲတပ်သားများအား မကြာခဏ အလုပ်ကြမ်းခိုင်းရမည်။

(ဂ) အဆောက်အဦများ၏ အသေးအဖွဲများကို ပြင်ဆင်ရန် "အသေးအဖွဲများ ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းရန်ပုံငွေ" ထားရှိသည်။ အဆောက်အဦများအကြားရှိ လမ်းများနှင့်မြောင်းများကို တူးဖော်ရန်အတွက် စရိတ်ငွေမကုန်ကျအောင် ရဲတပ်သားများကလုပ်ကိုင်ဆောင်ရွက်ရမည်။

(ဃ) ရဲစခန်းအဆောက်အဦများ အတွင်းရှိ မှတ်ပုံတင်များနှင့် ရုံးသုံးစာရေးကိရိယာများကို သန့်ရှင်းသေသပ်စွာ ထားရှိရမည်။ သေနတ်များအသုံးမပြုသည့်အခါ၌ သေနတ်စင်တွင် သော့ခတ်၍ထားရမည်။ ရဲဝတ်တန်ဆာများ နံပါတ်တုတ်များ မိုးကာအင်္ကျီများစသည်တို့ကို ချိတ်များတွင် ချိတ်ထားရမည်။

(င) ရဲတပ်ဖွဲ့ဝင်များအတွက် တန်းလျားများရှိလျှင် တန်လျားများကို သန့်ရှင်းစင်ကြယ်စွာထားရမည်။ အိပ်ယာများကို အသုံးမပြုက လိပ်၍ထားရှိရမည်။

(စ) အဆောက်အဦများအတွင်းတွင် ထမင်းဟင်းချက်ပြုတ်ခြင်းမပြုရ။ ထမင်းဟင်းစသည်တို့ ချက်ပြုတ်ရန်အတွက် မီးဖိုဆောင်များထားရှိရမည်။

(ဆ) ဖယောင်းတိုင်ထွန်းခြင်း သို့မဟုတ် မီးလောင်တတ်သည့် တစ်စုံတစ်ရာပြုလုပ်ခြင်းကို အဆောက်အဦအတွင်းခွင့်မပြုရ။ ဤကဲ့သို့ပြုလုပ်၍ အဆောက်အဦကို မီးစွဲလောင်ခဲ့သော် ဤအချိန်အခါတွင်ရှိသည့်တာဝန်အရှိဆုံးအရာရှိကိုထိရောက်စွာအရေးယူရမည်။

၁၁၀၃။ (က) ခရိုင်ရဲတပ်ဖွဲ့မှူးရုံးစိုက်ရာမြို့ရှိ ရဲစခန်းနှင့်ရဲသင်တန်းကျောင်းတွင် ဂရင်နာသေနတ်များကို ဖွဲ့စည်းပုံအရ တပ်ဆင်ထားသင့်သည်။

(ခ) နယ်စွန်နယ်ဖျားကျသည့် ရဲစခန်းများတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံထက် ပိုမို၍ လက်နက်ခဲယမ်းများထားရှိခဲ့သော် ခရိုင်ရဲတပ်ဖွဲ့မှူးများကိုယ်တိုင် လုံလောက်သော အဆောင်အရှောက်များကိုစီစဉ်ပေးရမည်။ ၎င်းလက်နက်ခဲယမ်းများ ထားရှိသည့် ရဲစခန်းများကို ခရိုင်ရဲတပ်ဖွဲ့မှူးများကိုယ်တိုင် စစ်ဆေးကြပ်မတ်ရမည်။

၁၁၀၄။ မီးသေးမှကင်းလွတ်စေရန် အခိုင်အမာဆောက်ထားသော အဆောက်အဦများနှင့် ပေ ၁၅၀ အတွင်း သက်ငယ်၊ ဓနိများနှင့် ဆောက်လုပ်ထားသည့် အဆောက်အဦများ တတ်နိုင်သမျှ မဆောက်လုပ်စေရ။

၁၁၀၅။ သေနတ်များ ရဲဝတ်တန်ဆာကိရိယာများ လက်ထိပ်များ စသည့်အသုံးအဆောင်ကိရိယာများကို ကောင်းမွန်စွာ တိုက်ချွတ်၍ ပျက်စီးခြင်းမရှိစေရန် ရေမိုးမစိုမစွတ်စေဘဲ လုံခြုံစွာထားရမည်။

၁၁၀၆။ အောက်ပါစာရင်းများနှင့် သက်သေခံလက်မှတ်များကို ရဲစခန်းအသီးသီးတွင်ထားရှိရမည်-

(က) ရဲမှအာမခံပေးခွင့်ရသောအမှုနှင့် အာမခံပေးခွင့်မရသော အမှုများစာရင်း။

(ခ) ရဲအရေးယူပိုင်သောအမှုနှင့် ရဲအရေးမယူပိုင်သောအမှုများစာရင်း။

(ဂ) အရေးကြီးတယ်လီဖုန်းနံပါတ်များစာရင်း။

(ဃ) တင်သွင်းရန်အစီရင်ခံစာများစာရင်းနှင့် ပြန်တမ်းများစာရင်း။

(င) သေနတ်လက်နက်များထားရှိသည့်ရဲစခန်းတိုင်းအတွက်ရန်သူများကိုခုခံရန်လုံခြုံခြင်းရှိမရှိကို ခရိုင်ရဲတပ်ဖွဲ့မှူး၏ နှစ်စဉ်ပေးရမြဲဖြစ်သောသက်သေခံလက်မှတ်။

(စ) သက်သေခံပစ္စည်းများ (?) — 

(ဆ) အရပ်သား ကြပ်မတ်ပို့ဆောင်သူများ၏ စရိတ်ငွေကြေး နှုန်းထား
စာရင်း နှင့် အပိုဒ် (၁၆၈၇) ၏ မိတ္တူတစ်စောင်။

၁၁၀၇။ ရဲစခန်းများနှင့် ရဲကင်းစခန်းများ၌ အောက်တွင်ဖော်ပြထားရှိသည့် မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေသော ဥပဒေစာအုပ်များနှင့်ရဲလက်စွဲဥပဒေစာအုပ်များ ထားရှိရမည်–

(က) ရဲအရာရှိလက်စွဲဥပဒေ(အကျဉ်းချုပ်)။

(ခ) လက်နက်လက်စွဲဥပဒေ။

(ဂ) မြန်မာနိုင်ငံရဲလက်စွဲ(ဒုတိယတွဲ)။

(ဃ) မြန်မာနိုင်ငံရဲလက်စွဲ(တတိယတွဲ)(ရထားရဲတပ်ဖွဲ့စခန်းများ
အတွက်သာဖြစ်သည်)။

(င) ပြစ်မှုဆိုင်ရာဥပဒေ။

(စ) မှူခင်းတပ်ဖွဲ့လက်စွဲဥပဒေ(ပထမတွဲ)။

(ဆ) ယစ်မျိုးဌာနလက်စွဲဥပဒေ။

(ဇ) သက်သေခံဥပဒေ။

(ဈ) ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနှင့် ၎င်းနှင့်သက်ဆိုင်သော
ပြဋ္ဌာန်းချက်များ။

(ည) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ။

(ဋ) ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော
ဆေးဝါးများဥပဒေနှင့်နည်းဥပဒေများ။

(ဌ) ပြစ်မှုပြန်တမ်း။

(ဍ) နစ်စဉ်နိုင်ငံတော်မှပြဋ္ဌာန်းထားသော ဥပဒေနှင့်နည်းဥပဒေများ။

၁၁၀၈။ ရဲစခန်းများတွင် အောက်ပါကိရိယာများ ရှိစေရမည်–

(က) လက်ထိပ်၊ သံခြေချင်းနှင့် သံကြိုးများ။

(ခ) သက်သေခံဝတ္ထုပစ္စည်းထည့်ရန်ခိုင်ခံ့သော သေတ္တာတစ်လုံး။

(ဂ) မှတ်ပုံတင်စာရင်းစာအုပ်များ အခြားအစုတွဲများနှင့် ပုံစံများထည့်ရန် ဗီရိုများ။

(ဃ) အချုပ်ထောင်မှစ၍ သက်သေခံပစ္စည်းများထည့်ရန်သေတ္တာနှင့် ဗီရိုများကိုခတ်ရန်နိုင်ခံ့သော သော့ခလောက်များ။

(င) လူသေအလောင်းများကို ဆောင်ယူရန်ထမ်းစင်တစ်ခု ဖျာနှစ်ချပ်နှင့် မီးသွေးမှုန့်များ။

(စ) ရဲစခန်းရုံးအဖွဲ့အသုံးပြုရန် စားပွဲများနှင့် ကုလားထိုင်များ၊ လာရောက်ကြည့်ရှုစစ်ဆေးသူ အရာရှိများအသုံးပြုရန်စားပွဲတစ်ခုနှင့် ကုလားထိုင်နှစ်ခု။

(ဆ) အညစ်အကြေးရှင်းရန်ပုံးနှင့် အနံ့အသက်ပျောက်ရန်အသုံးပြုသောဆေးများ။

(ဇ) မီးအိမ်များ။

(ဈ) နာရီကြီးတစ်လုံး။

(ည) မီးလောင်က ပက်ဖျန်းအသုံးပြုနိုင်ရန် သံပုံး (ရေနံဆီမီးအိမ်အောက်တွင် သံပုံး တစ်ပုံးစီထားရမည်)။

(ဋ) ရွှေငွေ၊ ကျောက်သံပတ္တမြား၊ ဘိန်းအစရှိသည်တို့ကိုချိန်တွယ်ရန် ချိန်ခွင်တစ်ခုနှင့်လေးပေါင်အထိချိန်တွယ်နိုင်သည့် အလေးများအပြည့် တစ်စုံ။

အထက်တွင်ဖော်ပြသည့် ကိရိယာပစ္စည်းများ မည်ရွေ့မည်မျှ ထားရမည်ကို ခရိုင်ရဲတပ်ဖွဲ့မှူးက ကုန်ကျစရိတ်ကိုထောက်ထား၍ ချင့်ချိန်ဆုံးဖြတ်ရမည်။ အထက်ပါပစ္စည်းများကို ရဲကင်းစခန်းများတွင်မထားလျှင်မဖြစ်ကာထားရှိရမည်။ ခရိုင်တစ်ခရိုင်လျှင် လက်ထိပ်သံခြေချင်းသံကြိုးအရေအတွက်အများဆုံး မည်မျှထုတ်ပေးရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ထားလေသည်။ ထိုအရေအတွက်ထက်ပိုမို၍ ထုတ်ပေးခွင့်မရ။

မှတ်ချက်။ လက်ထိပ်များကို သော့ခလောက်အဖြစ်အသုံးမပြုရ။ ရဲစခန်းနှင့်ရဲကင်းများအသီးသီးတွင် ၎င်းပိုင်နယ်မြေအတွင်းရှိ မြို့ရွာအနေအထားအားလုံးကိုဖော်ပြသည့် မြေပုံတစ်ခုစီထားရမည်။

**ရဲစခန်းမှူး**

၁၁၀၉။ **အထွေထွေဝတ္တရားများ။** ရဲစခန်းမှူးသည်မိမိရဲစခန်းပိုင်နယ်အတွင်းတွင်၊ အုပ်ချုပ်ရေးနှင့် ရဲလုပ်ငန်းဆောင်ရွက်ရေးနှစ်ရပ်စလုံးနှင့် သက်ဆိုင်သည့် ရဲကိစ္စအရပ်ရပ်တို့ကို ကျေပွန်စွာဆောင်ရွက်မှုအတွက် တာဝန်ရှိသည်။ ရဲစခန်းမှူးသည် မိမိလက်အောက်ငယ်သားများ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်ခြင်း စိတ်အားထက်သန်ခြင်းနှင့် ကျေပွန်ခြင်းရှိသည်ဟု ယုံကြည်စိတ်ချနိုင်လောက်အောင် ၎င်းတို့ကို ကြပ်မတ်ကြည့်ရှုရန်တာဝန်ရှိသည်။ သို့ဖြစ်စေရန် ၎င်းသည် ရဲစခန်းဝင်းအတွင်း ဖြစ်ပျက်သမျှအလုံးစုံကို ကိုယ်တိုင်သိရှိနားလည်ခြင်း ရှိမရှိမကြာခဏစစ်ဆေးရမည်။ ၎င်းသည် အထူးသဖြင့် မိမိငယ်သားများ၏ အနေအထိုင် သပ်ရပ်စွာဝတ်ဆင်မှု သွန်သင်ဆုံးမခြင်းနှင့် စည်းကမ်းသေဝပ်ခြင်းတို့အတွက်တာဝန်ရှိပြီးလျှင် ရဲစာရေး၏အကူအညီဖြင့် "အရပ်ရပ်နေ့စဉ်မှတ်တမ်း" နှင့် အခြားရဲစခန်း၏မှတ်ပုံတင်၊ မှတ်တမ်းများကို မှန်ကန်စွာ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ရေးသွင်းရန်လည်းတာဝန်ရှိသည်။ ၎င်းသည် ရဲစခန်းတွင် ရှိသည့်အခါ ရဲစခန်းနှင့် ရဲတပ်ဖွဲ့ဝင်များနေထိုင်သည့် အဆောက်အဦများကို နေ့စဉ်စစ်ဆေးပြီး ရှင်းလင်းသပ်ရပ်စွာရှိစေရန်နှင့် အချုပ်ခန်းနှင့် လက်နက်ခဲယမ်းမီးကျောက်များလုံခြုံစွာ ရှိစေရန်ဆောင်ရွက်ရမည်။

၁၁၁၀။ ရဲစခန်းမှူးသည် ရဲစခန်းတွင်ရှိပါက တိုင်တန်းချက်များ သတင်းပေးချက်များ သို့မဟုတ် စွဲဆိုချက်များကို ကိုယ်တိုင်လက်ခံလျက် ၎င်းတို့နှင့် သက်ဆိုင်သောကိစ္စတို့ကို မိမိညွှန်ကြားချက်အတိုင်း ဆောင်ရွက်စေရမည်။ ရဲစခန်းနေ့စဉ်မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် အားလုံးသောမှတ်တမ်းများကို ရဲစာရေးက ရေးသားပြီးလျှင် ၎င်းရေးသားချက်များ မှန်ကန်ပြည့်စုံစွာရှိမှုအတွက် ရဲစာရေးသည် မူလတာဝန်ခံဖြစ်သည်။

၁၁၁၁။ လစဉ် ၁ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင် ရဲစခန်းတွင်ရှိသော လက်နက်ခဲယမ်းမီးကျောက်များ ရဲအဝတ်အစားအသုံးအဆောင်များနှင့် အထွေထွေပစ္စည်းများကို စေ့စပ်သေချာစွာ ကြည့်ရှုစစ်ဆေးရမည်။ သို့စစ်ဆေးသောအခါ ရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်အားလုံးတို့သည် ရဲဝတ်စုံများကိုဝတ်ဆင်၍ တက်ရောက်ကြရမည်။

၁၁၁၂။ တပ်ရအလိုက်စစ်ရေးပြခြင်းကို ကောင်းစွာကျွမ်းကျင်၍ စစ်ရေးပြခြင်းများကို အုပ်ချုပ်နိုင်ရမည်။

၁၁၁၃။ ရဲလုပ်ငန်းဆောင်ရွက်ခြင်းနည်းလမ်းတကျရှိစေရန် အခါအားလျော်စွာ ထုတ်ဆင့်သည့်အမိန့်နှင့် ပြန်တမ်းများကို လက်အောက်ငယ်သားများအား သေချာစွာနားလည်သိရှိစေရမည်။ မိမိရဲစခန်းနှင့်သက်ဆိုင်သည့် "ပြစ်မှုပြန်တမ်း"တွင်ပါရှိသော အကြောင်းအရာများကို မိမိကိုယ်တိုင် လေ့လာ၍ မိမိလက်အောက်ငယ်သားများအားလုံး ကောင်းမွန်စွာ နားလည်သည့်တိုင်အောင် ဖတ်ပြရမည်။ ရဲချုပ်၊ ပြည်နယ်/တိုင်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ထုတ်ပြန်သောအမိန့်များနှင့် ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားရမည်။

၁၁၁၄။ × × × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၁၁၅။ ရဲစခန်းမှူးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အခွင့်အာဏာများကို သုံးစွဲနိုင်သည်။ အရေးကြီးသော အခွင့်အာဏာများကို အောက်ပါအတိုင်း အတိုချုပ်ဖော်ပြထားသည်–

(က) ပုဒ်မ ၅၅ အရ အတည်တကျမရှိသူနှင့် ပြစ်မှုအမြဲကျူးလွန်ပြုကျင့်တတ်သူတို့ကို ဖမ်းဆီးပိုင်ခွင့်။

(ခ) ပုဒ်မ ၉၄ အရ စုံစမ်းစစ်ဆေးရန်အလို့ရှိသည့် အရာများကို တင်ပြစေရန် အမိန့်စာထုတ်ဆင့်ခွင့်။

(ဂ) ပုဒ်မ ၁၆၅ အရ စုံထောက်စစ်ဆေးရန် အလို့ရှိသည့်အရာတစ်ခုတစ်ခုကို မိမိစီရင်ပိုင်ခွင့်ရှိသည့် နယ်မြေအတွင်းရှိ အိမ်တစ်ခုတစ်ရာတွင်ဖြစ်စေ နေရာတစ်ခုတစ်ရာတွင်ဖြစ်စေ ရှာဖွေပိုင်ခွင့်။

(ဃ) ပုဒ်မ ၁၅၆ အရ မိမိစီရင်ပိုင်ခွင့်ရှိသည့် နယ်မြေအတွင်း အရေးယူပိုင်သည့် အမှုများကို စုံထောက်ပိုင်ခွင့်။

(င) ပုဒ်မ ၁၅၃ အရ မိမိစီရင်ပိုင်ခွင့်ရှိသည့် နယ်မြေအတွင်း မည်သည့်နေရာသို့မဆို ဝင်ရောက်၍ မှန်သောအလေးတင်းတောင်းများကို စုံထောက်စစ်ဆေးပိုင်ခွင့်။

(စ) ပုဒ်မ ၁၇၄ အရ ရုတ်တရက်သေဆုံးမှု သင်္ကာမကင်းရန်ရှိသည့် သေဆုံးမှုများကို စုံထောက်စစ်ဆေးပိုင်ခွင့်။

(ဆ) ပုဒ်မ ၁၂၇ နှင့် ၁၂၈ အရ ဥပဒေနှင့်ဆန့်ကျင်သောအစုအဝေးများကိုဖျက်သိမ်းပိုင်ခွင့်။

(ဇ) ပုဒ်မ ၆၀ ၊ ၁၆၉ ၊ ၁၇၀ ၊ ၄၉၆ နှင့် ၄၉၇ အရ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ အာမခံနှင့်ဖြစ်စေ လွှတ်ပိုင်ခွင့်။

(ဈ) ပုဒ်မ ၈၄ အရ ဝရမ်းစာထုတ်ပေးသော တရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေမှအပ အတည်ပြုရန်ဝရမ်းစာ ကျောဘက်တွင်ထပ်ဆင့်ရေးမှတ် နိုင်ခွင့်။

၁၁၁၆။ ရဲစခန်းမှူး၏ အထူးအရေးကြီးသော ဝတ္တရားနှစ်ရပ်မှာ-

(က) ပြစ်မှုမဖြစ်ပွားအောင်ကာကွယ်ခြင်း။

(ခ) သတ်မှတ်ထားသောပြစ်မှုများကိုပေါ်ပေါက်အောင် စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူများကို စုံစမ်းစစ်ဆေး၍ ဖမ်းဆီးခြင်း၊ ပြစ်မှုကျူးလွန်သူတို့အပေါ်သက်သေအထောက်အထားစုဆောင်းခြင်း၊ ၎င်းတို့အား ရုံးတင်တရားစွဲဆိုခြင်းတို့ ဖြစ်သည်။

၁၁၁၇။ လူဆိုးများအား စောင့်ကြပ်ကြည့်ရှုခြင်း

(က) ပြစ်မှုမဖြစ်ပွားအောင်ကာကွယ်စောင့်ရှောက်နိုင်ရန်-

(၁) မိမိရဲစခန်းပိုင် နယ်နိမိတ်အတွင်းတွင် နေထိုင်သော သို့မဟုတ် ဖြတ်သန်းသွားလာသော လူဆိုးများ လူလေလူလွင့်များ လှည့်လည်နေသော လူဆိုးဂိုဏ်းများတို့နှင့် ပတ်သက်သည့် သတင်းမှန်များကို ရရှိစေရမည်။

(၂) ၎င်းတို့အားစောင့်ကြပ်ကြည့်ရှုခြင်း သို့မဟုတ်အကြောင်းအားလျော်စွာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) ဤရည်ရွယ်ချက် အောင်မြင်ရန် ဦးစွာဆောင်ရွက်အပ်သော နည်းလမ်းများမှာ-

(၁) ရပ်ကွက်/ကျေးရွာလူကြီးနှင့်ရဲတပ်ဖွဲ့ဝင်တို့ကပြစ်မှုများနှင့် လူဆိုးများ၏ အကြောင်းခြင်းရာများကို အချိန်မှန်မှန်နှင့် ကြန့်ကြာခြင်းမရှိဘဲတိုင်ကြားအစီရင်ခံစေခြင်း။

(၂) လူဆိုးအညွှန်းမှတ်တမ်း(မှတ်ပုံတင်-၃၆)နှင့် ရဲစခန်းမှူး၏ နှစ်ပတ်လည်မှတ်စု (မှတ်ပုံတင်-၃၇)များကို ဂရုတစိုက် ရေးသားထားရှိခြင်းနှင့် လေ့လာခြင်း။

(၃) လူဆိုးများကိုစောင့်ကြပ်ကြည့်ရှုခြင်း။

(၄) အသက်မွေးဝမ်းကျောင်း မကောင်းသူများကို တရားစွဲဆို ခြင်း။

(၅) ခိုးရာပါပစ္စည်းများလက်ခံသူ ငွေဒင်္ဂါးတုလုပ်သူ ငွေစက္ကူ တုလုပ်သူများ၏ အိမ်များကို တရားသူကြီးထံမှ ရှာဖွေ ဝရမ်းဖြင့် ရှာဖွေစစ်ဆေးခြင်း။

(၆) ခရိုင်ရဲတပ်ဖွဲ့အချင်းချင်း ထိရောက်စွာ ကူညီပူးပေါင်း ဆောင်ရွက်ခြင်း။

၁၁၁၈။ လွတ်လာသည့်အကျဉ်းသားများအား စောင့်ကြည့်ခြင်းကို ထိရောက်စွာ ဆောင်ရွက်၍ မှတ်ပုံတင်(၃၄)နှင့် နယ်ထိန်းအဖွဲ့ မှတ်စုစာအုပ်များတွင် ရေးသွင်းချက်များမှာ အချိန်မီ အပြည့်အစုံ ရေးသွင်းပြီး ရှိစေရမည်။ အသက်မွေး ဝမ်းကျောင်းမကောင်းသဖြင့် တရားစွဲဆိုသင့်သူများ သို့မဟုတ် ၎င်းတို့နေထိုင်သည့် အိမ်များတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၈ အရ ရှာဖွေသင့်သူများကို မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံပြီးလျှင် မည်သို့အရေးယူသင့်ကြောင်း အမိန့်ရယူ ရမည်။

၁၁၁၉။ မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာလူကြီးအားလုံးနှင့် ပြေပြစ်စွာ ဆက်ဆံရမည်။ ပြစ်မှုမဖြစ်ပွားအောင်ကာကွယ်ခြင်း ဖြစ်ပွားပြီးသောပြစ်မှုများကို ဆါဖေါ်ပေါက်အောင် စုံစမ်းစစ်ဆေးခြင်း လူဆိုးများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် မသင်္ကာသူများကို တရားစွဲဆိုခြင်းတွင် ရပ်ကွက်/ကျေးရွာလူကြီးများ၏ အကူအညီ များရရှိရန် ကြိုးစားရမည်။ ၎င်းတို့၏ အကူအညီမရရှိလျှင် ပြစ်မှုနှိမ်နင်းရေးတွင် ခက်ခဲလိမ့်မည်။ ဖြစ်ပွားပြီးသောပြစ်မှုများကို ပေါ်ပေါက်အောင် စုံစမ်းစစ်ဆေး

ခြင်းထက် ပြစ်မှုမဖြစ်ပွားအောင် ကာကွယ်စောင့်ရှောက်ခြင်းကို ပြုလုပ်နိုင်သူသည် ထူးချွန်သော ရဲအရာရှိဖြစ်ကြောင်းသတိချပ်ရမည်။

၁၁၂၀။ အမှုစစ်ဆေးရာ၌ ထကြွလုံ့လဝီရိယရှိခြင်း၊ မိမိနယ်မြေသိရှိကျွမ်းကျင်မှုကိုအသုံးပြုခြင်း၊သက်ဆိုင်သည့်ရပ်ကွက်/ကျေးရွာလူကြီးတို့၏ အကူအညီကို ရယူခြင်းတို့သည် ပြစ်မှုကျူးလွန်သူများအား အောင်မြင်စွာတရားစွဲဆိုနိုင်ရန် လိုအပ်သောအချက်အလက်များဖြစ်သည်။ အမှုတိုင်တန်းသူတရားလိုအား ၎င်းအမှုကို ၎င်းကိုယ်တိုင် ပေါ်ပေါက်အောင် စုံစမ်းရန်တာဝန်မလွှဲရ။

၁၁၂၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၈ အရဖြစ်စေ၊ ၁၆၅ အရဖြစ်စေ၊ ရှာဖွေရာတွင် ရဲစခန်းမှူးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ တွင် ပြဋ္ဌာန်းချက်များကို သတိနှင့်လိုက်နာရမည်။ ရှာဖွေရာအရပ်တွင်တွေ့ရှိသည့် ပစ္စည်းများကို တရားဥပဒေနှင့်မညီညွတ်ဘဲ ဖမ်းဆီးသိမ်းယူခြင်းနှင့်စပ်လျဉ်း၍ ရဲလက်စွဲဒုတိယတွဲ အပိုဒ် (၁၂၃၇) မှ (၁၂၄၃) တွင်ဖော်ပြသည့် အချက်များကိုလည်း သတိပြုမှတ်သားရမည်။

၁၁၂၂။ အရေးကြီးသောလုပ်ရိုးလုပ်စဉ်ဝတ္တရားများ။

(က) လာမည့် ၂၄ နာရီအတွင်း ဆောင်ရွက်ရန် အလုပ်ဝတ္တရားများကို လက်အောက် အမှုထမ်းအသီးသီးတို့အား ခွဲဝေပေးအပ်ပြီးလျှင် အလုပ်ဝတ္တရားများကို ခွဲဝေရာ၌ တရားမျှတစွာရှိစေရန်နှင့် ထိုဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်သည်၊ မဆောင်ရွက်သည်တို့ကို ကြည့်ရှုရမည်။

(ခ) အလုပ်ဝတ္တရားများ ချထားသူအား ၎င်းဆောင်ရွက်ရမည့်ဝတ္တရားအကြောင်းကို ရှင်းလင်းပြောပြ၍ ဆောင်ရွက်ပြီးသောအခါ ၎င်းထံမှ အစီရင်ခံချက်ကို ရယူရမည်။

(ဂ) မိမိကြည့်ရှုရသော တိရစ္ဆာန်ထောင်သို့ မကြာခဏသွားရောက်၍ ကောင်းမွန်စွာရှိမရှိနှင့် တိရစ္ဆာန်များအတွက် အစားအစာနှင့် ရေလုံလောက်စွာရှိမရှိ ကြည့်ရှုစစ်ဆေးရမည်။

(ဃ) မိမိလက်အောက်ငယ်သားများ၏ စစ်ရေးပြခြင်းနှင့် အလုပ်စည်းကမ်း နားလည်မှုကို မကြာခဏစစ်ဆေးရမည်။

(င) လက်နက်ခဲယမ်းမီးကျောက် တန်ဆာပလာနှင့် ရဲအဝတ်အစား အသုံးအဆောင်များကို ကောင်းမွန်စွာရှိမရှိ ကြည့်ရှုစစ်ဆေး ရမည်။

(စ) လက်အောက်ငယ်သားများ၏ အလုပ်ဝတ္တရားများပေါ့လျော့ခြင်း၊ အမိန့်များကို မလိုက်နာခြင်း၊ စည်းကမ်းသေဝပ်မှု ချိုးဖောက်ခြင်းနှင့် အကျင့်ဖောက်ပျက်ခြင်းများ အားလုံးကို တိုင်ကြားရမည်။ မတိုင် ကြားခဲ့လျှင် ထိုဖြစ်မှုအတွက် မိမိအပေါ်တာဝန်ကျရောက်မည်ဖြစ် ကြောင်း သတိပြုရမည်။ (မိမိတပ်ဖွဲ့ဝင်များ၏ အပြစ်များကို ခွင့်လွှတ်ရန် မိမိ၌အာဏာ သို့မဟုတ် အခွင့်အရေးမရှိ) ထိုဖြစ်မှု များအတွက် အထက်အရာရှိထံမှ အမိန့်ရယူရန် အစီရင်ခံရမည်။

(ဆ) မိမိရဲစခန်းရှိ မှတ်ပုံတင်စာရင်းစာအုပ်များကိုဖြောင့်မတ်မှန်ကန်စွာ ရေးသွင်းထားခြင်း ရှိမရှိစစ်ဆေးရမည်။ မိမိသည် ရဲစခန်းမှအချိန် အတန်ကြာထွက်ခွာနေရာမှ ပြန်လည်ရောက်ရှိလာသောအခါတွင် မိမိမရှိနိုက်မှတ်ပုံတင်စာရင်းများကို မှန်ကန်စွာရေးသားထားခြင်း ရှိ မရှိကိုယ်တိုင်ကျေနပ်အောင်စစ်ဆေးရမည်။

(ဇ) အမှုစုံစမ်းစစ်ဆေးခြင်းမှအပ အခြားဝတ္တရားများဆောင်ရွက်ပြီး ရဲစခန်းသို့ပြန်လည်ရောက်ရှိသည့်အခါတွင် မိမိရောက်ရှိခဲ့သော နေရာများနှင့် ဆောင်ရွက်ချက်များအကျဉ်းချုပ်ကို ရဲစခန်း "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးသွင်းရမည်။

မှတ်ချက်။ အထက်အရာရှိတို့၏အမိန့်အရဖြစ်စေ အမိန့်မရဘဲ ဖြစ်စေ မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"၊ "အမှုနေ့စဉ်မှတ်တမ်း" တို့တွင်ဖြစ်စေ သို့မဟုတ် မည်သည့် အစီရင်ခံစာတွင်ဖြစ်စေ မမှန်ကြောင်းသိသော သို့မဟုတ်မမှန် ဟုယုံကြည်ရန်အကြောင်းရှိသော အကြောင်းခြင်းရာတစ်ခုခုကို မိမိကိုယ်တိုင် ရေးသွင်းသည်ဖြစ်စေ အခြားသူအားရေးသွင်း စေသည်ဖြစ်စေ ရဲတပ်ဖွဲ့မှ အပြီးတမ်းထုတ်ပယ်ခြင်းခံရမည်။

(ဈ) ရဲစခန်းမှ ဝတ္တရားဆောင်ရွက်ရန် ထွက်ခွာသည့်အခါ ရဲစခန်းရှိ မိမိလက်အောက် ရာထူးအမြင့်ဆုံးသူအား ရဲစခန်းကို လွှဲအပ်

ရမည်။ ထိုသို့လွှဲအပ်သည့်အကြောင်းကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း" တွင် ကိုယ်တိုင်ရေးသွင်းပြီး မိမိနှင့် ရဲစခန်းလက်ခံသူနှစ်ဦးစလုံးက လက်မှတ် အရှည်ရေးထိုးရမည်။

(ည) ရဲစခန်းမှ ဝတ္တရားများဆောင်ရွက်ရန် ထွက်ခွာသည့်အခါ မိမိလက်တလော စုံစမ်းစစ်ဆေးနေသည့် အမှုအပြင် အခြားအမှုများနှင့် ဂရုတ်တရက်သေဆုံးမှုများစုံစမ်းစစ်ဆေးရာတွင်အသုံးပြုရန်လိုအပ်မည့် ပုံစံနှင့်စာရေးကိရိယာများကို ယူဆောင်သွားရမည်။

(ဋ) မိမိရဲစခန်းအပိုင်အတွင်း ဝရမ်းမပါဘဲဖမ်းဆီးခြင်းများကို ဖမ်းဆီးခံရသူများအား အာမခံနှင့်လွှတ်သည်ဖြစ်စေ မလွှတ်သည်ဖြစ်စေ အစီရင်ခံရမည်။ ထိုသို့အစီရင်ခံပြီးကြောင်းကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးသွင်းရမည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ-၆၂)

(ဌ) အတည်ပြုရန်ပေးပို့သည့် သမ္မန်စာနှင့်ဝရမ်းစာများကို အချိန်မီ အတည်ပြု၍ ပြန်လည်ပေးပို့ရမည်။

၁၁၂၃။ ရဲစခန်းမှူးကဖြစ်စေ သို့မဟုတ် မည်သည့်ရဲတပ်ဖွဲ့ဝင်ကဖြစ်စေ ဆိုင်ရာနယ်မြေအတွင်း ကြည့်ရှုစစ်ဆေးရန်အလုပ်ဝတ္တရားနှင့်ဖြစ်စေ အခြားအလုပ်ဝတ္တရားနှင့်ဖြစ်စေ ရောက်ရှိနေသူ အရာရှိကြီးတို့နှင့် အတူလိုက်ပါလာသူများအား တံမိုးလက်ဆောင်များကို မပေးရန်ကြပ်တည်းစွာတားမြစ်သည်။ ရဲတပ်ဖွဲ့ဝင်တို့ကိုလည်း ရဲစခန်းမှူးက အစိုးရကိစ္စနှင့်မပတ်သက်သော ကိုယ်ရေးကိုယ်တာကိစ္စများအတွက် မခိုင်းစေရ။

၁၁၂၄။ အဆောက်အဦများအတွက် ပစ္စည်းများ ကျွဲနွားစာ ရေနံဆီ စာရေးကိရိယာများအစရှိသော ပစ္စည်းများဝယ်ယူရန်နှင့် အချုပ်သားများအား ကျွေးမွေးရန် ပေးအပ်ထားသော အစိုးရငွေကြေးများကို ရိုးသားဖြောင့်မတ်စွာ နည်းလမ်းတကျသုံးစွဲ၍ ငွေစာရင်းနှင့် ရဲစခန်းမှတ်ပုံတင်တို့တွင် သုံးငွေကို အသေးစိတ်ပြည့်စုံမှန်ကန်စွာ ဖော်ပြရန်တာဝန်ရှိသည်။

၁၁၂၅။ မိမိမကျန်းမာ၍ ရဲစခန်းသို့ အလုပ်မဆင်းနိုင်သောအခါ အလုပ်ဝတ္တရားများကို အိမ်တွင်လုပ်ကိုင်ရန်အခွင့်မရှိ။ မိမိအောက်ရာထူးအမြင့်ဆုံး ဖြစ်သူအား ရဲစခန်းကို လွှဲအပ်ရမည်။ ထိုသို့လွှဲအပ်ကြောင်းကို" အရပ်ရပ်နေ့စဉ်

မှတ်တမ်း"တွင် ကိုယ်တိုင်ရေးသွင်းပြီး စီစီနှင့်ရုံးခန်းလက်ခံသူနှစ်ဦးစလုံးက လက်မှတ်ရေးထိုးရမည်။

## ငွေကြေးများနှင့်အဖိုးတန်ပစ္စည်းများကို ထိန်းသိမ်းထားခြင်း

၁၂၆။ ပြစ်မှုနှင့်ပတ်သက်၍ သိမ်းဆည်းလာသောငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို လက်ခံရရှိသောအခါ ၎င်းတို့၏စာရင်းအကျယ်ကို မှတ်ပုံတင်(၃၂)တွင် ရက်ချင်းရေးသွင်းစေ၍ အကျဉ်းချုပ်ကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးသားဖော်ပြစေရမည်။ ရဲကင်းစခန်းတွင် လက်ခံရရှိသည့်အဖိုးတန်ပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းသို့ အမြန်ပို့ရမည်။ ၎င်းပစ္စည်းများနှင့်ပတ်သက်၍ မည်သို့ဆက်လက် ဆောင်ရွက်ရမည်ကို တရားသူကြီးထံမှ အမိန့်နာခံရမည်၊ တရားသူကြီးက အဖိုးတန်ပစ္စည်းများ သို့မဟုတ် ငွေကြေးများကို ရဲစခန်းတွင် လက်ခံထိန်းသိမ်းထားရန် အမိန့်ချမှတ်ခဲ့၍ ရဲစခန်းမှူးက ထိုပစ္စည်းများကို ရဲစခန်းတွင်ဆက်လက် ထိန်းသိမ်းထားရန်မလို သို့မဟုတ် ထားရှိပါက ဖောက်လွှဲဖောက်ပြန်မှု လွယ်လင့်တကူ ဖြစ်ပေါ်နိုင်မည်ဟု ယူဆလျှင် တရားသူကြီး၏ အမိန့်ကိုနာခံပြီး မကြန့်ကြာစေဘဲ ဤအကြောင်းကို အထက်အရာရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံ အမိန့်တောင်းခံရမည်။ ဒီဋ္ဌစွဲဆိုနိုင်သော အမှတ်အသားများပါသည့် အခါမှလွဲ၍ ဒိုးရာပါပစ္စည်းဖြစ်သော ငွေကြေးဒင်္ဂါးများကို သက်သေခံ ပစ္စည်းအဖြစ် လက်ခံသိမ်းဆည်းထားရန် လိုအပ်လှမည်မဟုတ်ပေ။

၁၂၇။ ပေးဝေရန်ရှိသော လစာငွေကြေးများကို လုံခြုံစွာသိမ်းဆည်း၍ နှောင့်နှေးခြင်းမရှိဘဲ ပေးဝေရမည်။ မပေးဝေရသေးသော ကျန်လစာငွေများကို လုံခြုံစွာ သိမ်းဆည်းထားစေရမည်။

၁၂၈။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိသည့် ရဲစခန်းများ၌ ကိုယ်ပိုင်မီးခံသေတ္တာမရှိခဲ့သော် ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မီးခံသေတ္တာထဲတွင် ထွေလုံခြုံစွာသိမ်းဆည်းရန် ခွင့်တောင်းရမည်။

၁၂၉။ ပေးဝေရန်ဖြစ်သော လစာငွေမှအပ အခြားဌာနများမှပေးအပ်သည့် ငွေနှင့်အဖိုးတန်ပစ္စည်းများကို သေတ္တာတွင် လုံခြုံစွာထည့်၍ ခိုင်ခံ့သောသော့နှင့်ခတ်ပြီး အတွင်းရှိပစ္စည်းများကို နှောင့်ယှက်ဖျက်ဆီးခြင်းမပြုလုပ်နိုင်အောင် ချိပ်တံဆိပ် ခတ်နှိပ်မထားလျှင် လက်မခံရ။ ဤစည်းကမ်းနှင့်

ညီညွတ်သည့် အစိုးရဌာနများမှ ပေးအပ်သော ငွေသေတ္တာများကို စခိုင် ရဲတပ်ဖွဲ့မှူး၏ သဘောတူညီချက်ဖြင့် မေတ္တာလက်ခံနိုင်သည်။ အစိုးရငွေကြေးများကို ရဲစခန်းအဆောက်အဦများတွင် မထားရ။ ထိုသို့အပ်နှံထားသည့် ငွေသေတ္တာကို လက်ခံရရှိသည့် အချိန်နာရီနှင့် ပြန်လည်ပေးအပ်သည့် အချိန်နာရီတို့ကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးသွင်းရမည်။ ပစ္စည်းအပ်နှံသူအား လက်ခံရရှိကြောင်း ပြောပေးရမည်။

၁၁၃၀။ စာတိုက်မှ ငွေသေတ္တာနှင့် မီးခံသေတ္တာများကို လက်ခံခြင်းနှင့် ပတ်သက်၍ ခရိုင်ရဲတပ်ဖွဲ့မှူးထံ အမိန့်တောင်းခံရမည်–

(က) စာတိုက်မှ ငွေသေတ္တာ သံသေတ္တာများကို လုံခြုံစေရန်မှုသာ ရဲတပ်ဖွဲ့ဝင်တို့လက်တွင် ထားသည်ဖြစ်၍ သေတ္တာတွင်ပါသော ပစ္စည်းများနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိစေ။

(ခ) ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတစ်ပါး သေနတ်လက်နက် ထားသည့် မည်သည့်ရဲစခန်းတွင်မဆို ငွေသေတ္တာ သံသေတ္တာများကို အပ်ထားနိုင်ခွင့်ရှိသည်။

(ဂ) ဤကဲ့သို့ထားသည့် ငွေသေတ္တာ သံသေတ္တာများမှာ ခိုင်ခံ့သော သေတ္တာများဖြစ်ရမည့်အပြင် သော့နှင့်စော်ပိတ်ပြီး ကင်းအစောင့်အရှောက်များ မြင်သာလောက်သည့်နေရာတွင် သံကြိုးနှင့်ဖြစ်စေ၊ သော့လေလောက်နှင့်ဖြစ်စေ၊ နံရံနှင့်သော်လည်းကောင်း၊ ကြမ်းနှင့်သော်လည်းကောင်း၊ ခိုင်မြဲစွာချည်နှောင်ထားရမည်။ သေတ္တာကို လုံခြုံအောင်ချည်နှောင်၍ သော့ခတ်ထားရသည့်အတွက် ကုန်ကျသည့်စရိတ်ငွေကြေးကို စာတိုက်ဌာနက ကျခံရမည်။

(ဃ) သော့များကို စာတိုက်မှူးကဖြစ်စေ အခြားစာတိုက်ကြီးကြပ်ရသူ အရာရှိကဖြစ်စေ ထိန်းသိမ်းထားရမည်။ သော့များကို မည်သည့် အကြောင်းနှင့်မျှ ရဲတပ်ဖွဲ့ဝင်တို့က ထိန်းသိမ်းခြင်းမရှိစေရန် တားမြစ်သည်။

(င) ရောစာရောက်ရှိသည့်အခါတွင်မှတစ်ပါး အခြားအချိန်ကာလများတွင် နံနက် ၆ နာရီနှင့်ညနေ ၆နာရီအတွင်း မည်သည့်အချိန်တွင်မဆို စာတိုက်မှူးကိုဖြစ်စေ အခြားကြီးကြပ်ရသူအရာရှိကိုဖြစ်စေ

သေတ္တာထားရာသို့ ဝင်ထွက်သွားလာနိုင်ရန် ရဲတပ်ဖွဲ့ဝင်တို့က ခွင့်ပြုရမည်။ ဈေးစာရေးတက်ကျသည့်အခါများတွင်စာတိုက်မှူးဖြစ်စေ၊ အခြားကြီးကြပ်ရသူအရာရှိဖြစ်စေ၊ ညဉ့် ၉ နာရီတိုင်အောင် သေတ္တာထားသိုရာသို့ ဝင်ထွက်နိုင်ရန်ခွင့်ပြုရမည်။

(ဂ) စာတိုက်မှူး သို့မဟုတ် အခြားကြီးကြပ်သူအရာရှိသည် ခွင့်ပြုငွေထက် လက်ကျန်ငွေများပြားနေပါက ပိုငွေများကို ဘဏ်သို့ပို့ဆောင်ရန်စီစဉ်ရမည်။ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ လုံလောက်သော အစောင့်အရှောက်များစီစဉ်ပေးရန်နှင့် ပို့ဆောင်ပေးရမည့်အချိန်ကို ကြိုတင်၍ အကြောင်းကြားရမည်။ ဘဏ္ဍာငွေများကို အပိုဒ်(၁၁၂၉)တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း ထုပ်ပိုးစေ၍ ချိပ်တံဆိပ်ခတ်နှိပ်စေပြီးမှ လက်ခံပို့ဆောင်ပေးရမည်။

(ဃ) ငွေသေတ္တာများကို လက်နက်မရှိသည့် ရဲကင်းစခန်းများတွင် အမြဲထိန်းသိမ်းထားခြင်းမပြုရ။ သို့သော်လည်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၏အမိန့်ကို ရရှိပြီးလျှင် သေတ္တာတွင်ပါရှိသည့် ငွေကြေးပစ္စည်းစသည်များကို ရွှေ့ပြောင်းယူယက်မပယူငင်နိုင်လောက်အောင် ကောင်းသောသော့နှင့်ခတ်ပိတ်၍ ချိပ်တံဆိပ်ခတ်နှိပ်ထားသည့်သေတ္တာများကို ထိန်းသိမ်းရန် ရဲကင်းစခန်းတွင် ခေတ္တအပ်နှံထားနိုင်သည်။ ထိုခေတ္တထားသည့် သေတ္တာများအတွက် လက်ခံရရှိကြောင်း ပြေစာလက်မှတ်တစ်စောင် ထုတ်ပေးရမည်။

(င) အထက်ပါအချက်အလက်များနှင့် ကိုက်ညီပါက ရဲတပ်ဖွဲ့ဝင်တို့သည် ခေတ္တဖြစ်စေကာမူ စာတိုက်နှင့်သက်ဆိုင်သည့် ငွေကြေးဘဏ္ဍာများကိုလက်ခံကြည့်ရှုထိန်းသိမ်းခြင်းမပြုရ။

၁၁၃၃။ လက်နက်ကိုင်ရဲစခန်းများတွင် သမဝါယမအသင်းပိုင် ငွေသေတ္တာ သံသေတ္တာများကို အမြဲတမ်းထိန်းသိမ်းထားရှိခွင့်ပြုနိုင်သည်။ သို့သော်အောက်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာရမည်–

(က) ၎င်းငွေသေတ္တာ သံသေတ္တာများသည် ခိုင်ခံ့သော သေတ္တာများဖြစ်ရမည်။ သော့နှင့်ခတ်ပြီးလျှင်လုံခြုံရေးအစောင့်အရှောက်တို့ မြင်သာလောက်သည့် နေရာတွင် သံကြိုးနှင့်ဖြစ်စေ

သော့ခလောက်နှင့်ဖြစ်စေ၊ နံရံနှင့်သော်လည်းကောင်း၊ ကြမ်းနှင့်သော်လည်းကောင်း ခိုင်မြဲစွာချည်နှောင်ထားရမည်။ လုံခြုံရေးကောင်းမွန်မည့်နေရာကို ခရိုင်ရဲတပ်ဖွဲ့မှူး၏ သဘောတူညီချက်နှင့်အညီ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် စခန်းမှူးက ရွေးချယ်ရမည်။ သေတ္တာကိုလုံခြုံအောင် ချည်နှောင်သော့ခတ်ထားရသည့်အတွက် ကုန်ကျစရိတ်ကို သေတ္တာလာရောက်ထားသူက ကျခံရမည်။

(ခ) သော့များကို ၎င်းသေတ္တာအား ကြီးကြပ်သူအရာရှိက ထိန်းသိမ်းထားရမည်။သော့များကို မည်သည့်အကြောင်းနှင့်မျှ ရဲတပ်ဖွဲ့ဝင်တို့က ထိန်းသိမ်းခြင်းမပြုရ။ သေတ္တာတွင်ပါရှိသည့်အရာများနှင့်လည်း တစ်စုံတစ်ရာသက်ဆိုင်ခြင်းမရှိစေရ။

(ဂ) နံနက်၆နာရီမှ ညနေ ၆ နာရီအတွင်း ၎င်းသေတ္တာကို ကြီးကြပ်ရသူအရာရှိအား သေတ္တာထားရှိသည့်နေရာသို့ ဝင်ထွက်ခွင့်ပြုရမည်။

၁၁၃၂။ ရဲစခန်းတွင် အခိုးရာပစ္စည်းငွေကြေးများကို အပြီးတမ်းထားရှိလိုပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ ခွင့်ပြုချက်ကို တောင်းခံရမည်။ ဤအမိန့်သည် အောက်ပါစည်းကမ်းချက်များနှင့်အညီ ရဲစခန်းတွင် သိမ်းဆည်းထားသည့် ခရိုင်နှင့် မြို့နယ်ဆိုင်ရာ ငွေသေတ္တာများ ဘီလစ် သို့မဟုတ် ဒုတိယဘီလစ်များ၏ သက်သေခံပစ္စည်းထည့်သော သေတ္တာများနှင့် သက်ဆိုင်ခြင်းမရှိပါ-

(က) ခရိုင်ရုံးစိုက်ရာမြို့နယ်တွင် ဘီလစ်၏ သက်သေခံပစ္စည်းထည့်သည့် သေတ္တာများကို လုံခြုံရေးအဖွဲ့၏ မျက်မှောက်၌ ငွေတိုက်ဆိုင်ရာ လုံခြုံရေးအဖွဲ့များ၏အခန်းတွင်၌ဖြစ်စေ အနီးအနားတွင်ဖြစ်စေ ထားရှိရမည်။

(ခ) မြို့နယ်များတွင် မြို့နယ်ဆိုင်ရာငွေသေတ္တာကို ငွေတိုက်အဆောက်အဦရှိလျှင် ငွေတိုက်တွင်ထားရမည်။ ဘီလစ်၏သက်သေခံပစ္စည်းထည့်သည့်သေတ္တာများကို လိုအပ်လျှင်ရဲစခန်းတွင်ထားရှိနိုင်သည်။

(ဂ) သက်သေခံပစ္စည်းထည့်ရန် သေတ္တာများမှာ ခိုင်ခံ့ရမည်။ကောင်းမွန်လုံခြုံစွာချည်နှောင်ထားရမည်။၎င်းသေတ္တာများတွင်တစ်စုံ

တစ်ရာ ချွတ်ယွင်းချက်တွေ့ရှိလျှင် ခရိုင်တရားသူကြီးထံချက်ခြင်း တိုင်ကြားရမည်။ ၎င်းပြင် "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင်လည်း ထိုအကြောင်းကို ရေးသွင်းမှတ်သားရမည်။ ထိုအကြောင်းအချက်များကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။ ဘီလစ်မှအပ အခြားမည်သူမျှ သက်သေခံပစ္စည်းထည့်သော သေတ္တာများကို ဖွင့်ပိတ်ခြင်းမရှိစေရ။ ဖွင့်ပိတ်သည့်အခါတွင်လည်းလုံခြုံရေးအစောင့်အရှောက်နှင့် ကြီးကြပ်အုပ်ချုပ်သူအရာရှိရှေ့တွင် ဖွင့်ပိတ်ရမည်။ ငွေသေတ္တာနှင့်သက်သေခံပစ္စည်းထည့်သည့်သေတ္တာများကို ရွှေ့ပြောင်းသည့်အခါ ရဲတပ်ဖွဲ့ဝင်တို့ ကူညီရန်မလို။

မှတ်ချက်။ ရဲစခန်းတွင် အမှုထမ်းဆောင်သူရဲတပ်ဖွဲ့ဝင်တို့၏ ကိုယ်ပိုင်ဖြစ်စေ အခြားသူတို့ပိုင်ဖြစ်စေ မည်သည့်ငွေကြေး၊ ရွှေ၊ ကျောက်မျက်၊ လက်ဝတ်ရတနာများကိုမျှ ရဲစခန်းရှိ သက်သေခံပစ္စည်းထည့်ရန် သေတ္တာတွင်သော်လည်းကောင်း၊ ဗီရိုတွင်သော်လည်းကောင်း ထားရှိခြင်းမပြုရ။

၁၁၃၃။ ခရိုင်ရဲတပ်ဖွဲ့မှူး၏ ခွင့်ပြုချက်ဖြင့် ထိန်းသိမ်းရန်တာဝန်ရှိသော မူးယစ်ဆေးဝါးများကို ရဲစခန်းတွင်ဖြစ်စေ၊ ရဲကင်းတွင်ဖြစ်စေ၊ လုံခြုံစွာသော့ခတ်ထားသည့် နိုင်မာသော သေတ္တာတွင်ထည့်သွင်းထားရှိရမည်။

၁၁၃၄။ ရဲစခန်းမှူးသည် မိမိရဲစခန်းရှိ ပြည်သူပိုင်ပစ္စည်းအားလုံး (အမှုနှင့်ပတ်သက်၍ သိမ်းဆည်းထားသောငွေနှင့်ပစ္စည်းများအပါအဝင်)အတွက် တာဝန်ရှိသည့်အလျောက် ၎င်း၏အမိန့်များကိုခံယူလျက် ရဲစာရေးသည်ထိုပစ္စည်းများကို ထိန်းသိမ်းသူဟု မှတ်ယူရမည်။

၁၁၃၅။ လစဉ် ၁ ရက်နေ့နှင့် ၁၆ ရက်နေ့တိုင်းတွင် ရဲစခန်းရှိ ပစ္စည်းများ အစုံစွာနှင့် နေရာတကျရှိမရှိကို စစ်ဆေးကြည့်ရှု၍ "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးမှတ်ရမည်။ ပစ္စည်းအပြည့်အစုံမတွေ့ရှိက မည်သည့်ပစ္စည်းပျောက်ဆုံးကြောင်း၊ မည်သည့်ပစ္စည်းပျက်စီးကြောင်း၊ တာဝန်ရှိသူ၏ အမည်ကိုဖော်ပြ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။

# အခန်း (၃၅)

## ရဲစခန်းဆိုင်ရာ လက်နက်ခဲယမ်းကိရိယာများအကြောင်း

### လက်နက်ခဲယမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၁၁၃၆။ မိမိအားထုတ်ပေးထားသော လက်နက်ခဲယမ်းများကို အမြဲသန့်ရှင်းစင်ကြယ် လုံခြုံစွာထားရှိရမည်။

၁၁၃၇။ × × × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၁၃၈။ အသုံးမပြုသော ယမ်းတောင့်များကို ရဲစခန်း၌ သေတ္တာတစ်လုံးတွင် သော့ပိတ်ထားရှိ၍ သော့ကို ရဲစာရေးကသိမ်းဆည်းထားရမည်။ ကင်းစောင့်များ ကင်းလှည့်သူများကို လက်နက်ခဲယမ်းထုတ်ပေးခြင်း ၎င်းတို့ထံမှပြန်သိမ်းခြင်း တို့ကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"၌ရေးမှတ်ရမည့်အပြင် လက်နက်တိုက်မှ နေ့စဉ် အထုတ်အသွင်းမှတ်ပုံတင်တွင်လည်း မပျက်မကွက်ရေးသားရမည်။ ရဲစာရေးသည် ရဲစခန်းမှထွက်ခွာတိုင်း သေနတ်ခန်း သေနတ်စင်သော့များနှင့် ယမ်းတောင့် သေတ္တာသော့များကို စခန်းမှူး သို့မဟုတ် စခန်းမှူးကတာဝန်ပေးအပ်သူသို့လွှဲအပ်ခဲ့ ရမည်။ ၎င်းသော့များကို လွှဲအပ်ခဲ့ကြောင်းနှင့် ပြန်၍ လက်ခံကြောင်းတို့ကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"၌ မပျက်မကွက်ရေးမှတ်ရမည်။

၁၁၃၉။ ရဲစခန်းမှူးသည် ၎င်း၏ရဲစခန်းနှင့် လက်အောက်ရဲကင်းများသို့ထုတ်ပေး ထားသော လက်နက်ခဲယမ်းများကို ကောင်းစွာကြည့်ရှုထိန်းသိမ်းရန်တာဝန်ရှိသည်။ လစဉ် ၁ ရက်နေ့နှင့် ၁၆ ရက်နေ့တိုင်းလက်နက်နှင့်ခဲယမ်းများကိုကြည့်ရှုစစ်ဆေး ပြီး စစ်ဆေးချက်ကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးသွင်းရမည်။ ၎င်းမရှိက ဒေတ္တစခန်းမှူး တာဝန်လွှဲပြောင်းခြင်းခံရသူက ဆောင်ရွက်ရမည်။ မိမိရဲစခန်းနှင့် ရဲကင်းရှိ လက်နက်ခဲယမ်းကိရိယာများကို အခွင့်သင့်သည့်အခါတိုင်း စစ်ဆေး ရမည်။ ထိုစစ်ဆေးခြင်းသည် တစ်လလျှင် နှစ်ကြိမ်ထက်မနည်းစေရ။ အထက် ဖော်ပြပါအတိုင်း လက်နက်ခဲယမ်းတို့ကို ဇေစပ်စွာစစ်ဆေးခြင်းပြုလုပ်ရမည့်အပြင် ရဲစခန်းမှူးသည် နေ့စဉ်ရဲတန်းလျားများ အချုပ်ခန်းနှင့် ငွေတိုက်တို့ကိုစစ်ဆေး ကြည့်ရှုသည့်အခါတွင် လက်နက်အရေအတွက်ပြည့်စုံစွာရှိမရှိနှင့် ၎င်းတို့၏အခြေ အနေကို စစ်ဆေးကြည့်ရှုရမည်။

၁၁၄၀။ အရပ်ရပ်ရဲစခန်းနှင့်ရဲကင်းများတွင် လက်ရှိလက်နက်၊ ခဲယမ်းကိရိယာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးရာထူးထက် မနိမ့်သောအရာရှိသည် အနည်းဆုံး တစ်လလျှင်တစ်ကြိမ် ကြည့်ရှုစစ်ဆေးပြီး အောက်ပါပုံစံအတိုင်း သက်သေခံ လက်မှတ်ရေးသားထားရမည်–

"————————ရဲစခန်းသို့မဟုတ်ရဲကင်းစခန်းတွင်ရှိသည့် လက်နက်ခဲယမ်းကိရိယာများကို ကျွန်ုပ်ကိုယ်တိုင်ယနေ့ကြည့်ရှုစစ်ဆေးရာ လက်နက်ခဲယမ်းကိရိယာများ၏ စာရင်းအတိုင်း မှန်ကန်ကြောင်းနှင့် ၎င်းစာရင်းတွင် ဖော်ပြထားသည့်အတိုင်း ခဲယမ်းကိရိယာများကို သုံးစွဲခြင်းမှာလည်း မှန်ကန်ကြောင်းများကို စစ်ဆေးကြည့်ရှု၍ သက်သေခံလက်မှတ်ရေးထိုးသည်။"

၁၁၄၁။ ကြည့်ရှုစစ်ဆေးသည့်အရာရှိသည် မကျေနပ်၍ အထက်ပါအတိုင်း လက်မှတ်မပေးနိုင်လျှင် မည်သည့်အကြောင်းကြောင့် မကျေနပ်၍ သက်သေခံလက်မှတ် မပေးနိုင်ကြောင်းကို မှတ်သားပြီးနောက် စစ်ဆေးရာတွင် တွေ့ရှိသည့် နည်းလမ်းမကျ ချွတ်ယွင်းချက်များအကြောင်းတို့ကို စစ်ဆေးမေးမြန်းရမည်။ ကြည့်ရှုစစ်ဆေးသည့်အရာရှိ၏ သက်သေခံလက်မှတ် သို့မဟုတ် မှတ်ချက်လက်ခံတစ်စောင်ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ စစ်ဆေးပြီးနောက် တင်ပို့ရမည်ဖြစ်သည့် တစ်လတစ်ကြိမ်လက်နက်ခဲယမ်းကိရိယာများစစ်ဆေးသည့်အစီရင်ခံစာများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတ်မှတ်ထားသည့်ပုံစံအတိုင်း ပြုစုပေးပို့ရာတွင် ပူးတွဲပေးပို့ရမည်။

## အခန်း (၃၆)

## ရဲဝတ်တန်ဆာ ရဲဆောင်ကိရိယာများ တံဆိပ်များနှင့် အစိုးရအဝတ်အစားကိရိယာတန်ဆာများ ကြည့်ရှုစစ်ဆေးခြင်းအကြောင်း

### ရဲဝတ်တန်ဆာများနှင့်ရဲဆောင်ကိရိယာများ

၁၁၄၂။ ရဲတပ်ဖွဲ့ဝင်များသည် အလုပ်ဝတ္တရားများဆောင်ရွက်နေစဉ် သတ်မှတ်ထားသည့် ရဲဝတ်တန်ဆာများကို အထူးအကြောင်းမရှိက အမြဲဝတ်ဆင်ထားကြရမည်။ ဥပမာ–အမှုစုံထောက်စစ်ဆေးနေစဉ် ရဲအရာရှိများရောက်ရှိနေသည်ကို လူအများမသိစေလိုလျှင် ရဲအဝတ်အစားများဝတ်ဆင်ရန်မလိုချေ။ ရဲအဝတ်အစားနှင့်အရပ်ဝတ်

ရော၍ မဝတ်ဆင်ရန်နှင့် ရဲအဝတ်အစားဝတ်ပြီး ထီးဆောင်းသွားလာခြင်း မပြုရန် ကြပ်တည်းစွာတားမြစ်သည်။ ရဲအဝတ်အစားများကို သပ်ရပ်စင်ကြယ်စွာ ထားရမည်။

၁၁၄၃။ **ရဲဆောင်ကိရိယာတန်ဆာများနှင့် ပစ်သတ်သောပစ္စည်းများ။** ရဲစခန်းအတွက် သတ်မှတ်ထားသော အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များအား ဦးရေအတိုင်း လုံလောက်အောင် ရဲဆောင်ကိရိယာများကို တစ်ဦးချင်းထုတ်ပေးထားလေသည်။ ၎င်းကိရိယာတန်ဆာများကို ရဲစခန်းပိုင်ပစ္စည်းများဟု သတ်မှတ်ထားရမည်။ ၎င်းတို့ကို အဝတ်အစားစာရင်းစာအုပ်တွင် ထည့်သွင်းဖော်ပြရန်မလို။ ရဲစာရေးသည် ဤကိစ္စအတွက်ထားသည့် ရဲထောက်ပံ့ဌာနမှထုတ်ပေးထားသော သောင်းပြောင်း စာရင်းတွင် ရဲဆောင်ကိရိယာတန်ဆာသလာ (နောက်ဆက်တွဲ(ခ)ပုံစံ)တွင်ရေးသွင်း၍ ထုတ်ပေးရရှိသူတို့၏ရရှိကြောင်းလက်မှတ်ကို ရယူထားရမည်။

၁၁၄၄။ အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များသည်ခွင့်ယူသည့်အခါ ၎င်းတို့၏ရဲအဝတ်အစား ရဲဆောင်ကိရိယာတန်ဆာများနှင့် စာအုပ်များကိုရဲစခန်း၌အပ်နှံထားခဲ့ရမည်။ ထိုသို့အပ်နှံထားခဲ့ကြောင်းကို ရဲစာရေးက ပြေစာပေးရမည်။ ပစ္စည်းတစ်စုံတစ်ရာ လျော့လျှင် သို့မဟုတ် ပျက်စီးလျှင် ပစ္စည်းအပ်သူထံမှလျော်ကြေးရယူရန် မြို့နယ်ရဲတပ်ဖွဲ့မှူးသို့ချက်ချင်းအစီရင်ခံရမည်။ "ခွင့်တို" ယူထားသောတပ်ဖွဲ့ဝင်တို့၏ အဝတ်တန်ဆာများကို ရဲစခန်းတွင်အပ်နှံထားရမည်(အရန်သင့်ထားသောရဲအဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ "ခွင့်တို" "ရှောင်တခင်ခွင့်"ယူသွားသော ရဲတပ်ဖွဲ့ဝင်တို့၏ အစိုးရအဝတ်တန်ဆာများကို စာရင်းပြုလုပ်၍ ခရိုင်စတိုခန်းတွင် အပ်နှံထားခဲ့ရမည်)။ အခြားခွင့်ယူသူတို့၏ ပစ္စည်းများကို စာရင်းနှင့်တကွအထက် တွင်ဖော်ပြထားသည့်အတိုင်း ခရိုင်စတိုသို့ပို့ရမည်။ ထိုသို့ပို့ရန်အတွက် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ သွားရန်ရှိသော အဆောင့်အကြပ်တို့နှင့် ကြုံကြိုက်သည့်အခါ ပေးအပ်လိုက်ရမည်။ ခွင့်မှပြန်လာသူတို့သည် မိမိတို့အပ်ထားသောပစ္စည်းများကို ပြန်ယူသည့်အခါ ပစ္စည်းအပ်ထားစဉ်က ယူထားသောပြေစာကို ပြန်ပေးရမည်။ ထို့နည်းတူစွာ ရဲတပ်ဖွဲ့ဝင်တစ်ယောက်သေဆုံးလျှင် သို့မဟုတ် ထွက်ပြေးလျှင် သို့မဟုတ် ထုတ်ပယ်ခြင်းခံရလျှင် ၎င်းအားထုတ်ပေးထားသောပစ္စည်းများကို စစ်ဆေး၍စာရင်းနှင့်တကွခရိုင်စတိုသို့ပို့ရမည်။ ပစ္စည်းများပြည့်စုံစွာမရှိသေးလျှင် သက်ဆိုင်သူရဲတပ်ဖွဲ့ဝင်၏လစာကိုပေးဝေခြင်းမပြုရ။ ပစ္စည်းတစ်စုံတစ်ရာပျက်စီး ခြင်း သို့မဟုတ် လျော့ခြင်းအတွက် သက်ဆိုင်သူ၏ လစာ သို့မဟုတ် ၎င်း၏

အခြားရရန်ငွေများမှဖြတ်ယူလိမ့်မည်။ အပ်နှံထားသော အစိုးရအဝတ်တန်ဆာများကို ရှိကြောင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့်အကြောင်းအရာ သေည်တို့ကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးသွင်းရမည်။

၁၀၄၅။ မြို့နယ်တစ်ခုမှဖြစ်စေ ရဲစခန်းတစ်ခုမှဖြစ်စေ အခြားမြို့နယ် သို့မဟုတ် ရဲစခန်းတစ်ခုသို့ ရွှေ့ပြောင်းခန့်ထားခြင်းခံရသူတို့သည် ထုတ်ပေးသော ရဲဝတ်တန်ဆာပစ္စည်း(ထောက်–၂၅)ကို ယူဆောင်သွားနိုင်သည်။ သို့သော် လုပ်ငန်းတာဝန်အရထုတ်ပေးထားသော (ထောက်–၂၅) စာရင်းတွင်မပါဝင်သည့် ရဲဝတ်တန်ဆာပစ္စည်းကိရိယာများကို အပ်နှံသွားရမည်။

**ရဲတပ်ဖွဲ့ဝင်တို့ ဆင်ယင်သုံးစွဲသည့်ရဲဝတ်တန်ဆာကိရိယာများကိုစစ်ဆေးကြည့်ရှုခြင်း**

၁၀၄၆။ ခရိုင်ရဲတပ်ဖွဲ့မှူး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲစခန်းမှူးများသည် မိမိလက်အောက် အခြားအဆင့် တပ်ဖွဲ့ဝင်များ၏ ရဲဝတ်တန်ဆာ ကိရိယာများကို ခုနစ်ရက်နှစ်ကော်လျှင်တစ်ကြိမ်လစဉ် ၁ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင်အချိန်မှန်ကြည့်ရှု စစ်ဆေးရမည်။

၁၀၄၇။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိရာ မြို့များတွင် ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်တိုင်ကြည့်ရှုစစ်ဆေးရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးမရှိမှသာ ရုံးဦးစီးမှူးက စစ်ဆေးရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးမျက်မှောက်တွင် ကြည့်ရှုစစ်ဆေးနိုင်လျှင်လည်း ၎င်း၏ရှေ့တွင်စစ်ဆေးရမည်။ ကြည့်ရှုစစ်ဆေးသည့်အခါ အဝတ်တန်ဆာများကို စေ့စပ်သေချာစွာတစ်ခုစီယူ၍ ကြည့်ရှုစစ်ဆေးရမည်။ ပေါ့တန်၍ဖြစ်စေ အလွယ်ကျင့်ကြ၍ဖြစ်စေ မပြည့်စုံသည့် အဝတ်တန်ဆာများအတွက် အပြစ်ရှိသူကတာဝန်ခံ၍လျော်စေရမည်။ ရဲစခန်းမှူးနှင့် ရုံးကင်းမှူးတို့သည် မိမိတို့လက်အောက်ရှိ တပ်ဖွဲ့ဝင်များ၏ ရဲအဝတ်အစားအသုံးအဆောင်များကိုလစဉ် ၁ ရက်နေ့နှင့်၁၆ ရက်နေ့တိုင်းတစ်ခုစီစေ့စပ်စွာကြည့်ရှုစစ်ဆေးပြီး စစ်ဆေးကြောင်းကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် အမြဲရေးမှတ်ရမည်။ တပ်ဖွဲ့ဝင်ပေါ့ဆမှုနှင့်မဖွယ်ရာသောပြုမူခြင်းကြောင့် ဖျက်ယွင်းသော ပစ္စည်းများအတွက်တာဝန်ရှိသူများအားလျော်ကြေးပေးစေရမည်။

၁၀၄၈။ ကြည့်ရှုစစ်ဆေးရာတွင် အဝတ်တန်ဆာများ ခင်းကျင်းပြသသော အစီအစဉ်ပုံစံမှာ နောက်ဆက်တွဲ( ခ–၇ ) တွင်ဖော်ပြထားသည်။

၁၀၄၉။ × × × × × × × × × × × × × × × × × × × × × × × × × × × × ။

၁၁၅၀။ × × × × × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၁၅၁။ ကြည့်ရှုစစ်ဆေးသည့် အရာရှိသည် ရဲဝတ်တန်ဆာ အသီးသီးတို့ကိုကြည့်ရှုစစ်ဆေး၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၊ ရဲဝတ်တန်ဆာစာရင်း၊ (ဆောက်–၂၅)နှင့် တိုက်ဆိုင်စစ်ဆေးပြီးသည့်အခါ ရဲတပ်ဖွဲ့ဝင်တို့၏ အဝတ်အစား ခင်းကျင်းပြသခြင်းကို ရုပ်သိမ်း၍ လက်နက်များနှင့် ရဲဆောင်ကိရိယာတန်ဆာများကိုကြည့်ရှုစစ်ဆေးရမည်။

## ဂုဏ်ထူးဆောင်တွဲ့များ၏ အဆောင်အယောင်တံဆိပ်များ

၁၁၅၂။ ရဲတပ်ဖွဲ့ဝင်များ၏ ဂုဏ်ထူးဆောင်တွဲ့များ အဆောင်အယောင်တံဆိပ်များကို အစိုးရအဝတ်တန်ဆာ ကြည့်ရှုစစ်ဆေးသည့်အခါတိုင်း ပြသရမည်။ ဂုဏ်ထူးဆောင်တွဲ့တံဆိပ်များ သို့မဟုတ် အခြားအဆောင်အယောင်တံဆိပ်များကို ရဲအဝတ်အစားအပြည့်အစုံဝတ်ပြီး နိုင်ငံတော်သမ္မတကဖိတ်ကြားသောအခမ်းအနားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများမှတစ်ပါး ဝတ်ဆင်ခြင်းကိုတားမြစ်လိုက်သည်။ သို့သော်ရုပ်အင်္ကျီများပေါ်တွင် တပ်ဆင်၍ မဝတ်ရ။

၁၁၅၃။ ဂုဏ်ထူးဆောင်တွဲ့ အဆောင်အယောင်တံဆိပ်ပိုးပြားကြိုးတို့ကို ကုတ်အင်္ကျီများပေါ်တွင်တိုက်ရိုက် အသေချုပ်၍ တပ်မထားရ။ ထိုပိုးပြားကြိုးတို့ကို တပ်ဆင်ရန် ပြုလုပ်ထားသည့် သတ္တုချိတ်ကလေးများပေါ်တွင် တပ်ဆင်ထားရမည်။ ဤကဲ့သို့ သတ္တုချိတ်ကလေးများနှင့် ပတ်သက်သော ဂုဏ်ထူးဆောင်တွဲ့တံဆိပ်ကြိုးပြားများကို တပ်ဆင်ထားလျှင် ရုပ်ဆင်းသဏ္ဍာန်သပ်ရပ်ခြင်းရှိစေသည့်သာမက ထိုပိုးပြားတံဆိပ်ကို လိုအပ်ပါက လွယ်လင့်တကူ ဖြုတ်ယူနိုင်သည်။ ဂုဏ်ထူးဆောင်တွဲ့ အဆောင်အယောင်တံဆိပ်များကို အောက်ပါအတိုင်းဝတ်ဆင်ရမည်–

(က) ဂုဏ်ထူးဆောင်တွဲ့၏အဆောင်အယောင်တံဆိပ်များကိုသတ်မှတ်ထားသောသံကြိုးဖြင့် လည်ပင်းတွင် ဝတ်ဆင်ရန်။

(ခ) ဂုဏ်ထူးဆောင်တံဆိပ်ကို သတ်မှတ်ထားသောသံကြိုးဖြင့်လက်ဝဲဘက်ရင်ဘတ်တွင်တပ်ဆင်ရန်။

(ဂ) ဂုဏ်ထူးဆောင်ဘွဲ့၏အဆောင်အယောင်တံဆိပ်များ ဝတ်ဆင်ရာတွင် အဆင့်မြင့်သောဘွဲ့၏ အဆောင်အယောင် တံဆိပ်များကို အထက်ကထား၍ ဝတ်ဆင်ရန်။

(ဃ) ဂုဏ်ထူးဆောင်တံဆိပ်များကိုလက်ဝဲဘက်ရင်ဘတ်တွင်တပ်ဆင်သည့်အခါ အဆင့်မြင့်ဆုံးတံဆိပ်ကို လက်ယာဘက်အစွန်ဆုံးတွင် တပ်ဆင်၍အဆင့်အတန်းအလိုက် လက်ယာမှလက်ဝဲသို့တံဆိပ်များကိုတပ်ဆင်ရန်။

(င) ဤပြဋ္ဌာန်းချက်မတိုင်မီက ချီးမြှင့်အပ်နှင်းခဲ့သောသက်ဟာအဆောင်အယောင်ဘွဲ့တံဆိပ်များကို ပြဋ္ဌာန်းချက်ပါ ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်တံဆိပ်များဂုဏ်ထူးဆောင်တံဆိပ်များတပ်ဆင်ပြီးဆုံးသည့်နောက်မှသာ ဆက်လက်တပ်ဆင်ခြင်းပြုရန်။

(စ) နိုင်ငံခြားအစိုးရက ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များကို ဤပြဋ္ဌာန်းချက်ပါ ဂုဏ်ထူးဆောင်ဘွဲ့၏အဆောင်အယောင်တံဆိပ်များ ဂုဏ်ထူးဆောင်တံဆိပ်များ တပ်ဆင်ပြီးဆုံးသည့်နောက်မှသာဆက်လက်တပ်ဆင်ခြင်းပြုရန်။

၁၁၅၄။ အလုပ်ဝတ္တရားထူးခြားစွာ သက်စွန့်ကြိုးပမ်း ဆောင်ရွက်သည်ဖြစ်စေ အကျင့်စာရိတ္တကောင်းမွန်သည်ဖြစ်စေ ချီးမြှင့်ခံရသည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် သို့မဟုတ် အဆောင်အယောင်တံဆိပ်များကိုရောင်းချခြင်း ပေါင်နှံခြင်း ဖျက်ဆီးခြင်း ပုံသဏ္ဌာန်ပျက်အောင်ပြုလုပ်ခြင်းနှင့် ပေးကမ်းစွန့်ကြဲခြင်းတို့ကို မည်သည့်ရဲတပ်ဖွဲ့ဝင်တို့ကမျှ မပြုလုပ်ရ။

## ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၊ ရဲဝတ်တန်ဆာပစ္စည်းစာရင်း(ပုံစံ ထောက်-၂၅)

၁၁၅၅။ ရဲစာရေးနှင့် ၎င်းအောက်ရာထူးရှိသော ရဲတပ်ဖွဲ့ဝင်များကို ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ ရဲဝတ်တန်ဆာ ပစ္စည်းစာရင်းစာအုပ် ( ထောက်-၂၅ ) တစ်အုပ်စီ ထုတ်ပေးထားရမည်။ ၎င်းစာအုပ်တွင် ထုတ်ပေးထားသော အဝတ်အစား ကိရိယာများကို ထုတ်ပေးသောရက်စွဲ သို့မဟုတ် ၎င်းထံမှ ပြန်လည်သိမ်းဆိုက်သော ရက်စွဲများကို ရေးသားထည့်သွင်းရမည်။ ရေးသွင်းပြီးသောအခါတိုင်း ရဲစာရေးက လက်မှတ်ရေးထိုးရမည်။ စစ်ဆေးသောအရာရှိတို့ သာမန်ကြည့်ရှုကာမျှနှင့်သိသာနိုင်ရန် အဝတ်အထည်များလက်ကျန်စာရင်းကို နောက်ဆုံးစာကြောင်းအဖြစ်

ရေးသွင်းထားရမည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ပြောင်းရွှေ့သွားရသောအခါများတွင် ထိုရဲဝတ်တန်ဆာပစ္စည်းများကို ရဲအရာရှိများက ရဲတပ်ဖွဲ့ဝင် တစ်ဦးချင်း၏ ရဲဝတ်တန်ဆာပစ္စည်းစာရင်း( ဇယားကွက်-၂၅ )နှင့် သေချာစွာတိုက်ဆိုင်ကြည့်ရှုပြီး မှန်မမှန်ကို ထပ်မံလက်မှတ်ရေးထိုးထားကြရမည်။

၁၁၅၆။ လစဉ်၁ ရက်နေ့နှင့် ၁၆ရက်နေ့များတွင်အဝတ်အစားများစစ်ဆေးသော အရာရှိများနှင့် ရဲစခန်းများကို အပြည့်အစုံကြည့်ရှုစစ်ဆေးခြင်းပြုလုပ်သော အရာရှိတို့သည် အသုံးမဝင်သောအဝတ်အစားများကို ပြန်သိမ်း၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ အသစ်လဲလှယ်ပေးရန်တောင်းခံရမည်။ တင်ပြတောင်းခံသည့်အခါ အသစ်လဲလှယ်ပေးရန်တင်ပြသည့်စာရင်းအသေးစိတ်နှင့်အတူ (ဇယားကွက်-၂) နှင့် ပစ္စည်းတောင်းပုံစံပေါ်တွင်ရေးသွင်း၍ တောင်းခံရမည်။ (နက်-၁၀/၅/၇ ပါညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်)။

## အခန်း (၃၇)

## ဆေးဝါးကုသခွင့်နှင့်ရောဂါဘယကြည့်ရှုစမ်းသပ်ခံခွင့်အကြောင်း

၁၁၅၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြန်တမ်းဝင်အရာရှိများသည် ဗိုလ်နေရပ်တွင်ဖြစ်စေ အခြားအရပ်တွင်ဖြစ်စေ အလုပ်ဝတ္တရားထမ်းရွက်နေစဉ် သို့မဟုတ် မကျန်းမမာသည့်အတွက် ခွင့်နှင့်နေစဉ်ဖြစ်စေ ၎င်းပြန်တမ်းဝင်အရာရှိကို ကြည့်ရှုပြီး ဆရာဝန်က ဆုံးဖြတ်သည့်အတိုင်း ဆရာဝန်၏ဆေးခန်း သို့မဟုတ် အိမ်တွင် သော်လည်းကောင်း၊ ရဲအရာရှိ၏ အိမ်တွင်သော်လည်းကောင်း၊ ပြည်သူ့ဆေးရုံတွင် သော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရထံမှ ထောက်ပံ့ငွေများရသည့် ဆေးရုံနှင့် ဆေးခန်းများတွင်သော်လည်းကောင်း ခန့်ထားသည့်ဆရာဝန်က ဆေးဝါးကုသပေးခြင်း၊ ခွဲစိတ်ပြုစုပေးခြင်းကို ခံစားနိုင်ခွင့်ရှိသည်။

၁၁၅၈။ × × × × × × × × × × × × × × × × × × × × × × × ×။

၁၁၅၉။(က) ပြန်တမ်းဝင်အရာရှိမှာ အစိုးရအမှုထမ်းရွက်ရစဉ် ဆရာဝန်နှင့် အခမဲ့ ဆွေးနွေးတိုင်ပင် စေရမည်။ ၎င်းပြင် မြန်မာနိုင်ငံအစိုးရ စီရင်အုပ်ချုပ်ရာ၌ ရှိသည့် အထူးကု/ပါရဂူများ၏ အကြံဉာဏ်ပေးချက်နှင့် ဆေးဝါးကုသခြင်းကိုမြန်မာနိုင်ငံတွင်ရရှိနိုင်သည့်ပြင်

ခန့်ထားသည့်ဆရာဝန်ကလည်း လိုအပ်သည်ဟု ထင်မြင်လျှင် ထိုအကြံဉာဏ်ပေးချက်နှင့် ဆေးဝါးကုသခြင်းကို အခမဲ့ရယူ ခံစားထိုက်စေရမည်-

(၁) ယခုကိစ္စအတွက် ခန့်ထားသည့် ဆရာဝန်ကထောက်ခံ တင်ပြခဲ့သည့် ရဲအရာရှိကို ဆေးဝါးကုသရန်အလို့ငှာ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူး သို့မဟုတ် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်များ အရမှတစ်ပါး အထူးကု/ပါရဂူ သို့မဟုတ် မည်သည့် ဆရာဝန်မျှ မိမိ၏ဌာနမှထွက်ခွာ၍မသွားရ။

(၂) ဆေးဝါးကုသရမည့် အချိန်ကာလကို ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးသို့မဟုတ် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ ထောက်ခံ တင်ပြချက်အရ ကျန်းမာရေးဝန်ကြီးဌာနကသတ်မှတ်ရမည်။

(ခ) ရဲအရာရှိမှာ ရောဂါပိုးမွှားအခြေအမြစ်စမ်းသပ်ခြင်း၊ ဓာတ်မှန်ဖြင့် စမ်းသပ်ခြင်း၊ အခြားနည်းလမ်းဖြင့်စမ်းသပ်ခြင်းကိုပြည်သူ့ဆေးရုံ များ သို့မဟုတ် ရပ်ကွက်ဆိုင်ရာ ရန်ပုံငွေဖြင့်ဆောက်လုပ်သည့် ဆေးရုံများတွင် အလွယ်တကူ ပြုလုပ်နိုင်ရန် ခန့်ထားသည့် ဆရာဝန်က ယင်းကဲ့သို့ စမ်းသပ်ခြင်းများခံရမည်ဟု ထောက်ခံ လျှင် အခမဲ့စမ်းသပ်ခြင်း ခံထိုက်စေရမည်။

(ဂ) ရဲအရာရှိမှာ ဆရာဝန်သတ်မှတ်ထားသည့် ခွင့်ပြုထားသော သောက်ဆေး လိမ်းဆေးစသည်များကို ဆေးရုံမှထုတ်ပေးနိုင်သမျှ အခမဲ့ရယူထိုက်စေရမည်။

မှတ်ချက်။ ဆေးရုံရှိဆေးများဆိုသည်မှာ မြန်မာနိုင်ငံအစိုးရ ဆေးသိုမှီး ထားရာဌာနမှ သာမန်အားဖြင့် ရရှိနိုင်သည့် သောက်ဆေး လိမ်းဆေး စသည်များကိုဆိုလိုသည်။

၁၁၆၀။ (က) ပြည်သူ့ဆေးရုံတွင်ဖြစ်စေ ရပ်ကွက်ဆိုင်ရာရန်ပုံငွေဖြင့် ဆောက် လုပ်သည့် ဆေးရုံတွင်ဖြစ်စေ အတွင်းလူနာဖြစ်သော ရဲအရာရှိမှာ ဆေးရုံက သာမန်အားဖြင့် စီမံထားသည့်နည်းဖြင့် ပြုစုခြင်းကို

ခံထိုက်စေရမည်။ သို့သော်လည်း လူနာကို ကြီးကြပ် ကြည့်ရှုရသော ဆရာဝန်က ၎င်းအရာရှိမှာ ဆေးရုံတွင် အထူးသူနာပြုဆရာမတို့ပြုစုရန်မလိုအပ်ဟုထင်မြင်လျှင် အထူးသူနာပြုဆရာမတို့၏ ပြုစု ခြင်းကို မခံထိုက်စေရ။

(ခ) ရဲအရာရှိမှာအခကြေးငွေပေးရသည့် အခန်းများတွင် အခမဲ့နေရန် သို့မဟုတ် အခမဲ့စားသောက်ရန်အခွင့်အရေးမရစေရ။

(ဂ) ရဲအရာရှိမှာ ပြည်သူ့ဆေးရုံ သို့မဟုတ် ရပ်ကွက်ဆိုင်ရာ ရန်ပုံငွေဖြင့် ဆောက်လုပ်သည့် ဆေးရုံမရှိသည့် အရပ်၌ အများပြည်သူတို့နှင့်မဆိုင်သောဆေးရုံတွင်ဆေးဝါးကုသသည့်အခါ ယခုနည်းလမ်းပါ ကိစ္စအလို့ငှာ ထိုကဲ့သို့ ဆေးဝါးကုသခြင်းကို မြန်မာနိုင်ငံ အစိုးရက သဘောတူညီလျှင် ၎င်းအရာရှိမှာ ကျခံရသည့် အစာအဟာရနှင့် နေရာထိုင်ခင်းအတွက် အခကြေးငွေများ မှတစ်ပါး ၎င်းဆေးရုံသို့ ပေးရမည့် အခြားငွေကြေးများကို နိုင်ငံတော် အစိုးရထံသို့ တောင်းဆိုနိုင်သည်။

(ဃ) အပိုဒ်(ဂ)အရ ပြန်လည်တောင်းဆိုထိုက်သည့် အခကြေးငွေများကို ဘဏ္ဍာရေးခေါင်းစဉ်"စရိတ်ငွေ၊ အလုပ်အတွက် ပေးသည့် ဆုငွေစသည်များ၊ ပြောင်းလဲသည့်ငွေ"တွင် ပါဝင်သည်ဟူ၍ သတ်မှတ်ခွဲခြားထားသည်ဖြစ်ရာ ၎င်းအခကြေးငွေများကို ဆိုင်ရာ ရဲအရာရှိ အမှုထမ်းရွက်နေသည့် ခရိုင်မှတစ်ဆင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြတောင်းခံရမည်။ ၎င်းတောင်းဆိုချက်နှင့်အတူ ပြေစာများလည်း ထောက်ခံချက်အဖြစ် ပါရှိစေရမည်။

၁၁၆၁။ ရဲအုပ်များ နှင့် ၎င်းလက်အောက် ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံ၌သော်လည်းကောင်း၊ အစိုးရဆေးကုသခန်းများ၌သော်လည်းကောင်း၊ အနာရောဂါအလျောက်၊ အတွင်းလူနာအဖြစ်ဖြစ်စေ၊ အပြင်လူနာအဖြစ်ဖြစ်စေ၊ ဆေးဝါးကုသနိုင်သည်။ ခရိုင်ရဲတပ်ဖွဲ့မှူးများသည် ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော ရဲတပ်ဖွဲ့မှလူနာများထံသို့ ရံဖန်ရံခါ သွားရောက်မေးမြန်းကြည့်ရှုရမည်။ ဆရာဝန်(ကျန်းမာရေးဦးစီးဌာနမှူး) ကိုယ်တိုင်ကြည့်ရှုသင့်သော အကြောင်းအရာများရှိက ခရိုင်ရဲတပ်ဖွဲ့မှူးက ဆရာဝန်(ကျန်းမာရေးဦးစီးဌာနမှူး)အား အကြောင်းကြားရမည်။

၁၁၆၂။ ရဲအရေးသည် ရဲအရာထမ်း အမှုထမ်းတစ်ယောက် ဆေးရုံမှ ဆင်းခွင့်ရသောအခါဖြစ်စေ အပြင်လူနာအဖြစ်ဖြင့်ဆေးကုသပြီးသည့်အခါဖြစ်စေ ဆရာဝန်က ပြန်လည်ပေးအပ်လိုက်သောဆေးရုံလက်မှတ်ကို လက်ခံ၍ ဆေးကုသပြီးကြောင်းကို "အရပ်ရပ်နေ့စဉ်မှတ်တမ်းစာအုပ်"တွင် ရေးသွင်းပြီး သိသာရန် ကြက်ခြေနီခတ်ထားရမည်။

၁၁၆၃။ ဆေးရုံဆင်းလက်မှတ်များကို ရဲစာရေးက လစဉ် ၂၀ ရက်နေ့၌ ခရိုင်ရဲတပ်ဖွဲ့ရုံးသို့ ပို့ရမည်။ ၂၀ ရက်နေ့ ကျော်လွန်မှ ဆေးရုံဆင်းလာသူတို့၏ လက်မှတ်များကို နောက်လ ၂၀ ရက်နေ့၌ ပေးပို့ရမည်။

၁၁၆၄။ ကျန်းမာရေးဦးစီးဌာနမှူး သို့မဟုတ် ဆေးရုံအုပ်က အနားယူခွင့်ရည် သွားသင့်သည်ဟု ထောက်ခံချက် ပေးခြင်းခံရသော ရဲအရာထမ်းအမှုထမ်းတို့ကို သက်ဆိုင်ရာ တာဝန်ခံအရာရှိက ၎င်းအရာထမ်းအမှုထမ်းတို့အား ၎င်းတို့နေထိုင်ရာ "ခရိုင်"ရပ်ကွက်အတွင်း အနားယူခွင့်ပေးထား၍ ၎င်းအရာထမ်းအမှုထမ်း၏ ဆေးရုံလက်မှတ်ကို ခွင့်ရည်အမိန့်လျင်မြန်စွာ ပေးနိုင်ရန် အထက်ဌာနအဆောင်ဆင့်သို့ အမြန်ဆုံးတင်ပြရမည်။

၁၁၆၅။ ရဲအရာခံနှင့် ၎င်းအောက်ရာထူးနိမ့်သော ရဲတပ်ဖွဲ့ဝင် တစ်ယောက်သည် ဆေးဝါးဖိစီးမှုအတွက် ခြေကျင်သွားရောက်နိုင်လျှင် မြန်မာနိုင်ငံအစိုးရ၏ စရိတ်ဖြင့် ဆေးရုံသို့ပို့နိုင်ခွင့်ရှိသည်။ ဤကဲ့သို့ပို့ဆောင်ရန်လိုအပ်ကြောင်းကို ကျန်းမာရေးဦးစီးဌာနမှူးက ထောက်ခံချက်ပေးရမည်။ ဒိ၄၀

၁၁၆၆။ ဆေးရုံတွင် တက်ရောက်ကုသသော လူနာများသည် မိမိတို့အိမ်သို့ သွားလာနိုင်၍ ဆရာဝန်က တားမြစ်ခြင်းမရှိလျှင် နေ့စဉ်နံနက် ၁၁ နာရီမှ ၁၂ နာရီအတွင်းနှင့်ညနေ ၅ နာရီမှ ၇ နာရီအတွင်းတစ်နေ့လျှင်နှစ်ကြိမ်ကျ အိမ်သို့ပြန်၍ စားသောက်ခွင့်ရှိသည်။ ဤကဲ့သို့ ပြန်ခွင့်ရသည့်မှတစ်ပါး ဆေးရုံတက်နေသည့် ရဲသည့်လူနာ၍ ဆေးရုံဆရာဝန်၏ ခွင့်ပြုမိန့်မရှိဘဲ ဆေးရုံမှ ထွက်ခွာသွားခွင့်မရှိ ဆေးရုံတွင် တက်ရောက်ကုသနေသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဆေးဝါးကုသခံနေစဉ် ဆေးရုံက အစားအသောက် ကျွေးမွေးရသည့်အတွက် ထိုကဲ့သို့ကျွေးမွေးရသည့် စရိတ်ကို ဆေးရုံကထိုသူ၏ လစာငွေမှ နုတ်ယူခြင်း မပြုစေရ။

၁၁၆၇။ ဆရာဝန်က ဆေးရုံမှ ဆင်းခွင့်ပြုသောသူသည် အားအင်ပြည့်တင်း တိုးတက် ကျန်းမာရေးရန် နာလန်ထခွင့်နှင့် ရက်အနည်းငယ်အားလပ်စွာ နေထိုက်သည်

ဟုယူဆလျှင် ၎င်းလူနာ၏ဆေးရုံလက်မှတ်တွင် ဤအကြောင်း ရေးသွင်းဖော်ပြရမည်။ ဆေးရုံတွင်ထားရှိသော ဆေးရုံတက်/ဆင်းသူတို့၏ မှတ်ပုံတင်စာအုပ်တွင် ဆရာဝန်က မှတ်သားထားရမည်။ နာလန်ထ ခွင့်နှင့်နေသူ တစ်ဦးတစ်ယောက်ကို ဆေးရုံတွင် မကျန်းမာ၍ တက်ရောက်နေသည့်အလား ရဲတပ်ဖွဲ့ဝင် နေထိုင်ရာ ရဲလိုင်းမှ ထွက်ခွာသွားခွင့်မရှိစေရ။

၁၁၆၈။ ရဲအရာခံနှင့် ၎င်းအောက်ရာထူးနိမ့်သူအားလုံးတို့သည် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ်ကျ၊ ကျန်းမာရေးအတွက် စစ်ဆေးခြင်းခံရမည်။ ခရိုင်/မြို့နယ်များတွင် ဆရာဝန်(ကျန်းမာရေးဦးစီးဌာန)ကိုယ်တိုင် စစ်ဆေးလိမ့်မည်။ ရဲတပ်ဖွဲ့ဝင်တို့အား စမ်းသပ်စစ်ဆေးချက် အသိရင်ခံစာတစ်စောင်ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ပေးပို့လိမ့်မည်။ ဤအမိန့်များကို ထုတ်ဆင့်ထားရခြင်းအကြောင်းရင်းမှာ ရောဂါဝေဒနာစွဲကပ်၍ဖြစ်စေ မကျန်းမာမသန်စွမ်း၍ဖြစ်စေ အလုပ်ကျေပွန်စွာဆောင်ရွက်ခြင်းငှာ မတတ်နိုင်သူဖြစ်၍ မစွမ်းမသန်သူအဖြစ်ဖြင့် ရာထူးမှထွက်စေခြင်းမှ လွတ်ကင်းစေခြင်းငှာ ဆေးဝါးကုသစမ်းသပ်ရန် လျှောက်ထားခြင်းမပြုဘဲ နေသူတို့အား ရံဖန်ရံခါအချိန်မှန် ကျန်းမာရေးဌာနက ကြည့်ရှုစစ်ဆေးရန်ဖြစ်သည်။ ဥပမာအားဖြင့် စုံအားကျဆင်းမှုရောဂါနှင့် နာတာရှည်ရောဂါမျိုးစွဲကပ်သော ရဲတပ်ဖွဲ့ဝင်များကို အငြိမ်းစားပေးခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းပြုလိမ့်မည်။ ရဲတပ်ဖွဲ့ဝင်တို့အား ကျန်းမာရေးဌာနဆိုင်ရာမှ စမ်းသပ်စစ်ဆေးကြည့်ရှုပြီးစီးကြောင်းကို ၎င်းတို့၏ အကျင့်စာရိတ္တနှင့် အမှုထမ်းမှတ်တမ်းစာအုပ်တွင် ပါရှိသည့် ဆေးရုံအတက်အဆင်း မှတ်ရန်ထားသည့် စာမျက်နှာတွင် နေ့ရက်နှင့်တကွ ရေးသွင်းမှတ်သားရမည်။

၁၁၆၉။ မိမိမြို့နယ်တွင်ရှိသော ရဲတပ်ဖွဲ့ဝင်များနေထိုင်ရာ လိုင်းတန်းလျားများ သန့်ရှင်းစင်ကြယ်ကျန်းမာခြင်းနှင့် ညီညွတ်စွာရှိမရှိကို ခုနစ်ရက်တစ်ပတ်လျှင် တစ်ကြိမ် ကျန်းမာရေးဦးစီးဌာနက သွားရောက်ကြည့်ရှုစစ်ဆေးလိမ့်မည်။

၁၁၇၀။ ရဲစခန်းအချုပ်/အချုပ်ဆောင်များကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနမှ ရောဂါဝေဒနာများကို စမ်းသပ်ကြည့်ရှုစစ်ဆေးရန်၊ ရောဂါရှိကကုသရန်နှင့် ထိုရောဂါဝေဒနာများကို ကာကွယ်ရန်အလို့ငှာ ရဲစခန်းအချုပ်နှင့် အချုပ်ဆောင်များတွင် ချုပ်ထားလျက်ရှိသော အချုပ်သားအားလုံးကို ကျန်းမာရေးဦးစီးဌာနက ခုနစ်ရက်တစ်ပတ်လျှင်တစ်ကြိမ် စမ်းသပ်ကြည့်ရှုရမည်။

# အခန်း (၃၈)

## လေ့ကျင့်ရေးသင်တန်းကျောင်းများ

၁၇၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို စွမ်းရည်ပြည့်ဝစွာဖြင့် ထမ်းဆောင်နိုင်သည့် နည်းလုံးရည်နှင့် လက်ရုံးရည်ပြည့်ဝသော အရာရှိကောင်းများ အခြားအဆင့်တပ်ဖွဲ့ဝင်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်ဖြစ်သ ည်။မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အောက်ဖော်ပြပါ လေ့ကျင့်ရေးသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိ၍ လေ့ကျင့်ရေးစီမံချက်များနှင့်အညီ လေ့ကျင့်ပေးလျက်ရှိပါသည်-

(က) ပေါ်ဝလေ့ကျင့်ရေးဌာန။ မန္တလေးတိုင်းပြင်ဦးလွင်မြို့နယ်စီးပင်ကြီးတွင် ဖွင့်လှစ်ထားရှိပြီး အောက်ပါသင်တန်းများ ဖွင့်လှစ်လျက်ရှိပါသည်-

(၁ ) အရာရှိလောင်းများ (Commission Officers) ဒုတိယရဲမှူးလောင်းသင်တန်းနှင့်(Non Commission Officers)ဒုတိယရဲအုပ် လောင်းသင်တန်းများ။

(၂ ) စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေး မြင့်မားလာစေရေးအတွက် အရာရှိများမွမ်းမံသင်တန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်း၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်း၊ မှုခင်းကြီးတင်ကာကွယ်ရေးစီမံခန့်ခွဲမှုသင်တန်း၊မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်း၊ စခန်းမှူးသင်တန်းများ။

(၃ ) မှုခင်းမှတ်တမ်း(အရာရှိ)သင်တန်း၊ ဦးစီးအရာရှိသင်တန်း၊ အမှုစစ်(အရာရှိ)သင်တန်း၊ နယ်ထိန်း(အရာရှိ)သင်တန်း၊ အမှုစစ်(အခြားအဆင့်)သင်တန်း၊နယ်ထိန်း(အခြားအဆင့်) သင်တန်း၊ စခန်းစာရေးသင်တန်း၊ တပ်ကြပ်ကြီး(တိုးမြှင့်) သင်တန်းများ။

(၄ ) ပြည်သူ့စစ်တိုက်ပွဲဝင်အခြေခံသင်တန်း၊ တိုက်ခိုက်ရေး မွမ်းမံသင်တန်းနှင့် ဆူပူ/အကြမ်းဖက်နှိမ်နင်းမှုသင်တန်းများ။

(၅) နိုင်ငံတကာရဲတပ်ဖွဲ့ဆိုင်ရာ အဆင့်နှင့် လျော်ညီသော သင်တန်းများ။

(၆) နိုင်ငံတော်၏လိုအပ်ချက်အရ ဖွင့်လှစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာသင်တန်းများ။

(ခ) မှုခင်းတပ်ဖွဲ့။ အင်းစိန်မြို့နယ်တွင်တည်ရှိပြီးအောက်ပါသင်တန်းများဖွင့်လှစ်လျက်ရှိပါသည်-

(၁) စုံထောက်(အရာရှိ)သင်တန်း၊ စုံထောက်(အခြေခံအဆင့်)သင်တန်းများ။

(၂) မှုခင်းဆေးဝါးစုံစမ်းမှု(အရာရှိ)သင်တန်း၊ မှုခင်းဆေးဝါးစုံစမ်းမှု(အခြေခံအဆင့်)သင်တန်းများ။

(၃) လက်ပုံကျွမ်းကျင်မှုသင်တန်းများ။

(၄) အခြေခံဓာတ်ပုံသင်တန်းများ။

(၅) လုံခြုံရေးနှင့်ထောက်လှမ်းရေးသင်တန်းများ။

(ဂ) တပ်မတော်ဆိုင်ရာသင်တန်းများ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိတပ်ဖွဲ့ဝင်အသီးသီးအား အဆင့်နှင့်လျော်ညီသောသင်တန်း /ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကိုသက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်ရှိသင်တန်းကျောင်းများတွင် သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

(ဃ) နယ်ဘက်ဆိုင်ရာသင်တန်းများ။ လုပ်ငန်းလိုအပ်ချက်အရအဆင့်အသီးသီးနှင့်လျော်ညီသောနယ်ဘက်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းများကိုတပ်ဖွဲ့ဝင်အသီးသီးအား သင်ကြားပေးလျက်ရှိပါသည်။

(င) အမှတ် (၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း။ မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်တွင်တည်ရှိပြီး အောက်ဖော်ပြပါသင်တန်းများ ဖွင့်လှစ်လျက်ရှိပါသည်-

(၁) ရဲတပ်သားသစ်သင်တန်း။

(၂) အကြပ်ငယ်(နည်းပြ)သင်တန်း(၁၉၉၅ခုနှစ်တွင်ဖွင့်လှစ်ခဲ့)။

(၃) အကြပ်ငယ်သင်တန်း(၁၉၉၄ခုနှစ်ထိဖွင့်လှစ်ခဲ့)။

(၄) အကြပ်ကြီးလောင်းသင်တန်း။

(၅) အရာခံ/အကြပ်ကြီးသင်တန်း။

(စ) အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၊ပဲခူးတိုင်းဝက်ထီးကန်တွင် တည်ရှိပြီး၊ ရဲတပ်သားသစ်သင်တန်းများဖွင့်လှစ်လျက်ရှိပါသည်။

(ဆ) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများ၊ မကွေးတိုင်းရေနံချောင်းမြို့နယ်၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ် ( တောင်လေးလုံး )၊ ရန်ကုန်တိုင်းကျောက်တန်းမြို့နယ်၊ အမှတ်(၇)ရဲတပ်ရင်းများတွင်၊ ရဲတပ်သားသစ် သင်တန်းများကို လေ့ကျင့်ရေးစီမံချက်နှင့်အညီ ဖွင့်လှစ်လျက်ရှိပြီး ဖွဲ့စည်းပုံအင်အားလိုအပ်ချက်အရ အမှတ်(၁)၊ (၃)(၄)(၅)(၆)ရဲတပ်ရင်းများတွင် ရဲတပ်သားသစ်သင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေးလျက် ရှိပါသည်။

(ဇ) ဗဟိုလေ့ကျင့်ရေးဌာန၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး၏လုပ်ငန်းတာဝန်များကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ရဲလက်စွဲ(ပထမတွဲ)တွင် ဖော်ပြပြီးဖြစ်ပါသည်။

(၂) စီမံရေးဌာန၏ တာဝန်ဝတ္တရားများ။ ဗဟိုလေ့ကျင့်ရေးဌာန၏စီမံခန့်ခွဲရေး လုံခြုံရေး ထောက်ပံ့ရေးနှင့်သက်သာချောင်ချိရေး ကိစ္စရပ်များအား အထက်ဌာန ဘေးနံဌာနများနှင့် ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ခြင်း-

(ကက) စီမံရေးဌာနခွဲ။ ဗဟိုလေ့ကျင့်ရေးဌာန၏ လုံခြုံရေးကိုစီမံဆောင်ရွက်ခြင်း၊ အင်အားညှိနှိုင်းဖြည့်တင်းခြင်း၊စည်းကမ်းထိန်းသိမ်းခြင်း၊သက်သာချောင်ချိရေးဆောင်ရွက်ခြင်း၊ သရေတပ်ဖွဲ့ဝင်များစွမ်းရည်မြင့်မားရေးအတွက် မွမ်းမံ လေ့ကျင့်ပေးခြင်းနှင့်

ဝန်ထမ်းရေးရာ ကိစ္စရပ်များကို စီမံဆောင်ရွက်ရမည်။

(၁၁) **ထောက်ပံ့ရေးဌာနခွဲ။** သရွေ့တပ်ဖွဲ့ဝင်များနှင့် သင်တန်းသားများ၏ လစာနှင့်စရိတ်များရရှိခံစားနိုင်ရေး၊ စားသောက်ရေး၊ နေထိုင်ရေး၊ အဆောက်အဦများ မွမ်းမံထိန်းသိမ်းရေး ၊ လေ့ကျင့်ရေး ၊ အဆောက်အအုံပစ္စည်းများ၊ စာအုပ်စာတမ်းများ ၊ လက်နက်ခဲယမ်းနှင့် ဆက်သွယ်ရေး၊ ရဲဝတ်တန်ဆာနှင့် အထွေထွေပစ္စည်းများ မှာကြားဝယ်ယူရေး ၊ ပြည့်တင်းဆောက်ပုံရေး၊ ပို့ဆောင်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ကိစ္စရပ်များ ဆောင်ရွက်ရမည်။

(၁၂) **လုံခြုံရေးနှင့်အထွေထွေဌာနခွဲ။** ဗဟိုလေ့ကျင့်ရေးဌာန၏ လုံခြုံရေးကိစ္စ အဝဝကိုစီမံခြင်း၊ ဗဟိုကင်းအားအနီးကပ်ကြီးကြပ်ခြင်း၊ နေ့စဉ်လုံခြုံရေးနှင့် ရုံးတာဝန်ခွဲဝေချထားခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ ဌာနရုံးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြေ သာယာရေး ဆောင်ရွက်ခြင်းနှင့် နေ့စဉ်တန်းစီအင်အားစာရင်း ပြုစုထိန်းသိမ်းခြင်းတို့ကို တာဝန်ခံဆောင်ရွက်ရမည်။

(၃) **လေ့ကျင့်ရေးဌာန၏တာဝန်ဝတ္တရားများ။** မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဌာနချုပ်မှချမှတ်ပေးထားသည့်လေ့ကျင့်ရေးဆိုင်ရာ မူဝါဒများအားအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊သင်တန်း အမျိုးအစားအလိုက်သင်တန်းရည်ရွယ်ချက်များအောင်မြင် စေရန်စီမံခန့်ခွဲခြင်း၊ နည်းပြများအရည်အသွေးမြင့်မားရေး အတွက် နည်းပြလေ့ကျင့်ရေးအစီအစဉ်များ ချမှတ်ဆောင် ရွက်ခြင်း၊ သင်ရိုးညွှန်းတမ်းများအားခေတ်စနစ်နည်းပညာ တိုးတက်မှုအချိန်ကာလအခြေအနေတို့အတွက် စိစစ်ပြင် ဆင်ရေးဆွဲစေခြင်း၊သင်တန်းသားများလက်ခံနိုင်မှုစွမ်းရည် အား အကဲဖြတ်ရှုစွမ်းရည်ပြည့်ဝစေရန် နည်းစနစ်များကိုတွင်

ဖော်ဆောင်ခြင်း၊ သင်တန်းသားများစိတ်ဓာတ်စည်းကမ်းနှင့်လေ့ကျင့်ရေး ပြည့်ဝရေးအတွက်စီမံကြပ်မတ်အကောင်အထည် ဖော်ဆောင်ခြင်း။

(ကက) **အုပ်ချုပ်မှုဌာနခွဲ။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အရာရှိ/အခြားအဆင့်များစုဆောင်းပြည့်တင်းရေးစီမံချက်နှင့် လေ့ကျင့်မွေးထုတ်ရေးစီမံချက်များရေးဆွဲခြင်း၊ သင်တန်းလေ့ကျင့်ရေးရုံးတာဝန်ကိုဆောင်ရွက်ခြင်း၊ အပတ်စဉ်လေ့ကျင့်ရေးညှိနှိုင်းပြုလုပ်၍ ရက်သတ္တပတ်အချိန်ဇယားများကိုက်ညှိရေးဆွဲခြင်း၊ နည်းပြတာဝန်များ ခွဲဝေသတ်မှတ်ခြင်း၊ နည်းပြဌာနခွဲများနှင့် သင်တန်းဌာနခွဲများ၏ လေ့ကျင့်ရေးဆိုင်ရာ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဖြည့်တင်းပေးခြင်း၊ သင်တန်းသားများ၏ အကဲဖြတ်မှတ်တမ်းများအား မှတ်တမ်းထိန်းသိမ်းခြင်းနှင့်အထက်ဌာနများသို့တင်ပြအစီရင်ခံခြင်းသင်တန်းသားများအတွက် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များအားစီမံရေးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများအား တောင်းခံဖြည့်တင်းထိန်းသိမ်းထောက်ပံ့ခြင်းသင်တန်းတစ်ခုချင်းအလိုက် သုံးသပ်ချက်များတင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခခ) **စိတ်ဓာတ်စစ်ဆင်ရေးနှင့်သုတေသနဌာနခွဲ။** နိုင်ငံတော်၏ အနာဂတ် ပြည်တွင်းလုံခြုံရေး၊ မဟာဗျူဟာများ၊ နည်းဗျူဟာများစီမံကိန်းရေးဆွဲခြင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး၊ တပ်ဖွဲ့စိတ် ရဲဘော်စိတ်ရှိရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးအတွက် စာရိတ္တ မြင့်တင်ရေးဆိုင်ရာ ဘာသာရပ်များပြုစု

ရေးနှင့်ယောဓပြောင်ပို့ချခြင်း၊ နိုင်ငံတကာစစ်ဟုသုတ
များနိုင်ငံရေးအခြေအနေ ဖြစ်ပေါ်ပြောင်းလဲတိုး
တက်မှုများအား အသိပညာပေးခြင်း၊ သင်တန်း
အလိုက်သင်ကြားပို့ချမှုနည်းစနစ်များ /သင်ကြား
မှုအထောက်အကူပစ္စည်းများ/ ဘာသာရပ်အလိုက်
သင်ခန်းစာများ /လက်တွေ့နယ်ပယ်၌တွေ့ကြုံရ
သောရဲလုပ်ငန်းဆိုင်ရာအထွေထွေနည်းချက်များကိုသုတေ
သနပြုသုံးသပ်၍အခါအခြေအနေနှင့် ကိုက်ညီစွာပြင်
ဆင် ပြောင်းလဲ ဆောင်ရွက်နိုင်ရေးအတွက် တင်ပြ
ဆောင်ရွက်ခြင်း၊ သင်ခန်းစာစီမံချက်၊ နည်းပြ
မှတ်စု၊ သင်ခန်းစာအကျဉ်းများပြုစုခြင်း၊နိုင်ငံတကာ
မှုခင်းကျူးလွန်ရေးဆိုင်ရာနှင့် ရဲလုပ်ငန်းများအား
သုတေသနပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(၈ ၈ ) သင်တန်းမှူးနှင့်ရုံးအဖွဲ့များ။ သင်တန်းသားများ၏
စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်ရေးအတွက်
အနီးကပ်ကြီးကြပ်ခြင်း၊သင်တန်းသားများနေထိုင်
သွားလာမှုစည်းကမ်းစောင့်ထိန်းသောစည်းကမ်း၊ အိပ်
ဆောင်စည်းကမ်းဆိုင်ရာစနစ်နှင့် အကျင့်စရိုက်တို့
အား အနီးကပ်အကဲဖြတ်ခြင်းနှင့်စစ်ဆေးပြုပြင်ခြင်း၊
သင်တန်းသားအရည်အချင်းသတ်မှတ်ချက်များပြု
စုခြင်း၊သင်တန်းတပ်ခွဲ/တပ်စုအလိုက် တာဝန်ခံ
ကြပ်မတ်ကွပ်ကဲခြင်း၊ သင်တန်းသားကိုယ်ရေး
မှတ်တမ်းနှင့်ဖြစ်စဉ်များအား ပြုစုထိန်းသိမ်းခြင်း၊
သင်တန်းသားများ စားသောက်နေထိုင်ရေးနှင့်
သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များအားသော်လည်း
ဌာနခွဲများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ သင်ခန်းစာ
နှင့် လေ့ကျင့်ခန်းများလေ့ကျင့်စဉ်အနီးကပ်လိုက်ပါ
ကြပ်မတ်ကွပ်ကဲခြင်း တို့ကိုဆောင်ရွက်ရမည်။

(ဃဃ) ဥပဒေဌာနခွဲ။ နည်းပြ၏ကျွမ်းကျင်မှုအပေါ် မူတည်၍ ဥပဒေအမျိုးအစားအလိုက်ဘာသာရပ် တစ်ခုချင်းအတွက် နည်းပြတာဝန်ခွဲဝေသတ်မှတ်ခြင်း၊ အသစ်ပြဋ္ဌာန်းသည့်ဥပဒေများ/ပြင်ဆင်သည့် ဥပဒေများအားစုဆောင်းခြင်းနှင့်နည်းပြမှတ်စုများ တွင် ပြင်ဆင်ဖြည့်စွက်ခြင်း၊ နည်းပြကျွမ်းကျင်မှု မြင့်မားရေးအတွက်ဆွေးနွေးညှိနှိုင်းသင်ကြားလေ့ကျင့် ပေးခြင်း၊ သင်တန်းအမျိုးအစားအလိုက်ပို့ချရမည့် ဘာသာရပ်ပမာဏကိုသတ်မှတ်၍သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာစီမံချက်၊ နည်းပြမှတ်စု၊ သင်ခန်းစာ အကျဉ်းများပြုစုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ သင်တန်းသားများ၏ လက်ခံနိုင်မှု စွမ်းရည်ကို စိစစ်၍နည်းပြအရည်အချင်းအားအကဲဖြတ်ခြင်း နှင့် ပြုပြင်ခြင်း၊ သင်တန်းသားများအားဥပဒေရိုင်းဆိုင်ရာ နည်းပညာများ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်တတ်မြောက်စွာအသုံးချနိုင်ရေးအတွက် သင်ကြားပို့ချလေ့ကျင့်ပေးခြင်းနိုင်ငံတကာဥပဒေ များကိုလေ့လာစုဆောင်းခြင်းများကိုဆောင်ရွက်ရ မည်။

(ငင) နည်းပညာဌာနခွဲ။ နည်းပြကျွမ်းကျင်မှုနှင့်အတွေ့ အကြုံပေါ်မူတည်၍ဘာသာရပ်အလိုက်နည်းပြများ သတ်မှတ်ပေးခြင်းသင်တန်းအမျိုးအစားအလိုက် သင်ကြားပို့ချမည့်ဘာသာရပ်ပမာဏကို သတ်မှတ် ၍သင်ရိုးညွှန်းတမ်းသင်ခန်းစာစီမံချက်နည်းပြမှတ်စု၊ သင်ခန်းစာအကျဉ်းများပြုစုခြင်းနှင့် ပြန်လည်သုံး သပ်ခြင်း၊ သင်ကြားပို့ချမှု နည်းလမ်း နှင့် အထောက်အကူပစ္စည်းများတီထွင်ကြံဆခြင်း၊ သင် တန်းသားများလက်တွေ့နယ်ပယ်တွင် ကျွမ်းကျင် တတ်မြောက်စွာအသုံးချနိုင်ရေးအတွက်သင်ကြား

လေ့ကျင့်ပေးခြင်း၊ ကြေညာတိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ရမည်။

(၁၁) စစ်ပညာသွားရန်။ တပ်ရင်းအဆင့် စစ်ကစားပွဲကြီး ၃ ရပ်အထိ ကျွမ်းကျင် တတ်မြောက်စေရန် သင်ကြားလေ့ကျင့်ပေးခြင်း၊ အမိန့်နာခံမှုနှင့် ညီညာမ်းကောင်းမွန်ရေးအတွက် အခြေခံစစ်ရေးပြ ဘာသာရပ်များအား သင်ကြားလေ့ကျင့်ပေးခြင်း၊ ခြေလျင်တပ်သုံးလက်နက်ငယ်များအား ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် လေ့ကျင့်ပေးခြင်း၊ စိတ်ဓာတ်နှင့်ကိုယ်ခန္ဓာကြံ့ခိုင်ရေးအတွက် လေ့ကျင့် ပေးခြင်း၊ သင်တန်းသားများ၏ စွမ်းရည်အား ဆန်းစစ်အကဲဖြတ်မှတ်တမ်းတင်ခြင်း၊ သင်ကြား ပို့ချမှုအထောက်အကူပစ္စည်းများ တီထွင်ကြံဆ၍ ထောင်မြင်စွာသင်ကြားပြသနိုင်ရန်ဆောင်ရွက်ခြင်း၊ အချိန်ကာလနှင့်လျော်ညီစွာ ပြောင်းလဲသတ်မှတ်ထား ရှိသည့်၊ စစ်ရေးပြလှုပ်ရှားမှု၊ စစ်နည်းဗျူဟာ၊ နည်းစနစ်များအား ရောက်ခြည်မပြတ် လေ့လာ၍ သင်ခန်းစာအကျဉ်းမှတ်စုများ ပြင်ဆင်ပြုစုခြင်း၊ ခေတ်မီစစ်ပညာရပ်များ၊ အတွေးအခေါ်များ၊ မဟာ ဗျူဟာ၊ နည်းဗျူဟာများလက်နက်ခဲယမ်းစစ်ပစ္စည်း အသစ်အဆန်းများနှင့် ပတ်သက်၍ လေ့လာ သင်ကြားပေးခြင်း၊ ဓာတုဗေဒ၊ ဗိုးမွှား၊ အနုမြူ စစ်ဆင်ရေးနှင့် တန်ပြန်ကာကွယ်ရေးနည်းပညာ များပြုစုလေ့ကျင့်သင်ကြားခြင်းတို့ကိုဆောင်ရွက် ရမည်။

၁၁၇၂။ အထက် တွင် ဖော်ပြခဲ့သော ကင်းဆောင့်တို့ဆောင်ရွက်ရန်အလုပ် ဝတ္တရားများမှာ-

(က) သင်တန်းရုံးရှိပစ္စည်းများကို မပျောက်မပျက်စေရန်၊ တာဝန်ခံ၍ လုံခြုံစွာ ထိန်းသိမ်းကြည့်ရှုခြင်း။

(စ) မီးသင့်ဆောင်သည့်အခါဖြစ်စေ အခြားအချက်ပေး၍ လူစုရန်အကြောင်းပေါ်ပေါက်လာသည့် အခါဖြစ်စေ တပ်လှန့်အချက်ပေးရခြင်း။

(ဂ) နေ့စဉ်နံနက်နှင့်ညနေ တန်းစီသည့် အချိန်များတွင် ပျက်ကွက်သူများကို ကျောင်းအုပ်ကြီးထံ တင်ပြရမည်။ ကြိုတင်၍ ခွင့်တစ်စုံတစ်ရာ မရရှိဘဲ မည်သည့်တပ်ဖွဲ့ဝင်မျှ ညဉ့် ၀၉၃၀ အချိန်မှ နံနက် ၀၆၀၀ အချိန်အတွင်း ကျောင်းမှထွက်ခွာသွားလာခြင်း မပြုစေရ။

၁၁၇၃။ ကျောင်းရှိ အရပ်ရပ်ပစ္စည်းများကို ရေးသားပြီးလျှင် ကင်းအဖွဲ့တို့၏အခန်းတွင် ဆွဲကပ်ထားရမည်။ ကင်းအဖွဲ့တာဝန်ဝတ္တရားလဲသောအခါ ကင်းသစ်ကင်းမှူးက ကင်းဟောင်းကင်းမှူးထံမှ ဆိုခဲ့သည့်ပစ္စည်းအရပ်ရပ်ကို လက်ခံယူပြီးလျှင် အရပ်ရပ်ပစ္စည်းများကို ပြည့်စုံစွာရရှိကြောင်းနှင့် "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် လက်မှတ်ရေးထိုးထားရမည်။

၁၁၇၄။ သင်တန်းကျောင်းများတွင် နည်းပြများမှာ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများဖြစ်ရမည့်အပြင် ဖွဲ့စည်းမှုနှင့် ကိုက်ညီသူဖြစ်ရမည်။

၁၁၇၅။ သင်တန်းကျောင်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားမှုနှင့်အညီ ဖွဲ့စည်းမှုနှင့် တာဝန်ဝတ္တရားများကို သတ်မှတ်ခွဲဝေပေးထားပါသည်။ သို့သော် ကျောင်းအုပ်ကြီးသည် အထူးအကြောင်းကိစ္စ သို့မဟုတ် ဒေသန္တရဆိုင်ရာအကြောင်းကိစ္စများကို ထောက်ထား၍ သင့်လျော်လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ပြောင်းလဲနိုင်သည်။ ကျောင်းအုပ်ကြီးသည် သင်တန်းကျောင်းကို ကြီးကြပ်အုပ်ချုပ်ရသည့်အပြင် သင်တန်းကျောင်းအခြေအနေ တိုးတက်ဖြစ်ထွန်းကောင်းမွန်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ သတ်မှတ်ပြဋ္ဌာန်းပေးထားသည့် လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

၁၁၇၆။ လေ့ကျင့်ရေးသင်တန်းကျောင်းများတွင် အောက်ပါမှတ်ပုံတင်စာအုပ်များ ထားရှိစေရမည်-

(က) အရပ်ရပ်နေ့စဉ်မှတ်တမ်း (ပုံစံ အုပ်ချုပ်ရေး ၇/ပြစ်မှု ၃၆)။

(ခ ) သင်ကြားလျက်ရှိသော မွမ်းမံသင်တန်းသားများမှတ်ပုံတင်စာရင်း စာအုပ်(ပုံစံ အုပ်ချုပ်ရေး ၃၆/ပြစ်မှု ၇၉)။

(ဂ ) သင်ကြားလျက်ရှိသော သင်တန်းသားများမှတ်ပုံတင်စာရင်းစာအုပ် (ပုံစံ အုပ်ချုပ်ရေး ၆/ပြစ်မှု ၉၆)။

(ဃ) သင်တန်းသားများအတွက်မှတ်ပုံတင်စာရင်းစာအုပ်များ။

(င ) ရဲထောက်ပံ့ရေးဌာနမှထုတ်ပေးသောလက်နက်ခဲယမ်းကိရိယာများ နှင့်သောင်းပြောင်းထွေလာပစ္စည်းများ၊ အစီရင်ခံစာများ။

(စ ) ရဲထောက်ပံ့ရေးဌာနမှထုတ်ပေးခြင်းမရှိသောအစိုးရပိုင်ရာတပ်ဖွဲ့ ဆိုင်ရာ၊ သောင်းပြောင်းထွေလာပစ္စည်းများ၊ အစီရင်ခံစာများ။

(ဆ) အကြီးအကဲများနှင့်အထက်အရာရှိကြီးများ ကြည့်ရှုစစ်ဆေးချက် မှတ်တမ်း။

(ဇ ) မြို့တွင်းသေလို့သောချောစာစာရင်းစာအုပ်၊ ပုံစံ အထွေထွေသောင်း ပြောင်း (၁၂)။

(ဈ ) သင်တန်းကျောင်းမှ ထွက်စာလက်ခံမိတ္တူများဖိုင်တွဲ။

(ည) အမြဲလိုက်နာရသော အထက်ဌာနများ၏အမိန့်ညွှန်ကြားချက် ဖိုင်တွဲ/ကျောင်းအုပ်ကြီး၏တည်မြဲအမိန့်။

(ဋ ) အထွေထွေအမိန့်/ညွှန်ကြားချက်ဖိုင်တွဲ။

(ဌ ) လက်ခံရရှိသော စာချုပ်စာတမ်းများနှင့် စာအုပ်များစာရင်း၊ ပုံစံ (အုပ်ချုပ်ရေး ၁၀၃)။

(ဍ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ လုပ်ငန်းလိုအပ်ချက်အရ ထားရှိရန် ညွှန်ကြားသော မှတ်ပုံတင်စာရင်းစာအုပ်များ။

# အခန်း(၃၉)

## စာမေးပွဲများအကြောင်း

### ရဲတပ်ဖွဲ့ဝင်များ၏ စာမေးပွဲများ

၁၇၇။ ဗဟိုလေ့ကျင့်ရေးဌာနနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း များတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် စိမ်ချက်များရေးဆွဲ၍ သင်တန်းဆင်း အရည်အချင်းစစ် စာမေးပွဲများကို ကျင်းပရမည်ဖြစ်သည်။ မှမ်းမံသင်တန်း တက်ရောက်သည့် သင်တန်းသားများသည် သင်တန်းဆင်း အရည်အချင်းစစ် စာမေးပွဲများကို အလေးမထားခြင်း၊ စိတ်ပါဝင်စားမှုမရှိခြင်း များကြောင့် ကျရှုံးသည်ဟု ကျောင်းအုပ်ကြီးက မှတ်ချက်ပြုလာပါက ကျရှုံးသူတပ်ဖွဲ့ဝင်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချည်းတာမ်း၊ ထိန်းသိမ်းရေးဥပဒေအရ လိုအပ်သလို အရေးယူခံရမည်။ ရာထူးဝင်ပေါက်များဖြစ်သည့် ဒုတိယရဲမှူးလောင်းသင်တန်း၊ ဒုရဲအုပ်လောင်းသင်တန်း၊ ရဲတပ်ကြပ်ကြီးလောင်းသင်တန်းများတွင် သင်တန်းဆင်း အရည်အချင်းစစ်စာမေးပွဲ၌ သတ်မှတ်အရည်အချင်း ပြည့်မီခြင်းမရှိ၍ ကျရှုံးပါက ကျရှုံးသူတပ်ဖွဲ့ဝင်အား မိခင်ဌာနသို့ ပြန်လွှတ်ရမည်။ ၎င်းတို့သည် သက်ဆိုင်ရာ ရာထူးဝင်ပေါက်စာမေးပွဲတွင် နောက်တစ်ကြိမ်ဝင်ရောက်ဖြေဆိုနိုင်သည်။

၁၇၈။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ဖွင့်လှစ် လျက်ရှိသော သင်တန်းများ၌ စာတွေ့/လက်တွေ့ သင်တန်းဆင်းအရည်အချင်း ရမှတ်များကို အောက်ပါအတိုင်း သတ်မှတ်ပေးရမည်-

(က) ထူးချွန်။ ဘာသာရပ်အသီးသီးတွင် အမှတ် ၁၀၀ လျှင် ၈၅ မှတ် နှင့် အထက်ရရှိသူ။

(ခ) သာမန်အထက်။ ဘာသာရပ်အသီးသီးတွင် အမှတ် ၁၀၀ လျှင် ၅၀ မှတ် ရရှိ၍ စုစုပေါင်း အမှတ် ၁၀၀ လျှင် ၈၀ မှတ် နှင့် အထက် ရရှိသူ။

(ဂ) သာမန်အမြင့်။ ဘာသာရပ်အသီးသီးတွင် အမှတ် ၁၀၀ လျှင် ၅၀ မှတ် ရရှိ၍ စုစုပေါင်းအမှတ် ၁၀၀ လျှင် ၇၀ မှ ၇၉.၉ မှတ် အတွင်းရရှိသူ။

(ဃ) သာမန်။ ဘာသာရပ်အသီးသီးတွင်အမှတ် ၁၀၀ လျှင် ၅၀ မှတ် ရှိ၍ စုစုပေါင်း အမှတ် ၁၀၀ လျှင် ၅၀ မှ ၆၉.၉ မှတ် အတွင်း ရှိသူ။

(င ) ကျရှုံး။ ဘာသာရပ်အသီးသီးတွင် အမှတ် ၁၀၀ လျှင် ၅၀ မှတ် အောက်ရှိ၍ စုစုပေါင်းအမှတ် ၁၀၀ လျှင် ၅၀ မှတ်အောက် ရှိသူ။

မှတ်ချက်။ စာမေးပွဲများတွင် အားလုံးအမှတ်ပေါင်း ၁၀၀လျှင် ၅၀မှတ် မရသော တပ်ဖွဲ့ဝင်တို့ကို ကောင်းစွာ မတတ်ကျွမ်းသေးဟု မှတ်ယူရမည်။

၁၁၇၉။ သင်တန်းတက်ရောက်သူတိုင်း စာမေးပွဲကို မပျက်မကွက်ဖြေဆိုရမည်။ သင်တန်းဆင်းအရည်အချင်း မပြည့်မီသူများကို ပေါ့ယှော့အားဖြင့် ထုတ်ပယ်ရမည်။ သို့ရာတွင် အထူးအကြောင်းကြောင့် ရဲချုပ်သည် ရဲတပ်သားသစ်သင်တန်းတက်ရောက်သူတိုင်းအား နောက်ထပ် သင်တန်းကျောင်းတွင် ထပ်မံသင်ကြားရန် ထည့်ပေးနိုင်သည်။ သင်တန်းဆင်းအရည်အချင်းများကို ထိုသူ၏ အကျင့်စာရိတ္တနှင့် အမှုထမ်းသက်မှတ်တမ်းစာအုပ်တွင် ဖော်ပြရေးသားထားရမည်။

၁၁၈၀။ × × × × × × × × × × × × × × × × × × × × × ×။

၁၁၈၁။ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတွင် ရဲတပ်သားသစ်သင်တန်းစာမေးပွဲ စစ်ဆေးရန် ဘာသာရပ်နှင့် သတ်မှတ်ထားသည့် အမှတ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| ဘာသာရပ်များ | အမှတ်များ |
| --- | --- |
| (က) ရဲအက်ဥပဒေဘာသာရပ် | ၄၀ |
| (ခ ) အထူးနှင့်အထွေထွေဥပဒေဘာသာရပ် | ၄၀ |
| (ဂ ) ရဲလက်စွဲဘာသာရပ် | ၄၀ |
| (ဃ) သက်သေခံဥပဒေဘာသာရပ် | ၄၀ |
| (င ) ပြစ်မှုဆိုင်ရာဥပဒေဘာသာရပ် | ၄၀ |
| (စ ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေဘာသာရပ် | ၄၀ |

(ဆ) စစ်ပညာဘာသာရပ် ၄၀

(ဇ) လုံခြုံရေးနှင့်ထောက်လှမ်းရေးဘာသာရပ် ၄၀

(ဈ) အဓိကရုဏ်းနှိမ်နင်းရေးဘာသာရပ် ၄၀

(ည) အထွေထွေဘာသာရပ် ၄၀

(၁) ရဲကျင့်ဝတ်ဘာသာရပ်။

(၂) ခေါင်းဆောင်မှုဘာသာရပ်။

(၃) စီမံခန့်ခွဲမှုဘာသာရပ်။

(၄) လူမှုဆက်ဆံရေးဘာသာရပ်။

(၅) မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဘာသာရပ်။

(၆) ဒို့တာဝန်အရေးသုံးပါးဘာသာရပ်။

(၇) စိတ်ဓာတ်နှင့်စည်းကမ်းဘာသာရပ်။

(၈) ဖွဲ့စည်းပုံအဆင့်ဆင့်နှင့်တာဝန်ဘာသာရပ်။

(၉) စာရိတ္တပိုင်းဆိုင်ရာ လောကနီတိပြည်သူ့နီတိဘာသာရပ်။

(၁၀) ရဲတပ်ဖွဲ့သမိုင်းဘာသာရပ်။

(၁၁) တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်ဘာသာရပ်။

(၁၂) ကျန်းမာရေးနှင့်ရှေးဦးသူနာပြုဘာသာရပ်။

(၁၃) ကိုယ်ခံပညာဘာသာရပ်။

(၁၄) ရဲလုပ်ငန်းဘာသာရပ်။

သင်တန်းသားတစ်ဦးချင်း၏ ဘာသာရပ်အလိုက် ရမှတ်များကိုပေါင်းပြီး ကြီးစဉ် သတ်မှတ်၍ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲရေး ဌာနသို့ ပေးပို့ရပါမည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ သင်တန်းဆင်းရဲတပ်သား များကို ကိုယ်ပိုင်အမှတ် သတ်မှတ်ပေးခြင်းနှင့် တာဝန်ခွဲဝေ ချထားခြင်းများ ဆောင်ရွက်ပါသည်။

## ၁၁

## အခြားအဆင့်တပ်ဖွဲ့ဝင်များရာထူးတိုးမြှင့်ပေးရေးဆိုင်ရာ ကိစ္စရပ်များ

### ရဲဒုတပ်ကြပ်၊ ရဲတပ်ကြပ်နှင့် ရဲတပ်ကြပ်ကြီးအဆင့်တိုးမြှင့်ပေးရေး

၁၁၈၂။ (က) အဆင့်တိုးမြှင့်ပေးရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရဲတပ်သား ရဲဒုတပ်ကြပ်နှင့် ရဲတပ်ကြပ်များကို သာစိစစ်ပြီး ထောက်ခံတင်ပြရမည်–

(၁) ရဲတပ်သားမှ ရဲဒုတပ်ကြပ်အဆင့်တိုးမြှင့်ပေးရေး

(ကက) ရဲတပ်သားလုပ်သက် ၂ နှစ်ပြည့်သူ။

(ခခ) တက္ကသိုလ်တစ်ခုခုမှ ဒုတိယနှစ် အောင်မြင်၍ အခြေခံလေ့ကျင့်ရေးသင်တန်း တက်ရောက်ပြီး သင်တန်းဆင်းကာလ ၆ လရှိသူ။

(ဂဂ) ဘွဲ့ရပြီး အခြေခံလေ့ကျင့်ရေးသင်တန်း တက်ရောက်ပြီးသူ။

(ဃဃ) နယ်ဘက်တရားရုံးတွင် အမှုအခင်းမရှိသူ။

(ငင) ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရလည်းကောင်း၊ နယ်ဘက်တရားရုံးမှလည်းကောင်း၊ တစ်နှစ်အတွင်း အပြစ်ပေးခံရခြင်းမရှိသူ။

(စစ) အခြေခံလေ့ကျင့်ရေးသင်တန်းတက်ရောက်ပြီးသူ။

(၂) ရဲဒုတပ်ကြပ်မှ ရဲတပ်ကြပ်အဆင့်တိုးမြှင့်ပေးရေး

(ကက) ရဲဒုတပ်ကြပ်လုပ်သက် ၃ နှစ်ပြည့်သူ။

(ခခ) တက္ကသိုလ် တစ်ခုခုမှ ဒုတိယနှစ်အောင်မြင်ပြီး ရဲဒုတပ်ကြပ်လုပ်သက် ၂ နှစ်ပြည့်သူ သို့မဟုတ် ဘွဲ့ရပြီး ရဲဒုတပ်ကြပ်လုပ်သက် ၁ နှစ်ပြည့်သူ။

(ဂဂ) နယ်ဘက်တရားရုံးတွင်အမှုအခင်းမရှိသူ။

(ဃဃ) ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေ အရလည်းကောင်း၊ နယ်ဘက်တရားရုံးမှ လည်းကောင်း တစ်နှစ်အတွင်း အပြစ်ပေးခံရခြင်းမရှိသူ။

(ငင) အခြေခံလေ့ကျင့်ရေးသင်တန်းတက်ရောက်ပြီးသူ။

(၃) ရဲတပ်ကြပ်မှ ရဲတပ်ကြပ်ကြီးအဆင့်တိုးမြှင့်ပေးရေး

(ကက) ရဲတပ်ကြပ်လုပ်သက် ၃ နှစ်ပြည့်သူ။

(ခခ) တက္ကသိုလ် တစ်ခုခုမှ ဒုတိယနှစ်အောင်မြင်ပြီး ရဲတပ်ကြပ် လုပ်သက် ၂ နှစ်ပြည့်သူ သို့မဟုတ် ဘွဲ့ရပြီးရဲတပ်ကြပ်လုပ်သက် ၁ နှစ်ပြည့်သူ။

(ဂဂ) နယ်ဘက်တရားရုံးတွင်အမှုအခင်းမရှိသူ။

(ဃဃ) ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေ အရ လည်းကောင်း နယ်ဘက်တရားရုံးမှလည်းကောင်း တစ်နှစ်အတွင်း အပြစ်ပေးခံရခြင်းမရှိသူ။

(ငင) အခြေခံလေ့ကျင့်ရေးသင်တန်းတက်ရောက်ပြီးသူ။

(ခ) အထက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်ရဲတပ်သား ရဲဒုတပ်ကြပ်နှင့်ရဲတပ်ကြပ်များကို အဆင့်တိုးမြှင့်ပေးရေးအတွက် စိစစ်ရေးအဖွဲ့ ထောက်ခံရေးအဖွဲ့ ရွေးချယ်ရေးအဖွဲ့များကို အရာရှိမဟုတ်သူများ အဆင့်တိုးမြှင့်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူ)ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီဖွဲ့စည်းဆောင်ရွက်ရမည်။

(ဂ) စိစစ်ရေးအဖွဲ့များသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော ရဲတပ်သား ရဲဒုတပ်ကြပ်နှင့် ရဲတပ်ကြပ်များကို အောက်ပါအချက်များအပေါ် မူတည်၍စိစစ်ပြီး အဆင့်တိုးမြှင့်ပေးသင့်သူများအား မိမိအထက် ထောက်ခံရေးအဖွဲ့သို့ ထောက်ခံချက်အမည်စာရင်း တင်သွင်းရမည်-

(၁) မိမိအဆင့်နှင့်လျော်ညီသောလုပ်ရည်ကိုင်ရည်ရှိခြင်း။

(၂) ကြိုးစားမှုရှိခြင်း အပင်ပန်းခံ၍လုပ်ငန်းဆောင်ရွက်ခြင်း။

(၃) အရှင်းရှင်းသော်လည်းကောင်း ပြည်သူလူထုနှင့်သော်လည်းကောင်း မှန်ကန်စွာဆက်ဆံနိုင်ခြင်း။

(၄) ခေါင်းဆောင်မှုပေးနိုင်ခြင်း ကြီးကြပ်မှုကျွမ်းကျင်နိုင်နင်းခြင်း။

(၅) ယုံကြည်စိတ်ချရခြင်း ရိုးသားတည်ကြည်ခြင်း ကိုယ်ကျင့်သိက္ခာရှိခြင်း။

(ဃ) ထောက်ခံရေးအဖွဲ့များသည် စစ်ဆေးရေးအဖွဲ့များထံမှ ထောက်ခံတင်ပြထားသည့်ရဲတပ်သား၊ ရဲဒုတပ်ကြပ်နှင့် ရဲတပ်ကြပ်များကို လူတွေ့စစ်ဆေးရမည်။ လူတွေ့စစ်ဆေးရာတွင် အရာရှိမဟုတ်သူများ အဆင့်တိုးမြှင့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မှ)ပါသတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်နည်းစနစ်နှင့် အမှတ်ပေးစနစ်များအတိုင်း ဆောင်ရွက်ရမည်။

(င) ထောက်ခံရေးအဖွဲ့များသည် လူတွေ့စစ်ဆေးပြီး အနည်းဆုံးအမှတ် ၅၁ မှတ်ရရှိသည့် ရဲတပ်သား ရဲဒုတပ်ကြပ်နှင့်ရဲတပ်ကြပ်များအား အရာရှိမဟုတ်သူများ အဆင့်တိုးမြှင့်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်း (မှ)ပါသတ်မှတ်ပုံစံအတိုင်းရေးသွင်း၍ မိမိအထက်ရွေးချယ်ရေးအဖွဲ့များသို့ ထောက်ခံတင်ပြရမည်။

(စ) ရွေးချယ်ရေးအဖွဲ့များသည် ထောက်ခံရေးအဖွဲ့များက ထောက်ခံတင်ပြလာသည့် ရဲတပ်သား ရဲဒုတပ်ကြပ်နှင့်ရဲတပ်ကြပ်များကို လူတွေ့စစ်ဆေးရမည်။လူတွေ့စစ်ဆေးရာတွင်အရာရှိမဟုတ်သူများ အဆင့်တိုးမြှင့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မှ)ပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်း၊ စနစ်နှင့်အမှတ်ပေးစနစ်များ အတိုင်းဆောင်ရွက်ရမည်။

(ဆ) ရွေးချယ်ရေးအဖွဲ့များသည်အထက်ပါအတိုင်း စိစစ်ရွေးချယ်သည့် ရဲတပ်သား ရဲဒုတပ်ကြပ်နှင့် ရဲတပ်ကြပ်များအား ရမှတ်အများအနည်းအလိုက်ကြီးစဉ်စာရင်းများကိုအောက်ပါအတိုင်းခွဲခြားပြုစုရေးဆွဲရမည်-

(၁) ရဲတပ်သားအဆင့်မှရဲဒုတပ်ကြပ်အဆင့်တိုးမြှင့်ရေးကြိုးစဉ်စာရင်း။

(၂) ရဲဒုတပ်ကြပ်အဆင့်မှရဲတပ်ကြပ်အဆင့်တိုးမြှင့်ရေးကြိုးစဉ်စာရင်း။

(၃) ရဲတပ်ကြပ်အဆင့်မှ ရဲတပ်ကြပ်ကြီးအဆင့် တိုးမြှင့်ရေးကြိုးစဉ်စာရင်း။

(ဇ) ပြည်နယ်/ တိုင်း၊တပ်ရင်း/ တပ်ဖွဲ့နှင့်ကျောင်းများသည် ရွေးချယ်ရေးအဖွဲ့များက အထက်ပါအတိုင်းအဆင့်လိုက်ခွဲခြားပြုစုရေးဆွဲထားသည့် ကြိုးစဉ်စာရင်းတစ်စောင်စီကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ ပေးပို့ရမည်။

(ဈ) ပြည်နယ်/ တိုင်း၊ တပ်ရင်း/ တပ်ဖွဲ့နှင့် ကျောင်းများသည် လစ်လပ်လျက်ရှိသည့် ရဲဒုတပ်ကြပ် ရဲတပ်ကြပ် ရဲတပ်ကြပ်ကြီးအဆင့်အလိုက် အင်အားများအရ အဆင့်တိုးမြှင့်ရေးအတွက် နေရာလပ်များ ခွဲဝေချထားပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်သို့ တင်ပြတောင်းခံရမည်။

(ည) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ခွင့်ပြုသည့် ရဲဒုတပ်ကြပ်နှင့်ရဲတပ်ကြပ်အဆင့်နေရာလပ်များအပေါ်မူတည်၍ ပြည်နယ်/တိုင်း၊ တပ်ရင်း/တပ်ဖွဲ့နှင့်ကျောင်းများသည် ရေးဆွဲထားသည့် အဆင့်အလိုက်ကြိုးစဉ်စာရင်းများမှ ကြိုးစဉ်အလှည့်ကျရောက်ပြီးအရာရှိမဟုတ်သူများအဆင့်တိုးမြှင့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူ)ပါ သတ်မှတ်ပြဋ္ဌာန်းချက်များအရလည်းကောင်း ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရလည်းကောင်း ငြိစွန်းမှုမရှိသည့်ရဲတပ်သားနှင့်ရဲဒုတပ်ကြပ်များအား အဆင့်တိုးမြှင့်ခန့်ထားရမည်။

(ဋ) ရဲတပ်ကြပ်ကြီးအဆင့် တိုးမြှင့်ရေးကိုမူပြည်နယ်/ တိုင်းတပ်ရင်း/ တပ်ဖွဲ့နှင့်ကျောင်းများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ခွင့်ပြုသည့် နေရာလပ်ပေါ်မူတည်၍ ရေးဆွဲထားသည့် ကြိုးစဉ်စာရင်းမှ ကြိုးစဉ်အလှည့်ကျရောက်ပြီး၊ အရာရှိမဟုတ်သူများ အဆင့်တိုးမြှင့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူ)ပါ သတ်မှတ်ပြဋ္ဌာန်း

ချက်များအရလည်းကောင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရလည်းကောင်း ငြိစွန်းမှုမရှိသည့် ရဲတပ်ကြပ်များကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ ထောက်ခံတင်ပြရမည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည်ပြည်နယ်/တိုင်း၊ တပ်ရင်း/တပ်ဖွဲ့နှင့်ကျောင်းများမှပေးပို့ထားသည့် ကြီးစဉ်နှင့်တိုက်ဆိုင်စစ်ဆေး၍ရဲတပ်ကြပ်ကြီးအဆင့် တိုးမြှင့်ခန့်ထားပေးရမည်။

## ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့်တိုးမြှင့်ပေးရေး

၁၁၈၃။ (က) အောက်အဆင့် ရုံး/ဌာနခွဲများသည် ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့် တိုးမြှင့်ပေးရန် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ စိစစ်ပြီး ပြည်နယ်/တိုင်း၊ တပ်ရင်း/တပ်ဖွဲ့/ ကျောင်းနှင့်ဌာနများသို့ ထောက်ခံတင်ပြရမည်-

(၁) ရဲတပ်ကြပ်ကြီးလုပ်သက် ၃ နှစ်ပြည့်ပြီးသူ။ (ရဲတပ်ကြပ်ကြီးဝါအရင့်ဆုံးသူကို ဦးစားပေးရမည်။)

(၂) ပညာအရည်အချင်းအနည်းဆုံး ၇ တန်းအောင်မြင်ပြီးသူ။

(၃) နယ်ဘက်တရားရုံးတွင်အမှုအခင်းမရှိသူ။

(၄) ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရလည်းကောင်း၊ နယ်ဘက်တရားရုံးများမှလည်းကောင်း၊ တစ်နှစ်အတွင်းအပြစ်ပေးခံရခြင်းမရှိသူ။

(ခ) အောက်အဆင့်ရုံး/ဌာနခွဲများ၏ ထောက်ခံတင်ပြချက်များကိုရရှိသည့်အခါ၊ ပြည်နယ်/တိုင်း၊ တပ်ရင်း/တပ်ဖွဲ့/ကျောင်းနှင့်ဌာနများသည် စိစစ်ရွေးချယ်ရေးအဖွဲ့များကို ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့် တိုးမြှင့်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူ)ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းရမည်။

(ဂ) စိစစ်ရေးအဖွဲ့များသည် အောက်ပါအချက်များအပေါ် မူတည်၍ ပဏာမစစ်ဆေးရမည်-

(၁) မိမိအဆင့်နှင့်လျော်ညီသောလုပ်ရည်ကိုင်ရည်ရှိခြင်း။

(၂) ကြီးစားမှုရှိခြင်း၊ အပင်ပန်းခံ၍လုပ်ငန်းဆောင်ရွက်ခြင်း။

(၃) အချင်းချင်းသော်လည်းကောင်း၊ ပြည်သူလူထုနှင့်သော်လည်းကောင်း၊ မှန်ကန်စွာဆက်ဆံနိုင်ခြင်း။

(၄) ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ ကြီးကြပ်မှုကျွမ်းကျင်နိုင်နင်းခြင်း။

(၅) ယုံကြည်စိတ်ချရခြင်းရိုးသားတည်ကြည်မှုရှိခြင်းကိုယ်ကျင့်သိက္ခာရှိခြင်း။

(ဃ) စိစစ်ရွေးချယ်ရေးအဖွဲ့များသည် ကန့်သတ်ထားသည့် အရည်အချင်းနှင့်ကိုက်ညီသော ရဲတပ်ကြပ်ကြီးများကို လူတွေ့စစ်ဆေးရမည်။ လူတွေ့စစ်ဆေးရာတွင် ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့် တိုးမြှင့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူ)ပါသတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်နည်းစနစ်နှင့် အမှတ်ပေးစနစ်များအတိုင်း ဆောင်ရွက်ရမည်။

(င) စိစစ်ရွေးချယ်ရေးအဖွဲ့များသည် လူတွေ့စစ်ဆေးပြီး အနည်းဆုံးအမှတ် ၅၁ မှတ်ရရှိသူများကိုသာ ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့် တိုးမြှင့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူ)ပါ သတ်မှတ်ပုံစံအတိုင်း ရေးသွင်းပြီး ပြန်လည်စိစစ် အပြီးသတ်ရွေးချယ်ရမည်။

(စ) စိစစ်ရွေးချယ်ရေးအဖွဲ့များသည် အနည်းဆုံးအမှတ် ၅၁ မှတ်ရရှိသော ရဲတပ်ကြပ်ကြီးများကို ပြန်လည်စိစစ် အပြီးသတ်ရွေးချယ်ရာတွင် ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့်တိုးမြှင့်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်း(မူ)ပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်နည်းစနစ်နှင့် အမှတ်ပေးစနစ်များအတိုင်း ဆောင်ရွက်ရမည်။

(ဆ) စိစစ်ရွေးချယ်ရေးအဖွဲ့များသည် အပြီးသတ် ရွေးချယ်ထားသည့် ရဲတပ်ကြပ်ကြီးများကို တစ်ဦးချင်းရရှိသည့် အမှတ်များအပေါ်မူတည်၍ အောက်ပါအချက်အလက်များပါဝင်သည့် ကြီးစဉ်စာရင်းကိုရေးဆွဲပြုစုလက်မှတ်ရေးထိုးကာ ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့်တိုးမြှင့် ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူ)ပါ တစ်ဦးချင်း

အတွက် သတ်မှတ်ပုံစံများနှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ပေးပို့ရမည်-

(၁) အမှတ်စဉ်။

(၂) ကိုယ်ပိုင်အမှတ်။

(၃) အမည်။

(၄) ပညာအရည်အချင်း(အောင်မြင်သည့်အတန်းကိုသာဖော်ပြရမည်)။

(၅) ရရှိခဲ့သည့်တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့/စွမ်းရည်သတ္တိတံဆိပ်နှင့်စစ်မှုထမ်းကောင်းတံဆိပ်။

(၆) ရရှိခဲ့သည့် ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိတံဆိပ်/ စွမ်းဆောင်မှုတံဆိပ်နှင့်ရဲမှုထမ်းကောင်းတံဆိပ်။

(၇) ရရှိခဲ့သည့်ရဲချုပ်ရုံး(အမှုထမ်းကောင်းလက်မှတ်နှင့်ဆုငွေ/အမှုထမ်းကောင်းလက်မှတ်/ဆုငွေစသည်ဖြင့်ခွဲခြားဖော်ပြရန်)။

(၈) လူတွေ့စစ်ဆေးခြင်းရမှတ်။

(၉) ပညာအရည်အချင်းရမှတ်။

(၁၀) လုပ်သက်ရမှတ်။

(၁၁) ရမှတ်ပေါင်း။

(၁၂) ကြိုးစဉ်အမှတ်။

(၁၃) မှတ်ချက်။

မှတ်ချက်။ အပိုဒ်ခွဲ(၅)(၆)(၇)ပါ ဘွဲ့/တံဆိပ်/လက်မှတ်နှင့်ဆုငွေ ရရှိခဲ့မှုများကို အသောက်အထားပြည့်စုံစွာဖြင့် ပူးတွဲတင်ပြရမည်။

(ဓ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် ပြည်နယ်/တိုင်း၊ တပ်ရင်း/တပ်ဖွဲ့/ကျောင်းနှင့်ဌာနများမှ အပြီးသတ် ရွေးချယ်ရရှိသည့်

ရဲတပ်ကြပ်ကြီးများစာရင်း ပြည့်စုံစွာရရှိပါက အောက်ပါအမှတ်ပေးစနစ်အတိုင်း တစ်ဦးချင်းရရှိသည့် သတ်မှတ်အမှတ်များကို စိစစ်ထည့်သွင်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံး၏ ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့်တိုးမြှင့်ရေး ကြိုးစဉ်စာရင်းချုပ်ကို ရေးဆွဲရမည်–

(၁) ပညာအရည်အချင်း၊

| | |
|---|---|
| (ကက) ၇ တန်းအောင်လျှင် | ၁ မှတ်။ |
| (ခခ) ၈ တန်းအောင်လျှင် | ၂ မှတ်။ |
| (ဂဂ) ၉ တန်းအောင်လျှင် | ၃ မှတ်။ |
| (ဃဃ) အခြေခံပညာအထက်တန်း(က)(ခ) သို့မဟုတ်တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်တစ်ခုခုမှပထမနှစ် အောင်လျှင် | ၄ မှတ်။ |
| (ငင) တက္ကသိုလ်တစ်ခုခုမှဒုတိယနှစ်/ တတိယနှစ်အောင်လျှင်။ | ၆ မှတ်။ |
| (စစ) တက္ကသိုလ်တစ်ခုခုမှ စတုတ္ထနှစ် အောင်လျှင်။ | ၈ မှတ်။ |
| (ဆဆ) ဘွဲ့ရလျှင် | ၁၀ မှတ်။ |

(၂) တပ်မတော်ဆိုင်ရာချီးမြှင့်သည့်ဘွဲ့

| | |
|---|---|
| (ကက) အောင်ဆန်းသူရိယဘွဲ့ | ၁၄ မှတ်။ |
| (ခခ) သီဟသူရဘွဲ့ | ၁၄ မှတ်။ |
| (ဂဂ) သူရဘွဲ့ | ၁၄ မှတ်။ |

(၃) တပ်မတော်ဆိုင်ရာချီးမြှင့်သည့်တံဆိပ်

| | |
|---|---|
| (ကက) အောင်ဆန်းတံဆိပ် | ၁၂ မှတ်။ |
| (ခခ) သီဟဗလတံဆိပ် | ၁၂ မှတ်။ |

(ဂ ဂ ) သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ၁၂ မှတ်။

(၄ ) စစ်မှုထမ်းကောင်းတံဆိပ် ၈ မှတ်။

(၅ ) ရဲတပ်ဖွဲ့ဆိုင်ရာချီးမြှင့်သတ္တိတံဆိပ်

(ကက) ရဲသီဟတံဆိပ် ၁၀ မှတ်။

(ခ ခ ) ရဲသူရတံဆိပ် ၁၀ မှတ်။

(ဂ ဂ ) ရဲဇလတံဆိပ် ၁၀ မှတ်။

(၆ ) ရဲတပ်ဖွဲ့ဆိုင်ရာချီးမြှင့်ဆောင်ရွက်တံဆိပ်

(ကက) ရဲသူရိန်တံဆိပ် ၈ မှတ်။

(ခ ခ ) ရဲကျော်စွာတံဆိပ် ၈ မှတ်။

(ဂ ဂ ) ရဲကျော်သူတံဆိပ် ၈ မှတ်။

(၇ ) ရဲမှုထမ်းကောင်းတံဆိပ် ၆ မှတ်။

(၈ ) ရဲချုပ်မှချီးမြှင့်သည့်ဆု

(ကက) အမှုထမ်းကောင်းလက်မှတ်နှင့်ဆုငွေ ၄ မှတ်။

(ခ ခ ) အမှုထမ်းကောင်းလက်မှတ် ၂ မှတ်။

(ဂ ဂ ) ဆုငွေ ၂ မှတ်။

(ဈ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံး၏ ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံ အဆင့်တိုးမြှင့်ရေး ကြိုးစဉ်စာရင်းချုပ် ရေးဆွဲရာတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် ရွေးချယ်ရေးအဖွဲ့ဖြင့် ဆောင်ရွက်ရမည်-

(၁ ) ရဲဒုချုပ် ဥက္ကဋ္ဌ။

(၂ ) ဌာနမှူး၊ မှုးယာဉ်ဗဟိုနှင့်မှုးယာဉ်ဆေးဝါး ပပျောက်ရေးဌာန အဖွဲ့ဝင်။

(၃ ) ညွှန်ကြားရေးမှူး(စီမံ/လေ့ကျင့်) အဖွဲ့ဝင်။

(၄) ညွှန်ကြားရေးမှူး(ရေး) အဖွဲ့ဝင်။

(၅) ညွှန်ကြားရေးမှူး(ထောက်ပံ့) အဖွဲ့ဝင်။

(၆) ဒုတိယညွှန်ကြားရေးမှူး(ရေး) အတွင်းရေးမှူး။

(၇) ရုံးမှူး(ရေး ၁) တွဲဖက်အတွင်းရေးမှူး။

(ည) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံး၏ ရဲအရာခံအဆင့် အလိုအင်အား အပေါ် အခြေပြု၍ ရဲတပ်ကြပ်ကြီးအဆင့်မှ ရဲအရာခံအဆင့်တိုးမြှင့်ရေး ကြိုးစင်စာရင်းချုပ်မှ ကြိုးစင်အလှည့်ကျရောက်ပြီး ရဲတပ်ကြပ်ကြီးအဆင့်မှရဲအရာခံအဆင့်သို့ တိုးမြှင့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မှ)ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရလည်းကောင်း ငြိစွန်းခြင်းမရှိသည့်ရဲတပ်ကြပ်ကြီးများအား ရဲအရာခံအဆင့် တိုးမြှင့်ခန့်ထားရေးအတွက် ရဲချုပ်ထံ တင်ပြရမည်။ ရဲချုပ်၏ခွင့်ပြုချက်ရရှိက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အခြားအဆင့်ဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြ၍ ခန့်ထားရမည်။

၁၁၈၄။ (က) ရဲဒုတပ်ကြပ် ရဲတပ်ကြပ် ရဲတပ်ကြပ်ကြီးနှင့် ရဲအရာခံအဆင့်တိုးမြှင့်ရေးကြိုးစင်စာရင်းများ၏ သက်တမ်းသည် ရွေးချယ်ရေးအဖွဲ့များက ရေးဆွဲအတည်ပြုသည့်နေ့မှစ၍ ၂ နှစ်အတည်ဖြစ်သည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည်ရဲတပ်ကြပ်ကြီးမှရဲအရာခံအဆင့်တိုးမြှင့်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်း(မှ)နှင့် အရာရှိမဟုတ်သူများအဆင့်တိုးမြှင့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(မှ)ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို ပြောင်းလဲလာသည့် အခြေအနေပေါ်မူတည်၍ လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုရမည်။

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် အဆင့်တိုးမြှင့်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်း(မှ)များအဖြစ် ခေါ်သို့ပင်သတ်မှတ်ပြဋ္ဌာန်းထားစေကာမူ ဒေသကော်မော်ပြုပါကိစ္စများတွင် ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့

ကြသော တပ်ဖွဲ့ဝင်များအား အထူးကိစ္စတစ်ရပ်အနေဖြင့် အဆင့်တိုးမြှင့်ခန့်ထားနိုင်သည်-

(၁) လုပ်ငန်းတာဝန်များကို အလွန်ထူးခြားသော လုပ်ငန်းစွမ်းရည်ဖြင့် ခွမ်းစွမ်းတာမဲဆောင်ရွက်ခြင်း။

(၂) လုပ်ငန်းတာဝန်များကို ထူးကဲသော သူရသတ္တိဖြင့် စွမ်းစွမ်းတမံဆောင်ရွက်ခြင်း။

(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဖွင့်လှစ်သည့်ရဲတပ်ကြပ်ကြီးစာရေးသင်တန်းသို့တက်ရောက်ခွင့်ရရေးအတွက် သတ်မှတ်ချက်ပညာအရည်အချင်းနှင့် ပြည့်စုံသောရဲတပ်ဖွဲ့ဝင်များဝင်ရောက်ဖြေဆိုခွင့်ရှိသည်စာမေးပွဲအောင်မြင်သော ရဲတပ်ဖွဲ့ဝင်များအား ရဲတပ်ကြပ်ကြီးစာရေးအဖြစ်သင်တန်းသို့ တက်ရောက်စေပြီးနောက် ရဲတပ်ကြပ်ကြီးစာရေးအလုပ်သင်အဖြစ် တစ်နှစ်တာဝန် ထမ်းဆောင်ရမည်။ အလုပ်သင်တာဝန်ပြီးဆုံးပြီးနောက် သင့်လျော်သူများကို ခရိုင်ရဲတပ်ဖွဲ့မှူးက ရဲစခန်း၊ရဲကင်းများတွင် စာရေးအဖြစ် တာဝန်ချထားနိုင်သည်။

## ကျွမ်းကျင်မှုနှင့်မွမ်းမံသင်တန်းများသို့တက်ရောက်သင်ကြားစေခြင်း

၁၁၈၅။ ရဲတပ်ဖွဲ့ဝင်များကို မမေ့မလျော့စေရန် အမြဲပြုသသွန်သင်ခြင်းမရှိလျှင် သင်ကြားတတ်မြောက်ပြီးသည်များကိုပင် မေ့လျော့သွားတတ်ကြသည်။ ရဲစခန်းမှူးနှင့်ရဲစာရေးတို့သည် မိမိတို့၏လက်အောက်အမှုထမ်းတို့ စစ်ရေးပြခြင်းကောင်းစွာကျွမ်းကျင်စေရန်နှင့် လိုက်နာဆောင်ရွက်ရမည့် ကျင့်ထုံးနည်းလမ်းဥပဒေများကိုကောင်းစွာတတ်ကျွမ်းနားလည်စေရန် တာဝန်ရှိသည်။သင်ကြားပြီးသော ရဲတပ်ဖွဲ့ဝင်များကို အနည်းဆုံး ၃ နှစ်လျှင်တစ်ကြိမ်ကျ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများသို့ တတ်မြောက်ပြီးသော၊ သင်ခန်းစာ၊ ဥပဒေ၊ စစ်ရေးပြခြင်းစသည်တို့ကို မမေ့မလျော့စေခြင်းငှာ မွမ်းမံသင်တန်းပြန်၍ တက်ရောက်သင်ကြားစေရမည်။

၁၁၈၆။ ခရိုင်ရဲတပ်ဖွဲ့မှူးတို့သည် ရဲစခန်းများနှင့်ရဲကင်းများကို စစ်ဆေးရာ၌ တပ်ဖွဲ့ဝင်တို့လိုက်နာရန် ဥပဒေကျင့်ထုံးနည်းလမ်းနှင့် စစ်ရေးပြခြင်းများကောင်းစွာကျွမ်းကျင်တတ်မြောက်ခြင်းတို့ကို စမ်းသပ်စစ်ဆေး စေမြန်းခြင်း ပြုလုပ်ရမည်။ စမ်းသပ်စစ်ဆေးရာ၌ ဥပဒေ၊ စစ်ရေးပြစသည်တို့ကို မေ့လျော့၍ မကျွမ်းကျင်ပါက ထိုသူများကို ကျွမ်းကျင်မှုနှင့် မွမ်းမံသင်တန်းသို့ ပြန်၍တက်ရောက်စေရမည်။

၁၁၈၇။ ဆောင်ရွက်ရန် အလုပ်ဝတ္တရားများကို နားလည်ကျွမ်းကျင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံသို့ အစီရင်ခံစာ တင်သွင်းခံရသည့် ရဲအရာရှိများကို ဗဟိုလေ့ကျင့်ရေးဌာနတွင် ဖွင့်လှစ်သည့် ကျွမ်းကျင်မှုနှင့် မွမ်းမံသင်တန်းများသို့ တက်ရောက်စေရမည်။ ထိုသူများသည် ရဲလုပ်ငန်းဝတ္တရား ကျွမ်းကျင်ရန် အခြေအနေမရှိကြောင်း ကျောင်းအုပ်ကြီးက ထင်မြင်ယူဆခဲ့သော် ၄င်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြရမည်။

# အပိုင်း(၂)

# အထွေထွေစီမံအုပ်ချုပ်ရေးဆိုင်ရာဆောင်ရွက်ရသည့် အလုပ်ဝတ္တရားများ

## အခန်း (၄၀)

## ရဲစခန်း၊ ရဲကင်းများကို ကာကွယ်စောင့်ရှောက်ခြင်း ကင်းစောင့်များနှင့်ကြပ်မတ်ပို့ဆောင်ရသူတို့လိုက်နာရန် နည်းလမ်းများ

### ကင်းများကိုဖြတ်၍ တိုက်ခိုက်ခြင်းမပြုနိုင်အောင် ကာကွယ်စောင့်ရှောက်ခြင်း

၁၁၈၈။ သတ်မှတ်ထားသောပုံစံများအတိုင်း ရဲစခန်းများနှင့် အချုပ်ခန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဆောက်ပုံဌာန၏ ကြီးကြပ်မှုဖြင့် တည်ဆောက်သည်။ တစ်ခါတစ်ရံ မြေအနေအထား ပတ်ဝန်းကျင်အနေအထား သတ်မှတ်ခွင့်ပြုငွေပေါ် မူတည်၍ ဒေသန္တရအလျောက် သင့်လျော်သလို ဆောက်လုပ်ကြရသည်များလည်း ရှိပါသည်။ ထိုကဲ့သို့ အခြေအနေအရ ပြုပြင်ပြောင်းလဲ ဆောက်လုပ်ရပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ ခွင့်ပြုချက်ကို ရယူရမည်။

၁၁၈၉။ ရေးပုံယောင်းအရ ခုခံနိုင်သော ရဲစခန်းများကို ပြင်ပမှ ရန်သူများ တိုက်ခိုက်ခံရသည်ရှိသော် အပြင်လှေကားနှင့် ရဲစခန်းအဆောက်အဦကို ဆက်သွယ်ထားသော တံတားကို ဆွဲတင်၍ အောက်ထပ်မှ ကောင်းစွာခုခံနိုင်မည်ဆိုလျှင် အထက်ထပ်အချုပ်ခန်းတွင်ရှိသော အကျဉ်းသားများကို ပြင်ပမှလူများ ကူညီရန် မတတ်နိုင်ချေ။ ထို့ကြောင့် ဤရဲစခန်းမျိုးတွင် ပြင်ပမှလှေကားနှင့် ရဲစခန်းအဆောက်အဦကို ဆက်သွယ်ထားသော တံတားရှင်ကို အသုံးမပြုသည့်အခါ အမြဲဆွဲတင်ထားရမည်။ ခုခံနိုင်သော ရဲစခန်းများတွင် "သူရဲမို"တံခါးမှ သော့ကို ကင်းအစောင့်အကြပ်လူကြီးထံ၌ ရှိစေရမည်။ ထိုကင်းအစောင့်အကြပ်လူကြီးက ဝင်ထွက်ရန်အလိုရှိသည် မှတစ်ပါး အမြဲသော့ခတ်ပိတ်ထားရမည်။ ယခုအခါတွင် အသစ်ဆောက်လုပ်သော ရဲစခန်းများမှာ အုတ်ဖြင့် ၂ ထပ်ဆောက်လုပ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို အပေါ်ထပ်တွင်ထားရှိ၍ ရဲစခန်းနှင့်အချုပ်ခန်းကို အောက်ထပ်တွင် ထားရှိသည်။ မြန်မာ့ဝင်ရဲအရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များသာလျှင် ခုခံနိုင်သော ရဲစခန်းအတွင်းဖြစ်စေ မခုခံနိုင်သော ရဲစခန်းအတွင်းဖြစ်စေ ဝင်ထွက်သွားလာခွင့် ရှိသည်။ အခြားမည်သူမျှ ဤရဲစခန်းအတွင်းသို့ ဝင်ထွက်သွားလာခွင့်မရှိ။ သို့သော် ရဲစခန်းကို ကြီးကြပ်အုပ်ချုပ်ရသူအရာရှိ သို့မဟုတ် ရဲစခန်းတွင် ရှိနေသည့် ရာထူးအဆင့်အတန်းအမြင့်ဆုံး ရဲအရာရှိတစ်ယောက်၏ အတိအလင်းပေးထားသော အခွင့်အမိန့်ဖြင့် ရဲစခန်းအတွင်းသို့ဝင်ခွင့်ရှိသည်။

၁၁၉၀။ ရဲစခန်း သို့မဟုတ် အချုပ်ခန်း၏ အလုပ်ဝတ္တရားဆောင်ရွက်ရန်အတွက် ရုံးများကို အောက်ထပ်တွင် ထားရှိခဲ့လျှင် အလုပ်လုပ်နေစဉ် ရုံးခန်းတံခါးကို ဖွင့်ထားနိုင်သည်။ ရုံးခန်းတွင် အလုပ်မလုပ်သောအခါ သော့ခတ်ပိတ်ထားရမည်။ တံခါးကို နေမဝင်ခင် အမြဲပိတ်၍ သော့ဖြင့်ခတ်ထားရမည်။ ကင်းအစောင့်ရှိလျှင် ကင်းအစောင့်အကြပ်လူကြီးထံတွင် တံခါးသော့ကို အပ်ထားရမည်။ ကင်းအစောင့် အကြပ်လူကြီးမရှိက ထိုအချိန်အခါတွင် ထိုသော့ကို ရဲစခန်း တာဝန်မှူးက သိမ်းဆည်းထားရမည်။

## ကင်းများကိုအတွင်းမှ တိုက်ခိုက်ခြင်းမပြုနိုင်အောင် ကာကွယ်စောင့်ရှောက်ခြင်း

၁၁၉၁။ ကင်းစောင့်များသည် အပေါ်ထပ်တွင်သော်လည်းကောင်း၊ အောက်ထပ်တွင်သော်လည်းကောင်း၊ အကျဉ်းသားများကို ချုပ်ထားသည့် အချုပ်ခန်းများကို မြင်သာသည့် နေရာ၌ အိပ်ရမည်။ ၎င်းတို့၏ လက်နက်သော့ကို တာဝန်မှူးက ထိန်းသိမ်းရမည်။ ညနေတိုင်းများကို မည်သည့်အခါမျှ အကျဉ်းသားများ အချုပ်ခန်း

ရှိသော အခန်းကြီးထဲတွင် အလွတ်မဲ့မထားရ။ လက်နက်တိုက်များကို အမြဲ သော့ခတ်ထားရမည်။ ၎င်းသော့များကို ရဲစခန်းမှူးက ထိန်းသိမ်းရမည်။ ရဲစခန်းမှူး သည် ရဲစခန်းမှ အချိန်ကြာမြင့်စွာ ထွက်ခွာသွားရမည်ဖြစ်လျှင် သော့များကို ခေတ္တစခန်းမှူး တာဝန်ထမ်းဆောင်ရမည့် ရဲအရာရှိထံ လွှဲအပ်ရမည်။

## အကျဉ်းသား/အချုပ်သားများအားချုပ်နှောင်ခြင်း

၁၁၉၂။ (က) ရဲစခန်း အချုပ်ခန်း အသီးသီးတွင် အပြင်ဘက်အချုပ်ခန်းနှင့် အပြင်ဘက်တံခါး တစ်ခုစီရှိစေရမည်။ ကြမ်းကိုလည်း နှစ်ထပ်ခင်း ရမည်။ ဒုတိယခင်းသည့် ကြမ်းပြင်များမှာ ပထမခင်းသည့်ကြမ်း ပြင်ကို ကန့်လန့်ဖြတ်၍ ခင်းထားရမည်။ အချုပ်တရားခံများကို ထုတ်ယူလိုသည့်အခါ အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(၁) တာဝန်မှူးက ကင်းအဖွဲ့များ သတ်မှတ်နေရာများတွင် နေရာ ယူပြီး/မပြီးစစ်ဆေးရမည်။

(၂) အချုပ်တရားခံအားလုံးကို ဘူးဝနှင့် ဆန့်ကျင်ဘက်နေရာတွင် ကျောပေး၍ ထိုင်နိုင်းရမည်။

(၃) တာဝန်မှူးက တရားခံအရေအတွက် မှန်ကန်မှုရှိ/မရှိ စစ်ဆေး ရမည်။

(၄) တပ်ကြပ်ကြီးစာရေးက ထုတ်ယူမည့် တရားခံအမည် စာရင်းကို ဖတ်ကြားရမည်။ တရားခံက ဖခင်၏အမည်ကို ပြန်ထူးပြီး ဘူးဝသို့ လာ၍ထိုင်ရမည်။

(၅) ဒုတိယကင်းမှူးက အသင့်ရှိနေသော အချုပ်သော့ဖြင့် ပထမတံခါးကိုဖွင့်၍ တရားခံကို ဘူးထဲဝင်စေရမည်။ ပထမ တံခါးကို ပြန်ပိတ်ရမည်။

(၆) ကင်းမှူးက ဘူးထဲမှ တရားခံကို လက်ထိပ်ခတ်ရမည်။

(၇ ) ဒုတိယကင်းမှူးက ဒုတိယတံခါးကို သော့ဖွင့်၍ တရားခံအား ဘူးထဲမှ အချုပ်ခန်းအပြင်သို့ ထုတ်ရမည်။

(၈ ) ကင်းမှူးက တရားခံအား လက်ထိပ်သံကြိုး ချည်၍ မိမိခါးပတ်ခေါင်းနှင့် တွဲဆက်ရမည်။

(၉ ) တရားခံအား"လက်"ခေါင်းပေါ်တင်၍ ဘူးဘက်သို့ ပြန်လှည့်စေပြီး ကင်းမှူးနှင့် ဒုတိယကင်းမှူးတို့က စနစ်တကျရှာဖွေရမည်။

(၁၀) တရားရုံးထုတ် တရားခံများပါက တရားခံကို အမှတ်(၄)(၅) ကင်းရှေ့တွင် အလှည့်ကျထုတ်၍ ထိုင်ခိုင်းရမည်။

(၁၀) အချုပ်တရားခံအားလုံး အချုပ်ခန်းမှထုတ်ပြီးပါက စခန်းဝင်းတံခါးကို ရုံးထုတ်တပ်ဖွဲ့ဝင်တစ်ဦးက ပိတ်ရမည်။

(၁၂) တရားခံများကို ကင်းမှူးနှင့် ဒုတိယကင်းမှူးတို့က တာဝန်မှူးနှင့်အတူ ကားရှိရာသို့ ခေါ်လာပြီး တရားရုံးထုတ်ကင်းမှူးသို့ လွှဲပြောင်းပေးရမည်။

(၁၃) တရားခံများကို တရားရုံးထုတ်ကင်းမှူးက တစ်ဦးချင်းရှာဖွေစစ်ဆေး၍ ကားပေါ်သို့ တင်ပို့ပေးပြီးမှ အချုပ်ကင်းမှူးက လက်ထိပ်သံကြိုးနှင့်အတူ လွှဲအပ်ရမည်။

(၁၄) တရားရုံးစစ်ဆေးပြီး ပြန်လာသော တရားခံများကိုသော်လည်းကောင်း အချုပ်ယာဉ်ပေါ်မှ ရဲစခန်း အချုပ်ခန်းသို့ ပြန်လည်ပို့အပ်သော တရားခံများကိုသော်လည်းကောင်း အခြားအကြောင်းအမျိုးမျိုးဖြင့် အချုပ်ခန်းအတွင်းသို့ ထည့်သွင်းမည့် တရားခံများကိုသော်လည်းကောင်း အချုပ်ခန်းအတွင်းသို့ ထည့်သွင်း ချုပ်နှောင်မည်ဆိုပါက စခန်းမှူး/တာဝန်မှူးတို့က စနစ်တကျ စစ်ဆေးလက်ခံကာ ရဲစခန်းအဝင် ဆင်ဝင်ပေါက် (ကင်းစောင့်အမြဲတမ်းရှိနေမည့်နေရာ)တွင် အချုပ်တရားခံ ထုတ်ယူစဥ်က ဆောင်ရွက်ခဲ့သည့် စစ်ဆေးပြ အစီအစဥ်များ

အတိုင်း အလားတူ ပြုလုပ်ဆောင်ရွက် ထည့်သွင်းချုပ်နှောင်သွားကြရမည်။

(ခ) အချုပ်တရားခံများအား အချုပ်ယာဉ်ပေါ်သို့ တင်ခြင်းနှင့်ချခြင်း နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အချုပ်ယာဉ်ပေါ်သို့ အချုပ်သားများတင်ခြင်းနည်းလမ်း

(ကက) အချုပ်ယာဉ်သည် သတ်မှတ်နေရာ (တရားရုံး အချုပ်နှင့်အနီးဆုံးနေရာ)တွင် နေရာယူရပ်ရမည်။

(ခခ) အချုပ်ယာဉ်ပေါ်တွင် တရားခံများ အခြားရုံးမှပါလာပါက အချုပ်ယာဉ်နောက်ခန်းထဲရှိ လမ်းကြောင်းတာဝန်ကျအကြပ်ကြီးက တရားခံများအား အချုပ်ယာဉ်အတွင်း တံခါးကို ကျောပေး၍ ပုံစံထိုင် ထိုင်ခိုင်းထားရမည်။

(ဂဂ) ပုံစံထိုင်ခိုင်းပြီးသည်နှင့်တစ်ပြိုင်တည်း ယာဉ်မောင်းက မိမိထိုင်သည့် အခြမ်းဘက်သို့ ဆင်း၍ အချုပ်ယာဉ်အတွင်းသို့ မလိုလားအပ်သော ပစ္စည်းများ မထည့်သွင်းနိုင်ရန် စောင့်ကြပ်ရမည်။

(ဃဃ) အချုပ်ယာဉ် လမ်းကြောင်းလိုက် တာဝန်ခံက သက်ဆိုင်ရာ တရားရုံးမှ မှုခင်းမှတ်တမ်းတာဝန်ခံနှင့် ရုံးထုတ်တာဝန်ခံ အရာရှိထံသို့ ရောက်ရှိကြောင်း သတင်းပို့ရမည်။

(ငင) သက်ဆိုင်ရာ တရားရုံးတာဝန်ခံနှင့် မှုခင်းမှတ်တမ်း တာဝန်ခံတို့သည် မိမိတို့ လွှဲပြောင်းပေးမည့် တရားခံ အရေအတွက်နှင့် ၎င်းတို့အား လမ်းကြောင်းတာဝန်ခံ အရာရှိကို စနစ်တကျ လွှဲပြောင်းပေးရမည်။

(စစ) ၎င်းနောက် တရားရုံး အချုပ်ခန်း အတွင်းရှိ တရားခံများနှင့် ချုပ်ရိုးမန်ရှိ တရားခံအမည်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးရမည်။

(ဆဆ) လမ်းကြောင်းလိုက် တာဝန်ခံအရာရှိသည် အချုပ်ယာဉ်သို့ ပြန်လည် သွားရောက်ပြီး အချုပ်ယာဉ်ဝင်ပေါက်တံခါးသော့အား ကိုယ်တိုင်ကိုင်၍ အမြဲ အပိတ်ပြုလုပ်ကာ တရားခံများတင်နိုင်ရန်အတွက် တာဝန်ယူ ကြီးကြပ် ဆောင်ရွက်ရမည်။

(ဇဇ) အချုပ်ယာဉ် နောက်တွဲခန်းတွင် လမ်းကြောင်းလိုက် တာဝန်ကြပ်ကြီးက အတွင်းတံခါးဖွင့်ပိတ် တာဝန်ယူ ဆောင်ရွက်ရန် ကျန်နေခဲ့ပြီး ကျန်လမ်းကြောင်းလိုက် တပ်ဖွဲ့ဝင်များက အချုပ်ယာဉ်ဝင်ပေါက် တံခါးအနီး တရားခံထွက်မပြေးနိုင်ရန် ဘေးဘယ်/ညာနေရာယူ ထားရမည်။

(ဈဈ) သက်ဆိုင်ရာတရားရုံးမှ မှုခင်းမှတ်တမ်းတာဝန်ခံ၊ တရားရုံးအချုပ်စောင့် တာဝန်ခံအရာရှိနှင့် တာဝန်ကျအဖွဲ့သည် အချုပ်ယာဉ်ပေါ်တွင် တရားခံများတင်ရန် အတွက် အချုပ်ခန်းအတွင်းရှိ တရားခံများကို တံခါးနှင့် ဝေးရာနေရာတွင် တံခါးကို ကျောပေးလျက် ပုံစံထိုင် ခိုင်းထားရမည်။

(ညည) ၎င်းနောက် ထုတ်ယူမည့် တရားခံတစ်ဦး၏ အမည်ကို ခေါ်ယူ၍ ဘူးဝရှိသော အချုပ်ခန်းများတွင် အတွင်းတံခါးအား ဖွင့်ပြီး ဘူးဝအတွင်း ထည့်၍ လက်ထိပ်ခတ်ရမည်။

(၄၄) ထပ်မံ၍ နောက်ထပ်ထုတ်မည့် တရားခံများကိုလည်း အလားတူ ဘူးဝအတွင်း ထုတ်ယူ၍ လက်ထိပ်ခတ်ရမည်။ ဘူးဝမရှိသော အချုပ်ခန်းတွင် တရားခံများကို လက်ထိပ်ခတ်ရာ၌ အချုပ်ခန်းအတွင်း၌သာ လက်ထိပ်ခတ်ရမည်။

(၅၅) ဘူးဝအတွင်းတွင် လက်ထိပ်ခတ်ပြီးသော တရားခံ ၁ဦး အချုပ်ခန်းအတွင်းမှ ထုတ်ပြီးပါက အချုပ်ခန်း အတွင်းတံခါးအား ပိတ်၍ ဘူးဝအတွင်းရှိ တရားခံ ၁ဦး အနက် တရားခံ ၂ ဦးအား အပြင်တံခါးကို စောင့်ကြပ်ရမည်ဖြစ်ပြီး ဆိုင်နိုင်းထားသော လက်ထိပ်ခတ်ပြီး တရားခံတစ်ဦးကို ထုတ်ယူ၍ အပြင်တံခါးကို ပြန်ပိတ်ကာ ထုတ်ယူသော တရားခံအား သံကြိုး ချည်ထားရမည်။ ထိုသို့ တရားခံ ထုတ်ယူနေစဉ် အတွင်း မှုခင်းမှတ်တမ်းအဖွဲ့နှင့် တရားရုံးအချုပ် စောင့်အဖွဲ့တို့သည် အချုပ်ခန်း တံခါးအနီး တရားခံ ထွက်ပြေးလွတ်မြောက်မှု မရှိစေရေးအတွက် နေရာ ယူစောင့်ကြပ် နေရမည်။

(၃၃) ၄င်းနောက် ဘူးဝအတွင်းရှိ ကျန်တရားခံ ၂ ဦးကို လည်း တစ်ဦးချင်း အထက်ပါနည်းလမ်းအတိုင်း ထုတ်ယူ၍ သံကြိုးချည်နှောင်ရမည်။ အချုပ်ခန်း အပြင်ဘက်သို့ တစ်ဦးချင်းထုတ်ယူရာ၌ လက်ထိပ် ခတ်သံကြိုးချည်နှောင်၍ ပြီးကာ ဆိုင်နိုင်းထားရ မည်။ တရားခံ ၃ ဦးလုံး ထုတ်ယူပြီးပါက အချုပ်ခန်း ဝင်ပေါက်တံခါးကို သော့ပြန်ပိတ်၍ ထားရှိပြီး လက်ထိပ်သံကြိုး ချည်နှောင်မှု ခိုင်ခံ့ခြင်း ရှိ/မရှိ ထပ်မံစစ်ဆေး၍ စိတ်ချရမှ အဆိုပါတရားခံ ၃ဦးကို တရားရုံးထုတ် တာဝန်ခံအရာရှိ ပါဝင်သော

(၁+၄) ဦး၄မှ အနီးကပ်လိုက်ပါ ဆောင်ကြပ်လျက် အချုပ်ယာဉ်ရှိရာသို့ ခေါ်ဆောင်သွားရမည်။

(ဗ ဓ ) အချုပ်ယာဉ် ဝင်ပေါက်အနီး ရောက်ရှိသောအခါ တရားခံ ၃ ဦးအား အချုပ်ယာဉ် နောက်တွဲခန်း အတွင်းသို့ ထည့်၍ တရားရုံးထုတ် တာဝန်ခံအရာရှိ နှင့် အကြပ်ကြီး ၁ ဦးတို့ကလည်း အချုပ်ယာဉ် နောက်တွဲခန်းအတွင်းသို့ ထပ်မံ ဝင်ရောက်ရမည်။ ၎င်းနောက် အချုပ်ယာဉ် ဝင်ပေါက်တံခါးအား သော့ခတ် ပိတ်ထားရမည်။

(ဏဏ) အချုပ်ယာဉ် နောက်တွဲခန်းအတွင်း ရောက်ရှိနေသောတရားခံ ၃ ဦးအား အချုပ်ယာဉ်အတွင်းသို့ ထည့်ရာ၌ ပထမတစ်ဦးကို အမည်၊ အဘအမည် ခေါ်လျက် လက်ထိပ်သံကြိုးဖြုတ်ကာ အတွင်းတံခါးကိုဖွင့်၍ အချုပ်ယာဉ်တွင်းတွင် ပုံစံထိုင်နိုင်းထားရမည်။အလားတူ ကျန် ၂ ဦးကိုလည်း အချုပ်ယာဉ် အတွင်းသို့ ထည့်သွင်းထားရမည်။ ၎င်းနောက်အတွင်း တံခါးသော့အား ပြန်ပိတ်ပြီး ထားရမည်။ တရားခံ အမည်၊ အဘအမည် ခေါ်စဉ်အတွင်း လမ်းကြောင်း တာဝန်ခံက မိမိလက်ထဲရှိ ရီမန်နှင့် ကိုက်ညီမှုရှိ/ မရှိ ကြည့်ရှုစစ်ဆေးရမည်။ ၎င်းနောက် အချုပ်ယာဉ် နောက်တွဲခန်းမှ သက်ဆိုင်ရာ တရားရုံးတာဝန်ခံ အရာရှိသည် တရားခံ ၃ ဦး အချုပ်ယာဉ်အတွင်း ထည့်သွင်းပြီးစီးကြောင်း အသင့်ဟု အော်ပြီး ထွက်မည်ဟု ထပ်မံပြောမှ အပြင်တံခါးကို ဖွင့်၍ ပေးရမည်။ ၎င်းနောက် အပြင်တံခါးအား ပြန်ပိတ်ထားရမည်။

(တတ) အလားတူ နောက်ထပ်တင်ဆောင်ရမည့် တရားခံများကိုလည်း တစ်ကြိမ်လျှင် ၃ ဦးထက် မပိုသော အရေအတွက်ဖြင့် အထက်ပါ နည်းလမ်းအတိုင်း အချုပ်ယာဉ်ပေါ်သို့ တင်ဆောင်ရမည်။

(ထထ) ၎င်းနောက် အချုပ်ယာဉ်ပေါ်သို့ တရားခံများတင်ဆောင် ပြီးစီးသောအခါ လမ်းကြောင်းတာဝန်ခံ အကြပ်ကြီးက မိမိတို့ လက်ခံရရှိသည့် အရေအတွက် ပြည့်စုံခြင်းရှိ/မရှိ ထပ်မံ စစ်ဆေးရမည်။ ၎င်းနောက် မိမိလက်ခံရရှိသည့် တရားခံ အရေအတွက် ရီမန်တို့အား ပြည့်စုံကောင်းမွန်စွာ လက်ခံရရှိကြောင်း လမ်းကြောင်းတာဝန်ခံ အရာရှိနှင့် အချုပ်ခန်းစောင့် တာဝန်ခံအရာရှိတို့က အရပ်ရပ် နေ့စဉ်မှတ်တမ်းတွင် လွှဲပြောင်းလက်ခံ လက်မှတ်ရေးထိုး၍ မှတ်တမ်းတင်ရမည်။

(ဒဒ) အချုပ်တရားခံများ အချုပ်ယာဉ်ပေါ်သို့ တင်နေစဉ် အတွင်း မှခင်းမှတ်တမ်း တာဝန်ခံနှင့်အဖွဲ့သည် အချုပ်ခန်း လုံခြုံရေးနှင့် တရားခံထုတ်ယူစဉ် လုံခြုံရေးကို တရားရုံးထုတ်အဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

(ဓဓ) တရားခံများကာနံ့ခံ၍ အချုပ်ယာဉ်ပြန်လည်မထွက်ခွာမီလမ်းကြောင်းတာဝန်ကျအဖွဲ့များ ယာဉ်ပေါ်တွင် နေရာယူနိုင်ရေးအတွက်လည်းကောင်း အချုပ်ယာဉ် အတွင်းသို့ မလိုလားအပ်သော ပစ္စည်းများထည့်သွင်းခြင်း မပြုနိုင်ရေးအတွက် လည်းကောင်း, ရုံးထုတ်အဖွဲ့မှ ယာဉ်ပတ်ဝန်းကျင်တွင် မည်သူမျှ ချဉ်းကပ်ခြင်းမရှိအောင် လုံခြုံရေးကို ယာဉ်ထွက်ခွာပြီးသည့်အချိန်အထိ နေရာယူထားရမည်။

(၂) **အချုပ်ယာဉ်ပေါ်မှ အချုပ်သားများချခြင်းနည်းလမ်း**

(ကက) အချုပ်ယာဉ်သည် သတ်မှတ်နေရာ (တရားရုံးအချုပ်နှင့်အနီးဆုံးနေရာ )တွင် နေရာယူရပ်ရမည်။

(ခ ခ ) အချုပ်ယာဉ်ပေါ်သို့ ပါရှိလာသော တရားခံများကို အချုပ်ယာဉ် နောက်တွဲခန်း အတွင်းရှိ လမ်းကြောင်းတာဝန်ခံအရာရှိက အချုပ်ယာဉ်အဆင်းတံခါးကို ကျောပေး၍ ပုံစံထိုင်နိုင်းထားရမည်။

(ဂ ဂ ) ပုံစံထိုင်နိုင်းပြီးသည်နှင့် တစ်ပြိုင်တည်း ယာဉ်မောင်းက မိမိထိုင်သည့်ဘက်အခြမ်းသို့ ဆင်းပြီး၊ ယာဉ်အတွင်းသို့ မလိုလားအပ်သော ပစ္စည်းများမထည့်ပေးနိုင်ရန် စောင့်ကြပ် ကြည့်ရှုရမည်။

(ဃဃ) အချုပ်ယာဉ်လမ်းကြောင်းလိုက်တာဝန်ခံသည် သက်ဆိုင်ရာ တရားရုံးမှ မှုခင်းမှတ်တမ်း တာဝန်ခံနှင့် ရုံးထုတ်တာဝန်ခံ အရာရှိတို့ထံသို့ ရောက်ရှိကြောင်းသတင်းပို့ပြီး မိမိအပ်နှံသည့် တရားခံအရေအတွက်နှင့် ရီမန်တို့အား ပေးအပ်ရမည်။

(င င ) ၎င်းနောက် သက်ဆိုင်ရာ တရားရုံးထုတ် တာဝန်ခံ အရာရှိနှင့်အဖွဲ့(၁+၄)တို့က အချုပ်ယာဉ်ဝင်ပေါက်နေရာတွင် တရားခံထုတ်ရန် အသင့်နေရာယူထားရမည်။

(စ စ ) လမ်းကြောင်းတာဝန်ခံနှင့် အဖွဲ့က လမ်းကြောင်းတာဝန်ကြပ်ကြီးတစ်ဦးကို အချုပ်ယာဉ်နောက်တွဲခန်းအတွင်း၊ အတွင်းတံခါးသော့ဖွင့်ပိတ်ရန် ထားရှိပြီးကျန်အဖွဲ့မှာ အချုပ်ယာဉ် အပြင်ဘက်သို့ ထွက်ကာ သေနတ်/ညာ နေရာယူထားရမည်။ လမ်းကြောင်းတာဝန်ခံက အချုပ်ယာဉ်အပြင်တံခါး

သော့ဖွင့်ပိတ် ပြုလုပ်ရန် တံခါးအနီးတွင် နေရာယူထားရမည်။ ၎င်းနောက် ရုံးထုတ်အဖွဲ့တာဝန်ခံနှင့် ရုံးထုတ်တာဝန်ကြပ်ကြီးတို့နှစ်ဦးက အချုပ်ယာဉ်နောက်တွဲခန်းအတွင်းသို့ ဝင်ရောက်နေရာယူထားရမည်။ ထို့နောက် အချုပ်ယာဉ် အပြင်တံခါးအားသော့ခတ်ထားရမည်။

(ဆဆ) အချုပ်ယာဉ်အတွင်း တံခါးကို ကျောပေးလျက် ထိုင်နေသော တရားခံများအနက်မှ ထုတ်ယူမည့် တရားခံတစ်ဦးအား အမည်ခေါ်ယူ၍ အတွင်းတံခါး ဖွင့်ပြီးထုတ်ကာ တံခါးပြန်ပိတ် သော့ခတ်အားရမည်။ ထုတ်ယူသည့်တရားခံကိုရုံးထုတ်အဖွဲ့က လက်ထိပ် ခတ်၍သံကြိုး ချည်နှောင်ရမည်။ အလားတူနောက် တရားခံများကိုလည်း ၁ဦးချင်း ထုတ်ယူ၍ ၃ ယောက်ပြည့်သောအခါ လက်ထိပ် သံကြိုးခိုင်ခံ့မှု ရှိ/မရှိ ထပ်မံစစ်ဆေး၍ စိတ်ချရမှ အချုပ်ယာဉ် ဝင်ပေါက်တံခါးအား ဖွင့်စေပြီး တရားရုံး ထုတ်အဖွဲ့အရာ ရှိကိုယ်တိုင် ပါဝင်သည့် အစောင့်(၁+၄)ဦး ထက်မနည်းသော တပ်ဖွဲ့ဝင်များက တရားရုံးအချုပ်ခန်း အတွင်းသို့ စနစ်တကျ လိုက်ပါပို့ဆောင်ရမည်။

(ဇဇ) တရားခံ ၃ ဦးအား အချုပ်ယာဉ်ဝင်ပေါက် အပြင် တံခါးမှ ထုတ်ယူပြီးသည်နှင့် တစ်ပြိုင်တည်း တံခါးကို အချုပ်ယာဉ် လမ်းကြောင်းတာဝန်ခံက သော့ပြန်ပိတ်ထားရမည်။

(ဈ ဈ) အလားတူ နောက်ထုတ်ယူရန် ကျန်သည့် တရားခံများကိုလည်း ၃ ဦးထက်မပိုစေဘဲ အထက်ပါနည်းလမ်းအတိုင်း အချုပ်ယာဉ်ပေါ်မှ ထုတ်ယူ၍ တရားရုံး အချုပ်ခန်းအတွင်းသို့ ပို့ဆောင်ရမည်။

(ညည) အချုပ်ယာဉ်ပေါ်မှ တရားခံများအချုပ်ခန်းအတွင်းသို့ မသွင်းမီ အချုပ်ခန်းအတွင်းရှိ တရားခံများအား ဘူးတံခါးဝကို ကျောပေး၍ ထိုင်နိုင်းထားရမည်။ ၎င်းနောက် အချုပ်ယာဉ်ပေါ်မှ ထုတ်ယူထားသော တရားခံ ၃ ဦးအား တရားရုံးအချုပ်ခန်းဘူးဝအနီး ထိုင်နိုင်း၍ တရားခံ ၁ ဦးတည်း ချည်နှောင်ထားသော သံကြိုးကို ဖြုတ်ကာ တရားခံအား လက်ထိပ်ခတ်လျက် ဘူးဝ အပြင်တံခါး ဖွင့်၍ ဘူးဝ အတွင်းထည့်ပြီး ပြန်ပိတ်ရမည်။ ကျန် တရားခံ ၂ ဦးကိုလည်း လက်ထိပ်တွဲ ခတ်ထားပါက သံကြိုးဖြုတ်၍ ၂ ဦးလုံး လက်ထိပ်ခတ်လျက်ဘူးဝ အတွင်းထည့်ပြီး အပြင်တံခါးအား သော့ခတ်ပိတ်ထားရမည်။

(ဋ ဋ ) ၎င်းနောက်ဘူးဝ အတွင်းလက်ထိပ် ဖြုတ်၍ဘူးဝ အတွင်း တံခါးဖွင့်ကာ တရားခံ ၃ ဦးကို အချုပ်ခန်းအတွင်းသို့ ထည့်ပြီး ပုံစံထိုင်နိုင်း ထား၍ တံခါးကို ပြန်ပိတ်ထားရမည်။

(ဌ ဌ ) အလားတူ ကျန်ရှိသော တရားခံများကိုလည်း တစ်ကြိမ်လျှင် ၃ ဦးထက်မပိုစေဘဲအချုပ်ခန်း အတွင်းသို့ ထည့်ရန်အတွက် အထက်ပါ နည်းလမ်း အတိုင်းဆောင်ရွက် ရမည်။ တရားခံ အချုပ်ခန်း အတွင်းသို့ သွင်းနေစဉ်အချိန်အတွင်း အချုပ်ခန်း အနီးတွင် မှုခင်းမှတ်တမ်းတာဝန်ခံနှင့်

အဖွဲ့၊ တရားရုံး ထုတ်အဖွဲ့တို့၏ အနီးကပ် စောင့်ကြပ် ရမည်။

(ဍ ဍ) ဘူးဝမရှိသော အချုပ်ခန်းများတွင် လက်ထိပ်ကို အချုပ်ခန်းအတွင်း၌သာ ဖြုတ်ခြင်းပြု လုပ်ရမည်။

(ဎ ဎ) တရားခံများအား အချုပ်ယာဉ်ပေါ်မှ ချ၍ အချုပ်ခန်း အတွင်းသို့သွင်းပြီး ကုန်ဆုံးသောအခါ မိမိထုတ်ယူ ခဲ့သည့်တရားခံ အရေအတွက် ပြည့်စုံမှန်ကန်မှုရှိ/ မရှိအချုပ်ခန်း တာဝန်ခံ အရာရှိကထပ်မံ စစ်ဆေး၍အရပ်ရပ်နေ့စဉ် မှတ်တမ်းတွင်လွှဲပြောင်းလက်ခံ မှတ်တမ်းတင် ဆောင်ရွက်ရမည်။

(ဏဏ) ၄င်းနောက် အချုပ်ယာဉ် ပြန်လည်ထွက်ခွာသည့် အခါ အချုပ်ယာဉ်အတွင်းသို့ မလိုလားအပ်သော ပစ္စည်း များထည့်သွင်းမှုမရှိစေရေး အတွက် လမ်းကြောင်း တာဝန်ခံအဖွဲ့က ယာဉ်ပေါ်တွင် နေရာယူပြီး ယာဉ်ထွက်ခွာ သွားသည်အထိ အချုပ်ယာဉ် ပတ်ဝန်းကျင်းတွင် တရားရုံး ထုတ်အဖွဲ့က နေရာယူစောင့်ကြပ် ပေးထားရမည်။

(ဂ) ရုံးတပ်ရင်းများတွင် အချုပ်သားများ ထုတ်ခြင်း/သွင်းခြင်းများကို အောက်ပါအတိုင်း လုပ်ဆောင်ရမည်–

(၁) ကင်းမှူးက ကင်းအဖွဲ့များ သတ်မှတ်နေရာတွင် နေရာယူပြီး/ မပြီးစစ်ဆေးရမည်။(ကင်းအဖွဲ့ ၇ ဦးထားရှိရမည်)။

(၂) ကင်းအဖွဲ့တာန်းဖြုတ်ပြီး သေနတ်ခင်မှ မိမိသေနတ်များကို ယူ၍ ကျည်ဖြည့်ခြင်း သေနတ်တွင် လှံစွပ်တပ်ခြင်းများ ပြုလုပ်ကာ သတ်မှတ်နေရာများတွင် တာဝန်ယူရမည်။

(၃) ဒုတိယကင်းမှူးသည် ကင်းမှူးထံမှ သော့ယူ၍အချုပ်ခန်း ဖွင့်ပေးရမည်။

(၄) အချုပ်သားကို တစ်ယောက်ချင်းသာ အပြင်သို့ထုတ်စေ ရမည်။ အချုပ်သားထုတ်ရာတွင် လုံခြုံမှုပေါ်မူတည်၍ အစောင့်လိုက် ပါစေရမည်။ အရေးကြီးသော အချုပ်သား အား လက်ထိပ်ခတ်ရမည်။

(၅) အကြီးအကဲက လာရောက်စစ်ဆေးသည့်အခါ ကင်းမှူးက ကင်းရဲ့ အတွင်းရှိအချုပ်သားများကို အချုပ်ခန်းအတွင်း၌ ပင်တန်းစီ ညာညှိစေပြီး၊ ကင်းမှူးက အလေးပြုသတင်းပို့ ရမည်။

(၆) အကြီးအကဲ၏ အမိန့်အရ အချုပ်သားများအား သက်သာ ပေးပြီး အကြီးအကဲက အချုပ်ခန်းအပြင်သို့ ထုတ်စေ လိုသူကိုသာ တစ်ယောက်ချင်း ထုတ်ယူရမည်။ လိုအပ်က အကြီးအကဲမေး မြန်းသည့်အခါ ဖြေကြားနိုင်ရန်ကင်းမှူး က အချုပ်သား မှတ်ပုံတင်စာအုပ်နှင့်အတူ အသင့်ရှိ ရမည်။

(၇) အကြီးအကဲက အချုပ်သားကို စစ်ဆေးပြီးသောအခါ အမိန့် အရ ကင်းမှူးသည်တန်းဖြုတ်ခွင့် တောင်းပြီး ကင်းမှူးက ကင်းစောင့်နေပြီ၊ ကျန်ကင်းအဖွဲ့ပြီးစေမှာ အမိန့်ပေးရ မည်။ အမိန့်ဆုံးသည်နှင့် တစ်ပြိုင်နက် ကျန်ကင်းသား များက လှံစွပ်ဖြုတ်၊ ကျည်ကပ်ဖြုတ်၍ လက်နက်များကို

ထောနုတ်စင်တွင်ထားပြီး သတ်မှတ်နေရာ၌ နေရာယူရမည်။

၁၁၉၃။ အချုပ်သားများကို အချုပ်ခန်းမှအပ မည်သည့်အဆောက်အဦ အခန်းတစ်ခုတစ်ရာတွင် ချုပ်နှောင်ထားခြင်း မပြုရ။ အချုပ်ခန်းတွင် ချုပ်ထားသည့်အခါ အချုပ်သားက အနာတရပြုလုပ်မည့် လက္ခဏာကို မပေါ်ပြလျှင်ဖြစ်စေ၊ ၎င်းတို့ ကိုယ်ကိုသော်လည်းကောင်း ၎င်းတို့နှင့်အတူ ချုပ်ထားသူတို့ကိုသော်လည်းကောင်း အနာတရပြုလုပ်မည့်လက္ခဏာ မပေါ်ပြလျှင်ဖြစ်စေ ၎င်းတို့ကို ခတ်ထားသည့် လက်ထိပ်ကို ဖြုတ်ထားရမည်။

၁၁၉၄။ အချုပ်သားများကို လက်ထိပ်ခတ်လိုသည့်အခါ ၎င်းတို့ကို အတွင်းလှျာထိုးနှင့် အပြင်လှျာထိုး နှစ်ခုအတွင်းရှိ အခန်းကလေးထဲတွင် လက်ထိပ်ခတ်ထားရမည်။

၁၁၉၅။ ဘေးအန္တရာယ် ဖြစ်တတ်သည်ဟု သိရှိရသည့် အချုပ်သားများကို အချုပ်ခန်းအတွင်း၊ အတွင်းတံခါးမဖွင့်မီ လက်ထိပ်ခတ်ရမည်။ ဤကဲ့သို့ လက်ထိပ် ခတ်သည့်အခါလည်း အချုပ်ခန်း နံရံတိုင်များအကြားမှ လှမ်းလင့်တကူ ခတ်နိုင်သည်။

၁၁၉၆။ အချုပ်သားများကိုစောင့်ကြပ်ခြင်း။ ရဲစခန်းမှူး၏ တာဝန်ဝတ္တရားများမှာ-

(က) အချုပ်ခန်း/အချုပ်ဆောင်ကိုနေ့စဉ်စစ်ဆေးကြည့်ရှုရမည်။ အိုးအကာကြမ်းခင်းတို့သည် ချို့ယွင်းချက်မရှိစေရ။ အချုပ်ခန်းသည် အစဉ်အရာရာတွင် ခိုင်ခံ့လုံခြုံစေရမည်။ သော့နှင့်သော့ခလောက်များ ခတ်၍ ရ မရ၊ လက်ထိပ်များနှင့် ၎င်းတို့၏သော့များ ပြည့်စုံကောင်းမွန်မှုရှိမရှိ စစ်ဆေးရမည်။ အထက်ပါတို့တွင် ချို့ယွင်းချက် တစ်စုံတစ်ရာတွေ့ရှိလျှင် မိမိအထက် ရဲအရာရှိထံ ချက်ချင်းစာဖြင့် အစီရင်ခံရမည်။

(ခ ) အချုပ်သားတို့အား ကျွေးသော အစားအစာများသည် ကောင်းမွန်လုံလောက်သည်၊ မလုံလောက်သည်ကို စစ်ဆေးရမည်။ (သတိ

ဖြုရန်။ အချုပ်သားများအား ကျွေးမွေးခြင်းနှင့် ပတ်သက်၍ မည်သည့် ရဲတပ်ဖွဲ့ဝင်မျှ စီးပွား မရှာရ။)

(ဂ) ၂၄ နာရီထက်ပိုမို၍ အချုပ်ခံရသူများအား နေ့စဉ် ရေချိုးနိုင်ခွင့် ရှိစေရမည်။

(ဃ) သေဒဏ် သို့မဟုတ် နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သည့်ပြစ်မှု အတွက် စွပ်စွဲခံရသော အချုပ်သားများ ရေချိုးစဉ်စောင့်ကြပ်သူများအား တတ်နိုင်က သေနတ်များစွဲကိုင် စောင့်ကြပ်စေရမည်။

(င) အချုပ်သားများအတွက် သန့်ရှင်းသည့် သောက်ရေ အမြဲတမ်း ရှိစေရမည်။

(စ) မီလွှာပုံးကို နေ့အခါသိမ်းဆည်း၍ အချုပ်ခန်းအတွက် အသုံးပြုရန် ပိုးမွှားသေစေတတ်သည့်ဆေး အမြဲရှိစေရမည်။

(ဆ) အချုပ်သားတိုင်းကို အချုပ်ခန်းထဲသို့မသွင်းမီ ၎င်းတို့၏ကိုယ်ကို ရှာဖွေ၍ တွေ့ရှိသောပစ္စည်းများကို မှတ်ပုံတင်(၃၂)တွင် ရေးမှတ်ပြီး၊ သက်သေခံပစ္စည်းသေတ္တာတွင် ထည့်သွင်းထားရမည်၊အသစ်ဖမ်းဆီးသည့် အချုပ်သားကိုသာမဟုတ်ဘဲ အချုပ်ခန်းမှ ရုံးတင်ရန် သို့မဟုတ် အခြားကိစ္စများအတွက် ခေတ္တထုတ်ယူသွားသော အချုပ်သားများကိုလည်း ဤကဲ့သို့ရှာဖွေရမည်။

(ဇ) အချုပ်ခန်းအတွင်းတွင် မှေရာမလပ် "လင်း" စေရန် စီစဉ်ဆောင်ရွက်ရမည်။

(ဈ) မိမိရဲစခန်းမှ ပြင်ပသို့ထွက်သွားသော အချုပ်သားတိုင်းသည် ၎င်းတို့ ခတ်ထားသော လက်ထိပ်များကို မချွတ်ဖြုတ်နိုင်စေရန် စစ်ဆေးရမည်။

(ည) အချုပ်ကင်းမှူးနှင့် ကင်းသားတို့ဝတ္တရားကို ရေးကူး၍ ကင်းရုံတွင် ထားရှိပြီး ၎င်းတို့ကို အချုပ်ကင်းစောင့် တပ်ဖွဲ့ဝင်များအားလုံး

သေချာစွာ နားလည်ထားစေရမည်။

(၄) ရဲစခန်းရှိ အမှုထမ်းအားလုံးကို တရားခံသွင်းထုတ်နည်းစနစ်ကို သင်ကြားပြီး၊ ၎င်းတို့ တတ်မြောက်ကျွမ်းကျင်သည်၊ မကျွမ်းကျင်သည်ကို မကြာခဏ စစ်ဆေးကြည့်ရှုရမည်။

(၅) ရဲစခန်းမှူး၏ ခွင့်ပြုချက်မရဘဲ အချုပ်သားနှင့် အမှုစစ်ဆေးသူ အရာရှိတို့ တွေ့ဆုံစကားပြောခွင့် မပြုရ။

(၆) အချုပ်သားတစ်ဦးအား စစ်ဆေးရန် အချုပ်ခန်းမှထုတ်သည့် နေ့ရက်အချိန် နာရီနှင့် ပြန်သွင်းသည့် နေ့ရက်အချိန် နာရီတို့ကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း" တွင် အမှုစစ်ဆေးသူအရာရှိအား ရေးသွင်း လက်မှတ်ရေးထိုးစေရမည်။ ဤရေးသွင်းချက်ကို အချုပ်ဆောင် မှတ်ပုံတင်စာအုပ်၏ အကြောင်းအရာ ကော်လံတွင် ရည်ညွှန်း ဖော်ပြရမည်။

**အချုပ်သားတို့ကို ချုပ်နှောင်ထားခြင်းနှင့်စပ်လျဉ်း၍ အချုပ်ခန်းစောင့်ကင်းမှူး တို့၏ တာဝန်ဝတ္တရားများ**

၁၁၉၇။ အချုပ်ခန်းစောင့်ကင်းမှူးတို့၏ တာဝန်ဝတ္တရားများကို ရဲလက်စွဲ ပထမတွဲ အပိုဒ် (၇၉) တွင် ဖော်ပြပြီးဖြစ်ပါသည်။

**အချုပ်သားတို့ကိုချုပ်နှောင်ထားခြင်းနှင့်စပ်လျဉ်း၍အချုပ်ခန်းစောင့်ကင်းသားတို့၏ တာဝန်ဝတ္တရားများ**

၁၁၉၈။ အချုပ်ခန်းစောင့်ကင်းသားတို့၏ တာဝန်ဝတ္တရားများကို ရဲလက်စွဲ ပထမတွဲ အပိုဒ် (၇၄) တွင် ဖော်ပြထားပြီးဖြစ်ပါသည်။

**အချုပ်သားများကို ကြပ်မတ်ပို့ဆောင်ခြင်း**

၁၁၉၉။ အောက်ပါစာရင်းအတိုင်း ကြပ်မတ် ပို့ဆောင်သူဦးရေ လုံလောက်မြဲဖြစ်စေရမည်။ သို့သော် လက်ရှိအခြေအနေနှင့် လမ်းခရီးအခြေအနေအရ သင့်လျော်သလို ဆောင်ရွက်ရမည်-

| အချုပ်သားဦးရေ | ရဲအုပ် | ဒု ရဲအုပ် | ရဲတပ်ကြပ်ကြီး | ရဲတပ်ကြပ် | ရဲတပ်သား |
|---|---|---|---|---|---|
| အချုပ်သား ၁ယောက်မှ ၃ယောက်ထိ | – | – | – | ၁ | ၂ |
| 〃 ၄ 〃 ၆ 〃 | – | – | – | ၁ | ၃ |
| 〃 ၇ 〃 ၁၀ 〃 | – | – | ၁ | ၁ | ၄ |
| 〃 ၁၁ 〃 ၁၆ 〃 | – | ၁ | ၁ | ၂ | ၆ |
| 〃 ၁၇ 〃 ၂၄ 〃 | – | ၁ | ၁ | ၂ | ၈ |
| 〃 ၂၅ 〃 ၅၀ 〃 | ၁ | ၁ | ၁ | ၂ | ၁၂ |
| စသည်အတိုင်းတိုးမြှင့်သတ်မှတ်ရမည်။ | | | | | |

အချုပ်သားဦးရေ ၅၀ ထက်မပိုသည့် အချုပ်သားတို့ကို ကြပ်မတ်ပို့ဆောင်ရသူတို့အပေါ်တွင် ရဲအုပ်တစ်ယောက် အုပ်ချုပ်ရမည်။ သေဒဏ်ဖြစ်စေ၊ နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ်ထိုက်သည့် ပြစ်ဒဏ်ဖြစ်စေ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ စီရင်ထိုက်သည့် ပြစ်မှုများနှင့် စွဲဆိုခံရသူ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခံရသူ အချုပ်သားတို့ကို တတ်နိုင်လျှင်သီးသန့်ပို့ဆောင်ရမည်။ ၎င်းတို့ကဲ့သို့ အပြစ်မကြီးလေးသော အခြားအချုပ်သားစုနှင့်အတူ မပို့ဆောင်ရ။ ကြပ်မတ်ပို့ဆောင်သူတို့မှာ လမ်းခရီးအကြားတွင် ကြပ်မတ်ပို့ဆောင်ရမည့် နေရာသို့ တိုက်ရိုက်ပို့ဆောင်ရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးတို့က နေရင်းအရပ်ကိုပြန်ရန်ရှိသည့် ကြပ်မတ်ပို့ဆောင်သူတို့ကို ကြာရှည်စွာ ဆိုင်းငံ့မထားဘဲ ပြန်လည်ပို့ဆောင်ရန်ရှိသည့် အချုပ်သား သို့မဟုတ် ငွေကြေးဘဏ္ဍာများနှင့်အတူ အမြန်ဆုံးစေလွှတ်ရမည်။ အချုပ်သားကို ကြပ်မတ်ပို့ဆောင်ရာ၌ နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ယူ ပို့ဆောင်ရမည်။

၁၂၀၀။ ကြပ်မတ် ပို့ဆောင်သူတို့ကို မိန်းမအချုပ်သား တစ်ယောက်နှင့် ပို့လွှတ်သောအခါ ယုံကြည်စိတ်ချရ၍ အကျင့်စာရိတ္တကောင်းသော တပ်ဖွဲ့ဝင်များကို အဆောင့်အကြပ်အတွက် သေချာစွာရွေး၍ပို့စေရမည်။ တတ်နိုင်လျှင် နေ့အဖို့သာ ခရီးသွားရန် စီမံပေးရမည်။ ၎င်းကြပ်မတ် ပို့ဆောင်သူတို့နှင့် အဖော်မိန်းမ

တစ်ယောက် ပါရှိစေရမည်။ ၄င်း"မိန်းမဖော်"မှာရဲတပ်ဖွဲ့ဝင်၏ ဇနီးသို့မဟုတ် ဆွေမျိုးတော်စပ်သည့် မိန်းမဖြစ်လျှင် သာ၍ကောင်းသည်။ ဤကဲ့သို့ဆောင်ရွက် ရသည့် "မိန်းမဖော်"အား ဆောင်ရွက်ရသည့် နေ့တစ်နေ့လျှင် သို့မဟုတ် နေ့အစိတ်အပိုင်းအတွက် နေ့တွက်အခကြေး ၂ဝ/-ထက် ပို၍မပေးရ။

၁၂၀၁။ အချုပ်သားများနှင့် အစောင့်အရှောက်များကို စေလွှတ်သော အရာရှိသည် ၄င်းတို့သွားရောက်ရမည့် အရပ်က၊ ၄င်းတို့ရောက်သောအခါ ကြိုဆိုသင့်သည်ဟု ထင်မြင်သည်ရှိသော်၊ အနည်းဆုံး ၂၄ နာရီကြိုတင်၍ ၄င်းအချုပ်သားများနှင့် အစောင့်အရှောက်တို့ သွားရောက်ရမည့်စခန်းမှ ရဲစခန်းတွင် ရာထူးအဆင့်အတန်းအမြင့်ဆုံး ရဲအရာရှိထံသို့ ကြေးနန်းစာရိုက်ပို့ပြီး ချောစာနှင့် မှာကြားစာကိုလည်း ပို့ရမည်။

၁၂၀၂။ စစ်ဆေးစီရင်ခံရဆဲ၊ သို့မဟုတ် စီရင်၍ မပြီးမပြတ်ရှိနေဆဲ ဖြစ်သူတို့ကို လက်ထိပ်၊ ခြေချင်းများ ခတ်ထား အသုံးပြုခြင်းနှင့် ဆိုင်သည့် နည်းလမ်းများမှာ အပိုဒ် (၁၃၈၂) တွင် ပြဋ္ဌာန်းထားရှိသည်။ အသက်အရွယ်ကြီးခြင်း၊ အိုမင်းမစွမ်း ဖြစ်ခြင်း၊ မကျန်းမာခြင်းနှင့်မိန်းမသားများဖြစ်ခြင်းကြောင့် လုံခြုံစွာခေါ်ယူနိုင် မည်ဟု ထင်သူများမှတစ်ပါး၊ မည်သည့် ပြစ်မှုထင်ရှား စီရင်ခံရပြီးဖြစ်သော အကျဉ်းသားများကိုမဆို လက်ထိပ်မခတ်ဘဲ ဆောင်ကြဉ်းမသွားရ။ ထို့အပြင် ဆောင်ကြဉ်းသွားသည့်အခါ တစ်ယောက်နှင့် တစ်ယောက်သံကြိုးဖြင့်တွဲထားရမည်။ သံခြေချင်းများနှင့် ခတ်ထားသင့်သည် ထင်မြင်သောခါ သံခြေချင်းများကို အသုံးပြုရမည်။ အသက် ၁၆ နှစ်အောက် သက်ငယ်ပြစ်မှု ကျူးလွန်သူများကို သက်ဆိုင်ရာ လူငယ်သင်တန်းကျောင်းသို့ ပို့သည့်ခါ လက်ထိပ်မခတ်ဘဲ ကြပ်မတ် ပို့ဆောင်ရမည်။

၁၂၀၃။ အချုပ်သားတို့ကို ကြပ်မတ်ပို့ဆောင်သူတို့မှာ ရထားနှင့် ပို့ဆောင်ရသည်ဖြစ်စေ ရေလမ်းခရီးနှင့်ပို့ဆောင်ရသည်ဖြစ်စေ ကုန်းလမ်းခရီးဖြင့် ပို့ဆောင်၍ ရပ်နားလျက်နေသည့်အခါဖြစ်စေ အနည်းဆုံး ကင်းသား ၂ ဦး အစဉ်မပြတ် ချထားရမည်။

၁၂၀၄။ အချုပ်သားပို့ပြီး ပြန်မည့် အစောင့်အကြပ်များသည် အချုပ်သားများနှင့် အတူပါလာသော လက်ထိပ်၊ ခြေချင်း၊ အဝတ်အထည် စသောပစ္စည်းများကို ပြန်၍

ယူဆောင်ခဲ့ရမည်။ လမ်းခရီးတွင် အခြားအစောင့်အကြပ်များလက်သို့ အချုပ်သား များ ပေးအပ်ရန်လိုက၊ (၎င်းတို့၌ လက်ထိပ်ပါလာခဲ့မူ) ၎င်းတို့၏ လက်ထိပ်ဖြင့် ခတ်စေ၍ မိမိတို့၏ လက်ထိပ်များကို ပြန်၍ ယူခဲ့ရမည်။ ထို့အတူ လက်ခံသော အစောင့်အကြပ်ထံတွင် သံခြေချင်းများ ပါလာပါလျှင် ပြန်၍ပေးအပ်လိုက်ရမည်။

၁၂၀၅။ အကျဉ်းသားများကို လက်ခံသော အစောင့်အကြပ်က သော်လည်း ကောင်း၊ ရဲစခန်းကသော်လည်းကောင်း၊ အကျဉ်းသားနှင့် ပစ္စည်းများကို မှန်ကန်စွာ လက်ခံ ရရှိကြောင်း ပြေစာကို လွှဲအပ်သော အစောင့်အကြပ်အား ပေးရမည်။

၁၂၀၆။ တာဝန်ပေးအပ်သည့် အမိန့်စာတစ်စောင်အား အစောင့်အကြပ်အဖွဲ့မှ ခေါင်းဆောင်အား ပေးအပ်ရမည်။ မိမိအား စေခိုင်းသော အရပ်သို့ ရောက်သော အခါ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ဖြစ်စေ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူးများထံသို့ဖြစ်စေ သွား၍ ရောက်ရှိကြောင်းကို သတင်းပို့ရမည်။ ၎င်းအား "တာဝန်ပေးအပ်သည့် အမိန့်စာ"ကို ပြရမည်။ ၎င်းအရာရှိက ၎င်းထံရောက်ရှိသည့် နေ့ရက်နှင့် အချိန်ကို ရေးသား၍ လက်မှတ်ထိုးရမည်။ မိမိရဲစခန်းသို့ ပြန်ရောက်သောအခါ ရဲစခန်းမှူး ထံ "တာဝန်ပေးအပ်သည့်အမိန့်စာ"အားတင်ပြရမည်။ ရဲစခန်းမှူးက ၎င်းပြန်ရောက်ရှိ သော နေ့စွဲနှင့်အချိန်ကို "တာဝန်ပေးအပ်သည့်အမိန့်စာ"တွင် ရဲစာရေးအား မှတ်တမ်းတင် သိမ်းဆည်းထားစေရမည်။

၁၂၀၇။ အချုပ်သားတို့ကို ကြပ်မတ်ပို့ဆောင်ရသူတို့သည် ဘဏ္ဍာငွေကြေးများ ကိုပါ ကြပ်မတ်ပို့ဆောင်ခြင်း မပြုရ။ ဘဏ္ဍာငွေကြေးများကို ကြပ်မတ်ပို့ဆောင် သူတို့သည်လည်း အချုပ်သားများကို ကြပ်မတ်ပို့ဆောင်ခြင်း မပြုရ။ ကြပ်မတ် ပို့ဆောင်သူများသည် မိမိတို့ကြပ်မတ်ပို့ဆောင်ခြင်း အလုပ်ဝတ္တရား တစ်ခုတည်း ကိုသာ အထူးသတိဂရုပြု၍ ဆောင်ရွက်ရမည်။ လက်နက်ခဲယမ်း ကိရိယာများကို စောင့်ကြပ်ပို့ဆောင်သူတို့မှာလည်း ဤနည်းလမ်းအတိုင်း လိုက်နာရမည်။ ထို့နည်း တူစွာ အကျဉ်းသားများပို့ဆောင်ရသော အစောင့်အကြပ်များကိုလည်း အကျဉ်းသား များကို တစ်နေရာထက်ပို၍ပို့ရန် တာဝန်မပေးရ။

## ကြပ်မတ်ပို့ဆောင်သူတို့နှင့် အရပ်ရပ်အစောင့်အကြပ်တို့က အချုပ်သားများအား သေနတ်နှင့် ပစ်ရန်နည်းလမ်းများ

၁၂၀၈။ အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်–

(က) အချုပ်သားများအား သေနတ်ဖြင့် ပစ်နိုင်ခွင့်။ အချုပ်သားတစ်ဦးအား မလိုအပ်သောအန္တရာယ်ကို မပြုလုပ်ရဟုဆိုသော အထွေထွေ နည်းလမ်းစည်းကမ်းများနှင့် မဆန့်ကျင်စေဘဲအစောင့်အကြပ်အဖွဲ့၏ ခေါင်းဆောင်နှင့် အချုပ်စောင့်တို့သည် မိမိတို့စောင့်ကြပ်ရသော အချုပ်သားများအား အပြစ်ကျပြီးသည်ဖြစ်စေ အပြစ်မကျသေးသည်ဖြစ်စေ အောက်ပါ အချက်အလက်များနှင့် ကိုက်ညီလျှင် သေနတ်ဖြင့် ပစ်ပိုင်ခွင့်ရှိသည်–

(၁) အချုပ်သားကဖြစ်စေ အချုပ်သားနှင့် ပူးပေါင်းသည့်လူတစ်စုကဖြစ်စေ အချုပ်သား ကြပ်မတ်ပို့ဆောင်သည့် အဖွဲ့ သို့မဟုတ် အချုပ်စောင့် သို့မဟုတ် အခြားသူကို သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန် ပြုလုပ်၍ ထိုအန္တရာယ်ကို အခြားနည်းဖြင့်ဖယ်ရှား၍ မရသောအခါ သို့မဟုတ်။

(၂) သေဒဏ် သို့မဟုတ် နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ် သို့မဟုတ် ဟစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်သည့် ပြစ်မှုတစ်ခုခုတစ်ရာအတွက် ပြစ်ဒဏ်ပေးခြင်းခံရပြီးသူ သို့မဟုတ် ထိုပြစ်မှုမျိုး အတွက် ချုပ်နှောင်ထားခြင်းခံရသူတို့ အချုပ်မှထွက်ပြေး၍ ထိုအချုပ်သားတို့ကို သေနတ်ဖြင့် မပစ်ဘဲပြန်၍ မမိနိုင်သောအခါ။

မှတ်ချက်။ အကြမ်းဖက်၍ ခုခံတိုက်ခိုက်ခြင်းမပြုလုပ်ဘဲ သာမန်အားဖြင့် ထွက်ပြေးသော အချုပ်သားတစ်ဦးတစ်ယောက်ကို သေနတ်ဖြင့်ပစ်ခတ်ခြင်းသည် တရားဥပဒေနှင့် မညီကြောင်း၊ ရဲတပ်ဖွဲ့ဝင်တိုင်း ကောင်းစွာ သိနားလည်ထားရန် လိုအပ်ပေသည်။ သို့ရာတွင် အချုပ်သားသည် သေဒဏ် သို့မဟုတ် နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ်၊

သို့မဟုတ်တစ်သက်တစ်ကျွန်းအထိ ခံထိုက်သော ပြစ်မှုနှင့်ပတ်သက်၍ စွပ်စွဲ သို့မဟုတ် အပြစ်ပေးခံရသူဖြစ်သည့်ပြင် ၄င်းအား သေနတ်ဖြင့် မပစ်က ဖမ်း၍မရနိုင်သောအခါတွင် ထွက်ပြေးသောအချုပ်သားကို သေနတ်ဖြင့် ပစ်ပိုင်ခွင့်ရှိသည်။

(ခ) အချုပ်စောင့်သည် နေ့ဝင်နှင့် နေထွက်အကြား မိမိစောင့်ရှောက်ရသည့် အရပ်အတွင်းသို့ ဝင်ထွက်သွားလာသူမည်သူကိုမဆို "ရပ် ဘယ်သူလဲ" ဟု သုံးခွန်း မေးရမည်။ ထိုသို့ မေးမြန်းရာတွင် ကျေနပ်လောက်အောင် ပြန်၍မပြောလျှင် ကြပ်မတ်ပို့ဆောင်သူတို့ အပေါ်တွင် အုပ်ချုပ်သူ အစောင့်အကြပ် အဖွဲ့ခေါင်းဆောင်ကို ပြောကြား၍ ကင်းလှန့်သင့်က လှန့်ရမည်။ သေဖြစ်လောက်သည့် လက်နက်များကိုဆွဲကိုင်၍ မိမိကိုဖြစ်စေ ကြပ်မတ် ပို့ဆောင်သူတို့ကိုဖြစ်စေ တိုက်ခိုက်လိမ့်မည် သို့မဟုတ် တိုက်ခိုက်ရာတွင် ပါဝင်လိမ့်မည်ဟု ထင်မှတ်ရန် အကြောင်းရှိလျှင် အချုပ်စောင့် တစ်ဦးတစ်ယောက်မှာ အထက်အပိုဒ်ခွဲ(၂) ပြဋ္ဌာန်းထားချက်အရ ထွက်ပြေးသူ အချုပ်သားမှတစ်ပါး အခြားမည်သူကိုမျှ သေနတ်ဖြင့် မပစ်ခတ်ရ။

(ဂ) သေဒဏ်ဖြစ်စေ နှစ်အကန့်အသတ်မရှိသော ထောင်ဒဏ်ဖြစ်စေ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ စီရင်ရန် ထိုက်သင့်သည့် ပြစ်မှု တစ်ခုခုတစ်ရာနှင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံသော်လည်းကောင်း၊ စွပ်စွဲခြင်းခံသော်လည်းကောင်း ခံရသော အချုပ်သားတို့ကို "အနီ ရောင်လက်မပါသောအကျႌ"ကို ဝတ်ဆင်စေရမည့်ပြင် လွှဲအပ်ပေးရမည့် ရာထူးအဆင့်အတန်းမြင့်သော ရဲအရာရှိကကြပ်မတ် ပို့ဆောင်သူ တို့အပေါ်တွင် အုပ်ချုပ်ရသည့်အရာရှိအားထိုအကျဉ်းသားတို့ကို အထူးညွှန်ပြမှာကြားရမည့်ကြပ်မတ် ပို့ဆောင်သူတို့အပေါ်တွင် အုပ်ချုပ်ရသည့် အရာရှိကလည်း အချုပ်သားတို့ကို လက်ခံယူ သည့်အခါ ကြပ်မတ်ပို့ဆောင်သူ တပ်ဖွဲ့ဝင်အသီးသီးတို့အား အကျဉ်းသားများကိုသေချာစွာ ညွှန်ပြရှင်းပြရမည်။ လမ်းခရီးတွင်

ကြပ်မတ်ပို့ဆောင်ရသူကို လဲလှယ်သည့်အခါတိုင်း အထက်ပါ နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(ဃ) ဖော်ပြပါ နည်းလမ်းတို့ကို ရေးသား၍ ရဲစခန်းအဆောင်အကြပ်တို့၏ မြင်သာသည့်နေရာတွင် ချိတ်ဆွဲဖော်ပြထားရမည်။ ရဲအရာရှိ အားလုံးသည်လည်း ၎င်းနည်းလမ်းများကို နားလည်သိရှိအောင် ကြည့်ရှုထားရမည်။ ရဲစခန်း / ရဲကင်းများကို အထက် အရာရှိများမှ သွားရောက် စစ်ဆေးသည့် အခါ ရဲတပ်ဖွဲ့ဝင်များ နားလည်မှုရှိ/ မရှိ စစ်ဆေးရမည်။

## အချုပ်သားတို့ကို မီးရထား သို့မဟုတ် ရေယာဉ်များနှင့်ကြပ်မတ်ပို့ဆောင်ခြင်း

၁၂၀၉။ မည်သည့်အမှုမျိုးနှင့်မဆို စပ်လျဉ်းသော စစ်ဘက်ဆိုင်ရာ အချုပ်သားများကိုဖြစ်စေ ရူးသွပ်သော အချုပ်သားများကိုဖြစ်စေ ကြမ်းတမ်းခက်ထန်သော အချုပ်သားများကိုဖြစ်စေ ဘေးအန္တရာယ်ပြုတတ်သော အချုပ်သားများကိုဖြစ်စေ သာမန်ခရီးသည်များနှင့် ရောနှော၍ ပို့ဆောင်ခြင်းမပြုရ။ ထိုအချုပ်သားများကို နေရာအခန်း သီးသန့်ခွဲခြားပြုလုပ်ထား၍ ထိုအခန်းနေရာတွင် ကြပ်မတ်ပို့ဆောင်သူတို့နှင့်အတူတကွ ပို့ဆောင်ရမည်။အခြားအချုပ်သားများမှာမူ ကြပ်မတ်ပို့ဆောင်သူများနှင့် အချုပ်သားများ စုစုပေါင်း ၅ ယောက်ထက် မပိုသောအခါ အချုပ်သားများကို စာပို့မီးရထား၊ အမြန်မီးရထား၊ သို့မဟုတ် လူစီးမီးရထား၊ နှင့် အခြားသော သာမန်ခရီးသည်များနှင့် ရောနှော၍ ရထားတွဲတွင် ပို့ဆောင်နိုင်သည်။ ကြပ်မတ်ပို့ဆောင်သူများနှင့် အချုပ်သားစုစုပေါင်း ၅ ယောက်ထက် ကျော်လွန်က အထူးရထားနှင့် အမြန်ရထားမှတစ်ပါး မည်သည့်မီးရထားတွင်မဆို သာမန်ခရီးသည်များနှင့် ရောနှော၍ ပို့ဆောင်နိုင်သည်။

၁၂၁၀။ အပိုဒ် (၁၂၀၉) အရသီးသန့်အချုပ်တွဲအလိုရှိပါကအချုပ်သား ၆၂ ယောက်အတွက် နေရာလုံလောက်သော သံတိုင်များနှင့်အပြီးဆောက်လုပ်ထားပြီး၊ အထူးသီးသန့်ထားသည့် အချုပ်တွဲများကိုရရန် ကြိုးစားရမည်။ ထိုအချုပ်တွဲမျိုး အလိုရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ အမြန်ဆုံးတင်ပြရမည်။ မြန်မာနိုင်ငံ

ရဲတပ်ဖွဲ့ဌာနချုပ်မှ မြန်မာမီးရထားရုံးချုပ်သို့ ၄၈ နာရီထက်မနည်း ကြိုတင်၍ အကြောင်းကြားထားရမည်။ ထိုကဲ့သို့ အကြောင်းကြား၍ သီးသန့်အချုပ်တွဲရကာ ထိုအချုပ်တွဲကို တစ်တွဲလုံးအသုံးပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေရိုးရိုးတန်း ၆၂ ယောက် အတွက် မီးရထားခကို ပေးဆောင်ရလိမ့်မည်။ မီးရထားတွဲ သို့မဟုတ် သီးသန့်နေရာများ ရရှိနိုင်ရေးမှာ လက်ရှိအခြေအနေအရ လိုအပ်သလိုစီစဉ်ရမည်။

၁၂၁၁။ အပိုဒ် (၁၂၀၉) အရ သီးသန့်ထားသောအချုပ်ကို အလိုရှိသော်လည်း မရရှိသောအခါ အချုပ်သားများကို အခြားခရီးသည်များနှင့် မရောနှောစေရန်အတွက် ရိုးရိုးတွဲကို သီးသန့်ပြုလုပ်၍ ဆောင်ကြဉ်းသွားရမည်။

၁၂၁၂။ မီးရထားများနှင့် သွားလာ ဆောင်ကြဉ်းသည့်အတွက် ကြပ်မတ် ဆောင်ကြဉ်းသူများနှင့် အချုပ်သားများမှာ အခကြေးငွေပေး၍ လက်မှတ်ဝယ်ယူရမည်။ ၎င်းတို့မထွက်ခွာမီ ရဲစခန်းမှူးသည် ခရီးစရိတ် ငွေကြေးကို လုံလောက်စွာ ကြပ်မတ်ပို့ဆောင်သူတို့၏ ခေါင်းဆောင်အား ပေးလိုက်ရမည်။

၁၂၁၃။ မီးရထားနှင့်သွားလာရာတွင် မီးရထားတွဲအတွင်း ကြပ်မတ်ပို့ဆောင်သူနှင့်အချုပ်သားတို့၏ စပ်ကြားနေရာလပ်ထားရှိစေရမည့်အပြင် အနည်းဆုံး၂ယောက် တစ်တွဲ ကင်းတာဝန် ချထားရမည်။ ကျန်တပ်ဖွဲ့ဝင်တို့မှာ အသင့်ရှိနေကြရ မည်။ အဆောင်မှာ အချုပ်သားများ လက်လှမ်းမမီနိုင်သည့်နေရာတွင် ရှိနေရမည်။

၁၂၁၄။ (က) လူစီးရထားများနှင့် ကုန်တင်အမြန်မီးရထားများမှတစ်ပါး ဘရိတ် တွဲတွင် နေရာရရှိနိုင်ခဲ့သော် ကြပ်မတ်ပို့ဆောင်သူများက ကုန်တင်မီးရထားတစ်စင်းကို အောက်ပါအချက်များအရ ရပ်နိုင်းနိုင်သည်-

(၁) တရားခံများကို လွှတ်စေရန် ကြံစည်အားထုတ်သောသားအန္တရာယ် ရှိလျှင်သော်လည်းကောင်း။

(၂) တရားခံအား ဆေးကုသရန်အလိုရှိ၍ ဤနေရာ၌ မရမရှိနိုင်လျှင် သော်လည်းကောင်း။

(၃) လူစီးမီးရထားကို စောင့်ဆိုင်းနေသော တရားခံကို မိုးချုပ်၍ အချုပ်ထောင်သို့ မသွင်းနိုင်ရန် အကြောင်းရှိလျှင်သော်

လည်းကောင်း။

(ခ) ရာထူး အဆင့်အတန်း မြင့်သော ရဲအရာရှိကဖြစ်စေ ကြပ်မတ်ပို့ဆောင်သူခေါင်းဆောင်ကဖြစ်စေ ဆိုင်ရာ မီးရထား ရုံပိုင်ထံ မည်သည့်အကြောင်းကြောင့် ရပ်ကြောင်း၊ တရားဝင်အကြောင်း ကြားရမည်။ ထိုအခွင့်အရေးကို မတော်မတရား သို့မဟုတ် လုံလောက်သော အကြောင်းမရှိဘဲ သုံးစွဲလျှင် တာဝန်ရှိသူအပေါ် အရေးယူ ရမည်။

မှတ်ချက်။ လက်ရှိအခြေအနေအရ ဤအခွင့်အရေးကို မသုံးစွဲထိုက်လျှင် မသုံးစွဲဘဲ နေရမည်။

၁၂၁၅။ မီးရထားနှင့်ဆောင်ယူတင်ပို့သည့် အကျဉ်းသားများနှင့် ဘေးအန္တရာယ်ပြုတတ်သော အချုပ်သားများကို အပိုဒ် (၁၂၀၂) အရ လက်ထိပ်ခတ်၍ သံကြိုးနှင့် သီတွဲထားရမည့်ပြင် သံခြေချင်းလည်းခတ်ထားရမည်။ ကြပ်မတ်ပို့ဆောင်သူတို့သည် နယ်မြေခံရဲတပ်ဖွဲ့မှပင်ဖြစ်စေ ရဲတပ်ရင်းမှပင်ဖြစ်စေ လိုအပ်သောပစ္စည်းကိရိယာ များပြည့်စုံစွာရှိစေရန်နှင့် ရဲအရာရှိတစ်ဦးသည် မပျက်မကွက်ဘဲ မီးရထားသို့ ရောက်သည့်တိုင်အောင် လိုက်ပါပို့ဆောင်စေရန် ခရိုင်ရဲတပ်ဖွဲ့မှူး၌ တာဝန်ရှိသည်။ လိုက်ပါပို့ဆောင်ရမည့် ရဲအရာရှိအဆင့်အတန်းနှင့် တာဝန်ဝတ္တရားများကိုအပိုဒ် {၁၂၁၆(ခ)}တွင် ဖော်ပြထားပါသည်။ မီးရထားမထွက်မီ လက်ထိပ်နှင့် ခြေချင်းများကို ကြပ်မတ်ပို့ဆောင်သူတို့အပေါ်တွင် အုပ်ချုပ်သူအရာရှိက သေချာစွာစစ်ဆေး ကြည့်ရှုပြီးလျှင် ခိုင်မြဲစွာရှိကြောင်း မိမိစိတ်ကျေနပ်လောက်အောင် စမ်းသပ်စစ်ဆေးရမည်။ အကြောင်းကိစ္စတစ်စုံတစ်ရာနှင့် အချုပ်သားတို့ကို မီးရထားမှ ဆင်းခွင့်ပြုသင့်လျှင် အချုပ်သားတစ်ယောက်လျှင် အချုပ်စောင့်အဖွဲ့ထဲမှ လူတစ်ယောက် လိုက်ပါစေရန် ဆင့်ဆိုရမည်။ တစ်ကြိမ်လျှင် အချုပ်သားနှစ်ယောက်ထက်ပို၍ မီးရထားမှ ဆင်းခွင့်မပြုရ။ ကြပ်မတ်ပို့ဆောင်သူ ဦးရေမှာ သုံးယောက်ထက် မပိုလျှင် တစ်ကြိမ်လျှင် အချုပ်သား တစ်ယောက်ထက်ပို၍ ဆင်းခွင့်မပြုရ။

၁၂၁၆။ အထက်တွင် ပါရှိသည့် နည်းလမ်းများကို သင့်ရာပြင်ဆင်၍ အချုပ်သားတို့ကို ရေယာဉ်နှင့် ကြပ်မတ်ပို့ဆောင်သူတို့နှင့်လည်း သက်ဆိုင်သည်။

သို့သော် ထပ်မံ၍ သတိပြုရန်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေယာဉ်ပေါ်တွင် အပိုဒ် ၁၃၈၂ အရ လက်ထိပ်ခတ်ရန် လိုသော အချုပ်သားတို့ကို သံချောင်းခတ်ထားက ၎င်းတို့၌ ခတ်ထားသည့် ချောင်းများတွင် သံကြိုးနှင့်လျှိုလျက် သော့ခတ်၍ သံကြိုးတစ်ဖက်တစ်စကို ရေယာဉ်အလယ်ထောက်တိုင်တွင် ဖြစ်စေ ဘေးထောက်တိုင်တွင်ဖြစ်စေ သင့်ရာသော့ခလောက် နှစ်ခုနှင့် တစ်စစီခတ်လျက်နိုင်လုံစွာထားရမည်။ အဆောတလျင် အလိုရှိသည့်အခါမှတစ်ပါး တစ်ကြိမ်လျှင် နှစ်ယောက်ထက်ပို၍ သံကြိုးမဖြုတ်ရ။ သံကြိုးတစ်ဘက်အစက အချုပ်သားတို့ကို ဖြုတ်ယူပြီးသည့်အခါ ဖြုတ်ယူရာဘက် သံကြိုးစကို ပြန်၍ သေချာစွာ သော့ခတ်ထားရမည်။ ၎င်းအချုပ်သားတို့ကို သံကြိုးတွင် ပြန်၍သော့ခတ်ရန် အသင့်ရှိသည့်အခါ ဖြုတ်ယူသည့်အဘက်က မထည့်သွင်းဘဲ အခြားအဘက်က ထည့်သွင်း၍ သော့ခတ်ရမည်။ ဤကဲ့သို့ သော့ခတ်သည့်ဘက်က သံကြိုးစကိုသေချာစွာ သော့ခလောက်နှင့် ခတ်ထားပြီးမှသာ အခြားနှစ်ယောက်ကို ဖြုတ်ယူခွင့်ပြုရသည်။

(ခ) အချုပ်သားတစ်စုကို ရေယာဉ်၊ သို့မဟုတ် မီးရထားနှင့် ဆောင်ကြဉ်းတင်ပို့သောအခါ နယ်မြေခံရဲတပ်ဖွဲ့မှဖြစ်စေ ရဲတပ်ရင်းမှဖြစ်စေ ကြပ်မတ်ပို့ဆောင်သူ တို့အားရောင့်နံလင်စွာပေးရှိပြီး ဖြစ်ကြောင်း နှင့်ရဲအရာရှိ တစ်ယောက် ကြပ်မတ်ပို့ဆောင်သူ တို့နှင့် အတူရေယာဉ် သို့မဟုတ် မီးရထားအပေါ်ထိ လိုက်ပို့စေခြင်း တို့မှာ ခရိုင်ရဲတပ်ဖွဲ့မှူး တာဝန်ဖြစ်သည်။ ဤကဲ့သို့လိုက် ပို့ရမည့် ရဲအရာရှိ၏ ရာထူးအဆင့် အတန်းကို အောက်ပါ အတိုင်း သတ်မှတ်ထားရမည်-

(၁) အချုပ်သား ၃ ယောက်နှင့် ၃ ယောက်အောက်ဖြစ်လျှင် ရဲတပ်ကြပ်ကြီးတစ်ယောက်၊ အချုပ်သား ၃ ယောက်ထက် ပို၍ ၁၀ ယောက်အောက်ဖြစ်လျှင် ဒုတိယရဲအုပ် တစ်

ယောက်၊ အချုပ်သား ၁၀ ယောက်နှင့်အထက်ဖြစ်လျှင် ရဲအုပ်တစ်ယောက် ဖြစ်ရမည်။

(၂) အထက်ဖော်ပြ ပါရှိသည့်အတိုင်း အချုပ်သားတို့ကို ရေယာဉ်ပေါ်သို့ လိုက်ပို့ရန် ရဲအရာရှိ မရှိနိုင်သောအခါ ၄င်းပြဋ္ဌာန်း ထားသော ရဲအရာရှိအောက် ရာထူးတစ်ဆင့်နိမ့်သော ရဲအရာရှိက လိုက်ပို့ရမည်။

(၃) ရေယာဉ် သို့မဟုတ် မီးရထားပေါ်သို့ ရောက်လျှင် ၄င်းလိုက်ပို့သူ ရဲအရာရှိက လက်ထိပ်သံကြိုး သော့ခလောက်ခြေချင်းများမှာ ပျက်ယွင်းချို့တဲ့ခြင်း မရှိကြောင်း၊ အချုပ်သားတို့နှင့်လည်း၊ တော်သင့်ကြောင်းများကို ရှေဦးစွာ စိတ်ကျေနပ် အောင်ကြည့်ရှုပြီးနောက် အချုပ်သားတို့ကို ကြပ်မတ် ပို့ဆောင်သည့် အဖွဲ့ခေါင်းဆောင် အရာရှိသို့ လွှဲအပ်ရမည်။

(၄) အဖွဲ့ခေါင်းဆောင် ကိုင်ဆောင်သော မှတ်တမ်းစာအုပ်၌ ဤကဲ့သို့ ဆောင်ရွက်ပြီးကြောင်းကို ရေးသွင်းရမည်။

(၅) ဤကဲ့သို့ လွှဲအပ်ပြီးနောက် အချုပ်သားတို့ကို လုံခြုံစွာ ထိန်းသိမ်း ဆောင့်ရောက်ရန်မှာ ကြပ်မတ် ပို့ဆောင်သူ ခေါင်းဆောင်၏ တာဝန်ဖြစ်စေရမည်။

(ဂ) အချုပ်သား တစ်ဦးတစ်ယောက်ကို မထွက်ပြေးနိုင်ရန် ပြုလုပ်ချည်နှောင်ထားသည့် အရာကို ရေယာဉ်နစ်မြုပ်ခြင်း သို့မဟုတ် မီးလောင်ခြင်း စသည့် အလွန်အရေးကြီးသော ကိစ္စများမှတစ်ပါး မည်သည့်အခါမျှ မဖြုတ်ရ။

**အချုပ်သားများတို့ ကုန်းလမ်းခရီးဖြင့်ကြပ်မတ်ပို့ဆောင်ခြင်း၊**

၁၂၁၇။ × × × × × × × × × ×။

၁၂၁၈။ အပိုဒ် (၁၂၀၂) အရ လက်ထိပ်ခတ်ခြင်းဆိုင်ရာ နည်းလမ်းများနှင့်အညီ လက်ထိပ်ခတ်ထားသည့် အချုပ်သားတို့ ခရီးသွားလျက်ရှိနေသည့်အခါ ထပ်မံ၍ သံကြိုးစကို လက်ထိပ်ကွင်း၂ခုနှင့် ဆက်သွယ်ထားသည့်သံကြိုးတွင်ချည်၍ အခြား

တစ်စကို တပ်ဖွဲ့ဝင်တစ်ယောက်က ကိုင်ထားရမည်။ သံကြိုးအဆုံးတွင်ရှိသော လက်စံကွင်းအတွင်းသို့ လျှိုု၍ ဓါးသတ်ပတ်ထားရမည်။ လက်ကိုင်သံကြိုးတစ်ချောင်းကို အသုံးပြုခြင်းအားဖြင့် ၄င်းအချုပ်သားတို့ မလွတ်မထွက်ရအောင် တိုး၍ပြုလုပ်ရမည်။ အချုပ်သား ၄ ယောက်ထက် ပိုမိုလျှင် အချုပ်သားတို့ လက်ထိပ်များကို သေးသော သံကြိုး တစ်ချောင်းနှင့်သီ၍ သံကြိုး၏ အသီးသီး၌ပါသော ကွင်းကို အားတစ်ဖက်တစ်ချက်ရှိ အချုပ်သား အသီးသီး၏ လက်ထိပ်တွင် ချည်တွယ်ထားရမည်။ လက်ထိပ် သို့မဟုတ် ခြေချင်းများကို သီ၍ သွယ်ထားရန်အလို့ငှာ သံကွင်း ၂ ကွင်းပါသော သံကြိုးနှင့် သော့ခလောက်ကို အသုံးပြုရန် လိုသည့်အခါ အသုံးပြုရမည်။

၁၂၁၉။ (က) အကျဉ်းသားများ ချုပ်ထားရန်ဟု သတ်မှတ်ထားသည့် နေရာနှင့် လုံခြုံနိုင်စွာသည့် နေရာမဟုတ်လျှင် လက်ထိပ်များကို မည်သည့် အခါမျှ မဖြုတ်ရ။

(ခ) အချုပ်သားများကို မည်သည့်အခါမျှ မိမိမျက်မှောက်မှ ထွက်ခွာမသွားစေရန် ရဲတပ်သား အစောင့်တို့အား အသိပေးရမည်။

(ဂ) ကျင်ကြီး ကျင်ငယ်စွန့်လိုသော အချုပ်သားတစ်ယောက်ကို စောင့်ကြပ်သူက သင့်လျော်သည့်နေရာသို့ ပို့ရမည်။ ဆို့ရာတွင် စောင့်ကြပ်သူကို မျက်မှောက်မှ ထွက်ခွာမသွားစေရ။ အချုပ်သား၏ လက်ဝဲဘက်လက်ကို လက်ထိပ်မှ ချွတ်ပေးနိုင်သည်။ သို့သော် လက်ယာဘက်လက်ကို စွပ်ထားသော လက်ထိပ်မှ သံကြိုးကို အစောင့်ရဲတပ်သားက ကိုင်ထားရမည်။ အချုပ်သားတစ်ယောက်ကို ကျင်ကြီးကျင်ငယ်စွန့်ရန် ပို့နေစဉ် ကျန်အချုပ်သားအားလုံးကို ထိုင်နေစေရမည်။

၁၂၂၀။ အချုပ်သားများကို ကြပ်မတ်ပို့ဆောင်သူခေါင်းဆောင်၏ တာဝန်များ

(က) လက်ထိပ်သံကြိုး သံခြေချင်းများသည် ခိုင် မခိုင်နှင့် အချုပ်သားများ၏ လက်၊ ခြေများတွင် ခိုင်လုံစွာခတ်ထားလျက် ရှိမရှိ စစ်ဆေးရမည်။

(ခ) အချုပ်သားများကို တစ်စုတည်း ထားရမည်။

(ဂ) ခရီးမထွက်မီ အစောင့်အကြပ်တို့နှင့် လက်နက် ယမ်းတောင့် လုံလောက်စွာ ရှိမရှိကို စစ်ဆေးရမည်။

(ဃ) ခရီးမထွက်မီ အစောင့်အကြပ်များနှင့် အချုပ်သားတို့၏ ပစ္စည်းများကို စစ်ဆေးရမည်။

(င) မိမိတို့ရောက်ရှိရမည့် ရဲစခန်းသို့ နေမဝင်မီရောက်ရန် အချိန်ကို ချင့်ချိန်ထွက်ရမည်။

(စ) အစောင့်အကြပ်များ ဦးရေများလျှင် အချုပ်သားများ၏ ဘေးနှင့်နောက်မှ ကြပ်မတ်၍ လိုက်ရမည်။

(ဆ) လမ်းခရီးရှိ ရဲစခန်းများသို့ရောက်တိုင်း ထိုရဲစခန်းများရှိအကြီးဆုံး အရာရှိထံ ရောက်ရှိကြောင်း အစီရင်ခံရမည်။

(ဇ) ရဲစခန်းများတွင် ညဥ့်အခါ ရပ်နားနေစဉ် အချုပ်သား၏ လုံခြုံမှုအတွက် ထိုရဲစခန်းမှူးနှင့် ညီတူညီမျှ တာဝန်ယူရမည်။

၁၂၂၁။ ခရီးအကြားတွင် ရဲစခန်းသော်လည်းကောင်း ရဲကင်းစခန်းသော်လည်းကောင်း မရှိသည့်အရပ်တွင် ရပ်တန့်ရန်ရှိလျှင် အချုပ်သားဦးရေ မည်မျှပင်ဖြစ်သော်လည်း ကြပ်မတ်ပို့ဆောင်သူ ဦးရေမှာ အနည်းဆုံး ရဲတပ်ဖွဲ့ဝင် ၆ ဦးထက်မနည်းရ။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပိုင်ငွေ၊ ဘဏ္ဍာငွေများနှင့် ခဲယမ်းကိရိယာများကို ကြပ်မတ်ပို့ဆောင်ခြင်း

### မီးရထားနှင့်ကြပ်မတ်ပို့ဆောင်သူများ

၁၂၂၂။ အစိုးရပိုင်ငွေ၊ ဘဏ္ဍာငွေများကို မီးရထားဖြင့် ပို့ဆောင်ရာတွင် အောက်ပါနည်းလမ်းအတိုင်း သေချာစွာလိုက်နာဆောင်ရွက်ရမည်။ လက်ရှိလမ်းခရီး အခြေ အနေအရ သင့်လျော်စွာ တိုးချဲ့စီစဉ် ပို့ဆောင်နိုင်သည်–

(ဈ) တင်ပို့ရန်ရှိသည့် ငွေမှာ အနည်းငယ်သာဖြစ်ခဲ့လျှင် မီးရထား ကုန်တွဲနှင့် တင်ဆောင်ရန်မလို။ ကြပ်မတ်ပို့ဆောင်သူတို့စီးသော တွဲ၌ပင် တင်ဆောင်နိုင်သည်။

(ခ ) ငွေစက္ကူများကို ကြပ်မတ် ပို့ဆောင် ယူသွားရမည့်သူတို့သည် မီးရထားတွဲအစွန်ဆုံး အခန်းတွင် ငွေစက္ကူထည့်သော သေတ္တာကို ထိုင်ခုံအောက်၌ အပြင်နံရံကို ကပ်ပြီးထား၍ ထိုင်ရမည်။ငွေစက္ကူထည့်သောသေတ္တာသည်ထိုင်ခုံအောက်မသွင်း နိုင်လောက်အောင် ကြီးခဲ့သော် ကျသင့်သော အချမ်းဖြင့် သီးသန့်နေရာ ရရန်ငှားရမည်။

(ဂ ) ကြပ်မတ်ပို့ဆောင်သူတို့ကို အလိုရှိသည့်အခါတိုင်း ဘဏ်မန်နေဂျာ က ရှိုင်းရဲတပ်ဖွဲ့မှူး မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အနည်းဆုံး ၄၈ နာရီ ကြိုတင် အကြောင်းကြားရမည်။

(ဃ) မီးရထားခရီးဖြင့် တင်ဆောင်သောအခါ ငွေကြေးပမာဏအပေါ် မူတည်၍ လုံလောက်သော လုံခြုံရေးအစောင့်အရှောက်များ ပါရှိစေရန် စီစဉ်ပေးရမည်။

(င ) မီးရထားခရီးဖြင့် ကြပ်မတ်ပို့ဆောင်သူတို့သည် ဖွဲ့စည်းပုံအရ လက်နက်စွဲကိုင် နိုင်သည်။

၁၂၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာငွေများကို မီးရထားလမ်းခရီးဖြင့် တင်ဆောင်ရန် ကုန်တွဲတွင် တင်ပို့သောအခါ တတ်နိုင်လျှင် တံခါးများကို အတွင်းမှ ခိုင်လုံစွာပြုလုပ်ပြီးသော် ပြင်ပကဖွင့်နိုင်သည့် တံခါးများကို ခိုင်ခံ့သော သော့ခလောက်များနှင့် ခတ်ပိတ်ရမည်။ သော့ခလောက်များကို ပေးရန်မှာ ငွေတင်ပို့သော ဘဏ်မန်နေဂျာ၏ တာဝန်ဝတ္တရားများဖြစ်၍ ဘဏ်တိုက်မှ မကြာခဏ မီးရထားဖြင့် တင်ပို့ရသည့် ဘဏ်တွင်လည်း သော့ခလောက်နှင့် သော့များ လုံလောက်စွာ ရှိစေရမည်။ ဘဏ်မန်နေဂျာသည် ကြပ်မတ်ပို့ဆောင်သူ အရာရှိထံမှ သော့ခလောက် ရရှိကြောင်း ပြေစာကို ယူရမည်။ ကြပ်မတ်ပို့ဆောင် သူတို့ ပြန်သောအခါ လက်ခံရယူသည့် အရာရှိက ကြပ်မတ်ပို့ဆောင်သူအား ကြီးကြပ်သူအရာရှိထံမှတစ်ဆင့် သော့ခလောက်များကို ပြန်၍ ပေးအပ်ရမည်။

သို့မဟုတ် ရဲအရာရှိအား ပြေစာပေးပြီး လျှင်မြန်နိုင်သမျှ လျှင်မြန်စွာ စာတိုက်မှ သော်လည်းကောင်း၊ မီးရထားဖြင့် သော်လည်းကောင်း၊ သို့မဟုတ် ဘဏ်ငွေရေးသူများဖြင့် သော်လည်းကောင်း၊ သော့ကိုပြန်ပို့ရမည်။

၁၂၄။ ဘဏ်မန်နေဂျာသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကိုယ်စား အခြားသူတစ်ယောက်ကိုသော်လည်းကောင်း၊ ကုန်တွဲများတွင် ဘဏ္ဍာငွေများ သယ်ယူ တင်ဆောင်ခြင်းကို မီးရထားနှင့် တစ်ပါတည်း စောင့်ကြပ်သွားမည့် ကြီးကြပ်သူ ရဲအရာရှိနှင့်အတူ ကြည့်ရှုစီမံရမည်။ ထိုသူအား လိုက်နာရန် စည်းကမ်းပုံစံအမှတ်( တီအက်ဖ် ၁၈၀ )နှင့် တစ်ဆင့်လွှဲအပ်ခံရမည့် ကြပ်မတ်ပို့ဆောင်သူတို့ ရှိသမျှအတွက် ပြေစာလွှတ်များပါ ပေးအပ်ရမည်။ ၄င်းစာရွက်များ အတွက် ပြေစာကိုလည်းရယူရမည်။

၁၂၅။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရပိုင် ဘဏ္ဍာငွေများကို မီးရထားနှင့် ကြပ်မတ်ပို့ဆောင်ရန် အောက်ပါနည်းလမ်းများကို သတ်မှတ်ထားသည်–

(က) ဘဏ္ဍာငွေများကိုစောင့်ရှောက်၍မီးရထားဖြင့်သွားရမည့် ကြပ်မတ်ပို့ဆောင်သည့် အဖွဲ့ခေါင်းဆောင်သည် ဘဏ်တွင် ၄င်းဘဏ္ဍာငွေများကို သေတ္တာများ၌ ထည့်သွင်းထုပ်ပိုးနေစဉ် ကြည့်ရှုရ၊ သို့သော် သေတ္တာများကို ချိန်တွယ်သည့်အခါ ကြည့်ရှု၍ ၄င်းသေတ္တာ အသီးသီးတို့ကို မီးရထားကုန်တွဲ အတွင်း သို့ မတင်မီ လုံခြုံစွာအသေအချာပိတ်ထား ချိတ်ဆွဲထားကြောင်း၊၄င်းတို့ကို တွဲထဲတွင်နေရာတကျထားကြောင်း၊ စိတ်ကျေနပ်အောင်ကြည့်ရှုရမည်။ ကြပ်မတ်ပို့ဆောင်သည့် အဖွဲ့ခေါင်းဆောင်အား စာရင်းအောက်ခြေပြေစာပေါ်၌ ငွေသေတ္တာများရရှိကြောင်းလက်မှတ်ရေးထိုးစေရမည်။ အလွတ်ထားသည့် နေရာများတွင် စာဖြင့်သေတ္တာအရေအတွက် ရေးသွင်းရမည်။

(ခ) ကုန်းလမ်းခရီးဖြင့် ကြပ်မတ်ပို့ဆောင်ရသော ထိုဘဏ္ဍာငွေများ၏ တန်ဖိုးအလျောက် လူဦးရေပြဋ္ဌာန်းချက်အတိုင်း မီးရထားဘူတာရုံသို့ တင်ဆောင်သယ်ပို့ခြင်းနှင့် မီးရထားတွဲသို့ တင်သောအခါ စောင့်ကြပ်ရမည့် လူဦးရေမှာ ထပ်တူပင်ဖြစ်သည်။ မီးရထား

ဘူတာရုံမှတစ်ဆင့် လက်ခံသယ်ယူသောအခါ၌လည်း အစောင့်အကြပ်ဦးရေမှာ ၄င်းနည်းတူပင်ဖြစ်သည်။ မီးရထားခရီးဖြင့် ကြပ်မတ်ပို့ဆောင်သူဦးရေမှာ ကုန်းလမ်းခရီးဖြင့်ကြပ်မတ်ပို့ဆောင်ရမည့်လူဦးရေထက်လျော့နည်းခဲ့သော်စခိုင်ရဲတပ်ဖွဲ့မှူးသို့မဟုတ် ရဲတပ်ရင်းမှူးတို့သည်တောင်ဆောင်သောဘူတာရုံ၌၊ ကုန်းလမ်းခရီးဖြင့်ကြပ်မတ်ပို့ဆောင်ရမည့်၊ လူဦးရေကို ပြည့်အောင် ထပ်တိုးပြီး ချယူရမည့်ဘူတာရုံ၌လည်း။ ၄င်းနည်းတူပြုလုပ်ရန် ဆိုင်ရာစခိုင်ရဲတပ်ဖွဲ့မှူး၊ သို့မဟုတ် ရဲတပ်ရင်းမှူး ထံသို့အမြန်ဆုံးအကြောင်းကြားရမည်။

(ဂ) အစောင့်အကြပ်တို့ကို ဘဏ္ဍာငွေတင်သောတွဲနှင့် ဆက်လျက်ရှိသော၊ စက်အရှိန်သတ်(ဘရိတ်)တွဲတွင်ဖြစ်စေ၊ ဘဏ္ဍာငွေတင်သောတွဲနှင့် ကပ်လျက်ရှိသော အနီးဆုံးအခန်းတွင်ဖြစ်စေ၊ နေရာထိုင်ခင်းပေး၍ လိုက်ပါစီးနင်းစေရမည်။ ၄င်းတို့လိုက်ပါစီးနင်းသောတွဲ၏ အခန်းတံခါးများကို မည်သည့်အခါမျှ သော့နှင့်ခတ်မထားရ။

(ဃ) ကြပ်မတ်ပို့ဆောင်သည့် အဖွဲ့ခေါင်းဆောင်သည် ပို့ဆောင်သောဘဏ္ဍာငွေများကို ယူဆောင်သည့် လူစီးမီးရထားဖြစ်စေ ကုန်တင်မီးရထားဖြစ်စေ မီးရထားအမှတ်နှင့် ၄င်းမီးရထားထွက်ခွာသည့်အချိန်နာရီကို ဆိုခဲ့သည့် ဘဏ္ဍာငွေများကို လက်ခံယူမည့်အရာရှိထံ အမြန်ဆုံး အကြောင်းကြားရမည်။ လမ်းခရီးတွင် မီးရထားပြောင်းလွှဲ တင်ရလျှင်ဖြစ်စေ မီးရထားဆိုက်ရောက်မည့် အချိန်အခါကို ကြန့်ကြာစေအောင် အကြောင်းတစ်စုံတစ်ရာ ဖြစ်ပွားပေါ်ပေါက်ခဲ့လျှင်ဖြစ်စေ ၄င်းအကြောင်းအရာများကိုလည်း ထပ်မံ၍ အကြောင်းကြားရမည်။

(င) ၄င်းကြပ်မတ်ပို့ဆောင်သူတို့ထံမှ လွှဲအပ်လက်ခံရယူသူ အရာရှိသည် ဘဏ္ဍာငွေတင်ဆောင်လာခဲ့သည့် တွဲအမှတ်သည် မိမိလက်မှတ်ရေးထိုးရန် ပေးအပ်သည့် လက်ခံရရှိကြောင်း ခံဝန်ချက်

လက်မှတ်စာရွက်တွင် ပါရှိသော အမှတ်နှင့် တူညီခြင်းရှိမရှိ တိုက်ဆိုင်ပြီးလျှင် ချိပ်တံဆိပ်များ ရှိယွင်းပျက်စီးခြင်း မရှိသည် သာမက ပြင်ဆင်ထားသည့်လက္ခဏာ မရှိကြောင်းများနှင့် အပြင်ဘက်မှ သော့မရှိသော တံခါးများကိုအတွင်းမှ လုံခြုံစွာမင်းတုပ်ချ၍ ပိတ်ထားပြီးလျှင်ဖွင့်၍ မရနိုင်ကြောင်းများကို ကြည့်ရှုရမည်။

(စ) ကြပ်မတ်ပို့ဆောင်သည့် အဖွဲ့ခေါင်းဆောင်ကို မီးအိမ်တစ်လုံးပေးထားရမည်။ ၎င်းမီးအိမ်ကို တစ်ညလုံး ထွန်းထားစေရ မည်။ မီးရထား ဆိုက်ရောက်ရပ်တန့်ရာ စခန်းတစ်ခုခြားတိုင်းတွင်လည်း ၎င်းအရာရှိက အစောင့်တစ်ယောက်ကို တွဲမှဆင်းစေ၍ ဘဏ္ဍာငွေတင် သောတွဲမှတံခါးများနှင့် သော့ခလောက်များကို ချောင်ယှက်ပျက်စီးခြင်း ရှိမရှိကြည့်ရှုစေရမည်။ အချိန်နာရီကြာမြင့်စွာ မီးရထားရပ်တန့်၍ နေလျှင်ကြပ်မတ်စောင့် ရောက်သူတို့မှာ ဘဏ္ဍာငွေတင် ထားသောတွဲတံခါး အနားတွင်စောင့်ရှောက်လျက်ရှိနေ ကြရမည်။ဘဏ္ဍာငွေ တင်ထားသော တွဲအများရှိခဲ့လျှင် ၎င်းတွဲများအဆုံး တစ်ဘက်၌ တစ်ယောက်စီရပ်၍စောင့်ရှောက်စေရန် အစောင့် ၂ ယောက်ကို စေလွှတ်လျှင် လုံလောက်လိမ့်မည်။

(ဆ) မီးရထားတွဲ ပျက်စီးပြုတ်ထွက်၍ ဘဏ္ဍာငွေတင်တွဲများ တစ်ခြားစီ ကွဲပြားလျက်ရှိသည့်အခါ ကြပ်မတ်ပို့ဆောင်သည့် အဖွဲ့ခေါင်းဆောင်သည် မိမိလက်အောက် တပ်ဖွဲ့ဝင်တို့ကို လူစုခွဲဝေ စောင့်ကြည့်စေ၍ မိမိကိုယ်တိုင်ပျက်စီးပြုတ်ထွက်သော အပိုင်းတွင်နေရမည်။

(ဇ) ဘဏ္ဍာငွေသေတ္တာများကို ပေးအပ်ရန်လိပ်စာပေးသော ဘဏ္ဍာတိုက်သို့ပေးအပ်သည့်အခါ။ "ငွေကျပ်――――――――ပါသည်ဆိုသော အိတ်လုံးရေ――――"သို့မဟုတ်" အမှုအခရင်းတွင် ဖော်ပြလျက်ပါသည့် အမှတ်အသားတံဆိပ် အချိန်အတွယ်နှင့်တကွငွေစက္ကူ သို့မဟုတ် ကျပ်သုံးခင်ချပြားရေ――――――――ပါသည်ဆိုသော

သေဗ္ဗာလုံးရေ----------"ကို ရရှိကြောင်း ဝန်ခံလက်မှတ်စာကို ဆိုခဲ့သည့်အရာရှိထံမှ တောင်းယူရမည်။ မည်သည့် သေဗ္ဗာမဆို အချိန်အတွယ် လျော့လျှင်ဖြစ်စေ ဖောက်ထွင်း ဖျက်ဆီးသည့် လက္ခဏာသင်ရှားလျှင်ဖြစ်စေကြပ်မတ်ပို့ဆောင်သည့်အဖွဲ့ခေါင်းဆောင်ရှေ့တွင်သေဗ္ဗာကိုဖွင့်ရမည်။ ဤသို့ချို့ယွင်းချက်မရှိလျှင် ၎င်းအဖွဲ့ကို ချက်ချင်း ပြန်သွားစေရန် ခွင့်ပြုရမည်။ လွှဲအပ်ခံသည့် ကြပ်မတ်ပို့ဆောင်သူတို့ အသုံးပြုရမည့် ရရှိကြောင်း ဝန်ခံလက်မှတ်မှာ အောက်ပါအတိုင်းဖြစ်စေရမည်-

– စုစုပေါင်းငွေ-----ပါသောသေဗ္ဗာလုံးရေ-----ပါသည်ဆိုသော တွဲအမှတ်-------စုစုပေါင်းငွေ------ပါသော သေဗ္ဗာလုံးရေ-----ပါသည်ဆိုသောတွဲအမှတ်၊-----(၎င်းနည်းဆက်လက်ရေးထည့်)များကို-----------ရိုင်ရဲတပ်ဖွဲ့မှူးထံမှ လက်ခံထိန်းသိမ်း ကြီးကြပ်ရကြောင်း ၎င်းတွဲများကိုသေချာစွာသော့ ပိတ်ပြီးဖြစ်ကြောင်း၊ တွဲတစ်တွဲလျှင် သော့တစ်ချောင်းကျ လည်းပေးအပ်ကြောင်း၊ အခြားလဲလှယ် စောင့်ရှောက်သည့်ကြပ်မတ် ပို့ဆောင်သူတို့ကပေးရန်ရှိသည့် ခံဝန်လက်မှတ်-------ကိုလည်းရရှိကြောင်းများကို ခံဝန်လက်မှတ်ရေး ထိုးသည်။

တွဲတစ်စုံတစ်ရာ ပျက်စီးသည့်အခါ ၎င်းတွဲအသီးသီး အမှတ်နှင့် ၎င်းတွဲတွင်ပါဝင်သော အရာများကို အကျယ်တော်ပြရေးသား ရမည်။ အဖွဲ့ခေါင်းဆောင်သည် ခံဝန်လက်မှတ် ရေးမှတ်ထားရမည်။

(ဈ) ကြပ်မတ်ပို့ဆောင်သည့် အဖွဲ့ခေါင်းဆောင်သည် ဘဏ္ဍာငွေများကို ပို့သောအရာရှိထံပြစ်စေ ဘဏ်မန်နေဂျာထံပြစ်စေ ဘဏ္ဍာငွေများ မပေးအပ်မီ"တာဝန်ပေးအပ်သောအမိန့်စာ" လက်မှတ်ကိုစစ်ဆေး ကြည့်ရှုရန်အလို့ငှာ တင်ပြရမည်။ ဘဏ္ဍာငွေကို လက်ခံသော ဘဏ်မန်နေဂျာထံသို့လည်း ၎င်း"တာဝန်ပေးအပ်သော အမိန့်စာ လက်မှတ်"ကိုစစ်ဆေးကြည့်ရှုရန်အလို့ငှာ တင်ပြရမည်။ ဘဏ္ဍာ

ငွေလက်ခံယူသော ဘဏ်မန်နေဂျာ ထံသို့ တာဝန်ယူသော အမိန့်စာတွင် ဖော်ပြပါရှိသော အရာရှိထံမှ ဘဏ္ဍာငွေကို လက်ခံရယူကြောင်း စိတ်ကျေနပ်လောက်အောင် စစ်ဆေး၍ ၎င်းလက်မှတ်စာပေါ်တွင်ဖော်ပြပါရှိသော ကြပ်မတ်ပို့ဆောင်သူဦးရေကိုလည်း တိုက်ဆိုင်ကြည့်ရှုပြီးလျှင် ခြားနားချင်းတစ်စုံတစ်ရာ တွေ့ခဲ့သော် ၎င်းခြားနားချက်ကို ရေးမှတ်ရမည်။ တိုက်ဆိုင်ကြည့်ရှုရာ၌ မှန်ကန်ကြောင်း သိရှိရလျှင် တာဝန်ယူအပ်သော အမိန့်စာလက်မှတ်တွင် လက်မှတ်ရေးထိုးရမည်။

(ည) ယခုနည်းလမ်းများကို ကျူးလွန်သည့်အချက်တစ်စုံတစ်ရာ ပေါ်ပေါက်သည့်အခါတိုင်း ကြပ်မတ်ပို့ဆောင်သည့် အဖွဲ့ခေါင်းဆောင် အရာရှိက ဘဏ္ဍာငွေတင်သော တွဲကို စောင့်ကြပ်ရသော တွဲများမှဖြုတ်စေ၍ ၎င်းပေါ်ပေါက်လာသော အကြောင်းခြင်းရာများကို ဘဏ္ဍာငွေပေးပို့ရင်း အရာရှိမှတစ်ဆင့် မိမိဆိုင်ရာ အရာရှိကြီးနှင့် အထွေထွေမန်နေဂျာ(စီးပွားရေး) မြန်မာ့မီးရထားထံ အမြန်ဆုံးတင်ပြရမည်။

(ဋ ) ဘဏ္ဍာငွေနှင့်အတူ ငွေရေသူ ပိုဒါ (POTDAR)လိုက်ပါလျှင် ၎င်းငွေရေတွက်သူမှာ ငွေတစ်သေတ္တာကိုလုံးအတွင်း သေတ္တာများထဲ၌ ပါရှိသောဘဏ္ဍာငွေများအတွက် တာဝန်ရှိစေရမည်။၎င်းကြပ်မတ်ပို့ဆောင်သူတို့သည် မိမိတို့၏ ဆောင်ရွက်ရာ တရားသဖြင့် အလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်းကို ငွေရေသူပိုဒါ(POTDAR) က မည်သည့်နည်းနှင့်မျှ အနှောင့်အယှက်မပြုလုပ်ရ။ သို့သော်လည်း လိုအပ်သည့် စီမံချက်များပြုလုပ်ခြင်း ရှိမရှိကို မိမိစိတ်ကျေနပ်အောင် ကြည့်ရှုခွင့်ရသည်။ သေတ္တာတစ်စုံတစ်ရာမှာ ပျက်စီးယိုယွင်းခြင်းရှိသောအခါတွင် စိတ်ချသွားသည့် ငွေများကို လက်ခံယူရန်သော်လည်းကောင်း၊ သေတ္တာထဲတွင်ရှိသော ငွေများကို ထပ်မံရေတွက် ကြည့်ရှုရန်သော်လည်းကောင်း၊ ပြန်၍ထုပ်ပိုးရန်လိုလျှင်သေတ္တာကိုပြန်၍ ထုပ်ပိုးရန်သော်လည်းကောင်း၊ ငွေရေသူ၏

အလုပ်ဝတ္တရားဖြစ်စေရမည်။ ငွေရေးသူသည်မိမိ၏ အလုပ်ဝတ္တရားများဆောင်ရွက်ခြင်းကို ကြပ်မတ်ပို့ဆောင်သူတို့အား ကြီးကြပ်အုပ်ချုပ်သူ အရာရှိက ရှောင်လွှဲခွင့်မပြုရ။

(၄) သေတ္တာ၊ လှည်း၊ သို့မဟုတ် မီးရထားတွဲ တစ်ခုတစ်ရာကို သော့ခလောက်နှစ်ခုနှင့်ခတ်ထားလျှင် သော့တစ်ချောင်းကို ငွေရေးသူလက်တွင်ထည့်၍ ကျန်သော့တစ်ချောင်းကို ကြပ်မတ်ပို့ဆောင်သူတို့တွင် ကြီးကြပ်အုပ်ချုပ်သူ အရာရှိ၏ လက်၌ထားရမည်။ သော့ခလောက်တစ်ခုသာ ခတ်ထားလျှင်သော့ကို ငွေရေးသူ "ပိုဒါ"၏ လက်တွင်ထားရမည်။ သို့သော်လည်း သွားရောက်မည့်နေရာသို့ မရောက်မီ သေတ္တာ သို့မဟုတ် မီးရထားတွဲများ မဖွင့်စေရန် ကြပ်မတ်ပို့ဆောင်သူ တာဝန်ရှိစေရမည်။ သေတ္တာ သို့မဟုတ် မီးရထားတွဲပျက်စီး၍ ဘဏ္ဍာငွေများ အခြားသေတ္တာ သို့မဟုတ် မီးရထားတွဲသို့ ကြပ်မတ်ပို့ဆောင်သူရှေ့တွင် ရွှေ့ပြောင်းရမည့် အခါမှသာလျှင် သေတ္တာ သို့မဟုတ် မီးရထားတွဲများကို ဖွင့်ခွင့်ပြုရမည်။ ငွေရေးသူ "ပိုဒါ"မပါရှိဘဲ ဘဏ္ဍာငွေများပို့ဆောင်သည့် အခါတွင် သော့ခလောက်တစ်ခုတည်းကို အသုံးပြုလျှင် သော့ကို ချိပ်တံဆိပ်ရိုက်လျက် ပိတ်သောစာအိတ်တွင် ထည့်ပြီးလျှင် ကြပ်မတ်ပို့ဆောင်သူအရာရှိထံ အပ်နှံရမည်။ ၎င်းအရာရှိမှာ ၎င်းစာအိတ်ကိုမဖွင့်ရ။ လမ်းခရီး၌ပျက်စီးခြင်း၊ တစ်ခုတစ်ရာဖြစ်သောကြောင့် မဖွင့်ဘဲမနေသာသည့်အခါတွင်သာလျှင် ၎င်းစာအိတ်ကို ဖွင့်ရမည်။ မီးရထားတွဲတွင်ရှိသည့် ချိပ်တံဆိပ်သည် ချို့ယွင်းပျက်စီးလျှင်သော်လည်းကောင်း၊ ပြင်ဆင်ထားသည့်လက္ခဏာရှိလျှင်သော်လည်းကောင်း၊ သို့မဟုတ် မီးရထားတွဲကို ချိပ်တံဆိပ်မခတ်နိုင်လျှင်သော်လည်းကောင်း၊ လက်ခံယူရမည့် ကြပ်မတ်ပို့ဆောင်သူအရာရှိသည် မီးရထားကုန်တွဲကိုဖွင့်နိုင်းစေရန် ဝတ္တရားရှိသည်။ ပထမကြပ်မတ်ပို့ဆောင်ယူလာသူအား လက်ခံပြေစာ လက်မှတ်မပေးမီ သေတ္တာများ၏ အရေအတွက်ကို ကြည့်ရှုရမည်။ ဤကဲ့သို့သော ကိစ္စရပ်များတွင် မီးရထားကုန်တွဲကို ဖွင့်ပြီးနဲ

ကြောင်းနှင့် သေတ္တာများ၏အရေအတွက်ကို ပြေစာပေါ်တွင် ထပ်ဆင့်ရေးမှတ်ရမည်။

၁၂၆။ လက်နက်ခဲယမ်းကိရိယာများ ကြပ်မတ်ပို့ဆောင်သူတို့ကို ဖွဲ့စည်းပုံအတိုင်း လက်နက်ခဲယမ်းများ ကိုင်ဆောင်စေရမည်။

၁၂၇။ × × × × × × × × × × × × × × × × × × × × × × × × × ×။

၁၂၈။ လက်နက်ခဲယမ်းကိရိယာများကို ကြပ်မတ်ပို့ဆောင်သူတို့မှာ မိမိတို့ပို့ဆောင်သွားရမည့် ခရီးလမ်းဆုံးတိုင် တိုက်ရိုက်သွားရောက်ရမြဲဖြစ်၍ ခရီးလမ်းအကြားတွင် ကြပ်မတ်ပို့ဆောင်သူ အသစ်မလဲလှယ်ရ။

**ငွေတိုက်များကိုစောင့်ကြပ်ခြင်း**

၁၂၉။ ငွေတိုက်များထားရှိသော ရဲစခန်းနှင့် ရဲကင်းများတွင် စခန်းမှူးနှင့် ရဲကင်းမှူးများ၏ ဝတ္တရားများမှာ–

(က) ငွေတိုက်ကို မိမိကိုယ်တိုင် နေ့စဉ်ကြည့်ရှုစစ်ဆေး၍ ထိုသို့စစ်ဆေးပြီးကြောင်းကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင်ဖော်ပြရမည်။ အောက်တွင်ဖော်ပြသော ပြဌာန်းချက်များနှင့် စပ်လျဉ်း၍ ချို့ယွင်းချက်တစ်စုံတစ်ရာ တွေ့ရှိက ဘဏ်မန်နေဂျာထံ စာဖြင့် ချက်ချင်းတိုင်ကြားရမည့်အပြင် မိတ္တူကို တစ်ချိန်တည်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူးထံ ပေးပို့ရမည်။

(ခ) ညဉ့်အခါ ငွေတိုက်၏ သံတိုင်တံခါးအတွင်း သို့မဟုတ် အပြင်တွင် မီးထွန်းထားရမည်။(မီးအတွက် ကုန်ကျစရိတ်ငွေကို ဘဏ်မန်နေဂျာကထုတ်ပေးရမည်။ တံခါးအပြင်ဘက်တွင် မီးထွန်းလျှင်ထိုတံခါးကို မီးရောင်ဟပ်စေရမည်)။

(ဂ) တံခါးသံတိုင်များကို ရစ်ပတ်သောသံကြိုးသည် တံခါးနှစ်ရွက်ဆုံရာနှင့် အနီးဆုံးဖြစ်သော သံတိုင်တစ်ဖက်တွင် တစ်တိုင်စီပတ်မိရုံမျှသာ ရှည်လျားစေရမည်။

(ဃ) တံခါးရွက်တွင်ရှိသော ကျင်တွယ်ပတ္တာတိုင်များသည် တစ်ခုနှင့်

တစ်ခုကျော့နိုင်း၍ တပ်ရမည့်အပြင်တံခါးရွက် အထက်နှင့် အောက် သံဘောင်များမှာလည်း ကျင်တွယ်ပတ္တာတိုင်ထိပ်များနှင့် နီးကပ် လျက်ရှိစေရမည်။

(င) တံခါးပိတ်ရန်အတွက် မျောက်လက်ထိန်း ကျီးခြေကွင်းသည် သော့ခလောက် ထည့်တပ်ပိတ်စေ့ပြီးသည့်အခါတွင် မျောက်လက် ထိန်း ကျီးခြေကွင်းနှင့် သော့ခလောက်အကြားတွင် မည်သည့် ကုတ်မိုးနှင့်မျှ ထည့်သွင်း၍ မရနိုင်သော ထုထည်ရှိစေရမည်။

၁၂၄၀။ ရဲစခန်းနှင့် ငွေတိုက်တွဲ၍ထားရှိလျှင် ကင်းမှူး၏ အလုပ်ဝတ္တရားများမှာ အစောင့်လဲသောအခါတိုင်း အစောင့်အသစ်နှင့်အတူ ငွေတိုက်ကို စိတ်ကျေနပ်အောင် စစ်ဆေးရမည်။ ငွေတိုက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ချို့ယွင်းနေသည်ဖြစ်စေ ငွေတိုက်တံခါးတွင် ထွန်းထားသော မီးပွင့်တစ်စုံတစ်ရာ ချို့ယွင်းနေသည်ဖြစ်စေ ရဲစခန်းမှူးထံ ချက်ချင်းအကြောင်းကြားရမည်။

၁၂၄၁။ ယခုနည်းလမ်း "မိတ္တူ" တစ်စောင်ကို ဆိုင်ရာရဲစခန်းတွင် ဆွဲကပ်ပြီးလျှင် ကင်းအဖွဲ့ဝင်များမှ နည်းလမ်းများကို ကောင်းစွာနားလည်ကြစေရမည်။

မှတ်ချက်။ အရပ်ရပ်ငွေထားရာ တိုက်ခန်းများကို ယခုစနစ်မျိုးအတိုင်း တည်ဆောက် ထားခြင်းမဟုတ်သောကြောင့် ဆိုင်ရာအရပ်ဒေသ အခြေအနေကိုလိုက်၍ အထက်တွင် ပါရှိသည့် မှတ်တမ်းများကို သင့်လျော်သလို အသုံးပြုနိုင်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးက အမိန့်ထုတ်ဆင့်၍ ပြောင်းလဲပြင်ဆင်နိုင်သည်။ ငွေထားရန်တိုက်ခန်းတစ်စုံတစ်ရာ မှာ ရဲတပ်ရင်းတွင် တည်ရှိသဖြင့် ရဲတပ်ဖွဲ့ဝင်တို့ပင် စောင့်ကြပ်ရသည်ဖြစ်လျှင် ၎င်းတိုက်ခန်းတွင် တစ်စုံတစ်ရာ ချို့ယွင်းချက်အကြောင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာမိတ္တူကို ဆိုင်ရာရဲတပ်ရင်းမှူးထံသို့လည်းပေးပို့ရမည်။

၁၂၄၂။ ကင်းအဖွဲ့များလိုက်နာရန်ညွှန်ကြားချက်။ အောက်ပါအတိုင်းဆောင်ရွက် ကြရမည်-

(က) အချုပ်ကင်းစောင့်သည့်ဦးရေနှင့်စနစ်

(၁) ပုံမှန် အနည်းဆုံး ၅ ယောက်ရှိရမည်။

(၂) နှစ်နာရီတစ်ကြိမ် ကင်းသား ၂ ယောက်စောင့်ရမည်။

(၃) တစ်ယောက်ထိုင်လျက်(အချုပ်ခန်းအတွင်းသို့ ကောင်းစွာမြင်ရသည့် နေရာတွင် ထိုင်ရမည်) တစ်ယောက်သည် လှည့် ပတ်စောင့်ရမည်။

(၄) ကင်း ၂ ယောက်သည် တစ်နာရီထိုင် တစ်နာရီလှည့်ပတ်စောင့်ရမည်။

(၅) ထိုင်ကင်းနှင့်လျှောက်ကင်း ၂ ယောက်သည် ၁၅ မိနစ် တစ်ကြိမ် တစ်လှည့်စီ သံချောင်းခေါက်၍ နိုးကြားနေကြောင်းအချက်ပေးရမည်။ သံချောင်းကို ၂ ချက်ခေါက်ရမည်။

(၆) ၂ နာရီတစ်ကြိမ် ကင်းလဲလှယ်ပြီးတိုင်း ကင်းသားအသစ် ၂ ယောက်နှင့် ကင်းသားအဟောင်း ၂ ယောက်သည် အချုပ်တရားခံဦးရေကို ပြည့်စုံမှန်ကန်မှုရှိ/မရှိ သေချာစွာရေတွက်စစ်ဆေးပြီး အရပ်ရပ်နေ့စဉ်မှတ်တမ်းစာအုပ်တွင် လွှဲအပ်လက်ခံကြောင်း ဖော်ပြရမည်။

(ခ) အချုပ်ခန်းများစစ်ဆေးခြင်း

(၁) အမိုး/ အကာ/ သံရုံးကြိုး/ သံချောင်း/ ပတ္တာ/ မူလီ/ သော့များ အားလုံးကို အသေးစိတ် တစ်ခုချင်း စစ်ဆေးရမည်။

(၂) အချုပ်ခန်းကို ဖောက်ဖျက်/ လှီးဖြတ်/ ချိုးဖဲ့နိုင်သည့်ပစ္စည်း ရှိ/မရှိ အသေးစိတ် ရှာဖွေစစ်ဆေးရမည်။

(၃) အချုပ်ခန်းနှင့် လုံးဝမပတ်သက်သော ပစ္စည်းများဖြစ်သည့် ဓားတိဘူး/ ရေနွေးရေး/ နို့ဆီခွက်/ ပန်းကန်ခွက်ယောက်/ ထမင်းချိုင့်/ သံပုံးစသည်များ လုံးဝ မရှိစေရ။

(ဂ) အချုပ်တရားခံအထုတ်/ အသွင်းစစ်ဆေးနည်း

(၁) အထုတ်/ အသွင်းမပြုလုပ်မီတာဝန်ခံ/ တာဝန်မှူး/ ကင်းမှူး/

ကင်းသားများအားလုံး အသင့်နေရာယူရမည်။ လုံလောက်သောအင်အားရှိစေရမည်။

(၂) အထုတ်/အသွင်းမပြုလုပ်မီတရားခံများအား ဝင်ပေါက်ကို ကျောပေး၍ထိုင်နေစေရမည်။

(၃) အထုတ်/အသွင်းလုပ်မည့် တရားခံကို လက်ထိပ်/သံကြိုး နိုင်လုံစွာချည်နှောင်ရမည်။

(၄) တရားခံများကို ကြိုးရှင်ထုံး၍ ချည်နှောင်ထားလျှင် လက်နက်မဲ့အစောင့်က ကြိုးစကို ခါးပတ်၌ ချည်ပြီးမှ ကိုင်ထားရမည်။ လက်နက်ကိုင် အစောင့်များက ရှေ့/နောက်ဝဲယာတွင်အသင့်အသင့် အနေအထားဖြင့် လိုက်ပါရမည်။

(ဃ) အချုပ်တရားခံနှင့် ပြင်ပလူများတွေ့ဆုံခြင်း

(၁) အချုပ်တရားခံနှင့် ပြင်ပမှ လာရောက်တွေ့ဆုံသူများကို လက်လှမ်းမီသည့် နေရာအထိ ခွင့်မပြုရ။

(၂) အချုပ်တရားခံနှင့် ပြင်ပမှ လာရောက်တွေ့ဆုံသူများ၏ ကြားတွင် အလှည့်ကျထိုင်ကင်းမှ မျက်နှာမူ၍ မျက်ခြေမပြတ် ကြည့်နေရမည်။

(၃) လာရောက်ပေးပို့သည့် အစားအစာထည့်သည့် ချိုင့်/ရေဘူးများ/ ဘော်ဘူး/ အထုပ်/ အသီးအနှံ/ ငှက်ပျောသီး၊ပေါင်မုန့်စသည့် အစားအစာတိုင်းကို စစ်ဆေးရမည်–

(ကက) ချိုင့်။ သေချာစွာ မွှေနှောက်ရှာဖွေ စစ်ဆေးရမည်။

(ခခ) ချိုင့်/ခွက်/စရေး။ တစ်ဆင့်ချင်းဖွင့်၍ ရှာဖွေရမည်။ အစားအစာများကို အထက်အောက်လှန်၍ မွှေနှောက် ရှာဖွေရမည်။

(ဂဂ) ဘော်ဘူး။ ဖန်သားနှင့်သတ္တုကိုယ်ထည် ၂ ခုလုံးကို ဖြုတ်၍ အတွင်းအပြင် စစ်ဆေးရမည်။ ဘော်ဘူး

အတွင်းရှိ ကော်ပီ လက်ဖက်ရည်များကို သွန်ပစ်ပြီး စစ်ဆေး၍ အရည်များကို ပုံးခွက်ဖြင့်သာ ထည့်၍ ခွင့်ပြုရမည်။

(ဃဃ) အထုပ်များ။ သေချာစွာဖွင့်ပြီး အထက်အောက် မွှေနှောက် ရှာဖွေကြည့်ရမည်။

(ငင) အသီးအနှံများနှင့် ဖုက်ပျောသီး။ အခွံများကို ခွာကြည့်ရမည်။ အထက်ပိုင်း ထက်ခြမ်းခြမ်းပြီးမှ စစ်ဆေး၍ ခွင့်ပြုရမည်။

(စစ) ပေါင်မုန့်။ လှီးဖြတ်ခွဲစိတ်၍ စစ်ဆေးကြည့်ပြီးမှ ခွင့်ပြုရမည်။

(၄) အစားအစာများကို အိတ်/ချိုင့်/ခရား/ခွက်/ဓာတ်ဘူးတို့ ဖြင့် ပေးသွင်းခြင်း လုံးဝ(လုံးဝ) ခွင့်မပြုရ။ ပုံးခွက်တွင် သွန်ထည့်ပေးရမည်။

(င) အချုပ်တရားခံများကိုလမ်းစရိတ်တွင်စောင့်ကြပ်ခြင်း။

(၁) လက်ထိပ် /သံကြိုးများ ခိုင်ခံ့စေရမည်။ လိုအပ်ပါက လက်အပြင် ခြေထောက်ကိုပါ ချည်နှောင်ပြီး ၁၅မိနစ် တစ်ကြိမ် လက်နက်မဲ့ အစောင့်တစ်ဦးမှ စစ်ဆေးရမည်။

(၂) တရားခံများကို အခြားခရီးသည် အရပ်သားများနှင့် မရောနှောစေဘဲ သီးသန့်ထားရှိရမည်။ လုံခြုံခိုင်ခံ့သည့် အချုပ်ယာဉ်/ယာဉ်တို့ဖြင့် သီးခြားသယ်ဆောင်ရမည်။

(၃) လေးဘက်လေးတန်မှ အသင့်အနေအထားဖြင့် အစောင့်များ အမြဲအသင့် ရှိနေစေရမည်။

(၄) တရားခံဦးရေအလိုက် လုံလောက်သော အစောင့်အင်အား ရှိရမည်။ ညဥ့်အချိန်ရောက်ပါက နေ့အချိန်တွင် စောင့်ကြပ်သည့် အင်အား၏ ၂ ဆဖြင့် စောင့်ကြပ် လိုက်ပါရမည်။

(၅) အိမ်သာသွားသည့်အခါတွင်လည်း ကြိုးကို နိုင်ခံစွာချည်နှောင်ရမည်။ အိမ်သာတွင် ကြိုးဖြုတ်မပေးရ။

(စ) စစ်ဆေးခြင်း။ အောက်ပါအတိုင်း စစ်ဆေးသွားရမည်–

(၁) ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူး။ မိမိလက်အောက်ရဲစခန်း/ရဲကင်းရှိ အချုပ်ထောင်နှင့် အချုပ်ခန်းများအားလုံးကို ရဲစခန်းသို့ရောက်တိုင်း စစ်ဆေးရမည်။

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး။ မိမိလက်အောက်ရှိ ရဲစခန်း / ရဲကင်းရှိ အချုပ်ထောင်နှင့် အချုပ်ခန်းများ အားလုံးကို ရဲစခန်းရောက်တိုင်း စစ်ဆေးရမည်။

(၃) မြို့နယ်ရဲတပ်ဖွဲ့မှူး။ မိမိလက်အောက် ရဲစခန်း/ ရဲကင်းရှိ အချုပ်ထောင်နှင့် အချုပ်ခန်းများ အားလုံးကို တစ်လလျှင် တစ်ကြိမ် ၂ နာရီကြာ အသေးစိတ် စစ်ဆေးရမည်။

(၄) စခန်းမှူး/ ရဲကင်းမှူး/ အချုပ်ထောင်မှူး။ မိမိကွပ်ကဲအုပ်ချုပ်ရသော စခန်း / ရဲကင်း / အချုပ်ထောင်များ အားလုံးကို တစ်ပတ်လျှင်တစ်ကြိမ် ၂ နာရီကြာ အသေးစိတ် စစ်ဆေးရမည်။

(ဆ) ဤညွှန်ကြားချက်ကို ကူးယူပြီး အချုပ်ခန်းရှိသည့် နေရာအားလုံးသို့ ဖြန့်ဝေပေးပို့ရမည်။ တပ်ဖွဲ့ဝင်များအားလုံး မြင်သာသောနေရာတွင် သေချာစွာ ကပ်ထားပြီး လိုက်နာဆောင်ရွက်မှုများ၊ စစ်ဆေးမှုများ ပြုလုပ်သွားရမည်။

၁၂၃။ ကင်းအဖွဲ့သည် ဖွဲ့စည်းပုံအတိုင်း လက်နက်ခဲယမ်းများကို ကိုင်ဆောင်ရမည်။ ၄င်းလက်နက်ခဲယမ်း အရေအတွက်ကို လိုအပ်သည့်အခါ တိုးမြှင့်ထားရှိနိုင်သည်။

**အနီးအဝေးပြုခြင်း၊**

၁၂၄။ စခန်းကင်းအဖွဲ့သည် နေထွက်နှင့် နေဝင်အချိန်အတွင်း အောက်ပါပေသား

တွင် ဖော်ပြထားသည့်အတိုင်း အရိုအသေပြုကြရမည်-

| အရာရှိ၏ရာထူးအဆင့်အတန်း | မည်ကဲ့သို့အရိုအသေပြုရခြင်း | အကြိမ်မည်မျှ |
|---|---|---|
| ၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အကြီးအကဲများ | ကင်းအစောင့်များထွက်၍တန်းစီရမည်။ ထို့နောက်သေနတ်မြောက်အလေးပြုရမည်၊ စစ်ခရာကို အရိုအသေအဖြစ် မှုတ်ရမည် ။ | ကင်းအစောင့်အရှောက်တို့ဆောင်ကြဉ်နေရသော နေရာကိုဖြတ်သန်းသွားလာတိုင်း(နေ့ထွက်နှင့်နေဝင်စပ်ကြား) |
| ၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ။ | ။ |
| ၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ | ။ | ။ |
| ၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် | ကင်းအစောင့်များထွက်၍ တန်းစီရမည်။ထို့နောက် သေနတ်မြောက်အလေးပြုရမည်၊ စစ်ခရာကို အရိုအသေ အဖြစ် မှုတ်ရမည်၊ | တစ်နေ့လျှင် တစ်ကြိမ်သာ။ |
| ၂။ ဒုတိယရဲချုပ် နှင့် ရဲမှူးချုပ်များ | ။ | ။ |
| ၃။ တပ်မတော် ဗိုလ်မှူးကြီး | ။ | ။ |
| ၄။ ရဲမှူးကြီးများ | ။ | ။ |

| အရောဂါ၏ ရာထူးအဆင့် အတန်း | မည်ကဲ့သို့ အရိုအသေ ပြုရခြင်း | အကြိမ်မည်မျှ |
|---|---|---|
| ၁။ တပ်မတော် ဒုတိယ ဗိုလ်မှူးကြီးများ နှင့် ဗိုလ်မှူးများ | ကင်းအစောင့်များထွက်၍ တန်းစီရမည်။ ထို့နောက် သေနတ်မြှောက်အလေးပြုရမည်။ | တစ်နေ့လျှင် တစ်ကြိမ်သာ။ |
| ၂။ ဒုတိယရဲမှူးကြီးများ နှင့်ရဲမှူးများ | ။ | ။ |
| ၃။ နယ်မြေခံတပ်ရင်းမှ တပ်နယ်မှူးများ | ကင်းအစောင့်တို့ကို သတိအနေအထားတွင်နေရန် အမိန့်ပေးရမည်။ ထိုသို့ အမိန့်ပေးသည့်အခါ အလှည့်ကျကင်းက သေနတ်မြှောက် အလေးပြုရမည်။ | အခြားအကြိမ်များတွင်(နေထွက်နှင့် နေဝင်စပ်ကြား) |
| ၁။ တပ်မတော်ဗိုလ်ကြီးများ | ကင်းအစောင့်တို့က သတိအနေအထားတွင် နေရန် အမိန့်ပေးရမည်၊ထိုသို့ အမိန့်ပေးသည့်အခါ အလှည့်ကျကင်းက အလေးပြုရမည်။ | ကင်း အစောင့် အရာရှိတို့စောင့်ကြပ်နေသော နေရာကို ဖြတ်သန်း သွားလာတိုင်း(နေထွက်နှင့် နေဝင်စပ်ကြား) |
| ၂။ ဒုတိယရဲမှူးများ | ။ | ။ |
| ၃။ တပ်မတော်မှဗိုလ်နှင့် ဒုတိယဗိုလ်များ | ။ | ။ |
| ၄။ ရဲအုပ်များ နှင့် ဒုတိယရဲအုပ်များ | ။ | ။ |

နေထွက်နှင့် နေဝင်စပ်ကြား အချိန်နာရီများတွင် ရဲစခန်း ရဲကင်းအစောင့်တို့သည်

စောင့်ကြပ်နေသည့်နေရာသို့ ဖြတ်သန်းသွားလာသော လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို အရိုအသေပြုခြင်းအားဖြင့် "သေနတ်ထမ်း" အနေအထားဖြင့် ထွက်ပြီး တန်းစီရပ်ရမည်။ နေဝင်နှင့်နေထွက်စပ်ကြား (ညဉ့်အချိန်)တွင် မည်သူ့ကိုမျှ အရိုအသေပေးသည့် ဓလေ့ထုံးစံမရှိ။ သို့သော်လည်း အရိုအသေခံထိုက်သော အရာရှိတို့ အနီးအနားသို့ ရောက်လာသည့်အခါ အစောင့်များသည် သေနတ်များကို ငြိမ်သက်စွာ ထမ်းပြီး ရပ်နေရမည်။ စခန်းကင်းအစောင့်တို့မှာ အရိုအသေခံထိုက်သူ အရာရှိတို့ မော်တော်များဖြင့် ဖြတ်သန်းသွားလာသည့်အခါ ထွက်၍ တန်းစီရပ်လိမ့်မည် မဟုတ်ချေ။ သို့ရာတွင် စခန်းကင်းအစောင့်တို့ကို ကြီးကြပ်အုပ်ချုပ်သော ကင်းမှူးသည် "ကင်းသတိ" ဟု ငြိမ်သက်စွာ ရပ်နေရန် အမိန့်ပေးသည့်အခါ အစောင့်အနီးအနား ဖြတ်သန်းသွားလာသော အရာရှိရာထူးနှင့် လျော်ညီအောင် အရိုအသေပြုရမည်။ နေ့အခါတွင် ကင်းတာဝန်ကျ တပ်ဖွဲ့ဝင်များသည် မိမိတို့ စခန်းကင်းရှေ့မှ အရိုအသေခံထိုက်သူ အရာရှိကြီးများ ယာဉ်တန်းဖြင့် သွားလာသည်ကို ကြိုတင်သိရှိလျှင် တန်းစီထွက်၍ အရာရှိရာထူးနှင့် လျော်ညီစွာ အလေးပြုရမည်။ ရဲစခန်းရှေ့ပြ အခမ်းအနား ကျင်းပရာ၌ အရိုအသေ အလေးပြုခြင်းကို ထိုအခမ်းအနားသို့ ရောက်ရှိနေသည့် ရာထူးအမြင့်ဆုံး အရာရှိကြီးက ခံယူလိမ့်မည်။

**ကြပ်မတ်ပို့ဆောင်သူတို့နှင့်စပ်လျဉ်းသောအထွေထွေအမိန့်များ**

၁၂၄၅။ စိတ်နောက်သည့် မိန်းမတစ်ဦးအား ရဲတပ်ဖွဲ့ဝင်တို့ ကြပ်မတ်ပို့ဆောင်သည့်အခါ မိန်းမအစောင့်အရောက်ဖြစ်စေ ဆွေမျိုးဖြစ်စေ တစ်ယောက်ပါရှိစေရမည်။

၁၂၄၆။ အကျဉ်းသားများကို အကျဉ်းထောင် တစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းရာတွင် ကြပ်မတ် ပို့ဆောင်ရမည့်သူတို့သည် အကျဉ်းထောင်သို့ မသွားမီ ခရိုင်ရဲတပ်ဖွဲ့မှူးထံ ဖြစ်စေ၊ ၎င်းအရာရှိက ဤအလုပ်ဝတ္တရားနှင့် စပ်လျဉ်း၍ လွှဲထားသူ အခြားအရာရှိထံ ဖြစ်စေ၊ သတင်းပို့ရမည်။ ထိုအရာရှိက ကြပ်မတ်ပို့ဆောင်သူတို့အား အမိန့်ပေးထားသည့်အရပ်သို့ မထွက်ခွာမီ အောက်ပါအချက်များနှင့် စပ်လျဉ်း၍ ကြည့်ရှုရမည်–

(က) ကြပ်မတ်ပို့ဆောင်ရမည့် လူဦးရေမှာ လိုအပ်သော အရေအတွက် ရှိ / မရှိ။

(ခ ) လက်ထိပ်၊ သံကြိုး၊ ချိန်ချင်းနှင့် သော့လေးလောက်များကို ကြပ်မတ်ပို့ဆောင်ရမည့်သူတို့အား ပေးအပ်ရမည်။

(ဂ) ခရီးအသွားစရိတ် (လိုအပ်လျှင် အပြန်စရိတ်ပါ) ငွေကြေးများကို ကြပ်မတ်ပို့ဆောင်သူတို့အား လုံလောက်စွာ ပေးအပ်ရမည်။

(ဃ) အကျဉ်းသားများကို ညဉ့်အချိန် ပို့ဆောင်ရသည့်အခါ ကြပ်မတ်ပို့ဆောင်သည့်အဖွဲ့အား လက်နှိပ်ဓာတ်မီး၊ ဆောက်လင်းမီးအိမ်ကို လိုသည့်အချိန်အတွက် လုံလောက်စွာ သုံးနိုင်အောင် ထုတ်ပေးရမည်။

**မှတ်ချက်။** ဤအလုပ်ဝတ္တရားများကို ခရိုင်ရဲတပ်ဖွဲ့မှူးက ရုံးစိုက်ရာမြို့ရှိ မိမိလက်အောက် ရာထူးအကြီးဆုံး ရဲအရာရှိကိုဖြစ်စေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရှိလျှင် ၎င်းအရာရှိကိုဖြစ်စေ လွှဲအပ်ခွင့်ရသည်။

## အခန်း (၄၁)

## အထွေထွေအလုပ်ဝတ္တရားများအကြောင်း

**အရှင်မပေါ်သို့မဟုတ် မသင်္ကာသည့်ပစ္စည်းများကို ဖမ်းဆီးသိမ်းယူစီမံခန့်ခွဲခြင်း**

၁၂၇။ ရဲအက်ဥပဒေပုဒ်မ ၂၀ တွင် ပြဋ္ဌာန်းထားချက်အရ ရဲတပ်ဖွဲ့ဝင်အသီးသီးတို့သည် အရှင်မပေါ်သည့် ပစ္စည်းအရပ်ရပ်ကို ဖမ်းဆီးသိမ်းယူရမည့် ဝတ္တရားရှိသည်။ ဤကဲ့သို့ သိမ်းယူကြောင်းကိုလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးထံ စာရင်းတင်ပို့ရမည်။ လူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ သို့မဟုတ် လူအများကဖြစ်စေ ပစ္စည်းတစ်စုံတစ်ရာကို မိမိ၏ပစ္စည်းဟု စိတ်သဘောရိုးဖြောင့်စွာနှင့် ပြောသည်ဟု ထင်မြင်ခဲ့သော် ၎င်းပစ္စည်းကို အရှင်မပေါ်သည့်ပစ္စည်းဟု မဆိုနိုင်။ ထို့ကြောင့် သေချာစေ၍ပိုင်ကျစွာ ပစ္စည်းများကို ဤပြဋ္ဌာန်းချက်များအရ ရဲတပ်ဖွဲ့ဝင်များက မသိမ်းဆည်းနိုင်။ ထိုနည်းတူစွာ ပစ္စည်းတစ်စုံတစ်ရာကို ပိုင်ဆိုင်သည်ဆိုသူများ ပြိုင်ဘက်ပေါ်ပေါက်နေက တစ်ဦးဦးက ( ပိုင်ရှင်အဖြစ်သော်လည်းကောင်း၊ လက်ရှိဖြစ်ခြင်းကြောင့်သော်လည်းကောင်း ) သိမ်းဆိုက်ယူထားခဲ့လျှင် ဤပြဋ္ဌာန်းချက်များအရ ရဲတပ်ဖွဲ့ဝင်တို့က သိမ်းဆိုက်ထားသူထံမှ သိမ်းဆည်းယူခြင်းအားဖြင့် နှောင့်ယှက်ခွင့်မရှိ။ ပစ္စည်းတစ်စုံတစ်ရာကို သိမ်းဆိုက်ယူလိုသူနှစ်ဦး ပေါ်ပေါက်လာက ရဲတပ်ဖွဲ့ဝင်တို့က သိမ်းဆိုက်ယူလိုသူ တစ်ဦးဦးအား ဝင်ရောက်သိမ်းယူခြင်းကို တားမြစ်ရန် အခွင့်အာဏာမရှိ။ ငြိမ်ဝပ်ပိပြားရေး ပျက်ပြားစေခြင်း သို့မဟုတ် ပြစ်မှုဆိုင်ရာ

ကျင့်ထုံးဥပဒေအခန်း(၅) နှင့် (၁၃)အရ၊ ရယူထိုက်ခွင့်မရှိသူများက အဓမ္မသိမ်းပိုက်ယူခြင်း သို့မဟုတ် ခိုးယူခြင်း တို့ကိုသာ ရဲတပ်ဖွဲ့ဝင်တို့က တားမြစ်နိုင်သည်။ တရားဥပဒေအရ ပိုင်ဆိုင်ခွင့်မရှိသောသူတို့သည် ပစ္စည်းများကို ရယူသိမ်းပိုက်ထားခြင်း မပြုလုပ်နိုင်ရန် ရဲတပ်ဖွဲ့ဝင်တို့က ရိုးဖြောင့်စွာ ချင့်ချိန်ဆုံးဖြတ်ပြီးလျှင် မည်သည့်အခါတွင်မှ တားမြစ်ရမည်ဟု ဆိုလိုသည့်အချက်ကို ဤရဲအက်ဥပဒေပုဒ်မ (၂၀) တွင် ကျယ်ဝန်းစွာ ပြဋ္ဌာန်းထားကြောင်း ပေါ်လွင်သည်။ ရဲတပ်ဖွဲ့ဝင်တို့က ပစ္စည်းတစ်ခုတစ်ရာကို ရိုးဖြောင့်သည်ဟု ထင်မြင်သော ပိုင်ဆိုင်ခွင့်ရှိသူ ရှိခဲ့လျှင်သော်လည်းကောင်း၊ ရိုးဖြောင့်သည်ဟု ထင်မြင်သော ပိုင်ဆိုင်ခွင့် ရှိသူများ ရှိခဲ့လျှင်သော်လည်းကောင်း သိမ်းယူခြင်းမရှိရ။ ကွယ်လွန်သူတစ်ဦးဦး၏ ပစ္စည်းများကို ပိုင်ဆိုင်ရယူလိုသူပေါင်း များစွာရှိက ရဲတပ်ဖွဲ့ဝင်တို့သည် ၎င်းရယူလိုသူ တစ်ဦးဦးတို့ကို ၁၉၂၅ ခုနှစ်၊ အမွေဆက်ခံခြင်းအက်ဥပဒေနှင့် ၁၉၁၃ခုနှစ်၊ အမွေထိန်းဝန်အက်ဥပဒေအရ ခရိုင်တရားသူကြီးထံ အမိန့်နာခံရန် ညွှန်ကြားထားရမည်။ ပစ္စည်းများကို ရဲတပ်ဖွဲ့ဝင်တို့က ပိုင်ရှင်မရှိသောပစ္စည်းအဖြစ် ရဲအက်ဥပဒေပုဒ်မ(၂၀) အရ သိမ်းဆည်းထားပြီးနောက် သူတစ်ဦးတစ်ယောက်က ပိုင်ဆိုင်ခွင့်ရှိကြောင်း ယုံကြည်လောက်အောင် အကြောင်းပြ၍ တောင်းခံလျှင် ထိုပစ္စည်းစာရင်းကို တင်ပို့ထားသော တရားသူကြီးထံ ပြန်၍ ပေးထိုက်၊ မပေးထိုက် ဆုံးဖြတ်ရန် အမိန့်နာခံကြရမည်။ အကယ်၍ ပိုင်ဆိုင်သည်ဟု တောင်းခံသူပေါင်း များစွာပေါ်ပေါက်လာက ဤနည်းလမ်းအတိုင်း ပြုလုပ်ရန်သာ၍ပင် လိုပေလိမ့်မည်။

**မှတ်ချက်။** အိမ်ငှားရမ်းနေထိုင်သူတို့က သော့ခတ်ပိတ်ထားသော အိမ်များကို ၎င်းတို့ ထွက်ခွာသွားသဖြင့် ချိုးဖွင့်လိုကြောင်း၊ အိမ်ပိုင်ရှင်ဆိုသူများက လာရောက်ပြောဆိုလျှင် ရဲတပ်ဖွဲ့ဝင်တို့သည် မည်သည့်အခါမျှ လိုက်နာဆောင်ရွက်ပေးခြင်း မပြုလုပ်ရ။

၁၂၃၈။ အောက်ပါ အကြောင်းအရာများအရလည်း ပစ္စည်းများကို ရဲတပ်ဖွဲ့ဝင်တို့က သိမ်းဆည်းနိုင်သည်–

(က) ခိုးရာပါပစ္စည်းဖြစ်ကြောင်း သင်္ကာမကင်းရန် ရှိသည့်အခါ သို့မဟုတ် ပြစ်မှုတစ်ခုတစ်ရာပြုကျင့်ကြောင်း သင်္ကာမကင်းရန် အကြောင်းနှင့် ယှဉ်တွဲ၍တွေ့ရှိသည့်အခါ။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၉၈နှင့် ၅၅၀)

(ခ) မည်သည့်အထူးဥပဒေနှင့် ဒေသန္တရဥပဒေများအရဖြစ်စေ ဘဏ္ဍာတော်အဖြစ် သိမ်းယူထိုက်သဖြင့် ဖမ်းဆီးသည့်အခါ။

(ဂ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁ အရ ဖမ်းဆီးရမိသူတို့ကိုယ်ကို ရှာဖွေရာ၌ တွေ့ရှိသည့်အခါ။

(ဃ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ အရ တရားသူကြီးထံ တင်ပြရန် သက်သေခံပစ္စည်းများဖြစ်၍ တင်ပြရန်ရှိသည့်အခါ။

(င) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၅ နှင့် ၁၆၆ အရ အမှုစုံစမ်းစစ်ဆေးနေစဉ်အတွင်း ရှာဖွေရာမှ သက်သေခံပစ္စည်းကိုတွေ့ရှိရသည့်အခါ။

(စ) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၃ အရ မှန်သောအလေးတင်းတောင်း ကိရိယာများကို သိမ်းဆည်းသည့်အခါ။

၁၂၄၉။ အပိုဒ်(၁၂၄၇)နှင့် (၁၂၄၈) တွင်ပြဆိုထားချက်များမှတစ်ပါး မည်သည့်အခါမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်သည် မည်သည့်ပစ္စည်းကိုမျှ သိမ်းယူထားခြင်းမရှိစေရ။

၁၂၅၀။ ဥပမာအားဖြင့်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၈ အရ နိုးရာပါပစ္စည်းဖြစ်ကြောင်း သင်္ကာမကင်းရန်ရှိသည့်ပစ္စည်းများကို ဖမ်းဆီးခြင်းနှင့်သက်ဆိုင်သည့်အချက်တွင် အဖိုးများစွာ ထိုက်တန်သော ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများကို အသက်မွေးဝမ်းကျောင်းဖြစ်သော အလုပ်အကိုင်ထင်ရှားစွာ မရှိသည့်အပြင် အခြေအနေနိမ့်ကျသည့် တစ်စုံတစ်ယောက်သောသူ၏ လက်ဝယ်တွင်တွေ့ရှိရ သကဲ့သို့ပစ္စည်းများကို မရိုးမဖြောင့်သောသဘောနှင့်ရရှိကြောင်း ယုံကြည်ရန် အကြောင်းခိုင်မာလုံလောက်စွာရှိသည့်အခါမှတစ်ပါး ဆိုခဲ့သည့်အတိုင်း ဖမ်းဆီးခြင်း မပြုလုပ်ရကြောင်းကို သဘောပေါက်ကြရမည်။ ရှာဖွေရာတွင် အဖိုးထိုက်တန် သောအရာများကို တွေ့ရှိသူအရာရှိသည် လက်ရှိဖြစ်သူ၏ အခြေအနေကို စိတ်မကျေနပ်ရုံမျှနှင့် ၎င်းပစ္စည်းများကို နိုးရာပါဖြစ်ကြောင်း မထင်ရှားဘဲ သိမ်းယူထားက တရားမည် မဟုတ်ချေ။

၁၂၅၁။ နိုးမှုဖြစ်စေ အိမ်ဖောက်ထွင်းနိုးယူမှုဖြစ်စေ ဖြစ်ပွားပြီးနောက်

အကြောင်းတစ်ခုခုနှင့် တစ်စုံတစ်ယောက်သောသူကို ရဲအရာရှိတို့က သင်္ကာမကင်းသည့် အချက်များရှိသဖြင့် ခိုးရာပါပစ္စည်း တွေ့မည်ဟုမျှော်လင့်၍ ၎င်းသူ၏ အိမ်ကိုရှာဖွေရာတွင်အလိုရှိသည့် ခိုးရာပါပစ္စည်းမဟုတ်သော်လည်း အိုး၊ ခွက်၊ လင်ပန်း၊ ဓား၊ အမျိုးအနည်းငယ်မျှသာထိုက်တန်သော ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာအဖိုးတန်ဆာစသည့် နေ့စဉ်သုံး အရာဝတ္ထုများစသည့် အိမ်တွင်း၌တွေ့ရှိ သမျှကိုရဲစခန်းသို့ယူဆောင်ပြီးလျှင်ရဲစခန်း၌ခင်းကျင်းပြသထား၍ ပိုင်ဆိုင်သူတို့ ပေါ်ထွက်လာတတ်ရန် ကြော်ငြာတတ်လေသည်။ ဤကဲ့သို့ ကြော်ငြာသည့်ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း စွဲဆိုသူပေါ်ထွက်လာတတ်၍ အိမ်ကိုရှာဖွေခြင်းခံရသူကိုလည်း ကျေနပ်လောက်အောင် သက်သေခံချက်မရှိဘဲ ခိုးမှုနှင့်ဖြစ်စေ ခိုးရာပါပစ္စည်းလက်ရှိထားမှုနှင့်ဖြစ်စေ စွဲဆိုခြင်းပြုတတ်လေသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ လုံးဝ မှားယွင်းလေသည်။ ပစ္စည်း တစ်စုံတစ်ရာကို ရဲအရာရှိတို့ကဖမ်းဆီးသိမ်းယူခြင်းမပြုမီ ၎င်းပစ္စည်းများသည် ခိုးရာပါပစ္စည်းဖြစ်ကြောင်း သို့မဟုတ် ၎င်းပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်စုံတစ်ရာပြုကျင့်ပြီး ဖြစ်ကြောင်းများကို ယုံကြည်ရန် အကြောင်း လုံလောက်စွာ ရှိစေရမည်။ ရှာဖွေ၍တွေ့လိုသည့်အရာများ တွေ့မည်ဟု၍ ယုံကြည်ရန်အကြောင်း မရှိလျှင် မည်သည့် အိမ်ကိုမျှ ရှာဖွေခြင်း မပြုရ။

**မှတ်ချက်။** တစ်အိမ်လုံးတွင်မဟုတ်ဘဲ ၎င်းအိမ်အတွင်း အချို့နေရာတွင် ရှာဖွေရန် ဝရမ်းစာ၌ အမိန့်ပါရှိလျှင် ၎င်းအမိန့်အတိုင်း တိကျစွာလိုက်နာရမည်။

၁၂၅၂။ ရဲတပ်ဖွဲ့ဝင်တို့သည် ခရီးသွားလာသူတို့ကိုဖြစ်စေ အခြားမည်သူ့ကို မဆိုဖြစ်စေ ရပ်ဆိုင်းစေ၍ ၎င်းတို့ကိုယ်၌ရှာဖွေပြီးလျှင် ယူဆောင်လာရန်မသင့်ဟု ထင်မြင်သည့်ပစ္စည်း သို့မဟုတ် ၎င်းတို့စိတ်ကျေနပ်အောင် ထင်ရှားစွာ အကြောင်းမပြနိုင်သောပစ္စည်းများကို သိမ်းဆည်းခွင့်ရသည်ဟူ၍ ထင်မှတ်ကြသည့် လက္ခဏာရှိသည်။ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် ခရီးသည်တို့မှာ မိမိတို့၌ ပါလာသော ပစ္စည်းများကို ဆုံးရှုံးလေ့ရှိကြသည်။ ဤကဲ့သို့ ဆုံးရှုံးရသည့်အတွက် ပစ္စည်းများကို ပြန်ရနိုင်အောင် ခရီးကိုရပ်ဆိုင်းလျက် တိုင်တန်းပြောဆိုရန် အချိန်မရနိုင်အောင် ဖြစ်တတ်သည်။ ထို့ကြောင့် ဆိုခဲ့သည့်အတိုင်းဆောင်ရွက်သည့် နည်းလမ်းမှာမှားယွင်းသော နည်းလမ်းများဖြစ်ကြောင်း ထင်ရှားလေသည်။ ပစ္စည်း

များကို သိမ်းဆည်းပြီးသောအခါ ရဲတပ်ဖွဲ့ဝင်တို့က အောက်ပါအတိုင်း လိုက်နာကြရမည်–

(က) ပစ္စည်းများကို မည်သည့်အကြောင်းကြောင့် သိမ်းဆည်းကြောင်းနှင့်တကွ ပစ္စည်းစာရင်းအတိုချုပ်ကို အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် ရေးသားဖော်ပြရမည်။

(ခ) ထိုသို့ဖော်ပြသည့် အရပ်ရပ်နေ့စဉ်မှတ်တမ်းအမှတ် နေ့စွဲနှင့် ပစ္စည်းစာရင်းမှစ၍ တွေ့သည့်နေရာ၊ တစ်စုံတစ်ယောက်သောသူထံမှ ၎င်းပစ္စည်းများကို သိမ်းဆည်းလျှင် ၎င်းသူ၏အမည်နေရပ်များကိုပါ ရဲစခန်းမှတ်ပုံတင်(၃၂)တွင် မှတ်သားထားရမည်။

(ဂ) ပစ္စည်းများကို မည်ကဲ့သို့ပြုလုပ်စီမံရမည်ကို တရားသူကြီးတစ်ဦးဦးထံမှ အမြန်အမိန့်နာခံရမည်။

၁၂၄၃။ စပါး သို့မဟုတ် ဆန် သို့မဟုတ် ဆား သို့မဟုတ် အခြားကျယ်ဝန်းကြီးမားသော ပစ္စည်းကို ရဲတပ်ဖွဲ့ကသိမ်းဆည်းသည့်အခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ၅၂၃အရ တရားသူကြီး၏အမိန့်ကို ရယူရမည်။ သို့သော် ထိုတရားသူကြီး၏ အမိန့်မရရှိမီကာလအတွင်း အဆိုပါပစ္စည်းကို အာမခံသူနှင့်ဖြစ်စေ အာမခံသူမဲ့ ဖြစ်စေ လိုအပ်သောအခါ ရဲစခန်းသို့ ပို့ဆောင်ပါမည်ဟု ဝန်ခံချုပ်နှင့် ထိုပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိမည် ထင်ရသူ မည်သူ့အားမဆို ပေးအပ်နိုင်သည်။

## ကျွဲနွားတိရစ္ဆာန်များကို ရဲတပ်ဖွဲ့ဝင်တို့က ဖမ်းဆီးထားခြင်း၊

၁၂၄၄။ (က) ၁၉၈၅ခုနှစ်၊ ကျွဲနွားတိရစ္ဆာန် ကျော်နင်းမှုဥပဒေနှင့် စပ်လျဉ်းသော အမှုများတွင်မှတစ်ပါး ရဲတပ်ဖွဲ့ဝင်တို့သည် ကျွဲနွားတိရစ္ဆာန်များကို အောက်ပါ အကြောင်းများကြောင့် ဖမ်းဆီးနိုင်သည်–

(၁) အမှုများတွင် ကျွဲနွားတိရစ္ဆာန်များကို သက်သေခံတင်ပြရန် ပါဝင်သည့်အခါ၊

(၂) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၈ သို့မဟုတ် ၅၅၀ အရ ခိုးရာပါပစ္စည်းဟု စွပ်စွဲရှိခြင်းဖြစ်စေ ခိုးရာပါပစ္စည်း ဟု

သက်ဲ ကောင်းချီးဖြစ်စေ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည် ဟုသက်သေကောင်းရှိ အကြောင်းအရာများနှင့် စပ်လျဉ်း၍ တွေ့ရှိ၍ဖြစ်စေ တိရစ္ဆာန်များကို ဖမ်းဆီးသည့်အခါ ။

(ခ) အထက်ဆိုခဲ့သည့် အချက်များတွင် ကျွဲနွား တိရစ္ဆာန် များကို မည်ကဲ့သို့ ပြုလုပ်ရမည်ဆိုသော နည်းဥပဒေများမှာ ရှင်းလင်းစွာ ရှိလေသည်။ စုံစမ်းစစ်ဆေးနေစဉ်ဖြစ်စေ သို့မဟုတ် နိုးရာပါ ပစ္စည်းဖြစ်သည်ဟု သက်သေကောင်းရှိ၍ဖြစ်စေ နိုးရာပါပစ္စည်းဟုစွပ်စွဲ၍ဖြစ်စေ ကျွဲနွား တိရစ္ဆာန်များကို သိမ်းယူခဲ့သော် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃ အရ တရားသူကြီး၏ အမိန့်ကို ချက်ချင်းခံယူရမည်။

(ဂ) သို့သော် တရားသူကြီး၏ အမိန့်မရမီ ထိုကျွဲနွား တိရစ္ဆာန်များကို အလိုရှိသည့်အခါ ရဲစခန်းသို့ လာရောက်ပြရန်သော်လည်းကောင်း၊ ပြန်အပ်ရန်သော်လည်းကောင်း အာမခံသူနှင့်ဖြစ်စေ အာမခံသူ မပါဘဲဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုစေ၍ ထိုကျွဲနွား တိရစ္ဆာန်များကို ပိုင်ဆိုင်ခွင့်ရှိသူဟုထင်မြင်ရသူမည်သူအားမဆို ပြန်ပေးနိုင်သည်။

(ဃ) အရှင်မပေါ်သောကျွဲနွားတိရစ္ဆာန်များကို ကျွဲနွားတိရစ္ဆာန်ကျော်နင်းမှု ဥပဒေပုဒ်မအရ တိရစ္ဆာန်ထောင်တွင်ချထားလျှင် ၎င်းဥပဒေအရ လိုက်နာဆောင်ရွက်ရမည်။ ထိုသို့ မဟုတ်ခဲ့လျှင် ၁၉၄၅ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၂၀ နှင့် ၂၁ အရ အရေးယူရမည်။

၁၂၅၂။ ကျွဲနွား တိရစ္ဆာန်ကျော်နင်းမှုဥပဒေအရ တိရစ္ဆာန်ထောင်မှူးအဖြစ် ဆောင်ရွက်သည် မဟုတ်လျှင် ရဲတပ်ဖွဲ့ဝင်တို့သည် အပိုဒ် (၁၂၄၄) အရမှအပ မည်သည့်အခါမျှ မြို့နယ်တရားသူကြီး၏ အမိန့်မရရှိဘဲ ကျွဲနွားတိရစ္ဆာန်များကို ဖမ်းဆီးခွင့် မရှိစေရ။ ရဲစခန်းက ဖမ်းဆီး၍ ဒေသန္တရဆိုင်ရာအဖွဲ့မှ ကွပ်ကဲအုပ်ချုပ် သော တိရစ္ဆာန်ထောင်များမှတစ်ပါး အခြားထောင်များတွင် သိမ်းဆည်းထားသော အခါ ၎င်းတိရစ္ဆာန်ထောင်မှူးသည် ဒဏ်တပ်ခြင်းမပြုနိုင်သည့်အပြင် ကျွဲနွားတိရစ္ဆာန် ကျော်နင်းမှုဥပဒေပုဒ်မ ၃(ဂ)အရ သတ်မှတ်ထားရှိသော အစာရေစာတိုက်ကျွေးမှု စရိတ်များကို ရယူပိုင်ခွင့်မရှိစေရ။ ကျွဲနွားတိရစ္ဆာန်များကို ယင်းတိရစ္ဆာန်ထောင်တွင်

ကြာမြင့်စွာချုပ်ထားရန် လိုအပ်သောအခါ ထောင်မှူးအား ပေးရန်ရှိသည့်ငွေကြေးကို မြို့နယ်တရားသူကြီးကသတ်မှတ်ရမည်။အကယ်၍ ကျွဲနွားတိရစ္ဆာန်များကို ဒေသန္တရဆိုင်ရာအဖွဲ့မှအုပ်ချုပ်သော တိရစ္ဆာန်ထောင်များတွင် သိမ်းဆည်းချုပ်နှောင်ထားရှိပါက အချိန်ကာလအလျောက် မြို့နယ်တရားသူကြီးက တိရစ္ဆာန်ထောင်ကိုအုပ်ချုပ်သောဒေသန္တရဆိုင်ရာအဖွဲ့နှင့်တိုင်ပင်၍ ပြဋ္ဌာန်းသတ်မှတ်ထားသည့် စရိတ်ငွေကြေးအတိုင်း ပေးဆောင်ရလိမ့်မည်။

## လူနာများနှင့်ဒုက္ခိတများအား အကူအညီပေးခြင်း

၁၂၄၆။ လမ်း၌တွေ့ရှိသော မမာမကျန်းဖြစ်သူနှင့် အစာငတ်သူ ဒုက္ခိတတို့ကို အနီးဆုံး ဆေးရုံနှင့်ဆေးခန်းများသို့ ခေါ်ဆောင်သွားရမည်။ ဆေးရုံကလက်မခံလျှင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံသို့ တင်ပြဆောင်ရွက်ရမည်။

၁၂၄၇။ ဈေးများ၊ အများဝင်ထွက် သွားလာနိုင်သည့် နေရာများနှင့် လမ်းအနီးအနားများ၌ သေဆုံးသော ခရီးသွားအာဂန္တုဧည့်သည်၊ ဒုက္ခိတ ဧည့်သည်တို့၏ အလောင်းများကို နီးစပ်ရာဆေးရုံသို့ ပို့ပေးရမည်။

## ခရီးသည်များအား အကူအညီပေးခြင်း

၁၂၄၈။ လမ်းမကြီး အနီးအနားရှိ ရဲစခန်းများတွင် တာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ဝင်တို့မှာ ဆောင်ကြဉ်းသယ်ပိုးဆဲဖြစ်သည့် အရပ်ရပ်ကုန်စည် အထုပ်အပိုးများကို တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ရန် ဝတ္တရားရှိသည်။ မည်သည့်အဆင့်အတန်းရာထူးရှိ တပ်ဖွဲ့ဝင်မဆို ခရီးသည်တို့အား ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုပြုမူရမည့်ပြင် တတ်နိုင်သမျှ ကူညီစောင့်ရှောက် ရမည်။ လှည်းသမားများနှင့် ခရီးသည်တို့ကို ရဲစခန်းမရှိသည့် ကျေးရွာများသို့ တစ်လျှောက်တည်းမသွားစေဘဲ ညဥ့်အခါများတွင် ရဲစခန်းများ၌ ဝင်ရောက်တည်းခို နေထိုင်ကြစေရန် ရဲအရာရှိတို့က ပြောဆိုရမည်။

## ကူးစက်တတ်သောရောဂါဖြစ်ပွားသည့်အခါ ဆောင်ရွက်ခြင်း

၁၂၄၉။ မိမိနယ်မြေအတွင်း ကာလဝမ်းရောဂါကဲ့သို့ ကူးစက်တတ်သော ရောဂါကျရောက်သောအခါ၊ "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးမှတ်၍စတင်ဖြစ်ပွားသော နေ့ရက်၊ အရပ်ဒေသ၊ ရောဂါစွဲကပ်သူဦးရေ၊ ရောဂါဖြင့်သေဆုံးသူဦးရေများကို တတ်စွမ်းနိုင်သ၍ ထောက်လှမ်း ဖေးမြန်းရမည့်အပြင်၊ မည်သည့်အချိန်၊ မည်သည့်

အရပ်တွင် ပြည်သည့်အကြောင်း၊ ကြော့ဆိုရောဂါဖြစ်ပေါ်သောကြောင်း၊ မိမိထင်မြင်ယူဆသည့်အတိုင်း၊ ကျန်းမာရေးဦးစီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် အထက်ဌာနများသို့ အစီရင်ခံရမည်။ မိမိရဲတပ်ဖွဲ့တွင် ရဲတပ်ဖွဲ့ဝင်နှင့်၎င်းတို့၏ သားမယားများ သို့မဟုတ် ချုပ်ထားသောအကျဉ်းသားများတွင် ကူးစက်တတ်သောရောဂါကျရောက်ခဲ့လျှင် ခရိုင်ရဲတပ်ဖွဲ့ရုံးနှင့် ပြည်နယ်ရဲတပ်ဖွဲ့ရုံးသို့ အထူးအစီရင်ခံစာအမြန်ဆုံးပေးပို့ရမည်။

## ရဲအချုပ်ခန်းများ၌ ကူးစက်တတ်သည့် ရောဂါများ ရုတ်တရက်ကျရောက်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၁၂၅၀။ အချုပ်ခန်းတွင် ကူးစက်တတ်သောရောဂါ ရုတ်တရက်ကျရောက်လာသောအခါ အောက်ပါကာကွယ်ရေးနည်းလမ်းများအတိုင်းဆောင်ရွက်ရမည်–

(က) အတွင်းကာကွယ်ရေး

(၁) အချုပ်သားများသောက်ရန်ရေကို ကျိုချက်ပြီးအဖုံးရှိသောအိုးတွင်ထားရမည်။

(၂) အချုပ်ခန်းအိမ်သာကိုစစ်ဆေး၍ မစင်ကိုမကြာခဏသိမ်းရန်နှင့် မစင်ပုံးကို၊ ထုံး သို့မဟုတ် အခြားပိုးသေဆေးနှင့်ဆေးရန် လိုအပ်သည့်အစီအစဉ်များ ပြုလုပ်ရမည်။

(၃) အချုပ်သားတစ်ဦးအတွက် ပန်းကန်နှင့် ပန်းကန်လုံးများသီးခြားထားရှိရမည်။

(၄) ဝမ်းရောဂါ ၊ ဝမ်းရောင်ရောဂါ ပလိပ်ရောဂါနှင့်ကျောက်ရောဂါတို့အတွက်လိုအပ်သည့် ရောဂါကာကွယ်ဆေးများထိုးပေးရန်အစီအစဉ်ကိုချက်ချင်းပြုလုပ်ရမည်။

(ခ) အပြင်ကာကွယ်ရေး

(၁) ရောဂါကျရောက်လျှင် ကျရောက်ချင်း၊ အနီးဆုံးဆေးဆရာဝန်နှင့် အထက်ဌာနသို့အမြန်ဆုံးအစီရင်ခံပြီး၊ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှူးထံ အကြောင်းကြားတော၊

ရောဂါစွဲကပ်သော အချုပ်သားကို အမြန်ဆုံးဆေးကုသစေ၍ ၎င်းအား မည်သည့်အချုပ်တွင်ချုပ်ထားသင့်ကြောင်း အကြံပေးချက်ကို ယောင်းရမည်။

(၂) ရုံးတွင် စစ်ဆေးဆဲ အချုပ်သားများ အချုပ်ခန်းတွင်ရှိကာ တတ်နိုင်လျှင် အသမခံဖြင့်လွှတ်ထားရမည်။

(၃) ထိုအချိန်အခါတွင် အချုပ်သားအသစ်လက်မခံရဘဲမဆီး ထားပြီး အာမခံဖြင့် လွှတ်မထားနိုင်လျှင် အနီးဆုံးရောဂါမဖြစ်သောအချုပ်သို့ပို့ရမည်။

(၄) ရောဂါဖြစ်နေသော အချုပ်ခန်းမှအချုပ်သားကို ရောဂါမဖြစ်သော အချုပ်ခန်းသို့မပို့ရမပို့မဖြစ်ပါက အကျဉ်းထောင်တစ်ခုခု သို့သာလျှင်ပို့ပေးရမည်။မပို့မီကြိုတင်ပြင်ဆင်မှုလုပ်ထားနိုင်ရန် အကျဉ်းထောင်အရာရှိထံ ဆောလျင်စွာအကြောင်းကြားရမည်။ အချုပ်သား၏ အဝတ်အစားများနှင့်ပစ္စည်းများကိုရေနွေးပြုတ်လျှော်ပြီးမှ ထောင်အရာရှိထံအပ်ရမည်။

မှတ်ချက်။ ဖောရောင်သောရောဂါ (Beri-beri)ရသူများအတွက် အထက်ပါအပိုဒ်(ခ)(၃)(၄)ကို လိုက်နာရန်မလို။

## ကျွဲနွားများသေကြေပျက်စီးလျှင်အစီရင်ခံခြင်း

၁၂၅၁။ ကျွဲနွား တိရစ္ဆာန်များ ရောဂါဖြစ်ပွားနေလျှင်ဖြစ်စေ ရောဂါဖြစ်ပွား၍ သော်လည်းကောင်း အဆိပ်မိ၍သော်လည်းကောင်း၊ သေကြေပျက်စီးနေလျှင် ဖြစ်စေ၊ အနီးဆုံး တိရစ္ဆာန်ဆေးကုဌာနနှင့်ကုသိုလ်များသို့ အမြန်ဆုံးနည်းဖြင့် စာရေးအကြောင်းကြားပြီးလျှင် အကြောင်းကြားစာမိတ္တူကို အထက်ဌာနများသို့ ပေးပို့ရမည်။

၁၂၅၂။ × × × × × × × × × × × × × × × × × × × × × × × × × × ။

၁၂၅၃။ × × × × × × × × × × × × × × × × × × × × × × × × × × × ။

## ကျွဲနွားတိရစ္ဆာန်ပျောက်ဆုံးလျှင်အရေးယူခြင်း

၁၂၅၄။ ကျွဲနွားများ ပျောက်ဆုံးကြောင်းတိုင်တန်းချက်များကို၊ ရှေးဦးစွာခိုးမှု အဖြစ် လက်ခံရမည်။ ၎င်းနောက် ပြစ်မှုမကျူးလွန်ကြောင်း ယုံကြည်ရန် အကြောင်း ရှိလျှင် ၎င်းအမှုကို ဖြစ်တန်ရာသည့်အတိုင်း "လီဆယ်မှု" သို့မဟုတ် "မှားယွင်းမှု" ဖြစ်ကြောင်းနှင့်ဖော်ပြ၍ အမှုပိတ်ရမည်။အစိုးရပိုင် တိရစ္ဆာန်တစ်ကောင်ပျောက်ဆုံး ကြောင်းနှင့် ဌာနတစ်ခုခုကဖြစ်စေ စစ်ဘက်ဌာနဆိုင်ရာ အရာရှိတို့ကဖြစ်စေ တိုင်ကြားလျှင် ပျောက်ဆုံးသော တိရစ္ဆာန်ပုံသဏ္ဌာန်အကြောင်းအရာများနှင့်တကွ ၎င်းတွင်ပါရှိသည့် အမှတ်အသားအကြောင်းအရာများကို၊ ခရိုင်အတွင်းရှိ အရပ်ရပ် တိရစ္ဆာန်ထောင်မှူးတို့ထံပေးပို့ကြော်ငြာရမည်။

## လူပျောက်လျှင် အရေးယူခြင်း

၁၂၅၅။ လူပျောက်ကြောင်းတိုင်ကြားလျှင် အောက်ပါနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) လူပျောက်ကြောင်းတိုင်ကြားလာသောအခါ လူပျောက်ကြောင်းနှင့် ပတ်သက်သော အကြောင်းခြင်းရာအလုံးစုံကို တိုင်ကြားသူအား သေချာစွာစုံစမ်းမေးမြန်းရမည်။ အကယ်၍ ရဲအရေးယူပိုင်သော ပြစ်မှုဖြစ်ကြောင်း သင်္ကာမကင်းဖြစ်ရန် အကြောင်းရှိလျှင် ပထမ သတင်းပေးတိုင်ချက်ကိုရေးမှတ်ပြီး စုံစမ်းစစ်ဆေးစေရမည်။တစ်စုံ တစ်ယောက်၏ လက်ချက်ကြောင့် ပျောက်နေသည်ဟု သင်္ကာမကင်းရှိသော အမှုတွင် သက်ဆိုင်ရာရဲစခန်းများသို့ အကြောင်းကြားပြီးလျှင် ပြစ်မှု ပြန်တမ်းဒုတိယတွဲတွင် ပျောက်နေသူ၏ဓာတ်ပုံနှင့် တကွ ကြော်ငြာ ရန်ဆောင်ရွက်ရမည်။ ပျောက်ရခြင်းအကြောင်းမှန်ကို ကျေနပ်စွာ မသိရမခြင်း အမှုကို စုံစမ်းစစ်ဆေးစေရမည်။

(ခ ) တိုင်ကြားသူထံမှ စုံစမ်းမေးမြန်းခြင်းအားဖြင့် ရဲအရေးယူပိုင်သော ပြစ်မှုဖြစ်သည်ဟု သင်္ကာမကင်းရန်အကြောင်းမရှိလျှင် ၎င်း၏ တိုင်ကြားချက်ကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးမှတ်စေ၍ ဒုတိယရဲအုပ်အောက် မနိမ့်သော ရဲအရာရှိအား စုံစမ်းစစ်ဆေးစေ ရမည်။

(ဂ) မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ လူပျောက်ကြောင်းတိုင်တန်းလျှင် အထက်ဌာနများသို့ ချက်ချင်းအစီရင်ခံရမည်။

**မီးသင့်လောင်သည့်အခါ အရေးယူခြင်း**

၁၂၅၆။ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) **မီးလောင်သည့်အခါဆောင်ရွက်ခြင်း။** မီးလောင်သောအခါ ရဲတပ်ဖွဲ့ဝင်အသီးသီးတို့သည် အသင့်ရှိသည့် ရဲအကျီ ရဲဦးထုပ်အစရှိသည်တို့ကို ဝတ်ဆင်၍ ချက်ချင်းမိမိတို့ဆိုင်ရာရဲစခန်းသို့မဟုတ် ရဲသင်တန်းကျောင်း သို့မဟုတ် ရဲတန်းလျားရှေ့တွင် တန်းစီကြပြီးလျှင် သက်ဆိုင်ရာအထက်အရာရှိတို့၏အမိန့်ကိုနာခံရန် အသင့်ရှိစေရမည်။ မီးလောင်ရာအရပ်အနီးရှိကင်းလှည့်ကျနေသော ရဲတပ်ဖွဲ့ဝင်တို့သည်မီးလောင်ရာအရပ်သို့ချက်ချင်းသွားရောက်၍ သက်ဆိုင်ရာ ရဲအရာရှိတို့၏ အမိန့်အတိုင်း ကူညီဆောင်ရွက်ရမည်။ မီးလောင်သည့်နေရာတွင် ရဲတပ်ဖွဲ့ဝင်များဆောင်ရွက်ရန် ဝတ္တရားများမှာ-

(၁) မီးသတ်သူတို့အား အနှောင့်အယှက်မရှိစေခြင်းငှာ၊ မီးလောင်သော ပတ်ဝန်းကျင်တွင် ရှင်းလင်းထားရမည်။

(၂) ရေပိုက်များအနီးအနားသို့ ယာဉ်ရထားများဖြတ်သန်းသွားလာခြင်းကို တားမြစ်ရမည်။

(၃) မီးသင့်လောင်သောအိမ်များမှဖြစ်စေ အနီးအနားအိမ်များမှဖြစ်စေ ယူဆောင်လာသော ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(၄) ထိုပစ္စည်းများထားသော နေရာသို့ ချဉ်းကပ်လာသူကို ဟန့်တားရမည်။ လိုအပ်က ဖမ်းဆီးရမည်။

**မှတ်ချက်။** မီးလောင်သည့်နေရာသို့သွားရောက်ရာတွင် ပစ္စည်းများကိုမီးဘေးမှ ကယ်ဆယ်ရာ၌မူ ရဲအရာရှိတို့၏ ဝတ္တရားမဟုတ်သော်လည်း ပစ္စည်းကိုဖြစ်စေ အသက်ကိုဖြစ်စေ ကယ်ဆယ်ရန် အကူအညီ

တောင်းက မတွန့်တိုဘဲ အကူအညီပေးရမည်၊ ပစ္စည်းပိုင်ရှင် မဟုတ်လျှင် မည်သူ့ကိုမျှ ယူခွင့်မပြုရ။ ရဲတပ်ဖွဲ့ဝင်များသည် မည်ကဲ့သို့ မီးစ၍လောင်သည်ဆိုသည့် အကြောင်းသိသူများထံမှ စုံစမ်းမေးမြန်းပြီး တတ်နိုင်သ၍ လျင်မြန်စွာ အထက်အရာရှိထံ အစီရင်ခံရမည်။

(ခ) ပေါက်ကွဲစေတတ်သောအရာဝတ္ထုများ သို့မဟုတ် မီးလောင်စေ တတ်သောအရာဝတ္ထုများနှင့်စပ်လျဉ်း၍ဆောင်ရွက်ခြင်း။ ပေါက်ကွဲစေတတ်သော အရာဝတ္ထုများ သို့မဟုတ် မီးလောင်စေတတ်သောအရာဝတ္ထုများနှင့် စပ်လျဉ်း၍ မတော်တဆဖြစ်ပွားသော အမှုကိစ္စတို့၌ ဆောင်ရွက်ရန် နည်းလမ်းများကို နောက်ဆက်တွဲ(ခ-၃၃) တွင် ဖော်ပြထားပါသည်။

## အခန်း(၄၂)

## မြို့များတွင်စောင့်ရှောက်ခြင်း နှင့် ကင်းများလှည့်လည်ခြင်း

၁၂၅၇။ ယနေ့မျက်မှောက်အချိန်အခါတွင် ကမ္ဘာတစ်ဝန်းလုံး၌ မှုခင်းများကြိုတင်ကာကွယ်ရေး၊ မှုခင်းများကျဆင်းရေးတို့အတွက် ဆောင်ရွက်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာလျှင် အောင်မြင်မှုရမည်ဟု လက်ခံကျင့်သုံးလာကြသဖြင့် နယ်မြေ လူထုပူးပေါင်းပါဝင်သော နယ်မြေရဲကင်းများစနစ်ကို ကျင့်သုံးလာကြပေသည်။ နယ်မြေအတွင်း ကင်းလှည့်စောင့်ရှောက်ခြင်းသည် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် အရေးကြီးသော အချက်(သော့ချက်)အဖြစ် လည်း ရပ်တည်လျက်ရှိသည်။ နယ်မြေရဲကင်းများဖွင့်လှစ်ရေးနှင့် ပတ်သက်၍ အောက်ပါ အတိုင်းဆောင်ရွက်ရမည်-

(က) မြို့တစ်မြို့တွင်ရှိသော လူဦးရေ အကျယ်အဝန်း နယ်မြေအနေ အထားနှင့် တာဝန်ထမ်းဆောင်နိုင်သော ရဲတပ်ဖွဲ့ဝင်အင်အားတို့ကို တွက်ချက်သုံးသပ်၍ ဖွဲ့စည်းပုံပါ ရဲစခန်းအပြင် နယ်မြေရဲကင်း မည်မျှ ဖွင့်လှစ်ထားရမည်ကို ခရိုင်ရဲတပ်ဖွဲ့မှူး မြို့နယ်ရဲတပ်ဖွဲ့မှူး

တို့ကဆုံးဖြတ်၍ နေရာများ ရွေးချယ်ပေးရမည်။ ပြည်နယ်/ တိုင်း ရဲတပ်ဖွဲ့မှူး၏ အတည်ပြုချက် ရယူရမည်။

(စ) မြို့မရဲစခန်းနှင့် နယ်မြေရဲကင်းနယ်မြေတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ပိုင်းခြားသတ်မှတ်ပေးရမည်။

(ဆ) နယ်မြေရဲကင်းတစ်ခုတွင် အရာရှိ သို့မဟုတ် တပ်ကြပ်ကြီး၊ တစ်ဦး ဦးစီး၍ အခြားတပ်ဖွဲ့ဝင် ၅ ဦး၊ ပေါင်း ၆ ဦးအနည်းဆုံး ရှိရမည်။

၁၂၅၈။ လှည့်ကင်းများဆောင်ရွက်ခြင်း။ လှည့်ကင်းလမ်းကြောင်းကို အပိုင်နယ်မြေအတွင်း အမှတ်စဉ်အလိုက် ပေးထားရမည်။ လှည့်ကင်းဖြင့် နယ်မြေကို စိုးမိုးထားခြင်းသည် မှုခင်းကျဆင်းရေးတွင် အဓိကကျသည်။ မှုခင်းကျဆင်းရေးတွင် ခြေလျင်လှည့်ကင်း၊ စက်ဘီးလှည့်ကင်း၊ ယာဉ်လှည့်ကင်းများ ပေါင်းစပ်၍ ဆောင်ရွက်ရမည်။

၁၂၅၉။ ခြေလျင်လှည့်ကင်းများ။ ခြေလျင်လှည့်ကင်းများ၏ ဖွဲ့စည်းမှုလှည့်ကင်းလမ်းကြောင်းများနှင့် အချိန်များကို အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်ရမည်-

(က) ဖွဲ့စည်းမှု

(၁) သာမန်အားဖြင့် နေ့အချိန်တွင် ရဲတပ်ဖွဲ့ဝင်များသာ ပါဝင်သည့် လှည့်ကင်းများကို ဆောင်ရွက်ကြရမည်။ လှည့်ကင်းများတွင် ရဲတပ်ဖွဲ့ဝင် အနည်းဆုံး ၂ ဦးဖြင့် ကင်းလှည့်ရမည်။ လူစည်ကားသည့် အခြေအနေ၊ အရေးကြီးသည့် သတင်းများ၊ အထောက်အထားများမှ ညွှန်ကြားချက်များ ရှိသည့်အခါတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လှည့်ကင်းတာဝန် ထမ်းဆောင်ရမည်။

(၂) ညအချိန်တွင်မိမိတာဝန်ကျရာ ရပ်ကွက်/ကျေးရွာလူကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ၎င်းအဖွဲ့တွင် ရဲတပ်ဖွဲ့ဝင် ၂ ဦး၊ ရပ်ကွက်ဆယ်အိမ်မှူး ရာအိမ်မှူး၊ မိတ်ဖက်အဖွဲ့အစည်းများမှ အနည်းဆုံး ၃ ဦး စုစုပေါင်း၅ ဦးတို့ဖြင့် ညလှည့်ကင်း ဆောင်ရွက်ရမည်။

(၃) နယ်မြေရှာကင်းတစ်ခုလျှင် အနည်းဆုံး လှည့်ကင်းအဖွဲ့ ၃ဖွဲ့ ထားရှိရမည်။

(ခ) လှည့်ကင်းလမ်းကြောင်းများ

(၁) လှည့်ကင်း လမ်းကြောင်းများတွင် စစ်ဆေးရာနေရာများ၊ (CHECK POINT) ဆုံရပ်များ၊ ဝပ်ကင်းနေရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲစခန်းမှူးများမှ ရွေးချယ်သတ်မှတ်ပေးရမည်။

(၂) လှည့်ကင်းလမ်းကြောင်းအပြင် ခိုးမှုများ ဖောက်ထွင်းမှုများ ဖြစ်ပွားတတ်သည့် နေရာများတွင် ဝပ်ကင်းနေရာများနှင့် ဝပ်ကင်းဆောင်ရွက်ရန် အချိန်များပါ ရွေးချယ်သတ်မှတ်ပေးရမည်။

(၃) လှည့်ကင်းအဖွဲ့သည် သူခိုးများ ခိုးဝှက်တတ်သည့်နေရာ ခိုးဝှက်ဖောက်ထွင်းရန် ပုန်းအောင်းစောင့်ကြည့်တတ်သည့် နေရာ ခိုးဝှက်ပြီး အထုပ်ထမ်းထွက်လာတတ်သည့် နေရာများ လမ်းဆုံများတွင် လုံခြုံမှုရှိစွာ ကင်းပုန်းဝပ်ရမည်။

(ဂ) လှည့်ကင်းအချိန်။ လှည့်ကင်းအဖွဲ့ ၃ဖွဲ့သည် ညနေ ၀၆၀၀ နာရီ အချိန်မှ နောက်တစ်နေ့နံနက် ၀၆၀၀ နာရီအချိန်ထိအတွင်း လှည့်ကင်း ၆ ချိန်သတ်မှတ်၍ ကင်းလှည့်ရမည်။လှည့်ကင်း တစ်ဖွဲ့လျှင် ၄ နာရီ အနည်းဆုံးတာဝန်ယူရမည်။

၁၂၆၀။ စက်ဘီးလှည့်ကင်း။ စက်ဘီးစီး၍ ကင်းလှည့်ခြင်းသည် သာ၍ အကျိုးဖြစ်ထွန်းစေသည်။ အဘယ့်ကြောင့်ဆိုသော် ကျယ်ဝန်းသော လှည့်ကင်းနယ်မြေအတွင်းတွင် နှံ့စပ်အောင် လျင်မြန်စွာ သွားလာနိုင်၍သော်လည်းကောင်း၊ ထို့ထက် ကျဉ်းသော လှည့်ကင်းနယ်မြေအတွင်းတွင် ခေါက်တုံ့ခေါက်ပြန် မကြာခဏ သွားလာနိုင်၍သော်လည်းကောင်း ဖြစ်ပေသည်။ ထို့ပြင် လျင်မြန်ဆိတ်ငြိမ်စွာ သွားလာနိုင်သဖြင့် ခြေလျင်လှည့်ကင်းများ မတွေ့နိုင်သည့် မသင်္ကာသူများကို တွေ့ရှိဖမ်းဆီးနိုင်သည်။ စက်ဘီးလှည့်ကင်းများ၏ ဖွဲ့စည်းမှု လှည့်ကင်းလမ်းကြောင်းများနှင့် လှည့်လည်သည့်အချိန်တို့ကို အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်ရမည်–

(က) ဗွဲ့ချည်မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲစခန်းမှူးတို့သည် ကင်းလှည့်ကင်းများကို ဖွဲ့ချည်ရာ၌ ရဲစခန်းမှ ထုတ်နုတ်အင်အား ၅ ယောက်မှ ၁၀ ယောက်ရအောင် ထုတ်နုတ်ပြီး အနည်းဆုံး အဖွဲ့ ၂ ဖွဲ့ ဖွဲ့ချည်တာဝန်ပေးရမည်။

(ခ) လှည့်ကင်းလမ်းကြောင်းများ။ ကင်းလှည့်ကင်းအဖွဲ့များသည် ရဲစခန်းအပိုင်နယ်မြေအတွင်း သတ်မှတ်ပေးထားသော နယ်မြေ ရဲကင်း၊ မြေလျှင်လှည့်ကင်းများနှင့်ဆက်စပ်၍ ဆုံရပ်စစ်ဆေးရပ်များပါ ချိတ်ဆက်မိစေရန် နယ်မြေတစ်ခုလုံးအား ခြုံငုံသတ်မှတ်ပေးရမည်။ ကင်းလှည့်ကင်းကို အဓိကလမ်းကြောင်းသတ်မှတ်၍ အရေးအရေးကြီးသောနေရာ ပေါ်ကြားနယ်မြေကို နှိမ်ကြိမ်လှည့်ခေါင်းမြင့် ဆောင်ရွက်ပေးရမည်။ လမ်းကြောင်းများကို မြေလျှင်လှည့်ကင်းများနည်းတူ မကြာခဏ ပြောင်းလဲသတ်မှတ်ပေးရမည်။

(ဂ) လှည့်ကင်းအချိန်။ လှည့်ကင်းအဖွဲ့ ၂ ဖွဲ့သည် နံနက် ၀၆၀၀ အချိန်မှနောက်တစ်နေ့နံနက် ၀၆၀၀ အချိန်အတွင်း အလှည့်ကျ လှည့်ကင်းတာဝန်ယူရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲစခန်းမှူးတို့က ကင်းလှည့်ကင်းအချိန်များကို လိုအပ်သလို သတ်မှတ်တာဝန်ပေးနိုင်သည်။

၁၂၆၁။ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်လှည့်ကင်းများ။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ထားရှိသော လှည့်ကင်းယာဉ်များနှင့် အခြားလှည့်ကင်းယာဉ်များဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အစီအစဉ်အရ လမ်းကြောင်းများရေးဆွဲပြီး၊ မော်တော်ယာဉ်လှည့်ကင်းများကို တာဝန်ချထားရမည်။ ခရိုင်/မြို့နယ်ရုံးစိုက်ရာမြို့အတွင်း၌ ဆောင်ရွက်နေသော နယ်မြေရဲကင်း၏ မြေလျှင်လှည့်ကင်းလမ်းကြောင်းများ ရဲစခန်းမှ ထုတ်နုတ်ဆောင်ရွက်လျက်ရှိသော ကင်းလှည့်ကင်းလမ်းကြောင်းများအား စစ်ဆေးနိုင်ရန်နှင့် နယ်မြေကျယ်ဝန်းသော ရပ်ကွက်များ၌ ဖြစ်ပွားသောမှုခင်းများ မော်တော်ယာဉ်ခိုးမှုများကို လျှင်မြန်စွာ ကာကွယ်တားဆီးနိုင်ရန်အတွက် ယာဉ်လှည့်ကင်းလမ်းကြောင်းများကို ရွေးချယ်သတ်မှတ်ပေးရမည်။

၁၂၆၂။ အထက်ဖော်ပြပါအပိုဒ်များသည် လှည့်ကင်းဆောင်ရွက်ရန် နည်းလမ်းများဖြစ်သည်။ လှည့်ကင်းများလမ်းကြောင်းကို ပုံသေမထားဘဲ မကြာခဏလမ်းကြောင်းပြောင်း၍ လှည့်လည်စေရမည်။ နည်းတစ်မျိုးတည်းသာ ကင်းလှည့်ပါက လူဆိုးသူခိုးတို့က လှည့်ကင်း မည်သို့သွားလာကြောင်း ချက်ချင်းသိမည်ဖြစ်၍ အကျိုး ဖြစ်ထွန်းမည် မဟုတ်ချေ။ မမျှော်လင့်ဘဲ ရုတ်တရက် ရှောင်တခင်ရောက်လာတတ်ခြင်းသည် လှည့်ကင်းလှည့်လည်ရေး၌ ထမြောက်အောင်မြင်ခြင်း အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ဥပမာအားဖြင့် အချို့သောညများတွင် ခြေလျင်လှည့်ကင်းလမ်းကြောင်းများ၊ စက်ဘီးလှည့်ကင်းလမ်းကြောင်းများကို လှည့်ကင်းမလွှတ်ဘဲ အခြားလှည့်ကင်း နယ်မြေများတွင် ထပ်ပေါင်း၍ လှည့်လည်စေခြင်း လှည့်ကင်းနယ်မြေများတွင် တစ်ညနှင့်တစ်ည လှည့်ကင်းစထွက်သောအချိန် ပြန်လာသောအချိန်ပြောင်းလဲပေးခြင်းတို့ဖြစ်သည်။ ထိုကွပ်ကဲမှုတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲစခန်းမှူးတို့က စီစဉ်ဆောင်ရွက်ပေးရမည်။ လှည့်ကင်းအချိန်မှန်မှန် သွားလာမည့်အစား လှည့်ကင်းများကို တစ်ခါတစ်ရံ ၎င်းတို့သိသော လူဆိုး သူခိုးတို့၏ အိမ်ဝင်ပေါက် ထွက်ပေါက်များတွင် ရှောင်ရှောင်း၍ ကင်းပုန်းဝပ်ခြင်းဖြင့် ညအချိန် ပြန်လာသော လူဆိုးသူခိုးတို့ကို ရှာဖွေဖမ်းဆီးနိုင်သည်။ သို့မဟုတ် တစ်ခါတစ်ရံ လမ်းဆုံများအနီး၌ဖြစ်စေ လူဆိုးသူခိုးတို့ သွားလာတတ်သောနေရာများအနီး၌ အကာအကွယ် သို့မဟုတ်မြောင်းများ ချိုင့်များတွင် ညအခါ ကင်းပုန်းဝပ်နေခြင်းဖြင့် ရှောင်းမြောင်းသွားလာတတ်သော မသမာသူတို့ကို ဖမ်းဆီးရမိနိုင်မည်ဖြစ်သည်။

၁၂၆၃။ လှည့်ကင်း၊ ၃ မျိုးတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ခြေလျင်လှည့်ကင်း စက်ဘီးလှည့်ကင်း မော်တော်ယာဉ်လှည့်ကင်း များကို လမ်းကြောင်းနှင့် အချိန်များတစ်ခုနှင့်တစ်ခုထပ်စေခြင်း(OVER LAP)နှင့် ဆုံရပ်များရှိစေခြင်းဖြင့် လှည့်ကင်းများကို ပေါင်းစပ်ပေးရန် ခရိုင်ရဲတပ်ဖွဲ့မှူး မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဆောင်ရွက် ပေးရမည်။

(ခ) ခရိုင်ရဲတပ်ဖွဲ့မှူးသည် မိမိ၏ မော်တော်ယာဉ် လှည့်ကင်းများအား မှခင်းတားဆီး ကာကွယ်ရေးအတွက် ထိရောက်သော လှည့်ကင်း

ဖြစ်စေရန် မိမိနယ်မြေတစ်ခုလုံး၏ အသေးစိတ်မြေအနေအထား၊ လမ်းကြောင်းများ၊ မှုခင်းဖြစ်လေ့ရှိသည့်နေရာများကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိသုံးသပ် ရွေးချယ်တာဝန်ပေးရမည်။

(ဂ) မော်တော်ယာဉ် မော်တော်ဆိုင်ကယ်၏ သဘာဝသည် လျင်မြန်မှုနှင့် အငိုက်ဖမ်းနိုင်မှုကို ယှဉ်တွဲအသုံးပြုရေး ဖြစ်သဖြင့် ကားလမ်းပေါ်တွင်သွားလာနေမည့်အစား ခြေလျင်လှည့်ကင်းများ မရောက်နိုင်သည့်အကွာအဝေးသို့ ချက်ချင်းရောက်ရှိပြီး အမှောင်ထဲတွင် မီးမှိတ်၊ အသံလုံစွာနေခြင်းဖြင့် အငိုက်ဖမ်းမှုကို ဖန်တီးနိုင်မည်ဖြစ်သည်။

(ဃ) မြို့နယ်ရဲတပ်ဖွဲ့မှူးများက စက်ဘီးလှည့်ကင်းနှင့် ခြေလျင်လှည့်ကင်းများကို မြေပုံ/မြေပြင်ပေါင်းစပ်၍ စနစ်တကျ တာဝန်ချထားရမည်။

(င) ခြေလျင်လှည့်ကင်းသည် နယ်မြေရဲကင်းမှ စထွက်ခြင်းဖြစ်၍ အမှန်တကယ် ရောက်ရှိ အလုပ်လုပ်ခြင်း ရှိ/မရှိကို ရဲစခန်းမှူးက စက်ဘီးလှည့်ကင်းဖြင့် တန်ပြန်စစ်ဆေးရမည်။

(စ) မြို့နယ်တစ်ခုလုံး၏ စက်ဘီးလှည့်ကင်း၊ ခြေလျင်လှည့်ကင်းများ အမှန်တကယ် အလုပ် လုပ်/မလုပ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးအား ပေးထားသောယာဉ်ဖြင့် စစ်ဆေးရမည်။

(ဆ) ခရိုင်ရဲတပ်ဖွဲ့မှူးကလည်း မြို့နယ်များအတွင်း လှည့်ကင်းများအမှန်တကယ် လှုပ်ရှားဆောင်ရွက်ခြင်းရှိ/မရှိကို မိမိလှည့်ကင်းယာဉ်များနှင့်ဆုံရပ်များ၊ စစ်ဆေးရပ်များ(CHECK POINT)တွင် စစ်ဆေးမှတ်တမ်းတင်ရန် တာဝန်ခွဲဝေပေးထားရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်တိုင် နယ်မြေလှည့်ကင်းများကို ညစဉ်စစ်ဆေးရမည်။

(ဇ) စစ်ဆေးမည့်နေရာ(CHECK POINT)များကို သတ်မှတ်ပေးပြီးလှည့်ကင်းရောက်ရှိမည့်အချိန်ကိုပါ လှည့်ကင်းမှူးနှင့် သေချာစွာမှာကြားပြီးမြေပုံနှင့် အရပ်ရပ်နေ့စဉ်မှတ်တမ်းတို့တွင် မှတ်တမ်းတင်ထားရမည်။ ရဲစခန်းမှူးမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အထက်အရာရှိ

တို့က လှည့်ကင်းဆောင်ရွက်ခြင်းရှိ/မရှိတို့ကို သတ်မှတ်ထားသည့်စစ်ဆေးရန်နေရာများ (CHECK POINT)တွင် စစ်ဆေးနိုင်သည်။

(ဈ) အချို့သော လှည့်ကင်းလမ်းကြောင်းများသည် ရပ်ကွက်လူကြီးရုံးခန်းကိုဖြတ်သွားပါက (ပြစ်မှု ၇၈) ပုံစံ သို့မဟုတ်သီးခြားစာအုပ်တွင် လှည့်ကင်းမှူးမှ ရောက်ရှိကြောင်း အချိန်ဖော်ပြ၍ လက်မှတ်ရေးထိုးသွားစေခြင်းဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အထက်အရာရှိများမှ စစ်ဆေးနိုင်သည်။လှည့်ကင်းမှူးသည် မိမိနယ်မြေအတွင်း ဝပ်ကင်းအဖြစ် ဆောင်ရွက်မည့်နေရာများကိုလည်း အချိန်နာရီနှင့်တကွ ရဲစခန်းမှူးထံတင်ပြ ထားရမည်။ နယ်မြေရဲကင်းမှူးသည် မြေလျှင်လှည့်ကင်းလမ်းကြောင်း အစီအစဉ်အား ရဲစခန်းမှူးထံ နေ့စဉ်တင်ပြထားရမည်။ရဲစခန်းမှူးမှနေ့စဉ်(CHECK POINT)နေရာများသို့ လှည့်ကင်းများ ရောက်ရှိမည့်အချိန်များကို မြေပုံတင်ထားရမည်။ သို့မှသာလှည့်ကင်းများကို အလွယ်တကူ စစ်ဆေးနိုင်မည်ဖြစ်သည်။

၁၂၆၄။ ရေယာဉ်လှည့်ကင်းများ။ မြို့နယ်ရဲတပ်ဖွဲ့ သတ်မှတ်နယ်မြေ အတွင်းရှိ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ရာ မြစ်ဝများ၊ မြစ်ကြောင်းများ၊ ချောင်းများအတွင်းရှိ ရေယာဉ်များနှင့် မီးပြတိုက် ဗောယာ၊ ရေကြောင်းအချက်ပြသည့် နိုင်ငံပိုင်ပစ္စည်းများ ခိုးယူပျောက်ဆုံးမှု မဖြစ်စေရေး၊ ရေယာဉ်များပေါ်တွင် လုယက်မှု၊ ခိုးမှုများ မဖြစ်စေရေး ရေယာဉ်များပေါ်တွင် ပြည့်တန်ဆာကိစ္စအပါအဝင် ဒုစရိုက်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင် ရေယာဉ်များကို တွဲဖက်ပေးထားသည် များရှိသော်လည်း ရေယာဉ်များကို အသုံးပြုခြင်းထက် ခေတ်မီစက်တပ်လှေများကို အသုံးပြုခြင်းဖြင့် ပိုမိုထိရောက်သည်ဟု ယူဆလျှင် ရေယာဉ်လှည့်ကင်းကို စီမံချက် များရေးဆွဲ၍ ဆောင်ရွက်ရမည်။ တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိရိယာများ ရေနစ် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်မှု အချက်များကို အမိန့်ထား ရေးဆွဲ၍ တာဝန်ထမ်းဆောင်မည့် တပ်ဖွဲ့ဝင်အင်အား၊ လှည့်ကင်းလမ်းကြောင်းများ၊ ဝပ်ကင်းနေရာများ၊ သတ်မှတ်အချိန်များ၊ အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်

ရမည့် ရည်မှန်းချက် တာဝန်ပေါ်မူတည်ပြီး ပြည့်စုံသော စီမံချက်များအဖြစ် ရေးဆွဲရန်လိုသည်။ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးတို့က ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည်။

၁၂၆၅။ လှည့်ကင်းများဆောင်ရွက်ရာတွင် အောက်ပါအချက်များကိုလိုက်နာဆောင်ရွက်ရမည်–

(က) လှည့်ကင်းနယ်မြေအကျယ်အဝန်းကို ပြထားသောရဲစခန်းနယ်မြေ၊ ရဲကင်းတို့တာဝန်ယူရသော နယ်မြေမြေပုံတစ်ခုပေါ်တွင် လှည့်ကင်းလမ်းကြောင်းများ စစ်ဆေးရပ် ဆုံရပ်တို့နှင့် လှည့်ကင်းဆောင်ရွက်ရသောတပ်ဖွဲ့ဝင်တို့၏ အမည်နှင့်လှုဦးရေ စာရင်းတို့ကို ရဲစခန်း သို့မဟုတ် နယ်မြေရဲကင်းအသီးသီးတွင် ထားရှိရမည်။

(ခ) လှည့်ကင်းတာဝန်မကျသော တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာရဲစခန်း ရဲကင်းများတွင် အသင့်ရှိနေရမည်။ လှည့်ကင်းများတွင် အင်အားမလုံလောက်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အင်အားများကိုပါ ထုတ်နုတ် သုံးစွဲနိုင်သည်။

(ဂ) ညအချိန်ကင်းပုန်းဝပ်သည့်အခါ ဆေးလိပ်သောက်ခြင်း စကားပြောခြင်းများမပြုလုပ်ဘဲ သိုသိပ်စွာနေမှသူခိုးအား ဖမ်းဆီးရမိနိုင်သည်ကို သတိပြုရမည်။

(ဃ) သူခိုးအားလှည့်စားရန် ဥပမာ–လှည့်ကင်းများရောက်ရှိပြီး ထွက်သွားပြီးဟုထင်ရန်လှည့်စားမှုများကို နည်းမျိုးစုံဖြင့် ပါးနပ်စွာဆောင်ရွက်ရမည်။

(င) မြို့နယ်ရှိမှုခင်းအများဆုံး ဖြစ်တတ်သည့် နေရာအချက်အချာ နေရာများကို လှည့်ကင်းများ ရောက်ရှိအောင် စီမံချက်ရေးဆွဲဆောင်ရွက်ရမည်။ လှည့်စားမှုရှိစေရန် ပုံမှန်မဟုတ်ဘဲ မကြာခဏပြောင်းလဲဆောင်ရွက်စေရမည်။

(စ) လမ်းများပေါ်တွင်ပြစ်မှုများ မဖြစ်ပွားစေရန်နှင့် စည်းကမ်းသေဝပ်မှုရှိစေရန် သတိဝီရိယနှင့် ဆောင်ရွက်ရမည်။

(ဆ) ဒုစရိုက်မှုများဖြစ်ပွားနိုင်သောနေရာများ၊ အရက်ဆိုင်များ၊ နိုးရာပါပစ္စည်းသက်ခံတတ်သော အိမ်များနှင့် ပစ္စည်းဟောင်းရောင်းဝယ်တတ်သည့်ဆိုင်များကို သတိပြု၍ ဝင်ထွက်သွားလာသူများကို မှတ်သားထားရမည်။

(ဇ) အများသွားလာသော လမ်းများပေါ်တွင် ပိတ်ဆို့ခြင်းနှင့်အနှောင့်အယှက်ပေးခြင်းများကို တားမြစ်ရမည်။

(ဈ) လူစုလူဝေးများက သွားလာသောလမ်းကိုပိတ်ဆို့လျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေလျှင် လူစုကွဲစေရန် ဆောင်ရွက်ရမည်။

(ည) ပြည်သူပိုင်ပစ္စည်းများကို စောင့်ရှောက် ကာကွယ်ရမည်။

(ဋ) ငြိမ်ဝပ်ပိပြားမှုပျက်ပြားခြင်းကို မိမိတစ်ယောက်တည်းနှင့် မတားမြစ်နိုင်လျှင် မိမိ၏နယ်မြေရဲကင်းနှင့်အနီးဆုံး ရပ်ကွက်လူကြီးများရဲစခန်း သို့မဟုတ် ရဲကင်းစခန်းမှ အကူအညီတောင်းရမည်။

၁၂၆၆။ ရဲအက်ဥပဒေပုဒ်မ ၃၄ တည်သောမြို့ရွာများ၌ ရဲတပ်ဖွဲ့ဝင်များသည် ကင်းလှည့်ခြင်းဝတ္တရားကို ဆောင်ရွက်စဉ် ၎င်းပုဒ်မတွင်ဖော်ပြသော ပြစ်မှုများကို မိမိမျက်မှောက်၌ ကျူးလွန်သူအားဖမ်းဆီးနိုင်သည်။သို့ရာတွင်ထိုသို့ ကျူးလွန်မှုများကိုတားမြစ်၍မရသောအခါမှဖမ်းဆီးရမည်။ပြစ်မှုများကို ထပ်မံမကျူးလွန်ရန်ဖြစ်စေ၊ ဆက်လက်၍ မကျူးလွန်ရန်ဖြစ်စေ ထိုကျူးလွန်သူကို သာမန်အားဖြင့် နှုတ်သတိပေးလျှင် လုံလောက်သော တားမြစ်ခြင်းဖြစ်နိုင်သည်။

မှတ်ချက်။ (က) သန့်ရှင်းစင်ကြယ် ကျန်းမာရန်နှင့် စပ်လျဉ်းသော အမိန့်/ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ကြစေရန် နှောင့်ယှက်မှုများကိုတားမြစ်ရာတွင် အားလုံးသော ရဲတပ်ဖွဲ့ဝင်တို့ကကိုယ်ထိလက်ရောက်ကူညီစောင့်ရှောက်ရမည်။

(ခ) ၄င်း ပုဒ်မ (၃၄) နှင့် တရားစွဲဆိုနိုင်ရန် အတည်ပြုထားသည့် မြို့နယ်များ ဖော်ပြထားသည့် စာရင်းကိုနောက်ဆက်တွဲ(ခ-၁၁) တွင်ကြည့်ရှုနိုင်သည်။

၁၂၆၇။ မြို့များအားလုံးတွင် ဖော်ပြသည့် ရဲတပ်ဖွဲ့ဝင်မဆိုအောက်ပါပြစ်မှုများ ကို ကျူးလွန်လျှင် ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရသည်-

(က) အများပြည်သူဆိုင်ရာလမ်းတွင် သို့တည်းမဟုတ် အများပြည်သူ ဆိုင်ရာရေယာဉ်များသွားလာရာ လမ်းကြောင်းတွင် အန္တရာယ်ဖြစ် စေသူသို့တည်းမဟုတ် ဟန့်တားသူ။(ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ -၂၈၃)

(ခ) တိရစ္ဆာန်ကြောင့် လူ့အသက်အား အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ သို့တည်းမဟုတ်အပြင်းအထန်နာကျင်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင် လက်ရှိတိရစ္ဆာန်ကို နေရာတကျမထားဘဲ မည်သူမဆို သိလျက်နှင့်ဖြစ်စေ၊ပေါ့လျော့စွာဖြစ်စေပျက်ကွက်သူ။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၈၉)

(ဂ) လူ့အသက်ကို အန္တရာယ်ဖြစ်စေလောက်အောင် အများပြည်သူတို့ သွားလာရာလမ်းတွင် ယာဉ် ရထား တိရစ္ဆာန်စသည်တို့ကို အရမ်းမောင်းသူ သို့တည်းမဟုတ် အရမ်းစီးသူ။(ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၂၇၉)

(ဃ) လူ့အသက်ကို အန္တရာယ်ဖြစ်စေလောက်အောင် သို့တည်းမဟုတ်၊ ထိခိုက်နာကျင်လောက်အောင် မီး၊ မီးပုံးပျံ၊ မီးအိုး၊ ဗျောက်အိုး၊ မီးပန်း၊ မီးကျည်၊ မီးပတ်း သို့မဟုတ် အခြားမီးစွဲလောင်လွယ် သည့် ပေါက်ကွဲတတ်သည့်ဝတ္ထုများကိုအရမ်းမဲ့ သို့မဟုတ်ပေါ့လျော့ စွာ အသုံးပြုသူ(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ -၂၈၅နှင့် ၂၈၆)

မှတ်ချက်။ ယာဉ်တစ်စီးစီးသည် လမ်းပေါ်မှပျက်၍ လမ်းပိတ်ဆို့ နေလျှင် ဖယ်ရှားရာ၌ ကူညီရမည်။ မိုးချုပ်သည့်တိုင်အောင်မဖယ် ရှားနိုင်လျှင် ယာဉ်ပိုင်ရှင် သို့မဟုတ် အစောင့်အရှောက်ကို ၄င်းယာဉ်ပေါ်၌ မီးထွန်းထားစေရမည်။

၁၂၆၈။ ကင်းလှည့်သောအခါ မိမိအား ပေးအပ်ထားသောလက်နက်ကိုအမြဲကိုင်ဆောင်သွားရမည်။ ညအချိန် လက်နှိပ်ဓာတ်မီးကိုင်ဆောင်သောအခါ လူဆိုးများက ကင်းလှည့်ခြင်းကို မသိစေခြင်းငှာ အကြောင်းမရှိဘဲ မီးကိုမထိုးရ။ အကူအညီခေါ်ယူရန်အတွက် လေချွန်ခရာကို အမြဲယူဆောင်သွားရမည်။

၁၂၆၉။ ညဉ့်အခါကင်းလှည့်ရာတွင် လှည့်ကင်းအဖွဲ့မှ အိမ်လွတ်များနှင့် ဝင်းခြံများ ကိုဆောင့်ရှောက်ကြည့်ရှုရမည်။ မိမိတို့ကင်းလှည့်ခြင်းကို လူဆိုးများမသိစေရန်အတွက် တတ်နိုင်သမျှမှောင်ရိပ်ခိုၡ၍ နေရမည်။ တစ်လမ်းတည်းတွင် မလှည့်ဘဲ လမ်းပြောင်း၍ လှည့်လည်ကြည့်ရှုရမည်။ မိမိရောက်ရှိပြီးသော နေရာသို့ ရုတ်တရက်ပြန်၍ လှည့်ပတ်ကြည့်ရှုခြင်းအားဖြင့် သူခိုးနှင့်ပက်ပင်း တွေ့တတ်လေသည်။ မိုးလင်းခါနီးအချိန်တွင် သူခိုးများသည် ခိုးရာပါပစ္စည်းများဖြင့် ပြန်လာလေ့ရှိ၍ ထိုအချိန်တွင် ပိုမိုနီးကြားစွာစောင့်ကြည့်ရမည်။

၁၂၇၀။ လှည့်ကင်းအဖွဲ့ကို စစ်ဆေးသောအရာရှိများသည် ၎င်းတို့ရဲစခန်းမှ ထွက်သော အချိန်နာရီနှင့်ပြန်ရောက်သော အချိန်နာရီတို့ကို အရေးပေါ်နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ရမည်။ ရဲစခန်းမှူးသည် လှည့်ကင်းများကို ရုပ်ကွက်ပေါင်းမည်မျှ၊ မည်သည့်နေ့ရက် အချိန်နာရီများတွင် စစ်ဆေးကြည့်ရှုခဲ့ကြောင်း၊ စာရင်းမှတ်တမ်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးထံ နေ့စဉ်တင်ပြ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ခရိုင်ရဲတပ်ဖွဲ့မှူး ထံ အပတ်စဉ်တင်ပြရမည်။

## အချုပ်ထောင်များ

၁၂၇၁။ အချုပ်ထောင်ရှိသော မြို့ကြီးများတွင် ညဉ့်အခါ စောင့်ချုပ်ထားခြင်း၊ သို့မဟုတ် အထူးအကြောင်းရှိသောအခါများတွင် ချုပ်ထားခြင်းမှတစ်ပါး အချုပ်သားတို့ကို ရဲစခန်းများ၌ ချုပ်ထားခြင်းမပြုရ။ မည်သည့်အချုပ်သားကိုမဆို ရဲကင်းများတွင် မည်သည့်အခါမျှ ချုပ်ထားခြင်းမရှိစေရ။

၁၂၇၂။ အချုပ်ထောင်များတွင် အောက်ပါမှတ်ပုံတင်စာရင်းစာအုပ်များကိုသာ ထားရန်လိုသည်–

(က) အရေးပေါ်နေ့စဉ်မှတ်တမ်း (ရဲစခန်းမှတ်ပုံတင်– ၄ )။

(ခ) ရဲတပ်ဖွဲ့တို့ဖမ်းဆီးရမိ၍ သိမ်းယူသည့်အရပ်ရပ်ပစ္စည်းများနှင့် အရှင်မပေါ်သည့် အရပ်ရပ်ပစ္စည်းမှတ်ပုံတင်စာရင်းစာအုပ် (ရဲစခန်းမှတ်ပုံတင် –၃၂)။

(ဂ) အချုပ်ထောင်မှတ်ပုံတင်စာရင်းစာအုပ်(ရဲစခန်းမှတ်ပုံတင် –၆)။

(ဃ) ဆေးရုံမှတ်ပုံတင်စာအုပ်။

(င) ရဲထောက်ပံ့ရေးဌာနမှ ထုတ်ပေးသော လက်နက်ခဲယမ်း ရဲထောင် ကိရိယာများနှင့် သောင်းပြောင်းပစ္စည်းစာရင်း {ရဲစခန်းမှတ်ပုံတင် (၁၁) နောက်ဆက်တွဲ(က)(ခ)(ဃ)(င)(စ)(ဆ)(ဇ)}။

(စ) ရဲထောက်ပံ့ရေးဌာနမှထုတ်ပေးသော ပစ္စည်းမဟုတ်သည့် အနီးရ သောင်းပြောင်းပစ္စည်း စာရင်း စာအုပ် {ရဲစခန်းမှတ်ပုံတင်(၁၂) နောက်ဆက်တွဲ(ဂ)}။

## အရပ်ရပ်ဆိုင်ရာစီမံချက်များနှင့်အလုပ်ဝတ္တရားများ

၁၂၇၄။ ဘာသာရေးဆိုင်ရာ ပွဲလမ်းများ သို့မဟုတ် အခြားအစုအဝေးကြီးများ ပြုလုပ်သည့်အခါများတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက ထုတ်ဆင့်သည့်အမိန့်များနှင့်အညီ လမ်းများတွင် ငြိမ်ဝပ်ပိပြားမှုရှိနေစေရန် ရဲတပ်ဖွဲ့ဝင်တို့ကို စုရုံး၍ ထားရမည်။ ၎င်းတို့၍ စုရုံးထားရှိရန်လိုအပ်ပါက လူစုလူဝေးနှင့်ကင်းလွတ်သည့် သင့်လျော်ရာနေရာများတွင် အရန်သင့်ထားရှိရမည်။

၁၂၇၅။ ရဲစခန်းမှူးနှင့် ဒုတိယရဲအုပ်ကပြစ်ဒဏ်ငွေထောက်ရာထူးကြီးမြင့် သူ့ရဲအရာရှိကပြစ်ဒဏ် တရားဥပဒေနှင့်ဆန့်ကျင်သောအစုအဝေးကို ဖျက်သိမ်းစေရန် ဆင့်ဆိုခွင့်ရသည့်အပြင် အနိုင်အထက်ဖျက်သိမ်းဖယ်ရှားရန် သင့်လျှင်လည်း အနိုင်အထက် ဖျက်သိမ်းခွင့် ဖယ်ရှားခွင့်ရသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၂၇ နှင့် ၁၂၈ ။

၁၂၇၆။ × × × × × × × × × × × × × × × × × × × × × × × ×။

# အခန်း (၄၃)

## ရထားရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ရမည့်အလုပ်ဝတ္တရားများ

### မှုခင်းစုံစမ်းစစ်ဆေးခြင်းနှင့်အခြားကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ခြင်း

၁၂၇၆။ ရထားရဲတပ်ဖွဲ့အရာရှိသည် မိမိ စုံစမ်းဖော်ထုတ်နေသော ပြစ်မှုများနှင့် ပတ်သက်၍ နယ်မြေခံရဲတပ်ဖွဲ့၏ နယ်မြေအတွင်း ဆောင်ရွက်ရန်ရှိပါက ရထားရဲတပ်ဖွဲ့မှအရာရှိသည် မိမိသွားလိုရာ နယ်မြေအတွင်း သွားရောက်စုံစမ်းနိုင်သည်။ ဤကဲ့သို့ သွားရောက်စုံစမ်းသည်နှင့်တစ်ပြိုင်နက် နယ်မြေခံရဲတပ်ဖွဲ့သို့အကြောင်းကြားရမည်။ နယ်မြေခံရဲတပ်ဖွဲ့ကလည်း တတ်စွမ်းသလောက် ဝိုင်းဝန်းကူညီဆောင်ရွက်ပြီးလျှင် ဆောင်ရွက်သည့်အကြောင်းများကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ တင်ပြရမည်။ ရထားရဲစခန်းပိုင်နယ်မြေအတွင်းသို့ နယ်မြေခံရဲတပ်ဖွဲ့မှ ဝင်ရောက်ထောက်လှမ်းရသည့်အခါတွင်လည်း ဤနည်းလမ်းအတိုင်းလိုက်နာရမည်။

၁၂၇၇။ တိုင်ကြားလာသောပြစ်မှုမှာ "အရေးကြီးသောပြစ်မှုကြီး" များဖြစ်လျှင် ထိုအရေးကြီးသော ပြစ်မှုကြီးဖြစ်ပွားကြောင်း။ ပထမသတင်းပေးအစီရင်ခံစာ (တိုင်ချက်) မိတ္တူတို့ကို သက်ဆိုင်ရာ ရထားရဲတာဝန်ခံအရာရှိက အောက်ပါ ဌာနများသို့ ပေးပို့ရမည်။ ထို့နောက် မှုခင်းဖြစ်ပွားရာအရပ်သို့ ချက်ချင်းသွားရောက်ပြီးလျှင် စုံစမ်းစစ်ဆေးရမည်–

(က) ရထားရဲတပ်ဖွဲ့မှူးရုံး။

(ခ ) နယ်မြေခံရဲစခန်း။

၁၂၇၈။ ရထားရဲစခန်းမှူးသည် နယ်မြေခံ ရဲတပ်ဖွဲ့၏ အကူအညီလိုသောအခါ ပထမသတင်းပေးချက်မိတ္တူတစ်စောင်ကို သက်ဆိုင်ရာ နယ်မြေရဲစခန်းမှူးထံ ပေးပို့ အကူအညီတောင်းခံရမည်။ ၎င်းသတင်းပေးချက်မိတ္တူကိုရရှိသောအခါ နယ်မြေခံရဲစခန်းမှူးသည် ထိုစာများရရှိကြောင်းနှင့် အကူအညီပေးရန် မည်ကဲ့သို့စီစဉ်ထားရှိ

ကြောင်းများကို မိမိရဲစခန်းရှိ "အရပ်ရပ်နေ့စဉ်မှတ်တမ်း" တွင် မှတ်သားပြီး၊ ချက်ချင်းသွားရောက်၍ လိုအပ်သောအကူအညီများပေးရမည်။

၁၂၇၉။ (က) ခုတ်မောင်းနေသောမီးရထားတွင် ကျူးလွန်သောပြစ်မှုများနှင့် ၁၈၉၀ ခုနှစ်မီးရထားအက်ဥပဒေအရ ပြစ်မှုများမှတစ်ပါး ရထားလမ်းနယ်နိမိတ်အတွင်း ကျရောက်သော်လည်း၊ ရထားဘူတာရုံဝင်းမြေအပြင်ဘက်တွင် ကျူးလွန်သော အရေးယူနိုင်သည့်ပြစ်မှုများကို ဆိုင်ရာနယ်မြေခံရဲအဖွဲ့က ပထမသတင်းပေးတိုင်ချက်ရေးမှတ်၍ စုံစမ်းစစ်ဆေးရမည်။ (ဘူတာရုံဝင်းမြေဆိုသည်မှာ အပြင်ဘက်အကျဆုံးအလံတိုင် နှစ်ခုအကြားမြေအတွင်းရှိ နယ်မြေကိုဆိုလိုသည်)။

(ခ) ၎င်းအမှုနှင့်စပ်လျဉ်းသော ပထမသတင်းပေးတိုင်ချက်များကို ရထားရဲစခန်းသို့ဖြစ်စေ နယ်မြေခံရဲစခန်းသို့ဖြစ်စေ ဖြစ်ပွားရာ အရပ်နှင့်အနီးဆုံးဖြစ်သောရဲစခန်းသို့ ဦးစွာချက်ချင်းတိုင်ကြားရမည်။

(ဂ) ရထားရဲစခန်းတွင် ဦးစွာတိုင်ကြားသည့်အခါ ပထမသတင်းပေးတိုင်ချက်ကို ရေးမှတ်ယူရမည်။ ရထားရဲစခန်းမှူးသည် ပထမသတင်းပေးတိုင်ချက်မိတ္တူတစ်စောင်ကို ဆိုင်ရာနယ်မြေခံရဲစခန်းသို့ပေးပို့ပြီးနောက် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ စတင်စုံစမ်းစစ်ဆေးရမည်။အခင်းဖြစ်ပွားရာအရပ်သို့ သက်ဆိုင်ရာ နယ်မြေခံရဲအရာရှိ ရောက်ရှိလာသည့်တိုင်အောင် ဆက်လက်စုံစမ်းစစ်ဆေးရမည်။ ဤကဲ့သို့ရောက်ရှိလာသည့်အခါ ရထားရဲအရာရှိက ၎င်းအမှုကို နယ်မြေခံရဲအရာရှိသို့ လွှဲအပ်ရမည်။ ထို့နောက်မိမိရဲစခန်းသို့ပြန်လည်ရောက်ရှိသောအခါ ၎င်းအမှုကို သက်ဆိုင်ရာနယ်မြေခံရဲစခန်းသို့ လွှဲပြောင်းပေးပို့ရမည်။ နယ်မြေခံရဲစခန်းမှူးက ရထားရဲစခန်းမှ ပထမသတင်းပေးတိုင်ချက်ကိုရရှိသောအခါ ၎င်းပြစ်မှုကို မှတ်ပုံတင်ရေးသွင်းပြီးလျှင် စုံစမ်းစစ်ဆေးရန်အလို့ငှာ အခင်းဖြစ်ပွားရာအရပ်သို့ ချက်ချင်းသွားရောက်ရမည်။

(ဃ) နယ်မြေခံရဲစခန်းတွင် ဦးစွာတိုင်ကြားသည့်အခါ ဗိုင်းနယ်မြေခံရဲအရာရှိက ရထားရဲတပ်ဖွဲ့တို့၏ အကူအညီကို အလိုရှိလျှင် တိုင်ချက်ဖွင့်လှစ်ဆောင်ကိုပေးပို့ပြီး မည်ကဲ့သို့ကူညီစေလိုကြောင်း ပြောကြားရမည်။ ထိုသို့ပြောကြားသောအခါ ရထားရဲစခန်းမှူးသည်ကူညီဆောင်ရွက်ရန် ချက်ချင်းသွားရောက်ရမည်။ နယ်မြေခံရဲတပ်ဖွဲ့ကိုမည်သို့ ကူညီဆောင်ရွက်သည်ကို ဖော်ပြသည့် မှတ်ချက်ကို ရထားရဲစခန်း "အရေးပါသည့်နေ့စဉ်မှတ်တမ်း"တွင် ရေးမှတ်ထားရမည်။

၁၂၈၀။ အခင်းဖြစ်ပွားသော အရပ်ဒေသသည်မည်သူ၏ ပိုင်နက်နယ်မြေအတွင်း၌ ရှိသည်ဟု အငြင်းပွားဖွယ်ရာရှိနေပါက အထက်ဌာန၏ အတည်ပြုချက်မရရှိသေးမီ ရထားရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့သည် တစ်ဦးနှင့်တစ်ဦးကူညီ၍ ပူးပေါင်းစုံစမ်းစစ်ဆေးခြင်းပြုရမည်။ နယ်မြေခံရဲစခန်းတွင်ဖြစ်စေ၊ ရထားရဲစခန်းတွင်ဖြစ်စေ "ပထမသတင်းပေးတိုင်ချက်"ကို ရေးဖွင့်လျှင် အခင်းဖြစ်ပွားသောအရပ်ဒေသကို မည်သူနှင့်သက်ဆိုင်ကြောင်း အတည်ပြုချက်မရမီ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်သော ရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်တို့သည် အထူးအလေးထား၍ အမှုကိုလက်ခံပြီး စုံစမ်းစစ်ဆေးရမည်။ နယ်မြေခံရဲအဖွဲ့က အမှုတစ်ခုကို စုံစမ်းစစ်ဆေးရမည်ဟု အငြင်းပွားဖွယ်ရာရှိလာပါက အထက်ဌာနအဆင့်ဆင့်သို့ တင်ပြပြီး အဆုံးအဖြတ်ခံယူရမည်။

၁၂၈၁။ နယ်မြေခံရဲတပ်ဖွဲ့နှင့် ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိမိတို့အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ပူးပေါင်းကူညီ ဆောင်ရွက်ကြရမည်။

၁၂၈၂။ ယခုနည်းလမ်းများအရ ရထားရဲအရာရှိတို့သည် မိမိတို့မှတ်ပုံတင်စာရင်းတင်သွင်း၍ စုံစမ်းစစ်ဆေးရမည့်ပြစ်မှုများကို စုံစမ်းစစ်ဆေးသောအမှုနှင့်ပတ်သက်၍ အကူအညီလိုအပ်ပါက နယ်မြေခံရဲတပ်ဖွဲ့ကို ကူညီဆောင်ရွက်ပေးရန်တောင်းဆိုရမည်။ ထိုအခါနယ်မြေခံရဲစခန်းမှူးသည်ကိုယ်တိုင်ကူညီဆောင်ရွက်ရမည်။ အကယ်၍ အခြားအလုပ်ဝတ္တရားများဆောင်ရွက်ရန်ရှိနေလျှင် မိမိကိုယ်စားအခြားသင့်လျော်သည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို စေလွှတ်ရမည်။ နယ်မြေခံရဲစခန်းမှူးကအကူအညီတောင်းခဲ့လျှင်လည်း ရထားရဲတပ်ဖွဲ့က အလျှင်းသင့်သလို (see note) 

၁၂၈၃။ ခုတ်မောင်းနေသည့် ရထားများပေါ်တွင်ဖြစ်ပွားသော ခိုးမှုများကို ၄င်းခိုးမှု အကြောင်းတွေ့ရှိရသည့် နယ်ကို စီရင်ပိုင်ခွင့်ရှိသော ရထားရဲစခန်းတွင်တိုင်ကြား၍ စုံစမ်းစစ်ဆေးရမည်။ ခိုးရာပါပစ္စည်းပုံသဏ္ဌာန် အကြောင်းအရာစာရင်းနှင့်တကွ "ပထမသတင်းပေးတိုင်ချက်" မိတ္တူတစ်စောင်ကို ၄င်းခိုးမှုစတင်ဖြစ်ပွားခဲ့သည့် နယ်မြေရဲစခန်းသို့ ပေးပို့ရမည်။ ဤကဲ့သို့ဖြစ်ပွားရာနေရာကို မသိနိုင်ခဲ့လျှင် ခိုးယူရောင်းချခြင်းရှိသည့်ရထားတွဲ သို့မဟုတ် ပျောက်ဆုံးသည့်ပစ္စည်းများ သည်" မပျက်မယွင်း လက်ရာမပျက်ရှိနေကြောင်း နောက်ဆုံးသိသောအချိန်နှင့် ခိုးမှု ဖြစ်ပွားကြောင်း သိရှိသောအချိန်အခါ စပ်ကြားတွင် ၄င်းရထားဖြတ်သန်းသွားလာရာ နယ်မြေတစ်လျှောက် နယ်မြေရဲစခန်းများသို့ ပေးပို့ရမည်။ ၄င်းသတင်းပေးတိုင်ချက် ကိုလက်ခံရရှိသောအခါ ရဲစခန်းများတို့သည် ၄င်းဖြစ်မှုအကြောင်းအရာ ကို "အချုပ်ချုပ် နေ့စဉ်မှတ်တမ်း" တွင် အကျဉ်းရေးမှတ်ပြီးနောက် ခိုးမှုဖြစ်ပွားခြင်းမှာ ညဥ့်အခါ ဖြစ်ခဲ့လျှင် ထိုညဥ့်တွင် မည်သည့်လူဆိုးများ ၄င်းတို့နေထိုင်ရာအရပ်ဒေသများမှ ထွက်ခွာ လှုပ်ရှားနေကြကြောင်း သိရှိအောင်ကြိုးစားစုံစမ်းရမည်။ ရထားတွင်ခိုးယူ လေ့ရှိသည်ဟု သင်္ကာဖွယ်ရာရှိသူတို့၏ နေအိမ်များတွင် ခိုးရာပါပစ္စည်းများကို တက်ရောက် ရှာဖွေရမည်ဖြင့် ရထားရဲတပ်ဖွဲ့အား လိုအပ်သည့်အကူအညီပေး ရမည်။

၁၂၈၄။ နယ်မြေရဲတပ်ဖွဲ့ဝင်တို့သည် ရထားရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေသော အမှုများနှင့်ပတ်သက်၍ ရရှိသည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာ ရထားရဲတပ်ဖွဲ့ဝင်တို့ထံ ချက်ချင်းအကြောင်းကြားရမည်။ ဖမ်းဆီးရမိသည့်ပစ္စည်း များနှင့် တရားခံများကို ရထားရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးရမည်။ ရထားရဲတပ်ဖွဲ့ဝင် တို့ကလည်း နယ်မြေရဲတပ်ဖွဲ့နှင့် သက်ဆိုင်သည့်ကိစ္စများကို အလားတူ ဆောင်ရွက်ရမည်။

၁၂၈၅။ တာဝန်ထမ်းဆောင်နေသော မီးရထားဝန်ထမ်းတစ်ဦးကို ဖမ်းဆီးလိုသော် ချက်ချင်းဖမ်းဆီးသည့်အတွက် ၄င်း၏လုပ်ငန်းတာဝန်များကို ထိခိုက်နိုင်ခြင်းရှိ/မရှိ၊ အခြားသော ဘေးအန္တရာယ်များ ကျရောက်နိုင်ခြင်းရှိ/မရှိကို ရဲတပ်ဖွဲ့ဝင်တို့သည် စဉ်းစားဆင်ခြင်ရမည်။ မီးရထားဝန်ထမ်းတစ်ဦးကို ဝရမ်းနှင့်ဖြစ်စေ၊ ဖြစ်မှုနှင့်ဖြစ်စေ ဖမ်းဆီးလိုပါက ရဲတပ်ဖွဲ့ဝင်တို့သည် အနီးဆုံးမီးရထားရုံပိုင် သို့မဟုတ် သက်ဆိုင်ရာ အရာရှိထံသို့ အကြောင်းကြားရမည်။ မီးရထားရုံပိုင် သို့မဟုတ်

သက်ဆိုင်ရာ တာဝန်ခံအရာရှိသည် ဖမ်းဆီးခံရမည့်သူအား ချက်ချင်းလူစားလဲလှယ်ပေးရန် တာဝန်ရှိသည်။

၁၂၈၆။ ဖမ်းဆီးခံရမည့်သူ၏ နေရာတွင် လူစားလဲလှယ်ခွင့်ကို မီးရထားရုံပိုင် သို့မဟုတ် သက်ဆိုင်ရာတာဝန်ခံ အရာရှိက ၎င်း၏အထက်ဌာနများသို့ အမြန်ဆုံးအမိန့်တောင်းခံရမည်။ ၎င်းအမိန့်ရရှိပါက ဆိုင်ရာရဲအရာရှိထံ အကြောင်းကြားရမည် ။ ဤကဲ့သို့အမိန့်ခံယူနေစဉ် ဖမ်းဆီးခံရမည့်သူတို့ ထွက်ပြေးတိမ်းရှောင်ခြင်း မပြုနိုင်ရန် ရဲတပ်ဖွဲ့ဝင်တို့သည် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။ သို့ရာတွင် လူသတ်မှု၊ လူကိုသတ်ရန်ကြံစည်အားထုတ်မှု၊ လူသေမှု၊ လုယက်မှု၊ ဓားပြတိုက်မှု၊ အိမ်ဖောက်ထွင်းမှု စသည့်အမှုကြီးများကို ကျူးလွန်ခဲ့သဖြင့် ချက်ချင်းဖမ်းဆီးရန် လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်တို့သည် ချက်ချင်းဖမ်းဆီးရမည်။ သို့ရာတွင် ၎င်း၏ အလုပ်ဝတ္တရားများ မပျက်ကွက်စေရန် ၎င်းအား အမြဲလိုက်ပါစောင့်ကြပ်နေရမည်။ ထိုကဲ့သို့ အလုပ်ဝတ္တရားဆောင်ရွက်နေသော မီးရထားဝန်ထမ်းတစ်ဦးကို ဖမ်းဆီးသည့်အခါတိုင်းတွင် ၎င်း၏အလုပ်ဝတ္တရားနှင့်ပတ်သက်၍ စီစဉ်နိုင်ရန်အလို့ငှာ ၎င်း၏ သက်ဆိုင်ရာတာဝန်ခံအရာရှိထံ ချက်ချင်းအကြောင်းကြားရမည်။

၁၂၈၇။ မီးရထားပြစ်မှုများ။ မီးရထားသွားလာခြင်းကို အနှောင့်အယှက်ဖြစ်စေသည့်အကြောင်းကိစ္စတစ်ခု ဖြစ်ပွားကြောင်းကြားသိရသောအခါ အခင်းဖြစ်ပွားသည့်နေရာသို့ ချက်ချင်းသွားရောက်၍ မည်ကဲ့သို့ဆောင်ရွက်လျက်ရှိသည်ကို ကြည့်ရှုရမည်။ မီးရထားဘက်ဆိုင်ရာရထားရဲအရာရှိများရောက်ရှိပြီးဖြစ်လျှင် အမှုစစ်ဆေးခြင်းကို ရထားရဲအရာရှိများက ဆောင်ရွက်လိမ့်မည်။ သို့သော် ရထားရဲအရာရှိများ မရောက်ရှိသေးလျှင် နယ်မြေခံရဲတပ်ဖွဲ့သည် ပြစ်မှုနှင့်ပတ်သက်သူ မည်သူမျှ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုနိုင်စေရန်နှင့် ဒုက္ခသည်များအား လိုအပ်သောအကူအညီပေးရန်ဆောင်ရွက်ရမည်။ မီးရထားဘက်ဆိုင်ရာအရာရှိက တောင်းဆိုခဲ့သော် မီးရထားအက်ဥပဒေပုဒ်မ ၁၃၁ ၊ ၁၃၂ အရ ဖမ်းဆီးသင့်သူများကို ဖမ်းဆီးရမည်။

**အရေးကြီးသောပြစ်မှုကြီးများဖြစ်ပွားသည့်အခါ ရထားရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း**

၁၂၈၈။ (က) မီးရထားလမ်းအနီးအနားတွင်ဓားပြတိုက်မှု၊ သို့မဟုတ်လုယက်မှု တစ်ခုတစ်ရာဖြစ်ပွားသည့်အခါ ဖြစ်ပွားရာအရပ်ကို အုပ်ချုပ်ရသည့်

ရှာလျှကြီးသည် ဤကဲ့သို့ဖြစ်ပွားကြောင်းကို နီးရာမီးရထားဘူတာရုံနှင့်ရဲစခန်းသို့ ပေးပို့ရမည်။ထိုအခါ အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(၁) ဤသတင်းကို ရရှိသောအခါ နယ်မြေခံရဲစခန်းမှူးသည်နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ မီးရထားလမ်းတစ်လျှောက် အထက်အောက်နှစ်ဖက်လုံးရှိ အနီးဆုံးဖြစ်သောရထားရဲတပ်ဖွဲ့များနယ်မြေခံရဲစခန်းများနှင့် အထက်ဌာနများသို့အမြန်ဆုံး အကြောင်းကြားရမည်။

(၂) ဤသတင်းများ လက်ခံရရှိသော မီးရထားဘူတာရုံပိုင်သည် ရထားရဲတပ်ဖွဲ့နှင့်နယ်မြေခံရဲတပ်ဖွဲ့သို့ ချက်ချင်းဆက်လက် အကြောင်းကြားရမည်။

(၃) ရထားရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့များကသည် မီးရထားဘူတာရုံများတွင် ရှိသောသတင်းများကို ဆက်လက် အကြောင်းကြားရန်အတွက် ရထားရဲစခန်းများ နယ်မြေခံရဲစခန်းများ ရဲကင်းများကို ဖော်ပြထားသည့် စာရင်းတစ်စောင်ကို ရထားရဲ သို့မဟုတ်နယ်မြေခံရဲစခန်းမှူးက သက်ဆိုင်ရာ မီးရထားရုံပိုင်များသို့ အကြောင်းကြား ထားရမည်။

(၄) ရထားရဲ သို့မဟုတ်နယ်မြေခံရဲတို့သည် ဤသတင်းစကားမျိုးကိုလက်ခံရရှိသည့်အခါ ဖြစ်မှုကျူးလွန်ရာ နယ်မြေမှ ဆိုက်ရောက်လာသော မီးရထားများတွင် စီးနင်းလိုက်ပါလာသော မသင်္ကာသူတို့ကိုသတိနှင့် စောင့်ကြည့်ရမည်ဟု ရဲတပ်ဖွဲ့ ဝင်များနှင့်ရထား ဘူတာရုံအစောင့်ကျသည့် အမှုထမ်းတို့ကိုပြောကြားထားရမည်။ ထို့ပြင်ရထားပေါ်တွင် လုံခြုံရေးဆောင် ရွက်ရန်လိုက်ပါနေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ခရီးသွားလာ နေသည့်ရဲတပ်ဖွဲ့ဝင်တို့အား ကြားဘူတာရုံ များတွင်ဆိုက်ရောက်စဉ် မသင်္ကာသူတို့၏

အဆောင်၊ အဆောက်အအုံများကို စောင့်ကြပ်ကြည့် ရှုကြရန် သတိပေးထားရမည်။

(၅) ၎င်းသတင်းစကားကို ရှေးဦးစွာရရှိသောအရာရှိသည် ဆိုခဲ့သည့်အတိုင်း အနီးဆုံးရဲစခန်းသို့မဟုတ် ရဲကင်းများသို့ သတင်းပေးရမည့်ပြင် ကြားမီးရထားဘူတာရုံများဆိုင်ရာ ရုံပိုင်တို့ကို ဘူတာရုံတွင် အစောင့်တာဝန်ကျသည့် အမှုထမ်းတို့အား မီးရထားစီးနင်းလိုက်ပါသော မသင်္ကာသူတို့ကို စောင့်ကြပ်ကြည့်ရှုရမည့် အကြောင်းပြောကြားရန် ဆိုရုံပိုင်တို့ကိုမှာကြားရမည်။

(၆) ကြားမီးရထားဘူတာရုံတစ်ခုတွင် စောင့်ကြပ်လျက်ရှိသူ အမှုထမ်းတစ်ယောက်သည် မသင်္ကာရန်ရှိသူတစ်ဦးတစ်ယောက် မီးရထားသို့တက်သည်ကို မြင်ရလျှင် ၎င်းအမှုထမ်းသည် မီးရထားပေါ်ရှေ့ရှုသွားရာ လမ်းတစ်လျှောက်တွင်ရှိသည့် မီးရထားဆိုင်ရာ သို့မဟုတ် အနီးဆုံးရဲစခန်းသို့မဟုတ် ရဲကင်းများသို့ အမြန်ဆုံးအကြောင်းကြားရမည်။

(၇) ၎င်းသတင်းမိရရှိသည့်အခါ သက်ဆိုင်ရာရဲစခန်းမှူး ရထားရဲစခန်းမှူး၊ ရဲကင်းမှူးတို့ကၔင်းသင်္ကာမကင်းရန်ရှိသူတို့စီးနင်းလိုက်ပါလာသောမီးရထားဆိုက်ရောက်လျှင် ၎င်းမီးရထားသို့သွားရောက်ရန် စီစဉ်ရမည့်ပြင် ၎င်းသူတို့သည် ဖြစ်ပွားသည့်အမှုကို ကျူးလွန်ရာပါဝင်နိုင်မည့်လက္ခဏာရှိ/မရှိ သိသာအောင် ၎င်းလူတို့ကို စစ်ဆေးခြင်းအားဖြင့် စုံစမ်းရမည်။သို့စုံစမ်းရာသင်္ကာမကင်းလောက်သောအကြောင်း ပေါ်ပေါက်လျှင်၎င်းအရာရှိသည် ၎င်းသူတို့ကိုဖမ်းဆီးပြီး လျှင်ရှေ့သို့ဆက်လက်စစ်ဆေးမေးမြန်းရန် ချုပ်နှောင်ထားရမည်။ ၎င်းသူတို့ပိုင်ပစ္စည်းများတွင်လည်းခိုးရာပါပစ္စည်းများပါ/မပါ ရှာဖွေရမည်။

(င) ယာဉ်စည်းကမ်းများကို လိုက်နာ၍ ဖြစ်မှုကြီးတစ်ခုတစ်ရာကို ပေါ်ပေါက်အောင် ဆောင်ရွက်သူရဲတပ်ဖွဲ့ဝင်များနှင့် မီးရထားအမှုထမ်းများအားရဲချုပ်က ဆုချီးမြှင့်လိမ့်မည်။

(စ) မီးရထားဆိုင်ရာအမှုများနှင့်ဆိုင်ရာတွင် ရထားရဲတပ်ဖွဲ့နှင့်နယ်မြေခံရဲတပ်ဖွဲ့တို့ပူးပေါင်းညီညာစွာဆောင်ရွက်ခြင်း။ ရထားရဲတပ်ဖွဲ့ဆိုင်ရာအမှုများ စွဲဆိုရာတွင် မြို့နယ်/ခရိုင် မှုခင်းမှတ်တမ်းအဖွဲ့တို့က တာဝန်ယူဆောင်ရွက် ရမည်ဖြစ်ပြီး၊ ၎င်းဆက်သွယ်မှုနှင့်စပ်လျဉ်း၍ မြို့နယ်/ခရိုင်ရဲတပ်ဖွဲ့နှင့် ရထားရဲတပ်ဖွဲ့တို့သည် ပူးပေါင်းညီညာစွာရှိစေရမည်။ ရထားရဲတပ်ဖွဲ့တပ်ခွဲမှူးသို့မဟုတ်ရထားရဲတပ်ဖွဲ့စခန်းမှူးတို့ကငင်းတို့ကိုယ်တိုင် အမှုနှင့်ပတ်သက်၍ ထုတ်ဆင့်သောအမိန့်နှင့် ညွှန်ကြားချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး မှတစ်ဆင့် မြို့နယ်မှုခင်းမှတ်တမ်းအဖွဲ့သို့ပေးပို့ရမည်။မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ရထားရဲတပ်ဖွဲ့မှ အမိန့်နှင့်ညွှန်ကြားချက်များကိုခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပြရမည်။အရေးကြီးဖြစ်ပေါ်လာသောကိစ္စများတွင်မူကား ရထားရဲတပ်ဖွဲ့မှူး၏သဘောတူညီချက်ရယူ၍ ရထားရဲတပ်ဖွဲ့ ဆိုင်ရာအမှုများ၏ စွဲတင်ခြင်း၊ ရုပ်သိမ်းခြင်းတို့ကို ခရိုင်ရဲတပ်ဖွဲ့မှူးက မှုခင်းမှတ်တမ်းအဖွဲ့သို့ ညွှန်ကြားနိုင်ပြီး၊ မိတ္တူကို ရထားရဲတပ်ဖွဲ့မှူးထံ သိသာရန်ပေးပို့ရမည်။

## အခန်း(၄၄)

### ခရိုင်ရဲတပ်ဖွဲ့နှင့်မှုခင်းတပ်ဖွဲ့အကြောင်း

၁၂၈၉။ မှုခင်းတပ်ဖွဲ့(C.I.D)က အောက်ဖော်ပြပါဖြစ်မှုမျိုးတို့ကိုသာ စုံစမ်းဆောင်ရွက်ခြင်းပြုရမည်-

(က) အဆိပ်ဆေးနှင့်အဆိပ်များ အသုံးပြု၍ဖြစ်ပွားသည့် လူသတ်မှု၊ သို့မဟုတ် အခြားကြီးလေးသောဖြစ်မှု တစ်ခုတစ်ရာ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ဝေသော ငွေစက္ကူဖြစ်စေ ကတိလက်မှတ်ပါသော စာချုပ်စက္ကူများကိုဖြစ်စေ တုပလိမ်လည်ပြုလုပ်မှုများ။

(ဂ) အထူးသဖြင့် ဒဂါးလိမ်လုပ်ရာတွင်၊ တံဆိပ်တုံးများအသုံးပြုသည့် အရေးကြီးသောအမှုများ ယင်းအမှုများမှာ ဒင်္ဂါးလိမ်လုပ်ခြင်း နှင့် ဒင်္ဂါးလိမ်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာရှိခြင်း များပါဝင်သည်။ ငွေစက္ကူတုတ်ဝေလျက်ရှိနေသော ဒင်္ဂါးအတု အပ်များ ပေါ်ပေါက်နေခြင်းများကိုလည်း စုံစမ်းခြင်းပြုရမည်။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရပိုင် လက်နက်ခဲယမ်း မီးကျောက်ခိုးမှုများနှင့်အရပ်ရပ်လက်နက်ခဲယမ်း မီးကျောက်များကို တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများ။

(င) သော့သွမ်းညစ်ညမ်းသော ကြော်ငြာချက်နှင့် ဓါတ်ပုံများကို ရောင်းဝယ် ဖောက်ကားမှုများ။

(စ) အရေးကြီး၍ ခရိုင်ရဲတပ်ဖွဲ့မှူးကသော်လည်းကောင်း၊ ပြည်နယ်/ တိုင်းရဲတပ်ဖွဲ့မှူးကသော်လည်းကောင်း မှုခင်းတပ်ဖွဲ့သို့အကူအညီ တောင်းဆိုသောအမှုများ သို့မဟုတ် ရဲချုပ်မှတာဝန်ပေးသောအမှု များ။

(ဆ) စာတိုက်တွင် မှတ်ပုံတင်ပြုလုပ်၍သော်လည်းကောင်း၊ အပေါင် အာမခံပြုလုပ်၍သော်လည်းကောင်း၊မေးလို့သောရေးစာများဖြစ်စေ၊ အထုပ်ဖြစ်စေ၊ တင်ဆောင်ယူသွားရာ၌ပျောက်ဆုံး၍ အထူးစုံစမ်း ရန်လိုသော အရေးကြီးသည့်အမှုများ။

(ဇ) ခရိုင်ရဲတပ်ဖွဲ့မှူးက မှုခင်းတပ်ဖွဲ့အကူအညီကို အလိုရှိသည်ဟု ထင်သောစီးရီးမှုနှင့်စီးအာမခံလုပ်ငန်းများကိုလိမ်လည်ရန်ကြံစည် သောအမှုများ။

(ဈ) အများပြည်သူတို့ကို လိမ်လည်ရန်အကြံအစည်နှင့် မဟုတ်မမှန် သောကုမ္ပဏီများဖွင့်သောအမှုများ။

(ည) လိမ်လည်စွဲဆိုသော တရားမမှုများ။

(ဋ) နိုင်ငံရေးနှင့်ပတ်သက်သောအမှုများ။

၁၂၉၀။ ဆိုခဲ့သည့်အပိုဒ်တွင်ဖော်ပြပါရှိသည့် အမှုမျိုးများအပြင် အရေးကြီးသော နိုင်ငံရေးနှင့်စပ်လျဉ်းသည့်အမှု၊ အဖွဲ့အစည်း၏ တည်ကြည်ဖြောင့်မတ်သော ဂုဏ်သတင်းကိုထိခိုက်သံသယဖြစ်စေသည့် အမှုမျိုးနှင့် အထူးကျွမ်းကျင်သော ပညာရပ်ဆိုင်ရာ လိုအပ်သည့်အမှုမျိုးများကိုလည်း မှုခင်းတပ်ဖွဲ့က ဆောင်ရွက်ရမည်။ ဘာသာစကားအမျိုးမျိုးကို အထူးတတ်ကျွမ်းရန်လိုသော အမှုမျိုးများ၌လည်း ကူညီရမည်။ ခရိုင်ရဲတပ်ဖွဲ့များသည် ထိုကဲ့သို့သောအမှုမျိုးများ၌ အကူအညီကိုအလိုရှိလျှင်၊ ၎င်းက အမှုအကြောင်းအရာနှင့် အကြောင်းကြားတောင်းဆိုရမည်။ မှုခင်းတပ်ဖွဲ့ကို ခေါ်ယူရာ၌ အချိန်မကြန့်ကြာရန်မှာ အရေးကြီးလေသည်။

၁၂၉၁။ တရားရုံးများမှ ဧရိယာကျော်လေသော အချိန်အသည့် နေထိုင်သဖြင့် အမှုများကို ပြင်ဆိုင်ရေးပခြင်းမှာ၊ အလွယ်တကူ မစွမ်းနိုင်သော တရားခံများအပေါ်၌ လိမ်လည်ကောက်ကျစ်၍ မရိုးမဖြောင့်သော သဘောနှင့် စွဲဆိုသည့် တရားမှုများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၏ခွင့်ပြုချက်အရ မှုခင်းတပ်ဖွဲ့က စုံထောက်ခွင့်ရှိသည်။

၁၂၉၂။ မှတ်ပုံတင်၊ သို့မဟုတ် အာမခံပြုလုပ်ထားသောစာများ သို့မဟုတ် ပါဆယ်ထုပ်များကို (မီးရထားဖြင့်ဖြစ်စေ၊ သမုဒ္ဒရာ ဝင်လယ်သွား မြစ်ကြောင်းသွားရေယာဉ်ဖြင့်ဖြစ်စေ၊ လေယာဉ်ပျံဖြင့်ဖြစ်စေ) ယူဆောင်သွားရာလမ်းခရီးတွင် ပျောက်ဆုံးခြင်းသို့မဟုတ် ခိုးယူ၍ပျောက်ဆုံးခြင်းဖြစ်ရသောအမှုများတွင် ပျောက်ဆုံးသော နေရာအသေအချာ မသိသည်ဖြစ်၍ ဆက်စပ်ခရိုင်များနှင့် နိုင်ငံခြားများတွင် သွားရောက် စုံစမ်းထောက်လှမ်းရန် လိုသည်ဖြစ်သောကြောင့် မှုခင်းတပ်ဖွဲ့က စုံထောက်ရမည်။ မြို့ရွာဆိုင်ရာ အရပ်ဒေသတွင် ဖြစ်ပွားသည်ဟု ထင်ရှားတွေ့ရှိသော စာတိုက်ဘက်ဆိုင်ရာ အမှုများတို့၊ ထိုမြို့ရွာတွင်ရှိသော နယ်မြေခံရဲတပ်ဖွဲ့တို့က စုံထောက်ရမည်။ ဝေးကွာသော အရပ်ဒေသနှင့် သွားရောက်ရန်လမ်းမပေါက်သောအရပ်တွင် ဖြစ်ပွားသောအမှုများကိုလည်း ဆိုင်ရာအရပ်ဒေသရှိ နယ်မြေက စုံစမ်းလျှင် သာ၍ ထူးခြားမည်ဟု ထင်မြင်က ၎င်းတို့ကပင် ဆောင်ရွက်ရမည်။ ထိုအမှုများကို အချင်းဖြစ်ပွားရာအရပ်ရဲစခန်းတွင်ဖြစ်စေ၊ ရထားရဲတပ်ဖွဲ့တွင်ဖြစ်စေ သင့်လျော်ရာရဲစခန်းတွင် "ပထမသတင်းပေးတိုင်ချက်" ရေးဖွင့်ရမည်။ ရဲစခန်းမှူးသည် အမှုလက်ခံရရှိသည်နှင့်တစ်ပြိုင်နက်စ၍ ချက်ချင်းစုံထောက်ရမည်။

စုံထောက် စစ်ဆေးသည်နှင့်တစ်ပြိုင်နက် မှုခင်းတပ်ဖွဲ့မှ လာရောက်စစ်ဆေးရန် မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် အထက်ဌာနများသို့ လိုအပ်ပါက ပေးပို့ရမည်။

၁၂၉၃။ မြို့နယ်ရဲတပ်ဖွဲ့မှူးတစ်ဦးဦး သို့မဟုတ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး တစ်ဦးဦးသည် မိမိတို့ရရှိသော သတင်းတစ်စုံတစ်ရာကို ခရိုင်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးထံသို့ ကြန့်ကြာခြင်းမရှိစေဘဲ အမြန်တင်ပြရမည်။ ၎င်းအစီရင်ခံစာမိတ္တူတစ်စောင်ကိုလည်း ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ပေးပို့ရမည်။

၁၂၉၄။ နိုင်ငံရေးနှင့်သက်ဆိုင်သောအမှုများ သို့မဟုတ် အခြားအရေးကြီးသော အမှုများစုံထောက်ရာ၌ နယ်မြေခံရဲတပ်ဖွဲ့အားကူညီရန်မှာ မှုခင်းတပ်ဖွဲ့နှင့် သတင်း တပ်ဖွဲ့တို့၏ဝတ္တရားဖြစ်သည်။

၁၂၉၅။ မှုခင်းတပ်ဖွဲ့၌ စုံစမ်းစစ်ဆေးရေးဌာန ဖွဲ့စည်းထားခြင်းကြောင့် ပြစ်မှုစုံထောက်ခြင်း၊ ပြစ်မှုပေါ်ပေါက်အောင်စစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းများနှင့် စပ်လျဉ်းသည့်အကြောင်းအရာ အရှုပ်ရှပ်အတွက် အရေးကြီးသော အမှုများကို မှုခင်း တပ်ဖွဲ့မှ ဝင်ရောက်စစ်ဆေးခြင်းကြောင့် နယ်မြေခံရဲတပ်ဖွဲ့များတွင် တာဝန် ကင်းလွတ်ပြီဟူ၍ မမှတ်ယူသင့်ပေ။

၁၂၉၆။ (က) အမှုစုံစမ်းရန်တာဝန်နှင့်စေလွှတ်ထားသော မှုခင်းတပ်ဖွဲ့၊ စုံစမ်း စစ်ဆေးရေးဌာနခွဲမှအရာရှိများ၏အမှုနေ့စဉ်မှတ်တမ်းနှင့်အစီရင် ခံစာများကိုတင်သွင်းရမည်။ ရဲစခန်း၌ ပထမသတင်းပေးချက် ရေးမှတ်ပြီးနောက် မှုခင်းတပ်ဖွဲ့၏အကူအညီကို တောင်းခံခြင်းဖြစ် လျှင် မှုခင်းတပ်ဖွဲ့မှအရာရှိမှာ အောက်ဖော်ပြထားသည့်အတိုင်း အမှုနေ့စဉ်မှတ်တမ်းများကို ရေးသားရမည်-

(၁) ပြည်နယ်/တိုင်းရဲတပ်ဖွဲ့ကအကူအညီတောင်းခံသည့်အမှု များဖြစ်လျှင် ၄ စောင်-

(ကက) တစ်စောင်ကိုစုံထောက်အရာရှိက ထိန်းသိမ်းထား ပြီး နောက်ဆုံး၌ ရဲစခန်းတွင် ဗိုင်တွဲထားရမည်။

(ခခ) တစ်စောင်ကိုမှုခင်းတပ်ဖွဲ့ စုံစမ်းစစ်ဆေးရေးဌာန သို့ပေးပို့ရမည်။

(ဂဂ) တစ်စောင်ကို ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးရုံးတွင် ပိုင်တွဲထားရန်ပေးပို့ရမည်။

(ဃဃ) တစ်စောင်ကိုပြည်နယ်/တိုင်းရဲတပ်၊ မှုခင်းတပ်ဖွဲ့မှူးထံပေးပို့ရမည်။

(၂) မှုခင်းတပ်ဖွဲ့မှူးကစုံစမ်းစစ်ဆေးသည့်အမှုများတွင်၃စောင်–

(ကက) တစ်စောင်ကိုအမှုစစ်ဆေးသူအရာရှိကထိန်းသိမ်းထားပြီးနောက်ဆုံးတွင်ရဲစခန်း၌ပိုင်တွဲထားရမည်။

(ခခ) တစ်စောင်ကိုမှုခင်းတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးဌာနခွဲမှူးထံပို့ပေးရမည်။

(ဂဂ) တစ်စောင်ကို သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးများမှတစ်ဆင့် မှုခင်းတပ်ဖွဲ့မှူးထံပေးပို့ရမည်။

(ခ) စာပို့တိုက်အမှုမျိုးအချို့တို့ကို မှုခင်းတပ်ဖွဲ့က ၎င်းတို့အလျောက် အရေးယူဆောင်ရွက်သည်။ ၎င်းအမှုမျိုးကိုပစ္စည်းပျောက်ဆုံးသောရပ်ကွက်အပိုင်ရဲစခန်း၌ တိုင်ချက်ရေးမှတ်ပုံတင်သွင်းသည်၊ ထိုအမှုမျိုးတွင် "အမှုနေ့စဉ်မှတ်တမ်း"ကို နေ့စဉ်မှုခင်းတပ်ဖွဲ့စုံစမ်းစစ်ဆင်ရေးဌာနခွဲသို့ တိုက်ရိုက်ပေးပို့ရမည်။ကျန်မှတ်တမ်းများကို အမှုစုံစမ်းခြင်း ဆုံးခန်းတိုင် ရောက်ပြီးသည့်နောက် ဆိုင်ရာရဲစခန်းသို့ ပေးပို့ရမည်။ ဤကဲ့သို့အမှုများကို စုံစမ်းသော မှုခင်းတပ်ဖွဲ့မှအရာရှိသည် မိမိတို့ထံမှ လုံလောက်သည့် အချိန့်အခါအခေ၊ စုံထောက်စစ်ဆေးခြင်းကို အခြားသို့လွှဲပြောင်းခြင်း မရှိလျှင်၎င်းအမှုဆုံးခန်းတိုင်ရောက်အောင် ဆောင်ရွက်ရန်တာဝန် မှာ မိမိတို့၌ပင်ရှိကြောင်း၊ သတိပြုရမည်။ ၎င်းပြင် ဆိုင်ရာရဲခန်းမှူးက ၎င်းအမှုအတွက် စွဲချက်တင်သွင်းနိုင်ရန်ဖြစ်စေ၊ နောက်ဆုံးအစီရင်ခံစာ တင်သွင်းနိုင်ရန်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အစီရင်ခံစာတစ်စောင်ရေးသားပေးပို့ရမည်။

၁၂၇။ လက်ပုံစံအရေ့ရှိများ၏ အကူအညီအလိုရှိလျှင် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့များ တစ်ဆင့် မှုခင်းတပ်ဖွဲ့မှုထံ အကူအညီတောင်းရမည်။

## အခန်း (၄၅)

## ရဲတပ်ဖွဲ့ပိုင်မဟုတ်သောလက်နက်လိုင်စင်များ/ပါမစ်များ လက်နက် ခဲယမ်းမီးကျောက်စသည်တို့ကို ထိန်းသိမ်းခြင်းနှင့်စီမံဆောင်ရွက်ခြင်း

### လက်နက်လိုင်စင်များ ခိုင်တွဲမှတ်ပုံတင်၊ မှတ်ပုံတင်(၁)

၁၂၈။ (က) ပြည်ထဲရေးဝန်ကြီးဌာန လက်နက်ကိုင်ဆောင်ခွင့် လိုင်စင်/ပါမစ် စိစစ်ရေးအဖွဲ့မှထုတ်ပြန်သည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီခွင့်ပြုချက်ရမှသာလျှင် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့များက လိုင်စင်/ပါမစ်ကိုင်ဆောင်ခွင့်များကို ထုတ်ပေးနိုင်သည်။ ကိုင်ဆောင်ခွင့်လိုင်စင်မိတ္တူတစ်စောင်စီကိုပြည်နယ်/တိုင်းရဲတပ်ဖွဲ့တွင် လက်ခံထားရှိရမည့်အပြင် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့နှင့် ရဲစခန်းများတွင်လည်း မိတ္တူတစ်စောင်စီထားရှိနိုင်ရန် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့က ပေးပို့ရမည်။

(ခ) ရဲစခန်းမှတ်ပုံတင်(၁)ရေးသွင်းရာတွင် လက်ရှိလိုင်စင်နှင့် ကိုင်ဆောင်နေသော လက်နက်များမှတ်ပုံတင် (၁–က) ခိုင်တွဲနှင့် လက်ရှိပါမစ်ဖြင့်ကိုင်ဆောင်နေသော လက်နက်များမှတ်ပုံတင်(၁–ခ)ခိုင်တွဲတို့ကို ဖွင့်လှစ်ထားရမည်။ ရဲစခန်းတွင်လက်ခံရရှိသော လက်နက်လိုင်စင်/ပါမစ်မိတ္တူများကို ရဲစခန်းမှတ်ပုံတင်(၁)တွင် တွဲထားရမည်။ မှတ်ပုံတင်(၁–က)ခိုင်တွဲနှင့် မှတ်ပုံတင်(၁–ခ) ခိုင်တွဲမာတိကာတွင်လည်း ရေးသွင်းထားရှိပြီး မာတိကာတွင် လက်နက်ကိုင်ဆောင်သူများ၏ အမည်စာရင်းကို ရေးသွင်းဖော်ပြထားရမည်။ လိုင်စင်/ပါမစ်မိတ္တူတစ်ခုစီတွင် စာရွက်အလွှတ်

တစ်ခုခုကိုပူးတွဲထားရှိရမည်။ ထိုကဲ့သို့ပူးတွဲထားခြင်းမှာလိုင်စင်/ပါမစ်ဖြင့်ကိုင်ဆောင်သော လက်နက်များကို စစ်ဆေးပိုင်ခွင့်ရှိသူများမှ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးချက်များကို လွယ်လွယ်ကူကူရေးမှတ်ထားနိုင်ရန်ဖြစ်သည်။

**လက်နက်များကို ကြည့်ရှုစစ်ဆေးခြင်း**

၁၂၉၉။ (က) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည်လက်နက်ကိုင်ဆောင်သူထံသို့ အမိန့်ထုတ်ဆင့်၍ လက်နက်များကို စစ်ဆေးရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင်စစ်ဆေးဆောင်ရွက်ခြင်းမပြုနိုင်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ထုတ်ဆင့်အမိန့်အရ သက်ဆိုင်ရာ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးကိုယ်တိုင်စစ်ဆေးနိုင်သည်။ ထိုကဲ့သို့စစ်ဆေးခြင်းများပြုလုပ်တိုင်း စစ်ဆေးတွေ့ရှိချက်များကို လိုင်စင်/ပါမစ်မိတ္တူနှင့် ပူးတွဲထားသော စာရွက်အလွတ်ပေါ်တွင် ရေးသားဖော်ပြ၍ စစ်ဆေးသူကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။

(ခ) လိုင်စင်/ပါမစ်ဖြင့်ကိုင်ဆောင်သော လက်နက်များအား စစ်ဆေးရန်နေရာမှာ လက်နက်ကိုင်ဆောင်သူ၏ နေအိမ်တွင်စစ်ဆေးရမည်။ စစ်ဆေးရန်အချိန်မှာ သာမန်အားဖြင့် နေထွက်ချိန်မှ နေဝင်ချိန်အကြားတွင်စစ်ဆေးရမည်။ စစ်ဆေးခြင်းကို အခါအားလျော်စွာ စစ်ဆေးရမည်။ စစ်ဆေးသည့်အခါရှိသည် လက်နက်လိုင်စင်/ပါမစ်နှင့်သက်ဆိုင်သော တည်ဆဲဥပဒေ ညွှန်ကြားချက်များနှင့် အညီကိုင်ဆောင်ခွင့်ရှိမရှိကို စစ်ဆေးရမည်။

၁၃၀၀။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် လက်နက်လိုင်စင်/ပါမစ်ကိုင်ဆောင်သူထံသို့ အောက်ပါပုံစံအတိုင်းထုတ်ဆင့်ပြီး လက်နက်ခဲယမ်းများကို စစ်ဆေးဆောင်ရွက်ရမည်-

၁၉၂၄ ခုနှစ်၊ လက်နက် ဥပဒေအရ ထုတ်ဆင့်သော
အမိန့်အာဏာ

လိုင်စင်/ပါမစ်ဖြင့် ကိုင်ဆောင်ခွင့်ရရှိသူထံ
ထုတ်ဆင့်သောညွှန်ကြားချက်ပုံစံ

သို့

______________

______________

လူကြီးမင်းမှတည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီကိုင်ဆောင်ခွင့် ရရှိထားသော လိုင်စင်အမှတ်______________အရ လူကြီးမင်းကိုင်ဆောင်နေသော______________(လက်နက်အမျိုးအစားနှင့်နံပါတ်)ကို______________ ကစစ်ဆေးရန်အတွက် ______________ခုနှစ်၊______________လ၊ ______ ရက်၊____________အချိန်တွင်______________(နေရာ)ထုတ်ပေးပြသရမည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး

______________မြို့နယ်

မှတ်ချက်။ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင် ဖြည့်စွက်ရေးသွင်းရန်ဖြစ်သည်။အမိန့်တွင် ဖော်ပြပါရှိသည့်မြို့နယ်ရဲတပ်ဖွဲ့မှူးသို့မဟုတ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးက စစ်ဆေးရန်ဖြစ်သည်။

## လက်နက်ခဲယမ်း၊ ဓစ်မက်ကဒ်ရီယာများ မှတ်ပုံတင်၊ မှတ်ပုံတင်(၂)

၁၃၁၁။ ဤမှတ်ပုံတင်စာရင်းစာအုပ်ကို (အုပ်ချုပ်ရေး၂၄/ ရဲ၄၈) ပုံစံအတိုင်း ရေးသွင်းရမည်။ ထိုသို့ရေးသွင်းရာတွင် မည်သို့ရေးသားရမည်ကို ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံတော်လက်နက်လက်စွဲဥပဒေ၊ စာမျက်နှာ (၁၈၀) မှ (၁၈၃) ထိ ညွှန်ပြချက်အမှတ်(၅၈) မှ (၆၄)ထိတွင်ဖော်ပြပါရှိသည်။ မြန်မာဘာသာဖြင့် ၁၉၂၇ ခုနှစ်တွင်ထုတ်ဝေသော မြန်မာနိုင်ငံတော် လက်နက်လက်စွဲဥပဒေ၊ စာမျက်နှာ

အမှတ်(၃၁၄)မှ(၃၂၀)အထိ ညွှန်ပြချက်အမှတ် (၅၈)မှ (၆၃) အထိတွင်ပါရှိသည် )။ ၁၈၇၈ ခုနှစ်၊ လက်နက်အက်ဥပဒေပုဒ်မ ၁၃၊ ၂၄၊ ၂၅၊ ၂၆ များအရ သိမ်းယူခြင်း၊ ပုဒ်မ(၁၆) အရ အပ်နှံခြင်း / သိမ်းယူခြင်းအရဖြင့် ရယူနိုင်သည့် လက်နက်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁ နှင့် ၅၃၊ အခန်း (၇)ပါ ပုဒ်မများမှစ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၅၊ ၁၆၆ များနှင့် ရဲအက်ဥပဒေပုဒ်မ ၂၀ များအရလည်း ရယူနိုင်သည်။ ဝေပြတိုက်ရာပါပစ္စည်းများကို ရှာဖွေစဉ် ပေါ်ပေါက်ရရှိခြင်း သို့မဟုတ် တောထဲတွင် မြှုပ်ထားရာမှ တွေ့ရှိသည့် လက်နက်များမှာ အထက်နည်းလမ်းများအရ ရရှိနိုင်သည့်အကြောင်းကို ဖော်ပြသည့်ဥပမာများဖြစ်သည်။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၊ ၅၂၃ နှင့် ရဲအက်ဥပဒေ ပုဒ်မ ၂၂ များတွင် ၄င်းဥပဒေများအရ ရရှိသည့် လက်နက် စသည်များကို မည်သို့စီမံခန့်ခွဲရကြောင်း၊ အမိန့်ဆင့်ဆိုချက်များ ပါရှိသည်။ လက်နက်အက်ဥပဒေပုဒ်မ ၁၃ အရ လက်နက်ရုပ်သိမ်းခြင်း၊ သို့မဟုတ် ပုဒ်မ ၂၀နှင့် ပုဒ်မ ၂၁ အရ ဖမ်းဆီးသိမ်းယူပြီးနောက် ပြစ်မှုကြောင်းတရားစွဲဆိုလျှင်ဖြစ်စေ ပြစ်မှုထင်ရှားလျှင်ဖြစ်စေ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇နှင့်ဖြစ်စေ လက်နက်အက်ဥပဒေပုဒ်မ ၂၄ နှင့်ဖြစ်စေ အသီးသီးတိုက်ဆိုင်သည်ဖြစ်၍ ၄င်းလက်နက်စသည်များကို ဘဏ္ဍာတော်အဖြစ် သိမ်းယူနိုင်သည်။ ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ကျခံရခြင်း မရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃နှင့် သက်ဆိုင်နိုင်သည်။သို့မဟုတ် လက်နက်စသည်များကို ပြန်၍ပေးအပ်နိုင်သည် သို့မဟုတ် လိုင်စင်ကို ဖျက်သိမ်းနိုင်သည်။ သို့မဟုတ် လက်နက်အက်ဥပဒေပုဒ်မ ၁၆ အရ အပ်နှံထားသည့် လက်နက်စသည်များကဲ့သို့ စီမံဆောင်ရွက်နိုင်သည်။ အပိုဒ်(၁၅၉၆) အရ သက်ဆိုင်သည့် လက်နက်ခဲယမ်းကိရိယာများကို မှတ်ပုံတင် (၃၂) တွင်လည်း ရေးသွင်းရမည်။

၁၃၀၂။ ၁၈၇၈ ခုနှစ်၊ လက်နက်အက်ဥပဒေပုဒ်မ ၁၃ အရ သိမ်းယူသည့် လက်နက်များကိုအနီးဆုံးရဲစခန်းမှူးထံပေးအပ်ရမည်။ ၄င်းလက်နက်ကိုလက်ခံသည့် ရဲစခန်းမှူးကလည်းလက်နက်များကိုလက်ခံရရှိကြောင်းလက်ခံဖြေစာ လက်မှတ်တစ်စောင်ပေးအပ်ရမည်။၁၈၇၈ ခုနှစ်၊ လက်နက်အက်ဥပဒေ ပုဒ်မ ၁၆ အရ အပ်နှံထားသည့် လက်နက်ခဲယမ်း၊ စက်ကိရိယာများ သို့မဟုတ် အထက်တွင်ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များအရ၊ ရဲစခန်းများတွင် လက်နက်ခဲယမ်းကိရိယာအထုပ်အပိုးများအပေါ်၌ မှတ်မိသိသာနိုင်ရန် အမှတ်အသားတစ်ခုကို မှတ်သားထားရမည်။

ထို့အပြင် ၎င်းလက်နက်ခဲယမ်း၊ စစ်မက်ကိရိယာများ၏အမျိုးအစား၊ နံပါတ်များနှင့်တကွ ၎င်းလက်မှတ်များအပေါ်၌ မှတ်မိသိသာနိုင်ရန် မှတ်သားထားရမည်။ မှတ်သားထားသည့်လက်နက်အမျိုးအစားနံပါတ်ခဲယမ်းအရေအတွက်တို့ကိုဖော်ပြ၍ အပ်နှံသည့်အကြောင်းရင်း၊ ထုတ်ပေးရသည့်အကြောင်းရင်း၊ မှတ်ချက်နှင့်အပ်နှံသည့် နေ့ရက် သို့မဟုတ် ထုတ်ပေးသည့်နေ့ရက်များပါရှိသည့် လက်ခံ/ထုတ်ပေးပြေစာ တစ်စောင်ကို ရဲစခန်းမှူးက လက်မှတ်ရေးထိုး၍ လက်နက်ခဲယမ်းကိရိယာအပ်နှံသူ အားပေးအပ်ရမည်။ ရဲစခန်းမှူးသည် သက်သေခံပစ္စည်းအဖြစ်နှင့်အသုံးမပြုသည့် လက်နက်ခဲယမ်း သို့မဟုတ်စစ်မက်ကိရိယာများကို မည်ကဲ့သို့ရရှိကြောင်း ဖော်ပြသည့်အစီရင်ခံချက်နှင့်တကွ မြို့နယ်ရဲတပ်ဖွဲ့မှူးထံပေးပို့ရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးကလည်း ခရိုင်ရဲတပ်ဖွဲ့မှူးထံ ဆက်လက်တင်ပြရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည် ၁၉၂၆ ခုနှစ်၊ မြန်မာနိုင်ငံတော်လက်နက်လက်စွဲဥပဒေ ညွှန်ကြားချက်အမှတ်(၆၀)နှင့်(၆၂) တို့အပြင် တည်ဆဲဥပဒေ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၃၀၃။ လက်နက်အက်ဥပဒေပုဒ်မ ၁၃၊ ၁၉ အရ သိမ်းယူသည့်လက်နက်ခဲယမ်း စစ်မက်ကိရိယာများကို တရားစွဲတင်သည့်အမှုများတွင် သက်သေခံပစ္စည်းအဖြစ် တင်ပြရန် တစ်ခါတစ်ရံ လိုအပ်လိမ့်မည်။ ဤကဲ့သို့သော ပစ္စည်းများကိုသက်သေခံပစ္စည်းများတွင်မှတ်သားပါရှိသည့် အမှတ်စဉ်များကို ဖမ်းဆီးသည့် သို့မဟုတ် သိမ်းယူသည့်ပစ္စည်းများနှင့် ပိုင်ရှင်မပေါ်သည့်ပစ္စည်းများ မှတ်ပုံတင်စာအုပ် {ရဲစခန်းမှတ်ပုံတင် (၁၂)} ပါဇယားကွက် ၁ ကွက်တွင် ဖော်ပြရေးသွင်းရမည်။ ၎င်းသက်သေခံပစ္စည်းများကို အပြီးသတ် မည်သို့စီမံခန့်ခွဲကြောင်းကို ရှိသည့် လက်နက်ခဲယမ်း၊ စစ်မက်ကိရိယာဆိုင်ရာ မှတ်ပုံတင်စာအုပ် မှတ်ပုံတင်(၂)တွင် ရေးသွင်းရမည်။

**အစိုးရပိုင်ဖြစ်စေ၊ ဥပဒေအရကိုင်ဆောင်ခွင့်ရှိသူထံမှဖြစ်စေ၊ လက်နက်များခိုးယူပျောက်ဆုံးခြင်း၊**

၁၃၀၄။ စစ်ဌာနများထံမှ သူခိုး ခိုးယူခြင်းကြောင့် လက်နက်ကိရိယာများ ပျောက်ဆုံးခြင်းရှိလျှင် တပ်ရင်း၊ တပ်ဖွဲ့များမှ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ပျောက်ဆုံးခြင်းကို အနီးဆုံးရဲစခန်းသို့တိုင်ကြားရမည်။ သက်ဆိုင်ရာရဲစခန်းမှူးက

လိုသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပြရမည်။ ၄င်းတို့နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးသူရဲအရာရှိအား သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့နှင့် နယ်မြေအတွင်းအမှုကိုစုံစမ်းမေးမြန်းခွင့်ပြုရမည်။စုံစမ်းမေးမြန်းရာတွင်သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များမှ လိုအပ်သည့် အကူအညီများပေးရမည်။ ထိုနည်းတူ ရဲတပ်ရင်းများတွင် သူခိုးခိုးယူမှုကြောင့်လက်နက်ခဲယမ်းကိရိယာများ ပျောက်ဆုံးခြင်းရှိလျှင် အမှုကို ချက်ချင်း စုံစမ်းမေးမြန်းနိုင်ရန် အနီးဆုံးရဲစခန်းသို့ တိုင်ကြားရမည်။ ရဲစခန်းမှူးကလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပြရမည်။ မှုခင်းဖြစ်ပွားသည့်အခါ သက်ဆိုင်ရာတာဝန်ခံအရာရှိသည် ချက်ချင်းပြည့်စုံစွာ စုံစမ်းမေးမြန်းပြီးလျှင် ခရိုင်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံစာတင်ပို့ရမည်။ အမှုပိုင်ဖြစ်စေ၊ ဥပဒေအရကိုင်ဆောင်ခွင့်ရှိသူထံမှဖြစ်စေ လက်နက်ကိရိယာများ ခိုးယူပျောက်ဆုံး၍ စုံစမ်းမေးမြန်းသည့်အခါတွင် လက်နက်ကိရိယာများ၏ မှတ်မိသိသာနိုင်လောက်သည့် အမှတ်အသားနှင့် လက်နက်နံပါတ်များကို အသေးစိတ် မှတ်သားရန် ဂရုပြုရမည်။

## အခန်း-(၄၆)

## စစ်ဆေးကြည့်ရှုခြင်းအကြောင်း

### ရဲစခန်းစစ်ဆေးချက်မှတ်ပုံတင်၊ မှတ်ပုံတင်(၃)

၁၃၁၅။ ရဲစခန်း/ဂိတ်များကို အထက်အရာရှိများက သွားရောက် စစ်ဆေးရာတွင် လိုအပ်သည်များကို ဖြည့်စွက်ရေးသွင်းနိုင်ရန်နှင့် မှားယွင်းချွတ်ယွင်းချက်များ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ရဲစခန်း စစ်ဆေးချက်မှတ်ပုံတင် (၃) ကို ထားရှိရမည်။ ယင်းမှတ်ပုံတင်(၃)တွင် အောက်ပါအတိုင်း ၃ မျိုး ၃ စားခွဲခြားထားရှိသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် အထက်ဌာနများမှလာရောက်စစ်ဆေးသည့် အရာရှိကြီးများ စစ်ဆေးချက်မှတ်တမ်းပိုင်း-၃(က)။

(ခ) ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးများနှင့်တကွပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးများ စစ်ဆေးချက်မှတ်တမ်းပိုင်း-၃(ခ)။

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး စစ်ဆေးချက်မှတ်တမ်းဗိုင်-၃(ဂ)။

ရဲစခန်းမှူးဖြစ်စေ၊ ရဲစခန်းမှူး၏ညွှန်ကြားချက်အရဖြစ်စေ၊ စစ်ဆေးချက်များတွင် ပါရှိသည့်ညွှန်ကြားချက်များကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ စစ်ဆေးချက်ရပြီး တစ်လအတွင်းတွင် အပြီးဆောင်ရွက်၍ ဗိုင်တွဲမာတိကာတွင် လည်းကောင်း၊ စစ်ဆေးချက် လက်ယာဘက် အစွန်းကွက်လပ်တွင်လည်းကောင်း ဆောင်ရွက်ပြီးစီးကြောင်းမှတ်တမ်းတင်ထားရမည်။ ထိုသို့ဆောင်ရွက်ပြီးစီးကြောင်းအစီရင်ခံစာကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများက သက်ဆိုင်ရာအထက်ရုံး အဆင့်ဆင့်သို့ ပြန်လည်အစီရင်ခံစာတင်ပြရမည်။ ရဲစခန်းများကို စစ်ဆေးသော အရာရှိသည် ပထမဦးစွာ အထက်အရာရှိများနှင့် မိမိကိုယ်တိုင်စစ်ဆေးခဲ့သော နောက်ဆုံးစစ်ဆေးချက်များကို ပြန်လှန်ကြည့်ရှု၍ ညွှန်ကြားချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေပြီးစီးမှုရှိ/မရှိကိုစစ်ဆေးရမည်။ ထို့အပြင် သက်ဆိုင်ရာ ရဲစခန်းများသို့ အထက် အကြီးအကဲများ လာရောက်စစ်ဆေးသည့်အခါ ညွှန်ကြားချက်များကို ချက်ချင်း ရေးသွင်းနိုင်ရေးအတွက် အထက်ပါအစီအစဉ်အတိုင်း မှတ်ပုံတင်စာအုပ် ၃ အုပ်ကို သီးခြားပြုစုထားရှိရမည်။

၁၃၀၆။ စစ်ဆေးကြည့်ရှုရာ၌ အစီအစဉ်အတိုင်း ပြည့်စုံစွာစစ်ဆေးခြင်း(အတိအကျစစ်ဆေးခြင်း)(Formal)သို့မဟုတ်၊ အစီအစဉ်မပြုလုပ်ဘဲ တစ်စိတ်တစ်ဒေသ စစ်ဆေးခြင်း(သာမန်စစ်ဆေးခြင်း)(Informal)နှင့် အကြောင်းကြားချက် မပြုလုပ်ဘဲ ပကတိအခြေအနေကိုသိရှိရန် ရှောင်တခင်စစ်ဆေးခြင်း( Surprise Check )ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၄၇)

## တရားရုံးတွင်အမှုများကို စွဲဆိုဆောင်ရွက်ခြင်းအကြောင်း

၁၃၀၇။ အရေးမကြီး၍ လွယ်ကူသောဖြစ်မှုများတွင် အမှုလိုက်ရှေ့နေမလိုချေ။ အမှုမှိုင်းမည်နှင့်တကွ သက်သေထွက်ရန် အစီအစဉ်နှင့်စပ်လျဉ်း၍ တရားသူကြီးသိရှိရန်လိုအပ်သည့်အချက်များသည် စွဲချက်စာလွှာတွင်ပါပြီးဖြစ်၍ အမှုအကြောင်းအရာကိုဖော်ပြရန်ဖြစ်စေ၊ အမှုစွဲဆိုဆောင်ရွက်ရန်ဖြစ်စေ၊ အမှုလိုက်ရှေ့နေမလိုချေ။ တရားသူကြီးတို့က အမှုတိုင်းတွင် အမှုလိုက်ရှေ့နေတက်ရောက်သည်ဖြစ်စေ၊

မတက်ရောက်သည်ဖြစ်စေ အမှုမှန်ကိုသိရအောင် တတ်စွမ်းသလောက်ဆောင်ရွက်ရန် ၎င်းတို့၏ အလုပ်ဝတ္တရားဖြစ်သည်ဟု သဘောပိုက်ကြရန် အချက်မှာ အရေးအကြီးဆုံး သောအချက်ဖြစ်သည်။

၁၃၀၈။ အရေးကြီးသော အမှုကြီးများစွဲဆို ဆောင်ရွက်ရာ၌ အဆင့်မြင့်သော ဥပဒေ အရာရှိလိုက်ပါဆောင်ရွက်ရန် လိုအပ်သည်ဟုထင်မြင်ယူဆလျှင် မြို့နယ် ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာအထက်ဌာနများမှ တစ်ဆင့် ရှေ့နေချုပ်ရုံးသို့ တင်ပြ ဆောင်ရွက်ရမည်။

၁၃၀၉။ အရေးကြီးသောအမှုများတွင် "အမှုနေ့စဉ်မှတ်တမ်း" ၌ ဖော်ပြပါရှိသည့် အတိုင်း အမှုစုံစမ်းစစ်ဆေး၍ ရသည့်အခြင်းအရာများကို သိကျွမ်းသူအမှုစစ်အရာရှိကို တရားရုံးသို့ ချိန်းဆိုသည့်နေ့ရက်တွင် စေလွှတ်ရမည်။ ၎င်းအရာရှိသည် အလိုရှိရာအချက်များကို ဖော်ပြပြောဆိုခြင်းနှင့်မှုလျှောလစ်ဟင်းသည့်အချက်များ ကိုလည်း ထုတ်ဖော်ညွှန်ပြနိုင်ခွင့်ရသည်။ သို့သော်လည်း ၎င်းအရာရှိမှာ ကြိုတင်၍ အခွင့်အမိန့်မရဘဲ သက်သေတို့ကိုစစ်ဆေးခြင်းပြန်လှန်စစ်ဆေးခြင်းနှင့် တရားသူကြီး ရှေ့တွင် လျှောက်လဲခြင်းပြုလုပ်ခွင့်မရှိ။

၁၃၁၀။ မှုခင်းမှတ်တမ်းအဖွဲ့များကို တရားရုံးနှင့်ဥပဒေရုံးများ၏ ရုံးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အသုံးမပြုရ။

၁၃၁၁။ စက်ရှင်တရားသူကြီးကသော စစ်ဆေးစီရင်ပိုင်သည့်အမှုတွင် ပြစ်မှုကျူးလွန် သူတို့၏အပေါ် ပြစ်မှုထင်ရှားအောင် စွဲဆိုဆောင်ရွက်ရန်အလို့ငှာ ၎င်းပြစ်မှုနှင့် စွပ်စွဲခြင်းခံရသူ တရားခံတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ အစိုးရသက်သေ ပြုလုပ်ရန်လိုသည်ထင်မြင်လျှင် မည်သို့ဆောင်ရွက်ရမည်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၃၇ တွင် ဖော်ပြလျက်ပါရှိခဲ့သည်။ လိုအပ်သည့်အခါ စည်းကမ်း ချက်များအရ ပြစ်မှုမှလွတ်ငြိမ်းချမ်းသာခွင့်ပေးမည့် ကတိပြုချက်အမိန့်ကို ပေးပါ မည့်အကြောင်းနှင့်ဆိုခဲ့သည့်ပုဒ်မအရ ခရိုင်ရဲတပ်ဖွဲ့မှူးကဖြစ်စေ မြို့နယ်ရဲတပ်ဖွဲ့မှူး ကဖြစ်စေ ခရိုင်တရားသူကြီး သို့မဟုတ် အခြားအခွင့်အာဏာရှိ တရားသူကြီးထံ လျှောက်ထားရမည်။

၁၃၁၂။ ရဲအရာရှိတို့သည် တရားရုံးအတွင်း တရားခံအစောင့်များနှင့်တရားခံများ ကိုစောင့်ကြပ်ရန် ဝတ္တရားကျရောက်သည့်အခါနှင့်အခြားဝတ္တရားဆောင်ရွက်နေစဉ်

အခါများမှတစ်ပါး တရားခွင်တွင် တရားမတရားသူကြီးသော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ တရားသူကြီးသော်လည်းကောင်း ရှိနေသည့်အခါ ဦးထုပ် ကိုချွတ်ထားရမည်။

၁၃၁၃။ အလုပ်ဝတ္တရားနှင့်စပ်လျဉ်း၍ ရဲအရာရှိတစ်ဦးဦးက ပြစ်မှုတစ်ခုခု၏ မှတ်တမ်းအားလုံးကိုဖြစ်စေ၊ အချို့အပိုင်းကိုဖြစ်စေအလိုရှိလျှင်သက်ဆိုင်ရာ တရားသူကြီးထံ အမှုတွဲများကို လျှောက်ထားတောင်းဆိုရမည်။ တောင်းဆို၍ရရှိသည့်အခါ မိတ္တူများကို တရားရုံးတွင် ကူးရေးယူရမည်။ အလုပ်ဝတ္တရားနှင့် တရားရုံးသို့ ရောက်ရှိနေသည့် ရဲအရာရှိအား စကားပြန်ဆိုစေရန် ဆင့်ဆိုလျှင် အခကြေးငွေမယူဘဲ ပြန်ဆိုရမည်။ သို့သော်လည်း "စကားပြန်"အဖြစ် အထူးဆင့်ဆိုခေါ်ယူသည့် ရဲအရာရှိသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ ခွင့်ပြုချက်ရလျှင် တရားရုံးကခွင့်ပြုသည့် အခကြေးငွေကို ထုတ်ယူခွင့်ရသည်။

၁၃၁၄။ (က) မြို့နယ်မှုခင်းမှတ်တမ်းအဖွဲ့သည် တရားရုံးအမိန့်ကို ပြင်ဆင်ရန်ဖြစ်စေ၊ အမှုကိုအသစ်တစ်ဖန်စစ်ဆေးရန်ဖြစ်စေ လျှောက်ထားရန် အလို့ငှာ မိမိသဘောအလျောက်ပြင့် မည်သည့်တရားသူကြီးထံမှ အမှုတွဲများတောင်းယူခွင့်မရှိချေ။အမှုတစ်ခုတစ်ရာကိုချမှတ်သည့် စီရင်ချက်တွင်အပြစ်အနာအဆာပြုရန်အချက်ရှိသည်ဟု ထင်မြင်လျှင် ၎င်းအကြောင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးထံတင်ပြရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးကလည်းသက်ဆိုင်ရာ မြို့နယ်ဥပဒေအရာရှိထံ လိုအပ်သလို ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) ပြင်ဆင်မှုတက်ရောက်ရန် ပြည်နယ်/တိုင်း/ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ညွှန်ကြားလာပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် မြို့နယ်ဥပဒေအရာရှိနှင့်သတ်မှတ်ထားသောကာလအတွင်းဆက်သွယ်၍ လိုအပ်သလို ဆောင်ရွက်သွားရမည်။

(ဂ) တရားသေလွှတ်မိန့်ကို အယူခံတက်ရန်ရှိပါက သတ်မှတ်သည့် ကာလအတွင်း မြို့နယ်ဥပဒေအရာရှိနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

၁၃၁၅။ တရားခံတို့ကို တရားရုံးသို့ ခေါ်ဆောင်၍ရောက်သည့်အခါ "တရားခံစစ်တမ်း" သို့ ချက်ချင်းဝင်ရောက်စေရမည်။ "တရားခံစစ်တမ်း" မရှိလျှင် ကြပ်မတ်ယူဆောင်လာသည့် ရဲတပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ၊ ၎င်းတရားခံတို့၏အနားကရပ်၍ နေရမည်။ မှုခင်းမှတ်တမ်းအဖွဲ့ကဖြစ်စေ၊ ရဲအရာရှိကဖြစ်စေ စစ်တမ်းအကျဉ်းသားတရားခံတို့ကိုလက်ခံကြီးကြပ်ပြီးလျှင် ရဲတပ်ဖွဲ့ဝင်တို့အနက် ကြပ်ရန်မလိုသည့်ရဲတပ်ဖွဲ့ဝင်တို့ကို ထွက်ခွာသွားခွင့်ပြုရမည်။

၁၃၁၆။ အမှုစွဲဆိုခြင်းခံရ၍ တရားခံအဖြစ်နှင့်ဖြစ်စေ၊ သက်သေအဖြစ်နှင့်ဖြစ်စေ၊ အကျဉ်းသားတစ်ယောက်ရုံးတွင်ရှိနေသည့်အခါ မှုခင်းမှတ်တမ်းအဖွဲ့အရာရှိကဖြစ်စေ၊ ၎င်းမရှိလျှင် ၎င်းအမှုကိုဆောင်ရွက်သည့်အမှုစစ်အရာရှိကဖြစ်စေ၊ ၎င်းအကျဉ်းသားကို ကြီးကြပ်ရသည့် လုံခြုံရေးအဖွဲ့နှင့် တိုင်ပင်၍ ၎င်းအကျဉ်းသားသည် ရန်းရင်းဆန်ခတ်ပြုလုပ်ရန်၊ သို့မဟုတ် ထွက်ပြေးလွတ်မြောက်ရန် ကြံစွယ်မည်ဟု ယုံကြည်ရန်အကြောင်းမရှိဟု သဘောထင်မြင်လျှင် လက်ထိပ်ချွတ်ထားရမည်။ ၎င်းအကျဉ်းသားတစ်ယောက်ကို ခြေချင်းခတ်၍ ရုံးသို့ခေါ်ဆောင်သည့်အခါ ခြေချင်းကို မချွတ်မဖြုတ်ရ။

၁၃၁၇။ တရားခံအပေါ်စွပ်စွဲထားသည့်ဖြစ်မှုကို စုံထောက်စစ်ဆေးသည့် အမှုစစ်အရာရှိသည် တရားရုံးသို့ရောက်ရှိနေလျှင် ၎င်းအရာရှိဆောင်ရွက်ရန်ဝတ္တရားမှာ အမှုစွဲဆိုဆောင်ရွက်သည့်အရာရှိက မေးခွန်းသက်သေအဖြစ်စစ်ဆေးခြင်းကို ခံ၍ ထုတ်ရန်အချက်များကို ညွှန်ပြရန်သာဖြစ်သည်။

၁၃၁၈။ စုံထောက်စစ်ဆေးရာအရပ်မှဖြစ်စေ ရဲစခန်းမှဖြစ်စေ၊ တရားခံကို ရုံးသို့ ယူဆောင်လာသော ရဲတပ်ဖွဲ့ဝင်တို့အနက် တစ်ဦးတစ်ယောက်မှာ အမှုတွင် သက်သေဖြစ်လျှင် စစ်ဆေးမေးမြန်းစဉ် ရုံးအတွင်းသို့မလာမရောက်စေရ။ ၎င်းကို မခေါ်မချင်း အပြင်က စောင့်ဆိုင်းနေစေရမည်။ ဤကဲ့သို့မနေလျှင် ၎င်းရဲတပ်ဖွဲ့ဝင်သည် အခြားသက်သေတို့ ထွက်ချက်အရပ်ရပ်ကိုကြားသဖြင့် ၎င်းသက်သေတို့ ထွက်ချက်နှင့်ညီညွတ်အောင် ထွက်ဆိုရန်ရှိသောကြောင့် ၎င်းရဲတပ်ဖွဲ့ဝင်၏ ထွက်ချက် ကို တရားသူကြီးကမရေမတွက်ဘဲ ပယ်ရှားနိုင်သည်။

၁၃၁၉။ ဖြစ်မှုများ၌ သက်သေခံပစ္စည်းများကို လက်အကူးအပြောင်း နည်းနိုင်သမျှနည်းစေရမည်။ တရားရုံးသို့တင်ပြသည့် ပစ္စည်းနှင့်စုံစမ်းစစ်ဆေးရာ တွေ့ရှိ

သည့်ပစ္စည်းသည် တစ်ခုတည်းဖြစ်ကြောင်းကိုလည်း သက်သေခံတစ်ရပ်နှင့်တစ်ရပ် အစီအစဉ်ညီညွတ်စွာ အစုံအလင်ရှိစေရမည်။

၁၃၂၀။ ဆေးဘက်ဆိုင်ရာအရာရှိထံ ကြည့်ရှုစစ်ဆေးရန်ပေးပို့သည့်လူသေ အလောင်းကို ကြီးကြပ်ယူဆောင်လာသည့် ရဲတပ်ဖွဲ့ဝင်တို့မှာကြည့်ရှုစစ်ဆေးသည့် အလောင်းသည်ဖြစ်ပွားသည့်ပြစ်မှုနှင့်သက်ဆိုင်သည့်အလောင်းဟုတ်မှန်ကြောင်းကို ထင်ရှားအောင် သက်သေခံရန် အလိုရှိခဲ့လျှင်၊ ဆေးဘက်ဆိုင်ရာအရာရှိက မိမိစစ်ဆေးချက်အကြောင်းကို သက်သေခံသည့်အခါ တရားရုံးတွင် ရောက်ရှိနေကြရမည်။ သေဆုံးသူကိုသိ၍ ရုပ်အလောင်းကို ရဲတပ်ဖွဲ့ဝင်များထံ ပေးအပ်သူတို့ကို သက်သေခံချက်ပြည့်စုံအောင် ဆင့်ခေါ်ရန်လိုအပ်လျှင် ဆင့်ခေါ်ရမည်။

၁၃၂၁။ တရားရုံးတွင်အသုံးပြုရန် အမှုစစ်ရဲအရာရှိများက ရေးသွဲထားသော "အချင်းဖြစ်ပွားရာအရပ်မြေပုံ"များတွင်၊ ၄င်းအမှုစစ်အရာရှိကိုယ်တိုင် တွေ့မြင်ရသည့်အချက်များသာလျှင် ထည့်သွင်းရေးဆွဲပြီးတရားရုံးသို့သက်သေခံအဖြစ်တင်ပြနိုင်သည်။ သို့သော် သက်သေများစစ်ဆေးချက်မှ သိရှိပေါ်ပေါက်လာသော အချက်များနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမျှ ထည့်သွင်းရေးသားထားခြင်းမရှိစေရ။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သက်သေစစ်ချက်မှ သိရှိရသောအကြောင်းအရာများသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ(၁၆၂)အရ သက်သေခံမဝင်၍ဖြစ်သည်။ ထူးခြားသော အချို့အမှုများတွင် "စကေး" ဖြင့်ရေးဆွဲသော မြေပုံအလိုရှိလျှင်၊ သို့မဟုတ် သက်သေများထွက်ချက်အရ သိလိုသောအချက်များပါရှိသော အချင်းဖြစ်ပွားရာအရပ်မြေပုံများအလိုရှိသည့်အခါ ကျွမ်းကျင်တတ်မြောက်သော မြေတိုင်းတာရေးတစ်ယောက်ကို "စကေး"အတိုင်းပုံဆွဲစေရန် ဆင့်ဆိုနိုင်သည်။ အမှုစစ်အရာရှိတစ်ယောက်သည် ဥပဒေအရာရှိသာလျှင် သိစေရန် မိမိကိုယ်တိုင်ရေးဆွဲသောမြေပုံတွင် သက်သေများစစ်ဆေးချက်မှ သိရှိပေါ်ပေါက်လာသောအချက်များ ပြည့်စုံစွာထည့်သွင်းခြင်းကို ကန့်ကွက်ရန်မရှိ၍ ဤကဲ့သို့ရေးဆွဲထားသော မြေပုံများသည် တရားရုံးတွင်သက်သေခံမဝင်ကြောင်း ထိုရေးဆွဲသောအမှုစစ်အရာရှိက သိရှိရမည်။ အမှုနှင့်စပ်ဆိုင်သော အဆောက်အဦစသည်တို့၏ အမှန်အတိုင်းအကွာအဝေးများကို မြေပုံပေါ်တွင်ရေးဆွဲ၍ဖြစ်စေ သို့မဟုတ် "စကေး" နှင့်ဖြစ်စေ ပေါ်ပြရမည်။ အဆောက်အဦပုံများ သို့မဟုတ် မြေပုံများကို အကြမ်းပုံဆွဲသူတို့က ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ခရိုင်ရဲတပ်ဖွဲ့မှူးသည် မြေပုံဆွဲရန်ကုန်ကျစရိတ်များကို သတ်မှတ်ခွင့်ပြုနိုင်သည်။ အမှုစစ်အရာရှိမှ အမှန်တကယ်သုံးစွဲခဲ့သော ကုန်ကျစရိတ်များကို ရဲစခန်းမှူးထံတင်ပြ၍ရဲစခန်းမှူးက မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပြရမည်။

(ခ) အငြိမ်းစားလိုင်စင်ရ မြို့နယ်မြေစာရင်းဌာနမှ စာရေးများ သို့မဟုတ် မြေစာရင်းဌာနမှ ကျွမ်းကျင်သည့်ပုံဆွဲသူများက ရေးဆွဲနိုင်သည်။

(ဂ) ပုံဆွဲသူများ၏ ကုန်ကျသောလုပ်အားခနှင့် ခရီးစရိတ်များကို အမှန်တကယ်ကုန်ကျသည့်အတိုင်း ရဲစခန်းမှူးက စိစစ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ထောက်ခံချက်ဖြင့်ခရိုင်ရဲတပ်ဖွဲ့မှူးသည် လုပ်အားခအတွက် ကုန်ကျစရိတ် ၀၃၀၁ နှင့် သယ်ယူပို့ဆောင်ခ ၀၃၀၄ ခေါင်းစဉ်တို့မှ ကျခံသုံးစွဲနိုင်သည်။

၃၃၂။ မြေပုံများ၌ ဖော်ပြသည့်အကွာအဝေးကို "ပေ" သို့မဟုတ် "ကိုက်" ပေါင်းမည်မျှရှိကြောင်းသင့်လျော်သလို ပြရမည်။

## အခန်း(၄၈)

## ရဲစာရေးနှင့်ရဲစခန်းမှတ်ပုံတင်များအကြောင်း

### ရဲစာရေး

၃၃၃။ ရဲစာရေးသည် ရဲစခန်းတွင် စာရေးအဖြစ်ဖြင့် သော်လည်းကောင်း၊ ငွေစာရင်းကိုင်အဖြစ်ဖြင့်သော်လည်းကောင်း၊ မှတ်တမ်းထိန်း အဖြစ်ဖြင့်သော်လည်းကောင်း၊ ဆောင်ရွက်ရမည်။

### ရဲစာရေး၏ ဝတ္တရားများ

၃၃၄။ ရဲစာရေးအဖြစ် ဆောင်ရွက်ခြင်း။ ရဲစာရေးအဖြစ်အောက်ပါဝတ္တရားများကို ဆောင်ရွက်ရမည်-

(က) ရှိသောစာအရေးရပ်ကို လက်ခံ၍ဖွင့်ကြည့်ရမည်။ မိမိရဲစခန်း လက်အောက်တွင်ရဲကင်းများနယ်မြေရဲကင်းများရှိပါက၎င်းတို့နှင့်

ဆက်ဆိုင်သော အမိန့်စာများကိုပို့ပြီးလျှင် ကျန်စာအားလုံးကို ရုံးစခန်းမှူးထံပေးအပ်ရမည်။

(ခ) ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ တောင်းဆိုသော စာရင်းအင်းများကို ပြုလုပ်တင်ပြရမည်။ရုံးစခန်းမှူးကမိမိအအေးသာမန်သို့မဟုတ်အထူးအားဖြင့် ပေးထားသောညွှန်ကြားချက်များနှင့်မဆန့်ကျင်စေဘဲစာပေးစာယူ အားလုံး မပြီးပြတ်ကျန်ရှိသော စာရွက်စာတမ်းအားလုံးတို့ကို အချိန်မီ ပြီးပြတ်အောင်ဆောင်ရွက်ရန်တာဝန်ရှိသည်။

(ဂ) အရေးယူရန်နှင့်ပြန်ကြားရန်လိုသောမပြီးမပြတ်သေးသည့်စာရွက်စာတမ်းအားလုံးကို နံနက်တိုင်းရုံးစခန်းမှူး ထံတင်ပြရမည်။

(ဃ) နံနက်စစ်ရေးပြရာတွင်လည်းကောင်း စစ်ရေးပြပြီးသည့်အခါတွင်လည်းကောင်း ထိုနေ့အတွက် ရုံးစခန်းမှူး၏ အလုပ်ဝတ္တရားများခွဲဝေချထားခြင်းနှင့် စပ်လျဉ်းသည့် အမိန့်များကိုမှတ်သား၍ တာဝန်ခွဲဝေပေးရမည်။

(င) အရပ်ရပ်နေ့စဉ်မှတ်တမ်းနှင့် မိမိတာဝန်ယူရသည့် အခြားရုံးစခန်းမှတ်ပုံတင်စာအုပ်များကို ရေးမှတ်ထည့်သွင်း ရမည်။

(စ) ရုံးစာရေးသည် အမှုတိုင်ကြားလာသည့် အမှုသည်များ အကူအညီတောင်းခံလာသော ပြည်သူလူထုနှင့်ထိတွေ့ ဆက်ဆံရသူများဖြစ်သဖြင့်အမှုတိုင်ကြားလာသူအကူ အညီတောင်းခံလာသူများကို ကြည်ဖြူရွှင်လန်းစွာလက်ခံ ကြိုဆိုဧည့်ဝတ်ပြုခြင်း ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံ၍မိမိဆွေမျိုးအရင်းအချာသဖွယ်ကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရယူရမည်။

၁၃၂၅။ **ငွေစာရင်းကိုင်အဖြစ်ဆောင်ရွက်ခြင်း။** ရုံးစာရေးသည်ငွေစာရင်းကိုင်အဖြစ်ဖြင့် ဆောင်ရွက်ရာ၌ ခရီးစရိတ်မှတ်ပုံတင်စာအုပ် ရုံးစခန်းလက်ကျန်ငွေနှင့် မိမိ အထက် အရာရှိထံတင်ပြရသော ရသုံးငွေစာရင်းအားလုံး မှန်ကန်စွာရှိစေရန် တာဝန်ယူရမည်။ရသုံးငွေပမာဏသည်ဖျာကိုနှောင့်နှေးခြင်း မရှိစေဘဲစုလင်စွာငွေစာရင်းတွင် ဖော်ပြရမည်။ အစိုးရငွေကို မူလသတ်မှတ် ရည်ရွယ်ထားသည့်ကိစ္စမဟုတ်ဘဲ

အခြားကိစ္စအတွက်သုံးစွဲလျှင်ဖြစ်စေ၊ သုံးစွဲပြီးဟုဖော်ပြထားလျက် မသုံးစွဲဘဲထားလျှင်ဖြစ်စေ၊ သို့မဟုတ် သုံးစွဲပြီးဟုဖော်ပြထားပြီးကိစ္စအတွက်မဟုတ်ဘဲ အခြားကိစ္စအတွက်သုံးလျှင်ဖြစ်စေ၊ ရဲစာရေးသည် ရဲစခန်းမှူးထံ ချက်ချင်းအစီရင်ခံရမည်။ ဖောက်လွဲဖောက်ပြန် သုံးစွဲမှုများအတွက် အထက်အရာရှိတစ်ဦးတစ်ယောက်၏ အမိန့်ကိုအကြောင်းပြု၍ မိမိကိုယ်ကို ကာကွယ်ခွင့်ရှိနိုင်မည်မဟုတ်ဘဲ ရဲစာရေး၏တာဝန်သာဖြစ်သည်။ မိမိ၏စာရင်းအင်းများကို ဟုတ်မှန်သည့်အတိုင်း ဖော်ပြထားရှိခဲ့ပါလျှင် ဤသို့ဖောက်လွဲ ဖောက်ပြန် သုံးစွဲမှုများ ဖြစ်ပေါ်နိုင်မည် မဟုတ်ပေ။ မိမိသည်လစာငွေစာရင်းကို သက်ဆိုင်သူများကရရှိကြောင်း လက်မှတ်ရေးထိုးစေ၍ နှောင့်နှေးခြင်းမရှိဘဲ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ပြန်လည်ပေးပို့ရမည်။

၁၃၂၆။ မှတ်တမ်းထိန်းသိမ်းစောင့်ရှောက်ခြင်း။ ရဲစခန်းမှတ်ပုံတင် စာအုပ်များအားလုံးနှင့် အခြားမှတ်တမ်းများကို သက်ဆိုင်ရာသေတ္တာများ၊ စင်များတွင် လုံခြုံစွာသိမ်းဆည်းရမည့်အပြင် စိုထိုင်းခြင်း၊ ပိုးစားခြင်း၊ သို့မဟုတ် အခြားအကြောင်းကြောင့် ပျက်စီးခြင်းမရှိစေရ။ ရဲလက်စွဲဒုတိယတွဲ အပိုဒ်(၁၃၃၀)တွင် ဖော်ပြသည့်မှတ်ပုံတင်စာအုပ်များအနက် ဖျက်ဆီးရန်အချိန်စေ့သော ရဲစခန်းမှတ်ပုံတင်စာအုပ်များနှင့် ဖိုင်တွဲများကို ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ရဲစခန်းသို့လာရောက်သည့်အခါ ဖျက်ဆီးနိုင်ရန် မှန်ကန်စွာတင်ပြရန် ရဲစာရေး၏တာဝန်ဖြစ်သည်။ ရဲစခန်း၌ မှတ်တမ်းများကိုဖျက်ဆီးသောအခါ ဖျက်ဆီးကြောင်းကို ရဲစာရေးက အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင်ဖော်ပြ၍ ဖျက်ဆီးရန်အမိန့်ပေးသောအရာရှိက ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။

၁၃၂၇။ ရဲစာရေးသည်ရဲစခန်းရှိလက်အောက်ခံရဲတပ်ဖွဲ့ဝင်တို့အား စစ်ရေးပြခြင်းနှင့် ရဲလုပ်ငန်းတို့ကို သင်ပြရမည့်အပြင် နံနက် ညနေ တန်းစီချိန်များ၌ တပ်ဖွဲ့ဝင်များ သိသင့်သိထိုက်သော အမိန့်နှင့် ညွှန်ကြားချက်များကို ဖတ်ပြရမည်။

၁၃၂၈။ ရဲစာရေးသည်အချုပ်သားများကို အချုပ်ခန်းမှသွင်းထုတ်သည့်အခါတိုင်း အနီးကပ်ကြီးကြပ်ရမည့်အပြင် အချုပ်သားများ လွတ်မြောက်ထွက်ပြေးမှုမရှိစေရေးအတွက် ကြပ်မတ်စောင့်ရှောက်ရမည်။

၁၃၂၉။ ရဲစခန်းမှူးသည် အထက်အလုပ်ဝတ္တရားများအတွက် ရဲစာရေးအားတာဝန်ထား၍ အလုပ်ဝတ္တရားတွင်အရေးကြီးသော ပျက်ကွက်ပေါ့လျော့ခြင်းတစ်စုံတစ်ရာရှိလျှင် ချက်ချင်းမြို့နယ်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံရမည်။

**ရဲစခန်းဆိုင်ရာမှတ်ပုံတင်များအကြောင်း**

၁၃၃၀။ ဆက်လက် ဖော်ပြပါ ဇယားမှာ ရဲစခန်းများ၌ ထားရမည့် မှတ်ပုံတင်စာအုပ်များနှင့် အမှုတွဲများဦးရေ စာရင်းဖြစ်သည်။ ၎င်းတို့ကို ရဲစခန်းတွင် မည်မျှကြာရှည်စွာထားရန် အချိန်ကာလ အပိုင်းအခြားနှင့် နောက်ဆုံး၌ မည်သို့စီမံပြုလုပ်ရမည့်အကြောင်းများကို ဖော်ပြထားသည်။ ကြယ်ပွင့်( * ) အမှတ်ပါရှိသော မှတ်ပုံတင်စာအုပ်များ အမှုတွဲများကို ရဲကင်းများတွင် လည်းထားရမည်။ ဇယားပါ အကွက်အမှတ်(၄)တွင် ဖော်ပြလျက် ရှိသည့်အခါ ကာလအပိုင်းအခြားမှာ မှတ်ပုံတင်စာအုပ်ကိုစ၍ ရေးသားသည့် နေ့ရက်ကမဟုတ်ဘဲ ၎င်းစာအုပ်တွင် ရေးမှတ်၍ နောက်ဆုံးပြီးမြောက်သည့် နေ့ရက်ကအစ ပြုရမည်။ နောက်ဆက်တွဲ ဇယား(ခ–၁၂)။

၁၃၃၁။ အထက်ဖော်ပြထားရှိသည့် မှတ်ပုံတင်စာအုပ်များကို ၎င်းတို့ရှေ့က ပါရှိသည့်ဂဏန်းများအတိုင်း အမှတ်ခွဲတပ်၍ စာအုပ်အသီးသီးကို ဆိုင်ရာအမှတ်အတိုင်း "ရဲစခန်းမှတ်ပုံတင်အမှတ်--------" ဟု ခေါ်တွင်စေရမည်။

၁၃၃၂။ မြို့ကြီးများ၌ ရှိသောရဲစခန်းများနှင့် အချို့သောအခြားရဲစခန်း များတွင် အောက်ဖော်ပြပါအချက်များအတိုင်း မှတ်ပုံတင်စာအုပ်များကို ထားရှိရမည်–

(က) အချုပ်ခန်းရှိသော ရဲစခန်းတိုင်းတွင် မှတ်ပုံတင်(၆ )ကိုထားရှိရမည်။

(ခ ) ရဲစခန်းများတွင် မှတ်ပုံတင် (၁၁) နှင့် (၁၂) အစား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၏ ၁၁–၁၁–၇၆ ရက်စွဲပါစာအမှတ် ၂ / ၁ ထောက် ၂(ခ)၃ ဖြင့် ညွှန်ကြားထားရှိသည့် အောက်ပါ နောက်ဆက်တွဲဇယားများအတိုင်း ထားရှိရမည်–

(၁ ) လက်နက် ခဲယမ်းမီးကျောက် ကိရိယာများ စာရင်း။ (နောက်ဆက်တွဲ "က" )

(၂ ) ရဲထောက်ပံ့မှ ထုတ်ပေးသော ရဲစခန်းသုံး အထွေထွေ ပစ္စည်းစာရင်း။ (နောက်ဆက်တွဲ "ခ" )

(၃ ) ရဲထောက်ပုံမှ ထုတ်ပေးခြင်းမပြုသော သောင်းပြောင်းပျောက်ဆုံးစာရင်း။ (နောက်ဆက်တွဲ"ဂ")

(၄ ) လက်နက်တိုက်မှတ်ပုံတင်။ (နောက်ဆက်တွဲ"ဃ")

(၅ ) အရာရှိတစ်ဦးချင်းလက်နက်ခဲယမ်းမီးကျောက်နေ့စဉ်ထုတ်/သွင်းမှတ်ပုံတင်။ (နောက်ဆက်တွဲ"င")

(၆ ) အခြားအဆင့် တစ်ဦးချင်း လက်နက်ခဲယမ်းမီးကျောက်နေ့စဉ် ထုတ်/ သွင်းမှတ်ပုံတင်။(နောက်ဆက်တွဲ"စ")

(၇ ) နေ့စဉ်လက်နက်/ ခဲယမ်းမီးကျောက်ဇယား။ (နောက်ဆက်တွဲ"ဆ")

(၈ ) မြို့နယ်တွင်းဖြန့်ဝေပုံဇယား။ (နောက်ဆက်တွဲ"ဇ")

(ဂ ) ဆိုင်ရာနယ်မြေအတွင်း ကျေးရွာများမရှိသည့် ရဲစခန်းများတွင် မှတ်ပုံတင်(၃၄) ကိုထားရှိ၍ ကျေးရွာများအစား ရပ်ကွက်များကို ဖော်ပြရေးသားရမည်။

၁၃၃၃။ အပိုဒ်(၁၃၃၀)ပါဇယားတွင်ဖော်ပြလျက်ပါရှိသည့် စာရင်းစာအုပ်များနှင့် ဖိုင်တွဲများမှတစ်ပါး ရဲစခန်းဆိုင်ရာ အခြားအမှုတွဲ အရပ်ရပ်ကိုအောက်ပါအတိုင်း ဖြိုလုပ်ရမည်–

(က) နှစ်စဉ် ဇူလိုင်လ ၁ ရက်နေ့တွင် ရဲစာရေးများသည် မိမိတို့ ရဲစခန်းတွင်ရှိသော အမှုတွဲအရပ်ရပ်ကိုမှုမည်ခွဲခြားပြီး ဖျက်ဆီးရန်အမှုတွဲများကို ရွေးချယ်ရမည်။ ၎င်းတို့ကို ထုပ်ပိုးချည်နှောင်ပြီးလျှင် ရဲစခန်းအမည် နေ့စွဲ အထုပ်တွင်ပါရှိသည့်အကြောင်းအရာ မှုမည်များကို ရေးကပ်ပြီးနောက် အမိန့်ခံယူရန် ပြင်ဆင်ရမည်။

(ခ ) ထို့နောက်ရဲစခန်းမှူးသည်မိမိရဲစခန်းတွင်ရှိသောဆိုင်ရာအမှုတွဲများမှာ ကြည့်ရှုစစ်ဆေး၍ ဖျက်ဆီးရန်အသင့်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံအစီရင်ခံရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည် ရဲစခန်းသို့သွားရောက်စစ်ဆေးသောအခါအသုံး

မဝင်သည့် အရပ်ရပ်အမှုတွဲများကို မီးရှို့ဖျက်ဆီးကြောင်း ကိုယ်တိုင်ကြည့်ရှုရမည်။ ဖျက်ဆီးရန်စက္ကူများကို ရှေးဦးစွာ အစအနကလေးများဖြစ်အောင်ဆုတ်ဖြဲ၍ အရပ်ရပ်တံဆိပ်များ လက်မှတ်များကုန်စင်အောင်ဖျက်ဆီးကြောင်းကို အထူးသတိနှင့်ကြည့်ရှုပြီးနောက် ၎င်းအစအနများကို ရဲအုပ်အဆင့်ထက်မနိမ့်သည့် အရာရှိရှေ့တွင် မီးရှို့ရမည်။

(ဂ) ခရိုင်ရဲတပ်ဖွဲ့မှူးသည် ရဲစခန်းသို့သွားရောက် စစ်ဆေးကြည့်ရှုသောအခါအပိုဒ်(၁၃၃၀) တွင်ဖော်ပြပါရှိသည့်စာရင်းစာအုပ်များ ဖိုင်တွဲများအနက် ဆိုင်ရာကန့်သတ်ထားသည့်အချိန်ကာလလွန်အောင်ရဲစခန်းတွင်ထားရှိပြီးသော အရပ်ရပ်စာရင်းစာအုပ်များ ဖိုင်တွဲများကိုလည်း (၎င်းတို့တွင်ရေးကူးထည့်သွင်း၍ ၎င်းတို့နှင့်သက်ဆိုင်သည့် အရပ်ရပ်စာစက္ကူများပါ)ကာလအားလျော်စွာ ဖျက်ဆီးရမည်။ ၎င်းစာရင်းစာအုပ်များ ဖိုင်တွဲများကို အရာရှိတို့ရှေ့ မှန်ကန်စွာတင်ပြရန်မှာ ရဲစာရေး၏တာဝန်ဖြစ်စေရမည်။ ရဲစခန်းတစ်ခုတစ်ရာတွင် အမှုတွဲများကို ဖျက်ဆီးသည့်အခါ ထိုသို့ဖျက်ဆီးကြောင်းကို"အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင်ရဲစာရေးသည်ရေးမှတ်၍ ဖျက်ဆီးရန်အမိန့်ပေးသူအရာရှိက ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။

၁၃၃၄။ ရဲစခန်းမှတ်ပုံတင်စာအုပ်များနှင့်ဖိုင်တွဲစာရင်း ရဲစခန်းမြေပုံနှင့်မှတ်ပုံတင် ( ၃၄ )တွင်ပါသော ရွာကြီးရွာငယ်များစာရင်းကို ရဲစခန်းနှင့်ရဲကင်းများ တွင်ထားရှိရမည်။

၁၃၃၅။ အမှုတွဲထည့်ရန် ဗီရိုနှင့် စာရေးသားရန် ကိရိယာ ပုံစံစက္ကူများနှင့်မှတ်ပုံတင်စာအုပ်များကိုထည့်ရန် အခြားသေတ္တာများကို အချိန်ကာလအားလျော်စွာ ပိုးမွှား၊ ခြများ စားခြင်းမရှိစေရေးအတွက် လိုအပ်သော ကာကွယ်ဆေးများ အသုံးပြုရမည်။

၁၃၃၆။ ရဲစခန်းဆိုင်ရာ အမှုတွဲများကို ဖျက်ဆီးခြင်း သို့မဟုတ် ကောင်းစွာသိမ်းဆည်းထားသိုခြင်းအကြောင်းနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များမှာ ရဲကင်းစခန်းများနှင့်လည်းသက်ဆိုင်သည်။

၁၃၃၇။ ...အထက်တွင်ဖော်ပြပါရှိသော မှတ်ပုံတင်စာအုပ်များနှင့် ဖိုင်များကို ရဲလက်စွဲပြဋ္ဌာန်းထားသည့်အတိုင်း ရေးသားထားရှိရမည်။ ရဲစခန်းတစ်ခုကောင်းမွန် ရေးသည့် အုပ်ချုပ်ရေးပိုင်း၊ မှုခင်းပိုင်း၊ နယ်ထိန်းလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက် ရန် သတ်မှတ်ထားရှိသည့် မှတ်ပုံတင်(၁)မှ(၃၇)တို့ကို စနစ်တကျပြုစုထိန်းသိမ်း ခြင်းတို့မှာ အဓိကဖြစ်သည်။ ရဲစခန်းမှူးသည် မှတ်ပုံတင်အားလုံးအတွက် အဓိက တာဝန်ရှိသည်။ သို့သော်လည်း တစ်ဦးချင်းဖြန့်ခွဲတာဝန်ယူစေရန်လိုအပ်သဖြင့် အောက်ပါအတိုင်း တာဝန်ခွဲဝေဆောင်ရွက်ရမည်-

(က) ရဲစခန်းမှူးသည် မှတ်ပုံတင် (၁၉/က)၊ (၁၉/ခ)နှင့် (၃၇)တို့ကို ပြုစုထိန်းသိမ်းခြင်း။

(ခ) အမှုစစ်များသည် မှတ်ပုံတင် (၂၀)၊ (၂၁)၊ (၂၃)မှ (၂၈)ထိ၊ (၃၁) များကို ပြုစုခြင်းနှင့် မှတ်ပုံတင် (၂၂)နှင့် (၃၃)ကို ပြုစုထိန်းသိမ်း ခြင်း။

(ဂ) ရဲစာရေးသည် မှတ်ပုံတင် (၁) မှ (၁၈) အထိလည်းကောင်း မှတ်ပုံတင် (၂၅)မှ (၂၇)နှင့် (၃၂)ကို ပြုစုထိန်းသိမ်းခြင်းနှင့် မှတ်ပုံတင် (၂၀)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၂၈)၊ (၃၀)နှင့် (၃၁)များကို ထိန်းသိမ်းခြင်း။

(ဃ) နယ်ထိန်းအဖွဲ့သည် မှတ်ပုံတင် (၂၆)၊ (၂၆/က)၊ (၂၆/ခ) (၂၇/က)၊ (၂၇/ခ)၊ နှင့် (၃၁)များကို ပြုစုခြင်းနှင့် မှတ်ပုံတင် (၁)၊ (၂၉)၊ (၃၀)၊ (၃၃)မှ (၃၆)ထိပြုစုထိန်းသိမ်းခြင်း။

## အခန်း(၄၉)

## အရပ်ရပ်နေ့စဉ်နှင့်အလုပ်ဝတ္တရားခွဲဝေမှတ်တမ်း

### အရပ်ရပ်နေ့စဉ်မှတ်တမ်း၊ မှတ်ပုံတင်(၄)

၁၃၃၈။ "အရပ်ရပ်နေ့စဉ်မှတ်တမ်း"(အုပ်ချုပ်ရေး ၇/ ရဲ ၃၆)ပုံစံမှာ ၁၉၄၅ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၅၅ အရ ပြဋ္ဌာန်းသတ်မှတ်ထားသည့် မှတ်ပုံတင်စာအုပ်ဖြစ်သည့် အပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၅ ပါ ပြဋ္ဌာန်းချက်များအလို့ငှာ "အရေး

မယှဉ်နိုင်သည့် ဖြစ်မှုများ"နှင့် စပ်လျဉ်းသည့် သတင်းစကားအကျဉ်းချုပ်ကို ရေးမှတ်ရမည့်စာအုပ်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ပြဋ္ဌာန်းသတ်မှတ်ထားသည့်စာအုပ်လည်းဖြစ်သည်။

၁၃၃၉။ "အရပ်ရပ်နေ့စဉ်မှတ်တမ်း"မှာ ရဲစခန်းနှင့်ရဲကင်းများတွင် လုပ်ကိုင်ဆောင်ရွက်သည့် အရပ်ရပ်အလုပ်ဝတ္တရားများနှင့် ရရှိသည့်သတင်းစကားတိုင်ကြားချက်များကို အချိန်အစီအစဉ်အတိုင်းရေးမှတ်ထားသည့် မှတ်တမ်းဖြစ်သည်။ ဤကဲ့သို့ ရေးမှတ်ထားသည့် မှတ်တမ်းဖြစ်သည့်အလျောက် ၎င်းစာအုပ်၌ ရေးမှတ်တင်သွင်းထားချက်ကို များစွာသတိပြု၍ မှန်ကန်စွာရေးမှတ်ရန်မှာ အထူးလိုအပ်သောအချက်ဖြစ်ပေသည်။ "အရပ်ရပ်နေ့စဉ်မှတ်တမ်း"ကို နေ့စဉ်နံနက် ၆ နာရီအချိန်တွင်ပိတ်၍ အသစ်ဖွင့်ရမည်။

၁၃၄၀။ "အရပ်ရပ်နေ့စဉ်မှတ်တမ်းစာအုပ်"တွင်အမှတ်စဉ်ထည့်တပ်ပြီးစာမျက်နှာအသီးသီးကို တစ်ချပ်စီခြား၍ အတွင်းဘက်မှ ဆုတ်ဖြတ်ရန် အပေါက်ငယ်များဖောက်ထားသောမူရင်းနှင့် မူရင်းခွဲပါသည့် အမှတ်ဆင်တူနှစ်ခုစီပါသော စာမျက်နှာ ၁၀၀ ပါရှိလေသည်။ ရေးသွင်းချက်များကို ခဲတံနှင့်ရေးသွင်းရမည်။ ၎င်းရေးသွင်းချက် လက်ခံများကို မင်ခံစက္ကူခံ၍ ရေးသားခြင်းအားဖြင့် ရနိုင်သည်။ ရေးသွင်းချက်အသီးသီးကို ရေးသားသောသူက လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ရေးသွင်းချက် တစ်ခုတစ်ရာကို အခြားအရာရှိ တစ်ဦးတစ်ယောက်၏ အမိန့်အရ ရေးသားရလျှင် ရေးသားရန်အမိန့်ပေးသည့်အရာရှိကလည်းလက်မှတ်ရေးထိုးရမည်။ အရပ်ရပ်ရေးသွင်းချက်များကို တတ်နိုင်သလောက်ရဲစခန်းမှူးက ကိုယ်တိုင်ရေးသွင်းရမည်။ တစ်နေ့အတွက် ကုန်ဆုံးချေရောက်သောအခါ အရပ်ရပ်ရေးသွင်းချက်များကို ကြည့်ရှုမှတ်သားပြီးကြောင်းကို ရဲစခန်းမှူး သို့မဟုတ် ရဲကင်းမှူးက အကျဉ်းရေးသား၍ သက်သေခံလက်မှတ်ရေးထိုးရမည်။ မင်ခံစက္ကူဖြင့်ကူးသော လက်ခံစာများကို စာအုပ်မှဖြတ်ယူ၍ စာအိတ်တစ်ခုတွင်ထည့်ပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူးထံနေ့စဉ်တင်ပြရမည်။ နေ့စဉ်မှတ်တမ်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးသည် လိုအပ်သလိုဖတ်ရှုစစ်ဆေးကြပ်မတ်ရမည်။

၁၃၄၁။ အမှုတိုင်ကြားချက်များယူခြင်း ပစ္စည်းများကို ကိုယ်တိုင်စစ်ဆေးခြင်း၊ လစဉ်လဆန်း ၁ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင် အဝတ်အစားများကိုစစ်ဆေးကြည့်ရှုခြင်း၊ အချုပ်ခန်းကို နေ့စဉ်စစ်ဆေးကြည့်ရှုခြင်း ငွေထားရာတိုက်ခန်းများကို နေ့စဉ်

စစ်ဆေးခြင်း စသော အရေးကြီးသည့်အကြောင်းအချက်များနှင့် စပ်လျဉ်းသည့် အရပ်ရပ်မှတ်သားချက်ကို လွယ်လင့်တကူ တွေ့မြင်နိုင်အောင်အနားကွက်လပ်တွင် ကြက်ခြေခတ်၍ မှတ်သားထားရမည်။ "အရေးယူပိုင်သည့်အမှုများ"ကို တိုင်ကြားသည့်အခါ "တိုင်ချက်"အမှတ်နှင့် ဆိုင်ရာပုဒ်မများကို အနားကွက်လပ်တွင်ရေးသားရမည်။ "အရေးမယူပိုင်သည့်ဖြစ်မှုများ"ကို တိုင်ကြားသောအခါ သက်ဆိုင်ရာပုဒ်မများကို အနားကွက်လပ်တွင်ရေးသားရမည်။ ဤကဲ့သို့ရေးမှတ်ထားခြင်းမှာ အထက်အရာရှိတို့က မှတ်သားမြဲမှတ်သားချက်အားလုံးကို မကြည့်ရှုဘဲ သာမန်ကြည့်ရှုကာမျှနှင့် မည်သည့်ရဲစခန်း သို့မဟုတ် ရဲကင်းတစ်ခုတစ်ရာတွင် မည်သည့်အကြောင်းမျိုးဖြစ်ပွားလျက်ရှိကြောင်းကို လွယ်လင့်တကူသိနိုင်သည်။ "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးမှတ်ရန်သင့်သော အရပ်ရပ်ဖြစ်ပွားမှုများကို ရဲစခန်း သို့မဟုတ် ရဲကင်းမှူးထံ ၎င်းအမှုနှင့်စပ်လျဉ်းသည့် သတင်းရရှိသည်နှင့် တစ်ပြိုင်နက် ရေးသွင်းရမည်။ ရဲစခန်းမှူး သို့မဟုတ် ရဲကင်းမှူးသည် ရာထူးအလျောက် ဆောင်ရွက်သင့်သော အမှုတစ်ခုတစ်ရာကို ဆောင်ရွက်သည့်အကြောင်းကို၊ ၎င်းနေ့စဉ်မှတ်တမ်းတွင် မရေးမသွင်း သို့မဟုတ် မှန်ကန်စွာရေးသွင်းခြင်းမပြု သို့မဟုတ် ဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ခုတစ်ခုကို မရေးသွင်းဘဲ တမင်ချန်လှပ်ကြောင်း ထင်ရှားလျှင် ၎င်းအရာရှိကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူရမည်။ အရေးကြီးသည့် အကြောင်းအရာ တစ်ခုတစ်ရာဖြစ်ပွားခြင်းမရှိ၍ သို့မဟုတ် တိုင်ကြားပြောဆိုခြင်းမရှိလျှင် ဤကဲ့သို့ မရှိသည့်အကြောင်းကို နေ့စဉ်မှတ်တမ်းတွင် တစ်နေ့အတွက်အပြီးသတ်သည့်အခါ ရေးမှတ်ရမည်။

၁၃၄၂။ မြို့ရွာငြိမ်ဝပ်ပိပြားခြင်းဆိုင်ရာ အရပ်ရပ်နှင့် သက်ဆိုင်သည့်သတင်းစကားများကို ထောက်လှမ်း၍ သတင်းပေးပို့ခြင်းမှာ ရဲတပ်ဖွဲ့ဝင်တို့ဆောင်ရွက်ရသည့် အဓိက အလုပ်ဝတ္တရားတစ်ရပ်ဖြစ်သည်။ ဤကဲ့သို့လုပ်ကိုင်ဆောင်ရွက်ရာ၌ ရဲစခန်းမှူး သို့မဟုတ် ရဲကင်းမှူးသည် မည်မျှ အားကြိုးမာန်တက်ဆောင်ရွက်သည်ကို ၎င်းတို့ရေးသားသည့် နေ့စဉ်မှတ်တမ်းများကို ကြည့်ရှုခြင်းအားဖြင့် သိသာနိုင်သည်။ ထူးခြားဖြစ်စဉ်များကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးသွင်းရမည့်ပြင် ၎င်းအကြောင်းအရာများကို အထက်အရာရှိထံ ချက်ချင်း အချိန်နှင့်တစ်ပြေးညီ အစီရင်ခံစာတင်ပြရမည်။

၁၃၄၃။ နေ့စဉ်ရေးဦးစွာ ရေးမှတ်တင်သွင်းရန်အချက်မှာ သက်ဆိုင်ရာရဲစခန်းနှင့် ရဲကင်းတို့၏ ခွင့်ပြုအင်အား ဗို/လိုအင်အား အလုပ်တာဝန်ချထားခြင်းများ တာဝန်ပျက်ကွက်ခြင်းများကို ရေးသားဖော်ပြရမည်။ မှတ်ပုံတင်(၄–က)တွင် ရဲတပ်ဖွဲ့ဝင်တို့ ဆောင်ရွက်ရမည့် အလုပ်ဝတ္တရားများကို အကျယ်တဝင့် ဖော်ပြရမည်။

၁၃၄၄။ ရဲစခန်း ကင်းအဖွဲ့ထားရှိသော ရဲစခန်းများတွင် အောက်ပါ နေ့စဉ်ကင်းတာဝန်ချထားမှုဇယားကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ရေးသားဖော်ပြရမည်–

နေ့စဉ်တာဝန်ချထားမှုဇယား

------------ရဲစခန်း၊ ကင်းမှူး၊------------နေ့စွဲ၊ ------------

| ကင်းသားအမည် | အချိန်၊ နာရီ | ကင်းမှူးလက်မှတ် | အချိန်၊ နာရီ | ကင်းမှူးလက်မှတ် | အချိန်၊ နာရီ | ကင်းမှူးလက်မှတ် | အချိန်၊ နာရီ | ကင်းမှူးလက်မှတ် |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| မောင်မြ<br>မောင်နီ | ၀၈–၁၀ | – | ၁၄–၁၆ | – | ၂၀–၂၂ | – | ၀၂–၀၄ | – |
| မောင်ဝါ<br>မောင်မဲ | ၁၀–၁၂ | – | ၁၆–၁၈ | – | ၂၂–၂၄ | – | ၀၄–၀၆ | |
| မောင်ညို<br>မောင်ပြာ | ၁၂–၁၄ | – | ၁၈–၂၀ | – | ၂၄–၀၂ | – | ၀၆–၀၈ | |

မှတ်ချက်။ (က) ကင်းသားများကို နှစ်ယောက်တွဲ၍ ရှေ့ကင်းနောက်ကင်း တာဝန်ချထားရမည်။

(ခ) ကင်းမှူးသည်ကင်းသားလဲလှယ်သည့်အခါတိုင်း ကင်းဇယားတွင် လက်မှတ်ရေးထိုးရမည်။

(ဂ) မည်သည့်ကြောင်းကြောင့်ဆို ကင်းသမားသည် အလှည့်ကျ မစောင့်နိုင်လျှင်/ပျက်ကွက်လျှင်ကင်းမှူးသည် မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် ရေးသား မှတ်ထားရမည်။

၁၃၄၅။ အောက်ပါစာရင်းသည် အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင်* မှတ်သားရန် အချို့သော အချက်ကြီးများသာ ဖြစ်သည်။ ၎င်းအကြောင်းအချက်များကို ကျဉ်းနိုင်သမျှကျဉ်း၍ ကောင်းစွာနားလည်လွယ်သည့်နည်းလမ်းနှင့် ရေးသားထားရမည်—

(က) နံနက်နှင့် ညနေစစ်ဆေးပြသမှုများပြုလုပ်လျှင် ပြသသည့်အချိန်ပါဝင်သည့်ဦးရေ။

(ခ) နယ်ထိန်းတပ်ဖွဲ့ဝင်များ၏ အစီရင်ခံချက်အတိုချုပ်အစီရင်ခံချက်များကိုဆိုင်ရာရဲစခန်းသို့ နယ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးဦးက ရောက်လျှင်ရောက်ချင်း ပေးပို့ရမည်။

(ဂ) အရေးမယူပိုင်သည့်ဖြစ်မှုများ ဖြစ်စဉ်အကျဉ်းချုပ်နှင့် သတင်းပေးတိုင်တန်းသူ၏အမည် နေရပ် လိပ်စာနှင့်အလုပ်အကိုင်များ။

(ဃ) ရဲအရေးယူပိုင်သည့် ဖြစ်မှုများတိုင်ကြားချက်အရ တရားခံများကို ဖမ်းဆီးခြင်း သို့မဟုတ် လွှတ်ခြင်း လက်နက်ကိရိယာများကို သိမ်းဆည်းခြင်းမှစ၍သက်ဆိုင်ရာရဲစခန်း သို့မဟုတ် ရဲကင်းတွင် သက်သေများကို စစ်ဆေးခြင်းများ။

(င) အကြီးအကျယ်မီးသင့်လောင်ခြင်း ရေကြီးခြင်း လေပြင်းမုန်တိုင်းကျရောက်ခြင်းများ မီးရထား သို့မဟုတ် အခြားရှောင်တခင် အရေးကြီးသည့်ဖြစ်မှုများ ဖြစ်ပွားခြင်းများနှင့် ပတ်သက်သည့် အကြောင်းအရာများ။

(စ) ရဲစခန်း သို့မဟုတ် ရဲကင်းစခန်းနယ်မြေအတွင်း လူစုလူဝေးဖြင့် တန်းစီလှည့်လည်ခြင်းများ စုရုံးခြင်းများ။

(ဆ) အခြားရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များလာရောက်ခြင်းနှင့် ၎င်းတို့ပေးသည့် သတင်းစကားများ။

(ဇ) အခြားရဲစခန်းမှ အချုပ်တရားခံများ ထောင်ကျအကျဉ်းသားများ ရောက်ရှိခြင်းနှင့် မိမိရဲစခန်းမှ အခြားအရပ်သို့ပို့ဆောင်ခြင်းများ။

(ဈ) ငွေကြေးများကို ထုတ်ပေးခြင်း လက်ခံခြင်း သို့မဟုတ် အခြားအရပ်ဒေသသို့ပို့ဆောင်ခြင်းများ။

(ည) ရဲစခန်း သို့မဟုတ် ရဲကင်းကြီးကြပ်အုပ်ချုပ်မှုကို လွှဲပြောင်းခြင်းနှင့်လက်ခံခြင်းပြုလုပ်လျှင် လွှဲအပ်မည့်သူနှင့် လက်ခံမည့်သူ အရာရှိနှစ်ဦးစလုံးလက်မှတ်ရေးထိုးရမည်။

(ဋ) ခွင့်နှင့်ဖြစ်စေ အလုပ်တစ္စရားဆောင်ရွက်ရန်ဖြစ်စေ ရဲတပ်ဖွဲ့ဝင်များ ရဲစခန်းမှထွက်ခွာခြင်း နှင့် ရဲစခန်းသို့ရောက်ရှိခြင်းများ။

(ဌ) တပ်ဖွဲ့ဝင်များ ပြောင်းရွှေ့ထွက်ခွာခြင်းများ ပြောင်းရွှေ့ရောက်ရှိခြင်းများ။

(ဍ) လက်အောက်တပ်ဖွဲ့ဝင်များ အကျင့်ပျက်ပြန်ခြင်း သို့မဟုတ် ချီးမွမ်းထိုက်လောက်အောင် တာဝန်ဝတ္တရားများကို ထူးချွန်စွာ ထမ်းဆောင်ခြင်း။

(ဎ) နေ့စဉ်အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးခြင်း။

(ဏ) ငွေတိုက်ကို နေ့စဉ်ကြည့်ရှုစစ်ဆေးခြင်းများ။

(တ) ရဲစခန်းများတွင် ညအလုပ်ဝတ္တရားများ တာဝန်ချထားသည့် ရဲအရာရှိ အမည်များကို ဖော်ပြခြင်း။

(ထ) လစဉ် လဆန်း ၁ရက်နေ့နှင့်၁၆ ရက်နေ့များတွင် လက်နက်များ ခဲယမ်းကိရိယာများ အဝတ်တန်ဆာများနှင့် ရဲစခန်းရှိထုတ်ပေးသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခြင်း။

(ဒ) တပ်ဖွဲ့ဝင်များ ဆေးရုံသို့တက်ခြင်းနှင့်ဆေးရုံမှဆင်းခြင်းများ။

(ဓ) ရဲလက်စွဲဒုတိယတွဲအပိုဒ်(၁၆၈၆) အရ သက်သေများအား စရိတ်ပေးခြင်းနှင့် ကျေးရွာနယ်မြေများမှ ပြည်သူများက အချုပ်တရားခံများကို ကြပ်မတ်ပို့ဆောင်လာသည့်အတွက်စရိတ်ပေးခြင်း။

တရားရုံးသည် "အရပ်ရပ်နေ့စဉ်မှတ်တမ်း"ကို ဥပဒေအရဆင့်ဆိုတောင်းယူသည့်အခါတင်ပြရမည် (ရဲအက်ဥပဒေပုဒ်မ-၃၅)။ ရဲစခရေးမှာချင့်ချိန်ကြန့်ကြာခြင်းမရှိစေဘဲ စာအုပ်သစ်တစ်အုပ်ထုတ်ပေးနိုင်ရန် "အရပ်ရပ်နေ့စဉ်မှတ်တမ်း"စာအုပ်မကုန်မီ အနည်းဆုံး တစ်လကြိုတင်၍ တောင်းခံရန်သတိပြုရမည်။

## အလုပ်ဝတ္တရားခွဲဝေမှတ်တမ်း၊ မှတ်ပုံတင် (၄-က)

၁၃၄၆။ ရဲစခန်းတစ်ခုတွင် ဤမှတ်ပုံတင်ထားရှိရခြင်း၏ ရည်ရွယ်ချက်မှာ ရဲစခန်းမှူးက ရဲစခန်းရှိ လက်အောက်တပ်ဖွဲ့ဝင်များအား အလုပ်တာဝန်ဝတ္တရားများ စနစ်တကျခွဲဝေချထားရန်လည်းကောင်း၊ ထိုသို့တာဝန်ခွဲဝေချထားသည့်အချက်များအား အကျဉ်းချုပ်မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် လည်းကောင်း၊တာဝန်ချထားမှုများအပေါ် စစ်ဆေးသူများက ရဲစခန်းတွင် အလုပ်ဝတ္တရားများ ခွဲဝေချထားခြင်းမှာ မှုတမှုရှိမရှိ အလွယ်တကူစစ်ဆေးနိုင်ရန် လည်းကောင်းဖြစ်သည်။ ရဲစခန်းများနှင့် ရဲကင်းများတွင် သတ်မှတ်ထားသော အမည်စာရင်းကို ရာထူးအဆင့်အတန်းအလျောက်(အုပ်ချုပ်ရေး ဓ၁)ပုံစံတွင်ထည့်သွင်းရမည်။ ဤအလုပ်ဝတ္တရားခွဲဝေခြင်းမှတ်ပုံတင်စာအုပ်ကို"အရပ်ရပ်နေ့စဉ်မှတ်တမ်း"စာအုပ်အပိုင်းတစ်ခုကဲ့သို့မှတ်ယူပြီး ယေဘုယျကော်တိုင်း၏ အောက်ခြေတွင် ရေးသွင်းသူအရာရှိက လက်မှတ်ရေးထိုးရမည်။ ၄င်းမှတ်ပုံတင်စာအုပ်ကို ရေးသားရာတွင် အောက်ပါနည်းလမ်းများအတိုင်း လိုက်နာရေးသွင်းရမည်-

(က) အဆင့်ခွဲခြား၍ ရေးသွင်းနည်း။ ရဲစခန်းအရာရှိမှ တပ်ကြပ်ကြီးအဆင့်ထိခွဲခြားစာမျက်နှာတွင် ရာထူးအစဉ်အလိုက်ရေးသွင်းပြီး တပ်ကြပ်အဆင့်မှ တပ်သားအဆင့်အထိ သီးခြားစာမျက်နှာတွင် ရာထူးအဆင့်အလိုက်တပ်ဖွဲ့ဝင်များ၏ကိုယ်ပိုင်အမှတ်နှင့်ယှဉ်တွဲ၍ ရေးသွင်းရမည်။

(ခ) ရေးသွင်းပုံနည်းလမ်းများ။ အလုပ်ဝတ္တရားခွဲဝေခြင်းမှတ်ပုံတင်စာအုပ်ကို အောက်ပါနည်းလမ်းများအရ ရေးသွင်းရမည်-

(၁) တပ်ဖွဲ့ဝင်အရာရှိများနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်တစ်ဦးသျှင်မျဉ်းကြောင်း ၂ကြောင်းထားရှိရမည်။အထက်မျဉ်းကြောင်းတွင် နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ (နေ့)အလုပ်

ဝတ္တရားများကို ဖော်ပြသည်။ အောက်မျဉ်းကြောင်းတွင် ညနေ ၆နာရီမှ နံနက် ၆ နာရီထိ (ည)အလုပ်ဝတ္တရားများကိုဖော်ပြရမည်။

(၂) ရုံးစာရေးသည် နံနက်နှင့်ညနေတန်းစီအမည်စာရင်းခေါ်ရာနှင့်အလုပ်ဝတ္တရားများ ခွဲဝေချထားရာတွင် ဤမှတ်ပုံတင်စာအုပ်ကို ကြည့်ရှု၍ ဆောင်ရွက်ရမည်။

(၃) အောက်ဖော်ပြပါ အိုဒီ(၉)တွင်အကွာရာများနှင့်ဖော်ပြထားကိုသည့် သီးသန့်အလုပ်ဝတ္တရားများကိုဆောင်ရွက်နေသည့်အခါမှတစ်ပါး တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်အား အမည်စာရင်းခေါ်သည့်အခါ ရုံးခန်းနှင့်ရဲကင်းတွင်ရှိနေကြောင်းကို ဤကဲ့သို့(✓)ဖော်ပြထားရမည်။

(၄) ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အမည်စာရင်းခေါ်ရာတွင် ပျက်ကွက်လျှင် "မ"ဟုဖော်ပြနေသားရမည်။

(၅) တပ်ဖွဲ့ဝင်တစ်ယောက်သည် မကျန်းမာသောကြောင့် ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသခံနေရပါက "ဆ"ဟုဖော်ပြရမည်။

(၆) တပ်ဖွဲ့ဝင်တစ်ယောက်သည် သာမန် မကျန်းမာ၍ မိမိနေအိမ်တွင်နားနေရပြီးတန်းစီမလာနိုင်ပါက "န"ဟုဖော်ပြရမည်။

(၇) သာမန်ရှောင်တခင်ခွင့် ခံစားနေသောကြောင့် တန်းစီရာသို့ လာရောက်ခြင်း မပြုနိုင်ပါက "ခ"ဟု ရေးသားဖော်ပြရမည်ဖြစ်ပြီး လုပ်သက်ခွင့်ခံစားနေသူတို့အား အမည်စာရင်းခေါ်ရာတွင် နေ့စဉ်မှတ်သားခြင်းမပြုဘဲ "အခွင့်"ဟုဖော်ပြရမည်။

(၈) တပ်ဖွဲ့ဝင်တစ်ဦးသည် အလုပ်တာဝန် ဆောင်ရွက်နေရ၍ တန်းစီအမည်စာရင်းခေါ်ရာသို့ မလာရောက်နိုင်သောအခါ အောက်ပါအတိုင်းဖော်ပြရမည်–

(ကက) မှုခင်းတပ်ဖွဲ့ဝင်သည် တာဝန်ဝတ္တရားဆောင်ရွက်ရန် အတွက်ရုံးခန်းမှထွက်ခွာသွားခဲ့လျှင် ပထမအမည်

စာရင်းဇေါ်ရာ ရှင်းကြောင်းပေါ်ပြီ ၎င်းတပ်ဖွဲ့ဝင် ရဲစခန်းမှတာဝန်ဖြင့် ထွက်ခွာသွားကြောင်း "အရပ်ရပ်နေ့စဉ်မှတ်တမ်း" တွင်ရေးသား ထားရှိသည့် အမှတ်စဉ်ကိုရေးသားဖော်ပြရမည်။

(၁၀) ရဲစခန်းပြင်ပသို့ လုပ်ငန်းတာဝန်ဖြင့် ထွက်ခွာသွား သောတပ်ဖွဲ့ဝင်သည် ရဲစခန်းသို့ ပြန်လည်ရောက်ရှိ ချိန်၌ အချိန်စာရင်းဇေါ်ရာတွင် တက်ရောက်ရန် ပြန်လည် ရောက်ရှိကြောင်းကို "အရပ်ရပ်နေ့စဉ်မှတ် တမ်း" တွင် ရေးသားဖော်ပြထားရှိသည့်အမှတ်စဉ် ကိုရေးသားဖော်ပြထားရမည်။

(၄) တပ်ဖွဲ့ဝင်များအားတာန်မီ အချိန်စာရင်းဇေါ်ရာတွင် တာဝန် ခွဲဝေချထားသော အလုပ်ဝတ္တရားအမျိုးမျိုးအတွက် အောက် ဖော်ပြပါ အက္ခရာများကို ရေးသားဖော်ပြရမည်။ ၎င်း အက္ခရာများကို (✓) အမှတ်အသားအတွက် အစားထိုး ရေးသားဖော်ပြရမည်–

(ကက) "လ" လုံခြုံရေးဆိုင်ရာ အလုပ်ဝတ္တရားများ။ ဤ အလုပ်ဝတ္တရားများတွင် လမ်းကြောင်းလုံခြုံရေးများ ခိုးရာထားသူတရားခံများရုံးတွင်း ကြပ်မတ်စောင့်ရှောက် ခြင်းများ တရားရုံးတွင် တရားခံလုံခြုံရေးနှင့် တရားခွင်လုံခြုံရေးအတွက် အစောင့်အရှောက်ချ ထားခြင်း၊ ပွဲလမ်းသဘင်နှင့် ပွဲတော်များတွင် လုံခြုံရေးအစောင့်အရှောက်ချထားခြင်းနှင့်အလား တူ နေရာများတွင် အစောင့်အရှောက် အလုပ် ဝတ္တရားချထားသည့် တပ်ဖွဲ့ဝင်များကို ဤ"လ" အက္ခရာဖြင့်ရေးသားဖော်ပြရမည်။

(ခခ) "ဂ"အစောင့်လုံခြုံရေးဝတ္တရားများ။ ရဲစခန်း ဗဟို ကင်း၊ ကင်းမှူးတာဝန် သို့မဟုတ် ကင်းသား တာဝန်ဝတ္တရားဆောင်ရွက်ရသည့်အလုပ်ဝတ္တရား

များကို ဖော်ပြသည်။ အချုပ်သား သို့မဟုတ် အစိုးရ ဘဏ္ဍာငွေကြေးများ ပို့ဆောင်ရာတွင် လုံခြုံရေးတာဝန်ဆောင်ရွက်သည့်တပ်ဖွဲ့ဝင်များကို လည်း ဤအက္ခရာဖြင့်ဖော်ပြသည့်အပြင် အချုပ်သားများ ကျွန်းဆောင်ပြစ်၍ ထောင်ရုံတွင် အတွင်းလုပ်သားအဖြစ်တက်ရောက်ကူသနေရပါကအချုပ်သား လုံခြုံရေးအတွက်တာဝန်ရှိထားခြင်းများကိုလည်း ဤအက္ခရာဖြင့်ဖော်ပြသည်။

(ဂဂ) "ည" အချိန်အလုပ်ဝတ္တရားများ။ ခုံစခန်းနယ်မြေလုံခြုံရေးတရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးအတွက် မြေလျှင်လှည့်ကင်း စက်ဘီးလှည့်ကင်း မော်တော်ယာဉ်လှည့်ကင်း ရေယာဉ်လှည့်ကင်း ရှာဖွေစီးနင်းခြင်းနှင့် ပတ်သက်၍ တာဝန်ရှိထား ဆောင်ရွက်သူ တပ်ဖွဲ့ဝင်များအား ဤ အက္ခရာဖြင့်ဖော်ပြသည်။

(၁၀) လစဉ်လကုန်သောအခါ အထက်ဖော်ပြပါအပိုဒ်(၉)တွင် ဖော်ပြထားသည့် အလုပ်ဝတ္တရားများနေ့စဉ်ကို ပုံစံတွင် ပါရှိသည့် ယေဘုယျအက္ခရာ "၄" "၅" နှင့် "၆" တွင်ဖော်ပြ၍ တပ်ဖွဲ့ဝင်တစ်ဦးသည် မိမိခုံစခန်းတည်ရှိရာ မြို့မှတစ်ပါး အခြားမြို့များတွင် အိပ်သောညပေါင်းကိုယေဘုယျအက္ခရာ "၇" တွင်ဖော်ပြရမည်။ ယေဘုယျ "၇" ၏ခေါင်းစဉ် "တ" အက္ခရာသည် တောသွားသည့်ရက်ကိုဖော်ပြသည်။

(၁၁) နေ့စဉ်တစ်နေ့တာ တာဝန်ကုန်ဆုံးသောအခါ ညအချိန် ခုံစခန်းနယ်မြေလုံခြုံရေး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် လှည့်ကင်းတာဝန်ချထားသော တပ်ဖွဲ့ဝင်တို့၏ စုစုပေါင်းဦးရေကို ဘယ်ဘက်မှာအောက်တွင် သီးခြားဖော်ပြရမည်။

(၁၂) ဤအလုပ်ဝတ္တရားခွဲဝေခြင်းမှတ်ပုံတင်စာအုပ်ကို ကြည့်ရှုခြင်းအားဖြင့် ရဲစခန်းအား လာရောက်စစ်ဆေးသောအထက်အရာရှိတို့သည် ရဲစခန်းတွင်ရှိသောတပ်ဖွဲ့ဝင်များအားတစ်လအတွင်း မည်သည့်နည်းလမ်းများဖြင့် လုပ်ငန်းတာဝန်များချထားကြောင်းကို အလွယ်တကူ သိရှိနိုင်သည်။ ထို့အပြင်အလုပ်တာဝန်ဝတ္တရားများကို တရားသဖြင့် မျှမျှတတ မှန်မှန်ကန်ကန်ခွဲဝေ၍ ဆောင်ရွက်စေခြင်းရှိ/မရှိကိုကိုလည်းစစ်ဆေးကြည့်နိုင်သည်။

## အခန်း(၅၀)

## တရားခံများချုပ်ထားရန် "ရီမန်"အမိန့်တောင်းဆိုခြင်း ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ထားခြင်း

### ချုပ်ထားရန် "ရီမန်"အမိန့်တောင်းဆိုခြင်း

၁၃၄၇။ တရားခံတစ်ဦးဦးကို ဖမ်းဆီးရမိသောအခါ အမှုကို ၂၄ နာရီအတွင်း စုံစမ်း၍မပြီးနိုင်လျှင် ရဲစခန်းမှူးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၆၇) အရ တရားခံကို သက်ဆိုင်ရာတရားသူကြီးထံသို့တင်ပြရမည့်အပြင် ချုပ်ထားရန်အလိုရှိလျှင်လည်းချုပ်ထားရန် "ရီမန်"အမိန့်ကိုတောင်းဆိုရမည်။ "ရီမန်"လျှောက်လွှာကို (ပြစ်မှု ၁၄/ရဲ ၃၂) ပုံစံတွင် ရေးသားပြီး "ရီမန်"လျှောက်ထားတင်သွင်းသည့်နေ့ရက်အထိ အမှုစုံစမ်းစစ်ဆေးရာ ၎င်းအမှုနှင့်ပတ်သက်သော အမှုနေ့စဉ်မှတ်တမ်းများနှင့် အတူတင်သွင်းရမည်။ တရားသူကြီးမှာ လျှောက်လွှာကိုသိမ်းယူထားရှိပြီးလျှင် ၎င်းလျှောက်လွှာအစား တရားသူကြီးတို့ဆိုင်ရာပုံစံ(ပြစ်မှုပုံစံအမှတ် ၇၁)တွင် "ရီမန်"အမိန့်ကိုရေးမှတ်၍ သက်ဆိုင်ရာအရာရှိထံပေးအပ်ရမည်။ တရားသူကြီး သည့်"ရီမန်" အမိန့်ပေးလိုက်ကြောင်းနှင့် မည်သည့်နေ့ရက်အထိ "ရီမန်" ပေးလိုက်ကြောင်းကို နောက်ဆုံးအမှုနေ့စဉ်မှတ်တမ်း၏ကျောဘက်တွင် ရေးမှတ်ရမည်။

၁၃၄၈။ ရဲတပ်ဖွဲ့ဝင်တို့သည်တရားသူကြီးတို့၏"ရီမန်"အမိန့်(ပြစ်မှုပုံစံအမှတ်၇၁) ကို တရားခံအား ချုပ်ထားရန် အခွင့်အမိန့်အဖြစ်နှင့် ထိန်းသိမ်း၍ ဖိုင်တွဲပြုလုပ်ထားရမည်။ တရားခံကိုချုပ်ထားရန် "ရီမန်" အမိန့် ကို ချုပ်ထား ရမည့် ကာလ

အပိုင်းအခြား ရောက်နေသည့်အခါဖြစ်စေ၊ တရားခံကို အချုပ်မှ လွှတ်သည့်အခါဖြစ်စေ မည်သို့အတည်ပြုလုပ်ကြောင်းကို ရဲတပ်ဖွဲ့ဝင်တို့က ထပ်ဆင့်ရေးသား၍ အမိန့်ထုတ်ဆင့်ထားသော တရားသူကြီးထံသို့ ပြန်ပို့ရမည်။ တရားခံကို စစ်ဆေးရန် တင်ပို့သောအခါ စစ်ဆေးစီရင်ပိုင်ခွင့် အာဏာရ တရားသူကြီးထံသို့ တရားခံနှင့်အတူပို့ရမည်။ ရဲဆိုင်ရာအမှုတွဲများနှင့်အတူ "ရီမန်"အမိန့်ကို ပူးတွဲထည့်ရမည်။

၁၃၄၉။ "ရီမန်"တောင်းဆိုသည့်အခါ တရားလိုမှစ၍ သက်သေများကိုပါ တရားရုံးသို့တင်ပို့ရန်မလို။ "ရီမန်"အမိန့်မချမီ တရားသူကြီးက သက်သေများကို စစ်ဆေးလိမ့်မည်မဟုတ်။ ရဲစခန်းမှူးက "ရီမန်"အမိန့် တောင်းသည့်နေ့အထိ မည်သည့်အတွက်တောင်းကြောင်းဖော်ပြသည့် ၎င်းအမှုနှင့်ဆိုင်သော အမှုနေ့စဉ်မှတ်တမ်းများကိုသာ တင်ပို့ရန်လိုသည်။ တရားသူကြီးကလည်း ဤကဲ့သို့ ဖော်ပြပါရှိသည့်အကြောင်းအရာများကို ကျေနပ်လျှင် "ရီမန်"အမိန့်ချမှတ်လိမ့်မည်။ သို့ရာတွင် တရားခံကို တရားသူကြီး၏ရှေ့သို့ ယူဆောင်လာခြင်းမပြုမီအတွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ အရ "ရီမန်"အမိန့်ကို ချမပေးနိုင်။

၁၃၅၀။ အမှုနေ့စဉ်မှတ်တမ်းမှာ လျှို့ဝှက်အပ်သည့် စာတမ်းအမှတ်အသားဖြစ်သည်။ အမှုစုံစမ်းစစ်ဆေးခြင်းကို ပျက်ပြားစေမည်ဖြစ်သော နေ့စဉ်မှတ်တမ်းပါ အချက်များကို ပေါက်ကြားခြင်းမရှိစေရန် တရားခံကို တရားသူကြီးရှေ့သို့ တင်ပို့သည့် ရဲအရာရှိသည် "ရီမန်"တောင်းခံသောလျှောက်လွှာနှင့်အတူ "အမှုနေ့စဉ်မှတ်တမ်း" တစ်စောင်ကို တရားသူကြီးထံ ကိုယ်တိုင်ပေးရမည်။ တရားသူကြီးသည် အမိန့်ချမှတ်ပြီးနောက် ၎င်းစာတမ်းအမှတ်အသားများကို ၎င်းရဲအရာရှိထံသို့ ပြန်၍ ပေးအပ်ရမည်။

၁၃၅၁။ ရဲအရာရှိတို့အား အမှုစုံစမ်းစစ်ဆေးခြင်း ပြည့်စုံပြီးစီးနိုင်ရန် "ရီမန်" အမိန့်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ အရ ပေးအပ်ထားသည်။ သက်သေများမလာရောက်သည်ကို အကြောင်းပြ၍ ၎င်းရဲအရာရှိတို့က "ရီမန်"အမိန့်များကို မတောင်းခံရ။ အမှုစုံစမ်းစစ်ဆေးပြီးလျှင်ပြီးခြင်း တရားခံကို တရားသူကြီးထံတင်ပို့ရမည်။ သက်သေမလာရောက်၍ဖြစ်စေ အခြားလုံလောက်သည့်အကြောင်းကြောင့်ဖြစ်စေ တရားသူကြီးက အမှုကို မစစ်ဆေးနိုင်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၄ အရ စစ်ဆေးစီရင်ရန် ရက်ရွှေ့ဆိုင်းလိမ့်မည်။

"ရိမန်"အမိန့်မှာ တရားရုံးစိုက်ရာမြို့ရှိ အချုပ်ခန်းတွင် ချုပ်ထားရမည်ဖြစ်သော်လည်း ထိုမြို့တွင်အကျဉ်းထောင်ရှိက အကျဉ်းထောင်တွင်ချုပ်ထားရမည်။ ပြစ်မှုကျူးလွန်ကြောင်း ဖြောင့်ချက်ပေးသောတရားခံ သို့မဟုတ် ဖြောင့်ချက်ပေးမည်ဟု ပြောဆိုပြီးမှ ငြင်းဆိုသူတို့အတွက် အချုပ်"ရိမန်"အမိန့်များ အကြောင်းမှာ အပိုဒ်(၁၆၉၉)တွင်ပါရှိသည်။ ဥပမာအားဖြင့် ခိုးရာပါပစ္စည်းကို တရားခံညွှန်ပြနိုင်မည် သို့မဟုတ် အမှုတစ်စုံတစ်ရာကို ပေါ်ပေါက်အောင်အထူးကူညီနိုင်မည် သို့မဟုတ် အခြားပြစ်မှုကျူးလွန်သူတို့ကို စီရင်ခွင့်ရှိအောင်ပြုလုပ်နိုင်မည်ဟု ယုံကြည်ရန်အကြောင်းရှိ၍ အမှန်အလိုရှိသည့်အခါမှတစ်ပါး အချုပ်ခန်း၏လုံခြုံစိတ်ချရမှု မရှိသည့်ရဲစခန်း ရဲကင်း သို့မဟုတ် အခြားနေရာတစ်စုံတစ်ရာတွင် ချုပ်ထားခြင်းကိုခွင့်ပြုမည်မဟုတ်။ အမှုအသီးသီးတွင် တရားခံကို ချုပ်ထားရန်နေရာကို တရားသူကြီးအမိန့်နှင့် ဝရမ်းစာတွင် သတ်မှတ်ဖော်ပြလိမ့်မည်။ "ရိမန်"အမိန့်နေ့ရက်စေ့ကုန်သည့်အခါ တရားခံကို "ရိမန်"အမိန့်နှင့်တကွ စီရင်ခွင့်အာဏာရ တရားသူကြီးထံတင်ပို့ရန်မှာ ရဲတပ်ဖွဲ့ဝင်တို့၏ ဝတ္တရားဖြစ်သည်။

## ဝရမ်းမပါဘဲ ဖမ်းဆီးရမိသူတို့ မှတ်ပုံတင်၊ မှတ်ပုံတင်(၅)

၁၃၅၂။ ဝရမ်းမပါဘဲ ဖမ်းဆီးမှုအရပ်ရပ်ကို (ပြစ်မှု ၉/ရဲ ၃၃) ပုံစံနှင့်သက်ဆိုင်ရာတရားသူကြီးထံ ချက်ချင်းအစီရင်ခံရမည်။ ထိုသို့အစီရင်ခံခြင်းသည် ဖမ်းဆီးချုပ်နှောင်ခြင်းနှင့်စပ်လျဉ်း၍ မတရားဖမ်းဆီးချုပ်နှောင်ခဲ့ခြင်းမရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၆၂ ကို လိုက်နာ၍ ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အစီရင်ခံသော ပုံစံကို သက်ဆိုင်ရာတရားသူကြီးက ဖိုင်တွဲပြုလုပ်ထားလိမ့်မည်။ အကြောင်းအရာပြဇယားကွက်တွင် ရေးသွင်းရန်လိုသည့်အချက်မှာ တရားခံကို အာမခံနှင့်ချက်ချင်းလွှတ်သည့်အခါတွင်သာ ရေးသွင်းရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၉ ကို သတိပြုရမည်။ ပြစ်မှုကျူးလွန်သူကို ရဲကဖမ်းဆီးသည် သို့မဟုတ်အခြားသူတစ်ဦးတစ်ယောက်ကိုပြည်သူလူထုကဖမ်းဆီးသည်ကို နေ့ရက်အချိန်နာရီနေရာနှင့်တကွ သီးခြားဖော်ပြရမည်။ ပုံစံတွင် ဖမ်းဆီးခံရသူ တရားခံဖေား၍ တရားခံ၏အမည်နှင့်ယှဉ်တွဲ၍ နှစ်စမှပေးထားသော အမှတ်စဉ်အတိုင်း ဖော်ပြရပြီး နှစ်ကုန်ဆုံး၍ နှစ်ချုပ်စာရင်းကောက်ယူသောအခါ နောက်ဆုံးအမှတ်စဉ်ကိုမှတ်ယူခြင်းဖြင့် စုစုပေါင်းဖမ်းဆီးသည့်တရားခံဦးရေကို အလွယ်တကူသိရှိနိုင်သည်။ ဤမှတ်ပုံတင်ပုံစံစာရွက်၏အောက်ဆုံးတွင် ဖမ်းဆီးခြင်းနှင့်ပတ်သက်၍

အခြားဆက်စပ်ရေးသွင်းရသော မှတ်ပုံတင်အညွှန်းများနှင့် တရားခံကို ဖမ်းဆီးပြီးနောက် အာမခံနှင့်လွှတ်သည့်အကြောင်းအရာများကို ရေးသားဖော်ပြရမည်။

## ဖမ်းဆီးရမိသူတို့အားချုပ်နှောင်ထားခြင်း

၁၃၅၃။ ဝရမ်းမပါဘဲ ဖမ်းဆီးရမိသူတို့ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၆၁ အရ သက်ဆိုင်ရာတရားသူကြီးရှေ့ ယူဆောင်တင်ပို့ခြင်းမရှိဘဲ ၂၄ နာရီထက်ပို၍ ချုပ်ထားခွင့်မရှိ။ ဝရမ်းအရဖမ်းဆီးရမိသူတို့အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၁ အရ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ တရားသူကြီးထံတင်ပို့ရမည်။

၁၃၅၄။ ဖမ်းဆီးခြင်းအကြောင်းဖြစ်သော ပြစ်မှုမှာ အာမခံပေးခွင့်ရသည့် ပြစ်မှုဖြစ်လျှင် ဖမ်းဆီးခြင်းခံရသူက အာမခံနှင့်လွှတ်ပါမည့်အကြောင်းနှင့် ချက်ချင်းတောင်းဆိုခွင့်ရသည်။ သေဒဏ်ဖြစ်စေ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ စီရင်ထိုက်သည့် ပြစ်မှုမျိုးမဟုတ်သည့် အခြားအာမခံပေးခွင့်မရသော ပြစ်မှုများတွင် ရဲစခန်းမှူးကသင့်လျော်သည်ဟုထင်မြင်သောအမှုများကိုအာမခံနှင့်လွှတ်ခွင့်ရှိသည်။ဖမ်းဆီးသူရဲအရာရှိက အာမခံကိုလက်ခံနိုင်ခွင့် အာဏာမရလျှင် တရားခံကို အနီးဆုံး အရပ်ရှိရဲစခန်းသို့ချက်ချင်းယူဆောင်ရမည်။(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ -၆၀ နှင့် ၄၉၆)

၁၃၅၅။ အာမခံပေးနိုင်သော ပြစ်မှုအတွက် ဝရမ်းမပါဘဲဖမ်းဆီးထားသူအား ရဲစခန်းမှူးကဖြစ်စေ ရဲတပ်ကြပ်ကြီးထက်မနိမ့်သော အမှုစစ်ရဲအရာရှိကဖြစ်စေ အာမခံပေးနိုင်သည်။ ဝရမ်းနှင့်ဖမ်းဆီးထားသူဖြစ်ပါက ဝရမ်းကို အတည်ပြုမည့်ရဲအရာရှိက ဝရမ်းစာတွင်အာမခံပေးရန်ဖော်ပြထားလျှင် အာမခံပေးနိုင်သည်။ {ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၆ ၊ ၇၆ ၊ ၇၉ }

**မှတ်ချက်**။ အာမခံပေးခွင့်ရှိခြင်း/ မရှိခြင်းမှာ နောက်ဆုံးပြင်ဆင်သည့်ဥပဒေနှင့် အညီသာလျှင်ဖြစ်သည်။

၁၃၅၆။ အမှုစစ်အရာရှိမှတစ်ပါး မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို တစ်ဦးတစ်ယောက်အား ဖမ်းဆီးသောအခါ ဖမ်းဆီးခံရသူကို ရဲစခန်းမှူးထံသို့ချက်ချင်းပို့ရမည်။ ရဲစခန်းမှူးက အဆက်အပိုဒ်များတွင် ဖော်ပြထားရှိသည့်အတိုင်း ဆောင်ရွက်လိမ့်မည်။

၁၃၅၇။ "ရီမန်"အမိန့်ခံယူရန် သို့မဟုတ် နိုင်ငံတော်အစိုးရ၏ အမိန့်နှင့်ဖြစ်စေ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ အမိန့်နှင့်ဖြစ်စေ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်နှင့်ဖြစ်စေ အကျဉ်းသားများအား လွှဲပြောင်းသည့် အခါများတွင်မှတစ်ပါး ဤကဲ့သို့လွှဲပြောင်းစေရန်ဆင့်ဆိုသည့် သက်ဆိုင်ရာတရားသူကြီး သို့မဟုတ် တရားဥပဒေနှင့်အညီ အခွင့်အာဏာရ အခြားအရာရှိ၏ အမိန့်စာ သော်လည်းကောင်း ဝရမ်းစာသော်လည်းကောင်းမရှိဘဲ မည်သည့်တရားခံ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ပြီးသူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခရိုင်တစ်ခုမှ တစ်ခုသို့ဖြစ်စေ မြို့နယ်တစ်ခုမှတစ်ခုသို့ဖြစ်စေ အချုပ်နှင့်လွှဲပြောင်းမပို့ရ။

၁၃၅၈။ ဆိုခဲ့သည့်အတိုင်းလွှဲပြောင်းပေးရန်အမိန့်စာတွင် အောက်ပါအချက်များ ပါဝင်စေရမည်–

(က) တရားခံ၊ အကျဉ်းသားအမည်။

(ခ ) မည်သည့်အရပ်မှ မည်သည့်အရပ်သို့လွှဲပြောင်းပေးပို့ကြောင်း။

(ဂ ) မည်သူ့ထံလွှဲအပ်ရမည့်အကြောင်း။

(ဃ) တစ်နေ့စားစရိတ်မည်မျှဖြစ်ကြောင်း။

(င ) လွှဲပြောင်းယူဆောင်ရမည့်နည်းလမ်း။

(စ ) တရားခံ အကျဉ်းသားနှင့်အတူ ပေးပို့သောပစ္စည်းများ။

(ဆ) အမိန့်ချမှတ်ရာတွင် လိုက်နာကိုးကားသည့်ဥပဒေ။

(ဇ ) အမိန့်ချမှတ်သူအရာရှိ၏လက်မှတ်။

၁၃၅၉။ အာမခံပေးခွင့်မရသော ပြစ်မှုတစ်ခုခုကို အခြားမြို့နယ်တစ်ခုတွင် ကျူးလွန်ခဲ့သည်ဟု မသင်္ကာသူတစ်ဦးအား ထိုမြို့နယ်မှ အမှန်တကယ်အလိုရှိမရှိ မေးမြန်းခြင်းမပြုဘဲပေးပို့လိုက်ပါက အမှုဖြင့်အလိုမရှိ၍ ထိုမြို့နယ်တွင်လွှတ်ခဲ့ရလျှင် တရားခံမှာ မိမိနေရပ်ပြန်ရန် ငွေကြေးမရှိ၍ ပြစ်မှုကို ထပ်မံကျူးလွန်နိုင်သောကြောင့် အောက်ပါအတိုင်းလိုက်နာရမည်–

(က) ပြစ်မှုတစ်ခုကို အခြားခရိုင်တစ်ခုတွင်ကျူးလွန်ခဲ့ကြောင်းမသင်္ကာသူကို ဖမ်းဆီးရမိသည့်အခါ ရဲစခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူး

ခရိုင်ရဲတပ်ဖွဲ့မှူးတို့ထံတင်ပြ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက ဖမ်းဆီးရမိသူကျူးလွန်ခဲ့ရာ မြို့နယ်သို့သင့်ရာနည်းဖြင့်အမြန်ဆုံးဆက်သွယ်အကြောင်းကြားရမည်။

(ခ) ထိုအကြောင်းကြားချက် လက်ခံရရှိသော မြို့နယ်ရဲတပ်ဖွဲ့မှူးသည် မိမိမြို့နယ်အတွင်း စစ်ဆေးမေးမြန်းသင့်သည်များကို ချက်ချင်းစစ်ဆေးမေးမြန်းပြီးနောက်–

(၁) စစ်ဆေးမေးမြန်းခြင်းကို ၄၈ နာရီအတွင်း ပြီးစေနိုင်လျှင် မူလအကြောင်းကြားသည့် အရာရှိထံ အမှုဖြင့်အလိုရှိသည်/မရှိသည်ကို ပြန်ကြားရမည်။

(၂) စစ်ဆေးခြင်း ၄၈ နာရီအတွင်းမပြီးနိုင်လျှင်နောက်ထပ်အကြောင်းမကြားမချင်းအာမခံနှင့်လွှတ်ထားရန်အမြန်ဆုံးပြန်ကြားရမည်။

(ဂ) အထက် အပိုဒ် (ခ) (၂)တွင် ဖော်ပြထားသည့် ပြန်ကြားချက်ရရှိပါက အာမခံပေးနိုင်သောအမှုဖြစ်လျှင် အာမခံပေးထားပြီး မပေးနိုင်ကအချုပ်နှင့်ထားရမည်။

(ဃ) တရားခံကိုအလိုရှိသော မြို့နယ်ရဲတပ်ဖွဲ့မှူးသည် လုံလောက်သော အစောင့်ရောက်တို့နှင့်အတူ ဖမ်းဆီးရမိသူအား အမြန်ဆုံးသွားရောက်ခေါ်ယူရန် မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ၄င်းတရားခံအမှုဖြင့် အလိုမရှိကြောင်း ပြန်ကြားလာလျှင် အချုပ်မှလွှတ်၍ ၄င်း၏ခံဝန်ချုပ်ကို ပယ်ဖျက်နိုင်ရန် သက်ဆိုင်ရာ တရားသူကြီးထံ ပို့ရမည် (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ –၁၇၃)

(င) တရားခံကို အလိုရှိသောခရိုင်သို့ လွှဲအပ်ပြီးနောက် ၄င်းအပေါ်စွဲဆိုသည့် အမှုကို "မှားယွင်းမှု" သို့မဟုတ် "လီဆယ်မှု" အဖြစ် ပိတ်သောတရားခံကို သတ်မှတ်ထားသည့်စားစရိတ်နှင့် မူလနေရပ်သို့ပြန်ရန် ခရီးစရိတ်ပေးရမည်။

၁၃၆၀။ တရားခံများကို အချုပ်နှင့်စစ်ဆေးစီရင်ရန် တင်ပို့သည့်အခါဖြစ်စေ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသည့်အခါဖြစ်စေ တတ်နိုင်သမျှ မီးရထား၊ ရေယာဉ် သို့မဟုတ် မော်တော်ယာဉ်များဖြင့် လုံခြုံစွာပို့ဆောင်ရမည်။ လာရောက်ခေါ်ဆောင်သူ မြို့နယ်ရဲတပ်ဖွဲ့မှူး/ရဲအရာရှိတို့သည် တရားခံများကို ဖမ်းဆီးထားသည့် မြို့နယ်ရဲတပ်ဖွဲ့မှူး/ရဲအရာရှိတို့နှင့် လုံခြုံရေးကိစ္စအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၁၃၆၁။ တရားဥပဒေနှင့်ဆန့်ကျင်ပြီး တစ်စုံတစ်ယောက်သောသူကို အဂတိလိုက်စား၍ဖြစ်စေ မလိုမုန်းထား၍ဖြစ်စေ ချုပ်ထားလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၀ နှင့် ၃၄၂ အရဖြစ်စေမြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရဖြစ်စေ အရေးယူခြင်းခံရမည်။

၁၃၆၂။ ရဲအချုပ်တွင်ချုပ်ထားသူတို့ကို ချုပ်ထားသည်မှာတရားဥပဒေနှင့်ညီမညီ သိရှိရန်အလို့ငှာ ၎င်းတရားခံများချုပ်ထားရာနေရာများကို ကြည့်ရှုစစ်ဆေးရန် တရားရုံးချုပ်တရားသူကြီးများနှင့် ပြည်နယ်/တိုင်းတရားသူကြီးများကို အခွင့်အာဏာ ပေးအပ်ထားသည်။

## ကိုယ်တွင်ရှာဖွေခြင်း

၁၃၆၃။ အာမခံပေးခွင့်ရသည့် ပြစ်မှုကျူးလွန်သည့်စွပ်စွဲချက်နှင့် တစ်စုံတစ်ယောက်သောသူကို ဖမ်းဆီးရမိလျှင်ရမိချင်း ၎င်း၏ကိုယ်တွင် သေချာစွာရှာဖွေရမည်။ ဤကဲ့သို့ရှာဖွေရာတွင် တတ်နိုင်သည့်အခါတိုင်း ရဲတပ်ဖွဲ့နှင့်မသက်ဆိုင်သော သက်သေ ၂ ဦးတို့ရှေ့တွင်ရှာဖွေရမည်။ ၎င်းသက်သေများကို မရရှိနိုင်သည့်အခါတိုင်း မရနိုင်ကြောင်းကို "အမှုနေ့စဉ်မှတ်တမ်း" တွင်ဖော်ပြရမည်။

၁၃၆၄။ မိန်းမတို့၏ ကိုယ်တွင်ရှာဖွေသည့်အခါ မိန်းမချင်းရှာဖွေရမည်။ ကာယိန္ဒြေကိုလည်း ကြပ်တည်းစွာ စောင့်စည်းရှာဖွေစေရမည်။(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ –၅၂)

၁၃၆၅။ ပြစ်မှုမှာ အာမခံပေးခွင့်ရသည့်ပြစ်မှုဖြစ်သော်လည်း အချုပ်သားက အာမခံပေးနိုင်လျှင် လိုက်နာဆောင်ရွက်ရန်နည်းလမ်းမှာ ၎င်းပြစ်မှုသည် အာမခံပေးခွင့်မရသည့် ပြစ်မှုကဲ့သို့ဖြစ်စေရမည်။

၁၃၆၆။ ရှာဖွေခြင်းခံရသူ၏ကိုယ်တွင်တွေ့ရှိသည့် (ဝတ်ဆင်ရမြဲအဝတ်တန်ဆာ မဟုတ်သည့်) ပစ္စည်းအရပ်ရပ်တို့ကို အချုပ်သားထံမှယူပြီးလျှင် မမှားမယွင်းစေရန် သေချာစွာမှတ်သား၍ စက္ကူအမှတ်စွဲကပ်ပြီးနောက် သက်သေခံပစ္စည်းထည့်ရန် သေတ္တာတွင်ထည့်သွင်းထားရမည်။ အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် စာရင်းအကျဉ်း ချုပ်ရေးသွင်း၍ မှတ်ပုံတင်(၃၂)တွင် စာရင်းအသေးစိတ် တစ်ခု ပြုလုပ် ရေးသားထည့်သွင်းရမည်။ ၎င်းနောက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၄ အရ တရားသူကြီး၏ အမိန့်ကို ရယူရမည်။ {ရဲလက်စွဲ ဒုတိယတွဲ အပိုဒ် (၁၅၉၇)}

## အချုပ်တရားခံတို့ကိုချုပ်ထားခြင်း

၁၃၆၇။ ရဲစခန်းသို့ရောက်ရှိသည့်အခါ အချုပ်သားတို့ကို အာမခံနှင့်မလွှတ်လျှင် ၎င်းတို့၏ကိုယ်တွင် ရှာဖွေပြီးနောက် အချုပ်ခန်းတွင် ချက်ချင်းထားရမည်။ ရဲစခန်း အဆောက်အဦအတွင်း မည်သည့်နေရာ၌မဆို မည်သည့်အကြောင်းနှင့်မျှ လွတ်လပ် စွာနေထိုင်ခွင့်မပြုရ။ အထူးအကြောင်းကိစ္စ ရုတ်တရက်ပေါ်ပေါက်သည့်အကြောင်း မျိုးရှိသည့်အခါမှတစ်ပါး နေဝင်ပြီးနောက် မည်သည့်အကျဉ်းသားကိုမျှ အချုပ် ဆောင်မှ ထွက်ခွင့်မပြုရ။ ထိခိုက်သည့်ဒဏ်ရာဒဏ်ချက် ရှိသည့်အချုပ်သား သို့မဟုတ် မကျန်းမမာသည့်အချုပ်သားတို့ကို တတ်နိုင်သည့်အခါတိုင်း မြို့နယ် ဆိုင်ရာ ဆေးရုံသို့မပို့ဘဲ အကျဉ်းထောင်ဆိုင်ရာဆေးရုံသို့ ကုသရန်ပို့ရမည်။ ဤကဲ့သို့ပို့ရန် ဝရမ်းစာကိုလည်း တရားသူကြီးထံ တောင်းခံရမည်။

၁၃၆၈။ ရဲစခန်းအချုပ်တွင်ရှိသော စစ်ဆေးစီရင်ဆဲ မိန်းမတရားခံတို့ကို အုပ်ထိန်းစီမံမှုပြုရာတွင် အောက်ပါနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ရဲတပ်ဖွဲ့မှ ဖမ်းဆီးခြင်းခံရသော မိန်းမတစ်ယောက်သည် ထွက်ပြေး တိမ်းရှောင်မည်ဟု ထင်မြင်ရန်အကြောင်းရှိခြင်းနှင့် ခံဝန်သူမပေးနိုင်ခြင်းကြောင့်မှတစ်ပါး ဥပဒေက ခွင့်ပြုသော အရပ်ရပ်အမှုများတွင်ခံဝန်သူနှင့်ဖြစ်စေ သို့မဟုတ် ခံဝန်သူ မပါ ဘဲဖြစ်စေ အာမခံဖြင့်လွှတ်ထားရမည်။

(ခ) အကယ်၍ မိန်းမတရားခံကို အာမခံနှင့်မလွှတ်လျှင် တတ်နိုင်ခဲ့သော် မိန်းမများကိုထားရန်သင့်လျော်သော နေရာထိုင်ခင်းရှိသည့် အနီးဆုံးအကျဉ်းထောင်သို့ပို့ရမည်။

(ဂ) အကယ်၍ အကျဉ်းထောင်သို့ချက်ချင်းပို့ရန် အခက်အခဲရှိခဲ့သော် ရဲစခန်းမှူးသည် အမျိုးသမီးအစောင့်အရှောက်ဖြင့် ထွက်ပြေးလွတ်မြောက်ခြင်းမရှိစေရန် အောက်ပါစာပိုဒ်ခွဲ (ဃ)ပါအတိုင်း စီစဉ်ဆောင်ရွက်ရမည်။

(ဃ) အကယ်၍ မိန်းမတရားခံကို အချုပ်ခန်းတွင်ချုပ်ထားသည့်အခါ-

(၁) မိန်းမတရားခံကို အချုပ်တရားခံတို့နှင့်ခွဲထားသော အခြားအခန်းကလေးတွင် ချုပ်ထားရမည်။ အကယ်၍ အခန်းကလေးများ သီးသန့်မရှိခဲ့သော် ၄င်းအခန်းကလေးတွင် အချုပ်တရားခံတစ်ဦးတစ်ယောက်အား ချုပ်ထားပြီးဖြစ်ခဲ့သော် မိန်းမတရားခံကို အခန်းအပြင်ဘက်၌ ထားရမည်။

(၂) အကာအကွယ်ရှိစေခြင်းငှာ ကန့်လန့်ကာဖြစ်စေ အခြားအရာဖြစ်စေ ကာပေးရမည်။

(၃) ကျင်ကြီးကျင်ငယ်စွန့်ရန်နေရာကို ကောင်းစွာစီမံ၍ ပေးရမည်။

(၄) အကယ်၍အချုပ်ခန်းတွင် အခြားမိန်းမတရားခံများမရှိခဲ့ပါမူ ရဲစခန်းတွင်နေ၍စောင့်အိပ်ရန် အသက်ကြီးပြီး သိက္ခာနှင့်ပြည့်စုံသည့် မိန်းမ ၂ ယောက်ကို စောင့်ကြပ်စေရမည်။

၁၃၆၉။ အမျိုးသမီးတရားခံအား ချုပ်ထားသည့်အတွက်ကုန်ကျသည့် စောင့်ကြပ်စရိတ်ကို ငွေစာရင်းခေါင်းစဉ်အမှတ် ၀၃၀၁ လုပ်အားအတွက်ကုန်ကျစရိတ်မှ ကျခံပြီး ၄င်းတို့အားကျွေးမွေးရသည့် ကုန်ကျစရိတ်ကို ငွေစာရင်းခေါင်းစဉ်အမှတ် ၀၃၁၄ အစားအစာရိက္ခာခေါင်းစဉ်မှ ကျခံရမည်။

၁၃၇၀။ ရဲစခန်းအချုပ်ခန်းတွင် အချုပ်ခံလျက်ဖြစ်စေ တရားရုံးသို့ (အချုပ်နှင့်) ပို့ဆောင်ခြင်းခံရလျက်ဖြစ်စေ နေရသူအချုပ်တရားခံတို့ကို ကောင်းစွာ စောင့်ရှောက်

ကျွေးမွေးပြီးလျှင် နေ့စဉ်ရေချိုးခွင့်ပြုရမည်။ ၎င်းတို့ကို လွတ်ထွက်၍ မပြေးနိုင်အောင် အကျဉ်းအကျပ်ထားသင့်သည်ထက်ပို၍ ကျဉ်းကျပ်စွာမထားရ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၀)။ ထပ်မံချုပ်ထားရန် "ရိမန်"အမိန့် အရ ရက်ဆေါင်းကြာမြင့်စွာ အချုပ်ခန်းတွင်ချုပ်ထားသူတို့ကို လေကောင်းလေသန့်ရရှိ စေရန်နှင့် အညောင်းအညာပြေစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။ အချုပ်တရားခံ တို့ကို အညောင်းအညာပြေစေရန် · သင့်လျော်သောအချိန်မှာ ကင်းသစ်ကင်းဟောင်းလဲလှယ်ပြီးစီးသောအချိန်ဖြစ်သည်။ ၎င်းအခါ၌ ရှိရင်းကင်းသစ်အဖွဲ့အပြင် ကင်းဟောင်းအဖွဲ့ကိုလည်း အသုံးပြု၍ ကင်း ၂ ဖွဲ့စလုံးတို့အား အချုပ်တရားခံများကို စောင့်ကြပ်ရန်တာဝန်ပေးနိုင်သည်။

၁၃၇၁။ ရဲစာရေးသည် နံနက်တိုင်း အချုပ်ခန်းတွင်သောက်ရေအသစ်လဲလှယ်စေခြင်း အချုပ်ခန်းကို တံမြက်လှဲစေခြင်း မိလ္လာပုံးတို့ကိုထားရှိစေ၍ အညစ်အကြေးတို့ကိုစွန့်ပစ်သည့်အချိန်၌ ထုတ်စွန့်စေခြင်း အနံ့အသက်ပျောက်စေသည့်ဆေးရည်သို့မဟုတ် ဆေးမှုန့်တို့ကို လုံလောက်စွာထုတ်ပေးခြင်းတို့ကို ပြုလုပ်စေရန် တာဝန်ရှိသည်။

## အချုပ်ထောင်မှတ်ပုံတင်၊ မှတ်ပုံတင်(၆)

၁၃၇၂။ အချုပ်ထောင်မှတ်ပုံတင်စာအုပ်( ပြစ်မှု ၄၂ /ရဲ ၆၃) ပုံစံမှာ အချုပ်ခန်းတွင် တရားခံများကို လက်ခံချုပ်ထားခြင်းသော်လည်းကောင်း အချုပ်ခန်းတွင် ဖမ်းဆီးချုပ်ထားသောတရားခံများ ပြန်လည်ထွက်ခွာသွားခြင်းတို့ကိုသော်လည်းကောင်း အချုပ်ခန်းတွင် ဖမ်းဆီးချုပ်ထားစဉ် အချိန်ကာလအတွင်း ထမင်းကျွေးသည်ဖြစ်စေ မကျွေးသည်ဖြစ်စေ မှတ်သားထားရှိနိုင်ရန်ဖြစ်သည်။ အချုပ်တရားခံသည် ရဲစခန်းအချုပ်တွင်ရှိနေသည့်ကာလအတွင်း အချုပ်တရားခံများကို ရွှေ့ပြောင်းသွားလာခြင်း အကြောင်းအရာများကို မှတ်သားထားရန်အတွက် ဤမှတ်ပုံတင်စာအုပ်ကို အသုံးမပြုရ။ ထိုကဲ့သို့ရွှေ့ပြောင်းသွားလာစေသည့်အကြောင်းအရာများကို သက်ဆိုင်ရာ အမှုတွဲတွင်ပါရှိသည့် မှတ်သားချက်များမှ ရရှိနိုင်သည်။ နေ့စဉ်အချုပ်ခန်းတွင်းရှိ အချုပ်တရားခံစာရင်းကို ဤမှတ်ပုံတင်စာအုပ်မှ ကြည့်ရှုရေးသားပြီးလျှင် အောက်ဖော်ပြပါ နမူနာပုံစံအတိုင်း ၎င်းအချုပ်ခန်းတွင် ချိတ်ဆွဲထားရမည်။

အချုပ်ခန်းတွင်ချိတ်ဆွဲထားရန် နမူနာပုံစံ

| စဉ် | တရားခံ အမည် | အဘ အမည် | ပြစ်မှု | ရောက်ရှိ သည့်နေ့ | ရိမန်ကုန် ဆုံးသည့် နေ့ | အ ကြောင်း အရာ |
|---|---|---|---|---|---|---|
| ၁။ | မောင်လှ | ဦးမြ | ၃၇၉ | ၁-၁-၈၉ | ၁၅-၁-၈၉ | |

**မှတ်ချက်**။ အချုပ်တရားခံ ရဲစခန်းအချုပ်မှထွက်သွားလျှင်ဖျက်ရမည်။ ကျောက်သင်ပုန်းပေါ်တွင် မြေဖြူနှင့်ရေးသွင်းက ပိုမိုကောင်းမွန်ပါသည်။

၁၃၇၃။ အချုပ်တရားခံတစ်ဦး မိမိ၏အချုပ်ခန်းသို့ရောက်ရှိလာလျှင် မှတ်ပုံတင်စာအုပ်ပါဇယားကွက် (၁) မှ (၉)ထိရေးသွင်းရမည်။ အချုပ်တရားခံတစ်ဦး မိမိ၏အချုပ်ခန်းမှ ထွက်ခွာရွှေ့ပြောင်းသွားသည့်အခါ မှတ်ပုံတင်စာအုပ်ပါဇယားကွက် (၁၀)မှ(၁၃)ထိ ရေးသွင်းရမည်။ ဇယားကွက် (၁)မှ (၁၀)အထိ ရေးသွင်းရန်အချက်များကို ထိုသို့ရေးသွင်းရန်အကြောင်းပေါ်ပေါက်သည်နှင့် ချက်ချင်းရေးသွင်းရမည်။ နေ့ကုန်မှ ရေးသွင်းရမည်မဟုတ်ချေ။ ဇယားကွက်(၁၀)တွင် ရေးသွင်းချက်များမှာ အကျယ်ဖော်ပြရန်မလို၍ ကျဉ်းနိုင်သမျှကျဉ်းစေရမည်။ ရောက်ရှိချိန်နှင့်ထွက်ခွာချိန်များတွင် ထမင်းကျွေးမွေးခြင်းမရှိက ဇယားကွက်(၁၆)တွင် ဖော်ပြထားရမည်။ အချုပ်တရားခံအား ထမင်းကျွေးရသည့်အကြိမ်ပေါင်းကို ဇယားကွက် (၁၃)တွင် ရေးသွင်းရမည်။ သက်ဆိုင်ရာ နေ့စဉ်အပိုဒ်များကို စစ်ဆေးသူအရာရှိက အလွယ်တကူသိရှိနိုင်စေရန် မင်နီဖြင့်ရေးသားလျှင် ပိုမိုကောင်းမွန်သည်။ နောက်ဆက်တွဲ (က-ဂ)ဖြင့်ဖော်ပြထားပါသည်။

၁၃၇၄။ လအသီးသီးအတွက် ရေးသွင်းချက်များကို ဆိုင်ရာလ ၁၆ ရက်နေ့မှ အစပြု၍ ရှေ့လ ၁၅ ရက်နေ့ညနေတွင် အဆုံးသတ်ရမည်။ အချုပ်ခန်းကထွက်ခွာသွား ခြင်းမရှိသည့် တရားခံ၏အမည်ကို ၎င်းတရားခံအချုပ်ခန်းတွင်ရှိနေကြောင်း နေ့စဉ် အသစ်မရေးရ။ လစဉ်ဆိုင်ရာလ ၁၆ ရက်နေ့တွင်သာ စာမျက်နှာအသစ်တစ်ခု ပြုလုပ်၍ ၎င်းနေ့တွင်ရှိသည့် တရားခံအားလုံးတို့၏ အမည်များကို ၎င်းစာမျက်နှာ တွင် ကူးရေးရမည်။

၁၃၇၅။ လစဉ်အစားအသောက် "ဘီလ်"စာရင်းမှာ ဆိုင်ရာလ ၁၆ ရက်နေ့တွင် အစပြု၍ ရှေ့လ ၁၅ ရက်နေ့ညနေတွင် အဆုံးသတ်ရမည်။ မှတ်ပုံတင်စာအုပ်တွင်

ရေးသွင်းချက်များကို ဆိုင်ရာလအတွက် အဆုံးသတ်၍ ပြီးလျှင်ပြီးခြင်း ရဲလက်စွဲ ဒုတိယတွဲအပိုဒ်(၁၃၇၄)ယေဘုယျကွက်(၁၃)ပါ ထမင်းနပ်ရေနှင့်သင့်ငွေကိုတွက်ချက်၍ ပုံစံအောက်ခြေပါ သီးခြားလုပ်ထားသည့်နေရာတွင် သင့်ငွေကို သေချာထင်ရှားစွာ ရေးသွင်းပြီးနောက် လစဉ်အစားအသောက် "ဘီလ်"စာရင်းကို ပြုလုပ်ရေးသားရမည်။ ၎င်း "ဘီလ်"စာရင်းကို ရဲစခန်းမှူးက မှန်မမှန်တိုက်ဆိုင်စစ်ဆေးပြီးလျှင် ကျွေးမွေးသည့်ထမင်းနပ်ရေ တစ်နပ်လျှင်ကျသင့်နှုန်းနှင့် "ဘီလ်"စာရင်းသင့်ငွေစုစုပေါင်းကိုဖော်ပြ၍ ပြေစာလက်မှတ်တစ်စောင်ကို ပုံစံ (အုပ်ချုပ်ရေး ၆၀/ ရဲ ၂၈) တွင် မူရင်းနှင့် မိတ္တူ ၂ စောင်ရေးသားပြီး ရဲစခန်းမှတ်ပုံတင်(၈) "ဘီလ်"စာရင်းများကိုစစ်ဆေးရန် မှတ်ပုံတင်စာအုပ်တွင်ရေးသွင်း၍ ၎င်းပြေစာလက်မှတ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပို့ရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည် ရဲစခန်းမှ တင်ပြလာသော အချုပ်တရားခံထမင်းကျွေးမွေးစရိတ်အား သက်ဆိုင်ရာမှတ်ပုံတင်(၄)(၅)(၆)တို့ဖြင့်တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်မှုရှိပါက အရပ်ရပ်ပေးပို့လိုက်သည့် ငွေရကြောင်းပြေစာ {အုပ်ချုပ်ရေး–၄၈(က)}ဖြင့် မျဉ်းသားချက်လက်မှတ်တစ်စောင်ကို ရဲစခန်းမှူးထံသက်ဆိုင်ရာ ထမင်းကန်ထရိုက်သို့ပေးနိုင်ရန် ထုတ်ပေးရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည် ဘဏ်၌ ငွေစာရင်းဖွင့်လှစ်နိုင်ခြင်းမရှိသည့် ထမင်းကျွေးကန်ထရိုက်အတွက် ကိစ္စရပ်များတွင် မျဉ်းသားချက်လက်မှတ်အစား ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေသားဖြင့်ထုတ်ပေးနိုင်သည်။ ငွေရသူကိုလည်း ၎င်း"ဘီလ်"စာရင်းအတွက် ငွေထုတ်ပေးသည့်အခါ၎င်းမှတ်ပုံတင်စာအုပ်တွင် ငွေရကြောင်းလက်မှတ်ရေးထိုးစေရမည်။

၁၃၇၆။ ခရိုင်ရဲတပ်ဖွဲ့မှူးသည် တရားခံများအား ကျွေးမွေးရန် ကုန်ကျစရိတ်ကို ငွေစာရင်းခေါင်းစဉ်၌ ဝ၃၁၄ အစားအစာရိက္ခာအောက်မှပေးချေရမည်။

၁၃၇၇။ **အထွေထွေညွှန်ကြားချက်များ။** အချုပ်တရားခံတို့ကိုစောင့်ကြပ်ပို့ဆောင်သူတို့သည် ရဲစခန်းတစ်ခုခုကို ဝင်ရောက်ဖြတ်သန်းသွားလာသည့်အခါ ဝင်ရောက်သွားလာကြောင်းကို ရဲစခန်းတွင်ရှိသည့်"အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ထည့်သွင်းရေးမှတ်ရမည်။ အချုပ်တရားခံများကို အစားအသောက်ကျွေးမကျွေး ကျွေးလျှင်လည်း မည်သည့်အစားအသောက်မျိုးကို မည်သူ၏ရှေ့တွင်ကျွေးမွေးကြောင်းများကိုလည်း ဖော်ပြရမည်။ ဤကဲ့သို့ပြုလုပ်လျှင် တရားခံများကို ယူဆောင်သောအခါ လမ်းခရီး၌ အစားအသောက်မကျွေးမွေးကြောင်းနှင့် တရားရုံးသို့လျှောက်ထားခြင်း

များကို တားဆီးနိုင်ရန်ရှိသည်။ နံနက်စာ စားသောက်မြဲအချိန်မရောက်မီ အချုပ်တရားခံများကို ယူဆောင်ရန်အလိုရှိသည့်အခါတိုင်း ထွက်ခွာ၍မသွားမီဖြစ်စေ လမ်းခရီး၌ဖြစ်စေ စားသောက်နိုင်ရန်အလို့ငှာ အစားအသောက်များကို နံနက်စောစော ထုတ်ပေးစေရန် အစားအသောက်ကန်ထရိုက်ဆွဲသူတို့အား ညဥ့်အခါက ပြောဆိုမှာထားရမည်။ ၎င်းနည်းတူ ရဲစခန်းတစ်ခုခုသို့ အချုပ်တရားခံများကို ညစာ စားသောက်မြဲအချိန်လွန်မှ ယူဆောင်ရောက်ရှိလျှင် ၎င်းတို့ကို အစားအသောက် မကျွေးမွေးရသေးသောအခါ အစားအသောက်ကျွေးမွေးရမြဲဖြစ်သည်။ အချို့အခါများတွင် ခရီးရှည်မသွားဘဲ ခရီးတိုတိုနှင့်ကောင်းမွန်စွာ နားနားနေနေသွားလာရန် လိုသည်။ တစ်ခါတစ်ရံ ကောင်းစွာမကျန်းမာ၍ အားနည်းသည့်အချုပ်တရားခံများ ဖြစ်လျှင် လှည်း၊ ရထား၊ လှေ၊ သင်္ဘော စသည်များကို စီးနင်းစေရမည်။ ပြစ်ဒဏ် စီရင်ချက်ချမှတ်ပြီးကာလ ထောင်ကျတရားခံများကို အကျဉ်းထောင်သို့ယူဆောင်ရန် ရဲအရာရှိထံသို့လွှဲအပ်သောအခါ ၎င်းထောင်ကျတရားခံသည် မကျန်းမာ၍ ခရီးသွားလာရန် မသင့်လျော်သောလက္ခဏာရှိလျှင် ခရီးသွားလာရန် သင့်ကြောင်း ဆေးဘက်ဆိုင်ရာအရာရှိက သက်သေခံလက်မှတ်ပေးအပ်ခြင်းမရှိမီအတွင်း ၎င်းထောင်ကျတရားခံကို ခရီးသွားလာခြင်းမပြုရ။ ဤကဲ့သို့သောအကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ယောက်သော ထောင်ကျတရားခံကို ချုပ်ထားရသည့်အခါ ပြစ်ဒဏ်စီရင်ချက်ချမှတ်သူ တရားသူကြီးထံ အစီရင်ခံရမည်။

၁၃၇၈။ တရားသူကြီးတို့သည် စခန်းချလျှက်နေစဥ်ဖြစ်လျှင် ၎င်းတို့ရှေ့စစ်ဆေးစီရင်ဆဲအချုပ်တရားခံများကို စခန်းတစ်ရပ်မှတစ်ရပ်သို့ ရွှေ့ပြောင်းခေါ်ယူခြင်းမပြုရ။ အချုပ်တရားခံအသီးသီးကို အနီးဆုံးအရပ်ရှိ အချုပ်ထောင်သို့ဖြစ်စေ အမှုကို တစ်ဖန် ဆိုင်ရမည့်အရပ်ရှိ ရဲစခန်းသို့ဖြစ်စေ ပို့ရမည်။ စခန်းချရာအရပ်တွင် အချုပ်တရားခံတို့ကို ကြီးကြပ်ကြည့်ရှုရသူအရာရှိမှာ တရားသူကြီး၏ အမိန့်အတိုင်း အချုပ်တရားခံတို့ကို အစားအသောက်ကျွေးမွေးရန်မှစ၍ ၎င်းတို့ကို နေပူမိခြင်း၊ မိုးမိခြင်းမရှိစေရန် စီစဥ်ရမည်။ အနီးဆုံးအရပ်ရှိအချုပ်ခန်းသို့ ယူဆောင် ရန် ကောင်းစွာစီမံခြင်း ရှိ/မရှိကိုလည်း ကြည့်ရှုရမည်။

၁၃၇၉။ အချုပ်တရားခံတစ်စုံတစ်ယောက်ကို ရဲအချုပ်တွင်ချုပ်ထားရန်အမိန့်ရရှိကာလ တတ်နိုင်သည့်အခါတိုင်း ရဲစခန်းရှိအချုပ်ခန်းတွင် ချုပ်ထားရမည်။ လူနေအိမ်တွင်ဖြစ်စေ အချုပ်တရားခံတို့ကို ချုပ်ထားရန်ရည်ရွယ်ထားသည့် အဆောက်အဦမဟုတ်သော အခြားအဆောက်အဦတွင်ဖြစ်စေ ချုပ်မထားရ။

**မှတ်ချက်**။ မြို့များတွင် အကျဉ်းထောင် သို့မဟုတ် အချုပ်ခန်းများမှ တရားရုံးသို့ အသွားအပြန် အချုပ်သားများကို သယ်ယူပို့ဆောင်ရန် အချုပ်ယာဉ်များ စီမံထားရှိလေသည်။ မိုးအလွန်ရွာသွန်းသောဒေသများတွင် အချုပ်သားများအား စိုစွတ်ခြင်းဘေးမှကာကွယ်စေရန် သင့်လျော်သလိုစီမံဆောင်ရွက်ပေးရမည်။

၁၃၈၀။ မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို မိမိတို့၏အချုပ်တွင် ရှိသူတစ်စုံတစ်ယောက်ကို အကြောင်းအခွင့်မရှိဘဲ နာကျင်အောင်ပြုလုပ်လျှင် ၎င်းရဲတပ်ဖွဲ့ဝင်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်းခံရမည်။ ထိုသို့အရေးယူခြင်းမဟုတ်လျှင် ပြစ်မှုဆိုင်ရာဥပဒေအရလည်း တရားစွဲဆိုနိုင်သည်။ ခုခံခြင်းငှာမစွမ်းနိုင်သော အချုပ်တရားခံတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်းမှာ ရဲတပ်ဖွဲ့ ၏ ဂုဏ်သတင်းကို နိမ့်ကျစေသောအပြုအမူဖြစ်၍ ၎င်းအပြုအမူပြုလုပ်ကျူးလွန်သူတို့ကို မည်သည့်နည်းနှင့်မျှ မညှာတာအပ်ပေ။ ၎င်းညှဉ်းပန်းနှိပ်စက်သောသူသည် မည်သည့်ရာထူးအဆင့်အတန်းမျိုးနှင့်ပင် အမှုထမ်းရွက်နေသည်ဖြစ်စေ မည်သို့ပင် အထက်အမှုထမ်းခြင်းကောင်းခဲ့သည်ဖြစ်စေ ရာထူးမှ အမြဲတမ်းထုတ်ပယ်ခြင်း ပြစ်ဒဏ်ကို ခံရမြဲဖြစ်စေရမည်။ အချုပ်တွင်ရှိနေသူတို့ကို ကြည့်ရှုစောင့်ကြပ်ရာ၌ ရန့်ရင်းကြမ်းတမ်းခြင်းဖြင့် သို့မဟုတ် အနည်းငယ်မျှပင် နာကျင်အောင် ပြုလုပ်ခြင်းဖြင့် ရဲတပ်ဖွဲ့၏နာမည်ပျက်စေမည့် အခြင်းအရာတို့ကို ရဲတပ်ဖွဲ့ဝင်တို့သည် အထူးကြီးစားအားထုတ်၍ စောင့်စည်းကာကွယ်ကြရမည်။

၁၃၈၁။ ရဲအချုပ်တွင်ရှိနေသည့်အတွင်း တစ်စုံတစ်ယောက်သောသူ သေဆုံးသည့်အခါ ကင်းအဖွဲ့ဝင်တို့ကဖြစ်စေ ကြီးကြပ် ပို့ဆောင်သူတို့ကဖြစ်စေ ရဲစခန်းမှူးကဖြစ်စေ အသင့်ရှိသည့်အရာရှိက သေမှု သေခင်း၏အခြေအမြစ်ကို စစ်ဆေးပိုင်ခွင့်ရှိသော တရားသူကြီးထံ သေဆုံးကြောင်းကို ချက်ချင်းအစီရင်ခံရမည်။(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ–၁၇၆)

## လက်ထိပ်များအကြောင်း

၁၃၈၂။ (က) **လက်ထိပ်ခတ်ခြင်း**။ အောက်ပါအချက်များ အရ အမှန်လိုအပ်သည့် အခါမှလွဲ၍ လက်ထိပ်နှင့် သံခြေချင်းများကို အသုံးမပြုရန် ရဲအရာရှိတို့ သတိပြုရမည်–

(၁) အာမခံပေးခွင့်ရသောပြစ်မှုကို ကျူးလွန်၍ရဲတပ်ဖွဲ့ဝင်က ဖမ်းဆီး ခြင်းခံရသောသူတစ်ယောက်အား ထွက်ပြေးမည့် လက္ခဏာမရှိလျှင်သို့မဟုတ် အကြမ်းဖက်မည့် လက္ခဏာ မရှိလျှင် လက်ထိပ်မခတ်ရ။

(၂) အာမခံပေးခွင့်မရသောပြစ်မှုကို ကျူးလွန်၍ ဖမ်းဆီးခြင်းခံရ သူ၏နောက်ကြောင်း ရာဇဝင်ဂုဏ်သိက္ခာနှင့် အလုပ်အကိုင် တို့ကိုထောက်ထား၍ လွတ်မြောက်ထွက်ပြေးရန် သို့မဟုတ် ကြမ်းတမ်းစွာခုခံရန် အားထုတ်မည့် လက္ခဏာမရှိလျှင် လက်ထိပ်မခတ်ရ။

(၃) ၁သက်အရွယ်ကို သော်လည်းကောင်း မိန်းမသား ဖြစ်ခြင်း ကို သော်လည်းကောင်း မစွမ်းမသန်ဖြစ်ခြင်းကို သော် လည်းကောင်းထောက်ထား၍ လက်ထိပ်မခတ်ဘဲလုံခြုံစွာ ထားနိုင်ရန်အကြောင်းရှိလျှင် ထိုသို့သောသူများကို လက်ထိပ် မခတ်ရ။

(၄) ကြမ်းတမ်းခက်ထန်ကြောင်း သတင်းရှိ၍ စိုးရိမ်ရသော အချုပ်သားတစ်ဦးအား အစိုးရဆေးရုံတွင် ဆေးကုသ နေရစဉ်လက်ထိပ်ခတ်၍ ကုတင်တွင်သံကြိုးနှင့် ချည်နှောင် ထားရမည်။ သို့ရာတွင်သက်ဆိုင်ရာ ဆရာဝန်ကအချုပ်သား ၏ ကျန်းမာရေးအခြေအနေ ကိုထောက်ရှု၍ လက်ထိပ် ခတ်ရန် မလိုဟု စာဖြင့်အကြောင်းကြားခဲ့လျှင် ၎င်းအား လက်ထိပ်မခတ်ရ။

(၅) တရားရုံးသို့ထုတ်ယူသော အမှုစစ်ဆေးဆဲရှိနေသည့်တရားခံ များသည် ကြမ်းတမ်းစွာပြုမူလိမ့်မည် သို့မဟုတ် ထွက်ပြေး ရန်အားထုတ်လိမ့်မည်သို့မဟုတ်၎င်းတို့အားလွတ်မြောက် ထွက်ပြေးရန် ပြုလိမ့်မည်ဟု ယုံကြည်ရန်လုံလောက်သော အကြောင်းမရှိလျှင် ၎င်းတို့အား ရုံးသွားရုံးပြန် လက်ထိပ် မခတ်ရ။

(၆) အထက်ပါအပိုဒ်ခွဲ(၂)၊(၃)၊(၄)၊(၅)တို့ကိုမဆန့်ကျင်စေဘဲ အောက်ပါပြစ်မှုများကိုကျူးလွန်သူတို့အားလက်ထိပ်ခတ်ရမည်-

(ကက) မမှန်ဒင်္ဂါး ပြုလုပ်ခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုများ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၃၁ မှ ၂၅၄ ထိ ။

(ခခ) လူသတ်မှုသို့မဟုတ်ပြစ်ဒဏ်ထိုက်သည့်လူသေမှု၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ မှ ၃၀၄ ထိ။

(ဂဂ) လူသတ်မှုကျူးလွန်ရန် အားထုတ်မှု သို့မဟုတ် ပြစ်ဒဏ်ထိုက်သည့်လူသေမှု ကျူးလွန်ရန်အားထုတ်မှုပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၇ နှင့် ၃၀၈ ။

(ဃဃ) လုယက်မှု၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ ။

(ငင) ဓားပြမှု၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ ။

(စစ) အရေးကြီးသည့်အမှုဟုသတ်မှတ်ထားသည့်ပြစ်မှုများ။

(ဆဆ) အိမ်ဖောက်ထွင်းမှု။

(ဇဇ) အမြဲလုယက်တတ်သူ အိမ်ဖောက်ထွင်းတတ်သူ ခိုးတတ်သူ သို့မဟုတ် ခိုးရာပါပစ္စည်းကိုလက်ခံတတ်သူဖြစ်၍ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၅(ဂ)အရ ဖမ်းဆီးခြင်းခံရသူ။

(၇) ခိုးရိုမ်ရသော အချုပ်သားများအား လက်နှစ်ဖက်စလုံးကို လက်ထိပ်ခတ်ရမည်။

(၈) အထက်ပါ အချက်များအရ တရားဥပဒေများအတိုင်း လက်ထိပ်ခတ်ရန်အကြောင်းရှိလျှင် ဖမ်းဆီးပြီးလျှင်ပြီးချင်း လက်ထိပ်ခတ်ရမည်။ လက်ထိပ်ကို လုံခြုံသောအချုပ်ခန်းသို့ အချုပ်သားများ မရောက်မီမဖြုတ်ရ။ အချုပ်ခန်းမှ

အချုပ်သားများကို ထုတ်ယူသောအခါ၌လည်း မထုတ်မီ လက်ထိပ်ခတ်ရမည်။

(၉) ပြစ်မှုကျူးလွန်သူတို့၏ နောက်ကြောင်း ရာဇဝင်ကို ထောက်ထား၍ သို့မဟုတ် ၎င်းတို့ကျူးလွန်သည့် ပြစ်မှု အမျိုးအစားကိုထောက်ထား၍ကြမ်းတမ်းဆိုးသွမ်းသည်ဟု ယုံကြည်ရသောအချုပ်သားအားလုံးတို့အား သံခြေချင်းနှင့် လက်ထိပ်ခတ်ရမည်။သို့ရာတွင်ကြမ်းတမ်းဆိုးသွမ်းသည့် အချုပ်သားဖြစ်၍တရားရုံး၏ ခွင့်ပြုချက်ရပြီးသူ မှတစ်ပါး တရားခံအနေနှင့်ဖြစ်စေ၊သက်သေအနေနှင့်ဖြစ်စေ၊ မည်သည့် အချုပ်သားကိုမျှ "သံခြေချင်း" ခတ်လျက် တရားခွင်သို့ ယူဆောင်မသွားရ။

(၁၀) တရားမမှုဖြင့်အဖမ်းခံရသူများအား လက်ထိပ်မခတ်ရ။

(၁၁) အချုပ်သားများသည်တရားရုံး၌ အစစ်ဆေးခံနေရသည့်အခါ တွင်ဖြစ်စေ သက်သေအဖြစ်အစစ်ခံနေရသည့်အခါတွင် ဖြစ်စေ မှုခင်းမှတ်တမ်းရဲအရာရှိက လက်ထိပ်ခတ်ရန် မညွှန်ကြားလျှင်လက်ထိပ်ကိုဖြုတ်ထားရမည်။ သံခြေချင်း များအသုံးပြုသည့်အခါ ခြေချင်းဝတ် (ခြေမျက်စိ)နှင့် သံခြေချင်းကွင်းဆက်ပြီး ခြေထောက်ပြန်လည်ထုတ်မရ နိုင်ရန်နှင့် သံကြိုးနှင့် သံခြေချင်းများပြုတ်မထွက်စေရန် သတိပြုရမည်။

(၁၂) ခရီးသွားလာလျက်နေစဉ် အချုပ်တရားခံတို့ ထွက် မပြေးနိုင်အောင် နောက်ထပ် စီမံလိုက်နာရန်အကြောင်းမှာ အခန်း(၅၂)အပိုဒ် (၁၂၀၂)တွင်ပါရှိသည်။

(၁၃) တရားခွင်၌ လက်ထိပ်များ ဖြုတ်ထားခြင်းနှင့်သက်ဆိုင် သော ပြဋ္ဌာန်းချက်များမှာ အပိုဒ် (၁၃၁၆)တွင်ပါရှိသည်။

(ခ) လက်ထိပ်များထိန်းသိမ်းထားရှိခြင်း

(၁) လက်ထိပ်များကို အသုံးမပြုသည့်အခါ ခတ်ပိတ်မထားဘဲ ဖွင့်၍ထားပြီးလျှင် လက်ထိပ်သော့ကိုလည်း သော့တံအိမ်အတွင်း လှည့်သွင်းမထားရ (လက်ထိပ်များ၏ လေးများ ညောင်းမသွားစေရန်) ဤကြိုတင်ကာကွယ်မှုများလိုအပ်သည်။

(၂) လက်ထိပ်များကို အသုံးမပြုသည့်အခါ ရေနံဆီခွက်တွင်ဖွင့်၍စိမ်ထားပြီးသော့များကို ချိတ်ဆွဲထားရမည်။ရေနံဆီတွင် စိမ်ထားခြင်းဖြင့် သော့တံအိမ်များကို သန့်ရှင်းစွာထားနိုင်သည့်အပြင် ချောက်ထပ်ပုံများမဝင်နိုင်စေရန်ကာကွယ်ပေးနိုင်မည်။ သော့တံအိမ်အတွင်း ပစ္စည်းတစ်စုံတစ်ရာရှိနေခဲ့လျှင် လက်ထိပ်လေးများ အစွန်ဆုံးထိ ဆန့်တန်းခြင်းမပြုနိုင်သည့် အားလျော့စွာ လက်ထိပ်များမှာ ခိုင်မြဲစွာခတ်၍မရနိုင်ပေ။

(၃) လက်ထိပ်များကို အရောင်တင်ဆေးတစ်စုံတစ်ရာနှင့် မတိုက်ချွတ်ရ။လက်ထိပ်များသန့်ရှင်းစေရန်အလို့ငှာ ဖွဲကြမ်း သဲနှင့် အလားတူပစ္စည်း တစ်စုံတစ်ရာနှင့်အသုံးပြုတိုက်ချွတ်ခြင်းကို တင်းကြပ်စွာတားမြစ်သည်။

(၄) ခါးပတ်ကြီးကိုတိုးလျှိုပေါက်ထိုးရိုက်၍ ရအောင်လုံလောက်စွာရှည်လျားသော သားရေကြိုးတွင်ချည်ထားရမည်။လက်ထိပ်သော့များကို ဆောင့်တင်းခိုင်မာသော သားရေကြိုးနှစ်ထပ်ကွင်းအတွင်းထည့်သွင်း၍ခရီးသွားသည့်အခါ ရဲတပ်ဖွဲ့ဝင်များကငင်းသားရေကြိုးတွင် သော့ကိုထည့်၍ ခါးပတ်တွင်ပတ်ပြီး ယူဆောင်စေရမည်။ ဤနည်းဖြင့်လက်ထိပ်သော့များ ပျောက်ဆုံးခြင်းနှင့်ခိုးယူခံရခြင်းတို့မှ ကာကွယ်နိုင်သည်။

(၅) လက်ထိပ်သော့များကို လက်ထိပ်ခတ်ရာတွင်အသုံးမပြုဘဲ လက်ထိပ်ဖွင့်ရာတွင်သာ အသုံးပြုရမည်။လက်ကောက်ဝတ်တွင်ဒဏ်ရာတစ်စုံတစ်ရာမရစေရန် ဂရုပြု၍လက်ထိပ်များကိုလက်ကောက်ဝတ်တွင် "ချုပ်"ဟုအထစ်ကျသံမည်အောင် နှိပ်၍ခတ်ရမည်။ ဤနည်းဖြင့်လက်ထိပ်များလျှင်မြန်စွာ စားပြီးပျက်စီးရန်အကြောင်းနည်းပါးစေသည်။

(၆) မည်သည့်အခါမျှ လက်ထိပ်များကို တံခါးစသည်တို့ခတ်ရန် သော့ခလောက်အဖြစ် အသုံးမပြုရ။ ဤစည်းကမ်းချက်ကို ဖောက်ဖျက်သော ရဲအရာရှိများအား ပြင်းထန်စွာအပြစ်ပေးလိမ့်မည်။

(၇) လက်ထိပ်သော့များကို တစ်ချောင်းနှင့်တစ်ချောင်းလဲလှယ်သုံး၍မရ။လက်ထိပ်သော့တစ်ချောင်းကို ၎င်းနှင့်အမှတ်တူလက်ထိပ်အတွက်သာ အသုံးပြုရမည်။ လက်ထိပ်နှင့်လက်ထိပ်သော့အမှတ်အမှန်အတိုင်းမဟုတ်ဘဲ အသုံးပြုခဲ့သော် လက်ထိပ်သော့နှင့် တကွသော့တန်အိမ်အတွင်းရှိ သော့မောင်းပါပြင်ဆင်၍ မရအောင်ပျက်စီးလိမ့်မည်။

(၈) လက်ထိပ်သော့ ပျောက်ဆုံးသည့်အခါ ပျောက်ဆုံးကြောင်းကို ချက်ချင်းအစီရင်ခံပြီး လက်ထိပ်ကိုရဲထောက်ပံ့ရေးဌာနသို့ ပေးပို့ရမည်။ ပျောက်ဆုံးသောသော့ကို အစားထိုးရန် မည်သည့်နည်းနှင့်မျှ သော့အသစ်မလုပ်ရ။ လိုအပ်သော လက်ထိပ်များပြင်ဆင်ခြင်းကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲထောက်ပံ့ဌာနမှ ဆောင်ရွက်ပေးသည်။

(၉) လက်ထိပ်များကို အသုံးမပြုနိုင်တော့သည့်အခါ ၎င်းလက်ထိပ်များကို ဌာနချုပ်သို့ချက်ချင်း ပေးပို့ရမည်။ ဆက်လက်၍ လက်ဝယ်ထားရှိခြင်းအားဖြင့် ၎င်းတို့ကို အသုံးပြုမိတတ်သည့် အားလျော်စွာ အကျဉ်းသားများ လွတ်မြောက်ထွက်ပြေးသွားနိုင်သည်။

(၁၀) လက်ထိပ်ကွင်းများမှ လက်များကို ဆွဲထုတ်ရုန်းခြင်းအားဖြင့် အကြိမ်ပေါင်းများစွာ အကျဉ်းသားများလွတ်မြောက် ထွက်ပြေးသွားခဲ့လေသည်။ဤသို့ဖြစ်ရခြင်းမှာ လက်ထိပ်သည် လက်ကောက်ဝတ်ကို အသေအချာ အံကျခတ်မိသည် မခတ်မိသည်ကို ဂရုမပြုမိသောကြောင့် ဖြစ်သည်။ လက်ထိပ်များကို အရွယ်အစားသုံးမျိုးထုတ်ပေးသဖြင့် အကျဉ်းသား၏ လက်ကောက်ဝတ်ကို တန်အောင်သင့်လျော်သော လက်ထိပ်အရွယ်အစားကိုအသုံးပြုရမည်။

(၁၁) ရဲဌာနရေးသည်လက်ထိပ်များ ဂရုပြုထိန်းသိမ်းရန်တာဝန်ရှိသည်။လက်ထိပ်အစုံတိုင်းပေါ်ရှိအမှတ်ကိုရဲစခန်းမှတ်ပုံတင် (၁၁–ခ)တွင် ထည့်သွင်းထားရမည်။ လက်ထိပ်များကို ချို့ယွင်းချက်ရှိခဲ့လျှင် တွေ့ရှိနိုင်စေရန်မကြာခဏစမ်းသပ်စစ်ဆေးပေးရမည်။လက်ထိပ်လေး ပျော့မပျော့စစ်ဆေးရန်အတွက် မာကြောသောသစ်သားပေါ်တွင်လက်ထိပ်ပတ္တာဖြင့် နှစ်ကြိမ် သုံးကြိမ်ခေါက်ကြည့်ရမည်။ (အလွန်အမင်းပြင်းထန်စွာ ခေါက်ခြင်းအားဖြင့် ပတ္တာပျက်စီးမည်ကိုရှောင်ကြဉ်ရန်ဂရုပြုရမည်)။လက်ထိပ်လေးပျော့ညောင်းနေလျှင် သော့တန်အိမ်သည် လက်ထိပ်မောင်းပေါ်ရှိအထစ်ကလေးများပေါ်မှ ချော်ထွက်သွားလိမ့်မည်။

(၁၂) အသုံးပြုနိုင်သေးသည်ဟု ထင်မြင်ဆကာမှုလက်ထိပ်များကို စစ်ဆေးရန်အတွက် ၅ နှစ်တစ်ကြိမ်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲထောက်ပံ့ဌာနသို့ပေးပို့ရမည်။ ရဲထောက်ပံ့ဌာနမှထုတ်ပေးသော လနှင့်နှစ်ကို လက်ထိပ်အစုံတိုင်းတွင် ရိုက်နှိပ်မှတ်သား ထားရမည်။

(ဂ) လက်ထိပ်များထုတ်ပေးခြင်း၊ လက်ခံခြင်း ထပ်ဆင့်ဖြန့်ဝေခြင်း။ အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှထုတ်ပေးခြင်း။ လက်ထိပ်များကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ဌာနမှ

ပြည်နယ်/ တိုင်းရဲတပ်ဖွဲ့များသို့ တိုက်ရိုက်ထုတ်ပေးပြီး ပြည်နယ်/ တိုင်းရဲတပ်ဖွဲ့များမှလည်း မိမိပြည်နယ်/တိုင်း အတွင်းရှိ ရဲစခန်းများတွင် အမှန်တကယ် အသုံးပြုရန် လိုအပ်သည့် လက်ထိပ်အရေအတွက်ကို စိစစ်၍ တင်ပြ တောင်းခံရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူး မြို့နယ်ရဲတပ်ဖွဲ့မှူးများ ကလည်းမိမိတို့ ကွပ်ကဲမှုအောက်ရှိရဲစခန်းများ၏ နယ်ထိန်း အခြေအနေ၊အမှုစစ်အခြေအနေ၊နေ့စဉ်တရားခံထုတ်သွင်း ရသည့် အခြေအနေများကိုစိစစ်တွက်ချက်၍ပြည်နယ်/တိုင်း သို့လိုအပ်သည့် လက်ထိပ်အရေအတွက်များကို တင်ပြ တောင်းခံရမည်။

(၂) **ပြည်နယ်/တိုင်းများမှ လက်ခံခြင်း။** မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲထောက်ပံ့ဌာနမှ ထုတ်ယူရရှိသော လက်ထိပ်များ၏အရေ အတွက်ကို ပြည်နယ်/တိုင်းများရှိ မှတ်ပုံတင်(၁၁-ခ) တွင်ရေးသွင်းပြီး သက်ဆိုင်ရာခရိုင်၊ မြို့နယ်အသီးသီးမှ တောင်းခံထားသည့်လက်ထိပ်အရေအတွက်အပေါ် မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲထောက်ပံ့ဌာနမှ ခွင့်ပြုသည့် အတိုင်းပြန်လည်ထုတ်ပေးရမည်။ ခရိုင်ရဲတပ်ဖွဲ့ မြို့နယ် ရဲတပ်ဖွဲ့များမှလည်း မိမိကွပ်ကဲမှုအောက်ရှိရဲစခန်းများသို့ မှတ်ပုံတင်(ခ-၁၁)တွင်ရေးသွင်းထိန်းသိမ်းပြီး ဖြန့်ဝေပေး ရမည်။

(၃) **ရဲစခန်းများမှလက်ခံခြင်း၊ ထပ်ဆင့်ဖြန့်ဝေခြင်း။** ရဲစခန်း များသည်မိမိတို့တင်ပြတောင်းခံထားသော လက်ထိပ်များ ရရှိသောအခါ မှတ်ပုံတင်(၁၁-ခ)တွင် ရေးသွင်းရမည်။ ထပ်ဆင့်ဖြန့်ဝေခြင်းကိုမှတ်ပုံတင်(၁၁-ခ)(၁) ပုံစံအတိုင်း တစ်ဦးချင်းသို့ ထုတ်ပေးရမည်။ မှတ်ပုံတင်(၁၁-ခ)(၁) သည်တစ်ဦးချင်း(အရာရှိ)အပါအဝင် နေ့စဉ်ထုတ်ပေးစာရင်း ဖြစ်သည်။(၁၁-ခ)(၂)သည် လုပ်ငန်းလိုအပ်ချက်အရယာယီ ထုတ်ပေးခြင်းမှတ်ပုံတင်စာအုပ်ဖြစ်သည်။၎င်းမှတ်ပုံတင်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးသည် အပတ်စဉ်စစ်ဆေး၍ခရိုင်ရဲတပ်ဖွဲ့မှူး

သည် လစဉ် စစ်ဆေးပေးရမည်။ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးသည် ရဲစခန်းများကို စစ်ဆေးသည့်အခါတိုင်း ရဲစခန်းရှိ လက်ထိပ်များ ဖြန့်ဝေပုံစာရင်းများပါစစ်ဆေးရမည်။

မှတ်ချက်။ လက်ထိပ်များသည် ဦးစီးကြီးကြပ်ကန့်သတ်ပစ္စည်း ("G" CONTROL STROE )ဖြစ်သည်။ ထုတ်သွင်းပြုသည့်အခါတွင် (ထောက်–၄)ကြီးပုံစံဖြင့် အသုံးပြုပြီး အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင်ဖော်ပြရမည်။

## အခန်း(၅၁)

## ရဲစခန်းငွေစာရင်းများ

### ခရီးစရိတ်မှတ်ပုံတင်၊ မှတ်ပုံတင် (၇)

၁၃၈၃။ ခရီးစရိတ်မှတ်ပုံတင်စာအုပ်ကို ပုံစံ(အုပ်ချုပ်ရေး ၅၈ /ရဲ ၈၀)ဖြင့် နှစ်ပိုင်းထားရှိရမည်–

(က) အပိုင်း(၁)ခရီးစရိတ်။ ခရီးစရိတ်အရပ်ရပ်ကို ရဲစခန်းမှတ်ပုံတင် (၇)တွင်ရေးသွင်းရမည်။ ၄င်းမှတ်ပုံတင်စာအုပ် အပိုင်း (၁)တွင် ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များအား အမြဲတမ်းကြိုတင် ထုတ်ပေးငွေထဲမှ စိုက်ထုတ်ပေးထားသည့် ခရီးစရိတ်များကိုရေးသွင်း၍ အပိုင်း(၂) တွင် ဆိုခဲ့သည့် ကြိုတင်ထုတ်ပေးငွေထဲမှ စိုက်ထုတ်ပေးရသော ရဲတပ်ဖွဲ့ဝင်များ၏ ခရီးစရိတ်များကို ရေးသွင်းရမည်။

(ခ ) ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ခရီးစရိတ်ကို အမြဲတမ်းကြိုတင် ထုတ်ပေးငွေမှစိုက်ထုတ်၍ အသုံးပြုရန် သတ်မှတ်ထားသည့်အား လျော်စွာ ခရီးထွက်မီ မီးရထားခ သင်္ဘောခ အစရှိသောသယ်ယူပို့ ဆောင်ရေးစရိတ်များနှင့် ကုန်ကျမည်ဟု ခန့်မှန်း၍ရသလောက် နေ့တွက်စရိတ်များကို ထုတ်ပေးပြီးလျှင် ခရီးထွက်ရာမှပြန်လည် ရောက်သောအခါ ခရီးစရိတ်ကို ချက်ချင်းအပြီး အပြတ်ရှင်းလင်းပေး

စေရမည်။ ဤကိစ္စအတွက် ရုံးစခန်းမှူးသည်အောက်ပါရုံးစာရေး၏ လုပ်ငန်းများကို ကြီးကြပ်ရမည်-

(၁) ခရီးမထွက်မီကြိုတင်ထုတ်ပေးငွေကို နေ့စဉ်ငွေစာရင်းစာအုပ်နှင့် "အရပ်ရပ်နေ့စဉ်မှတ်တမ်း"တွင် ချက်ချင်းရေးသွင်းခြင်းနှင့်ငွေစာရင်းစာအုပ်ရေးသွင်းချက်တွင်ငွေရသူ၏ လက်မှတ်ရေးထိုးခြင်း။

(၂) ခရီးထွက်ရာမှ ပြန်လည်ရောက်ရှိလာသော ရဲတပ်ဖွဲ့ဝင်သည် တာဝန်ပေးအပ်သည့် အမိန့်စာကို လိုအပ်သောဖြေစာများနှင့်တကွ အပြည့်အစုံရေးသွင်းပြီးချက်ချင်း ပြန်လည်ပေးအပ်ခြင်း။

(၃) ရဲတပ်ဖွဲ့ဝင်သည် တာဝန်ပေးအပ်သည့်အမိန့်စာတွင်ပါရှိသော ခရီးများကို အမှန်ရောက်ခဲ့ခြင်း။

(၄) ကြိုတင်စိုက်ထုတ်ပေးသောငွေမှ ပိုသောငွေကိုဖြစ်စေ၊ ခရီးစရိတ်ရှင်းလင်းရာ၌ ထပ်မံ စိုက်ထုတ်ပေးရငွေကိုဖြစ်စေ နေ့စဉ်ငွေစာရင်းစာအုပ် "အရပ်ရပ်နေ့စဉ်မှတ်တမ်း" နှင့် တာဝန်ပေးအပ်သည့်အမိန့်စာ၏ကျောဘက်တွင်ချက်ချင်း ရေးသွင်းခြင်းနှင့် ထပ်မံထုတ်ပေးခြင်းတွင် ငွေရသူ၏ လက်မှတ်ကိုနေ့စဉ်ငွေစာရင်းစာအုပ်၌ ရေးထိုးခြင်း။

(၅) ရဲစာရေးက တာဝန်ပေးအပ်သည့် အမိန့်စာများအရခရီးစရိတ်များကို ရှင်းလင်းပေးပြီးနောက် ခရီးစရိတ်မှတ်ပုံတင်စာအုပ်အပိုင်း(၁)တွင်ရေးသွင်းခြင်း။

(၆) ခရီးစရိတ်မှတ်ပုံတင်စာအုပ်အပိုင်း(၁) ဖယားကွက်(၁၄)တွင် တင်ပြထားသောရှင်းတမ်းမှန်ကန်ခြင်း။

(၇) ရဲစာရေးသည် အမြဲတမ်းကြိုတင်ထုတ်ပေးငွေကိုပြန်လည်ဖြည့်တင်းရေးအတွက်အပိုင်း(၁) ခရီးစရိတ်ငွေတောင်းစာရင်း "ဘီလ်"ကိုတစ်ပတ်လျှင် တစ်ကြိမ်ကျဖြစ်စေနှစ်ပတ်လျှင် တစ်ကြိမ်ကျဖြစ်စေ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ပေးပို့ခြင်း။

(ဂ) အပိုင်း(၂)ခရီးစရိတ်။ အပိုင်း(၂)ခရီးစရိတ်ငွေတောင်းစာရင်း"ဘီလ်" တို့ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ရက်သတ္တတစ်ပတ်အတွင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ပို့စေရမည်။

(ဃ) အစိုးရဘဏ္ဍာငွေပို့ရာတွင် ကုန်ကျသောခရီးစရိတ်ကို ရဲစခန်းက ကျခံရန်မဟုတ်သဖြင့် ၎င်းခရီးစရိတ်ငွေတောင်းစာရင်း"ဘီလ်"ကို တသီးတခြား ပြုလုပ်လျက် ထိုငွေတောင်းစာရင်း"ဘီလ်"တွင် မင်နီဖြင့် "အစိုးရဘဏ္ဍာပို့ဆောင်ခြင်း"ဟူ၍ ခေါင်းစဉ်ရေးထိုးစေရမည်။

(င) ခရီးစရိတ်ငွေတောင်းစာရင်း"ဘီလ်"တိုင်းတွင် ရေးသွင်းချက်ဟူသမျှကို "အရပ်ရပ်နေ့စဉ်မှတ်တမ်း" တာဝန်ပေးအပ်သည့် အမိန့်စာစသည်တို့ဖြင့်တိုက်ဆိုင်စစ်ဆေးကြည့်ရှုပြီးဖြစ်ကြောင်းသက်သေခံ လက်မှတ်ရေးထိုး ရမည်။

(စ) ခရီးစရိတ်ငွေတောင်းစာရင်း"ဘီလ်"တို့ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ မပို့မီ ရဲစခန်းမှတ်ပုံတင်(၈)တွင်ရေးသွင်း၍ ၎င်းစာရင်းအရအမှတ်စဉ်ကိုခရီးစရိတ်ငွေတောင်းစာရင်း"ဘီလ်"တို့တွင် ရေးထိုးစေရမည်။

(ဆ) ခရီးစရိတ်ငွေတောင်းစာရင်း"ဘီလ်"များ ပြုလုပ်ရာတွင် လည်းကောင်း စစ်ဆေးရာတွင်လည်းကောင်းအသုံးပြုနိုင်ရန် အောက်ပါတို့ကို ရဲစခန်းတွင်ဖိုင်တွဲတစ်ခု၌ ထားရှိစေရမည်–

(၁) ရဲစခန်းနယ်မြေအတွင်းရှိ ကျေးရွာများ၊ရွာငယ်များ၊ စခန်းများ ကင်းများနှင့် အခြားအရေးကြီးသည့်ဌာနတို့ကို ရဲစခန်းမှ အကွာအဝေးနှင့် တည်ရာအရပ်တို့ကို ပြသောစာရင်း {၎င်းစာရင်းပါကျေးရွာနှင့်ရွာငယ်များသည်မှတ်ပုံတင်(၃၄) အတိုင်း ဖြစ်ရမည်။ ထိုအကွာအဝေးကို အဖြောင့်ဆုံးနည်းဖြင့် တိုင်းထွာပြီးလျှင် တစ်မိုင်လျှင် လေးပုံတစ်ပုံမှ တိမ်းယိမ်းခြင်းမရှိစေရ }။ကျေးရွာအုပ်စုတစ်စုအတွင်းရွာမကြီးမှ ရွာငယ်များနှင့် အခြားအရေးကြီးသောနေရာများ၏ အကွာအဝေးကိုလည်း ၎င်းစာရင်းတွင်ဖော်ပြရမည်။

(၂) ရဲစခန်းမှ ၁၅ မိုင်အတွင်းရှိရွာများသို့ သွားလာရသည့်အတွက် ဒုရဲအုပ်များသည် ခရီးစရိတ်ထုတ်ယူနိုင်ခွင့်မရှိသဖြင့် မိမိရဲစခန်းနယ်နိမိတ်အတွင်းတွင်ဖြစ်စေ ၎င်းနယ်နိမိတ်ကကျော်လွန်၍အခြားရဲစခန်းနယ်နိမိတ်အတွင်းကျရောက်နေသည်ဖြစ်စေ ရဲစခန်းမှ ၁၅ မိုင်အတွင်း တွင်ရှိသောရွာများ၏စာရင်းကိုပြုလုပ်ရမည်။

(၃) မော်တော်ကားလမ်းနှင့် သင်္ဘောလမ်းတစ်လျှောက်ရှိ ခရီးများ၏အကွာအဝေးစာရင်းနှင့် ထိုခရီးများတွင် လူတစ်ဦးအတွက်ပေးရစမြဲ သို့မဟုတ် သတ်မှတ်ထားသော မော်တော်ကားနှင့်သင်္ဘောခနှုန်းထားစာရင်းများ ပြုလုပ်ထားရမည်။ ထိုနည်းတူ မီးရထားလမ်းရှိပါက ၎င်းအတွက် အလားတူစာရင်းတစ်ခုပြုလုပ်ထားရမည်။

(၁) ခရီးစရိတ်ငွေများကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှရရှိသောအခါ ၎င်းငွေကိုနေ့စဉ်ငွေစာရင်း ရဲစခန်းမှတ်ပုံတင်(၉) ရငွေစာရင်းဘက်သက်ဆိုင်ရာ ခေါင်းစဉ်အောက်တွင်ရေးသွင်းစေရမည်။ ထိုငွေကိုထုတ်ပေးသောအခါ၌လည်း သုံးငွေဘက်ဆိုင်ရာ ခေါင်းစဉ်အောက်နှင့် အရပ်ရပ်ပို့ငွေပြေစာကျောဘက်တို့တွင် ရေးသွင်းစေပြီးလျှင်ငွေရသူ၏လက်မှတ်ကို အရပ်ရပ်ပို့ငွေပြေစာ ကျောဘက်တွင်ဖြစ်စေ ခရီးစရိတ်မှတ်ပုံတင်စာအုပ် အပိုင်း(၂)၏ နောက်ဆုံးဒေါင်လိုက်ကွက်တွင်ဖြစ်စေ ရယူစေရမည်။

၁၃၈၄။ ခရီးစရိတ်"ဘီလ်"စာရင်းတွင် ထည့်သွင်းပြသည့် ခရီးအကွာအဝေးများကိုတိုက်ဆိုင်စစ်ဆေးကြည့်ရှုနိုင်ရန် ရဲစခန်းတိုင်းတွင် ကျေးရွာများ၊ ရွာငယ်များ၊ စခန်းချရပ်နားသည့်နေရာများ၊ အင်းများနှင့်အခြားအရေးကြီးသည့် နေရာများသည် ရဲစခန်းမှ မည်မျှကွာဝေးသည် မည်သည့်ဘက်တွင်ရှိသည်များကိုပြလျက် စာရင်းတစ်ခုထားရှိရမည်။ ကျေးရွာများနှင့်ရွာငယ်များစာရင်းမှာ မှတ်ပုံတင်(၃၄)တွင်ပါရှိသော စာရင်းနှင့်ကိုက်ညီစေရမည်။ အကွာအဝေးများကို စက္ကူမြေပုံကြီးတစ်ခုပေါ်တွင် ရဲစခန်းကိုအလယ်ဗဟိုပြု၍ ပတ်လည်တိုင်းတာပြသထားရမည်။ ထိုမြေပုံ

တစ်မိုင်(၄)ပုံ(၁)ပုံအတွင်းထိအောင် မှန်ကန်စေရမည်။ ကျေးရွာနယ်မြေတစ်ခုတွင် ရွာမကြီးနှင့်ရွာငယ် အခြားအရေးကြီးသည့်နေရာများအကြား အကွာအဝေးကိုလည်း တိုင်းတာ၍ စာရင်းတွင်ထိုအကွာအဝေးနှင့်တကွ ရဲစခန်းမှရွာငယ်များနှင့်အခြား နေရာသို့အကွာအဝေးနှစ်မျိုးစလုံးကို ပြရမည်။ အချို့သောရဲစခန်းတို့တွင်(သွားရသောခရီးများအတွက် ဒုတိယရဲအုပ်တို့မှာခရီးစရိတ်ရခွင့်မရှိသော) တစ်ဆယ့်ငါးမိုင်ပတ်လည်တွင် ၎င်းတို့နှင့်စပ်လျက်ရှိသော အခြားရဲစခန်းတစ်ခုံတစ်ရာက စီရင်ခွင့်ရသည့်နယ်မြေမှ ကျေးရွာနယ်မြေအချို့တို့ပါရှိလိမ့်မည်။ ထိုသို့ပါရှိသည့်အခါ စပ်လျက်ရှိသော ရဲစခန်းကစီရင်ပိုင်ခွင့်ရသည့်နယ်မြေမှကျေးရွာများနှင့်ရွာငယ်များအားလုံးကိုလည်း စာရင်းသွင်းထားရမည်။ ဘတ်စ်ကားလမ်း၊ သို့မဟုတ် သင်္ဘောလမ်းများရှိလျှင် ဤခရီးလမ်းစဉ်တစ်လျှောက်အကွာအဝေးများကို ၎င်းအကွာအဝေးများအတွက် လူတစ်ယောက်လျှင် ထုံးစံ၊ သို့မဟုတ် ခွင့်ပြုသည့်အခစရိတ်နှုန်းများနှင့်အတူ တစ်နေရာမှတစ်နေရာသို့ အကွာအဝေးစာရင်းများပြုလုပ်ထားရမည်။ ထိုနည်းတူစွာ မီးရထားဘူတာရုံ များအကြားပေးရသောမီးရထားအခများကို စာရင်းဇယားပြုလုပ်ရမည်။ အထက်ပါ စာရင်းနှင့် ဇယားများကိုမည်သည့်အခါမဆို ခရီးစရိတ်"ဘီလ်"စာရင်းများပြုလုပ် သောအခါ ရဲစခန်းမှူးနှင့်ရဲစာရေးများကြည့်ရှုနိုင်ရန် ရဲစခန်း၌ဖိုင်တွဲထားရမည်။ ခရီးစရိတ်တောင်းခြင်းများကို တိုက်ဆိုင်စစ်ဆေးကြည့်ရှုနိုင်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့လည်း ၎င်းစာရင်းအင်းများကို တစ်ဆောင်ရေးကူးပေးပို့ထားရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူး မြို့နယ်ရဲတပ်ဖွဲ့မှူး နှင့်ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ဖြစ်သော စစ်ဆေးကြည့်ရှုရသူ အရာရှိများသည် ရဲစခန်းများကိုစစ်ဆေးကြသောအခါ နောက်ဆုံးစစ်ဆေးပြီးသည့်နောက် တင်သွင်းသည့်ခရီးစရိတ်"ဘီလ်"စာရင်းများအနက်အချို့အဝက်တို့ကို မှန် မမှန် တိုက်ဆိုင်စစ်ဆေးကြည့်ရှုရန် ဤစာရင်းအင်းများကို အသုံးပြုကြရလိမ့်မည်။ ၎င်းတို့ကသွားလာသည့်ခရီးသည် လိုအပ်သည် မလိုအပ်သည်ကိုလည်း စစ်ဆေး ကြည့်ရှုကြရမည်။ ၎င်းတို့လွယ်ကူစွာ စစ်ဆေးကြည့်ရှုနိုင်ရန် ခရီးစရိတ်"ဘီလ်" လုပ်သော အရာရှိအားလုံးတို့သည် ခရီးစရိတ်မှတ်ပုံတင်စာအုပ် ဇယားကွက်(၆)တွင် မည်သည့်ကိစ္စအတွက် ခရီးသွားလာရသည်ကို အကျဉ်းချုပ်ရေးသားဖော်ပြထားရ မည်။ ဥပမာအားဖြင့်–

| | |
|---|---|
| (က) <u>သက်သေခံ</u> | ပထမသတင်းပေးတိုင်တန်းချက် |
| ၁၅၀/၈၉ | အမှတ်(၁၅၀)အတွက်သက်သေခံရန် |

တရားရုံးသို့သွားရသည်ကိုဖော်ပြရန်။

(ခ) အမှုစုံစမ်းခြင်း ၄/၁၄၅ — ပထမသတင်းပေးတိုင်ချက်အမှတ်(၁၄၅)အမှုနေ့စဉ်မှတ်တမ်းအမှတ်(၄)တွင်ဖော်ပြထားသည့်အတိုင်း အမှုနှင့် ပတ်သက်သည့်စုံစမ်းစစ်ဆေးမှုပြုလုပ်ကြောင်းဖော်ပြရန်။

(ဂ) အစည်းအဝေးတက်ရောက်ခြင်း ၂၀/၂၃-၅-၈၉ — ၁၉၈၉ ခုနှစ်၊ မေလ ၂၃ ရက်နေ့ နေ့စွဲပါ အမိန့်အမှတ်(၂၀) တွင် ညွှန်ကြားသည့်အတိုင်း အစည်းအဝေးတက်ရောက်ကြောင်းဖော်ပြရန်။

(ဃ) အလုပ်ပြောင်းရွှေ့ရခြင်း ၁၈/၁၀-၅-၈၉ — ၁၉၈၉ခုနှစ်၊ မေလ ၁၀ ရက်နေ့ နေ့စွဲပါအမိန့်အမှတ်(၁၈) တွင် ညွှန်ကြားသည့်အတိုင်း အလုပ်ပြောင်းရွှေ့ရ၍ ခရီးသွားလာရသည် ကိုဖော်ပြရန်။

၁၃၈၅။ ရဲကင်းများတွင် မှတ်ပုံတင်(၇)ကိုထားရှိရမည်မဟုတ်။ သို့ရာတွင် ရဲကင်းကို ကြီးကြပ်ရသည့်အရာရှိက ရုံဖန်ရံခါ ၄င်းနှင့်တပ်ဖွဲ့ဝင်များအတွက် ခရီးစရိတ်"ဘီလ်"များကို ပုံစံအမှတ် (အုပ်ချုပ်ရေး ၅၈/ရဲ ၈၀)စာချုပ်လွှတ်များဖြင့် ပြုလုပ်၍ ၄င်းကိုအုပ်ချုပ်သောရဲစခန်းမှရဲစာရေးထံတင်သွင်းရမည်။ရရှိသောရဲစာရေးက ပါရှိသည့်အချက်များကို ရဲစခန်းမှတ်ပုံတင်(၇)တွင်ရေးကူးထည့်သွင်း၍ အထက်ပါအပိုဒ်များတွင် သတ်မှတ်သည့်အတိုင်းဆောင်ရွက်ရမည်။ ရဲစာရေးက ခရီးစရိတ်အတွက်ငွေတစ်စုံတစ်ရာကို ရဲကင်းသို့ပို့သောအခါ အထက်ဖော်ပြခဲ့သော စာချုပ်လွှတ်များကို ၄င်းငွေနှင့်အတူပြန်ပို့ရမည်။ ရဲကင်းမှူးက ငွေကိုပေးဝေပြီးသောအခါ ပုံစံတွင်ငွေရသူ၏ ငွေရကြောင်းပြေစာများ(တံဆိပ်ခေါင်းကပ်ရမည်ဖြစ်လျှင် တံဆိပ်ခေါင်းကပ်လျက်)ကို ရယူပြီးရဲစခန်းသို့ပြန်ပို့ရမည်။ ရဲစခန်းကဖိုင်တွဲထားရမည်။

လ၁၂၈၄၄၀ ခင်မောင်လတ်
ဒုတိယရဲမှူး

## "ဘီလ်"စာရင်းများကိုစစ်ဆေးသောမှတ်ပုံတင်၊ မှတ်ပုံတင်(၈)

၁၃၈၆။ ဤမှတ်ပုံတင်ကို {အုပ်ချုပ်ရေး၅၈(ခ)/ရဲ} ပုံစံဖြင့် မှတ်သားထားရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ပေးချေရန် တင်သွင်းသည့် "ဘီလ်"စာရင်းအားလုံးတို့ကို ဤမှတ်ပုံတင်တွင် ထည့်သွင်းရမည်။ "ဘီလ်"စာရင်းကိုတင်သွင်းသည့် အရာရှိက ဇယားကွက်(၁)မှ(၄)အထိသာ ရေးသွင်းရမည်။ ကျန်ဇယားကွက်များကို ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ ပေးချေသည့်ငွေကိုရရှိသောအခါမှသာ ရေးသွင်းရမည်။ ဤဇယားကွက်ပုံစံအားနောက်ဆက်တွဲ(က-၁၀)တွင်ဖော်ပြထားသည်။

## နေ့စဉ်ငွေစာရင်းမှတ်ပုံတင်၊ မှတ်ပုံတင်(၉)

၁၃၈၇။ ဤစာအုပ်ကို {အုပ်ချုပ်ရေး၅၈(ဂ)/ရဲ}ပုံစံဖြင့်မှတ်သားထားရမည်။ရဲစခန်းတွင်အမြဲကြိုတင်ထုတ်ပေးထားသည့် ငွေမှစိုက်ထုတ်ပေးရသော အချုပ်တရားခံများကို ပို့ဆောင်ရန်အခများ၊ ရွာသားများအား ပေးရသည့်အစောင့် အရှောက်လိုက်ပါခများ၊ တပ်ရင်းအစောင့်အရှောက်များ၏ ပစ္စည်းများကို ပို့ဆောင်ရသည့်အခများပါ ပေးငွေအားလုံးတို့ကို ငွေစာရင်းစာအုပ် သုံးငွေဘက်" ရဲစခန်းတွင် အမြဲကြိုတင်ထုတ်ပေးထားသည့်ငွေ "ဟုခေါင်းစဉ်တပ်သည့်ငွေမှ စိုက်ထုတ်ပေးရမည်၊ ခရီးစရိတ်ပေးငွေမှလွဲ၍ အမြဲကြိုတင်ထုတ်ပေးထားသောငွေမှ ငွေများမှာသာမန်ပြေစာ {အုပ်ချုပ်ရေး၄၈(ခ)/ရဲ} ပုံစံတွင်ရေးသွင်းလက်မှတ်ရေးထိုးသော "ပြေစာခွဲ" ဖြင့် ထောက်ခံခြင်းရှိရမည်။ သက်သေစရိတ်နှင့် တရားခံပို့ခကို {အုပ်ချုပ်ရေး ၄၈ (ဂ)/ရဲ} ပုံစံဖြင့်လည်းကောင်း၊ အိမ်လခများကို (အုပ်ချုပ်ရေး ၄၉)ပုံစံဖြင့်လည်းကောင်း ထိုနည်းတူစွာထောက်ခံခြင်းရှိရမည်။ " ပြေစာခွဲ" လက်မှတ်များအမှတ်စဉ်မှာ တစ်နှစ်စီအတွက်ဖြစ်ရမည်။ ငွေရသူ၏လက်မှတ်ကို ငွေစာရင်းစာအုပ်တွင်လည်း ရေးထိုးစေရမည်။ သို့သော်လည်း ငွေရသူမှာ သတ်မှတ်ထားသည့် ပုံစံဖြင့် တံဆိပ်ခေါင်းကပ်ပြီး ပြေစာတစ်စောင်ပေးရမည်ဖြစ်သောကြောင့် ငွေစာရင်းစာအုပ်တွင် ငွေ၂၀/-ထက်ပိုသော ငွေများအတွက် ငွေရသူမှာ ပြေစာတံဆိပ်ခေါင်းကပ်ရန်မလိုချေ။ အသေးအဖွဲအသုံးစရိတ်များအတွက် " ဘီလ်"များကိုလည်း မှတ်ပုံတင် (၈)တွင် ရေးသွင်းပြီး{အုပ်ချုပ်ရေး၅၈ (က)/ရဲ} ပုံစံဖြင့် အကျဉ်းချုပ်ရေးသား၍ " ပြေစာခွဲ" လက်မှတ်များနှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်သွင်းရမည် ။(အကျဉ်းချုပ်ရေးသား

ရာတွင် မင်ခံစက္ကူခံ၍ ရေးသားသည့်စာတစ်ဆောင်ကို ရဲစခန်းတွင်ဖိုင်တွဲပြီး မူလအဆောင်ကို ဖျက်၍မရသော ဘောလ်ပင်ဖြင့်ရေးသားရမည်)။ နေ့စဉ်ငွေစာရင်းစာအုပ်တွင် မှတ်ပုံတင်စာအုပ်ရငွေဘက်၌ "လက်ကျန်ငွေ" မှစတင်ရေးမှတ်ရမည်။ ၎င်းငွေမှာ လွန်ခဲ့သည့်နေ့မှ စာရင်းပိတ်လက်ကျန်ငွေအတိုင်းဖြစ်စေရမည်။ ၎င်းလက်ကျန်ငွေနှင့် ၎င်းနေ့ရရှိသည့်ငွေအားလုံးတို့ကိုပေါင်း၍ နောက်ဆုံးရေးသွင်းသည့်ငွေအောက်က ရငွေစုစုပေါင်းကို ရေးမှတ်ရမည်။ သုံးငွေကိုလည်း ထိုနည်းအတိုင်းရေးမှတ်၍ နောက်ဆုံးရေးသွင်းသည့် သုံးငွေအောက်က စုစုပေါင်းကို ရေးမှတ်ရမည်။ ထို့နောက် ငွေစာရင်းစာအုပ်ရငွေဘက်က စုစုပေါင်းကို သုံးငွေစုစုပေါင်းနှင့် နုတ်ခြင်းအားဖြင့် စာရင်းပိတ်လက်ကျန်ငွေကို ပြရမည်။ နေ့စဉ်အလုပ်ချိန်ကုန်ဆုံးသည့်အခါ စာရင်းပိတ်လက်ကျန်ငွေနှင့် ရဲစခန်းတွင် အမြဲကြိုတင် ထုတ်ပေးထားသည့် ငွေများအကြောင်းအရာ အစုံအလင်ကို ငွေစာရင်းစာအုပ်တွင် အောက်ပါအတိုင်း ထည့်သွင်းပြထားရမည်-

**စာရင်းပိတ်ငွေလက်ကျန်ငွေပြချက်**

| | ကျပ် | ပြား |
|---|---|---|
| (၁) ရဲစခန်းတွင် အမြဲကြိုတင်ထုတ်ပေးထားသည့်ငွေလက်ကျန် | ---------- | |
| (၂) အရပ်ရပ်ပို့ငွေလက်ကျန် (အထွေထွေနှင့်အခြားငွေများ) | ---------- | |
| | ---------- | |
| စုစုပေါင်း | ---------- | |
| | ---------- | |

## ရဲစခန်းတွင် အမြဲကြိုတင်ထုတ်ပေးသည့်ငွေပြချက်

ကျပ် ပြား

(က) ပေးချေသည့်ပြေစာများ–

(၁) ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ တင်သွင်းထား၍ ငွေမပေးရသေးသောကျန်ရှိနေသည့် "ဘီလ်"

အမှတ် ---------

(၂) "ဘီလ်"မလုပ်ရသေးသည့်ပြေစာများ ---------

(ခ) လက်ရှိငွေ ---------

-------------

စုစုပေါင်း ---------

-------------

မှတ်ချက်။(၁) မည်သည့် အကြောင်းဖြင့်မဆို ရဲစခန်းတွင်အမြဲကြိုတင်ထုတ်ပေးထားသည့်ငွေကို ရဲစခန်းရှိ အရာရှိများထံမှသော်လည်းကောင်း၊ အခြားသူတစ်စုံတစ်ယောက်ထံမှသော်လည်းကောင်း၊ချေးငှားသည့်ငွေများဖြင့် ဖြည့်သွင်းခြင်း မပြုရ။

(၂) ငွေအထုတ်အသွင်း တစ်စုံတစ်ရာမရှိသည့် နေ့အတွက် ဆိုင်ရာတာဝန်ရှိသောရဲအရာရှိမှာ ထိုနေ့တွင်လက်ကျန်ငွေကိုစစ်ဆေးပြီးသည့်အထိမ်းအမှတ်ဖြင့်ထည့်သွင်းချက်များရေးသားထားသော ငွေစာရင်းစာအုပ်၏ စာမျက်နှာပေါ်တွင်နေ့စွဲပါရှိသောမိမိ၏လက်မှတ်တို (သို့မဟုတ် လက်မှတ်ရှည်) သာ ရေးထိုးရမည်။

## အရပ်ရပ်ပို့ငွေပြေစာဖိုင်တွဲမှတ်ပုံတင်၊ မှတ်ပုံတင်(၁၀)

၁၃၈၈။ အသေးစိတ်ပြသော အရပ်ရပ်ပို့ငွေ ပြေစာများ {အုပ်ချုပ်ရေး ၄၈(က)} ကိုရဲစခန်းတွင် ၂ စောင်စီရရှိလိမ့်မည်ဖြစ်၍ငွေကို နေ့စဉ်ငွေစာရင်းစာအုပ်မှတ်ပုံတင် (၉) " ရငွေ " ဘက်တွင် သွင်းလျက် ရဲစခန်းတွင် အမြဲထားရန် ကြိုတင်ပေးငွေ ဖြည့်ငွေကို ၎င်းစာအုပ်ဇယားကွက် (၅) တွင် ရေးသွင်း၍ အခြား ဖြည့်ငွေများကို ဇယားကွက်(၆)တွင် ရေးသွင်းရမည်။ အရပ်ရပ်ပို့ငွေ ရကြောင်း လက်မှတ်မူလ အစောင်ကို ရဲစခန်းမှူးက လက်မှတ်ရေးထိုး၍ လိုအပ်သည့် ပြေစာလက်မှတ်များနှင့် အတူငွေထုတ်ယူသည့်နေ့မှ ၇ ရက်အတွင်းခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ပြန်ပို့ရမည်။ ရဲစခန်းတွင် အမြဲကြိုတင်ထုတ်ပေးထားသည့် ပေးငွေများအတွက် ရဲစာရေးက လက်မှတ်ရေးထိုးခြင်းမှတစ်ပါး၊ ထို့အပြင်ရဲစခန်းတွင်အမှန်ထားရှိသည့် မှတ်ပုံတင် စာအုပ်တွင်ရရှိကြောင်း ဝန်ခံချက် ရယူထားရှိပြီးဖြစ်သော ပေးငွေများအတွက် မှတစ်ပါး အရပ်ရပ်ပို့ငွေရပြေစာ ပုံစံကျောဘက်တွင် ပေးငွေများကိုရေးသွင်း၍ ငွေရသူများကငွေရကြောင်းလက်မှတ်များ ရေးထိုးစေရမည်။ ၎င်းမှာပြေစာလက်မှတ် မဟုတ်၍ ငွေ ၂၀/-ထက် ကျော်သောငွေများအတွက် တံဆိပ်ခေါင်းများကပ်ရန်မလို ချေ၊ ငွေရကြောင်းပြေစာအမှန်ကို ခရီးစရိတ်မှတ်ပုံတင်စာအုပ်တွင်လည်းကောင်း၊ ပြေစာခွဲပေါ်တွင်လည်းကောင်း ယူရမည်။ ဤ နေ့စဉ်ပေးငွေများ စုစုပေါင်းကို နေ့စဉ်ငွေစာရင်းစာအုပ် မှတ်ပုံတင်(၉)ပေးငွေများ မှတ်သားသည့် ဘက်ဇယားကွက် (၅)တွင်လည်းပြထားရမည်။ အရပ်ရပ်ပို့ငွေပြေစာ မပေးရသေးဘဲ ကျန်ရှိသည့် လက်ကျန်ငွေကို အရပ်ရပ် နေ့စဉ်မှတ်တမ်းတွင် ပြေစာ တစ်စောင်စီမှ မည်မျှ ကျန်ရှိကြောင်း နေ့စဉ်ပြထား၍ ထိုသို့သောလက်ကျန်ငွေများ စုစုပေါင်းကိုရဲစခန်း တွင်အမြဲထားရန်ကြိုတင်ပေးငွေမှ တသီးတခြားပြ၍နေ့စဉ် ငွေစာရင်းစာအုပ်တွင် ပြထားရမည် {ရဲလက်စွဲဒုတိယတွဲအပိုဒ်(၁၃၈၇)ကို ကြည့်ပါ}။ ရဲစခန်းများတွင် အရပ်ရပ် ပို့ငွေပြေစာများကို ဖိုင်တွဲအမှတ်(၁၀) တွင် အမှတ်စဉ် အလိုက်ဖိုင်တွဲ ထားရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး တို့ကငွေထုတ်ပေး ခြင်း များ နှောင့်နှေးကြန့်ကြာခြင်းမရှိစေရန်အရပ်ရပ် ပို့ငွေ ပြေစာဖိုင်တွဲကို နေ့စဉ် ငွေစာရင်းစာအုပ်၊ အရပ်ရပ်နေ့စဉ်မှတ်တမ်း တို့နှင့် မကြာခဏ တိုက်ဆိုင်စစ်ဆေး ကြည့်ရှု၍ ထိုသို့စစ်ဆေးတွေ့ရှိရသည့်အချက်ကို အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် တစ်ဦးစီရေးမှတ်ခဲ့ရမည်။ ရဲစခန်းတွင် အမြဲထားရန် ကြိုတင်ပေးငွေနှင့် အရပ်ရပ်

ပို့ငွေပြေစာများမှ မပေးရသေးဘဲ ကျန်ရှိသည့် လက်ကျန်ငွေများကို အောက်တွင် ဖေါ်ပြသည့်အတိုင်း အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် အသေးစိတ်ဖေါ်ပြရမည်-

| | ကျပ် ပြား |
|---|---|
| ရဲစခန်းတွင် အမြဲကြိုတင်ထုတ်ပေးထားသည့်ငွေမှ | |
| လက်ကျန်ငွေ | --------- |
| ---------နေ့စွဲပါ အရပ်ရပ်ပို့ငွေပြေစာအမှတ် | |
| လက်ကျန်ငွေ | --------- |
| ---------နေ့စွဲပါ အရပ်ရပ်ပို့ငွေပြေစာအမှတ် | |
| လက်ကျန်ငွေ | --------- |
| | --------- |
| စုစုပေါင်း | --------- |
| | --------- |

ရဲစခန်းမှူးနှင့်ရဲစာရေးတို့က အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် လက်မှတ် ရေးထိုးသောအခါ (၁) ၎င်းတို့သည် အရပ်ရပ်ပို့ငွေ ပြေစာပိုင်းတွဲနှင့် နေ့စဉ်ငွေစာရင်းစာအုပ်ကို စစ်ဆေးကြည့်ရှုပြီး၍ ၎င်းတို့တွင် ပြထားသော ငွေများသည် မှန်ကန်ကြောင်း၊ ထို့ပြင် (၂) စာရင်းပိတ်လက်ကျန်ငွေများသည် လက်တွင်အမှန်ရှိ သည့်ငွေနှင့် ကိုက်ညီကြောင်း သက်သေခံလက်မှတ်ရေးထိုးရမည်။

# အခန်း (၅၂)

## လက်နက်ခဲယမ်းမီးကျောက်၊ ရဲဆောင်ကိရိယာနှင့် အစိုးရပစ္စည်းများ အကြောင်း

### ရဲထောက်ပံ့ဌာနမှ ထုတ်ပေးသောရဲစခန်းသုံး အထွေထွေပစ္စည်းစာရင်း မှတ်ပုံတင်၊ မှတ်ပုံတင်(၁၁)

၁၃၈၉။ ရဲစခန်းများတွင် ရဲထောက်ပံ့ဌာနမှ ထုတ်ပေးထားသော လက်နက် ခဲယမ်း မီးကျောက်များ၊ ရဲဆောင်ကိရိယာများနှင့် ရဲစခန်းသုံးပစ္စည်းကိရိယာများကို ရဲစခန်းမှတ်ပုံတင်(၁၁)ဖြင့် မှတ်တမ်းထားရှိပြီး အောက်ပါမှတ်ပုံတင်လယ်ဂျာများ တွင် ခေါင်းစဉ်နှင့်အညီ ရေးသွင်းထိန်းသိမ်းရမည်-

(က) လက်နက် ခဲယမ်း မီးကျောက် ကိရိယာများစာရင်း၊ မှတ်ပုံတင် (၁၁-က)။

(ခ) ရဲထောက်ပံ့ဌာနမှ ထုတ်ပေးသော ရဲစခန်းသုံးအထွေထွေ ပစ္စည်း စာရင်း၊ မှတ်ပုံတင် (၁၁-ခ)။

(ဂ) လက်နက်တိုက် မှတ်ပုံတင်၊ မှတ်ပုံတင် (၁၁-ဂ)။

(ဃ) အရာရှိအဆင့်တစ်ဦးချင်းလက်နက်ခဲယမ်း မီးကျောက် (နေ့စဉ် ထုတ်/သွင်း)မှတ်ပုံတင်၊ မှတ်ပုံတင် (၁၁-ဃ)။

(င) အခြားအဆင့်တစ်ဦးချင်း လက်နက်ခဲယမ်းမီးကျောက် (နေ့စဉ် ထုတ်/သွင်းခြင်း)မှတ်ပုံတင်၊ မှတ်ပုံတင် (၁၁-င)။

(စ) နေ့စဉ် လက်နက် ခဲယမ်းမီးကျောက်တန်းစီဇယား၊ မှတ်ပုံတင် (၁၁-စ)။

(ဆ) တပ်ရင်း၊ တပ်ဖွဲ့၊ မြို့နယ်၊ ရဲစခန်းအတွင်း လက်နက် ခဲယမ်း မီးကျောက်ဖြန့်ဝေပုံ ဇယားမှတ်ပုံတင်(၁၁-ဆ)။

၁၃၉၀။ ရဲစခန်းမှ လက်နက်ခဲယမ်းထုတ်ပေးခြင်းနှင့် ပတ်သက်၍ အရာရှိများအား ထုတ်ပေးရာတွင်နောက်ဆက်တွဲ(၁၁-ဃ)အရာရှိတစ်ဦးချင်း လက်နက်ခဲယမ်းထုတ်

ပေးခြင်းစာအုပ်တွင် ရေးသွင်းရမည်။ အခြားအဆင့်တပ်ဖွဲ့ဝင်များအား ထုတ်ပေးရာတွင် နောက်ဆက်တွဲ(၁၁–င) လက်နက်ခဲယမ်းမီးကျောက်တစ်ဦးချင်း နေ့စဉ်ထုတ်သောမှတ်ပုံတင်စာအုပ် (အခြားအဆင့်)တွင် ရေးသွင်းရမည်။ အရာရှိများအား တစ်လတစ်ကြိမ် လက်နက်ခဲယမ်းပြန်လည်အပ်နှံစေပြီးမှ တစ်ဖန်ထုတ်ပေးရမည်၊ အခြားအဆင့်များအား နေ့စဉ်လက်နက်ခဲယမ်းထုတ်သွင်းခြင်းကို ရေးသွင်းရမည် တစ်ဦးချင်းထုတ်ပေးရာတွင် (ထောက်–၄)ပြေစာကို အသုံးပြုရမည့်ပြင် လက်ခံရရှိပြေစာပိုင်နှင့် ထုတ်သွင်းပြေစာပိုင် နှစ်မျိုးခွဲခြား၍ လက်နက်အမျိုးအစားအလိုက် နှစ်ပိုင်းစီ ဖွင့်လှစ်ထိန်းသိမ်းရမည်။

၁၃၉၁။ × × × × × × × × × × × × × × × × × × × × × × × × × × × × ×။

## ရဲထောက်ပံ့ဌာနမှ ထုတ်ပေးခြင်းမပြုသော သောင်းပြောင်းပစ္စည်းစာရင်းမှတ်ပုံတင်၊ မှတ်ပုံတင်(၁၂)

၁၃၉၂။ ဤမှတ်ပုံတင်တွင် ရဲထောက်ပံ့ဌာနမှထုတ်ပေးသည့် ပစ္စည်းမဟုတ်သော ရုံးအသုံးအဆောင်ပရိဘောဂများနှင့် သောင်းပြောင်းပစ္စည်းများကို စာရင်းသွင်းထားရမည်။ ထိုသို့ရေးသွင်းမှတ်တမ်းတင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ၁၁–၁၁–၇၆ ရက်စွဲပါ စာအမှတ်၊ ၂/၁/ထောက်၂(ခ)၃ဖြင့် ထုတ်ပြန်ထားခဲ့သည့် (နောက်ဆက်တွဲ"ဂ")ပုံစံများကို လယ်ဂျာစာအုပ်အဖြစ်ချုပ်လုပ်အသုံးပြုရမည်။

၁၃၉၃။ ဤမှတ်ပုံတင်ကို ရေးသားရာတွင် ပစ္စည်းတစ်မျိုးစီအတွက် လယ်ဂျာစာရွက်တစ်ရွက်စီ အသုံးပြုရေးသွင်းရမည်။ လယ်ဂျာစာရွက်တိုင်းတွင် စာမျက်နှာအမှတ်စဉ်များထိုးတပ်ပြီး ပစ္စည်းအမျိုးအမည်နှင့် ပစ္စည်းအမှတ်ကိုဖော်ပြရမည်။ အခြားရေးသွင်းရန် လိုအပ်သည့်အချက်အလက်များအဖြစ် လယ်ဂျာစာရွက်တွင် စာတိုင် (၈)ခုဖြင့်ဖော်ပြထားသည်ဖြစ်ရာ ယင်းစာတိုင်များပါအတိုင်းရေးသွင်းရန်ဖြစ်ပါသည်။ ထိုလယ်ဂျာစာရွက်တွင် စခန်းမှူးက တပ်ထောက်အရာရှိအဖြစ် လက်မှတ်ရေးထိုးရမည်။ စာမျက်နှာတိုင်းတွင် နှစ်သစ်စသောအခါ၌ ပစ္စည်းလက်ကျန်အသီးသီးတို့ကို ပထမဦးစွာ ရေးသွင်းရမည်။ ထိုနောက်တွင်မှ လက်ခံရရှိသောပစ္စည်းများနှင့် ထုတ်ပေးလိုက်သောပစ္စည်းများကို ချက်ချင်းထည့်သွင်းရေးသား၍ လက်ခံရရှိကြောင်းနှင့် ထုတ်ပေးကြောင်းပြေစာအမှတ်တို့ကိုပါ ရေးသားထည့်သွင်းရမည်။ ဖျက်ဆီးလိုက်သောပစ္စည်းများကို ထုတ်ပေးစာရင်းသွင်း၍ မည်ကဲ့သို့ ဖျက်ဆီးကြောင်း မှတ်ချက်တွင်ဖော်ပြရမည်။ နှစ်ကုန်သောအခါ လက်ကျန်မည်မျှ

ရှိကြောင်းကို ရဲစာရေးကတွက်ယူရမည်။ဤလက်ကျန်စာရင်းကိုနှစ်သစ်အစစောစော တွင် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးကဖြစ်စေ မြို့နယ်ရဲတပ်ဖွဲ့မှူးကဖြစ်စေ မှန်မမှန် ကြည့်ရှုစစ်ဆေးရမည်။ စစ်ဆေးပြီးလျှင် လက်ကျန်အောက်နားၡ၌ "ဤနေရာတွင် ရဲစခန်းရှိပရိဘောဂနှင့် သောင်းပြောင်းပစ္စည်းများကို ကိုယ်တိုင်သေချာစွာ ကြည့်ရှု စစ်ဆေးရေတွက်ပြီး လက်ကျန်စာရင်းနှင့်တိုက်ဆိုင်ကြည့်ရာ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးပါသည်" ဟု သက်သေခံလက်မှတ်ရေးထိုးရမည်။ နှစ်ကုန်၍ လက်ကျန်ရှိသည့်ပစ္စည်းများကို ပုံစံလွတ်တစ်ခုပေါ်တွင် စာရင်းပြုလုပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မှန်ကန်ကြောင်းသက်သေခံလက်မှတ်နှင့်အတူ ခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ ၄င်းရုံးရှိမှတ်ပုံတင် (၄၇) နှင့်တိုက်ဆိုင်ကြည့်ရှုရန်တင်ပို့ရမည်။

၁၃၉၄။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင်ရှိသော ပစ္စည်းစာရင်းစာအုပ်များနှင့် ရဲစခန်းရှိ ပစ္စည်းမှတ်ပုံတင်စာအုပ်များတွင်"ထုတ်ပေး" လိုက်ကြောင်းနှင့်" ရရှိ"ကြောင်းပြထား သောပစ္စည်းများသေချာမှန်ကန်စေရန်မည်သည့်အခါမဆို ရဲစခန်းဆိုင်ရာပစ္စည်းများ ကို ခရိုင်စတိုမှ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ပို့သောအခါတွင် (ဆောက်-၄) ပုံစံဖြင့် "ထုတ်ပေး" ကြောင်းနှင့် "ရရှိ" ကြောင်းလက်မှတ်ကိုအသုံးပြုရမည်။

## အခန်း (၅၃)

## ရဲစခန်းရှိသောင်းပြောင်းမှတ်တမ်းနှင့် စာတွဲများအကြောင်း

### နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပြန်သော ဆာကျူလာအမိန့်များဖိုင်တွဲမှတ်ပုံတင်၊ မှတ်ပုံတင် (၁၃)

၁၃၉၅။ နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပြန်သော ဆာကျူလာအမိန့်များကို ဖိုင်အမှတ် ၁၃(က)တွင် တွဲထားရမည်။ ပြည်နယ်/တိုင်း/ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများမှ ထုတ်ပြန်သောဆာကျူလာအမိန့်များကို ဖိုင်အမှတ် ၁၃(ခ) တွင် တွဲထားရမည်။ ဆာကျူလာအမိန့်များကို ရဲစခန်းများတွင် အစဉ် လိုက်ထားရှိပြီး အမြဲတမ်းလိုက်နာကြရသည်။ ထိုအမိန့်များကို နှစ်စဉ် နှစ်စမှစ၍ အစဉ်အလိုက်အမှတ်စဉ်များတပ်ပြီး ပေးပို့မြဲဖြစ်သဖြင့် အမှတ်စဉ်အတိုင်းမရရှိသည့် လိုအပ်နေသော ဆာကျူလာအမိန့်များကိုသက်ဆိုင်ရာများသို့ တင်ပြအစီရင်ခံ၍ တောင်းခံရမည်။ ဆာကျူလာအမိန့်များကို အောက်ပေါ်ပြပါ မာတိကာ ရေးသား၍

အစီအစဉ်အတိုင်း ရေးသားရန်လိုအပ်ပါသည်-

## မှတ်ပုံတင် ၁၃ (က)နှင့် ၁၃(ခ) မာတိကာစဉ်

| အစဉ်နံပါတ် | ဆာကြူလာအမိန့် နံပါတ်နှင့်ရက်စွဲ | စာပါအကြောင်းအရာ | စာမျက်နှာ အညွှန်း |
|---|---|---|---|
| | | | |
| | | | |

ရဲစခန်းမှူးသည် ဆာကြူလာအမိန့်များပေါ်တွင် လိုက်နာဆောင်ရွက်ရမည့် အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များအား အမိန့်ကိုသိရှိနားလည်သဘော ပေါက်ကြောင်းကို သက်ဆိုင်သူတို့၏လက်မှတ်များကို ရေးထိုးထားစေပြီး ထိုကဲ့သို့ဖတ်ပြရှင်းလင်း ကြောင်းကို ရဲစခန်းရှိ အရပ်ရပ်နေ့စဉ်မှတ်တမ်း မှတ်ပုံတင်(၄)တွင် ရေးသားဖော်ပြ ထားရမည်။

၁၃၉၆။ ဆာကြူလာအမိန့်တစ်ခု၏ ပြင်ဆင်ချက်ကို ဆာကြူလာအမိန့်အသစ် ဖြင့် ထုတ်ပြန်ပေးမည်ဖြစ်သည်။ ထိုအမိန့်အသစ်ကို အမှတ်စဉ်အလိုက်တည်ရှိ သော အစဉ်တွင်ပင် ဖိုင်တွဲထားရှိရမည်။ မူလဆာကြူလာအမိန့်ကို ဖိုင်တွဲမှ ထုတ်ပယ်မထားရ သို့သော်လည်း ပြင်ဆင်ခဲ့သည့်ဆာကြူလာအမိန့်စာမျက်နှာ(၄) တွင် ပြင်ဆင်ချက်ဆာကြူလာအမိန့်အသစ် အမှတ်စဉ်ကို ရည်ညွှန်း၍ ပြင်ဆင် ကြောင်း ပယ်ဖျက်ကြောင်း ဖော်ပြရမည်။

## အထွေထွေအမိန့်များဖိုင်တွဲမှတ်ပုံတင်၊ မှတ်ပုံတင် (၁၄)

၁၃၉၇။ ပြည်နယ်/ တိုင်း/ ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ ထုတ်ပြန်သော အထွေထွေအမိန့်များကို ဤဖိုင်တွဲတွင် တစ်နှစ်တစ်ပေါင်းတည်း တွဲထားရမည်။ အထွေထွေအမိန့်များသည် အချိန်ကာလ တိုတောင်းသော အချိန်များအတွက်သာ လုပ်ဆောင်ရန်အတွက် သက်ဆိုင်သောကြောင့် ၄င်းအထွေထွေ အမိန့်များကို ဆာကြူလာအမိန့်များနှင့် ရောနှောထားရှိခြင်းမပြုရပါ။ သီးခြားထားရှိ ရပါမည်။ ဆာကြူလာအမိန့်များမှာ အမြဲလိုက်နာရသည့်အမိန့်များဖြစ်ပါသည်။အထွေထွေ

အမိန့်များကိုအထွေထွေအမိန့်ဟုခေါင်းစဉ်တပ်၍ ရဲစခန်းသို့ သီးခြားအမှတ်စဉ်များဖြင့်ထုတ်ပြန်ရမည်။ ထိုကဲ့သို့ အမှတ်စဉ် သီးခြားပေးရခြင်းမှာ ရဲစခန်းသို့ လာရောက်စစ်ဆေးသည့် အရာရှိများသည် အမှတ်စဉ်အလိုက်ပြည့်စုံမှုရှိကြောင်း နှင့် ထုတ်ပြန်သော အထွေထွေအမိန့်များအားလုံးရရှိမှုရှိ/ မရှိကို အလွယ်တကူ စစ်ဆေးသိရှိနိုင်မည်ဖြစ်ပါသည်။

၁၃၉၈။ အထွေထွေအမိန့်များကို သက်ဆိုင်ရာရဲစခန်းများသို့ ပြည်နယ်/ တိုင်း/ ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တိုက်ရိုက်ပေးပို့ပြီး တစ်စောင်ကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ပေးပို့ပါသည်။ ရဲစခန်းတွင် ရရှိသောအခါ ထိုအမိန့်များကို အစဉ်အလိုက်ဖိုင်တွဲထားရှိရမည်။ သို့ရာတွင်အမှုများနှင့်သက်ဆိုင်သည့်အမိန့်များကိုမူ သက်ဆိုင်ရာအမှုတွဲများတွင် အတူတွဲထားရမည်။ ဤကဲ့သို့ တွဲထားလျှင် ဖိုင်တွဲရှိ နောက်ဆုံးအမိန့်စာကျောဘက်တွင် ( အထွေထွေအမိန့် စာအမှတ်---) ကို ပထမသတင်းပေးတိုင်ချက်အမှတ်(---) အမှုတွဲတွင်တွဲထားကြောင်းပေါ်ပြ လက်မှတ်ရေးထိုးထားရမည်။ ဤကဲ့သို့ ရေးသွင်းရခြင်းသည် နောင်အခါတွင် ရည်ညွှန်းချက် အလွယ်တကူရှာဖွေနိုင်စေရန် ဖြစ်ပါသည်။ ပြစ်မှု (၆၁) ပုံစံဖြင့် အမှုပြီးပြတ်ချက်အမျိုးအမည်များပြသော အထွေထွေအမိန့်များကို ဤဖိုင်တွဲတွင် အတူတကွတွဲထားရမည်။ သို့သော်လည်း ၎င်းအမိန့်များမှာသက်ဆိုင်သည့် ထုတ်နုတ်ချက် များနှင့်တကွ အမိန့်အမှတ်တို့ကို ဆိုင်ရာပထမသတင်းပေးတိုင်ချက် စာအုပ်လက်ခံ ဖြတ်ပိုင်းပေါ်ရှိ နောက်ဆုံးဇယားကွက် အမှုဆုံးဖြတ်ချက်နေရာတွင် ပေါ်ပြရေးသား ရမည်။

၁၃၉၉။ အခြားအထက်အရာရှိများ၏ ထုတ်ပြန်သော အထွေထွေအမိန့်များကို ဖိုင်တွဲတသီးတခြားစီ ဖွင့်လှစ်ထားရှိရမည်။ ဥပမာ- မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အထွေထွေအမိန့်များဖိုင်တွဲ စခန်းမှူး၏အထွေထွေအမိန့်များဖိုင်တွဲဟူ၍ ရေးဖွင့်ထားရန်ဖြစ်ပါသည်။ အထွေထွေအမိန့်များသည် တစ်နှစ်ပတ်လုံးအတွက် ဆိုလျှင် အဆမတန်များပြားလာမည်ဖြစ်သောကြောင့် အလိုရှိသည့်ရည်ညွှန်းချက်များအား အလွယ်တကူရှာဖွေတွေ့ရှိနိုင်စေခြင်းငှာ ပထမ ၆ လပတ်တွင်ဖိုင်တွဲ တစ်ခုနှင့် ဒုတိယ ၆ လပတ်အတွက် ဖိုင်တွဲတစ်ခု ပေါင်း ဖိုင်တွဲ နှစ် ခုကို ခွဲခြားရေးဖွင့်ပါက ပိုမို၍ ကောင်းမွန်မည်ဖြစ်ပါသည်။ သို့ရာတွင်မြို့နယ် ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့၏အထွေထွေအမိန့်များကိုမူ ခွဲခြားထားရန် မလိုပါ။ တစ်နှစ်လုံးအတွက်

တစ်ရုတစ်ပေါင်းတည်း ဖိုင်တွဲထားရမည်ဖြစ်ပါသည်။ အထွေထွေအမိန့်များကို အောက်ပါအတိုင်း မာတိကာစဉ်ဖြင့် ရေးသွင်းထားရန် လိုအပ်ပါသည်-

မာတိကာစဉ်

| အစဉ်နံပါတ် | ရုံးအထွေထွေအမိန့် စာနံပါတ်နှင့်နေ့စွဲ | စာပါအကြောင်းအရာ | စာမျက်နှာ အညွှန်း |
|---|---|---|---|
| | | | |
| | | | |

## ပေးစာလက်ခံမှတ်ပုံတင်၊ မှတ်ပုံတင်(၁၅)

၁၄၀၀။ ရုံးခန်းများမှ ပေးပို့သောစာများကို မင်ခံစက္ကူဖြင့် နှစ်ဆောင်တွဲရေးသား ပြီးလျှင် မင်ခံစက္ကူဖြင့် ရေးသားသော လက်ခံစာမူရင်းခွဲကို ဤဖိုင်တွဲတွင် တွဲထား ရပါသည်။ဤအစီအရင်ခံစာများကို နှစ်စဉ်နှစ်စမှ အစပြု၍ အမှတ်စဉ်များ အစဉ် အလိုက် ပေါ်ပြသွားရပါမည်။ အစီရင်ခံစာအမှတ်စဉ်များရေးသား ပေါ်ပြထားသော် လည်း အစီရင်ခံစာများပေးပို့သည့်အခါ ချော်စာများ ကို မှတ်ပုံတင်ခြင်းမပြုလုပ်ဘဲ ပေးပို့ခြင်းမပြုလုပ်ရ။ ပေးစာလက်ခံဖိုင်တွဲကိုအောက်ပါအတိုင်း မာတိကာစဉ်ဖြင့် ရေးသွင်းထားရှိရန် လိုအပ်ပါသည်-

မာတိကာစဉ်

| အစဉ်နံပါတ် | ပေးစာလက်ခံ နံပါတ်နှင့်နေ့စွဲ | စာပါအကြောင်းအရာ | စာမျက် နှာ အညွှန်း |
|---|---|---|---|
| | | | |
| | | | |

## ချောစာပေးပို့သည့်မှတ်ပုံတင်၊ မှတ်ပုံတင်(၁၆)၊(၁၆–က)နှင့်(၁၇)

၁၄၀၁။ (က) **ချောစာ ပေးပို့သည့် မှတ်ပုံတင်၊ မှတ်ပုံတင်(၁၆)။** ဤစာအုပ်ကို ရဲစခန်းများနှင့်ရဲကင်းများတွင်ထားရှိသည်။ ရဲစခန်းများနှင့် ရဲကင်းများမှ ပေးပို့သည့်စာများကိုဤစာအုပ်တွင်ချောစာအမှတ်များ တပ်၍ ပေးပို့ရမည်။ စာများကို လူကိုယ်တိုင်ပေးပို့ရန်ယူဆောင်သွားသည့်အခါလက်ခံရယူသူ၏လက်မှတ်ကိုဤစာအုပ်၏နောက်ဆုံးဇယားကွက်တွင် စာများလက်ခံရရှိကြောင်းလက်မှတ်ရေးထိုးထားရမည်။

(ခ) **မြို့တွင်းချောစာပေးပို့သည့် မှတ်ပုံတင်၊ မှတ်ပုံတင်(၁၆–က)။** ရဲစခန်းမှ ရဲစခန်းတည်ရှိရာ မြို့တွင်းသို့ ပေးပို့ရန်ရှိသော စာများအား ပေးပို့ခြင်းအတွက် စနစ်တကျရေးသွင်းရန်ဖြစ်သည်။ ရေးသွင်းမည့် ဤစာအုပ်ကို (အထွေထွေ–၁၂)ပုံစံ အသုံးပြုပြီး မြို့တွင်းသို့ပေးပို့ရန် စာများပြားသည့် ရဲစခန်းများတွင်ဤစာအုပ်ကိုထားရှိသည်။ ဤစာအုပ်ကို စာပေးဝေသူတပ်ဖွဲ့ဝင်က ယူဆောင်သွားပြီး စာများကို လက်ခံရရှိသူများက လက်ခံရရှိကြောင်း နောက်ဆုံးဇယားကွက်တွင် လက်မှတ်ရေးထိုးထားရသည်။

၁၄၀၂။ **ချောစာပေးပို့သည့် တံဆိပ်ခေါင်းသုံးမှတ်ပုံတင်၊ မှတ်ပုံတင်(၁၇)။** ဤစာမျက်နှာတိုင်း၌ ဇယားကွက် (၅)ကွက်ပါရှိပြီး ၄င်းစာရွက်၏ ထိပ်တွင် လက်ကျန်ရှိသော အစိုးရစာပို့တံဆိပ်ခေါင်းတန်ဖိုးထည့်သွင်း၍ ဖော်ပြရ ပြီး မင်နီဖြင့်ရေးသားရပါသည်။ စာမျက်နှာအောက်ဘက်တွင် လက်ကျန်တံဆိပ်ခေါင်းတန်ဖိုး မည်မျှရှိကြောင်းကိုဖော်ပြပြီး ကျန်ရှိသည့် တံဆိပ်ခေါင်းတန်ဖိုးနှင့် လက်ကျန်တံဆိပ်ခေါင်းများ ကိုက်ညီခြင်းရှိမရှိ စစ်ဆေးရန်လိုအပ်ပါသည်။ လက်ကျန်တံဆိပ်ခေါင်းများ၏တန်ဖိုးကို နောက်ထပ်ရေးသွင်းသည့်စာမျက်နှာ၏ အတွင်းဘက်တွင် မင်နီဖြင့်ရေးသားဖော်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပေးရရှိသော တံဆိပ်ခေါင်းတန်ဖိုးများကို ရုံးအမိန့်အမှတ် နေ့စွဲများဖော်ပြ၍ မင်နီဖြင့် ရေးသွင်းဖော်ပြရန် လိုအပ်ပေသည်။ သို့မှသာလျှင် စစ်ဆေးရာ၌ လွယ်ကူမည် ဖြစ်ပါသည်။ လစဉ် လကုန်သည့်အခါတိုင်း အစိုးရတံဆိပ်ခေါင်းများ လက်ကျန်

လျော့နည်းနေလျှင် ပြန်လည်ဖြည့်သွင်းရန် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ တောင်းခံရမည်။ သို့သော် တံဆိပ်ခေါင်းများ သုံးစွဲကုန်ကျမှုများပြားသဖြင့် လုံလောက်ခြင်းမရှိသော် မည်သည့်အခါတွင်မဆို တင်ပြတောင်းခံနိုင်ပါသည်။ အစိုးရတံဆိပ်ခေါင်းများ တောင်းခံသောအခါ တံဆိပ်ခေါင်းများကို ပါဆယ်ထုပ်များ ပို့ရန်အတွက်သော်လည်းကောင်း ကြေးနန်းရိုက်ရန်အတွက်သော်လည်းကောင်း စာများပို့ရန်အတွက်သော်လည်းကောင်း သုံးစွဲရန် တန်ဖိုးအနည်းအများကို ချင့်ချိန်ထောက်ရှု၍ လိုသလောက်တန်ဖိုးများကို တင်ပြတောင်းခံရမည်။ ဤမှတ်ပုံတင်စာအုပ်ကို အကြောင်းတစ်ခုတစ်ရာဖြင့် ရဲစခန်းနှင့် ရဲကင်းစခန်းတို့မှ ပြင်ပသို့ ယူဆောင်သွားခြင်းမပြုရ။ စာများကိုပေးရန်ဖြစ်စေ စာတိုက်တွင်ထည့်ရန်ဖြစ်စေ ယူဆောင်သွားရသူ ရဲတပ်ဖွဲ့ဝင်သည် စာများကို ယူဆောင်သွားရသည့်အခါတိုင်း နောက်ဆုံးဇယားကွက်တွင် စာများလက်ခံရရှိကြောင်း လက်မှတ်ထိုး၍ ယူဆောင်သွားရမည်။

## ရဲတပ်ဖွဲ့မှ ဆောက်လုပ်၍ ကြည့်ရှုထားရသော အဆောက်အဦများ မှတ်ပုံတင်၊ မှတ်ပုံတင်(၁၈)

၁၄၀၃။ (က) ဤမှတ်ပုံတင်စာအုပ်ကို {ရဲလက်စွဲပထမတွဲအပိုဒ် (၂၉၈)}တွင် ဖော်ပြထားသည့် ရဲတပ်ဖွဲ့မှဆောက်လုပ်၍ ကြည့်ရှုစောင့်ရှောက်ထားရသော အဆောက်အဦများ၏စာရင်း မူရင်းခွဲကိုသက်ဆိုင်ရာ ရဲစခန်း သို့မဟုတ် ရဲကင်းစခန်းတွင်ထားရှိရမည်။ နှစ်စဉ် နှစ်စဉ် ဤဖိုင်တွဲကိုအကြောင်းအရာအသစ်များထည့်သွင်းရန်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ထားရှိသည့်မှတ်ပုံတင်(၄၈)နှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုရန် ပေးပို့ရပါမည်။ ထိုကဲ့သို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိမှတ်ပုံတင် (၄၈)နှင့် တိုက်ဆိုင်စစ်ဆေးပြီး လိုအပ်သည့် အကြောင်းအရာသစ်များကို ထည့်သွင်းရေးသား၍ သက်ဆိုင်ရာ ရဲစခန်းသို့ ပြန်လည်ပေးပို့ရ ပါသည်။ ရဲအတတ်သင်ကျောင်းများနှင့် သီးသန့်ရဲစခန်းများတွင် ဤမှတ်ပုံတင်ကို ထားရှိရန်မလိုပါ။ ရဲစခန်းမှူးသည် အဆောက်အဦများ ပြင်ဆင်ရန်အတွက် ကုန်ကျမည့်ခန့်မှန်းချေ ငွေစာရင်းများကို တင်ပို့ရသည့်အခါတိုင်း ပြင်ဆင်ရမည့်ပစ္စည်း အဆောက်အဦများ၏အမှတ်စဉ်တို့ကို ရေးသားဖော်ပြရပါမည်။

(ခ) ဤစာအုပ်တွင် အသုံးပြုသည့်ပုံစံမှာ {အုပ်ချုပ်ရေး(ဂ၃)}ပုံစံဖြစ်ပါသည်။ ဤပုံစံတွင် (BCR)ခေါ် ရဲတပ်ဖွဲ့စာရင်းဝင် ယာယီအဆောက်အဦများကိုသာ ရေးသွင်းရပြီး(BWD)ခေါ် ဆလကနှင့် အိုးအိမ်ဦးစီးဌာနတို့မှ ဆောက်လုပ်သည့် အဆောက်အဦများအတွက် မဟုတ်ကြောင်း သတိပြုရမည်။ ဤပုံစံတွင် အပိုင်း၂ ပိုင်း ခွဲခြားဖော်ပြထားပါသည်။ ပထမအပိုင်းသည် ရဲကင်းစခန်းရှိ ယာယီအဆောက်အဦများအတွက်အသုံးပြုဖော်ပြရန်ဖြစ်ပြီးဒုတိယအပိုင်းသည် ရဲစခန်းရှိယာယီအဆောက်အဦများအတွက် အသုံးပြုရသောပုံစံဖြစ်ပါသည်။ ဤပုံစံပါ အပိုင်း ၂ ပိုင်းလုံးရှိဇယားကွက်များမှာ တူညီမှုရှိသော်လည်း ရဲကင်းစခန်းအတွက် အသုံးပြုသည့် ပထမအပိုင်း၏ဇယားကွက်(၂)တွင် အဆောက်အဦ အမျိုးအမည်နှင့် မြေနေရာအသေးစိတ်တို့ကို ဖော်ပြရန်ပါရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ရဲစခန်းသည် အမြဲမဟုတ်။ မြေနေရာသိမ်းယူ၍ ယာယီအစီအစဉ်ဖြင့်ဖွင့်လှစ်ထားခြင်းဖြစ်၍ ယခုကဲ့သို့ မြေနေရာအသေးစိတ် ဖော်ပြရခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင်–

(၁) အစဉ်နံပါတ်။

(၂) အဆောက်အဦအမျိုးအစားနှင့်မြေနေရာ။

(၃) အရေအတွက်။

(၄) ဆောက်လုပ်သည့်နေ့စွဲ။

(၅) မူလတန်ဖိုး။

(၆) ပြင်ဆင်သည့်နေ့စွဲ။

(၇) "မှတ်ချက်"အစရှိသည့်ခေါင်းစဉ်များအတိုင်း ရေးသွင်းရပါသည်။

ဤမှတ်ပုံတင်စာအုပ်အပြင်ရဲစခန်းရုံးနှင့် လူနေအိမ် အဆောက်အဦများအားလုံးတည်ရှိသည့် မြေပုံတစ်ခုကို ရေးဆွဲထားရမည်။ ထို့ပြင် အဆောက်အဦတစ်ခု၏ ရာဇဝင်မှတ်တမ်း ဖွင့်ထားရန်

အတွက် အဆောက်အဦတစ်ခုစီတိုင်း ရာဇဝင်မှတ်တမ်းတစ်ခု ဖွင့်ထားရန်လိုအပ်ပါသည်။

**လက်ခံရရှိသောပုံနှိပ်ထုတ်ဝေသည့် စာရွက်စာတမ်းများနှင့်ဥပဒေစာအုပ်များ၊ မှတ်ပုံတင်၊ မှတ်ပုံတင်(၁၉)**

**အထူးလျှို့ဝှက်သောသတင်းများနှင့်ဆိုင်သည့် မှတ်ပုံတင်၊ မှတ်ပုံတင် ၁၉(က)**

**သတင်းအစီရင်ခံစာများနှင့် သက်ဆိုင်သော လျှို့ဝှက်မှတ်ပုံတင်၊ မှတ်ပုံတင် ၁၉(ခ)**

၁၄၀၄။ (က) **လက်ခံရရှိသော ပုံနှိပ်ထုတ်ဝေသည့် စာရွက်စာတမ်းများနှင့် စာအုပ်များ မှတ်ပုံတင်၊ မှတ်ပုံတင် (၁၉)။** အသုံးပြုသော ပုံစံမှာ အုပ်ချုပ်ရေး(၁၀၃)ပုံစံ ဖြစ်ပါသည်။ ဤမှတ်ပုံတင်စာအုပ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ရဲစခန်း၊ ရဲကင်းစခန်းများနှင့် ရဲအတတ်သင်ကျောင်းများ၌ ထားရှိရပါသည်။ ဤမှတ်ပုံတင်စာအုပ်တွင် လက်ခံရရှိသည့် ဥပဒေစာအုပ်များ၊ လက်စွဲဥပဒေစာအုပ်များနှင့် နိုင်ငံတော်အစိုးရက ပုံနှိပ်ထုတ်ဝေသော အခြားစာအုပ်စာတမ်းများ၏ အမည်စာရင်းကို ထည့်သွင်းဖော်ပြရန်အတွက် ဒေါင်းကွက်(၁)မှ(၇)ထိ ရေးသွင်းရပါသည်။ ပုံနှိပ်ထုတ်ဝေရသော စာတမ်းများနှင့် ပြင်ဆင်ချက်များကို မည်သည့်အခါတွင် လက်ခံရရှိကြောင်းကို ဖော်ပြနိုင်ရန်အတွက် ဤမှတ်ပုံတင်စာအုပ်တွင် ဒေါင်းကွက်သီးခြားထားရှိပါသည်။ ထိုသို့ ရေးသွင်းခြင်းပြုလုပ်ရန်အတွက် ဒေါင်းကွက်(၈)မှ(၁၁) အထိရေးသွင်းရပါသည်။ ပုံနှိပ်ထုတ်ဝေသည့် စာတမ်းတစ်စောင်အတွက်ပြင်ဆင်ချက်များ လက်ခံရရှိကြောင်း ထည့်သွင်းရေးသားနိုင်စေခြင်းငှာ ဤမှတ်ပုံတင်စာအုပ်တွင် နေရာလွတ်များ ချန်လှပ်ထားရပါသည်။ အကြောင်းအရာဒေါင်းကွက်အမှတ် (၁၂)တွင် အသုံးမဝင်တော့သည့် ပုံနှိပ်ထုတ်ဝေသော စာတမ်းများကို ဖျက်ဆီးကြောင်း မှတ်ချက်ရေးသားဖော်ပြ၍ ရေးသွင်းထားသည့်

စာတမ်းများအမည်ပေါ်တွင် ချက်ချင်း ဖျက်ပစ်ရမည်။ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးက ဖျက်ဆီးရန်အမိန့်ပေးမှသာလျှင် ဖျက်ဆီးနိုင်သည်။ ဖျက်ဆီးကြောင်းကို ဇယား(၁၂)တွင် ရေးသွင်းရပါမည်။ နှစ်စဉ် နှစ်စ ဇန်နဝါရီလဆန်းတွင် နှစ်စဉ်ပေးပို့မြဲ လက်ရှိစာအုပ်ပေါင်းစာရင်းကို(အုပ်ချုပ်ရေး–၁၀၃)ပုံစံအလွှတ်တစ်ခုတွင် ရေးသားဖြည့်သွင်း၍မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး မှတ်ပုံတင်အမှတ်(၂၉) နှင့်တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် ပေးပို့ရပါမည်။ ပေးပို့သောစာရင်းတွင်အသုံးမဝင်တော့၍ ဖျက်ဆီးလိုက်သော ပုံနှိပ်ထုတ်ဝေသည့်စာအုပ်စာတမ်းများ အကြောင်းအချက်အလက်ဖော်ပြရပါမည်။ မည်သည့်အရာရှိကမည်သည့် အကြောင်းကြောင်းကြောင့်ဖျက်ဆီးရန်မိန့်ပေးကြောင်းကိုလည်း ဖော်ပြထားရပါမည်။ ဤမှတ်ပုံတင်စာအုပ်၏ စာမျက်နှာတစ်မျက်နှာတွင် စာအုပ်စာတမ်းအမျိုးအမည် ၃ ခုထက်ပို၍ ရေးသွင်းခြင်းမပြုရပါ။

(ခ) **အထူးလျှို့ဝှက်သော သတင်းများနှင့် ဆိုင်သည့်မှတ်ပုံတင်၊ မှတ်ပုံတင်(၁၉–က)။** အထူးလျှို့ဝှက် သတင်းများမှတ်တမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှရရှိသည့် လျှို့ဝှက်စာရွက်စာတမ်းများအားလုံးတို့ကိုဤမှတ်ပုံတင်တွင်ထည့်သွင်းထားရှိပြီး ရဲစခန်းမှူးကိုယ်တိုင်လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက် ရမည်။ ဤမှတ်ပုံတင် ကိုအောက်ပါအတိုင်းမာတိကာစဉ်ဖြင့် ရေးသွင်းထားရပါမည်–

**မာတိကာစဉ်**

| အမှတ်စဉ် | လျှို့ဝှက်အမိန့်စာ နံပါတ်နှင့်ရက်စွဲ | စာပါအကြောင်းအရာ | စာမျက်နှာအညွှန်း |
|---|---|---|---|
| | | | |

(ဂ) **သတင်းအစီရင်ခံစာများနှင့်သက်ဆိုင်သော လျှို့ဝှက်သည့်ဖိုင်တွဲ၊ မှတ်ပုံတင် (၁၉–ခ)။** မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ပေးပို့သည့်

ရဲစခန်းမှူး၏ လျှို့ဝှက်သောသတင်းအစီရင်ခံစာများ၏ လက်ခံစာများကိုဖိုင်တွဲတွင်ရဲစခန်းမှူးကိုယ်တိုင်ထိန်းသိမ်းပြီးလုံခြုံအောင်သော့ခတ်ထိန်းသိမ်းထားရမည်။ ဖိုင်တွဲကို အောက်ပါအတိုင်း မာတိကာအစဉ်များဖြင့် ရေးသွင်းထားရန်လိုအပ်ပါသည်–

**မာတိကာစဉ်**

| အမှတ်စဉ် | လျှို့ဝှက်သတင်းအစီရင်ခံစာ နံပါတ်နှင့်ရက်စွဲ | စာပါအကြောင်းအရာ | စာမျက်နှာ အညွှန်း |
|---|---|---|---|
| | | | |

## ခန့်စာလက်မှတ်များ

၁၄၀၅။ ရဲတပ်ဖွဲ့သို့ဝင်ရောက်အမှုထမ်းလိုသောအခါ ရဲတပ်ဖွဲ့ဝင်အဖြစ် စာရင်းသွင်းသည့်ပုံစံ(ပရ–၅၅)နှင့် ကိုယ်ရေးမှတ်တမ်းပုံစံ(ပရ–၄၀၀)တို့တွင် မှန်ကန်ပြည့်စုံစွာရေးသွင်းရမည်။ ပုံစံများတွင်ရဲတပ်ဖွဲ့သို့ဝင်လိုသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည့်အပြင်ပြည်နယ်/တိုင်း/တပ်ရင်း/တပ်ဖွဲ့/ ကျောင်းများမှဦးစီးအရာရှိ (ရေး/ဆောက်)ကိုယ်တိုင် လက်မှတ်ရေးထိုး၍ရုံးတံဆိပ်ပါရှိရမည်။ ထိုသို့ခန့်အပ်မည့်သူကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြ၍ ခွင့်ပြုမိန့်ရယူရမည်။ ခွင့်ပြုမိန့်ရရှိပါက ခန့်အပ်မိန့်ကို ထပ်ဆင့်ထုတ်ပြန်ရမည်။ထို့နောက်ခန့်စာလက်မှတ်ထုတ်ပေးရမည် {၁၉၄၅ခုနှစ်ရဲအက်ဥပဒေပုဒ်မ(၉)}။ ခန့်စာလက်မှတ်များကို မပျောက်ပျက်စေရန် ဂရုပြုထိန်းသိမ်းရမည့်အပြင် ရဲဝတ်တန်ဆာပစ္စည်းများကို ကြည့်ရှု စစ်ဆေးသောအခါတွင်လည်း ပြသရမည်။

## ရဲစခန်းဆိုင်ရာနယ်မြေအတွင်းရှိ ကျေးရွာများမြေပုံ

၁၄၀၆။ သတ်မှတ်ထားသည့် ကျေးရွာနယ်နိမိတ်များကို ဖော်ပြနိုင်လျှင်ဖော်ပြ၍ မှတ်ပုံတင်(၃၄)၊ (အုပ်ချုပ်ရေး ၈ /ရဲ ၄၀) ပုံစံ တွင်ပါရှိသည့် အရပ်ရပ်ကျေးရွာများကို တစ်လက်မလျှင် ၂ မိုင်ကျစကေးနှုန်းအတိုင်းအတွာနှင့် ရေးဆွဲသည့်မြေပုံကို ရဲစခန်းမှ ၍ ရဲကင်းအသီးသီးတွင် ချိတ်ဆွဲထားရမည်။ ပြင်ဆင်ချက်များကို အခါအားလျော်စွာ ထည့်သွင်းရမည်။

# အခန်း(၅၄)

## အမှုတွဲများထုတ်ပေးခြင်းနှင့်မိတ္တူများ ရေးကူးခြင်း

၁၄၀၇။ ရဲတပ်ဖွဲ့ဝင်ကို့ထိန်းသိမ်းရသည့် မည်သည့်စာရွက်စာတမ်း အမှုတွဲ သို့မဟုတ် ၎င်းတို့ရေးမှတ်ထားသည့် မည်သည့်မိတ္တူထုတ်နုတ်ချက်မျိုးကိုမျှ တရားဥပဒေအရ တောင်းဆိုခွင့်မရှိသည့် အရပ်သားတစ်ယောက် သို့မဟုတ် အခြား တစ်စုံတစ်ယောက်ကိုမျှ မပေးအပ်ရ။ သို့ရာတွင် ပေးအပ်ရန်အာဏာပိုင်တရားရုံးက အမိန့်ကိုဖြစ်စေ အစိုးရအာဏာပိုင်အရာရှိတစ်ဦး၏ အမိန့်ဖြင့်ဖြစ်စေ တောင်းခံ သည့်အခါပေးအပ်ရမည်။

၁၄၀၈။ ရဲအက်ဥပဒေပုဒ် ၅၅ ပါ ပြဋ္ဌာန်းချက်များအရထားရှိရမည့် အရပ်ရပ် နေ့စဉ်မှတ်တမ်းနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၂ အရ ပြဋ္ဌာန်းထားသည့် အမှုနေ့စဉ်မှတ်တမ်းသည် သက်သေခံဥပဒေပုဒ်မ ၁၂၃ ပါ အဓိပ္ပါယ်သဘော အရ အထူးအခွင့်အရေးအဖြစ်ဖြင့် တားမြစ်ခြင်းရှိသော စာတမ်းအမှတ်အသားများ မဟုတ်ချေ။ ထို့ကြောင့် ၎င်းစာတမ်းအမှတ်အသားများကို တရားရုံးကဆင့်ဆို တောင်းယူနိုင်သည့်အပြင် တရားဥပဒေအရပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လည်း အသုံးပြုနိုင်သည်။

၁၄၀၉။ × × × × × × × × × × × × × × × × × × × × × × × × ×။

၁၄၁၀။ မည်သည့်တရားရုံးကမဆို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၂ အရ အမှုနေ့စဉ်မှတ်တမ်းကို ဆင့်ဆိုတောင်းယူခွင့်ရသည်။ သို့သော်လည်း ထိုမှတ်တမ်း ကိုရေးသားသူ ရဲအရာရှိက သတိရရှိရန် တရားရုံးတွင် ကြည့်ရှုထွက်ဆိုသည့်အခါ သို့မဟုတ် တရားသူကြီးက ရဲအရာရှိ၏ မညီညွတ်သောသက်သေခံချက်ကို တိုက်ဆိုင်ကြည့်ရှုသည့်အခါများမှတစ်ပါး မည်သည့်အခါမျှ တရားခံမှစ၍ တရားခံ ၏ကိုယ်စားလှယ်တို့က တောင်းယူကြည့်ရှုခွင့်မရ (သက်သေခံဥပဒေပုဒ်မ ၁၆၁ )။ နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်သည့်စာတမ်းအမှတ်အသားများကိုသက်သေ ခံအဖြစ် တင်ပြရန်ကိစ္စအလို့ငှာ အစိုးရအမှုထမ်းအား တရားရုံးကဆင့်ခေါ်သည့် အခါ လိုက်နာဆောင်ရွက်ရန်နည်းလမ်းမှာ နောက်ဆက်တွဲ(ခ–၁၃)တွင်ပါရှိသည်။

# အပိုင်း(၃)

# အမှုစစ်ဆေးအရေးယူခြင်း၊ သေမှုသေခင်းစစ်ဆေးခြင်း၊ လက်ပုံစံအသုံးပြုခြင်း၊ တရားခံပြေးများ၊ သက်သေခံပစ္စည်းများ၊ လူဆိုးများကြည့်ရှုစစ်ဆေးခြင်းမှတ်တမ်း၊ အတ္တုပ္ပတ္တိရာဇဝင်လူဆိုးများ၊ အမှုစစ်ဆေးခြင်းအတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်များနှင့် အထူးညွှန်ကြားချက်များ

## အခန်း(၁၅)

## ပထမသတင်းပေးတိုင်ချက်၊ အမှုနေ့စဉ်မှတ်တမ်း၊ နောက်ဆုံးအစီရင်ခံချက်များနှင့် စွဲချက်စာချုပ်များ ရေးသားထားရှိခြင်း

### ပထမသတင်းပေးတိုင်ချက်မှတ်ပုံတင်၊ မှတ်ပုံတင်(၂၀)

၁၄၁၁။ ပထမသတင်းပေးတိုင်ချက်စာအုပ်(ပြစ်မှု ၁၅ /ရဲ ၃၄)ပုံစံမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ ⁄ အရပြဋ္ဌာန်းသတ်မှတ်ထားသည့်မှတ်ပုံတင်စာအုပ်ဖြစ်သည်။ ၎င်းပုဒ်မတွင်ပြဋ္ဌာန်းထားချက်မှာ "ရဲအရေးယူပိုင်ခွင့်"ရှိသောပြစ်မှုတစ်ရပ်ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းပေးချက်တိုင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှူးတစ်ဦးထံနှုတ်ဖြင့်ပေးခဲ့လျှင်ထိုအရာရှိကိုယ်တိုင်ဖြစ်စေ၊၎င်း၏ညွှန်ကြားချက်အရဖြစ်စေ၊ စာဖြင့်ရေးမှတ်ရမည့်အပြင် သတင်းပေးသူအား ပြန်ဖတ်ပြရမည်။ ထို့ပြင်စာဖြင့်ရေးသားပေးသည်ဖြစ်စေအထက်တွင်ဆိုခဲ့သည့်အတိုင်း စာဖြင့်ရေးမှတ်ယူရသည်ဖြစ်စေအဆိုပါသတင်းပေးချက်တိုင်းတွင် သတင်းပေးသူက လက်မှတ်ရေးထိုးရမည်။ထို့ပြင် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက သတ်မှတ်ထားသည့်ပုံစံအတိုင်း အဆိုပါရဲအရာရှိက ထားရှိရမည့်စာအုပ်တွင် ထိုသတင်း၏ အကျဉ်းချုပ်ကို ထည့်သွင်းရေးမှတ်ထားရမည်။

၁၄၁၂။ ပထမသတင်းပေးတိုင်ချက်ရေးယူရာတွင် သတင်းပေးသူ၏နှုတ်ထွက်စကားအတိုင်း မူရင်းပေါ်တွင်ရေးယူ၍ မူရင်းခွဲကို တစ်ကြိမ်တည်း ရရှိနိုင်ရန် မင်ခံစက္ကူကိုအသုံးပြုရမည်။ စာမျက်နှာတစ်ရွက်တွင် သတင်းပေးချက်ကိုရေးယူ၍ မပြီးဆုံးလျှင် နောက်အမှတ်စဉ်တူ မူရင်းနှင့် မူရင်းခွဲပေါ်တွင် အထက်ပါနည်းအတိုင်း ဆက်လက်ရေးသားရမည်။ မည်သည့်အခါမျှ အခြားစာရွက်လွတ်များပေါ်တွင် ဆက်လက်ရေးယူခြင်းမပြုရ။ သတင်းပေးချက်ကို ရေးမှတ်ယူထားသည့်အတိုင်း သတင်းပေးနားလည်အောင်ဖတ်ပြော၍ ၄င်းအား မူရင်းနှင့်မူရင်းခွဲပေါ်ရှိ သတင်းပေးချက်အောက်တွင် လက်မှတ်ရေးထိုးစေရမည်။ စာမတတ်လျှင် ၄င်း၏လက်ဝဲလက်မပုံစံနှိပ်ယူပြီးနောက် ၄င်းသတင်းပေးချက်တွင် သတင်းပေးချက်ကို ရေးမှတ်ယူသောရဲအရာရှိကလည်း လက်မှတ်ရေးထိုးရမည်။ သတင်းပေးချက်ကိုရေးမှတ်ယူသောရဲအရာရှိသည် ရဲစခန်းမှူးမဟုတ်ခဲ့သော် ရဲစခန်းမှူးကလည်းလက်မှတ်ရေးထိုးရမည်။ သတင်းပေးချက်သည် စာဖြင့်ရေးသားပေးသော သတင်းပေးချက်ဖြစ်ခဲ့သော် ပထမသတင်းပေးချက်မှတ်ပုံတင်စာအုပ်တွင် ရေးကူးရမည်။ ရေးကူးသည့်အောက်တွင် ထပ်ဆင့်လက်မှတ်ရေးထိုး၍ နေ့စွဲတပ်ရမည်။ သတင်းပေးသူကိုယ်တိုင်သိသည်ထက်ပိုမိုပြောဆိုရန် မတိုက်တွန်းရ။ သတင်းပေးချက်စာကို မူရင်းတွင် ဂရုတစိုက်တွဲထားကာ ရဲစခန်းတွင်သိမ်းဆည်းထားရမည်။ အမှုကိုစစ်ဆေးရန်ရုံးသို့ ပို့သည့်အခါ တရားသူကြီး၏ရုံးသို့ ထိုစာဖြင့်ရေးသားတိုင်ကြားသော သတင်းပေးချက်ကို ခွဲချက်လွှာနှင့်အတူ တွဲ၍ပို့ရမည်။ အမှုကို တရားရုံးသို့မပို့လျှင် ၄င်းတိုင်စာကို အမှုနောက်ဆုံး အစီရင်ခံစာ၌တွဲရမည်။ တရားလိုသည် မိုးရာပါပစ္စည်း အပြည့်အစုံနှင့် ပစ္စည်းပုံသဏ္ဌာန်တို့ကို မိမိသဘောအတိုင်းပေးလျှင် ဤကဲ့သို့သေချာသည့်သတင်းကို ပထမသတင်းပေးချက်၌ ရေးမှတ်ယူရမည်။ သတင်းပေးသူကိုယ်တိုင် သိသည်ထက်ပိုမိုပြောဆိုစေရန်မတိုက်တွန်းရ။ တရားလိုအား ၄င်းပေးသောသတင်းတွင် မည်သည့်သတင်းသည် ကိုယ်တိုင်သိသည့်သတင်း မည်သည့်သတင်းသည် တစ်ဆင့်ကြားသတင်းဖြစ်ကြောင်း သတင်းပေးချက်ရေးမှတ်ယူသူက ခွဲခြားမေးမြန်းနိုင်သည်။ သတင်းပေးချက်ရေးမှတ်ယူရာတွင် မည်သည့်သတင်းအစိတ်အပိုင်းတို့သည် တစ်ဆင့်ကြားဖြစ်ကြောင်း ထင်ရှားစွာဖော်ပြရမည်။ နှစ်စတိုင်းတွင် ပထမသတင်းပေးတိုင်ချက် မှတ်ပုံတင်စာအုပ်ကို အမှတ်စဉ်အသစ်ပေး၍ စတင်ရေးသားရမည်။ အမှုကို ရဲစခန်းမှူးကိုယ်တိုင် စုံစမ်းစစ်ဆေးသည်ဖြစ်စေ လက်အောက်အရာရှိအား လွှဲအပ်သည်ဖြစ်စေ စစ်ဆေးသူ၏

အမည်နှင့် ရာထူးကို သက်ဆိုင်ရာဖယားကွက်တွင် ရဲစခန်းမှူးကိုယ်တိုင်ရေးသားရမည်။ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများတွင် သတင်းပေးခြင်း (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၅ )ကို အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် အကျဉ်းချုပ်၍ရေးသွင်းပါက လုံလောက်သည်။ ၎င်းပြင်သတင်းပေးသူအား တရားသူကြီးထံသို့ညွှန်ပြီးလျှင် ဤအမှုမျိုးကိုစုံစမ်းစစ်ဆေးရန် အမိန့်ပေးခွင့်ရှိသည့်တရားသူကြီးက စုံစမ်းစစ်ဆေးရန် မစေခိုင်းလျှင် မစုံစမ်းရ။ စုံစမ်းစစ်ဆေးရန် အမိန့်ရလျှင် {ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၅၅) ပုဒ်မခွဲ(၃)}အရ စစ်ဆေး၍ ရဲလက်စွဲဒုတိယတွဲ အပိုဒ်(၁၄၁၅)အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၄၁၃။ သတင်းပေးသူက ပြစ်မှုကျူးလွန်သူကို မှတ်မိနိုင်ကြောင်းပြောလျှင် ပထမသတင်းပေးတိုင်ချက်တွင် ထိုပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်ကို ရေးမှတ်ရမည်။ သို့ရာတွင် မည်သည့်အကြောင်းကြောင့်ဖြစ်စေ မသဲကွဲသော ပုံသဏ္ဌာန် အမှားမှားအယွင်းယွင်း ဖြစ်စေနိုင်သော ပုံသဏ္ဌာန်နှင့် မတိကျသော ပုံသဏ္ဌာန်တို့ကို ပေးစေရန်မတိုက်တွန်းရ။ သို့မဟုတ် အားမပေးရ။ သတင်းပေးသူက ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်ကို မှိန်သောအလင်းရောင်တွင်သော်လည်းကောင်း အလှမ်းဝေးဝေးတွင်သော်လည်းကောင်း သို့မဟုတ် တိကျမှန်ကန်သော ပုံသဏ္ဌာန်ပေးနိုင်ရန် ခဲယဉ်းသောအခြေအနေမျိုးတွင်သော်လည်းကောင်း သိမှတ်လိုက်ရသည်ဆိုလျှင် ဤအကြောင်းအရာများကို သေချာစွာဖော်ပြရမည်။

၁၄၁၄။ ရဲအရေးယူပိုင်သော ပြစ်မှုဖြစ်ပွားကြောင်း သတင်းရရှိသည့်အခါ နှောင့်နှေးခြင်းမရှိဘဲ တိုင်ချက်ရေးဖွင့်ရန်အရေးကြီးသည်။ ရရှိသောသတင်းပေးချက်သည် အမှုအကြောင်းကို ကိုယ်တိုင်တစ်စုံတစ်ရာ မသိသူက ပေးသော တစ်ဆင့်ကြားသတင်းဖြစ်စေ အမှုအကြောင်းအနည်းငယ်မျှသာသိသော သူ၏သတင်းဖြစ်စေ အမှု၏အကြောင်းအပြည့်အစုံသိသူ၏သတင်းဖြစ်စေ မည်သည့်သတင်းမျိုးကိုမဆို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ တွင် ပြဋ္ဌာန်းချက်များအရ ချက်ချင်းတိုင်ချက် ရေးဖွင့်ရမည်။ သတင်းပေးချက်ကို တစ်ဆင့်ကြားသတင်းဖြစ်၍သော်လည်းကောင်း တစ်နည်းအားဖြင့် ကျေနပ်ဖွယ်လက္ခဏာမရှိ၍သော်လည်းကောင်း ပထမသတင်းပေးတိုင်ချက် မှတ်ပုံတင်စာအုပ်တွင် ရေးမှတ်မယူသေးဘဲ အချင်းဖြစ်ပွားသည့်အရပ်သို့ သွားရောက်၍ မျက်မြင်သက်သေတစ်ယောက်ယောက်ကိုစစ်ဆေးပြီးမှ ရေးမှတ်ယူသော အလေ့အကျင့်သည် တရားဥပဒေနှင့်ဆန့်ကျင်

သည်။ ပထမသတင်းပေးတိုင်ချက်သည် ၎င်းတွင်ဖော်ပြပါရှိသော ပြစ်မှုကျူးလွန်ကြောင်းနှင့်ပတ်သက်၍ ခိုင်လုံသောသက်သေခံချက်မဟုတ်ပေ။ ဤသတင်းပေးချက်မှာ ရဲတပ်ဖွဲ့သို့ ပထမတိုင်ကြားရာတွင် မည်သည့်အချက်များ ဖော်ပြပါရှိကြောင်းနှင့် မည်သည့်နေ့ရက် မည်သည့်အချိန်တွင် တိုင်ကြားထားကြောင်း သက်သေခံချက်ဖြစ်သည်။ ထို့ကြောင့် အရေးကြီးဆုံးသော မှတ်တမ်းတစ်ခုဖြစ်ကြောင်းအကြိမ်ကြိမ် တွေ့ရပေမည်။ သို့ရာတွင် အမှုအကြောင်းအရာများနှင့်ပတ်သက်၍ သက်သေခံချက် လုံးဝမဟုတ်ပေ။ ၎င်းကို သက်သေခံဥပဒေပုဒ်မ ၁၄၅ ၊ ၁၅၅ နှင့် ၁၅၇ တို့အရ သတင်းပေးသူ၏ ကျမ်းကျိန်ထွက်ဆိုချက်ကို ထောက်ခံရန် သို့မဟုတ် ငြင်းဆိုရန်သာလျှင် အသုံးပြုနိုင်သည်။ ပထမသတင်းပေးတိုင်ချက်ကို ချက်ချင်းရေးမှတ်ယူရန် ပျက်ကွက်ခြင်းတစ်စုံတစ်ရာသည် အမှုစုံစမ်းစစ်ဆေးပြီးမှ တရားခံအပေါ်တွင် ဉာဏ်ဆင်၍ သတင်းပေးတိုင်ချက်ဟူ၍ ရေးသားယူသည့် ထွက်ဆိုချက်ကို သက်သေခံအဖြစ်ဖြင့် ယူဆနိုင်ဖွယ်ရာအကြောင်း မရှိပေ။

**မှတ်ချက်**။ ရဲအရေးယူပိုင်သည့် ပြစ်မှုကျူးလွန်ကြောင်းပထမသတင်းပေး တိုင်ချက်ကို နှုတ်ဖြင့်ဖြစ်စေ စာဖြင့်ဖြစ်စေ စကားပြောကြေးနန်းဖြင့်ဖြစ်စေ ကြိုးမဲ့ကြေးနန်းဖြင့်ဖြစ်စေ ပေးပါလျက် လက်ခံရေးမှတ်ယူခြင်းမပြုခဲ့သော် သို့မဟုတ် သတင်းပေးတိုင်ကြားသည့်အတိုင်း မဟုတ်ဘဲ တိုင်ကြားသူကိုဖြစ်စေ စွပ်စွဲခံရသူကိုဖြစ်စေ အကျိုးယုတ်လျော့စေရန် သို့မဟုတ် အကျိုးရှိစေရန်အကြံဖြင့် ပြုပြင်ပြောင်းလဲရေးမှတ်ယူခဲ့သော် သို့မဟုတ် အမှုထိမ်ဝှက်ရန်အကြံဖြင့် ပထမသတင်းပေးတိုင်ချက်မှတ်ပုံတင်စာအုပ်မှ သတင်းပေးချက်ကို ဆုတ်ပစ် ဖျောက်ဖျက်ခဲ့သော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရဖြစ်စေ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၇ နှင့် ၂၁၈ တို့အရဖြစ်စေ အရေးယူခြင်းခံရမည့်အပြင် အမြဲတမ်းထုတ်ပယ်ခြင်းခံရမည်။

၁၄၁၅။ {ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၅(၂) သို့မဟုတ် ၂၀၂ }အရ တရားသူကြီးတစ်ယောက်က ရဲအရေးမယူပိုင်သော ပြစ်မှုဖြစ်စေ ရဲအရေးယူပိုင်သော ပြစ်မှုဖြစ်စေ စုံစမ်းစစ်ဆေးရန်ဆင့်ဆိုလျှင် ရဲတပ်ဖွဲ့ဝင်တို့က ထိုပြစ်မှုကို စုံစမ်းစစ်ဆေးရမည်။ စုံစမ်းစစ်ဆေးပြီးလျှင် တရားသူကြီး၏ ဆင့်ဆိုချက်အမိန့်နှင့် သတင်းစကားလျှောက်လွှာရှိလျှင် ၎င်းနှင့်တကွ မိမိ၏အစီရင်ခံစာကို ရိုးရိုးစာရွက်ပေါ်တွင်ရေးသား၍ တင်ပို့ရမည်။ လျှောက်လွှာ သို့မဟုတ် တရားသူကြီး၏

သင့်ဆိုချက်အမိန့်ကို မည်သည့်အခါမျှ ပထမသတင်းပေးတိုင်ချက်မှတ်ပုံတင်စာအုပ်ရေးဖွင့်၍ သော်လည်းကောင်း၊ ထိုမှတ်ပုံတင်စာအုပ်တွင် အမှတ်စဉ် ပေး၍ သော်လည်းကောင်း ဆောင်ရွက်သောပြစ်မှုဟု မမှတ်ယူရ။ ဤသို့သောအမှုများကို စုံစမ်းစစ်ဆေးရသော မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို ၎င်းအမိန့်ကိုရလျှင်(ဝရမ်းတစ်စုံတစ်ရာမပါဘဲ ဖမ်းဆီးနိုင်ခွင့်အာဏာကို ချန်လှပ်၍) ရဲစခန်းမှူးက အရေးယူပိုင်သောအမှုတွင်ဆောင်ရွက်ခွင့်ရသည့် အာဏာများအတိုင်း အမှုစုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရသည်။ {(ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၅(၃)}

၁၄၁၆။ ရဲတပ်ဖွဲ့ဝင်တို့အား တိုင်ချက်ပေးပြီးနောက် တရားရုံးသို့လည်း တိုင်လျှောက်သောအရေးယူပိုင်သည့် ပြစ်မှုများတွင် ရဲတပ်ဖွဲ့ဝင်များသို့ တိုင်ချက်နှင့်တရားရုံးတွင် တိုင်လျှောက်ချက်မှာ အမှုခြင်းရာနှစ်ရပ်လုံး တူညီခဲ့လျှင် ရဲတပ်ဖွဲ့ဝင်တို့ထံတိုင်ချက်ကို ဦးတိုက်လျှောက်ထားမှုဟုပြဆို၍ ပိတ်ရမည်။ သို့ရာတွင် ၎င်းတိုင်လျှောက်ချက်နှင့်တိုင်ချက်နှစ်ခုတွင် ပါရှိသည့်အမှုအခြင်းရာနှစ်ရပ်လုံးတို့တွင် အရေးကြီးသောအချက်များကွဲလွဲ၍ မတူညီခဲ့သော် ရဲတပ်ဖွဲ့ဝင်တို့အား တိုင်ချက်ပေးသောအမှုကို တရားရုံးသို့တိုင်လျှောက်သော အမှုနှင့်မတူ တသီးတခြားမှတ်ယူပြီး စုံစမ်းစစ်ဆေးရမည်။

၁၄၁၇။ အထက်ဖော်ပြချက်များတွင် သတ်မှတ်သည့်အတိုင်း ပထမရရှိသည့် သတင်းပေးတိုင်ချက်တစ်စုံတစ်ရာကို ရေးမှတ်ပြီးသည့်အခါ ပြစ်မှုမှာလည်း (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၆ အရ) ရဲစခန်းတည်ရှိရာ ခရိုင်အတွင်း စစ်ဆေးစီရင်ခွင့်ရှိသည့် ပြစ်မှုဖြစ်၍ ရဲစခန်းမှူးကစုံစမ်းစစ်ဆေးပိုင်သည့် ပြစ်မှုလည်းဖြစ်ပြီး လိုအပ်သည်ဟု ယူဆရပါက ပြစ်မှုကို တရားသူကြီးထံ ရဲစခန်းမှူးက အောက်ပါအပိုဒ်များတွင် ဖော်ပြလျက်ပါရှိသည့်နည်းလမ်းအတိုင်း ၎င်းအကြောင်းကို ချက်ချင်းအစီရင်ခံရမည်။

၁၄၁၈။ ပထမသတင်းပေးတိုင်ချက်မူရင်းကို အမှုတွဲ၏ ပထမစာမျက်နှာအဖြစ် ဖြင့်ထားရှိပြီး အမှုနေ့စဉ်မှတ်တမ်းများနှင့်အတူတွဲရမည်။မူရင်းခွဲကို ပထမသတင်းပေးတိုင်ချက် မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းအဖြစ်ထားရှိပြီးလျှင် ၎င်းအမှုနှင့်ပတ်သက်၍ ရဲစခန်းရှိ အခြားမှတ်ပုံတင်စာအုပ်များ၏ ရည်ညွှန်းချက်တို့ကို

တက်နိုင်သရွေ့ ဆောလျင်စွာ ရေးသွင်းရမည်။ အမှုကို တရားစွဲတင်သောအခါ ပထမ သတင်းပေးတိုင်ချက်မူရင်းကို စွဲချက်တွင်တွဲ၍ တိုင်ကြားစာရှိလျှင် ၎င်းတိုင်ကြားစာ ကိုပါ တွဲရမည်။ အမှုပြီးပြတ်သောအခါ မူရင်းခွဲသက်ဆိုင်ရာဇယားကွက်တွင် မည်ကဲ့သို့ ပြီးပြတ်ကြောင်းစုလင်စွာ ရေးသွင်းရမည်။ အမှုမပေါ်ပေါက်၍ နောက်ဆုံးအစီရင်ခံစာ(ပြစ်မှု ၁၆၊ ၁၆-က/ရဲ ၃၅) ပုံစံတင်သွင်းပြီးသောအခါ "စုံစမ်းမှုဆိုင်း"ဟူ၍ သက်ဆိုင်ရာဇယားကွက်တွင်ရေးသွင်းရမည်။

၁၄၁၉။ ပထမသတင်းပေးတိုင်ချက်မှ မူရင်းခွဲမိတ္တူကို ရဲစခန်းမှူးသည် လိုအပ်သည်ဟုယူဆပါက ချက်ချင်းကူး၍ တရားသူကြီးထံသို့ပို့ရမည်။ အကယ်၍ ၎င်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ အရ စစ်ဆေးစီရင်ခြင်း သို့မဟုတ် အထက်ရုံးသို့ စစ်ဆေးစီရင်ရန်တင်ပို့ခြင်းများ ပြုလုပ်ပိုင်ခွင့် အာဏာရှိပါက လိုအပ်သည်ဟုထင်မြင်ယူဆသည့်အတိုင်းအမိန့်များကိုချမှတ်ပြီးလျှင်ထိုသတင်းပေး တိုင်ချက်ကို ပေးပို့ရင်းရဲစခန်းသို့ ပြန်ပို့လိမ့်မည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၇၀ အရ အာဏာများမရှိခဲ့လျှင် တရားသူကြီးသည် သတင်းပေးတိုင်ချက် ပေါ်တွင် လက်မှတ်ထိုးခြင်း နေ့စွဲတပ်ခြင်းတို့ကိုသာ ပြုလုပ်၍ ခရိုင်တရားသူကြီး ထံပို့လိမ့်မည်။ ခရိုင်တရားသူကြီးက လိုအပ်သောအမိန့်ကို ချမှတ်၍ ပေးပို့ရင်း ရဲစခန်းသို့ တိုက်ရိုက်ပြန်ပို့လိမ့်မည်။ ရဲစခန်းမှူးသည် ဆိုခဲ့သည့် မူရင်းခွဲမိတ္တူကို တရားသူကြီးထံမှဖြစ်စေ ပြန်လည်ရရှိသောအခါ ချမှတ်လိုက်သော အမိန့်များကို ပထမသတင်းပေးတိုင်ချက် မူရင်းနှင့် မူရင်းခွဲပေါ်တွင် ရေးကူးစေ၍ ဆိုခဲ့သည့် မူရင်းခွဲမိတ္တူကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့တွင်ရှိသော ပြစ်မှုမှတ်ပုံတင်စာရင်းဇယားမှတ်ပုံတင်(၂)ပုံစံ(ပြစ်မှု၂၅/ရဲ၄၅)တွင်ရေးသွင်းရန် မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံပို့ရမည်။ ဆိုခဲ့သည့် သတင်းပေးတိုင်ချက် မူရင်းခွဲမိတ္တူတစ်စောင်ကို တရားသူကြီးထံပို့သည်နှင့်တစ်ပြိုင်နက် ဒုတိယမူရင်းခွဲ တစ်စောင်ကို ခရိုင်ရဲတပ်ဖွဲ့မှူးထံပို့ရမည်။ အောက်ပါဇယားတွင် သတင်းပေး တိုင်ချက်မိတ္တူပေါင်း မည်မျှရေးကူးရန်လိုအပ်ကြောင်းနှင့် မည်ကဲ့သို့ဆောင်ရွက်ရ မည့်အကြောင်း ဖော်ပြထားသည်-

| | |
|---|---|
| မှုရင်းတွဲ | ပထမသတင်းပေးတိုင်ချက်မှတ်ပုံတင်စာအုပ်တွင်ထားရှိရန်။ |
| မူရင်း | အမှုနေ့စဉ်မှတ်တမ်းများနှင့်တွဲထားရန်။ |
| မူရင်းခွဲမိတ္တူ | လိုအပ်သည်ဟုယူဆပါက တရားသူကြီးထံပို့ရမည်။ |
| မူရင်းခွဲမိတ္တူများ | ပထမသတင်းပေးတိုင်ချက်အားလုံးကို မြို့နယ်ရဲတပ်ဖွဲ့မှူး/ ခရိုင်ရဲတပ်ဖွဲ့မှူး/ပြည်နယ်/ တိုင်းရဲတပ်ဖွဲ့မှူးများသို့ လိပ်မူ၍ ပေးပို့ပြီးလျှင် အထူးအရေးကြီးသောမှုခင်းများ၊ ပြစ်မှုများကို မှုခင်းတပ်ဖွဲ့သို့ပေးပို့ရမည်။ |

၁၄၂၀။ ပထမသတင်းပေးတိုင်ချက် အစီရင်ခံစာ၏ သက်ဆိုင်ရာဇယားကွက်တွင် ဥပဒေပုဒ်မအပြင် ပြစ်မှုအမျိုးအစားကိုပါ ရေးသွင်းချက်များတွင် အကျဉ်းအားဖြင့် ဖော်ပြရမည်(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ ဓားမြှောင်နှင့်နာကျင်စေမှု၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ မီးဖြင့်အပြင်းအထန်နာကျင်စေမှု)။သူတစ်ဦးတစ်ယောက်အား ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သည်ဟု မသင်္ကာ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄ အရ ဖမ်းဆီးလျှင် ၎င်းကျူးလွန်သည်ဟု မသင်္ကာသည့်ပြစ်မှု၏ ပုဒ်မရင်းကို ရေးသွင်းရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၅ အရ လူတစ်ယောက်ကို ဖမ်းဆီးသည့်အမှုဖြစ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၉ ဖြစ်စေ ၁၁၀ ဖြစ်စေ အကျုံးဝင်သောပုဒ်မရင်းကိုရေးသွင်းရမည်။ ပထမသတင်းပေးတိုင်ချက်မှတ်ပုံတင်ပုံစံ သက်ဆိုင်သည့်ဇယားကွက်တွင် " နိုင်ငံတော်အစိုးရ"ကို သတင်းပေးသူအဖြစ်ဖြင့် မရေးသွင်းရ။ သတင်းပေးသူသည် အစိုးရအရာရှိဖြစ်လျှင် ၎င်း၏အမည်နှင့် ရာထူးအမည်ကို ရေးသွင်းရမည်။

၁၄၂၁။ မိမိရဲစခန်းမှ မိမိခရိုင်အတွင်းရှိ ရဲစခန်းတစ်ခုသို့ အမှုများလွှဲပြောင်းပေးပို့သည့်အခါ အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းအားလုံးတို့ကို ပထမသတင်းပေးတိုင်ချက်မူရင်းနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ တိုက်ရိုက်ပေးပို့၍ အမှုတွဲရရှိကြောင်းပြေစာကို မိမိရဲစခန်း၏ အမှုတွဲဖိုင်တွင် တွဲထားရမည်။ ထိုအမှုမှ အမှုနေ့စဉ်မှတ်တမ်း၏ မင်ခံမိတ္တူများကို အမှုနောက်ဆုံးအစီရင်ခံစာနှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ပို့ရမည်။ မိမိရဲစခန်းမှ အခြားခရိုင်အတွင်းရှိ ရဲစခန်းတစ်ခုသို့ အမှုများလွှဲပြောင်းပေးပို့သည့်အခါ၌လည်း အထက်ပါနည်းအတိုင်းလိုက်နာရမည်။

အမှုများမိမိခရိုင် သို့မဟုတ် အခြားခရိုင်အတွင်းရှိ ရဲစခန်းသို့ လွှဲပြောင်းပေးပို့သောအခါ ရဲစခန်းတွင် အမှုနေ့စဉ်မှတ်တမ်းများမထားရ။ သို့ရာတွင် အခြားခရိုင်အတွင်းရှိ ရဲစခန်းသို့ လွှဲပြောင်းပေးပို့သောအခါ ဆိုင်ရာ ပထမသတင်းပေးတိုင်ချက်မူရင်းခွဲ၏ သက်ဆိုင်ရာဇယားကွက်တွင် မိမိခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ အမှုလွှဲပို့ကြောင်း အတည်ပြုသည့်အမိန့်အမှတ်နှင့် နေ့စွဲကိုရေးသွင်းထားရမည်။

၁၄၂။ တရားခံ တရားလို သို့မဟုတ် သက်သေတို့ သေရည်သေရက်သောက်စားထားကြောင်း သက်သေခံချက်ရှိသော အမှုများအားလုံး၏ ပထမသတင်းပေးတိုင်ချက် မှတ်ပုံတင်စာရွက်ထိပ်တွင် မင်နီဖြင့် "အရက်"ဟု ရေးမှတ်ထားရမည်။

## အမှုနေ့စဉ်မှတ်တမ်း၊ မှတ်ပုံတင်(၂၁)

၁၄၃။ အမှုနေ့စဉ်မှတ်တမ်းအတွက် ပုံစံမှာ (ပြစ်မှု ၁၃ /ရဲ ၁၂၄) ပုံစံဖြစ်သည်။ ပထမရရှိသည့် သတင်းပေးတိုင်ချက်ကို ရေးသားပြီးသည်နှင့်တစ်ပြိုင်နက်အရေးယူပိုင်သည့်ပြစ်မှုကို ကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် ၎င်းအမှုကို ရဲတပ်ဖွဲ့ဝင်တို့က ဝတ္တရားရှိသည့်အလျောက် ချက်ချင်းစုံစမ်းစစ်ဆေးရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၆ ၁၅၇

၁၄၄။ အမှုကို စုံစမ်းစစ်ဆေးသည့်ရဲအရာရှိက ၎င်းသတင်းစကားသည် မိမိထံမည်သည့်အချိန် နာရီတွင်ရောက်ရှိကြောင်း စုံစမ်းစစ်ဆေးခြင်းကို မည်သည့်အချိန်တွင်အစပြု၍ မည်သည့်အချိန်တွင်အပြီးသတ်ကြောင်း မည်သည့်အရပ်သို့သွားရောက်ကြည့်ရှုစစ်ဆေးကြောင်းနှင့် မိမိစုံစမ်းစစ်ဆေးရာမှ သိရှိရသည့် အကြောင်းခြင်းရာများကို တစ်နေ့ပြီးတစ်နေ့ အမှုနေ့စဉ်မှတ်တမ်းပုံစံတွင် ရေးသားဖော်ပြရမည်။ မည်သည့်တရားရုံးကမဆို ၎င်းတရားရုံးတွင် စုံစမ်းစစ်ဆေးဆဲဖြစ်သော အမှုတစ်စုံတစ်ရာနှင့်သက်ဆိုင်သည့် အမှုနေ့စဉ်မှတ်တမ်းများကို တောင်းယူကြည့်ရှုခွင့်ရသည်။ ၎င်းအမှုတွင် သက်သေခံချက်အဖြစ် အသုံးပြုရန်မဟုတ်ဘဲ စုံစမ်းစစ်ဆေးမှုတွင် အကူအညီရရှိနိုင်ရန်အတွက် အသုံးပြုရန်သာဖြစ်သည်။အမှုနေ့စဉ်မှတ်တမ်းများကို တရားခံကဖြစ်စေ တရားခံ၏ကိုယ်စားလှယ်ကဖြစ်စေတောင်းယူခွင့်မရှိချေ။ ၎င်းအမှုနေ့စဉ်မှတ်တမ်းများကို တရားရုံးက ရည်ညွှန်းကြည့်ရှုရုံမျှနှင့် တရားခံနှင့်၎င်း၏ကိုယ်စားလှယ်များသည် ကြည့်ရှုခွင့်မရချေ။ သို့သော်လည်း ၎င်းမှတ်တမ်း

များကို ရေးသားသူ အမှုစစ်အရာရှိက မှတ်မိသတိရရှိရန် ကြည့်ရှုအသုံးပြုလျှင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုစစ်အရာရှိ ထွက်ဆိုချက်များ မဟုတ်မမှန်ကြောင်း ငြင်းဆိုရန်ကိစ္စအလို့ငှာ ဆိုင်ရာတရားရုံးက အသုံးပြုလျှင်ဖြစ်စေ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၆၁ သို့မဟုတ် ၁၄၅ တွင်ပါရှိသည့် အကျုံးဝင်ရာပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းရှိစေရမည်။

၁၄၂၅။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ သက်သေများ၏အစစ်ခံချက်ကို အမှုနေ့စဉ်မှတ်တမ်းများတွင်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ရေးမှတ်ထားချက်ကို တရားခံများက တောင်းယူခွင့်ရှိသည်။ ၎င်းအစစ်ခံချက်များကို အတိုကောက်ရေးသားထားသည်ဖြစ်စေ အကျယ်တဝင့်ရေးသားထားသည်ဖြစ်စေ မှတ်သားရန်စာအုပ်များပေါ်တွင်ဖြစ်စေ စက္ကူပေါ်တွင်ဖြစ်စေ သို့မဟုတ် အမှုနေ့စဉ်မှတ်တမ်းစသည့်တို့တွင်ဖြစ်စေ ရေးသားထားပါက သိမ်းဆည်းထားရမည်။ သက်သေများ၏ ထွက်ဆိုချက်များကို စက်ရှင်မှုနှင့် အထူးအာဏာရ အမှုများတွင်မှတစ်ပါး ရေးရိုးရေးစဉ်မရှိသင့်။ ၎င်းအမှုများတွင် စက္ကူပေါ်၌ အပြည့်အစုံ ရေးမှတ်ယူရမည်။ သာမန်အမှုများ၌ အမှုနေ့စဉ်မှတ်တမ်းတွင် သက်သေများ၏အစစ်ခံချက်ကို ရေးသားခြင်းမပြုရ။ ၎င်းအမှုနေ့စဉ်မှတ်တမ်းတွင် စုံစမ်းသိရှိရသည့် အကြောင်းခြင်းရာများနှင့် ၎င်းတို့ကို ထင်ရှားအောင် ထွက်ဆိုနိုင်မည့် သက်သေများ၏အမည်ကို ရေးသွင်းလျှင်လုံလောက်သည်။

၁၄၂၆။ သက်သေတစ်စုံတစ်ယောက်သည် ပြစ်မှုပြုကျင့်သူ၏အမည်ကို မသိသော်လည်း လူကိုမှတ်မိကြောင်းပြောဆိုလျှင် ၎င်းလူ၏ပုံသဏ္ဌာန်အကြောင်းအရာများကို အမှုနေ့စဉ်မှတ်တမ်းတွင်ရေးသားရမည်။ ထိုကဲ့သို့အမှုများတွင် စုံစမ်းစစ်ဆေးသူအရာရှိက ပုံသဏ္ဌာန်အကြောင်းအရာများကို အပြည့်အစုံရေးသားရန် တမင်ပျက်ကွက် သို့မဟုတ် ချန်လှပ်ထားလျှင် ကြီးလေးသော အပြစ်ဖြစ်ကြောင်း မှတ်ယူရမည်။ တစ်စုံတစ်ယောက်သောသူကို စစ်ဆေးမေးမြန်းရာ တစ်စုံတစ်ရာ မသိရှိကြောင်းငြင်းဆိုလျှင် ဤသို့တစ်စုံတစ်ရာမသိကြောင်းငြင်းဆိုချက်ကို နေ့စဉ်မှတ်တမ်းတွင်ရေးမှတ်ထားရမည်။

၁၄၂၇။ အချင်းဖြစ်ပွားရာအရပ်သို့ အထက်အရာရှိကြီး တစ်စုံတစ်ယောက် လာရောက်၍ အမှုကို ကိုယ်တိုင်စုံစမ်းစစ်ဆေးမည်ဟု ဆုံးဖြတ်လျှင် အမှုနေ့စဉ်မှတ်တမ်းကို ၎င်းအရာရှိသို့ပေးအပ်ရမည်။ ၎င်းအရာရှိကလည်း အမှုနေ့စဉ်

မှတ်တမ်းတွင် ဆိုခဲ့သည့်အရပ်သို့ မိမိရောက်ကြောင်းနှင့်ရောက်သည့်နေ့စွဲကိုဖော်ပြ၍ အမှုကို လက်ခံဆောင်ရွက်သည့်အကြောင်းများကို ဦးစွာမှတ်သားပြီးနောက် ရေးသွင်းမှတ်ထားရန်ရှိသမျှကို ရေးသွင်းမှတ်သားရမည်။ အထက်ကရေးမှတ်ပြီး ထွက်ချက်များကို ၄င်းအရာရှိက ထပ်မံ၍ မရေးမှတ်ရ။ စုံစမ်းစစ်ဆေးခြင်းရပ်တန့်ခဲ့သည်မှစ၍ ဆက်လက်စုံစမ်းစစ်ဆေးရမည်။ ရေးမှတ်ပြီးထွက်ဆိုချက်များ မှန်/မမှန် စစ်ဆေးကြည့်ရန်လိုလျှင်လည်း သက်သေတို့ကို အကျဉ်းချုပ်မေးမြန်း၍ စစ်ဆေးကြည့်ခွင့်ရသည်။ အမှုစုံစမ်းစစ်ဆေးရာအရပ်သို့ ဆိုက်ရောက်လာသည့် အထက်အရာရှိကြီးတစ်ဦးတစ်ယောက်သည် အချင်းဖြစ်ရာအရပ်သို့ရောက်ရှိခြင်းဖြင့် ၄င်းအမှုကို လုပ်ရိုးလုပ်စဉ်တစ်ရပ်အနေဖြင့် မှတ်ယူ၍ စုံစမ်းစစ်ဆေးရမည်မဟုတ်။ အမှုကိုစုံစမ်းစစ်ဆေးရာ၌ များစွာလွဲချော်စီမံဆောင်ရွက်သည်မဟုတ်လျှင် အမှုစစ်အရာရှိလက်မှ ၄င်းအမှု နုတ်သိမ်းယူမည်မဟုတ်ကြောင်းနှင့် လိမ္မာရေးခြားစွာ စုံစမ်းခြင်းကြောင့် ပေါ်ပေါက်သိရှိရသည့် အမှုအခြင်းအရာအတွက် အမှုစစ် အရာရှိ ခံစားထိုက်သည့်အကျိုးကို အခြားသူတို့က ဝင်ရောက်ခံစားစေခွင့်ရှိရန် ၄င်းအမှုမျိုးကို အမှုစစ်အရာရှိထံမှ နုတ်သိမ်းယူမည်မဟုတ်ကြောင်းများကို အမှုစစ်အရာရှိ ယုံကြည်စိတ်ချကြစေရန် များစွာလိုအပ်သည်။ အထက်အရာရှိတို့သည် မိမိ၏ လက်အောက်အရာရှိများ ဆောင်ရွက်ရာတွင် နည်းလမ်းညွှန်ပြရန် အနီးတွင် ရှိကြရမည်။

၁၄၂၈။ အမှုစုံစမ်းစစ်ဆေးခြင်းပြီးစီး၍ လိုမည်ဟုထင်မြင်သော သက်သေခံချက်များကို အကြောင်းစုံရေးမှတ်ပြီးသည့်အခါ အမှုစုံစမ်းစစ်ဆေးသူအရာရှိက နောက်ဆုံးအမှုနေ့စဉ်မှတ်တမ်းပေါ်တွင် အမှုအကြောင်းအရာအတိုချုပ် ရေးသား ရမည်။ အကယ်၍ ၄င်းအမှုကို စီရင်ဆုံးဖြတ်ရန်တရားရုံးသို့တင်ပို့ရန်မသင့်ဟုထင်မြင်လျှင် အဘယ့်ကြောင့် ဤကဲ့သို့ထင်မြင်ကြောင်းကို အကြောင်းပြရမည်။

၁၄၂၉။ အမှုစုံစမ်းစစ်ဆေးရန်အရပ်သို့ "အမှုနေ့စဉ်မှတ်တမ်း" (ပြစ်မှု၁၃/ ရဲ၁၂၄) ပုံစံစာရွက်များလုံလောက်စွာနှင့် မှတ်သားရန်စာအုပ် (အုပ်ချုပ်ရေး–၈၉) ပုံစံများကို ယူဆောင်သွားရမည်။

၁၄၃၀။ တစ်နေ့အတွက် စုံစမ်းစစ်ဆေးခြင်းပြီးစီးသည့်အခါ စုံစမ်းစစ်ဆေးသူအရာရှိကမှတ်သားရန်စာအုပ်တွင် အကြမ်းရေးမှတ်ထားသည့် မှတ်သားချက်များကို အမှုနေ့စဉ်မှတ်တမ်းတွင်စီစဉ်ရေးသွင်းရမည်။ အမှုနေ့စဉ်မှတ်တမ်းများကို ခဲတံဖြင့်

ရေးရမည်။ မိတ္တူကိုမင်ခံစက္ကူဖြင့် ရေးကူးရမည်။အမှုနေ့စဉ်မှတ်တမ်းအဆုံး၌ မှတ်တမ်းကိုရေးပိတ်သည့် အချိန်  နာရီ မည်သည့်အရပ်ကမည်သို့ပေးပို့ကြောင်းများကို မှတ်သားပြီးလျှင် မင်ခံစက္ကူဖြင့်ရေးကူးသည့်မိတ္တူကိုဆုတ်ဖြတ်၍မြို့နယ်ရဲတပ်ဖွဲ့မှူးထံပေးပို့ရမည်။ ရဲစခန်းသို့ပြန်လည်ရောက်ရှိသောအခါ မူလခဲတံဖြင့် ရေးသားထားသော အမှုနေ့စဉ်မှတ်တမ်းကိုဆုတ်ဖြတ်၍ ပထမရရှိသည့် သတင်းပေးတိုင်ချက်နှင့်အတူ ဖိုင်တွဲလုပ်ထားရမည်။ ပထမရရှိသည့် သတင်းပေးတိုင်ချက်နှင့်  အမှုနေ့စဉ်မှတ်တမ်းများကို အမှုတစ်မှုအတွက် တသီးတခြားဖိုင်တွဲတစ်ခုစီ   ဖွင့်ထားရမည်။ ရဲစခန်းတွင်ရှိသော အမှုနေ့စဉ်မှတ်တမ်းများကို ၂ နှစ်ဆေ့ရောက်သောအခါမှ ဖျက်ဆီးရမည်။ သို့သော်လည်း အမှုမှ  တရားခံသည်ပြစ်မှုပြန်တမ်းတွင် ကြော်ငြာခြင်းခံရသည့်တရားခံပြေးဖြစ်ခဲ့လျှင် ထိုတရားခံပြေးကိုမိသောအခါမှသော်လည်းကောင်း ၁၀ နှစ်ကျော်လွန်မှသော်လည်းကောင်း ၎င်းအမှု၏နေ့စဉ်မှတ်တမ်းများကို ဖျက်ဆီးနိုင်ခွင့်ရသည်။ ပြစ်မှုကြီးများ၌ အမှုနေ့စဉ်မှတ်တမ်း မိတ္တူတစ်စောင်ပို၍ ရေးသားပြီးလျှင် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ တိုက်ရိုက်တင်ပို့ရမည်။

၁၄၃၁။ တရားစွဲတင်ပို့သော အမှုများတွင်အမှုနေ့စဉ်မှတ်တမ်းများနှင့် သက်သေထွက်ဆိုချက်များကို တရားရုံးအမှုတွဲများတွင် ပူးတွဲ၍မတင်ပို့ရ။၎င်းတို့ကိုရဲအမှုတွဲတွင်တွဲ၍ မှုခင်းမှတ်တမ်းအဖွဲ့မှတစ်ဆင့် ဥပဒေအရာရှိထံပေးပို့ရမည်။

၁၄၃၂။ တရားရုံး၌အမှုစစ်ဆေးပြီးသောအခါ ဥပဒေအရာရှိသည်အမှုနေ့စဉ်မှတ်တမ်းကျောဘက်တွင်တရားရုံးအမည်၊အမှုအမှတ်နှင့်နေ့စွဲ၊မည်ကဲ့သို့ပြီးပြတ်ကြောင်း ဟရားခံကို တရားသေ သို့မဟုတ် တရားရှင်လွှတ်လျှင် အမှုမှန် လီဆယ်မှုမှားယွင်းမှု ဟုအမှုခွဲခြားသတ်မှတ်ကြောင်းကို ရေးမှတ်ရမည်။ ဥပဒေအရာရှိထံမှ အမှုနေ့စဉ်မှတ်တမ်းများပြန်ရသောအခါရဲစခန်းမှူးသည်ပထမသတင်းပေးတိုင်ချက်စာအုပ် မှတ်ပုံတင်(၂၀)၊ လူဆိုးအညွှန်းမာတိကာစာချုပ်၊ မှတ်ပုံတင် ၃၆(က)နှင့် အတ္ထုပ္ပတ္တိစာချုပ်ဖွင့်ပြီးဖြစ်ပါက မှတ်ပုံတင် ၃၆(ခ)တို့တွင် ရေးသွင်းရ မည်။

၁၄၃၃။ အမှုနေ့စဉ်မှတ်တမ်းသည် လျှို့ဝှက်စာတမ်းဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၇၂) ဒုတိယအပိုဒ်တွင် ဖော်ပြထားသည့် အကြောင်းအရာမှ တစ်ပါး တရားခံ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်သည် တောင်းခံကြည့်ရှုခွင့်မရ။ အမှုနေ့စဉ်မှတ်တမ်းများမှာ  တရားရုံးအမှုတွဲများတွင်  တွဲထည့်ရန်မလိုအပ်ဘဲ

တရားစွဲတင်ပို့သည့်အခါ သက်သေအစစ်ခံချက်များနှင့်အတူ မှုခင်းမှတ်တမ်းအဖွဲ့များမှတစ်ဆင့် ဥပဒေအရာရှိထံ ပေးပို့ရမည်။ တရားစွဲတင်ပို့နိုင်ခြင်းမရှိလျှင် နောက်ဆုံးအစီရင်ခံစာနှင့်အတူ ပူးတွဲ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ပေးပို့ရမည်။

၁၄၃၄။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၁ နှင့် ၁၆၂ တို့အရ ရေးမှတ်ယူသည့် သက်သေထွက်ချက်များကို စက္ကူလွှတ်တွင် လက်ဝဲဘက်၌ ၄ ပုံ ၁ ပုံ ချန်လှပ်ထား၍ ရေးသားရမည်။ စာမျက်နှာအသီးသီးကို အမှတ်စဉ်ရေးထိုး၍ ပထမသတင်းပေးတိုင်ချက်အမှတ်ကို စာမျက်နှာအထက်နားတွင် ရေးသွင်းရမည်။ အမှုစစ်အရာရှိက ၎င်းသက်သေထွက်ချက်များကို ထွက်ဆိုချက်အတိုင်း အစီအစဉ်တကျရေးမှတ်၍ တစ်နေ့စီအတွက် ဆောင်ရွက်ချက်များကို လက်မှတ်ရေးထိုးရမည်။ သက်သေထွက်ချက်များကို ထွက်ဆိုသူသက်သေတို့က လက်မှတ်မရေးထိုးရ။ ၎င်းတို့မှာ သက်သေခံအဖြစ်လည်း အသုံးပြုခွင့်မရချေ။ သို့သော်လည်း ထွက်ဆိုချက်ကို ရဲအရာရှိတို့ ရေးမှတ်ပြီးဖြစ်သော သက်သေတစ်စုံတစ်ယောက်ကို တရားလိုဘက်က တင်ပြလျှင် တရားခံလျှောက်ထားသည်ရှိသော် ၎င်းထွက်ချက်ကို အမှုစစ်ဆေးသည့်တရားရုံးက ရည်ညွှန်းကြည့်ရှုရမည့်အပြင် ထိုသက်သေ၏အစစ်ခံချက်ကိုလည်း ဆန့်ကျင်၍ ပြန်လှန်စစ်ဆေးမေးမြန်းရန် တရားခံသို့လည်း မိတ္တူကူးပေးရန် ဆင့်ဆိုနိုင်သည်။ ဤကဲ့သို့ပင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ တွင် ခြွင်းချက်နှင့် ခွင့်ပြုထားသော်လည်း ထိုအစစ်ခံချက်မှ မည်သည့်အပိုင်းကိုမဆို စစ်ဆေးသော အကြောင်းကိစ္စ သို့မဟုတ် တရားရုံး၌ စီရင်ရန် စစ်ဆေးသော အကြောင်းကိစ္စနှင့် မစပ်ဆိုင် သို့မဟုတ် တရားသဖြင့် ဖြစ်စေခြင်းငှာ တရားခံအားသိစေရန်လိုသည်မဟုတ် ၎င်းအပြင် အများပြည်သူတို့အကျိုးငှာ သိစေရန်မသင့်လျော်ဟု တရားရုံးက ထင်မြင်လျှင် ထိုထင်မြင်ချက်ကို (သို့သော် အကြောင်းပြချက်မဖော်ပြဘဲ) ရေးသား၍ တရားခံသို့ပေးသော အစစ်ခံချက်မိတ္တူမှ ထိုအပိုင်းကို ပယ်ထားစေရမည်။

၁၄၃၅။ မြို့နယ်ရဲတပ်ဖွဲ့မှူးထံပေးပို့သော မင်ခံစက္ကူဖြင့် ရေးကူးသည့် အမှုနေ့စဉ်မှတ်တမ်းလက်ခံများကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ကြည့်ရှုဖတ်ကြား၍ ဆင့်ဆိုချက်ထုတ်ရန် လိုမည့် ထင်မြင်ချက်များကို ၎င်းအမှုနေ့စဉ်မှတ်တမ်းလက်ခံများတွင် ရေးသားပြီးနောက် သက်ဆိုင်ရာရဲစခန်းမှူးထံပေးပို့ရမည်။ အရေးကြီးသော

အမှုများ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ် မိမိထုတ်ဆင့်သော အမိန့်မှတ်ချက်များနှင့် အမှုမည်သည့်အခြေအနေရှိကြောင်း နေ့စဉ်မှတ်တမ်းများ ရရှိသည့်အခါတိုင်းမှတ်သားရန် ဖိုင်တွဲတစ်ခုတွင်ဖြစ်စေ ရေးမှတ်ထားရမည်။ ပြစ်မှုကြီးများတွင်သာမက ကွဲပြား တိရစ္ဆာန် ခိုးမှုများနှင့် ဖောက်ထွင်းခိုးမှုကြီးများပါ ဆိုခဲ့သော အရေးကြီးသည့်အမှုများတွင် အပါအဝင်ဖြစ်သည်။ ရဲစခန်းသို့သွားရောက်၍ အမှုစုံစမ်းစစ်ဆေးရာ၌ အမှုစစ်ဆေးသူအရာရှိနှင့်တကွ သေချာစွာကြီးကြပ်ရမည်။ သို့မှသာလျှင် အမှုနေ့စဉ်မှတ်တမ်းများ အစမှအဆုံး အားလုံးတို့နှင့် သက်သေထွက်ချက်များ အားလုံးတို့ကို ကြည့်ရှုဖတ်ကြား၍ မိမိက ညွှန်ကြားချက်များထုတ်ရာတွင် အကူအညီရရန် သက်သေခံချက်အမှန်တို့ကို ဖယားကွက်ချ၍ မှတ်သားထားနိုင်မည်။ အရေးကြီးသည်ဖြစ်စေ မကြီးသည်ဖြစ်စေ အားလုံးသောအမှုများကို မှန်မှန် ကြည့်ရှုဖတ်ကြားရမည်။ သို့မှသာလျှင် အရေးမကြီးသောအမှုများကို စုံစမ်းရသူအရာရှိတို့အား အကျိုးဖြစ်ထွန်းနိုင်သော အမှုစုံစမ်းစစ်ဆေးနည်းများကို ညွှန်ကြားပြသနိုင်မည်။

၁၄၃၆။ ရဲတပ်ဖွဲ့ဝင်တို့ အရေးယူပိုင်သည့်ပြစ်မှု သို့မဟုတ် အရေးမယူပိုင်သည့်ပြစ်မှု တစ်စုံတစ်ရာကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ {၁၅၅(၂)}သို့မဟုတ် ၂၀၂ အရ တရားသူကြီး၏အမိန့်နှင့် စုံစမ်းစစ်ဆေးသောအခါ အထက်ဖော်ပြပါ အပိုဒ်များတွင် ပြဋ္ဌာန်းချက်များအရ အမှုနေ့စဉ်မှတ်တမ်းရေးသားရမည်။

## အမှုစုံစမ်းစစ်ဆေးသူအရာရှိ တစ်ဦးစီ စစ်ဆေးသည့် အမှုစာရင်း၊ မှတ်ပုံတင်(၂၂)

၁၄၃၇။ အမှုစစ်အရာရှိတစ်ဦးသည်လစဉ် မိမိစစ်ဆေးရသော အမှုများကို(ပြစ်မှု-၉၄) ပုံစံတွင် ကိုယ်တိုင်ရေးသွင်းမှတ်သားရမည်။ ထိုပုံစံတွင် နေ့စဉ်ရေးသွင်းရသော အမှုနေ့စဉ်မှတ်တမ်းများ၏ ရက်စွဲကို ဖော်ပြသွားရမည်။ ထိုသို့ ရေးသွင်းခြင်းအားဖြင့် အမှုစစ်အရာရှိများ၏ ဆောင်ရွက်သော အလုပ်ဝတ္တရားများကို စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်သည်။ အမှုစုံစမ်းစစ်ဆေးခြင်းကို မပြုလုပ်နိုင်သည့် နေ့ရက်များတွင် အခြားမည်သည့်တာဝန်များကို ဆောင်ရွက်ခဲ့ရကြောင်းဖော်ပြရမည်။ အမှုစုံစမ်းစစ်ဆေးသည့် အမှုစာရင်းအမှတ်စဉ်ကို တစ်နှစ်အတွင်း အစဉ်အလိုက် တစ်ဆက်တည်း ဖြစ်စေရမည်။ တစ်လလျှင်တစ်ကြိမ် အမှုစာရင်းရေးပိတ်

၍ လက်ကျန်ဆုံးသော် မပြီးပြတ်သေးဘဲ ကျန်ရှိနေသေးသည့် အမှုများကို နောက်လစာရင်းတွင် မင်နီဖြင့်ဆက်လက်ကူးယူ၍ မူလအမှတ်စဉ်ဟောင်းကိုပင် ပြန်လည်ရေးမှတ်ရမည်။

**မှတ်ချက်**။ ရဲစခန်းမှူးသည် နေ့စဉ်စစ်ဆေးရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တစ်ပတ်လျှင် တစ်ကြိမ်စစ်ဆေးပြီး ခရိုင်ရဲတပ်ဖွဲ့မှူးသည် အမှုများကို စဉ်ဆက်မပြတ် ကြပ်မတ်နိုင်ရန် အခါအားလျော်စွာ စစ်ဆေးရမည်။

## နောက်ဆုံးအစီရင်ခံချက်မှတ်ပုံတင်၊ မှတ်ပုံတင်( ၂၃ )

၁၄၃၈။ နောက်ဆုံးအစီရင်ခံချက်စာအုပ်(ပြစ်မှု ၁၆/ ရဲ ၃၅) ပုံစံသည် မူရင်းနှင့်မူရင်းခွဲဖြတ်ပိုင်းပါရှိသော ပုံနှိပ်ထားသည့် မှတ်ပုံတင်စာအုပ်ဖြစ်သည်။ မူရင်းကိုခေါက်၍ ၎င်းအောက်မှ မင်ခံစက္ကူဖြင့် မူရင်းခွဲဖြတ်ပိုင်းပေါ်တွင် ရေးကူးနိုင်ရန် မူရင်းနှင့်မူရင်းခွဲဖြတ်ပိုင်းများကို ချုပ်လုပ်ထားသည်။ အမှုစုံစမ်းစစ်ဆေးခြင်း အပြီးသတ်၍ "စုံစမ်းမှုဆိုင်း" သို့မဟုတ် "လီဆယ်မှု" သို့မဟုတ်" မှားယွင်းမှု" သို့မဟုတ် " ရဲအရေးမယူပိုင်မှု" သို့မဟုတ် "ဦးတိုက်လျှောက်ထားမှု" သို့မဟုတ် "လွှဲပြောင်းမှု" များဖြစ်၍ တရားရုံးသို့ စွဲမတင်နိုင်ခဲ့သော် ရဲစခန်းမှူးသည် {ရဲစခန်းမှတ်ပုံတင်(၂၅)တွင်ထည့်သွင်းရေးမှတ်ရမည့်အမှုများမှတစ်ပါး}နောက်ဆုံးအစီရင်ခံချက်တစ်ဆောင်ကို ၎င်းအစီရင်ခံချက်စာအုပ်တွင်ရှိသော မူရင်းခွဲ နှင့် မူရင်းဖြတ်ပိုင်း စာချက်နှာတွင်ရေးသွင်းရမည်။ ထိုသို့မရေးသွင်းမီ ပိတ်သိမ်းရမည့်အမှုများကို ရဲစခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပိတ်သင့်သည်ဟုယူဆလျှင် မိမိသဘောထားမှတ်ချက်ဖြင့် မြို့နယ်ဥပဒေအရာရှိထံ ပို့ရမည်။ မြို့နယ်ဥပဒေအရာရှိသည် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားထားချက်များနှင့်အညီ မိမိ၏လုပ်ပိုင်ခွင့်အတွင်းမှ သတ်မှတ်ထားသောအမှုဖြစ်ပါက စိစစ်ပြီး အမှုပိတ်သိမ်းရန် သင့်/မသင့် စဉ်းစားဆုံးဖြတ်မည်။ အကယ်၍ မြို့နယ်ဥပဒေအရာရှိ၏ လုပ်ပိုင်ခွင့်အတွင်းမှ သတ်မှတ်ထားသောအမှုမဟုတ်ပါက ခရိုင်ဥပဒေအရာရှိထံ မိမိ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။ ခရိုင်ဥပဒေအရာရှိက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြည်နယ်/တိုင်းဥပဒေအရာရှိထံ ဆက်လက်တင်ပြရမည်။ ခရိုင်/ပြည်နယ်/တိုင်းဥပဒေအရာရှိအသီးသီးသည် သက်ဆိုင်ရာ ခရိုင်/ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူး၏ သဘောထားမှတ်ချက်ရယူပြီး ပိတ်သိမ်းရန် သင့်/

၍ လက်ကျန်ဆုံးသော် မပြီးပြတ်သေးဘဲ ကျန်ရှိနေသေးသည့် အမှုများကို နောက်လစာရင်းတွင် မင်နီဖြင့်ဆက်လက်ကူးယူ၍ မူလအမှတ်စဉ်ဟောင်းကိုပင် ပြန်လည်ရေးမှတ်ရမည်။

**မှတ်ချက်**။ ရဲစခန်းမှူးသည် နေ့စဉ်စစ်ဆေးရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တစ်ပတ်လျှင် တစ်ကြိမ်စစ်ဆေးပြီး ခရိုင်ရဲတပ်ဖွဲ့မှူးသည် အမှုများကို စဉ်ဆက်မပြတ် ကြပ်မတ်နိုင်ရန် အခါအားလျော်စွာ စစ်ဆေးရမည်။

## နောက်ဆုံးအစီရင်ခံချက်မှတ်ပုံတင်၊ မှတ်ပုံတင်( ၂၃ )

၁၄၃၈။ နောက်ဆုံးအစီရင်ခံချက်စာအုပ်(ပြစ်မှု ၁၆/ ရဲ ၃၅) ပုံစံသည် မှုရင်းနှင့် မှုရင်းခွဲပြတ်ပိုင်းပါရှိသော ပုံနှိပ်ထားသည့် မှတ်ပုံတင်စာအုပ်ဖြစ်သည်။ မှုရင်းကို ခေါက်၍ ၎င်းအောက်မှ မင်ခံစက္ကူဖြင့် မှုရင်းခွဲပြတ်ပိုင်းပေါ်တွင် ရေးကူးနိုင်ရန် မှုရင်းနှင့်မှုရင်းခွဲပြတ်ပိုင်းများကို ချုပ်လုပ်ထားသည်။ အမှုစုံစမ်းစစ်ဆေးခြင်း အပြီးသတ်၍ "စုံစမ်းမှုဆိုင်း" သို့မဟုတ် "လီဆယ်မှု" သို့မဟုတ်" မှားယွင်းမှု" သို့မဟုတ် " ရဲအရေးမယူပိုင်မှု" သို့မဟုတ် "ဦးတိုက်လျှောက်ထားမှု" သို့မဟုတ် "လွှဲပြောင်းမှု" များဖြစ်၍ တရားရုံးသို့စွဲမတင်နိုင်ခဲ့သော် ရဲစခန်းမှူးသည် {ရဲစခန်းမှတ်ပုံတင်(၂၅)တွင်ထည့်သွင်းရေးမှတ်ရမည့်အမှုများမှတစ်ပါး }နောက်ဆုံးအစီရင်ခံချက်တစ်စောင်ကို ၎င်းအစီရင်ခံချက်စာအုပ်တွင်ရှိသော မှုရင်းခွဲ နှင့် မှုရင်းပြတ်ပိုင်း စာချက်နှစ်ခုတွင်ရေးသွင်းရမည်။ ထိုသို့မရေးသွင်းမီ ပိတ်သိမ်းရမည့်အမှုများကို ရဲစခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပိတ်သင့်သည်ဟုယူဆလျှင် မိမိသဘောထားမှတ်ချက်ဖြင့် မြို့နယ်ဥပဒေအရာရှိထံ ပို့ရမည်။ မြို့နယ်ဥပဒေအရာရှိသည် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားထားချက်များနှင့်အညီ မိမိ၏လုပ်ပိုင်ခွင့်အတွင်းမှ သတ်မှတ်ထားသောအမှုဖြစ်ပါက စိစစ်ပြီး အမှုပိတ်သိမ်းရန် သင့်/မသင့် ဆုံးဖြတ်မည်။ အကယ်၍ မြို့နယ်ဥပဒေအရာရှိ၏ လုပ်ပိုင်ခွင့်အတွင်းမှ သတ်မှတ်ထားသောအမှုမဟုတ်ပါက ခရိုင်ဥပဒေအရာရှိထံ မိမိ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။ ခရိုင်ဥပဒေအရာရှိက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြည်နယ်/တိုင်းဥပဒေအရာရှိထံ ဆက်လက်တင်ပြရမည်။ ခရိုင်/ပြည်နယ်/တိုင်းဥပဒေအရာရှိအသီးသီးသည် သက်ဆိုင်ရာ ခရိုင်/ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူး၏ သဘောထားမှတ်ချက်ရယူပြီး ပိတ်သိမ်းရန် သင့်/

မသင့် အပြီးသတ်ဆုံးဖြတ်ချက်ပြုမည်။ သို့ရာတွင် အချို့သော အမှုများမှာ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့်လည်းကောင်း အများပြည်သူအကျိုးနှင့်လည်းကောင်း ဆက်နွယ်နေပါက ထိုအမှုများ ပိတ်သိမ်းမှု နှင့်စပ်လျဉ်း၍ မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ အဆုံးအဖြတ်ကို သက်ဆိုင်ရာ ဥပဒေအရာရှိ အဆင့်ဆင့်က ခံယူ ဆောင်ရွက်ကြရန်ဖြစ်သည်။ ရဲစခန်းမှူးသည် သက်ဆိုင်ရာ ဥပဒေအရာရှိ၏ အဆုံး အဖြတ်ပြန်ကြားချက်အရ အမှုပိတ်သိမ်းရန်အတွက် နောက်ဆုံးအစီရင်ခံချက်တွင် ရေးသွင်းရမည်။ ထို့နောက်မြို့နယ်ရဲတပ်ဖွဲ့မှူးထံတင်ပို့ရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး သည် ဥပဒေအရာရှိဆုံးဖြတ်သည့် အမှုအတွက် နောက်ဆုံးအစီရင်ခံချက်တွင် ပိတ်သိမ်းခွင့်ကို သာမန်အမှုဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း အမှုကြီး များဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း အများပြည်သူစိတ်ဝင်စားပြီး နိုင်ငံတော်နှင့်ပတ်သက်သည့် အမှုများဖြစ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့လည်းကောင်း ပိတ်သိမ်းခွင့်ကို အဆင့်ဆင့် တင်ပြတောင်းခံရမည်။ ပိတ်သိမ်းရန်အတည်ပြုမိန့်ရရှိပါက ရုံးအဆင့်ဆင့်တွင် ထားရှိသောမှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးအမှုတွဲကိုထိန်းသိမ်းရန် ရဲစခန်းအထိ အဆင့်ဆင့်ပြန်ပို့ရမည်။စုံစမ်းမှုဆိုင်းအမှုတွဲများကို နှစ်ပေါင်း ၃၀ ထိလည်းကောင်း ကျန်အမှုများကို ၂ နှစ်အထိလည်းကောင်း ရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီးမှ ဖျက်ဆီးရမည်။

၁၄၃၉။ ခရိုင်ရဲတပ်ဖွဲ့မှူးသည် {ပြစ်မှု၁၆(က)}ပုံစံပေါ်တွင်ပြစ်မှုသည်မည်သည့်တရားဥပဒေပုဒ်မနှင့်ဆိုင်သည်ဟု ယူဆကြောင်းနှင့် "စုံစမ်းမှုဆိုင်း"သို့မဟုတ် "လိုဆယ်မှု" သို့မဟုတ်" မှားယွင်းမှု" သို့မဟုတ် " ရဲအရေးမယူပိုင်မှု" သို့မဟုတ် "ဦးတိုက်လျှောက်ထားမှု" သို့မဟုတ် "လွှဲပြောင်းမှု"စသဖြင့်အမိန့်ချပေးရမည်။ ဤကဲ့သို့အမှုအမျိုးအမည် ခွဲခြားခြင်းမှာ နောက်ဆုံးအစီရင်ခံချက်သည် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်သောအခါ ပြစ်မှုမှတ်ပုံတင်(၂)၌ ပါရှိသည့် ဆိုင်ရာ ဇယားကွက်တွင် ထည့်သွင်းနိုင်ရန်လိုပေသည်။ "စုံစမ်းမှုဆိုင်း"ဟုပြဆို၍ အမှုပိတ်ပြီးနောက် ၎င်းအမှုပေါ်ပေါက်လာခဲ့သော် ဖွဲ့ချက်ရေးသားတင်ပို့ရမည်။ သက်ဆိုင်ရာ အမှုနောက်ဆုံးအစီရင်ခံချက်မူရင်းနှင့် မူရင်းခွဲတို့ကိုလည်း ပယ်ဖျက်ရမည်။

ကန့်သတ်

၁၄၄၀။ (ပြစ်မှု ၉၅)ပုံစံသည် တရားစွဲတင်ခြင်းမပြုနိုင်၍ ပိတ်သိမ်းသောရဲအရေးယူပိုင်သည့်အမှုများတွင် အမျိုးအမည်ခွဲခြား၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၃(၁)(ခ)အရအမှုတိုင်တန်းသူအား အကြောင်းပြန်ကြားရန် သတ်မှတ်ထားသောပုံစံဖြစ်သည်။ ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ အမိန့်ရလျှင်ရချင်း ၎င်းပုံစံဖြည့်စွက်၍ အမှုတိုင်တန်းသူထံ ဆောလျင်စွာပေးပို့ရမည်။

၁၄၄၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၇(၁)(ခ) အရ စုံစမ်းစစ်ဆေးရန် ငြင်းပယ်သည့်အမှုမျိုးတွင် နောက်ဆုံးအစီရင်ခံချက် တင်သွင်းရန်မလိုချေ။ ဤအမှုမျိုးများတွင် ငြင်းပယ်ပြီးသည့်နောက် စုံစမ်းစစ်ဆေးရန်အမိန့်ရရှိရာ တရားခံကို တရားစွဲမတင်နိုင်လျှင် နောက်ဆုံးအစီရင်ခံချက်ကို လုပ်ရိုးလုပ်စဉ်အတိုင်းတစ်ဆောင် တင်သွင်းရမည်။

၁၄၄၂။ တရားသူကြီးထံစီရင်ရန် "တိုက်ရိုက်"တိုင်လျှောက်သောကြောင့် တရားရုံးသို့စစ်ဆေးစီရင်ရန်တင်ပို့ခြင်းမရှိသည့် ပြစ်မှုများတွင် နောက်ဆုံးအစီရင်ခံချက် ထည့်သွင်းရမည်။ ၎င်းအမှုကို ဦးတိုက်လျှောက်ထားမှုပြ၍ ပိတ်ရန်အမိန့်ခံယူပြီး နောက်ဆုံးအစီရင်ခံချက်ပေါ်တွင် တရားရုံးသို့တိုင်လျှောက်သောနေ့စွဲနှင့် တရားရုံး၏အမှုအမှတ် တရားရုံးအမည်များကို ဖော်ပြရေးသားရမည်။

၁၄၄၃။ တရားခံတစ်ဦးကို ခံဝန်/အာမခံဖြင့် လွှတ်ထားပါက နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြရမည်။ အာမခံစာချုပ်၊ ခံဝန်ချုပ်ကို ရဲလက်စွဲ ဒုတိယတွဲ အပိုဒ် (၁၄၃၈)အရ ဖျက်သိမ်းရန် ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပြရမည်။ ၎င်းက ထိုစာချုပ်များကို ဖျက်သိမ်းသင့်လျှင် ဖျက်သိမ်း၍ {ပြစ်မှု၁၆(က)}ပုံစံတွင်မှတ်ချက်ရေးရမည်။ အာမခံ/ခံဝန်ချုပ်ဖျက်သိမ်းကြောင်း အမိန့်အမှတ်နှင့် ရက်စွဲရရှိသောအခါ နောက်ဆုံးအစီရင်ခံချက်မှူရင်းခွဲလက်ခံကို ရေးသွင်းရမည်။

၁၄၄၄။ တရားသူကြီးထံ ရိမန်ယူထားသောတရားခံတစ်ဦးဦးအား တရားသူကြီးအမိန့်ရမှသာ လွှတ်ခွင့်ရသည်။ သို့သော် တရားစွဲမတင်သောအမှုများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ အရ တရားသူကြီးအမိန့် တစ်စုံတစ်ရာမရရှိမီ ရဲအရာရှိတို့က တရားခံအား အာမခံနှင့် ဖြစ်စေ ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ

လွှတ်ထားခွင့်ရသည်။ နောက်ဆုံးအစီရင်ခံချက်တွင် အကြောင်းအရာစုံလင်စွာ ထည့်သွင်းရန်သတိပြုရမည်၊ သို့မှသာလျှင် တရားသူကြီးက အာမခံစာချုပ်ဖျက်ရန် အမိန့်ချမှတ်နိုင်သည်။

၁၄၄၅။ မှတ်ပုံတင်(၂၃) ပုံစံပါ ဇယားကွက်များအကြောင်းကို ရှင်းလင်းဖော်ပြရန် မလိုသလောက်ပင် ဖြစ်သည်။ မှတ်ပုံတင်(၂၃) နောက်ဆုံးအစီရင်ခံချက်အမှတ်မှာ အမှတ်စဉ်ဖြစ်၍ နှစ်သစ်ကူးပြောင်းသည့်အခါ ပထမ နောက်ဆုံးအစီရင်ခံချက်တွင် အမှတ်စဉ်သစ်ရေးမှတ်ရမည်။ နောက်ဆုံးအမှုမျိုးမည် ခွဲခြားချက်ကို ခရိုင်ရဲတပ်ဖွဲ့မှူးသည် (ပြစ်မှု ၆၁) ပုံစံဖြင့် ဆိုင်ရာရဲစခန်းသို့ အမိန့်ထုတ်ဆင့်ပေးပို့ရမည်ဖြစ်၍ ဆိုင်ရာတရားသူကြီး၏ နောက်ဆုံးချမှတ်သည့်အမိန့် ၄င်းအမိန့်၏နေ့စွဲ အမှုမျိုးမည်ခွဲခြားပုံမှစ၍ ၄င်းအချက်များကို အမိန့်ထုတ်ဆင့်သော ခရိုင်ရဲတပ်ဖွဲ့မှူး၏ အမိန့်အမှတ်နှင့် နေ့စွဲများပါ နောက်ဆုံးအစီရင်ခံချက် မူရင်းခွဲတွင် ရေးသွင်းရမည်။

## ခွဲချက်စာချုပ်၊ မှတ်ပုံတင် (၂၄)

၁၄၄၆။ ခွဲချက်စာချုပ်(ပြစ်မှု ၁၇ /ရဲ၁၂၅) ပုံစံမှာ မူရင်းနှင့်တကွ မူရင်းခွဲဖြုတ်ပိုင်းပါသည့် ပုံနှိပ်ထားသော မှတ်ပုံတင်စာအုပ်ဖြစ်သည်။ တရားခံကို စစ်ဆေးစီရင်ရန် တရားသူကြီးရှေ့သို့တင်ပို့သည့်အခါအသုံးပြုရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၃ အရ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပုံစံဖြစ်သည်။

၁၄၄၇။ တရားခံကိုခံဝန်နှင့်ဖြစ်စေ အချုပ်နှင့်ဖြစ်စေ အမှုပေါ်ပေါက်၍တရားစွဲတင်သည့်အခါ ခွဲချက်နှင့်အတူ {ပြစ်မှု ၁၈/ရဲ ၁၂၅(က)}ကို ပထမသတင်းပေးတိုင်ချက်နှင့်အတူတရားသူကြီးထံပို့ရမည်။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နောက်ဆက်တွဲ ဇယား(၂) ဇယားကွက်(၈)အရ သို့မဟုတ် အမှုကြီးများဖြစ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၁၆ အရ စီရင်ပိုင်ခွင့် အာဏာရှိသော တရားသူကြီးထံ တင်ပို့ရမည်။ ရာဇဝင်လူဆိုးစာရင်း ဖွင့်လှစ်ပြီးသူဖြစ်ပါက ရာဇဝင်လူဆိုးဟု မင်နီဖြင့် ခွဲချက်တွင်ရေးသွင်းရမည်။ တရားခံဖမ်းသည့်အချိန်၊ နေ့ရက်၊ အမည်၊ အလုပ်အကိုင်၊ နေရပ်၊ အချုပ်၊ အာမခံထားရှိခြင်း ရှိ/ မရှိ များကို ခွဲချက်ပြန်ပုံစံ {ပြစ်မှု၁၈/ ရဲ ၁၂၅(က)} ပထမခေါင်းစဉ်တွင် ရေးသွင်းရမည်။ ကျန်ခေါင်းစဉ်များတွင် အမှု

စီရင်ပြီးသောအခါ တရားသူကြီးကရေးသွင်းရမည်။ တရားခံထွက်ပြေးနေလျှင် ထွက်ပြေးကြောင်း သိသူကို သက်သေခံနိုင်ရန် ခွဲချက်စာချုပ်ပါ ဖယားကွက်(၆)တွင် မင်နီဖြင့် ရေးရမည်။ ၄င်းပြင် ၄င်းအမှုတွင် အရပ်ရပ်ဆိုင်ရာ သက်သေထွက်ချက်များကို မရေးသွင်းမီ ၄င်းသက်သေတို့ကို ဆိုခဲ့သည့်အတိုင်း ထွက်ပြေးတိမ်းရှောင်ခြင်း အကြောင်းနှင့်စပ်လျဉ်း၍ သက်သေခံကြစေရမည်။

၁၄၄၈။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၁၀ အရ တရားခွဲဆိုတင်ပို့သောအခါ (ပြစ်မှု ၁၇/ရဲ ၁၂၅)ပုံစံအစား အထူးပုံစံ (ပြစ်မှု ၁၇–က)ကို အသုံးပြုရမည်။ ၄င်းပုံစံနှင့်အတူ ပထမသတင်းပေးတိုင်ချက် တစ်စောင်နှင့်ခွဲချက်ပြန် {ပြစ်မှု ၁၈/ရဲ ၁၂၅ (က)}ပုံစံတစ်စောင်ပါရှိစေရမည်။

၁၄၄၉။ တရားခံကိုဖမ်းဆီး၍ အပိုဒ် (၁၄၄၇) တွင် သတ်မှတ်ထားသည့်အတိုင်း စစ်ဆေးစီရင်ရန် တင်ပို့သည့်အခါ (ပြစ်မှု ၂၁) ပုံစံ ဖြင့် တရားခံ၏ ပုံသဏ္ဌာန်အကြောင်းအရာ စာရင်းနှစ်စောင်ကို ခွဲချက်စာချုပ်နှင့်အတူ စီရင်ပိုင်ခွင့်အာဏာရှိ တရားသူကြီးထံသို့ ပေးပို့ရမည်။ စာရင်းတွင် ရေးသွင်းသည့် ပုံသဏ္ဌာန်အကြောင်းအရာမှာ မှန်ကန်၍ စုံလင်စေရမည်။ အမှတ်အသား အမာရွတ်များကို သေချာစေ့ငှစွာ ပါရှိစေရမည်။ စကားပြောပုံ သွားလာပုံ အသွင်ဟန်ပန်နှင့် ထူးခြားသည့်အချက်များကိုလည်း သေချာစွာမှတ်သားပါရှိစေရမည်။(ပြစ်မှု ၂၁) ပုံစံ ဇယားကွက်(၁)တွင် နောက်ဆက်တွဲ(ခ–၁၄)တွင် ထုတ်ပြန်ကြော်ငြာထားသည့် ကိုယ်အင်္ဂါ ချို့ယွင်းခြင်းမှစ၍ ပုံသဏ္ဌာန်စာချုပ်များနှင့်အညီ ထင်ရှားသောအမှတ်အသားများကို ရေးမှတ်ထားရမည်။ အထက်က ပြစ်မှုထင်ရှားစီရင်ခြင်းမခံရဘူး၍ ပထမအကြိမ်သာ ပြစ်မှုကျူးလွန်သူ တရားခံ၏ ပုံသဏ္ဌာန်အကြောင်းအရာ စာရင်းရှိ ဇယားကွက်(၁၀)ကို ဗလာချန်ထားရမည်။ အထက်ကပြစ်မှုထင်ရှားစီရင်ခြင်းခံရသော အကျဉ်းသားနှင့်စပ်လျဉ်းသည့်ပုံစံတွင် ရေးသားထည့်သွင်းရာ၌ တရားခံသည် အထက်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ ၄င်းအား "အမြဲပြစ်မှုကျူးလွန်သူ" အဖြစ် အမျိုးအစားခွဲခြားထားသည်/မထားသည်ကို ပုံစံ၏ အကြောင်းအရာ ဇယားကွက်တွင်ဖော်ပြထားရမည်။ အပိုဒ်(၁၅၂၁)တွင် ဖော်ပြထား သည့် စည်းကမ်းသတ်မှတ်၍ လွှတ်ထားခွင့်ပေးသော အကျဉ်းသားများ၏ မာတိကာနှင့် လူဆိုးအညွှန်းမာတိကာ စာချုပ်များ၏ ကျောဘက်တွင်ရှိ ဇယားကွက်(၁၁)များကိုလည်း ပြန်လှန်ကြည့်ရှုစစ်ဆေးရမည်။ {မြန်မာနိုင်ငံတရားရုံးလက်စွဲ

အပိုဒ်၆၇၆(ခ)}တွင် ပြဋ္ဌာန်းထားသည့်ဥပဒေများကို အမှုစီရင်စစ်ဆေးသူ တရားသူကြီးလိုက်နာရန်အလို့ငှာ တရားခံသည်စည်းကမ်းသတ်မှတ်၍ လွှတ်ထားခွင့်ပေးထားသော အကျဉ်းသားဖြစ်ခဲ့လျှင် ၎င်းအကြောင်းကို အကြောင်းအရာဇယားကွက် တွင်ဖော်ပြရမည်။ တရားသူကြီးက ပုံသဏ္ဌာန် အကြောင်းအရာ ပုံစံမိတ္တူတစ်စောင်ကို တရားရုံးအမှုတွဲများနှင့်အတူ ဖိုင်တွဲထားရမည်။ အခြားပုံစံမိတ္တူကို စစ်ဆေးသည့် စီရင်ချက်နှင့် တရားရုံး၏အမိန့်ကို ဖော်ပြသည့် ပုံစံ {ပြစ်မှု ၁၈/ ရဲ၁၂၅(က)}ဖြင့် တရားသူကြီးက ရဲအရာရှိထံသို့ ပေးပို့ပြီးနောက် ၎င်းတို့က တရားခံမှာ ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထောင်ပို့ဝရမ်းနှင့်အတူ ထောင်သို့ပို့ရ မည်။ တရားခံမှာ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်း မခံရလျှင်ဖြစ်စေ ငွေဒဏ်၊ ကြိမ်ဒဏ် သို့မဟုတ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ အရ စီရင်ခြင်းခံရလျှင်ဖြစ်စေ ၎င်းမိတ္တူကို အမှုတွဲတွင် ဖိုင်တွဲထားရမည်။ အထက်က ပြစ်မှုထင်ရှားစီရင်ခံရ ဘူးသည့် အချက်မရရှိသေးလျှင်ဖြစ်စေ သို့မဟုတ် ၎င်းအချက်ကိုရှာဖွေရန် စာချုပ်များ ပြန်ပို့ခြင်းမရှိသေးလျှင်ဖြစ်စေ ဤကဲ့သို့ မဆိုက်ရောက် မရရှိသေးကြောင်းကို တောင်းဆိုထားသောနေ့စွဲပါ ရေးသားညွှန်ပြလျက်အကြောင်းအရာဇယားကွက် (၂၁) ပြစ်မှု (ပုံသဏ္ဌာန်စာချုပ်)တွင် မင်နီဖြင့်ရေးသားထည့်သွင်းရန်မှာအမှု တင်သွင်းသူ ရဲအရာရှိ၏အလုပ်ဝတ္တရားဖြစ်စေရမည်။ သို့ရေးမှတ်ခြင်းမှာ လည်း ဆိုင်ရာတရားသူကြီးသည် ပြန်စာရသည့်တိုင်အောင်စီရင်ချက်မချမှတ်ဘဲ ဆိုင်းငံ့နိုင် ရန် ဖြစ်သည်။ ပြစ်ချက်ရှိသော တရားခံတစ်ယောက်ကိုလောင်းကစားဥပဒေ သို့မဟုတ် ယစ်မျိုးအက်ဥပဒေအရ ပြစ်မှုဖြင့် တရားစွဲဆိုတင်ပို့သောအခါ စွဲတင်သော အရာရှိက အစီရင်ခံစာပေါ်တွင်ဖြစ်စေ စွဲချက်ပေါ်တွင်ဖြစ်စေ ၎င်း၏အမည်နှင့် ယှဉ်၍ အထက်ကပြစ်ချက်မခံရဘူးကြောင်း မင်နီဖြင့်ရေးမှတ်ပြီးသော် {ပြစ်မှု ၃၄/ ရဲ ၆၅(က)}ပုံစံတစ်စောင်ကို ခံဝန်ချုပ်နှင့် တွဲထည့်ရမည်။

၁၄၅၀။ အမှုစစ်ဆေးစီရင်ပြီးသောအခါ မှုခင်းမှတ်တမ်းအရာရှိသည် အမှုတွင်ချမှတ်သည့် စီရင်ချက်နှင့် တရားရုံးအမိန့်ကိုဖော်ပြသောပုံစံ {ပြစ် ၁၈/ ရဲ ၁၂၅(က)} ကိုတရားသူကြီးထံမှရရှိလိမ့်မည်။ ရရှိသောအခါ ထိုပုံစံကို မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့်ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့တင်ပြရမည်။ ၎င်းမှုခင်းမှတ်တမ်းအရာရှိက အမှုစီရင်ရာ မည်မျှကြာကြောင်း တရားခံအားပေးသော အပြစ်ဒဏ်လုံလောက်ခြင်းရှိ/မရှိ နှင့်စီရင်ဆုံးဖြတ်ရာ၌ တရားမှန်/မမှန်တို့ကိုရေးသားဖော်ပြသောအမှုနှင့်

ခပ်လျှင်း သည့် ထင်မြင်ချက်အစီရင်ခံစာကို {ပြစ် ၁၈/ရဲ ၁၂၅(က)} ပုံစံနှင့်တွဲ၍ တင်ပြရမည်။ အမှုကြီးများ၌ တရားသူကြီးက ခရိုင်မှုခင်းမှတ်တမ်းအရာရှိထံသို့လည်း အထက်ပါ ပုံစံကို ပို့ရလိမ့်မည်။ ပုံစံတွင် စစ်ဆေးစီရင်ခြင်းနှင့်ပတ်သက်၍ အမှုမှန်သို့မဟုတ် မှားယွင်းမှု သို့မဟုတ် လီဆယ်မှု သို့မဟုတ် ရဲအရေးမယူပိုင်မှု စသည်တို့ဖြစ်ကြောင်းနှင့် တရားသေတရားရှင်လွှတ်ရသည့် အကြောင်းပြချက်များကို သက်ဆိုင်ရာတရားသူကြီးသည် ချမှတ်သည့်စီရင်ချက်နှင့် တရားရုံးအမိန့်ကို ပုံစံတွင် ရေးသွင်းဖော်ပြရမည်၊ ဆိုခဲ့သည့်အတိုင်း တရားသူကြီး၏ စီရင်ချက်နှင့်ပတ်သက်၍ ခရိုင်ရဲတပ်ဖွဲ့မှူးထံ ၎င်းအမှုတွဲရောက်ရှိလာသည့်အခါ ပြစ်မှုမှတ်ပုံတင်စာအုပ်(၂)၌ ဆိုင်ရာဇယားကွက်တွင် စီရင်ချက်များကိုရေးသွင်းရမည်။ မှုခင်းမှတ်တမ်း အရာရှိသည် စစ်ဆေးစီရင်ရန်တင်ပို့သော တရားခံကို တရားရှင် သို့မဟုတ် တရားသေလွှတ်သည့် အကြောင်းများနှင့်စစ်ဆေးစီရင်ရာတွင် အမှုတည်ဆောက်မှု၌ မှားယွင်းအားနည်းချက်များကို အစီရင်ခံရမည်။ ၎င်းအစီရင်ခံစာကိုခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ တိုက်ရိုက်တင်သွင်းရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည်အမှုတည်ဆောက်သူအရာရှိတို့၏ မှားယွင်းအားနည်းချက်များကို ၎င်းတို့သိရှိပြုပြင်စေရန်လိုအပ်သလို စီမံဆောင်ရွက်ရန် ညွှန်ကြားရမည်။

၁၄၅၁။ အပိုဒ် (၁၅၇၃) အရ လက်ပုံစံယူရမည့် ပြစ်မှုဖြင့်အပြစ်ကျသူများနှင့် (ပြစ်မှု ၁၀၃–က) ပုံစံဖြင့်ကတ်တာချုပ်ရေးဖွဲ့ရန် လိုအပ်သည့်တရားခံများကို အထက်ဖော်ပြပါတရားသူကြီး၏ စီရင်ချက်ကိုရရှိလျှင်မှုခင်းမှတ်တမ်းအရာရှိသည်နယ်ထိန်းတာဝန်ခံရဲအရာရှိအကူအညီရယူ၍ တရားခံအား(ပြစ်မှု၁၀၃–က) ပုံစံတွင် ဖြည့်စွက်ရန်ရှေ့တည့်တည့်မှ ဓာတ်ပုံရိုက်ခြင်း ဘေးစောင်းရိုက်ခြင်းလက်ဆယ်ချောင်းတို့၏ လက်ပုံစံယူခြင်း၊ (ပြစ်မှု ၂၁) ပုံစံတွင်ဖော်ပြသည့် အချက်အလက်များကို (ပြစ်မှု ၁၀၃–က)ပုံစံ ၅ စောင်ပြုစုခြင်း မှုခင်းတပ်ဖွဲ့သို့ပို့ရန်လိုအပ်သော မှတ်တမ်းတင် လက်ပုံစံတာချုပ်(ပြစ်မှု ၄၈/ရဲ ၁၀၃)ပြုစုခြင်းတို့ကိုဆောင်ရွက်ရမည်။

၁၄၅၂။ အယူခံတရားရုံးက ချမှတ်သော စီရင်ချက်အမိန့်မှာ အောက်ရုံး၏ စီရင်ချက်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် အမှုအမျိုးအမည်ခွဲခြား ပြောင်းလဲခြင်းရှိလျှင် သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ၎င်းတရားရုံးမှ အကြောင်းကြားလိမ့်မည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည်အယူခံတွင် ပြောင်းလဲပြင်ဆင်ခြင်းများကို သက်ဆိုင်ရာရဲစခန်းသို့စာဖြင့်အကြောင်းကြားလိမ့်မည်။

၁၄၅၃။ အမှုစစ်ဆေးစီရင်သော တရားသူကြီးတို့သည် အမှုတွင်ချမှတ်သည့် စီရင်ချက်နှင့်တရားရုံးအမိန့်များကို ဖော်ပြလျက်ခွဲချက်ပြန် {ပြစ်မှု၁၈/ရဲ၁၂၅(က)} ပုံစံတွင်ပါရှိ သည့် စာတိုင်ပါခေါင်းစဉ်အတိုင်းရေးသွင်း၍ အောက်တွင်လက်မှတ် ရေးထိုးပြီး သက်ဆိုင်ရာရဲစခန်းသို့ပြန်လည်ပေးပို့ရမည်။

## အခန်း(၅၆)

## ရဲအရေးမပိုင်သည့်ပြစ်မှုများ

### ရဲတပ်ဖွဲ့ဝင်များ တရားစွဲတင်ပို့သော ရဲအရေးမပိုင်သည့်ပြစ်မှုများ မှတ်ပုံတင်၊ မှတ်ပုံတင်(၂၅)

၁၄၅၄။ ရဲတပ်ဖွဲ့၏ တာဝန်ဝတ္တရားများမှာ အရေးယူပိုင်သော ပြစ်မှုများကို အရေးယူစစ်ဆေးခြင်းနှင့်တရားသူကြီးများက စစ်ဆေးရန်လွှဲအပ်သော ရဲအရေးမပိုင် သည့်အမှုများကို စစ်ဆေးရန်သာ ကန့်သတ်ထားသည်မဟုတ်ချေ။ ရဲတပ်ဖွဲ့ဝင် များသည် ဆင်ခြင်တိုင်းထွာပြီး အများပြည်သူတို့အကျိုးအတွက် လိုအပ်လျှင် (လူတစ်ဦး သို့မဟုတ် လူအချို့အကျိုးခံစားစေရန်အတွက်မဟုတ်ချေ)အခွင့်အာဏာ ရှိတရားသူကြီးများထံ အရေးမပိုင်သောအမှုများကို သက်ဆိုင်ရာဥပဒေနှင့်ပုဒ်မများ အရ စွဲဆိုလျှောက်ထားရမည်။ အောက်ပါအက်ဥပဒေနှင့်ပုဒ်မများမှာ ရဲတပ်ဖွဲ့ဝင် များသည် နေ့စဉ်အရပ်ရပ်ဝတ္တရားဆောင်ရွက်စဉ်ကြုံတွေ့၍ တရားစွဲဆိုရန်လိုအပ် မည်ဖြစ်သောအသုံးများသည့် အရေးမပိုင်သောအမှုများမှဖြစ်သည်–

| ဥပဒေများ | ပုဒ်မများ |
| --- | --- |
| (က) ပြစ်မှုဆိုင်ရာဥပဒေ | ၁၈၂၊ ၂၁၁၊ ၂၆၄ မှ ၂၆၇ တို့မှစ၍ အရေးမပိုင်သည့်အရပ်ရပ်ပုဒ်မများ။ |
| (ခ) ၁၉၄၅ခုနှစ်ရဲအက်ဥပဒေ | ၎င်း |
| (ဂ) ၁၉၆၄ခုနှစ်မော်တော်ယာဉ် ဥပဒေနှင့်နည်းဥပဒေများ | ၎င်း |

(ဃ) ၁၉၀၇ခုနှစ်မြန်မာနိုင်ငံတော် လမ်းမကြီးများအက်ဥပဒေနှင့် နည်းဥပဒေများ — ၄င်း

(င ) ၁၉၉၃ခုနှစ်၊ စည်ပင်သာယာရေး အဖွဲ့များဥပဒေ — ၄င်း

(စ ) တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေ — ၄င်း

(ဆ) ၁၉၄၉ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ် ရေးအက်ဥပဒေ — ၄င်း

(ဇ ) ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေ — ၄င်း

(ဈ ) ၁၈၉၀ ပြည့်နှစ်၊ မီးရထားလမ်း အက်ဥပဒေ — ၄င်း

(ည) ၁၈၈၅ခုနှစ်၊ကြေးနန်းအက်ဥပဒေ — ၄င်း

(ဋ ) ၁၉၁၀ပြည့်နှစ်(ကန်တိုမင်)တပ်မြို့ အက်ဥပဒေ — ၄င်း

(ဌ ) လက်နက်အက်ဥပဒေနှင့် နည်းဥပဒေများ — ၄င်း

(ဍ ) ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံတော် ယစ်မျိုးအက်ဥပဒေ — ၄င်း

(ဎ ) ၁၉၁၇ခုနှစ်၊ မြစ်ကြောင်းသွား မီးသင်္ဘောများအက်ဥပဒေနှင့် နည်းဥပဒေ — ၄င်း

(ဏ) ၁၉၀၉ခုနှစ်၊ မြန်မာနိုင်ငံတော်
တမ်တာရိုးအက်ဥပဒေနှင့်နည်း
ဥပဒေများ — ၄င်း

(တ) ၁၉၀၇ခုနှစ်၊ မြန်မာနိုင်ငံတော်
မြို့များအက်ဥပဒေ — ၄င်း

(ထ) ၁၉၁၈ခုနှစ်၊ မြန်မာနိုင်ငံတော်
ရေနံထွက်ရာရပ်ကွက်များဆိုင်ရာ
အက်ဥပဒေ — ၄င်း

(ဒ ) ၁၉၀၇ခုနှစ်၊ မြန်မာနိုင်ငံတော်
ကျေးရွာအက်ဥပဒေနှင့်နည်းဥပဒေများ — ၄င်း

(ဓ ) ရေချိုငါးလုပ်ငန်းဥပဒေ — ၄င်း

(န ) ဆားလုပ်ငန်းဥပဒေ — ၄င်း

(ပ ) ၁၉၉၂ ခုနှစ်သစ်တောဥပဒေ — ၄င်း

(ဖ ) တောရိုင်းတိရစ္ဆာန်များနှင့်သဘာဝ
အပင်များကာကွယ်ရေးနှင့်သဘာဝ
နယ်မြေများထိန်းသိမ်းရေးဥပဒေ — ၄င်း

(ဗ ) ၁၉၈၅ ခုနှစ်၊ ကျွဲနွားတိရစ္ဆာန်
ကျော်နင်းမှုဥပဒေ — ၄င်း

(ဘ) မြန်မာနိုင်ငံလေကြောင်းအက်ဥပဒေ — ၄င်း

မှတ်ချက်။ အထက်ဖော်ပြထားသည့် မည်သည့်ဥပဒေများတွင် ပါရှိသော အရေးယူပိုင်သည့်ပုဒ်မများအရကျူးလွန်သော မည်သည့်ပြစ်မှုကို မဆိုဆောင်ရွက်ရမြဲရှိသည့်အတိုင်း ပထမသတင်းပေးတိုင်ချက်မှတ်ပုံတင်စာအုပ်တွင်တိုင်ချက်ဖွင့်ရမည်။ယခုညွှန်ပြချက်များသည်အရေးမပိုင်သည့်ပုဒ်မများအရပြစ်မှုများအတွက်သာဖြစ်သည်။

(ပြစ်မှု ၄၀/ ရဲ ၈၉) ပုံစံဖြင့်ပြုလုပ်ထားရှိသည့် မှတ်ပုံတင်(၂၅)ကို ရဲစခန်းတိုင်းတွင်ထားရှိရမည်။ အချို့ရဲစခန်းများတွင်ဥပမာ"မော်တော်ယာဉ်ဥပဒေ" များအရ စွဲတင်သောအမှုမျိုးများ၊ များပြားစွာစွဲတင်ရန်ရှိသောအခါ ၎င်းအမှုမျိုးများ အတွက် စာအုပ်တစ်အုပ်ကျစီ သီးသန့်ထားရှိခြင်းသည် များစွာသင့်လျော်လေသည်။ ရဲအရေးမပိုင်သည့်ပြစ်မှုများကို (ပြစ်မှု ၄၀/ ရဲ ၈၉)ပုံစံများမှတစ်ပါးအခြားပုံစံများဖြင့် စွဲဆိုတင်ပို့ခြင်းမပြုရ။ ဤပုံစံတွင်မူရင်းနှင့် မူရင်းခွဲနှစ်ဆောင်ကို တစ်ကြိမ်တည်းတွင်မင်ခံစက္ကူအသုံးပြု ရေးသွင်းနိုင်ပါသည်။ အမှုတစ်ခုအတွက် ပုံစံတစ်ခုကို ရေးသွင်းအသုံးပြုရပါသည်။ တိုင်လျှောက်သူရဲတပ်ဖွဲ့ဝင်သည် ဤမှတ်ပုံတင်စာအုပ်တွင်တိုင်ချက်တစ်ခုစီ၌ ပါရှိသည့် အကြောင်းအရာများကိုရေးသွင်းပြီးသော် ရဲစခန်းမှူး၏ ထပ်ဆင့်လက်မှတ်ရေး ထိုးစေရမည်။ ဤမှတ်ပုံတင်စာအုပ်ဖြင့် ရဲအရေးမပိုင်သော ပြစ်မှုများကိုတရားစွဲဆိုရာတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးအနေဖြင့်သာ စွဲဆိုနိုင်ပါသည်။ ဤမှတ်ပုံတင်စာအုပ်တွင် ရဲအရေးမပိုင်သော ပြစ်မှုများကိုတရားစွဲဆိုရာတွင် ရဲတပ်ဖွဲ့ဝင်မဟုတ်သူများ၏ သတင်းပေးတိုင်တန်းချက်များကို ရေးသွင်းခြင်းမပြုရပါ။ ဤမှတ်ပုံတင်စာအုပ်တွင် ရေးသွင်းသည့်အချက်များမှာ သတင်းပေးတိုင်တန်းချက်မဟုတ်ဘဲ ရဲတပ်ဖွဲ့၏ တိုင်လျှောက်ချက် သို့မဟုတ် စွဲဆိုချက်မျှသာဖြစ်သည်ကို သတိပြုရပါမည်။ {ပြစ်မှု ၁၈/ရဲ ၁၂၅(က)} ပုံစံနှင့်အတူမင်ခံစက္ကူဖြင့်ကူးသည့် မိတ္တူကို သက်ဆိုင်ရာစာရွက်စာတမ်းပုံစံများနှင့်အတူ၊ ဥပမာ- သက်ဆိုင်ရာတွင် ထည့်သွင်းထားသည့်ရဲစခန်း သက်သေခံပစ္စည်းမှတ်ပုံတင်၊ မှတ်ပုံတင်(၃၂)မှ ကူးယူရေးသွင်းထားသည့် စက္ကူလွှတ်များရှိခဲ့လျှင် ဝရမ်းစာများနှင့်ခံဝန်ချုပ်များပါ စစ်ဆေးပိုင်ခွင့်အာဏာရှိသူ တရားသူကြီးထံ တင်ပို့ ရမည်။ အမှုစစ်ဆေးဆုံးဖြတ်ချက် ချမှတ်ပြီးသောအခါ တရားသူကြီးသည် {ပြစ်မှု ၁၈/ ရဲ ၁၂၅(က)}ပုံစံပေါ်တွင်ချမှတ်သည့် အမိန့်ကို ရေးသွင်းပြီးလျှင် ဆိုင်ရာရဲစခန်းသို့ ပေးပို့ရန် မှုခင်းမှတ်တမ်းအရာရှိများထံပေးအပ်လိမ့်မည်။ ရဲစခန်းတွင်တရားသူကြီးချမှတ်လိုက်သည့်အမိန့်ကိုမှတ်ပုံတင်စာအုပ် ဇယားကွက် အမှတ် (၇) တွင် ရေးသားထည့်သွင်းပြီးရရှိသည့် {ပြစ်မှု ၁၈ /ရဲ ၁၂၅ (က)} ပုံစံကိုပိုင်တွဲထားရမည်။ နှစ်စဉ်ဇန်နဝါရီလ ၁ ရက်နေ့တွင် မှတ်ပုံတင်စာအုပ်ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ "နှစ်ချုပ်အစီရင်ခံစာ"တွင်အမှုများအကြောင်း အတိုကောက် ထည့်သွင်းနိုင်စေရန် တင်ပို့ရမည်။

မှတ်ချက်။ ၁၈၅၈ ခုနှစ်၊ ရှေးသွပ်ခြင်းအက်ဥပဒေ၊ ၁၈၄၆ ခုနှစ်၊ရှေ့နေအက်ဥပဒေ၊ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၄ အရ (ကောင်းမွန်စွာ ကျင့်ဆောင် အသက်မွေးခြင်းမှာ ချုပ်ဆိုထားသည့် ခံဝန်ချုပ်ကို ကျူးလွန်သည့်အတွက် ဆုံးရှုံးခံရသည့်အခါ)တရားသူကြီးထံမှ ညွှန်ကြားချက်များ သို့မဟုတ် တရားသဖြင့် စစ်ဆေးစုံစမ်းခြင်းများပြုလုပ်ရန် သာတင်သွင်းသည့်အမှုအကျိုးအကြောင်းနှင့်တရားခံကို သေချာကနစွာဖော်ပြထားခြင်းမရှိသော အစီရင်ခံစာများကို ရဲအရေးမပိုင်သည့် ပြစ်မှုများဟု မယူဆနိုင်။ ထို့ကြောင့်ဤကဲ့သို့အစီရင်ခံ ချက်အရပ်ရပ်ကို ရဲစခန်း မှတ်ပုံတင်(၂၅)တွင်ထည့်သွင်းဖော်ပြခြင်းမပြုရ။ ၎င်းအစီရင်ခံချက်ကိုရုံးစာအနေဖြင့် သာ တင်ပို့ရမည်။

# အခန်း(၅၇)

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ၊ ယစ်မျိုးဥပဒေတို့နှင့်သက်ဆိုင်သော ပြစ်မှုများအကြောင်း

၁၄၅၅။ (က) တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အကောက်ခွန်ဦးစီးဌာန တို့သည် မြန်မာနိုင်ငံတွင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ၊ အရေးယူရာတွင်နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန်တာဝန်ရှိသည့် အဖွဲ့အစည်းများဖြစ်သည်။ အထက်ပါဌာနများမှအရာထမ်း၊ အမှုထမ်းတို့သည် မိမိဌာန၏ဖွဲ့စည်းမှု၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုဆောင်ရွက်သွားရမည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့များအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများမှအဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်သွားရမည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ယစ်မျိုးဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုများကိုအရေးယူရာတွင်လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန်တာဝန်ရှိသည့်အဖွဲ့အစည်းဖြစ်သည်။

၁၄၅၆။ (က) မူးယစ်ဆေးဝါးများ၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့် အဆိုပါဆေးဝါးများချက်လုပ်ရာတွင်အသုံးပြုသည့်ဓာတုဗေဒဆေးဝါးများကိုရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ဝရမ်းကပ်ခြင်း၊ ချိပ်ပိတ်ခြင်းတို့နှင့်ပတ်သက်၍ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေအပိုဒ် (၁၉)၊(၂၀)၊(၂၁)၊(၂၂)၊(၂၃)၊(၂၄)၊(၂၅)၊(၂၆)၊ (၂၇)၊(၂၈)၊(၂၉)နှင့်(၃၀)တို့အရလည်းကောင်း မူးယစ်ဆေးဝါးပြစ်မှုကို နောက်ကွယ်မှအဓိကကျူးလွန်သူများပြည်တွင်းပြည်ပဂိုဏ်းနှင့်အုပ်စုဝင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် နည်းဥပဒေအပိုဒ် (၃၃)(၃၄)နှင့် (၃၅)တို့အရလည်းကောင်း ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း မိတ္တူကူးယူခြင်း သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းနှင့် ပတ်သက်၍နည်းဥပဒေအပိုဒ်(၃၆)နှင့်(၃၇)တို့အရလည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ပတ်သက်၍ နည်းဥပဒေအပိုဒ်(၃၉)၊ (၄၀)၊(၄၁)၊(၄၂)နှင့် (၄၃)တို့အရလည်းကောင်း ပြစ်ချက်ဟောင်းအတွက်တရားစွဲဆိုခြင်းနှင့်ပတ်သက်၍နည်းဥပဒေအပိုဒ်(၅၇) အရလည်းကောင်းပြစ်မှုကျူးလွန်တတ်သူနှင့် ကျူးလွန်ကြောင်း ကျော်စောသတင်းရှိသူများအား ကောင်းမွန်စွာ နေထိုင်စေရန် ခံဝန်ချုပ်ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ နည်းဥပဒေအပိုဒ် (၅၉)အရ လည်းကောင်း အသီးသီးလိုက်နာဆောင်ရွက်ရမည်။

(ခ) ယစ်မျိုးဥပဒေအရ အာဏာသက်ရောက်သော ဒေသများတွင် အရက်ပုန်းများရောင်းချခြင်း၊ ဆေးအန္တရာယ်ဖြစ်စေတတ်သော၊ အရက်များချက်လုပ်ရောင်းချခြင်းအစရှိသော ယစ်မျိုးဥပဒေနှင့် ဆန့်ကျင်သောပြစ်မှုများကိုအရေးယူရာ၌ ရဲအရေးယူပိုင်သည့် ပြစ်မှုဖြစ်လျှင် ပထမသတင်းဆေးတိုင်ချက်ကို မှတ်ပုံတင်(၂၀)တွင်ရေးသွင်းရမည်။ စုံစမ်း

စစ်ဆေးရာ၌လည်း အခြားအမှုများ စုံစမ်းစစ်ဆေးသကဲ့သို့ပင် ဆောင်ရွက်ရမည်။ ဤကဲ့သို့သောအမှုမျိုးများတွင် ပထမသတင်းပေးတိုင်ချက်မိတ္တူတစ်စောင်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ရမည်။ယစ်မျိုးဥပဒေပုဒ်မ(၃၀)(၃၁)(၃၃)(၃၄)(၃၇)၊ (၃၈) တို့သည် သာမန်အားဖြင့်အရေးယူပိုင်သောပြစ်မှုမျိုးမဟုတ်သော်လည်း ပြစ်မှုကျူးလွန်နေဆဲ အခါများဖြစ်လျှင် အရေးယူပိုင်သောပြစ်မှုများဖြစ်သည်။

၁၄၅၇။ (က) တားဆီးနှိမ်နင်းရေးအဖွဲ့များမှ အရေးယူသောအမှုများတွင် သိမ်းဆည်းရမိ သက်သေခံမူးယစ်ဆေးဝါးများ၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့် ထိန်းချုပ်ဓာတုဗေဒဆေးဝါးများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြန်ကြားချက်များ ထုတ်ပေးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒစစ်ဆေးရေးဌာန(ရန်ကုန်) ဓာတုဗေဒစစ်ဆေးရေးဌာန(မန္တလေး)နှင့် မှုခင်းတပ်ဖွဲ့တို့မှဆောင်ရွက်ရမည်။ အဆိုပါဌာနများ၏ စစ်ဆေးပြန်ကြားချက်များသည် သက်သေခံဥပဒေပုဒ်မ(၄၅)အရလည်းကောင်း ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေအပိုဒ်(၄၃)အရလည်းကောင်းတရားဝင် သက်သေခံချက်ဖြစ်သည် ။မူးယစ်ဆေးဝါးများ၊စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုဗေဒဆေးဝါးများဖမ်းဆီးရမိသည့်အခါ ချိန်တွယ်ခြင်း၊စမ်းသပ်စစ်ဆေးရန်နမူနာထုတ်ယူခြင်း သက်သေခံပစ္စည်းထုပ်ပိုးသိမ်းဆည်းခြင်း ဓာတုဗေဒစစ်ဆေးရေးနှင့် မှုခင်းတပ်ဖွဲ့သို့ ပေးပို့ထင်မြင်ချက်တောင်းခံခြင်း၊ မှုခင်းတပ်ဖွဲ့သို့ အပ်နှံခြင်းကိစ္စအရပ်ရပ်နှင့်ပတ်သက်၍၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေနှင့်အညီ လိုက်နာရမည့်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) မှုခင်းများဖြစ်ပွားစေသည့် အကြောင်းရင်းခံဖြစ်သောယစ်မျိုးဥပဒေနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို လိုက်နာထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကွက်/ကျေးရွာလူကြီးများတို့နှင့်ပူးပေါင်းဆောင်ရွက်ရန်မှာမြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏တာဝန်ဖြစ်သည်။

## အခန်း(၅၈)

## ဒင်္ဂါးအတု/ငွေစက္ကူအတုများအကြောင်း

၁၄၅၈။ တရားရုံးတွင် စစ်ဆေးစီရင်ရန်တင်ပို့သည့် အမှုများတွင်ဒင်္ဂါးအတု/ငွေစက္ကူအတုများနှင့် ဒင်္ဂါးအတု/ငွေစက္ကူအတုပြုလုပ်သော ကိရိယာတန်ဆာပလာများကို တရားရုံးသို့သက်သေခံပစ္စည်းအဖြစ် တင်ပို့ရန်မှာရဲတပ်ဖွဲ့၏တာဝန်ဖြစ်သည်။ တရားရုံးတွင် စစ်ဆေးစီရင်ရန် တင်ပို့ခြင်းမပြုသော အမှုများမှ ဒင်္ဂါးအတု/ငွေစက္ကူအတုများနှင့်ဒင်္ဂါးအတု/ငွေစက္ကူအတုပြုလုပ်သော ကိရိယာတန်ဆာပလာများကို ခရိုင်ရဲတပ်ဖွဲ့မှူးထံမှတစ်ဆင့် သက်ဆိုင်ရာတရားသူကြီး၊ သို့မဟုတ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြပြီးငွေ်းရုံး၏စီမံခန့်ခွဲမှုမှတ်ချက်နှင့်အတူ မှုခင်းတပ်ဖွဲ့ သို့ အမှု၏ အကြောင်းအရာ၊ အပြည့်အစုံပါဝင်သော အစီရင်ခံချက်နှင့်တကွ ပေးပို့ရမည်–

(က) ဖမ်းဆီးသည့်နေ့ရက်နှင့်နေရာ။

(ခ) သက်ဆိုင်သည့်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ။

(ဂ) တွေ့ရှိသည့် ဒင်္ဂါးအတု/ငွေစက္ကူအတုအမျိုးအမည်နှင့် အရေအတွက် ဒင်္ဂါးအတု/ငွေစက္ကူအတုထုတ်လုပ်ရန် ကိရိယာတန်ဆာပလာများရှိခဲ့လျှင် အမျိုးအမည်နှင့်အရေအတွက်၊ အမှု၏အဖြစ်အပျက်အကြောင်းအရာအစုံအလင်။

(ဃ) ဒင်္ဂါးအတု/ငွေစက္ကူအတုလုပ်သည့် ပစ္စည်းကိရိယာ၏ပုံသဏ္ဌာန်နှင့်အမျိုးအစား(ဓာတ်ပုံဖြင့်)။

(င) လုပ်ပုံလုပ်နည်း။

၁၄၅၉။ ငွေဒဂ်ါးအတုထုတ်လုပ်မှုနှင့် စပ်လျဉ်းသည့် ကိရိယာတန်ဆာပလာများ ဖြစ်သော ညှပ်များ ညှပ်ပုံများနှင့် ဒင်္ဂါးသွန်းလုပ်ရန် ပုံစံများကို မှခင်းတပ်ဖွဲ့သို့ ပေးပို့ရန် အမှုကိုစုံစမ်းစစ်ဆေးသည့် တရားသူကြီးက အမိန့်ချမှတ်လိမ့်မည်။ ထိုကဲ့သို့ အမိန့်ချမှတ်နိုင်ရန် သက်ဆိုင်ရာအမှုစစ်အရာရှိက တရားသူကြီးထံတင်ပြ လျှောက်ထားရမည်။ အထက်ပါကိရိယာတန်ဆာပလာများမှအပ ဒင်္ဂါးအတုပြုလုပ် ရာတွင်အသုံးပြုသော အခြားပစ္စည်းများကိုဖျက်ဆီးရန်၊ သို့မဟုတ် အခြားနည်း မည်သို့ပြုလုပ်ရန် အမိန့်များကိုလည်း သက်ဆိုင်ရာတရားသူကြီးထံမှအမိန့်ခံယူရ မည်။

၁၄၆၀။ ငွေစက္ကူအတုများ ပေါ်ပေါက်သည့်အခါ ရဲတပ်ဖွဲ့ကလိုအပ်သလိုစုံစမ်း မေးမြန်းခြင်းကိုပြုလုပ်ရမည်။ အချို့အမှုများတွင် ဆက်လက်စုံစမ်းစစ်ဆေးခြင်းဖြင့် အမှုပေါ်ပေါက်ရန်မျှော်လင့်ချက်မရှိသည့် အမှုမျိုးများ၌ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ရန်မလိုသည့်အပြင် စုံစမ်းစစ်ဆေးရန်လည်းမလိုချေ။

၁၄၆၁။ ပထမသတင်းပေးတိုင်ချက် ဖွင့်သင့်မဖွင့်သင့်ကို ခရိုင်ရဲတပ်ဖွဲ့မှူး စီစစ် ဆုံးဖြတ်နိုင်ရန် ရဲစခန်းမှူးကမြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့်တင်ပြရမည်။ မြို့နယ် ရဲတပ်ဖွဲ့မှူးသည် စုံစမ်းစစ်ဆေးရန်သင့်လျော်သည့် အမှုအခင်းမျိုးကို ရွေးချယ်ရာ၌ ဝေဖန်ပိုင်းခြားရမည်။

၁၄၆၂။ အထက်ပါနည်းလမ်းများကို လိုက်နာခြင်းအားဖြင့် ရဲတပ်ဖွဲ့သည် ပေါ်ပေါက်အောင် စုံစမ်းစစ်ဆေးနိုင်ရန် အကြောင်းရှိသောအမှုများကိုသာ အထူး အာရုံစိုက်၍ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပေါ်ပေါက်ရန်မျှော်လင့်ချက်မရှိသောအမှု များကို တာဝန်မကင်း၍ ရောပြွမ်းစုံစမ်းစစ်ဆေးမည့်အစား အထူးကျွမ်းကျင်သော အရာရှိတို့က ပေါ်ပေါက်လိမ့်မည်ဟု ယူဆရသော အမှုမျိုးကိုအထူးပြု၍ဇွဲစိုက်စွာ စုံစမ်းစစ်ဆေးလျှင် ငွေစက္ကူအတုပြုလုပ်သူတို့ကို ဖော်ထုတ်ရာ၌သာ၍အကျိုးရှိမည် ဖြစ်ပေသည်။

၁၄၆၃။ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့သည် မိမိတို့၏လက်အောက် တပ်ဖွဲ့ဝင်တို့အား ငွေစက္ကူအတုပြုလုပ်သော အမှုအခင်းတို့ကို စုံစမ်းမေးမြန်းရာ၌ သေချာစွာဂရုစိုက်၍ ကြီးကြပ်ကြည့်ရှုလိုသည်။

# အခန်း(၅၉)

## ခိုးယူ သို့မဟုတ် ပျောက်ဆုံးသောဝတ္ထုပစ္စည်းများနှင့် ကျွဲနွားတိရစ္ဆာန်များအကြောင်း

### ခိုးရာပါပစ္စည်းမှတ်ပုံတင်နှင့် ပျောက်ဆုံးသည် ကျွဲနွား တိရစ္ဆာန် မှတ်ပုံတင်၊ မှတ်ပုံတင်(၂၆) နှင့် (၂၇)

၁၄၆၄။ (ပြစ်မှု ၂၆/ ရဲ ၅၀နှင့် ၅၁)ပုံစံများဖြင့် ခိုးရာပါပစ္စည်းမှတ်ပုံတင် (၂၆)နှင့် ပျောက်ဆုံးသည့် ကျွဲနွားတိရစ္ဆာန်မှတ်ပုံတင်(၂၇)တို့ကို တသီးတခြားစီထားရှိရမည်။ ကျွဲနွားတိရစ္ဆာန် ဆင်မြင်းမြည်းနှင့်လားများကိုမှတ်ပုံတင်(၂၇) (ပျောက်ဆုံးသည့် ကျွဲနွားတိရစ္ဆာန်မှတ်ပုံတင်)တွင်ရေးသွင်းရမည်။ ပျောက်ဆုံးသည့် ဝတ္ထုပစ္စည်း၏ ပုံသဏ္ဍာန်အမှတ်အသား ပျောက်ဖျက်မရနိုင်သော ထူးခြားသည့်ချို့ယွင်းမှုအမှတ်အသားများ ကိုစေ့စပ်ကျနစုံလင်စွာ တစ်ခုစီရေးသားပြရမည်။ ဥပမာအားဖြင့် ခိုးယူခံရသောရေဒီယို၊ ကက်ဆက်၊ တယ်လီဗွီးရှင်းတို့၏ အမျိုးအစား စက်အမှတ်၊ ထုတ်လုပ်သည့်ခုနှစ် အမှတ်အသား လက်ခံဝယ်ယူသည့်ဆိုင်များမှ ပြန်လည်ပြင်ဆင်ရန်မလွယ်ကူသော အမှတ်အသား ချို့ယွင်းမှုပုံသဏ္ဍာန်တို့ကို သက်ဆိုင်ရာအမှုစစ်နယ်ထိန်းတို့မှ စေ့စပ်တိကျစွာ မေးမြန်း၍ (ပြစ်မှု ၂၆/ ရဲ ၅၀ နှင့်၅၁) ပုံစံပါသိမြင်နိုင်သော အမှတ်အသားဇယားကွက်တွင် အလေးထားရေးသားဖော်ပြရမည်။ ပျောက်ဆုံးသွားသော တိရစ္ဆာန်များ၏ ပုံသဏ္ဍာန်နှင့်အနာရွတ်များ၊ ချို့ယွင်းနေသောအင်္ဂါ အစိတ်အပိုင်းများ၊ ဖွဲများ၊ အကျင့်စရိုက်များစသည့်ရနိုင်သမျှ အချက်များကိုလည်း ပြည့်စုံစွာ မေးမြန်းရေးသား ဖော်ပြရမည်။ ခိုးရာပါပစ္စည်းနှင့် တိရစ္ဆာန်စာရင်းများ ပေးပို့ရာတွင် အလျင်အမြန် ဆောင်ရွက်ရန်မှာ အရေးကြီးသည့် အချက်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တန်ဖိုးကြီးမားသောပစ္စည်းများ ပျောက်ဆုံးခြင်းရှိပါက (ဥပမာ–မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ တီဗွီ၊ ကွန်ပျူတာစသော အီလက်ထရွန်နစ်ပစ္စည်းကိရိယာများ၊ ပုံသဏ္ဍာန်ဖြင့်ပြုလုပ်ထားသော ရွှေထည်ပစ္စည်းများ)သက်ဆိုင်ရာ ရဲစခန်းမှူးသည် တိုင်းရဲတပ်ဖွဲ့ကွပ်ကဲမှုသို့ တယ်လီဖုန်းဖြင့် ချက်ချင်းဆက်သွယ်၍မှတ်ပုံတင်(၂၆)ပါ အချက်အလက်များ သိမြင်နိုင်သော အမှတ်အသားများကို သတင်းပို့စေရမည်။ တိုင်းရဲတပ်ဖွဲ့ကွပ်ကဲမှုဌာနများ မှလည်း အရေးကြီးသော ပစ္စည်းများရောက်ရှိသွား နိုင်သည့်ခရိုင်များ/

ပြည်နယ်များအထိသို့ သတင်းကိုတယ်လီဖုန်း၊ ကြိုးမဲ့ကြေးနန်း တို့ဖြင့်ချက်ချင်းဖြန့်ချိရမည်။ ရဲစခန်းမှူးသည်အချို့သော ခိုးရာပါပစ္စည်းများသည် ဟုတ်မှန်ကြောင်းလွယ်ကူစွာ ခွပ်ခွဲနိုင်သည်ဟုဆုံးဖြတ်က ၎င်းပစ္စည်း ကျွဲနွား တိရစ္ဆာန်များကို ယူဆောင်သယ်ပိုးသွားမည့် ရပ်ရွာကိုပိုင်ဆိုင်သည့် ရဲစခန်းများသို့ (ပြစ်မှု ၂၆/ရဲ ၅၀ နှင့် ၅၁)ပုံစံများကိုလိုသလောက်ရေးသားပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ဆက်သားဖြင့် တိုက်ရိုက်ပို့ရမည်။ အရေးကြီးသောပြစ်မှုများတွင် တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ကြေးနန်းရိုက်ကြားခြင်းဖြင့်ဖြစ်စေ၊ ကန့်သတ်မှုမရှိဘဲ အလျင်အမြန်အသုံးပြုရမည်။ ကြေးနန်းစာတွင် ခိုးရာပါပစ္စည်းအမျိုးအမည်များကို ပြည့်စုံအောင် အကျယ်မဖော်ပြနိုင်သော်လည်း ခိုးရာပါပစ္စည်းကို မိနိုင်သည့် ပစ္စည်းအမျိုးအမည် ပုံသဏ္ဌာန် သိမြင်နိုင် သောအမှတ်အသားတို့ကို အထူးအလေးထားဖော်ပြရမည်။ ပြည်နယ်/တိုင်းရုံးစိုက်ခြင်း မရှိသည့် ရဲစခန်းအများအပြားရှိသည့် မြို့ကြီးများ၌ ခရိုင်ရဲတပ်ဖွဲ့မှူးသည် ခိုးရာပါပစ္စည်း ရောက်သွားနိုင်သည်ဟုယူဆသော အခြားသော ခရိုင်များ မြို့များသို့တယ်လီဖုန်းဖြင့်ဖြစ်စေ ကြေးနန်းဖြင့်ဖြစ်စေ ဆက်သား နည်းဖြင့်ဖြစ်စေ အလျင်အမြန်ဖြန့်ချိရမည်။

၁၄၆၅။ ၎င်းမှတ်ပုံတင်များနှင့် ဆက်သွယ်လျက်ရှိသည့် အောက်ပါဖိုင်တွဲများလည်းထားရှိရမည်-

- ဖိုင်အမှတ်(၂၆-က)။ ။ မိမိ၏ခရိုင်အတွင်းရှိ အခြားရဲစခန်းများမှခိုးယူ ပျောက်ဆုံးသော ပစ္စည်းစာရင်း အစီရင်ခံစာဖိုင်တွဲ။
- ဖိုင်အမှတ်(၂၆-ခ)။ ။ အခြားခရိုင် အတွင်းရှိ ရဲစခန်းများမှခိုးယူ ပျောက်ဆုံးသောပစ္စည်းစာရင်းအစီရင်ခံစာ ဖိုင်တွဲ။
- ဖိုင်အမှတ်(၂၇-က)။ ။ မိမိခရိုင် အတွင်းရှိ အခြားရဲစခန်းများမှ ပျောက်ဆုံးသည့် ကျွဲနွားတိရစ္ဆာန်စာရင်း အစီရင်ခံစာဖိုင်တွဲ။

– ပိုင်အမှတ်(၂၇–ခ)။ ။ အခြားခရိုင်အတွင်းရှိရဲစခန်းများမှ ပျောက်ဆုံးသော ကျွဲနွားတိရစ္ဆာန်စာရင်း အစီရင်ခံစာပိုင်တွဲ။

၁၄၆၆။ ပထမသတင်းပေးတိုင်ချက်သည် ပစ္စည်းခိုးယူမှုနှင့် သက်ဆိုင်လျှင် ခိုးယူခံရသည့်ပစ္စည်းများ၏ စာရင်းအသေးစိတ်ကို သတင်းပေးတိုင်တန်းသူအား ဖော်ပြစေ၍ လက်မှတ်ရေးထိုးစေရမည်။ မြင်လျှင် မှတ်မိနိုင်ဖွယ်ရာ အကြောင်းဖြစ်သည့် ပစ္စည်းများ၏ထင်ရှားသော အမှတ်အသားများ၊ ပြုလုပ်သည့်ကုမ္ပဏီ၊ သို့မဟုတ်အခြားထူးခြားချက်များနှင့်စပ်လျဉ်း၍ သတင်းပေးတိုင်တန်းသူအား သေချာစွာစစ်ဆေးမေးမြန်းရမည်။ ဥပမာလက်ဝတ်လက်စားတစ်ခု၌ကျိုးနေခြင်း၊ သို့မဟုတ် ပြင်ဆင်ထားခြင်း၊ သတ္တုခွက်တစ်ခုသည် လွှတ်ကျ၍သော်လည်းကောင်း ခြစ်ရာထင်နေခြင်း သို့မဟုတ် ပိန်ခွက်နေခြင်းနှင့် ပုဆိုး၊ ပုဝါစသည်တို့၌ စုတ်၍ဖာထေးထားခြင်းများရှိနိုင်သည်။ လက်မှုပညာသည်အချို့၏လက်ရာတွင် ထူးခြားချက်များကိုမကြာခဏ ခွဲခြားသိသာနိုင်သည်။ သတင်းပေးတိုင်တန်းသူအား၊ ပစ္စည်းတစ်ခုစီ၏တန်ဖိုးအပြင်ရွှေထည်ငွေထည်လက်ဝတ်လက်စားဖြစ်က ၎င်းပစ္စည်းများ၏ အလေးချိန်နှင့် (ဖော်ပြနိုင်လျှင်) ပန်းထိမ်၏ အမည်ကိုပါဖော်ပြစေရမည်။ သတင်းပေးတိုင်ချက်စာမှ ထုတ်နုတ်၍ ပစ္စည်းစာရင်းများကို ခိုးရာပါပစ္စည်းမှတ်ပုံတင် သို့မဟုတ် ပျောက်ဆုံးသည့် ကျွဲနွားတိရစ္ဆာန်မှတ်ပုံတင်နှင့် သက်ဆိုင်ရာစာအုပ်တွင် တသီးတခြား ပြုလုပ်ပြီး ရေးသွင်းရမည်။ မှတ်ပုံတင် (၂၆)(၂၇)ပါပစ္စည်းပျောက် စာရင်းကို အမျိုးအစား နှစ်၊ လ အလိုက် အလွယ်တကူရှာဖွေနိုင်ရန် ပြည်နယ်/ တိုင်း/ ခရိုင်/ မြို့နယ်များတွင် မှတ်တမ်းပြုစုထားရှိရမည်။ နည်းပညာကျယ်ပြန့်စွာ အသုံးပြုနိုင်သော ကွန်ပျူတာစနစ်ကို ပြည်နယ်/တိုင်းများတွင် အသုံးပြုသင့်သည်။

**မှတ်ချက်**။ အထက်ဖော်ပြထားရှိသည့်အတိုင်း မိမိ၏ထွက်ဆိုတိုင်ကြားချက်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုသူကိုပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၁၈၀)အရ တရားစွဲဆိုနိုင်သည်။

# အခန်း (၆၀)

# သေမှုသေခင်းအခြင်းအရာကိုစစ်ဆေးခြင်းအကြောင်း

## မည်သူကစုံစမ်းစစ်ဆေးရခြင်း

၁၄၆၇။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ(၁၇၄)နှင့် (၁၇၅)သည် ဓမ္မတာအတိုင်းမဟုတ်ဘဲဖြစ်စေ ရုတ်တရက်ဖြစ်စေ သေဆုံးသည့်အကြောင်းကို သတင်းပေးခြင်းမှ စ၍ဆိုခဲ့သည့်အတိုင်း သေဆုံးသည့်အကြောင်းနှင့် စပ်လျဉ်းသောရဲအရာရှိတို့ ဆောင်ရွက်ရန်အလုပ်ဝတ္တရားများနှင့်သက်ဆိုင်သောဥပဒေဖြစ်သည်။ သေဆုံးသူ၏ အလောင်းရှိရာသို့ တရားသူကြီးမရောက်သေး၍သေမှုသေခင်းကို စုံစမ်းမေးမြန်းမှုကို စတင်ဆောင်ရွက်ခြင်းမပြုမီရဲစခန်းမှူး သို့မဟုတ် ရဲကင်းစခန်းမှူး သို့မဟုတ် အခြားရဲအရာရှိသည် မည်ကဲ့သို့သေဆုံးကြောင်းကို တရားသူကြီးအား တိုင်ကြားရန် မှုသာဆောင်ရွက်ရမည်။ ထိုအရာရှိသည် အလောင်းရှိရာသို့ရောက်ရှိသည့်အခါ ၄င်းအရပ်ရှိ ပုဂ္ဂိုလ်နှစ်ယောက် သို့မဟုတ် ၄င်းထက်များသောပုဂ္ဂိုလ်များရှေ့၌ သေမှုသေခင်းကိုစုံစမ်းမေးမြန်း၍ မည်သည့်အကြောင်းကြောင့် သေဆုံးရသည်ဟူသော ထင်မြင်ချက်ကို ရေးသားအစီရင်ခံရမည်။ သို့ရေးရာ၌ အလောင်းတွင် တွေ့မြင်ရသမျှဒဏ်ရာများ အရိုးကျိုးကွဲခြင်းများ၊ ပွန်းပဲ့ခြင်းများနှင့်အခြားဒဏ်ရာ အမှတ်အသားများကို ရေးသားဖော်ပြလျက် ၄င်းဒဏ်ရာဒဏ်ချက်များကို မည်သို့မည်ပုံ မည်သည့်ကိရိယာမျိုးဖြင့် ရရှိစေကြောင်းကိုလည်းဖော်ပြရမည်။ တရားသူကြီးသည် အလောင်းရှိရာသို့ရောက်ရှိ၍ သေမှုသေခင်းကိုစတင်စစ်ဆေးလျှင် ရဲစခန်းမှူးသည် မိမိကိုယ်တိုင်စစ်ဆေးရန်မလိုချေ။

၁၄၆၈။ သေမှုသေခင်းနှင့်ပတ်သက်၍ ရဲစခန်းမှူးကသော်လည်းကောင်း ၄င်းမရှိလျှင် ရဲစခန်းမှူးတာဝန်ကို လက်ခံဆောင်ရွက်ရသည့်ခေတ္တစခန်းမှူးကသော်လည်းကောင်း ရဲစခန်းမှူးထက်ရာထူးကြီးမြင့်သူအရာရှိများကသော်လည်းကောင်း စုံစမ်းစစ်ဆေးခွင့်ရသည်။ အထူးကိစ္စရပ်များတွင် အစိုးရထံမှ အခွင့်အာဏာအပ်နှင်းခံရသူ ရဲအရာရှိ တစ်ဦးကလည်းစုံစမ်းစစ်ဆေးနိုင်သည်။ {ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄(၁)(တ)နှင့်ပုဒ်မ ၅၅၁ အရ}

၁၄၆၉။ ရဲစခန်း သို့မဟုတ်ရဲကင်းစခန်းတစ်ခုကို ကြီးကြပ်အုပ်ချုပ်သည့် အရာရှိမှာ မှတ်တမ်းအတိုင်း မဟုတ်ဘဲသော်လည်းကောင်း၊ ရုတ်တရက်သော်လည်းကောင်း သေဆုံးကြောင်း သတင်းရရှိသည့်အခါ ဤကဲ့သို့ရရှိသည့် အကြောင်းအရာကို (ပြစ်မှု၃၇/ရဲ၇၄)ပုံစံဖြင့်ရေးသား၍ သေမှုသေခင်းအခြင်းအရာကို စစ်ဆေးမေးမြန်းနိုင်ခွင့်အာဏာရရှိသည့် အနီးဆုံးမြို့နယ်တရားသူကြီးထံသို့ဆေးပို့၍ သေဆုံးသည့်နေရာသို့ မိမိကိုယ်တိုင်ချက်ချင်းသွားရမည်။ တရားသူကြီးထံသို့ပို့သော အစီရင်ခံစာ လက်ခံတစ်စောင်ကို ရဲစခန်းတွင်ထားရှိစေရမည်။ ၎င်းပုံစံကို မြို့နယ်တရားသူကြီးကရရှိသည့်အခါ ၎င်းသေမှုသေခင်းကို ကိုယ်တိုင်စစ်ဆေးမေးမြန်းခြင်းမပြုလျှင် မိမိမှတ်ချက်နှင့်တကွ ခရိုင်တရားသူကြီးထံသို့ပေးပို့ရမည်။ ခရိုင်တရားသူကြီးကလည်း၎င်း၏ မှတ်ချက်နှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှူးထံပေးပို့လိမ့်မည်။ သေမှုသေခင်းဖြစ်ပွားသည်နှင့် သက်ဆိုင်ရာစခန်းမှူးက မြို့နယ်ရဲတပ်ဖွဲ့မှူး/ခရိုင်ရဲ တပ်ဖွဲ့မှူးထံသို့ ချက်ချင်းအစီရင်ခံရမည်။ မြို့နယ်တရားသူကြီးမှသေမှုသေခင်းကို စစ်ဆေးမေးမြန်းခြင်းပြုလျှင် ၎င်းအစီရင်ခံစာကို၎င်း၏အမှုတွဲတွင် ထည့်ရန် သိမ်းဆည်းထားရမည်။

၁၄၇၀။ ရဲစခန်းမှူးသို့မဟုတ် ရဲကင်းစခန်းမှူးသည် ၎င်း၏ရဲစခန်းအပိုင်တွင် အောက်ပါ သေမှုသေခင်းဖြစ်ပွားကြောင်းသတင်းရရှိက ကိုယ်တိုင်စုံစမ်းစစ်ဆေးခြင်းမပြုဘဲ အောက်ပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) တပ်နယ်အတွင်း သေဆုံးသည်ဖြစ်စေ၊ စစ်မှုထမ်း၊ သို့မဟုတ်၊ စစ်မှုထမ်း၏ အခိုင်းအစေတစ်ဦးဦး၏ မတရားသောလက်ချက်ကြောင့်သေဆုံးလျှင်ဖြစ်စေ သေမှုသေခင်း စစ်ဆေးပိုင်ခွင့်အာဏာရှိသောအနီးဆုံးတရားသူကြီးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၄ အရ လာရောက်စစ်ဆေးရန်မှောင့်နှေးခြင်းမရှိစေဘဲ အကြောင်းကြားရမည်။ သေမှုသေခင်းသည်တရားရုံးနှင့်တရားသူကြီးမရှိနိုင်သည့်နေရာများ၊ မသွားရောက်နိုင်သည့်နေရာများနှင့် စစ်ဆင်ရေးနယ်မြေဒေသများတွင်ဖြစ်ပွားပါကသက်ဆိုင်ရာတပ်နယ်မှူး/တပ်မှူးသည် သေမှုသေခင်းခုံရုံးကိုဖွဲ့စည်းစစ်ဆေးလိမ့်မည်။

(ခ ) အပိုဒ်(က)တွင်ဖော်ပြသော အမှုများတွင်ဆိုခဲ့သည့် တရားသူကြီးက သေမှုသေခင်းစစ်ဆေးခြင်း ပြုလုပ်ရန်ပျက်ကွက်ခဲ့လျှင် ခရိုင်ရဲ

တပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၄ အရ၊ စုံစမ်းစစ်ဆေးရမည်။

(ဂ) အပိုဒ်(က)တွင်ဖော်ပြသောအမှုတွင် စစ်ဘက်မှသေမှုသေခင်းစစ်ဆေးသည်ဖြစ်စေ မစစ်ဆေးသည်ဖြစ်စေ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၄ အရ သေမှုသေခင်းစစ်ဆေးခြင်းပြုလုပ်ရမည်။ အပိုဒ်(ခ)တွင်ဖော်ပြသောအမှုတွင် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးများမဆောင်ရွက်နိုင်က ဆိုင်ရာရဲစခန်းမှူး သို့မဟုတ် ရဲကင်းစခန်းမှူးက စုံစမ်းစစ်ဆေးရမည်။

(ဃ) စစ်အကျဉ်းထောင်အတွင်း၌အကြမ်းဖက်မှုကြောင့် သေဆုံးခြင်းကို စစ်ဆေးပိုင်ခွင့်ရှိသော တရားသူကြီးက စစ်ဆေးပြီးဖြစ်ပါက သေဆုံးရခြင်းအကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခြင်း မပြုလုပ်ရ။

(င) အကျဉ်းထောင်အတွင်းတွင် သို့မဟုတ် အကျဉ်းဦးစီးဌာနလက်တွင်း ရှိစဉ်အတွင်း၌ ဓမ္မတာအတိုင်းမဟုတ်ဘဲဖြစ်စေ ရုတ်တရက်ဖြစ်စေ သေဆုံးခဲ့သော် အနီးဆုံးရဲစခန်း သို့မဟုတ် ရဲကင်းစခန်းမှူးထံ ချက်ချင်းတိုင်ကြားရန်မှာ သက်ဆိုင်ရာထောင်မှူး၏ဝတ္တရားဖြစ်သည်။ထောင်မှူး၏တိုင်ကြားချက်ကိုရရှိသည့်အခါ ဆိုခဲ့သည့်ရဲအရာရှိက သေဆုံးသည့်နေရာသို့ သွားရောက်၍ သေဆုံးခြင်းသည်အကျဉ်းထောင်အတွင်း၌ဖြစ်လျှင် တရားသူကြီး မရောက်မီအတွင်း အလောင်းနှင့် သေဆုံးမှုဖြစ်ပွားစေသည့် လက္ခဏာရှိသော မည်သည့်အရာဝတ္ထုကိုမဆို မကိုင်တွယ်စေရန် အမိန့်ပေး၍ အလောင်းအတွက် အစောင့်ချ ထားရမည်။ သို့ဆောင်ရွက်နေစဉ်ပင် ထိုမြို့တွင် ရာထူးအဆင့်အတန်းကြီးမြင့်သော တရားသူကြီးအား လာရောက်စစ်ဆေးရန် ချက်ချင်းအကြောင်းကြားရမည်။သေဆုံးခြင်းသည် အကျဉ်းထောင်ပြင်ပတွင်ဖြစ်ပွားခဲ့ပါမူ အထက်ဖော်ပြပါစည်းကမ်းချက်များကို အခြေအနေအရ ထောက်ချင့်ပြီးလျှင် ပြုပြင်၍လိုက်နာဆောင်ရွက်ရမည်။

## စုံစမ်းစစ်ဆေးခြင်းကို မည်ကဲ့သို့ပြုလုပ်ရခြင်း

၁၄၇၁။ သေမှုသေခင်းစစ်ဆေးရာတွင် ပါဝင်မည့်အရပ်သားများကို ရွေးချယ်ရန်ဖြစ်နိုင်ပါက စစ်ဆေးရမည့်အကြောင်းနှင့်စပ်လျဉ်း၍ သင့်လျော်သောသူများကိုသာ ရွေးချယ်ရမည်။ ဥပမာ–

(က) သေသူသည် လက်သမားအလုပ်လုပ်စဉ်လက်သမားကိရိယာဖြင့် ထိခိုက်သည့်ဒဏ်ရာကြောင့် သေဆုံးလျှင်ဓါးယူစုံစမ်းသူများအနက် ထိုကိရိယာကို အသုံးပြုခြင်း၌နားလည်သူတစ်ယောက် (ဖြစ်နိုင်လျှင်)ပါဝင်စေရမည်။

(ခ ) မီးရထားတိုက်မိ၍ ကျိုးပဲ့နေသော မီးရထားလမ်းတံတား တစ်ခုအနီး၌ သေဆုံးနေသည်ကိုတွေ့လျှင် ဓါးယူစုံစမ်းသောသူများအနက် မီးရထားနှင့်ပတ်သက်၍ နားလည်သူတစ်ယောက်(ဖြစ်နိုင်လျှင်) ပါဝင်စေရမည်။

၁၄၇၂။ ရဲစခန်းမှူးသည် သေဆုံးသူ၏အလောင်းကို လာရောက်စစ်ဆေးရန် အစိုးရက ခန့်အပ်ထားသော အနီးဆုံးဆရာဝန်ထံ ချက်ချင်းအကြောင်းကြားရမည်။ လိုအပ်သည်ဟုယူဆပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းတင်ပြ၍ မှုခင်းတပ်ဖွဲ့မှ ကျွမ်းကျင်သူများနှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည်ဟု ယူဆပါက မူးယစ်အထူးအဖွဲ့များကိုပါ အခင်းဖြစ်အရပ်၌ ကျန်ရှိခဲ့သော သက်သေခံပစ္စည်းများ အပြည့်အစုံ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အကူအညီတောင်းခံရမည်။

၁၄၇၃။ သေဆုံးသူ၏အလောင်းရှိရာ အရပ်သို့ရောက်ရှိသောအခါစုံစမ်းစစ်ဆေးသည့်အရာရှိက အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) သေဆုံးခြင်း၏ အကြောင်းနှင့်စပ်လျဉ်းသည့် သဲလွန်စများ မပျက်စီးမပျောက်ပျက်စေရန် ကန့်သတ်နယ်မြေ အဖြစ်ကြိုးတား၍ ကာကွယ်ပေးရမည်။

(ခ ) အလောင်းကို လူများဝိုင်းအုံ၍နေခြင်းနှင့် ခြေရာများ သဲလွန်စများ မပျောက်ပျက်စေရန် ကန့်သတ်နယ်မြေအတွင်းသို့ လူများ မဝင်ရောက်စေရန် ကာကွယ်တားမြစ်ရမည်။

(ဂ) စုံစမ်းစစ်ဆေး၍ မပြီးမီအတွင်း အလောင်း၏အနီးသို့ မသက်ဆိုင်သူများနှင့် မလိုအပ်သော ချဉ်းကပ်ခြင်းကို တားမြစ်ရမည်။

(ဃ) ခြေရာများကို လိုအပ်သည့်ကာလအပိုင်းအခြားအတွင်း သင့်လျော်သော အဖုံး အအုပ် ခွက်စသည်များဖြင့် ဖုံးအုပ်၍ထားရမည်။

(င) သေဆုံးသည့်နေရာမြေပုံကို မှန်ကန်စွာရေးဆွဲ၍ထိုမြေပုံတွင် အမှုအကြောင်းအရာများကို ရှင်းလင်းစွာ သိရှိနိုင်စေမည့် လိုအပ်သော အခြင်းအရာများ အလုံးစုံ ပါဝင်စေရမည်။

(စ) ဆရာဝန်ဖြစ်စေ တရားသူကြီးဖြစ်စေ အထက်ရဲအရာရှိဖြစ်စေ လာရောက်လိမ့်မည်ဟု ယူဆပါက အလောင်းကို ရှိရင်းအတိုင်း ၎င်းတို့လာရောက်နိုင်ရန်အတွက် အချိန်ပေး၍ စောင့်ဆိုင်းရမည်။ သို့မဟုတ် အလောင်းသည် အများသွားလာရာလမ်းတွင် ရှိနေသဖြင့် ၎င်းနေရာတွင်မထားနိုင်လျှင် သင့်လျော်ရာနေရာသို့ ရွှေ့ပြောင်း၍ ထိုကဲ့သို့အရာရှိမရောက်မီအတွင်း သို့မဟုတ်စုံစမ်းစစ်ဆေး၍ မပြီးမီအတွင်း ၎င်းအလောင်းအနေအထားကို တတ်နိုင်သ၍ မပြောင်းလဲစေဘဲ ထားရမည်။

(ဆ) ဆရာဝန်ဖြစ်စေ တရားသူကြီးဖြစ်စေ အထက်ရဲအရာရှိဖြစ်စေ မလာရောက်လျှင် စုံစမ်းစစ်ဆေးသည့်ရဲအရာရှိသည် စုံစမ်းစစ်ဆေးရာတွင် ကူညီဆောင်ရွက်သောသူများနှင့်အတူအလောင်းကိုသေချာစွာကြည့်ရှုစစ်ဆေးပြီး မှုမှန်သည့် ရုပ်ဆင်းလက္ခဏာများကို မှတ်သားထားရမည်။

(ဇ) ၎င်းအလောင်းတွင် တွယ်ကပ်၍နေသော အဝတ်အထည် သို့မဟုတ် အလောင်းကို ဖုံးအုပ်ရန်လိုအပ်သည့် အဝတ်အထည်တို့ကိုသာချန်လှပ်၍ အခြားအဝတ်အထည် အားလုံးကိုသော်လည်းကောင်း ဝတ်ဆင်ထားသော တန်ဆာပလာအားလုံးကိုသော်လည်းကောင်း သေဆုံးရန် အကြောင်းဖြစ်စေသည့် သို့မဟုတ် သေဆုံးရန် အကြောင်းနှင့်သက်ဆိုင်သည့် အရာဝတ္ထုအားလုံး ကိုသော်လည်းကောင်း အမှတ်အသား တံဆိပ်ရိုက်နှိပ်ပြီးလျှင် ထုပ်ပိုး၍

ချိပ်တံဆိပ်ရိုက်နှိပ်ထားရမည်။ ၎င်းအရာဝတ္ထုအသီးသီး တွေ့ရှိရာနေရာ ၎င်းအရာဝတ္ထု အသီးသီးပေါ်တွင်ရှိသော သွေးစွန်း၊ သွေးကွက် အမှတ်အသား အစုတ်အပြဲ ဒဏ်ရာဒဏ်ချက်သို့မဟုတ် ၎င်းအရာဝတ္ထုအသီးသီးနှင့်ပတ်သက်သည့် မှတ်သားဖွယ် အခြင်းအရာများကို ဖော်ပြလျက် ၎င်းအရာဝတ္ထုများကို စာရင်းတစ်ခု အသေးစိတ်ရေးသားရမည်။ ၎င်းစာရင်းတွင် အရာဝတ္ထုအသီးသီးအတွက် ရိုက်နှိပ်ထားသော အမှတ်အသား ထုပ်ပိုး၍ ရိုက်နှိပ်ထားသော ချိပ်တံဆိပ်အမှတ်အသားတို့ကိုလည်း နမူနာအဖြစ် ရိုက်နှိပ်ထားရမည်။ ၎င်းစာရင်းသည် သေမှုသေခင်းစစ်ဆေးခြင်း အစီရင်ခံစာ၏ အစိတ်အပိုင်းဖြစ်ရမည်။

၁၄၇၄။ အဆိပ်ခတ်သည်ဟု သင်္ကာမကင်းဖွယ် ရှိသည့်အမှုများတွင် အောက်ဖော်ပြပါအချက်အလက်များကို ပေါ်လွင်အောင် စုံစမ်းဖော်ထုတ်ရန်နှင့် သက်သေခံအထောက်အထားပစ္စည်းများကို သိမ်းဆည်းရမည်။ ထိုတွေ့ရှိချက်များကို သက်သေခံ အထောက်အထား ပစ္စည်းနမူနာနှင့်အတူ မှုခင်းဆရာဝန်နှင့် ဓာတုဗေဒစစ်ဆေးရေး ရုံးသို့ ပို့ဆောင်ရမည်–

(က) သေသူသည် မသေမီက သာမန်အားဖြင့် ကျန်းမာလျက်ရှိမရှိကို အမှန်သိအောင်ဖော်ပြရမည်။

(ခ) ၎င်းသူခံစားရသည့်လက္ခဏာများမှာ–

(၁) ရုတ်တရက် စတင်ဖြစ်ပေါ်သည်။

(၂) တစ်မျိုးတည်းဖြစ်ပေါ်သည်။

(၃) လျင်မြန်စွာပြင်းထန်၍လာသည်။

(၄) အလျင်အမြန်သေဆုံးစေသည်။

(ဂ) (၁) နောက်ဆုံးစားသောက်သောအချိန်နှင့် ဝေဒနာလက္ခဏာစတင်ပေါ်ပေါက်သည့်အချိန်အတွင်း ကြာမြင့်ချိန်။

(၂) သေဆုံးလျှင် နောက်ဆုံးစားသောက်သော အချိန်နှင့်သေဆုံးသည့်အချိန်အတွင်း ကြာမြင့်ချိန်တို့ကို အမှန်သိအောင် စုံစမ်းရမည်။

(ဃ) စတင်ပေါ်ပေါက်သည့် ဝေဒနာလက္ခဏာများသည် မည်သည့်လက္ခဏာမျိုးများဖြစ်ကြောင်းနှင့် အော့အန်ခြင်း သို့မဟုတ် ဝမ်းလျှောခြင်း ရှိမရှိကို အမှန်သိအောင် စုံစမ်းရမည်။

(င) ၎င်းသူသည် အိပ်ချင်လာသည် သို့မဟုတ်အိပ်ပျော်သွားသည်ကို အမှန်သိအောင် စုံစမ်းရမည်။

(စ) ကြွက်တက်ခြင်း သို့မဟုတ် ခြေလက်ကွေးတက်ခြင်း ရှိမရှိ သို့မဟုတ် အရေပြား၌ဖြစ်စေ လည်ချောင်း၌ဖြစ်စေ တုန်၍ဆတ်ခနဲနာကျင်ကြောင်း ပြောမပြောကို အမှန်သိအောင် စုံစမ်းရမည်။

(ဆ) အခြားလက္ခဏာများရှိမရှိကိုလည်း အမှန်သိအောင် စုံစမ်းရမည်။

(ဇ) အိမ်တွင်း၌ဖြစ်စေ အလောင်းအနီး၌ဖြစ်စေ တွေ့ရှိသည့် အားလုံးသော အစားအသောက်နှင့် ဆေးရွက် ဆေးရိုး ဆေးဝါးများစသည်တို့ကို သိမ်းဆည်းပြီးချိပ်တံဆိပ်ရိုက်နှိပ်၍ ယူခဲ့ရမည်။

(ဈ) အော့အန်လျှင် အန်ဖတ်များကို ယူဆောင်နိုင်ရန် သင့်လျော်စွာထည့်သိုပြီး ချိပ်တံဆိပ်ရိုက်နှိပ်၍ ယူခဲ့ရမည်။ အန်ဖတ်များစွန်းပေနေသည့် အဝတ်အထည်နှင့် အန်ဖတ်စိမ့်ဝင်သည့်ကြမ်းခင်းကိုပင် ယူခဲ့ရမည်။

(ည) အလောင်းကို မီးသင်္ဂြိုဟ်ပြီးဖြစ်လျှင် သေသူ၏အရိုးများနှင့်ပြာကိုထုပ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်၍ ယူခဲ့ရမည်။

၁၄၇၅။ ကြိုးဆွဲချခြင်း သို့မဟုတ် လည်မျိုကိုညစ်သတ်ခြင်း အမှုတို့တွင်–

(က) ပထမဦးစွာ တွေ့ရှိသည့်အနေအထားအတိုင်း ဓာတ်ပုံရိုက်မှတ်တမ်းတင်ရမည်။ ကင်မရာမရှိလျှင် ပုံကြမ်းနှင့်စနစ်ပုံရေးဆွဲထားရမည်။

(ခ ) အလောင်းသည် ကြမ်းပြင်နှင့်ထိဆက်နေခြင်း ကင်းလွတ်နေခြင်း ရှိမရှိ မှတ်ထားရမည်။ ကင်းလွတ်နေပါက ကြမ်းပြင်နှင့် အလောင်း၏အကွာအဝေးကို တိုင်းတာရမည်။

(ဂ ) ကြိုးကိုမဖြတ်မီ နှုတ်ခမ်းများ သို့မဟုတ်မျက်ခွံများ ညိုမည်းခြင်း ရှိမရှိ မျက်လုံးများ ပြူးထွက်မထွက် လျှာ၏အနေအထားနှင့် တည်ရှိပုံ ခံတွင်း သို့မဟုတ် နှာခေါင်းများမှ အရည်များ ယိုထွက်မထွက်ယိုထွက်ခဲ့သော် မည်သည့်ဘက်သို့ စီးဆင်းသည် လက်သည်းများ ပြာနှမ်းခြင်းရှိမရှိ စသည်တို့ကိုလည်းမှတ်သား ရမည်။

(ဃ) အရွယ်ရောက်ပြီး အမျိုးသားဖြစ်ပါက တံဆာမှ သုတ်ထွက်ခြင်း ရှိမရှိမှတ်သားရမည်။

(င ) ကြိုးတွင် အထုံးမည်မျှရှိ၍ မည်ကဲ့သို့ထုံးထားသည်တို့ကို မှတ်သားရမည်။

(စ ) အဝတ်အထည်များသည် စုတ်ပြဲလျက်ရှိနေသည် သို့မဟုတ် ဖရိုဖရဲ ဖြစ်လျက် နေသည် သို့မဟုတ် မည်သို့ရှိနေသည်တို့ကို မှတ်သားရမည်။

(ဆ) ကြိုးကိုဖြတ်၍ အလောင်းကို ချယူသည့်အခါ လည်ပင်း၏အနေ အနေကို မှတ်သားရမည်။ အထူးသဖြင့် ညှစ်သည့်ကြိုးရာမှာ မည်သည့်ဘက်သို့လှည့်ကြောင်း ၄င်းကြိုးရာတစ်လျှောက်တွင် ပွန်းပဲ့ စုတ်ပြတ်ခြင်းရှိမရှိကို မှတ်သားရမည်။

(ဇ ) လက်မများသည် လက်ဖဝါးအတွင်းသို့ ကုပ်ဝင်မဝင် မှတ်သား ရမည်။

(ဈ ) ကြိုးဆွဲချခြင်း သို့မဟုတ် လည်မျိုကိုညှစ်သတ်သည့် ကိရိယာ များကိုယူခဲ့ရမည်။

၁၄၇၆။ ရေတွင်းရေကန် ရေအိုင် မြစ်ချောင်း ပင်လယ် (ကမ်းစပ်)များတွင် အလောင်းကို တွေ့ရှိသည့်အခါ–

(က) ရေ၏အနက်ကို တိုင်း၍မှတ်သားရမည်။

(ခ) ရေစပ်တွင် ရှန်းကန်ခြင်း ရှိမရှိကို သိသာနိုင်သည့် အထောက် အထားများ(ဥပမာ သွေးစက်အစရှိသည်)တို့ကို မှတ်သားရမည်။

(ဂ) ကိုယ်ခန္ဓာအစိတ်အပိုင်းပေါ်တွင်ချည်နှောင်ထားခြင်း ရှိမရှိ ရှိလျှင် မည်ကဲ့သို့ချည်နှောင်ထားသည်ကို မှတ်သားရမည်။

(ဃ) ကိုယ်ပေါ်တွင် (အထူးသဖြင့် ဦးခေါင်းနှင့်လည်ပင်းပေါ်တွင်)တွေ့ ရှိသော အကြမ်းဖက်မှု အမှတ်အသားများကို မှတ်သားရမည်။

(င) ပါးစပ် သို့မဟုတ် နှာခေါင်းများ၌ အမြှုပ်ရှိမရှိ မှတ်သားရမည်။

(စ) အရေပြားသည် ချောနေသည် သို့မဟုတ် ကြမ်းနေသည် (ကြက်သီးမွေးညင်းထနေခြင်း)တို့ကို မှတ်သားရမည်။

(ဆ) လက်များ ဆုပ်လျက်နေမနေ လက်ဖဝါး ခြေဖဝါးများသည်ပဲကြီး ရေစိမ်ကဲ့သို့ တွန့်နေခြင်းရှိမရှိတို့ကို မှတ်သားရမည်။ တစ်စုံ တစ်ခုကို ဆုပ်ကိုင်ထားသည်ကို တွေ့လျှင် ၎င်းအရာကို သတိနှင့်ထုတ်ယူ၍ လက်သည်းခွံကြားရှိ မြေသည် ရေအောက်ရှိ နွံမြေနှင့်တူမတူကို စစ်ဆေးကြည့်ရမည်။

၁၄၇၇။ ကွင်းပြင် တော စသည်တို့တွင် လူသေအလောင်းကိုတွေ့ရှိသည့်အခါ-

(က) တွေ့ရှိသည့်အလောင်းပုံသဏ္ဍာန်နှင့် အနေအထားကို ဓာတ်ပုံ ရိုက်ကူးခြင်း ပုံကြမ်းနှင့် စနစ်ပုံရေးဆွဲခြင်းဖြင့်မှတ်တမ်းတင်ထား ရမည်။

(ခ) အလောင်း၏ကိုယ်ပေါ်တွင် တွေ့ရှိရသည့် ဒဏ်ရာအရေအတွက် အမျိုးအစား ပုံပန်းသဏ္ဍာန်ကို မှတ်သားရမည်။

(ဂ) အလောင်း၏အနီးနှင့် အလောင်း၏ပတ်ဝန်းကျင်တွင်လက်နက် တစ်ခုခုတစ်ရာကို တွေ့ရှိရလျှင် ၎င်းလက်နက်ပေါ်ရှိ သွေးစွန်း သွေးကွက်များကို စက္ကူနှင့်ဖုံးအုပ်လျက်ချိပ်တံဆိပ်ရိုက်နှိပ်ပြီးလျှင် သိမ်းဆည်းရမည်။လက်နက်ပေါ်တွင် အမွေးအမျှင်များရှိနေပါက ၎င်းတို့ကိုလည်းမှတ်သား၍ ချိပ်ပိတ်သိမ်းဆည်းရမည်။

(ဃ) မွေးဖွားစ ကလေးပစ်ထားသည့်ကိစ္စမျိုးတွင် ချက်ကြိုး၏ အခြေအနေကိုမှတ်သားရမည်။အထူးသဖြင့်ချက်ကြိုး ချည်ထားသည် မထားသည်နှင့် အကြမ်းဖက်မှု အမှတ်သားရှိမရှိကိုမှတ်သားရမည်။

၁၄၇၈။ လူသတ်ပြီးမြှုပ်ထားသည်ဟု ယူဆရသောအမှုမျိုးတွင်-

(က) မြေမြှုပ်ထားသောအနေအထားနှင့် တူးဖော်တွေ့ရှိသည့် အနေအထား အလောင်း၏ကိုယ်ပုံသဏ္ဌာန်ကို ဓာတ်ပုံရိုက်ခြင်း၊ ပုံကြမ်းနှင့် စနစ်ပုံရေးဆွဲခြင်းများဖြင့် မှတ်တမ်းတင်ထားရမည်။

(ခ) အကြမ်းဖက်မှု အမှတ်အသားများကို အထူးသဖြင့်ဦးခေါင်းခွံနှင့် လည်ပင်းပေါ်တွင် ရှာဖွေ၍ မှတ်သားရမည်။

(ဂ) ယောကျ်ား မိန်းမ ခွဲခြားသိစေနိုင်သည့်လက္ခဏာများကိုသေချာစွာမှတ်သား၍ရည်မှုအရိုးများအထူးသဖြင့် မေးရိုးများနှင့်တင်ပါးဆုံရိုး)ကိုသိမ်းဆည်းပေးပို့ရမည်။

(ဆ) အဆိပ်ကြောင့်သေဆုံးသည်ဟု သင်္ကာမကင်းရှိလျှင်အလောင်း၏ ဝမ်းဗိုက်အပေါ်အောက်နှင့် ဆားဝဲယာရှိမြေကြီးများကိုချိပ်တံဆိပ်ရိုက်နှိပ်၍ ပေးပို့ရမည်။

၁၄၇၉။ ဥပမာ ပြင်ပဒဏ်ရာဒဏ်ချက်မရှိဘဲ လမ်းပေါ်တွင်သော်လည်းကောင်း လယ်ကွင်းထဲတွင်သော်လည်းကောင်း သေနေသည့်အလောင်းကို တွေ့ရဘိသကဲ့သို့ မည်သည့်အကြောင်းကြောင့် သေဆုံးရသည်ဆိုသည့်သဲလွန်စမရနိုင်သောအလောင်းကို တွေ့သောအခါ ဆေးဘက်ဆိုင်ရာဆရာဝန်အား အလောင်းတွေ့ရှိသည့် အဖြစ်အပျက်အကြောင်းအကုန်အစင်ပြောပြပြီး အလောင်းကို ခွဲစိတ်စစ်ဆေးရန်အကြောင်းကြားရမည်။

## လူသေအလောင်းများ စီမံရန်နှင့် စပ်လျဉ်းသည့် အရပ်ရပ်ဆိုင်ရာ နည်းလမ်းများ

၁၄၈၀။ သေမှုသေခင်းသတင်းရရှိသည့်အခါတွင်ဖြစ်စေ အလောင်းရှိရာသို့ မရောက်မီ သို့မဟုတ် ရောက်ပြီး နောက်မည်သည့်အခါတွင်ဖြစ်စေ ရဲစခန်းမှူး

သို့မဟုတ် ရဲကင်းစခန်းမှူး သို့မဟုတ် ဆိုင်ရာရဲအရာရှိသည် အလောင်းကို မြေမြှုပ်ပြီးကြောင်း သိရှိရလျှင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) အဆိုပါ သေမှုသေခင်းကို တရားဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးသည့် ရဲစခန်း သို့မဟုတ် ရဲကင်းစခန်းကြီးကြပ်အုပ်ချုပ်သူ သို့မဟုတ် ၎င်းတို့ထက် ရာထူးကြီးမြင့်သောရဲအရာရှိသည်စုံစမ်းစစ်ဆေးရန် အလို့ငှာ အလောင်းကိုတူးဖော်စေနိုင်သည်။

(ခ ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၄ အရ ဆင့်ခေါ်ထားသော သက်သေများ မလာရောက်မဖြစ်စေတရားဥပဒေနှင့် အညီစုံစမ်းစစ်ဆေးသောရဲအရာရှိသည် ရရှိသောသတင်းနှင့် ဤကဲ့သို့စုံစမ်းစစ်ဆေးရခြင်း အကြောင်းအချက်အလက်များကို ရေးမှတ်ခြင်းမပြုသေးမီဖြစ်စေ အလောင်းကို တူးဖော်ခြင်းမပြုစေရ။

(ဂ ) အလောင်းမြှုပ်သောနေရာ အနီးတွင်ဖြစ်စေ ရဲစခန်းအနီးတွင်ဖြစ်စေ သေမှုသေခင်းစစ်ဆေးပိုင်သော တရားသူကြီးရှိက ရဲအရာရှိသည် အလောင်း မြှုပ်သောနေရာကိုစောင့်ကြပ်၍ တူးဖော်ရာသို့ တရားသူကြီးသည် ချက်ချင်းလာရောက်ကြည့်ရှုမည်၊ မကြည့်ရှုမည်ကိုမေးမြန်းရမည်။ တရားသူကြီးအကြောင်းမပြန်မီတူးဖော်ခြင်းကို ဆိုင်းငံ့ထားရမည်။ ၎င်းသည် ချက်ချင်းမလာရောက်နိုင်လျှင် အထက်တွင် ပြဋ္ဌာန်းထားသည့် နည်းကာမ်းအတိုင်း ရဲအရာရှိက လိုက်နာတူးဖော်ရမည်။

(ဃ) သေမှုသေခင်းအမှုများတွင် အလောင်းကို တူးဖော်စစ်ဆေးခြင်းမပြုမီ အလောင်းသည်ဓမ္မတာအတိုင်းမဟုတ် ရုတ်တရက်သေဆုံးသည်ဟု ထင်မြင်ခြင်းခံရသောသူ၏ အလောင်းအမှန်ဖြစ်ကြောင်း ထင်ရှားစေခြင်းငှာ ရဲအရာရှိက သက်သေများကို မေးမြန်းစစ်ဆေးပြီး ၎င်းတို့၏အစစ်ခံချက်များကိုရေးမှတ်ယူထားရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ သက်သေများအား ၎င်းတို့၏အစစ်ခံချက်များကို လက်မှတ်မထိုးခိုင်းရ။

(င) အလောင်းမြှုပ်ထားခြင်းမှာ ရက်သတ္တ ၃ ပတ်ကျော်လွန်ပြီးသော အမှုတိုင်းတွင် မြို့နယ်ဆရာဝန်ကြီး၏ ထင်မြင်ချက် နှင့် မြို့နယ် အဆင့်အာဏာပိုင်၏ ခွင့်ပြုချက်မရမခြင်း အလောင်းကို တူးဖော်ခြင်းမပြုလုပ်ရ။အလောင်းတူးဖော်ရန်အမိန့်ကို တရားသူကြီးထံမှ မကြန့်ကြာဘဲ ရရှိနိုင်သော အခါတိုင်းတွင် တရားသူကြီး၏ အမိန့်ကို တောင်းခံရမည်။

(စ) ဤကိစ္စများနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၇ ကို သတိချပ်ရမည်။ သေမှုသေခင်းစုံစမ်းစစ်ဆေးခြင်းတွင် အာဏာမရှိဘဲဖြစ်စေ လိုအပ်သောသတိကင်းမဲ့၍ဖြစ်စေ ဆောင်ရွက်သော ရဲအရာရှိသည် ကြီးလေးသောအပြစ်ဒဏ် ခံရလိမ့်မည်။

၁၄၈၁။ သေမှုသေခင်းအခြင်းအရာများကို စုံစမ်းစစ်ဆေးခွင့်ရသူ ရဲအရာရှိသည် အထက်ပါနောက်ဆုံးအပိုဒ်အရ အလောင်းကိုဖော်ပြီးဖြစ်သည့်အခါ အပိုဒ်(၁၄၇၃) တွင် စီမံပါရှိသော နည်းလမ်းအတိုင်း စုံစမ်းစစ်ဆေးရမည်။

၁၄၈၂။ စုံစမ်းစစ်ဆေးပြီးနောက် ဆေးဘက်ဆိုင်ရာအရာရှိတို့က အလောင်းကို ကြည့်ရှုစစ်ဆေးခြင်းငှာ ပေးပို့ရန်မလိုလျှင် သို့မဟုတ် လိုသည့်အလောင်းဟုတ် မဟုတ်ကို ထင်ရှားအောင်ပြုလုပ်ရန်အလို့ငှာ ထားရန်မလိုလျှင် စုံစမ်းစစ်ဆေးသည့် ရဲအရာရှိက ၎င်းအလောင်းကို သေသူ၏ဆွေမျိုးညာတိများသို့ ပေးအပ်ရမည်။ အလောင်းကိုလက်ခံယူမည့်သူ ဆွေမျိုးညာတိသော်လည်းကောင်း မိတ်သင်္ဂဟ သော်လည်းကောင်းမရှိခဲ့လျှင် တင့်တယ်လျောက်ပတ်စွာ မြေမြှုပ်ခြင်း သို့မဟုတ် မီးသင်္ဂြိုဟ်ခြင်းပြုရမည်။

၁၄၈၃။ လိုရာအလောင်းဟုတ်မဟုတ်ကို ထင်ရှားအောင်ပြုလုပ်ရန် အလောင်းကို ထားရှိစေရန် အလိုရှိသည့်အခါရနိုင်သော အအေးဆုံးအခန်းတွင်ထား၍ တံခါးနှင့် ပြူတင်းပေါက်များကို ပိတ်ပြီးလျှင် အစောင့်အကြပ်လည်းထားရမည်။ အနံ့အသက်များကို ပပျောက်စေတတ်သည့် ဆေးမှုန့်များရရှိနိုင်လျှင် ၎င်းအခန်းတွင် များစွာ အသုံးပြုရမည်။

၁၄၈၄။ အလောင်းကို မပျက်စီးအောင်ထားနိုင်သည့် အချိန်ကာလအတွင်း မည်သူ့အလောင်းဖြစ်သည်ကို သိသာအောင် မပြုလုပ်နိုင်လျှင် အလောင်းကို

ဓါတ်မမှုပ်မိဖြစ်စေ မီးသဂြိုဟ်ခြင်းမပြုလုပ်မိဖြစ်စေ ဆိုင်ရာရဲအရာရှိသည် အလောင်းတွင်ပါရှိသော အမှတ်အသား ထူးခြားသည့်အချက် ချို့တဲ့သည့်အချက် သို့မဟုတ် အလောင်းကိုမှတ်မိနိုင်သည့် ခြားနားသော ပုံပန်းလက္ခဏာအရပ်ရပ်ကို ဖော်ပြ၍ ၎င်းအလောင်းပုံသဏ္ဌာန်ကို သေချာစွာမှတ်သားထားရမည်။

၁၄၈၅။ အမှုမှာ အရေးကြီးသောအမှုဖြစ်လျှင် အလောင်း၏မျက်နှာကို ဓာတ်ပုံရိုက်ကူး၍သော်လည်းကောင်း ဖယောင်းပုံနှိပ်၍သော်လည်းကောင်း ယူနိုင်သည့်အခါ ဓာတ်ပုံရိုက်ကူး၍ဖြစ်စေ ဖယောင်းပုံနှိပ်၍ဖြစ်စေယူရမည်။ ၎င်းပြင် လက် ၁၀ ချောင်းလုံး၏ လက်ပုံစံများကိုလည်း ယူပေးရမည်။

၁၄၈၆။ လူတို့၏ကျန်းမာရေးကိုထောက်၍ အလောင်းကို တစ်ခါတည်းမြေမြှုပ်ရန် သော်လည်းကောင်း မီးသဂြိုဟ်ရန်သော်လည်းကောင်း သင့်သည့်အခါ အပိုဒ် (၁၄၈၄) နှင့် (၁၄၈၅) တွင် ပြဋ္ဌာန်းသတ်မှတ်သည့်နည်းလမ်းကို လိုက်နာရမည်။

၁၄၈၇။ မည်သည့်အကြောင်းနှင့်သေဆုံးကြောင်းကို သံသယမကင်း ရှိသည့်အချက်များမှစ၍ မီးရထားဖြင့်ဖြစ်စေ စက်ယန္တရားများဖြင့်ဖြစ်စေ နင်းကြိတ်မိသော လက္ခဏာရှိသည့် လူသေအလောင်းများကို မည်သူတို့အလောင်းများဖြစ်ကြောင်း ထင်ရှားအောင်မပြုလုပ်နိုင်သည့် ကိစ္စများတွင် သေဆုံးပြီးနောက် ၂၄ နာရီအတွင်း ရောက်ရှိနိုင်လျှင် အနီးဆုံးမြို့နယ်အဆင့် ဆေးရုံများသို့ ဆေးဘက်ဆိုင်ရာအရာရှိတို့ စစ်ဆေးစမ်းသပ်နိုင်ရန် တိုက်ရိုက်ပို့ရမည်။ သေဆုံးပြီးနောက် ၂၄ နာရီအတွင်း အလောင်းကို မြို့နယ်အဆင့်ဆေးရုံ ဆေးဘက်ဆိုင်ရာအရာရှိထံသို့ ရောက်အောင်မပို့နိုင်လျှင် သို့မဟုတ် သေသောအချိန်ကို မှန်ကန်အောင်မသိသော အချက်တွင် ကန့်သတ်ထားသော ၂၄ နာရီထက်ကျော်မကျော်ကို အမှန်မသိနိုင်ခဲ့လျှင် အနီးဆုံးဖြစ်သောဆေးရုံသို့ အလောင်းကိုပို့လိုက်ရမည်။ အလောင်းများကို ဆရာဝန်ကြီးထံမပေးပို့နိုင်သည့်ကိစ္စများတွင် အလောင်းများကို စစ်ဆေးကြည့်ရှုရန် လက်ခံနိုင်သည့် အရာရှိများအဖြစ်ဖြင့် ဆေးရုံများကို ကြီးကြပ်ကြည့်ရှုရသည့် လက်ထောက်ဆရာဝန်နှင့် အခြားဆေးဘက်ဆိုင်ရာ အရာရှိတို့ကို အစိုးရက ခန့်ထားသည်။ ဝတ္တရားဖြင့် အခြားသို့သွားနေ၍သော်လည်းကောင်း သက်သေခံရန် သွားနေရ၍သော်လည်းကောင်း ထိုဆေးဘက်ဆိုင်ရာအရာရှိ တစ်ယောက်သည် မစစ်ဆေးမစမ်းသပ်နိုင်ခဲ့သော် ၎င်းဆေးဘက်ဆိုင်ရာ ဆရာဝန်ရှိသောနေရာနှင့် အနီးဆုံးဆေးရုံသို့ တစ်ပန် အလောင်းကိုပို့ရမည်။

မှတ်ချက်။ လူသတ်သူတို့က မိမိတို့၏သတ်ဖြတ်ခြင်းခံရသူတို့၏ အလောင်းများကို မီးရထားကြိတ်၍ သေဆုံးသည်ဟုထင်မြင်စေရန် အကြံအစည်နှင့် မီးရထားလမ်းတွင် ကန့်လန့်ဖြတ်၍ချထားခြင်းလည်းရှိနိုင်သည်။

၁၄၈၈။ အလောင်းကို စစ်ဆေးကြည့်ရှုရန် ဆေးဘက်ဆိုင်ရာအရာရှိတို့ထံ ပေးပို့ရာတွင် အောက်ပါနည်းလမ်းကို တတ်နိုင်သမျှ လိုက်နာရမည်–

(က) နေပူခြင်း မိုးစွတ်စိုခြင်းမှ ကာကွယ်ရန် အမိုးအကာပါသည့် ခိုင်ခံ့၍ ပေါ့ပါးသောထမ်းစင်တစ်ခုကို အသုံးပြုရမည်။

(ခ) အလောင်းတွင်ကျန်ရှိနေသည့် အဝတ်ကို အလောင်း၌ကောင်းစွာ ရစ်ပတ်၍ ထားရမည်။ အလောင်းတွင်ကျန်ရှိသော သေစေသည့် လက္ခဏာရှိသည့် လက်နက်ကိရိယာမည်သည်ကိုမဆို ထားနိုင်လျှင် အလောင်းတွင် အမြဲရှိစေရမည်။

(ဂ) အလောင်းကို ယူဆောင်သွားရန် ခရီးဝေးကွာလျှင် ထမ်းစင်တွင် မီးသွေးမှုန့်ကို ၂ လက်မခန့် ထူအောင် ခင်းရမည့်အပြင် အလောင်းကိုလည်းမီးသွေးမှုန့်နှင့်ဖုံးအုပ်၍ "ကာဘော်လစ်အက်စစ်"ခေါ်ဆေးရည်ဖြင့်ဖြစ်စေ အနံ့အသက်မထွက်ရန်အခြားဆေးဖြင့်ဖြစ်စေ ပက်ဖျန်းရမည်။ မီးသွေးမှုန့်ကိုမရနိုင်လျှင် မီးကျွမ်းသည့်ပွဲသည် မီးသွေးကဲ့သို့ အလွန်ကောင်းသည့်အပြင် ၃ နာရီအတွင်းတွင် မီးမြှိုက်၍ရနိုင်သည်။ မီးမြှိုက်ရန်အချိန်မရှိလျှင် သွေ့ခြောက်သောဖွဲ လွှစာ သို့မဟုတ်ဆန်ကာချသော မြေမှုန့်ကို အသုံးပြုနိုင်သည်။

(ဃ) လမ်းခရီးတစ်လျှောက်ရှိ ရဲတပ်ဖွဲ့ဝင်တို့မှာ အလောင်းကိုလျင်မြန်နိုင်သမျှ လျင်မြန်ရန် ထမ်းပိုးမည့်သူ ရအောင်ကူညီကြရမည်။

(င) စုံစမ်းစစ်ဆေးရာတွင် ရှိနေသော ရဲတပ်ဖွဲ့ဝင် ၂ ယောက်မှာ အလောင်းနှင့်အတူ လိုက်ပါမြဲဖြစ်၍ ၎င်းတို့အပို့ အလိုရှိလျှင် သင့်ရာ လုည်း လှေ စသည်များကိုပေးရမည်။ ၎င်းအရာရှိ ၂ ယောက်မှာ ဆေးဘက်ဆိုင်ရာအရာရှိက အလောင်းကို ကြည့်ရှုစစ်ဆေးပြီးသည့်တိုင်အောင် အလောင်း၏အနီးတွင် ရှိနေကြရမည်။

(စ ) လိုရာအရပ်သို့ အလောင်းဆိုက်ရောက်သည့်အခါအလောင်းထား ရန် ရုံရှိလျှင် ၎င်းရုံတွင်ချက်ချင်းသွင်း၍ အစောင့်ရှောက်ထားပြီး နောက် ဆေးဘက်ဆိုင်ရာအရာရှိထံ လျှင်မြန်နိုင်သမျှ လျှင်မြန်စွာ အကြောင်းကြားစာပေးပို့ရမည်။ဤကဲ့သို့ပေးပို့သည်နှင့်တစ်ပြိုင် နက် မည်သည့်အကြောင်းနှင့်သေဆုံးကြောင်းသိရှိသမျှ သတင်း စကားများကိုလည်း ဆေးဘက်ဆိုင်ရာအရာရှိထံပြောကြားရမည်။

(ဆ) ဆိုခဲ့သည့်အတိုင်း အကြောင်းကြားစာများကို စစ်ဆေးကြည့်ရှုရာ အရပ်ရှိ ရာထူးကြီးမြင့်သူ ရဲအရာရှိထံမှတစ်ဆင့်ပြု၍ ပေးပို့ရ မည်။ ၎င်းရာထူးကြီးမြင့်သူ ရဲအရာရှိကလည်း (ပြစ်မှု ၃၈/ ရဲ၇၅) ပုံစံနှင့်အမှာစာတစ်စောင်ရေးသား၍ ဆေးဘက်ဆိုင်ရာ အရာရှိထံ ပေးပို့ရမည်။

(ဇ ) အလောင်းထားရာရုံတွင် အလောင်းကို သွင်းထားပြီးနောက် အလောင်း၏အစိတ်အပိုင်း အစအနများကို ဓာတုဗေဒ စစ်ဆေး ရေးဌာနသို့ ပေးပို့ရန်ဖြစ်စေ အဆုံးသတ်မြေမြှုပ်/ မီးသင်္ဂြိုဟ်ရန် ဖြစ်စေ အလောင်းကို စီမံခန့်ခွဲခြင်းမှာ ရဲတပ်ဖွဲ့ဝင်တို့နှင့် တစ်စုံ တစ်ရာသက်ဆိုင်ခြင်းမရှိစေရ။

(ဈ ) အမှုကို ကြီးကြပ်စစ်ဆေးရသည့်ရဲအရာရှိမှာမည်သည့်အကြောင်း နှင့်သေဆုံးကြောင်းကို လျှင်မြန်စွာ သိသာနိုင်ရန် ဆေးဘက်ဆိုင် ရာအရာရှိ စစ်ဆေးကြည့်ရှုရာနေရာသို့ သွားရောက်နိုင်လျှင် သွားရောက်ရှိနေရမည်။ ကိုယ်တိုင်မသွားရောက်နိုင်လျှင် အတွေ့ အကြုံရှိသော လက်အောက်အရာရှိတစ်ယောက်ကို ခန့်အပ် စေလွှတ်ရမည်။

၁၄၈၉။ မည်သည့်အကြောင်းကြောင့်သေသည်ကို သက်သေခံနိုင်ရန်အတွက်ဖြစ် စေ ဆေးဘက်ဆိုင်ရာ ခွဲစိတ်၍ စမ်းသပ်စစ်ဆေးကြည့်ရှုရန်အတွက်ဖြစ်စေ ကြည့်ရှု စစ်ဆေးစမ်းသပ်ရန် ဆေးရုံသို့ ရဲတပ်ဖွဲ့ဝင်တို့ယူဆောင်လာသော အလောင်းများကို အကယ်၍ အဆွေခင်ပွန်း ဆွေမျိုးဉာတိတို့က လာရောက် ယူဆောင်ခြင်းမရှိခဲ့သော် ဆေးရုံအရာရှိတို့သည် မြေမြှုပ်ခြင်း သို့မဟုတ် မီးသင်္ဂြိုဟ်ခြင်းများကို ပြုလုပ် လိမ့်မည်။ အကယ်၍ ခွဲစိတ်စမ်းသပ်စစ်ဆေးကြည့်ရှု ခြင်းပြုလုပ်ပြီးနောက်

ဖမ်းမြှုပ်ခြင်း သို့မဟုတ် မီးသင်္ဂြိုဟ်ခြင်းများအတွက်ကုန်ကျသော စရိတ်စက ငွေကြေးကို အထက်ကကဲ့သို့ပင် ဆေးဘက်ဆိုင်ရာအရာရှိတို့က ပေးလိမ့်မည်။ ဆေးရုံသို့ယူဆောင်လာရာ ကုန်ကျသည့်စရိတ်မှစ၍ မပုပ်မနံစေရန် အသုံးပြုသည့်မီးသွေး အနံ့အသက်မထွက်ရအောင်ပြုလုပ်သည့်အရာ စသည်များ အတွက် ကုန်ကျသော အခြားစရိတ်များကို ဆိုင်ရာရဲစခန်းက ကျခံရမည်။ ယူဆောင် သယ်ပိုးရာ၌ သာမန်ယူဆောင်သယ်ပိုးသည့်နည်းဖြင့်သာ ယူဆောင်ရမည် ဖြင့် ငှားရမ်းခြင်းအတွက် ပေးရမည့်စရိတ်ငွေကြေးများမှာလည်း "ခွင့်ပြုမိန့်" တွင် ဖော်ပြထားရှိသည့် နှုန်းအတိုင်း သော်လည်းကောင်း ဒေသန္တရဆိုင်ရာ ထုံးတမ်း စဉ်လာနှုန်းအတိုင်းသော်လည်းကောင်း ပေးရမည်။ ရဲတပ်ဖွဲ့မှ အမိန့်တစ်စုံ တစ်ရာမရဘဲ ဆွေမျိုးဉာတိမိတ်သင်္ဂဟတို့က ရဲစခန်းသို့ဖြစ်စေ ဆေးရုံသို့ဖြစ်စေ အလောင်းကိုယူဆောင်လာခဲ့လျှင် ဤကဲ့သို့ယူဆောင်ခဲ့၍ ကုန်ကျသည့်စရိတ်ငွေ ကြေးကို ကျခံခြင်းမရှိစေရ။ အလောင်းများကိုခွဲစိတ်၍ စစ်ဆေးစမ်းသပ်ခြင်းမပြု လုပ်လျှင် ဖမ်းမြှုပ်ခြင်း သို့မဟုတ် မီးသင်္ဂြိုဟ်ခြင်းစသော ဆေးရုံမှကုန်ကျသည့် စရိတ်ကို ဆိုင်ရာရဲစခန်းကပေးရမည်။ ဆေးရုံအလောင်းထားရန်ရုံအတွင်းတွင် မဟုတ်ဘဲ အခြားနေရာတွင် ကြည့်ရှုစစ်ဆေးသည့်အလောင်းများကို ဆေးဘက်ဆိုင် ရာအရာရှိများ၏ အမိန့်အတိုင်း မြေမြှုပ်ခြင်းသို့မဟုတ် မီးသင်္ဂြိုဟ်ခြင်း ပြုရမည်။ ကုန်ကျသောစရိတ်ငွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးရမည်။

၁၄၉၀။ အလောင်းများကို မီးရထားနှင့်တင်ပို့ရန်လိုသည့်အခါ လိုရာနေရာများ ကို ရရန်အလို့ငှာ ဆိုင်ရာရဲအရာရှိက အနီးဆုံးအရပ်ရှိ မီးရထားဘူတာရုံဆိုင်ရာ ရုံပိုင်ထံစာရေး၍ တောင်းဆိုရမည်။ မီးရထားမှာ လူစီးမီးရထားဖြစ်စေ လူစီးကုန် တင်မီးရထားဖြစ်စေ ကုန်ရထားဖြစ်စေ ပထမထွက်သည့် မီးရထားနှင့် အလောင်းကို တင်ပို့ရမည်။ သို့သော်လည်း ၎င်းအလောင်းကို အဝတ်ဖြင့် လုံခြုံစွာဖုံးအုပ်၍ အပိုဒ်(၁၄၈၈)တွင် သတ်မှတ်ဖော်ပြပါရှိသော နည်းလမ်းအတိုင်း ကာကွယ်လျက် ရှိရမည့်အပြင် နံစော်ခြင်း သို့မဟုတ် မည်သည့်နည်းနှင့်မဆို အနှောင့်အယှက်ဖြစ် ခြင်း စသော လက္ခဏာများလည်းမရှိစေရ။ မီးရထားဖြင့် တင်ပို့သည့် အလောင်း များနှင့် ကြပ်မတ်လိုက်ပါသည့် ရဲတပ်ဖွဲ့ဝင်တို့မှာ ၎င်းတို့စီးနင်းလိုက်ပါခွင့်ရသည့် မီးရထားရိုးရိုးတန်းအခများကို ပေးကြရမည်။ မထွက်ခွာမီလည်း အမိန့်အတိုင်း အလောင်းကို နေရာတကျ ဖုံးအုပ်ကာကွယ်ပြီးကြောင်း သက်သေခံလက်မှတ် တစ်ဆောင်ကို မီးရထားရုံပိုင်သို့ပေးအပ်ရမည်။

## အရပ်ရပ်ညွှန်ကြားချက်များ

၁၄၉၁။ အလောင်းများကိုပေးပို့သည့်အခါ ဆေးဘက်ဆိုင်ရာအရာရှိ စစ်ဆေးကြည့်ရှုရန် ဝတ္ထုပစ္စည်းများကို အလောင်းနှင့်အတူ ကြပ်မတ်ပို့ဆောင်သူ ရဲတပ်ဖွဲ့ဝင်နှင့်ပေးပို့ရမည်။ အလောင်းကိုမပေးပို့သည့်အခါ အဆောင့်အကြပ်အပြောင်းအလဲမရှိစေဘဲ ဆေးဘက်ဆိုင်ရာအရာရှိထံသို့ တိုက်ရိုက်ယူဆောင်သွားမည့် အထူးပို့ဆောင်သူတို့နှင့် ပေးပို့ရမည်။

၁၄၉၂။ သွေးစွန်းသော လက်နက်ဝတ္ထုပစ္စည်းသို့မဟုတ် အဝတ်အထည်များကို တံဆိပ်ရိုက်နှိပ်၍ ထုပ်ပိုးပြီးလျှင် ချိပ်တံဆိပ်ခတ်နှိပ်ရမည်။

၁၄၉၃။ သွေးစွန်း၊ သွေးကွက်၊ သွေးစက်များ သို့မဟုတ် သွေးဟုယူဆသော အစွန်းအစက်များကို ဘိလပ်မြေသို့မဟုတ် အိမ်အခင်းကြမ်းပြင်ကဲ့သို့ မာကျောသော မျက်နှာပြင်ပေါ်၌ တွေ့ရှိသောအခါ ဓာတုဗေဒစစ်ဆေးရေးဌာနမှ စမ်းသပ်စစ်ဆေးနိုင်ရန် သွေးစသွေးနများကို မူလအတိုင်း ပျက်စီးချို့ယွင်းခြင်း မရှိစေဘဲ တွေ့ရှိသောဘိလပ်မြေသို့မဟုတ် အိမ်အခင်းကြမ်းပြင်များ၏ အစိတ်အပိုင်းများကို ရရှိစေရန် အမှုစုံစမ်းသူအရာရှိက ကြိုးစားအားထုတ် ပြုလုပ်ရမည်။ အစွန်းအစက်များတွေ့ရှိသော မျက်နှာပြင်ကို မည်သည့်အကြောင်းနှင့်မျှ ပွတ်တိုက်ခြင်း သို့မဟုတ် စုတ်ခြစ်ထိုင်းမှိုင်းပျောက်ပျက်အောင် မပြုလုပ်ရချေ။ သွေးများစွန်းပေနေသည်ဟု သင်္ကာမကင်းသော ပစ္စည်းများကို စမ်းသပ်စစ်ဆေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒစစ်ဆေးရေးဌာနသို့ ပို့ရမည်။ နောက်ဆက်တွဲ(ခ-၃၄) တွင် ဖော်ပြထားသည့် နည်းလမ်းများကို ဓာတုဗေဒ စစ်ဆေးရေးဌာနသို့ ပစ္စည်းများတင်ပို့သောအခါ လိုက်နာဆောင်ရွက်ရမည့်အပြင် အမှုအကြောင်းအရာ အတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့်တကွ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မပါဝင်သည့် ဓာတုဗေဒ စစ်ဆေးရေးဌာနအား အကျိုးရှိရန် လက္ခဏာရှိသည့် သတင်းစကားအရပ်ရပ်ကို ပုံစံအမှတ် (ပြစ်မှု ၉၇) တွင်ရေးသားပြီးပေးပို့ရန် အမှုစုံစမ်းစစ်ဆေးသူအရာရှိက အထူးအလေးဂရုပြုရမည်။ မူရင်းစာကို စာတိုက်ကသော်လည်းကောင်း လူလွှတ်၍ သော်လည်းကောင်း သီးခြားစာအိတ်ဖြင့်ပေးပို့၍ မူရင်းခွဲစာကို အထုပ်ထဲတွင် တစ်ပါတည်း ထည့်ရမည်။

၁၄၉၄။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၄ အရ ပြဌာန်းသတ်မှတ်သည့် အစီရင်ခံစာကို (ပြစ်မှု ၃၉/ ရဲ၇၆)ပုံစံအတိုင်း ရေးသားရမည်။ (အပိုဒ်(၁၄၇၃)

အပိုဒ်ခွဲ(င) နှင့် (ဈ) တို့အရပါရှိသော} သေဆုံးရာရပ်ကွက်မြေပုံမှစ၍ အဝတ်အထည်စသည်များစာရင်းနှင့် ဆေးဘက်ဆိုင်ရာ အရာရှိတို့စမ်းသပ်စစ်ဆေးကြည့်ရှုရန် အလောင်း သို့မဟုတ် အရာဝတ္ထုများကို ပေးပို့သည့်အခါ အလောင်း၌ပါရှိသည့် ပစ္စည်းစာရင်းများကို ဆိုခဲ့သည့်အစီရင်ခံစာနှင့် ထည့်သွင်းပါရှိစေရမည်။ အပိုဒ်(၁၄၇၃)မှ (၁၄၇၈)ထိပေးပို့ရန်ညွှန်ပြထားသည့် ဝတ္ထုများကို ဆိုခဲ့သည့်စာရင်းတွင် ထည့်သွင်းရမည်။ ဆိုခဲ့သည့်အစီရင်ခံစာကို ပူးတွဲပါရှိသော စာတမ်းစသည်များနှင့်တကွ ရဲစခန်းသို့မဟုတ် ရဲကင်းစခန်းများကို ကြီးကြပ်အုပ်ချုပ်ရသူအရာရှိက မြို့နယ်ရဲတပ်ဖွဲ့မှူးထံပေးပို့ရမည်။ ၎င်းမြို့နယ်ရဲတပ်ဖွဲ့မှူးက ၎င်းအစီရင်ခံစာကို မြို့နယ်တရားရုံးသို့တင်ပို့ရမည်။ ၎င်းအစီရင်ခံစာမိတ္တူတစ်စောင်ကို သက်ဆိုင်ရာရဲစခန်းတွင် တရားရုံးပြီးပြတ်ချက်နှင့်အတူ သိမ်းဆည်းထားရမည်။

၁၄၉၅။ သေမှုသေခင်းအခြင်းအရာများကို စုံစမ်းစစ်ဆေးခွင့်အာဏာရ တရားသူကြီးတစ်ဦးဦးသည် ရဲအရာရှိတို့စုံစမ်းစစ်ဆေးဆဲတွင် ဖြစ်ပွားရာအရပ်သို့ဆိုက်ရောက်လာ၍ သေမှုသေခင်း အခြင်းအရာများကို စုံစမ်းစစ်ဆေးမည်ဟု ဆုံးဖြတ်ကြောင်းနှင့်ပြောကြားလျှင် ရဲစခန်းမှူး သို့မဟုတ် ရဲကင်းစခန်းမှူးမှာ မိမိစုံစမ်းစစ်ဆေးဆဲအမှုကို ချက်ချင်းပိတ်ပြီးလျှင် ဤကဲ့သို့အမှုပိတ်ခြင်းအကြောင်းကို မှတ်သားထားရမည်။ ယခုကိစ္စမျိုးတွင် အစီရင်ခံစာကို ရပ်ကွက်/ကျေးရွာလူကြီးတို့ကလည်း လက်မှတ်ထိုးရန် မလိုသည့်အပြင် အထက်အရာရှိတို့ထံသို့ တင်သွင်းရန်လည်း မလိုချေ။ ဆိုင်ရာ ရဲစခန်းတွင်သာ ဖိုင်တွဲထားရမည်။

၁၄၉၆။ တရားသူကြီးထံ ပေးပို့သည့် အစီရင်ခံစာများကို နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ တိုက်ရိုက်ပေးပို့ရမည်။

၁၄၉၇။ ရဲအရာရှိသည် စုံစမ်းစစ်ဆေးခြင်းပြီးသည့်အခါ စုံစမ်းစစ်ဆေးရာတွင် သိမ်းယူထားသော်လည်း တရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်နိုင်ရန် အလိုမရှိသည့် ဝတ္ထုပစ္စည်းအရပ်ရပ်ကို သက်ဆိုင်သူတို့ထံသို့ ပြန်လည်ပေးအပ်ရမည်။ ပစ္စည်းလက်ခံ ရရှိကြောင်း ဝန်ခံချက်ပြေစာကို ရဲအရာရှိတို့သည် ဖမ်းဆီးရမိခြင်း သို့မဟုတ် သိမ်းယူသည့် ဝတ္ထုပစ္စည်းများနှင့် ပိုင်ရှင်မပေါ်သော ပစ္စည်းများ မှတ်ပုံတင်ဇယားကွက်( ၁၁ )တွင်ရေးသားမှတ်ယူရမည်။ {ရဲစခန်းမှတ်ပုံတင် (၃၂) ပုံစံ( ပြစ်မှု ၂၇ / ရဲ ၅၉ )}

၁၄၉၈။ အမှုစုံစမ်းစစ်ဆေးသူရဲအရာရှိတို့မှာ ဓာတုဗေဒစစ်ဆေးရေးဌာနသို့ မိမိတို့စမ်းသပ်စစ်ဆေးရန် တင်ပို့သော ပစ္စည်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရဲစခန်းမှူး၏ ကြပ်ကဲမှုဖြင့် တိုက်ရိုက်စာပေးစာယူ ပြုလုပ်ရမည်။

၁၄၉၉။ လူအများ အဆိပ်စားသုံးမိ၍ သေဆုံးမှု သို့မဟုတ် ဖြစ်မှုမကောင်းသည့် အဆိပ်ခတ်မှု သို့မဟုတ် ထိုသို့အဆိပ်ခတ်သည်ဟု သင်္ကာမကင်းရန်ရှိသည့် အမှုများတွင် အူ၊ အသည်း၊ ဝမ်းဗိုက်မှထွက်သည့်အရာ သို့မဟုတ် ဆေးရုံတွင် စုဆောင်းရရှိသည့်အန်ဖတ်တို့မှတစ်ပါးအခြားသက်သေခံပစ္စည်းများကိုအမှုစစ်ဆေးသူရဲအရာရှိက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒစစ်ဆေးရေးဌာနသို့ တိုက်ရိုက်ပေးပို့ရမည်။ အဆိုပါပစ္စည်းများကိုဆရာဝန်ကြီး သို့မဟုတ် တရားသူကြီးတို့မှ တစ်ဆင့်သော်လည်းကောင်း ထိုအရာရှိများ၏ ညွှန်ကြားချက်အရသော်လည်းကောင်း ပေးပို့ခြင်းပြုရ။

၁၅၀၀။ အပိုဒ် (၁၄၇၃) မှ (၁၄၇၈)၊ (၁၄၈၈)၊ (၁၄၉၁)(၁၄၉၄)နှင့် (၁၄၉၅) များတွင် ရုတ်တရက်သော်လည်းကောင်း၊ မွေတာအတိုင်းမဟုတ်ဘဲသော်လည်းကောင်း လူသေဆုံးသည့်အမှုများကို ရဲတပ်ဖွဲ့ဝင်တို့က စုံစမ်းစစ်ဆေးရန် ပြဋ္ဌာန်းသတ်မှတ်လျက်ပါရှိသည့် နည်းလမ်းများသည် လူသေဆုံးခြင်းမရှိသော်လည်း အဆိပ်ခတ်ကြောင်း သင်္ကာမကင်းရန် ရှိသည့်အမှုများနှင့် ထို့ပြင် လူကိုသတ်ဖြတ်ရန်သော်လည်းကောင်း အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း ကြံစည်အားထုတ်သည့် အမှုများနှင့်လည်း သက်ဆိုင်သည်။ အပိုဒ်(၁၄၇၄)တွင် ဖော်ပြပါရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးထံ တင်ပို့ရန်လိုသည့် ပစ္စည်းအရပ်ရပ်ကို စုံစမ်းစစ်ဆေးသူ ရဲအရာရှိသည် သေချာစွာ အထုပ်သေးသေးသော်လည်းကောင်း ပါဆယ်ထုပ်သော်လည်းကောင်း ပြုလုပ်ပြီး မိမိကိုယ်တိုင် ချိပ်တံဆိပ်ခတ်နှိပ်၍ ၎င်းအထုပ်ပေါ်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး တင်ပို့ရမည်။ ၎င်းအရာရှိက မိမိ၏ လက်အောက်အရာရှိအား ၎င်းအလုပ်ကို လုပ်ခိုင်းသော် (ထိုသို့လုပ်ခိုင်းခြင်းမှာလည်း နည်းနိုင်သမျှ နည်းစေရမည်) ၎င်းလက်အောက်အရာရှိအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၀ အရ ပစ္စည်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒစစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးထံသို့ ပို့ကြောင်း ထင်ရှားသိသာရန် သက်သေအဖြစ် ခေါ်ရမည်။ တစ်မြို့တစ်ရပ်တည်းမှ ဓာတုဗေဒစစ်ဆေးရေးဌာနသို့ ပို့သောပစ္စည်းများကို ထုပ်ပြီးလျှင် ချိပ်တံဆိပ်ခတ်နှိပ်ပြီး စုံစမ်းစစ်ဆေးသူ၏ လက်မှတ်ရေးထိုးပြီးသော် မြို့တွင်းချောစာအုပ်တွင် ရေးသွင်း၍

လူဖြင့်စေလွှတ်ရမည်။ ရပ်ဝေးရဲစခန်းများမှ ပေးပို့လိုသောအခါ ငှင်းနည်းတူ ထုပ်ပိုး၍ ချိပ်တံဆိပ်ခတ်နှိပ်ပြီး လက်မှတ်ရေးထိုးပြီးသော် အပိုဒ်(၁၄၉၃)တွင် ပြဋ္ဌာန်းသတ်မှတ်ထားချက်များအရ စာတိုက်မှ အထုပ်ကို မှတ်ပုံတင်ခြင်းဖြင့် ပေးပို့နိုင်သည်။ အရေးကြီးသောအမှုများတွင် လိုအပ်ပါက ဆက်သားဖြင့် စေလွှတ်ပေးပို့ရမည်။

၁၅၀၁။ ဓာတုဗေဒစစ်ဆေးရေးဌာနသို့ တင်ပို့သော သက်သေခံပစ္စည်းများအတွက် ထုတ်ပိုးခ၊ စာတိုက်ခ သို့မဟုတ် ဆောင်ကြဉ်းခများကို တင်ပို့သည့်ရဲအရာရှိက ပေးဆောင်ရမည်။ ငွေငွေများကို ရဲစခန်းရှိ အစိုးရအလုပ်ဝတ္တရားအတွက်ထုတ်ပေးသောငွေမှပေးရမည်။

၁၅၀၂။ ရဲအရာရှိတို့က တင်သွင်းသောအစီရင်ခံစာများမှာ ပြည့်စုံ၍ ရှင်းလင်းတိကျပြီး ဦးစီးတာဝန်အတိုင်းရေးသားအစီရင်ခံရမည်။

၁၅၀၃။ မီးရထားနှင့်မတော်တဆ ထိခိုက်၍သေဆုံးသည့် အမှုများနှင့်သက်ဆိုင်သောအစီရင်ခံစာလက်ခံတစ်စောင်ကို ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်သွင်းသည့်အခါ မိတ္တူကို ရထားရဲတပ်ဖွဲ့မှူးထံပေးပို့ရမည်။

## မတော်တဆထိခိုက်သေဆုံးသူတို့နှင့် မိမိကိုယ်ကို မိမိသတ်၍ သေသူတို့ဆိုင်ရာ ဖိုင်တွဲများမှတ်ပုံတင်၊ မှတ်ပုံတင်(၂၈)

၁၅၀၄။ (လူသေအလောင်းကိုတွေ့ရှိကြောင်း သို့မဟုတ် ဓမ္မတာအတိုင်းမဟုတ်ဘဲသော်လည်းကောင်း ရုတ်တရက်သော်လည်းကောင်းသေဆုံးကြောင်းပထမအစီရင်ခံချက်)ပုံစံအမှတ် {ပြစ်မှု(၃၇)/ ရဲ(၇၄)}(ဆေးဌာနမှစစ်ဆေးစမ်းသပ်ရန် အစီရင်ခံချက်) ပုံစံအမှတ် {ပြစ်မှု(၃၈)/ ရဲ(၇၅)}နှင့် (သေဆုံးကြောင်းနောက်ဆုံးအစီရင်ခံချက်) ပုံစံအမှတ် {ပြစ်မှု(၃၉)/ ရဲ(၇၆)}များ၏လက်ခံမိတ္တူကို ရဲစခန်းတွင်ဖိုင်တွဲထားရမည်။ အထက်ပါသုံးခုတစ်စုံတိုင်း၌ အမှတ်စဉ်တပ်ရမည်။နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့မှစ၍ အမှတ်စဉ်သစ်များပေးရမည်။ "ပထမအစီရင်ခံချက်"နှင့် "နောက်ဆုံးအစီရင်ခံချက်"တွင်ရှိရမည့် အမှတ်စဉ်အတိုင်း ထပ်တူပင်ဖြစ်သည်။ သေမှုသေခင်းနောက်ဆုံးစစ်ဆေးချက်အစီရင်ခံစာကို {ပြစ်မှု(၃၉)/ ရဲ(၇၆)}ပုံစံတွင် နှစ်စောင်ရေးသား၍ မူရင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့် သက်ဆိုင်ရာ တရားသူကြီးထံသို့ ပေးပို့ရမည်။ တရားသူကြီးထံမှတစ်ဆင့် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးရုံးများသို့ ဆက်လက်၍ ပေးပို့လိမ့်မည်။

## အခန်း (၆၁)

## တရားခံပြေးများအကြောင်း

ပြစ်မှုကျူးလွန်ထွက်ပြေးတိမ်းရှောင်နေသူ တရားခံပြေးတို့၏ မှတ်ပုံတင်၊ မှတ်ပုံတင် (၂၉)

၁၅၁၅။ တရားခံပြေး။ ဤမှတ်ပုံတင်အတွက် ပုံစံများမှာ (ပြစ်မှု ၂၈-ခ) နှင့် (ပြစ်မှု ၂၈/ရဲ ၆၂) ပုံစံများဖြစ်သည်။ ပြစ်မှုကျူးလွန်ထွက်ပြေး တိမ်းရှောင်နေသူကို တရားခံပြေးဟု ဆိုလိုသည်။ တရားခံပြေးကို အောက်ပါအတိုင်း ၄ မျိုး ခွဲခြားထားသည် -

(က) (က) ဖိုင်။ မိမိရဲစခန်းမှ အလိုရှိ၍ ပြစ်မှုပြန်တမ်းတွင် ကြော်ငြာခြင်းခံရသည့် တရားခံပြေးများ။

(ခ) (ခ) ဖိုင်။ အခြားရဲစခန်းများမှ အလိုရှိ၍ ပြစ်မှုပြန်တမ်းတွင် ကြော်ငြာခြင်းခံရသည့် တရားခံပြေးများ။

(ဂ) (ဂ) ဖိုင်။ မိမိရဲစခန်းမှ အလိုရှိ၍ ပြစ်မှုပြန်တမ်းတွင် ကြော်ငြာခြင်းမခံရသည့် တရားခံပြေးများ။

(ဃ) (ဃ) ဖိုင်။ အခြားရဲစခန်းများမှ အလိုရှိ၍ ပြစ်မှုပြန်တမ်းတွင် ကြော်ငြာခြင်းမခံရသည့် တရားခံပြေးများ။

မှတ်ချက်။ အထက်ပါ တရားခံပြေးတစ်မျိုးတွင် နောက်ဆက်တွဲ (က-၄၁)ပါ (ပြစ်မှု ၂၈-ခ)ပုံစံဖြင့် မာတိကာဖိုင် တစ်ခုစီ ဖွင့်ထားရမည်။

၁၅၁၆။ တရားခံပြေးပုံစံ (ပြစ်မှု ၂၈/ရဲ ၆၂)ကို ရေးသွင်းရာ၌ အမှု စုံစမ်းစစ်ဆေးသောအရာရှိ သို့မဟုတ် အခြားသက်ဆိုင်သည့် အရာရှိသည် အမှုနေ့စဉ်မှတ်တမ်းနှင့် အခြားအမှုနှင့်ပတ်သက်သည့် စာတမ်းများမှ တရားခံပြေးနှင့် ပတ်သက်သည့် အကြောင်းအရာ အလုံးစုံနှင့် သဲလွန်စများကို ရေးသွင်းရမည်။ ၎င်းပြင်ပုံစံတွင် လိုအပ်ပါက ထပ်မံထည့်သွင်းရန်၊ တရားခံပြေးကို ဖမ်းဆီးရေး

အတွက် မည်ကဲ့သို့ဆောင်ရွက်ရန်၊ တရားခံပြေးပုံစံများကို မည်သည့် ရဲစခန်းများသို့ပေးပို့ရန် အစရှိသော အမိန့်များကို တရားခံပြေး ပုံစံနောက်ပိုင်းတွင်ပါသော အမိန့်စာရွက် (Order Sheet)ပေါ်တွင် အမိန့်ချမှတ် ပြီးလျှင် တရားခံပြေးဖမ်းဆီးသည့်အဖွဲ့ သို့မဟုတ် ၎င်းအဖွဲ့မရှိလျှင် နယ်ထိန်းအဖွဲ့သို့ ဤတာဝန်လွှဲအပ်ရမည်။ တရားခံပြေး တစ်ဦးစီအတွက် (ပြစ်မှု ၂၈) ပုံစံနှင့် ၎င်းနှင့်သက်ဆိုင်သည့် အခြားစာရွက်စာတမ်းအားလုံးကို ပူးတွဲ၍ ကိုယ်ရေးဖိုင်ထားရမည်။ အထက်တွင် ဖော်ပြထားသော အမိန့်စာရွက် (Order Sheet) တွင် ချမှတ်ထားသော အမိန့်ညွှန်ကြားချက်အတိုင်း သက်ဆိုင်သည့် ရဲအရာရှိက မည်ကဲ့သို့ အရေးယူဆောင်ရွက်ပြီးစီးကြောင်းကို အစီရင်ခံစာ စာရွက် (Report Sheet)ပေါ်တွင် အတိုချုပ်ရေးသားစေရမည်။ တရားခံပြေးနှင့် သက်ဆိုင်သည့် အခြားစာရွက် စာတမ်းများ(ဓါတ်ပုံရှိလျှင်) ဓါတ်ပုံကိုပါ ဤဖိုင်တွဲတွင် တွဲထားရမည်။ (က)နှင့်(ခ) အမျိုးအစား တရားခံပြေး ကိုယ်ရေးဖိုင်ကို တရားခံပြေးအား ပြန်မမိမချင်း သို့မဟုတ် ၎င်း၏ အမည်ကို ပယ်ဖျက်ကြောင်း ပြစ်မှုပြန်တမ်းတွင် မကြေညာမချင်း သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူးက တရားခံပြေးဖိုင်ကို ပိတ်ရန်အမိန့်မချမှတ်မချင်း ဆက်လက်၍ ဖွင့်ထားရမည်။ (အကြမ်းသဘောအားဖြင့်) ခရိုင်ရဲတပ်ဖွဲ့မှူးသည် တရားခံပြေးဖိုင်တွဲများကို ၁၅ နှစ်တိုင် ဖွင့်ထားနိုင်သည်။ ထို့နောက် တရားခံပြေး သေဆုံးကြောင်း တိကျသေချာသော သတင်းမရမချင်း ရဲစခန်းရှိ အမှုတွဲများထားသောစင်သို့ ပြောင်းရွှေ့ပြီးထားရမည်။ တရားခံပြေးသေသည်ဟု ယူဆနိုင်ရန် သတင်းရရှိသောအခါ သို့မဟုတ် ထိုယူဆချက်ကို အတည်ပြုနိုင်သည့် သတင်းရရှိသောအခါတွင် တရားခံပြေးကိုယ်ရေးဖိုင် ဖျက်သိမ်း၍ မာတိကာဖိုင်ဇယား (၆)တွင် ဖျက်သိမ်းကြောင်း အတိုကောက် ရေးသားရမည်။ (ဂ)နှင့်(ဃ) အမျိုးအစား တရားခံပြေး ကိုယ်ရေးဖိုင်ကို ခရိုင်ရဲတပ်ဖွဲ့မှူးက ပိတ်ရန်အမိန့်မပေးမချင်း ၂ နှစ်ထားနိုင်သည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက ၂ နှစ်ကျော်လွန်ထားရန် အကြောင်းရှိလျှင် ၎င်းဖိုင်တွင် ထိုအကြောင်းကို ရေးသား၍ အမိန့်ချမှတ်

လိမ့်မည်။ ထိုအခါ မည်သည့်အချိန်ထိ ပို့၍ထားကြောင်း တရားခံပြေးစာရင်း ပေးပို့ထားသော ရဲစခန်းများသို့ အကြောင်းကြားရမည်။ ထိုပို့ထားသော အချိန်စေ့ကုန်သောအခါ တရားခံပြေးကို ဆက်လက်ရှာဖွေရန် အကျိုးမဖြစ်လျှင် တရားခံပြေးဖိုင်ကို အမှုတွဲများထားသောစင်သို့ ရွှေ့ပြောင်းပြီး (က)နှင့်(ခ) တရားခံပြေးဖိုင်နှင့် ပတ်သက်၍ ဆောင်ရွက်သကဲ့သို့ ဆက်လက်ဆောင်ရွက် ရမည်။ ဤအကြောင်း အတိုကောက်ကို မာတိကာဇယား (၆)တွင် ရေးသား ရမည်။

၁၅၀၇။ ဆိုခဲ့သည့် "တရားခံပြေးစာရင်း" များပေးဝေရာတွင် လိုရင်း အချက်မှာ လျင်မြန်စွာ ပေးဝေရန်ဖြစ်သည်။ ထွက်ပြေးတိမ်းရှောင်လျက်ရှိနေ သည့် ပြစ်မှုကျူးလွန်သူ တစ်စုံတစ်ယောက်၏ အမည်၊ ပုံသဏ္ဌာန် (ရုပ်ပုံ) အကြောင်းအရာများ စာရင်းကို ပေးဝေသင့်ကြောင်း ရဲစခန်းမှူးက ထင်မြင်သည့် အခါ လိုရင်းအချက်များကို လိုသလောက် (ပြစ်မှု ၂၈/ရဲ ၆၂)ပုံစံများတွင် ရေးသွင်းပြီးလျှင် ၎င်းပုံစံများကို ကြန့်ကြာခြင်း နည်းနိုင်သမျှ နည်းအောင် ပြုလုပ်၍ တရားခံပြေးသွားရောက်တတ်သည့် လက္ခဏာရှိသော နယ်မြေဆိုင်ရာ ရဲစခန်းများသို့ တိုက်ရိုက်ပေးပို့ရမည်။ ပြစ်မှုပြန်တမ်းတွင် ကြော်ငြာခြင်းခံရသည့် တရားခံပြေးများ အတွက်မှာမူ ဤကဲ့သို့ ပေးပို့သည်နှင့် တစ်ပြိုင်နက် ၎င်းပုံစံ မိတ္တူတစ်စောင်ကို ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့သို့ ပေးပို့ရမည်။ "တရားခံပြေး စာရင်း" များကို ပေးဝေသောအခါ ဆင်ခြင်ပိုင်းခြားဝေဖန်တတ်သည့် ဉာဏ်လို လေသည်။ " တရားခံပြေး " သွားရောက်မည်ဟု မထင်ရသည့် နေရာများသို့ ၎င်းစာရင်းများ ပေးပို့ခြင်းကို ကောင်းစွာ ရှောင်ကြဉ်ရမည်။ ပြုလုပ်ရိုးထုံးတမ်း စဉ်လာမှာမူ "တရားခံပြေး"၏ ဆွေမျိုးမိတ်သင်္ဂဟများရှိရာ အရပ်များတွင် ရှိသည့် ရဲစခန်းများသို့သော်လည်းကောင်း တရားခံပြေး သွားရောက်လိမ့်မည် ဟု ဒိဋ္ဌသတင်း ရရှိသည့်နေရပ် သို့မဟုတ် တရားခံပြေး သို့မဟုတ် ၎င်း၏ ဇနီး(ရှိလျှင်) ယခင်က နေခဲ့ဘူးသည့် နေရပ်တွင်ရှိသည့် ရဲစခန်းများသို့သာ

"တရားခံပြေးစာရင်း" များကို ပေးပို့ရမည်။ နောက်ဆုံး တရားခံပြေး (ဃ) အမျိုးအစားအတွက် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်။ တရားခံပြေး၏ မိတ်ဆွေများထံမှ ၎င်းတရားခံပြေး သို့မဟုတ် ၎င်း၏ ဇနီး(ရှိလျှင်) ယခင်နေခဲ့ဘူးသည့် အရပ်များကို သေချာစွာ စုံစမ်းရမည်။ ၎င်းတရားခံပြေး သို့မဟုတ် ၎င်း၏ ဇနီး(ရှိလျှင်) ယခင်နေထိုင်ခဲ့ရာ ရပ်ကွက်ဒေသများတွင် ရှိသည့် ရဲစခန်းများသို့ (ပြစ်မှု ၂၈/ရဲ ၆၂)ပုံစံများနှင့်တကွ ၎င်းရပ်ကွက်ဒေသများတွင် ယခင်က ၎င်းတရားခံပြေး သို့မဟုတ် ၎င်း၏ ဇနီး(ရှိလျှင်) နေစဉ်အခါ၌ သိကျွမ်းခင်မင်ရင်းနှီးခဲ့သော သူများ၏ အမည်နာမ၊ လိပ်စာအစုံအလင်၊ ၎င်းရပ်ကွက်တွင် စုံစမ်းမေးမြန်းပါမည့်အကြောင်း အမှာစာရေးသားပေးပို့ရမည်။ မူလရဲစခန်းတွင် ကျန်ရှိသည့်ပုံစံပါ အမှတ်စဉ် (၂၇) နောက်ဆုံးဇယားကွက်တွင် မှတ်ချက်နှင့်တကွ ပေးပို့သည့် အမှာစာအမှတ်နှင့် နေ့စွဲပါထည့်သွင်းဖော်ပြရမည်။ အရေးကြီးသော အမှုများတွင် တယ်လီဖုန်း သို့မဟုတ် ခေတ်မီဆက်သွယ်ရေး နည်းလမ်းများကို အသုံးပြု၍ ပေးပို့ရမည်။ ဥပမာဆိုသော် ကြီးကျယ်သော အမှုကြီးတစ်ခု ဖြစ်ပွားရာ ပြစ်မှုကျူးလွန်သူတို့သည် ရွာတစ်ရွာသို့ပြခဲ့ေ မြို့တစ်မြို့သို့ဖြစ်စေ သွားကြသည်၊ သို့မဟုတ် ၎င်းရွာ သို့မဟုတ် ၎င်းမြို့တွင် နေမြဲနေထိုင်ကြသည်ဟု မသင်္ကာလျှင် သက်ဆိုင်ရာ ရဲစခန်းများသို့ ကြေးနန်းတစ်စောင် လျှင်မြန်စွာပို့ရမည်။ ပြစ်မှုကျူးလွန်သူတို့သည် ရန်ကုန်မြို့၊ သို့မဟုတ် ရဲစခန်းတစ်ခုထက်ပို၍ရှိသော မည်သည့်မြို့ကြီးများသို့မဆို သွားသည်ဟု သင်္ကာမကင်းလျှင် ကြေးနန်းကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့သို့လည်းကောင်း တိုက်ရိုက် လိပ်မူပေးပို့ရမည်။ ဆိုခဲ့သည့် လိုက်နာဆောင်ရွက်ရန် နည်းလမ်းမှာ ၎င်းတွင် သင့်ရာပြင်ဆင်၍ မှတ်ပုံတင်စာအုပ်အမှတ် (၂၆)၊ (၂၇) များနှင့်လည်း သက်ဆိုင်သည်။

၁၅၀၈။ တရားခံပြေး၏ ပုံသဏ္ဌာန်နှင့်ပတ်သက်၍ ရေးသွင်းသည့် ရေးသွင်းချက်များသည် တရားခံပြေးကို တွေ့မြင်ပါက ချက်ချင်းမှတ်မိနိုင်လောက် အောင်

ပြည့်စုံတိကျစေရမည်။ အများနှင့်မတူ ထူးခြားသော သွားပုံလာပုံ အမှုအရာနှင့် ပြောပုံဆိုပုံတို့ကို စုံလင်အောင် သတိပြု၍ ထည့်သွင်းရမည်။ မြင်သာသော ဆေးပင်ကြောင် အမှတ်အသားနှင့် အခြားထူးခြားသော အမှတ်အသား၊ အမာရွတ်များ သို့မဟုတ် အင်္ဂါချို့ယွင်းချက်များကို သေချာစွာ ရေးသား ဖော်ပြရမည်။

၁၅၀၉။ အခြားရဲစခန်းမှ တရားခံပြေးပုံစံကို ရရှိသောအခါ မိမိက လက်ခံရရှိကြောင်း ပြေစာကို မူလပေးပို့သော ရဲစခန်းသို့ ပြန်လည်ပေးပို့ပြီးလျှင် ကြန့်ကြာခြင်းမရှိစေဘဲ တရားခံပြေးသွားရောက်နေထိုင်ဖွယ်ရာ အကြောင်းရှိသည့် ဆွေမျိုးများ သို့မဟုတ် အပေါင်းအသင်း မိတ်ဆွေများ ရှိ/မရှိနှင့် တရားခံပြေးနှင့် ၎င်း၏ ဇနီးနေထိုင်ခဲ့ဘူးသည်ဆိုသော အရပ်တို့တွင် အသိရှိ မရှိ စုံစမ်းစေရမည်။ ဆိုခဲ့သည့် အသိမိတ်ဆွေနှင့် ဆွေမျိုးများ စုံစမ်း၍ မတွေ့ရှိခဲ့လျှင်၊ သို့မတွေ့ရှိကြောင်း မှတ်ချက်ရေးပြီး တရားခံပြေးပုံစံကို ပေးပို့သည့် မူလရဲစခန်းသို့ ပြန်လည်ပေးပို့စေရမည်။

ပြစ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသူ(တရားခံပြေး)တို့ကို ကြော်ငြာခြင်းနှင့်ပြစ်မှုဖြန်တမ်းတွင် ကြော်ငြာခြင်း

၁၅၁၀။ အရေးကြီးသော အမှုများတွင် တရားခံထွက်ပြေး တိမ်းရှောင်နေ၍ ရှာဖွေမတွေ့နိုင်လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားရုံးသို့ စွဲချက်လွှာတင်ပို့ပြီး သက်သေများကို စစ်ဆေးစေရမည်။ အမှု ထင်ရှားသော အခါ တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ကြော်ငြာ ထုတ်ဆင့်နိုင်ရန်နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ တရားခံ၏ ပစ္စည်းကို ဝရမ်းစွဲကပ်ရန် ဝရမ်းထုတ်ပေးနိုင်သည့် တရားရုံးသို့ လျှောက်ထား စေရမည်။ အောက်ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်၍ ထွက်ပြေး တိမ်းရှောင်နေ သော တရားခံအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ နှင့် ပုဒ်မ ၈၇၊

၈၈ အရ အရေးယူပြီး ဖြစ်ပါက (ဖြစ်မှု ၂၈)ပုံစံတွင် ၎င်း၏ အကြောင်းအရာများကို ရေးသွင်း၍ ဖြစ်မှုပြန်တမ်း ဒုတိယတွဲတွင် ကြော်ငြာရန် ခရိုင်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့်မှူးခင်းတပ်ဖွဲ့မှူးရုံးသို့ ပေးပို့ရမည်။ ဤပုံစံကို ပေးပို့သောအခါ တရားသူကြီး၏ ရုံးအမည်၊ အမှုတွဲ အမှတ်စဉ်နှင့် ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇၊ ၈၈ နှင့် ၅၁၂ အရ အရေးယူသော ရက်တို့ကိုပါ ၎င်းပုံစံပေါ်တွင် ရေးသားဖော်ပြရမည် -

(က) လူသတ်မှု။

(ခ) ဓားပြမှု။

(ဂ) မုဒိမ်းမှု။

(ဃ) လူပြန်ပေးမှု။

(င) မူးယစ်ဆေးဝါးအမှု။

(စ) ငွေစက္ကူအတုလုပ်မှု။

(ဆ) လုယက်မှု။

(ဇ) အိမ်ဖောက်ထွင်းမှု။

(ဈ) ခိုးမှု။

(ည) ယုံမှတ်အပ်နှံသည့် ပစ္စည်းများကို ဖောက်လွဲဖောက်ပြန် သုံးစွဲမှု။

(ဋ) လိမ်လည်မှု။

(ဌ) အလွဲသုံးစားမှု။

[(ဆ) မှ (ဌ) အထိ -] လက်ပုံစံမှတ်တမ်းတင်ပြီးသူများ၏အမှု တစ်ခုခုကိုကျူးလွန်ပြီး ထွက်ပြေးသည့်အခါ

၁၅၁၁။ ပြန်တမ်းတွင် ထည့်သွင်းကြော်ငြာမည်ဖြစ်သော လူများ၏ အမည်၊ ပုံသဏ္ဌာန်၊ အကြောင်းအရာ စာရင်းများတွင် အစဉ်ထည့်သွင်းရမည့် အကြောင်းအချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မိဘများ၏ အမည်များ။ (ဇနီးရှိလျှင်ဇနီး၏ အမည်ပါ)။

(ခ) ဤရဲလက်စွဲ နောက်ဆက်တွဲ (က-၄၀) (ပြစ်မှု၂၈/ရဲ၆၂) ပုံစံတွင် ပါရှိသည့်အတိုင်း အခြင်းအရာ တစ်စုံတစ်ရာပုံသဏ္ဌာန်။

(ဂ) (မွေးရက်၊ လ၊ နှစ်) အသက်။

(ဃ) ဇာတိအရပ်၊ သို့မဟုတ် မွေးဖွားရာနေရာ (ဆိုလိုသည်မှာ ကျေးရွာ၊ ရဲစခန်းနှင့်ခရိုင်)။

(င) နေမြဲအရပ်ဒေသ (ဆိုလိုသည်မှာ ကျေးရွာ၊ ရဲစခန်းနှင့်ခရိုင်)။

(စ) လက်ပုံစံအမှတ်နှင့်နေ့စွဲရှိလျှင် ၎င်းအမှတ်နှင့် နေ့စွဲ။

၁၅၁၂။ ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူ တစ်ဦး တစ်ယောက်၏ ဓာတ်ပုံကို သက်ဆိုင်ရာ ရဲစခန်းမှ ရှာဖွေ၍(ပြစ်မှု၂၈/ရဲ ၆၂) ပုံစံနှင့်အတူ ပြစ်မှုပြန်တမ်းတွင် ကြော်ငြာနိုင်ရန်အတွက် ပုံနှိပ်တပ်ဖွဲ့သို့ ပေးပို့ရမည်။

၁၅၁၃။ (က) ပြစ်မှုပြန်တမ်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့/ရဲစခန်းအဆင့်အထိ ဖြန့်ဝေလျက်ရှိပါသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးများသည် ပြစ်မှုပြန်တမ်းဒုတိယတွဲတွင် ပါရှိသည့် မိမိတို့ မြို့နယ်များသို့ ရောက်ရှိမည် လက္ခဏာရှိသည့် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများ၏ အမည်များကို သက်ဆိုင်ရာ တရားခံပြေးဖိုင်များတွင် ထည့်သွင်းရေးသားထားစေရမည့်အပြင် သီးခြားစာအုပ်တွင် ရေးသွင်း ထားစေရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများသည် လက်အောက် ရဲစခန်းများကို စစ်ဆေးသောအခါ သက်ဆိုင်ရာ ရဲစခန်းမှူးနှင့် နယ်ထိန်း

အဖွဲ့များက ထိုသို့ထွက်ပြေး တိမ်းရှောင်နေ သူတို့နှင့် စပ်လျဉ်း၍ မည်ကဲ့သို့ အရေးယူဆောင်ရွက် နေကြောင်းကို မပျက်မကွက် စစ်ဆေးရမည်။

( ခ ) ပြစ်မှုပြန်တမ်း လက်ခံရရှိသော ရဲစခန်းများ၌ မိမိတို့ဆိုင်ရာ နယ်များသို့ သွားရောက်မည့် လက္ခဏာရှိသည့် ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူတို့၏ အမည်များ ထုတ်ယူခြင်း၊ မိမိတို့၏ မှတ်သားရန် စာအုပ်များတွင် ရေးသားခြင်းနှင့် ဤအကြောင်းကို ရဲစခန်းမှူးအားလုံးကို သိရှိစေခြင်းတို့သည် နယ်ထိန်းအဖွဲ့၏ တာဝန်ဖြစ်လေသည်။ ထိုထွက်ပြေးတိမ်းရှောင်နေသူတို့ကို ရှာဖွေဖမ်းဆီးရန် အလို့ငှာ မည်ကဲ့သို့ အရေးယူကြသည့် အကြောင်းအရာများကိုလည်း မိမိတို့၏ (၇)ရက်တစ်ပတ်မှတ်တမ်းတွင် ရေးသားအစီရင်ခံရမည်။

( ဂ ) ပြစ်မှုပြန်တမ်းမရရှိနိုင်သော ရဲကင်းစခန်းများအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးက မိမိတို့ဆိုင်ရာ မြို့နယ်အတွင်းရှိ ရဲကင်းစခန်းများနှင့် သက်ဆိုင်သော ပြစ်မှုပြန်တမ်းတွင် ဖော်ပြပါရှိသည့် ကြော်ငြာမှတ်တမ်းများကို ရေးကူး၍ အထက်အပိုဒ် (ခ)တွင် ဖော်ပြသည့်အတိုင်း အရေးယူရန် နယ်ထိန်းများထံ ဆိုင်းငံ့ခြင်းမရှိဘဲ ပေးပို့ရမည်။

၁၅၁၄။ ပြစ်မှုပြန်တမ်းတွင် ကြော်ငြာခြင်းခံရသော တရားခံပြေး စာရင်းကို ၄င်းတို့ ရောက်ရှိလာမည်ဟု လက္ခဏာရှိသော ကျေးရွာလူကြီးများထံ၌ ထားသော ရဲအရာရှိများလာရောက် စစ်ဆေးချက်မှတ်တမ်းစာအုပ် (ပြစ်မှု ၇၈) ပုံစံ ဒုတိယပိုင်းတွင် ရေးသွင်းစေရမည့်ပြင် မိမိရဲစခန်းနယ်မြေအတွင်းရှိ ကျေးရွာ/ရပ်ကွက် တစ်ခုခုသို့ တရားခံပြေးတစ်ယောက် ရောက်ရှိလိမ့်မည်ဟု

သတင်းရလျှင်ရချင်း၊ ၄င်းသတင်းမိတ္တူတစ်စောင်ကို သက်ဆိုင်ရာ ကျေးရွာလူကြီးထံ (ပြစ်မှု ၇၈)ပုံစံတွင် ရေးသွင်းစေရန် ပေးပို့ရမည်။

၁၅၁၅။ တရားခံပြေးကို ပြစ်မှုပြန်တမ်းတွင် ကြော်ငြာပြီးသော်လည်း ရဲစခန်းတစ်ခုမှ ရဲစခန်းတစ်ခုသို့ (ပြစ်မှု ၂၈)ပုံစံ သို့မဟုတ် အခြားကြော်ငြာစာများကို တိုက်ရိုက်ပေးပို့ခြင်း အစရှိသည်တို့ကို အပိုဒ် (၁၅၀၇)တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်နိုင်သည်။

၁၅၁၆။ ပြစ်မှုပြန်တမ်းများကို ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲနှင့် နောက်ဆက်တွဲ စသည်ဖြင့် သီးခြားစီ တွဲထားရမည်။ ဤကဲ့သို့ စနစ်တကျ တွဲထားခြင်းရှိ/မရှိ ရဲစခန်းစစ်ဆေးသူများက စစ်ဆေးရမည်။

၁၅၁၇။ ပြစ်မှုပြန်တမ်းများကို ၅ နှစ်ထားရမည်။ ၅ နှစ်ကျော်မှ ဖျက်ဆီးရမည်။

**ပြစ်မှုကျူးလွန်သူတို့အား ဖမ်းဆီးရမိသည့်အတွက် ဆုလာဘ်များ**

၁၅၁၈။ အရေးကြီးသော ပြစ်မှုများကို ကျူးလွန်ကြောင်း သက်သေခံ လုံလောက်သော်လည်း ဖမ်း၍မမိနိုင်သော တရားခံများကို ဖမ်းဆီးရမိနိုင်ရန် ဆုငွေထုတ်ပေးနိုင်ရန် လျှောက်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်သွင်းရမည်။ ဆုငွေ ထုတ်ပြီးသောအခါ တရားခံဖမ်းဆီးရမိလေအောင် သတင်းမှန်ပေးသူ၏ အမည်ကို ဆုငွေထုတ်ပေးရန် ခရိုင်ရဲတပ်ဖွဲ့မှူးထံ အထက်ဖော်ပြပါ အရာရှိများမှ တစ်ဆင့် အစီရင်ခံရမည်။

## အခန်း (၆၂)
## စည်းကမ်းသတ်မှတ်ချက်ဖြင့် လွှတ်ထားသည့် အကျဉ်းသားများအကြောင်း

၁၅၁၉။ အကျဉ်းထောင်မှ လွှတ်ရန်ထောက်ခံချက်ရရှိသည့် အကျဉ်းသားတစ်ဦးဦးအတွက် မည်ကဲ့သို့ စည်းကမ်းသတ်မှတ်ချက်ထားရှိရမည်ဟု ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ဆွေးနွေးတိုင်ပင်ပြီးသောအခါ၊ ရဲစခန်းမှ စောင့်ကြပ်ကြည့်ရှုရန်လိုမလို၊ သို့မဟုတ် စောင့်ကြပ်ကြည့်ရှုရန်လိုသောအခါ အချိန်ကာလမည်၍မည်မျှ စောင့်ကြပ်ကြည့်ရှုရမည်အကြောင်းကို ပြန်၍ကြည့်ရှုစစ်ဆေးသည့်အဖွဲ့သို့ ခရိုင်တရားသူကြီးက အကြောင်းကြားလိမ့်မည်။ သုံးနှစ်သော်လည်းကောင်း၊ အကျဉ်းထောင်မှ ချမ်းသာကင်းလွတ်ခွင့်ရသည့် ကျန်သော ရက်၊ လ၊ နှစ် အပိုင်းအခြားအတိုင်းသော်လည်းကောင်း (သို့သော် နည်းရာကိုယူရမည်) ပြန်၍ ကြည့်ရှုစစ်ဆေးသည့်အဖွဲ့က အကျဉ်းထောင်မှ လွှတ်ရန်ထောက်ခံချက်ပေးထားသည့် အကျဉ်းသားများအား အလိုရှိသောအခါ ရဲစခန်းမှ စောင့်ကြပ်ကြည့်ရှုရမည်။ အကျဉ်းက လွှတ်ရန်ခံဝန်ချုပ်၏ ကျောဘက်တွင် ပုံနှိပ်ထားရှိသည့် စည်းကမ်းချက်အမှတ် (၃) နှင့် (၄)များမှာ ချမ်းသာကင်းလွတ်ခွင့် ရသည့်ကျန်သော ရက်၊ လ၊ နှစ် အပိုင်းအခြား၊ သို့မဟုတ် သုံးနှစ် (နည်းရာကို ယူရမည်) အချိန်နှင့်သာ သက်ဆိုင်လေသည်။ စည်းကမ်းသတ်မှတ်၍ လွှတ်ထားခွင့်ပေးသည့် အမိန့်စာကို မိတ္တူနှစ်စောင်ရေးပြီးလျှင် နိုင်ငံတော်အစိုးရထံမှဆိုင်ရာ ခရိုင်တရားသူကြီးထံ ပေးပို့လိမ့်မည်။ ခရိုင်တရားသူကြီးက ၎င်းအမိန့်ကို ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ပို့လိမ့်မည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက ဟစ်ဖန်ဆိုင်ရာ ရဲစခန်းမှူးသို့ အပိုဒ် (၁၅၂၀) တွင် ပြဋ္ဌာန်းထားချက်အတိုင်း ဆောင်ရွက်ရန် ပို့လိမ့်မည်။ စည်းကမ်းသတ်မှတ်ချက်ဖြင့် လွှတ်ထားခွင့်ပေးသော အကျဉ်းသားတို့အား စောင့်ကြပ်ကြည့်ရှုရန် လိုသောအခါ ကြပ်တည်းစွာဆောင်ရွက်ရမည်။ ဖော်ပြသတ်မှတ်ထားရှိသည့် နေရပ်တွင် နေရသည့်

စည်းကမ်းသတ်မှတ် ချက်ဖြင့် လွှတ်ထားခွင့်ပေးထားသော အကျဉ်းသားတစ်ဦးသည် မိမိ၏ နေရပ်ကို ပြောင်းရွှေ့လိုသည့်အခါ မိမိ၏ နေရပ်ကို အုပ်ချုပ်ရသည့် ခရိုင်တရားသူကြီး၏ အမိန့် 'ဆိုင်ရှင်'ကို ရှေးဦးစွာခံယူရမည်။ ခံဝန်သူများဖြင့် လွှတ်ထားခွင့်ပေးထားသော အကျဉ်းသားများမှာမူ ခံဝန်သူများ၏ သဘောတူညီချက်ကို ရယူရမည်။ဤကဲ့သို့ ပြောင်းရွှေ့သောအခါ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် ၎င်းအားစောင့်ကြပ်ရန် အမြဲလိုက်ပါ၍ ၎င်းအကျဉ်းသားနေမည့် ခရိုင်အရာရှိများထံ အပ်နှံရမည်။

၁၅၂၀။ ထောင်လွတ်နေထိုင်ရာဒေသမှ ရဲစခန်းမှူးက ၎င်းထောင်လွတ်အတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်ကာလ အပိုင်းအခြားနှင့် စည်းကမ်းသတ်မှတ်ချက်များကို ဖော်ပြ၍၎င်း စည်းကမ်းတစ်ခုခုကို ဖောက်ဖျက်လျှင် မိမိထံအမြန်ဆုံး တိုင်ကြားရန် ရေးသားညွှန်ကြားပြီး ၎င်းထောင်လွတ်သည် နေရပ်မှ မိမိရဲစခန်း အပိုင်အတွင်းရှိ အရပ်သို့ ခေတ္တမျှ သွားလိုလျှင် ထောင်လွတ်အား ခွင့်ပြုရန် ခွင့်ပြုမိန့်လက်မှတ် (ပြစ်မှု ၁၀၅)ပုံစံ များကိုပါ ထောင်လွတ်နေထိုင်သည့် ကျေးရွာ/ရပ်ကွက်လူကြီးထံ ပေးပို့ရမည်။ ထို့ပြင် ၎င်းကျေးရွာ/ရပ်ကွက်လူကြီးအိမ်၌ထားသော ညဲ့စာရင်းစာအုပ် (ပြစ်မှု ၇၈) ပုံစံ ပထမပိုင်းတွင် ဤထောင်လွတ်နှင့် ပတ်သက်၍ ရေးသွင်းချက် များကိုပါ တစ်ချိန်တည်း ရေးသွင်းစေရမည်။ ထောင်လွတ်နေထိုင်မည့် ကျေးရွာ/ရပ်ကွက်လူကြီးအား ထောင်လွတ်၏ အမည်၊ ပုံသဏ္ဌာန် အပြစ် ပေးခြင်းခံခဲ့ရသော ပြစ်မှု၊ လွှတ်မိန့်၏ စည်းကမ်းချက်များနှင့် အကယ်၍ ခံဝန်သူ များရှိခဲ့လျှင် ၎င်းတို့၏ အမည်များ ရေးသား၍ ပေးအပ်ရမည်။ ၎င်းနေရပ်မှ ထိုထောင်လွတ်သည် ၂၄ နာရီထက်ပို၍ ထွက်ခွာသွားခြင်းနှင့် စည်းကမ်း သတ်မှတ်ချက်များ ဖောက်ဖျက်ခြင်းများကို အနီးဆုံး ရဲစခန်းမှူးသို့ တိုင်ကြားရန်မှာ ကျေးရွာ/ရပ်ကွက် လူကြီး၏ တာဝန်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် လွှတ်ထားသော အကျဉ်းသားများဖိုင်တွဲ၊ မှတ်ပုံတင် (၃၀)

၁၅၂၁။ အောက်ပါအတိုင်း စည်းကမ်းသတ်မှတ်ချက်ဖြင့် လွှတ်ထားခွင့်ပေးသောအမိန့်များကို ဖိုင်တွဲပြီးလျှင် မာတိကာပြုလုပ်ရမည် -

စည်းကမ်းသတ်မှတ်ချက်ဖြင့် လွှတ်ထားသော အကျဉ်းသားများ၏

မာတိကာ

(ပုံစံအမှတ်ပြစ်မှု ၁၀၀)

| စဉ် | အကျဉ်းသား၏ အမည် | ပြစ်ဒဏ်စီရင်ခြင်းခံရသည့် ဥပဒေနှင့်ပုဒ်မ | ချမ်းသာခွင့်နှင့် လွှတ်သော နေ့ရက် | မည်သည့်စည်းကမ်းချက်ချထား၍ လွှတ်ကြောင်း | စည်းကမ်းသတ်မှတ်ချက်များကုန်သောနေ့/ရက် |
|---|---|---|---|---|---|
| | | | | | |

၁၅၂၂။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အထက်အရာရှိများ နယ်လှည့်သော အခါ မှတ်ပုံတင် အမှတ် (၃၀)တွင်ရှိသော ရေးသွင်းချက်များ မှန်မမှန် စစ်ဆေး၍ ထောင်လွတ်များသည် စည်းကမ်းချက်များကို လိုက်နာသည်၊ မလိုက်နာသည် နှင့် ၎င်းတို့၏ ခံဝန်သူများသည် ခံဝန်ပေးနိုင်သော အခြေအနေရှိမရှိကိုပါ စုံစမ်းရမည်။

၁၅၂၃။ အကျဉ်းသားတစ်ယောက်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ စည်းကမ်းချက်များထား၍ လွှတ်သည့်အခါ ထိုအကျဉ်းသားမှာ ယင်းသို့ထားသည့် စည်းကမ်းချက်များကို တသဝေမတိမ်း လိုက်နာရမည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးက ၎င်းစည်းကမ်းချက်များအနက် တစ်စုံတစ်ခုသော စည်းကမ်းချက်ကို ကျူးလွန်ကြောင်းကြားသိလျှင် ၎င်းအကြောင်းကို ရဲစခန်းမှူး

ထံသို့ ချက်ချင်းအစီရင်ခံရမည်။ အောက်ဖော်ပြပါ စည်းကမ်းချက် အားလုံးကို ဖြစ်စေ အချို့ကိုဖြစ်စေ စည်းကမ်းသတ်မှတ်ချက်များထား၍ လွှတ်သော အကျဉ်းသားအား လိုက်နာစေရန်လိုသည် -

ပြစ်ဒဏ်လျှော့ခွင့်ပြုသော ကာလအပိုင်းအခြား၊ သို့မဟုတ်၊ သုံးနှစ် (နည်းရာကာလအပိုင်းအခြားအတွက်) ဆိုခဲ့သည့် မောင်/မ------- သည် -

(က) --------- ခရိုင် ----------- မြို့နယ် ------------ ကျေးရွာ/ရပ်ကွက်တွင်ဖြစ်စေ၊ ----------- ခရိုင်ရဲတပ်ဖွဲ့မှူး၏ အမိန့်စာဖြင့်နေထိုင်ခွင့်ရရှိသော အခြားကျေးရွာ/ရပ်ကွက်တွင်ဖြစ်စေ နေထိုင်ရမည်။

(ခ) မိမိနေထိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးက အခါကာလအားလျော်စွာပေးသည့် ညွှန်ကြားချက်များရှိလျှင် ထိုညွှန်ကြားချက်များနှင့်အညီ ကာလအပိုင်းအခြားမှန်မှန် ရဲစခန်းသို့ မိမိကိုယ်တိုင် တိုင်ကြားရမည်။

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တည်ဆဲဥပဒေအရ ပြစ်ဒဏ်စီရင်နိုင်သော ပစ္စည်းနှင့်ပတ်သက်သည့်ပြစ်မှု သို့မဟုတ် အကြမ်းဖက်သည့် ပြစ်မှု သို့မဟုတ် အများပြည်သူတို့ ငြိမ်ဝပ်ပိပြားရေး၊ သို့မဟုတ် တိုင်းရေးပြည်မှုနှင့် ပတ်သက်သည့် မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခြင်း မရှိရ။

(ဃ) အခြားလူဆိုးများနှင့် ပေါင်းသင်းခြင်း သို့မဟုတ် လွန်ကျူးစွာ အပျော်အပါး လိုက်စားခြင်း မရှိရ။

(င) အထက်ပါ စည်းကမ်းချက်များကို လိုက်နာရန်အတွက် အာမခံများအဖြစ်ငွေ ------တန် ခံဝန်သူများကို မိမိနေထိုင်ရာ ခရိုင်မှ ခရိုင်ရဲတပ်ဖွဲ့မှူးသတ်မှတ်သည့် အတိုင်းပေးရမည့်အပြင် ဆက်လက်၍လည်းပေးရမည်။

( စ ) ၎င်းမောင်/မ -------မှာ အထက်ပါ စည်းကမ်းသတ်မှတ်ချက်များကို ကောင်းမွန်တည်ကြည်စွာ လိုက်နာဆောင်ရွက်ရန် နေထိုင်ရာ ခရိုင်မှ ခရိုင်ရဲတပ်ဖွဲ့မှူး သတ်မှတ်ထားသည့်အတိုင်း အာမခံအဖြစ် ငွေ -----တန်အာမခံသူ ------- ပေးရမည့်အပြင် သတ်မှတ်သော ကာလအတွက်လည်း ဆက်လက်ပေးရမည် ဖြစ်သည်။

၁၅၂၄။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် လွှတ်သောအကျဉ်းသားနှင့် ပတ်သက်သော ဝတ္တရားစည်းကမ်းချက်ဖြင့် လွှတ်သည့်အမိန့်စာတွင် ထောင်လွတ်သည် ရဲစခန်းကို တိုင်ကြားရန် သတ်မှတ်ချက်ပါလျှင် ထိုလွှတ်မိန့်ကျောဘက်တွင် ရဲစာရေးက သီးခြားစာရွက်ဖြင့် တွဲ၍တိုင်ကြားရမည့် ရက်စွဲများကို ရေးမှတ်ထားရမည်။

၁၅၂၅။ ထောင်လွတ်တစ်ဦးသည် မိမိနေထိုင်ရန် သတ်မှတ်ထားသောဒေသတွင် မရှိကြောင်း၊ ကျေးရွာ/ရပ်ကွက်လူကြီး သို့မဟုတ် ရဲအရာရှိက တိုင်တန်းလျှင် သို့မဟုတ် အခြားစည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် ရဲစခန်းသို့ တိုင်ကြားရမည့် နေ့ရက်ကို ကျော်လွန်၍ ၇ ရက်တိုင် မတိုင်ကြားခဲ့လျှင် အမြန်ဆုံး စုံစမ်းရမည်။ ၎င်းနောက် ထိုထောင်လွတ်အား စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးထံ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၇ အရ အရေးယူရန် အစီရင်ခံပြီး ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၉၀ အရ ဖမ်းဆီးဝရမ်းထုတ်ပေးရန်နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ဝရမ်းပြေးဖြစ်ကြောင်း ကြေငြာပေးရန် တောင်းဆိုရမည်။ ကြေငြာပြီးသည်နှင့် တစ်ပြိုင်နက် ၎င်းအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၇ အရ ပြစ်မှုထင်ရှားပါက ၎င်းဝရမ်းပြေးအား လွှတ်ငြိမ်းချမ်းသာခွင့်

ပေးခဲ့သော မူလပြစ်ဒဏ်မှ ကျန်နေသေးသော ပြစ်ဒဏ်အပြင် တစ်နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျခံစေရန် အမိန့်ချမှတ်နိုင်ကြောင်းကိုလည်း သက်ဆိုင်ရာ တရားသူကြီးအား မပျက်မကွက် အသိပေးရမည်။ ထောင်လွတ်တစ်ဦး ပျောက်ဆုံးနေလျှင် ၎င်းသည် စည်းကမ်းချက်ကို ဖောက်ဖျက်သည်ဖြစ်စေ မဖောက်ဖျက်သည်ဖြစ်စေ ခရိုင်ရဲတပ်ဖွဲ့မှူးထံ အမြန်ဆုံးနည်းဖြင့် ၎င်းအတွက် ပုံစံ(ပြစ်မှု ၂၈)ပေးပို့ရမည်။ ထိုပုံစံတွင် ၎င်းအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များကို ရေးသွင်း၍ ပုံစံထိပ်တွင် "စည်းကမ်းသတ်မှတ်ချက်ဖြင့်လွတ်သော အကျဉ်းသား" ဟုရေးသားရမည်။ ပျောက်ဆုံးနေသော ထောင်လွတ်တစ်ဦးအား ၁၉၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ထုတ် တရားဌာန ပြန်တမ်းအမှတ် (၃၃) စည်းကမ်းချက်အမှတ် (၃) သို့မဟုတ် (၄) သို့မဟုတ် ၎င်းစည်းကမ်းချက်နှစ်ရပ်လုံးဖြင့်သာ သတ်မှတ်ထားခဲ့လျှင် ၎င်းကို ပြန်လည်တွေ့ရှိသည့်အခါတွင် ၎င်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ၎င်းအား တွေ့ရှိသည့် ခရိုင်ရဲတပ်ဖွဲ့မှူးသို့ ပေးပို့ရမည်။

၁၅၂၆။ ထောင်ဒဏ်မှ လျှော့ရက်ကုန်ဆုံးသည့်နေ့တွင်ဖြစ်စေ ထောင်လွတ်သည့်အချိန်မှ ၃ နှစ်ပြည့်သည့် နေ့ရက်တွင်ဖြစ်စေ ၎င်း ၂ ရပ် အနက် ဦးစွာကျရောက်သော နေ့ရက်တွင် မှတ်ပုံတင် (၃၀)ရှိ မာတိကာ ပုံစံ (ပြစ်မှု ၁၀၀)မှ ၎င်း၏ အမည်ကို ပယ်ဖျက်ပစ်ရမည်။ ၎င်း၏ လွှတ်မိန့် ကိုလည်း ပယ်ဖျက်ရမည်။ သို့သော် ရေတွက်ရာ၌ မှန်မမှန်ကို၊ စစ်ဆေးကြည့် ရှုနိုင်ရန်၊ ထိုမာတိကာပုံစံကို နောက်ထပ် ၁ နှစ်မပြည့်မီ ဖျက်ဆီးမပစ်ရ။ အကယ်၍ ရဲစခန်းမှူးသည် စည်းကမ်းသတ်မှတ်ချက်ဖြင့် လွှတ်သောထောင်လွတ်၏ အကျင့်စာရိတ္တကို မသက်သာလျှင် ၎င်းအား အတ္တုပ္ပတ္တိဖွင့်၍ စောင့်ကြပ်ကြည့်ရှုနိုင်ခွင့်ကို ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ တောင်းခံရမည်။

## အခန်း (၆၃)

## လက်ပုံစံ၊ သက်သေခံပစ္စည်းများနှင့် အထက်ကပြစ်မှုထင်ရှား ပြစ်ဒဏ်စီရင်ခြင်းခံရဘူးသော ပြစ်မှုကျူးလွန်သူတို့အား ထင်ရှားသိသာအောင် စွဲဆိုခြင်းများအကြောင်း

**ပြစ်ချက်ဟောင်းများရှာဖွေရန်ပေးပို့သည့် လက်ပုံစံစာရင်းမှတ်ပုံတင်၊ မှတ်ပုံတင် (၃၁)**

**အထက်ပြစ်ချက်များ။**

၁၅၂၇။ မည်သူမဆို ပြစ်မှုဆိုင်ရာ ဥပဒေအခန်း (၁၂)၊ (ဒင်္ဂါးမှစ၍ အစိုးရတံဆိပ်ခေါင်းများနှင့် သက်ဆိုင်သော ပြစ်မှုများ) သို့မဟုတ် ပြစ်မှုဆိုင်ရာ ဥပဒေအခန်း (၁၇)၊ (ပစ္စည်းကို ထိခိုက်သည့် ပြစ်မှုများ)အရ ထောင်ဒဏ် ၃ နှစ်၊ သို့မဟုတ် ၃ နှစ်ထက် ပိုမို၍ စီရင်နိုင်ခွင့်ရှိသည့် ပြစ်မှုတစ်ခုခုကို အထက်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ၎င်းအခန်းနှစ်ခန်းပါ အထက်ပါအတိုင်း စီရင်နိုင်ခွင့်ရှိသည့် ပြစ်မှုမျိုးကိုပင် ထပ်မံကျူးလွန် စွဲဆိုခြင်းခံရသော် ထိုသူအား ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရသည့်အခါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၅ အရ ပြစ်ဒဏ်စီရင်ချက်ကို ကြီးလေးစွာ တိုးမြှင့်စီရင်ခံထိုက်စေရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၈ အရ အထက်ဖော်ပြထားရှိသည့် တရားခံမျိုးကို ကြီးလေးသော အပြစ်ဒဏ်ပေးနိုင်ရန် ကြီးလေးသည့် ပြစ်ဒဏ်စီရင်ပိုင်ခွင့် ရှိသော အထက်တရားရုံးများတွင် စစ်ဆေးစီရင်ရမည်။ ၁၉၀၉ ခုနှစ်၊ ကြိမ်ဒဏ် အက်ဥပဒေပုဒ်မ ၃၊ ၄ နှင့် ၅ အရ တရားခံတစ်ဦး တစ်ယောက်အား အထက်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရဘူးသည့် ပြစ်မှုမျိုးဖြင့် ထပ်မံပြစ်မှုစီရင်ခြင်းခံရသည့်အခါ (အထက်က ပြစ်ဒဏ်စီရင်ခြင်းခံရသည့် ပြစ်မှုနှင့် နောက်ထပ် ကျူးလွန်၍ ပြစ်ဒဏ်စီရင်ခြင်းခံရမည့် ပြစ်မှုမှာ အတူတူပင် ဖြစ်ရမည်) ၎င်းတရားခံအား စီရင်ခံရမည့် ပြစ်ဒဏ်အပြင် ကြိမ်ဒဏ်ပါ ဒည့်သွင်း နိုင်သည်။ အထက်တွင် ဖော်ပြထားရှိသည့်အတိုင်း ပြစ်ဒဏ်ကြီးလေးတိုးမြှင့်ခြင်း

ခံစေရန် အရပ်ရပ်တရားခံများ၏ အထက်ပြစ်ချက်များရှိကြောင်းကို တရားရုံးအားတင်ပြရမည်။ ထို့ကြောင့် အမှုတစ်မှုတွင် အထက်ပြစ်ချက်ရှိသူ တရားခံတစ်ယောက်အား တရားရုံးသို့ တရားစွဲဆိုတင်ပို့သည့်အခါ ပြစ်ဒဏ်တိုးမြှင့်ချမှတ်နိုင်ရန် အလို့ငှာ၊ ရဲစခန်းမှူးသည် ၎င်းတရားခံ၏ အထက်ပြစ်ချက်ကို ရှာဖွေ၍ စစ်ဆေးမည့် တရားရုံးသို့ အစီရင်ခံရမည်။

၁၅၂၈။ အထက်ပြစ်ချက် ရှိ/မရှိကို အမှန်ကန်ဆုံး ရှာဖွေရန် နည်းလမ်းမှာ "လက်ပုံစံစာချုပ်" ကို မှုခင်းတပ်ဖွဲ့ရှိ "လက်ပုံစံဌာန"သို့ ပြစ်ချက်ဟောင်းရှာဖွေရန် ပေးပို့ခြင်းဖြစ်သည်။ ဤကဲ့သို့ အမှုတိုင်း၌ လုပ်ခဲ့လျှင် လက်ပုံစံဌာန၏ အလုပ်ဝိုမိုများပြားတိုးတက်မည် ဖြစ်၍ တရားခံ၏ ရှေးအတ္တုပ္ပတ္တိအကြောင်းအရာများကို မသိလျှင်သော်လည်းကောင်း၊ အနည်းငယ် မျှသာသိရှိသည့်အခါများ၌ သော်လည်းကောင်း လိုအပ်မှသာလျှင် အထက်ပါအတိုင်းပြုလုပ်ရမည်။ ပြစ်မှုကျူးလွန်ရာဒေသတွင် .အစဉ်သဖြင့် နေထိုင်သည့်တရားခံဖြစ်ခဲ့လျှင် ၎င်းတရားခံသည် အခြားဒေသ၌ နာမည်လိမ်၍ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိကြောင်းကို ယုံကြည်သည့်အခါ အထက်ပြစ်ချက်ရှာဖွေရန် လက်ပုံစံနှိပ်ယူ၍ တင်ပို့ရန်မလို။ သို့ရာတွင် ရဲစခန်းတွင်ရှိသော "ပြစ်မှုမာတိကာ"တွင် ရှာဖွေရမည်။ တရားခံသည် အခြားနေရာမှ ပြောင်းရွှေ့လာခဲ့လျှင်သော်လည်းကောင်း ၎င်း၏ ရှေးအတ္တုပ္ပတ္တိကို မသိရှိလျှင်သော် လည်းကောင်း သံသယမကင်းဖွယ်ရာဖြစ်ပေါ်သော အချက်များတွင် လက်ပုံစံစာချုပ်ကို ရှာဖွရန် မှုခင်းတပ်ဖွဲ့၊ လက်ပုံစံဌာနသို့ ပေးပို့ရမည်။ ပြစ်မှုကျူးလွန်သည့် အရပ်ဒေသကို ပိုင်ဆိုင်သည့် ရဲစခန်းမှူးက တရားခံသည် အခြားရဲစခန်းအပိုင် အတွင်း နေထိုင်သူဖြစ်ပါကသက်ဆိုင်ရာ ရဲစခန်းသို့ တရားခံ၏ အထက်ပြစ်ချက် အကြောင်းအရာများ(ရှိလျှင်) (ပြစ်မှု ၃၄/ရဲ ၆၅-က)ပုံစံပေါ်တွင် ဖြည့်သွင်း၍ ပေးပို့ရန် တောင်းခံရမည်။ သက်ဆိုင်ရာ ရဲစခန်းမှ ၎င်းပိုင်ဆိုင်သည့် နယ်မြေအတွင်း၌ တရားခံနှင့် ပတ်သက်၍ သိရှိ

ကြားဘူးခြင်း မရှိကြောင်း ပြန်ကြားစာရရှိသောအခါ 'လက်ပုံစံစာချပ်' ကိုလက်ပုံစံဌာနသို့ပေးပို့ရမည်။ 'အထက်ပြစ်ချက်' အကြောင်းအရာများကို ရရှိလျှင် (ပြစ်မှု ၃၄/ရဲ ၆၅-က) ပုံစံကို တရားရုံးအမှုတွဲတွင် စွဲဆိုတင်ပို့သည့်အခါတစ်ပါတည်းတွဲ၍ပို့ရမည်။ သက်ဆိုင်ရာ တရားရုံးအမှုတွဲထိန်းထံမှ 'မှန်ကန်ကြောင်း သက်သေခံလက်မှတ်' ရေးထိုးသည့် အထက်ပြစ်ချက် မိတ္တူသို့မဟုတ် အထက်ပြစ်ချက်ဖြင့် ပြစ်ဒဏ် ကျခံဘူးသည့် အကျဉ်းထောင်မှ သက်သေခံလက်မှတ် (ပြစ်မှု ၁၉/ရဲ ၃၁)ပုံစံကို မှုခင်းမှတ်တမ်းအရာရှိက တောင်းဆိုတင်ပြရန် တာဝန်ရှိသည်။ အခြားခရိုင် အတွင်းရှိ ရဲစခန်းများသို့ စုံစမ်းမေးမြန်းရန်ရှိသောအခါ မိမိ၏ ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ တစ်ဆင့် မေးမြန်းရန်အလိုရှိသည့် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ပို့ရမည်။ ၎င်းခရိုင်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် စုံစမ်းမေးမြန်းထားသော ရဲစခန်းသို့ ဆက်လက်ပေးပို့လိမ့်မည်။ စုံစမ်းမေးမြန်းခြင်းခံရသည့် ရဲစခန်းမှူးသည် ပြန်ကြားစာများကို မိမိဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ တစ်ဆင့် ပြန်၍ပေးပို့ ရမည်။ ပြန်ကြားစာတွင် ပုံစံအမှတ် (ပြစ်မှု ၁၉/ရဲ ၃၁)အရ အထက်ပြစ်ချက် စာရင်းများ ဖော်ပြထားရှိလျှင် ၎င်းခရိုင်ရဲတပ်ဖွဲ့မှူးသည် ၎င်းပြန်ကြားစာကို မပို့မီ မှန်ကန်ကြောင်းသက်သေခံချက်ပြုထားသည့် "အထက်ကပြစ်ဒဏ်စီရင်ချက်" သို့မဟုတ် "အထက်က ပြစ်ဒဏ်ထင်ရှားစီရင်ချက်များ၏ သက်သေခံချက်"ကို ရယူပြီးလျှင် စုံစမ်းမေးမြန်းသည့် ရဲစခန်းရှိရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ပေးပို့ရမည်။ ၎င်းခရိုင်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် သက်ဆိုင်ရာရဲစခန်းသို့ ပေးပို့လိမ့်မည်။

၁၅၂၉။ ပြစ်မှုကျူးလွန်သူနှင့် ပတ်သက်၍ ၎င်း၏ အထက်ပြစ်ချက်ဟောင်းကို ဝေးကွာသော နေရာဒေသများသို့ စုံစမ်းမေးမြန်းရန် လိုအပ်သည့်အခါ နှောင့်နှေးကြန့်ကြာမှု ရှိနိုင်သောကြောင့် ယင်းအမှုကို စစ်ဆေးစီရင်သည့် တရားသူကြီးအား မည်သည့်အကြောင်းကြောင့် နှောင့်နှေးကြန့်ကြာရကြောင်းကို တင်ပြရမည့်အပြင် အလိုရှိသည့် စာရွက်စာတမ်းများ ရရှိနိုင်မည့် နေ့ရက်အထိ အမှုကို ရွှေ့ဆိုင်းပေးစေရန် အစီရင်ခံရမည်။

၁၅၃၀။ အမှုစစ်ဆေးသည့် တရားရုံးက စီရင်သည့်ပြစ်ဒဏ်ကို တိုးတက်ပေးနိုင်ရန်အလို့ငှာ အထက်ပြစ်မှုထင်ရှား စီရင်ခံရခြင်း ထင်ရှားကြောင်းကို ၎င်းတရားရုံးက သိအောင်ပြုလုပ်ရန် ရည်ရွယ်လျှင် အထက်ကပြစ်မှုထင်ရှား စီရင်ခြင်းခံရဘူးသည့်အကြောင်း ဤကဲ့သို့ ခံရဘူးသည့် နေ့ရက်၊ နေရာ၊ အရပ်များကို ဖော်ပြ၍ တရားခံ၏ အပေါ်တွင် စွဲချက်မတင်မီ ၎င်းအကြောင်းကို ထင်ရှားအောင် သက်သေတင်ပြရမည်။ အထက်ပြစ်မှု ထင်ရှားစီရင်ခံဘူးသည့် အကြောင်းအရာများမှာ အသင့်ရှိသော်လည်း လိုရင်းပြစ်ဒဏ်စီရင်ချက် မိတ္တူဖြစ်စေ ထောင်တွင် ပြစ်ဒဏ်ခံရဘူးကြောင်း သက်သေခံလက်မှတ်ဖြစ်စေ အသင့်မရှိသေးလျှင် တရားလိုဘက် သက်သေထွက်ချက်များကို တရားသူကြီးက စစ်ဆေးပြီးနောက် အမှုရက်ချိန်းတောင်းခံရမည်။

၁၅၃၁။ ယခင်က တစ်ကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရဘူးသည့် အကြောင်းကို ရှာဖွေ၍ တွေ့သည့်အခါ ၎င်းအကြောင်းကို တရားရုံးတွင် သက်သေထင်ရှားအောင် ပြုလုပ်ရန် နည်းလမ်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၁ တွင် ပြဋ္ဌာန်းသတ်မှတ်ပါရှိသည်။ ၎င်းနည်းလမ်းအရ တရားရုံးအမှုတွဲထိန်းက အထက်ပြစ်ချက်ကို ထုတ်နုတ်ကူးယူ၍ မိတ္တူအမှန် ဖြစ်ကြောင်း ပေးသည့် သက်သေခံလက်မှတ်ကိုဖြစ်စေ ၎င်းသက်သေခံ လက်မှတ်ကို မရနိုင်လျှင် အထက်ကစီရင်သည့် ပြစ်ဒဏ်အရ တရားခံအကျဉ်းခံရာ အကျဉ်းထောင် တာဝန်ခံအရာရှိ လက်မှတ်ရေးထိုးထားသည့် အထက်က ပြစ်မှုထင်ရှားစီရင်ခံဘူးကြောင်း သက်သေခံလက်မှတ် (ပြစ်မှု ၁၉/၇ ၃၁)ပုံစံ ကိုဖြစ်စေ တင်ပြရမည်။ တရားခံသည် ဆိုခဲ့သည့် ပြစ်ဒဏ်စီရင်ချက် မိတ္တူ သို့မဟုတ် ပြစ်ဒဏ်ခံရဘူးကြောင်း သက်သေခံလက်မှတ်ပေါ်တွင် ဖော်ပြပါရှိသူ အမှန်ဖြစ်ကြောင်း (တရားခံဖြောင့်ဆိုခြင်းဖြင့်ဖြစ်စေ သို့မဟုတ် တရားခံကို မှတ်မိသူ၏ အစစ်ခံချက်ဖြင့်ဖြစ်စေ) သက်သေခံချက်ပြရမည်။ အထက်က ပြစ်မှုထင်ရှား စီရင်ခြင်းခံရဘူးကြောင်းနှင့် တရားခံဖြောင့်ဆိုခြင်းသို့မဟုတ် တရားခံပေါ်တွင်

အထက်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရဘူးသော အကြောင်း ထင်ရှား ဖြစ်သည်ဟူ၍ စွဲချက်စာချုပ်တွင် ရေးသားထားကာမျှဖြင့် လုံလောက်သည် မဟုတ်ချေ၊ အကျဉ်းထောင်ရှိသည့် အရပ်များတွင် အထက်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရဘူးကြောင်းနှင့် တရားခံ၏ အပေါ်တွင် မသက်သေလျှင် ၎င်းတရားခံကို တရားရုံးသို့ တင်ပို့ခြင်းမပြုမီ ၎င်းတရားခံဟုတ်မဟုတ် ထင်ရှားဖြစ်စေရန် အကျဉ်းထောင်သို့ ခေါ်ဆောင်သွား၍ စုံစမ်းစေရမည်။

၁၅၃၂။ စစ်ဆေးစီရင်ဆဲ တရားခံများအား ချုပ်နှောင်ထားခြင်း မရှိသော အကျဉ်းထောင်များရှိသည့်အရပ်များတွင် ၎င်းတရားခံများကို တရားရုံးသို့ မတင်ပို့မီ အကျဉ်းထောင်အရာရှိတို့ထံ ပြသသင့်သည်။ ဤကဲ့သို့ ပြသခြင်းအားဖြင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်တို့ မသိသည့် ပြစ်မှုကျူးလွန်သူများကို ထင်ရှားဖြစ်စေပါသည်။

ပြစ်မှုကျူးလွန်သူ(လူဆိုး)တို့၏ ပုံသဏ္ဌာန်များကိုကောင်းစွာ သိရှိစေခြင်း

၁၅၃၃။ ပြစ်မှုပြုကျင့်တတ်သည့် လူဆိုးများ၏ ဝတ်စားဆင်ယင်ပုံ၊ ပြုမူကျင့်ကြံပုံနှင့် အသုံးပြုလေ့ရှိသော ရုပ်ဖျက်ပုံများတွင် ထူးခြားသောအချက် များကို မှတ်သားသိရှိနိုင်စေရန် အမှုစစ်အဖွဲ့နှင့် နယ်ထိန်းအဖွဲ့တို့မှ ရဲတပ်ဖွဲ့ဝင်တို့အား တိုက်တွန်းအားပေးရမည်။ ၎င်းရဲတပ်ဖွဲ့ဝင်တို့အား လိုက်နာရမည့် စည်းကမ်းချက်တစ်ရပ်အနေဖြင့် သာမန်အရပ်ဝတ်ဖြင့် သွားလာ ခွင့်ပြုရမည်။ သာမန်အရပ်ဝတ်များဝတ်ဆင်သည့်အခါ ၎င်းတို့ စောင့်ကြပ်ကြည့်ရှုရသူများက မမှတ်မိနိုင်စေရန်အလို့ငှာ ထောင်တွင်းရှိ အကျဉ်းသားများ ကိုစစ်ဆေးရန် သွားရောက်လျှင် ရဲဝတ်စုံဝတ်ဆင်ရမည်။ အမှုစစ်အဖွဲ့နှင့် နယ်ထိန်းအဖွဲ့တို့ကို မကြာခဏ ပြောင်းရွှေ့ခြင်းအားဖြင့် ပြစ်မှုပြုကျင့်တတ်သူတို့နှင့်စပ်လျဉ်း၍ ကောင်းစွာ သိရှိနားလည်ပြီး အကြောင်းအချက်များ အသုံးမချနိုင်ဘဲ ဆုံးရှုံးသည်မှာ သိသာထင်ရှားသည့်အလျောက် ၎င်းတို့အား မကြာခဏ ပြောင်းရွှေ့ခြင်းမပြုရန် အရေးကြီးပေသည်။

လက်ပုံစံနှိပ်ယူခြင်း

၁၅၃၄။ လက်ပုံစံဆိုသည်တွင် "လိမ့်နှိပ်" သို့မဟုတ် "တည့်တည့်နှိပ်" နှစ်မျိုးနှစ်စားရှိသည်။

၁၅၃၅။ "လိမ့်နှိပ်"ပုံစံဆိုသည်မှာ မင်သုတ်လိမ်းထားသောလက်မ သို့မဟုတ် လက်ချောင်းကို စက္ကူပေါ်တွင် လက်သည်းကို စက္ကူနှင့် ထောင့်မှန်ကျ အောင် စောင်းထောင်၍တင်ထားပြီးလျှင် ၎င်းလက်မ၊ လက်ချောင်းကို ဖြည်းညှင်းစွာ စက္ကူပေါ်တွင် ဖိနှိပ်၍ လက်ဝမ်းဘက်သည် မူလလက်ဝဲဘက်မှ လက်ယာ ဘက်ထိ၊ လက်သည်းသည် စက္ကူနှင့်တစ်ဖန် ထောင့်မှန်ကျအောင် လိမ့်၍ ရရှိသော လက်ပုံစံကို ဆိုလိုသည်။

၁၅၃၆။ "တည့်တည့်နှိပ်" ပုံစံဆိုသည်မှာ မင်သုတ်လိမ်းထားသော လက်မ သို့မဟုတ် လက်ချောင်းများကို မလိမ့်ဘဲ ဖြည်းညှင်းစွာ စက္ကူပေါ်တွင် ဖိနှိပ်ရရှိသော လက်ပုံစံကို ဆိုလိုသည်။

၁၅၃၇။ "မည်သူအမှန်ဖြစ်ကြောင်း စစ်ဆေးမရသူ" ဆိုသည်မှာ ၎င်း၏ နေရပ်နှင့် ရှေးအတ္ထုပ္ပတ္တိကို မသိရသူကို ဆိုလိုသည်။

၁၅၃၈။ "စစ်ဆေးရှာဖွေ၍ မတွေ့သူ"ဆိုသည်မှာ ၎င်းသူအပေါ် တွင် အသက်ပြစ်ချက်တင်စုံတစ်ရာ စစ်လျှောက်ရှာဖွေ၍ မတွေ့သူကို ဆိုလို သည်။

၁၅၃၉။ "လက်ပုံစံအရာရှိ"ဆိုသည်မှာ ထင်ရှားကောင်းမွန်ပြည်စုံစွာ လိမ့်၍နှိပ်သည့် လက်ပုံစံယူနိုင်သည့် အရည်အချင်း၊ လက်ပုံစံစာချုပ်ပါ အမှတ်များ အစီအစဉ်မှန်မမှန် တိုက်ဆိုင်စစ်ဆေးနိုင်သည့် အရည်အချင်း၊ လက်ပုံစံဌာနသို့ တင်သွင်းရန် လက်ပုံစံစာချုပ်(ပြစ်မှု ၄၈/ရဲ ၁၀၃)ပုံစံကို

နေရာတကျ ပြင်ဆင်ရေးသားနိုင်သည့် အရည်အချင်းများနှင့် ပြည့်စုံကြောင်း မှုခင်းတပ်ဖွဲ့မှူးက ပေးသည့် သက်သေခံလက်မှတ်တစ်စောင် လက်ရှိဖြစ်သူ အရာရှိကို ဆိုလိုသည်။

၁၅၄၀။ လက်ပုံစံစာချပ်များ နှစ်မျိုးနှစ်စားရှိသည်။ ၎င်းတို့မှာ -

(က) မှုခင်းတပ်ဖွဲ့အမှုတွဲခန်းတွင်ထားသိုရန် ဖြစ်သော မှတ်တမ်းတင်ရန် လက်ပုံစံစာချပ်(ပြစ်မှု ၄၈/ရဲ ၁၀၃) ပုံစံ ။ လက်ပုံစံဌာန၊ အမှုတွဲခန်းတွင် ထားသိုရန် တင်သွင်းသည့် လူတစ်ဦး တစ်ယောက်၏ လက်ပုံစံ စာချပ်ကို ဆိုလိုသည်။

(ခ) ပြစ်ချက်ဟောင်းရှာဖွေရန်စာချပ် (ပြစ်မှု ၄၉/ ရဲ ၁၁၅)ပုံစံ ။ လက်ပုံစံဌာနသို့ လူတစ်ဦးတစ် ယောက်သည်မည်သူအမှန် ဖြစ်ကြောင်း ရည်ညွှန်း မေးမြန်းသည့်ပုံစံကို ဆိုလိုသည်။

၁၅၄၁။ လက်ပုံစံယူသည့်အခါ လိုအပ်သော ကိရိယာများမှာ သံဖြူ သို့မဟုတ် မှန်ပြားတစ်ချပ် သို့မဟုတ် ရော်ဘာဒလိမ့်တုံး တစ်တုံးနှင့် ပုံနှိပ်မင်ဗူး တစ်လုံးဖြစ်သည်။ ၎င်းကိရိယာများကို ဖုန်အမှုန့်၊ ဆီချည် အစရှိသည်တို့မှ စင်ကြယ်သန့်ရှင်းကင်းလွတ်အောင် ထားရမည်။ မင်ခံပြားကို အသုံးမပြုမီ နေ့စဉ်မင်ဟောင်းများကို စင်ကြယ်အောင် ပွတ်တိုက်သုတ်သင်၍ ကောင်းစွာ သစ်လွင်စေရမည်။ ဒလိမ့်တုံးကို အသုံးမပြုသည့်အခါ စင်ကြယ်သော စက္ကူတစ်ချပ်ဖြင့် ရစ်ပတ်၍ ထားရမည်။ မင်ခံနှင့်ဒလိမ့်တုံးနှစ်ခုလုံးကို ကာလပိုင်းခြား၍ ဆပ်ပြာ၊ ငင်ဇင်း(ရေနံပျံ)ဆီ၊ ရေနံဆီတစ်ခုခုနှင့် ဆေးကြော ရမည်။ အသုံးမပြုသည့်အခါ မင်ဗူးကို ကြပ်တည်းနိုင်လုံစွာ ပိတ်ထားရမည်။

၁၅၄၂။ မင်းခံပြားမှာ အလွန်ချောမွေ့စေရမည့်အပြင် အသုံးမပြုမီ ဖုံများကိုလည်း သုတ်သင်ပေးရမည်။ ဓားဦးငယ်ဖြင့် မင်အနည်းငယ်ကို ၎င်းမင်ခံပြားပေါ်တွင် ထည့်ထားပြီးလျှင် သံပြားကို မှုံမှုံမြင်လောက်အောင်၊ မင်ပါးနိုင်သမျှပါးအောင် ဒလိမ့်တုံးဖြင့် လိမ့်ရမည်။ မင်ကို ရှေးဦးစွာ အနည်းငယ်သာ ထည့်၍ လိုသလောက်တိုး၍ ထည့်လျှင်သာ၍ လွယ်ကူသည်ကို လက်တွေ့အားဖြင့် သိရလေသည်။ မင်ခုံပေါ်တွင် မင်ထည့်များလွန်းလျှင် စက္ကူတစ်ချပ်ကို ၎င်းပေါ်တွင်တင်၍ ဒလိမ့်တုံးဖြင့်လိမ့်လျှင် သင့်လျော်အောင် မင်လျော့သွားမြဲဖြစ်သည်။ မင်သွေ့ခြောက်၍ ထူနေလျှင် အတန်ငယ် စွဲမြဲပွတ်လိမ့်လျှင် မင်ခံပြားပေါ်တွင် မင်ချောမွေ့စွာ ဖြစ်လာသည်ကို တွေ့ရှိလိမ့်မည်။

၁၅၄၃။ လက်ပုံစံယူမည့်သူ၏ လက်များတွင် ချွေးစေးအနည်းငယ် ရှိလျှင် လက်ပုံစံမထင်ရှားဘဲ အစွန်းကွက်များ ပေါ်စေတတ်သည်ဖြစ်၍ လက်ပုံစံယူသူ၏ လက်ချောင်းများကို သေချာစွာ ပွတ်တိုက်ဆေးကြောရမည်။ လက်ဖျားအဆစ် အတွင်းဘက်နေရာကိုသာ မင်သုတ်လိမ်းစေရမည်။

၁၅၄၄။ အမှုတွဲခန်းတွင် ထားသိုရန်ဖြစ်သော လက်ပုံစံများကို အမြဲ အားဖြင့် ခွင့်ပြုထားသော မှတ်တမ်းတင်လက်ပုံစံစာချပ် (ဖြစ်မှု ၄၈/ရဲ ၁၀၃)ပုံစံပေါ်တွင် ယူရမည်။ ၎င်းစာချပ်တွင် လက်ဆယ်ချောင်းလုံး လိမ့်နှိပ် ပုံစံများနှင့်တကွ လက်နှစ်ဘက်ရှိ လက်လေးချောင်းစီ တည့်တည့်နှိပ်ပုံစံများ အတွက် နှိပ်ယူရန်မှာ သက်ဆိုင်ရာခေါင်းစဉ်များတွင် အမိပ္ပါယ်ရှင်းလင်းစွာ ပါရှိသည်။

၁၅၄၅။ လိမ့်နှိပ်ပုံစံများကို ယူသည့်အခါ အလိုက်သင့်ရန်အလို့ငှာ စာချပ်ကို မှတ်သားသည့် မျဉ်းကြောင်းတွင်ခေါက်၍ ၎င်းခေါက်ရိုးကို စားပွဲစွန်းနှင့် တညီတည်း ထားရမည်။

၁၅၄၆။ လက်ယာဘက် "လိုမ့်နှိပ်ပုံစံ" ကိုပထမယူရမည်။ နောက်လက်ချောင်းကို အလှည့်ကျ မင်မဆွတ်မီ ရှေ့လက်ချောင်းကို မင်ဆွတ်၍ နှိပ်ပြီးစေရမည်။ လက်ယာ "လိုမ့်နှိပ်ပုံစံ"များကို ယူပြီးသည့်အခါ စာချုပ်တွင် စီစဉ်ပါရှိသည့် နေရာလပ်တွင် ၎င်းဘက်လက်လေးချောင်းပုံစံ "တည့်တည့်နှိပ်ပုံစံ" ကို တစ်ပြိုင်တည်းနှိပ်ယူရမည်။ လက်ယာဘက် လက်ပုံစံယူပြီးသောအခါ ၎င်းနည်းတူ လက်ဝဲဘက် လက်ပုံစံများ ဆက်လက်ယူရမည်။

၁၅၄၇။ လက်နှစ်ဘက်စလုံး လက်ပုံစံများကို ယူပြီးသည့်အခါ ၎င်းစာချုပ်ကို လှန်ပြီးလျှင် လက်ပုံစံယူခြင်းခံရသူ၏ အမည်၊ နေရပ်၊ အသက်ပြစ်ချက်များ၏ အကြောင်းအရာ အကျယ်စသည်တို့ကို ရေးသွင်းထားရမည်။ လူအမည်၊ နေရပ်အမည် အရပ်ရပ်တို့ကို အလွန်ထင်ရှားစွာ ဖတ်နိုင်အောင် ရေးသားရမည်။ ရေးသွင်းချက်အရပ်ရပ်မှာ တိုနိုင်သမျှတိုစေရမည်။ ပြစ်ချက်များကို ရက်စွဲအစဉ်အလိုက် ထည့်သွင်းရမည်။

၁၅၄၈။ ပြစ်ချက်များ၏ အကြောင်းအရာ အကျယ် စသည်တို့ကို သေချာစွာ မှန်မမှန်စစ်ဆေးကြည့်ရှုရမည်။ ၎င်းပြင် စစ်ဆေးသူ အရာရှိက ရေးသွင်းထားသည့် ပြစ်ဒဏ်စီရင်ချက်အသီးသီး၏ ရှေ့တည့်တည့် ပထမဇယားကွက်တွင် မင်နီဖြင့် "စစ်" ဟု ရေးမှတ်၍ မိမိ၏အမည်၊ ရာထူးတို့ကို ရေးသွင်း ရမည်။

၁၅၄၉။ ပြစ်ချက်များ မှန်မမှန် စစ်ဆေးကြည့်ရှုခြင်းကို "အထက်ပြစ် ချက်" များ အလုံးစုံပါရှိသည့် အကျဉ်းသားဆိုင်ရာ ဝရမ်းစာနှင့် အမည် ပုံသဏ္ဌာန် အကြောင်းအရာစာရင်းမှ ကြည့်ရှုစစ်ဆေးမြဲအတိုင်း စစ်ဆေးရမည်။ ဤကဲ့သို့ စစ်ဆေးခြင်းငှာ မတတ်နိုင်သည့်နေရာတွင် အကျဉ်းသား နောက်ဆုံး ပြစ်ဒဏ် စီရင်ခြင်းခံရသည့်ခရိုင်မှ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ "တရားရုံးအမှုတွဲ" နှင့် ထောင်အမှုတွဲများဖြင့် မှန်မမှန် ကြည့်ရှုစစ်ဆေးရန် လက်ပုံစံစာချုပ်ကို ပေးပို့ရမည်။

၁၅၅၀။ လက်ပုံစံတချပ်များကို ရေးသွင်းသည့်အခါ အောက်ပါ အချက်များကို အထူးမှတ်သားရမည် -

(က) ပုံစံထိပ်သို့ လက်ထိပ်များကို လှည့်၍ လက်ပုံစံများကို ယူမြဲဖြစ်ရမည်။

(ခ) "လိမ့်နှိပ်" ပုံစံများမှာ လက်ဖျားဝမ်းဘက်ပုံ အပြည့်အစုံ ပါရှိစေရမည်။ လိုက်ဇွေဖြစ်လျှင် ရဲတင်းပုံ ၁၊ ခရုပတ်ဇွေဖြစ်လျှင် ရဲတင်းပုံ ၂ ကို မြင်နိုင်စေရမည်။

(ဂ) လက်ဖျားအသီးသီး၏ "လိမ့်နှိပ်"ပုံစံကို၊ ၎င်းလက်များအတွက် သတ်မှတ်ထားသည့် နေရာလပ်များတွင် ယူရမည့်အပြင် ၎င်းလက်ပုံစံများကိုလည်း နေရာလပ်ထက် ပိုမို၍အစွန်းမထွက်စေရ၊ အထက်လက်ဖျားဆစ်၏ လက်ပုံစံမျှသာ ထင်စေရမည်။

(ဃ) လက်ချောင်းတစ်ခုခု မပါလျှင်ဖြစ်စေ၊ လက်ပုံစံယူ၍ မရရှိနိုင်အောင် ပုံသဏ္ဌာန် ပျက်စီးနေလျှင်ဖြစ်စေ၊ သို့မပါကြောင်း၊ ပျက်စီးနေကြောင်း၊ "မပါ"၊ "ပုံသဏ္ဌာန် ပျက်နေသည်"ဆိုသည့်စကားရပ်ကို ၎င်းလက်ချောင်းအတွက် သတ်မှတ်ထားသည့် နေရာလပ်တွင် မင်ဖြင့် မှတ်သားရမည်။ လက်နှစ်ချောင်းပူးဖြစ်နေလျှင် ၎င်းလက်နှစ်ချောင်းလုံး၏ လက်ပုံစံများကို ယူနိုင်လျှင် ယူရမည်။ နှစ်ချောင်းအနက်သာ၍ ထင်ရှားသော လက်ပုံစံကို ယူမြဲဖြစ်စေရမည်။

(င) လက်ပုံစံများကို ပြတ်သားစွာ မသိသာနိုင်အောင် အဂ်ါရုပ်ပျက်ခြင်း၊ အပြတ်များရှိခြင်း၊ အမာရွတ်ရှိခြင်း၊ ရောဂါစသည့် တစ်စုံတစ်ရာကြောင့် ဖြစ်ပေါ်သည့် အမှတ် အစရာရှိခြင်းတို့ကို အပြည့်အစုံ ဖော်ပြရမည်။

၄င်းတို့မှာ ခေတ္တအမှတ်များဖြစ်ကြောင်း သို့မဟုတ် အမြဲ အမှတ်များဖြစ်ကြောင်းကိုလည်း ဖော်ပြစေရမည်။ လက်ပုံစံယူရန် ဖြစ်သူများမှာ လက်ဖျားလက်ဆစ်များ တွင် ခုတ်ဖြတ်ရာ အနာရှိနေစဉ် ၄င်းလက်ပုံစံများကို ၄င်းစုတ်ပြတ်ရာများ မကျက်သမျှကာလအတွင်း မယူ ဘဲ နေရန်စီမံနိုင်လျှင် မယူဘဲ နေရမည်။

( စ ) အမှုတွဲခန်းတွင် မှတ်တမ်းတင်ထားရန်ဖြစ်စေ ဖြစ်ချက် ဟောင်းများရှာဖွေရန် ဖြစ်စေ မိန်းမများ၏ လက်ပုံစံ စာချုပ်များပေးပို့လျှင် "မိန်းမ" ဆိုသည့် စကားကို မင်နီဖြင့် လက်ပုံစံနှိပ်ယူပါရှိသော စာချုပ်ထိပ် တွင် မှတ်သားထားရမည်။

(ဆ) အကျဉ်းသားတစ်ယောက်၏ လက်ပုံစံစာချုပ်ကို အခြား တစ်ယောက်အတွက် စတင်မနှိပ်ယူမီ အဆုံးတိုင် အပြီး သတ်စေရမည်။ သို့မဟုတ်လျှင် အကျဉ်းသားတစ် ယောက်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို အခြားတစ်ယောက်၏ စာချုပ်ပေါ်တွင် မှားယွင်းရေး သွင်းတတ်သည်။

( ဇ ) နောက်ဆုံးဖြစ်ချက်နှင့် ဆိုင်ရာရဲစခန်းအမည်၊ ပထမ သတင်းပေးတိုင်ချက်အမှတ်နှင့် ခုနှစ်တို့ကို လက်ပုံစံ စာချုပ်ထိပ်တွင် အစဉ်မပြတ် ရေးသားပါရှိရမည်။ ဖြစ်ချက်ဟောင်းအရပ်ရပ်ဆိုင်ရာရဲစခန်းအမည်၊ ပထမ သတင်းပေးတိုင်ချက်အမှတ်၊ ခုနှစ်တို့ကို ရရှိနိုင်လျှင် (ပြစ်မှု ၄၈/ရဲ ၁၀၃)ပုံစံဇယားကွက် (၅)တွင် ရေးသား ပါရှိစေရမည်။ ဤအကြောင်းအရာကို အလိုရှိခြင်းမှာ ပြစ်မှုကျူးလွန်သူသည် အထက်ဖြစ်ချက်ရှိကြောင်းတွေ့

ရှိသောအခါ ၎င်း၏ဖြစ်ချက်ဟောင်းများရှာဖွေရန် လက်ပုံစံစာချပ်ပေါ်တွင် ၎င်းအကြောင်းအရာများ အကျယ်ကို လက်ပုံစံဌာနက ရေးသွင်းနိုင်ရန် ဖြစ်သည်။

(ဈ) အထက်က တင်သွင်းဘူးသော လက်ပုံစံစာချပ်များရှိ ၎င်းအမှတ်စဉ်များနှင့် နေ့စွဲများကို (ဖြစ်မှု ၄၈/ရဲ ၁၀၃) ပုံစံပေါ်တွင် သတ်မှတ်ထားသည့် နေရာလပ်၌ ရေးသွင်းရမည်။

(ည) "မည်သူအမှန်ဖြစ်ကြောင်း စစ်ဆေးမရ" သို့မဟုတ် "တစ်ဖန်ဖြစ်မှုထင်ရှားစီရင်သည်"ဟူသောစကားများကို မင်နီဖြင့် စာချပ်ကျောဘက်ထိပ်တွင် ရေးသားရမည်။

၁၅၅၁။ ကူးစက်ရောဂါ ရှိသူများ၏ လက်ပုံစံများကို မည်သည့်အကြောင်းကိစ္စကြောင့်မျှ မယူရ ကူးစက်တတ်သော အနာရောဂါစွဲကပ်သူများ၏ လက်ပုံစံများကိုလည်း ၎င်းသူတို့အလျှဦးမကျန်းမာသေးသမျှ ကာလအတွင်းမယူရ။

၁၅၅၂။ လက်ပုံစံယူနိုင်သော နေရာဌာနများမှာ -

(က) အကျဉ်းထောင်များ။

(ခ) တရားရုံးများ။

(ဂ) ရဲစခန်းများ။

(ဃ) အချုပ်ထောင်များ ဖြစ်သည်။

ဖြစ်မှုထင်ရှားစီရင်ခြင်းမပြုမီ၊ လက်ပုံစံများနှင့် သက်ဆိုင်သောခရိုင်ရဲအရာရှိများ၏ အလုပ်ဝတ္တရားများ

၁၅၅၃။ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ်သော်လည်းကောင်း၊ ပို၍သော်လည်းကောင်း၊ စီရင်ထိုက်သည့် ဖြစ်မှုတစ်ခုခုတစ်ရာနှင့်စပ်လျဉ်း၍

ဖမ်းဆီးထားသည့် "မည်သူအမှန်ဖြစ်ကြောင်းစစ်ဆေးမရသူ"တို့၏ လက်ပုံစံများကို ချက်ချင်းယူ၍ ဖြစ်ချက်ဟောင်းများရှာဖွေရန် မှုခင်းတပ်ဖွဲ့ လက်ပုံစံဌာနသို့ ပေးပို့ရမည်။ ဤကိစ္စအလို့ငှာ အချုပ်အတွင်းရှိ မည်သူ့ကိုမဆို ၎င်း၏နေရပ်၊ ရွေးအတ္တုပ္ပတ္တိများကို ရဲတပ်ဖွဲ့ဝင်တို့ စုံစမ်းစပ်ဆေးစဉ်အခါ အပြည့်အစုံ မသိရှိသေးသူဖြစ်လျှင် "မည်သူအမှန်ဖြစ်ကြောင်းစစ်ဆေးမရသူ"ဟု မှတ်ယူရမည်။ ရထားရဲတပ်ဖွဲ့မှ ဖမ်းဆီးသည့် " မည်သူအမှန်ဖြစ်ကြောင်း စစ်ဆေးမရသူ" များ၏ဖြစ်ချက်ဟောင်းရှာဖွေရန် စာချုပ်များကို ၎င်းသူအားချုပ်နှောင်ထားသည့် အချုပ်ထောင်ကို ကြီးကြပ်အုပ်ချုပ်သူ ရဲစခန်းမှူးက မတင်ပို့ရ ဖမ်းဆီးသော ရထားရဲတပ်ဖွဲ့စခန်းမှူးက တင်ပို့ရမည်။

၁၅၅၄။ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၂၊ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၇ အရ ဖမ်းဆီးခြင်းခံရသူ အရပ်ရပ်၏ လက်ပုံစံများကို ချက်ချင်းနှိပ်ယူ၍ မှုခင်းတပ်ဖွဲ့လက်ပုံစံဌာနသို့ ပေးပို့ရမည်။

၁၅၅၅။ မည်သူအမှန်ဖြစ်ကြောင်း စစ်ဆေးမရသူမှာ အခြားနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် သို့မဟုတ် အခြားနိုင်ငံတွင် နေထိုင်သူဖြစ်ကြောင်း သင်္ကာမကင်းရန် အကြောင်းရှိသူဖြစ်လျှင် ၎င်း၏လက်ပုံစံစာချုပ်နှစ်စောင်ကို သက်ဆိုင်ရာ မှုးယစ်အထူးအဖွဲ့၊ ရဲစခန်းများမှ ရယူ၍ တစ်စောင်ကို မှုခင်းတပ်ဖွဲ့သို့ပေးပို့ပြီး၊ ကျန်တစ်စောင်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် တာဝန်နှင့်စီမံရေးဌာနခွဲ (ဦးစီး ၅)သို့ ပေးပို့ရမည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့နှင့် သက်ဆိုင်ရာ နိုင်ငံများသို့ စိစစ်ရန် ဆက်လက်ပေးပို့လိမ့်မည်။

၁၅၅၆။ အထက်အပိုဒ် (၁၅၅၅)အရ အခြားနိုင်ငံများသို့ မေးမြန်းရာတွင် အပိုဒ် (၁၅၇၃)တွင် ပြဌာန်းထားသည့် ဖြစ်မှုများအရ ဖမ်းဆီးခြင်းခံရသော

နိုင်ငံခြားသားတစ်ဦးသည် ၎င်း၏နိုင်ငံ၌ နယ်နှင်ခံရခြင်း ရှိ/မရှိ ၎င်းကျူးလွန်သော ပြစ်မှုအရ ၎င်းနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်နေခြင်း ရှိ/မရှိ စသည့် အချက်များကိုပါ ပြည့်စုံစွာ မေးမြန်းစိစစ်ရမည်။

၁၅၅၃။ နိုင်ငံခြားသားတစ်ဦး၏ ပြစ်ချက်ဟောင်းများရှာဖွေရန် စာချပ်များ ပေးပို့သောအခါ အောက်ပါနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မှုးယစ်အထူးအဖွဲ့၊ ရဲစခန်းများမှ ဖမ်းဆီးရမိသော နိုင်ငံခြားသားတရားခံများနှင့်ပတ်သက်၍ ၎င်းတွင် ပါလာသည့် နိုင်ငံကူးလက်မှတ် (အတုလည်းဖြစ် နိုင်သည်)၊ သက်သေခံ၊ အထောက်အထားများနှင့် ၎င်း၏လက်ပုံစံကို (ပြစ်မှု ၄၉/ရဲ ၁၁၅)ပုံစံဖြင့် နှစ်စောင် ရယူရမည်။ ၎င်းတို့ကို မှုခင်းတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်သို့ အမြန်ဆုံးတင်ပြ အစီရင်ခံရမည်။

(ခ) မှုခင်းတပ်ဖွဲ့သည် မိမိထံပေးပို့သည့် လက်ပုံစံစာချပ်ကို ရရှိသောအခါ မိမိဌာနရှိ ပြစ်ချက်ဟောင်းမှတ်တမ်း များနှင့် တိုက်ဆိုင်စစ်ဆေးပြီး သက်ဆိုင်ရာဌာနသို့ ပြန်ကြားလိမ့်မည်။ သက်ဆိုင်ရာဌာနသို့ ပြန်ကြားသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြရမည်။

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တာဝန်နှင့် စီမံရေးဌာနခွဲ မှ ၎င်းထံ လက်ခံရရှိသည့် ပြစ်ချက်ရှာ လက်ပုံစံစာချပ် နှင့်အထောက်အထားများကို အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL)နှင့် သက်ဆိုင်ရာနိုင်ငံများသို့ ပေးပို့နိုင် ရေးအတွက်၊ ရဲချုပ်ထံ အလျှင်အမြန် အစီရင်ခံရမည်။

(ဃ) ရဲချုပ်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ နိုင်ငံနှင့် အပြည် ပြည်ဆိုင်ရာရဲအဖွဲ့သို့ (INTRANET)အပြည်ပြည်ဆိုင်ရာ

ဆက်သွယ်ရေးစက်များမှတစ်ဆင့် ပေးပို့လိမ့်မည်။ ပြန်ကြားစာရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာန (ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစာချုပ်များနှင့် သုတေသနဦးစီးဌာန)သို့ အကြောင်းကြားလိမ့်မည်။ မှုခင်းတပ်ဖွဲ့နှင့်သက်ဆိုင်ရာ မှုးယစ်အထူးအဖွဲ့များ၊ ရဲစခန်းများသို့လည်း လိုအပ်သည့် ညွှန်ကြားချက်များ ပေးပို့လိမ့်မည်။

( င ) ပြစ်ချက်ဟောင်းရှာဖွေရန် ပေးပို့ရာတွင် မှုးယစ်အထူးအဖွဲ့နှင့် ရဲစခန်းမှူးများသည် တင်သွင်းသူ အရာရှိ၏ အမည်၊ အဆင့်အတန်း၊ ရာထူးအမည်များကို ပြည့်စုံထင်ရှားစွာ ဖတ်နိုင်အောင် ရေးသားဖော်ပြရမည်။

( စ ) စာအိတ်များအပေါ်တွင် (FINGER PRINT)၏ အတိုကောက် စာလုံး (F.P)ကို လက်ဝဲဘက်အပေါ် ထောင့်စွန်းတွင် ရေးသားရမည့်ပြင် စာအိတ်ပေါ်တွင်လည်း အလျင်အမြန် တံဆိပ်ရိုက်နှိပ်ရမည်။

၁၅၅၈။ လက်ပုံစံဌာနမှ ရှာဖွေရန်စာချုပ်ကို ပြန်ရ၍ အထက်ပြစ်ချက် များကို တရားခံပေါ်တွင် စစ်ဆေးရှာဖွေတွေ့ရှိထင်ရှားသည့်အခါ ၎င်းအထက်ပြစ်ချက်များကို ထင်ရှားအောင် ပြုလုပ်ရမည်။ လိုလျှင်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၁ အရ ဆောင်ရွက်ရမည်။ ၎င်းအရမှာ-

(က) သက်သေခံလက်မှတ်ပါသည့် အထက်ပြစ်ချက် မိတ္တူတစ်စောင်ကို တွဲရမည့်ပြင်

( ခ ) တရားခံမည်သူ အမှန်ဖြစ်ကြောင်းကိုလည်း ထင်ရှားစေရမည်။

၁၅၅၉။ တစ်ကြိမ်ထက်ပို၍ အထက်က ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် အခါတွင် နောက်ဆုံးပြစ်ချက်မျှသာ ထင်ရှားစေလျှင်၊ အများအားဖြင့် လုံလောက်ပြီး ဖြစ်သည်။ သို့သော်လည်း နောက်ဆုံးအမှုတွင် အထက်ပြစ်ချက်များကို ထင်ရှားစေပြီး ဖြစ်သည့်အပြင် စီရင်ချက်တွင်လည်း ဖော်ပြပါရှိစေရမည်။

၁၅၆၀။ တရားခံသည် မည်သူအမှန်ဖြစ်ကြောင်းကို တရားခံ၏ ဖြောင့်ချက်ဖြင့်သော်လည်းကောင်း၊ အထက်ပြစ်မှုစီရင်ခြင်းခံရသည့်အခါ သိမြင်သူ ရဲအရာရှိတစ်ဦးကဖြစ်စေ၊ ၎င်းတရားခံသည် အထက်ထောင်ဒဏ်စီရင်ချက်ကို အကျဉ်းသားအဖြစ် ခံရသူဖြစ်ကြောင်း မှတ်မိသူ ထောင်မှူးတစ်ယောက်က ဖြစ်စေ၊ သက်သေခံချက်ဖြင့် ထင်ရှားစေမြဲ ဖြစ်ရမည်။ သို့သော်လည်း ဤကဲ့သို့ ခွပ်စွဲနိုင်သော သက်သေခံချက်များကို မရနိုင်ခဲ့လျှင် မည်သူအမှန် ဖြစ်ကြောင်း သက်သေခံဥပဒေပုဒ်မ ၄၅ နှင့် ၇၃ အရ ကျွမ်းကျင်သူတို့၏ သက်သေခံချက်ဖြင့် ထင်ရှားစေရမည်။ ၎င်းကိစ္စအလို့ငှာ တရားခံကို စစ်ဆေးလျှောက်ရှာဖွေတွေ့ရှိသည့် လက်ပုံစံဌာနမှ လက်ပုံစံစာချပ်ကို ယူရမည်။ လက်ပုံစံစာချပ်ပေါ်တွင် လက်ပုံစံများကို အရာရှိတစ်ဦးကိုယ်တိုင် ယူလျှင် ဖြစ်စေ၊ ၎င်းရှေ့တွင်ယူလျှင်ဖြစ်စေ၊ ၎င်းလက်ပုံစံများမှာ ဤမည်သော ပြစ်မှု အတွက် ဤမည်သော တရားရုံးတွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၏ လက်ပုံစံ ဖြစ်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ပြီးနောက် ၎င်းလက်ပုံစံများကို ကိုယ်တိုင်နှိပ်ယူ ကြောင်း၊ သို့မဟုတ် ၎င်းရှေ့တွင် နှိပ်ယူကြောင်းများကို သက်သေထင်ရှား အောင် ပြုလုပ်စေရန် ၎င်းအရာရှိကို ဆင့်ခေါ်ရမည်။ ၎င်းတရားခံမှာ ဆိုခဲ့သည့် အတိုင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ အမှန်ဖြစ်ကြောင်းကို ၎င်းအရာရှိ ကိုယ်တိုင် ထင်ရှားအောင် မပြုလုပ်နိုင်လျှင် တရားရုံးရှေ့မှောက်တွင် တရားခံ၏ လက်ပုံစံများသည် ထပ်တူဖြစ်ကြောင်းကို သက်သေထင်ရှားစေရန် "လက်ပုံစံ ကျွမ်းကျင်သူ" တစ်ယောက်ကို ဆင့်ခေါ်ရမည်။

၁၅၆၁။ ပြစ်ချက်ဟောင်းများရှာဖွေရန် နှိပ်ယူသည့် လက်ပုံစံများကို ရဲဗိုလ်ရေးကဖြစ်စေ "လက်ပုံစံအရာရှိ" သို့မဟုတ် "လက်ပုံစံကျွမ်းကျင်သူ"က ဖြစ်စေ၊ သက်သေခံလက်မှတ်ရရှိပြီးသူ ရဲအရာရှိတစ်ဦးတစ်ယောက်က ဖြစ်စေ၊ (မြစ်မှု ၄၉/ရဲ ၁၁၅)ပုံစံပေါ်တွင် နှိပ်ယူရမည်။ ၎င်းလက်ပုံစံစာချပ်များကို လက်ပုံစံဌာနသို့ ပြစ်ချက်ဟောင်းများ ရှာဖွေရန်တင်သွင်းရာတွင် နှောင့်နှေး ကြန့်ကြာခြင်းမရှိစေရ။

၁၅၆၂။ တရားသူကြီးတစ်ဦးတစ်ယောက်သည် အမှုတစ်ခုခုတွင် "လက်ပုံစံ ကျွမ်းကျင်သူ"၏ သက်သေခံချက်ကို အရေးမယူခဲ့လျှင် မှုခင်းတပ်ဖွဲ့မှူးထံသို့ ခရိုင်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် တင်ပြအစီရင်ခံရမည်။ တရားသူကြီးသည် ၎င်းအကြောင်းနှင့်စပ်လျဉ်း၍ ဝေဖန်ချက်တစ်စုံတစ်ရာရေးသားလျှင် စီရင်ချက် မိတ္တူတစ်စောင်ကို အစီရင်ခံစာတွင် ပူးတွဲပါရှိစေရမည်။

၁၅၆၃။ ပြစ်ချက်ဟောင်းများရှာဖွေရန်စာချပ်ကို လက်ပုံစံဌာနမှ ပြန်မရ သေးသည့်အတွက် အမှုစစ်ဆေးခြင်း မနှောင့်နှေးစေရ။ အမှုကို ဆက် လက်စစ် ဆေး၍ လက်ပုံစံဌာနသို့ စုံစမ်းမေးမြန်းခြင်းအကျိုးအကြောင်းမသိမီ အတွင်း အမှုကို ရွှေ့ဆိုင်းရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၄ နှင့် ၃၆၇ အရ အလိုရှိခဲ့လျှင် တရားသူကြီးထံ လျှောက်လွှာတင်သွင်းရမည်။

၁၅၆၄။ မည်သည့်အမှုကိုမဆို တရားသူကြီးတစ်ဦးတစ်ယောက်သည် ဤကိစ္စအလို့ငှာ ရွှေ့ဆိုင်းရန်ခွင့်မပြုခဲ့သော် အမှုစစ်ရဲအရာရှိသည် မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံ အဆင့်ဆင့်တင်ပြပြီး မှုခင်းတပ်ဖွဲ့ လက်ပုံစံ ဌာနနှင့်ဆက်သွယ်၍ ပြန်ကြားချက်အမြန်ရရှိရန် ဆောင်ရွက်ရမည်။

၁၅၆၅။ ရဲစခန်းတိုင်း၌ လက်ပုံစံဌာနသို့ တင်သွင်းသည့် ပြစ်ချက်ဟောင်းများရှာဖွေရန် စာချုပ်များ၏အကြောင်းအရာအကျယ်ကို မှတ်သားသော မှတ်ပုံတင် (၃၁)၊ (ပြစ်မှု ၄၇/ရဲ ၁၃၂)ပုံစံကိုထားရှိစေရမည်။ လက်ပုံစံဌာနက ပြန်ပို့သည့် မှားယွင်းချို့တဲ့သော ပြစ်ချက်ဟောင်းများ ရှာဖွေရန်စာချုပ်များ ရရှိသည့် နေ့စွဲနှင့် အသစ်တစ်ဖန် ပြန်၍တင်သွင်းသည့် နေ့စွဲများကို အစဉ်မပြတ် ရေးသွင်းရမည်။

၁၅၆၆။ လက်ပုံစံဌာနမှ ပြစ်ချက်ဟောင်းများရှာဖွေရန် စာချုပ်များကို ပြန်ရ၍ ပြစ်ချက်ဟောင်းများတွေ့ရှိသည့်အခါတွင် ရဲစခန်းမှူး၏ တာဝန်မှာ သက်ဂမကင်းသူသည် မိမိရဲစခန်းပိုင်နယ်မြေအတွင်း နေထိုင်သူဖြစ်လျှင် ရဲစခန်းလူဆိုးအညွှန်းမာတိကာ စာချုပ်တွင် ၎င်းသူ၏ ပြစ်ချက်များရေးသွင်းထားလျက် ရှိ/မရှိကို စစ်ဆေးရမည်။ မရေးသွင်းရသေးလျှင် ၎င်းတို့ကို ချက်ချင်းရေးသွင်းရမည်။ ၎င်းနောက် ပထမသတင်းပေးတိုင်ချက် အမှတ်များအစရှိသည့် အခြားလိုအပ်သော အကြောင်းအရာတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှတစ်ဆင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသည့် မြို့နယ်ရဲတပ်ဖွဲ့သို့ တောင်းဆိုရမည်။

၁၅၆၇။ သက်သေခံလက်မှတ်ပါသည့် ပြစ်ချက်ဟောင်းလက်ခံစာကို မရရှိမီအတွင်းတရားခံအား စစ်ဆေးစီရင်ရန် တင်ပို့ခဲ့လျှင် ဥပဒေအရာရှိ သိစိမ့်သောငှာ ပြစ်ချက်ဟောင်းများရှာဖွေသည့် စာချုပ်ကို အမှုနေ့စဉ်မှတ်တမ်းများတွင် ပူးတွဲပါရှိစေရမည်။

၁၅၆၈။ သက်သေခံလက်မှတ်ပါသည့် ပြစ်ချက်ဟောင်းများ မိတ္တူစာများကို ရရှိပြီးလျှင် ပြစ်ချက်ဟောင်းများရှာဖွေသည့် စာချုပ်ကို အမှုတွဲတွင်တွဲ၍ ရဲစခန်းတွင် ထားရမည်။

၁၅၆၉။ အမှုကို စစ်ဆေးစီရင်ရန် မတင်ပို့လျှင် ပြစ်ချက်ဟောင်းများ ရှာဖွေသည့် စာချပ်ကို အမှုတွဲတွင် တွဲထား၍ ရဲစခန်းတွင်ထားရမည်။

၁၅၇၀။ စစ်ဆေးလျှောက်ရှာဖွေ၍မတွေ့သူဟု ပြန်ကြားပေးပို့သော ပြစ်ချက်ဟောင်းများရှာဖွေသည့် စာချပ်များကို အမှုတွဲများတွင်တွဲ၍ ၎င်းအမှုတွဲ များနှင့် အတူတကွ ဖျက်ဆီးရမည်။

၁၅၇၁။ ပြစ်မှုကျူးလွန်သူတစ်ယောက်အား ၎င်းနေထိုင်ရာ ခရိုင်ပြင်ပတွင် ဖမ်းဆီးထား၍ မည်သူ့အမှန်ဖြစ်ကြောင်းကို ပြစ်ချက်ဟောင်းရှာဖွေရန် စာချပ်ပို့ခြင်းအားဖြင့် တွေ့ရှိသောအခါများတွင်၊ လက်ပုံစံဌာနက ၎င်းနေထိုင်ရာ ခရိုင်သို့ (ပြစ်မှု ၅၅)ပုံစံကို ပေးပို့လိမ့်မည်။

၁၅၇၂။ ဤပုံစံကို ရရှိသောအခါ ၎င်းတွင်ပါရှိသော သတင်းစကား အရပ်ရပ်ကို ထိုသူနှင့်သက်ဆိုင်သည့် ရဲစခန်းသို့ ပေးပို့၍ ၎င်းရဲစခန်းမှူးအား မိမိ၏ရဲစခန်းပိုင် နယ်မြေအတွင်းမှ ထွက်ပြေးတိမ်းရှောင်နေသူ သို့မဟုတ် အတ္တုပ္ပတ္တိ (ရာဇဝင်)ရေးဖွင့်ထားပြီးသူဟုတ်/မဟုတ်တို့ကို စိစစ်တင်ပြရန် ညွှန်ကြားရမည်။ အကယ်၍ အတ္တုပ္ပတ္တိ(ရာဇဝင်)ရေးဖွင့်ထားသူဖြစ်ခဲ့လျှင် ၎င်းအား ဖမ်းဆီးရမိသည့် ခရိုင်၊ နယ်မြေသို့ ၎င်းသူ သွားရောက်ကြောင်း မည်သည့်အတွက်ကြောင့် အကြောင်းမကြားသည်ကို ရဲစခန်းမှူးက ဖြေရှင်း တင်ပြရမည်။

ပြစ်မှုထင်ရှားစီရင်ပြီးနောက်၊ လက်ပုံစံများနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့ဝင်တို့ ဆောင်ရွက်ရန်ဝတ္တရားများ

၁၅၇၃။ အောက်ပါပြစ်မှုများဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရဘူးသော သူများ၏ လက်ပုံစံများကို အမြဲမှတ်သားရန် ယူထားရမည် -

(က) ပြစ်မှုဆိုင်ရာ ဥပဒေအခန်း (၁၂) နှင့် (၁၇)မှ ပုဒ်မ ၂၄၀၊ ၂၅၄၊ ၂၆၂၊ ၂၆၃၊ ၂၆၃-က၊ ၃၈၅၊ (ပစ္စည်းအတွက်မျှသာ၊ ကျွဲ၊ နွားတိရစ္ဆာန် အတွက်မဟုတ်) ၄၀၃၊ ၄၁၇၊ ၄၂၀ မှ ၄၂၈ အထိ၊ ၄၃၄၊ ၄၄၃၊ ၄၄၈၊ ၄၄၉၊ ၄၅၀၊ ၄၅၃ နှင့် ၄၆၀ တို့မှ တစ်ပါးအခြားပုဒ်မများအရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ အရပ်ရပ်။

(ခ) နိုင်ငံရေးလှုပ်ရှားထကြွစေခြင်းနှင့်စပ်လျဉ်း၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ်၊ သို့မဟုတ် တစ်နှစ် ထက်ပို၍ ကျခံစေထိုက်နိုင်သည့် ပြစ်မှုတစ်ခုခုအတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရ သူအရပ်ရပ်။

(ဂ) ကျွဲ၊ နွား၊ တိရစ္ဆာန်မှုများနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၅ နှင့် ၄၁၄ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူအရပ်ရပ်။

(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၀၊ ၁၇၁၊ ၂၁၆-က ၃၂၈ ၃၆၃ မှ ၃၇၃ အထိ၊ ၄၆၇၊ ၄၇၁၊ ၄၇၄၊ (ပုဒ်မ ၄၆၇ နှင့် ဆိုင်သမျှ)၊ ၄၈၉-က ၄၈၉-ခ ၄၈၉-ဂ ၄၈၉-ဃ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူအရပ်ရပ်။

(င) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ ၁၀၈ ၁၀၉ ၁၁၀ နှင့် ၁၉၈၆ခုနှစ်၊ လောင်းကစား ဥပဒေပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ အရပ်ရပ် မှစ၍ ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၈ အရ အာမခံစာချုပ် ချုပ်ဆိုရန်၊ အမိန့်ချ မှတ်ခံရသူ အရပ်ရပ်။ ပြစ်မှုအမြဲ ပြုကျင့်သူတို့အား ကန့်သတ် ပိုင်းခြားထားရန်

အက်ဥပ ဒေအရ ကန့်သတ်ပိုင်းခြားထားခြင်း ခံရသူ အရပ်ရပ်။ ပြစ်မှုမကင်း အသက်မွေးမြူ သူများဖြစ်ကြောင်း ကြော်ငြာထားသူအရပ်ရပ်။

(စ) လက်နက်အက်ဥပဒေ၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ယစ်မျိုးအက်ဥပဒေများအရ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူတို့သည် အုပ်စု၊ ဂိုဏ်းများ ဖြင့် ကြီးကျယ်စွာတိတ် တဆိတ်တင်ပို့ပြုလုပ်သူများ ဖြစ်လျှင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ၎င်းတို့၏လက်ပုံစံများနှိပ်ယူထားရှိရန်သင့်/မသင့်ချင့်ချိန်ရန်တင်ပို့ရမည်။ ပင်လယ်သွား သင်္ဘောသားများအား လက်နက်တိတ်တဆိတ်တင်ဆောင်မှုဖြင့်ပြစ်ဒဏ်ထင်ရှား စီရင်သည့်အခါ ၎င်းတို့၏လက်ပုံစံများကိုယူထားရမည်။

(ဆ) အထက်တွင် အထူးစီမံ၍ မပါရှိသည့်ပြင် ၎င်းတို့၏အကြောင်းနှင့်စပ်လျဉ်း၍ လက်ပုံစံစာချပ်ကို အမှုတွဲခန်းတွင်အမြဲထားသိုလျက် ရှိရန်လိုအပ် ကြောင်းကိုလည်း သဘောရရှိသည့် ပြစ်မှုဖြင့် ထင်ရှားစီရင်ခြင်း ခံရသူ အရပ်ရပ်။

(ဇ) ပြစ်မှုထင်ရှားစီရင်သည့် တရားသူကြီးက ၁၉၄၀ ခုနှစ်၊ မေလ ၄ ရက်နေ့စွဲပါ မြန်မာနိုင်ငံတော်အစိုးရ တရားဌာန အမိန့်ကြော်ငြာအမှတ် (၁၂၁)တွင် ပြဋ္ဌာန်း ချက်များအရ "ပြစ်မှုအမြဲကျူးလွန်တတ်သူ" ဖြစ်ကြောင်း အမျိုးခွဲခြားထားသည့် ပြစ်မှုစီရင်ခြင်း ခံရသူ အရပ်ရပ်။

(ဈ) ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၂၊ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၇ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူ အရပ်ရပ်။

(ည) ၁၈၆၄ ခုနှစ်၊ နိုင်ငံခြားသားများနှင့်စပ်လျဉ်းသော အက်ဥပဒေအရ နှင်ထုတ်ခြင်းခံရသူအရပ်ရပ်။

၁၅၇၄။ မှုခင်းမှတ်တမ်းအရာရှိများသည် အပိုဒ် (၁၅၇၃)တွင် ရည်ညွှန်းထားသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတို့၏ လက်ပုံစံချပ် များကို (ပြစ်မှု ၄၈/ရဲ ၁၀၃)ပုံစံပေါ်တွင် သေသပ် ကောင်းမွန်စွာနှိပ်ယူ၍ ၎င်းစာချပ် များပေါ်တွင် ၎င်းအကြောင်းအရာအကျယ်ကို ပြည့်စုံစွာ ရေးသွင်းခြင်း အရပ်ရပ်အတွက် တာဝန်ရှိစေရမည်။

၁၅၇၅။ သာ၍ အရေးကြီးသော ခရိုင်များတွင် ရုံးစိုက်ရာ မြို့နယ်၌ မှုခင်းမှတ်တမ်းအရာရှိ လက်အောက်တွင် လက်ပုံစံလုပ်ငန်းနှင့် စပ်လျဉ်း၍ ၎င်းအားကူညီရန် အထူးသင်ကြားလေ့ကျင့်ထားသော ဒုတိယရဲအုပ် သို့မဟုတ် ရဲတပ်ကြပ်ကြီး တစ်ယောက်ကို သီးခြားခန့်ထားရမည်။

၁၅၇၆။ မှုခင်းတပ်ဖွဲ့လက်ပုံစံဌာနတွင် မှတ်တမ်းတင်ထားနိုင်ရန် အတွက် ပေးပို့မည့် လက်ပုံစံစာချပ်(ပြစ်မှု ၄၈/ရဲ ၁၀၃)ပုံစံများကို စွဲချက်ပြန် ပုံစံ (ပြစ်မှု ၁၈/ရဲ ၁၂၅-က)ပုံစံနှင့် ပူးတွဲ၍ တင်သွင်းရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက ၎င်းရုံးရှိ ပြစ်မှုမှတ်ပုံတင်အမှတ် (၂)တွင် လိုအပ်ချက်များ ထည့်သွင်းရေးသားပြီး မှုခင်းတပ်ဖွဲ့သို့ ပေးပို့ရမည်။

၁၅၇၇။ အပိုဒ်(၁၅၇၃)တွင် ရည်ညွှန်းပါရှိသည့် ပြစ်ဒဏ်စီရင်ခြင်း ခံရသော အကျဉ်းသားများ၏ လက်ပုံစံများကို အကျဉ်းသားအား ထောင်သို့မပို့မီ (ပြစ်မှု ၄၈/ရဲ ၁၀၃)ပုံစံပေါ်တွင် နှိပ်ယူရမည်။ အကယ်၍ အကျဉ်းထောင်တွင် လက်ပုံစံယူရန် လိုအပ်ပါက ၎င်းကိစ္စအလို့ငှာ မှုခင်းမှတ်တမ်းရဲအရာရှိတစ်ဦးမှာ ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် အကျဉ်းထောင်တာဝန်ခံတို့ တိုင်ပင်၍ ဆုံးဖြတ်သည့်

အချိန်နာရီတွင် ထောင်သို့ သွားရောက်ရမည်။ အကျဉ်းထောင် တာဝန်ခံ အရာရှိသည် ၎င်းအလုပ်ကို လွယ်လင့်တကူ ဆောင်ရွက်နိုင်ရန် စီစဉ် ရမည်။ ထောင်ဝင်မှတ်ပုံတင်စာအုပ်တွင် ၎င်းစာအုပ်ထိန်းသိမ်းရေးမှတ်ရသူ ထောင်မှူးက ရေးသွင်းသည့်အခါ ၎င်းရဲတပ်ဖွဲ့ဝင်သည် သွားရောက်ရန် စီမံနိုင်လျှင် စီမံရမည်၊ အကျဉ်းသားကို ခေါ်၍၊ ၎င်း၏ လက်ပုံစံများကို ဆိုခဲ့သည့်ရဲအရာရှိက ယူပြီးနောက် ထောင်ဝရမ်းစာနှင့် ထောင်ဝင်မှတ်ပုံတင် စာအုပ်များတွင် "(F.P)"တံဆိပ်ခပ်နှိပ်ရမည်၊ ဝရမ်းစာတွင် အထက်လက်ယာ ဘက်ထောင့်၌ ခတ်နှိပ်ရမည်။ "(F.P)" အက္ခရာများအပြင် လက်ပုံစံများကို နှိပ်ယူသည့် နေ့စွဲလည်း ရေးသွင်းရမည်၊ ၎င်းနေ့စွဲမှာ ထိုလက်ပုံစံများကို နှိပ်ယူ သူကလက်မှတ် ရေးထိုး၍ (ပြစ်မှု ၃၈/ရဲ ၁၀၃)ပုံစံတွင် ရေးသွင်းသည့် နေ့စွဲနှင့် ထပ်တူဖြစ်စေရမည်။ အကျဉ်းထောင်၌ လက်ပုံစံများကို နှိပ်ယူသော ရဲအရာရှိ သည် မှုခင်းမှတ်တမ်း ရဲအရာရှိမဟုတ်လျှင် အမှုတွဲခန်းတွင် ထားသိုရန် ဖြစ်သော လက်ပုံစံစာချပ်များကို နှိပ်ယူပြီးစီးသည့်အခါ မှုခင်းမှတ်တမ်း ရဲအရာရှိထံလွှဲအပ်ရမည်။ ၎င်းမှုခင်းမှတ်တမ်းရဲအရာရှိက အပိုဒ်(၁၅၃၆) အရ (ပြစ်မှု ၁၈/ရဲ ၁၂၅-က)ပုံစံတွင် လက်ပုံစံစာချပ်များကို ပူးတွဲခြင်းမပြုမီ မှန်၊ မမှန်သေချာစွာ တိုက်ဆိုင်စစ်ဆေးရမည်။ ၎င်းအရာရှိသည် ပြစ်မှုဆိုင်ရာ ဥပဒေ၊ အခန်း (၁၂) နှင့် (၁၇)အရ၊ အကျဉ်းထောင်တွင် ကျခံရန် ရဲတရားရုံးက စစ်ဆေးစီရင်ချက် ချမှတ်ပြီးသောအခါ ၎င်းရဲတပ်ဖွဲ့ဝင်အား အကျဉ်းထောင်တွင် ချုပ်ထားစဉ် ၎င်း၏ လက်ပုံစံကို နှိပ်ယူရမည်၊ ထိုနောက် ၎င်းလက်ပုံစံစာချပ်ကို လက်ပုံစံဌာန၌ အမှုတွဲပြုလုပ်ထားရန် ပို့ရမည်။

၁၅၃၈။ အကျဉ်းဦးစီးဌာန၊ ကျောက်ထုတ်လုပ်ရေး ရဲဘက်စခန်းများသို့ ပြောင်းရွှေ့ရမည့် အကျဉ်းသားများ၏ လက်ပုံစံများကို ၎င်းအကျဉ်းသား များကို မပြောင်းရွှေ့မီဆိုင်ရာ ခရိုင်အကျဉ်းထောင်တွင် နှိပ်ယူရမည်။ အဘယ်ကြောင့် ဆိုသော် ကျောက်တွင်းတွင် လက်ဖြင့်သာ လုပ်ကိုင်ရသော အလုပ်များကို

လုပ်ကိုင်ရမည် ဖြစ်၍၊ စိတ်ကျေနပ်ဖွယ်ကောင်းမွန်သော လက်ပုံစံများ ရယူခြင်း မရှိနိုင်ချေ။

၁၅၇၉။ အပိုဒ် (၁၅၇၇)တွင် ရည်ညွှန်းရာပါ ရဲတပ်ဖွဲ့ဝင်၏ အလုပ်ဝတ္တရားမှာ ၎င်းနှင့်စပ်ဆိုင်သည့် အကျဉ်းထောင်အတွင်း အကျဉ်းချထားသည့် အခြားခရိုင်ဆိုင်ရာ အကျဉ်းသား အရပ်ရပ်၏လက်ပုံစံများကို ယူပြီး ကြောင်းကိုယ်တိုင်ကျေနပ်စေရန်ဖြစ်၍ အကျဉ်းထောင်အတွင်း အကျဉ်းချထား သည့် အကျဉ်းသားအသီးသီး၏ ဝရမ်းစာကို စစ်ဆေးကြည့်ရှုရမည်။ လက်ပုံစံ များကို ယူပြီးဖြစ်လျှင် လက်ပုံစံတံဆိပ်နှင့် နေ့စွဲတို့ကို ၎င်းဝရမ်းစာထိပ်လက်ယာဘက်ထောင့်တွင် တွေ့ရှိလိမ့်မည်။ သို့တွေ့ရှိသည့်အခါ ၎င်းရဲတပ်ဖွဲ့ဝင်မှာ ထောင်ဝင်မှတ်ပုံတင်စာအုပ်တွင် လက်ပုံစံတံဆိပ်နှင့် နေ့စွဲကို ခတ်နှိပ်၍၊ ၎င်းလက်ပုံစံများကို ယူရာခရိုင်အမည်ကို မင်နှင့်ရေးမှတ်ရမည်။ ဝရမ်းစာတစ်စုံတစ်ရာကို တံဆိပ်ခတ်နှိပ်ခြင်း မရှိဘဲတွေ့ရှိလျှင်၊ သို့တွေ့ရှိသည့်အချက်ကို ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံရမည်။ ၎င်းကလည်း ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးထံ စာရေးသား၍ လက်ပုံစံများကို ယူပြီးဖြစ်သည် မယူရသေးဖြစ်သည်ကို မေးမြန်းရမည်။ ယူပြီးဖြစ်လျှင် ရဲတပ်ဖွဲ့ဝင်မှာ နောက်တစ်ကြိမ်ထောင်သို့ သွားရောက်ကြည့်ရှုသည့်အခါ ဝရမ်းစာနှင့် ထောင်ဝင်မှတ်ပုံတင်စာအုပ်တွင် အထက်ဖော်ပြထားသည့်အတိုင်း တံဆိပ်ခတ်နှိပ်ရမည်။ မယူရသေးလျှင် လက်ပုံစံများကိုယူ၍ ဝရမ်းစာနှင့် ထောင်မှတ်ပုံတင်စာအုပ်များတွင် တံဆိပ်ခတ်နှိပ်၍ နေ့စွဲကို ရေးသွင်းပြီးနောက် လက်ပုံစံစာချပ်ကို သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ တစ်ဆင့်ပေးပို့ရန် ရဲတပ်ဖွဲ့ဝင်က ဆိုင်ရာအထက်ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပို့ရမည်။

၁၅၈၀။ မှုခင်းမှတ်တမ်း ရဲအရာရှိတို့သည် မိမိတို့ဆိုင်ရာ နယ်မြေအတွင်းဖြစ်မှုဖြစ်ပွား၍ ရထားရဲတပ်ဖွဲ့မှုစွဲတင်သော အမှုများအနက်

အပိုဒ်(၁၅၇၃) တွင် သတ်မှတ်ထားသော ပြစ်မှုထင်ရှားစီရင်ခြင်းခံသူတို့၏ လက်ပုံစံများကို လည်း နှိပ်ယူရန် တာဝန်ရှိသည်။

၁၅၈၁။ ရဲစခန်းမှူးသည် လူဆိုးအညွှန်းမာတိကာစာချုပ်တွင် အပိုဒ် (၁၅၇၃)၌ သတ်မှတ်ဖော်ပြထားသည့် ပြစ်မှုများ ထင်ရှားစီရင်ခြင်းခံရသူတို့ ဆိုင်ရာအကြောင်းအရာဖော်ပြရာ ဇယားကွက်တွင် "(F.P)"ဟုသော အက္ခရာ တံဆိပ် ခတ်နှိပ်ရမည်။ သို့သော်လည်း အမှတ်နှင့်နေ့စွဲများကို ရေးသွင်းရန်မလို။

၁၅၈၂။ လက်ပုံစံရယူပြီး သူတစ်စုံတစ်ယောက် သေဆုံးသည့်အခါ ရဲစခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံရမည်။ ထိုသို့သေဆုံးကြောင်း အစီရင်ခံစာကို (ပြစ်မှု ၄၆/ရဲ ၁၃၄)ပုံစံဖြင့် မှုခင်းတပ်ဖွဲ့လက်ပုံစံဌာနသို့ ပေးပို့ရမည်။ ၄င်းအစီရင်ခံစာရရှိကြောင်း မှုခင်းတပ်ဖွဲ့လက်ပုံစံဌာနမှ လက်ခံ ပြေစာပေးပို့လိမ့်မည်။

၁၅၈၃။ လက်ပုံစံဌာနတွင် မှတ်တမ်းတင်ထားသည့် လက်ပုံစံစာချုပ် များကို ပယ်ဖျက်နိုင်ရန် နယ်ထိန်းရဲတပ်ဖွဲ့ဝင်တို့က လက်ပုံစံရယူထားသူများ အသက်ရှင်လျက် ရှိ/မရှိ၊ ပြစ်မှုကျူးလွန်ခြင်း မပြုနိုင်အောင် မသန်မစွမ်း ခြင်း ရှိ/မရှိ ၄င်းတို့သွားရောက်သည့် ကျေးရွာများတွင် စစ်ဆေးရမည်။ ၄င်းပြင် ထိုသို့ သေဆုံးကြောင်းသိရသူများကို ရဲစခန်းမှူးထံ အစီရင်ခံရန် တာဝန်ရှိသည်။ ဤအလုပ်ဝတ္တရားများကို ကောင်းစွာဆောင်ရွက်နိုင်ရန် နယ်ထိန်းရဲတပ်ဖွဲ့ဝင်တို့ ကိုယ်စီ၌ "(F.P)" လူဆိုးများ၏ စာရင်းများကို ကျေးရွာတပိုင်ကျစီ မှတ်သားရန်စာအုပ် လွတ်ဖြင့် ရေးမှတ်ထားရှိရမည်။ လစဉ် ၄င်းစာရင်းများကို ပြင်ဆင်၍ မှန်ကန် အောင် ထားရှိရမည်။ ၄င်း "F.P" လူဆိုးတို့အား အသိ မပေးဘဲ ၄င်းတို့ အသက်ရှင် လျက်ရှိ/မရှိကို ကျေးရွာ/ရပ်ကွက်လူကြီးထံမှ လျှို့ဝှက်စုံစမ်းရမည်။

ရဲတပ်ဖွဲ့ဝင်တို့ အမှုစုံစမ်းစစ်ဆေးရာ၌ လက်ပုံစံများအသုံးချခြင်း နည်းလမ်းနှင့် ဆောင်ရွက်လုပ်ကိုင်ရန် ညွှန်ပြချက်များ

၁၅၈၄။ ပြစ်မှုစုံစမ်းစစ်ဆေးရာ၌ လက်ပုံစံများသည် မည်သူမည်ဝါ၏ လက်ပုံစံဖြစ်ကြောင်း ထင်ရှားသိသာသည့် အချက်သည် အလွန်အကူအညီ အထောက်အပံ့ဖြစ်ကြောင်း တွေ့ရှိရသည်။ ၎င်းအချက်သည် အရေးကြီးသည့် အချက်ဖြစ်သဖြင့် စုံစမ်းမေးမြန်းသည့် အရာရှိအသီးသီးမှာ ၎င်းလက်ပုံစံ အကူအညီ အထောက်အပံ့ကို မည်သည့်အခါမဆိုရနိုင်က ပြစ်မှုစုံစမ်းစစ်ဆေး ရာ၌ အသုံးပြုကြရမည်ဖြစ်၍ အောက်ပါအပိုဒ်များတွင် ဖော်ပြထားသည့် နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရမည်။

၁၅၈၅။ မည်သူမည်ဝါဖြစ်ကြောင်း ကေန်မုချမသိရသည့် လူသေ အလောင်း များမှ လက်ပုံစံများကို လက်ပုံစံဌာနသို့ ထင်ရှားသိသာစေရန် ပေးပို့ရမည်။ အများအားဖြင့် လူသေအလောင်းလက်ချောင်းများမှ လက်ပုံစံများကို နှိပ်ယူရာ တွင် ခက်ခဲမှုရှိမည်မဟုတ်သော်လည်း တစ်ခါတစ်ရံတွင် ၎င်းလက်ချောင်းများ၏ အပေါ်ယံအရေပြားသည် တွန့်လိမ်ကြုံ့သွားသည်ဖြစ်၍ ထင်ရှားသိသာ လောက်သော လက်ပုံစံများကို မရရှိနိုင်ဘဲ ဖြစ်တတ်သည်။ ထိုကဲ့သို့ ထင်ရှား သိသာအောင် လက်ပုံစံများကို မရရှိနိုင်သည့်အခါ လက်ချောင်းများမှ အပေါ်ယံအရေပြားများကို လှီးခွာပေးရန် ဆရာဝန်အားပြောကြား ရမည်။ လက်ဆယ်ချောင်းလုံး၏ အပေါ်ယံအရေပြားများကို လက်ချောင်းအမည် များနှင့်တကွ အမှတ်စဉ်ရေးထိုးထားသည့် ပုလင်းငယ် ၁၀ လုံးတွင် သီးခြားစီ ထည့်သွင်း၍ အရက်ပျံထည့်ကာ ကောင်းမွန်စွာ သတိနှင့်ပိတ်ပြီးလျှင် လက်ပုံစံ ဌာနသို့ စစ်ဆေးကြည့်ရှုရန် ပေးပို့ရမည်။

မှတ်ချက်။ လူသေအလောင်းမှ လက်ချောင်းများကို ဖြတ်၍ ပေးပို့ခြင်း မပြုရန်သတိပြုရမည်။

၁၅၈၆။ မည်သူမည်ဝါ ကောက်မှုချ မသိရသည့်လူသေအလောင်းများမှ လက်ပုံစံများကို ရဲစာရေးအောက် ရာထူးမနိမ့်သည့် ရဲအရာရှိက ကြီးကြပ်ကြည့်ရှု၍ နှိပ်ယူရမည်။ လက်ချောင်းများမှ အရေပြားကို ခွာယူရန် ဆုံးဖြတ်သော်လည်း ၎င်းလက်ချောင်းအားလုံး၏ လက်ပုံစံများကို နှိပ်ယူပြီးလျှင် ကြီးကြပ်ကြည့်ရှုသည့် ရဲအရာရှိက ၎င်းနှိပ်ယူသည့် လက်ပုံစံများသည် မိမိရှေ့တွင် မှန်ကန်စွာ နှိပ်ယူကြောင်းနှင့် လက်ပုံစံစာချပ်တွင် မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးရမည်။ ၎င်းပြင် လက်ပုံစံ စာချပ်ပါ အကြောင်းအရာ ဇယားကွက်တွင် ၎င်းလူသေအလောင်းသည် မည်မျှ ပုပ်ပွပျက်စီးလျက်ရှိကြောင်းနှင့် လက်ချောင်းများ၏ အခြေအနေအကြောင်းအရာများကိုလည်း ရေးမှတ်ရမည်။

၁၅၈၇။ ၎င်းလူသေအလောင်းသည် မည်သူမည်ဝါဖြစ်ကြောင်းကို စုံစမ်းဆင်ခြင်၍ သိသာနိုင်သည့်အခါ လက်ပုံစံဌာနသို့ ပေးပို့သည့် လက်ပုံစံ များနှင့်အတူ ထိုကဲ့သို့ ထင်မြင်ခြင်းခံရသူ၏ လက်ပုံစံများ ပါရှိသည့်ရရှိနိုင်သော စာချပ်စာတမ်းစသည်တို့ကိုလည်း တစ်ပါတည်း ပေးပို့ရမည်၊ ထိုကဲ့သို့ စာချပ်စာတမ်းမျိုးများမှာ ပစ္စည်းအရောင်းအဝယ်၊ အပြောင်းအလွှဲ၊ အပေါင်အနှံ၊ လက်ထပ်ထိမ်းမြားခြင်း၊ ပဋိညာဉ်စာချုပ်များဖြစ်၍၊ ၎င်းအဆိုပါ စာချုပ်စာတမ်းမျိုးများကို အခွန်တော် အမှုတွဲများတွင် တွေ့ရှိရတတ်သည်။

၁၅၈၈။ ဖြစ်မှုကျူးလွန်ရာနေရာပတ်ဝန်းကျင်တွင်ဖြစ်စေ၊ ၎င်းဖြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် ဝတ္ထုတစ်စုံတစ်ရာပေါ်တွင်ဖြစ်စေ၊ ကျန်ရစ်သည့် လက်ပုံစံများကို ရှာဖွေရမည်။ ဖန်ဘူး၊ ဖန်ပုလင်း၊ ပြတင်းပေါက်မှန်များ၊ ကြွေအုံးကြွေခွက်များ၊ သံဖြူသေတ္တာ စသည်များပေါ်တွင် လက်ပုံစံများကို ပကတိမျက်စိသက်သက်ဖြင့် မြင်နိုင်တတ်သည်။ ထို့ပြင် သွေးစွန်းသွေးစ၊ ဆီစွန်းဆီစမှစ၍ စိုထိုင်း ညစ်ပေသောလက်ချောင်းများမှ လက်ပုံစံများမှာလည်း အများအားဖြင့် ၎င်းပစ္စည်းမျက်နှာပြင်အနံ့အပြားပေါ်တွင် ထင်ရှားစွာ ကျန်ရစ်တတ်လေသည်။

၁၅၈၉။ အရာဝတ္ထုများကို ကိုင်တွယ်ရာ၌၊ ဖြစ်မှုကျူးလွန်တတ်သူ တို့၏ ပကတိ မျက်စိသက်သက်ဖြင့် မမြင်နိုင်သည့် လက်ပုံစံများကို၊ ၄င်းတို့ ကိုင်တွယ်မိသည့် အရာဝတ္ထုများပေါ်တွင် ထင်လျက်ကျန်ရစ်တတ်သည်။ စက္ကူ၊ သစ်သားနှင့်အချို့သတ္တုများဖြင့် ပြုလုပ်သည့် ပစ္စည်းများ၏ မျက်နှာပြင်များပေါ်တွင် အထက်ဖော်ပြပါ သာမန်မျက်စိဖြင့် မတွေ့မြင်နိုင်သည့် လက်ပုံစံများ ကျန်ရှိတတ်သည်။ ထိုကဲ့သို့သော အချက်မျိုးတွင် ယင်းသို့လက်ပုံစံများ ကျန်ရှိမည်ဟု ထင်မြင်သည့် အရာဝတ္ထုများပေါ်တွင်၊ အမှုန့်ပြုလုပ်ထားသော ခဲပုပ်ခဲမ (Graphite Powder) ဖြစ်စေ၊ ပေါင်ဒါအဖြူမှုန့် (ပြဒါးနှင့်မြေဖြူ)နှင့် ဖြစ်စေ၊ အပေါ်မှ အသာအယာဖြူးရမည်။ ၄င်းအမှုန့်များကို ထိုအရာဝတ္ထုပေါ်တွင် စွဲကပ်အောင် တစ်မိနစ်၊ နှစ်မိနစ်ခန့်ထားပြီးလျှင်၄င်းအမှုန့်များကို ဖြည်းညင်းစွာ မှုတ်လိုက်ရမည်။ သို့မဟုတ် ခါ၍ ချရမည်။ အကယ်၍ လက်ပုံစံ တစ်စုံတစ်ရာ ကျန်ရှိလျှင် ၄င်းလက်ပုံစံများသည် ယင်းပေါင်ဒါမှုန့်စသည်များဖြင့် လက္ခဏာရေး အကြောင်းများ ထင်းလျက်ပေါ်လာမည် ဖြစ်သည်။ အောက်ဖော်ပြပါ စာရင်းသည် အရာဝတ္ထုအမျိုးမျိုးပေါ်တွင် အသုံးပြုရန် အကောင်းဆုံးသော ပေါင်ဒါမှုန့်များဖြစ်သည် -

| မျက်နှာပြင် | ပေါင်ဒါမှုန့် | အကြောင်းအရာ |
|---|---|---|
| ဖန်မှန် | ပေါင်ဒါအဖြူမှုန့် (GreyPowder) | ဓာတ်ပုံကူးယူရန်ကိစ္စများ အတွက်မှတစ်ပါး၊ အခြားကိစ္စများအတွက်မလို။ |
| သတ္တုသက်သက်ဖြင့် ပြုလုပ်သည့်မျက်နှာပြင်များ။ | ပေါင်ဒါအဖြူမှုန့် (Grey Powder) | |

| မျက်နှာပြင် | ပေါင်ဒါမှုန့် | အကြောင်းအရာ |
|---|---|---|
| ဂျပန်(အမဲရောင်) အရောင်တင်ဆေး သုတ်လိမ်းသည့် မျက်နှာပြင်။ | ပေါင်ဒါအဖြူမှုန့် (Grey Powder) | |
| ကြွေရည်သုတ်မျက်နှာပြင်။ | မျက်နှာပြင်မှာအဖြူဖြစ်လျှင်၊ ခဲပုပ်ခဲမအမှုန့်၊ အခြားအရောင်များဖြစ်လျှင်၊ ပေါင်ဒါအဖြူမှုန့်ကို အသုံးပြုရမည်။ | |
| စက္ကူအဖြူ | ခဲပုပ်ခဲမ၊ အမှုန့် (Graphite Powder) | |
| ညှိသောအရောင်ရှိသည့်စက္ကူ | ပေါင်ဒါအဖြူမှုန့် (Grey Powder) | |
| ဆေးချယ်ထားသည့် မျက်နှာပြင်များ။ | ဖြူသောမျက်နှာပြင်အတွက် ခဲပုပ်ခဲမအမှုန့်၊ အခြားအရောင်မျက်နှာပြင်များအတွက် ပေါင်ဒါအဖြူမှုန့်ကို အသုံးပြုရမည်။ | |
| သစ်သားနှင့်လုပ်သော မျက်နှာပြင်များ။ | ပေါင်ဒါအဖြူမှုန့် (Grey Powder) | |

၁၅၉၀။ လက်ပုံစံများကို တွေ့ရှိရသည့်အခါ၊ လက်ပုံစံကျန် ရှိသည့် ပစ္စည်းများကို ပေးပို့နိုင်က လက်ပုံစံဌာနသို့ စစ်ဆေးကြည့်ရှုရန် ပေးပို့ရမည်။ ထိုကဲ့သို့ ပေးပို့ရာ၊ ၎င်းလက်ပုံစံများ မပျက်စီးရန် သတိနှင့် ကောင်းမွန်စွာ ပြုလုပ် ကာကွယ်၍ ပေးပို့ရမည်။ ၎င်းနည်းလမ်းအတိုင်း မပြုလုပ်နိုင်လျှင် လက်ပုံစံဌာနရှိ ကျွမ်းကျင်သူကို လက်ပုံစံများ လာရောက် စစ်ဆေးဖော်ထုတ် ပေးရန်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း/ခရိုင်ရဲတပ်ဖွဲ့မှူးများမှ တစ်ဆင့် မှုခင်းတပ်ဖွဲ့မှူးထံသို့ ဆက်သွယ်တောင်းခံရမည် လက်ပုံစံပါရှိသော အရာဝတ္ထု များပြားသော မျက်နှာပြင်ရှိလျှင် ၎င်းလက်ပုံစံကို အောက်တွင် ဖော်ပြထား သည့်အတိုင်း အဖုံးမပါသည့်စက္ကူသေတ္တာဖြင့် ဖုံးအုပ်ကာကွယ် ထားရှိရမည်-,




(၁) လက်ပုံစံပါသည့် မျက်နှာပြင်ညီသောအရာဝတ္ထုပစ္စည်း။

(၂) နှုတ်ခမ်းဝလေးဘက်တွင် ကော်သုတ်ထားသော အဖုံးမပါ သည့် စက္ကူသေတ္တာ။

(၃) မျက်နှာပြင်ညီညာသော ပစ္စည်းပေါ်မှ လက်ပုံစံကို အဖုံး မပါသော စက္ကူသေတ္တာဖြင့်မှောက်၍ အုပ်ထားပြီး ကော်သုတ်ထားသောစက္ကူများဖြင့် ကပ်ထားသောပုံ။

လက်ပုံစံများကို မပျက်စီးရအောင် ပြုလုပ်ကာကွယ်ရန် အခြား နည်းအမြောက်အမြားပင်ရှိပေသည်။ သို့သော်လည်း မည်သည့်နည်းနှင့် မဆိုသင့်လျော်လုံလောက်စွာ ကာကွယ်ခြင်းရှိစေရန် သတိနှင့်ကောင်းစွာ ပြုလုပ်ကြရမည်။

၁၅၉၁။ လက်ပုံစံဌာနသို့ စစ်ဆေးကြည့်ရှုရန် ပေးပို့သည့် လက်ပုံစံများနှင့်အတူ သက်သမကင်းသူတို့၏ လက်ပုံစံများကိုလည်း နှိပ်ယူ၍ ပူးတွဲပေးပို့ရမည်။ ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်းသည့် ဖြစ်မှု များတွင် သက်ဆိုင်ရာ အရပ်ဒေသအတွင်း ဖြစ်မှုများ ကျူးလွန်ခြင်း ရှိသည်ဟု သိရှိရသူ လူဆိုးဂိုဏ်းဝင်လူဆိုးများနှင့် သက်ဆိုင်ရာ ခရိုင်များမှ မှတ်တမ်းတင်ထားသည့် လူဆိုးများ၏ လက်ပုံစံများကိုပါ ပေးပို့ရမည်။

၁၅၉၂။ စုံစမ်းစစ်ဆေးသူအရာရှိ မှတ်သားရန် အချက်မှာ လက်ပုံစံ များကို ရှာဖွေရာ၌ အရာဝတ္ထုများကို ကိုင်တွယ်သည့်အခါ မိမိ၏ လက်ရာ များဖြင့် ၎င်းအရာဝတ္ထုများကို နှိပ်မိတတ်ကြသည်။ ၎င်းအပြင် အခြားသူများ (ဥပမာ- အိမ်ကိုဖောက်၍ သူခိုးခိုးခံရသည့် အိမ်ရှင်များနှင့် ရဲတပ်ဖွဲ့ဝင်များ မရောက်ရှိမီ၊ ၎င်းဖြစ်မှု ကျူးလွန်ဖြစ်ပွားသည့် နေရာဌာနသို့ လာရောက်ကြည့်ရှုသူတို့) သည်လည်း ၎င်းအရာဝတ္ထုများကို ကိုင်တွယ်တတ်ကြကြောင်းကို သတိပြုကြရမည်။ ထိုကြောင့် ဤကဲ့သို့ရှုပ်ထွေးခြင်းများ မဖြစ်စေရန် စုံစမ်းစစ်ဆေးရှာဖွေသည့် ရဲအရာရှိနှင့် အထက်တွင် ဖော်ပြခဲ့သူများ၏ လက်ပုံစံများကိုလည်း လက်ပုံစံဌာနသို့ စစ်ဆေးကြည့်ရှုရန် ပေးပို့သည့် လက်ပုံစံများ နှင့် ပေးပို့ရမည်။

၁၅၉၃။ ရဲစခန်းအသီးသီး၌ လက်ပုံစံများကို ကြည့်ရှုရန် မှန်ဘီလူး တစ်ခု၊ ၎င်းပြင် 'ခဲပုပ်၊ ခဲမ အမှုန့်' (Graphite Powder)၊ 'ပေါင်ဒါအဖြူမှုန့်' (Grey Powder) အသီးသီး လေးအောင်စစီ ထားရှိစေရမည်။ ၎င်းပေါင်ဒါမှုန့်ထဲ၌

ဂွမ်းပေါက်ကိုလည်း ထည့်ထားရမည်။ ၎င်းဂွမ်း ပေါက်ဖြင့် လက်ပုံစံများ ရှိသည့် မျက်နှာပြင်များပေါ်ကို ပေါင်ဒါမှုန့်ဖြူးရန် အလွယ်တကူ အသုံးပြုနိုင် သည်။

**စာချုပ်စာတမ်းများပေါ်ရှိ လက်ချောင်းတစ်ခုတည်း၏လက်ပုံစံ**

၁၅၉၄။ စာချုပ်တစ်ခုမှတစ်ခုသို့ တစ်ခုတည်းသော လက်ပုံစံကို ပြောင်းယူနိုင်သောကြောင့် အရေးကြီးသည့် စာချုပ်ပေါ်တွင်ရှိသည့် တစ်ခုတည်းသော လက်ပုံစံနှင့် သက်ဆိုင်သည့် အချက်များကို သတိကောင်းစွာထား၍ ပြုလုပ်ဆောင်ရွက်ရမည်။ အလိုရှိလျှင် မှုခင်းတပ်ဖွဲ့သို့ ကျွမ်းကျင်သူ၏ "ထင်မြင်ချက်" ရရှိစေရန် ပေးပို့ရမည်။

**သက်သေခံဝတ္ထုပစ္စည်းများကို ကျွမ်းကျင်သူကစစ်ဆေးခြင်း**

၁၅၉၅။ အောက်ပါအကြောင်းအရာတို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ၏ ထင်မြင်ချက်များရယူရန် မှုခင်းတပ်ဖွဲ့သို့ ပေးပို့ထင်မြင်ချက် တောင်းခံနိုင်သည်

(က) မည်သူ၏လက်ရေးလက်မှတ်အမှန်ဖြစ်ကြောင်း။

(ခ) လက်ရေးလက်မှတ်သည် မည်သည့်အခါက ရေးသားရေးထိုးခဲ့ကြောင်း။

(ဂ) သက်သေခံသေနတ်သည် မည်သည့်အချိန်ကာလက ပစ်ခတ်ထားခြင်းရှိ/မရှိ။

(ဃ) သက်သေခံကျည်ဆန်၊ သို့မဟုတ် ယမ်းတောင့်ခွံသည် မည်သည့်သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း။

(င) မည်သူ၏ ခြေရာအမှန်ဖြစ်ကြောင်း။

(စ) မှန်ဘီလူးဖြင့် ကြည့်ရှုစစ်ဆေးရန်လိုသည့် သေးငယ်သော အရာဝတ္ထုများ။

(ဆ) 'အာလထရာ ဝိုင်အိုလက်ရေး' (Ultra-Violet Ray) ခရမ်းလွန် ရောင်ခြည်၊ သို့မဟုတ် 'အင်ဖရာ-ရက်-ရေး'

(Infra-red-ray)အနီအောက်ရောင်ခြည်ဖြင့် စမ်းသပ်ကြည့်ရှုရန် အလိုရှိ သည့် ပစ္စည်းအရပ်ရပ်။

စုံစမ်းစစ်ဆေးသော အရာရှိတို့သည် ရေးကြီးခွင်ကျယ်ဖြစ်၍ အလျင်အမြန်အလိုရှိသည့်အမှုတို့၌ ၎င်း၏ကူညီခြင်းကို များစွာအသုံးပြုရမည်။ သက်သေခံပစ္စည်းများနှင့်အတူ အမှုအကျိုးအကြောင်း ပါဝင်သည့် အစီရင်ခံစာရေးသားပြီး၊ ချိပ်တံဆိပ်နှိပ်ကာ စာအိတ်တွင်ထည့်၍ ချိပ်ပိတ်ပြီး မှုခင်းတပ်ဖွဲ့သို့ ပေးပို့ရမည်။

# အခန်း (၆၄)

## ရဲတပ်ဖွဲ့ဝင်များဖမ်းဆီးရမိ၊ သို့မဟုတ်သိမ်းယူသည့် ပစ္စည်းများနှင့် ပိုင်ရှင်မပေါ်သည့်ပစ္စည်းများ မှတ်ပုံတင်

မှတ်ပုံတင် (၃၂)

၁၅၉၆။ ဤမှတ်ပုံတင်ကို (ပြစ်မှု ၂၇/ရဲ ၅၉) ပုံစံအရ ထားရှိရ လေသည်။ ၎င်းမှတ်ပုံတင်တွင် အောက်ပါပစ္စည်းများကို ရေးသွင်းရမည် -

(က) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁ နှင့် ၅၃ အရ တရားခံကိုယ်ပေါ်တွင် တွေ့ရှိရပြီး သိမ်းဆည်း ခဲ့သည့် ပစ္စည်းများနှင့် လက်နက်ခဲယမ်းများ။

(ခ) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၅ နှင့် ၁၆၆ အရ ရဲကစုံစမ်းစစ်ဆေးနေစဉ်အတွင်း ရှာဖွေသိမ်းယူသည့် ပစ္စည်းများ။

(ဂ) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ အရ တရားသူကြီးထံတင်ပို့သည့် ပစ္စည်းများ။

(ဃ) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၃ အရ သိမ်းယူသော မမှန်သည့် တင်းတောင်းနှင့် အလေးချိန် ကိရိယာများ။

(င) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ နှင့် ၅၅၀ အရ သိမ်းယူသည့် ခိုးယူပါဆုံးသည့် ပစ္စည်းဟု သင်္ကာမကင်းဖွယ်ပစ္စည်းများ။

(စ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ နှင့် ၅၅၀ အရ ပြစ်မှုကျူးလွန်ကြောင်း သင်္ကာမကင်း ဖွယ် ပစ္စည်းများ။

(ဆ) လောင်းကစား၊ ယစ်မျိုး၊ မူးယစ်ထုံထိုင်း၊ သစ်တော၊ လက်နက်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုအက် ဥပဒေများ

စသော အထူးနှင့် ဒေသန္တရ ဆိုင်ရာ အက်ဥပဒေများအရ ဘဏ္ဍာတော်အဖြစ်သိမ်းယူ သို့မဟုတ်ဆုံးရှုံးခြင်း ခံထိုက်သဖြင့် သိမ်းယူသည့် ပစ္စည်းများ။

(ဈ) ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၂၀ အရ သိမ်းဆည်းထားသည့် ပိုင်ရှင်မပေါ်သော ပစ္စည်းများ။

**မှတ်ချက်။** ဖမ်းဆီးရမိသည့် သေနတ်လက်နက်များ၊ ခဲယမ်း မီးကျောက်များကို ရဲစခန်းမှတ်ပုံတင် (၂) (အုပ်ချုပ် ၂၄/ ရဲ ၄၈) ပုံစံတွင်လည်း ရေးသွင်းရမည်။

၁၅၉၇။ အထက်အပိုဒ် (က) မှ (ဆ) အထိတွင် ဖော်ပြလျက်ပါရှိသည့် ပစ္စည်းများကို ဖမ်းဆီး၊ သို့မဟုတ် သိမ်းယူသည့်အခါ တရားသူကြီးထံ ချက်ချင်း အစီရင်ခံရမည်။ တရားသူကြီးကလည်း ရသင့်ရထိုက်သော သူတို့သို့ ပေးအပ်ရန် အကြောင်း၊ သို့မဟုတ် ရသင့်ရထိုက်သူကို ရှာဖွေ၍ မတွေ့လျှင်၊ မည်သို့ သိမ်းဆည်းထားရန် တင်ပြရန်အကြောင်းနှင့် စပ်လျဉ်း၍ သင့်သည်ထင်မြင်ရာ အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ ချမှတ်ရမည်။ ၎င်းပစ္စည်းမျိုးကို ရောင်းချစေရန် အကြောင်းနှင့် စပ်လျဉ်းသည့် ကိစ္စတွင် အခွင့်အာဏာရ တရားသူကြီးကသာလျှင် အမိန့်ချမှတ်ခွင့်ရကြောင်းကို သတိပြုရမည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ - ၅၂၄)။ တရားသူကြီး၏ အခွင့်အမိန့်ကို မရရှိဘဲ မည်သည့် ပစ္စည်းကိုမျှ ပြန်၍ မပေးအပ်ရ။

၁၅၉၈။ အထက်နောက်ဆုံးအပိုဒ်တွင် ဖော်ပြပါရှိသည့်အတိုင်း ပစ္စည်း ဖမ်းဆီးခြင်း၊ သိမ်းယူခြင်းကို တရားသူကြီးထံ အစီရင်ခံရန် အကြောင်းနှင့် စပ်လျဉ်း၍ အောက်ပါနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ပစ္စည်းကို ရဲစခန်းသို့ ယူဆောင်လာလျှင် လာချင်းဆိုင်ရာ မှတ်ပုံတင်တွင် ရေးသွင်းရမည်။ ပစ္စည်းမှာ သက်ရှိတိရစ္ဆာန်ဖြစ်ခဲ့လျှင် တိရစ္ဆာန်အသီးသီးကို ဇယားကွက် အမှတ် (၁) တွင် အမှတ်စဉ်တစ်ရပ်စီ သီးခြားထိုးတပ်ရမည်။ ၎င်းမှတ်ပုံတင်ပါ

ပထမဇယား ၈ ကွက်တွင် ရဲတပ်ဖွဲ့ဝင်တို့က ရေးသွင်းပြီးနောက်၊ တရားသူကြီးမှာ ရုံးစိုက်ရာမြို့တွင်ဖြစ်စေ သို့မဟုတ် နီးစပ်ရာရပ်ကွက်တွင် ဖြစ်စေ၊ ရှိလျှင် ဇယားကွက် (၉) တွင် အမိန့်ရေးသားချမှတ်ရန် ၎င်းမှတ်ပုံတင် စာအုပ်ကို တရားသူကြီးထံ တင်ပို့ရမည်။ တရားသူကြီးမှာ အထူးဝေးကွာသည့် အရပ်၌ ရှိနေသည့်အခါများတွင် ဆိုခဲ့သည့် ဇယားကွက် ၈ ကွက်ပါအကြောင်း အရာ အရပ်ရပ်နှင့်တကွ ပစ္စည်းဖမ်းဆီးခြင်း၊ သို့မဟုတ် သိမ်းယူကြောင်း အစီရင်ခံစာ တစ်စောင်ကို (တတ်နိုင်လျှင် ရဲစခန်းမှူးထံမှ တစ်ဆင့်ပြု၍) တရားသူကြီးထံ ပေးပို့ရမည်။ တရားသူကြီး၏ အမိန့်ကိုရရှိက မှတ်ပုံတင် စာအုပ်တွင် ရေးသွင်း၍ ၎င်းအမိန့်မူလစာချပ်ကို ကောင်းစွာ ဖိုင်တွဲပြုလုပ် ထားရမည်။ ပစ္စည်းကို စီမံခန့်ခွဲရာတွင်၊ ၎င်းတရားသူကြီး၏ အမိန့်အတိုင်း ရဲတပ်ဖွဲ့ဝင်တို့က လိုက်နာ ဆောင်ရွက်ရမည်။ ပစ္စည်းကို ပေးအပ်ရာတွင် လက်ခံယူသူရေးထိုးသည့် လက်မှတ်ကိုဖြစ်စေ၊ ၎င်းသူစာမတတ်လျှင် လက်ဝဲလက်မပုံစံကိုဖြစ်စေ၊ မရမီအတွင်း ၎င်းပစ္စည်းကို လုံခြုံစွာထားရန် ရဲတပ်ဖွဲ့ဝင်တို့၏ တာဝန်ဖြစ်သည်။ ရဲအရာရှိတို့မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆က ပါ ပြဋ္ဌာန်းချက်များကို အလေးဂရုပြုကြရမည်။ ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တာဝန်အရ ဆောင်ရွက်ရသည့်အခါ ၎င်းပစ္စည်းကို ဝယ်ယူခြင်း၊ လေလံဆွဲဝယ်ခြင်းကို မပြုရ။ ဤကဲ့သို့ပြုလုပ်ခဲ့လျှင် ရာထူးမှ ထုတ်ပယ်သည်အထိ အရေးယူ ခြင်းခံထိုက်စေ ရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃၊ ၅၂၅ များအရ အမိန့် ချမှတ်ပြီး အရပ်ရပ်ပစ္စည်းများအကြောင်း အကျဉ်းချုပ်မှတ်ချက်ကို အရပ်ရပ် နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ရမည်။ ပထမသတင်းပေးတိုင်ချက်ကို မတင်သွင်း သည့်အမှုတွင် ၎င်းအမှုကို တရားသူကြီးထံ အစီရင်ခံသော ရဲစခန်း မှတ်ပုံတင် (၁၅)တွင်ပါရှိသည့် စာအမှတ်နှင့် ရက်စွဲကို ယခုမှတ်ပုံတင်ဇယားကွက် (၂)တွင် ရေးသွင်းရမည်။

၁၅၉၉။ ယခုမှတ်ပုံတင်တွင် ရေးသွင်းသည့် ပစ္စည်းတစ်စုံ တစ်ရာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ အရ အမှုတစ်စုံတစ်ရာတွင် သက်သေခံပစ္စည်းအဖြစ် အလိုရှိလျှင် အပိုဒ် (၁၇၅၀)တွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရန် နည်းလမ်းကို သေချာစွာလိုက်နာရမည်။ သက်သေခံ ပစ္စည်းတွေ့ရာနေရာအမှန်သိရှိအောင် ပြုလုပ်ရန်မှာ များသောအားဖြင့် အလွန်အရေးကြီးလေသည်။ ဥပမာ-လူသတ်မှုတွင် လူကို သေစေသည့် ဓားကို တွေ့သည့်နေရာ၊ ၎င်းနေရာနှင့် လူသေအလောင်း သို့မဟုတ် တရားခံနေထိုင်ရာ အရပ်စသည့်တို့အကွာအဝေးများမှာ ဓားကိုတွေ့သူ၏ အမည်ကိုသိရှိရန် လိုသကဲ့သို့ပင် အရေးကြီးလေသည်။ သို့ဖြစ်၍ ဇယားကွက် (၅) တွင် အလိုရှိသည့် အကြောင်းအရာကို သေချာစွာ ရေးမှတ်ထည့်သွင်းရမည်။

၁၆၀၀။ တရားစွဲတင်သည့်အမှုများတွင် သက်သေခံပစ္စည်းရှိလျှင် စွဲချက်တချပ်နှင့်အတူ (ပြစ်မှု ၂၇/၇ ၅၉)ပုံစံလွှတ်လက်ခံတစ်စောင်ကို တင်သွင်းရမည်။ ဆိုခဲ့သည့်လက်ခံမှာလည်း မှတ်ပုံတင်တွင်ပါရှိသည့် ရေးသွင်းချက်နှင့် ထပ်တူထပ်မျှ ဖြစ်စေရမည်။ စွဲချက်တချပ်တွင်လည်း ရေးသွင်း၍ အတိုကောက် အကြောင်းအရာများကို ရေးသွင်းရမည်။

၁၆၀၁။ အမှုစစ် အရာရှိက ဤမှတ်ပုံတင်ကို တရားရုံးသို့ ယူဆောင်သွားရောက်ပြီးလျှင် အမှုတွင် သက်သေခံပစ္စည်းအဖြစ် တင်ပြရန်လိုသည့် ပစ္စည်းများကို တရားသူကြီးထံဖြစ်စေ၊ တရားသူကြီးက ညွှန်ကြားလျှင် တရားခွင်စာရေး သို့မဟုတ် ဘီလစ်ထံဖြစ်စေ အမှုစ၍ မစစ်ဆေးမီ ပေးအပ်ရမည်။ ၎င်းသက်သေခံပစ္စည်းလက်ခံယူသူအရာရှိကိုလည်း ဇယားကွက် (၁၀) တွင် တစ်ပါတည်းလက်မှတ်ရေးထိုး စေရမည်။ ဤကဲ့သို့ ဆောင်ရွက်ပြီးနောက် ရဲတပ်ဖွဲ့ဝင်တို့မှာ သာမန်အားဖြင့် ၎င်းပစ္စည်းများနှင့် တစ်စုံတစ်ရာ စပ်လျဉ်းသက်ဆိုင်ခြင်းမရှိချေ။

၁၆၀၂။ × × × × × × × × × × × × × × × × × × × × × × × ×။

၁၆၀၃။ "သက်သေခံပစ္စည်းများ"ကို မည်သို့ စီမံခန့်ခွဲရမည့် အကြောင်းများမှာ အပိုဒ် (၁၇၅၀)တွင် အပြည့်အစုံပါရှိသည်။

မှတ်ချက်။ တရားရုံးများကို ကြည့်ရှုစစ်ဆေးရန် လာရောက်သော တရားရေးဌာန စီရင်အုပ်ချုပ်မှုဆိုင်ရာ အရာရှိတို့သည် ရဲတပ်ဖွဲ့ဝင်တို့က ဘီလစ်သို့ လွှဲအပ်သည့် ပစ္စည်းအရပ်ရပ်ကို သေချာစွာ ရေးသွင်းမှတ်သားပြီးကြောင်း အမှန်သိရှိရန်အလို့ငှာ ရဲစခန်းမှတ်ပုံတင် (၃၂) ကို ဘီလစ်မှတ်ပုံတင်အမှတ် (၃) ပါအချက်များနှင့် တိုက်ဆိုင်စစ်ဆေးရန် အလိုရှိလျှင် ၎င်းမှတ်ပုံတင်ကို ချက်ချင်းပေးအပ်ရမည်။ မိမိတို့ လက်အောက်ရှိ ရဲစခန်းများကို ကြည့်ရှုစစ်ဆေးရန် လာရောက်သူ ရဲအရာရှိတို့က အလားတူ ကိစ္စမျိုးအတွက် အလိုရှိသည့် အခါတွင်လည်း တရားရုံးရှိ ဘီလစ်မှတ်ပုံတင်အမှတ် (၃)ကို တရားရုံးက ခေတ္တပေးအပ်ရန် ဝတ္တရားရှိသည်။

၁၆၀၄။ ရဲတပ်ဖွဲ့ဝင်တို့သည် {အထက်အပိုဒ် (၁၅၉၆) အပိုဒ်ငယ် (ဂ)တွင် ဖော်ပြပါရှိသည့်အတိုင်း} ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၂၀ အရ သိမ်းဆည်းထားသော ပစ္စည်းများကို မည်ကဲ့သို့ စီမံခန့်ခွဲရမည်ကို ယင်းဥပဒေပုဒ်မ ၂၀ နှင့် ၂၂တွင် ညွှန်ပြထားရှိသည်။ ရဲတပ်ဖွဲ့ဝင်တို့ သိမ်းယူထားရှိသည့် အရှင်မပေါ်သည့် ပစ္စည်းအရပ်ရပ်၏ စာရင်းကို တရားသူကြီး/အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံသို့ တင်ပို့ရမည်။ ၎င်းပစ္စည်းများကို မည်သို့ စီမံခန့်ခွဲရမည့် အမိန့်ကို တရားသူကြီး/အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသာလျှင် ချမှတ်နိုင်ခွင့်အာဏာရရှိလေသည်။ မှတ်ပုံတင် (၃၂) (မြစ်မူ ၂၇/ ရဲ ၅၉)ပုံစံ (ဒုတိယဇယားကွက်ကို ချန်လှပ်၍) ပထမဇယားကွက် ၈ ကွက်တွင် အလိုရှိသော အကြောင်းအရာများ ရေးသွင်းပြီးနောက် ပုံစံလွတ် ၂ ခု ပေါ်တွင် ရေးရမည်။ ၎င်းပုံစံလွတ် ၂ ခုကို မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှတစ်ဆင့် တရား

သူကြီး/အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံသို့ တင်ပို့ရမည်။ ဇယားကွက်အမှတ် (၉)တွင် တရားသူကြီး/အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် အမိန့်ချမှတ်ပြီးသော ပုံစံတစ်စောင်ကို ဆိုင်ရာရဲစခန်းသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှ တစ်ဆင့်ပေးပို့လိမ့်မည်။ ၎င်းပုံစံကို ရဲစခန်းတွင် ရရှိသောအခါ တရားသူကြီး/အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမိန့်ကို မှတ်ပုံတင်တွင် နေ့ရာတကျ ရေးသွင်းပြီးလျှင် ၎င်းပုံစံကို ဖိုင်တွဲထားရမည်။ တရားသူကြီး/အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ ရရှိသည့် အမိန့်အတိုင်း ရဲတပ်ဖွဲ့ဝင်တို့သည် လိုက်နာဆောင်ရွက်ရမည်။ ပစ္စည်းကို ရဲတပ်ဖွဲ့ဝင်တို့ ရောင်းချစေရန် တရားသူကြီး/အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက အမိန့်ထုတ်ဆင့်လျှင် ၎င်းပစ္စည်းကို ရောင်းချမည့်အကြောင်းကို ရဲတပ်ဖွဲ့ဝင်တို့က မောင်းတီး၍ ကြော်ငြာပြီးနောက် အများဆုံးပေး၍ ဆွဲဝယ်နိုင်သူအား လေလံတင် ရောင်းချရမည်။ မှတ်ပုံတင်စာအုပ်ပါ ဇယားကွက် (၁၂) တွင် ရောင်းချသည့် အကြောင်းအရာနှင့် လက်မှတ် သို့မဟုတ် စာမတတ်သူများ၏ လက်ဝဲလက်မပုံစံကို ဇယားကွက်အမှတ် (၁၁) တွင်ရေးထိုးနှိပ်ယူရမည်။

၁၆၀၅။ မီးရထားတွဲများအတွင်း၌ ဖြစ်စေ၊ မီးရထားလမ်းနယ်နိမိတ်အတွင်း၌ဖြစ်စေ၊ ရထားရဲတပ်ဖွဲ့ဝင်တို့ တွေ့သည့်အရှင်မပေါ်သော ပစ္စည်းများကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်သားပြီးလျှင် မီးရထားဘက်ဆိုင်ရာ အရာရှိသို့ ပေးအပ်ရမည်။ ပစ္စည်းလက်ခံသူ မီးရထားဘက်ဆိုင်ရာ အရာရှိလက်မှတ်ကိုလည်း မှတ်ပုံတင်၌ပင် ရေးထိုးစေရမည်။ ၎င်းပစ္စည်းများကို စီမံခန့်ခွဲရန် ရဲတပ်ဖွဲ့ဝင်တို့ အပေါ်၌ နောက်ထပ်တာဝန်မရှိချေ။

၁၆၀၆။ အရှင်မပေါ်သော ပစ္စည်းများမှစ၍ ဖြစ်မှုကျူးလွန်ထွက်ပြေးတိမ်းရှောင်နေသူ စသည်တို့အကြောင်းကို ကြော်ငြာရန် ကြော်ငြာသင်ပုန်းကြီးတစ်ခုကို ရဲစခန်းအသီးသီး၏ အပြင်ဘက်ခြံစည်းရိုးတွင် လူအများ လွယ်လင့်

တကူ တွေ့မြင်ဖတ်ရှုနိုင်သောနေရာ၌ ကြော်ငြာထားရမည်။ ရာသီမရွေး ထားရှိနိုင်အောင် စီစဉ်ဆောင်ရွက်ထားရမည်။

၁၆၀၇။ အထက်အပိုဒ် (၁၆၀၄)တွင် ပါရှိသော ဖော်ပြချက်များမှာ ရဲစခန်းဆိုင်ရာ နယ်မြေအတွင်း တွေ့ရှိသည့် အရှင်မပေါ်သော ပစ္စည်းများနှင့်သာ သက်ဆိုင်ကြောင်းကို သတိမူကြရမည်။ မိမိခရိုင်အတွင်း အခြားရဲစခန်းမှ ဖြစ်စေ၊ အခြားခရိုင်အတွင်းရှိ ရဲစခန်းမှဖြစ်စေ၊ အရှင်မပေါ်သော ပစ္စည်းများအကြောင်းနှင့် စပ်လျဉ်းသည့် ကြော်ငြာစာများကို အောက်ပါနည်းလမ်းအတိုင်း စီမံခန့်ခွဲရမည်။ ရရှိသည့်ကြော်ငြာစာမူရင်းကို သေချာစွာတွဲထားရမည်။ မိမိခရိုင်အတွင်းရှိ အခြားရဲစခန်းမှ ကြော်ငြာစာများကိုတစ်တွဲ၊ အခြားခရိုင်အတွင်းရှိ ရဲစခန်းမှ ထုတ်သည့် ကြော်ငြာစာများကို တစ်တွဲ၊ ပေါင်းနှစ်တွဲ တွဲထားရမည်။ ၎င်းနောက်လက်ခံရရှိသည့် ရဲစခန်းသည် မူရင်းခွဲကို ကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။

၁၆၀၈။ နှစ်စဉ် ဇန်နဝါရီလ ၁ ရက်နေ့တွင်ဖြစ်စေ၊ သို့မဟုတ် သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးက သတ်မှတ်သည့်ကာလအပိုင်းအခြား တွင်ဖြစ်စေ ယခင်နှစ်မှ သို့မဟုတ် ယခင်ကာလအပိုင်းအခြားမှ လက်ကျန် ပစ္စည်းများနှင့် စပ်လျဉ်းသည့် အညွှန်းမာတိကာစာရင်းကို မင်နီနှင့် ရေးသားရမည်။ နှစ်သစ်သို့မဟုတ် အချိန်ကာလသစ်အတွက် ရေးသားရမည်ဖြစ်သော မှတ်ပုံတင်၏ အစတွင် အညွှန်း မာတိကာ စာရင်းကို ရေးသားပြီး အောက်ပါဖယားကွက် ခေါင်းစဉ်များ ပါရှိစေရမည် -

(က) ယခင်နှစ် သို့မဟုတ် ယခင်ကာလ၏အမှတ်စဉ်။
(ခ) ပစ္စည်း လက်ခံရရှိသော နေ့စွဲ။
(ဂ) နောက်ဆုံးအပြီးသတ် မည်သို့မည်ပုံ ဆောင်ရွက်ကြောင်းနှင့် ဆောင်ရွက်သည့်နေ့စွဲ။

## အခန်း (၆၅)
## ပြစ်မှုကျူးလွန်သူ လူဆိုးမှတ်တမ်းများနှင့် စောင့်ကြပ် ကြည့်ရှုခြင်းအကြောင်း

**နယ်ထိန်းမှတ်စု၊ မှတ်ပုံတင် (၃၃)**

၁၆၀၉။ အမှုဖွင့်တိုင်ကြားနိုင်သော (က) အဆင့် ရဲစခန်းမှ (ဃ)အဆင့် ရဲစခန်း၌ မိမိနယ်မြေအတွင်းရှိ နိုင်ငံရေး ပါတီများနှင့် ပါတီဝင်များ၊ မိမိနယ်မြေအတွင်းရှိ လူဆိုးများ၊ မိမိနယ်မြေအတွင်းရှိ မြေး ၄ မြေးများ၊ မိမိနယ်မြေအတွင်းရှိ မကောင်းမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ အခြားစုဆောင်းထားသင့်သည့် အထွေထွေသတင်းအချက်များ စသည်တို့ကို ရေးသွင်းထားသည့် နယ်ထိန်းမှတ်စု စာအုပ် (ပြစ်မှု ၂၂/ရဲ ၄၁) ပုံစံစာအုပ် တစ်အုပ်ကျစီ ထားရှိရမည်ဖြစ်သည်။ ၎င်းမှတ်စု စာအုပ်များမှာ စာမျက်နှာ ၁၅၀ မှ ၃၀၀ အထိပါဝင်သော ၁၁ လက်မ × ၈ လက်မ အရွယ်ရှိသော မြန်မာဘာသာဖြင့် ပုံနှိပ်ထားရှိပြီး၊ သားရေဖုံးဖြင့် ဖုံးအုပ်ထားသည့် စာအုပ်တစ်အုပ်အား အမှုဖွင့်တိုင်ကြားနိုင်သည့် ရဲစခန်းတိုင်းတွင် ဖွင့်လှစ်ထားရှိ၍ နေ့စဉ်ပြောင်းလဲမှု အခြေအနေများကို ပြုစုထားရန်ဖြစ်သည်။ အမှုစစ်အရာရှိနှင့် နယ်ထိန်းတပ်ဖွဲ့ဝင် တစ်ဦးချင်းစီတွင် ယင်းစာအုပ်ငယ်များကို ၄ လက်မ × ၆½ လက်မ အရွယ်ရှိ မှတ်စုငယ်များ အသွင်ဖြင့် ချုပ်လုပ်၍ မိမိစုံစမ်း ရသော ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အထက်ဖော်ပြပါသတင်းများကို ပြည့်စုံစွာ ရရှိနိုင်ရေး တစ်ပြေးညီ ဖြစ်စေရေးအတွက် ဖြန့်ဝေပေးထားရမည်။ ၎င်းစာအုပ် များကို အမှုစစ်အရာရှိနှင့် နယ်ထိန်းတစ်ဦးချင်းစီ လျှို့ဝှက်အဆင့်ဖြင့် လက်နက်ငယ်တစ်ခုကဲ့သို့ ကိုယ်တွင် အမြဲကိုင်ဆောင်မှတ်သားစုံစမ်းရမည်။ ၎င်းစာအုပ်များ ပျက်စီးဆွေးမြည့်သွားသောအခါတွင်သော်လည်းကောင်း၊ စာအုပ်အတွင်း ဖြည့်သွင်း ရေးသားထားပြီးဖြစ်ခဲ့သော အခါတွင်သော်လည်းကောင်း၊ စာအုပ် အသစ်ဖြင့် ရေးသားရမည်။ ထုတ်ယူအပ်နှံမည့်အခါ၌လည်း သတ်မှတ်ပုံစံ

မြေစာ ထောက်(၄)ကြီးဖြင့်သာ ထုတ်ယူခြင်း၊ အစ်နှံခြင်း၊ လွှဲပြောင်းခြင်းများ ပြုလုပ်ရမည်။ အပိုဒ် (၁၆၁၉)တွင် ဤစာအုပ်များကို မည်ကဲ့သို့ ရေးသား ဖြည့်သွင်းရမည့်အကြောင်း အကျယ် ဖော်ပြထားရှိပါသည်။

၁၆၁၀။ အထူးပုဒ်မ္ဘ စာချပ်ဖွင့်ထားသည့် လူဆိုးများ၊ မှတ်တမ်းဝင် လူဆိုး၏ အကြောင်းအရာများကို နယ်ထိန်းအဖွဲ့မှ ၎င်းတို့၏ မှတ်စု စာအုပ်ငယ်တွင် ရေးသွင်းယူလာသည့်သတင်းများအား နေ့စဉ်ရဲစခန်း၌ နယ်ထိန်းအဖွဲ့ ခေါင်းဆောင်နှင့် စခန်းမှူးတို့ ဦးစီးပြုလုပ်သည့် အစည်းအဝေးတွင် နယ်ထိန်း များမှ တင်ပြပြီး ရဲစခန်းရှိ မှတ်ပုံတင် (၃၃) တွင် ရေးသွင်းရမည်။ ယင်းအစည်း အဝေးသည် ရဲစခန်းတိုင်း၌ နေ့စဉ် ၁၆၀၀ မှ ၁၇၀၀ အချိန်ကြားတွင် ပြုလုပ် သင့်ပြီး နယ်ထိန်းအဖွဲ့အား မိမိရဲစခန်း နယ်မြေအတွင်းရှိ စုံစမ်းရမည့် သတင်းများကို လမ်းညွှန်ခြင်း၊ ပြီးခဲ့သောနေ့က နယ်ထိန်းတပ်ဖွဲ့ဝင်များ စုံစမ်းရရှိလာသည့် သတင်းများကို ဆန်းစစ်အကဲဖြတ်အတည်ပြု၍ မှန်ကန်သည့် သတင်းများကို ရဲစခန်းရှိ မှတ်ပုံတင် (၃၃)တွင် ရေးသွင်းခြင်းများကို မပျက် မကွက် ပြုလုပ်ကြရပေမည်။ နယ်ထိန်းအဖွဲ့များမှ ရရှိလာသော သတင်းများသည် မှတ်ပုံတင် (၃၃) သာမက အခြားအကျုံးဝင်မည့် အထူးပုဒ်မ္ဘ မှတ်တမ်းဝင် လူဆိုးတစ်ဦးချင်း၏ အကြောင်းအရာများကို ၎င်း၏မှတ်တမ်း ဖိုင်တွင်လည်း ဖြည့်သွင်းခြင်း၊ တရားခံပြေးများအတွက် ထားရှိသော မှတ်ပုံတင် (၂၉)တွင် လည်း တစ်ပြေးညီ ရေးသွင်းခြင်းများကို နယ်ထိန်းအဖွဲ့မှ ရေးသွင်းရပေမည်။

**ရဲစခန်းနယ်မြေအတွင်းရှိရပ်ကွက်/ကျေးရွာများမှတ်ပုံတင် (ရွာစဉ်ကျယ် စာရင်း)၊ မှတ်ပုံတင် (၃၄)**

၁၆၁၁။ ရဲစခန်းနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများ၊ ကျေးရွာ ငယ်များနှင့် ရပ်ကွက်များ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာလူကြီးများ၏ အမည်၊ အိမ်ခြေများ၊ ပြစ်မှုကျူးလွန်တတ်သူ လူဆိုးများအား စနစ်တကျ မှတ်တမ်း

တင်ထားရှိရန်အတွက် ဤမှတ်ပုံတင် (အုပ်ချုပ်ရေး ၈/ရဲ ၄၀) ပုံစံကို ထားရှိရမည်။ ရဲစခန်းနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စုများနှင့် ကျေးရွာ ငယ်များအားလုံးတို့၏ အမည်များ၊ ရပ်ကွက်/ကျေးရွာ လူကြီး အမည်များ၊ အိမ်ခြေများ၊ ၎င်းကျေးရွာများတွင် နေထိုင်သော လူဆိုးများအားလုံး ပါဝင်သည့် စာရင်းစုံကို ဖော်ပြထားရှိရမည့်အပြင် နယ်ထိန်းအဖွဲ့မှ ဤရပ်ရွာ များသို့ ရောက်ရှိသည့် ရက်များကိုလည်း ထည့်သွင်းရမည်။ သို့မှသာ ၎င်းနယ်ထိန်းအဖွဲ့တို့၏ အလုပ်ဝတ္တရားများကို စစ်ဆေးကြည့်ရှုနိုင်ပေမည်။ ဤမှတ်ပုံတင်တွင် ထည့်သွင်းရေးသားချက်များသည် မှတ်ပုံတင် (၃၃)တွင် ရေးသွင်းထားချက်များနှင့် သော်လည်းကောင်း၊ ရဲစခန်းနယ်ထိန်းအဖွဲ့၏ ခုနစ်ရက်တစ်ပတ် မှတ်တမ်းစာအုပ် နှင့်သော်လည်းကောင်း တူညီစေရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် စခန်းမှူး၊ နယ်ထိန်းအဖွဲ့တို့နှင့် တိုင်ပင်ပြီး၊ ဇယားကွက် အမှတ် (၅) တွင် သတ်မှတ် ပေးထားသည့် အချိန်ကာလအတွင်း အကြိမ်မည်မျှ သွားရောက်ရမည်ဟု ရေးသွင်းဖော်ပြရမည်။ ဥပမာ-တစ်လလျှင် ၃ ကြိမ်၊ သို့မဟုတ် ၄ ကြိမ် လာရောက်ရမည်ဟု မှတ်သားရမည်။ ကျေးရွာတစ်ရွာသို့ အကြိမ်မည်မျှ သွားရောက်ရမည်ကို ၎င်းကျေးရွာတွင် နေထိုင်သည့် သို့မဟုတ် လာရောက်သည့်လူဆိုးအရေအတွက် အားဖြင့်သော်လည်းကောင်း ၎င်းကျေးရွာ ၏ သတင်းကျော်စောခြင်းအရသော် လည်းကောင်း၊ သတ်မှတ်ရမည်။ ဤကဲ့သို့ သွားရောက်ရမည်ကို အကြိမ်မည်မျှ အတိအကျသတ်မှတ်ပြုလုပ်ထား နိုင်ခြင်းမရှိ၊ သို့သော်လည်း လူဆိုးများရှိရာရွာသို့ တစ်လလျှင် ၄/၅ကြိမ်ကျ သွားရောက်ပြီး သတင်းကောင်းကြားရသည့် လူကောင်းများနေထိုင်ရာ ရပ်ကွက်/ကျေးရွာများသို့၊ အနည်းဆုံး တစ်လလျှင် တစ်ကြိမ်ကျ သွားရောက် ရမည်။ ကျေးရွာတစ်ခုခုကို ရံဖန်ရံခါ သွားရောက်ရမည် ဖြစ်သည့်အခါ (ဖြစ်မှု ၇၈) ပုံစံတွင် လက်မှတ်ရေးထိုးမှတ်တမ်းတင်ရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့မှ သွားရောက်စစ်ဆေးသည့်အခါ ရပ်ကွက်/ကျေးရွာ လူကြီးများထံမှ (ဖြစ်မှု ၇၈) ပုံစံကို တောင်းယူ၍ စစ်ဆေးကြည့်ရှုရမည်။

**ရဲအရာရှိများလာရောက်ကြည့်ရှုသည့် မှတ်တမ်းစာအုပ်**

၁၆၁၂။ ရပ်ကွက်/ကျေးရွာအုပ်စု လူကြီးများထံတွင် ရဲအရာရှိ များလာရောက်ကြည့်ရှုသည့် မှတ်တမ်းစာအုပ် (ပြစ်မှု ၇၈) ပုံစံတစ်အုပ်ကျစီကို ရပ်ကွက်/ကျေးရွာအုပ်စုတိုင်း၌ ထားရှိရမည်။ ရဲအရာရှိ ရောက်သောအခါ ၎င်းမှတ်တမ်းစာအုပ် တတိယပိုင်းတွင် မိမိရောက်ရှိသည့် ရပ်ကွက်/ကျေးရွာမှ လူဆိုးများနှင့်တွေ့ဆုံမေးမြန်းချက်၊ စစ်ပြေးများ၊ ရဲပြေးများ၊ ရဲဘက်ပြေးများ၊ တရားခံပြေးများ၊ ဝရမ်းပြေးများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ၎င်းတို့၏ ဆွေမျိုးအပေါင်း အသင်းတို့နှင့်တွေ့ဆုံမေးမြန်းပြီး မေးမြန်းချက်များကို ရေးသားလက်မှတ်ထိုးရမည်။ နယ်ထိန်းအဖွဲ့ဝင်တို့သည် ဤမှတ်တမ်းစာအုပ် ပထမပိုင်းနှင့် ဒုတိယပိုင်းတွင် ရေးသွင်းချက်များကို အချိန်ကာလ အားလျော်စွာ မှန်ကန်စွာ ဖြည့်သွင်းထားရှိရမည့်အပြင် ရပ်ကွက်/ကျေးရွာလူကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လည်း တာဝန်ရှိသည်။ ဤမှတ်တမ်းစာအုပ်ကို အောက်ပါအတိုင်း ၃ ပိုင်း ပိုင်းခြားထားသည် -

(က) ပထမပိုင်း။ ရပ်ကွက်/ကျေးရွာအတွင်း နေထိုင်ကြ သော 'က'၊ 'ခ' လူဆိုးများ။

(ခ) ဒုတိယပိုင်း။ ရပ်ကွက်/ကျေးရွာအတွင်း လာရောက် မည့် လက္ခဏာရှိသော စစ်ပြေး၊ ရဲပြေး၊ ရဲဘက်ပြေး၊ တရားခံပြေးနှင့် ထောင်ပို့ဝရမ်းထုတ် ဆင့်ခြင်းခံရသည့် ဝရမ်းပြေးများ။

(ဂ) တတိယပိုင်း။ မည်သည့်အကြောင်းကြောင့် ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာများသို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြလက်မှတ်ရေးထိုးရန်။

နယ်ထိန်းအဖွဲ့မှ စောင့်ကြပ်ကြည့်ရှုရန်လိုအပ်သည့်လူဆိုးများ

၁၆၁၃။ မည်သည့်ရဲစခန်းတွင်မဆို ရဲစခန်းမှူး၊ နယ်ထိန်းတာဝန်ခံ အရာရှိ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်ရဲတပ်ဖွဲ့ဝင်အားလုံးတို့သည်မိမိနယ်မြေ အတွင်းရှိ လူဆိုးများကိုစောင့်ကြပ်ကြည့်ရှုရန် တာဝန်ရှိသည်။ စောင့်ကြပ်ကြည့်ရှုရမည့် လူဆိုးများကို အောက်ပါအတိုင်း'က'နှင့်'ခ'ဟူ၍ နှစ်မျိုး နှစ်စားခွဲခြား ထားသည်-

(က) 'က' အမျိုးအစားလူဆိုးဆိုသည်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ အခန်း၁၂/၁၇ပါအကျဉ်စာရိတ္တနှင့်ပတ်သက်သောပြစ်မှုများ ကိုကျူးလွန်၍ပြစ်ဒဏ်ရရှိပြီးသူများဖြစ်ပြီး၊ ဒုတိယအကြိမ် ထပ်မံဖြစ်သူများနှင့်ထပ်မံဖြစ်ရန် အလားအလာရှိ၍ခြေချုပ် ထပ်ဖွင့်ထားသူများလည်း ပါဝင်လေသည်။ ထို့ကြောင့် အောက်ဖော်ပြပါ အချက်များနှင့် အကျုံးဝင်သူများလည်း ပါဝင်သည်-

(၁) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ၅၆၅အရအမိန့်ချမှတ် ခြင်းခံရသူလူဆိုးများ။

(၂) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁အရ စည်းကမ်း သတ်မှတ်ချက်ဖြင့်လွှတ်ထားသော အကျဉ်းသားများ၊

(၃) ပြစ်မှုကြိုတင်ကာကွယ်ရေးအတွက်ထုတ်ပြန်ထားသော ဥပဒေများအရခံဝန်ချုပ်ဖြင့်ထားသူများ။

(ခ) 'ခ'အမျိုးအစားလူဆိုးများမှာ လျှို့ဝှက်စွာစောင့်ကြည့်ရမည့် 'က'စာရင်းတွင်မပါဝင်သူများကို ဆိုလိုသည်။ တစ်နည်း အားဖြင့် ပြစ်ကျဘူးခြင်းမရှိသော်လည်း ပြစ်မှုကျူးလွန်ရန် နောက်ကွယ်မှ ကြိုးကိုင်သူများ၊ ရွက်ပုန်းသီးလူဆိုးများ၊ မသင်္ကာလူဆိုးများနှင့် ပြစ်မှုကျူးလွန်ရန်အလားအလာရှိ၍ စောင့်ကြည့်သင့်သူများဖြစ်သည်။၎င်းတို့ကိုခရိုင်ရဲတပ်ဖွဲ့မှူး မြို့နယ်ရဲတပ်ဖွဲ့မှူးတို့မှ စိစစ်အတည်ပြုရမည်။

၁၆၁၄။ 'က' အမျိုးအစား၌ သတ်မှတ်ထားသော လူဆိုးတို့သည် အလို အလျောက် နယ်ထိန်းအဖွဲ့ဝင်တို့က စောင့်ကြပ်ကြည့်ရှုရန် ဖြစ်လာသည့် အလျောက် ၎င်းတို့အပေါ်တွင် ချမှတ်ထားသော အမိန့်များကို မကျူးလွန်ရန် အခါမလပ် ကြည့်ရှုနေရန် လိုအပ်မည်ဖြစ်သည်။ သို့သော်လည်း ၎င်းတို့အား မလိုအပ်ဘဲ ကြပ်တည်းပြင်းထန်စွာ ကြည့်ရှုစစ်ဆေးရန် မလိုချေ။ မည်သည့် အမျိုးအစား လူဆိုးမဆို ပြစ်မှုများကို အစဉ်တစိုက် ကျူးလွန်စားသောက် နေထိုင် ကြောင်း ယုံကြည်ရသည့်အခါ ၎င်းတို့အား နယ်ထိန်းအဖွဲ့က မျက်ခြည်မပြတ် စောင့်ကြပ် ကြည့်ရှုရမည်။ ရဲစခန်းသို့ တိုင်ကြားခြင်းမပြုဘဲ ရပ်ကွက်/ကျေးရွာ လူကြီး တစ်ဦးဦးက တိုက်ရိုက်တိုင်လျှောက်စွဲဆိုသော ပြစ်မှု သို့မဟုတ် တရားသူကြီး ကိုယ်တိုင်အစပြု၍ အရေးယူသည့် ပြစ်မှုမှခံဝန်ချုပ် ချုပ်ဆိုထား ရှိသည့် လူဆိုးများအား နယ်ထိန်းအဖွဲ့မှ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စပ်လျဉ်း၍ ခရိုင်ရဲတပ်ဖွဲ့မှူးက မိမိသဘောအလျောက်ပြုလုပ်နိုင်သည်။

၁၆၁၅။ 'ခ' အမျိုးအစားတွင် ပါဝင်သော လူဆိုးများမှာ နယ်ထိန်းအဖွဲ့ မှ အမှန်တကယ်စောင့်ကြပ်ကြည့်ရှုရန် လိုအပ်သော လူဆိုးများ ဖြစ်သည်။ ဤကဲ့သို့ စောင့်ကြပ်ကြည့်ရှုရန် လိုအပ်သော လူဆိုးများကို သတိကြီးစွာဖြင့် စိစစ်ရွေး ချယ်ရပေမည်။ ပြစ်မှုအမြဲကျူးလွန်တတ်သော လူဆိုးတစ်ဦးအား သေးငယ်သော ပြစ်မှုအတွက် ပြစ်ချက်ဟောင်း အမြောက်အများရှိရုံမျှနှင့် အန္တရာယ်ပြုလိမ့်မည် ဟု မယူဆနိုင်သဖြင့် စောင့်ကြပ်ကြည့်ရှုရန် မလိုပေ။ သို့ရာတွင် အန္တရာယ် ပြုတတ်သောလူဆိုးများ အားလုံးကိုကား၊ ၎င်းတို့၌ ပြစ်ချက်ဟောင်းရှိ သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြစ်မှုကျူးလွန်မည့် လက္ခဏာများရှိသမျှ ကာလပတ်လုံး စောင့်ကြပ် ကြည့်ရှု ရမည်။ ပြစ်မှုကြိုတင်ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော ဥပဒေအရ အရေးမယူသေးသော ပြစ်မှုအမြဲ ကျူးလွန် တတ်သူလူဆိုး၊ သို့မဟုတ် အန္တရာယ် ပြုတတ်သည်ဟု သက်သေမကင်းသူ လူဆိုး များအား စောင့်ကြပ်ကြည့်ရှုခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့သည် ပြစ်မှု

တစ်ခုခုနှင့် ပတ်သက်ကြောင်း ထင်ရှားစေခြင်းငှာ၊ သို့မဟုတ် ဖြစ်မှုကြိုတင်ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော ဥပဒေတစ်ခုခုအရ ၄င်းတို့အား တရားစွဲနိုင်လောက်သော သက်သေ အထောက်အထား များရရှိစေခြင်းငှာ၊ သွားလာနေထိုင်ပုံများကို ထိရောက်စွာ စောင့်ကြည့်ရန် ဖြစ်သည်။ အကယ်၍ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း၌ ၄င်းတို့အပေါ်တွင် သက်သေခံ အထောက်အထား မတွေ့ရှိခဲ့သော် စောင့်ကြပ်ကြည့်ရှုခြင်းမှ ရပ်စဲရမည့်အပြင် အတ္တုပ္ပတ္တိစာချုပ်များကိုလည်း ပိတ်ရမည်။ အတ္တုပ္ပတ္တိစာချုပ်ကို လိုအပ်သော အခါ အချိန်မရွေးပြန်ဖွင့်နိုင်သည်။ ခရိုင်ရဲတပ်ဖွဲ့မှူး၊ သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ထံမှ တိကျစွာ အမိန့်မရရှိသော မည်သည့်လူဆိုးများ၊ သို့မဟုတ် မသင်္ကာသူများကိုမျှ ဤစောင့်ကြပ်ကြည့်ရှုရသော 'ခ' အမျိုးအစား လူဆိုးအဖြစ် မထည့်သွင်းရ။ ခရိုင်ရဲတပ်ဖွဲ့မှူး၊ သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှ အမိန့်မရရှိပဲ မည်သည့် အတ္တုပ္ပတ္တိစာချုပ်ကိုမျှ ရပ်စဲခြင်းမပြုရ။

**အတ္တုပ္ပတ္တိစာချုပ်ဖွင့်ခြင်းခံရသည့်လူဆိုးများနှင့် မသင်္ကာသော စည့်သည် အာဂန္တုများကိုကြီးကြပ်စောင့်ကြည့်ခြင်း၊ ၄င်းတို့အကြောင်းများကို အစီရင်ခံခြင်းနှင့်စပ်လျဉ်းသော နည်းလမ်းများ**

၁၆၁၆။ 'က' အဆင့် ရဲစခန်းမှ 'ဃ' အဆင့် ရဲစခန်းအထိ၊ နယ်ထိန်းအရာရှိတစ်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သော လူဆိုးများကို စောင့်ကြပ်ကြည့်ရှုရသည့် တာဝန်ကို ဖွဲ့စည်းပုံဖြင့် သတ်မှတ်ထားသော်လည်း၊ ဖွဲ့စည်းပုံမပါဝင်သည့် 'င'အဆင့် ရဲစခန်းမှ လုံခြုံရေးအရ ဖွင့်ထားသည့် ရဲဂေါင်းများအထိ လူဆိုးများကို စောင့်ကြပ်ကြည့်ရှုရန် တာဝန်မှာ ရဲစခန်းများ၌ရှိသည့် အရာရှိများအပါအဝင် ရဲတပ်ဖွဲ့ဝင် အားလုံး၌ တာဝန်ရှိပေသည်။

၁၆၁၇။ နယ်ထိန်းအဖွဲ့မှ စောင့်ကြပ်ကြည့်ရှုရသော 'က' အမျိုးအစားနှင့် 'ခ'အမျိုးအစား ခွဲခြားထားသော လူဆိုးစာရင်းကို နှစ်ခုခွဲပြီးလျှင် ရဲစခန်း

တိုင်းတွင် ထားရှိရမည်။ ရဲစခန်းတွင်ရှိသည့် အားလုံးသော ရဲအရာရှိများ မှာ သတ်မှတ်ထားသည့် နယ်ထိန်းစုံထောက်မှတ်စုစာအုပ်ဖြင့် 'က' အမျိုးအစားပါ လူဆိုးစာရင်းကို မှတ်သားထားရှိစေရမည်။ ၎င်းတို့၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ကြုံကြိုက်သည့်အခါ၌ ယင်းစာရင်းပါ လူဆိုးတို့၏ အကျင့်စာရိတ္တအကြောင်းကို စစ်ဆေးရန်မှာ ၎င်းတို့၏ အလုပ်ဝတ္တရား တစ်ပိုင်းပင်ဖြစ်သည်။ ထိုသို့ ပြုလုပ် ခြင်းဖြင့် နယ်ထိန်းအဖွဲ့ဝင်တို့၏ လုပ်ငန်းအနက် ဤလုပ်ငန်းတွင် တာဝန် အနည်းငယ် လျော့ပါးစေသည် ဖြစ်သောကြောင့်သာ၍ အရေးကြီးသော 'ခ' အမျိုး အစားပါ လူဆိုးတို့ကို ပိုမို၍ စောင့်ကြပ်ကြည့်ရှုနိုင်ရန် အချိန်ရမည်ဖြစ်သည်။ နယ်ထိန်းအဖွဲ့ဝင်တို့ သည် နိုင်ငံရေးနှင့်စပ်လျဉ်း၍လည်း သတင်းအရပ်ရပ် စုဆောင်းပေးနိုင်သော ဌာနဖြစ်သည့်အားလျော်စွာ ၎င်းတို့ စုဆောင်း၍ရသော သတင်းစကားများကို ရဲစခန်းမှူးနှင့် နယ်ထိန်းအရာရှိတို့ အမှန်တကယ် အသုံးပြုနိုင်ရန်ဖြစ်စေခြင်းငှာ စုံထောက်ခြင်း အလုပ်ကို နည်းလမ်းကျစွာ ဆောင်ရွက်ခြင်း ရှိမရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက ကြပ်မတ်စစ်ဆေးရမည်။ ဤကိစ္စတွင် ချွတ်ယွင်းခြင်း မရှိစေခြင်းငှာ 'ခ' အမျိုးအစား စာရင်းပါ အမည်နာမများကို သတိများစွာ ထား၍ ရွေးချယ်ရမည်။ အမည်နာမများ နည်းပါးနိုင်သလောက် နည်းပါးစေရန် ကန့်သတ်ထားရမည်။

၁၆၁၈။ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးတို့သည် မိမိတို့၏ ပြည်နယ်/ တိုင်း ရှိ ခရိုင်၊ မြို့နယ်များသို့ စစ်ဆေးကြပ်မတ်ရန်သွားရောက်ကြသည့်အခါ လူဆိုးများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ဆိုင်သော အမိန့်များ၊ နည်းလမ်းများကို တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးကြပ်မတ်ကြည့်ရှုရန် အလေးထားကြရမည်။

၁၆၁၉။ နယ်ထိန်းတပ်ဖွဲ့ဝင်တို့၏ အလုပ်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အပိုဒ် (၁၆၁၁)တွင် ဖော်ပြထားရှိသည့်အတိုင်း မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာ ရဲစခန်းမှူးနှင့် နယ်ထိန်းအဖွဲ့တို့အား ဆွေးနွေးပြီးနောက် မည်သည့် ကျေးရွာသို့ ရဲစခန်းနယ်ထိန်းအဖွဲ့သည် ခေါက်ရေ မည်မျှရောက်သင့်သည်ကို ဇယားကွက် (၅) တွင် ဖော်ပြသတ်မှတ်ရပါသည်။ ဇယားကွက် (၁၂) တွင် နယ်ထိန်းအဖွဲ့က ရောက်ရှိသည့် နေ့စွဲကို လက်မှတ် ထိုး၍ ဖော်ပြရပါသည်။

(ခ) ရဲစခန်းတွင်ရှိသော အားလုံးသော အမှုစစ်အရာရှိနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များအတွက် မှတ်ပုံတင်ဖြစ်သော (ပြစ်မှု ၂၂/ရဲ ၄၁)ပုံစံဖြင့် နယ်ထိန်းစုံထောက်မှတ်စုစာအုပ်ငယ်တစ်အုပ်စီ ထုတ်ပေးထားရမည်၊ ရဲစခန်းတွင် ထိုနယ်ထိန်းအဖွဲ့ဝင်များ တာဝန်ယူ စုံထောက်ရသည့် ရပ်ကွက်များကို စုပေါင်း၍ ရဲစခန်းရှိ နယ်ထိန်းတာဝန်ခံအရာရှိမှ တာဝန်ယူရေးသားရသော နယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စုများနှင့်သက်ဆိုင်သည့် နယ်ထိန်းစုံထောက်မှတ်တမ်း၊ မှတ်ပုံတင် (၃၃) ၁၁ လက်မ × ၈လက်မအရွယ် စာအုပ်ကြီး တစ်အုပ်ရှိရမည်ဖြစ်သည်။ နယ်ထိန်း စုံထောက်မှတ်တမ်းနှင့်မှတ်စုငယ် နှစ်ခုစလုံးတွင် ပါဝင်မည့် အကြောင်းအရာသည် အပိုင်း ၆ ပိုင်း ပါဝင်ရမည်။ ၎င်းတို့မှာ -

(၁) အပိုင်း (၁)။ မိမိနယ်မြေအတွင်းရှိ ရပ်ကွက်/ ကျေးရွာများနှင့် လူကြီးများစာရင်း

(ကက) ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၏စဉ်၊ အမည်၊ တာဝန်၊ နေရပ်လိပ်စာ။

( ခ ခ ) ရာအိမ်မှူးများ၊ စဉ်၊ အမည်၊ တာဝန်၊ နေရပ်လိပ်စာ။

( ဂ ဂ ) ဆယ်အိမ်မှူးများ၊ စဉ်၊ အမည်၊ တာဝန်၊ နေရပ်လိပ်စာ။

( ဃဃ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူးများ၊ စဉ်၊ အမည်၊ တာဝန်၊ နေရပ်လိပ်စာ။

( င င ) မီးသတ်ကြက်ခြေနီအဖွဲ့များမှ တပ်ခွဲမှူးတပ်စုမှူးများ၊ စဉ်၊ အမည်၊ တာဝန်၊ နေရပ်လိပ်စာ။

(၂) အပိုင်း (၂)။ မိမိနယ်မြေအတွင်းရှိ နိုင်ငံရေးပါတီများနှင့် ပါတီဝင်များစာရင်း

( ကက ) ပါတီများ၏ တည်နေရာလိပ်စာများ။

( ခ ခ ) ပါတီဝင်တစ်ဦးချင်း၏ နေရပ် လိပ်စာများ။

( ဂ ဂ ) နိုင်ငံရေးအရ ဆန့်ကျင်လိုသူများစာရင်း(ကျောင်းသား/ရဟန်း/လူပုဂ္ဂိုလ်များ) နှင့်လိပ်စာ။

(၃) အပိုင်း (၃)။ မိမိနယ်မြေအတွင်းရှိ လူဆိုးများစာရင်း

( ကက ) 'ဖ' စာရင်းဝင်လူဆိုး၊ အပြာရောင် (ဓါးဆိုးလုနှိုက်)။

( ခ ခ ) 'က' စာရင်းဝင်လူဆိုး၊ အနီရောင် (လူသတ်ဓားပြ၊ မုဒိမ်းလူသတ်၊ လုယက်လူသတ်၊ လုယက်မှုကြီး ပုဒ်မ ၃၉၂) တို့ကို တစ်ဆက်တည်းကျူးလွန်သူများ။

( ဂ ဂ ) 'က' စာရင်းဝင်လူဆိုး၊ အဝါရောင် (ဖောက်ထွင်းမှုကျူးလွန်သူများ)။

( ဃဃ ) 'က'စာရင်းဝင်လူဆိုး၊ အဲစိမ်းရောင် (လိမ်လည်၊ အတု၊ မုဒိမ်း)

( င င ) 'က' စာရင်းဝင်လူဆိုး၊ အနက်ရောင် (ခိုးရာပါပစ္စည်းလက်ခံ)။

( စ စ ) 'က' စာရင်းဝင်လူဆိုး၊ အညိုရောင် (တိရစ္ဆာန်ခိုးမှု)။

( ဆဆ ) 'က' စာရင်းဝင်လူဆိုး၊ လိမ္မော်ရောင် (နိုင်ငံရေးပြစ်မှုနှင့်အပြစ်ကျူးသူများ)။

( ဇ ဇ ) 'ခ' စာရင်းဝင်လူဆိုး၊ အဖြူရောင် (မသင်္ကာစာရင်း)။

( ဈဈ ) အထူးပွဲတွဲလူဆိုး (အထက်ဖော်ပြပါ အမှုကြီးများထဲမှ အထူးပွဲတွဲဖွင့်ရန် လိုအပ်သော လူဆိုးများကို၊ ၎င်းတို့အား သတ်မှတ်သည့် အရောင်၊ အကွက်အတွင်း၌ (H.S) (History Sheet) ဟုဖော်ပြရန်၊ ဥပမာ - မောင်နီသည် လူသတ်၊ ဓားပြ၊ မုဒိမ်း ဖောက်ထွင်း စသောပြစ်မှုကြီးများကို အကြိမ်ကြိမ်ကျူးလွန်ပြီး ရပ်ရွာလူထုအတွက်၊ အန္တရာယ်ကြီးသည်ဟု ယူဆပါက၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၅ အပြင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးသည် အထူးပွဲတွဲ စာချပ်ဖွင့်ရန် ဆုံးဖြတ်သင့်သည်။

(၄) အပိုင်း (၄)။ မိမိနယ်မြေအတွင်းရှိမြေး ၄ မြေး

( ကက ) စစ်မြေးများ။

( ခ ခ ) ရဲမြေးများ။

( ဂ ဂ ) ရဲဘက်မြေးများ။

( ဃဃ ) တရားခံမြေး၊ ဝရမ်းမြေးများ။

(၅) အပိုင်း (၅)။ မိမိနက်မြေအတွင်းရှိ မကောင်းမှုဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများ

( ကက ) ခိုးရာပါပစ္စည်းလက်ခံလေ့ရှိသူများ။

( ခ ခ ) လောင်းကစားဒိုင်များ၊ လောင်းကစား ပြုလုပ်လေ့ရှိသည့် အိမ်များ။

( ဂ ဂ ) ခရုပ်ပုန်းချက်လုပ်၊ ရောင်းချသူများ။

( ဃဃ ) မူးယစ်ဆေးဝါးရောင်းချသူ၊ သုံးစွဲသူ၊ သယ်ဆောင်သူများ။

( င င ) ကျော်စောသတင်းရှိသော အလှပြင်ခန်း၊ စားသောက်ခန်း၊ တည်းခိုဆောင်များ။

( စ စ ) ပြည့်တန်ဆာခေါင်းနှင့် ပြည့်တန်ဆာများ။

( ဆဆ ) လိုင်စင်မဲ့ပစ္စည်းများကို အပေါင်ခံ တတ်သူများ။

( ဇ ဇ ) အလုပ်လက်မဲ့ အလေအလွင့်များ။

( ဈဈ ) အမျိုးသမီးနှင့်ကလေးသူငယ်များ အား သွေးဆောင်ဖြားယောင်း၍ တစ်ဘက် နိုင်ငံသို့ ခိုးထုတ်တတ်သူများ။

(ညည) လိုင်စင်မဲ့ သားသတ်လုပ်တတ်သူများ။

(၆) အပိုင်း (၆)။ စုဆောင်းထားသင့်သည့် အထွေထွေအချက်များ

(ကက) ထူးခြားသော ဧည့်စာရင်းများ။

(ခခ) အခြားအရေးကြီးသောသတင်းများ။

၁၆၂၀။ နယ်ထိန်းအဖွဲ့ဝင်တို့၏ အလုပ်ဝတ္တရားများမှာ ပြစ်မှုများ မဖြစ်ပွားရန် တားဆီးကာကွယ်စေရန်အတွက်ဖြစ်ပြီး၊ ဖြစ်ပွားသည့် ပြစ်မှုများကို ပေါ်ပေါက်အောင် စုံထောက်စေခြင်းအတွက် မဟုတ်ပေ။ ၎င်းတို့၏ မူရင်းအလုပ်ဝတ္တရားမှာ အရေးကြီးသော လူဆိုးတို့ကို စောင့်ကြပ်ကြည့်ရှုရန်ဖြစ်သည်။ ၎င်းတို့ သည် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည့် ပြစ်မှုကျူးလွန်တတ်သူမည်သူ့ကိုမဆို ဖမ်းဆီးနိုင်သည်။ သို့ရာတွင် ၎င်းတို့အား တာဝန်ခွဲဝေပေးထားသည့် နယ်မြေ၌ ၎င်းတို့၏ အကူအညီကို လိုအပ်ခဲ့လျှင် အမှုစုံစမ်းစစ်ဆေးသူအရာရှိတို့အားကူညီရန် ၎င်းတို့အား အသုံးပြုနိုင်သည်။ နယ်ထိန်းတပ်ဖွဲ့ဝင်တို့ကို ရဲစခန်းပိုင် နယ်မြေအတွင်းမှ လူဆိုးတို့အား စေ့စပ်စုံလင်စွာ သိကျွမ်းနိုင်စေရန်အတွက် နယ်ထိန်းအလုပ်ဝတ္တရားနှင့် ကြည်ရှုစွာ လုံလောက်အောင် တာဝန်ပေးထားရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးထံမှ အမိန့်မရဘဲ ၎င်းတို့အား အခြားတာဝန် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၁၆၂၁။ နယ်ထိန်းတပ်ဖွဲ့ဝင်များမှ တစ်ပါး၊ ရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင် တို့သည် မိမိတို့၏ မှတ်စုစာအုပ်တွင် မိမိတို့ဆောင်ရွက်ခဲ့သည့် စုံစမ်းချက်နှင့် ရရှိခဲ့သည့် သတင်းစကားများကို ရေးမှတ်ထားရမည်။ ၎င်းတို့သည် ရပ်ကွက်/ကျေးရွာလူကြီးများထံတွင် ထားရှိသော (ပြစ်မှု ၇၈) စာအုပ်တတိယပိုင်းတွင် ၎င်းတို့ရောက်ရှိသည့် နေ့စွဲနှင့်တကွ မည်သည့်အတွက် လာရောက်ကြောင်းကို ရေးသားဖော်ပြရမည်။ ပြစ်မှုကျူးလွန် တတ်သူများအား စုံစမ်းခြင်းဖြစ်လျှင်

လည်း၊ ၎င်းတို့စုံစမ်း ခဲ့သူများ၏ အမည်များကို ရေးသားဖော်ပြရမည်။ ရဲစခန်းမှူးသည် မိမိရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင် အားလုံးတို့ရရှိသော လူဆိုးများနှင့် ပတ်သက်သည့် စုံစမ်းချက်နှင့် သတင်းများကို သိရှိနိုင်ရန်အတွက် ၎င်းတို့၏ မှတ်စုစာအုပ်များကို မကြာခဏ စစ်ဆေးကြည့်ရှုရမည်။ ရဲတပ်ဖွဲ့ဝင်တို့ကလည်း ထိုစုံစမ်းရရှိချက်နှင့် သတင်းစကားများကို ရဲစခန်းသို့ ပြန်လည်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ရဲစခန်းမှူးထံတင်ပြရမည်။ ၎င်းတို့၏ မှတ်စုများထဲမှ နယ်ထိန်း အဖွဲ့အတွက် အသုံးဝင်မည့် အချက်အလက်များကို နယ်ထိန်းအဖွဲ့ဝင်တို့အား လည်းကောင်း၊ အမှုစစ်အရာရှိများအတွက် အသုံးဝင်မည့် အချက်အလက် များကို အမှုစစ်အရာရှိတို့အားလည်းကောင်း မှတ်သားစေရမည်။

၁၆၂၂။ လူဆိုးတစ်ယောက်အား အတ္ထုပ္ပတ္တိစာချုပ်ဖွင့်ရန် ခရိုင်ရဲတပ်ဖွဲ့ မှူးထံမှ အမိန့်ရရှိသောအခါ ရဲစခန်းမှူးသည် နယ်ထိန်းအဖွဲ့ခေါင်းဆောင်အား ထိုသို့အတ္ထုပ္ပတ္တိစာချုပ်ဖွင့်လှစ်ရန် ညွှန်ကြားရမည်။ ယိုလူဆိုးကို အတ္ထုပ္ပတ္တိ စာချုပ်ဝင် လူဆိုးအဖြစ် ပြုလုပ်ထားကြောင်းကို ၎င်းလူဆိုးနေထိုင်သော ရပ်ကွက်/ကျေးရွာ လူကြီးအား အကြောင်းကြား အသိပေးရန်မှာ နယ်ထိန်း အဖွဲ့ခေါင်းဆောင်၏ တာဝန်ဝတ္တရား ဖြစ်သည်။

၁၆၂၃။ အတ္ထုပ္ပတ္တိစာချုပ်များဖွင့်လှစ်ထားပြီး ဖြစ်သည့် ရဲစခန်းပိုင် နယ်မြေတွင် နေထိုင်သူ 'ခ'အမျိုးအစားပါ လူဆိုးတို့နှင့် စပ်လျဉ်း၍ ရရှိသော မည်သည့်သတင်းစကားကိုမဆို ရဲစခန်းမှူးထံသို့ ချက်ချင်းအစီရင်ခံရန်မှာ ယင်းနယ်မြေတာဝန်ခံနယ်ထိန်းတပ်ဖွဲ့ဝင်နှင့် နယ်ထိန်းအဖွဲ့ခေါင်းဆောင်တို့၏ အလုပ်ဝတ္တရား ဖြစ်သည်။ ထိုကဲ့သို့သော ရရှိသည့် သတင်းများကို နယ်ထိန်း အဖွဲ့ခေါင်းဆောင်က ၎င်း၏ 'ခုနစ်ရက်တစ်ပတ်မှတ်တမ်း' တွင် ရေးသွင်းဖော်ပြ ရမည့်အပြင် အရေးကြီးသော မည်သည့်သတင်းစကားကိုမဆို ဆိုင်ရာလူဆိုး တို့၏ အတ္ထုပ္ပတ္တိစာချုပ်များတွင် ချက်ချင်းထည့်သွင်းရမည်။

ရဲစခန်းနယ်ထိန်းအဖွဲ့၏ ခုနစ်ရက်တစ်ပတ်မှတ်တမ်း၊ မှတ်ပုံတင် (၃၅) ၁၆၂၄။ နယ်ထိန်းအဖွဲ့ခေါင်းဆောင် အရာရှိသည် ခုနစ်ရက် တစ်ပတ် မှတ်တမ်း (ပြစ်မှု ၂၂-က) ပုံစံကို ထားရှိ၍ အောက်ပါသတင်း အချက်အလက်များကို ရေးသားရမည် -

(က) သွားရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာအမည်၊ နောက်ဆုံး သွားရောက်ခဲ့သည့်နေ့စွဲ၊ ယင်းရပ်ကွက်၊ ကျေးရွာ တွင်ရှိသော လူဆိုးအရေအတွက်၊ ရောက်ရှိသည့် အချိန်/ နာရီနှင့် ပြန်လည်ထွက်ခွာသည့် အချိန်/နာရီ။

(ခ) မိမိကိုယ်တိုင်တွေ့ရှိခဲ့ရသည့် အတ္တုပ္ပတ္တိစာချုပ်ဝင် လူဆိုး များ၏ အမည်များနှင့် ၎င်းတို့နှင့် သက်ဆိုင် သောသတင်း စကားများ။

(ဂ) စုံစမ်းမေးမြန်းခဲ့သော အတ္တုပ္ပတ္တိစာချုပ်ဝင် လူဆိုးများ၏ အမည်များနှင့် ၎င်းတို့နှင့် သက်ဆိုင်သော သတင်း စကားများ။

(ဃ) စုံစမ်းမေးမြန်းခဲ့သော စစ်ပြေး၊ ရဲပြေး၊ ရဲဘက်ပြေး၊ တရားခံပြေး/ဝရမ်းပြေးတို့၏ အမည်များနှင့် ၎င်းတို့ နှင့်သက်ဆိုင်သော သတင်းစကားများ။

(င) ရပ်ကွက်/ကျေးရွာတွင်ရှိသော အခြားအကျင့် စာရိတ္တ မကောင်းသူများနှင့် ပတ်သက်သည့် ရရှိသော သတင်း စကားများ။

(စ) ရပ်ကွက်/ကျေးရွာတွင်တွေ့ရှိသော မသင်္ကာ ဧည့်သည် များ၏ အမည်များနှင့် ၎င်းတို့နှင့် သက်ဆိုင် သောသတင်း စကားများ၊ ၎င်းပြင် ထိုဧည့်သည်များ အတွက် (ပြစ်မှု ၃၆/ရဲ ၇၁) ပုံစံပေးပို့မေးမြန်းထား ခြင်းရှိမရှိ။

(ဆ) နောက်ဆုံးအကြိမ်သွားရောက်ခဲ့ပြီးနောက်၊ ယခု ရောက်ရှိသည့် အကြိမ်အတောအတွင်း သေဆုံးခဲ့သော လက်ပုံစံအမှုတွဲ ပြုလုပ်ထားသည့် လက်ပုံစံ (F.P) လူဆိုးများ၏ အမည်များ။

(ဇ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်ပတ်သက်သည့် သတင်းများ၊ လောင်းကစားခြင်းများ၊ လိုင်စင်မဲ့အရက်ချက်လုပ်ခြင်းများ၊ လိုင်စင်မဲ့ လက်နက်ခဲယမ်းစသည်တို့၏ သတင်းများနှင့် ရဲစခန်းသို့ တိုင်ကြားခြင်းမပြုသော ပြစ်မှုဖြစ်ပွားခြင်းစသည်တို့၏ သတင်းစကားများ။

(ဈ) တိုင်းရေးပြည်မှုနှင့် သောင်းကျန်းသူ အခြေအနေများ၊ ဒေသန္တရဆိုင်ရာ အနှောင့်အယှက်စသည်တို့၏ သတင်းစကားအရပ်ရပ်။

ဤမှတ်တမ်းကို ရဲစခန်းနယ်ထိန်းအဖွဲ့ ခေါင်းဆောင်သည်၊ ခုနစ်ရက်တစ်ပတ်ရေးသားရပြီး၊ ရဲစခန်းမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ ပေးပို့ရမည်။ ရဲစခန်းရှိ နယ်ထိန်းအဖွဲ့၏ တနင်္လာနေ့မှ စနေနေ့ထိ ဆောင်ရွက်ချက်များကို တနင်္ဂနွေနေ့တွင် စုပေါင်းညှိနှိုင်းပြီးနောက် ထိုခုနစ်ရက် တစ်ပတ်မှတ်တမ်းတွင် ရေးသွင်းကာ ရဲစခန်းမှူးထံတင်ပြရမည်။ အရေးကြီးသော သတင်းစကားများကို ရဲစခန်းမှူးထံ အမြန်အစီရင်ခံရန် လိုအပ်လျှင် ကြေးနန်း၊ တယ်လီဖုန်းစသည်တို့ဖြင့် ဆက်သွယ်သတင်းပို့ရမည်။ ရဲစခန်းမှူးသည် နယ်ထိန်းအဖွဲ့၏ ခုနစ်ရက်တစ်ပတ်မှတ်တမ်းကို လက်ခံရရှိသောအခါ ရဲစခန်းရှိ အရပ်ရပ်နေ့စဉ် မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးရမည်၊ ၎င်းအပြင် ရဲစခန်းမှတ်ပုံတင် (၃၄)ရှိ နယ်ထိန်းအဖွဲ့များ ယင်းရပ်ကွက်/ ကျေးရွာသို့ ရောက်ရှိသည့် နေ့စွဲကို သက်ဆိုင်ရာလတွင် လက်မှတ်တိုရေးထိုးထားခြင်း

များနှင့်လည်း တိုက်ဆိုင်စစ်ဆေးရမည်။ ရဲစခန်းမှူးသည် အရေးကြီးသော ရေးသွင်းချက်များတွင် တစ်ဘက်ဘေးမှ ခြစ်၍သော်လည်းကောင်း၊ ချမှတ်ရန်ရှိသော မှတ်ချက်များကို ချမှတ်၍သော်လည်းကောင်း၊ ဆောင်ရွက်ပြီး နောက်မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ဆက်လက်ပေးပို့ရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ နယ်ထိန်းအဖွဲ့၏ ခုနစ်ရက်တစ်ပတ်မှတ်တမ်းမှ အရေးယူရန် အရေးကြီးသော ကောက်နုတ်ချက်များကို ထုတ်နုတ်၍ ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပြရန် တာဝန်ရှိသည်။ နယ်ထိန်းအဖွဲ့၏ ခုနစ်ရက်တစ်ပတ်မှတ်တမ်းကို ရဲစခန်းမှတ်ပုံတင် (၃၅)တွင် ဖိုင်တွဲ ပြုလုပ်ထားရှိ၍ ၂ နှစ်ကြာမြင့်သည့်အခါ ဖျက်ဆီးနိုင်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပြဆောင်ရွက် ရမည်။ ရဲစခန်းစစ်ဆေးသည့် အရာရှိများသည် ၎င်းရဲစခန်းရှိ နယ်ထိန်းအဖွဲ့ဝင်များ မိမိတို့၏ အလုပ်ဝတ္တရားများကို ကျွမ်းကျင်ကျေပွန်စွာ ဆောင်ရွက်ခြင်း ရှိမရှိ သိရှိနိုင်ရန်အတွက် ရဲစခန်းရှိ ခုနစ်ရက်တစ်ပတ်မှတ်တမ်းများကို သေချာဂနစွာ စစ်ဆေးရမည်။

၁၆၂၅။ အထူးပုဒ်မှတ်ဖွင့်ပြီးသည့် လူဆိုးတစ်ယောက်၊ သို့မဟုတ် အခြားရဲစခန်းနယ်မြေသို့သွားရောက်၍ ပြစ်မှုကျူးလွန်လိမ့်မည်ဟု ယူဆရသော လူဆိုးအညွန်းမာတိကာစာချုပ်ဖွင့်ထားသည့် လူဆိုးတစ်ယောက်သည်၎င်း၏ နေရပ်မှ အခြားရဲစခန်းနယ်မြေသို့ ထွက်ခွာသွားသည်ကိုသိလျှင်သိချင်း ရဲစခန်းမှူးသည် တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ကြေးနန်းဖြင့်ဖြစ်စေ၊ နယ်ထိန်းဆက်သားနည်းဖြင့်ဖြစ်စေ၊ ထိုထွက်ခွာသွားရာရဲစခန်းသို့ ချက်ချင်းအကြောင်းကြားရမည့်အပြင် (ပြစ်မှု ၃၅/ ရဲ ၆၇)ပုံစံကို အသုံးပြု၍ ၂ စောင်ရေးသွင်းပြီးလျှင် သက်ဆိုင်ရာရဲစခန်းသို့ အမြန်ဆုံးနည်းဖြင့် ပေးပို့ရမည်။ ပေးပို့သောအဆိုပါ လူဆိုးနှင့်ပတ်သက်သည့် (ပြစ်မှု ၃၅/ရဲ ၆၇) ပုံစံရရှိသောအခါ ရဲစခန်းမှူးက ရရှိကြောင်းမူရင်းပုံစံပါပြေစာ ဖြတ်ပိုင်းတွင် လက်မှတ်ရေးထိုး၍ နေ့စွဲတပ်ပြီး ပြန်ပို့ရမည်။ ထိုနောက်မူရင်းပုံစံကို လူဆိုးစုံထောက်အဖွဲ့ဝင်သို့ (၎င်းတို့မရှိလျှင်) ရဲစခန်း

တွင်ရှိသော ရဲအရာရှိ တစ်ယောက်ယောက်သို့ ပေးအပ်၍ အရေးယူ ဆောင်ရွက်စေရမည်။ မိတ္တူပုံစံကို ရဲစခန်းတွင် စာရွက်လွတ်တစ်ချပ်နှင့် ဖိုင်တွဲပြီး ထိုလူဆိုးနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များ၊ ရရှိသော သတင်းများကို မှတ်သားစေရမည်။ ထိုလူဆိုးကို တွေ့ရှိပြီး ၎င်းက ၆ လထက်နည်း၍ ထိုအရပ်၌ နေထိုင်ရန် ကြံရွယ်ကြောင်း သိရှိရလျှင် မူလအပိုင် ရဲစခန်းမှူးထံ အကြောင်းကြားပြီး၊ မိမိက၎င်းလူဆိုးကို စောင့်ကြပ်ကြည့်ရှုရမည်။ ၎င်းလူဆိုးသည် ၎င်း၏ မူလနေရပ်သို့ ပြန်သောအခါ မှုရင်းပုံစံ (ပြစ်မှု ၃၅/ရဲ ၆၇) ကျောဘက်တွင်၊ ၎င်းနေထိုင်စဉ်အတွင်း သိရှိရသော သတင်းမျိုးစုံကို ရေးသားပြီးလျှင် မူလပေးပို့သော ရဲစခန်းမှူးထံ ပြန်ပို့ရမည်။ ၎င်း၏ နေရပ်သို့ မပြန်ဘဲ အခြားရဲစခန်းပိုင်နယ်မြေသို့ ပြောင်းရွှေ့သွားပါက ၎င်းလူဆိုးနေထိုင်စဉ်အတွင်း ရသောသတင်းများကို ရေးသားပြီး မှုရင်းပုံစံ (ပြစ်မှု ၃၅/ရဲ ၆၇)ကို သက်ဆိုင်သည့် ရဲစခန်းအသစ်သို့ ပေးပို့ရမည်။ သို့ပေးပို့ပြီးကြောင်းနှင့် ၎င်းလူဆိုး ပြောင်းရွှေ့သွားကြောင်းကို မူလရဲစခန်းမှူးထံ စာဖြင့်အကြောင်းကြားရမည်။ ပုံစံရရှိသော ရဲစခန်းအသစ်က အထက်ပါနည်းအတိုင်း အရေးယူရမည်။

၁၆၂၆။ အကယ်၍ ၎င်းလူဆိုးသည် ပြောင်းရွှေ့သွားသော နေရပ်တွင် ၆ လထက်ကျော်လွန်၍ နေထိုင်ပါက သက်ဆိုင်ရာ ရဲစခန်းက မူလရဲစခန်းမှ ၎င်းလူဆိုး၏ အတ္ထုပ္ပတ္တိ စာချုပ်နှင့်မာတိကာ စာချုပ်များကို တောင်း၍ ၎င်းလူဆိုးကို စောင့်ကြပ်ကြည့်ရှုရမည်။

၁၆၂၇။ အတ္ထုပ္ပတ္တိ လူဆိုးတစ်ယောက်သည် မည်သည့်အရပ် ဒေသသို့ သွားရောက်ကြောင်း စုံစမ်း၍မရသည့်အခါ ၎င်း၏ ပုံသဏ္ဌာန်နှင့် အကြောင်းအရာ အလုံးစုံကို ပုံစံ(ပြစ်မှု ၂၈)တွင် ရေးသွင်း၍ ၎င်းပုံစံထိပ်တွင် အတ္ထုပ္ပတ္တိလူဆိုးဟူ၍ ဖော်ပြပြီး ခရိုင်ရဲတပ်ဖွဲ့မှူးထံ ၎င်း၏ လက်ပုံစံတွင် အလံတပ်ပြီး ပျောက်ဆုံး၍ ရှာဖွေရန် မှတ်သားပေးပို့ရမည်။

လူဆိုးအညွှန်းမာတိကာစာချပ်နှင့် ရပ်ကွက်/ကျေးရွာ ဖြစ်မှုလယ်ဂျာ စာရင်းချုပ်၊ မှတ်ပုံတင် (၃၆)

၁၆၂၈။ ဖြစ်မှုများနှင့် ပတ်သက်၍ အကျိုးဖြစ်ဖြောက်စေနိုင်ရန် ဖြစ်မှုကျူးလွန်သူတို့၏ လူဆိုးအညွှန်းမာတိကာ စာချပ်များ (ဖြစ်မှု ၁၀၃-က)နှင့် ရပ်ကွက်/ကျေးရွာဖြစ်မှုလယ်ဂျာစာရင်းချုပ် (ဖြစ်မှု ၁၀၃-ခ)ပုံစံများကို ထားရှိရန် လိုအပ်ပေသည်။ ထိုကဲ့သို့ ဖြစ်မှုကျူးလွန်သူများမှာ နှစ်မျိုးနှစ်စား ရှိသည် -

(က) သတ်မှတ်ထားသော ဖြစ်မှုများကြောင့် ပြစ်ဒဏ် ချမှတ်ခြင်းခံရသော လူဆိုးများ၊

(ခ) ကြီးလေးသော ဖြစ်မှုအချို့ကို ကျူးလွန်နေသူဟု မသင်္ကာရန်ရှိသူများ၊

လူဆိုးတို့၏ အကြောင်းအရာများကို အမြဲသဖြင့် မှတ်တမ်းတင်ထားရန် အထက်၌ ဖော်ပြထားသော လူဆိုးတစ်ဦးစီအတွက် အညွှန်းမာတိကာ စာချပ် (ဖြစ်မှု ၁၀၃-က) ပုံစံများ ရေးမှတ်ဖွင့်လှစ်ထားရမည်။ ၎င်းတို့၏ အမည်များကို ရပ်ကွက်/ကျေးရွာဖြစ်မှု လယ်ဂျာ စာရင်းချုပ် (ဖြစ်မှု ၁၀၃-ခ)ပုံစံတွင် ထည့်သွင်းရမည်။ အထက်ဖော်ပြပါ နှစ်မျိုးနှစ်စားထဲမှ အရေးကြီးသည့် လူဆိုးများ၏ အတ္ထုပ္ပတ္တိစာချပ်များကိုလည်း ဖွင့်ရမည်။ ရဲစခန်းကိုင်း၌ မိမိတို့၏ လူဆိုးအညွှန်း မာတိကာ စာချပ်များကို ကျွန်း/သံ ဗီရိုတွင် အကန့်ငယ်များ စနစ်ဖြင့် လူဆိုးအညွှန်းမာတိကာအရောင်အလိုက်ထိန်းသိမ်းထားရှိရမည့်အပြင် ရပ်ကွက်/ကျေးရွာ ဖြစ်မှုလယ်ဂျာစာရင်းချုပ်ကိုလည်း ထားရှိရမည်။ ရဲစခန်းမှူး၏ ကြီးကြပ်မှုကို ခံယူလျက် နယ်ထိန်းအဖွဲ့ခေါင်းဆောင်နှင့် နယ်ထိန်းမှတ်တမ်းအဖွဲ့သည် လူဆိုးအညွှန်း မာတိကာစာချပ်များနှင့် ရပ်ကွက်၊ ကျေးရွာဖြစ်မှုလယ်ဂျာ စာရင်းချုပ်ကို ကောင်းမွန်ပြည့်စုံစွာ ထိန်းသိမ်းရေးမှတ်ရန်အတွက် တာဝန်ခံရမည်။

၁၆၂၈-က။ လူဆိုး၏ မာတိကာစာချပ်ကို အောက်ပါအကြောင်းအရာများနှင့် ညီညွတ်သည့်အခါ ဖျက်ဆီးရမည် -

(က) လူဆိုး သေဆုံးသည့်အခါ။

(ခ) အသက် ၆၀ ရှိသည့်အခါတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက လူဆိုးသည် မဆိုးသွမ်းတော့ကြောင်း မှတ်ယူသည့် အခါ။

(ဂ) လူဆိုး၏ ကျန်းမာခြင်းနှင့် သန့်စွမ်းခြင်း အခြေအနေကို ထောက်ချင့်၍ ၎င်းသည် ဘေးအန္တရာယ် မပြုနိုင်ဟု ခရိုင်ရဲတပ်ဖွဲ့မှူးက ထင်မြင်၍ အမိန့် ပေးသည့်အခါ။

(ဃ) စုံထောက်လက်စွဲအတွဲ (၁) အပိုဒ် (၂၇၃) အရ အောက်ပါ အကြောင်းအရာများကြောင့် လူဆိုးတို့၏ လက်ပုံစံကို ဖျက်ဆီးသည့်အခါ -

(၁) အမြဲအဆိပ်ခတ်သူ၊ ငွေစက္ကူအတုပြုလုပ်သူ၊ ငွေဒင်္ဂါးအတုလုပ်သူ၊ ပြစ်မှုမကင်းသော အသက်မွေးမြူသူ သို့မဟုတ် လက်နက်များ လျှို့ဝှက်တင်ဆောင်တင်သွင်းသူတို့နှင့် ပတ်သက်၍ ၎င်းတို့ သေဆုံးသည့်အခါ။

(၂) အခြားသူများနှင့် ပတ်သက်၍ -

(ကက) ပြစ်ဒဏ်နှစ်ကြိမ်ထက်မများ ခံရဘူးသူမှာ ၎င်းထောင်မှ နောက်ဆုံးလွတ်သည့်နေ့ရက်မှစ၍ ရေတွက်သော် ၁၀နှစ်ကြာမြင့်သည့်အခါ။ သို့မဟုတ်

(ခခ) ပြစ်ဒဏ်နှစ်ကြိမ်ထက်ပို၍ ခံရဘူးသူမှာ ၎င်းထောင်မှ နောက်ဆုံး လွတ်

သည့်နေ့မှစ၍ ရေတွက်သော် ၁၀နှစ်ကြာမြင့်သည့်အခါ။ သို့မဟုတ်

(ဂဂ) အသက် ၇၀ ပြည့်သည့်အခါ။ သို့မဟုတ်

(ဃဃ) သေဆုံးသည့်အခါ။ ။ ၎င်းတို့အနက် အရင်ဆုံးကျသောအချက်ကို အရေးယူရမည်။

(င) လူဆိုးသည့် ဖြစ်ချက်၊ သို့မဟုတ် သက်ာမကင်းခြင်း ၃ ကြိမ်သို့မဟုတ် ပို၍ခံရဘူးပြီး၊ အပြစ်ခံရခြင်း အတွက် နောက်ဆုံး ထောင်မှ လွတ်သည်မှာ ၁၀ နှစ်ရှိသည့်အခါ၊ သို့မဟုတ် နောက်ဆုံးသက်ာ မကင်းကြောင်း မှတ်သားခြင်းမှာ ၁၀ နှစ်ရှိသည့်အခါ။

လူဆိုးအညွှန်း မာတိကာစာချုပ်ကို ဖျက်ဆီးသည့် အခါ ရပ်ကွက်/ကျေးရွာ ပြစ်မှုလယ်ဂျာစာရင်းချုပ်တွင် သက်ဆိုင်သော မှတ်သားချက်များကို ပယ်ဖျက်ရမည်။ အကြောင်းအရာဇယားကွက်တွင် မာတိကာ စာချုပ်ကို မည်သည့်အတွက် ဖျက်ဆီးကြောင်း ရေးသွင်းရမည်။

၁၆၂၈-ခ။ အောက်ပါလူဆိုးများအတွက် မာတိကာ စာချုပ်ကို သတ်မှတ်သည့် နှစ်များ ကျော်လွန်သည့်အခါ အပိုဒ် ၁၆၃၉ (ဂ) တွင် ဖော်ပြထားသော မာတိကာစာချုပ်ထည့်ရန် သေတ္တာမှ ထုတ်ယူ၍ သီးခြား သေတ္တာတွင် ထားရှိရမည် -

(က) မသင်္ကာခြင်းဖြစ်စေ၊ မသင်္ကာခြင်းနှင့် ပြစ်ချက်ခံရခြင်းဖြစ်စေ နှစ်ကြိမ်ထက်မပိုသော သူများအတွက်၊ နောက်ဆုံး မသင်္ကာခြင်းမှာ ၃နှစ် နှစ်ကြာရှိခဲ့သူ။

(ခ) ပထမတစ်ကြိမ် မသင်္ကာခြင်းခံရပြီးသည့်နောက် ထောင်ဒဏ်အပြစ်ပေးခံရသူသည် ထောင်မှလွတ်လာခြင်းမှာ ခုနစ်နှစ်ရှိခဲ့သူ။

(ဂ) ပြစ်ဒဏ်ပေးခံရခြင်း နှစ်ကြိမ်ထက် ပိုသူ မည်သူ မဆို ထောင်မှလွတ်လာခြင်းမှာ ခုနစ်နှစ်ရှိခဲ့သူ။

၁၆၂၉။ အောက်ပါဖော်ပြထားသော ပြစ်မှုများကြောင့် အပြစ်ရရှိသူ အားလုံးအတွက် လူဆိုးအညွှန်း မာတိကာ စာချပ် (ပြစ်မှု ၁၀၃-က) ပုံစံများကို ထားရှိရမည်။ ၎င်းစာချပ်ဖွင့်သည့်အခါတိုင်း လူဆိုး၏အမည်ကို ရပ်ကွက်/ ကျေးရွာ ပြစ်မှုလယ်ဂျာစာရင်းချုပ်တွင် ထည့်သွင်းရမည်။ မသင်္ကာရန်ရှိသူတို့၏ အမည်များကို အပိုဒ် (၁၆၃၀) တွင် ဖော်ပြထားသည့်အချက်များအရ ရပ်ကွက်/ ကျေးရွာ ပြစ်မှုလယ်ဂျာ စာရင်းချုပ်တွင် ထည့်သွင်းရမည် -

(က) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၅ နှင့် သက်ဆိုင်သည့် ကိစ္စအတွက် -

(၁) ပြစ်မှုဆိုင်ရာ ဥပဒေအခန်း (၁၂)။ ပုဒ်မ (၂၄၁)၊ ၂၅၄၊ ၂၆၂ နှင့် ၂၆၃-က တို့အရ အပြစ်ပေးပိုင်သော အမှုအားလုံးတို့မှတစ်ပါး ကျန်ပြစ်မှုများ။

(၂) ပြစ်မှုဆိုင်ရာ ဥပဒေအခန်း (၁၇)တွင် ပါဝင်သည့်-

(ကက) ပုဒ်မ ၃၇၉ မှ ၃၈၂ ထိ ခိုးမှု အမျိုးမျိုး။

(ခခ) ပုဒ်မ ၃၈၄၊ ၃၈၆ မှ ၃၈၉ ထိ ပုဒ်မ ၃၈၅ နှင့် စပ်ဆိုင်သော ပြစ်မှုမှ တစ်ပါး ကျန်ခြောက်လှန့် တောင်းယူမှု အမျိုးမျိုး။

(ဂဂ) ပုဒ်မ ၃၉၂ မှ ၃၉၄ ထိ၊ ၃၉၇ နှင့် ၃၉၈ လုယက်မှုအမျိုးမျိုး။

(ဃဃ) ပုဒ်မ ၃၉၅၊ ၃၉၆၊ ၃၉၉ နှင့် ၄၀၂ ဓားပြမှုအမျိုးမျိုး။

(ငင) ပုဒ်မ ၄၀၀ နှင့် ၄၀၁ သူခိုး၊ သို့မဟုတ် ဓားပြဂိုဏ်းများတွင် ပါဝင်ခြင်း။

(စစ) ပုဒ်မ ၄၀၄ သေလွန်သူ၏ ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားခြင်း။

(ဆဆ) ပုဒ်မ ၄၀၆ မှ ၄၀၈ ထိ ဖြစ်မှုမကင်းသော ယုံကြည်အပ်နှံ ရေး ဖောက်ဖျက်မှု။

(ဇဇ) ပုဒ်မ ၄၀၉ ပြည်သူ့ဝန်ထမ်း စသည်တို့က ဖြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်ခြင်း။

(ဈဈ) ၄၁၁ မှ ၄၁၄ ထိခိုးရာပါ ပစ္စည်းလက်ခံခြင်း။

(ညည) ပုဒ်မ ၄၁၈ မှ ၄၂၀ ထိ လိမ်လည်ခြင်း အမျိုးမျိုး။

(ဋဋ) ပုဒ်မ ၄၂၉ မှ ၄၃၃။ ၄၃၅ မှ ၄၄၀ ထိ ကြီးလေးသော အကျိုးဖျက်ဆီးမှုများ။

(ဌဌ) ပုဒ်မ ၄၄၉ နှင့် ၄၅၀ ဖြစ်မှုကျူးလွန်ရန် အိမ်ကျော်နင်းမှု။

( နန ) ပုဒ်မ ၄၅၄ မှ ၄၅၈ ထိ ပုန်းလျှိုး၍ အိမ်ကျော်နင်းမှုနှင့် အိမ်ဖောက်ထွင်းမှုများ။

( ပပ ) ပုဒ်မ ၄၅၉ နှင့် ၄၆၀ အိမ်ဖောက်ထွင်းမှုကို ကျူးလွန်ရာတွင် အပြင်းအထန်နာကျင်စေခြင်း၊ သို့မဟုတ် သေစေခြင်း။

(ဖဖ) ပုဒ်မ ၄၆၂ ယုံမှတ်၍ အပ်နှံထားသော ဝိတ်ဆို့ထားသည့်အရာကို မရိုးမဖြောင့်သော သဘောဖြင့် ဖွင့်လှစ်ခြင်း။

( ခ ) အခြားပြစ်မှုများ -

(၁) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ နှင့် ၂၁၁ မမှန်သတင်း ပေးမှုများ။

(၂) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၈၉-က မှ ၄၈၉-ဃ အထိ ငွေစက္ကူ သို့မဟုတ် ဘဏ်တိုက် ငွေလက်မှတ်များကို လိမ်လည်အတုပြုခြင်း။

(၃) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၁၁ လူသတ်ဓားပြ ဖြစ်ခြင်း။

( ၄ ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၈ နာကျင်ခြင်းစသော အခြင်းအရာများ ဖြစ်ပွားခြင်းငှာ ရည် ရွယ်လျက်၊ ထိုင်းမှိုင်းတွေဝေမူးယစ်ဘေး ဥပါဒ်ရောက်စေတတ်သော ဆေးဝါးများကို တိုက်ကျွေးခြင်း။

( ၅ ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ မှ ၃၆၉ ထိ လူခိုးမှုများ။

( ၆ ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၁ ပိတ်ဆို့ထားသည့်အရာကို မရိုးမဖြောင့်သောသဘောဖြင့် ဖောက်ဖွင့်ခြင်း။

( ၇ ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၀-ခ ပူးပေါင်း ကြံစည်ရာပါ ပြစ်မှုသည် စက်ရှင်အာဏာရ တရားသူကြီးကသာ စစ်ဆေးပိုင်သည့် ပြစ်မှုဖြစ် ခဲ့လျှင်။

( ၈ ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၅ နှင့် ၄၀၃ တိုရှည်ခြာန်နှင့် ပတ်သက်သည့် ပြစ်မှုများသာ။

( ၉ ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၆-က ဓားပြဂိုဏ်း တွင် ပါဝင်သော လူဆိုးတို့ကို လျှို့ဝှက်လက်ခံ ထားခြင်း။

(၁၀) ၁၈၇၈ ခုနှစ်၊ လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ နှင့် ၂၀၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၉၊ ၁၁၀ မကောင်းသော အသက်မွေးမှုခြင်း။

(၁၁) ရန်ကုန်ရဲအက်ဥပဒေပုဒ်မ ၃၀ ။

(၁၂) ၁၉၈၆ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၂ ၁၄ ၁၅နှင့် ၁၇ ။

(၁၃) ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ (ပုဒ်မ ၁၅ ပါ ပြစ်မှုမှအပ)။

အထက်ဖော်ပြပါ ကျူးလွန်သည့် ပြစ်မှုသည် ကြံစည်အားထုတ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိသော ပြစ်မှုဖြစ်လျှင် (က) နှင့် (ခ)တို့တွင် အကျယ် ဖော်ပြထားသည့် ပြစ်မှုများကို ကျူးလွန်ရန် ကြံစည်အားထုတ်ခြင်းများ။

၁၆၃၀။ အောက်ပါပြစ်မှုများကို ကျူးလွန်သူတို့အတွက် လူဆိုး အညွှန်း မာတိကာ စာချပ်များကိုလည်း ဖွင့်လှစ်မည် -

(က) ဓားပြမှု။
(ခ) လုယက်မှု။
(ဂ) အိမ်ဖောက်ထွင်းမှုနှင့်အဆောက်အဦ၊ လှေ၊ သင်္ဘော၊ သို့မဟုတ် မီးရထားများမှ ခိုးသောခိုးမှုကြီးများ။
(ဃ) တိရစ္ဆာန်ခိုးမှု။
(င) ခိုးရာပါပစ္စည်းလက်ခံမှု။
(စ) (ခရိုင်ရဲတပ်ဖွဲ့မှူး၏ အမိန့်အရ ခါးပိုက်နှိုက်ခြင်း အားဖြင့် အသက်မွေးမြူခြင်း၊ လိမ်လည်ခြင်းအားဖြင့် အသက်မွေးမြူခြင်း၊ ရပ်ကွက်/ကျေးရွာတွင် နိုင်လိုမင်းထက်ပြုသူဖြစ်ခြင်းစသည့် သီးခြား သတ်မှတ်ထားသော အမှုမျိုးများ)။

လူဆိုးအညွှန်းမာတိကာ စာချပ်တစ်ခုစီကို လူဆိုးများနှင့် မသင်္ကာရန်ရှိသူများအတွက် "ရပ်ကွက်/ကျေးရွာပြစ်မှုလယ်ဂျာစာရင်းချုပ်"တွင် ဖော်ပြထားသည့် အစီအစဉ်နှင့် စာမျက်နှာအမှတ်စဉ်အတိုင်း အမှတ်စဉ်တပ်ရ မည်။ လူဆိုးတစ်ဦးတစ်ယောက်သည် ထပ်မံအပြစ်ရသည့်အခါတွင်ဖြစ်စေ၊ မသင်္ကာရန်ရှိသူသည် အပြစ်ရရှိသည့်အခါတွင်ဖြစ်စေ၊ ၎င်းတို့၏အမည်များကို "ရပ်ကွက်/ကျေးရွာပြစ်မှုလယ်ဂျာစာရင်းချုပ်"တွင် ထပ်မံထည့်သွင်းခြင်းမပြုရ။

သို့ရာတွင် သင့်လျော်သော အကြောင်းအရာများကို ဇယားကွက် အသီးသီးတို့တွင် မှုလရေးသွင်းထားသော နေရာများဘေး၌ ထည့်သွင်းရမည်။ ပြစ်မှုကျူးလွန်ခြင်းကို ဖြောင့်ဆို၍ အစိုးရသက်သေအဖြစ် လက်ခံသူများအတွက်လည်း အပြစ်ကျသူများအတွက် လူဆိုးအညွှန်းမာတိကာ စာချုပ်ဖွင့်သည့်အတိုင်း ဖွင့်ရမည်။ သို့ရာတွင် စာချုပ်၏ ကျောဘက်တွင် ထောင်ဒဏ်မည်မျှ ကျခံရမည်ဟု ဖော်ပြရန်နေရာတွင် 'အစိုးရသက်သေ'ဟု ရေးသွင်းရမည်။

၁၆၃၀-က။ ရပ်ကွက်/ကျေးရွာအုပ်စုသတင်းပေးစာချုပ်များကို ရဲစခန်း တိုင်း၌ (ပြစ်မှု ၁၀၃-ဇ)ပုံစံတွင် ရေးသွင်းထားရှိရမည်။ ကျေးရွာအုပ်စု တစ်ခုတွင် ကျေးရွာအများပါရှိသည့် အားလျော်စွာ ကျေးရွာတိုင်းအတွက် သီးခြားစာချုပ်များ ဖွင့်လှစ်ထားရမည်။ ၎င်းတို့ကို ကျေးရွာအုပ်စုအမည်ခံ ကျေးရွာအတွက် စာချုပ်တွင် ပူးတွဲထားရမည်။ ဤစာချုပ်များရေးသွင်းထိန်းသိမ်းရန် ရဲစခန်းမှူးများတွင် တာဝန်ရှိသည်၊ စာချုပ်များတွင် ရေးသွင်းချက်များ ပြုသည့်အခါ၊ ရဲစခန်းမှူး ကိုယ်တိုင်ကြီးကြပ် ရမည်။ သတင်းရသည့်အခါ ထပ်မံထည့်သွင်းပြီး အခြေအနေသစ် ဖြစ်ပေါ်သည်နှင့်အမျှ ယခင်သတင်းဟောင်းများကို ပယ်ဖျက်ရမည်။ ဤစာချုပ်တွင် အပိုင်း ၃ ပိုင်းပါဝင်သည်။ စာချုပ်ရှေ့မျက်နှာ၏ ထိပ်ပိုင်းတွင် အိမ်ခြေစာရင်း၊ ရဲစခန်းနှင့် အကွာအဝေးစသည့် အထွေထွေ သတင်းများ ရေးသွင်းရန် နေရာရှိသည်။ ၎င်း၏ အောက်၌ မှတ်သားထိုက်သော၊ သို့မဟုတ် မကောင်းသတင်းကျော်စောသော သူများနှင့် ၎င်းတို့အတွက် မှတ်ချက်များနှင့် ၎င်းရွာသို့ သွားနိုင်သည့်လမ်းများ၊ ယာဉ်အမျိုးအစားများ၊ တည်းခိုရန်နေရာရှိမရှိစသည်တို့ကို ရေးသွင်းရန် နေရာရှိသည်၊ ထို့အပြင် ကျေးရွာချင်း မသင့်မြတ်မှု၊ နိုင်ငံရေးအခြေအနေ၊ ရဲတပ်ဖွဲ့အားကြည်ညိုသူ၊ သို့မဟုတ် မုန်းတီးသူစသည့် အထွေထွေသတင်းများ ရေးမှတ်နိုင်သည်၊ တတိယပိုင်းမှာ စာချုပ်၏ ကျော ဘက်တွင်ရှိပြီး ၎င်းအပိုင်းတွင် အပိုဒ် (၁၆၂၉)တွင် ဖော်ပြထားသည့် ကျေးရွာအုပ်စုအတွင်း ကျူးလွန်သော

ဖြစ်မှုများကို ထည့်သွင်းရမည်။ ထိုသို့ထည့်သွင်းထားသည့် နေရာမှ တစ်တန်းတည်းတွင်ရှိသည့် 'လူဆိုးများ' ဟူသော စာသားအောက်၌ ဖြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ၊ သို့မဟုတ် သက်သေမကောင်းသူတို့၏ အမည်များ၊ အဘအမည်များနှင့် နေထိုင်ရာနေရပ်များကို ရေးသွင်းရမည်။ ထိုအမည်တိုင်း၏ နောက်မှမင်နီဖြင့် (၁) အပြစ်ကျ၊ (၂) တရားသေလွှတ်၊ (၃) တရားရှင်လွှတ်၊ (၄) မသက်သာဟုဆိုင်ရာ ရေးသွင်းရမည်။ စုံစမ်းထောက်လှမ်း၍ မရသည့်အပြင်၊ သက်သေမကောင်းဖွယ်ဖြစ်သူ မရှိလျှင် သက်သေမကောင်းသူမရှိဟု ရေးသွင်းရမည်။ စာချုပ်တစ်ခုလုံးဖြစ်စေ၊ စာချုပ်၏ အစိတ်အပိုင်းတစ်ခုခုကို ဖြစ်စေ၊ ရေးသွင်း၍ ပြည့်သွားသည့်အခါ၊ စာချုပ်အသစ်ကို တွဲ၍သုံးရမည်။ အမှုစစ် အရာရှိများသည် ကျေးရွာများသို့ မသွားမီ၊ ၎င်းကျေးရွာကို ယုံကြည်ထိုက်၊ မယုံကြည်ထိုက် သိသာရန်နှင့် ကျေးရွာ၏ ဆိုးသွမ်းမှုကို သိရှိရန်၊ ဤစာချုပ်များကို ကြည့်ရှု လေ့လာသင့်သည်။ ဤစာချုပ်များသည် ရဲစခန်းသို့ အသစ်ရောက်ရှိလာ သော ရဲအရာရှိများအတွက် ၎င်းတို့မသိသေးသော ရပ်ကွက်/ကျေးရွာ၏ ဗဟုသုတရစေသည့် အားလျော်စွာ အထူးအသုံးဝင်ပေသည်။ နေရာအနည်းငယ်တွင် သတင်းများ နိုင်သမျှများစွာ ရေးသွင်းနိုင်ရန် ရေးသွင်းချက်များကို မင်တံအသွားသေးသေးဖြင့် စာလုံးသေးငယ်စွာ ရေးသင့်သည်။

၁၆၃၁။ ရပ်ကွက်/ကျေးရွာဖြစ်မှုလယ်ဂျာစာရင်းချုပ် (ဖြစ်မှု ၁၀၃-ခ) ပုံစံတွင် လူဆိုးအညွှန်းမာတိကာစာချုပ်ဖွင့်ပြီးသူ အားလုံးတို့၏ အကြောင်းအရာအားလုံးပါရှိသည်။ ရပ်ကွက်/ကျေးရွာဖြစ်မှုလယ်ဂျာ စာရင်းချုပ်၌ စာမျက်နှာ ၁ မှ ၅၀၀ ထိ စာမျက်နှာပေါင်း ၅၀၀ ရှိလေသည်။ ၎င်းစာရင်းချုပ်၏ ပထမ ၁၀ မျက်နှာကို ရဲစခန်းနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများ၊ ရပ်ကွက်/ကျေးရွာလူကြီးများ၊ သို့မဟုတ် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၏ အမည်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ရွာငယ်များတွင်ရှိသော လူဦးရေစာရင်းများကို မှတ်သားရန် သီးသန့်စာမျက်နှာ

များထားရှိရမည်။ ရွာသိမ်ရွာငယ်များအတွက် သီးသန့်စာမျက်နှာ ထားရှိရမည် မဟုတ်ချေ။ မြို့များတွင်ရှိသော ရပ်ကွက်များကို ကျေးရွာအုပ်စုများကဲ့သို့ သဘောထားရမည်။ လူဆိုးများနှင့် မသင်္ကာရန်ရှိသူများ၏ အရေအတွက် အလိုက် ရပ်ကွက်/ကျေးရွာ အသီးသီးတို့အတွက် စာမျက်နှာများကို သင့်လျော်သလို ပိုင်းခြားကန့်သတ်ထားရမည်။ ဤစာရင်းချုပ်သည် အစဉ်သဖြင့် အသုံးပြုရန်ဖြစ်၍ မကြာခဏ ထပ်မံရေးကူးရန် မသင့်လျော်ခြင်းကြောင့် ရပ်ကွက်/ကျေးရွာ အသီးသီးတို့အတွက် စာမျက်နှာ များကို လုံလောက်အောင် သီးသန့်ထားရန် လိုအပ်ပေသည်။ လူဆိုးများ နေထိုင်သည့် ရပ်ကွက်/ကျေးရွာ အုပ်စုအရေအတွက် များပြားသော ရဲစခန်းတို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အသီးသီးတို့အတွက် လုံလောက်သော စာမျက်နှာများ သီးသန့်ထားရှိနိုင်စေရန် "ရပ်ကွက်/ကျေးရွာဖြစ်မှု လယ်ဂျာစာရင်းချုပ်" ကို ၂ တွဲထားရှိရန် လိုအပ်လိမ့်မည်။ တရားခံ၏ လက်ပုံစံကို မှတ်တမ်းတင်ထားရှိလျှင် ဇယားကွက် (၄)တွင် 'ရှိ' ဆိုသော စာသားကို ရေးသားထားရမည်။ ဇယားကွက် (၅) နှင့် (၆) တို့မှာ ဓားပြမှုများ၊ ဓားပြများ၊ အိမ်ဖောက်ထွင်းခိုးသူများ၊ ကျွဲ နွားတိရစ္ဆာန် ခိုးသူများ၊ ခိုးရာပါပစ္စည်း လက်ခံသူများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးက အမျိုးအစား ခွဲခြားထားလိုသည့် အခြားဖြစ်မှု ကျူးလွန်သူတို့နှင့်သာ သက်ဆိုင်သည်။ ဇယားကွက် (၅) တွင် သင်္ကာမကင်းခြင်း ခံရသူ၏ အမှုနှင့်သက်ဆိုင်သော ဥပဒေပုဒ်မကို ထည့်သွင်းရေးသားထားရမည်။ ဇယားကွက် (၆) တွင် တရားခံကို ပြစ်ဒဏ်ထင်ရှား စီရင်သည့်ဥပဒေပုဒ်မကို ထည့်သွင်းရေးသားထားရမည်။ လူတစ်ဦးတစ်ယောက်ကို သင်္ကာမကင်းလျှင် သော်လည်းကောင်း၊ အလားတူ ဖြစ်သော ဥပဒေပုဒ်မအရ ဒုတိယအကြိမ်ဖြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် သော်လည်းကောင်း ဇယားကွက် (၅) သို့မဟုတ် (၆) တွင် ထပ်မံရေးသွင်းရန် မလိုချေ။ ဇယားကွက် (၅) တွင် (ဖြစ်မှု ၁၀၂)ပုံစံဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးက ချမှတ်သည့် အမိန့်မှတစ်ပါး အခြားမည်သည့် ရေးသွင်းချက်ကိုမျှ ရေးသွင်းခြင်း မပြုရ။ ပထမသတင်းပေး တိုင်ချက်အမှတ်ကိုလည်း ထည့်သွင်းရန်မလိုချေ။

ဇယားကွက် (၇) တွင် တရားခံမှာ အထွေထွေ စာချုပ်ရှိသူဖြစ်လျှင် 'ရှိ'ဟူသော စာသားကို ရေးသားထားရမည်။ အညွှန်းမာတိကာစာချုပ်ဖွင့်ပြီးသော လူဆိုးတစ်ဦးတစ်ယောက်သည် ထောင်ကျ လျက်ရှိနေသည်၊ သို့မဟုတ် ၎င်း၏ ရပ်ကွက်/ကျေးရွာတွင် ရှိနေသည်၊ သို့မဟုတ် တိမ်းရှောင်၍ နေသည်ဟူသော အကြောင်းအရာတို့ကို မှတ်ချက်ရေးသားရန် ဇယားကွက်တွင် ခဲတံဖြင့် ရေးသားဖော်ပြရမည်။

မှတ်ချက်။ ရထားရဲစခန်း၌ လူဆိုးအညွှန်းမာတိကာ စာချုပ်ဖွင့်သည့် အခါ အပိုဒ် (၁၆၃၃) တွင် ဖော်ပြပါရှိသည့်အတိုင်း လူဆိုးနေထိုင်ရာ ဒေသရှိ ရဲစခန်းသို့ (ပြစ်မှု ၃၄/ရဲ ၆၅-က) ပုံစံကို ပေးပို့ရမည်။

၁၆၃၂။ အပြစ်ရရှိသော အမှုတိုင်းတွင် မှုခင်းမှတ်တမ်း အရာရှိသည် အမှုစစ်အရာရှိ၏ နောက်ဆုံးအမှုနေ့စဉ်မှတ်တမ်း ကျောဘက်တွင် ချမှတ်သော ပြစ်ဒဏ်အကြောင်းအရာ အလုံးစုံကို ရေးသား၍ ရဲစခန်းမှူးထံ အကြောင်းကြား ရမည်။ အပိုဒ် (၁၆၂၉) တွင် သတ်မှတ်ထားသော ပြစ်မှုများကြောင့် ပြစ်ဒဏ်ချ မှတ်ခဲ့သော်၊ ၎င်းပြစ်ဒဏ်ကျခံရသူ လူဆိုးအတွက် (ပြစ်မှု ၁၀၃-က)ပုံစံဖြင့် အညွှန်း မာတိကာစာချုပ်ဖွင့်ပြီးလျှင်၊ ၎င်း၏အမည်ကို ရပ်ကွက်/ကျေးရွာ ပြစ်မှုလယ်ဂျာ စာရင်းချုပ်ရှိ၊ ၎င်းလူဆိုးနေထိုင်သော ရပ်ကွက်/ကျေးရွာ အတွက်သီးသန့်ထားသော နေရာတွင် ထည့်သွင်းရမည် သို့မဟုတ် အကယ်၍ ထိုလူဆိုး၏ မာတိကာစာချုပ်မှာ ယခင်ကပင် ဖွင့်လှစ်ထားရှိခဲ့လျှင် ယခုရရှိသော ပြစ်ဒဏ်အတွက် လိုအပ်သည့် အကြောင်းအရာများကို ထိုအညွှန်း မာတိကာ စာချုပ်များ၏ ကျောဘက်တွင် ရေးသား ဖော်ပြရမည်၊ အမှုပြီး ပြတ်ပုံအကြောင်း အရာများကို အညွှန်းမာတိကာ စာချုပ်နှင့် ရပ်ကွက်/ကျေးရွာ ပြစ်မှုလယ်ဂျာ စာရင်းချုပ်တို့တွင် ထည့်သွင်းဖော်ပြ ရုံသာမက ၎င်းအကြောင်း အရာ အလုံးစုံကို ပထမ သတင်းပေးတိုင်ချက်စာအုပ် မှတ်ပုံတင် (၂၀) မှုရင်းခွဲရှိ ဇယားကွက် အမှတ် (၅) တွင်လည်း ဖော်ပြရမည်။ ၎င်းမှုရင်းခွဲ၏ ကျောဘက်တွင်

ထိုလူဆိုးသို့မဟုတ် မသင်္ကာရန်ရှိသူနှင့် စပ်ဆိုင်သည့် အကြောင်းအရာများကို မှတ်သားထားသော ရပ်ကွက်/ကျေးရွာပြစ်မှု လယ်ဂျာစာရင်းစာအုပ်ရှိ စာမျက်နှာအမှတ်ကို ဖော်ပြထားရမည်။ တရားရုံးသို့ တင်ပို့သည့် တရားခံတိုင်းနှင့် စပ်ဆိုင်သည့်အမှုနောက်ဆုံး အခြေအနေများကို မှတ်ပုံတင် (၂၄) တွင် ဖော်ပြရမည်။

၁၆၃၃။ အခြားရဲစခန်းပိုင် နယ်မြေအတွင်း နေထိုင်သူတစ်ဦး တစ်ယောက်သည် မိမိရဲစခန်းပိုင်နယ်မြေအတွင်း၌ အပိုဒ် (၁၆၂၉) တွင်ဖော်ပြသော ပြစ်မှုများကို ကျူးလွန်၍ ပြစ်ဒဏ်ကျခံခဲ့ရသော် ရဲစခန်းမှူးသည် အထက်အပိုဒ်တွင် ဖော်ပြပါရှိသည့်အတိုင်း အမှု၏ နောက်ဆုံးပြီးပြတ်ချက် အကြောင်းအရာများကို ၎င်းလူဆိုးနေထိုင်ရာ အရပ်ရှိရဲစခန်းမှူးထံသို့ (ပြစ်မှု ၃၄/ရဲ ၆၅-က) ပုံစံကို မိတ္တူခံ၍ ရေးသားပြီး ပေးပို့သည့် ချောစာအမှတ်နှင့် နေ့စွဲရေးသားပြီးလျှင် ချက်ချင်း ပေးပို့ရမည်။ ဤသို့ ပေးပို့ရာ၌ ပေးပို့လိုက် ကြောင်း သီးခြားအမှာစာ ရေးသားရန်မလို၊ ၎င်းလူဆိုးနေထိုင်ရာ အရပ်ရှိ ရဲစခန်းမှူးသည် ထိုအကြောင်းကြားချက်ကို လက်ခံရလျှင် ၎င်းလူဆိုး အညွှန်းမာတိကာစာချပ်နှင့် ၎င်းလူဆိုးနေထိုင်ရာ ရပ်ကွက်/ကျေးရွာပြစ်မှု လယ်ဂျာစာရင်းချပ်တွင်လည်း လိုအပ်ချက်များကို ရေးသားထည့်သွင်းရမည်။ (ပြစ်မှု ၃၄/ရဲ ၆၅-က) မိတ္တူတစ်စောင်ကို ဖိုင်တွဲ အလွတ်တွင်ထားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး/ ခရိုင်ရဲတပ်ဖွဲ့မှူးစစ်ဆေးပြီးသည့်အခါ ဖျက်ဆီးရမည်။ ကျန်မိတ္တူတစ်စောင်ကို ပေးပို့လိုက်သော ရဲစခန်းသို့ ချောစာ အမှတ်နှင့် နေ့စွဲတပ်ပြီးလျှင်ပြန်လည်ပေးပို့ရမည်။ ယင်းမိတ္တူကို မူလပေးပို့လိုက်သော ရဲစခန်းကပြန်လည်ရရှိသည့်အခါ အမှုတွဲတွင် ထည့်သွင်းဖိုင်တွဲထားရမည်။

မှတ်ချက်။ ခရိုင်နယ်မြေအတွင်း အမှန်တကယ် နေထိုင်သူ မည်သူမဆို ရထားရဲစခန်းပိုင် နယ်မြေအတွင်း သတ်မှတ်ထားသော ပြစ်မှုများ တစ်စုံတစ်ရာကို

ကျူးလွန်၍ ပြစ်ဒဏ်ခံရသည့်အခါ ရထားရဲစခန်းမှူးသည် (ပြစ်မှု ၃၄/ ရဲ ၆၅-က)ပုံစံကို သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့နှင့် ရဲစခန်းသို့ ပေးပို့ရမည်။

၁၆၃၄။ အပိုဒ် (၁၆၂၉)တွင် ဖော်ပြထားသည့် ပြစ်မှုများအနက် ရဲအရေးမယူပိုင်သော အမှုများနှင့် တရားသူကြီးများကိုယ်တိုင် အရေးယူသော၊ ရဲအရေးယူပိုင်သည့် အမှုများ၏ ပြစ်ချက်များကို တရားသူကြီးက အမိန့်ချမှတ်ပြီးသည်နှင့် မှုခင်းမှတ်တမ်းအရာရှိသည် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အကြောင်းကြားရမည့်အပြင် လကုန်သည့်အခါ မှုခင်းမှတ်တမ်းအရာရှိသည် တရားရုံးများမှ ပေးသော ပြစ်ချက်များကို စုဆောင်းမှတ်သားထားရမည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာ ရဲစခန်းအသီးသီးသို့ (ပြစ်မှု ၃၄/ရဲ ၆၅-က)ပုံစံဖြင့် အကြောင်းကြားပြီးလျှင် သက်ဆိုင်ရာ ရဲစခန်းများမှ လူဆိုးအညွှန်းမာတိကာစာချုပ်များနှင့် ရပ်ကွက်/ကျေးရွာပြစ်မှုလယ်ဂျာစာရင်းချုပ်ကျွင် ထည့်သွင်း ဖြည့်စွက်ဖော်ပြရမည်။ မှုခင်းမှတ်တမ်းအရာရှိများ အနေဖြင့်လည်း တရားရုံးအဆင့်ဆင့်များနှင့်ယင်းကဲ့သို့သော အမှုများကို ပြစ်ဒဏ်စီရင်ချက်ချပြီးသည်နှင့် သက်ဆိုင်ရာမှုခင်းမှတ်တမ်းအရာရှိထံ အကြောင်းကြားပေးရန်ကြိုတင် ညှိနှိုင်းထားရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးများကလည်း မိမိတို့ခရိုင်အတွင်းရှိ တရားရုံးများနှင့်ဆက်သွယ်အကြောင်းကြားထားရမည်။ ဥပမာ-ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်မှ လူဆိုးအညွှန်းမာတိကာစာချုပ် (ပြစ်မှု ၁၀၃-က) ရေးသွင်းခြင်းခံရသော မောင်မဲသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်သို့ သွားရောက်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ ရဲအရေးမပိုင်မှုကို ကျူးလွန်၍ တရားရုံးမှ ယင်းပြစ်မှု အတွက် ပြစ်ဒဏ်ချက်မှတ်လိုက်ပါက သက်ဆိုင်ရာမြို့နယ်မှုခင်းမှတ်တမ်း အရာရှိသည် တရားရုံးမှ ချမှတ်သောပြစ်ဒဏ်ကို တရားရုံးနှင့်ကြိုတင်ညှိနှိုင်းထားသည့် အတိုင်းသိရှိအောင်ဆောင်ရွက်၍ သက်ဆိုင်ရာမန္တလေးမြို့၊ ချမ်းအေးသာစံရဲစခန်းသို့ ချက်ချင်းအကြောင်းကြားရမည်။ ယင်းရဲစခန်းမှလည်း လူဆိုးအညွှန်းမာတိကာ စာချုပ်ကိုဖွင့်လှစ်ရမည့်အပြင်

မောင်မဲနေထိုင်သော ပန်းဘဲတန်းရဲစခန်းသို့ (ပြစ်မှု ၃၄/ရဲ ၆၅-က)ပုံစံကို အလျင်အမြန်ပေးပို့ အကြောင်းကြားရမည်။ ပန်းဘဲတန်းရဲစခန်းက မောင်မဲနှင့် ပတ်သက်၍ လူဆိုးအညွှန်းမာတိကာစာချပ်စာမျက်နှာ (၂) ရှိ ဇယားကွက်တွင် နောက်ပြစ်ချက်ကို ထပ်မံဖြည့်စွက်၍ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဦးစီး(၁)ဌာနခွဲ၊ မှုခင်းတပ်ဖွဲ့များသို့လည်း သက်ဆိုင်ရာ လူဆိုးအညွှန်းမာတိကာ စာချပ်များတွင် ဖြည့်စွက်ရန် အကြောင်းကြားရမည်။

၁၆၃၅။ အကယ်၍ အပိုဒ် (၁၆၂၉)တွင် သီးခြားဖော်ပြထားသော ပြစ်မှုမျိုးတို့ကြောင့်ရရှိသော ပြစ်ချက်တစ်စုံတစ်ခုကို အထက်တရားရုံး၏ အမိန့်အရပြောင်းလဲပြင်ဆင်ခဲ့သော် ဆိုင်ရာရဲစခန်းသို့ အထွေထွေအမိန့်အဖြစ်ဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးက အကြောင်းကြား၍ဆိုင်ရာ ရဲစခန်းက ထိုအကြောင်းအရာများကို လူဆိုးအညွှန်းမာတိကာ စာချပ်နှင့် ရပ်ကွက်/ကျေးရွာပြစ်မှု လယ်ဂျာစာရင်းချုပ်တို့တွင် ထည့်သွင်းဖော်ပြရမည်။ အတ္တုပ္ပတ္တိဖွင့်ထားသော လူဆိုးဖြစ်ခဲ့လျှင် အကြောင်းအရာအလုံးစုံကို ၎င်းနှင့်စပ်ဆိုင်သည့် ဖိုင်တွဲတွင် ရေးသားဖော်ပြရမည်။

၁၆၃၆။ တရားခံကို အရှုးထောင်သို့ ပို့လိုက်ပြီဟု ထောင်အရာရှိများထံမှ အကြောင်းကြားစာရရှိခဲ့သော် ၎င်းအကြောင်းအရာကို လူဆိုးအညွှန်း မာတိကာ စာချပ်နှင့် ရပ်ကွက်/ကျေးရွာပြစ်မှု လယ်ဂျာစာရင်းချုပ်၏ မှတ်ချက်ဇယားကွက်တွင် ရေးသားဖော်ပြရမည်။ အကယ်၍ ၎င်းလူဆိုးသည် အခြားပြစ်မှုတစ်စုံတစ်ရာအတွက် ထပ်မံအပြစ် ရရှိခဲ့လျှင် ၎င်းလူဆိုးသည် ယခင်က အရူးထောင်သို့ အပို့ခံခဲ့ရဘူးကြောင်းကို ထောင်အရာရှိများထံ အကြောင်းကြားရမည်။ အကယ်၍ အတ္တုပ္ပတ္တိဖွင့်ထားသော လူဆိုးဖြစ်ခဲ့လျှင် ဤအကြောင်းအရာကို ၎င်းနှင့်သက်ဆိုင်သည့် ဖိုင်တွဲတွင်ထည့်သွင်းဖော်ပြရမည်။

မသက်သာရန်ရှိသူများ

၁၆၃၇။ အောက်ပါပြစ်မှုအမျိုးအစားများနှင့် ပတ်သက်၍ မသက်သာရန် ရှိသူများအတွက် လူဆိုးအညွှန်းမာတိကာစာချပ်များထား ရှိလိမ့်မည်။ (အပိုဒ် ၁၆၃၀ ကို ကြည့်ပါ) -

(က) ဓားပြမှု။
(ခ) လုယက်မှု။
(ဂ) အိမ်ဖောက်ထွင်းမှုနှင့် အဆောက်အဦအတွင်းမှသော် လည်းကောင်း၊ လှေ၊ သင်္ဘောသို့မဟုတ် ရထားမှသော် လည်းကောင်း ခိုးယူသည့် ခိုးမှု ကြီးများ။
(ဃ) တိရစ္ဆာန်ခိုးမှု။
(င) ခိုးရာပါပစ္စည်းလက်ခံမှု။
(စ) (ခရိုင်ရဲတပ်ဖွဲ့မှူးအမိန့်အရ) ခါးပိုက်နှိုက်ခြင်း အားဖြင့် အသက်မွေးမြူမှု၊ လိမ်လည်ခြင်းအားဖြင့် အသက်မွေးမြူမှု၊ ရပ်ကွက်/ကျေးရွာထဲတွင် နိုင်လိုမင်းထက်ပြုလုပ်သူ ဖြစ်ခြင်း စသည့် သီးခြားသတ်မှတ်ထားသော အမှုမျိုးများ။

စပ်ဆိုင်သူအတွက် အကယ်၍ လူဆိုးအညွှန်းမာတိကာ စာချပ်ဖွင့်ပြီးလျှင် ၎င်းမသက်သာခြင်းနှင့် ပတ်သက်သော အကြောင်းအရာများကို ထည့်သွင်း ဖော်ပြရမည်၊ အတ္ထုပ္ပတ္တိဖွင့်ထားသော လူဆိုးဖြစ်ခဲ့လျှင်လည်း ထိုနည်းအတူပင် ၎င်း၏ အတ္ထုပ္ပတ္တိစာချပ်တွင် ထည့်သွင်းဖော်ပြရမည်။ အထက် ဖော်ပြထားသော ပြစ်မှုအမျိုးအစားတို့နှင့် ပတ်သက်၍ မသက်သာရန်ရှိသော သူများကို မြို့နယ် ရဲတပ်ဖွဲ့မှူးသို့မဟုတ် ၎င်းထက်ရာထူးကြီးမြင့်သော အရာရှိများက အမိန့်ပေး မှသာ ၎င်းတို့အတွက် လူဆိုးအညွှန်းမာတိကာစာချပ်ဖွင့်ခြင်း၊ အကယ်၍ အညွှန်းမာတိကာစာချပ်ဖွင့်ပြီးသား ရှိလျှင်လည်း ၎င်း၌ ထပ်လောင်း ဖော်ပြခြင်း၊ သို့မဟုတ် ၎င်းတို့၏ အတ္ထုပ္ပတ္တိတွင် ဖော်ပြခြင်း ပြုလုပ်ရမည်။ ဤကဲ့သို့ ပြုလုပ်ရန် အမိန့်ကို လုံလောက်အောင် သတင်းအရ မသက်သာမှုသာ

ထုတ်ပေးရမည်။ ရမ်းဆခြင်း သို့မဟုတ် အတင်းပြောခြင်း၊ သို့မဟုတ် ယုံကြည်ရန် အကြောင်းမရှိသော သူ၏ သတင်းပေးချက်သည် မသင်္ကာရန်လုံလောက်သော အခြေအမြစ်တို့ မဟုတ်ပေ။ သာမန်အားဖြင့် မသင်္ကာသူအတွက် စာချုပ်ဖွင့်ရန် သော်လည်းကောင်း၊ ၎င်း၏ အကြောင်းအရာကို ရေးသားထည့်သွင်းရန် သော်လည်းကောင်း၊ အမိန့်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးသည် 'မသင်္ကာကြောင်း သက်သေခံလက်မှတ်ပုံစံ' (ပြစ်မှု ၁၀၂)ပေါ်တွင် နောက်ဆုံးအမှု နေ့စဉ် မှတ်တမ်းနှင့် အမှုနောက်ဆုံးအစီရင်ခံစာတို့အပေါ်တွင် အခြေခံ၍ မည်သည့် အတွက်ကြောင့် မသင်္ကာသည်ဟူသော အကြောင်းပြချက်ကိုသာရေးသား ရမည်။ ထို့ကြောင့် အမှုစစ်အရာရှိသည် အထက်ဖော်ပြပါ အမှုများ စုံစမ်းစစ်ဆေးခြင်း ကို ရပ်စဲရန်ရှိသည့်အခါ မသင်္ကာရန်ရှိသူ တစ်ဦးတစ်ယောက်သို့မဟုတ် အများရှိခဲ့လျှင် 'မသင်္ကာကြောင်း' သက်သေခံလက်မှတ်ပုံစံ (ပြစ်မှု ၁၀၂)ကို ပူးတွဲတင်ပို့ရန်လိုသည်။ ရဲစခန်းစစ်ဆေးသူ အရာရှိသည် ရဲစခန်းအမှုတွဲ များကို ဖတ်ရှုလေ့လာပြီးနောက် မသင်္ကာရန်ရှိသူများအတွက် စာချုပ်များဖွင့်ရန် သင့်လျော်မည်ဟု ထင်မြင်ယူဆလျှင် ထိုသို့ ပြုလုပ်ရန်အမိန့်ကို ပေးလိမ့်မည်။ မှတ်ချက်။ မသင်္ကာရန်ရှိသူတို့အတွက် ဖွင့်သော လူဆိုးအညွန်း မာတိကာ စာချုပ်ကို ရထားရဲစခန်းတွင် ဖွင့်လှစ်သည့်အခါ ရထားရဲတပ်ဖွဲ့ ရဲစာရေးက ပုံစံ (ပြစ်မှု ၃၄/ရဲ ၆၅-က)တွင် ကြောင်းခြင်းရာအပြည့်အစုံ ဖော်ပြ၍ ထိုမသင်္ကာသူနေထိုင်သည့်အရပ် ရဲစခန်းသို့ ပေးပို့ရမည်။ ထိုပုံစံကို ရရှိသည့် အခါ သက်ဆိုင်ရာ ရဲအရာရှိအားလုံးသည် ပြစ်ဒဏ်ခံရဘူးသူတို့အတွက် အပိုဒ် (၁၆၃၃)တွင် ဖော်ပြထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။ ရထား ရဲစခန်းပိုင်နယ်မြေအတွင်း ကျူးလွန်သည့် ပြစ်မှုသည် ဓားပြမှု၊ လုယက်မှု၊ ကျွဲ နွားတိရစ္ဆာန်ခိုးမှုစသည့် ခရိုင်ရဲတပ်ဖွဲ့တွင် မသင်္ကာရန်ရှိသူတို့အတွက် ဖွင့်သောလူဆိုးအညွန်းမာတိကာ စာချုပ်ဖွင့်ရမည်ဟု အမိန့်ထုတ်ထားသည့် ပြစ်မှုမျိုးမဟုတ်ခဲ့လျှင် ခရိုင်ရဲတပ်ဖွဲ့တွင် စာချုပ်မဖွင့်ရ။ အခြားပြစ်မှု များအတွက်မူ ပုံစံ (ပြစ်မှု ၃၄/ရဲ ၆၅-က)ကို ဖိုင်တွဲထားပြီး မိတ္တူကို ယခင်

လူဆိုးအကြောင်းအရာ ဖော်ပြရန်ရှိခဲ့လျှင် အပြည့်အစုံဖော်ပြ၍ ရထားရဲစခန်းသို့ ပြန်ပို့ရမည်။

၁၆၃၇-က။ မည်သူမဆို အပိုဒ် (၁၆၂၉)တွင်ဖြစ်စေ၊ အပိုဒ် (၁၆၃၀) တွင်ဖြစ်စေ၊ ပါဝင်သော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ပြီးထွက်ပြေး တိမ်းရှောင်နေက ၎င်းအတွက် တရားခံပြေးပုံစံကို ရဲစခန်းမှတ်ပုံတင်အမှတ် (၂၉)အပိုင်း (၁)နှင့် (၃)တွင်ဖွင့်ပြီးဖြစ်၍ လူဆိုးအညွှန်းမာတိကာ စာချပ်လည်းရှိပြီး ဖြစ်လျှင် ၎င်းစာချပ်ပေါ်တွင် မသက်သာအကြောင်းအရာကို ရေးသည့်အတိုင်းထည့်သွင်းရေးသားရမည်။ လူဆိုးအညွှန်းမာတိကာ စာချပ် မဖွင့်ရသေးလျှင် အပိုဒ် (၁၆၃၇) ပါနည်းလမ်းကို လိုက်နာရမည်။

**လူဆိုးအညွှန်းမာတိကာစာချပ်များကိုအသုံးပြုခြင်း**

၁၆၃၈။ အောက်ပါနည်းလမ်းများဖြင့် လူဆိုးအညွှန်းမာတိကာ စာချပ်များကို အသုံးပြုရမည် -

(က) လူဆိုးအညွှန်းမာတိကာ စာချပ်များကို လူဆိုးများ၏ ပြစ်ချက်များကို ရှာဖွေရာ၌သော်လည်းကောင်း၊ ၎င်းလူဆိုးတို့သည် မည်သည့် ပြစ်မှုမျိုးကို ကျူးလွန်နေသည်ဟု ထင်မြင်အပ်သည့်အကြောင်းအရာများ ပါရှိသော သတင်းများကို မှတ်သားရာ၌သော်လည်းကောင်း အသုံးပြုရာသည်။ လူတစ်ဦးတစ်ယောက်ကို ဖမ်းဆီးသည့်အခါ ၎င်းလူဆိုးနှင့်အမည်တူ၊ အသံအမည်တူတစ်ဦးတစ်ယောက်အတွက် စာချပ်ရှိမရှိကို လူဆိုးအညွှန်းမာတိကာ စာချပ်များတွင် ရှာဖွေရမည်။ ကွန်ပျူတာစနစ်ဖြင့် သိမ်းထားနိုင်ပါက အမြန်ဆုံးရှာဖွေတွေ့ရှိနိုင်မည် ဖြစ်သည်။ ထိုစာချပ်များတွင် လူဆိုး၏ ပြစ်ချက်

များဖြင့် အဖြစ်ရခဲ့သူ သို့မဟုတ် မသင်္ကာသူတို့၏ အပေါင်းအသင်း၏ အမည်များကိုလည်း ဖော်ပြထားလျက်ရှိသည်။

(ဂ) အရေးကြီးသော အမှုကို စုံစမ်းသည့်အခါတိုင်း အမှုစစ်အရာရှိသည် ဤအညွှန်းမာတိကာ စာချပ်များကို အသုံးပြုရမည်။ ဥပမာဆိုသော် ဓားပြမှုတစ်မှု ဖြစ်ပွားခဲ့သော် ထိုစာချပ်များတွင် ဖော်ပြထားသည့် ဓားပြများ၏ အမည်များကိုကြည့်၍ ထိုဓားပြမှုဖြစ် ပွားသည့်အခင်းဖြစ်ဒေသ၏ ပတ်ဝန်းကျင်တွင် နေထိုင်သည့် အပြစ်ခံရပြီးသူသို့မဟုတ် မသင်္ကာရန် ရှိသူလူဆိုးတို့၏ အကြောင်းအရာများကို မိမိမှတ်စုစာအုပ်တွင် လိုအပ်သည့် အကြောင်းအရာများ ရေးသွင်းမှတ်သားရမည်။ ထို့ပြင် ဖော်ပြီးသောဓားပြများနှင့် မသင်္ကာရန်ရှိသောဓားပြများကို စစ်ဆေးကြည့်ရှုရန်မှာ ၎င်းအမှုစစ်ဆေးသူအရာရှိ၏ အလုပ်ဝတ္တရားပင် ဖြစ်ပေသည်။ ထိုနည်းအတိုင်းပင် လုယက်မှုများ၊ အိမ်ဖောက်ထွင်းမှုများနှင့် တိရစ္ဆာန်ခိုးမှုများတွင်လည်း ပြုလုပ်ရမည်။ ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးရုံးများရှိ လူဆိုးအညွှန်းမာတိကာ စာချပ်များထားရှိရာဌာန (ကွန်ပျူတာတပ်ဆင်ပြီးသောဌာန)များသို့လည်း ဆက်စပ်နယ်မြေများသို့ သွားရောက်နိုင်သည်ကို သုံးသပ်၍ အကူအညီ တောင်းခံဆောင်ရွက်ရမည်။ အလွန်အရေးကြီးသော အမှုများဖြစ်ပွားသည့်အခါ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးတို့ထံ တင်ပြ၍ ဆက်စပ်မှုရနိုင်သည်ဟု ယူဆက ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးသည် လူဆိုးခိုအောင်းတိမ်းရှောင်သည်ဟု ယူဆရသည့်နေရာများသို့ စုံစမ်းရှာဖွေ

နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းတပ်ဖွဲ့များသို့လည်း ဆက်သွယ်တင်ပြ အစီရင်ခံဆောင်ရွက်သင့်သည်။ အသင့်ရှိသော လုပ်ငန်းကျွမ်းကျင်သည့် ရဲအရာရှိများကို ထိုကဲ့သို့ လူဆိုးစစ်ဆေးနိုင်ရန်အတွက် တာဝန်ပေးစေနိုင်းသင့်သည်။ အချိန်ရရှိခဲ့လျှင် ဗဟိုခင်းဖြစ်ဒေသသို့ မသွားရောက်မီ လူဆိုးအညွှန်းမာတိကာစာချပ်များ၊ မြေပုံများကို လေ့လာ၍ သတင်းစုဆောင်းရမည်။ ရပ်ကွက်/ကျေးရွာ လူကြီးရုံးရှိ မှတ်ပုံ တင်စာအုပ်သည် ၎င်းဆိုင်ရာကျေးရွာအုပ်စု နယ်မြေအတွင်းရှိ လူဆိုးများ၏ အမည်ကိုသာ ဖော်ပြထား၍ ၎င်းကျေးရွာအုပ်စုနှင့် နယ်ချင်းစပ်လျက်ရှိသော ကျေးရွာအုပ်စုများရှိ လူဆိုးများ အကြောင်းကိုကား မဖော်ပြပေ။

မှတ်ချက်။ ရထားရဲစခန်းပိုင်ဖြစ်မှုမှလွဲ၍ ခါးပြမှု၊ လုယက်မှု၊ ကျွဲ နွားတိရစ္ဆာန်ခိုးမှု၊ ဖောက်ထွင်းခိုးယူမှု သို့တည်းမဟုတ် အခြားဖြစ်မှု အမျိုး အစားများကို ရထားရဲစခန်းပိုင်နယ်မြေအတွင်း ကျူးလွန်ဖြစ်ပွားလျှင် ၎င်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့ရှိ လူဆိုးအညွှန်း မာတိကာ စာချပ်များထားသည့် သံဗီရို/ ကျွန်းဗီရိုတွင် ပိုမိုပြည့်စုံသော မှတ်တမ်းများရှိမည် ဖြစ်သဖြင့် ရထားရဲတပ်ဖွဲ့အမှုစစ်အရာရှိသည် လိုအပ်သော ရဲစခန်းသို့သွားရောက်၍ အဆိုပါ စာချပ်များကို ရှာဖွေရမည့်အပြင် ဓိမိထက်ပိုမို၍ ထိုသို့သော လူဆိုးများအကြောင်းကို နားလည်သည့် ထိုရဲစခန်းမှ ရဲစခန်းမှူး၏ အကူအညီကို ယူရမည်။

(ဂ) တရားခံသို့မဟုတ် မသင်္ကာရန်ရှိသူ၏ အမည်ပေါ် ပေါက်သည့်အခါ အမှုစစ်အရာရှိသည် ၎င်းတရားခံ သို့မဟုတ်မသင်္ကာရန်ရှိသူတို့၏ လူဆိုးအညွှန်း မာတိကာ စာချုပ်ရှိခဲ့လျှင် ၎င်းတို့၏ အတိတ်ကာလ အကြောင်းအရာ များကို သိရှိရန် ၎င်းတို့ကို စစ်ဆေးကြည့်ရှုရမည်။ ဤသို့ပြုလုပ်ခြင်းသည် အရေးကြီးသော အကြောင်းတစ်ရပ် ဖြစ်ပေသည်။ အကြောင်းဆိုသော် ထိုစာချုပ်တွင် ၎င်းတရားခံနှင့် ဆွေမျိုး တော်စပ်၍ စစ်ဆေးသူအရာရှိ သတိထားရန်ရှိသူများ သို့မဟုတ် ၎င်းတရားခံ၏ ရန်ဘက် ဖြစ်၍ အမှုစုံစမ်းရာ၌ အထောက်အပံ့ပေးမည့်သူများကို တွေ့ရှိနိုင်သည်။

(ဃ) လူဆိုးအညွှန်းမာတိကာစာချုပ်ကို လွန်ခဲ့သော စုံစမ်းချက် များမှ ထုတ်နုတ်ထားသော သတင်းပေါင်းစုံတို့ သိုလှောင် ထားသော ရိက္ခာရုံကဲ့သို့ သဘောထားရမည်။ ၎င်းစာချုပ် များကို ရေးသားရာ၌လည်းကောင်း၊ စစ်ဆေးရှာဖွေရာ၌ လည်းကောင်း၊ ဤဆိုခဲ့သော သဘောထား အတိုင်းသာ ပြုလုပ်အပ်၏။ အချုပ်အားဖြင့်ဆိုသော် ဤစာချုပ် များသည် လူဆိုးတို့၏ အတ္တုပ္ပတ္တိများမှ ဇယားကွက်ဖြင့် ထုတ်နုတ်ထားသော အကြောင်းအရာများ သာဖြစ်ပေ သည်။ ခေတ်နှင့်လျော်ညီစွာ ကွန်ပျူတာစနစ်၊ အပြည်ပြည် ဆိုင်ရာ ဆက်သွယ်မှုတို့ကို အသုံးပြုခြင်းဖြင့်လျှင် မြန်မှု ရရှိသာမက လူဆိုးတို့အတွက် ပြေးလွှားပုန်းအောင်းရန် အချိန် မရနိုင်အောင် ဖန်တီးနိုင်ပေသည်။ ခေတ်မီနိုင်ငံ များ၌ ရဲစခန်း၊ ရဲကင်းများအထိ ကွန်ပျူတာစနစ်ကို ကျင့်သုံးလျက်ရှိပြီး လူဆိုးများ စောင့်ကြည့်ခြင်း လုပ်ငန်း

များကိုလည်း ကွန်ပျူတာထိန်းချုပ်မှု စနစ်များဖြင့် ဆောင်ရွက်နိုင်သည် ဖြစ်သဖြင့် လူဆိုးတို့ လှုပ်ရှားရန်ပိုမို ကျဉ်းမြောင်းနိုင်သည်ကို သတိပြုရမည်။

၁၆၃၉။ (က) လူဆိုးအညွှန်းမာတိကာ စာချပ်များ(ပြစ်မှု ၁၀၃-က) ပုံစံတွင် အောက်ပါအကြောင်းအရာများ ပါရှိလိမ့်မည် -

(ရှေ့ဘက်မျက်နှာစာ)

အမည်၊ အခြားအမည်၊ အဖအမည်၊ အမိအမည်၊ အသက် (မွေးသက္ကရာဇ်)၊ လူမျိုး/ဘာသာ၊ မွေးရာ ဇာတိ၊ လိင်၊ မှတ်ပုံတင်အမှတ်၊ ယခုနေရပ်၊ အလုပ် အကိုင်၊ ပြစ်မှု စတင်ကျူးလွန်သည့်နေရာ၊ ရဲစခန်း/မြို့နယ်/ခရိုင်၊ ကျူးလွန်ခဲ့သည့် ပုဒ်မ၊ လူပုံသဏ္ဍာန်၊ မျက်နှာ ပုံသဏ္ဍာန်၊ ထင်ရှားသော အမှတ်အသား၊ ဆေးမင်ကြောင်၊ အသား အရောင်၊ ဆံပင်။ ရှေ့မျက်နှာစာပုံစံ၏ ယာဘက်ထိပ်တွင် လူဆိုးအမျိုးအစားကို ခွဲခြားသည့် အရောင်နှင့် စာချပ် အမှတ် (ကွန်ပျူတာ)နှင့် ဆက်စပ်အသုံးပြုနိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ဓားပြမှု ကျူးလွန်သော လူဆိုး ဖြစ်လျှင် စာချပ်အမှတ်ကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ (၀၀၀၀၆)နီဟု ရေးသား ဖော်ပြရမည်။ ဓာတ်ပုံကို ဘေးတိုက်ပုံ၊ ရှေ့တည့် တည့်ပုံ၊ နှစ်မျိုးစလုံး ဖော်ပြရမည်။ ဓာတ်ပုံ၏ အောက်၌ လက်ပုံစံ ၁၀ ချောင်းကိုလက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း၊ လှိမ့်နှိပ်ပုံစံဖြင့် လက်ဗွေများ ပေါ်လွင်ထင်ရှားအောင် စံနစ်တကျ ရယူ၍ ဖော်ပြထားရမည်။

(ကျောဘက်စာမျက်နှာ)

ကျူးလွန်သော ပြစ်မှုအလေ့အထများ၊ ဥပမာ-ရေယာဉ်များ ပေါ်တက်၍ လုယက်တတ်သည်၊ ဘရိတ်ဓားများ သုံး၍ အိတ်ခွဲပြီး နှိုက်တတ်သည်စသည့် ကျူးလွန်ပုံ ကျူးလွန် နည်းများကို ဖော်ပြရမည်၊ ပြည့်စုံသော အခြားအချက်များ၊ တစ်ဦးတည်းလှုပ်ရှားတတ်သည် သို့မဟုတ် အခြားသူများ နှင့်ပူးပေါင်း၍ လုယက်တတ်သည်၊ ၎င်းနှင့်ခင်မင်သော မိတ်ဆွေများမှာ မောင်ဖြူ နေရပ်လိပ်စာ၊ မောင်နီ၊ နေရပ်လိပ်စာစသည့် ၎င်း၏ အကြောင်းကို ခြေရာခံနိုင်သည့် ပတ်သက်နိုင်သူများ၊ မိန်းကလေးမိတ်ဆွေများ၊ ၎င်းအားကိုးယုံကြည်သော ရဟန်းသံဃာ၊ ဘုန်းကြီး ကျောင်းများ စသည့်အပြင်ရှိသည့် အမှုများနှင့် ပတ်သက် ၍ နေ့စွဲ၊ အမှုအမှတ်၊ စစ်ဆေးသည့် ရုံးအမည်၊ စစ်ဆေးသည့်နေရာ၊ ဥပဒေပုဒ်မ၊ အမှုဖြစ်ပွားသည့်နေရာ၊ ရဲစခန်း၊ ခရိုင်၊ ပထမသတင်းပေးချက်၊ စီရင်ချက်၊ ကျခံသည့်ထောင်၊ ထောင်ကလွတ်သည့်ရက်တို့ ပါဝင်သော ဇယားကွက်ဖြင့် ဖော်ပြရမည်။ ယင်း (ပြစ်မှု ၁၀၃-က)ပုံစံအား နောက်ဆက်တွဲ (က-၄၉)ဖြင့် ဖော်ပြထားသည်။

( ၁ ) 'ခ' လူဆိုးစာရင်းဝင်သူတို့အတွက် ဖွင့်လှစ်သော စာချပ်များတွင် ဇယားကွက်အမှတ် (၁)ကို ပြစ်မှု ဖြစ်ပွားသည့် နေ့စွဲ ရေးသားရန် အသုံးပြုရမည်။ အပြစ်ရသော အမှုများအတွက် အပြစ်ရသည့် နေ့စွဲကို ထိုဇယားကွက်တွင် ထည့်သွင်းဖော်ပြရမည်၊ 'မသက်၁' ဟူသောစာကို ဇယားကွက်အမှတ် (၂)၊ (၃)၊ (၄)များကို ဖြတ်၍ ရေးသားဖော်ပြရမည်။ အတွဲပွဲတွဲဖွင့်ပြီးသော လူဆိုးတို့မှ

တစ်ပါး အခြားသော လူဆိုးတို့အတွက် ဤစာကြောင်း အောက် စာကြောင်းရေ တစ်ကြောင်း၊ နှစ်ကြောင်းတွင် မည်သည့်အတွက်ကြောင့် စောင့်ကြည့်ရန် လိုအပ်ကြောင်း မသက်ာသည်ကို အတိုချုပ်၍ ရေးမှတ်ရမည်။ ဤမှတ်သား ချက်ကို မှတ်သားရန် အမိန့်ပေးသူ ခရိုင်ရဲတပ်ဖွဲ့မှူး ကိုယ်တိုင်ရေးသားရမည်။ခရိုင်ရဲတပ်ဖွဲ့မှူး၏ လက်အောက် ရှိ မည်သည့် ရဲအရာရှိမဆို ဤမသင်္ကာ ရန်ရှိသူတို့အတွက် စာချုပ်ကို ဖွင့်လှစ်ရန် အမိန့်မပေးနိုင်။ မြို့နယ်ရဲတပ်ဖွဲ့မှူး သည် ဖွင့်လှစ်ရန်သင့်သူတို့ကို ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။ မသင်္ကာရန်ရှိသူ အားလုံးတို့နှင့် ပတ်သက် သည့် အမိန့်များကို ၎င်းတို့နှင့်ဆိုင်ရာ အမှုတွဲများတွင် လျှို့ဝှက်စွာ တွဲထားရမည်။

( ဂ ) လူဆိုးအညွှန်းမာတိကာ စာချုပ်များကို ကတ်နံပါတ် အစဉ်အတိုင်း အရောင်သတ်မှတ်ချက်ဖြင့် ကွန်ပျူ တာအတွင်း၌ ထည့်သွင်းသိမ်းထားရှိရမည်။ လူဆိုး အညွှန်းမာတိကာ စာချုပ်များကို သံဗီရို/ကျွန်းဗီရို များ၌ ထားသိုရာ၌ စာချုပ်တွင်ရှိသော လူဆိုး၏ အမည်များကို အက္ခရာစဉ်အလိုက်လည်းကောင်း၊ ကျူးလွန်သည့် အမျိုးအစားကို သတ်မှတ်ထားသည့် အရောင် နီ၊ ပြာ၊ ဝါ၊ ညို၊ နက်၊ လိမ္မော်၊ ဖြူ၊ စိမ်း အစဉ်အတိုင်း ခွဲခြား၍ လည်းကောင်း၊ ထားရှိရမည်။ သို့မှသာ လူဆိုးအညွှန်း မာတိကာ စာချုပ်များ ကိုရှာဖွေရာ၌ လွယ်ကူလိမ့်မည် ဖြစ်သည်။ ထို့ပြင် အကျဉ်းထောင်အတွင်း ရောက်နေသည့် လူဆိုးများကိုလည်း အက္ခရာစဉ်၊ အရောင်အစဉ် အလိုက် သီးခြားခွဲထုတ်ထားရမည်။ ၎င်းလူဆိုးများ ထောင်မှ

လွှတ်လာသည့်အခါ မူလအရောင်စဉ်အတိုင်း အကွာရာစဉ် အလိုက် ပြန်ထားရမည်။ အမည်နှစ်မျိုး၊ သို့မဟုတ် နှစ်မျိုးထက်ပိုမိုရှိသော တရားခံများဖြစ်လျှင်၊ အမည် အသီးသီးအတွက် သီးခြားဖြစ်သော အခြားအမည်စာချပ် များ ဖွင့်ထားရမည်။ အကြောင်းအရာ အစုံအလင်ကို စာချပ်တစ်ခုတွင် သာ ထည့်သွင်းရေးသားထားလိမ့်မည်။ အခြား စာချပ်များမှာ အကြောင်းအရာအစုံအလင် ပါရှိသော စာချပ်ကို ရည်ညွှန်းထားရုံသာ ပါရှိစေရမည်။

( ယ ) မှုခင်းမှတ်တမ်းအဖွဲ့ထံမှ ခွဲချက်ပြန်(ပြစ်မှု ၁၈/ ရဲ ၁၂၅ က) နှင့် ရဲဝက္ကူအမှုတွဲပြန်လည်ရရှိသည့် အခါတွင် ဖြစ်စေ၊ သို့မဟုတ် 'စုံစမ်းမှုဆိုင်း' အဖြစ်ဖြင့် ပိတ်သိမ်းသော အမှုများတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူး၏ အမိန့် ချမှတ်ချက်ပါရှိသည့် (ပြစ်မှု ၁၀၂) ပုံစံပြန်လည် ရရှိသည့်အခါတွင်ဖြစ်စေ၊ လူဆိုးအညွှန်းမာတိကာ စာချပ် များကို အသစ်ရေးဖွင့်ခြင်း၊ ယခင်ရေးဖွင့်ပြီး ဖြစ်ပါက ဖြစ်ဒေါက်ဖြည့်သွင်းရေးသားခြင်းများ ပြုလုပ်ရမည်။

( င ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၅ အရ ဖြစ် ဒေါက်စီရင်သော တရားသူကြီး၏ အမိန့်သည် တစ်စိတ် တစ်ဒေသအဖြစ်ဒေါက်ဖြစ်သောကြောင့် ၎င်းတို့ကို လူဆိုးအညွှန်းမာတိကာ စာချပ်တွင် အကျဉ်းချုပ်၍ ဖော်ပြရမည်။ အညွှန်းမာတိကာ ကျောဘက်ဇယားကွက် အမှတ် (၁၀)ရှိ မူလပြစ် ချက်အောက်တွင် ယခုဖော်ပြထား သည့်အတိုင်း ဖြည့်စွက်မှတ်သားရမည်။ "ကျင့်ထုံး၊ ၅၆၅ ၂ နှစ်" ဤသို့ရေးသားလျှင်ပင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၅ အရ ပေးသည့်အမိန့် ၂ နှစ်ဟု ဖော်ပြရာရောက်ပေသည်။

( စ ) အညွှန်းမာတိကာစာချပ်၏ ဖယားကွက်အမှတ် (၁၂)တွင် ထောင်မှလွတ်မည်ဟု ခန့်မှန်းသည့် နေ့ရက်ကို တစ်နှစ်လျှင် လျှော့ရက်တစ်လကို နှုတ်ပြီးမှ ခဲတံဖြင့်မှတ်သားရမည်။ ထောင်မှလွတ်သည့်အခါမှသာလျှင် ထိုလွတ်သည့် နေ့ရက်ကိုမင်ဖြင့် ရေးသားထားရမည်။ အကျဉ်းသားအား စီရင်ချက်ချမှတ်ထားသည့် ထောင်လွတ်ရက်မတိုင်မီ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၄၀၁)အရ အစိုးရ၏ အမိန့်အာဏာအတိုင်း စည်းကမ်းသတ် မှတ်၍ လွှတ်ထားခွင့်ပေးလျှင် ထိုသို့ပေးကြောင်း ရေးသားဖော်ပြရမည်။ ဥပမာ - ပြစ်မှုဆိုင်ရာကျင့် ထုံးဥပဒေပုဒ်မ (၄၀၁)အရ ၃၁-၁၂-၉၉ နေ့တွင် လွှတ်လျှင် (၄၀၁/၃၁-၁၂-၉၉)ဟု ဖော်ပြရမည်။

( ဆ ) လူဆိုး၏ ကျူးလွန်သော ပြစ်မှုအလေ့အထများကို (ပြစ်မှု ၁၀၃-က) ပုံစံနောက်ကျောရှိ ယင်းကဏ္ဍအတွက် သတ်မှတ်ထားသောနေရာတွင် အပြည့်အစုံရေးသားဖော်ပြရမည်။ ဥပမာ-လူဆိုးသည် ပျဉ်ချပ်ကိုခွာ၍ ဖောက်ထွင်းဝင်ရောက်သည်၊ မျက်နှာကျက်ကို ဖောက်၍ ဝင်ရောက်တတ်သည်၊ မှန်လည်တံခါးမှ ဝင်ရောက်တတ်သည်၊ ဓားပြမှု ကျူးလွန်ရာတွင် အိမ်သားများကို ခြင်ထောင် အတွင်းထည့်ပြီး အိမ်ရှင်အား ဓားပြားနှင့် ရိုက်၍ ပစ္စည်းတောင်းတတ်သည်စသည့် ကျူးလွန်လေ့ရှိသော အကျင့်စရိုက်များကို ပြည့်စုံစွာ ထည့်သွင်း ဖော်ပြရမည်။ ပြည့်စုံသော အခြားအချက်များတွင် ၎င်းနှင့် ပေါင်းသင်းသူ လူဆိုးများ၊ (အကယ်၍ ၎င်းတို့တွင်လည်း

အညွှန်းမာတိကာစာချုပ်များရှိခဲ့လျှင်) ထိုစာချုပ် အမှတ်များ၊ ခိုးရာပါပစ္စည်းများကို မည်ကဲ့သို့ ဖျောက်ဖျက် ပစ်တတ်သည်၊ ခိုးရာပါ ပစ္စည်းများကို ကိုယ်တိုင်ထုခွဲ ရောင်းချတတ်သည်၊ လူဆိုးနှင့်အလျဉ်းသင့်သော မိန်ကလေးမိတ်ဆွေ၊ ဂိုဏ်းလူဆိုးမှ အားကိုးအားထား ပြုတတ်သော ဘုန်းကြီးကျောင်းများ၊ ဆွေမျိုးတော်စပ် သူများ၊ နောက်ကွယ်မှကာကွယ်ပေး၍ နေထိုင်သည့်ဩဇာ တိက္ကမရှိသူများ စသည့်လူဆိုးအား ခြေရာခံနိုင်လောက် သည့်အချက်များကို ရေးသားဖော်ပြရမည်။

၁၆၄၀။ စာချုပ်များ၏ လက်ယာဘက်ထိပ်တွင် လူဆိုးကျူးလွန်သည့် ပြစ်မှု အမျိုး အစားများကို အရောင်ဖြင့် ခွဲခြားသတ်မှတ်ထားလေသည် -

(က) အနီရောင် (ဓားပြမှု)၊ (ဓားပြလူသတ်မှု)၊ (ဓားပြမှုဖိမ်း လူသတ်မှု)၊ ဤကဲ့သို့သော လူထုအတွက် အန္တရာယ် ရှိသော အဖွဲ့ပွဲတွဲဖွဲ့လုပ်သည့် လူဆိုးများကိုလည်း အနီရောင် အတွက်ထဲတွင် (H.S)ဟု ဖော်ပြရမည်။

(ခ) အပြာရောင် (ခိုး၊ ဆိုး၊ လု၊ နှိုက်) (ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ -၃၈၂ အပါအဝင်)။

(ဂ) အဝါရောင် (ဖောက်ထွင်းမှုများ)။

(ဃ) အညိုရောင် (တိရစ္ဆာန်ခိုးမှု)။

(င) အနက်ရောင် (ခိုးရာပါပစ္စည်းလက်ခံသူများ)။

(စ) လိမ္မော်ရောင် (ယခင်ကအကျင့်စာရိတ္တနှင့် ပတ်သက်သော ပြစ်ချက်ဟောင်းရှိသူများဖြစ်ပြီး၊ ဆန့်ကျင်ဘက် နိုင်ငံရေး ပါတီဝင် လက်ရှိဖြစ်နေသူများ)။

(ဆ) အဖြူရောင် (ခရိုင်ရဲတပ်ဖွဲ့မှူးမှမသက်ဝသာစာချပ်ဖွင့်ထားသူများ၊ 'ခ' စာရင်းဝင်လူဆိုးများ)။

(ဇ) အစိမ်းရောင် (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၄၀၆၊ ၄၆၈ နှင့် လိမ်လည်မှုနှင့် အကျင့်စာရိတ္တဖောက်ဖျက်သော မုဒိမ်းမှု၊ လူသတ်မှုနှင့် အခြား အမှုများ)။

အရောင်များနှင့်ဖော်ပြရာတွင် အလျား ၁.၈ လက်မ × အနံ ၂.၁လက်မ အရွယ်ဖြင့် (ပြစ်မှု ၁၀၃-က)ပုံစံ၏ ယာဘက်ထောင့်တွင် ဖော်ပြရမည်။ အမှုစစ်အရာရှိသည် မိမိစုံစမ်းစစ်ဆေးနေဆဲ၊ သို့မဟုတ် စုံစမ်း စစ်ဆေးမည့်အမှုမျိုးကို ကျူးလွန်ထားသော လူဆိုးတို့၏ အကြောင်းအရာကို စုဆောင်းနေစဉ်အမှုအမျိုးအစား အသစ်တို့နှင့် ပတ်သက်သော စာချပ်များကို တစ်ကြိမ်တည်း ကြည့်ရှုစစ်ဆေးနိုင်ရန် ဤသို့ပြုလုပ်ရခြင်းဖြစ်သည်။ ကွန်ပျူ တာနည်းပညာတွင် ဤသို့ဆောင်ရွက်ထားခြင်းဖြင့်လည်း လူဆိုးအညွှန်းမာတိကာ စာချပ်ကို ရှာဖွေရာ၌ လွယ်ကူသည့်အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (I.C.P.O)မှ ပေးပို့သည့် လူဆိုးအညွှန်းမာတိကာ စာချပ်များနှင့်လည်း တူညီသဖြင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာစီယံရဲတပ်ဖွဲ့များနှင့် ဆက်ဆံရာတွင်လည်း လွယ်ကူစေလိမ့်မည်။

၁၆၄၁။ ရဲစခန်းအသီးသီးတွင် ဤစာချပ်များကို အက္ခရာစဉ် အလိုက် သံဗီရို သို့မဟုတ် ကျွန်းဗီရိုအတွင်း၌ ထိန်းသိမ်းထားရန်နှင့် တစ်ပြေးညီတည်း ဖြစ်စေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လူဆိုး၏ အမည်ကို မောင်/ဦး၊ မ/ဒေါ်ဟု ထည့်သွင်းမှတ်သားရန်မလို၊ သို့သော် မောင်စိန်၊ မောင်အောင်စသော အမည်တို့၌ မောင်ဟူသော အက္ခရာကို ထိပ်စာလုံးအဖြစ် မှတ်သားရမည်။ မောင်ကျော်ဆင့်ဖြစ်လျှင် ကျော်ဆင့်ဟု မှတ်သားရမည်။ ရခိုင် အမျိုးသားအမည်

များတွင် ဦးဦးကျော်သာ ဖြစ်ပါက ဒုတိယဦးကိုထိပ်စာလုံး အဖြစ်ယူရမည်၊ ဦးကျော်သာဟု မှတ်ရမည်။

(ခ) လူဆိုးအမည်၏ ထိပ်စာလုံးကို "က" အက္ခရာစဉ်မှ စ၍ ဒုတိယစာလုံးကိုလည်း အက္ခရာစဉ်လိုက်စီ၍ သွားရမည်၊ မြန်မာအဘိဓာန် အက္ခရာစီစဉ်ပုံ အတိုင်း ရေးသားရမည်။

(ဂ) လူမျိုးခြား၊ အိန္ဒိယ၊ တရုတ်တို့အမည်များကို မြန်မာ အသံထွက်ကို အက္ခရာပြု၍ အက္ခရာစဉ်အတိုင်း မှတ်သား ရမည်။

၁၆၄၂။ အညွှန်းမာတိကာ စာချပ်ဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက် လူဆိုး၏ အကြောင်းအရာ အလုံးစုံကို ထိုလူဆိုးအတွက် အထွေထွေမှတ်တမ်းရှိ/မရှိ၊ သင်္ကာရန် ရှိသူဟုတ်/မဟုတ်၊ သို့မဟုတ် သီးခြားဖော်ပြထားသော ဖြစ်မှုတစ်ခု တစ်ခု အတွက် အပြစ်ခံရဘူးသည်၊ မခံရဘူးသည်တို့ကို ဖော်ပြသော "ရပ်ကွက်/ ကျေးရွာဖြစ်မှုလယ်ဂျာ" တွင် ထည့်သွင်းရမည်။

၁၆၄၃။ အညွှန်းမာတိကာ စာချပ်ဖွင့်ပြီးသည့် လူဆိုးသည် အခြား ရဲစခန်း နယ်မြေ အတွင်းသို့ အမြဲနေ့ပြောင်းနေထိုင်သည်ဟု ကြား သိရသည့် အခါ၊ ၎င်း၏ အညွှန်းမာတိကာ စာချပ်မိတ္တူကို ထိုရဲစခန်းသို့ ပေးပို့ရမည်။ ၎င်းစာချပ်ကို ရရှိသည့် ရဲစခန်းက "ရပ်ကွက်/ကျေးရွာဖြစ်မှုလယ်ဂျာ"တွင် ၎င်းလူဆိုး နေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာအောက်၌ ထည့်သွင်း ရေးသားရမည်။ သို့ရာတွင် ၎င်းလူဆိုးသည် အမြဲနေ့ပြောင်းနေထိုင်သည်ဟု တပ်အပ်သေချာဆိုနိုင်သည့် အခါမှသာ ၎င်းလူဆိုးအတွက် အမှတ်စဉ် သတ်မှတ်ပေးရမည်။ ဤအကြောင်းကို သေချာစွာသိရှိသည့်အခါ ၎င်းလူဆိုး ယခင်က နေထိုင်ခဲ့သည့် အရပ်ရှိရဲစခန်းသို့ အကြောင်းကြားရမည်၊ ၎င်းမူလ ရဲစခန်းက အောက်ပါဖော်ပြထားသည့်အကြောင်းအရာမှ တစ်ပါး၎င်း၏

"ရပ်ကွက်/ကျေးရွာပြစ်မှုလယ်ဂျာ"မှ ပယ်ဖျက်၍ ၄င်း၏လူဆိုးအညွှန်းမာတိကာ စာချပ်ကိုလည်း ပယ်ဖျက်ပစ်ရမည်။ ရဲစခန်းတစ်ခုမှ လူဆိုးနေရပ် ပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ ၄င်းလူဆိုးအညွှန်းမာတိကာစာချပ်ရရှိခဲ့လျှင် ထိုလူဆိုးသည် ၄င်းတိုင်ကြားထားသည့် နေရပ်၌နေသည်၊ မနေသည်ကို ချက်ချင်းစုံစမ်းရန် အရေးယူရမည်။ ၄င်းအကြောင်းအရာကို စုံစမ်းရန်စေလွှတ်ခြင်းခံရသော အရာရှိသည် ၄င်းလူဆိုးကို ရှာဖွေတွေ့ရှိလျှင် ရပ်ကွက်/ကျေးရွာတွင် နေထိုင်လျက်ရှိကြောင်း၊ ရပ်ကွက်/ကျေးရွာလူကြီး သို့မဟုတ် ဆယ်အိမ်မှူး၏ ထောက်ခံချက်စာတစ်စောင်ကို ယူခဲ့ရမည်။ ဤကဲ့သို့ ပြုလုပ်ပြီးမှ မူလရဲစခန်းသို့ ၄င်းလူဆိုးကို တွေ့ရှိကြောင်းများကို ပြန်စာပေးပို့ရမည်။ အချို့နေရာတွင် အညွှန်းမာတိကာစာချပ်ဖွင့်ပြီး လူဆိုးသည် ၄င်းမူလ နေထိုင်ရာအရပ်အနီးရှိ ရဲစခန်းနယ်မြေအတွင်းသို့ အမြဲပြောင်းရွှေ့ နေထိုင်ပြီးသော် ၄င်းသည် ရှေးကကျက်စားရာ အရပ်ဖြစ်သည့် နေရာသို့ ပြန်လည်၍ ပြစ်မှုကျူးလွန်တတ်လေသည်။ ၄င်းလူဆိုးသည် လူဆိုးအပေါင်း အဖော်အသစ်များကို ခေါ်ဆောင်၍ မိမိသိကျွမ်းသည့်အရပ်၌ မကြာခဏ နှောင့်ယှက်ကလူပြုတတ်လေသည်။ ဤသို့သောအခါတို့၌ မူလရဲစခန်းရှိ အရာရှိတို့သည် ၄င်းလူဆိုးပြန်လာသည့်အခါများကို စောင့်ကြည့်ရန်နှင့် ၄င်းလူဆိုး၏ ထိုအရပ်မှ ယခင်က အဆက်အသွယ်များကို သိရှိရန် အထူးလိုအပ်ပေသည်။ ဤအကြောင်းအရာကို ထောက်၍ အညွှန်းမာတိကာစာချပ် မိတ္တူကို လူဆိုးပြောင်းရွှေ့နေထိုင်သည့် အရပ်ရှိရဲစခန်းသို့ မပို့မီ၊ မူလအညွှန်း မာတိကာစာချပ်ပေါ်တွင် ဤသို့သော အကြောင်းအရာအလုံးစုံကို ထည့်သွင်းရေးသားရမည်။ ဤသို့သော အခါမျိုးတွင် မူလအညွှန်းမာတိကာ စာချပ်ကို ဖျက်ဆီးမပစ်ရ။ လူဆိုး၏ အမည်ကိုလည်း "ရပ်ကွက်/ကျေးရွာပြစ်မှုလယ်ဂျာ" တွင်ဖော်ပြမြဲ ဖော်ပြထား၍ မှတ်ချက်ဇယားကွက်တွင်သာ "ရွှေ့ပြောင်းသွား" ဟု မှတ်သားထားရမည်။

မှတ်ချက်။ ရထားရဲစခန်းတွင် လူဆိုးအညွှန်းမာတိကာ စာချုပ်ဖွင့်ထား သော လူဆိုးတစ်ယောက်သည် အခြားရဲစခန်းပိုင်နယ်မြေသို့ အမြဲပြောင်းရွှေ့နေထိုင်နေကြောင်းသိရသည့်အခါ ထိုစာချုပ်ကို ပထမဖွင့်လှစ်သော ရထားရဲစခန်းမှ လူဆိုးမူရင်းနေရပ်ရှိရာ နယ်မြေရဲစခန်းသို့ အကြောင်းကြားပြီး မာတိကာ စာချုပ်မိတ္တူကို လူဆိုးရွှေ့ပြောင်းသွားသည့်အရပ်ရှိ ရထားရဲစခန်းသို့ ပေးပို့ရမည်။ လူဆိုးရွှေ့ပြောင်းသွားသည့် နယ်မြေရဲစခန်းသို့ လူဆိုးမူရင်း နေရပ်ရှိ နယ်မြေရဲစခန်းက စာချုပ်များပေးပို့ရမည်ဖြစ်၍ ရထားရဲစခန်းမှ ပေးပို့ရန်မလို။

၁၆၄၄။ x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x ။

အထွေထွေထိန်ဖွင့်ပြီးလူဆိုးများ

၁၆၄၅။ အထွေထွေထိန်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အထွေထွေထိန်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အထွေထွေထိန် မဖွင့်မီကပင် ယင်းလူဆိုးအတွက် (ပြစ်မှု ၁၀၃-က) ပုံစံဖြင့် အညွှန်းမာတိကာစာချုပ်ဖွင့်လှစ်ပြီး ဖြစ်ရမည်။ အထွေထွေထိန် ဖွင့်လှစ်သည့်အခါ သက်ဆိုင်သော အကြောင်းအရာများကို "ရပ်ကွက်/ကျေးရွာ ပြစ်မှုလယ်ဂျာ"တွင် ၎င်း၏ အမည်နှင့်သက်ဆိုင်သည့် အကွက်၌ ထည့်သွင်း၍ ၎င်းအတွက် အထူး ဖိုင်တွဲတစ်တွဲကို ဖွင့်လှစ်ပြီး စာမျက်နှာ အမှတ်စဉ်များ တပ်ရမည်။ ထိုလူဆိုး၏ "ရပ်ကွက်/ ကျေးရွာ ပြစ်မှုလယ်ဂျာ"ရှိ အစီအစဉ်အမှတ်ကို မာတိကာစာချုပ် အမှတ်စဉ်မှတ်သားရန် အကွက်တွင် ရေးသွင်းရမည်။

အတ္ထုပ္ပတ္တိလူဆိုး သေဆုံးသည့်အခါ သို့မဟုတ် အတ္ထုပ္ပတ္တိ ဖျက်သည့်အခါ သို့မဟုတ် ရပ်စဲသည့်အခါ အမှတ်စဉ်ကို အလွတ်ထားခဲ့၍ နောက်ဖွင့်သည့် အတ္ထုပ္ပတ္တိ လူဆိုး အတွက် အမှတ်စဉ်အသစ် ပေးရမည်။ အတ္ထုပ္ပတ္တိစာရင်း တစ်ခုရေးဆွဲထားပြီး အတ္ထုပ္ပတ္တိ စာချုပ်များကို ၎င်းအမှတ် စဉ်အတိုင်း အစီအစဉ် ပြုလုပ်ထားရမည်။ အတ္ထုပ္ပတ္တိ စာချုပ်များ ရှာဖွေရာတွင် အကူအညီရရှိစေရန် ယင်း အမှတ်စဉ်များကို အတ္ထုပ္ပတ္တိ စာချုပ်အဖုံး၌ သတ်မှတ်ထား သည့် နေရာအောက်လက်ဝဲ ဘက်ထောင့်တွင် ရေးမှတ် ရမည်။ အတ္ထုပ္ပတ္တိဖိုင်တွဲ (ပြစ်မှု ၁၀၃-ဂ)ပုံစံတွင် အောက်ပါအချက်များ ပါရှိသည် -

(၁) အပိုင်း ၁။ မူလအတ္ထုပ္ပတ္တိ၊ (ပြစ်မှု ၁၀၃-ဃ) ပုံစံ။

(၂) အပိုင်း ၂။ အရေးကြီးသော မှတ်သားချက်များ (ပြစ်မှု ၁၀၃-င)ပုံစံ။

(၃) အပိုင်း ၃။ လက်ရှိပြစ်မှုဖြစ်ပွား မှုမှတ်တမ်းများ၊ (ပြစ်မှု ၁၀၃-စ)ပုံစံ။

(၄) အပိုင်း ၄။ အမိန့်စာများ (ပြစ်မှု ၁၀၃-ဆ) ပုံစံ။

(၅) အပိုင်း ၅။ လူဆိုးနှင့် သက်ဆိုင်သည့် စာရွက် စာတမ်းများဥပမာ၊ ရပ်ကွက်/ ကျေးရွာလူကြီး၏ လက်မှတ်များ၊ လူဆိုး၏ အသွားအလာနှင့် ပတ် သက်၍ မှတ်သားချက်များ၊ ခြေချုပ် ဥပဒေနှင့်ပြစ်မှုဆိုင်ရာ ကျင့်ထုံး

ဥပဒေ ပုဒ်မ ၅၆၅၊ အရ ချမှတ်သည့် အမိန့်များ၏ မိတ္တူများ သို့မဟုတ် ထောင်မှ အထူးလွှတ်ခြင်းနှင့် ပတ်သက်၍ ချမှတ်သည့် အမိန့်များ၏ မိတ္တူ။

(ခ) နယ်ထိန်းအရာရှိသည် အတ္တုပ္ပတ္တိဖိုင်တွဲများကို စနစ်တကျရေးသွင်းခြင်း၊ လူဆိုးအားခြေရာခံနိုင်မည့် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းခြင်း၊ မှတ်တမ်းဖိုင်များ ထိန်းသိမ်းခြင်းကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ဂ) အပိုင်း (ခ)။ မူလအတ္တုပ္ပတ္တိတွင် အောက်ပါ အချက်များပါရှိပေမည် -

(၁) အမည်။

(၂) အခြားအမည်။

(၃) မိဘအမည်။

(၄) ယခုနေထိုင်သည့်အရပ်။

(၅) လူဆိုးနှင့်ငင်းအဖ၊ အမိတို့နှင့် ဖနီးတို့၏ မွေးဖွားသည့် အရပ်များ။

(၆) လူမျိုးနှင့်ဘာသာ။

(၇) အတ္တုပ္ပတ္တိဖွင့်သော နေ့၌လူဆိုးသည် အသက်မည်မျှရှိကြောင်း၊ အတ္တုပ္ပတ္တိ ဖွင့်ရန်ပေးသည့် အမိန့်အမှတ်နှင့် အတ္တုပ္ပတ္တိဖွင့်သည့်နေ့စွဲ။

(၈) လက်ပုံစံအမှတ်များနှင့်နေ့စွဲများ။

(၉) လူဆိုးအညွှန်းမာတိကာစာချပ်အမှတ်။

(၁၀) လူဆိုးအမျိုးအနွယ်၏ အမည်နှင့် စာရင်းဝင် အမှတ်။

(၁၁) အလုပ်အကိုင်။

(၁၂) ယခုခံဆဲနှင့် နောက်ဆက်လက်ခံရမည့် အပြစ်ဒဏ်များ။

(၁၃) လူပုံသဏ္ဍာန်။

(၁၄) ပထမပြစ်မှုကိုကျူးလွန်သည့်အချိန်အခါ ထိ အတ္ထုပ္ပတ္တိအကျဉ်းချုပ်။

(၁၅) အတ္ထုပ္ပတ္တိဖွင့်သည့် နေ့ရက်အထိ ပေါ်ပေါက်သည့် ကျူးလွန်ခဲ့သော ပြစ်မှုများ၏ အကြောင်းအရာများ။

(၁၆) ဆွေမျိုးများ၊ ဆက်ဆံသူများ၊ အပေါင်းအဖော်များ၊ မိတ်ဆွေများနှင့် လူဆိုးကို သိရှိသောသူများ၏ အဖအမည်များနှင့် နေရပ်များ၊ အကယ်၍ မူလအတ္ထုပ္ပတ္တိ အမှတ် (၁၆)တွင် ထည့်သွင်းသော အကြောင်းအရာတို့သည် စာတစ်မျက်နှာ ပြည့်ခဲ့လျှင် နောက်ထပ်ဆက်လက် ရေးသားရန်စာရွက်အလွတ် တစ်ရွက်ကို ၎င်း၌ ပူးတွဲထားရမည်။ လူဆိုးထွက်ပြေး တိမ်းရှောင်နေသည့်အခါ စုံလင်သော ၎င်း၏ အပေါင်းအဖော်များ၊ ဆွေမျိုးများ နှင့် မိတ်ဆွေများ၏ စာရင်းသည်များစွာ အသုံးဝင်လေသည်။

(ဃ) အပိုင်း (၂)။ အရေးကြီးသော မှတ်သားချက်များအောက် တွင် လူဆိုးသည် ပြစ်မှုနှင့်ဆက်နွယ်သည့် အကြောင်း

အရာအလုံးစုံ၊ ရာသီဥတုအလိုက် နေရပ် ပြောင်းရွှေ့ခြင်းများနှင့် အလုပ်အကိုင်၊ ထို့ပြင် လူဆိုးသည် ကာလအတော်အတန် ပျောက်နေပြီးမှ ပြန်လည်တွေ့ရှိ သည့်အခါတွင် ၎င်း၏အကြောင်းအရာကို စစ်ဆေးပြီးမှ ၎င်းသည် ထွက်ပြေး တိမ်းရှောင်နေသည့် အတောအတွင်း ပြုလုပ်ခဲ့သည့် အသွားအလာအကြောင်းအရာအလုံးစုံတို့ကို ဖော်ပြရမည်။

(ဃ) အပိုင်း (၃)။ ယခုပစ္စုပ္ပန်အချိန်တွင် ထည့်သွင်းရေးသားသော အကြောင်းနှင့် သက်ဆိုင်သည့် အစီ ရင်ခံစာများနှင့် ၎င်း၏ အသွားအလာများ အကြောင်း(အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ် စေ) ပါဝင်စေရမည်။ အကယ်၍ ဤအကြောင်း အရာများကို ထည့်သွင်းသော အရာရှိ၏ စိတ်တွင် အကြောင်းအရာတစ်ခုသည် အပိုင်း (၂) တွင် ထည့် သင့်သော အရေးကြီးသည့် အကြောင်းအရာဟုတ်/မဟုတ်ဟု သံသယရှိခဲ့သော် ထိုအကြောင်း အရာကို အပိုင်း(၃) တွင်ထည့်သွင်းထား၍ စစ်ဆေးသူအရာရှိ၏ အမိန့်ကို စောင့်ဆိုင်းရမည်။

(စ) အပိုင်း (၄)။ အမိန့်ချသည့် ပုံစံသည် လက်အောက်ရဲ အရာရှိများအား အညွှန်းမာတိကာစာချပ် ဖွင့်ပြီးလူဆိုးတို့နှင့် မသက်ဘရန်ရှိသူတို့အကြောင်း နှင့်ပတ်သက်၍ ပေးသောအမိန့်များကို ရေးမှတ်ချက်ဖြစ်ရမည်။ အမိန့်စာနှင့်အမိန့်ပေးသော နေ့စွဲကို မှတ်သားထား၍ ပြုလုပ်ဆောင်ရွက်ရမည့် အရာရှိများ၏ လက်မှတ်များနှင့် နေ့စွဲတို့လည်း ရှိစေရမည်။ အမိန့်ချမှတ်သည့်အတိုင်း

ပြုလုပ် ဆောင်ရွက်ပြီးစီးသောအခါ ရရှိသည့်သတင်းကို အရေးကြီးလျှင် အထွေထွေစာချုပ်အပိုင်း (၂) အောက်၌ သို့မဟုတ် အရေးမကြီးလျှင် အပိုင်း (၃)အောက်၌ ရေးသားထည့်သွင်းရမည်။ ဤရေးသွင်းချက်၏ အမှတ်ကို အပိုင်း (၄)ရှိ အမိန့်ကို လိုက်နာဆောင်ရွက်သည့် အရာရှိ၏ လက်မှတ် အပေါ်တွင် ဖော်ပြထားရမည်။

၁၆၄၆။ ရက်စက်ကြမ်းကြုတ်၍ လူသားချင်းစာနာမှုကင်းမဲ့သော ပြစ်မှုများကို ကျူးလွန်တတ်သူ လူဆိုးတို့ကို အထွေထွေလူဆိုးအဖြစ် ဖွင့်ထားရမည်။ လူတစ်ဦးတစ်ယောက်သည် လုယက်မှု၊ ဓားပြမှု၊ အိမ်ဖောက်ထွင်းမှုများကို ကျူးလွန်ရုံသာမက လုယက်၍ ပစ္စည်းများကို ယူသည့်အပြင် တစ်ဆက်တည်း မုဒိမ်းကျင့်ခြင်း၊ လူသတ်ခြင်း စသည့် ရက်စက်ကြမ်းကြုတ်သည့် အပြုအမူများကို တစ်ကြိမ်တည်း ကျူးလွန်ရုံမျှနှင့်ပင် ထိုလူဆိုးကို အထွေထွေစာချုပ်ဖွင့်သင့်သည်။ ခိုးရာပါပစ္စည်းများကို အမြဲတစေလက်ခံပြီး ရပ်ရွာအေးချမ်းသာယာရေးအတွက် အနှောင့်အယှက်ဖြစ်လောက်အောင် ဒုစရိုက်မှုများကို ကြိုးကိုင်သောလူများကိုလည်း အထွေထွေစာချုပ်ဖွင့်သင့်သည်။ အထွေထွေလူဆိုးများ သတ်မှတ်ရန်မှာ ခရိုင်ရဲတပ်ဖွဲ့မှူးသည် မည်သည့်အတွက်ကြောင့် အထက်ဖော်ပြပါ အပိုဒ်အတိုင်း အထွေထွေလူဆိုးဟု သတ်မှတ်သင့်သည်ကို ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူးထံ အတည်ပြုချက် ရယူရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးများသည်လည်း မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး၊ နယ်ထိန်းအဖွဲ့ အရာရှိတို့နှင့် သေချာစွာ တိုင်ပင်ဆွေးနွေးပြီးမှသာ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးထံ ထောက်ခံတင်ပြရမည်။ အထွေထွေဖွင့်ပုံ နမူနာကို နောက်ဆက်တွဲ(က-၅၁)တွင် ဖော်ပြထားသည်။

၁၆၄၇။ အထက်အပိုဒ်အရ အတ္တုပ္ပတ္တိဖွင့်လှစ်သင့်သူဟု မြို့နယ် ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူးများမှ ယူဆသည့်အခါပြစ်မှု ၁၀၃(ဂ)မှ (ဆ)အထိ လိုအပ်သည့် အချက်အလက်များကို ကြိုတင်ပြုစုထားရမည်။ တရားရုံးမှ (ပြစ်မှု ၁၈/ ရဲ ၁၂၅-က) ပုံစံပြန်လည်ရရှိသည့်အခါ (ပြစ်မှု ၁၀၃-က) ပုံစံနှင့်အတူ တစ်ပါတည်း (ပြစ်မှု ၁၀၃-ဂ မှ ဆ) အထိ ပူးတွဲလျက်၊ ၎င်းလူဆိုးအား အတ္တုပ္ပတ္တိ လူဆိုးဖွင့်လှစ်ရန်လိုကြောင်း ထောက်ခံချက်များနှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှူးမှ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။ သို့မှသာ ၎င်းလူဆိုးအကျဉ်းထောင် သို့ရောက်ပြီးမှ အတ္တုပ္ပတ္တိလူဆိုးဖွင့်ရန်အတွက် သက်ဆိုင်ရာ အချက်များကို လိုက်လံပြည့်စွက်ရသည်မှာ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူးတို့တွင် အခက်အခဲများစွာ ဖြစ်နိုင်ခြင်းမှ ရှောင်ကြဉ်နိုင်သည်။

၁၆၄၈။ မည်သည့်အခါမဆို အတ္တုပ္ပတ္တိမဖွင့်မီ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူး၏ အတည်ပြုချက်အမိန့်ကို ရရှိစေရမည်။ အတ္တုပ္ပတ္တိစာချုပ်တစ်ခုကို ၎င်းနှင့် စပ်ဆိုင်သည့် သူသေဆုံးမှသာ ဖျက်ပစ်ရမည်။ သို့ရာတွင် အတ္တုပ္ပတ္တိ ဖွင့်ပြီး လူဆိုးကို နယ်ထိန်းအဖွဲ့မှ စောင့်ကြပ်ကြည့်ရှုခြင်းကိုမူ ခရိုင်ရဲတပ်ဖွဲ့မှူး၏အမိန့်အရ ရပ်စဲနိုင်သည် အတ္တုပ္ပတ္တိဖွင့်သည့်အခါတွင် အမိန့်အမှတ်နှင့် နေ့စွဲကို မူလအတ္တုပ္ပတ္တိ၏အမှတ်စဉ် (၇)တွင် ဖော်ပြ၍ အတ္တုပ္ပတ္တိပိတ်သည့် အခါတွင် အမိန့်အမှတ်နှင့်နေ့စွဲကို အရေးကြီးသည့် မှတ်သားချက်တွင် ဖော်ပြထားရမည်။ လူဆိုးသေဆုံး၍ ၎င်း၏အတ္တုပ္ပတ္တိဖိုင်တွဲကို ပယ်ဖျက်သည့် အခါတွင် ၎င်း၏လူဆိုးအညွှန်းမာတိကာစာချပ်ကို ဖျက်ဆီး၍ ၎င်းလူဆိုး၏ အမည်ကို "ရပ်ကွက်/ကျေးရွာပြစ်မှုလယ်ဂျာ"မှ နုတ်ပယ်ရမည်။ အတ္တုပ္ပတ္တိ ရပ်စဲထားသော လူဆိုးတို့၏ ဖိုင်တွဲများကို ရဲစခန်းမှူး၏ လျှို့ဝှက်သော စာရွက် စာတမ်းများထားသည့် ဗီရိုတွင် ဖိုင်ကြီးတစ်ခုနှင့်ထား၍ ၎င်းတို့၏ စာရင်းကို မာတိကာ ရေးသွင်းပြီးလျှင် ထိုဖိုင်တွဲကြီးနှင့်အတူ ထားရမည်။ မည်သည့် အရပ်တွင် နေထိုင်လျက်ရှိကြောင်း မသိရ၍ လက်ပုံစံဌာနရှိ ၎င်းတို့၏လက်ပုံစံ

စာချုပ်များတွင် စာရွက်ငယ်များ အလံတပ်ထားခြင်းခံရသော အတ္တုပ္ပတ္တိလူဆိုးတို့ကို ခုနစ်နှစ်တိုင်တိုင် "အသက်ရှင်"လျက်ရှိနေသေးသည်ဟု မှတ်ယူရမည်။ ထို့နောက် ထိုလူဆိုးများကို မတွေ့ရှိခဲ့လျှင် ၎င်းတို့၏ အတ္တုပ္ပတ္တိများကို "ရပ်စဲရမည်။" ပျောက်နေသော အတ္တုပ္ပတ္တိလူဆိုးတစ်ယောက်သည် အသက် ၇၀ အရွယ်သို့ ရောက်ရှိခဲ့လျှင် ၎င်းကို သေသည်ဟု မှတ်ယူ၍ ၎င်း၏အတ္တုပ္ပတ္တိဖိုင်တွဲကို ဖျက်ပစ်ရမည်။

၁၆၄၉။ (ပြစ်မှု ၁၀၃-က)ပုံစံဖြင့် လူဆိုးအညွှန်းမာတိကာစာချုပ်ရေးဖွင့်ထားသော လူဆိုးများထဲမှ အများပြည်သူအား ဘေးဖြစ်လောက်အောင် လွန်စွာဆိုးသွမ်းရက်စက်ရမ်းကားသူဟု မစိုးရိမ်ရလျှင် ၎င်းလူဆိုးကို အတ္တုပ္ပတ္တိလူဆိုးအဖြစ် ဖွင့်ရန်မလို၊ အတ္တုပ္ပတ္တိလူဆိုးအဖြစ်ဖွင့်ရန်၊ မဖွင့်ရန်ကိစ္စမှာ လူဆိုးအညွှန်းမာတိကာစာချုပ်တွင်ရေးသားဖော်ပြချက်များသာမက ထိုလူဆိုး၏အကြောင်းနှင့်ပတ်သက်၍ နယ်ထိန်းတပ်ဖွဲ့ဝင်များ၏ စုံစမ်းချက်အရ ၎င်းလူဆိုး၏ ယေဘုယျမှလက်ရှိအနေအထားသည် အမြဲတစေ လုယက် ဆိုးသွမ်းရက်စက်ကြမ်းကြုတ်သူ၊ မကောင်းမှုဖြင့် အမြဲတစေအသက်မွေးဝမ်းကျောင်းမပြုသူဟု ပေါ်ပေါက်လျှင် ၎င်းအား အတ္တုပ္ပတ္တိလူဆိုးဖွင့်ရန် မလိုပေ။ ယင်းကိစ္စအား သက်ဆိုင်ရာနယ်ထိန်းအရာရှိ၊ ရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့မှ အသေးစိတ်တိုင်ပင်ဆွေးနွေးပြီး အတ္တုပ္ပတ္တိဖွင့်ရန်လိုသောသူများကိုသာ ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပြ၍ ခရိုင်ရဲတပ်ဖွဲ့မှူး၏ သဘောတူညီချက်ကို ရယူရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးကလည်း လူဆိုးအညွှန်းမာတိကာ စာချုပ်ဖွင့်ထားရုံနှင့် လုံလောက်ခြင်းမရှိဘဲ အမြဲတစေစောင့်ကြည့်ရန် လိုအပ်သည့် လွန်စွာဆိုးသွမ်းရက်စက်ရမ်းကားသည်ဟု ယူဆလျှင် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူး ထံတင်ပြ၍ အတည်ပြုချက်ရယူကာ အတ္တုပ္ပတ္တိဖွင့်ရမည်။ တရားသူကြီးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၁၀ ဖြင့် အရေးယူခြင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၅ အရ အမိန့်ချမှတ်ခြင်းရှိသော်လည်း ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်/

တိုင်းရဲတပ်ဖွဲ့မှူးတို့၏ သဘောတူအတည်ပြုချက်မရလျှင် ထိုလူဆိုးကို အတ္တုပ္ပတ္တိ ဖွင့်ရန်မလို။

၁၆၅၀။ ရဲစခန်းမှူး၊ နယ်ထိန်းအရာရှိနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်တို့သည် အတ္တုပ္ပတ္တိဖွင့်ထားသည့် လူဆိုးတို့ကို ၎င်းတို့နေထိုင်သည့် ရပ်ကွက်/ကျေးရွာများသို့ ရောက်ရှိသည့်အခါ ၎င်းလူဆိုးတို့အသက်မွေးမြူနေထိုင်ပုံနှင့် ၎င်းတို့ထံ လာရောက်သည့်ဧည့်သည်များနှင့်ပတ်သက်၍ သတင်းအကြောင်းအရာ စသည် တို့ကို ရပ်ကွက်/ကျေးရွာလူကြီး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့နှင့် အိမ်နီးနားချင်း များထံမှ သေချာစေ့စပ်စွာ စုံစမ်းထောက်လှမ်းရမည်။ ကောင်းသည့်အကြောင်း အရာဖြစ်စေ၊ မကောင်းသည့်အကြောင်းအရာဖြစ်စေ၊ ၎င်းလူဆိုး၏ အတ္တုပ္ပတ္တိ မှတ်တမ်း၌ ဖော်ပြရမည်။ အရေးကြီးသော သတင်းများကို စိစစ်အကဲဖြတ်၍ မှန်မမှန်စစ်ဆေးရမည်။ အရေးကြီးသော သတင်းဆိုသည်မှာ ၎င်းလူဆိုးသည် အများပြည်သူ အားဘေးဖြစ်လောက်အောင် သောင်းကျန်းသူ အဖွဲ့အစည်းများ နှင့်ဆက်သွယ်ခြင်း၊ ဧည့်သည်များကိုလက်ခံခြင်း၊ ဖောက်ခွဲ ဖျက်ဆီးနိုင်သည့် ပစ္စည်းများကို ဆောင်ရွက်ခြင်းစသော သတင်းများအား အလေးထား၍ စုံစမ်း ဖော်ထုတ်ရမည်။ အတ္တုပ္ပတ္တိဖွင့်ထားသော လူဆိုးသည် ရပ်ကွက်/ ကျေးရွာတွင် မရှိသည့်အခါ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်းတိုင်ကြားရန်မှာ ရပ်ကွက်/ ကျေးရွာလူကြီး၏ အလုပ်ဝတ္တရားဖြစ်သည်။ ဤကဲ့သို့ တိုင်ကြား စေခြင်းအလို့ငှာ ၎င်းတို့၏ ရပ်ကွက်/ကျေးရွာတွင် နေထိုင်သည့် အတ္တုပ္ပတ္တိ လူဆိုးစာရင်းကို (ပြစ်မှု ၇၈) ပုံစံဖြင့် ရပ်ကွက်/ကျေးရွာလူကြီးတို့အား ပေးထား၍ ဆယ်အိမ်မှူး အဆင့်အထိ သိရှိလိုက်နာဆောင်ရွက်ရန်၊ ကြီးကြပ်ရန် တာဝန် ရှိပေသည်။ ထိုတာဝန်အား ပေါင်းစပ်နိုင်ရန်မှာ သက်ဆိုင်ရာ နယ်မြေ ရဲကင်းရဲတပ်ဖွဲ့ဝင် များ၏ တာဝန်လည်းဖြစ်ပေသည်။ ရပ်ကွက်/ကျေးရွာလူကြီးများ၏ လက်ဝယ် ရှိသော ဧည့်စာရင်းတိုင်ကြားမှု မှတ်ပုံတင်တွင်လည်း ပြေး ၄ ပြေးများကို အဓိကထားစောင့်ကြည့်၍ ပိုင်နယ်ခံလူဆိုးများနှင့် ဆက်သွယ်မှုရှိ/မရှိကို

သက်ဆိုင်ရာ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကွက်/ကျေးရွာလူကြီး များနှင့် ရဲတပ်ဖွဲ့ဝင်တို့မှ စောင့်ကြည့်ရန်မှာ အရေးကြီးသော တာဝန်ဝတ္တရား များ ဖြစ်ပေသည်။

**အတ္ထုပ္ပတ္တိဖွင့်ထားသည့် လူဆိုး၏ ရွှေ့ပြောင်းနေထိုင်ခြင်းများ**

၁၆၅၁။ အတ္ထုပ္ပတ္တိဖွင့်ပြီး လူဆိုးတစ်ယောက်သည် အခြားမြို့နယ်/ရဲစခန်းအပိုင်နယ်မြေအတွင်းသို့ အမြဲပြောင်းရွှေ့နေထိုင်သည့်အခါ ၎င်း၏ မူလအညွှန်းမာတိကာစာချုပ်မိတ္တူတစ်စောင်ကို စာတိုက်မှမှတ်ပုံတင် ပြုလုပ်၍သော်လည်းကောင်း၊ သို့မဟုတ် လူကိုယ်တိုင်သော်လည်းကောင်း လူဆိုးပြောင်းရွှေ့နေထိုင်သည့် မြို့နယ်/ရဲစခန်းသို့ ပေးပို့ရမည်။ အမြဲရွှေ့ပြောင်းနေထိုင်ကြောင်းကို စုံစမ်း၍ နောက်ဆက်နေထိုင်သည့် သက်ဆိုင်ရာမြို့နယ်/ရဲစခန်းမှ အတည်ပြုပြန်ကြားချက်မရ မချင်း၎င်းလူဆိုး၏ အတ္ထုပ္ပတ္တိဖိုင်တွဲကို မပေးပို့ရ။ လူဆိုးတို့သည် မကြာခဏ ၎င်းတို့မူလနေထိုင်ခဲ့သော မြို့နယ်/ရဲစခန်းနယ်မြေအတွင်းကူးလူးသွားလာမှု ပြုလုပ်ကာ ပြစ်မှုကျူးလွန်ခြင်း၊ ထို့ပြင်နီးစပ်ရာနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော နယ်မြေများသို့ ကူးလူးသွားလာတတ်ခြင်းစသည်တို့ကြောင့် ၎င်းလူဆိုးကူးလူးသွားလာတတ်သော မြို့နယ်/ရဲစခန်းများတွင်လည်း အဆိုပါလူဆိုး၏ အတ္ထုပ္ပတ္တိစာချုပ်များဖွင့်လှစ်ထားရှိရန် လိုအပ်ပါသည်။ ထိုသို့ဖွင့်လှစ်ရာတွင် အဆိုပါ လူဆိုး၏ အတ္ထုပ္ပတ္တိစာချုပ်အပိုင်း (၁) နှင့် (၂)တို့ကိုပါ ဖွင့်လှစ်ထားရှိရန်လိုအပ်ပါသည်။ မူလအတ္ထုပ္ပတ္တိစာချုပ်ရေးဖွင့်ခဲ့သည့် ရဲစခန်းမှ အဆိုပါလူဆိုး၏ နောက်ဆက်အပိုင်း (၂)တွင် ထည့်သွင်းရေးသားထားသော အရေးကြီးသည့်အချက်များ၏ မိတ္တူများကို နောက်ထပ်ဖွင့်လှစ်သော ရဲစခန်းများသို့ ပေးပို့ပြီး၊ ထိုသို့ပေးပို့ပြီးကြောင်း အတည်ပြုချက်ပြန်ကြားစာကို အပိုင်း (၃)တွင် ထည့်သွင်းရေးသားရမည်။ အဆိုပါ လူဆိုးနှင့် ပတ်သက်၍ ထပ်ဆင့်အတ္ထုပ္ပတ္တိစာချုပ်ရေးဖွင့်ထားသော ရဲစခန်းများအနေဖြင့်လည်း အတ္ထုပ္ပတ္တိစာချုပ် အပိုင်း (၂)တွင် ဖြည့်စွက်ရေးသွင်းသော အရေးကြီး

သတင်းများကိုလည်း အခြားရဲစခန်းများသို့ ဆက်သွယ်ပေးပို့ရမည်။ သို့မှသာ အဆိုပါ လူဆိုး၏ အရေးကြီးသည့် ပြုမူချက်တို့ကို ရဲစခန်းအားလုံး ကောင်းစွာ သိမြင်နိုင်ပေမည်။ တစ်ခါတစ်ရံ အမြဲပြောင်းရွှေ့သွားသော လူဆိုးနှင့် သက်ဆိုင်သည့် အတ္ထုပ္ပတ္တိစာချုပ်ကို ထိန်းသိမ်းထားရှိရန် လိုအပ်ပေသည်။ ဤကဲ့သို့ *သော အခါတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက အတ္ထုပ္ပတ္တိစာချုပ်ကို ရွှေ့ပြောင်းမပေးပို့မိ* တချုပ်အပိုင်း (၁) နှင့် (၂) တို့ကို *မူလဖွင့်ထားရှိသော ရဲစခန်းတွင် ဖွင့်ရန်* အမိန့် ပေးရမည်။ မြို့နယ်/ရဲစခန်းအသီးသီးတို့၌ ပြစ်မှုကျူးလွန်မှု ပြုလုပ်သော လူဆိုးတို့အတွက် ဖော်ပြပါအတိုင်းရေးယူဆောင်ရွက်ရန်များစွာ အရေးကြီး သော်လည်း စာချုပ်အပိုင်း (၁) နှင့်(၂)တို့သာ ပါဝင်လင့်ကစား လုပ်ငန်းတာဝန် ဝိုမိုများပြား မည်ဖြစ်သောကြောင့် မလိုအပ်သည့် အခါတွင် ဖော်ပြပါဆောင်ရွက် ချက်အား မပြုလုပ်ရန် သတိထားရမည်။ ဤကဲ့သို့သော အတ္ထုပ္ပတ္တိ စာချုပ်ဖွင့် လူဆိုးတို့၏ အမည်များကို "ရပ်ကွက်/ကျေးရွာပြစ်မှုလယ်ဂျာ" စာရင်းတွင် ထည့်သွင်းရမည်။ သို့ရာတွင် အမြဲနေထိုင်သည့်အရပ်ရှိ ရဲစခန်းမှ တစ်ပါး *၎င်းအမည်များကို အစီအစဉ်အမှတ်ပေးလိမ့်မည်မဟုတ်။*

၁၆၅၂။ အတ္ထုပ္ပတ္တိများတွင် ရေးသားချက်များကို ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က တတ်နိုင်သမျှ မကြာခဏသေချာစွာ ကြည့်ရှုစစ်ဆေး ရမည်၊ အတ္ထုပ္ပတ္တိတိုင်းကို ၎င်းဖွင့်ပြီးသည့်နေ့မှစ၍ ၃ နှစ်ကျရောက်သည့် အခါတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက သေချာစွာ ကြည့်ရှုစစ်ဆေးရမည်။ ထိုသို့စစ်ဆေး သည့်အခါတွင် ၎င်းအတ္ထုပ္ပတ္တိကို ရပ်စဲသင့်ကြောင်း သို့မဟုတ် မရပ်စဲသင့်သေး ကြောင်းတို့ကို အမိန့်ချမှတ်၍ အဘယ်သို့သော အကြောင်းကြောင့် ထိုအမိန့်ကို ချမှတ် ကြောင်းကိုလည်း ထိုလူဆိုး၏ အတ္ထုပ္ပတ္တိစာချုပ် (ပြစ်မှု ၁၀၃-ဆ) အမိန့်စာများ အပိုင်းတွင် ရေးသားဖော်ပြရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူး၏ အမိန့် အရသာလျှင် အတ္ထုပ္ပတ္တိစာချုပ်များကို အောက်ပါအကြောင်းများနှင့် ပတ်သက်၍ ရပ်စဲရမည် -

(က) လူဆိုးသေဆုံးသည့်အခါ။

(ခ) အထက်ဖော်ပြထားသည့် ၎င်းလူဆိုးကို နယ်ထိန်း အဖွဲ့မှ ကြည့်ရှုရန်မလိုဟု ထင်မြင်သည့်အခါ။

(ဂ) အခြားခရိုင်ရဲတပ်ဖွဲ့၊ ရဲစခန်းနယ်မြေအတွင်းအပြီး ရွှေ့ပြောင်းနေထိုင်သည့်အခါ။

(အပိုဒ် ၁၆၄၃ ကို ကြည့်ပါ)။

မှတ်ချက်။ လူဆိုးတစ်ဦးအတွက် လူဆိုးအတ္ထုပ္ပတ္တိ စာချုပ်များကို ခရိုင်ရဲတပ်ဖွဲ့နှင့် ရထားရဲတပ်ဖွဲ့ကပါ ဖွင့်လှစ်ထားရှိခဲ့လျှင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးသည် ရထားရဲတပ်ဖွဲ့မှူးထံ အကြောင်းမကြားဘဲ အတ္ထုပ္ပတ္တိ စာချုပ်အား ဆက်လက်ထားရှိခြင်းမှ မရပ်စဲသင့်၊ အလားတူရထားရဲတပ်ဖွဲ့မှူးသည်လည်း ထိုအတ္ထုပ္ပတ္တိစာချုပ်များ ရပ်စဲလိုသည့်အခါ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ အကြောင်းကြားရမည်။

ရထားရဲတပ်ဖွဲ့ရှိအတ္ထုပ္ပတ္တိလူဆိုးများဖိုင်တွဲ

၁၆၅၃။ ရထားရဲစခန်းရှိ အတ္ထုပ္ပတ္တိစာချုပ်တိုင်း၌ အပိုင်း (၁) နှင့်(၂) တို့၏ မိတ္တူများကို လူဆိုးနေထိုင်သည့် အရပ်ပါဝင်သည့် ခရိုင်ရဲတပ်ဖွဲ့မှူးသို့ ပေးပို့ရမည်။ လူဆိုးစောင့်ကြပ်ကြည့်ရှုခြင်းအလုပ်ကို ရထားရဲတပ်ဖွဲ့နှင့်ခရိုင်ရဲတပ်ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်၍ အတ္ထုပ္ပတ္တိဖိုင်တွဲ အပိုင်း (၂) တွင် ထည့်သွင်း ချက်များကို တစ်ဦးနှင့်တစ်ဦးဖလှယ်ပေးပို့ရမည်။ ဤကဲ့သို့ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးသက်ရောက်မှုကို သိရှိနိုင်စေရန် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရထားရဲတပ်ဖွဲ့ရဲမှူးတို့သည် မကြာခဏ အတ္ထုပ္ပတ္တိစာချုပ်များကို စစ်ဆေးရမည်။ ရထားရဲတပ်ဖွဲ့ဆိုင်ရာ လူဆိုးအတ္ထုပ္ပတ္တိဖိုင်များကို ခရိုင်ရဲတပ်ဖွဲ့ရှိ "ရပ်ကွက်/ကျေးရွာပြစ်မှုလယ်ဂျာ"တွင် အစီအစဉ်အမှတ်တပ်၍ ထည့်သွင်းရမည်။ သို့ရာတွင် ၎င်းသည် ရထားရဲတပ်ဖွဲ့ဆိုင်ရာအတ္ထုပ္ပတ္တိ

လူဆိုးဖြစ်သည်ဟု သိရှိစေခြင်းငှာ ၎င်းအမှတ်၏ အောက်တွင် မင်နီဖြင့် မျဉ်းသားထားရမည်။ နှစ်ချုပ်အစီရင်ခံစာများ ပြုလုပ်သည့်အခါ ခရိုင်များက ရထားရဲတပ်ဖွဲ့ဆိုင်ရာ အထွေထွေလူဆိုးများကို ခရိုင်အတွက်ပြုလုပ်သော စာရင်းတွင် ဖော်ပြရမည်။ တစ်ပြည်လုံးအတွက် စာရင်းကောက်ယူသည့်အခါ မှန်ကန်သည့်စာရင်းကို ရရှိနိုင်စေရန် ရထားရဲတပ်ဖွဲ့နှင့် သက်ဆိုင်သည့် လူဆိုးစာရင်းကို ဖော်ပြခြင်း မပြုရ။

**ရဲစခန်းမှူး၏နှစ်ချုပ်မှတ်တမ်းမှတ်ပုံတင်၊ မှတ်ပုံတင်(၃၇)**

၁၆၅၄။ ဤမှတ်ပုံတင်သည် ရဲစခန်းမှူး၏ နှစ်ချုပ်မှတ်တမ်း ဖြစ်သည်။ ရဲစခန်းမှူးကိုယ်တိုင်ပြုစု၍ လုံခြုံစွာ ကိုယ်တိုင်ထိန်းသိမ်းထားရမည်။ ကုန်ဆုံးခဲ့သော ပြက္ခဒိန်နှစ်အတွက် နှစ်စဉ်ဇန်နဝါရီလမကုန်မီ ပြီးစီးအောင် ပြုစုရေးသားရမည်။ နှစ်ချုပ်မှတ်တမ်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးတို့ထံ ပြုစုတင်ပြရမည်။ ၎င်းမှတ်တမ်းအား ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့နှင့် အခြားစစ်ဆေးသူ အရာရှိကြီးများက သေချာစွာလေ့လာ၍ လိုအပ်သော မှတ်ချက်နှင့် အမိန့်များကို ချမှတ်ညွှန်ကြားလိမ့်မည်။

၁၆၅၅။ နှစ်စဉ်ဇန်နဝါရီလအတွင်း ရဲစခန်းမှူးသည် ကုန်ဆုံးခဲ့သောနှစ်အတွက် မိမိရဲစခန်းအကြောင်းကို အောက်ပါခေါင်းစဉ်ငယ်များအလိုက် ပြည့်စုံစွာရေးသွင်း၍ စာရွက်များကို မှတ်ပုံတင် (၃၇)၊ ရဲစခန်းနှစ်ချုပ်မှတ်တမ်းတွင် ဖိုင်တွဲရမည် -

# အပိုင်း (၁)

(၁) မှုခင်း

(က) အမှုကြီး (၁၀)မျိုး

(၁) အမှုကြီး (၁၀)မျိုး အခြေအနေ ၃ နှစ်နှိုင်းယှဉ်ချက် ကို အောက်ပါဇယားအတိုင်း ဖော်ပြရပါမည် -

**အမှုကြီး (၁၀)မျိုးအခြေအနေ ၃ နှစ်နှိုင်းယှဉ်ချက်**

| စဉ် | အမှုအမျိုးအစား | ဖြစ်ပွားမှု | | | စွဲတင်မှု | | | | | | ပိတ်သိမ်းမှု | | | | | | လက်ကျန်မှု | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်နှစ် | ယမန်နှစ် | ယခုနှစ် | ယခင်နှစ် | | ယမန်နှစ် | | ယခုနှစ် | | ယခင်နှစ် | | ယမန်နှစ် | | ယခုနှစ် | | ယခင်နှစ် | ယမန်နှစ် | ယခုနှစ် |
| | | | | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | | |
| | | | | | | | | | | | | | | | | | | | |

( ၂ ) တိုး၍ဖြစ်ပွားလာသော အကြောင်းရင်းများ -

(ကက)အမှုအမျိုးအစား (တစ်ဦးချင်းအလိုက်ရေးရန်)။

( ခခ )ရှင်းလင်းချက်/သုံးသပ်ချက်/ လေ့လာချက် များ ရေးရန်။

( ၃ ) လျော့၍ဖြစ်ပွားသောအကြောင်း အချက်များ -

(ကက)အမှုအမျိုးအစား (တစ်ခုချင်းအလိုက်ရေးရန်)။

( ခခ )တပ်ဖွဲ့လုပ်ဆောင်ချက်များနှင့် ယှဉ်တွဲလေ့လာ သုံးသပ်ချက်။

(၄) လာမည့်နှစ်တွင် ဖြစ်ပေါ်နိုင်သည့် အလားအလာများ -

(ကက) ရဲစခန်းနယ်မြေရှိ စီးပွားရေး/လူမှုရေးစသည့် အခြေအနေများကို လေ့လာသော အခြေခံအချက်များအား အဓိကထားပြီး ရေးရန်၊

(ခခ) ကြိုတင်စီမံချက်များနှင့်ခိုးဆိုးသူများ၏ အခြေ အနေ (လူဆိုး/သူခိုးများ၏အခြေအနေကို လေ့လာခြင်းအားဖြင့် ရဲစခန်းမှူး၏ သုံးသပ်ချက်)။

(၅) လာမည့်နှစ်တွင်မှုခင်းများ လျှော့နည်းကျဆင်းရေးနှင့်ကြိုတင်ကာကွယ်ရေး အစီအမံများ

(ကက) မိမိသို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အာဏာပိုင်အထက်အဖွဲ့အစည်းတို့၏ လမ်းညွှန်မှုမျိုးဖြင့် ပြုလုပ်ထားသော အစီအမံများ၊ မှုခင်းနှိမ်နင်းရေး စီမံချက်များကို အကြမ်းဖျင်းဖော်ပြရန်၊

(ခခ) မြို့နယ်အာဏာပိုင်အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများမှ စီမံချမှတ်ထားသော မှုခင်းကျဆင်းရေးကို အထောက်အကူဖြစ်စေမည့် ကိစ္စမျိုးကို ဖော်ပြရန်၊

(ခ) အခြားအမှုများနှင့်ဒေသအလိုက် အာရုံပြုရသောအမှုများ

(၁) အခြားအမှုများမှာ သတ်မှတ်ထားသောအခြား အမှု (၇)မျိုး ဖြစ်သည်၊

(၂) ကြိုတင်ကာကွယ်မှုများမှာ သတ်မှတ်ထားသည့် အမှု (၉) မျိုးဖြစ်သည်၊

( ၃ ) ဒေသအလိုက်အာရုံပြုရသော အမှုများတွင် အောက်ပါအမှုများပါဝင်သည် -

(ကက) ရေနံ/ရေနံထွက်ပစ္စည်းခိုးမှုများ၊

( ခခ ) ဘိလပ်မြေ/ဓာတ်မြေဩဇာစသည့် ခိုးမှုများ၊

( ဂဂ ) ကျောက်မျက်/တွင်းထွက်ပစ္စည်းခိုးမှု များ

(ဃဃ) သစ်တောထွက်ပစ္စည်းခိုးမှုများ၊

( ငင ) ဆန်စပါး၊ ဆီထွက်သီးနှံပစ္စည်းခိုးမှုများ၊

( စစ ) မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် ခိုးမှုများ၊

(ဂ) မှုခင်းဖြစ်ပွားတတ်သော ရပ်ကွက်/ကျေးရွာများ

( ၁ ) အမှုကြီးများ

(ကက) လူသတ်မှု (နမူနာအားဖြင့်) -

(၁၁) ဖြစ်ပွားတတ်သောရပ်ကွက် ကျေးရွာ အမည်ဖော်ပြရန်၊

(၂၂) ဖြစ်ပွားတတ်သည့် ကာလဖော်ပြရန် (နွေ၊ မိုး၊ ဆောင်းလအမည်များဖြင့် ဖော်ပြရန်)၊

(၃၃) ဖြစ်ပွားရသည့်အကြောင်းရင်း ဥပမာ၊ မူးယစ်ဆေးဝါး/လောင်းကစား/ အရက်/မိန်းမ/ စီးပွားရေး တစ်ခုခု ကြောင့် သို့မဟုတ် တောင်သူလယ်သမားများ လုပ်ငန်းတစ်ခုခု အငြင်းပွားခြင်း၊ မြေနယ်ကျူးလွန်ခြင်းတို့ တစ်ခုခုကြောင့် ဖြစ်ရခြင်းကို ဖော်ပြရန်၊

(၄၄) အမှုကြီးတစ်ခုချင်းအလိုက် အထက်ပါ အတိုင်းရေးသားဖော်ပြရန်။

( ၂ ) အခြားအမှု (၉)မျိုး။ အမှုများတစ်မျိုးစီကို တစ်မျိုးချင်းအလိုက်ရေးသားဖော်ပြရန်။ (ခိုး/ဆိုး/နှိုက်/လူဆိုးများ)

(ဃ) ဂိုဏ်းဖွဲ့ကျူးလွန်တတ်သူများ(ရှိလျှင်)

| စဉ် | ဂိုဏ်းအမည် | အဖွဲ့ဝင်များ | | | ကျူးလွန်တတ်သောပြစ်မှု | | | ကျက်စားရာဒေသ ခိုအောင်းရာနေရာ |
|---|---|---|---|---|---|---|---|---|
| | | အမည် | လိပ်စာ | အဆင့် | (ပ) အမှတ် | ပုဒ်မ | ပြစ်ဒဏ် | |
| | | ခေါင်းဆောင်၊ အဖွဲ့ဝင်၊ လက်ခံ၊ လက်ထောက်ချ၊ | | | | | | |

(င) စုဖွဲ့ကျူးလွန်တတ်သူများ။ ဂိုဏ်းအဖြစ်မဖွဲ့စည်းသော်လည်း စုပေါင်းကျူးလွန် တတ်သူများရှိလျှင် အထက်ပါ ဇယားအတိုင်း ပြုစုရန်။

(စ) မိမိအပိုင်မှလူဆိုးများ။ အထက်အပိုဒ် (ဃ) ဇယားအတိုင်း ရေးသားရန်။

(ဆ) အခြားအပိုင်ရဲစခန်းနယ်မြေမှလူဆိုးများ။ အပိုဒ် (ဃ)ဇယားအတိုင်းပြုစုရန်။

(င) စုစရိုက်မှုများ

( ၁ ) မူးယစ်ဆေးဝါးကျူးလွန်တတ်သူများ

(ကက) ဘိန်းဖြူ။

| အစဉ် | အမည် | အဘအမည် | လိပ်စာ | ကျူးလွန်ပုံ/ သယ်ဆောင်ပုံ | အဆင့်အတန်း |
|---|---|---|---|---|---|
| | | | | တင်သွင်း/ထုတ်လုပ်/ သယ်ဆောင်/ရောင်း ဝယ်/စားသုံးသည် (များ) | ပင်ရင်း/ပင်မ/ လက်လီစားသုံးသူ/ နောက်ကွယ်မှ ပါသူစသည်များ |

(ခခ) ဘိန်းမဲ၊ ဘိန်းဆီ၊ ဘိန်းရည်၊ အထက်အပိုဒ် (င)(၁) (ကက)ပါ ဇယားအတိုင်းရေးရန်။

(ဂဂ) ဒိန်းဆေးခြောက်၊ အထက်အပိုဒ် (င) (၁) (ကက)ပါ ဇယားအတိုင်းရေးရန်။

(ဃဃ) ကိုကင်း၊ အထက်အပိုဒ် (င)(၁)(ကက)ပါ ဇယားအတိုင်းရေးရန်။

(ငှ်င) မူးယစ်ဆေးဝါး၊ အထက်အပိုဒ် (င) (၁) (ကက)ပါ ဇယားအတိုင်းရေးရန်။

(ဃဃ) စိတ်ကြွဆေးများ၊ အထက်အပိုဒ် (င)(၁) (ကက)ပါ ဇယားအတိုင်းရေးရန်။

( ၂ ) လောင်းကစားသမားများ

(ကက) အထက်အပိုဒ် (င)(၁)(ကက)ပါ ဇယား အတိုင်း ရေးရန်။

(ခခ) ကျူးလွန်ပုံ ဇယားတွင် ကစားဒိုင်အိမ်၊ ချဲဒိုင် အိမ်၊ ကစားဝိုင်း၊ ချဲထိုးဒိုင်ပြုလုပ်တတ်သော

နေရာ၊ အိမ်၊ အခန်း၊ ရေယာဉ်များ၊ ယင်းလမ်းကြောင်းဖော်ပြရန်။

(ဂဂ) ကြက်တိုက်ပွဲများ၊ နွားတိုက်ပွဲများ၊ လှည်း/လှေပြိုင်ပွဲများ စသည်တို့ကို ဖော်ပြရန်။

( ၃ ) ပြည့်တန်ဆာလုပ်ငန်း

(ကက) အထက်အပိုဒ် (င)(၁)(ကက)ပါ ဇယားအတိုင်းပြုစုရန်။

(ခခ) ကျူးလွန်ပုံဇယားကွက်၌ ကျက်စားရာနေရာ များဖော်ပြရန်။

(ဂဂ) ပြည့်တန်ဆာခေါင်းနှင့်ပြည့်တန်ဆာကို အဆင့်အတန်းဇယားကွက်တွင် ဖော်ပြရန်။

( ၄ ) လက်နက်ပုန်းများ

(ကက) အထက်အပိုဒ် (င)(၁)(ကက)ပါဇယားအတိုင်း ပြုစုရန်။

(ခခ) ကျူးလွန်ပုံဇယားကွက်၌ ငှားစားခြင်း ထုတ်လုပ်ခြင်း၊ ကျူးလွန်ရာ၌ ကိုယ်တိုင်သုံးခြင်း၊ လျှို့ဝှက် ထိန်းသိမ်းထားရှိခြင်း စသည်ဖြင့် ဖော်ပြရန်။

(ဂဂ) အဆင့်အတန်းဇယားကွက်တွင် လက်နက်အမျိုးအစားနှင့် ပြည်တွင်းလုပ်၊ နိုင်ငံခြားလုပ် (လက်နက်အစစ်) စသည်ဖြင့် ဖော်ပြရန်။

## (စ) လက်တလောဖော်ထုတ်အရေးယူသူများ

### ( ၁ ) တရားခံပြေးနှင့်ရဲဘက်ပြေးများ

| အစဉ် | အမည် | အဘအမည် | လိပ်စာ | ယခင်ပြစ်ဒဏ် | ထွက်ပြေးလာသော အကျဉ်းထောင်/ရဲဘက်စခန်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

### ( ၂ ) စစ်ပြေးနှင့်ရဲပြေးများ

| အစဉ် | ကိုယ်ပိုင်အမှတ် | အဆင့် | အမည် | ပြေးလာသည့်တပ်ရင်းတပ်ဖွဲ့ | မိဘဆွေမျိုးလိပ်စာများ |
|---|---|---|---|---|---|
| | | | | | |

### ( ၃ ) ကြိုတင်ကာကွယ်မှုအစီအမံဖြင့်အရေးယူသင့်သောဓားပြ၊ ဖောက်ထွင်း၊ လုယက်၊ တိရစ္ဆာန် ခိုးသည့် လူဆိုးများ။

| အစဉ် | အမည် | ပြစ်ချက်ဟောင်း | လက်တလောအခြေအနေ | မှတ်ချက် |
|---|---|---|---|---|
| | | | ခြေချုပ်၊ ကျင့် ပုဒ်မ ၁၀၉/၁၁၀၊ လောင်းကစားကျော်စော၊ ပြည့်တန်ဆာ၊ ပြည့်တန်ဆာ ကျော်စောဖြင့် အရေးယူ သင့်ကြောင်း | |

( ၄ ) ကြိုတင်ကာကွယ်မှုအစီအမံဖြင့် အရေးယူသင့်သော ဒုစရိုက်သမားများအား အထက်အပိုဒ် (၃၃) ပါအတိုင်းရေးသားရန်။

( ၅ ) မိမိရဲစခန်းတွင်ရှိ (ပြစ်မှု ၁၀၃-ဓ) တွင် ရေးသွင်းသည့် ရပ်ကွက်/ကျေးရွာများတွင် ရဲတပ်ဖွဲ့ကို နည်းမျိုးစုံဖြင့် ကူညီသူ၊ သတင်းပေးသူ၊ ရဲတပ်ဖွဲ့အား ကြည်ညိုသူများကို ရပ်ကွက်/ကျေးရွာအလိုက် လိပ်စာပြည့်စုံစွာ ဖော်ပြရန်။

## အပိုင်း (၂)

(၁) နိုင်ငံရေး

(က) မြေပေါ်မြေအောက်အဖွဲ့အစည်းများနှင့် လှုပ်ရှားမှုအခြေအနေ၊ လက်ရှိအခြေအနေ ဖော်ပြရန်။

(ခ) အခြားလှုပ်ရှားမှုများ -

( ၁ ) နိုင်ငံရေးလှုပ်ရှားမှုနှင့်ဆက်နွယ်ကာ အသွင်ဆောင်လာသော လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့ လှုပ်ရှားမှုများ။

( ၂ ) ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး၊ စည်းကမ်းသေဝပ်တည်ငြိမ်ရေးကို ထိပါးဖွယ်ရှိသော ကိစ္စရပ်များ

( ၃ ) အထက်ဖော်ပြပါလှုပ်ရှားမှုတွင် ဂရုပြုစောင့်ကြည့်သင့်သူများ။

(၂) စည်းရုံးရေး။ မိမိရဲစခန်းအဆင့် ရဲတပ်ဖွဲ့စည်းရုံးရေး ကော်မတီ၏ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ စည်းရုံးလှုပ်ရှားမှု အခြေအနေကို ဖော်ပြရန်။

(၃) အုပ်ချုပ်ရေး

(က) ရဲစခန်း မှတ်ပုံတင်စာအုပ်များပြုစုထိန်းသိမ်းမှု အခြေအနေ (ဆောင်ရွက်ထားမှု အခြေအနေရေးရန်)။

(ခ) ရဲစခန်းအဆောက်အဦများ အခြေအနေနှင့် မှတ်တမ်းတင်ခြင်း၊ ရဲစခန်းမှတ်ပုံတင် (၁၈) တွင် ဆောက်လုပ်ခြင်း ပြင်ဆင်ခြင်းတို့ကို ရန်ပုံငွေခွင့်ပြုရန် ဆောင်ရွက်ပါက ပြည့်စုံစွာရေးသွင်းရန် (ကိုယ်ထူကိုယ်ထ ဆောက်လုပ်ပြင်ဆင်ခြင်းကို သီးခြားမှတ်တမ်း တင်ထားရန်)။

(ဂ) လက်နက်ခဲယမ်းများထိန်းသိမ်းမှု အခြေအနေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်၏ ၁၁-၁၁-၇၆ ရက်စွဲပါ စာအမှတ် ၂/၁/ ထောက်၂(ခ) ၃အရ နောက်ဆက်တွဲ (က) (ဃ) (င) (စ) (ဆ) လယ်ဂျာ များကို လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ ရေးသွင်း ဆောင်ရွက်မှု ရှိမရှိ ရေးသားဖော်ပြရန် နှင့်လက်နက်ခဲယမ်း လယ်ဂျာများရှိ လက်နက်ခဲယမ်းများသည် မြေပြင်စာရင်းနှင့် ကိုက်ညီမှုရှိမရှိ စိစစ်ပြီး ဖော်ပြရန်။

(ဃ) အမြဲတမ်းလိုက်နာဆောင်ရွက်ရမည့်အမိန့်နှင့် ညွှန်ကြားချက်များ။ (စာရင်းနှင့်တကွဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ဆဲအခြေအနေများကို ရေးရန်)။

(င) တပ်ဖွဲ့ဝင်များ

( ၁ ) စည်းကမ်းထိန်းသိမ်းမှု၊ လိုက်နာမှု၊ မလိုက်နာမှု အခြေ အနေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး စုံ/ခုံဖြင့် အရေးယူခြင်း၊ အုပ်ချုပ်မှု အာဏာအရ အရေး ယူခြင်း၊ ရဲတရားရုံးဖြင့် အရေးယူခံရသည့် ရဲတပ်ဖွဲ့ဝင် အမည်၊ ကိုယ်ပိုင်အမှတ်၊ အဆင့်၊ ပြစ်ဒဏ်များကို ရေးသားဖော်ပြရန်။

( ၂ ) စည်းကမ်းကောင်းမွန်လိုက်နာမှုမရှိဘဲ မကြာခဏ စည်းကမ်းပျက်၍ စောင့်ကြည့်ရန်လိုအပ်သည့် တပ်ဖွဲ့ဝင်

အနေအထား၊ ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အကြောင်းအရာများကို ရေးသားဖော်ပြရန်။

( ၃ ) ရဲတပ်ဖွဲ့ဝင်များ စည်းကမ်းကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် သက်သာချောင်ချိရေး ကိစ္စရပ်များ ရေးသားဖော်ပြရန်။

(၆) အထက်အာဏာပိုင်အဖွဲ့အစည်းများ

( ၁ ) မြို့နယ်အဆင့်အာဏာပိုင်အဖွဲ့အစည်းမှ လမ်းညွှန်မှုခံယူခြင်းနှင့် ဆက်သွယ်ဆောင်ရွက်မှု အခြေအနေ။

( ၂ ) အာဏာပိုင်အဖွဲ့အစည်းမှ ကာလ တာဝန်သတ်မှတ်ထားသောကိစ္စများ။

အပိုင်း (ဃ)

(၁) အထွေထွေ

(က) ရဲတပ်ဖွဲ့လုပ်ငန်း တာဝန်နှင့်ပတ်သက်၍ယုံကြည်စိတ်ချစွာ ဆက်ဆံနိုင်သူများ။

(ခ) ရဲတပ်ဖွဲ့လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ စိတ်မချရသူများ။

(ဂ) အခြားသိသင့်သိထိုက်သောအချက်အလက်များ။

၁၆၅၆။ ရဲစခန်းမှူးသည် ပြောင်းရွှေ့ရန် အမိန့်ရသည့်အခါ ဖြစ်စေ၊ ခွင့်ရက်ရှည်ခံစားသည့်အခါဖြစ်စေ လိုအပ်ခဲ့လျှင် ၎င်းနောက်ဆုံး မှတ်တမ်းတွင် လက်ရှိပေါ်ပေါက်နေသော အခြေအနေအကြောင်းခြင်းရာများကို သိရှိနိုင်စေရန် ထပ်မံဖြည့်စွက်ရေးသား ထည့်သွင်းရမည်။ နှစ်ချုပ်မှတ်တမ်းများနှင့်တကွ ထပ်မံဖြည့်စွက်ရေးသားသော မှတ်တမ်းများကိုပါ မိတ္တူ ၃ စောင်ရေးသားပြီး ၂ စောင်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပို့ရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက ကြည့်ရှုလေ့လာ၍ လိုအပ်သည်ဟု ထင်ရသော ထင်မြင်သုံးသပ်ချက်များနှင့်လာမည့်နှစ်တွင် ဆက်လက်ဆောင်ရွက်ရန် သင့်သည့်

အချက်များကို မှတ်ချက်ရေးသား၍ တစ်စောင်ကို ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးထံဆက်လက်အစီရင်ခံ တင်ပြရမည်။ ကျန်တစ်စောင်ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ လျှို့ဝှက်ဖိုင်တွဲတွင်ထားရမည်။ ဤနှစ်ချုပ်မှတ်တမ်းကို ရဲစခန်းမှူးသည် ကိုယ်တိုင်သိမ်းဆည်းထားပြီး ရဲစခန်းမှူးအလုပ်ဝတ္တရားကို အခြားသူ အားလွှဲပြောင်းပေးသည့်အခါ အလုပ်ဝတ္တရားဆက်လက် လက်ခံမည့်သူအား ထိုမှတ်တမ်းကိုပါ ပေးအပ်ရမည်။ သို့သော် ရဲစခန်းမှူးက မိမိ၏ အမှုစစ်အရာရှိများနှင့် နယ်ထိန်းအဖွဲ့၏ အကူအညီရရှိစေရန် ဤမှတ်တမ်းပါ အကြောင်းခြင်းရာများကို လိုအပ်သည်နှင့်အမျှ အသိပေးရမည်။

အချို့သောပြစ်မှုများပြီးပြတ်သောအခါတင်ပြရန်သက်သေခံလက်မှတ်များ၊ ပုံစံ (ပြစ်မှု ၁၀၂)

၁၆၅၇။ အမြဲခိုးဆိုးတတ်သူတို့ သို့မဟုတ် အမြဲခိုးဆိုးတတ်သူဟု ထင်မြင်ယူဆရသည့် သူတို့ပါဝင်သည့် သို့မဟုတ် ပါဝင်သည်ဟု မသင်္ကာရန်ရှိ သည့် အရေးကြီးသော ပြစ်မှုမျိုးများနှင့် အခြားသော စုပေါင်းကျူးလွန်သည့် အမှန်အရေးကြီးသော ပြစ်မှုမျိုးများဖြစ်သော အိမ်ဖောက်ထွင်းမှုနှင့် ခိုးမှုကြီးများ၊ လုယက်မှုကြီးများ၊ ဓားပြမှုကြီးများကဲ့သို့သော ပြစ်မှုတို့ကို သေချာနိုင်သမျှ သေချာစွာ ဆုံးခန်းတိုင်အောင် အရေးယူ၍ မသင်္ကာရန်ရှိသော သူနှင့်တရားစွဲတင်ပို့ခံရသောသူများအပေါ်၌ တတ်နိုင်သမျှ အရေးယူနိုင်ရန် (ပြစ်မှု ၁၀၂) ပုံစံကို အသုံးပြုရမည်။ သို့ဖြစ်၍ အမှုစစ်အရာရှိများသည် နောက်ဆုံးအမှုနေ့စဉ်မှတ်တမ်းတွင် မသင်္ကာရန်ရှိသူများ၏ အမည်များကို ရေးသားဖော်ပြသည့်အခါတွင် ၎င်းတို့၏အမည်နှင့်အတူ ၎င်းတို့အား မည်သည့်အကြောင်းကြောင့် မသင်္ကာရန်ရှိကြောင်းကိုလည်း ဖော်ပြရမည်။ ဤအမှုမျိုးတွင် အမှုစစ်အရာရှိသည် အမှုကို တရားရုံးသို့ စွဲဆိုတင်ပို့သည့်အခါတွင်ဖြစ်စေ၊ နောက်ဆုံးအစီရင်ခံစာ တင်သွင်းသည့်အခါတွင်ဖြစ်စေ၊ နောက်ဆုံးအမှုနေ့စဉ် မှတ်တမ်းနှင့်အတူ အောက်ပါ(ပြစ်မှု ၁၀၂)ပုံစံကို လိုအပ်ချက်များ ရေးသွင်း၍ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပူးတွဲတင်ပြရမည်။

သက်သေခံလက်မှတ်ပုံစံ
(ပြစ်မှု ၁၀၂)
(ရှေ့ဘက်စာမျက်နှာ)

---------------- ရဲစခန်း၊ ပထမသတင်းပေးတိုင်ချက်အမှတ် -----------
--------------------- ပုဒ်မ --------------------- အမှု၌။
-------------------------------------

(က) ---------------------- ၏/တို့၏ အပေါ်တွင် မသင်္ကာသည်ဖြစ်၍ ၎င်း၏အမည်/ ၎င်းတို့၏အမည်များကို -----------------------------------------
-----------------------------------------

(ခ) မသင်္ကာရန်ရှိသူ -----------------------------ကို/တို့ကို
-----------------------------------------

(၁) အတ္တုပ္ပတ္တိစာချပ်ဖွင့်ရန်သင့်ကြောင်း။

(၂) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၁၀)အရ တရားစွဲဆိုသင့်ကြောင်း။

ကျွန်ုပ်ကသက်သေခံလက်မှတ်ရေးထိုးပါသည်။

-----------------------------------

အမှုစစ်အရာရှိနှင့်ရဲစခန်းမှူး၏လက်မှတ်

(မသက်ဆိုင်သောစာကြောင်းများကိုဖျက်ရမည်)

(ကျောဘက်စာမျက်နှာ)

မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊
ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးတို့၏ အမိန့်

(က) --------------၏အမည်/၏အမည်များကို လူဆိုးအညွှန်းမာတိကာစာချပ်(များ)
-----------------------------------------

--------------------------------------------------------

တွင်ထည့်သွင်းရမည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးလက်မှတ်

(ခ) ဖြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၁၀) အရ

--------------------------------------------------------

---------------ကို တရားစွဲဆိုရန် သက်သေခံစုဆောင်းစစ်ဆေးရမည်။

--------------------------------------------------------

ခရိုင်ရဲတပ်ဖွဲ့မှူးလက်မှတ်

(ဂ) --------------- အတွက်အတ္ထုပ္ပတ္တိစာချုပ်ဖွင့်ရမည်။

--------------------------------------------------------

--------------------------------------------------------

ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးလက်မှတ်

(မလိုသောစာကြောင်းများကိုဖျက်ရမည်)

မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နောက်ဆုံးအမှုနေ့စဉ် မှတ်တမ်းကို သေချာစွာဖတ်ရှု၍မသင်္ကာစာချုပ်ဖွင့်လှစ်သင့်သည်ဟု ထင်မြင်ယူဆလျှင် ယင်းသက်သေခံလက်မှတ်တွင် အမိန့်ချမှတ်ပြီးသက်ဆိုင်ရာ ရဲစခန်းသို့ ပြန်လည် ပေးပို့ရမည်။ ရဲစခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူးချမှတ်သည့် အမိန့်အတိုင်းလိုက်နာဆောင်ရွက်ရမည်။ အကယ်၍ အတ္ထုပ္ပတ္တိစာချုပ်ဖွင့်လှစ်မည် သို့မဟုတ် ဖြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ အရ တရားစွဲဆိုသင့်သည်ဟု ထင်မြင်ယူဆလျှင် ယင်းသက်သေခံလက်မှတ်ကို ခရိုင်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးထံသို့ ဆက်လက်တင်ပြရမည်။ မသင်္ကာရန်ရှိသူများမှာ မိမိခရိုင်အတွင်းသို့မဟုတ် မိမိခရိုင်ပြင်ပတွင်ရှိသည့် ရဲစခန်းများမှဖြစ်လျှင် ထိုကိစ္စကိုဆုံးခန်းတိုင်ရောက်သည်အထိ ဆောင်ရွက်ရန်အလို့ငှာ ထိုရဲစခန်းအသီးသီးသို့

## သက်သေခံလက်မှတ်ပုံစံ

(ပြစ်မှု ၁၀၂)

(ရှေ့ဘက်စာမျက်နှာ)

---------------- ရဲစခန်း၊ ပထမသတင်းပေးတိုင်ချက်အမှတ် ----------

------------------ ပုဒ်မ --------------------- အမှု၌။

--------------------------------------

(က) -------------------- ၏/တို့၏ အပေါ်တွင် မသက်ာသည်ဖြစ်၍ ၎င်း၏အမည်/ ၎င်းတို့၏အမည်များကို ----------------------------------------

----------------------------------------

(ခ) မသက်ာရန်ရှိသူ --------------------------ကို/တို့ကို

----------------------------------------

(၁) အတ္တုပ္ပတ္တိစာချုပ်ဖွင့်ရန်သင့်ကြောင်း။

(၂) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၁၀)အရ တရားစွဲဆိုသင့်ကြောင်း။

ကျွန်ုပ်ကသက်သေခံလက်မှတ်ရေးထိုးပါသည်။

-------------------------------------

အမှုစစ်အရာရှိနှင့်ရဲစခန်းမှူး၏လက်မှတ်

(မသက်ဆိုင်သောစာကြောင်းများကိုဖျက်ရမည်)

(ကျောဘက်စာမျက်နှာ)

မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊

ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးတို့၏ အမိန့်

(က) ---------------၏အမည်/၏အမည်များကို လူဆိုးအညွှန်းမာတိကာစာချုပ်(များ)

-------------------------------------

----------------------------------------------------------------

တွင်ထည့်သွင်းရမည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးလက်မှတ်

(ခ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၁၀) အရ

----------------------------------------------------------------

---------------ကို တရားစွဲဆိုရန် သက်သေခံစုဆောင်း စစ်ဆေးရမည်။

----------------------------------------------------------------

ခရိုင်ရဲတပ်ဖွဲ့မှူးလက်မှတ်

(ဂ) --------------- အတွက်အထွေထွေစာချုပ်ဖွင့်ရမည်။

----------------------------------------------------------------

----------------------------------------------------------------

ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးလက်မှတ်

(မလိုသောစာကြောင်းများကိုဖျက်ရမည်)

မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နောက်ဆုံးအမှုနေ့စဉ် မှတ်တမ်းကို သေချာစွာ ဖတ်ရှု၍မသင်္ကာစာချုပ်ဖွင့်လှစ်သင့်သည်ဟု ထင်မြင်ယူဆလျှင် ယင်းသက်သေခံလက်မှတ်တွင် အမိန့်ချမှတ်ပြီးသက်ဆိုင်ရာ ရဲစခန်းသို့ ပြန်လည် ပေးပို့ရမည်။ ရဲစခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူးချမှတ်သည့် အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ အကယ်၍ အထွေထွေစာချုပ်ဖွင့်လှစ်မည် သို့မဟုတ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ အရ တရားစွဲဆိုသင့်သည်ဟု ထင်မြင်ယူဆလျှင် ယင်းသက်သေခံလက်မှတ်ကို ခရိုင်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးထံသို့ ဆက်လက်တင်ပြရမည်။ မသင်္ကာရန်ရှိသူများမှာ မိမိခရိုင်အတွင်းသို့မဟုတ် မိမိခရိုင်ပြင်ပတွင်ရှိသည့် ရဲစခန်းများမှဖြစ်လျှင် ထိုကိစ္စကို ဆုံးခန်းတိုင်ရောက်သည်အထိ ဆောင်ရွက်ရန်အလို့ငှာ ထိုရဲစခန်းအသီးသီးသို့

ယင်းသက်သေခံ လက်မှတ်ကို ပေးပို့အကြောင်းကြားရမည်။ ဤကဲ့သို့သော အမှုများတွင် ပတ်သက်သည့်ရဲစခန်းအသီးသီးတို့အတွက် သက်သေခံလက်မှတ် မိတ္တူတစ်စောင်စီကို ၎င်းသက်သေခံလက်မှတ်တို့၏ ထိပ်၌ ရဲစခန်း၏အမည်ကို ပီသစွာရေးသားဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ ပေးပို့ရမည်။ ထိုသက်သေခံလက်မှတ်မိတ္တူ အသီးသီးတို့တွင် ကပ်ထားသော စာရွက်ပေါ်၌ အမှုစစ်အရာရှိက အမှု၏အကြောင်းအရာအလုံးစုံ၊ အမှုနှင့်၎င်းဆိုင်ရာ ရဲစခန်းနယ်မြေအတွင်း နေထိုင်သည့် လူဆိုး/လူဆိုးများတို့ကို အဘယ် အကြောင်းကြောင့် မသင်္ကာရန်ရှိကြောင်းအတိုချုပ်ဖော်ပြရမည်။ ဤလက်မှတ် များကို မူလနယ်မြေရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးက ရရှိသည့်အခါ မိမိသင့်လျော်မည်ဟု ထင်မြင်သည့် မှတ်ချက်ကို၊ အမှုနှင့်၎င်းအမှုတွင်ပါဝင်သည့် သူများအကြောင်း မိမိသိရှိသည့်အတိုင်း ချမှတ်ပြီး သက်သေခံလက်မှတ်/သက်သေခံလက်မှတ် များကို မသင်္ကာရန်ရှိသူ/မသင်္ကာရန်ရှိသူများနေထိုင်သည့် အရပ်များကို ပိုင်ဆိုင်သည့် ရဲစခန်းမှူးများထံ ပေးပို့ရမည်။

အတ္တုပ္ပတ္တိစာချုပ်ဝင်လူဆိုးများ သေဆုံးခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းခြင်းနှင့် မသင်္ကာသူတို့လာရောက်ခြင်း

၁၆၅၈။ အတ္တုပ္ပတ္တိစာချုပ်ဖွင့်ထားသော လူဆိုးတစ်ယောက်သေဆုံး ကြောင်းကို ကြားသိခဲ့သော မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို စခန်းမှူးနှင့် နယ်ထိန်း အရာရှိထံချက်ချင်းသတင်းပို့ရမည်။ ၎င်းကြားသိခဲ့သော တပ်ဖွဲ့ဝင်သည် ထိုသို့ သေဆုံးကြောင်းကို ၎င်း၏မှတ်စုစာအုပ်တွင် ရပ်ကွက်/ကျေးရွာလူကြီးထံမှ သက်သေခံလက်မှတ်ကို ရယူခဲ့ရမည်၊ သေဆုံးသောသူ၏ အတ္တုပ္ပတ္တိစာချုပ်ကို ဖျက်သိမ်းနိုင်ရန် သေဆုံးကြောင်းကို ချက်ချင်းခရိုင်ရဲတပ်ဖွဲ့မှူးထံ အစီရင် ခံရမည်။

၁၆၅၉။ ရဲစခန်းပိုင်နယ်မြေအတွင်းသို့ သက်ာမကင်းဖွယ်ရှိသူ တစ်ဦး ရောက်ရှိလာကြောင်း သတင်းရရှိသောအခါ ထိုရဲစခန်းမှူးသည် ယင်းမသင်္ကာသူ နှင့်ပတ်သက်၍ မည်သူမည်ဝါဖြစ်ကြောင်းနှင့် မည်သည့်အရပ် ဒေသမှ လာရောက်ကြောင်းတို့ကို ပြည့်စုံနိုင်သမျှပြည့်စုံအောင် စစ်ကြော မေးမြန်းခြင်း ပြုလုပ်ရမည်။ ယခုအချိန်အခါတွင် ရပ်ကွက်/ကျေးရွာများ၌ လူဦးရေထူထပ်လာ သဖြင့် မိမိပိုင်နယ်မြေအတွင်းသို့ မသင်္ကာသူလူစိမ်းရောက်ရှိ လာခြင်းသတင်းကို ရရှိရန်မှာခက်ခဲပေမည်။ ရပ်ကွက်/ကျေးရွာလူကြီးများ ဖြစ်သော ဆယ်အိမ်မှူး များထံမှ သတင်းဦးရရှိနိုင်မည်ဖြစ်၍ မိမိရဲတပ်ဖွဲ့ဝင် တို့ဖြန့်ခွဲထားသည့် နယ်မြေရဲကင်းနှင့် ရပ်ကွက်/ကျေးရွာလူကြီးများ ပေါင်းစပ် ဆောင်ရွက်မှုသည် အရေးကြီးကြောင်း ရဲစခန်းမှူးများသည် သိရှိထားရန် လိုအပ်ပေသည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှထုတ်ပြန်ထားသော ရပ်ကွက်/ကျေးရွာ လူကြီးများလက်စွဲစာအုပ်ပါလုပ်ထုံးလုပ်နည်းများနှင့်အညီ နယ်မြေရဲကင်းမှူး သည် ဆယ်အိမ်မှူးများနှင့် ပေါင်းစပ်၍၎င်းတို့ထံမှ လူစိမ်း၊ ညေ့်စိမ်းများ လာရောက်သည်ကို စုံစမ်းထောက်လှမ်းနေရန် လိုပေသည်။ ယင်းကဲ့သို့ စုံစမ်းရရှိသောမသင်္ကာရန်ရှိသည့် လူစိမ်းရောက်ရှိကြောင်း သတင်း ရရှိသည်နှင့် မိမိအားကွပ်ကဲထားသော ရဲစခန်းမှူးထံအလျင်မြန်ဆုံးနည်းဖြင့် ချက်ချင်းသတင်း ပို့ရမည်။ ရဲစခန်းမှူးက မသင်္ကာသူ၏ နေရပ်လိပ်စာအမှန်ကို သိရှိရလျှင် ထိုနေရပ်အပိုင်ရဲစခန်းသို့ တယ်လီဖုန်း၊ ကြေးနန်း၊ ဆက်သားစသည့် ဆက်သွယ်မှု ရရှိနိုင်မည့်နည်းလမ်းဖြင့် အမြန်ဆုံးဆက်သွယ် မေးမြန်းစုံစမ်း ရမည်။ ၎င်းပြင်ယင်းမသင်္ကာသူနှင့် ပတ်သက်၍ (ပြစ်မှု ၃၆/ရဲ ၇၁)ပုံစံ နှစ်စောင်ကို လည်း ပေးပို့မေးမြန်းစုံစမ်းရမည်။ အကယ်၍ နေရပ်လိပ်စာအမှန်ကို မသိရလျှင် အခြားရဲစခန်းများသို့ (ပြစ်မှု ၃၆/ရဲ ၇၁)ပုံစံ နှစ်စောင်ကို ပေးပို့စုံစမ်းရမည့်အပြင် ၎င်းမသင်္ကာသူလာရောက်ဖွယ်ရှိသည့် ရဲစခန်းများသို့ တယ်လီဖုန်း၊ ကြေးနန်း၊ ဆက်သားတို့ဖြင့် အမြန်ဆက်သွယ်စုံစမ်းရမည်။

ပုံစံရရှိသော ရဲစခန်းမှူးက ပုံစံပါ ဝန်ခံချက်ပေါ်တွင် ယင်းပုံစံ လက်ခံရရှိကြောင်း ချက်ချင်းဝန်ခံလက်မှတ်ရေးထိုး၍ သက်ဆိုင်ရာရဲစခန်းသို့ ပြန်လည်ပေးပို့ရမည်။ ထိုရဲစခန်းမှူးက အပိုဒ် (၁၆၂၅)တွင် ဖော်ပြပါရှိသော နည်းလမ်းကိုလိုက်နာ၍ လိုအပ်သောအချက်များကို စစ်ဆေးပြီး သိရသော အရပ်ရပ်အခြင်းအရာများကို မူလပုံစံကျောဘက်တွင်ရေးသားပြီးလျှင် ယင်းပုံစံ ပေးပို့သည့်ရဲစခန်းသို့ ပြန်လည်ပေးပို့ရမည်။ တယ်လီဖုန်း/ကြေးနန်းဖြင့်လည်း အရေးကြီးသော သတင်းစကားများကို မေးမြန်းလာသည့် ရဲစခန်းသို့ ချက်ချင်း ပြန်ကြားရန်တာဝန်ရှိသည်။ အကယ်၍ ထိုသူသည် ၎င်းရဲစခန်းအပိုင်တွင် ပြစ်မှု ထင်ရှား၍ ပြစ်ဒဏ်စီရင်ခြင်းခံရဘူးသူဖြစ်ကြောင်းသိရှိရလျှင် (ပြစ်မှု ၃၄/ရဲ ၆၅-က)ပုံစံနှစ်စောင်ကို ပြန်လည်ပေးပို့ရမည်ဖြစ်သော (ပြစ်မှု ၃၆/ရဲ ၇၁)ပုံစံ နှင့်အတူပူးတွဲ၍ ပြန်လည်ပေးပို့ရမည်။

၁၆၆၀။ ရဲစခန်းတွင် အတ္တုပ္ပတ္တိလူဆိုးနှင့် ပတ်သက်သည့် (ပြစ်မှု ၃၅/ရဲ ၆၇)ပုံစံနှင့် မသင်္ကာသူညှိသည်နှင့်ပတ်သက်သည့် (ပြစ်မှု ၃၆/ရဲ ၇၁)ပုံစံများအတွက် "ပေးပို့ရန်"နှင့်"လက်ခံရယူရန်" ဖိုင်တွဲ (က)နှင့်(ခ)ဟူ၍ သီးခြား နှစ်တွဲစီရှိစေရမည်။ (ခ)ဖိုင်တွဲအတွက် မာတိကာမလိုသော်လည်း အောက်တွင် ဖော်ပြပါရှိသည့်အတိုင်း (က)ဖိုင်တွဲများအတွက် မာတိကာများရှိစေရမည် -

## ပုံစံအမှတ် (ပြစ်မှု ၃၅/ရဲ ၆၇) "က" ဖိုင်တွဲ
## အညွှန်းမာတိကာစဉ်

| အမှတ်စဉ် | လူဆိုး၏အမည်နှင့်၎င်း၏အဖအမည်၊ အညွှန်းမာတိကာစာချပ် အမှတ်၊ အထွေထွေမှတ်ပုံတင်စာချပ်အမှတ် | ပို့သောစာအမှတ်နှင့်နေ့စွဲ | မည်သည့်ရဲစခန်းသို့ပို့သည် | (က) ရကြောင်းပြန်ပို့သော ဝန်ခံချက်ဖြတ်ပိုင်း။ (ခ) တစ်ဦးနှင့်တစ်ဦးပြန်စာ။ (ဂ) လူဆိုးစာရင်းပြန်ပို့ခြင်းအမှတ်နှင့်နေ့စွဲ။ | အကြောင်းအရာ |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

## ပုံစံအမှတ်(ပြစ်မှု ၃၆/ရဲ ၇၀) "က" ဖိုင်တွဲ
## အညွှန်းမာတိကာစဉ်

| အမှတ်စဉ် | မသင်္ကာသောသူ၏အမည်နှင့်၎င်း၏အဖအမည် | ပို့ခဲ့သောရဲစခန်းနှင့်ခရိုင်အမည်။ | ပို့သောစာအမှတ်နှင့်နေ့စွဲ | (က) ရကြောင်းပြန်ပို့သောဝန်ခံချက်ဖြတ်ပိုင်း။ (ခ) တစ်ဦးနှင့်တစ်ဦးပြန်စာ။ (ဂ) ပုံစံများပြန်ပို့ခြင်းအမှတ်နှင့်နေ့စွဲ။ | အကြောင်းအရာ ထည့်သွင်းသောမှတ်ပုံတင်စာအုပ်သို့ညွှန်းချက်အညွှန်းမာတိကာစာချပ်အမှတ်နှင့်အထွေထွေမှတ်ပုံတင်စာချပ်အမှတ် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

၁၆၆၁။ မသင်္ကာရန်ရှိသော ဧည့်စိမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကွက်/ကျေးရွာလူကြီးများမှ နယ်မြေရဲကင်းမှူးသို့သတင်းလာပို့သည်နှင့် နယ်မြေရဲကင်းမှူးသည် ထိုရပ်ကွက်/ကျေးရွာလူကြီးများနှင့် ပူးပေါင်း၍ ၎င်းဧည့်စိမ်းအားရပ်ကွက်/ကျေးရွာရုံးတွင် ခေါ်ယူမေးမြန်းစုံစမ်းရမည်။ တစ်ပြိုင်တည်းတွင် ဧည့်စိမ်းတည်းခိုရာအိမ်သို့မဟုတ် နေရာ

ကိုလည်း နယ်မြေရဲကင်းရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာလူကြီးများက စောင့်ကြည့်ထားရမည်။ မေးမြန်းစုံစမ်းချက်အရ ထိုဧည့်စိမ်းသည်မသင်္ကာရန် အကြောင်းခိုင်လုံလာလျှင် နယ်မြေရဲကင်းမှူးသည် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည် -

(က) မိမိအားကွပ်ကဲထားသည့် ရဲစခန်းမှူးထံသို့ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သားဖြင့်ဖြစ်စေ ချက်ချင်း သတင်းပို့ရမည်။

(ခ) သက်ဆိုင်ရာရဲစခန်းမှူးသည် ထိုနယ်မြေ ရဲကင်းသို့ ရောက်ရှိလာပြီး မသင်္ကာသူကို ထပ်မံ၍ စစ်ကြော မေးမြန်းရမည်။

(ဂ) မသင်္ကာဖွယ်ရာအကြောင်းခြင်းရာများ ခိုင်လုံ လာပါက ရပ်ကွက်/ကျေးရွာလူကြီးများနှင့်ညှိနှိုင်း တိုင်ပင်ပြီး ထိုဧည့်စိမ်းတည်းခိုရာအိမ် သို့မဟုတ် နေရာသို့ ရပ်ကွက်/ကျေးရွာလူကြီးများနှင့် ထိုဧည့်စိမ်းပါလာသည့် ပစ္စည်းများ သိုဝှက်ထားမည်ဟု ထင်ရသည့်နေရာများကို အချိန်မဆိုင်းဘဲ ရှာဖွေရမည်။

(ဃ) ရှာဖွေရာတွင် ဥပဒေနှင့်မလွတ်ကင်းသည့် ပစ္စည်း၊ သက်သေခံအထောက်အထားများကို တွေ့ရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(င) ရဲစခန်းမှူးသည် နယ်မြေရဲကင်းသို့ ရောက်ရှိလာပြီး ဧည့်စိမ်းအား စုံစမ်းစစ်ဆေးရာ၌ ခိုင်လုံသော အထောက်အထားမတွေ့ရသော်လည်း သင်္ကာမကင်းရန်ရှိသည်ဟု ယူဆပါက နယ်ထိန်းတပ်ဖွဲ့ဝင်များအား သီးခြားတာဝန်ပေး၍ ၎င်းဧည့်စိမ်း သွားလာမှုကို စောင့်ကြပ်ကြည့်ရှုခြင်းများကို ဆောင်ရွက်ရမည်။ လိုအပ်ပါက နယ်မြေခံထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

အကျဉ်းထောင်မှလွတ်လိုက်ပြီးနောက် အကျဉ်းသားတို့က မည်သည့် အရပ်တွင် နေထိုင်မည်ကိုတိုင်တန်းရခြင်း

၁၆၆၂။ မည်သူမဆို ပြစ်မှုဆိုင်ရာ ဥပဒေအခန်း (၁၂)အရဖြစ်စေ၊ အခန်း (၁၇)အရဖြစ်စေ၊ ထောင်ဒဏ်သုံးနှစ်သော်လည်းကောင်း၊ သုံးနှစ်အထက် သော်လည်းကောင်း စီရင်ထိုက်သည့်ပြစ်မှုနှင့်ပင်ထပ်မံပြစ်မှု ထင်ရှား စီရင်ခံပြီးနောက် ၎င်းအခန်းတစ်ရပ်ရပ်အရ ထောင်ဒဏ်သုံးနှစ်ဖြစ်စေ၊ သုံးနှစ်အထက်ဖြစ်စေ စီရင်ထိုက်သည့် ပြစ်မှုနှင့်ပင် ထပ်မံပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ပြစ်ဒဏ်စီရင်သည့် တရားရုံး၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ရင်း တရားသူကြီးက ပြစ်ဒဏ်စီရင်သည့်အခါ တရားခံမှာ အကျဉ်းထောင်မှ လွတ်သည်မှာ ၅ နှစ်ထက်မပိုသည့် ကာလအတွင်းမည်သည့်အရပ်တွင် နေထိုင်၍ မည်သည့်အရပ်သို့ ပြောင်းရွှေ့နေထိုင်မည်များကို ပြစ်ဒဏ်စေ ကုန်သည့်နေ့ရက်ကစ၍ တိုင်တန်းရမည့်အကြောင်းနှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ (၅၆၅) ပါပြဋ္ဌာန်းချက်များအရ အမိန့်ချမှတ်ခွင့်ရသည်။ ၁၉၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့စွဲပါ တရားရာဇဝတ်ဌာန အမိန့်ကြော် ငြာစာအမှတ် (၃၃)တွင် အထက်ဆိုခဲ့သည့် ပုဒ်မအရ နိုင်ငံတော်အစိုးရက အောက်ပါ စည်းကမ်းသတ်မှတ်ချက်များကို ပြဋ္ဌာန်းသတ်မှတ်သည် -

(က) ပြစ်မှုကျူးလွန်သူ၏အပေါ်တွင် ၁၈၉၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ (၅၆၅)အရ ချမှတ်သည့်အမိန့်ကို ထောင်ကျဝရမ်းတွင် ရေးသားရမည်။

(ခ) ဆိုခဲ့သည့် အမိန့်မျိုးချမှတ်ခံရသည့် အကျဉ်းသားက အကျဉ်းမှ လွတ်လျှင်မည်သည့်အရပ်တွင် နေထိုင် မည်ကို အကျဉ်းမှလွတ်ရန် သတ်မှတ်သည့်နေ့ရက် မတိုင်မီ ၁၄ ရက်ကြိုတင်၍ အကျဉ်းခံရာ ထောင်တာဝန်ခံအရာရှိထံ အမှန်အကန်အစီရင်ခံရမည်။ သို့အစီရင်ခံချက်ကို ရေးသားပြီးလျှင် ၎င်းအကျဉ်းသားအား ဖတ်ပြရမည်။

၎င်းအကျဉ်းသား ကိုယ်တိုင်လည်း အစီရင်ခံစာတွင် ထောင်တာဝန်ခံ အရာရှိရှေ့လက်မှတ်ရေးထိုးစေပြီးလျှင် ထောင်တာဝန်ခံ အရာရှိကလည်း ထပ်ဆင့်လက်မှတ်ရေးထိုး စေရမည်။

(ဝ) ၎င်းအကျဉ်းသားသည် အကျဉ်းထောင်မှ လွတ်သည့် ရက်မှ ၁၀ ရက်အတွင်း အစီရင်ခံထားသည့် အရပ်တွင် မနေထိုင်လျှင် နေထိုင်ရာရပ်ကွက် တည်ရှိသည့်ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်၍ ၎င်းရဲစခန်းမှူးထံ မည်သည့် အရပ်တွင် နေထိုင်ကြောင်းထပ်မံတိုင်ကြားရမည်။

(ယ) ၎င်းအကျဉ်းသားမှာ အရပ်တစ်စုံတစ်ရာတွင် နေထိုင်ပြီးနောက် နေရပ်ဌာနရွှေ့ပြောင်း နေထိုင်လျှင် နေထိုင်ရင်းအရပ် တည်ရှိသည့်ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်ပြီး ရွှေ့ပြောင်းနေထိုင် မည့်အရပ်၊ နေရက်များကို ၎င်းရဲစခန်းမှူးထံ အစီရင်ခံရမည်။ သို့သွားရောက် အစီရင်ခံရမည်မှာ နေရင်း အရပ်မှ မထွက်ခွာမီအနည်းဆုံး နှစ်ရက်ကြိုတင်၍ အစီရင်ခံရမည်။ မည်သည့်နေ့ရက်တွင် နေရပ်ဌာန ရွှေ့ပြောင်းနေထိုင်မည်ဟု အစီရင်ခံရာပါ နေ့ရက်မှ ၇ ရက်အတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် အစီရင်ခံရင်းအရပ်သို့ ရွှေ့ပြောင်းနေထိုင်ခြင်း မရှိလျှင် အထက်သတ်မှတ်ရာပါ နည်းလမ်းအတိုင်း ရွှေ့ပြောင်း နေထိုင်လိုသည့်အရပ်ကို ချက်ချင်းအစီရင်ခံရမည်။

(၁) အကျဉ်းသားသည်မည်သည့်အရပ်ဒေသတွင်မဆို နေထိုင်ပြီးနောက် ၎င်းအရပ် ဒေသမှခေတ္တခဏ ထွက်ခွာသွားလိုလျှင် မိမိထွက်ခွာလိုသည့်အရပ်သည် မိမိနေ ထိုင်ရာအရပ်ရှိရဲစခန်းမှ စီရင်ပိုင်ခွင့်ရှိ

သည့်နယ်မြေအတွင်းရှိပါမူ ၎င်းအကျဉ်း သားသည် မိမိသွားလိုသည့်အရပ်ဒေသသို့ သွားရန်ရည်ရွယ်သည့် လမ်းခရီး၊ မိမိနေ ရပ်မှထွက်ခွာ၍ နေမည့်ကာလ အပိုင်းအခြားကို မိမိနေထိုင်ရာ ရပ်ကွက်/ ကျေးရွာနယ်မြေလူကြီးအား အကြောင်း ကြားရမည်။ မိမိသွားလိုရာအရပ်ဒေသသည် ရဲစခန်းမှူးစီရင်ပိုင်ခွင့် ရှိသည့် နယ်မြေပြင်ပတွင်ရှိလျှင် မိမိနေထိုင်ရာ အရပ်ရှိ ရဲစခန်းမှူးထံ အကြောင်း ကြားရမည်။ ထိုသို့သွားလိုကြောင်းကို မိမိထွက်ခွာ မသွားမီ ၂၄ နာရီအောက် မနည်းသော အချိန်အတွင်း အကြောင်း ကြားရမည်။

(၂) ၎င်းထောင်လွတ်သည် မိမိရဲစခန်းအပိုင်မှ အခြား ရဲစခန်းအပိုင်သို့ ခေတ္တမျှသွား လိုလျှင် မိမိကသွားခွင့် မိန့်လက်မှတ် (ပြစ်မှု ၁၀၅)ပုံစံကို ထုတ်ပေးသင့်က ထုတ်ပေး ခွင့်ရှိသည်။ ထောင်လွတ်သည် မိမိသွားလို သောနေရပ်အပိုင် ရဲစခန်းမှူးထံဝင်ရောက်ပြီး ၎င်းခွင့်မိန့်လက်မှတ်ကို တင်ပြရန် တာဝန်ရှိသည်။ ၎င်းပြန်မည့်အခါ ထိုရဲစခန်းမှူးက ခွင့်မိန့်လက်မှတ် ကျောဘက်တွင် ရေးသွင်းချက်များနှင့် မှတ်ချက် များကို ရေးသား၍ ထောင်လွတ် အားပေးရမည်။ နေရပ်ပြန်ရောက်ရှိသောအခါ ထောင်လွတ်သည် ၎င်းခွင့်လက်မှတ်ကို ရဲစခန်းမှူးထံ ပြန်အပ်ရန် တာဝန်ရှိသည်။

(င) အထက်အပိုဒ် (ဂ)မှ (ဃ)(၂)အထိကို အစိပ်ပွါယ် ရှင်းလင်းအောင် အကျဉ်းသားအား အကျဉ်းထောင်မှ

မလွှတ်မီရှင်းလင်းစွာ နားလည်စေရန် ပြန်ပြောရမည်၊ ၎င်းစည်းကမ်းသတ်မှတ်ချက်များကို ကာလအပိုင်းအခြားမည်မျှအတွင်းလိုက်နာရမည်ကိုလည်း ပြောဆို၍ ၎င်းအကျဉ်းသား၏ ဘာသာစကားနှင့် စည်းကမ်းသတ်မှတ်ချက် တစ်စောင်ကို ပေးအပ်ရမည်။

( စ ) အကျဉ်းသားမှာ အတည်တကျနေထိုင်ရာ အရပ်မရှိလျှင် ယခုစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်စေသည့်အခါ အိမ်ရာအရပ်မှာ နေထိုင်ရာ အရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၆၆၃။ ၎င်းထောင်လွတ်သည် မိမိရဲစခန်းအပိုင်မှ အခြားရဲစခန်းအပိုင်သို့ပြောင်းရွှေ့နေထိုင်လိုလျှင် ထိုရဲစခန်းမှူးထံ တိုက်ရိုက်အကြောင်းကြားပြီး ၎င်းအကြောင်းကြားစာမိတ္တူကို မိမိခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ သိသာရန်နှင့် ထောင်လွတ်ရွှေ့ပြောင်းသော နေရပ်သည် အခြားခရိုင်တွင်ဖြစ်ခဲ့လျှင် ထိုခရိုင်ရဲတပ်ဖွဲ့မှူးအား အကြောင်းကြားပေးနိုင်ရန် ပေးပို့ရမည်။ ထောင်လွတ်သည် ၎င်းနေထိုင်ရာအရပ်မှ ထွက်ပြေးတိမ်းရှောင်ကြောင်းကြား သိလျှင်ကြားသိချင်း (ပြစ်မှု ၃၅/ရဲ ၆၇)ပုံစံတို့ကို ထောင်လွတ်သွားရောက်နေထိုင်မည်ဟု ယုံကြည်ရသည့် ရဲစခန်းများသို့ ပေးပို့ရမည်။ ဖမ်းဆီးမိသောအခါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၇၆)နှင့်တရားစွဲရမည်။

၁၆၆၄။ အကျဉ်းသား၏ လွတ်ရက်ဖော်ပြသော (ပြစ်မှု ၅၈)ပုံစံကို ခရိုင်ရဲတပ်ဖွဲ့မှူးထံမှ ရရှိသောအခါ ထိုလွတ်ရက်ကို အကျဉ်းသား၏ မာတိကာစာချုပ်တွင် ရေးသွင်းပြီးလျှင် ထိုထောင်လွတ်သည် မိမိနေရပ်သို့ ပြန်ရောက်မရောက်စုံစမ်းရမည်၊ လွတ်ရက်မှ တစ်လအတွင်းရောက်ချိန်တန်လျက် ၎င်းမနေရပ်သို့ ပြန်မရောက်လျှင် မည်သည့်အရပ်တွင် ရောက်ရှိနေကြောင်း

ထပ်မံစုံစမ်းစေရမည်။ မည်သည့်အရပ်တွင် ရှိနေကြောင်းသိရှိရသည့်အခါ ထိုနေရပ်ဆိုင်ရာ ရဲစခန်းမှူးထံ (ပြစ်မှု ၃၄/ရဲ ၆၅-က)ပုံစံ မိတ္တူနှစ်စောင် ပေးပို့ရမည်။ ၎င်းပုံစံရရှိသော ရဲစခန်းမှူးသည် ထောင်လွတ်ကို စုံစမ်းတွေ့ရှိသောအခါ (ပြစ်မှု ၃၄/ရဲ ၆၅-က) ပုံစံမိတ္တူတစ်စောင်ကို လက်မှတ်ရေးထိုး၍ မူလရဲစခန်းသို့ ပြန်ပို့ရမည်။ ဤကဲ့သို့ (ပြစ်မှု ၃၄/ရဲ ၆၅-က)ပုံစံများ အပေးအယူပြုလုပ်ရာတွင် ခရိုင်ခြားပါက သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးများထံမှ တစ်ဆင့်ပေးပို့ရမည်။

၁၆၆၅။ အပိုဒ် (၁၆၂၉)တွင် ဖော်ပြထားသည့် လူဆိုးအညွန်းမာတိကာစာချုပ်ဖွင့်လှစ်ခြင်းခံရသူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သည့်ပြစ်မှုများ၊ နိုင်ငံရေးအကြမ်းဖက်ခြင်းနှင့် သက်ဆိုင်သောပြစ်မှုများ၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရပြစ်မှုများဖြင့် ပြစ်ဒဏ်ကျခံရသူများ၊ ထောင်မှလွတ်မည့်ရက်ကို သိရှိနိုင်ရေးအတွက် ရဲစခန်းမှူးနှင့်နယ်ထိန်းအရာရှိတို့သည် ရဲစခန်းရှိလူဆိုးအညွန်းမာတိကာစာချုပ်များကို တစ်လလျှင် တစ်ကြိမ်ထက် မနည်းစစ်ဆေးကြည့်ရှု၍ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့်ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ အစီရင်ခံတင်ပြရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက သက်ဆိုင်ရာ အကျဉ်းဦးစီးဌာနနှင့် ဆက်သွယ်၍ ထိုလူဆိုးများ ထောင်မှ လွတ်မည့်ရက်ကို ဖော်ပြသည့် ထောင်ပုံစံ (၆၅)ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည့်ပြင် ထိုလူဆိုးများထောင်မှလွတ်မြောက်သည့်အခါတွင်လည်း လစ်ဟာမှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

## အခန်း (၆၆)

## ဖြစ်မှုများကိုစုံထောက်စစ်ဆေးခြင်းအကြောင်း
## ဖြစ်မှုသတင်းပေးခြင်း

**ဖြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၅၄)နှင့်(၁၅၅)**

၁၆၆၆။ ရဲစခန်းသို့လာရောက်တိုင်တန်းသည့် တိုင်တန်းချက်များကို ရေးမှတ်ရန် နည်းလမ်းများကို အပိုဒ် (၁၄၁၁)မှ (၁၄၂၂)တွင် အပြည့်အစုံ ဖော်ပြထားပြီး ဖြစ်သည်။ ရဲအရေးယူပိုင်သည့် ဖြစ်မှုနှင့်စပ်လျဉ်းသော သတင်းပေးတိုင်တန်းချက်ကို ပထမသတင်းပေးတိုင်ချက်၊ ရဲစခန်းမှတ်ပုံတင် (၂၀)တွင် ရေးသားမှတ်တမ်းတင်ရမည်။ ထိုသို့ရေးသားရာတွင် သတင်းပေးသူ၏ပြောဆိုသည့်စကားအတိုင်း တိကျအောင်ရေးသား ဖော်ပြရမည်။ ယင်းသတင်းပေးတိုင်တန်းချက် အကျဉ်းချုပ်ကို အရပ်ရပ်နေ့စဉ်မှတ်တမ်း ရဲစခန်းမှတ်ပုံတင် (၄)တွင်လည်း ဖော်ပြရမည်။ ပစ္စည်းခိုးမှု၊ ကျွဲနွားတိရစ္ဆာန်ခိုးမှုများနှင့် သက်ဆိုင်လျှင်လည်း ၎င်းအမှုမျိုးများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် ရဲစခန်းမှတ်ပုံတင် (၂၆)နှင့် (၂၇)တို့တွင်ပါ ရေးသွင်း မှတ်သားထားရမည်ကို သိရှိသဘောပေါက်ရန်လိုပေသည်။

၁၆၆၇။ ရဲစခန်းသို့ တိုင်တန်းသော ရဲအရေးယူပိုင်သည့် အမှုတိုင်းကို မည်မျှပင် သေးနုတ်စေကာမူ ဖြစ်မှုကျူးလွန်သူ၏အမည်ကို ဖော်ထုတ်၍ ဘိုင်သည်ဖြစ်စေ၊ မတိုင်သည်ဖြစ်စေ ပထမသတင်းပေးတိုင်ချက်တွင် ချက်ချင်းရေးမှတ်ယူရမည်။ သတင်းပေးသူသည် ဖြစ်မှုကျူးလွန်သူအား မြင်တွေ့လိုက်ရလျှင် ၎င်းသူ၏အရပ်အမြင့်၊ အသားအရောင်၊ ထင်ရှားသော အမှတ်အသားများ၊ ဆေးမင်ကြောင်များစသည်တို့ကို ဦးစားပေး၍ တိကျစွာ ပြောဆိုစေရမည်။ ယင်းပုံသဏ္ဍာန်ကို ပထမသတင်းပေးတိုင်ချက်တွင် အခြားသတင်း များနှင့်အတူ သေချာစွာရေးမှတ်ယူရမည်။

၁၆၆၈။ မိမိရဲစခန်းပိုင်နယ်မြေအတွင်း နေထိုင်သူတစ်ဦးအား ရဲအရေးယူပိုင်မှု ကျူးလွန်၍ ဖမ်းဆီးပေးရန် အခြားရဲစခန်းသို့မဟုတ် တရားသူကြီးတစ်ဦးဦးက ကြေးနန်းစာဖြင့် အကြောင်းကြားလာလျှင်၊ ထိုအကြောင်းကြားစာတွင် စွပ်စွဲသည့် ပြစ်မှုနှင့်ဖမ်းဆီးရန်အကြောင်းအရာများ လုံလောက်စွာ ပါရှိရေးမှာ ကြေးနန်းပို့သူ၏ တာဝန်သာဖြစ်သည်။ လုပ်သားပြည်သူများပေးပို့သည့် ကြေးနန်းစာဖြစ်ပါက ကြေးနန်းပါအကြောင်းအရာ သက်သက်ဖြင့် အရေးမယူသင့်ပေ။

၁၆၆၉။ အမှုစုံထောက်စစ်ဆေးခြင်းသို့မဟုတ် အခြားစုံစမ်းမေးမြန်းခြင်းပြုလုပ်သော ရဲအရာရှိအားလုံးတို့သည် အလျင်လို၍ အရေးတကြီးကိစ္စ ဖြစ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြေးနန်းဆက်သွယ်ရေးစက်များအသုံး မပြုနိုင်လျှင် အရပ်ဘက်ကြေးနန်းကို အသုံးပြုနိုင်သည်။ ကုန်ကျသည့် စရိတ်အတွက် "အစိုးရစာပို့တံဆိပ်ခေါင်း"များကို ကပ်၍ အသုံးပြုရမည်။

**စီရင်ပိုင်ခွင့်နယ်မြေနှင့်စပ်လျဉ်းသည့်ကိစ္စ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၅၆)**

၁၆၇၀။ ရဲစခန်းမှူးသည် မိမိရဲစခန်းပိုင်နယ်မြေအတွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၅၆)အရ အရေးယူပိုင်သည့် ပြစ်မှုကို စုံထောက်စစ်ဆေးနိုင်သည့်အပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ(၁၇၇)၊ (၁၇၉)မှ (၁၈၃)အထိ တို့တွင် ပြဋ္ဌာန်းချက်များအရ တရားရုံးမှ စစ်ဆေးမေးမြန်းနိုင်သည့် သို့မဟုတ် စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော မည်သည့်ရဲအရေးပိုင်သည့် ပြစ်မှုကိုမဆို စစ်ဆေးနိုင်သည်။ သို့ရာတွင် အမှုစုံထောက်စစ်ဆေးသူ အရာရှိများသည် အများအားဖြင့် မိမိရဲစခန်းပိုင်နယ်မြေအတွင်း ကျူးလွန်သော ပြစ်မှုများကိုသာ စုံထောက်စစ်ဆေးရမည်။

၁၆၇၁။ မည်သူမဆို မိမိရဲစခန်းသို့ လာရောက်၍ ပထမသတင်းပေးတိုင်ချက်ဖွင့်လိုလျှင် ရဲစခန်းမှူးသည် မိမိအပိုင်နယ်မြေတွင် ဖြစ်ပွားခြင်းမဟုတ်သော်လည်း အမှုဖွင့်ပေးရမည်။ မိမိရဲစခန်းပိုင်နယ်မြေပြင်ပတွင် ရဲအရေးယူပိုင်သောဖြစ်မှုကျူးလွန်ကြောင်းတိုင်ကြားလျှင်ဖြစ်စေ၊ ကြားသိရလျှင် ဖြစ်စေ၊ ဤရဲလက်စွဲအပိုဒ် (၁၄၁၁)မှ (၁၄၂၂)အထိတွင် ညွှန်ပြခဲ့သည့်အတိုင်း ပထမသတင်းပေးတိုင်ချက်ကို ရေးမှတ်ယူပြီး အပိုဒ် (၁၄၂၁)တွင် ပြဋ္ဌာန်း ထားသည့်အတိုင်းပထမသတင်းပေးတိုင်ချက်မူရင်းကို သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဆိုင်ရာရဲစခန်းသို့ လွှဲပြောင်း ပေးပို့ရမည်။

၁၆၇၂။ ဖြစ်မှုတစ်ခုအား စုံစမ်းစစ်ဆေးလျက်ရှိသည့် ရဲအရာရှိတစ်ဦးသည်၎င်းစုံစမ်းစစ်ဆေးပေါ်ပေါက်ချက်များအရ ယင်းဖြစ်မှုများမှာ ရဲအရေးယူပိုင်သော ဖြစ်မှုမဟုတ်ကြောင်း ပေါ်ပေါက်သိရှိရပါက ထိုအကြောင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ထံတင်ပြပြီး ထိုအမှုကို ပိတ်သိမ်းနိုင်ရန်အတွက် အမှုနောက်ဆုံးအစီရင်ခံစာ၊ ရဲစခန်းမှတ်ပုံတင် (၂၃)တွင် ရေးသားတင်ပြရမည်။ အကယ်၍ ယင်းအမှုမှာ တရားရုံးသို့ဦးတိုက်လျှောက်ထားရန်လိုအပ်သည့်အမှုဖြစ်ပါက ရဲစခန်းမှူးက ထိုသို့လျှောက်ထားနိုင်ရေးအတွက် နောက်ဆက်တွဲ (က)(၁)ပုံစံရေးသား၍ ကူညီဆောင်ရွက်ပေးရမည်။ ရဲစခန်းမှတ်ပုံတင် (၂၅)ဖြင့် စွဲဆိုနိုင်သည့် ဖြစ်မှုဖြစ်ပါကလည်းဆက်လက်စွဲဆိုဆောင်ရွက်ရမည်။ အကယ်၍ တရားဥပဒေအရ စုံထောက်စစ်ဆေးရမည့်အမှုဖြစ်သော်လည်း အကြောင်းအရာများကို ထောက်ရှု၍ အခြားရဲစခန်းနယ်မြေအတွင်းတွင် စုံထောက်စစ်ဆေးလျှင် တရားဥပဒေနှင့်အညီဖြစ်သည့်အပြင် သာ၍အောင်မြင်နိုင်သည့် အမှုဖြစ်လျှင် ထိုအရာရှိသည်ဆက်လက်စုံစမ်းစစ်ဆေးခြင်းပြုလုပ်ပြီး အမိန့်နာခံနိုင်ရန်အတွက် သက်ဆိုင်ရာရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်ခရိုင်ရဲတပ်ဖွဲ့မှူးထံ အစီရင်ခံရမည်။

၁၆၇၃။ အခြားရဲစခန်းမှလွှဲပြောင်းပေးသော အမှုကို လက်ခံသော အမှုစစ် ရဲအရာရှိသည် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ စစ်ဆေးပြီး၊ ပြစ်မှုကျူးလွန်သူ များကို ဥပဒေအရေ ဖမ်းဆီးရမိအောင် ဆောင်ရွက်ရမည်။

၁၆၇၄။ အမှုကို လွှဲပြောင်းပေးသော ရဲစခန်းမှူးနှင့်လက်ခံယူရမည့် ရဲစခန်းမှူးတို့သည် ရဲစခန်းအပိုင်နယ်မြေနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပေါ် ခဲ့လျှင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အမိန့်ကိုနာခံ၍ ထိုအမှုကို ၄င်းတို့နှစ်ဦးစလုံး ပူးပေါင်းစစ်ဆေးရမည်။ စစ်ဆေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမှု နေ့စဉ်မှတ်တမ်းများကို လက်ခံယူရမည့် ရဲစခန်းတွင်ထားရှိရမည်။ သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးက ယင်းအမှုကို ရဲစခန်းတစ်ခုမှ တစ်ခုသို့ လွှဲပြောင်းပေးရန် ညွှန်ကြားသည့်အခါမှသာ ထိုအမှုကိုအပြီးအပိုင် လွှဲပြောင်းပေးရမည်။ ထိုအခါ မှသာအမှုကို လွှဲပြောင်းလက်ခံယူရမည့် ရဲစခန်းမှူးက ထိုအမှုနှင့် ပတ်သက်၍ လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၁၆၇၅။ ခရိုင်ရဲတပ်ဖွဲ့မှူးတစ်ဦးသည် မိမိခရိုင်အတွင်း ရဲအရေး ယူပိုင်သည့် ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ဆောင်ရွက်သည့် ပြစ်မှုမှာအခြားခရိုင်အတွင်းတွင် ဖြစ်ပွားသည့် ပြစ်မှုဖြစ်သည်ဟု စုံစမ်းသိရှိရ၍ သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ အမှုကိုလွှဲပြောင်းပေးရန် အကြောင်းကြား ရာတွင် ထိုခရိုင်ရဲတပ်ဖွဲ့မှူးက လက်ခံရန် သဘောမတူလျှင် ပြည်နယ်/တိုင်း တစ်ခုတည်းအတွင်းဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူးထံ တင်ပြဆောင်ရွက်ရမည်။ အကယ်၍ အခြားပြည်နယ်/တိုင်းမှ ဖြစ်ပါက မိမိပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်သို့ တင်ပြဆောင်ရွက်ရမည်။

၁၆၇၆။ အမှုကိုလွှဲပြောင်းပေးအပ်ရမည့် အမှုစစ်အရာရှိတစ်ဦးသည် ထိုသို့လွှဲပြောင်းပေးအပ်သည့်အခါ လွှဲပြောင်းပေးအပ်သည့်နေ့ရက် အချိန်နာရီနှင့်တကွ အမှုနှင့်ပတ်သက်၍ မိမိစုံစမ်းဆောင်ရွက်ခဲ့သမျှတို့ကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး ၄င်းအမှုကို လက်ခံယူရမည့် အရာရှိထံပေးအပ်ရမည်။ လက်ခံယူသူအရာရှိကလည်း ယင်းအမှုနေ့စဉ်မှတ်တမ်းတွင် ဖော်ပြပါရှိသည့် အကြောင်းအရာများကို သေချာစွာစစ်ဆေးကြည့်ရှုပြီးလက်ခံကျေနပ်သည့်အခါ ယင်းအမှုနေ့စဉ်မှတ်တမ်း၏ အောက်ခြေတွင် သက်သေခံလက်မှတ်ရေးထိုးရမည်။ ယင်းသို့လွှဲပြောင်းပေးအပ်သည့်အမှုနေ့စဉ်မှတ်တမ်းမှာ ယင်းအမှုတွဲတွင် အပါအဝင် ဖြစ်စေရမည်။

၁၆၇၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တို့မှာ တရားဥပဒေအရ ရရှိသည့် အခွင့်အာဏာများကို မိမိအပိုင်ရဲစခန်းနယ်မြေအတွင်း နေထိုင်သူတို့ အကျိုး စီးပွားကို ကာကွယ်ရန်အတွက်သာမက နိုင်ငံတော်တစ်ဝန်းလုံးတွင် နေထိုင်သည့် ပြည်သူအားလုံးတို့၏ အကျိုးစီးပွားတို့ကို ကာကွယ်ရန်လည်း တာဝန်ရှိပေသည်။ပြည်သူလူထုအားလုံး၏ အားထားရာ၊ အားကိုးရာ၊ ယုံကြည်လေးစားထိုက်သော ဂုဏ်သိက္ခာရှိသည့် တပ်ဖွဲ့ဖြစ်ရန်အစဉ် တစိုက်ကြိုးပမ်းကြရပေမည်။

၁၆၇၈။ ခရိုင်ရဲတပ်ဖွဲ့နယ်မြေချင်းနီးစပ်သည့် အရပ်ရပ်ရဲစခန်းများနှင့် ရဲစခန်းနယ်မြေချင်းနီးစပ်သည့် ရဲစခန်းများသည် ခရိုင်တစ်ခုနှင့်တစ်ခု၊ ရဲစခန်းတစ်ခုနှင့်တစ်ခုအကူအညီတောင်းခံလာပါက နီးကြားတက်ကြွစွာဖြင့် စိတ်အားထက်သန်စွာ ပူးပေါင်းကူညီဆောင်ရွက်ကြရမည်။ ခရိုင်ရဲတပ်ဖွဲ့၊ ရဲစခန်းနယ်မြေချင်းနီးစပ်မှု မရှိသော်လည်း အခြားနယ်တစ်ရပ်ရပ်ရှိ ရဲစခန်းမှရဲတပ်ဖွဲ့ဝင်တို့က တရားဥပဒေနှင့်အညီ အကူအညီတောင်းခံလာပါကလည်း မိမိတို့ကူညီဆောင်ရွက်ပေးနိုင်သမျှကို ချက်ချင်းကူညီဆောင်ရွက်ပြီးလျှင် အရေးကြီးသည့် အမှုများနှင့်သက်ဆိုင်သည့် ကိစ္စတွင် မိမိ၏အထက်အရာရှိထံသို့ အစီရင်ခံတင်ပြရမည် -

(က) တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များ စခန်းချရာနေရာများတွင် စုံထောက်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သို့မဟုတ် ဖမ်းဆီးခြင်းပြုလုပ်ရာ၌ တည်ဆဲအမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက် ရမည်။

(ခ) မိမိတို့နိုင်ငံသည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (I.C.P.O)တွင် အဖွဲ့ဝင်နိုင်ငံဖြစ်၍ ကမ္ဘာအရပ်ရပ် (INTRANET) ကွန်ပျူတာမှ တစ်ဆင့်မှုခင်းကိစ္စရပ်များနှင့် ပတ်သက်သော အကူအညီတောင်းခံလာမှုများ၊ နယ်စပ်ချင်းဆက်စပ်လျက်ရှိသော အိမ်နီးချင်း နိုင်ငံများမှ (TRANSNA TIONAL CRIMES)နယ်စပ် ဖြတ်ကျော်မှုခင်းများနှင့် ပတ်သက်၍ အကူအညီ တောင်းခံလာမှုများတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တစ်ဆင့်သက်ဆိုင်ရာ ပြည်နယ်တိုင်းများနှင့် တပ်ဖွဲ့များသို့ ကူညီဆောင်ရွက်ဖော်ထုတ်ပေးနိုင်ရန် ညွှန်ကြားလာပါက ပြည်နယ်/တိုင်းရဲတပ်ဖွဲ့များရှိ ရဲစခန်းများ၊ တပ်ဖွဲ့များတို့သည် အထက်ဖော်ပြပါ အတိုင်း စိတ်အားထက်သန်စွာဖြင့် နည်းလမ်းတကျ ပူးပေါင်းဆောင်ရွက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားချက်များကို အလေးအနက်ထား အလျှင်အမြန် ဆောင်ရွက်ကြရမည်။

၁၆၇၉။ မည်သည့်ရဲအရာရှိသို့မဟုတ် ရဲတပ်ဖွဲ့ဝင်များမဆို ကြပ်မတ်ပို့ဆောင်ရသည့် အလုပ်ဝတ္တရားမျိုးနှင့် အခြားထူးခြားသော အလုပ်ဝတ္တရားဆောင်ရွက်ရန်နိုင်ငံခြားသို့ သွားရသည်ရှိသော် မည်သူမည်ဝါ မည်သည့် အလုပ်ဝတ္တရားနှင့်လာရောက်ကြောင်းဟု ဖော်ပြသော အဆက်အသွယ် စာတစ်စောင်ကို သက်ဆိုင်ရာ နိုင်ငံရှိရဲအရာရှိတို့အား ပေးအပ်ရန်၎င်းအရာရှိသို့မဟုတ် တပ်ဖွဲ့ဝင်တို့အား ပေးအပ်လိမ့်မည်။

၁၆၈၀။ **အထူးအဖွဲ့စေလွှတ်ခြင်း။** ခရိုင်တစ်ခုတွင်သော်လည်းကောင်း၊ ခရိုင်အများတွင် ဆက်စပ်၍ သော်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသော ဖြစ်မှုကြီးများ ဖြစ်ပွားခဲ့လျှင် သက်ဆိုင်ရာခရိုင် ရဲအရာရှိများက ကျေနပ်လောက်အောင် အရေးမယူနိုင်သောအခါ ၎င်းဖြစ်မှုကြီးများကို စစ်ဆေးရန်နှင့်ခရိုင်ရဲတပ်ဖွဲ့ တစ်ခုသို့မဟုတ် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့ တစ်ခုလုံးကို ထိခိုက်ဆိုးဝါးသောအခြေ အနေဖြစ်ပေါ်လာခြင်းတို့မှ ကာကွယ်နိုင်ရန် ကျွမ်းကျင်သော စုံစမ်းထောက်လှမ်းနိုင်သည့် အရာရှိများကို ရွေးချယ်၍ အထူးအဖွဲ့ဖွဲ့စည်းပြီးလျှင် ပြည်နယ်/တိုင်းရဲတပ်ဖွဲ့အသီးသီးရှိ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးများမှ တာဝန်ပေးဆောင်ရွက်နိုင်သည်။ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးတို့က စေလွှတ်လိုက်သော အထူးအဖွဲ့ဝင်အရာရှိတို့ကို ၎င်းတို့နှင့် ထိတွေ့ဆက်ဆံရသည့် ခရိုင်ရဲတပ်ဖွဲ့မှူး အပါအဝင်၊ မြို့နယ်၊ သက်ဆိုင်ရာရဲစခန်းနယ်မြေရှိ အရာရှိအားလုံးတို့သည် အကူအညီပေးနိုင်သမျှတို့ကို မငြင်းမချန်ပေးရန်လိုအပ်စေခြင်း ပင်ဖြစ်သည်။ နယ်မြေခံ ခရိုင်ရဲတပ်ဖွဲ့ရှိ အရာရှိများသည် တာဝန်ပေးစေလွှတ်လိုက်သော အထူးအဖွဲ့ဝင်တို့ကို အချင်းချင်းဂုဏ်ပြိုင်အံတုလိုသော စိတ်ထားများမသိမသာ ဝင်လာတတ်သော သဘာဝသဘောတရားအရ ဤသို့သောစိတ်ထားများ မရှိစေရန် အထူးသတိပြုဖယ်ရှားရမည်။ နယ်မြေရှိခရိုင်ရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် အားလုံးတို့သည် စိတ်အားထက်သန်စွာပူးပေါင်းဆောင်ရွက်လိုသောစိတ်ထား၊ လိုက်လျောစေတနာထားသည့် စိတ်ဓာတ်တို့မွေးမြူနိုင်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးက သိမ်းသွင်းထားရမည့်အပြင် တစ်ဦးကတစ်ဦးကို အသာရရှိမည် စိုးရိမ်၍ သတင်းများကို ဖျောက်ဖျက်ပစ်ခြင်း၊ မပေးဘဲထားခြင်း၊ ချက်ပြယ် စေခြင်းများပြုလုပ်ခဲ့လျှင် တိကျပြင်းထန်စွာအရေးယူမည်ဟု ပြောဆိုစည်းရုံး သိမ်းသွင်းထားရမည်။ အထူးအဖွဲ့ဝင်အရာရှိများအား လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်သည့် အရာရှိများအား လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့ဝင်တို့ စစ်ဆေးနေသည့်မှုခင်း

တစ်ခုကို စုံစမ်းစစ်ဆေးသည့်အခါ ခရိုင်ရဲတပ်ဖွဲ့မှ အရာရှိများ အားလုံးတို့သည် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်၍ အမှုအခင်းနှင့် ပတ်သက် သည့် သတင်းများကို ပြည့်စုံစွာထိုအဖွဲ့သို့ ပေးနိုင်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးက ဦးဆောင်လမ်းညွှန်မှု ပြုပေးရမည်။ ခရိုင်ရဲတပ်ဖွဲ့ဝင်တို့သည် အများအားဖြင့် အမှုစစ်ဆေးရသည့် ရပ်ရွာတွင် လူစိမ်းတစ်ဦးကဲ့သို့ဖြစ်နေမည်ရှိရာ အမှုစုံစမ်းစစ်ဆေးခြင်းတွင် အကူအညီဖြစ်စေမည့်သူ အားလုံးနှင့် သိကျွမ်းရန် တတ်နိုင်သမျှကြိုးစားရမည်။ အဖြစ်အပျက်များ အစဉ်အတိုင်းရှင်းလင်းစွာ သိရှိမှတ်သားထားရှိနိုင်ရန် စစ်ဆေးစုံစမ်းပြီးခဲ့သော အကြောင်းအရာ အလုံးစုံတို့ကို သေချာစွာ လေ့လာပြီး အပြည့်အစုံသို့မဟုတ် တိကျသောသတင်းများ ရရှိရန်လိုအပ်လျှင် မသက်ာသူများ ကျက်စားနေသည်ဟုထင်ရသော အနီးအနားအရပ်ဒေသများသို့ပါ လိုက်လံစုံစမ်းစစ်ဆေးနိုင်ရန် အရေးကြီးသော သက်သေများကို တွေ့ဆုံ မေးမြန်းရမည်။ ဤနည်းဖြင့် အစတွင် လူစိမ်းတစ်ဦးအဖြစ် တွေ့ရှိခဲ့ရသော အခက်အခဲအားလုံးတို့ကို လျင်မြန်စွာ နိုင်နင်းအောင်မြင်သွားပေလိမ့်မည်။ နယ်မြေခံနယ်ထိန်းအရာရှိနှင့် နယ်ထိန်းတပ်ဖွဲ့ ဝင်တို့သည် အစွမ်းကုန်ပူးပေါင်း ဆောင်ရွက်၍ အမှုစုံစမ်းစစ်ဆေးခြင်း အောင်မြင်ရန် လိုအပ်သော အကူအညီ များပေးရန်မှာ၊ ၎င်းနယ်မြေခံအရာရှိတို့၏ တာဝန်ဝတ္တရားဖြစ်ကြောင်း မှတ်ယူရမည်။ ၎င်းတို့ရရှိထားသော သတင်းအစမြှုရာ ပင်ရင်းအကြောင်းအရာ အားလုံးတို့ကို အမှုစုံစမ်းစစ်ဆေးသည့် အရာရှိသို့ပြောပြရမည့်အပြင် ဆက်စပ်ပတ်သက်နေသောသူများ၏ နောက်ကြောင်းရာဇဝင်တို့ကိုလည်း ပြောပြကူညီရန် အမြဲအသင့်ရှိရမည်။ သာမန်အားဖြင့် ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူးများအနေဖြင့် အထူးအဖွဲ့ဝင်များ ကို ရွေးချယ်ရာ၌ ၅ ကြိမ်ထက်ပို၍ တာဝန်ပေးအပ်ခြင်းမရှိစေရ။

စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ဆုံးဖြတ်ချက်များ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၇

၁၆၈၁။ ပထမသတင်းပေးတိုင်ချက်တွင်ဖြစ်စေ၊ တိုင်ကြားမှုတွင် ဖြစ်စေပါရှိသော အကြောင်းအရာများသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၆ အရ စုံစမ်းစစ်ဆေးခွင့်ရှိသည့် ရဲအရေးယူပိုင်သော ပြစ်မှုဖြစ်သည့်လက္ခဏာရှိလျှင် ရဲစခန်းမှူးက စုံစမ်းစစ်ဆေးရန် လုံလောက်သော အကြောင်းရှိမရှိဆုံးဖြတ်ရမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၇(၁)(ခ)အရ စုံစမ်းစစ်ဆေးရန်အကြောင်းမလုံလောက်ဟု ရဲအရာရှိက တရားသဖြင့် ဆုံးဖြတ်နိုင်မည့်အမှုများမှာ -

(က) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၅ တွင် အကျုံးဝင်သည့် သေးနုပ်သောအမှုများ။

(ခ) တရားမကြောင်းဖြစ်သော အငြင်းပွားမှုများ။

(ဂ) ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေပုဒ်မ ၉ အရ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကစီရင်ပိုင်ခွင့်ရှိသည့် သေးနုပ်သည့် အမှုများ၊ သို့သော် ပြစ်မှုအမြဲကျူးလွန်တတ်သော လူဆိုးသည် ထိုအမှုမျိုးကို ကျူးလွန်လျှင်၊ ၎င်းအမှုမျိုးကို ရဲကစုံစမ်းစစ်ဆေးရမည်။

(ဃ) ဒဏ်ရာရရှိသူက စုံစမ်းစစ်ဆေးမှုမပြုလုပ်လိုသော အမှုများ။ သို့ရာတွင် -

(၁) ဒဏ်ရာကြီးကျယ်သော အမှုဖြစ်လျှင်။

(၂) ပြစ်မှုအမြဲကျူးလွန်သော လူဆိုးက ကျူးလွန်လျှင်။

(၃) အများပြည်သူတို့အကျိုးငှာ စုံစမ်းစစ်ဆေးရန်လိုအပ်လျှင်၊ စုံစမ်းစစ်ဆေးရမည်။

(င) ဒိုးရာပါပစ္စည်းမစွဲဆိုနိုင်၍ စုံစမ်းစစ်ဆေးသော်လည်း အကျိုးရှိမည်မဟုတ်သည့် အမှုများ၊ (ပစ္စည်းတန်ဖိုးကို ပဓာနထားရန်မဟုတ်)။

(စ) အများအားဖြင့် ကျေအေးလေ့ရှိသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၃ နှင့် ၄၄၈ အရ ပြစ်ဒဏ်ထိုက်သော အမှုများသည် တစ်ကြိမ်တစ်ခါသာ ဖြစ်ပွားသော ပြစ်မှုများ၊ ဆက်ခါဆက်ခါကျူးလွန်လေ့ရှိပါက စုံစမ်းစစ်ဆေးရန်လိုအပ်သည်။

(ဆ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ ပြစ်ဒဏ် ထိုက်သော အမှုမျိုးတွင် မိန်းမတို့၏ ကာယိန္ဒြေကို ပျက်စီးရန် ကြံရွယ်ခြင်းမရှိသည့် ရိုးရိုးလက်ရောက် မှုများ။

ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခြင်းမပြုသည့် မည်သည့်အမှုမျိုးတွင်မဆို အဘယ်ကြောင့် စုံစမ်းစစ်ဆေးခြင်းမပြုကြောင်း ပထမသတင်းပေး တိုင်ချက်ဆိုင်ရာဇယားကွက်တွင် ရှင်းလင်းစွာဖော်ပြရမည်။ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် အထက်အရာရှိများသည် စစ်ဆေးရန်ငြင်းပယ်သည့် အမှုများ အားစေ့စပ်သေချာစွာ ကြည့်ရှု၍ အများပြည်သူအကျိုးငှာ စုံစမ်းစစ်ဆေးသင့်သည်ဟု ယူဆလျှင် စုံစမ်းစစ်ဆေးရန်အမိန့်ပေးရမည်။

၁၆၈၂။ ရဲစခန်းသို့ အမှုလာရောက်တိုင်တန်းသည့်အခါ၊ တိုင်ကြားသည့် အကြောင်းခြင်းရာသည် သေးနုပ်သောအမှုအမျိုးအစားဖြစ်၍ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၇(၁)(ခ)အရ စုံစမ်းစစ်ဆေးရန် အကြောင်း မလုံလောက်သဖြင့် ရဲအရာရှိကငြင်းပယ်နိုင်သော အမှုများကို ထိုသို့ ငြင်းပယ် ကြောင်း သက်သေခံလက်မှတ် (ပြစ်မှု ၇၇)ပုံစံတွင် စခန်းမှူးက လက်မှတ်ရေးထိုး၍ တိုင်ကြားသူအား ပေးအပ်နိုင်သည်။

မှတ်ချက်။ ရဲအရေးယူပိုင်သည့် ပြစ်မှုကျူးလွန်ကြောင်းနှင့် ပထမ သတင်းပေးတိုင်ချက်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ စကားပြော ကြေးနန်း ဖြင့်ဖြစ်စေ၊ ကြိုးမဲ့ကြေးနန်းဖြင့် ဖြစ်စေပေးပါလျက် လက်ခံရေး မှတ်ယူခြင်း မပြုခဲ့သော် သို့မဟုတ် သတင်းပေးတိုင်ကြားသည့်အတိုင်း မဟုတ်ဘဲ တိုင်ကြား သူကိုဖြစ်စေ၊ စွပ်စွဲခံရသူကိုဖြစ်စေ၊ အကျိုးယုတ်လျော့စေရန် သို့မဟုတ် အကျိုးရှိစေရန် အကြံနှင့် ပြုပြင်ပြောင်းလဲရေးမှတ်ခဲ့သော်၊ သို့မဟုတ် အမှုကိုထိမ်ဝှက်ရန် အကြံဖြင့် ပထမသတင်းပေးတိုင်ချက် စာအုပ်မှ သတင်းပေးချက်ကို ဆုတ်ဖြဲ ဖျောက်ဖျက်ခဲ့သော် အမြဲတမ်းထုတ်ပယ်ခြင်း ခံရမည့်အပြင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၇ နှင့် ၂၁၈ တို့ဖြင့် တရားစွဲဆိုခြင်းခံရမည်။

၁၆၈၃။ များသောအားဖြင့် ပစ္စည်းတန်ဖိုးလွန်စွာ နည်းပါး၍ မမှတ်မိ မစွဲဆိုနိုင်သော ပြစ်မှုများကို စုံစမ်းစစ်ဆေးရန် ငြင်းပယ်ရမည်။ သို့သော်လည်း စပါးတလင်း၊ သို့မဟုတ် စပါးကိုဒေါင်များမှ ရံဖန်ရံခါ စပါး၊ ကောက်ပဲသီးနှံများကို ခိုးယူခြင်းစသည့် ဤကဲ့သို့ဆက်ခါဆက်ခါခိုးယူခြင်းများကိုမူကား၊ လက်ခံ စုံစမ်းစစ်ဆေးပေးရမည်။ ထို့ပြင် သူခိုးများကို ချောင်းမြောင်း၍ ဖမ်းဆီးရန် ကြံဆောင်စီမံပြုလုပ်ရမည်။

၁၆၈၄။ ထို့ပြင်အဖိုးအနည်းငယ်မျှသာ တန်သောပစ္စည်းများပါရှိသွားသောအမှုများပင်ဖြစ်သော်လည်း အမြဲခိုးယူတတ်သောသူ တစ်စုံတစ်ယောက်က ပြုကျင့်ကျူးလွန်သည့် လက္ခဏာရှိကြောင်းနှင့် ထင်မြင်လျှင် ၎င်းအမှုများကိုလည်း စုံစမ်းစစ်ဆေးပေးရမည်။

စုံထောက်စစ်ဆေးရမည့်နေရာ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၇

၁၆၈၅။ အမှုစုံစမ်းစစ်ဆေးခြင်းကို အမှုဖြစ်ပွားရာအရပ်တွင် စစ်ဆေးရမည်။ သက်သေများကို အခင်းဖြစ်ပွားရာအရပ်တွင် စစ်ဆေးခြင်းဖြင့်

၎င်းတို့တွေ့မြင်သိရှိခဲ့သည့် အကြောင်းအရာများကို သရုပ်ပြစစ်ဆေးနိုင်သည့် အပြင် မမေ့မလျော့ပြန်လည်သတိရစေနိုင်ပြီး ဖြစ်ရပ်မှန်များကို အမှန်ကန်ဆုံး ထွက်ဆိုနိုင်သည့်အခွင့်အရေးကို ရရှိနိုင်ပေသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၀ အရ သက်သေများကို ရဲစခန်းသို့ ခေါ်ယူစစ်ဆေးနိုင်သော်လည်း တတ်နိုင်သ၍ အခင်းဖြစ်ပွားရာအရပ်တွင် စစ်ဆေးမေးမြန်းရမည်။ အဘယ် ကြောင့်ဆိုသော် သက်သေများမှာ ရဲစခန်းသို့ လာရောက်ရသည့် အတွက် အချိန်ကုန်၊ လူပန်းဖြစ်ပြီး၎င်းတို့လုပ်ငန်းများလည်း ပျက်ကွက်နိုင်သဖြင့် ၎င်းတို့ ကြားသိတွေ့မြင်ရသည့်အကြောင်းများကို ထွက်ဆိုလိုကြမည်မဟုတ်ချေ။ ထို့ကြောင့် သက်သေများကို မလွဲမရှောင်သာသည့်အခါမှသာ ရဲစခန်းသို့ ခေါ်ယူ စစ်ဆေးသင့်သည်။ မိမိတို့၏ သက်သာမှုကို ရှေ့မရှုဘဲအများပြည်သူတို့၏ သက်သာရာ သက်သာကြောင်းကို သာကြည့်ရှုစီမံရန် သတိပြုရမည်။ ပြစ်မှုဆိုင် ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၇(၁)(က)အရ ပြစ်မှုကျူးလွန်သူ၏ အမည်ကို ထုတ်ဖော်တိုင်ကြား၍ အရေးမကြီးသော အမှုများကိုမူ အခင်းဖြစ်ပွားရာ အရပ်သို့ သွားရောက်စုံစမ်းစစ်ဆေးခြင်းပြုရန် မလိုဘဲ အမှုတိုင်တန်းသူတရား လိုနှင့် ၎င်းပြသသောသက်သေများ၏ ထွက်ဆိုချက်နှင့်ပင် တရားရုံးသို့ စွဲဆို တင်ပို့နိုင်မည်ဖြစ်သည်။

၁၆၈၆။ (က) လူများကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ကြည့်ရှုရန်သော် လည်းကောင်း၊ စစ်ဆေးရန်သော်လည်းကောင်း သက်သေ တစ်ယောက်ကို၎င်း၏ နေအိမ်မှ ၄ မိုင် ထက်ပိုသော အရပ်သို့ခေါ်ယူရန်လိုအပ်သည့် အကြောင်းထူးရှိသည့် အခါ ထိုလူ၏ ကုန်ကျစရိတ်များကို တရားရုံးသို့ တက် ရောက်သည့်တရားလိုများနှင့် သက်သေများသို့ ပေးသည့် စရိတ်နှုန်းအတိုင်းပေးရမည်။

(ခ) သွားရောက်ပြီးမိုင်အတွက် ငွေများနှင့် အမှန်အကန် ကုန်ကျသည့်စရိတ်ငွေများကို တောင်းဆိုသည့် အတိုင်း ရဲစခန်းမှူးက မှန်မမှန်စေ့စပ်သေချာစွာ စစ်ဆေးပြီးနောက် (၎င်းရဲစခန်းမှူးမှာ စုံထောက်စစ်ဆေးသူ အရာရှိ မဟုတ်လျှင်) စုံထောက်စစ်ဆေးသူ အရာရှိထံသို့ ပေးအပ် ရမည်။ ထိုစုံထောက်စစ်ဆေးသူ အရာရှိမှာ ပေးရမည့် ငွေများကို ထုတ်ပေး၍ ၎င်းသူထံမှ ရရှိကြောင်းပြေစာကို ရယူရန် တာဝန်ရှိစေရမည်။ ရဲစခန်းတည်ရှိရာ မြို့ သို့မဟုတ် ရွာတွင်သက်သေများ နေထိုင်ခြင်းမပြုလျှင် သက်သေများ နေထိုင်ရာအရပ်သို့ သွားရောက်ပေးအပ် ရမည်။ ထိုသက်သေများကိုငွေလာယူရန် အလို့ငှာ ရဲစခန်း သို့ မည်သည့်အကြောင်းနှင့်မျှ မခေါ်ယူရ။

(ဂ) ရဲစခန်းမှူးသည် ငွေထုတ်ပေးသည့် နေ့စွဲနှင့် သက်သေကို ခေါ်ယူစစ်ဆေးကြောင်း ရေးသား ထားသည့် အမှုနေ့စဉ် မှတ်တမ်းအမှတ်ကို အရပ်ရပ်နေ့စဉ် မှတ်တမ်းတွင် ဖော်ပြ ထားရမည်။ သက်သေများကို မည်သည့်အကြောင်းကြောင့် ရဲစခန်းတွင် ခေါ်ယူစစ်ဆေးသည့် အကြောင်းကိုအမှု နေ့စဉ် မှတ်တမ်းတွင် တိကျစွာ ရှင်းလင်းဖော်ပြ၍ မင်နီ ဖြင့် ကြက်ခြေခတ်အမှတ်အသား ပြထားရမည်။

(ဃ) ယခုနည်းလမ်းများအရ ထုတ်ပေးသည့် စရိတ်ငွေများကို ရဲစခန်းစစ်ဆေးကြည့်ရှုရန် လာရောက်သည့် မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုပြီး မလိုအပ်ဘဲ သက်သေများကို ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခြင်း များတွေ့ရှိပါက ထိုသက်သေများအား ထုတ်ပေးခဲ့သည့် ငွေများကို ရဲစခန်းမှူး၏လစာငွေမှ ပြန်လည် ခုနှိမ်ဖြတ်တောက်ရမည်။

(င) ယခုနည်းလမ်းများနှင့်နောက်ဆုံးပြင်ဆင်ထား
သည့် သက်သေစရိတ်ငွေနှုန်းထားများ၏ မိတ္တူကို
ရဲစခန်းအသီးသီးတွင် ထားရှိရမည်။

၁၆၈၇။ အပြစ်ဒဏ်ချမှတ်ပြီးသော အကျဉ်းသားများကို ပို့ဆောင်ရေးနှင့် ပတ်သက်၍ အကျဉ်းသားအရေအတွက်၊ ပို့ဆောင်ပေးရမည့် ခရီးစဉ်၊ အသုံးပြုရမည့်ယာဉ်၊ ရထား၊ ခြေလျင်စသော အခြေအနေများအားလုံးကို တွက်ချက်၍ အကျဉ်းဦးစီးဌာနမှ စီမံချက်များ အသေးစိတ်ရေးဆွဲပြီးလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ လုံခြုံရေးအင်အားထုတ်နုတ်ရမည့် အခြေအနေရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ စီမံချက်နှင့်အကြောင်းခြင်းရာတို့ကို ကြေးနန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အကြောင်းကြားပြီး လိုအပ်သော လုံခြုံရေးဆောင်ရွက်မှုများကို ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မေသည်။ အကျဉ်းဦးစီးဌာနမှ ရဲဘက်စခန်းအဖြစ် အနယ်နယ်အရပ်ရပ်တွင် ဆောင်ရွက်နေစဉ်အတွင်း၊ အကျဉ်းသားများ ထွက်ပြေးမှုရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့အကျဉ်းဦးစီးဌာနမှ ချက်ချင်းအကြောင်းကြားပေးရန် တာဝန်ရှိပေသည်။ ရပ်ကွက်/ကျေးရွာလူကြီးများအနေဖြင့်လည်း ထွက်ပြေးလွတ်မြောက်လာသော အကျဉ်းသားများကို တွေ့ရှိပါက နီးစပ်ရာ ရဲစခန်းသို့ ချက်ချင်းအကြောင်းကြားပြီး ထိုရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ ထိုအကျဉ်းသားများကို ဝိုင်းဝန်းကူညီဖမ်းဆီးပေးရန် တာဝန်ရှိပေသည်။ ရပ်ကွက်/ကျေးရွာ လူကြီးများမှ ထွက်ပြေးလွတ်မြောက်လာသည့် အကျဉ်းသားကို မိမိတို့အစီအစဉ်ဖြင့် ဖမ်းဆီးနိုင်ပါကလည်း အနီးဆုံးရဲစခန်းသို့ ခေါ်ဆောင်အပ်နှံရန် တာဝန်ရှိပေသည်။

အမှုစုံထောက်စစ်ဆေးခြင်း၊ အမှုနေ့စဉ်မှတ်တမ်းများရေးသားခြင်း၊ ဖြောင့်ချက်ပေးခြင်း၊ အမှုနောက်ဆုံးအစီရင်ခံစာနှင့် စွဲချက်များတင်သွင်းခြင်းနှင့်စပ်လျဉ်းသောအရပ်ရပ်နည်းလမ်းများ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၇ နှင့် ၁၆၈

၁၆၇၈။ အများအားဖြင့် အမှုစုံထောက်စစ်ဆေးခြင်းတို့ကို ဒုရဲအုပ်အဆင့်မှစ၍ တာဝန်ပေးဆောင်ရွက်ရမည်။ သို့ရာတွင် ရဲတပ်ကြပ်ကြီးများနှင့် ရဲအရာခံများအားလည်း အမှု၏ အတိမ်အနက်ပေါ်မူတည်ပြီး ပေါ့ပါးသေးနုပ်သည့် အမှုများကို စစ်ဆေးရန် တာဝန်ပေးနိုင်သည်။

၁၆၇၉။ အမှုစုံထောက်စစ်ဆေးသူအရာရှိမှာအောက်ပါနည်းလမ်း အတိုင်းလိုက်နာရမည် -

(က) အမှုစုံထောက်ရာတွင် ရဲအရာရှိတို့မှာ ပြစ်မှုဖြစ်ပွား ရာ၊ ရပ်ကွက်/ကျေးရွာနယ်မြေကို အုပ်ချုပ်ရသည့် ရွာလူကြီးနှင့်ကူညီလိုသော ဆန္ဒနှင့်ကူညီနိုင်သည့် အခြားဂုဏ်သရေရှိလူကြီးတို့၏ အကူအညီကို ရနိုင်သမျှရအောင် ယူရမည်ဖြစ်သော်လည်း၊ ဆောင်ရွက်သည့် အမှုကို တရားရုံးများတွင် အထင်အရှား စစ်ဆေးသကဲ့သို့ စစ်ဆေးဆောင်ရွက်ခြင်းမပြုရ။ အများအားဖြင့် လျှို့ဝှက်၍ ဆောင်ရွက်ရမည်။ တစ်အိမ်မှတစ်အိမ်သို့ ကူးသန်းသွားလာ ဝင်ထွက်၍ လူအများကြောက်ရွံ့ခြင်းကင်းစေရန် ကောင်းမွန်စွာ စကားပြောဆိုခြင်းဖြင့် သတင်းစကားများကို ပိုမိုကောင်းမွန်စွာရရှိနိုင်တတ်လေသည်။ သိသည့် အကြောင်းအရာများကို ဖော်ထုတ်၍ မပြော ဆိုလိုသည့် အကြောင်းမှာ တရားရုံးသို့သွားရောက်ရန် တာဝန်ကို ကြောက်ရွံ့သည့် အတွက် ဖြစ်သောကြောင့် ပြစ်မှုကြောင်းအရ စစ်ဆေး

မေးမြန်းခံရန်ရှိမည် ဟူ၍ မရိပ်မိမသိသာစေရန် တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်။ ပြည်သူများတို့အခွင့် သင့်လျော်မည့်အရာကို ထောက်ထားဆင်ခြင်၍ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားမဟုတ်သော လိုက်လျောစုံထောက်စစ်ဆေးခြင်းကို ပြုလုပ်ရမည်။

( ခ ) သတင်းအရိပ်အမြွက်(သဲလွန်စ)ပေါ်ပေါက်သည့် အကြောင်းအရာအရပ်ရပ်ကို သေချာစွာ ထောက်လှမ်းရှာဖွေရမည်။ ဖြစ်မှုမဖြစ်မီဖြစ်ပွားသည့် အကြောင်းအရာသို့မဟုတ်-မွေ့တာသဘော အလျောက် ဤကဲ့သို့ဖြစ်ပွားရန်ရှိကြောင်း ယူဆနိုင်သည့် အကြောင်းအရာ၊ ဖြစ်မှုနှင့်တစ်ပြိုင်နက်သော် လည်းကောင်း၊ ဖြစ်မှုဖြစ်ပွားပြီးနောက်သော်လည်း ကောင်း၊ ဖြစ်ပွားသည့်အကြောင်းအရာများကို သိသည့် လက္ခဏာရှိသူ အရပ်ရပ်တို့အား သည်းခံ၍ စိတ်ရှည်စွာ စုံထောက်မေးမြန်းရမည်။

( ဂ ) စုံထောက်စစ်ဆေးသည့်အချက်မှာ ဒဏ်ရာအနာတရ ထိခိုက်၍ဖြစ်စေ၊ အဆိပ်ခတ်၍ဖြစ်စေ၊ သေဆုံးသူ၏ အမှုနှင့် သက်ဆိုင်သည့်အခါ သေဆုံးသူ၏ အလောင်းကိုလည်းတွေ့ရှိပြီးလျှင် စုံထောက်စစ် ဆေးသည့် အရာရှိက အခန်း (၆၀)တွင် သတ်မှတ်ဖော်ပြလျက်ပါရှိသည့် နည်းလမ်းအတိုင်း သေမှုသေခင်းအခြင်းအရာကို ရှေးဦးစွာ စစ်ဆေး၍ ၎င်းအခန်းတွင် ဖော်ပြလျက်ပါရှိသည့် စပ်ဆိုင် သော အခြင်းအရာအရပ်ရပ်ကို သေချာစွာ မှတ်သားထားရမည်။ အလောင်းမှာ ရွှေ့ပြောင်းယူဆောင်ရန် မသင့်အောင်ပုပ်ပွပျက်စီးခြင်းမရှိသေးလျှင် (တပ်ဖွဲ့ဝင်နှစ်ယောက်ကိုကြီးကြပ်စေလျက်) အလောင်းပေးပို့သည့်

နည်းလမ်းနှင့်စပ်လျဉ်း၍ သေမှုသေခင်းအခြင်းအရာကို စစ်ဆေးခြင်း အကြောင်းနှင့်ဆိုင်သည့် အခန်းပါပြဋ္ဌာန်းချက်များကို ကျနသေချာစွာ လိုက်နာလျက် အလောင်းကို ခွဲစိတ်စစ်ဆေးစမ်းသပ်ကြည့်ရှုရန်အမှုစစ် အရာရှိသည် အလောင်းအား သေဆုံးရသည့် အကြောင်းကို ရှာဖွေသည့် ခွဲစိတ်စစ်ဆေးသည့် အရာရှိနှင့်အတူ စောင့်ကြည့်၍ စေ့စပ်သေချာစွာ အဖြေရယူရမည်။

(ဃ) အခြင်းအရာကို သိသည့်လက္ခဏာရှိသူတို့ကို အချက်ကျနစွာ မေးမြန်းပြီးသိရှိရသည့် သတင်းအချက်မှစ၍ ၎င်းသတင်းအရဖြစ်စေ၊ ကိုယ်တိုင် စုံစမ်းစစ်ဆေးချက်အရ ဖြစ်စေ၊ သိရှိရသောသက် ဆိုင်သည့်အခြင်းအရာအရပ်ရပ်၊ ရောက်ရှိခဲ့သော ရပ်ရွာများနှင့်စုံထောက်မေးမြန်းရာတွင် စုံထောက်သည့် အရာရှိက ရံဖန်ရံခါဆောင်ရွက်သည့်မှုခင်းအရပ်ရပ်ကို အမှုနေ့စဉ်မှတ်တမ်းတွင် မှတ်သားထားရမည်။ ၎င်းနေ့စဉ် မှတ်တမ်းကိုစ၍ ရေးသားသည့်အချိန်၊ ဖမ်းဆီးခြင်း၊ ရှာဖွေခြင်း၊ သက်သေဆင့်ခေါ်ခြင်း စသည့်အကြောင်းအရာများကိုလည်း အမှုနေ့စဉ်မှတ်တမ်းတွင် ဖော်ပြရမည်။

( င ) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ သက်သေများ၏ အစစ်ခံချက်ကို အမှုနေ့စဉ် မှတ်တမ်းများ သို့မဟုတ် မည်သည့်အရာပေါ်တွင် ရေးမှတ်ထားချက်ကို တရားခံဘက်မှ တောင်းယူခွင့်ရှိသည်။ အကယ်၍ ၎င်းသက်သေ အစစ်ခံချက်များကို အမှုနေ့စဉ်မှတ်တမ်းတွင် လည်းကောင်း၊ မည်သည့်အရာပေါ်တွင်မဆို လည်းကောင်း၊ အတိုကောက်ဖြစ်စေ၊ အကျယ်တဝင့်

ဖြစ်စေ၊ ရေးမှတ်ထားခြင်းရှိပါက ၎င်းတို့ကို သိမ်းဆည်းထားရမည်။ စက်ရှင်နှင့်အထူး အာဏာရတရား သူကြီးများ စစ်ဆေးစီရင်နိုင်သည့် ပြစ်မှုမျိုးများမှ လွဲ၍ အခြားအမှုများတွင် သက်သေများ၏ ထွက်ဆိုချက်ကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးသားရန် မသင့်ချေ။ အချို့ပြစ်မှုများတွင်မူ ဟုတ်မှန် ကြောင်းပြောဆိုသည့်အကြောင်းအရာနှင့် ထိုသို့ ပြောဆိုနိုင်သည့် သက်သေများ၏ အမည်နှင့် မှတ်သားချက်များကိုသာ ရေးသားထားသင့်သည်။

( ဓ ) စုံထောက်စစ်ဆေးဆဲဖြစ်သည့် ပြစ်မှုတစ်ခုခုနှင့် ပတ်သက်၍ ရအရာရှိထံထွက်ဆိုချက်ကို၊ ထွက်ဆိုချက်ပေးသူက လက်မှတ်ရေးထိုးရမည် ဖြစ်သည့် တစ်ခုတည်းသော အကြောင်းမှာ ထွက်ဆိုချက် ပေးသူသေခါနီး ဖြစ်ပြီး ထွက်ဆိုချက်မှာလည်း သေခါနီးဆဲဆဲတွင် ပေးသော ထွက်ဆိုချက် ဖြစ်သည့်အခါတွင်သာ ဖြစ်သည်။ ဤကဲ့သို့ သေခါနီး ထွက်ဆိုချက်ရေးမှတ်ယူရန် အကြောင်းပေါ်ပေါက် လာသည့်အခါ ယင်းထွက်ဆိုချက်ကို အမှုနေ့စဉ် မှတ်တမ်းတွင် မှတ်သားခြင်းမပြုဘဲ သီးခြားစာရွက်တွင်ရေးမှတ်ယူရမည်။ အကယ်၍ တရားသူကြီး တစ်ဦးတစ်ယောက်အား အလွယ်တကူ ခေါ်ယူနိုင်သည့် အခြေအနေရှိပြီး ထွက်ဆိုချက်မှာလည်း ထွက်ဆိုချက်ပေးသူသေဆုံးခဲ့သော် သက်သေခံ ဥပဒေပုဒ်မ ၃၂ အရ စပ်ဆိုင်သည့် ထွက်ဆိုချက် မျိုးဖြစ်လျှင် သေခါနီးဖြစ်သူ၏ ထွက်ဆိုချက်ကို ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ နှင့်အညီ လာရောက်ရေးမှတ်ယူပါရန် ထိုတရားသူကြီးအား အကြောင်းကြားရမည်။

မှတ်ချက်။ ဖြစ်မှုစုံထောက်စစ်ဆေးရာတွင် သေဆုံးမည့် လက္ခဏာရှိသူက မိမိသေဆုံးရမည့် အကြောင်းဖြစ်သော မှုခင်းအကြောင်းအရာနှင့် စပ်လျဉ်းသည့် ထွက်ဆိုချက်များကို မှတ်သားယူရန် ရှိသည့်အခါတိုင်းတွင် ရဲအရာရှိတို့မှာ အောက်ပါ နည်းလမ်းများကို လိုက်နာကြရမည် -

(၁) ထွက်ဆိုချက်ကိုတတ်နိုင်လျှင်တရား သူကြီး တစ်ဦးဦးက မှတ်သားယူရမည်။

(၂) ထွက်ဆိုချက်ပေးမည့်သူမှာ ယုံကြည်လောက်သည့် အချက်ကို ထွက်ဆိုနိုင်ရန် ကောင်းစွာ သတိရခြင်း ရှိမရှိသိရှိနိုင်ရန်၊ တတ်နိုင်လျှင် ထိုသူကို ဆေးဌာန အရာရှိက စမ်းသပ်စစ်ဆေးရမည်။

(၃) တရားသူကြီးအသင့်မရှိလျှင် ရဲစခန်း နှင့်သက်ဆိုင်ခြင်း မရှိသည့် ယုံကြည့်ထိုက်သူ သက်သေနှစ်ဦး သို့မဟုတ် အများရှေ့တွင် ထွက်ဆိုချက်ကို ရေးမှတ်ရမည်။ (အကယ်၍ ပြန်တမ်းဝင် ရဲအရာရှိတစ်ဦး တစ်ယောက် ရှိနေသည့်အခါ ၎င်းရှေ့တွင် ရေးမှတ်ယူနိုင်သည်)။

(၄) ထွက်ဆိုချက်ကို မရေးမှတ်မီနှင့်ဆိုခဲ့သည့် အတိုင်း ယုံကြည်ထိုက်သူများ မရမီ၎င်းသူသေဆုံးမည်ကို စိုးရိမ်ရန်ရှိလျှင် ၎င်း၏ထွက်ဆိုချက်ကို ရဲအရာရှိ တစ်ဦးသို့မဟုတ် အများရှေ့တွင် ရေးမှတ်ရမည်။

(၅) ထွက်ဆိုချက်ပေးသူက တစ်စုံတစ်ယောက်သောသူကို မိမိသေဆုံးရန်ရှိသည့် မှုခင်းတွင် ပါဝင်ကြောင်း စွပ်စွဲထားလျှင် ထိုသို့ စွပ်စွဲခြင်းခံရသူအား ထွက်ဆို ချက်ရေးမှတ်စဉ် လာရောက်ရန်ဆန္ဒရှိပါက ရောက်ရှိ နေစေရန် ခွင့်ပြုရမည်။

(ဆ) အမှုနေ့စဉ် မှတ်တမ်း၌ အထက်အပိုဒ်များတွင် ဖော်ပြ ပါရှိသည့် ကန့်သတ်ချက်များနှင့်တကွ အမှုကို ပြည့်စုံ ပြီးစီးအောင် မည်သို့ဆောင်ရွက်ကြောင်း ထင်ရှားစေမည့် စုံထောက်စစ်ဆေးခြင်းနှင့် သက်ဆိုင်သော အကြောင်း အရာများသာ ရေးသားရမည်။ စုံထောက်စစ်ဆေးသူ၏ ထင်မြင်ယူဆချက် များကို ထည့်သွင်းရေးမှတ်ခြင်းမပြုရ၊ ၎င်းပြင် သေးနုပ်သော အကြောင်းအရာများနှင့် အရေးယူ ဆောင်ရွက်ရန် မသင့်သည့် အမှုနှင့်မသက်ဆိုင်သော အကြောင်းအရာများကို အမြဲဖယ်ရှားရမည်။ သို့မှသာ ရဲအရာရှိများအနေဖြင့် အချိန်မကြန့်ကြာစေဘဲ စုံစမ်း စစ်ဆေးခြင်းများပြုလုပ်နိုင်မည် ဖြစ် သည်။

(ဇ) အမှုနေ့စဉ်မှတ်တမ်းကို ရေးသားသည့်အခါတွင် အများနှင့် သက်ဆိုင်သည့်အလုပ်ဝတ္တရားဖြစ်သကဲ့သို့ သက်သေတို့ ရှေ့တွင် မရေးသားရ၊ လျှို့ဝှက်၍ ရေးသားရမည်။

(ဈ) လူသတ်မှုများတွင် အလောင်းကို တွေ့သည့်နေရာ အနေ အထားများနှင့်တကွ အလောင်းအနီးရှိ ထင်ရှားသော အဆောက်အဦများ၊ နေရာများကို ဖော်ပြသည့် အခင်း ဖြစ်အရပ်စနစ်ပုံတစ်ပုံကို အခင်းဖြစ်အရပ်သို့ လာရောက် စစ်ဆေးသည့် အရာရှိကရေးဆွဲရမည်။ ထိုစံနစ်ပုံကို ပထမဆုံးအမှုနေ့စဉ် မှတ်တမ်းနှင့်အတူ ပေးပို့တင်ပြ ရမည်။ ထိုစနစ်ပုံကို ရေးဆွဲသူက လက်မှတ် ရေးထိုးပြီးလျှင် အမှုစုံထောက်စစ်ဆေးမှု ပြီးစီးသည့်အခါ အမှုတွဲတွင် ပူးတွဲထည့်သွင်းရမည်၊ ပြစ်မှုကြီးများနှင့် အခြားအမှုများ တွင်လည်း လိုအပ်ပါက ၎င်းစနစ်ပုံကို ရေးဆွဲတင်ပြမြ ဖြစ်စေရမည်။

၁၆၉၀။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၀ အရ အမှုစုံထောက်စစ်ဆေးသူရဲအရာရှိသည် အမှုအကြောင်းကို သိရှိနိုင်သည်ဟု လက္ခဏာရှိသူမည်သူကိုမဆို မိမိထံလာရောက်အစစ်ခံရန် ဆင့်ခေါ်ခွင့်ရှိသည်။ ၎င်းဆင့်ခေါ်စာကို (ပြစ်မှု ၈/ရဲ ၉)ပုံစံဖြင့် ထုတ်ဆင့်ရမည်။ ထိုသို့ထုတ်ဆင့်သည့် ဆင့်ခေါ်စာကို အမှန်တကယ်လက်ခံရရှိလျက် မလာရောက်ဘဲနေသူတို့ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၄ အရ စွဲဆိုနိုင်သည်။ သို့ရာတွင် အပိုဒ် (၁၆၈၅)ပါပြဋ္ဌာန်းချက်များကိုလည်း သတိပြုသင့်သည်။

မှတ်ချက်။ ထောင်ဒဏ်စီရင်ချက်ချမှတ်ပြီး၍ ထောင်သွင်းအကျဉ်းခံ နေရသည့်အကျဉ်းသားကို မိမိတို့ရှေ့သို့လာရောက်စေရန် ရဲတပ်ဖွဲ့ဝင်တို့က ဆင့်ဆိုခွင့်မရှိ။ အကယ်၍ အမှုစုံထောက်စစ်ဆေးသူအရာရှိတစ်ဦးဦးက အကျဉ်းသားတစ်ဦးတစ်ယောက်၏ သက်သေခံချက်ကို အလိုရှိသည့်အခါ ၎င်းအရာရှိက အကျဉ်းထောင်သို့ သွားရောက်၍ ထောင်ပိုင်၏ခွင့်ပြုချက်ဖြင့် ၎င်းအကျဉ်းသားကို အကျဉ်းထောင်အတွင်းစစ်ဆေးမေးမြန်းရမည်။ အကယ်၍ ရဲစခန်းပိုင်နယ်မြေအတွင်း ၎င်းအကျဉ်းသားကို ချုပ်နှောင်ထားသည့် အကျဉ်း ထောင်တည်ရှိသည်မဟုတ်လျှင် ဖြစ်စေ၊ အခြားအကြောင်းများကြောင့် ဤကဲ့သို့ ပြုလုပ်ခြင်းငှာမတတ်နိုင်လျှင်ဖြစ်စေ၊ ထိုအကျဉ်းသား၏အမည်ကို စွဲချက်စာချုပ်တွင် သက်သေအဖြစ်ထည့်သွင်းရမည်။ ထိုသို့တင်သွင်းလျှင် ၎င်းအမှုကို စစ်ဆေး စီရင်သည့်တရားသူကြီးက ဝရမ်းစာထုတ်၍ ၎င်းအကျဉ်းသားကို သက်သေခံ လာရောက်စေရန်ဆင့်ခေါ်ခွင့်ရသည်။

၁၆၉၁။ မသက်ာခြင်းခံရသူသည် ရဲအရာရှိရှေ့လာရောက်သည့်အခါ၊ ၎င်းအမှုတွင် မည်သို့သိရှိကြောင်းစစ်ဆေးမေးမြန်းရမည်။ ၎င်းအနေဖြင့် စုံထောက်စစ်ဆေးသည့်အမှုနှင့်ပတ်သက်၍ မေးမြန်းသမျှကို ဖြေကြားရန်တာဝန်ရှိသော်လည်း ၎င်းအပေါ်တွင် ပြစ်မှုကြောင်းစွဲဆိုခြင်း ခံထိုက်စေမည့်

သို့မဟုတ်ပစ္စည်းသိမ်းယူခြင်းခံထိုက်စေမည်ဖြစ်သော ပြစ်ဒဏ်တစ်စုံတစ်ရာ ခံထိုက်စေမည့်မေးခွန်းများဖြစ်ခဲ့လျှင် ၎င်းသူက မဖြေဘဲ နေနိုင်သည်ဖြစ်၍ အတင်းအကြပ် ဖြေဆိုရန် မပြုလုပ်ရ။ ၎င်း၏ထွက်ဆိုချက်များကိုလည်း အထူးသတိပြု၍ယုံကြည်သင့်မှုယုံရမည့်အပြင် ၎င်း၏ထွက်ဆိုချက်တွင်ပါဝင်သည့် နေရာ၊ ရပ်ကွက်များ၊ ဂတ္တုကိရိယာများ၊ လူသူများကိုလည်း တိုက်ဆိုင်စစ်ဆေးကြည့်ရှုနိုင်သည့်အခါတိုင်းတွင် တိုက်ဆိုင်စစ်ဆေးကြည့်ရှုရမည်၊ ၎င်း၏ထွက်ဆိုချက်ကို ထောက်ခံထွက်ဆိုသည့် သက်သေခံချက်များလည်းမရှိ ၎င်းထွက်ချက်ကို ထောက်ရှုခြင်းဖြင့်မဟုတ် မမှန်နိုင်၊ မဖြစ်နိုင်သည့်လက္ခဏာလည်း ထင်ရှားသိသာနိုင်လျှင်ယင်းအချက်များကို ရှင်းလင်းဖော်ပြစေရန်၎င်း မသင်္ကာသူအား ထပ်မံစစ်ဆေးမေးမြန်းရမည်။ ၎င်း၏ ရှင်းလင်းဖြေကြားချက် အရ၊ သိသာနိုင်သော အမှုပေါ်ပေါက်စေသည့်သဲလွန်စအကြောင်း အချက်များ တွေ့ရှိလျှင် ၎င်းအချက်များကို ခိုင်လုံသောသက်သေခံအထောက်အထား ရရှိသည့်တိုင်အောင် သို့မဟုတ် ၎င်းအချက်များမမှန်ကြောင်း အထင်အရှားဖြစ်သည့်တိုင်အောင် အကြိမ်ကြိမ်စစ်ဆေးမေးမြန်းရမည်။

၁၆၉၂။ မသင်္ကာသူကို စစ်ဆေးပြီးနောက်ဖမ်းဆီးသင့်က ချက်ချင်း ဖမ်းရမည်။ ချက်ချင်းဖမ်းဆီးခြင်းမပြုက ထိုသူကို လွတ်လပ်စွာသွားလိုရာသို့ သွားလာခွင့်ပြုရမည်။ သို့ရာတွင် ထိုသူ၏ သွားလာမှုကို ၎င်းမသိရှိစေဘဲ စောင့်ကြပ်ကြည့်ရှုနေရမည်။ မသင်္ကာသူကို လွတ်လပ်စွာသွားလာ ခွင့်လည်းမပြု၊ ဖမ်းလည်း မဖမ်းဘဲ ၎င်းနှစ်ရပ်စပ်ကြားတွင် အကျယ်ချုပ်သဘောမျိုးထားလျှင် တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၁၆၉၃။ တရားခံတစ်ဦးတစ်ယောက်ကို ဖမ်းဆီးသည်နှင့်တစ်ပြိုင်နက် အမှုစစ်အရာရှိက စုံထောက်စစ်ဆေးစဉ်တွင် ရဲတပ်ဖွဲ့ဝင်တို့က ညှဉ်းပန်းနှိပ်စက်ခြင်းရှိမရှိနှင့် တစ်စုံတစ်ရာတိုင်တန်းပြောဆိုရန် ရှိမရှိကို တရားခံအား

မေးမြန်းပြီး ဖြေဆိုသည့်အချက်များကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ရမည်။ ညှဉ်းပန်းနှိပ်စက်ကြောင်းအစစ်ခံပါက အမှုစစ်အရာရှိက ၎င်းတရားခံ၏ ကိုယ်တွင် ညှဉ်းပန်းနှိပ်စက်ထားသည့် အမှတ်အသားလက္ခဏာများရှိမရှိကို စမ်းသပ်စစ်ဆေးရမည်။ စစ်ဆေးတွေ့ရှိချက်များကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးသားရမည်။ အကယ်၍ တရားခံက မိမိကိုယ်ကို စမ်းသပ်ကြည့်ရှု ခွင့်မပြု လိုကြောင်း ငြင်းဆိုလျှင် ငြင်းဆိုသည့်အကြောင်းခြင်းရာများကို အမှုနေ့စဉ် မှတ်တမ်းတွင် ရေးမှတ်ရမည်။

၁၆၉၄။ တရားခံမှာ မိန်းမဖြစ်၍ ညှဉ်းပန်းနှိပ်စက်ကြောင်း တိုင်တန်း လျှောက်ထားသဖြင့် စမ်းသပ်ကြည့်ရှုရန်ခွင့်ပြုလျှင် မိန်းမချင်းစမ်းသပ် ကြည့်ရှု စစ်ဆေးရမည်။ ဤကဲ့သို့ စမ်းသပ်ကြည့်ရှုစေသည့် မိန်းမအမည်နှင့် ထိုသို့ စမ်းသပ်ကြည့်ရှုရာတွင် သိရှိရသည့် အချက်များကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားရမည်။

၁၆၉၅။ အမှုတစ်ခုကို စစ်ဆေးရာတွင် အမှုမှန်ပေါ်ပေါက်စေရန် အမှုစစ် အရာရှိသည် စိတ်ရှည်ခြင်း၊ ဇွဲရှိခြင်း၊ သည်းခံခြင်းနှင့် ဆောင်ရွက်ချက်များကို တတ်နိုင်သမျှ စေ့စပ်သေချာစွာကြိုးပမ်းဆောင်ရွက်ရမည်။ မသက်သေသူအား ဖြောင့်ချက်ပေးရန် သွေးဆောင်ဖြားယောင်း၍ စစ်ဆေးမေးမြန်းခြင်းကို ရှောင်ကြဉ်ရမည်။ ဖြောင့်ချက်ရရန်သွေးဆောင်ခြင်း၊ ဂတိထားခြင်း၊ ခြိမ်းခြောက် ခြင်းတို့သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၃ ပါပြဋ္ဌာန်းချက်များအရ ဥပဒေနှင့်မညီညွတ်ချေ။ မိမိအလိုအလျောက်သဘောရိုးဖြင့်ဖြောင့်ချက် ပေးသူ အား ရဲတပ်ဖွဲ့ဝင်တို့က မည်သည့်နည်းနှင့်မဆို တားမြစ်ခြင်းမပြုရ။ ဖြောင့်ချက် တွင် ပါဝင်သည့်အခြင်းအရာများကို ထောက်ခံသည့်လွတ်လပ်သော သက်သေခံ ချက်တစ်စုံတစ်ရာမရှိသမျှ အထူးသတိထား၍ ယုံကြည်ရမည်။ အများအားဖြင့်

ဖြောင့်ချက်ပေးသူတို့သည် မိမိကိုယ်ကိုအလွတ်ရုန်းပြီး ကျန်အပေါင်းအဖော်များအပေါ်တွင် အပြစ်ပုံချ၍ ထွက်ဆိုတတ်သည်။ ထိုဖြောင့်ချက်မျိုးကို ကိုယ်လွတ်ရုန်းသောဖြောင့်ချက်ဟု ခေါ်သည်။ ထို့ကြောင့် ယင်းဖြောင့်ချက်များကို အမှုဆက်လက်စုံထောက်ရန် သဲလွန်စဟု မှတ်ယူ၍ ဆက်လက်ဖော်ထုတ်ဆောင်ရွက်ရမည်။ ရဲအရာရှိထံ ပေးသော ဖြောင့်ချက်သည် သက်သေခံမဝင်ချေ။ ၎င်းဖြောင့်ချက်မျိုးသည် အများအားဖြင့် တရားရုံးရှေ့၌ ပြန်၍ကွယ်တတ်လေသည်။ ယင်းဖြောင့်ချက်မျိုးကို ပြန်လည်ရုပ်သိမ်းသော ဖြောင့်ချက်ဟု ခေါ်သည်။ သို့သော် ဖြောင့်ချက်များသည် အရေးကြီးသော အမှုအကြောင်းခြင်းရာများပေါ်ပေါက်သိရှိနိုင်သဖြင့် အလွန်အသုံးဝင်တတ်သည်။ သို့ဖြစ်၍ ၎င်းဖြောင့်ချက်မှန်မမှန်ကို သေချာစွာ ကြိုးစားစုံစမ်း၍ သဲလွန်စ ကွင်းဆက်များကို ဆက်လက်စုံစမ်းဖော်ထုတ်ရမည်။

၁၆၃၆။ မသင်္ကာခြင်းခံရသူတို့ကို ဖြောင့်ချက်ပေးစေရန် မည်သည့်နည်းနှင့်မျှ ညှဉ်းပန်းနှိပ်စက်ခြင်း လုံးဝမပြုလုပ်ရန် ကြပ်တည်းစွာ တားမြစ်သည်။ ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၁၆၃၇။ သက်သေခံဥပဒေပုဒ်မ ၂၅ အရ ရဲအရာရှိထံပေးသော ဖြောင့်ချက်နှင့် ပုဒ်မ ၂၆ အရ ရဲအရာရှိထံတွင် အချုပ်ခံနေရစဉ်အတွင်း တရားသူကြီးထံပေးသည့် ဖြောင့်ချက်မဟုတ်လျှင် ယင်းဖြောင့်ချက်ကို ဖြောင့်ချက်ပေးသူအပေါ်၌ သက်သေခံချက်အဖြစ် အသုံးပြုခွင့်မရ၊ သို့ရာတွင် ထိုကဲ့သို့ ပေးသည့်ဖြောင့်ချက်အနက် ယင်းဖြောင့်ချက်တွင် ပါဝင်သည့် အခြင်းအရာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာထင်ရှားသိသာပေါ်ပေါက်လျှင် ယင်းအချက်ကို သက်သေခံဥပဒေပုဒ်မ ၂၇ အရ ထင်ရှားအောင် ပြုလုပ်နိုင်သည်။

၁၆၉၈။ ဖြစ်မှုကျူးလွန်ကြောင်းကိုလည်းကောင်း၊ ဖြစ်မှုကျူးလွန်ရာ တွင် ပါဝင်ကြောင်းကိုလည်းကောင်း၊ ဖြောင့်ဆိုရာရောက်အောင် တစ်စုံတစ်ယောက်သောသူက ထုတ်ဖော်ပြောဆိုသည့်အခါ အမှုစုံထောက်စစ်ဆေးသူအရာရှိက ၎င်းပြောဆိုသည့်မူရင်း စကားအတိုင်း ချက်ချင်းမှတ်တမ်းတင်ပြီး ၎င်းမှတ်တမ်းကို ထုတ်ဖော်ပြောဆိုသူအား ပြန်လည်ဖတ်ပြရမည်။ သို့ရာတွင် ထိုသူမှာ သေခါနီးအခြေအနေဖြစ်သည့်အခါမဟုတ်လျှင်၎င်းအား မှတ်တမ်းပေါ်တွင် လက်မှတ်ရေးထိုး၍ မယူရ။ အကယ်၍ သေခါနီးအခြေအနေဖြစ်ခဲ့လျှင် ၎င်းထုတ်ဖော်ပြောဆိုချက်မှာလည်း သေခါနီးထွက်ဆိုချက်အဖြစ် အသုံးဝင်နိုင်လျှင် အပိုဒ် (၁၆၈၉)တွင် ပြဋ္ဌာန်းထားသည့်အချက်များနှင့် ညီညွတ်အောင် ဆောင်ရွက်ရမည်။ ဆိုခဲ့သည့် ထုတ်ဖော်ပြောဆိုချက်ပါ မည်သည့်အစိတ်အပိုင်းနှင့်စပ်လျဉ်း၍မဆို သက်သေခံဥပဒေပုဒ်မ ၂၇ အရ နှုတ်သက်သေခံရန် ဆင့်ဆိုသည့်အခါ ထုတ်ဖော်ပြောဆိုရင်း စကားအတိုင်း မှတ်မိနိုင်ရန်အလို့ငှာ ဆိုခဲ့သည့်မှတ်တမ်းကို စုံထောက်စစ်ဆေးသူအရာရှိက သိမ်းဆည်းထားရမည်။ ဖြောင့်ချက်ပါစကားရပ်များကို အမှုနေ့စဉ်မှတ်တမ်းတွင် ထည့်သွင်းရေးမှတ်ခြင်းမပြုရန် တားမြစ်ချက်တစ်စုံတစ်ရာ မရှိချေ။

၁၆၉၉။ စွပ်စွဲခံရသူ တရားခံတစ်ဦးကို တရားရုံးသို့ စွဲဆိုတင်ပို့၍ တရားသူကြီးက မေးမြန်းစုံစမ်းနေစဉ်အတွင်း သို့မဟုတ် စစ်ဆေးနေစဉ်အတွင်း မှတစ်ပါး စွပ်စွဲခံရသူတရားခံများ၏ ဖြောင့်ချက်ကို ရယူရာတွင် အောက်ပါနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ဖြောင့်ချက်ကို သာမန်အားဖြင့် တရားရုံးတွင် ရုံးချိန်အတွင်း ရေးမှတ်ယူရမည်။

(ခ) ဖြောင့်ချက်ကို မြို့နယ်တရားသူကြီး တစ်ဦးဦးကသော်လည်းကောင်း၊ အခွင့်အာဏာအပ်နှင်းထားသည့် ဒုတိယမြို့နယ်တရားသူကြီး တစ်ဦးဦးက သော်လည်းကောင်း ရေးမှတ်ယူနိုင်သည်။

(ဂ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၃ နှင့် ၃၆၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြောင့်ချက်ရေး မှတ်ယူရန် အတွက် (ပုံစံအမှတ် ၆၉) ကို ပြဋ္ဌာန်းထားရှိသည်။ ၎င်းပုံစံတွင် လိုအပ်သည့်အကြောင်း အရာအပြည့်အစုံကို ဖြောင့်ချက်ယူသည့် တရား သူကြီးက အထူးသတိပြု၍ ထည့်သွင်းဖော်ပြရမည်။ တရားခံ ဖြောင့်ချက်ပေးခြင်းမှာ ၎င်း၏ဆန္ဒအ လျောက် ဖြောင့်ချက်ပေးခြင်းဖြစ်ကြောင်း ကျေနပ် အောင်ပြုလုပ်ရန် တရားသူကြီးတွင် တာဝန် ရှိသည့် အလျောက်ဖြောင့်ချက်ပေးရန် ဖြစ်ပေါ်လာသည့် အကြောင်းခြင်းရာများနှင့် ရဲအချုပ်တွင် တရားခံ မည်မျှ ကြာအောင် ချုပ်နှောင်ခံရသည်၊ တရားခံ ဖြောင့်ချက် ပေးစေရန် ရဲတပ်ဖွဲ့ဝင်တို့က တစ်စုံတစ် ရာပြုလုပ်သည် မပြုလုပ်သည်ကို သိရှိအောင် ဆောင်ရွက်ရမည်။ တတ်နိုင်လျှင် ဖြောင့်ချက်ယူသည့် တရားသူကြီးသည် ဖြောင့်ချက်ပေးသည့် တရားခံအား ၎င်းတွင် ဖြောင့်ချက် ပေးရန် တာဝန် မရှိကြောင်း၊ အကယ်၍ ဖြောင့်ချက်ပေး လျှင် ထိုဖြောင့်ချက်ကို ၎င်းအပေါ်တွင် သက်သေခံချက် အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း ရှင်းလင်းပြော ကြားပြီး တရားခံစဉ်းစားဆင်ခြင်နိုင်ရန် အချိန် နာရီအနည်းငယ် အချိန်ပေးရမည်။ အကယ်၍ ဖြောင့်ချက်ပေးသည့် တရားခံက ၎င်းအား ရဲတပ်ဖွဲ့ဝင်တို့က ညှဉ်းပန်းနှိပ်စက်၍ ဖြောင့်ချက်ပေးရခြင်း ဖြစ်ကြောင်း ပြောဆိုလာလျှင် ထိုတိုင်တန်းချက်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက် ရမည်ဖြစ်သော်လည်း ထိုသို့ပြောဆိုစေရန် တရားသူကြီးက သွေးဆောင်ခြင်း မပြုရ။

(ယ) ဖြောင့်ချက်ယူသည့် တရားသူကြီးက ဖြောင့်ချက် ပေးသည့် တရားခံကို ပြန်လှန်စစ်ဆေးခြင်းမပြုရ။ သို့ရာတွင် ဖြောင့်ချက်၌ အကြောင်းအရာများ ပိုမို၍ ပါရှိလျှင် ယင်းဖြောင့်ချက်မှာ မည်မျှတန်ဖိုး ရှိသည်ကို မှန်ကန်စွာ ချင့်ချိန်နိုင်ဖွယ်ရှိကြောင်း တရားသူကြီးက သတိပြု၍ တရားခံကျူးလွန်ခဲ့သော ပြစ်မှုနှင့်ဆိုင်သည့် အကြောင်း အရာများကို ပြည့်စုံစွာ ထွက်ဆိုစေရန်တရားသူကြီးက အားထုတ်ရမည်။ တရားခံ၏ ဖြောင့်ချက်ကို ထောက်ခံနိုင် သည့်နေရပ် တစ်စုံတစ်ရာကိုဖြစ်စေ၊ လူတစ်စုံတစ် ယောက်ကိုဖြစ်စေ အရာဝတ္ထုတစ်စုံတစ်ခုကိုဖြစ်စေ၊ ၎င်းတရားခံကပြသနိုင်ခြင်းရှိမရှိနှင့်၊ ပြသလိုသည် မလိုသည်ကို သိသာရန်လည်း ကြိုးပမ်းရမည်။

(င) ဖြောင့်ချက်ရေးမှတ်ယူနေစဉ်အတွင်း တရားခံကို ဖမ်းဆီး ရာတွင်ဖြစ်စေ သို့မဟုတ် အမှုကို စုံထောက် စစ်ဆေးရာ တွင် ဖြစ်စေ၊ ပါဝင်သူ ရဲအရာရှိတို့အား တရားခံမြင်နိုင် ကြားနိုင်သော နေရာတွင် နေထိုင် ခွင့်မပြုရ။ တရားခံကို စောင့်ကြည့်နေရန် လိုအပ်သည့် အစောင့်အရှောက်မှ တစ်ပါး မည်သည့် ရဲတပ်ဖွဲ့ဝင်မျှ မရှိစေရ။

(စ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ အရ လိုအပ်သည့် သက်သေခံလက်မှတ်တွင် ဖြောင့်ဆိုချက်သည် မှန်ကန် သည်ဟု တရားသူကြီးက ယုံကြည်ကြောင်း၎င်းကိုယ်တိုင် ၎င်း၏လက်ရေးနှင့် ရေးသားဖော်ပြရမည်။

(ဆ) တရားခံတစ်ယောက်ကို ဖြောင့်ချက်ပေးရန် တရား သူကြီးရှေ့သို့ ခေါ်လာခဲ့လျှင် လက်ရှိရီမန်သည် ပျက်ပြယ်

သွားသည်ဖြစ်၍ ချုပ်ထားရန် ရီမန်အသစ် တစ်ခုကို ၄င်းတရားသူကြီးက ထုတ်ပေးရမည်။

(၈) ဖြောင့်ချက်ပေးသော တရားခံတစ်ဦးတစ်ယောက် က ၄င်းဖြောင့်ချက်တွင် ဖြောင့်ချက်ကို ထောက်ခံ ရန်အတွက် နေရပ်တစ်စုံတစ်ခုကို ဖြစ်စေ၊ လူတစ်စုံတစ်ယောက်ကို ဖြစ်စေ၊ အရာဝတ္ထုတစ်စုံတစ်ခုကိုဖြစ်စေ ပြသစွဲဆိုနိုင်ကြောင်း သို့မဟုတ် ပြသစွဲဆိုလိုကြောင်း ပြောဆိုခြင်း မပြုလျှင် ၄င်းတရားခံ ကို တတ်နိုင်ပါက အကျဉ်းထောင်သို့ ပို့ရမည်။ အကယ်၍ အကျဉ်းထောင်သို့ ပို့ရန် အခက်အခဲရှိလျှင် ခရိုင်သို့မဟုတ် မြို့နယ်ရဲစခန်းအချုပ်မှ တစ်ပါးအခြားရဲစခန်းတွင် ချုပ်နှောင်ခြင်းမပြုရ။ အကျဉ်းထောင်တွင် မချုပ်ဘဲ အခြားအချုပ်တွင် ထပ်မံချုပ်ထားရန် ရီမန်အမိန့်တောင်းခံသည့် ရဲအရာရှိအား မည်သည့်အကြောင်းကြောင့် ထိုကဲ့သို့ လျှောက်ထားသည်ကို အကြောင်းပြပြောဆို စေရမည့်အပြင် ယင်းတရားခံသည် နောက်ထပ်၍ ပိုမိုသတင်းပေးနိုင်လိမ့်မည်ဟူသော သာမန်အကြောင်းပြချက်ကို လက်မခံရ။ ထိုသို့ထပ်မံချုပ်ထားခွင့်ပြုသော ရီမန်အမိန့်ကာလသည် တိုနိုင်သမျှ တိုစေရမည်။

(၉) ဖြောင့်ချက်ပေးသော တရားခံတစ်ဦးတစ်ယောက် အား ၄င်း၏ဖြောင့်ချက်ကို ထောက်ခံရန်အတွက် နေရပ်တစ်စုံတစ်ရာကို ဖြစ်စေ၊ လူတစ်စုံတစ်ယောက်ကိုဖြစ်စေ အရာဝတ္ထုတစ်စုံတစ်ခုကိုဖြစ်စေ ပြသရန် သို့မဟုတ် စွဲဆိုရန် ရဲတပ်ဖွဲ့ဝင်တို့က ခေါ်ဆောင်သွားသောအခါ

တတ်နိုင်ပါက တရားသူကြီးတစ်ဦးအား ၎င်းတို့နှင့်အတူ လိုက်ပါစေရမည်။ ၎င်းတရားသူကြီးမှာလည်း ဖြစ်နိုင်လျှင် ဖြောင့်ချက်ရေးမှတ်ယူသော တရားသူကြီးပင် ဖြစ်ရမည်။

(ည) ဖြောင့်ချက်ပေးရန်အတွက် တရားရုံးသို့ တင်ပို့သော တရားခံတစ်ဦးတစ်ယောက်က ဖြောင့်ချက်မပေးလျှင် ဖြစ်စေ၊ ဖြစ်မှုတွင် ၎င်းပါဝင်ပတ်သက်ကြောင်း ထွက်ဆိုချက်မပေးလျှင်ဖြစ်စေ ၎င်းတရားခံကို မူလအချုပ်တွင် ပြန်လည်ချုပ်နှောင်ခြင်း မပြုရ။ အကျဉ်းထောင်ရှိသည့် ဒေသများတွင် အကျဉ်းထောင်သို့ပို့ရမည်။ အကျဉ်းထောင်မရှိသည့် နေရာများတွင် ခရိုင်သို့မဟုတ် မြို့နယ်ရဲစခန်းအချုပ်တွင်သာ ချုပ်နှောင်ရမည်။

(ဋ) ဖြောင့်ချက်ပေးသော တရားခံတစ်ဦးတစ်ယောက်ကို အကျဉ်းထောင်သို့ ပို့သောအခါ ၎င်းတရားခံသည် ဖြောင့်ချက်တရားခံဖြစ်ကြောင်း မှတ်ချက်နှင့်အတူ တတ်နိုင်လျှင် ၎င်းတရားခံကို အခြားအကျဉ်း သားများနှင့် ခွဲခြားထားစေရန် ထောင်ပို့ဝရမ်းပေါ်တွင် ရေးသား ဖော်ပြရမည်။

(ဌ) ဖြောင့်ချက်ကို ပြစ်မှုသေးအမှုတွဲတွင် တွဲထားရမည်။ တရားခံက ဖြောင့်ချက်ပေးလိုကြောင်းနှင့် စပ်လျဉ်းသည့် တရားသူကြီးထံ ရဲတပ်ဖွဲ့မှ ရေးသားသော အစီရင်ခံစာ ကိုလည်း ၎င်းပြစ်မှုသေး အမှုတွဲတွင်ပင် တွဲထားရမည်။

၁၇၀၀။ အမှုအရေးကြီးခြင်းကို ၎င်းအမှုပေါ်ပေါက်ရန် အခြေအနေရှိ ခြင်း၊ မရှိခြင်းကို အကြောင်းပြု၍ လုံ့လဝီရိယစိုက်ထုတ်ပြီး အမှုတစ်ခုကို စစ်ဆေး

ရန် အချိန်ခြားနားခြင်းရှိပေမည်။ စုံထောက်ခြင်းမည်မျှကြာရှိမှသာလျှင် အမှုပိတ်ရမည်ဟု ခွဲခြားသတ်မှတ်၍မထားနိုင်၊ သို့သော်လည်း ပစ္စည်းတစ်စုံတစ်ရာလည်းပါမသွား တရားခံကိုလည်း မတွေ့မြင်မမှတ်မိသည့် အိမ်ဖောက်ထွင်းခိုးယူမှုမျိုးကဲ့သို့သော သဲလွန်စကွင်းဆက်ရရှိရန်လည်းမမြင်သည့်အမှုမျိုးများကို ဆက်လက်စုံထောက်စစ်ဆေးခြင်းဖြင့် အကျိုးရှိမည်မဟုတ်ဟု ယုံကြည်သည်နှင့်တစ်ပြိုင်နက် ၎င်းအမှုကိုပိတ်ရမည်။ အခြားအမှုမျိုးများတွင် အားလုံးသော သဲလွန်စကွင်းဆက်များကုန်ဆုံးသည်အထိ စုံထောက်စစ်ဆေးရမည်။ အရေးမကြီးသော အမှုသေးများကိုမူ သဲလွန်စကွင်းဆက်မရရှိလျှင် စုံစမ်းမှုဆိုင်းဖြင့် ပိတ်သိမ်းခွင့်ရသည်။ (၎င်းအမျိုးအစားထဲတွင် အရေးကြီးသော အမှုကြီးများသာမက ပစ္စည်းအမြောက်အများပါဆုံးသောအမှုများသို့မဟုတ်အမြဲကျူးလွန် တတ်သောလူဆိုးများပါဝင် ကျူးလွန်တတ်သည့် ပြစ်မှုများတွင် ပါဝင်သော ပြစ်မှုများစသည်တို့ အပါအဝင်ဖြစ်သည်)ကို သာမန်အားဖြင့် တိုင်တန်းသည့် နေ့ရက်မှစ၍ အနည်းဆုံးတစ်လပြည့်သည့် နေ့တိုင်စုံထောက်စစ်ဆေးပြီးမှ ပိတ်သိမ်းရမည်။ ယင်းအမှုကို ဆက်လက်စုံစမ်းထောက်လှမ်းခြင်းဖြင့် ပေါ်ပေါက်နိုင်မည်ဟု ထင်မြင်ယူဆပါက သီတင်းပတ်များစွာကြာမြင့်သည့်တိုင် ဆောင်ဆက်လက်စုံစမ်းစစ်ဆေးရမည်။ မှုခင်းဖြစ်ပွားမှုနည်းပါးသော ရဲစခန်းများ၌ အမှုစုံထောက်စစ်ဆေးခြင်းကိုအချိန်ယူ၍ ဆောင်ရွက်စေနိုင်သည်။ သို့သော်လည်းအမှုပေါ်ပေါက်ရန် အခြေအနေမရှိသည့်များပြားသော လက်ကျန်အမှုများကို ဆက်လက်စုံစမ်းစစ်ဆေးခြင်းအားဖြင့် အချိန်ကို အလဟဿ ဖြုန်းတီးခြင်းဖြစ်၍ အခြားပေါ်ပေါက်ရန် အခြေအနေရှိသော အမှုများကို စုံထောက်စစ်ဆေးခြင်းအား ထိခိုက်စေမည်ဖြစ်၍ ယင်းအလေ့အထမျိုးမှ ရှောင်ကြဉ်ရမည်။

၁၇၀၁။ “အရေးကြီးသောအမှုကြီး”များနှင့်“ကြီးကျယ်သောအမှုများ” အားလုံးတွင် တစ်လအတွင်း တရားခံကို ဖမ်းဆီးရမိခြင်းမရှိလျှင် အမှုစုံထောက်

စစ်ဆေးသူအရာရှိက အန်းဆုံးဌင်းအမှုမျိုးကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာ ရရှိသူ၊ သို့မဟုတ် စီရင်ဆုံးဖြတ်ရန်အထက်ရုံးသို့တင်ပို့ခွင့်အာဏာရ တရားသူကြီးထံသို့ အမှုအကြောင်းအရာနှင့်စပ်လျဉ်း၍ သိရှိသော သက်သေများကို (တရားခံထွက်ပြေးတိမ်းရှောင်နေကြောင်းကို ထင်ရှားစေသည့် သက်သေများပါ) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ သက်သေစစ်ချက်များကို ယူနိုင်ရန် (ထိုသက်သေအားလုံးတို့ကို) တင်ပို့ရမည်။ ၎င်းတို့ကို တင်ပို့သည်နှင့် တစ်ချိန်တည်းပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ကြော်ငြာစေရန်နှင့် ၎င်းပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ တရားခံ၏ ပစ္စည်းကို ဝရမ်းစွဲကပ်ရန် တရားသူကြီးထံအကြောင်းကြားရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ သက်သေခံချက်ယူထားသော သက်သေတစ်ဦးတစ်ယောက်၏ အစစ်ခံချက်ကို အကယ်၍ ထိုသက်သေသေဆုံးလျှင် ဖြစ်စေ၊ နောက်ထပ်သက်သေခံရန်မတတ်စွမ်းနိုင်လျှင်ဖြစ်စေ၊ ၎င်းသက်သေကိုတရားရုံးသို့ ဆင့်ခေါ်သော်အချည်းနှီးကြန့်ကြာစေမည်။ သို့မဟုတ် စရိတ်ကြေးငွေအချည်းနှီးကုန်ကျ၍ အနှောင့်အယှက်ဖြစ်စေမည်ဟုဆိုလျှင် ၎င်းသက်သေ၏ ပထမအစစ်ခံချက်ကို သက်သေခံအဖြစ်တရားရုံး၌ အသုံးပြုနိုင်သည်။ ထို့ကြောင့် အချိန်ကာလကြာမြင့်မှဖမ်းဆီးရမိသည့် တရားခံတစ်ဦးတစ်ယောက်အပေါ်တွင် အများအားဖြင့် သက်သေခံချက်များကို မေ့လျော့ပျောက်ပျက်သွားတတ်ကြသောကြောင့် ဤကဲ့သို့ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၎င်းတရားခံအပေါ်တွင် သက်သေခံချက်ယူထားခြင်းသည် တရားခံအပြစ်ဒဏ်မှ မလွတ်ကင်း နိုင်စေရန်ပြုလုပ်စီမံထားသော နည်းဖြစ်လေသည်။

၁၇၀၂။ "စုံထောက်၍မပေါ်မှု" (စုံစမ်းမှုဆိုင်း)ဟုပြ၍ ပိတ်သောခါ ၎င်းအမှုသည်နေ့စဉ်နေ့တိုင်းသေချာစွာ စုံထောက်စစ်ဆေးခြင်းမှ ရပ်စဲရမည်။ သို့သော်လည်းထိုကဲ့သို့ ပိတ်ထားသော အမှုကို စုံစမ်းခြင်းမှ အဆုံးတိုင်ရောက်ပြီဟု မမှတ်ယူရ။ ရဲအရာထမ်းအမှုထမ်းတို့သည် ၎င်းအမှုနှင့်ပတ်သက်သည့်

သတင်းများကို နားစွင့်နေရမည်။ "စုံထောက်၍မပေါ်"(စုံစမ်းမှုဆိုင်း)ဟု ဖြင့် ပိတ်ထားသော အမှုနှင့်စပ်လျဉ်း၍ အမှုကိုပြန်လည်ဖွင့်လှစ်စစ်ဆေး ထိုက်သော သတင်းရရှိသည့်အခါ ၎င်းအမှုကိုပြန်လည်ဖွင့်လှစ်စစ်ဆေးရမည်။ ဖြစ်မှု ဖြစ်ပွားပြီးမှ၊ သို့မဟုတ် လပေါင်း နှစ်ပေါင်းများစွာ ကြာမြင့်မှ အမှုကို တရားရုံးသို့ စစ်ဆေးရန် တင်ပို့နိုင်သော သတင်းရရှိခြင်းမှာ မကြာခဏ ဖြစ်တတ်လေသည်။ အများအားဖြင့် ဤကဲ့သို့ ဖြစ်ခြင်းမှာ မသက်သာသူမမိသေးသော၊ သက်သေခံချက် လုံလောက်သည့် ဖြစ်မှုများတွင် ဖြစ်ကြသည်။ သက်သေများသည် အချိန်ကာလ ကြာမြင့်လျှင် သတိမေ့လျော့တတ်သည်ကို ရဲတပ်ဖွဲ့ဝင်တို့က သိရှိအပ်လေသည်။ ထို့ကြောင့် စပ်ဆိုင်သော အခြင်းအရာများကို မှတ်သားထားခြင်း မပြုက သို့မဟုတ် ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၎င်းတို့၏ ထွက်ဆိုချက်များကို စစ်ဆေးယူမထားက အမှုဟောင်းများကို ထင်ရှားစေခြင်းငှာ ခက်ခဲလိမ့်မည်။ ဤအမှုများကို ရုံးသို့ မတင်ပို့မီ အမှုစုံထောက် စစ်ဆေးသူ အရာရှိကရသမျှ သက်သေအားလုံးတို့ကို ပြန်၍စစ်ဆေးပြီးလျှင် ၎င်းတို့၏ ထွက်ချက်ဖြင့် တရားခံအား ရုံးသို့စစ်ဆေးစီရင်ရန် တင်ပို့သင့်/ မသင့်ကို စဉ်းစားဆုံးဖြတ်ရမည်။

ရှာဖွေမှုများကို ဆောင်ရွက်ခြင်း၊ ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၅ ၁၇၀၃။ တစ်စုံတစ်ယောက်သောသူ၏ လက်ရှိဖြစ်ကြောင်း သိရသည့်၊ သို့မဟုတ် ဤကဲ့သို့ သိရှိသည်ကို ယုံကြည်ရန် အကြောင်းရှိသည့် စာချုပ်စာတမ်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကို စုံထောက်စစ်ဆေးရန် အလို့ငှာ တင်ပြစေလို သည့်အခါ ဖြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄ အရ ၎င်းစာချုပ်စာတမ်း သို့မဟုတ် ပစ္စည်းများကို တင်ပြစေရန် ရဲစခန်းမှူးက အမိန့်စာထုတ်ဆင့်ခွင့် ရရှိသည်။ အကယ်၍ ချောစာပို့ဆိုင်ရာ အရာဝတ္ထုတစ်စုံတစ်ရာကို တင်ပြရန် အလိုရှိသော အခါဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၉၅ တွင် ပြဋ္ဌာန်းထားချက် အရ၊ ထိုသို့တောင်းယူပေးပါမည့်အကြောင်း ခရိုင်တရားသူကြီးထံ လျှောက်ထားရ

မည်။ ခရိုင်တရားသူကြီးထံမှ တောင်းဆိုသော အမိန့်မရမီ ချောစာပို့ဆိုင်ရာ အရာဝတ္ထုတစ်စုံတစ်ခုကို သိမ်းဆည်းထားလိုသောအခါ၊ ခရိုင်တရားသူကြီး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူးထံ၊ (ရန်ကုန်မြို့တွင်ဖြစ်လျှင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးထံ) ၎င်းအရာဝတ္ထုကို သိမ်းဆည်းထားရန် အမိန့်ပေးပါမည့် အကြောင်းလျှောက်ထားရမည်။ {ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၉၅ (၂)}။ ပြစ်မှုတစ်ခုနှင့် ပတ်သက်၍ တရားခံသည် မတရားသောနည်းလမ်းဖြင့် ရရှိထားသော ငွေကြေးများကို ပုဂ္ဂလိကဘဏ်များ၊ အစိုးရဘဏ်များတွင် အပ်နှံထားရှိကြောင်း စုံစမ်းသိရှိရပါက ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေ ပုဒ်မ ၈၅ အရလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၂၉ အရလည်းကောင်း ဥပဒေအရ ခွင့်ပြုချက် မရရှိဘဲ စစ်ဆေးနိုင်ခွင့် ရရှိမည်မဟုတ်ချေ။ စစ်ဆေးနိုင်စေရန်အတွက် သက်ဆိုင်ရာတရားသူကြီး၏ အမိန့်ပါပူးတွဲလျက် အမှုစစ်ရဲအရာရှိသည် သက်ဆိုင်ရာ ဘဏ်ဥက္ကဋ္ဌထံသို့ သွားရောက်တင်ပြမှသာလျှင် ၎င်းတရားခံက ဖွင့်လှစ်ထားသည့် ငွေစာရင်းကိန်းဂဏန်းများကို ကြည့်ရှုစစ်ဆေးရန် သက်သေခံချက် အထောက်အထားရရှိလိမ့်မည် ဖြစ်သည်။

၁၇၀၄။ စုံထောက်စစ်ဆေးလျက်ရှိသည့် ရဲအရာရှိက စုံထောက်စစ် ဆေးမှုကို ဆောင်ရွက်ရန် အလို့ငှာပစ္စည်း တစ်စုံတစ်ရာကို တင်ပြစေရန် အလိုရှိ ကြောင်း ထင်မြင်သော်လည်း ပုဒ်မ ၉၄ အရ အမိန့်ထုတ်ဆင့်လျှင် ထိုသူက ၎င်းပစ္စည်းကို မတင်ပြဘဲ နေလိမ့်မည်ဟု ယုံကြည်ရန် အကြောင်းရှိသည့် အခါတိုင်း၊ သို့မဟုတ် ၎င်းပစ္စည်းသည် မည်သူ၏ လက်တွင်ရှိကြောင်းကို အမှန်မသိသော အခါ ထိုစုံထောက်စစ်ဆေးသူအရာရှိက မိမိတာဝန်ထမ်းဆောင်ရာ ရဲစခန်းနယ်မြေအတွင်းရှိ မည်သည့်နေရာတွင်မဆို ၎င်းပစ္စည်းကို ရှာဖွေခွင့်ရသည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၅)

၁၇၀၅။ ရှာဖွေခြင်းမပြုမီ ရဲအရာရှိသည် (ပြစ်မှု ၁၀၁/ရဲ) ပုံစံ ပေါ်တွင် အလိုရှိသော ပစ္စည်းတစ်စုံတစ်ခုသည် ရှာဖွေမည့်နေရာဌာနတွင် တွေ့ရှိနိုင်မည်ဟု အကြောင်းယုတ္တိရှိသည့်ပြင် ရှာဖွေရမည့် ပစ္စည်းမိုးမည်ကို တတ်နိုင်သ၍ စာဖြင့် ရေးသားဖော်ပြရမည်။ {ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၆၅-(၁)} သက်သေခံ အက်ဥပဒေပုဒ်မ ၁၂၄ နှင့် ၁၂၅ တွင် ပြဋ္ဌာန်း ထားချက်များ အရ အမှုစစ်ဆေးသူ အရာရှိထံသို့ ပြောကြားသည့် ရာထူးအလုပ် ဝတ္တရားအလျောက် လျှို့ဝှက်အပ်သည့် စကားများသည် မပျံ့နှံ့စေရန် ဝန်ခံချက်ထားရသော စကားများ ဖြစ်သည်။ ထို့ကြောင့် ရှာဖွေရမည့် ပစ္စည်းများ မည်သည့်နေရာဒေသတွင် ရှိကြောင်းပြောကြားသည့် သတင်းစကား၊ မည်သူ့ထံမှ ရကြောင်း ယုတ္တိရှိ/မရှိကို ဖော်ပြရန် မလိုချေ။ " သတင်းစကားကြားသိရသည်မှာ" ဟု၍ ရေးသားလျှင် လုံလောက်သည်။ ဆောင်ရွက်နိုင်လျှင် အမှုစစ်ဆေးသူအရာရှိကိုယ်တိုင် ရှာဖွေရမည်။ အကယ်၍ လက်အောက်အရာရှိတစ်ယောက်ကို ရှာဖွေရန်ခိုင်းစေလျှင် ရှာဖွေရမည့်နေရာဌာနနှင့် ရှာဖွေ ရမည့်ပစ္စည်းကိုလည်း တတ်နိုင်သမျှ ဖော်ပြပြီး မည်သည့်အကြောင်းကြောင့် ရှာဖွေရန် တာဝန်လွှဲအပ်ရကြောင်းများကို စာဖြင့်ရေး၍ အမိန့်ပေးရမည်။ ပြစ်မှုဆိုင်ရာ၊ ဥပဒေပုဒ်မ ၁၆၅ (၃)။ ရဲစခန်းမှူးသို့မဟုတ်စုံထောက်စစ်ဆေးသူ အရာရှိသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၅ (၂)အရ စုံစမ်းစစ်ဆေးလျက်ရှိသော ပြစ်မှုနှင့် ပတ်သက် သည့် ပစ္စည်းတစ်စုံတစ်ရာကို မိမိရဲစခန်းပိုင် နယ်မြေအတွင်း ကိုယ်တိုင် ရှာဖွေခွင့်ရသည်။ အကယ်၍ ကိုယ်တိုင်ရှာဖွေခြင်း မပြုနိုင်လျှင် မိမိလက်အောက် ရဲအရာရှိတစ်ဦးဦးအား ရှာဖွေစေနိုင်သည်။

၁၇၀၆။ နေရာဌာနများတွင် ရှာဖွေရန် အကြောင်းနှင့် စပ်လျဉ်းသည့် နည်းလမ်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၃ နှင့် ၁၆၅ တို့တွင် တွေ့ရှိလိမ့်မည်။ တရားဥပဒေအရ အလိုရှိသည့်အချက်မှာ ရှာဖွေသည့်အခါ ဂုဏ်သရေရှိ လူကြီး နှစ်ဦးတို့ရှေ့တွင်သို့မဟုတ် အများတို့ရှေ့တွင် ဖြစ်စေရမည်။

ရပ်ကွက် /ကျေးရွာလူကြီးကိုယ်တိုင် လာရောက်နိုင်လျှင်လည်း လာရောက်ရမည်။ ရှာဖွေသည့် နေရာဌာနတွင် နေထိုင်သူကို ဖြစ်စေ၊ ကိုယ်စားအခြားသူ တစ်ယောက်ယောက်ကို ဖြစ်စေ၊ ရှာဖွေရာသို့ လာရောက်ရှိနေစေရန် ခွင့်ပြုရမည်။ ရှာဖွေသည့် နေရာတိုင်းတွင် သက်သေတို့ ကြည့်ရှုသိမြင်ကြစေရန် သတိပြုရမည်။

၁၇၀၇။ ရှာဖွေမည့်နေရာ အဆောက်အဦအတွင်းသို့ မဝင်ရောက်မီ ၎င်းနေရာ အဆောက်အဦသို့ အလွယ်တကူ မည်သူမဆို ချဉ်းကပ်နိုင်ရန် ရှိမရှိ၊ နေရာဌာန အဆောက်အဦအတွင်း နေထိုင်သူတို့ မသိရအောင် ပစ္စည်းများကို သွင်းထားနိုင်ရန် ရှိမရှိများကို သိရှိရန်၊ ၎င်းနေရာအဆောက်အဦအပတွင် ကြည့်ရှုစစ်ဆေးရမည်။ ရှာဖွေလျက်ရှိနေသည့်အတွင်း ဆိုခဲ့သည့်အတိုင်း မသွင်းထားရအောင်လည်း သတိပြုရမည်။

၁၇၀၈။ ရှာဖွေရန် အတွင်းသို့ မဝင်မီ ရှာဖွေရမည့် အရာရှိနှင့် သက်သေတို့မှာ မည်သူကမျှ အိမ်အတွင်းသို့ တစ်စုံတစ်ခုယူငင်သွားနိုင်ရန်နှင့် ကိုယ်ထဲတွင် ဖုံးဝှက်၍ထားခြင်း မရှိစေရန် တစ်ယောက်ကို တစ်ယောက် ကျေနပ်အောင် ရှာဖွေရမည်။ ဤကဲ့သို့ ပြုလုပ်ရခြင်းမှာ များသောအားဖြင့် တရားခံဘက်မှ ရှာဖွေသော လူစုသည် အိမ်အဆောက်အဦထဲသို့ ပြစ်မှု မကင်းသည့် အရာဝတ္ထုများ တိတ်တဆိတ်လျှို့ဝှက်သွင်းယူလာသည်ဟု စွပ်စွဲတတ်ကြ၍ ဖြစ်သည်။ ဤကဲ့သို့ ပြုလုပ်ရခြင်းသည် အများမကြိုက်နှစ်သက်သည့် အလုပ်ဟု ထင်မြင်ရသော်လည်း တရားခံများဘက်မှ စွပ်စွဲခြင်း မပြုနိုင်ရန် ရှာဖွေသည့်အခါတိုင်း၌ ပြုလုပ်ရမည်။ ရှာဖွေနေသည့်အခါ အခြားမသက်ဆိုင်သူများကို ဖယ်ရှားရမည်။ သက်သေများသည် ရှာဖွေရာတွင် စေ့စပ်သေချာစွာ ကြည့်ရှုစေရမည်။

၁၇၀၉။ ပစ္စည်းတစ်စုံတစ်ရာကို ရှာဖွေ၍တွေ့လျှင် ၎င်းပစ္စည်းတွေ့ရှိသောနေရာ၊ ပတ်ဝန်းကျင် အကြောင်းအရာများကို ကြည့်ရှုစစ်ဆေး၍ ၎င်း ပစ္စည်းကို

တွေ့ရာနေရာ အဆောက်အဦအတွင်း နေထိုင်သူတို့ မသိရအောင် ထားနိုင်ရန် လက္ခဏာရှိမရှိကို စဉ်းစားဆင်ခြင်ကြည့်ရှုရန်လိုသည်။ ဤကဲ့သို့ ကြည့်ရှုစဉ်းစားကြောင်းကို ၎င်းနေရာ ၎င်းအခါတွင်ပင် အမှုနေ့စဉ်မှတ်တမ်း၌ မှတ်သားရမည်။ ၎င်းအချက်များနှင့် စပ်လျဉ်း၍ သက်သေတို့ကို သဘောရှိရာ ထင်မြင်ချက်ပေးကြစေရန် ခွင့်ပြုပြီးလျှင် ၎င်းတို့ထင်မြင်ချက်များကိုလည်း မှတ်သားထားရမည်။

၁၇၁၀။ ပြစ်မှုမကင်းသည့် အရာဝတ္ထုများကို ရှာဖွေခံရမည့် လူ၏ကိုယ်တွင်ဖြစ်စေ၊ အဆောက်အဦတွင် ဖြစ်စေ၊ ၎င်း၏ရန်သူများက တိတ်တဆိတ် ထည့်သွင်းထားနိုင်ကြောင်း ရဲတပ်ဖွဲ့ဝင်များက သတိမူကြရမည်။ ဤကဲ့သို့ ဖြစ်ပွားသည်ဟု ထင်မြင်၍ အထောက်အထားဖြစ်သော သက်သေခံချက် တစ်စုံတစ်ရာ မရသောအခါ မည်သို့ ဆက်လက်အရေးယူရန်ကို စဉ်းစားဆင်ခြင်၍ ပြုလုပ်ရမည်။ မည်သည့် ရဲတပ်ဖွဲ့ဝင်မဆို ဤကဲ့သို့ ပြစ်မှုသင့်သောပစ္စည်း တစ်စုံတစ်ရာကို တိတ်တဆိတ် ထည့်သွင်းရန် ကြံစည်မှုပြုလုပ်လျှင် ၎င်းရဲတပ်ဖွဲ့ဝင်သည် တရားစွဲဆိုခြင်းခံရလိမ့်မည်မှာ အထူးဖော်ပြရန် မလိုချေ။ ဤကဲ့သို့ ရဲတပ်ဖွဲ့ဝင်တို့က ကျူးလွန်ကြောင်း ထင်ရှားသည်ဟု ထင်မြင်ရသော အမှုများတွင် ခရိုင် ရဲတပ်ဖွဲ့မှူးတို့က စေ့စပ်သေချာစွာ စစ်ဆေးမေးမြန်းခြင်း ပြုစေရမည်။

၁၇၁၁။ အမှုစုံထောက် စစ်ဆေးသည့် အရာရှိသည် အိမ်တစ်စုံတစ်ရာ တွင်ဖြစ်စေ၊ ရပ်ကွက်တစ်စုံတစ်ရာတွင်ဖြစ်စေ၊ ၎င်းအိမ်ရာနေရာ ရပ်ကွက်အတွင်းအပြင် အနီးအနားရှိ လူတစ်စုံတစ်ယောက်၏ ကိုယ်တွင်ဖြစ်စေ ရှာဖွေရန် ဆုံးဖြတ်သည့်အခါ မည်သည့်အကြောင်းကြောင့် ဤကဲ့သို့ ဆုံးဖြတ်ကြောင်းကို အမှုနေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ရမည်။ တိုင်တန်းသူ တရားလိုက အိမ်ရှင်ကို မသင်္ကာကြောင်း ပြောဆိုရုံမျှနှင့် အိမ်များတွင် မရှာဖွေရ။

၁၇၁၂။ ရှာဖွေခြင်းကို နေ့အခါမှသာ ရှာဖွေရမည်ဟု တရားဥပဒေက မဆိုလိုသော်လည်း၊ အလင်းရောင် ကောင်းကောင်းတွင် ပစ္စည်းများကို မမြင်မိဘဲ၊ လွတ်သွားရန် ခဲယဉ်းသည် ဖြစ်၍ ပြုလုပ်နိုးထုံးစံအရ ညဉ့်အခါများတွင် ရှာဖွေရန် သင့်လျော်မည်မဟုတ်၊ အိမ်တစ်အိမ်ကို နောက်တစ်နေ့တွင် ရှာဖွေရန် ဆုံးဖြတ်သည့်အခါ အရာဝတ္ထုတစ်စုံတစ်ခုကို အိမ်အတွင်းမှ ထုတ်ယူရန်သော်လည်းကောင်း၊ အိမ်အတွင်းသို့ ယူသွင်းရန်သော်လည်းကောင်း၊ မပြုလုပ်နိုင်ရန် အစောင့်တစ်ယောက်ထားရမည်။

၁၇၁၃။ ရှာဖွေသည့်အတွင်း အရပ်ရပ် သိမ်းဆည်းယူသည့် ပစ္စည်း များနှင့် တွေ့ရှိရာနေရာများစာရင်းကို ရှာဖွေသည့် အရာရှိက ဖြစ်စေ၊ ရှာဖွေ ရာတွင် ကြီးကြပ်ကြည့်ရှုသူ အရာရှိကဖြစ်စေ ရေးသား၍ သက်သေတို့က လက်မှတ် ရေးထိုးရမည်။ ရှာဖွေခြင်းများကို တရားဥပဒေနှင့်အညီ အစဉ်အလိုက် နေရာတကျ ကောင်းစွာပြုလုပ်နိုင်ရန် အလို့ငှာ ရှာဖွေသည့်အခါ (ပြစ်မှု ၄၁/ ရဲ ၉၀) ပုံစံ အသုံးပြုရမည်။ လိုက်နာဆောင်ရွက်ရန် နည်းလမ်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၀၃ တွင် သတ်မှတ်ဖော်ပြလျက် ပါရှိသည်ဖြစ်၍ ၎င်းပုံစံမှာ တရားဥပဒေအရ လိုရင်းဖြစ်သည့် အချက်တစ်စုံတစ်ရာကို မေ့လျော့လစ်လပ်ခြင်းမရှိစေနိုင်ရန်၊ ၎င်းပုဒ်မပါ အချက်များအတိုင်း ဇယားကွက်ချ၍ နေရာတကျ စီစဉ်ပြီးလျှင် ထပ်မံဖော်ပြခြင်းမျှသာ ဖြစ်သည်။ များစွာသော လိုရင်းအကြောင်းအရာများကို ချန်လှပ်ထားခြင်းကြောင့် ပြစ်မှုကြောင်း တရားစွဲဆိုရာ၌ အထမမြောက်သည့် အချက်များရံဖန်ရံခါ ပေါ်ပေါက်တွေ့ရှိရသည်။

၁၇၁၄။ ဆိုခဲ့သည့် ပုံစံပါဇယားကွက်များနှင့် စပ်လျဉ်း၍ အဓိပ္ပါယ်ရှင်း လင်းဖော်ပြရန်မလို၊ ပစ္စည်းအသီးသီးနှင့် စပ်လျဉ်း၍ ဖော်ပြသည့် အမျိုးအမည် ပုံသဏ္ဌာန် စသည်များကို ပြည့်စုံသေချာ မှန်ကန်စေရန်သာမက ရုတ်တရက် မှတ်မိသိသာလွယ်စေရန်လည်း သတိပြုရမည်။ ရှာဖွေပုံစံလက်ခံတစ်စောင်ကို

ရှာဖွေသည့် အိမ်တွင် နေထိုင်သူက ဖြစ်စေ၊ ရှာဖွေခံရသူက ဖြစ်စေ၊ (တောင်းဆိုလျှင်) ၎င်းသူသို့ ပေးအပ်၍ ရဲတပ်ဖွဲ့ဝင်တို့ စုံထောက်ရာနေ့စာက်ဆုံး၌ တရားခံကို စစ်ဆေးစီရင်ရန် တင်ပို့လျှင်လည်း လက်ခံတစ်စောင်ကို အမှုစစ်ဆေးစီရင်သည့် တရားသူကြီးထံ စွဲချက်စာချုပ်စသည်များနှင့်အတူ တင်သွင်းရမည်၊ ဆိုခဲ့သည့်အတိုင်း ရေးသွင်းမှတ်သားသည့် အချက်များမှာလည်း အကျယ်ဖော်ပြသည့် ရေးသွင်းချက်များ ဖြစ်စေရမည်။ ရှာဖွေသည့် အကြောင်းအရာကို အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် အကျဉ်းအားဖြင့် ရေးသွင်းပြီးလျှင် တွေ့သည့်ပစ္စည်းကို အမှုနေ့စဉ်မှတ်တမ်းတွင် အကျယ်ရေးသွင်းရမည်။

၁၇၁၅။ ရှာဖွေ၍ တွေ့သည့်ပစ္စည်းများကို သက်သေခံတင်ပြမည်ဖြစ် လျှင် အမှုကို စစ်ဆေးသည့် တရားသူကြီး၏ရှေ့တွင် ၎င်းပစ္စည်း ဟုတ်မှန်ကြောင်းနှင့် ထွက်ဆိုနိုင်ရန် သတိပြုရမည်။ ရှာဖွေရာပါရှိသည့် သက်သေများကို ရုံးသို့လာရောက်စေရန် ဆင့်ဆိုရမြဲ မဟုတ်သောကြောင့် ပစ္စည်းရှာဖွေ၍ တွေ့စဉ်ရှိနေသည့် ရဲအရာရှိတို့အနက် တစ်ဦးဦးက တရားသူကြီးထံ သက်သေခံရန် သွားရောက်ရမည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၃)

မှတ်ချက်။ခိုးရာပါ ပစ္စည်းများကို အိမ်များတွင် ရှာဖွေသည့်အခါ၊ ပေါ့တန်စွာ ရှာဖွေတတ်ကြသည်။ ဥပမာဆိုသော် ရှာဖွေရာ၌ ကြည့်ရှု၍ သက်သေခံစေရန် လူကြီးနှစ်ဦးကို ဆင့်ခေါ်သည့်အချက်တွင်၊ ၎င်းလူကြီးများ က ဤကဲ့သို့ ရှာဖွေခြင်းကို မနှစ်သက်ကြသည်သာမက မည်သို့ပြုမူဆောင်ရွက်လျက်ရှိနေကြောင်းကို အလေးဂရုပြု၍ ကြည့်ရှုကြစေရန် ရဲတပ်ဖွဲ့ဝင်တို့ကလည်း ၎င်းလူကြီးတို့ကို နှိုးဆော်တိုက်တွန်းခြင်း မပြုဘဲ နေတတ်သည်၊ တရားရုံးသို့ ရောက်သည့်အခါ တရားလိုဘက်သက်သေတို့က ရွှေလည်ကပ်တစ်ကုံးကို တရားခံ၏ အိမ်အတွင်း လူကြီးနှစ်ဦးတို့ ရှေ့တွင်တွေ့ရှိကြောင်းနှင့် ထွက်ဆိုရာ ပြန်လှန်၍ စစ်မေးရာတွင် ၎င်းလူကြီးတို့မဝင်ရောက်သည့် အတွင်းခန်းတွင် ၎င်းလူကြီးတို့ မမြင်သည့် ဆန်တောင်းထဲ၌ တွေ့ရှိကြောင်းဖြင့် ထွက်ဆိုပြန်

သည်။ ၄င်းအတွင်းခန်းမှာ တရားခံပိုင် ဝင်းတောင်ဘက်တွင်ရှိပြီး လူကြီးနှစ်ဦးက မြောက်ဘက် အပြင်တံခါး၌ ရပ်၍နေကြသည်။ ၄င်းနေရာမှ တိုး၍ မဝင်ကြ၊ ခိုးရာပါ ပစ္စည်းများကို ရလို၍ အိမ်တွင် ရှာဖွေသည့်အခါ သက်သေတို့က မည်သို့ဖြစ်ပျက်သည်ကို အမှန်မသိမမြင်ကြသောကြောင့် ရှာဖွေသည့် အရာရှိမှာ ရိုးသားဖြောင့်မတ်စွာ ရှာဖွေကြောင်း မထင်ရှားဟူ၍ သံသယဖြစ်တန်သည့် လက္ခဏာနှင့် ပြောဆိုခွင့်မရနိုင်၍ ရှာဖွေသည့် ရဲအရာရှိရဲတပ်ဖွဲ့ဝင်တို့သည် ၄င်းကိစ္စအား အထူးအလေးထား သတိပြုကြရန် လိုပေသည်။

၁၇၁၆။ ရှာဖွေ၍ တွေ့ရှိသည့် ပစ္စည်းများမှာ သွေးနှင့်လက္ခဏာတူ သည့် အစွန်းအကွက် ပေရေသည့် လက်နက်ဖြစ်သည့်ပြင် အမှုမှာလည်း ဤကဲ့ သို့ ရှာဖွေ၍ တွေ့သည့်အချက်နှင့် စပ်လျဉ်းသက်ဆိုင်သည့် အမှုမျိုးဖြစ်လျှင်၊ ၄င်းအစွန်းအကွက်များကို မပျောက်မပျက်စေရန် သတိပြု၍ ဂွမ်းကိုရနိုင်လျှင် ဂွမ်းနှင့် ၄င်းလက်နက်ကို ရစ်ပတ်ဖုံးအုပ်အထုပ်ပြုလုပ်၍ ပျက်စီးခြင်း မရှိစေရန် ထုံးစံအတိုင်း ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။

၁၇၁၇။ ရဲတပ်ဖွဲ့ဝင်တို့ကို အစ်နှင်းသည့် ရှာဖွေနိုင်ဥင့် အာဏာမှာ မည်သည့် အကြောင်းနှင့် သေဆုံးကြောင်းကို စုံထောက်စစ်ဆေးရန် အလို့ငှာ လူသေ အလောင်းကို သင်္ချိုင်းတွင် တွင်းမှတူးဖော်ခြင်းနှင့် မသက်ဆိုင်၊ အလောင်း ကို မဖော်မီ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၆ နှင့်အညီ သေမှုသေခင်း အခြင်းအရာကို စစ်ဆေးခွင့် အာဏာရ တရားသူကြီး၏ အခွင့်အမိန့်ကို ရမှ ဖြစ်စေရမည်။ သို့သော်လည်း ဤကဲ့သို့ အခွင့်အမိန့်ကို ခံယူရာများစွာ ကြာမြင့် ခြင်း ရှိမည်ဖြစ်၍ အလောင်းရှိသည့်နေရာမှာလည်း သင်္ချိုင်းမဟုတ်၍ သေသူ၏ ဆွေမျိုးညာတိတို့ကလည်း အလောင်းကိုတူးဖော်လိုသော ဆန္ဒရှိကြလျှင် တရားသူကြီး၏ အမိန့်ကို ရရှိမည် မျှော်လင့်၍ ချက်ချင်းတူးဖော်ခွင့်ရသည်။ အလောင်းတူးဖော်မှုကို ဆောင်ရွက်ရာတွင် စုံထောက်စစ်ဆေးသည့် အရာရှိ

မှာ သေမှုသေခင်းအခြင်းအရာ စစ်ဆေးခြင်း အကြောင်းကို ဖော်ပြသည့် အခန်း (၆၀)တွင် ပါသည့် အလောင်းတူးဖော်ခြင်းနှင့် သက်ဆိုင်သော နည်းလမ်းများကို လိုက်နာရမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၇၄ အရ စုံထောက် စစ်ဆေးအစီရင်ခံသည့် အချက်မှာလည်း ဆိုခဲ့သည့်အတိုင်း တူးဖော်၍ ရသည့် အလောင်းအကြောင်းနှင့် စပ်လျဉ်း၍ စုံထောက်စစ်ဆေးအစီရင်ခံသည့် အချက်ဖြစ်စေရမည်။

**အစစ်အမှန်ဖြစ်ကြောင်း သက်သေခံချက်**

၁၇၁၈။ ပြစ်မှုတွင် စပ်ဆိုင်ပါဝင်သူကိုဖြစ်စေ၊ ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံ ပစ္စည်းများကို ဖြစ်စေ၊ မှတ်မိကြောင်းနှင့် သက်သေတစ်စုံ တစ်ယောက်က ထွက်ဆိုချက်ရှိလျှင် ထိုသူ သို့မဟုတ် ထိုပစ္စည်းအမှန် ဖြစ်ကြောင်းကို ခိုင်လုံကျေနပ်မှု ရှိစေရန်အတွက် ထိုသူနှင့် သက်တူရွယ်တူ ပုံစံတူသည့် အခြားသူများနှင့်ဖြစ်စေ၊ ထိုပစ္စည်းနှင့် အမျိုးအစားတူ သဏ္ဍာန်တူ အခြားပစ္စည်းများနှင့်ဖြစ်စေ၊ ရောနှောတန်းစီပြသပြီးနောက် သက်သေက စွဲဆို ညွှန်ပြနိုင်ကြောင်း ဖော်ပြရမည်။ ထိုသို့ရောနှော တန်းစီပြသရာတွင် နည်းလမ်း တကျပြသခြင်း မရှိ၍များသောအားဖြင့် တရားရုံးတွင်အမှုများပျက်ပြယ် တတ်လေသည်။ ထိုသို့ပြသရာတွင် ထိုသူကို ဖြစ်စေ၊ ထိုပစ္စည်းကိုဖြစ်စေ၊ သက်သေတို့အား ပြသခြင်း မပြုမီတွေ့မြင်ခြင်း မရှိစေရမည့်ပြင် တစ်စုံတစ်ရာ အရိပ်အမြွက်ပြသခြင်း မပြုဘဲ၊ ၎င်းတို့ကို သက်သေက ပထမ တွေ့မြင်စဉ် အခါ၌ပင် ရိုးဖြောင့်သောသဘောဖြင့် တရားသဖြင့် စွဲဆိုညွှန်ပြနိုင်ကြောင်း ထင်ရှားအောင် သက်သေမတင်ပြနိုင်လျှင် ရဲတပ်ဖွဲ့ဝင်တို့ စုံထောက် စစ်ဆေးသည့် ကာလအတွင်း သက်သေတို့ တွေ့မြင် ပြီးဖြစ်သော တရားခံများကို ထိုသူအမှန် ဟုတ်မဟုတ် သက်သေက ကြည့်ရှုထွက်ဆိုစေရန် တရားခွင်သို့ တက်ရောက်သက်သေခံစေသော်လည်း အကျိုးမရှိချေ။ ထိုကဲ့သို့ တရားခံကို တန်းစီပြသရာတွင် (ပြစ်မှု ၉၈)ပုံစံကိုလည်းကောင်း၊ ပစ္စည်းကို ရောနှော

ပြသရာတွင် (ပြစ်မှု ၉၉) ပုံစံကိုလည်းကောင်း၊ စီတန်းပြသရာတွင် ကြီးကြပ်သူ တရားသူကြီးက ရေးသားဖြည့်သွင်းရမည်။ ထိုသို့ တန်းစီ ရောနှောပြသခြင်းကို တရားသူကြီး ရှေ့မှောက်တွင်သာ ပြုလုပ်ရမည်။

၁၇၁၉။ ပြစ်မှု တစ်စုံတစ်ရာတွင် စပ်ဆိုင်ပါဝင်ကြောင်း မသင်္ကာခြင်း ခံရသူ တစ်စုံတစ်ယောက်ကို ထိုသူအမှန်ဟုတ်မဟုတ် ထင်ရှားစေရန် အတွက် လူစီတန်းပြသရန် လိုအပ်သည့်အခါတိုင်းတွင် ထိုသူ ဟုတ်မဟုတ် ထွက်ဆိုနိုင်သည့် သက်သေများ မလာရောက်မီ ထိုသူကို သက်သေတို့ မမြင်မတွေ့ နိုင်သည့် နေရာတစ်ခုခုတွင် ထားရှိရမည်။ လူစီတန်းပြသရာတွင် မသင်္ကာသူကို သက်တူ ရွယ်တူ ပုံစံတူ အဝတ်အစားဆင်တူဝတ်ဆင်ထားသည့် အခြား လူ ၈ ဦး သို့မဟုတ် ၁၀ ဦးနှင့် ရောထားပြီးနောက် တရားသူကြီးရှေ့တွင် မည်သူဖြစ်ကြောင်း ၃ ကြိမ် ပြသစေရမည်။ အကယ်၍ တရားသူကြီး မည်သို့မျှ မရရှိနိုင်သည့် အခြေအနေရှိမှသာ အမှုနှင့် မသက်ဆိုင်သူ ဂုဏ်သရေရှိ လူကြီး နှစ်ဦးရှေ့တွင် ဖြစ်စေ၊ အများရှေ့တွင်ဖြစ်စေ ပြသရမည်။ ရဲတပ်ဖွဲ့မှ ပြစ်မှုဖြင့် အလိုရှိသူ ဟုတ်မဟုတ် သက်သေက စွဲဆိုပြသနိုင်ခြင်းမှာ ပူးပေါင်းကြံစည် ပြုလုပ်ခြင်း မဟုတ်ကြောင်းကို ကျေနပ်အောင် ပြုလုပ်ကြစေရန် စီတန်းပြသရာ၌ ကြီးကြပ်ဆောင်ရွက်သူ တရားသူကြီးအား ပြောကြားရမည်။ သက်သေ တစ်ဦးထက်ပို၍ စီတန်းပြသရန် လိုသည့်အခါ သက်သေတစ်ဦးအား စီတန်းပြသစဉ်တွင် အခြားသက်သေတို့အား မမြင်မကြားနိုင်သည့် နေရာတွင် ရှိစေရမည်။ ဤနည်းလမ်းမှာ မသင်္ကာခြင်း ခံရသူတို့ကို ဖမ်းဆီးရမိ၍ ၎င်းတို့ကို ယခင်က မသိကျွမ်းဘူးသော်ဘည်း မြင်လျှင်မှတ်မိကြောင်း ထွက်ဆိုသည့် သက်သေများ ရှိသည့်အချက်နှင့် သာသက်ဆိုင်သည်။ အကယ်၍ တိုင်တန်းသူ တရားလိုကဖြစ်စေ၊ အခြားသက်သေကဖြစ်စေ၊ ၎င်းတို့ကို ရိုက်နှက်သတ်ပုတ်သူတို့အနက် သိကျွမ်းခဲ့သူ အချို့ ပါဝင်ကြောင်းနှင့် ၎င်းတို့ကို မြင်၍ဖြစ်စေ၊ အသံကြား၍ဖြစ်စေ၊ မှတ်မိကြောင်း ထွက်ဆိုခဲ့လျှင် အထက်ပါအတိုင်း ဆောင်ရွက်ရန် မလိုဘဲ

၄င်းတို့၏ထွက်ဆိုချက်ကို ယုံသင့်မယုံသင့် တရားသူကြီးက ချင့်ချိန်ရန်သာ ဖြစ်ပါသည်။ လူ့စီတန်းပြသရာတွင် အခင်းဖြစ်အရပ်၌ ကြုံတွေ့မြင်တွေ့ခဲ့ရသည့် အနေအထား မှန်အတိုင်း အလင်းရောင်၊ မြင်တွေ့ခဲ့ရသည့် အနေအထား၊ ကြားခဲ့ရသည့်အသံ၊ စကားလုံးတို့အတိုင်း ဖြစ်စေရန်နှင့် သက်သေ၏ မှတ်ဉာဏ်တွင် အမှန်အတိုင်း ပေါ်ပေါက်လာနိုင်ရန် ခေတ်မီနိုင်ငံများ၌ အသုံးပြုသကဲ့သို့ ပြုပြင်စီမံထားသည့် တစ်ဖက်မြင်မှန် တပ်ဆင်ထားသော အခန်းအတွင်း၌ မသင်္ကာသူ တရားခံကို စီတန်းပြသခြင်း နည်းလမ်းကို အသုံးပြုသင့်ပေသည်။ သို့မှသာ မျက်မြင်သက်သေအနေဖြင့် တရားခံ၏ တုန့်ပြန်မှုကို စိုးရိမ်မှုများ မရှိဘဲ ဖော်ထုတ်နိုင်မည် ဖြစ်သည်။

၁၇၂၀။ စုံထောက်စစ်ဆေးသည့် အမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်တို့ထံ ထွက်ဆိုအစစ်ခံချက်များကို သက်သေခံချက်အဖြစ် အသုံးပြုခွင့် မရှိ၍ စီတန်းပြသခြင်းကို ကြီးကြပ်ရသော တရားသူကြီးကဖြစ်စေ၊ အခြားလွတ်လပ် သည့်သူက ဖြစ်စေ၊ စီတန်းပြသရာတွင် သက်သေတို့က မည်သို့ပြောဆိုသည် စီတန်းပြသရာတွင် ပါဝင်သည့် မသင်္ကာသူကို မှတ်မိသည် မမှတ်မိသည်၊ မှန်ကန်စွာ ခွဲဆိုနိုင်သည်။ သို့မဟုတ် မခွဲဆိုနိုင်ဟူသော အချက်များကို ပုံစံ (ပြစ်မှု ၉၈) တွင် မှတ်သားစေပြီး ၄င်းအချက်များနှင့် ပတ်သက်၍ သက်သေခံစေရန် အတွက် ၄င်းတို့ကို သက်သေအဖြစ်ထည့်သွင်းရမည်။

၁၇၂၁။ ခိုးရာပါ ဖြစ်ကြောင်း အဆိုရှိသည့် ပစ္စည်းကို၊ ဆိုလိုသည့် ပစ္စည်းရင်း ဟုတ်မဟုတ်၊ ထင်ရှားအောင် ပြုလုပ်ရာတွင်လည်း၊ ၄င်းပစ္စည်းတွင် အပိန်အချိုင့် ပွန်းရာခြစ်ရာ၊ သို့မဟုတ် လုပ်ကိုင်ပုံ လက်ရာများကို ထောက်၍၊ ဟုတ်မှန်ကြောင်းကို သိကြောင်းနှင့် ကျမ်းကိုင်ထွက်ဆိုရန်၊ သက်သေများကို တင်ပြတတ်သည်။ အရွယ်အစား ပုံသဏ္ဍာန် လက်ရာတူသော ပစ္စည်းများမှ၊ လိုရင်း ပစ္စည်းကို သက်သေတို့က၊ ကောက်ယူပြသနိုင်လျှင်သာ၍ ထင်ရှားရန် ရှိသည်။

**ဖမ်းဆီးရာ၌ တရားသဖြင့်ဖြစ်စေသည့် အကြောင်းအရာများ၊**
**(ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၅၄)**

၁၇၂၂။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၊ တွင် ပါရှိသည့်အတိုင်း မည်သည့်ရဲတပ်ဖွဲ့ဝင်ကမဆို ဝရမ်းအမိန့်မပါဘဲ ဖမ်းဆီးနိုင်ခွင့်များကို အပိုဒ် (၁၀၅၀) တွင် ဖော်ပြထားရှိပါသည်။ ရဲတပ်ဖွဲ့ဝင်တို့မှာ -

(က) အပိုဒ် (၁၀၅၀)တွင် ဖော်ပြပါရှိသည့် အမှုမျိုးများ တွင်၊ တိုင်တန်းချက်၊ သို့မဟုတ် မသက်သေသည့် အချက်သည် အကြောင်းသင့်လျော် မလျော်၊ သတင်းစကားသည် ယုံကြည်ရန် သင့်မသင့်၊

(ခ) ဖမ်းဆီးရန်သင့်သည်ဟု သဘောရလျှင်၊ အမှုစုံထောက် စစ်ဆေးနေစဉ်အတွင်း မည်သည့်အခါတွင်မှ ဖမ်းဆီးရမည့် အချက်များကို အကြောင်းအားလျော်စွာ ချင့်ချိန် တိုင်းထွာ၍ ဆုံးဖြတ်ရမည်။

၁၇၂၃။ တိုင်းတန်းသည့်အရာ၊ သို့မဟုတ် မသက်သေသည့်အရာများ၊ မည်သည့် အချက်မျိုးသည် အကြောင်းသင့်လျော်ကြောင်း၊ မည်သည့်သတင်း စကားမျိုးကို ယုံကြည့်သင့်ကြောင်းများနှင့် ယေဘုယျအားဖြင့် အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်းငှာ မတတ်နိုင်သော်လည်း ၎င်းအချက်နှစ်ရပ်လုံးမှာပင် ရဲအရာရှိက အရေးယူ ပိုင်သော အကြောင်းခြင်းအရာများရှိခြင်းကို အခြေပြုပြီးလျှင်၊ ၎င်း အခြင်းအရာ များသည် စွဲဆိုချက် သတင်းစကား သို့မဟုတ် မသက်သေသည့် အချက်များကို အကြောင်းနှင့် သင့်လျော်သည့်အရာ ယုံကြည်ထိုက်သည့် အရာဖြစ်မြောက်စေရန်၊ လုံလောက်သည် မလုံလောက်သည်ကို ဆိုခဲ့သည့် ရဲအရာရှိက ဆင်ခြင်တိုင်းဆ ရမည်။

၁၇၂၄။ မည်သည့်အခါ ဖမ်းဆီးရမည်ကို အတိအကျ ပြဋ္ဌာန်းသတ်မှတ် ရန် မဖြစ်နိုင်ချေ။ မသင်္ကာရန် ရှိသူကို ဖမ်းဆီးရန်အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၊ အပိုဒ် (၁) သို့မဟုတ် အပိုဒ် (၄)တွင် ဖော်ပြလျက်ပါရှိသည့် လူမျိုးဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တို့က ထင်မြင်လျှင် ထင်မြင်ချင်း၊ ဖမ်းဆီးခွင့်ရသည်။ သို့မဟုတ် မဖမ်းဆီးသေးဘဲ ဆိုင်းငံ့ထားရန် အကြောင်း လုံလောက်စွာရှိလျှင်လည်း ဆိုင်းငံ့နေခွင့် ရသည်။ စုံထောက်စစ်ဆေးရာတွင် မကြန့်ကြာသင့်ဘဲ ကြန့်ကြာစေခြင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၃ အရ တားမြစ်သည်။ သာမန်အမှုများတွင် စွဲဆိုသည့် ပြစ်မှုမှာ ကြီးကျယ်သောပြစ်မှုမျိုးလည်း မဟုတ်၊ တရားခံမှာလည်း ထွက်ပြေးတိမ်းရှောင်မည့်လက္ခဏာမရှိသည့် အခါ စွဲချက်ကို တရားသူကြီးရှေ့တွင် ခိုင်မာစွာ စွဲဆိုတင်ပြရန်အတွက် ရဲအရာ ရှိက ကျေနပ်လောက်အောင် စစ်ဆေးမေးမြန်း၍ မပြီးစီးမီ တရားခံကို မဖမ်းဆီးရ၊ သို့သော်လည်း အမှုကြီးများတွင် မသင်္ကာရန်ရှိသူကို နောင်တွင် ရှာဖွေတွေ့ရှိနိုင်ရန် ခက်ခဲမည်ဖြစ်လျှင် သို့မဟုတ် ထွက်ပြေးတိမ်းရှောင်မည်ဟု စိုးရိမ်ရန်ရှိလျှင် တိုင်တန်းသည့်အရာ သို့မဟုတ် မသင်္ကာသည့် အရာမှာလည်း အကြောင်းသင့်လျော်ကြောင်းနှင့် စုံထောက်စစ်ဆေးသည့် အရာရှိက ထင်မြင်သည်နှင့် တစ်ပြိုင်နက်ဖမ်းဆီးရမည်။ ဖမ်းဆီးခြင်းခံရသူမှာ ပြစ်မှုမကင်းသူမဟုတ်ကြောင်း ထင်ရှားလျှင် ၎င်းသူကိုခံဝန်သူနှင့် ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်နှင့် ဖြစ်စေ၊ ချက်ချင်းလွှတ်၍ ထိုအကြောင်းအရာများကို အမှုနေ့စဉ်မှတ်တမ်းတွင် ဖော်ပြထားရမည်။

၁၇၂၅။ မသင်္ကာရန်ရှိသူကို ချက်ချင်းမဖမ်းဆီးသည့် အကြောင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်များသည် ၎င်းသူနှင့် သက်ဆိုင်ကြောင်း ရဲအရာရှိက မကျေနပ်သေး၍သော်လည်းကောင်း၊ သက်ဆိုင်ကြောင်း ကျေနပ်သော်လည်း အကြောင်းလုံလောက်စွာ ရှိသဖြင့် ချက်ချင်းမဖမ်းဆီးဘဲ ဆိုင်းငံ့နေခြင်းကြောင့်သော်လည်းကောင်း စသည့်အချက်များတွင်

၎င်းသူကို လွတ်လပ်စွာ နေထိုင်ခွင့်ရစေရန် သတိပြုရမည်။ အမှုအကြောင်း အရာကို ထောက်ရှု၍ ၎င်းသူ၏ သွားလာခြင်းကို စောင့်ကြည့်ရန်လိုလျှင်လည်း အထင်အရှားဖြစ်စေ၊ လျှို့ဝှက်၍ ဖြစ်စေ၊ နယ်ထိန်းရဲတပ်ဖွဲ့ဝင်တို့က စောင့်ကြည့် ရန်မှတ်၍ အချိန်အခါ မရွေးဖမ်းဆီးနိုင်ခွင့်ရစေရန် ၎င်းသူပြုမူကျင့်ကြံပုံ ကိုလည်း ကြည့်ရှုမှတ်သားထားရန် ဝတ္တရားရှိသည်။ သို့သော်လည်း ၎င်းသူကို မဖမ်းဆီးမီ မည်သည့်နည်းနှင့်မျှ တားဆီးချုပ်နှောင်ထားခွင့် မရှိစေရ။

**ဖမ်းဆီးခြင်း**

၁၇၂၆။ လူတစ်ဦးတစ်ယောက်ကို ဖမ်းဆီးရန် နည်းလမ်းမှာ ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၆ မှ ၄၈ အထိနှင့် ပုဒ်မ ၅၁ များတွင် သတ်မှတ် ဖော်ပြလျက် ပါရှိသည်။ ဖမ်းဆီးခံရမည့်သူက ထွက်ပြေးတိမ်းရှောင်လျှင် ၎င်းသူကို လိုက်လံဖမ်းဆီးရမည်။

၁၇၂၇။ ပြစ်မှုကျူးလွန်သူကို လိုက်လံဖမ်းဆီးသော ရဲအရာရှိများသည် ဆိုင်ရာ နယ်မြေကျော်လွန်သော်လည်း အမှုကို လွှဲပြောင်းလက်ခံမည့် အရာရှိ က အသင့်မဖြစ်မီ ကာလအတွင်း မိမိတွင် တာဝန်ရှိသဖြင့် ဆက်လက်လိုက်လံ ဖမ်းဆီးရမည်။ ရဲစခန်းပိုင် နယ်မြေကျော်လွန်သွားသော်လည်း စုံထောက် စစ်ဆေးခြင်းနှင့် လိုက်လံရှာဖွေဖမ်းဆီးခြင်းကို ရပ်ဆိုင်းခြင်း မပြုရ။

၁၇၂၈။ ပြစ်မှုကျူးလွန်သူတို့ကို လိုက်လံရှာဖွေဖမ်းဆီးရန် အကူအညီ တောင်းသည့် အချက်များကို ချက်ချင်းလိုက်နာဆောင်ရွက်ရန်နှင့် လိုရင်းအလုပ် ဝတ္တရားကို အောင်မြင်စွာ အားထုတ်ဆောင်ရွက်ရန်၊ ရဲအရာရှိ အသီးသီးတို့ ၌ တာဝန်ရှိသည်။

၁၇၂၉ ဖမ်းဆီးရန်ရှိသူမှာ ဘေးအန္တရာယ်ပြုတတ်သည့် လူစား ဖြစ်ကြောင်း သိရလျှင် ၎င်းသူကို ဖမ်းရန် အရာရှိတစ်ယောက်ထက်ပို၍ စေလွှတ် မြဲဖြစ်စေရမည်။ စေလွှတ်သူအရာရှိ အသီးသီးမှာလည်း အလိုရှိလျှင် မိမိကိုယ်ကို ကာကွယ်ရန် အလို့ငှာ သင့်ရာလက်နက်စွဲကိုင်ပါရှိကြရန် အထူးသတိပြုရမည်။ ဖမ်းဆီးခံရမည့်သူက ဖြစ်စေ၊ သို့မဟုတ် ၎င်းအား၊ အားပေးကူညီသူက ဖြစ်စေ၊ သေစေရန်သော်လည်းကောင်း၊ အပြင်းအထန် နာကျင်စေမှုပြုလုပ်ရန်၊ အန္တရာယ်ရှိမှသာ ရဲတပ်ဖွဲ့ဝင်များက လက်နက်ကို အသုံးပြုနိုင်ခွင့်ရှိကြောင်း သတိပြုရမည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၀၀)။ တစ်စုံတစ်ယောက်ကို ဖမ်းဆီးရမိသည့်အခါ ၎င်းသူအပေါ်၌ ပြစ်မှုရှိကြောင်း ထင်ရှားစေမည့် လက်နက် ပစ္စည်းဝတ္ထုတစ်စုံတစ်ရာကို စွန့်ပစ် ပယ်ရှားခြင်း မပြုနိုင်ရန် ကောင်းစွာ သတိထားရမည်။ မည်သည့်အကြောင်း အရာမျိုးပင် ရှိသော်လည်း ၎င်းသူ၌ ခုခံနိုင်သည့် လက်နက်များပါလျှင် ၎င်းလက်နက်များကို ၎င်းသူထံမှ သိမ်းဆည်းယူရမည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၃)

၁၇၃၀။ အာမခံပေးခွင့် မရသည့်အမှုတွင် တရားခံကို ဖမ်းဆီးရမိ သည့်အခါ ၎င်းသူ၏ ပုံသဏ္ဌာန်အကြောင်းအရာများကို " အမှုနေ့စဉ်မှတ်တမ်း" တွင် အကျဉ်းချုပ်မှတ်သားထားရမည်။ ၎င်းသူသည် အချုပ်မှ ထွက်ပြေးခဲ့လျှင် ဆိုခဲ့သည့်အတိုင်း မှတ်သားထားသည့် အချက်မှာ အသုံးအဝင်ဆုံး ဖြစ်လိမ့်မည်။

အခြားသော ခရိုင်များတွင် ဖမ်းဆီးခြင်း

၁၇၃၁။ ရဲတပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၈ အရ ဖမ်းဆီးရမည့်သူ မည်သူ့ကိုမဆို ဖမ်းဆီးရန် အလို့ငှာ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်သို့မဆို သွားရောက်ရန် အခွင့်အာဏာအပ်နှင်းရရှိသည်။ ၎င်းအခွင့်အာဏာကို အကြောင်းအားလျော်စွာ ချင့်ချိန်တိုင်းဆ၍ ဆောင်ရွက်ရမည်။ ပြစ်မှုကျူးလွန်ရာ ခရိုင်မှတစ်ပါး

အခြားခရိုင်တွင် ၎င်းတရားခံကို ဖမ်းဆီးရမိသည့်အခါ၊ လိုက်နာဆောင်ရွက်ရန် နည်းလမ်းမှာ တရားခံကို အာမခံနှင့် မလွှတ်လျှင် ဖမ်းဆီးရမိရာဒေသရှိ စီရင်ပိုင်ခွင့် အာဏာရ တရားသူကြီးထံ ရိမန်အမိန့်တောင်းခံရန် ခေါ်ဆောင်သွားရမည်။ သို့မဟုတ် အနီးဆုံးအရပ်ရှိ ရဲစခန်းမှူးထံ ခေါ်ဆောင်သွားရမည်။ ထိုရဲစခန်းမှူးကလည်း ၎င်းတရားခံကို ဆိုခဲ့သည့် တရားသူကြီးထံသို့ ပို့ဆောင်ပေးရမည်။

## နိုင်ငံခြားနယ်မြေတွင်ဖမ်းဆီးခြင်း

၁၇၃၂။ ပြစ်မှုမကင်းသူ မည်သူမဆို နိုင်ငံခြား နယ်မြေအတွင်း ခိုဝင်နေထိုင်သည့်အခါတွင် ၎င်းသူကို ပေးအပ်စေရန်အကြောင်း နှင့် စပ်လျဉ်းသမျှ သင့်ရာစီမံဆောင်ရွက်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်ထံ အစီရင်ခံရန်မှာ ပြစ်မှုဖြစ်ပွားရာ ခရိုင်ရဲတပ်ဖွဲ့မှူး၏ တာဝန်ဖြစ်သည်။ သက်ဆိုင်ရာပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူးများမှ တစ်ဆင့်တင်ပြရမည်။

၁၇၃၃။ xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx။

## မီးရထား ဘက်တွင်အလုပ်လုပ်နေသူတို့ကို ဖမ်းဆီးခြင်း

၁၇၃၄။ မီးရထားအလုပ်သမား တစ်စုံတစ်ယောက်ကို မီးရထား ဆိုင်ရာ အထက်အရာရှိကြီးတို့ထံ မတိုင်ကြားဘဲ အလုပ်ဝတ္တရား ဆောင်ရွက်ရာမှ ရုတ်တရက် ခေါ်ယူခြင်းဖြင့် ဘေးအန္တရာယ်ဖြစ်ရန် အကြောင်းအခွင့် မသင့်လျော် ရှိမည့် အကြောင်းများကို ထောက်မြော်၍ မီးရထားအလုပ်သမားတို့ကို ဖမ်းဆီးရန် အထူးနည်းလမ်းကို ပြဋ္ဌာန်းသတ်မှတ်ထား သည်။ ၎င်းနည်းလမ်းကို အပိုဒ် (၁၂၈၆) တွင် ဖော်ပြပါရှိသည်။

**စစ်မှုထမ်းတို့ကို ဖမ်းဆီးခြင်း**

၁၇၃၅။ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်းနှင့် စွဲဆိုခြင်း ခံရသူ စစ်မှုထမ်းတို့ကို ရဲတပ်ဖွဲ့ဝင်တို့က ဖမ်းဆီးသည့်အခါ စစ်ဘက်ဆိုင်ရာ အာဏာပိုင်တို့က ၎င်းတရားခံကို စောင့်ကြပ်ကြည့်ရှုနိုင်ရန် အလို့ငှာ ဖမ်းဆီးသည့် အကြောင်းကို ၎င်းတို့ထံ ချက်ချင်းတိုင်ကြားရမည့်ပြင် တရားသူကြီးထံလည်း ထုံးစံအတိုင်း အစီရင်ခံရမည်။ ဝရမ်းမပါဘဲ ဤကဲ့သို့ ဖမ်းဆီးသည့် အမှုအရပ်ရပ်ကို တရားသူကြီးထံ အစီရင်ခံရမည်။ သို့မဟုတ် ၎င်းတရားသူကြီးက ဆင့်ဆိုလျှင် ခရိုင်တရားသူကြီးထံ အစီရင်ခံရမည်။

**အစိုးရအရာထမ်းအမှုထမ်းတို့ကို ဖမ်းဆီးခြင်း**

၁၇၃၆။ အစိုးရ အရာထမ်းအမှုထမ်း တစ်စုံတစ်ယောက်ကို ရဲတပ်ဖွဲ့ဝင်တို့က ဖမ်းဆီးသည့်အခါ ဤကဲ့သို့ ဖမ်းဆီးကြောင်းကို ဖမ်းဆီးခြင်း ခံရသူ၏ ဌာနဆိုင်ရာ အကြီးအကဲထံ အသိပေးအကြောင်းကြားရမည်။

၁၇၃၇။ ××××××××××××××××××××××××××××××××××××။

၁၇၃၈။ ××××××××××××××××××××××××××××××××××××။

၁၇၃၉။ ××××××××××××××××××××××××××××××××××××။

**ဖမ်းဆီးရမိသူတို့ကို စီမံခန့်ခွဲခြင်း၊ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ "၆၀"၊ "၆၁"၊ "၆၂"၊ "၁၆၇" မှ "၁၆၉" အထိ)**

၁၇၄၀။ ဖမ်းဆီးရမိသူတို့ကို စီမံခန့်ခွဲခြင်း အကြောင်းနှင့် သက်ဆိုင် သည့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မများမှာ အောက်ပါပုဒ်မများ ဖြစ်သည်-

ပုဒ်မ ၆၀ ။ ရဲအရာရှိတစ်ဦးသည် ဝရမ်းမပါဘဲဖမ်း ဆီးသည့်အခါ အကြောင်းမဲ့ကြန့်ကြာမှုမရှိဘဲ အာမခံပေးခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အဆိုပါဖမ်းဆီးထားသူကို ရဲစခန်းမှူး ထံသို့ ခေါ်ဆောင်သွားရမည်။ သို့မဟုတ် ပို့အပ်ရမည်။

မှတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၆ အရ အာမခံပေးခွင့်ရသည့်ပြစ်မှုနှင့် စွပ်စွဲခံရသူက မည်သည့် အမှုစစ်ရဲအရာရှိထံမဆို အာမခံ ပေးသည့်အခါ ထိုသူကို အာမခံနှင့်လွှတ်ရမည်။ (ပုဒ်မ ၆၀)။ မည်သည့် ရဲအရာရှိကမှ ဝရမ်းမပါဘဲ ဖမ်းဆီးထားသူ တစ်ဦးကို အမှု၏မည်သည့် အခြေအနေတွင်မဆို လိုအပ်သည့် အချိန်ထက် ပိုပြီးချုပ်နှောင်မထားရ၊ ယင်းကဲ့သို့ ချုပ်နှောင်ထားရန် အချိန်မှာလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၆၇ အရ တရားသူကြီးတစ်ဦး၏ အထူးအမိန့်မရရှိလျှင် ယင်းဖမ်းဆီး သည့် နေရာမှ ရဲစခန်းနှင့် ထိုမှတစ်ဖန် တရားသူကြီး၏ တရားရုံးသို့ သွားရောက်ရမည့် ခရီးအတွက် လိုအပ်မည့် အချိန်ကို နုတ်ပြီး ၂၄ နာရီထက် မပိုစေရ။

မှတ်ချက်။ တရားသူကြီးရုံးသို့ သွားရောက်ရာ ခရီးအကြားတွင် ကုန်မည့် အချိန်ဆိုသည်မှာ အမှုဝတ္တရားဆောင် ရွက်မြဲဖြစ်သော သင့်လျော်မည့် အချိန်နာရီတွင် တရား သူကြီးရှေ့ တရားခံကို ယူဆောင်ရာ ကုန်မည့်အချိန်ကို ဆိုလိုကြောင်း မှတ်ယူရမည်။ တရားသူကြီး ရုံးထိုင်ရာ အရပ်သို့ စနေ၊ တနင်္ဂနွေ နေ့ ဖြစ်စေ၊ အခြားရုံးပိတ်ရက်ဖြစ်စေ၊ တရားခံရောက်လျှင် ၎င်းတရားခံကို တရားသူကြီး ရှေ့သို့ပို့ရန်မလို၊ တရားရုံးဖွင့်သည့်တိုင် တရားခံကို ချုပ်နှောင် ထားခွင့်ရသည်။

ပုဒ်မ ၆၂ ။ ရဲစခန်းမှူးများသည် မိမိတို့ရဲစခန်း အပိုင် နယ်မြေများအတွင်း ဝရမ်းမပါဘဲ ဖမ်းဆီးထားသူများ၏ အမှုများကို ယင်းတို့အား အာမခံပေးထား သည်ဖြစ်စေ၊ အာမခံမပေးဘဲထားသည်ဖြစ်စေ၊ တရားသူကြီးထံ တင်ပြအစီရင်ခံ ရမည်။

ပုဒ်မ၁၆၇(၁)။ မည်သည့်အခါမဆို တစ်စုံတစ်ယောက် သောသူအား ဖမ်းဆီး၍ ချုပ်နှောင်ထားပြီးနောက် ပုဒ်မ ၆၁ အရ ချမှတ်ထားသော ၂၄နာရီ ကာလအတွင်း၌ စုံစမ်း ထောက်လှမ်းခြင်းကို အပြီးသတ်နိုင်ဖွယ် လက္ခဏာ မရှိသည့် အပြင် စွပ်စွဲချက်၊ သို့မဟုတ် သတင်းပေးချက်သည် ခိုင်လုံ သည်ဟု ယုံကြည်ရန် အကြောင်းများ ရှိသည့်အခါ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှူးက ဖြစ်စေ၊ စုံစမ်းထောက်လှမ်းခြင်း ပြုသောရဲအရာရှိကဖြစ်စေ၊ အမှုနှင့်စပ်လျဉ်း၍ အမှုနေ့စဉ် မှတ်တမ်းတွင် ရေးသွင်းချက်များ၏ မိတ္တူတစ်စောင်ကို အနီးဆုံး တရားသူကြီးထံသို့ ချက်ချင်းတင်ပို့ရမည်။ ၎င်းပြင် တစ်ချိန်တည်း တရားခံကို အဆိုပါတရားသူကြီးထံသို့ တင်ပို့ရမည်။

ပုဒ်မ ၁၆၉ ။ ဤအခန်းပါ ပြဋ္ဌာန်းချက်အရ စုံစမ်း ထောက်လှမ်းသောအခါ တရားခံကို တရားသူကြီး တစ်ဦး ထံတင်ပို့လောက်အောင် လုံလောက်သော သက်သေခံချက် မရှိဟူ၍လည်းကောင်း၊ သက်သေမကင်းဖြစ်စရာ ယုတ္တိတန် သောအကြောင်း မရှိဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှူး သို့မဟုတ် စုံစမ်းထောက်လှမ်းခြင်း ပြုသော ရဲအရာရှိက ယူဆလျှင် အဆိုပါ အရာရှိသည် အချုပ်တွင် ရှိနေသော ထိုသူကို အာမခံသူများနှင့် ဖြစ်စေ၊ အာမခံသူများ မပါဘဲနှင့်ဖြစ်စေ ခံဝန်ချုပ်ဆို၍ လွှတ်လိုက်ရမည်။ ယင်း ခံဝန်ချုပ်မှာ ရဲအစီရင်ခံစာအရ ပြစ်မှုကို အရေးယူရန်နှင့် တရားခံကို စစ်ဆေး စီရင်ရန် သို့မဟုတ် စစ်ဆေးစီရင်မှု အတွက် လွှဲအပ်တင်ပို့ရန် အာဏာရှိသော တရားသူကြီး ရှေ့မှောက်သို့ လိုအပ်လျှင် သို့မဟုတ် လိုအပ်သည့်အခါ ၎င်းကို ရောက်ရှိစေရန် ဖြစ်သည်။

၁၇၄၁။ ဖမ်းဆီးရမိသည့် အခါမှစ၍ ၂၄ နာရီအတွင်း စုံထောက်သည့် ပြစ်မှုမပြီးမြောက်သည်သာမက စွပ်စွဲသည့် အချက်မှာလည်း ခိုင်မာတုံလောက် သည့် အခြေအမြစ်ရှိကြောင်းနှင့် ယုံကြည်ရန်အကြောင်းရှိလျှင် ရဲအရာရှိက ၎င်းတရားခံကို အနီးဆုံးအရပ်ရှိ တရားသူကြီးထံ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ

ပုဒ်မ ၁၆၇ တွင် ပါရှိသည့်အတိုင်း ရိမန်အမိန့်ခံယူရန် လျှောက်လွှာနှင့်တကွ တင်ပို့ရမည်။

မှတ်ချက်။ (၁) ရိမန်အမိန့်ခံယူရန်လျှောက်လွှာနှင့် တကွ တရားခံကို အနီးဆုံးအရပ်ရှိ တရားသူကြီး ထံ တင်ပို့ကာမျှနှင့် စုံထောက်ခြင်းကို ပြတ်မသွားစေရ။ ရင်းအချိန်အတွင်းတွင် လည်းကြိုးစားအားထုတ်၍ စုံထောက်မြဲ စုံထောက်ရမည်။

(၂) တရားသူကြီး၏ ခွင့်ပြုသည့် ရိမန်အမိန့် အရထပ်မံချုပ်ထားရန် ကာလအပိုင်း အခြားကုန်လွန်သော်လည်း စုံထောက် မပြီးစီးသေးလျှင် တရားခံကို ထပ်မံ ချုပ်ထားရန် သင့်မည့် လက္ခဏာရှိပါမူ လျှောက်လွှာ အသစ်တစ်စောင်နှင့်တကွ တရားခံကို ထပ်မံ တင်ပို့ရမည်။ ပြစ်မှုဆိုင် ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၇ အရ တရားသူကြီး အမိန့်နှင့် ရံဖန်ရံခါ ပေးသည့်ရိမန် အမိန့်ကာလ အပိုင်းအခြား မှာ မည်သည့်အခါတွင်မျှ စုစုပေါင်း ၁၅ရက် ထက်မပို စေရမည့် အကြောင်းကို သတိပြုရမည်။

(၃) အမှုနေ့စဉ် မှတ်တမ်းတွင် ရေးသွင်းမှတ် သားချက် လက်ခံတစ်စောင်ကို တရားခံနှင့်အတူ တရားသူကြီး ထံ တင်သွင်းရမည်။

(၄) ရိမန်အမိန့်ရရန် လျှောက်ထားသည့် အခါ တိုင်း တရားခံရှေ့တွင် လျှောက်ထားမြဲ ဖြစ်စေရမည့်ပြင် မည်သည့်အတွက် လျှောက်ထားသည်ကိုလည်း အကြောင်းလုံ လောက်စွာပြရမည်။ အကြောင်းလုံ လောက်စွာမပြလျှင် အခွင့်ရမည် မဟုတ်ချေ။

တန့်သတ်

၁၇၄၂။ ဖမ်းဆီးရမိသည့်အခါမှစ၍ ၂၄ နာရီအတွင်း စုံထောက် စစ်ဆေးခြင်း ပြီးမြောက်ရာ တရားခံကို တရားသဖြင့် တရားသူကြီးရှေ့ တင်ပို့နိုင်အောင် သက်သေမလုံလောက်ကြောင်း သို့မဟုတ် မသက်ာရန် အကြောင်း အားလျော်စွာ အခြေအမြစ် မရှိကြောင်း ထင်မြင်လျှင် အလိုရှိသည့်အခါ လာရောက်ပါမည့် အကြောင်းနှင့် တရားခံက ခံဝန်ချုပ် ချုပ်ဆိုလျှင် အမှုစစ်အရာရှိက တရားခံကို ချက်ချင်း လွှတ်ရမည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၉)

၁၇၄၃။ အပိုဒ် (၁၇၄၂) အတိုင်း မဟုတ်ဘဲ စခန်းမှူးကဖြစ်စေ၊ ရဲတပ်ကြပ်ကြီး ရာထူးထက် အဆင့်အတန်း မနိမ့်သော အမှုစစ် ရဲအရာရှိကဖြစ်စေ စွပ်စွဲခံရသူအပေါ်၌ သက်သေ လုံလောက်စွာရှိကြောင်း သို့တည်းမဟုတ် မသင်္ကာရန် ယုတ္တိရှိသော အကြောင်းအရာရှိကြောင်း ထင်မြင်လျှင် ၎င်းအမှုကို စစ်ဆေးရန် တင်ပို့ရမည်။ ဤသို့ပြုလုပ်ရန် အလို့ငှာ ထိုရဲအရာရှိက တရားခံကို တရားသူကြီးထံ အချုပ်နှင့်တင်ပို့ရမည်။သို့မဟုတ် ပြစ်မှုမှာ အာမခံပေးခွင့်ရသည့်ပြစ်မှုဖြစ်၍ အာမခံကိုလည်း ပေးလျှင် ၎င်းတရားခံလာရောက်စေရန် အတွက် နိုင်လုံသည့် အာမခံယူရမည်။

၁၇၄၄။ တရားစွဲတင်ပို့မည့်အမှုတွင် စုံထောက်စစ်ဆေးခြင်း မပြီးမီ တရားခံကို အာမခံနှင့် လွှတ်ထားလျှင် စုံထောက်စစ်ဆေးခြင်း ပြီးသောအခါ စစ်ဆေးစီရင်နိုင်ရန် တရားရုံးသို့ လာရောက်ရန် ခံဝန်ချုပ်ချုပ်ရမည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀)

၁၇၄၅။ ရဲအရာရှိတစ်ဦး တစ်ယောက်က ပြစ်မှုနှင့် ဖမ်းဆီးရမိသူ မည်သူကို မဆို ကိုယ်တိုင် ခံဝန် သို့မဟုတ် အာမခံ သို့မဟုတ် တရားသူကြီး၏ အထူးအမိန့်တို့မှ တစ်ပါးလွှတ်ခွင့်မရှိ ။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၉)

၁၇၄၆။ တရားရုံးတစ်ရုံးသို့ စစ်ဆေးခံရန်အတွက် တင်ပို့မည့် သို့မဟုတ် တရားရုံးသို့ လာရောက်ရန် ခံဝန်ချုပ် ချုပ်ဆိုထားသူ မည်သည့် စွပ်စွဲခံရသူကိုမဆို မည်သည့်အကြောင်းနှင့်မျှ ခရိုင်ရဲတပ်ဖွဲ့မှူးက လွှတ်ထားခွင့်မရ။ ၎င်းတို့မှာ တရားသူကြီး ရှေ့သို့ ချိန်းဆိုသည့်နေ့ရက်တွင် လာရောက်ရမည် ဖြစ်သည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည် အာမခံ ရထိုက်ခွင့် ရှိသူတို့ကို အာမခံနှင့် လွှတ်ခွင့်ရသော်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ နှင့် ၁၇၃ တို့အရ ပြစ်မှုဆိုင်ရာ အမှုဖြင့် စစ်ဆေးစီရင်ရန် တရားရုံးသို့ တင်ပို့ခြင်းကို တားမြစ်ပ[illegible]ခွင့်မရ၊ သို့ရာတွင် စီရင်ပိုင်ခွင့်အာဏာရ တရားသူကြီး၏ အခွင့်[illegible]အမှုကို ပြန်လည်ရုပ်သိမ်းခွင့် ရသည်။ စွပ်စွဲခံရသူ အပေါ် ပြစ်မှုထ[illegible]နိုင်ရန်အတွက် သက်သေမခိုင်လုံကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ကထင်မြင်ယူဆလျှင် ၎င်းအမှုမျိုးကို တရားရုံးတွင် အကျိုးမဲ့ အချိန်ကုန်ခံ၍ စစ်ဆေးစေမည့်အစား အထက်ပါနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ခွင့် ရသည်။

## သက်သေနှင့် သက်သေခံပစ္စည်းများကို တင်သွင်းခြင်း

၁၇၄၇။ စစ်ကြောစီရင်ရန် အမှုများကို တင်ပို့ခြင်း မပြုမီ စစ်ကြော စီရင်ရန် နေ့ရက်သတ်မှတ်နိုင်စေခြင်းငှာ အမှုကို အရေးယူပိုင်ခွင့် အာဏာရ တရားသူကြီးထံသို့ (ပြစ်မှု ၁၀၄) ပုံစံ (အမှုပထမရက်ချိန်းကန့်သတ်ရန် တရားသူကြီးထံပေးပို့သည့် သတိပေးနှိုးဆော်စာ)ကို တင်ပို့မည်။ ယင်းပုံစံကို တရားသူကြီး ကပြန်ပို့သည့်အခါ တရားလိုနှင့်တကွ လိုအပ်သည့် တရားလိုပြ သက်သေများ သည် သတ်မှတ်ထားသောနေ့ရက်တွင် တရားသူကြီး ရှေ့သို့လာရောက်ရမည့် တာဝန် ရှိသည်။ ထိုသူတို့သည် အမှုကို ကြီးကြပ်ကြည့်ရှုရသော ရဲအရာရှိနှင့်အတူ လာရောက်ရန်မလိုသော်လည်း ၎င်းအရာရှိနှင့်အတူ သွားလာခြင်းကို တားမြစ် ထားခြင်းမရှိ။

၁၇၄၈။ အမှုကို တရားသူကြီးထံ စနစ်တကျ တင်သွင်းနိုင်ရန်နှင့် တရားသူကြီး ချမှတ်သည့် အမိန့်များကို အတည်ပြုဆောင်ရွက်နိုင်ရန် ဥပဒေအရာရှိကဖြစ်စေ၊ မှုခင်းမှတ်တမ်း အရာရှိကဖြစ်စေ၊ ၎င်းအမှုကို လက်ခံရမည်။

၁၇၄၉။ သက်သေတို့ကို ချပ်ဆိုစေသည့် ခံဝန်ချုပ်အရပ်ရပ်တွင် တရားရုံးသို့ ၎င်းတို့လာရောက်ရှိနေရမည့်အချိန်နာရီ နေ့ရက်မှစ၍ ပါရှိစေရမည်။ နေ့ရက်ချိန်းဆိုသည့်အခါ၌လည်း ခရီးသွားလာရမည့် နေ့ရက်အတွက်သာမဟုတ်၊ ခရီးသွားလာရန် ပြင်ဆင်ရမည့်နေ့ရက် ကာလအပိုင်းအခြားအတွက်ပါ သင့်လျော်အောင် ခွင့်ပြုရမည်။ ချိန်းဆိုရမည့် အချိန်မှာ သာမန်အားဖြင့် နံနက်ရုံးဖွင့်မြဲအချိန် ဖြစ်စေရမည်။ မူလခံဝန်ချုပ်များကိုစွဲ ချက်စာချုပ်နှင့် ပူးတွဲပါရှိစေရမည်။

၁၇၅၀။ အောက်ပါနည်းလမ်းများမှာ အမှုနှင့်ပတ်သက်၍ သိမ်းယူသည့်ပစ္စည်းများနှင့် အခြားမည်သည့် ပစ္စည်းများကိုမဆို စီမံခန့်ခွဲရန် နည်းလမ်းကို ညွှန်ပြသည် -

(က) အမှုတစ်စုံတစ်ရာတွင် သက်သေခံ တင်ပြရန် ရည်ရွယ်သည့်ပစ္စည်းအရပ်ရပ်ကို သေချာစွာ စက္ကူအမှတ်တွယ်ကပ်၍ အမှတ်စဉ်များ ရေးမှတ် ပြီးသော် (စာချုပ်စာတမ်းဖြစ်လျှင် အက္ခရာ စာလုံးဖြင့် မှတ်သား၍) ထုပ်ပိုးချုပ်တွယ်နိုင်လျှင်လည်း ထုပ်ပိုးချုပ်တွယ်ပြီးနောက် ၎င်းအထုပ်ကို ပစ္စည်းတွေ့ရှိသူ သို့မဟုတ် တင်ပြသူ သို့မဟုတ် အပ်ပေးသူ နှင့်တကွ ၎င်းပစ္စည်းမှန်ကန်ကြောင်း သက်သေခံနိုင်ရန် အလို့ငှာ သက်သေထူရန် ထားရှိသူတို့၏ ရှေ့တွင် ချိပ်တံဆိပ် ခတ်နိပ်ရမည်။ ဤကဲ့သို့ ပြုလုပ်ခြင်းမှာလည်း ၎င်းသက်သေခံ ပစ္စည်းကို

ပထမတင်ပြလျှင် တင်ပြချိန်း သို့မဟုတ် တွေ့ရှိလျှင် တွေ့ရှိချင်း လျင်မြန်စွာ ပြုလုပ်ရမည်။ အမှုတစ်ခုတည်းတွင် သက်သေခံပစ္စည်းအများကို တစ်ကြိမ်တစ်ခါတည်း တင်ပြရသောအခါ သို့မဟုတ် တွေ့ရှိရသောအခါ ရင်းပစ္စည်းများကို တစ်ထုပ်တည်း စုစည်းထုပ်ပိုးရမည်။ အထုပ်အသီးသီးတွင် သက်သေခံပစ္စည်းတစ်ခုတည်း ပါသည်ဖြစ်စေ၊ အများပါသည်ဖြစ်စေ ရဲစခန်းမှတ်ပုံတင် (၃၂) ဇယားကွက် (၂)တွင် ရေးသွင်းသည့် ပထမ သတင်းပေးတိုင်ချက် အမှတ်များပါရှိ စေရမည့်ပြင် ရင်းမှတ်ပုံတင် ဇယားကွက် (၃) တွင် ရေးသွင်းသော သက်သေခံပစ္စည်း အမှတ်များ သို့မဟုတ် အက္ခရာ စာလုံးများလည်း ပါရှိစေရမည်၊ သက်သေခံ ပစ္စည်းတွင် မှတ်သားသည့် အမှတ် သို့မဟုတ် အက္ခရာစာလုံးကို ယခုဇယား ကွက်၌ မင်နီဖြင့် ရေးသားရမည်။ ဇယားကွက် (၁) တွင် သက်သေခံ ပစ္စည်း အထုပ်များ၌ပါသော အမှတ်များမှာ အစဉ်လိုက်ဖြစ်နေရမည်။ တစ်နှစ်လျှင် အမှတ်စဉ် တစ်ရပ်သာ ရှိစေရမည်။ အမှုတစ်မှုတည်းနှင့် သက်ဆိုင်သော်လည်း နေ့ရက်တသီးတခြားစီ ထုပ်ပိုး ရမည်။ သက်သေခံပစ္စည်းများမှာ သက်ရှိတိရစ္ဆာန် ဖြစ်လျှင်သက်သေခံပစ္စည်းအမှတ်ကို ဇယားကွက် (၃)တွင် ရေးသွင်းမှတ်သားရန်မလို။ သို့သော်လည်း တိရစ္ဆာန် တစ်ကောင်လျှင် အမှတ်စဉ် တစ်ရပ်စီ ဇယားကွက် (၁)တွင် မှတ်သားရမည်။ အပိုဒ် (၁၅၉၈)။ ငွေစက္ကူများ ဖြစ်လျှင် အမှတ်စဉ်နှင့်တကွ ငွေစက္ကူအမှတ်များကိုလည်း ရေးသွင်းရမည်။

( ခ ) သက်သေခံပစ္စည်း လက်ခံရရှိကြောင်းနှင့်တကွ ၎င်းပစ္စည်း အမျိုးအမည်များကို ရဲစခန်းသို့ ၎င်းပစ္စည်းယူဆောင်သည့် နေ့ရက်အတွက် အရပ်ရပ် နေ့စဉ်မှတ်တမ်းတွင် ရေးသွင်းမှတ်သားရမည်။

( ဂ ) သက်သေခံပစ္စည်းကို တွေ့စဉ်အခါ မည်သည့်အခြေအနေရှိသည် ဆိုသည့်အကြောင်းမှာ သက်သေခံချက်တွင် အဓိကအချက်ဖြစ်ခဲ့လျှင် ၎င်းပစ္စည်းကို တွေ့စဉ်အခါက ရှိနေသည့်အခြေအနေ အတိုင်း အမှုစစ်ဆေးစီရင်သည့် တရားသူကြီးထံ တင်သွင်းနိုင်ရန် အထူးဂရုစိုက်ရမည်။ (ဥပမာ-သွေးစွန်း သွေးကွက်ပါသော ဓားတစ်ချောင်းကို ဂွမ်းဖြင့် ရစ်ပတ်၍ အဝတ်ဖုံး အုပ်ချုပ်တွယ်ပြီးလျှင် ချိပ်တံဆိပ်ခတ်နှိပ်ရမည်)။

( ဃ ) အမှုမှ သက်သေခံပစ္စည်းကို တစ်လက်မှတစ်လက်သို့ ကူးပြောင်းခြင်း မရှိစေရန် ကြပ်တည်းစွာ တားမြစ်သည်။ ၎င်းပစ္စည်းကို တွေ့ရှိ သူကဖြစ်စေ၊ ၎င်းသူမှာ ရဲတပ်ဖွဲ့ဝင် မဟုတ်လျှင် ၎င်းသူက ပေးအပ်ခြင်းကို လက်ခံသိမ်းယူသူ ရဲတပ်ဖွဲ့ဝင်ကဖြစ်စေ၊ အစဉ်သဖြင့် ရဲစခန်းသို့ ပို့အပ်ရမည်။

( င ) ဓါတ်ခွဲစမ်းသပ်စစ်ဆေးရန် လိုသည့်ပစ္စည်းများကို စနစ်တကျ ထုပ်ပိုးချိပ်တံဆိပ်ခတ်နှိပ်ပြီးလျှင် အမှု စစ်အရာရှိက သက်ဆိုင်ရာ ရဲစခန်းမှူးမှတစ်ဆင့် ဓာတုဗေဒစစ်ဆေးရေး ဌာနသို့ တိုက်ရိုက်ပို့ရမည်။

( စ ) လေ့ကျဲ့သို့သော ကိုယ်ထည်ကြီးမားသည့် ပစ္စည်း၊ သားရေကဲ့သို့သော အနံ့အသက်ဆိုးဝါးသည့် ပစ္စည်း များမှ တစ်ပါး

သက်သေခံပစ္စည်း အရပ်ရပ်ကို သက်သေခံပစ္စည်းထား သော သေတ္တာတွင် ထည့်သွင်းထားရမည်။ သက်ရှိ ပစ္စည်း များကို တိရစ္ဆာန်ထောင်ရှိလျှင် ၎င်းထောင်သို့ ပို့ရမည်။ ဆိုခဲ့သည့် ပစ္စည်းများမှာ ရွှေ ငွေ၊ ကျောက်မျက်ရတနာမှ စ၍ အဖိုးတန်ပစ္စည်းဖြစ်ပါက သံသေတ္တာတွင်ထည့် ထားရမည်။ သို့မဟုတ် ၎င်းပစ္စည်းများကို လုံခြုံစေရန် အထူးဂရုစိုက်၍ သိမ်းဆည်းထားရမည်။ သာမန်အားဖြင့် ငွေသားဖြစ်စေ၊ ငွေစက္ကူဖြစ်စေ အမြောက်အများကို ရဲစခန်းတွင် သံသေတ္တာမရှိလျှင် သက်ဆိုင်ရာ ဘဏ်တွင် ဖြစ်စေ၊ ငွေတိုက်တွင်ဖြစ်စေ သိမ်းဆည်းထားနိုင်ရန် သေတ္တာတွင် ထည့်၍ ပေးပို့ရမည်။

(ဆ) သက်သေခံ ပစ္စည်းများမှာ မည်သူ၏ လက်တွင် ရှိကြောင်းကို သိရှိနိုင်ရန် ရဲတပ်ဖွဲ့ဝင်တို့ထံမှ လက်ခံ ရယူသူ၏ လက်မှတ်၊ အမည်၊ ရာထူး၊ ဌာန၊ အပြည့်အစုံကို ရေးထိုးရယူမှု ဖြစ်ရမည်။ ဤကဲ့သို့ ရယူသူ မှာ ခရိုင်ရုံး စိုက်ရာမြို့မတွင် ဖြစ်လျှင် " ဘီလစ် " အခြားအရပ်တွင် ဖြစ်လျှင် " ဒုတိယဘီလစ် " ဖြစ်သည်။ သက်သေခံပစ္စည်း များကို အခြားမည်သူ့ကိုမျှ မပေးအပ်ရ။

(ဇ) သက်သေခံပစ္စည်းများမှာ သေးငယ်၍ အဖိုးထိုက်တန်လျှင် မပျောက်ဆုံးစေရန် လိုအပ်သလို စီမံ၍ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘဏ်တွင်အပ်နှံ ထားရှိရမည်။ သို့သော်လည်း ၎င်းသက်သေခံပစ္စည်းများမှာ ကြီးကျယ် လေးလံသော အရာများဖြစ်လျှင် ကြပ်မတ်ပို့ဆောင်သူတို့ လိုအပ်သလို သယ်ဆောင်နိုင်ရန်ယာဉ် စသည်တို့ကို ပေးအပ်ရမည်။

( ဈ ) သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍သက်သေခံချက်များ ယွင်းခြင်းကြောင့် သော်လည်းကောင်း၊ ၎င်းပစ္စည်းများကို ဂရုစိုက်၍ ကြည့်ရှုထိန်းသိမ်းတန်သလောက် ကြည့်ရှုထိန်းသိမ်းခြင်း မပြုခြင်းကြောင့်သော် လည်းကောင်း၊ အမှုကြီးများ၌ ပြစ်မှုကျူးလွန်သူတို့မှာ မကြာခဏ လွတ်မြောက်ကြသည်ဖြစ်သော ကြောင့်ယခုနည်းလမ်းများကို လိုက်နာရန် ပျက်ကွက်လျှင် လွတ်ကင်းချမ်းသာခွင့်ရမည်မဟုတ်ချေ။ ပြင်းထန်စွာ ပြစ်ဒဏ်စီရင်စေမည့်အကြောင်းကို ခရိုင်ရဲတပ်ဖွဲ့မှူးက လက်အောက်တပ်ဖွဲ့ဝင်တို့အား နှလုံးပိုက်စေရန် သတိပေးကြရမည်။

၁၇၅၁။ မှုခင်းတပ်ဖွဲ့၊ အင်းစိန်ရှိ ပြတိုက်တွင် ရှားပါးထူးဆန်း အံ့ဩဖွယ်ကောင်းသော သက်သေခံပစ္စည်းများ ပြသထားရန် လိုအပ်သည်ဖြစ်၍ ဤကဲ့သို့သော သက်သေခံပစ္စည်းများရရှိပါက လိုအပ်သည့် အမိန့်များ တောင်းခံပြီးလျှင် မပျက်မစီးအောင် သေချာစွာ ထုပ်ပိုး၍ မှုခင်းတပ်ဖွဲ့မှူးရုံးသို့ ပေးပို့ရမည်။

၁၇၅၂။ မည်သည့်သက်သေကိုမျှ တာဆီးချုပ်နှောင်ခြင်း မရှိစေရ၊ အခွင့်မသင့်လျော်စေရန်လည်း မပြုလုပ်ရ။ သို့မဟုတ် ဆိုင်ရာတရားသူကြီး ရှေ့မှောက်သို့ လာရောက်ရမည့် အကြောင်းနှင့် ကိုယ်တိုင်ခံဝန်ချုပ်မှ တစ်ပါး၊ အခြားအာမခံတစ်စုံတစ်ရာ ပေးစေရန်လည်း ဆင့်ဆိုခြင်းမရှိစေရ။ သက်သေ တစ်စုံတစ်ယောက်က ခံဝန်ချုပ်မချုပ်လိုကြောင်းနှင့် ငြင်းပယ်ခဲ့လျှင် ၎င်းသက်သေကို အချုပ်နှင့် ပို့အပ်ရမည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ - ၁၇၁)

**လိုက်နာဆောင်ရွက်ရန်နည်းလမ်းအကျဉ်းချုပ်**

၁၇၅၃။ အောက်ပါဇယားပုံစံမှာ အမှုတစ်စုံတစ်ရာတွင် " ပထမသတင်းပေးတိုင်ချက် " ရသည့်အချိန်မှစ၍ "နောက်ဆုံးအစီရင်ခံချက်" နှင့် "စွဲချက်စာချုပ်" တင်သွင်းသည့်အထိ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ အဆင့်ဆင့် လိုက်နာဆောင်ရွက်ရန် နည်းလမ်းကို ဖော်ပြထားသည် -

| အကြောင်းအရာ | လိုက်နာဆောင်ရွက်ရန်နည်းလမ်း |
|---|---|
| **စုံထောက်စစ်ဆေးခြင်းမပြုမီ**<br>၁။ အရေးယူပိုင်သည့်ပြစ်မှုဖြစ် မြောက်ရန် လက္ခဏာရှိသည့် အခြင်းအရာများကို တိုင်ကြား ချက်ရရှိသည့်အခါ၊ မည်သူ့ကိုမျှ စွပ်စွဲခြင်းမရှိ သို့မဟုတ် စွပ်စွဲသူကို ဖမ်းဆီးပြီး ဖြစ်လျှင်၊ ၎င်းပြစ်မှုကို ပြစ်မှုဖြစ်ပွားရာ အရပ်တွင်ဖြစ်စေ၊ ရဲစခန်းတွင် ဖြစ်စေ၊ စုံထောက်စစ်ဆေးရန် ရဲစခန်းမှူးက ဆုံးဖြတ်သည့်အခါ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၇ (၁) (က) အရ)။ | အပိုဒ်(၁၄၁၀) နှင့် (၁၄၂၂) တွင် ဖော်ပြပါရှိသည့်အတိုင်း ပထမသတင်းပေးတိုင်ချက်စာအုပ်ပါ မှုရင်းစာချုပ်ကိုပေးပို့ရမည်။ |

| အကြောင်းအရာ | လိုက်နာဆောင်ရွက်ရန်နည်းလမ်း |
|---|---|
| ၂။ တိုင်တန်းချက် အခြေအနေမျိုးမှာ အမှုစုံထောက်စစ်ဆေးရန် အကြောင်းမပေါ်ရှိသည့်အခါ။ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၅၇ "က" "ခ" အရ)။ | မည်သည့်အတွက်စုံထောက်စစ်ဆေးခြင်းမပြုကြောင်းဖော်ပြချက်နှင့် တကွ ပထမသတင်းပေးတိုင်ချက်စာအုပ်ပါ မူရင်းစာချုပ်ကို ပေးပို့ရမည်။ |
| **တရားခံကိုဖမ်းဆီးရမိလျှင်** | |
| ၃။ တရားခံကို ဖမ်းဆီးရမိသည်။ ၂၄နာရီ အတွင်း စုံထောက်၍ ပြီးသည်။ တရားစွဲဆိုရန်အကြောင်း လုံလောက်စွာ ရှိသည်။ ပြစ်မှုမှာ အာမခံပေးခွင့်မရသို့မဟုတ် အာမခံမပေးနိုင်၊ အာမခံပေးခွင့်ရသော်လည်း၊ အာမခံမည့်သူမရှိ။ | အောက်ပါစာရွက်စာတမ်းများနှင့်တကွ တရားခံကို စီရင်ခွင့်အာဏာရတရားသူကြီးထံ တင်ပို့ရမည် -<br>၁။ သက်သေများအမည်နှင့်တကွ သက်သေခံ တင်ပြရန် အရာဝတ္ထု စသည်များကို အပြည့် အစုံထည့်သွင်း ရေးသားပါရှိသည့် စွဲချက်စာချုပ်နှင့်တကွ အမှုတွင် ချမှတ်သည့် စီရင်ချက်နှင့် တရားရုံး အမိန့်ပြရာပုံစံ။<br>၂။ ပထမ သတင်းပေးတိုင်ချက် မူရင်းနှင့် ရေးသားတင်ဆွင်းသည့် သတင်းစကားစာချုပ်ရှိလျှင် မူရင်းအတိုင်းဖြစ်သောရင်းစာချုပ်။ |

ကန့်သတ်

| အကြောင်းအရာ | လိုက်နာဆောင်ရွက်ရန်နည်းလမ်း |
|---|---|
| | ၃။ ရဲတပ်ဖွဲ့ဝင်တို့ ဖမ်းဆီးသိမ်းယူသည့် ပစ္စည်းများမှ စ၍အရှင်မပေါ်သည့် ပစ္စည်းများ မှတ်ပုံတင်ပုံစံလွှတ်တွင် ရေးကူးသော မူရင်းနှင့် မူရင်းခွဲ စာချုပ်။ |
| | ၄။ (ပြစ်မှု ၂၁)ပုံစံဖြင့် အကျဉ်းသား၏ အမည်၊ ပုံသဏ္ဍာန် အကြောင်းအရာ၊ စာရင်းမူရင်းနှင့် မူရင်းခွဲများ။ |
| | ၅။ သက်သေတို့ကို တရားသူကြီး ရှေ့လာရောက်၍ သက်သေခံရန် ခံဝန် ချုပ်၊ ချုပ်ဆိုစေပြီးနောက် ခံဝန်ချုပ်များ။ |
| | ၆။ အထက်ကပြစ်ဒဏ် စီရင်ခြင်း ခံရဘူးသူ အကျဉ်းသား ဖြစ်လျှင်၊ (ပြစ်မှု ၁၉/ရဲ ၂၁) လွှတ်တစ်စောင်။ |
| | ၇။ ပစ္စည်းကို ရှာဖွေလျှင် (ပြစ်မှု ၄၁/ ရဲ၉၀) ပုံစံလွှတ် တစ်စောင်တွင် ရေးသားသော ရှာဖွေ ဖမ်းဆီးသိမ်းယူသည့် ပစ္စည်း စာရင်း။ |

| အကြောင်းအရာ | လိုက်နာဆောင်ရွက်ရန်နည်းလမ်း |
|---|---|
| ၄။ အကြောင်းလုံလောက်စွာရှိ၍ တရားခံကို ဖမ်းဆီးသည်။ ၂၄ နာရီအတွင်း စုံထောက်၍မပြီးနိုင်။ ပြစ်မှုမှာ အာမခံ မယူနိုင်။ သို့မဟုတ် တရားခံက အာမခံမပေးနိုင်သည့် အခါ။ | ထပ်မံချုပ်ထားရန်ရီမန် အမိန့်ရလိုကြောင်း လျှောက်လွှာမှစ၍ အမှုနေ့စဉ် မှတ်တမ်း လက်ခံများနှင့် တကွတရားခံကို အနီးဆုံး အရပ်ရှိတရားသူကြီးထံပို့ရမည်။ |
| ၅။ တရားသူကြီးက ချုပ်ထားရန် ခွင့်ပြုသည့် အချိန်ကာလအတွင်း စုံထောက်ပြီးစီး၍ တရားစွဲဆိုရန် လုံလောက်သောအကြောင်း ယုတ္တိပေါ်ပေါက်သည့်အခါ။ (တရားခံမှာ ရဲစခန်းအချုပ်တွင်ဖြစ်စေ၊ တရားသူကြီးနှင့် ဆိုင်သည့် အချုပ်ထောင်တွင် ဖြစ်စေ ရှိသည်။) | အောက်ပါစာရွက် စာတမ်းများနှင့်တကွ တရားခံကို စီရင်ခွင့်အာဏာရ တရားသူကြီး ထံ ပို့ရမည် -<br>(၁) (ပြစ်မှု ၁၀၄) ပုံစံ (အမှုပထမရက်ချိန်း ကန့်သတ်ရန် တရားသူကြီးထံ ပေးပို့သည့် သတိပေးနှိုးဆော်စာ)။<br>(၂) (ပြစ်မှု ၁၈/ရဲ၁၂၅-က) ပုံစံ၊ တရားရုံးမှ စွဲချက်ပြန်အမိန့်။<br>(၃) (ပြစ်မှု ၁၇/ရဲ ၁၂၅) ပုံစံ၊ စွဲချက်။<br>(၄) (ပြစ်မှု ၁၅/ရဲ ၃၄) ပထမသတင်းပေး တိုင်ချက် မှုရင်း။<br>(၅) တိုင်စာ (ရှိလျှင်)။<br>(၆) သက်သေခံသိမ်းဆည်းထားသော စာရွက်စာတမ်းများ (ရှိလျှင်)။ |

| အကြောင်းအရာ | လိုက်နာဆောင်ရွက်ရန်နည်းလမ်း |
| --- | --- |
| | (၇) (ပြစ်မှု ၄၁/ရဲ၉၀) ပုံစံ၊ ရှာဖွေရာတွင် ဖမ်းဆီးရမိသော ပစ္စည်းစာရင်း (မူရင်း)။ |
| | (၈) (ပြစ်မှု ၂၇/ရဲ ၅၉) ပုံစံ၊ ရဲစခန်း မှတ်ပုံတင် (၃၂) ရဲကဖမ်းဆီး သို့မဟုတ် သိမ်းယူ သော ပစ္စည်းစာရင်း မိတ္တူ။ |
| | (၉) (ပြစ်မှု ၂၁) ပုံစံ၊ တရားခံပုံ သဏ္ဍာန်။ |
| | (၁၀)တရားခံ၏ ပြစ်ချက်ဟောင်း (ရှိလျှင်)။ |
| | (၁၁)တရားခံ၏ ခံဝန်ချုပ် (ရှိလျှင်)။ |
| | (၁၂)(ပြစ်မှု ၃၈/ ရဲ ၇၅) ပုံစံ၊ ဆေးစာ (ရှိလျှင်)။ |
| | (၁၃)(ပြစ်မှု ၉၈/၉၉) ပုံစံ၊ လူ သို့မဟုတ် ပစ္စည်းတန်းစီ ပြသခြင်း (ရှိလျှင်)။ |
| | (၁၄)ဓါတုဗေဒစစ်ဆေးရေးဌာန ထင်မြင် ချက် (ရှိလျှင်)။ |
| | (၁၅)အခြားကျွမ်းကျင်သူများ၏ ထင်မြင် ချက်များ (ရှိလျှင်)။ |
| | (၁၆)အချင်းဖြစ်အရပ် မြေပုံ သို့မဟုတ် မှတ်တမ်း ဓါတ်ပုံများ (ရှိလျှင်)။ |
| | (၁၇)တရားခံချုပ်မိန့် (ရှိလျှင်)။ (ပြစ်မှု ၇၁) ပုံစံ။ |

| အကြောင်းအရာ | လိုက်နာဆောင်ရွက်ရန်နည်းလမ်း |
|---|---|
| ၆။ တရားခံကို အာမခံနှင့် လွှတ်ထားပြီးနောက် စုံထောက်ရာ၊ တရားစွဲဆိုရန်အကြောင်းလုံလောက်ကြောင်း ထင်ရှားသည်။ | ချိန်းဆိုသည့် နေ့ရက်တွင် တရားသူကြီးရှေ့လာရောက်စေရန်၊ တရားခံထံမှ အာမခံယူ၍ စွဲချက်စာချုပ်စသည်များကို အစဉ် (၃) တွင်ပြထားသကဲ့သို့ ပေးပို့ရမည်။ |
| ၇။ တရားခံအချုပ်တွင် ရှိသဖြင့် ၂၄နာရီ အတွင်းဖြစ်စေ၊ တရားသူ ကြီးကချုပ်ထားခွင့်ပြုသည့် အချိန် ကာလအတွင်းဖြစ်စေ၊ စုံထောက်၍ ပြီးသည့်ကာလ၊ အမှုမှာမမှန်ကန်ကြောင်း သို့မဟုတ် ဖြစ်မှုမြောက်ရန် သက်သေမလုံလောက်ကြောင်း သိရသည်။ | (၁) သက်သေမလုံလောက်လျှင် တရားခံကို အာမခံနှင့် လွှတ်၍ခံဝန်ချုပ်ကို "နောက်ဆုံးအစီရင်ခံချက်"မှုရင်းစာချုပ်နှင့်တကွ မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ဥပဒေအကြံပြုချက် ရယူပြီး ဥပဒေရုံး၏ သဘောတူညီချက် ရရှိပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံတင်ပြရမည်။<br>(၂) အမှု မမှန်ကန်ကြောင်းကို သိရလျှင် တရားခံကို အာမခံ သို့မဟုတ် ခံဝန်ချုပ်ဖြင့် လွှတ်၍အမှုကို မျိုးမည်ခွဲခြားပိတ်သိမ်းနိုင်ရန်အတွက် ဥပဒေအကြံပြုချက် ရယူကာ ခရိုင်ရဲတပ်ဖွဲ့မှူးထံ နောက်ဆုံးအစီရင် ခံချက် မှုရင်းစာချုပ်နှင့်အတူ တင်ပြရမည်။ |

| အကြောင်းအရာ | လိုက်နာဆောင်ရွက်ရန်နည်းလမ်း |
|---|---|
| ၈။ တရားခံကို ရှာဖွေ၍ မတွေ့သော်လည်း (အမှုစုံထောက်၍ပြီးသည့်နောက်) အမှုမှန်ကန်ကြောင်း အယူရှိသည့်ပြင်တရားခံကို ဖမ်းဆီးထိုက်ကြောင်း အခြင်းအရာများထင်ရှားစွာရှိသည့်အခါ။ | ခွဲချက်တချပ်ကို စီရင်ခွင့်အာဏာရ တရားသူကြီးထံ တင်သွင်းပြီးလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၈၇ အရ ဆောင်ရွက်နိုင်ရန် လျှောက်ထားရမည်။ (၁၅၁၀)တွင် ပြဋ္ဌာန်းထားသည့် အမှုမျိုးများ တွင်တရားခံပြေးအဖြစ် ပြစ်မှု ပြန်တမ်းတွင် ကြော်ငြာနိုင်ရန် (ပြစ်မှု ၂၈/ ရဲ၆၂)ပုံစံ နှင့်အတူ ၎င်း၏ ပုံသဏ္ဍာန် အသေးစိတ်နှင့်တကွ ဓါတ်ပုံကိုပါ ရှာဖွေပြီး မှုခင်းတပ်ဖွဲ့သို့ ပေးပို့ရမည်။ တရားခံပြေး သွားရောက်နိုင်မည့် အရပ်ဒေသများကိုပိုင် ဆိုင်သော ရဲစခန်းများ အားလုံးသို့လည်း (ပြစ်မှု ၂၈/ ရဲ ၆၂ ) ပုံစံများကိုပေးပို့ရမည်။ |
| ၉။ စုံစမ်း စစ်ဆေးခြင်း ပြုလုပ်ပြီးနောက် ပြစ်မှုမှာ လီဆယ်မှု သို့မဟုတ် တရားခံကို တရားဥပဒေနှင့် အညီဖမ်းဆီးရန် သက်သေခံ အထောက်အထားမလုံ လောက်သည့်အခါ။ | (၁) သက်သေခံမလုံလောက်လျှင် တရားခံကို အာမခံနှင့် လွှတ်၍ ခံဝန်ချုပ်ကို နောက်ဆုံး အစီရင်ခံချက်မှုရင်းနှင့်တကွ မြို့နယ် ရဲတပ်ဖွဲ့မှူးမှ တစ်ဆင့်ဥပဒေ အကြံပြုချက်ရယူပြီး ဥပဒေအရာရှိ၏ သဘောတူချက် ရရှိပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပြရမည်။ |

| အကြောင်းအရာ | လိုက်နာဆောင်ရွက်ရန်နည်းလမ်း |
|---|---|
| | (၂) အမှုမှာ လီဆယ်မှုဖြစ်ကြောင်းကို သိရလျှင် တရားခံကိုအာမခံ သို့မဟုတ် ခံဝန်ချုပ်ဖြင့် လွှတ်၍ အမှုကို မှိုးမည် ခွဲခြား ပိတ်သိမ်းနိုင်ရန် အတွက် ဥပဒေ အကြံပြုချက်ရယူကာ ခရိုင်ရဲတပ်ဖွဲ့မှူးထံ နောက်ဆုံး အစီရင်ခံချက်ပါ မူရင်းစာချုပ်နှင့် အတူ တင်ပြရမည်။ |
| ၁၀။ အမှုစုံထောက်စစ်ဆေး ပြီးစီး၍ အမှုမှန်ဖြစ်ကြောင်း ထင်ရှားသိရှိရသော်လည်း ပြစ်မှုကျူးလွန်သူ၊ သို့မဟုတ် ကျူးလွန်သူများ မည်သူဟု မသိရသည့်အခါ။ | အပိုဒ် (၁၄၃၈) နှင့် (၁၄၄၅)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နောက်ဆုံး အစီရင်ခံချက်ကို တင်ပို့ရမည်။ |

ယင်းကဲ့သို့ ဆောင်ရွက်ပြီးနောက် တရားခံကို ဖမ်းဆီးရမိသည့်အခါ စာရွက်စာတမ်းများကို အမှတ်စဉ် (၅)တွင် ဖော်ပြထားသည့်အတိုင်း တင်ပို့ရမည်။

## အခန်း (၆၇)

## အချို့အမှုများတွင် အထူးလိုက်နာဆောင်ရွက်ရန် နည်းလမ်းများ

**အရေးကြီးသော ဖြစ်မှုကြီးများ**

၁၇၅၄။ အရေးကြီးသော ဖြစ်မှုဆိုသည်မှာ အောက်တွင် ဖော်ပြထားသော ဖြစ်မှု ပုဒ်မများနှင့် သက်ဆိုင်သည့် ဖြစ်မှုများဖြစ်သည် -

(က) လူသတ်မှုများ၊ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ၃၉၆ နှင့် (၄၆၀)။

(ခ) လုယက်မှုများ၊ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ နှင့် (၃၉၄)တွင် -

(၁) ကျူးလွန်ရာ၌ သေနတ်စွဲကိုင်သောအခါ။

(၂) ကျူးလွန်ရာတွင် အတ္တုပ္ပတ္တိ လူဆိုးပါဝင်သည်ကို ယုံကြည်ရသောအခါ (အတ္တုပ္ပတ္တိ ရပ်စဲထားသော လူဆိုးနှင့် မသက်ဆိုင်)။

(၃) လုယက်ခြင်းကြောင့် ပြည်သူလူထု အထိတ်တလန့် ဖြစ်စေသော အခါ။

(ဂ) သေနတ်လက်နက်စွဲကိုင်၍ လုယက်ရန် ကြံစည် အားထုတ်မှုများ။

(ဃ) ဓားပြမှုများနှင့် ဓါးပြတိုက်ရန် ကြံစည်အားထုတ်မှု များ။

(င) ဓားပြမှု ကျူးလွန်ရန် ပြင်ဆင်မှု၊ ဖြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၉၉။

(စ) ဓါးပြတိုက်ရန် စုဝေးမှု၊ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၂။

(ဆ) လူပြန်ပေးလုပ်ရန် လူခိုးယူမှု၊

(ဇ) အာမခံ ကုမ္ပဏီကို ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ လိမ်လည်ရန် အကြံဖြင့် ကျူးလွန်သော မီးရှို့မှု

သို့မဟုတ် သဘော်မြုပ်မှု၊

(ဈ) မီးရထား အက်ဥပဒေပုဒ်မ ၁၂၆ တွင်အကျုံးဝင်သော ဖြစ်မှုများ။

**မှတ်ချက်။ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ထားသည့် အမှုကြီးများကိုလည်း အရေးကြီးသော ဖြစ်မှု (Important Crime) ဟု မှတ်ယူရမည်။**

၁၇၅၅။ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့များရှိ နယ်မြေဒေသအခြေအနေ ပေါ်မူတည်၍ သာမန်အမှုများသည်လည်း အရေးကြီးသော ဖြစ်မှုများ အဖြစ် သတ်မှတ်ထားသင့်သည်။ ဥပမာ - ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ သည် ရေနံများ သိုလှောင်ထားသည့် တားမြစ်ဧရိယာအတွင်း၌ အရေးကြီးသကဲ့သို့ နယ်စပ်ဒေသများတွင် သာမန်ခိုက်ရန်ဖြစ်ပွားမှု အသေးအဖွဲသည်လည်း တစ်ဖက်နိုင်ငံမှ စွက်ဖက်လာပါက အရေးကြီးသော အမှုဖြစ်လာနိုင်သည်။ အလားတူ ရန်ကုန်မြို့တော်အတွင်း ကျောင်းသားများ၊ ရဟန်းသံဃာများနှင့် ပတ်သက်လာပါက သာမန်အသေးအဖွဲအမှုမှ အရေးကြီးအမှုဖြစ်လာနိုင်သဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းရဲတပ်ဖွဲ့မှူးများသည် တည်ငြိမ်မှုနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းနိုင်ရန် အလို့ငှာ မိမိကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်၊ စခန်းများသို့ အရေးကြီးအမှုများဟု သတ်မှတ်ပေးနိုင်သည်။ ယင်းကဲ့သို့ သတ်မှတ်ထားသည့် အကြောင်းခြင်းရာများကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်ထံ ရှင်းလင်းတင်ပြထားရမည်။ အလားတူ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲချုပ်သည်လည်း ရဲတပ်ဖွဲ့တစ်ခုလုံးနှင့် ပတ်သက်သည့် သက်ဆိုင်ရာ နယ်မြေဒေသအလိုက် အရေးကြီးသော အမှုများကို သတ်မှတ်ပေးနိုင်သည်။ ယင်းကဲ့သို့သော နယ်မြေဒေသဆိုင်ရာ အရေးကြီးသော အမှုများ ဖြစ်ပွားပါက ပထမသတင်းပေး တိုင်ချက်ကို သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူးများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်ထံသို့ တစ်ပြိုင်တည်း အလျင်အမြန် သတင်းပို့ရမည်။

ဖြစ်စဉ်များကို သတင်းပို့သကဲ့သို့ သတင်းမပို့ဘဲ အလျှင်အမြန် သတင်းရရှိစေရန် တစ်ပြိုင်တည်း တိုက်ရိုက်ပေးပို့ခြင်း စနစ်ကို အသုံးပြုရမည်။

၁၇၅၆။ အရေးကြီးသော ပြစ်မှုဖြစ်ပွားကြောင်း ရဲစခန်းသို့ သတင်းလာရောက်ပေးသည့်အခါ ရဲစခန်းမှူးသည် သတင်းပေးချက်ကို ကိုယ်တိုင်ရေးမှတ်ယူပြီးလျှင် ဖြစ်စေ၊ သို့မဟုတ် မိမိညွှန်ကြားပေးသည့်အတိုင်း ရေးမှတ်ယူစေပြီးလျှင် ဖြစ်စေ၊ အမှုဖြစ်ပွားရာ အရပ်သို့ ချက်ချင်းသွားရောက်ရမည်။ ရဲစခန်းမှ မထွက်ခွာမီ အပိုဒ် (၁၇၆၀)တွင် ဖော်ပြထားသော အစီရင်ခံစာများကို အလျှင်အမြန်ပေးပို့ရန် ရဲစာရေးအား ညွှန်ကြားခဲ့ရမည်။ သို့သော် ရဲစခန်းမှူးသည် အမှုဖြစ်ပွားရာ အရပ်သို့ သွားရောက်ရန် နှောင့်နှေးခြင်း မရှိစေရ။ အကြောင်းတစ်ခုခုကြောင့် မိမိကိုယ်တိုင် မသွားရောက်နိုင်လျှင် မိမိလက်အောက် အကြီးဆုံး ရဲအရာရှိအား စုံစမ်းစစ်ဆေးရန် စေလွှတ်ရမည်၊ သို့မဟုတ် ရဲစခန်းမှူးသည် ရဲစခန်း၌ မရှိခဲ့သော် ၎င်းလက်အောက်အကြီးဆုံး အရာရှိသည် ရဲစခန်းမှူး၏ အမိန့်ကို နာခံရန် မစောင့်ဆိုင်းဘဲ အမှုဖြစ်ပွားရာ အရပ်သို့ ကိုယ်တိုင်သွားရောက်ရမည်။ သို့သော် မသွားမီ ရဲစခန်းမှူးထံ အမြန်ဆုံး နည်းဖြင့် အကြောင်းကြားခဲ့ရမည်၊ မည်သည့်အကြောင်းကြောင့်မျှ နှောင့်နှေးခြင်း မရှိစေရမည့်ပြင် မိမိလက်အောက်အရာရှိသို့ စုံစမ်းစစ်ဆေးခြင်းကို ထပ်မံမလွှဲအပ်ရ။

၁၇၅၇။ ××××××××××××××××××××××××××××××××××။

၁၇၅၈။ မည်သည့်အခါမဆို တတ်နိုင်လျှင်အခြား အရေးကြီးသော အလုပ်ဝတ္တရားများကို နှောင့်ယှက်ခြင်း မဖြစ်လျှင် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့သည် အရေးကြီးသော ပြစ်မှုကြီး ဖြစ်ပွားကြောင်း သတင်းရရှိပါက ဖြစ်ပွားရာ အရပ်သို့ ချက်ချင်းသွားရောက်ရမည်။ သို့သော်လည်း ၎င်းတို့မှာ အမြဲအားဖြင့် အမှု

စုံထောက်စစ်ဆေးခြင်းကို ကိုယ်တိုင်မဆောင်ရွက်ဘဲ ကြီးကြပ်အုပ်ချုပ်အကြံ ဉာဏ်ပေး၍ ဆင့်ဆိုရုံမျှသာ ဆောင်ရွက်ပြီးလျှင် အမှုစုံထောက် စစ်ဆေးခြင်း ကိစ္စကို တတ်စွမ်းသလောက်အမှုစုံထောက် စစ်ဆေးသူအရာရှိနှင့် လွှဲထားရမည်။ စုံထောက်စစ်ဆေးသူ အရာရှိတို့ စုံထောက်စစ်ဆေးမှုကို နေရာတကျ ထမြောက် အောင်မြင်စွာ ဆောင်ရွက်စေရန် အားလုံးမလွှဲအပ်နိုင်ဟု ထင်မြင်မှသာ ၎င်းမြို့နယ်ရဲတပ်ဖွဲ့မှူးက စုံထောက်စစ်ဆေးခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် ၎င်းတို့၏လက်သို့ စုံထောက်စစ်ဆေးမှုကို လွှဲယူရန် သင့်လျှင် လွှဲယူရမည်။ ခရိုင်ရဲတပ်ဖွဲ့ မှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ တင်ပြချက်အပေါ် မူတည်၍ အခင်းဖြစ်ရာ အရပ်သို့ လိုအပ်ပါက ချက်ချင်းသွားရောက်ရမည်။ ဆိုင်ရာ လက်အောက်အရာရှိသို့ ရရှိသည့် သတင်းကွင်းဆက်များကို လိုက်လံ စုံထောက်စေရန် ၎င်းတို့ကိုနည်း လမ်းတကျ ညွှန်ပြကူညီရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဖြစ်မှုဖြစ်ပွားရာအရပ်သို့ စစ်ဆေးကြည့်ရှုရန် ရောက်ရှိသောအခါ ၎င်းတို့ မည်ကဲ့သို့ အရေးယူဆောင်ရွက်သည်။ စုံထောက် အရာရှိတို့အား မည်ကဲ့သို့ ညွှန်ကြားသည်ကို ရေးမှတ်ထားရမည်။

၁၃၅၉။ အမှုစုံထောက် စစ်ဆေးသည့်အရာရှိမှာ " အမှုနေ့စဉ်မှတ်တမ်း" လက်ခံတစ်စောင်ကို နေ့စဉ်ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ တိုက်ရိုက်တင်သွင်းရမည်။ အမှုစုံထောက်စစ်ဆေးသည့် အရာရှိမှာ ရဲစခန်းမှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့ မှူးက တာဝန်ပေးသော ပြန်တမ်းဝင်အရာရှိဖြစ်လျှင် မိမိတို့၏အမှု နေ့စဉ်မှတ်တမ်း များကို ရဲစခန်းအမှုတွဲတွင် ထားရှိရန် ပေးပို့ပြီးလျှင် အပိုလက်ခံတစ်စောင်ကို ခရိုင်ရဲတပ်ဖွဲ့မှူးထံတိုက်ရိုက်တင်သွင်းရမည်။ ရဲစခန်းမှူးသည် မြို့နယ် ရဲတပ်ဖွဲ့မှူးထံသို့ အပို မိတ္တူတစ်စောင်ကိုလည်း ပေးပို့ရမည်။ အမှုနေ့စဉ် မှတ်တမ်းများတွင် ပထမ သတင်းပေးတိုင်ချက် အမှတ်နှင့် အရေးကြီးသော အမှုကြီးများ၏ အမှတ်စဉ်များ ပါရှိစေရမည်။

ဝန်ကြီးဌာနမှ ထုတ်ပြန်သော ရပ်ကွက်/ကျေးရွာလူကြီးများ လက်စွဲနည်းလမ်းများအရ ရပ်ကွက်/ကျေးရွာများ၏ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အရေးကြီးအမှုကြီးများဖြစ်ပွားပါက ရပ်ကွက်/ကျေးရွာများ၌ နေထိုင်ကြသော ပြည်သူလူထုကို ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်စေရန် သက်ဆိုင်ရာ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကွက်/ကျေးရွာလူကြီးများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန် တာဝန်ဝတ္တရားရှိသည်။

၁၇၆၀။ အရေးကြီးသော ဖြစ်မှုများတွင် အမှုအကြောင်းအရာ အကျဉ်းချုပ်ကို အောက်ပါအရာရှိများထံ ကြိုးမဲ့ကြေးနန်း/ စကားပြောကြေးနန်းများဖြင့် အမြန်ဆုံး ဆောလျင်စွာ အကြောင်းကြားရမည် -

(က) မြို့နယ်ရဲတပ်ဖွဲ့မှူး။
(ခ) ခရိုင်ရဲတပ်ဖွဲ့မှူး။
(ဂ) ပြည်နယ်/ တိုင်း ရဲတပ်ဖွဲ့မှူး။

မှတ်ချက် (၁) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ဦးစီး (၁)ဌာနသို့ နိုင်ငံတော်နှင့် ဆိုင်သည့်ကိစ္စရပ်များ၊ ဖြစ်မှုများနှင့် ဆက်စပ်၍ အရေးကြီးသော ထူးခြားဖြစ်စဉ်များရှိပါက အမြန်ဆုံး တိုက်ရိုက်ပေးပို့ရမည်။

(၂) မှုခင်းတပ်ဖွဲ့သို့ ပထမသတင်းပေး တိုင်ချက် မိတ္တူကို ပေးပို့ရမည်။

၁၇၆၁။ အရေးကြီးသော ဖြစ်မှုကြီးဖြစ်ပွားကြောင်း နောက်ထပ် အစီရင်ခံစာ (ဖြစ်မှု ၁၁/ရဲ ၂၄) ပုံစံများကို အမှုစစ်ဆေးသူ အရာရှိက ရဲစခန်းမှူးသို့ တင်သွင်း၍ ရဲစခန်းမှူးက မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်/ တိုင်း ရဲတပ်ဖွဲ့မှူးများသို့ စဉ်ဆက်မပြတ် အောက်ပါအတိုင်း အစီရင်ခံရမည်-

(က) ဖြစ်မှုနှင့် သက်ဆိုင်သည့် အရပ်ရပ်အကြောင်းအရာများကို သိလျှင် သိချင်း၊
(ခ) အမှုကို စုံထောက်၍ ရရှိသောအခါ၊
(ဂ) စစ်ဆေးစီရင်၍ ပြီးပြတ်သည့်အခါ၊ သို့မဟုတ်၊
(ဃ) နောက်ဆုံးအစီရင်ခံစာကို တင်သွင်းသောအခါ၊
(င) ဖြစ်မှုထင်ရှားဖြစ်စေသည့်အချက်ကို အထက်တရားရုံးက အပြစ်မရှိဟု အမိန့်ချမှတ်လျှင် ထိုတရားရုံးမှ အမိန့်ကိုရသည့် အခါ တင်သွင်းရမည်။

၁၇၆၂။ ဤကဲ့သို့ နောက်ထပ်ထပ်မံတင်သွင်းသည့် အမှုကြီး အစီရင်ခံစာများတွင် ပထမသတင်းပေးတိုင်ချက် အမှတ်အပြင် ပထမ၊ ဒုတိယ၊ တတိယ၊ နောက်ထပ် အစီရင်ခံစာများ ပို့သည့်အခါ က၊ ခ၊ ဂ စသည့်အက္ခရာများ အစဉ်လိုက်ပါရှိစေရမည်။ အရေးကြီးသော ဖြစ်ရပ်ကြီးများ၏ ပထမသတင်းပေးတိုင်ချက်များနှင့် နောက်ထပ် အစီရင်ခံစာများကို ရဲစခန်းက ပို့သောအခါ "အလျင်အမြန်"ဟု ရိုက်နှိပ်ထားသော စာအိတ်တွင် အခြားမည်သည့်စာမျှ မထည့်ဘဲ၊ ၎င်းပထမသတင်းပေးတိုင်ချက်နှင့် နောက်ထပ်အစီရင်ခံစာများသာ ထည့်၍ ပို့ရမည်။

အမှုကြီးများဖြစ်ပွားမှုပြ မြေပုံများ

၁၇၆၃။ နိုင်ငံတော်က သတ်မှတ်သည့် အမှုကြီးများအလိုက် ရဲစခန်းအသီးသီးတွင် ထားရှိရမည်။ အမှုကြီးများ အလိုက် အရောင်ခွဲခြားထားသည့် အလုံများဖြင့် ဖော်ပြရမည်။ အလုံများ၏ တစ်ဘက်တွင် ပထမသတင်းပေးတိုင်ချက်အမှတ်နှင့် အခြားတစ်ဘက်တွင် အခင်းဖြစ်ပွားသည့် နေ့ရက်ပါရှိရမည်။ အမှုများ ဖြစ်ပွားရာ အရပ်သို့ ညွှန်ပြသည့် အလုံကို တရားခံနေထိုင်ရာအရပ်မှ

အပ်ချည်ကြိုးဖြင့် ဆက်သွယ် ဖော်ပြရမည်၊ တရားခံနေထိုင်ရာအရပ်သည် ခရိုင်ပြင်ပတွင် တည်ရှိလျှင် ရွာအမည်ပါရှိသော အလံကို ခရိုင်နယ်နိမိတ်ပြင်ပတွင် စိုက်ထူပြီးနောက် အခင်းဖြစ်ပွားရာအရပ်သို့ ညွှန်ပြသော အလံနှင့်ဆက်၍ ညွှန်ပြရမည်။ အမှုများ ကို လိုဆယ်မှု၊ မှားယွင်းမှု၊ သို့မဟုတ် အရေးမယူပိုင်မှု သတ်မှတ်သည့် အခါ အလံများကို ပြစ်မှုပြ မြေပုံမှ ဖယ်ရှားရမည်၊ ပြစ်မှုပြမြေပုံကို ရဲစခန်းတွင် ကြီးသောစကေးဖြင့် ရေးဆွဲထားရမည်။

## ထိခိုက်နာကျင်စေသည့် အမှုများနှင့် မုဒိမ်းမှုများ

၁၇၆၄။ ထိခိုက် ဒဏ်ရာရရှိသည့် တရားလိုတို့ကို အနီးဆုံး တိုက်နယ်ဆေးရုံသို့မဟုတ် မြို့နယ် ဆေးရုံသို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ပို့ရမည်၊ လူနာ၏ အခြေအနေအရ ရှေးဦးသူနာပြုနည်းဖြင့် ပြုစုထားရှိသည့်အပြင် လူနာ၏ အသက်ကို ကယ်နိုင်ရန် ကျေးရွာရှိ အစိုးရအသိအမှတ်ပြု ကျန်းမာရေးဝန်ထမ်း တစ်ဦးဦးနှင့် ဦးစွာပြသရန် လိုအပ်ပါက ပြသစေရမည်။ သို့သော် ဒဏ်ရာ၏ အခြေအနေနှင့် ကိုက်ညီသည့် တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံ၊ သို့မဟုတ် မှုခင်းဆရာဝန် ရှိရာ ပြည်နယ်/တိုင်းဆေးရုံများသို့ အလျင်အမြန် ပို့ဆောင်ရန် အခြေအနေ ရှိပါက အလျင်အမြန် ပို့ဆောင်ကုသဆေးမှတ်ချက်ရယူရမည်။ အကယ်၍ ဒဏ်ရာမှာ ကြီးကျယ်ပြီး သေမည်ရှင်မည်ကို မသိနိုင်သည့်အခါ၊ လူနာကို အနီးဆုံးဆေးရုံ/ ဆေးခန်းသို့ ပို့ဆောင်ရန်လည်း အခက်အခဲရှိသည့် အခါ အခင်းဖြစ်ပွားရာ အရပ်တွင် လက်မှတ်ရ ဆရာဝန်သို့မဟုတ် ကျန်းမာရေးမှူးရှိလျှင် ၎င်းတို့ကို လူနာအား အရေးပေါ်ကုသပေးရန် တောင်းဆိုရမည်။ ထို့နောက်ယင်းလူနာ ကို အနီးဆုံး ဆေးရုံ/ဆေးခန်းသို့ ပို့ဆောင်ပေးရမည်။ မည်သည့် အကြောင်း ကြောင့်နှင့်မျှ ပထမသတင်းပေးတိုင်ချက် ရေးသားရယူရန် ဖြစ်စေ၊ အခြား ကိစ္စတစ်စုံတစ်ရာအတွက်ဖြစ်စေ၊ ၎င်းလူနာကို ဦးစွာပထမ ရဲစခန်းသို့ ယူဆောင်ခြင်း မပြုရ၊ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ဆေးဝါးကုသခြင်း ခံစေရမည်။

၁၇၆၅။ အမိန့်ပေးနိုင်ခွင့် ရှိသော ရဲအရာရှိတစ်ဦးတစ်ယောက်က ဒဏ်ရာ အပြင်းအထန်ရရှိသော သူများကို အခင်းဖြစ်ပွားရာ အရပ်မှ ဆေးရုံသို့ ပို့ရန်သော်လည်းကောင်း၊ သို့မဟုတ် ထိုဒဏ်ရာရရှိသူ၏ ဆွေမျိုးများနှင့် အခြား သူများက ရဲစခန်းသို့ ယူဆောင်လာ၍ ရဲစခန်းမှ ဆေးရုံသို့ ပို့ရန်သော်လည်းကောင်း၊ အမိန့်ကို ပေးက ဆေးရုံသို့ ပို့သော ကုန်ကျစရိတ်များကို ရဲစခန်းက ကျခံရမည်။ ရဲတပ်ဖွဲ့မှ အသုံးပြုသော ပို့ဆောင်ခြင်းမှာ ပို့ဆောင်မှု ပို့ဆောင်စဉ်အတိုင်း ပြုရမည်။ ပို့ဆောင်ရသည့် စရိတ်ငွေကြေးမှာလည်း ထိုရပ်ရွာ ဒေသထုံးစံနှုန်း အတိုင်း သို့မဟုတ် ခွင့်ပြုမိန့်နှုန်းအတိုင်း ပေးရမည်။ ရဲအရာရှိ၏ အမိန့်တစ်စုံ တစ်ရာ မရဘဲ ဒဏ်ရာအပြင်းအထန် ရရှိသူများကို ၎င်းတို့၏ ဆွေမျိုးများ၊ သို့မဟုတ် အခြားသူများက ဆေးရုံသို့ သို့မဟုတ် ရဲစခန်းသို့ သယ်ပိုးယူဆောင်လာ က စရိတ်ငွေကြေးများ ထုတ်မပေးရ။

၁၇၆၆။ ဒဏ်ရာရရှိသူကို ဆေးရုံသို့ ယူဆောင်လာသော ရဲတပ်ဖွဲ့ဝင်တို့အား ဆေးရုံကို ကြီးကြပ်အုပ်ချုပ်သူ ဆေးဘက်ဆိုင်ရာ အရာရှိသို့ ပေးအပ်ရန် (ပြစ်မှု ၃၈/ ရဲ ၇၅) ဆေးစာပုံစံ တစ်စောင်ကို အပြည့်အစုံ ရေးသွင်းပြီး ပေးအပ်လိုက် ရမည်။ အကယ်၍ ဒဏ်ရာအလွန်ကြီးကျယ်ပြင်းထန်သဖြင့်၊ ဆေးရုံသို့ ပို့ရန် လမ်းခရီးမှာပင် သေဆုံးလိမ့်မည်ဟု ထင်မြင်က ၎င်းဒဏ်ရာရရှိသူ သို့မဟုတ် ၎င်း၏ ဆွေမျိုးများ၏ သဘောတူညီချက်ရမှသာလျှင် ဆေးရုံသို့ ပို့ရမည်။ ဒဏ်ရာရရှိသူသည် သတိမရဘဲရှိနေသည့်အခါနှင့် ၎င်း၏ ဆွေမျိုးများ ရှာမတွေ့သည့်အခါများတွင် ရဲတပ်ဖွဲ့ဝင်တို့က စဉ်းစားဆင်ခြင်၍ လုပ်ဆောင် ရာသည်။ ဆေးရုံသို့ ပို့လျှင် လမ်းတွင် သေဆုံးမည်ထင်မြင်က ဆေးရုံသို့ မပို့ရ၊ ဆေးရုံသို့ ပို့မှသာလျှင် ရှင်နိုင်ဖွယ်ရာရှိလျှင် ပို့ရမည်။

၁၇၆၇။ အကယ်၍ ဒဏ်ရာရရှိသူတစ်ဦးတစ်ယောက်ကို စစ်ဆေး ကြည့်ရှုရ ၍ ဖြစ်စေ၊ သေဆုံးပြီးနောက်၊ အလောင်းကို ခွဲစိတ်ကြည့်ရှုရ၍ ဖြစ်စေ၊

ဝေးကွာသော အရပ်တွင် နေထိုင်သော ဆေးဘက်ဆိုင်ရာ အရာရှိကို တရားရုံး
သို့ ဆင့်ခေါ်စစ်ဆေးလျှင် ၎င်း၏အလုပ်ဝတ္တရား အနှောင့်အယှက် ဖြစ်မည်ဟု
ထင်မြင်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၀၉ တွင် ပြဋ္ဌာန်းချက်
များအရ ၎င်းအရာရှိအား ၎င်းနေရပ်ရှိ တရားသူကြီးတစ်ဦးဦးက တရားခံ
ရှေ့တွင် စစ်ဆေးရန် လျှောက်ထားရမည်။ လူသတ်မှုများတွင် အလောင်းကို
ဆေးရုံသို့ ယူဆောင်လာသူ ရဲတပ်ဖွဲ့ဝင်ကို မည်သူမည်ဝါ၏ အလောင်း
ဖြစ်ကြောင်း သက်သေခံရန်အတွက် သက်သေစာရင်းတွင် ထည့်သွင်းရမည်။
သေဆုံးသူကို သိရှိ၍ အလောင်းကို ရဲတပ်ဖွဲ့ဝင်လက်သို့ ပေးအပ်သော
ရွာသားတို့ကို၊ သက်သေခံချက် ပြည့်စုံအောင် ဆင့်ခေါ်ရန်လိုလျှင်လည်း
ခေါ်ရမည်။

၁၇၆၈။ အရေးကြီးသည့် ပြစ်မှုကြီးများတွင် တရားလိုဖြစ်စေ၊ လိုရင်း
ဖြစ်သော အရေးကြီးသည့် သက်သေဖြစ်စေ၊ အပြင်းအထန် ဖျားနာ၍ မကျန်း
မမာ ဖြစ်နေသောကြောင့် ခရီးမသွားလာနိုင်သည့်အခါသော်လည်းကောင်း၊
ဆေးရုံသို့ ပို့ခြင်းကို ငြင်းဆန်သည့်အခါသော် လည်းကောင်း၊ (တရားခံအချုပ်၌
ရှိလျှင်) ရဲတပ်ဖွဲ့ဝင်တို့က ၎င်းတရားခံကို ထပ်မံချုပ်ထားရန် ရီမန်အမိန့်
တောင်းခံ၍ ဆိုခဲ့သည့်တရားလို၏ အစစ်ခံချက် သို့မဟုတ် သက်သေ၏ အစစ်
ခံချက်ကို တရားခံ၏ ရှေ့တွင် ၎င်းတရားလို သို့မဟုတ် သက်သေများထံသို့
ကိုယ်တိုင်လာရောက်ပြီးလျှင် ရေးမှတ်ယူပါမည့်အကြောင်းနှင့် စီရင်ခွင့်အာဏာရ
တရားသူကြီးထံ လျှောက်ထားရမည်။

၁၇၆၉။ သို့သော်လည်း တရားသူကြီးရှေ့ ထိခိုက်နာကျင်ဒဏ်ရာရရှိ သူ၊
သွားရောက်နိုင်အောင် ကျန်းမာခြင်း မရှိမီအတွင်း ထပ်မံချုပ်ထားရန်
ရီမန်အမိန့်ကို တောင်းခံ၍ အမှုကို ဆိုင်းထားရန် အလိုရှိမြဲမဟုတ်။ တရားခံနှင့်
သက်သေတို့ကို အမြဲအားဖြင့် ရုံးသို့ တင်ပို့၍ တရားသူကြီးက အကြောင်း

အားလျော်စွာ စဉ်းစားဆင်ခြင်၍ နောက်ထပ်ကြားနာစစ်ဆေးရန် နေ့ရက်ကို ချိန်းဆိုသတ်မှတ်စေရမည်။ ဒဏ်ရာရရှိသူ သေဆုံးသည့်အခါ ပြစ်မှုနှင့် သက်ဆိုင်သည့် စုံစမ်းစစ်ဆေးရင်း အရပ်ရပ် သဘောသရုပ်အလုံးစုံကို ပြောင်းလဲမည် ဖြစ်သည့်အတိုင်း ၎င်းသူ သေဆုံးမည် သို့မဟုတ် ပြန်၍ ကျန်းမာမည်ကို သံသယဖြစ်သည့်အခါ ဆိုခဲ့သည့်နည်းလမ်း၏ ခြွင်းချက်အဖြစ် သင့်သလို ဆောင်ရွက်အပ်သည်။

၁၇၇၀။ သက်သေခံရန် အလို့ငှာ မိန်းမတစ်စုံတစ်ယောက်၏ ကိုယ်ကို ဆေးဘက်ဆိုင်ရာ အရာရှိက စစ်ဆေးကြည့်ရှုရန် သင့်သည်ဟု ထင်မြင်သည့် အချက်အရပ်ရပ်တွင် ၎င်းမိန်းမ၏ သဘောတူညီချက်ကို တနှင့်ရေးသားပြီးလျှင် စီရင်ခွင့် အာဏာရတရားသူကြီး၏ အမိန့်များကို ရှေးဦးစွာ မရရှိဘဲ ၎င်းမိန်းမကို စစ်ဆေးကြည့်ရှုခံစေရန် မပို့ရ။ မုဒိမ်းမှုတွင်ဖြစ်စေ၊ မုဒိမ်းပြုကျင့်သည် ဆိုသည့် အမှုတွင်ဖြစ်စေ၊ ပြစ်မှုထင်ရှားစေရန် ဆေးဘက်ဆိုင်ရာ အရာရှိ စစ်ဆေးကြည့်ရှုလျှင် နိုင်လုံမည့်အကြောင်းကို ပြုကျင့်ခံရသည် မိန်းမအား ပြောပြရမည်။ ဤကဲ့သို့ ပြောပြလျက် စစ်ဆေးကြည့်ရှုခြင်းကို မခံလိုကြောင်း ငြင်းဆိုလျှင် တစ်စုံတစ်ရာ ပြုရန်မလို။ အခြားသက်သေခံချက်များကိုသာ စုဆောင်းရန် လိုသည်။ အကယ်၍ ၎င်းမိန်းမ၏ သဘောတူညီချက်ကို ရရှိလျှင် ၎င်းသဘောတူညီချက်ကို သက်သေတို့ရှေ့တွင် မှတ်သားပြီး စီရင်ခွင့်အာဏာရ တရားသူကြီးထံ ပေးပို့မည့် အစီရင်ခံစာနှင့်အတူ တင်သွင်းရမည်။ ၎င်းမိန်းမကိုယ်ကို ဆရာဝန်ကြည့်ရှုစစ်ဆေးနိုင်ရန် အမိန့်ပေးသင့်၊ မပေးသင့် ဆုံးဖြတ်ရန်မှာ ၎င်းတရားသူကြီးနှင့်သာ သက်ဆိုင်သည်။

မှတ်ချက်။ အပိုဒ် (၁၇၇၀)တွင် အသုံးပြုသည့် 'ကိုယ်' ဆိုသည့် စကားမှာ ဖော်ပြလျှင် မိန်းမတို့၏ ကာယိန္ဒြေကို ဖျက်စေမည့် ကိုယ်အင်္ဂါအစိတ် အပိုင်းနှင့်သာ သက်ဆိုင်သည်။

၁၇၇၁။ **စစ်ဆေးကြည့်ရှုခံရန်** ရှိသူသည် တရားဝင်အရွယ်သို့ မရောက်သေးသူဖြစ်လျှင်၊ ၎င်းအား အုပ်ထိန်းသူ သို့မဟုတ် တရားဥပဒေနှင့်အညီ ကြည့်ရှုစောင့်ရှောက်ရသည့် အခြားသူ၏ သဘောတူညီချက်ကို ဆိုခဲ့သည့်နည်း အတိုင်း ရရှိစေရမည်။

၁၇၇၂။ **စစ်ဆေးကြည့်ရှုခြင်း** မခံလိုကြောင်းနှင့် ငြင်းဆိုသည့် အချက် ကို သေချာစွာ မှတ်တမ်းတင်ထားရမည်။ ထိုသို့ ငြင်းဆိုသည့် အခြင်းအရာများကို ထောက်ရှု၍ အပြစ်ရှိ မရှိကို တရားသပြင့်ဖြစ်စေရန်အတွက် တရားသူကြီး က ကောက်ယူဆုံးဖြတ်ရန် ဝတ္တရားရှိသည်။

**ဓာတ်ရာအနာတရ ဖြစ်သူတို့အား စမ်းသပ်စစ်ဆေးရန်နှင့် ပြစ်မှုများတွင် သေဆုံးသူတို့၏ အလောင်းကို ခွဲစိတ်စစ်ဆေးခြင်းများ**

၁၇၇၃။ ဒဏ်ရာ အနာတရ ဖြစ်သူတို့အား စမ်းသပ်စစ်ဆေးရာနှင့် သေဆုံးသူ၏ အလောင်းကို ခွဲစိတ်စစ်ဆေးရာတွင် အောက်ပါနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) တရားဥပဒေအရ ဆေးဘက်ဆိုင်ရာ ဌာနမှ စမ်းသပ်စစ်ဆေးရန် လိုအပ်မည့် ဒဏ်ရာအနာတရ ရရှိသူများနှင့် ခွဲစိတ် ကြည့်ရှုစစ်ဆေးရန် လိုအပ်မည့် လူသေအလောင်းများကို အနီးဆုံးဆေးရုံသို့ ပို့ရမည်။

(ခ) ထိုသို့ ပို့ဆောင်ရာတွင် မည်သည့်အတွက် စစ်ဆေးကြည့်ရှုလိုကြောင်းနှင့် ဒဏ်ရာအနာတရ ရရှိမှုများတွင် မည်ကဲ့သို့ ဒဏ်ရာအနာတရရှိကြောင်းများကို အကျယ်ဖော်ပြ၍ (ပြစ်မှု ၃၈/ရဲ ၇၅) ဆေးစာပုံစံကို စစ်ဆေးကြည့်ရှုခံမည့်သူ သို့မဟုတ် လူသေအလောင်းနှင့်အတူ ပေးပို့ရမည်။

(ဂ) ဆေးရုံသို့ ရောက်ရှိသည့်အချိန်မှာ အချိန်မတော်ပင် ဖြစ်သော်လည်း တရားဥပဒေအရ ဆေးဘက်ဆိုင်ရာ ဌာနမှ ကြည့်ရှုစစ်ဆေးခြင်းကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ ကြည့်ရှုစစ်ဆေးရမည်။

(ဃ) ဒဏ်ရာရရှိသူ၏ အခြေအနေမှာ သတိလစ်ဟင်း၍ သော်လည်းကောင်း၊ သေဖွယ်ရာအကြောင်းရှိ၍ သော်လည်းကောင်း၊ အသက်စိုးရိမ်ဖွယ်ရာရှိလျှင် အနီးဆုံးရှိ တရားသူကြီးအား သေခါနီးအစစ်ခံချက်ရယူပေးရန် တောင်းဆိုရမည်။ တရားသူကြီး မရောက်ရှိမီ လူနာသည် သေဆုံးရန်သော် လည်းကောင်း၊ သတိလစ်ဟင်းရန်သော်လည်းကောင်း၊ အကြောင်းများ ရှိခဲ့သော် ဆရာဝန်သည် သက်သေများရှေ့တွင် မိမိကိုယ်တိုင် လူနာ၏ အစစ်ခံချက်ကို လူနာပြောသည့် စကားအတိုင်း သတိထား၍ ရေးမှတ်ယူရမည်။ အစစ်ခံချက်တွင် လူနာကို လက်မှတ်ရေးထိုးစေပြီး ဆရာဝန်နှင့် သက်သေတို့ကလည်း ဟုတ်မှန်ကြောင်း လက်မှတ်ရေးထိုးရမည်။ ဤကဲ့သို့ မပြုလုပ်နိုင်ခဲ့လျှင် အစစ်ခံချက်ကို ရေးသားသူနှင့် သက်သေများက လက်မှတ်ရေးထိုးရမည်။ ထိုအစစ်ခံချက်ကို တရားသူကြီးထံသို့ မပျက်မကွက် ပေးပို့ရမည်။

(င) မုဒိမ်းမှုများနှင့် အခြားကိလေသာရာဂမှုများ၊ လူကို သွေးဆောင်ခေါ်ငင်မှုများ၊ ကိုယ်ဝန်ပျက်ကျမှုများ၊ စသည်တို့တွင် သက်ဆိုင်သူများကို စစ်ဆေးရန် လိုအပ်သည့်အခါ စစ်ဆေးခံ မည့်သူ သဘောတူညီချက်ကို သက်သေတစ်ဦး

သို့မဟုတ် အများရှေ့တွင် ရယူပြီးမှသာ ဆေးဆရာဝန်က စစ်ဆေးရမည်။ ထိုသို့ သဘောမတူဘဲနှင့် စစ်ဆေးခြင်းသည် လက်ရောက်မှု ကျူးလွန်ရာရောက်သည်။ ဆေးဆရာဝန်သည် မိမိကိုယ်ကို ကာကွယ်ရန် သက်သေအဖြစ် အမှုနှင့် မသက်ဆိုင်သည့် ဂုဏ်သရေရှိ မိန်းမကြီးတစ်ဦး သို့မဟုတ် ပိန်းမများကို စစ်ဆေးရာတွင် ရှိနေစေရန် စီစဉ်ရမည်။ အသက်မပြည့် သေးသူများ အမှုတွင် ၎င်းတို့အား တရားသဖြင့် အုပ်ထိန်းသူများ၏ သဘောတူညီချက်ကို စမ်းသပ်စစ်ဆေးခြင်း မပြုမီ မပျက်မကွက် ရယူရမည်။

**စစ်မှုထမ်းတို့က နိုင်ငံသားတစ်ဦးဦးအပေါ် လက်ရောက်မှုကျူးလွန်၍ သေဆုံးရသည့် အမှုများ**

၁၇၇၄။ စစ်မှုထမ်းများကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက်၏ အသက်ဆုံးရှုံးသည်ဟု မသင်္ကာရန်အကြောင်း ယုတ္တိရှိသည့် အမှုအရပ်ရပ်ကို ပြန်တမ်းဝင် အရာရှိမြို့နယ်ရဲတပ်ဖွဲ့မှူးထက် မနိမ့်သောအရာရှိက စစ်ဆေးမေးမြန်းရမည်။ တရားသူကြီးအနေဖြင့် စစ်ဆေးမည်ဆိုပါက အမှုထမ်းအရည်အချင်းနှင့် ပြည့်စုံသူအဆင့် (၃) တရားသူကြီးထက် မနိမ့်သော မြို့နယ်တရားသူကြီးကဖြစ်စေ၊ ခရိုင်တရားသူကြီးကဖြစ်စေ ဆောင်ရွက်ရမည်။ ၎င်းသူများကို စွဲဆိုသည့်အခါ နိုင်ငံတော်ရှေ့နေချုပ်၏ တာဝန်ပေးအပ်ခြင်းခံရသော ဥပဒေအရာရှိက လိုက်ပါဆောင်ရွက်ရမည်။ စစ်ဘက်ဆိုင်ရာ အရာရှိတို့၏ အကူအညီ အထောက် အပံ့ကို ရယူ၍ စစ်ဆေးရန် လိုအပ်မည့် စစ်မှုထမ်းများကို ဆောလျင်စွာဖြင့် ပြည့်စုံစွာ စစ်ဆေးမေးမြန်းရန် အရေးကြီးပေသည်။ လူသေအလောင်းကို ဆရာဝန်ကိုယ်တိုင် စစ်ဆေးရမည်။

၎င်းအကြောင်းကို ဆရာဝန်က သတိပြုနိုင်စေရန် ဆရာဝန်ကိုယ်တိုင် စစ်ဆေးရမည့် အမှုဖြစ်ကြောင်း ထင်ရှားစေလောက်သည့် အကြောင်း သတင်းကို ရဲတပ်ဖွဲ့ဝင်တို့က ဆရာဝန်ထံ အကြောင်းကြားရမည်။ ဆိုခဲ့သည့် အချက်ကို သဘောပေါက်ပြီးလျှင် ရဲစခန်းမှူးက လူသေအလောင်းကို ဆေးရုံသို့ ပို့သည့်အခါ အလောင်းနှင့်အတူ ပို့သည့် ဆေးစာပုံစံတွင် " စစ်မှုထမ်း များက ကျူးလွန်သည့် လက်ရောက်မှု ဆရာဝန် သတိပြုစေလိုသည်" ဆိုသည့် စကားကို မင်နီဖြင့် မြင်သာအောင် ရေးသားရမည်။ စစ်မှုထမ်းများကို ဖမ်းဆီး မှုနှင့် စပ်လျဉ်း၍ မည်သို့ လိုက်နာဆောင်ရွက်ရမည့်အကြောင်းနှင့် အပိုဒ် (၁၃၃၅) တွင် သတ်မှတ်ချက် ပါရှိသည့် နည်းလမ်းနှင့် သေမှုသေခင်း စစ်ဆေး ခြင်းနှင့် စပ်လျဉ်းသည့် အခန်း (၆၀)တွင်ပါရှိသည့် နည်းလမ်းများကိုလည်း အလေး ဂရုပြုစေလိုသည်။

**စစ်ဘက်ဥပဒေကို လိုက်နာရသူတစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေတွင် ပါရှိသော ပြစ်မှုများဖြင့် စွဲဆိုရန်ရှိသော အမှုများ**

၁၃၃၅။ စစ်ဘက်ဥပဒေ ကို လိုက်နာရသူတစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေတွင် ပါရှိသော ပြစ်မှုများဖြင့် စွဲဆိုရန်ရှိသော အမှုများကို အောက်ပါ အတိုင်း ဆောင်ရွက်ရမည် -

(က) ၁၉၅၉ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၂အရ စစ်ဘက်ဥပဒေလိုက်နာရသူ တစ်ဦးတစ်ယောက်ကို ပြစ်မှုဆိုင်ရာ ဥပဒေတွင် ပါရှိသော ပြစ်မှု တစ်ရပ်ရပ်ဖြင့် စွဲဆိုရန် ရှိသောအခါ ၎င်းပြစ်မှုကို စစ်တရားရုံးတစ်ခုခုက စစ်ဆေးနိုင်ခွင့် မရှိသည့်အခါ ဖြစ်စေ၊ သို့မဟုတ် စစ်ဆေးနိုင်ခွင့် ရှိသော်လည်း သက်ဆိုင်ရာ စစ်ဘက် အာဏာပိုင်က ဤကဲ့သို့ မစစ်ဆေးရန် ဆုံးဖြတ်ခဲ့လျှင်ဖြစ်စေ၊ နယ်ဘက်ဆိုင်ရာ

အရာရှိများက တရားခံကို လွှဲအပ်ပေးရန် တောင်းခံသော အခါ မြို့နယ် ရဲတပ်ဖွဲ့မှူးထက် မနိမ့်သော ရဲအရာရှိက မည်သည့် အကြောင်းကြောင့် လွှဲအပ်ရန် အလိုရှိကြောင်းများ ကို ရေးသား ပြီးလျှင် တောင်းခံချက်စာကို သက်ဆိုင်ရာ စစ်ဘက်အာဏာ ပိုင်ထံ ပေးပို့ရမည်။ အရေးမယူပိုင်သော ဖြစ်မှုများတွင် ဤကဲ့သို့ တောင်းခံချက်ပြုလုပ်သော ရဲအရာရှိမှာ တရားသူကြီး တစ်ဦးဦး၏ လက်မှတ်ရေးထိုး ထားသည့် ဝရမ်းစာ ရရှိရမည်။ ဤကဲ့သို့ တောင်းခံခြင်းကို အနည်းဆုံး မြို့နယ်ရဲတပ်ဖွဲ့မှူးထက် မနိမ့်သော ရဲအရာရှိ က ဆောင်ရွက်ရမည်။

( ခ ) ဤကဲ့သို့ တောင်းဆိုချက်ကို စစ်ဘက်ဥပဒေအရ အကျုံး ဝင်သော သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်၊ ရေတပ်/ လေတပ် စခန်းဌာန ချုပ်များသို့ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့ မှူးများမှ တစ်ဆင့်တင်ပြတောင်းခံရမည်။ မိတ္တူကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်သို့ ပေးပို့ရမည်။

**မှတ်ချက်။** ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်မှုထမ်း ဖြစ်ခဲ့လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ စစ်ရေးချုပ်ရုံး သို့ တင်ပြတောင်းခံရမည် ဖြစ်၍ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့များမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြ ရမည်။

( ဂ ) ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေပုဒ်မ ၇၀ နှင့် ၇၂ တို့တွင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်နိုင်ခွင့် မရှိဘဲ နယ်ဘက် တရားရုံးသို့ လွှဲအပ်ပေးရမည့် အမှုများကို ပြဋ္ဌာန်းထား ပါသည်။

**နိုင်ငံခြားတွင် ပြစ်မှုကျူးလွန်ခဲ့သူတို့၏ အမှုများ။**

၁၇၇၆။ xxxxxxxxxxxxxxxxxxxxxxxxxxxxxx။

၁၇၇၇။ xxxxxxxxxxxxxxxxxxxxxxxxxxxxxx။

၁၇၇၈။ xxxxxxxxxxxxxxxxxxxxxxxxxxxxxx။

၁၇၇၉။ xxxxxxxxxxxxxxxxxxxxxxxxxxxxxx။

၁၇၈၀။ xxxxxxxxxxxxxxxxxxxxxxxxxxxxxx။

၁၇၈၁။ xxxxxxxxxxxxxxxxxxxxxxxxxxxxxx။

၁၇၈၂။ နိုင်ငံခြား နယ်မြေတွင် ပြစ်မှုတစ်စုံတစ်ရာနှင့် စွဲဆိုခံရ၍ ဒိုးဝင် နေထိုင်လျက်ရှိသူ တစ်စုံတစ်ယောက်ကို ပေးအပ်ရန်အတွက် အမိန့်ရယူရန် လိုသည့်အခါ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၏ အမိန့်ကို ရယူဆောင်ရွက် ရမည်။ သို့သော်လည်း ရဲတပ်ဖွဲ့ဝင်တို့မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၄ ပါ "သတ္တမမြောက်" အချက်အရ ပေးအပ်ရန် တောင်းဆိုပြီး၊ သို့မဟုတ် တောင်းဆို နိုင်သည့်ပြင်၊ မြန်မာနိုင်ငံတော်အတွင်း ပြစ်မှုမြောက်သည့် ပြစ်မှုဖြစ်ခဲ့လျှင်၊ ၎င်းအမှုကို ပြုကျင့်ကြောင်းနှင့် အကြောင်းအားလျော်စွာ ယုံကြည်ရသူမည်သူ ကိုမဆို ဖမ်းဆီးခွင့်အာဏာရသည်။

၁၇၈၃။ မြန်မာနိုင်ငံတော်အတွင်း ပြစ်မှုထိုက်သင့်သော သူတို့ကို သက်ဆိုင်ရာ နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်းကိစ္စအတွက် နိုင်ငံတော်အစိုးရ၏ တည်ဆဲမူဝါဒ

သဘောထားအရဖြစ်စေ၊ သို့မဟုတ် ပြစ်မှုထိုက်သင့်သော သူတို့ကို သက်ဆိုင်ရာ နိုင်ငံသို့ လွှဲအပ်ရန် နိုင်ငံအချင်းချင်း ချုပ်ဆိုထားသော စာချုပ် အရဖြစ်စေ၊ မည်သူ၏ အပေါ်တွင်မဆို အရေးယူဆောင်ရွက်ရာ၌ ဆောင်ရွက်သော တရားသူကြီးနှင့် ဖမ်းဆီးရန် အခွင့်အာဏာရ မည်သည့်အရာရှိမဆို အမှုနှင့် သက်ဆိုင်သော ပစ္စည်းကို ထိုသူထံမှဖြစ်စေ၊ အခြားသူထံမှဖြစ်စေ၊ ရှာဖွေ သိမ်းဆည်းနိုင်သည်။ ထိုကိစ္စများဖတွက် ဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ စပ်ဆိုင်နိုင်သမျှ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် တရားသူကြီးနှင့် ဖမ်းဆီးခွင့်ရသူ အရာရှိသည် ပစ္စည်းရှာဖွေသိမ်းဆည်းခြင်း၊ လူအားဖမ်းဆီးခြင်းကိစ္စနှင့် ပစ္စည်းများကို စီမံခန့်ခွဲခြင်းကိစ္စများ အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ နည်းလမ်းများအတိုင်း ဆောင်ရွက် နိုင်သည်။

အာမခံပေးခြင်း

၁၇၈၄။ တစ်စုံတစ်ယောက်သောသူကို ဝရမ်းမပါဘဲ ဖမ်းဆီးရာ ၎င်း သူက အာမခံပေးလျှင်ဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ချုပ်ချုပ်ဆိုလျှင်ဖြစ်စေ၊ လွှတ်ခွင့် အာမခံ ပေးခွင့်ရသော အရေးယူပိုင်သည့် ပြစ်မှုနှင့် အာမခံပေးခွင့် မရသော ပြစ်မှုများ စာရင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ၊ ဇယား (၂)တွင် ဖော်ပြ ထားပါသည်။

၁၇၈၅။ အာမခံပေးခွင့်ရသည့် အမှုများတွင် အာမခံမှာ အခွင့်အရေး အလျောက် ရထိုက်သည်ဖြစ်သည်။ အာမခံပေးသူ အရာရှိက ကြည့်ရှုစောင်မ လိုသော သဘောရှိမှ ရထိုက်သည် မဟုတ်ချေ။ အချုပ်ထောင်တွင် ချုပ်ထားရန် မူလဆိုလိုရင်း မဟုတ်၍ အာမခံမပေးနိုင်မှ ချုပ်ထားရန်ဖြစ်သည်။ တောင်းဆို သည့် အာမခံမှာ မများလွန်းစေရ၊ တရားခံကို အာမခံသူရှိမရှိနှင့် ပြစ်မှုကြီး ငယ်များကို ထောက်၍ သတ်မှတ်ရမည်။

၁၄၈၆။ အာမခံအကြောင်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပါ အဓိက စပ်ဆိုင်သော ပြဋ္ဌာန်းချက်များမှာ ပုဒ်မ ၇၆၊ ၄၉၆၊ ၄၉၇ ၄၉၉ နှင့် ၅၁၄ များတွင် ပါရှိသည်ဖြစ်၍ ထိုအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။ တစ်စုံတစ်ယောက်သော သူကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၉ အရ အာမခံနှင့် လွှတ်ထားသည့်အခါ ခံဝန်သူတို့ ခံဝန်ရမည့် ငွေပေါင်းမှာ တရားခံ၏ အပေါ်တွင် တာဝန်ထားသည့် ငွေပေါင်းအတိအကျ ဖြစ်စေရမည်။ ရည်ရွယ်ရင်း အကြောင်းမှာ ခံဝန်ချုပ်အတိုင်း မတည်၊ ပျက်ကွက်ခဲ့လျှင် ခံဝန်ချုပ်ပေးလျော် ရမည့်ငွေကို တရားခံနှင့် ခံဝန်ချုပ်ဆိုသည့် တစ်လုံး တစ်ခဲတည်း ဖြစ်သော ငွေပေါင်းဖြစ်စေရန် ဖြစ်သည်။ သို့ဖြစ်၍ ၎င်းငွေပေါင်း ကို တရားခံထံမှဖြစ်စေ ခံဝန်သူတစ်ဦးဦးထံမှ ဖြစ်စေ ခံဝန်သူအရပ်ရပ်တို့ ထံမှ ဖြစ်စေ၊ အရတောင်းခံ နိုင်သည်။ သို့သော်လည်း ခံဝန်ချုပ်ပါ ပေးလျော် ရမည့် အရပ်ရပ်ငွေပေါင်း ထက်ပို၍ ၎င်းတို့ထံမှ အရမတောင်းခံနိုင်။ ဥပမာ တရားခံတစ်ဦးတစ်ယောက် ကပေးဆောင်ရန် ကိုယ်တိုင်ခံဝန်သည့် ခံဂန်ချုပ်ပါ ငွေပေါင်းမှာ ၅၀၀ ကျပ်ဖြစ်လျှင် ၎င်းငွေပေါင်းထက်ပို၍ ခံဝန်သူကို မခံဝန်စေနိုင်၊ ခံဝန်သူ နှစ်ဦးရှိလျှင် တစ်ဦးကို ၃၀၀ ကျပ်၊ ခံဝန်ခြင်း မပြုစေရ၊ သို့ ခံဝန်စေလျှင် ၎င်းနှစ်ဦးတို့မှာ အရပ်ရပ်ငွေပေါင်း ၆၀၀ ကျပ်ခံဝန်ရခြင်း ဖြစ်မည်။ သို့သော်လည်း ခံဝန်သူ အသီးသီးတို့ကို ခံဝန်ချုပ်ပါပေးလျော်ရမည့် ငွေအချို့ တဝက်သာ ခံဝန်စေနိုင်သည်။ ဥပမာအားဖြင့် တရားခံကို ၅၀၀ ကျပ် တန် အာမခံပေးစေလျှင် ခံဝန်သူနှစ်ဦးအနက် တစ်ဦးကို ၂၅၀ ကျပ် ကျစီ ခံဝန်စေနိုင် သည်။ သို့မဟုတ် တစ်ဦးကို ၃၀၀ ကျပ် ကျန်တစ်ဦးကို ၂၀၀ကျပ် ခံဝန် စေနိုင်သည်။ သို့သော်လည်း အခွင့်သင့်လျော်ဆုံး နည်းလမ်းမှာ ခံဝန်ချုပ်ပါ ငွေအားလုံးအတွက် ခံဝန်သူ အရပ်ရပ်တို့ကို တွဲဖက်၍ ဖြစ်စေ၊ အသီးသီးဖြစ်စေ၊ ခံဝန်စေရန် ဖြစ်သည်။

**ဆေးဘက်ဆိုင်ရာက စစ်ဆေးခြင်း**

၁၇၈၇။ ရဲတပ်ဖွဲ့ဝင်တို့ စုံထောက်စစ်ဆေးလျက်ရှိသည့် အရေးယူပိုင် သည့် ဖြစ်မှုတစ်စုံတစ်ရာနှင့် စွပ်စွဲခြင်းခံရသူ (တရားခံ)တို့၌ ထိခိုက်သည့် ဒဏ်ရာ ဒဏ်ချက်ရရှိ၍ ဖြစ်စေ၊ အပြင်းအထန် မကျန်းမာ၍ ဖြစ်စေ၊ ဆေးကုသရန် လိုသည့်အခါ၊ ဖြစ်မှုမှာ အာမခံပေးခွင့်မရသည့်ဖြစ်မှု၊ သို့မဟုတ် အာမခံ မပေးနိုင်လျှင် ၎င်းသူကို ထပ်မံချုပ်ထားရန် ရီမန်အမိန့် လျှောက်ထားတောင်းဆို၍ ၎င်းကို လုံခြုံစွာ ချုပ်ထားရန် သတိပြုပြီးနောက် အနီးဆုံးအရပ်ရှိ ဆေးရုံသို့ သယ်ဆောင်ရမည်။ သို့သော်လည်း ၎င်းလူမျိုးကို ကင်းအစောင့်အရှောက်နှင့် မြို့နယ်ဆိုင်ရာ ဆေးရုံတွင်ထားလျှင်၊ ဘေးအန္တရာယ်ဖြစ်တတ်သောကြောင့် တရားသူကြီး တစ်ဦးဦးထံမှ ဝရမ်းစာနှင့် အကျဉ်းထောင်ဆိုင်ရာ ဆေးရုံသို့ ဆေးဝါးကုသရန် ပို့နိုင်သည့်အခါတိုင်း ပို့ရမည်။ စုံးရိမ်ရန် အရိပ်လက္ခဏာပေါ်လာသဖြင့် ၎င်းသူကိုလည်း စစ်ဆေးမေးမြန်း၍ ထွက်ချက်ကို မယူရသေးဖြစ်လျှင် တရားခံထွက်ချက်ကို တရားခံရှိရာလာရောက်၍ ရေးမှတ်ယူပါမည့် အကြောင်းနှင့် စီရင်ခွင့် အာဏာရ တရားသူကြီးထံ အစီရင်ခံရမည်။

၁၇၈၈။ တရားခံ ရူးသွပ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် ၎င်းတရားခံကို မည်သို့ချုပ်ထားရမည် စသည့်အကြောင်းများနှင့် စပ်လျဉ်း၍ ဆေးဘက်ဆိုင်ရာဌာနက ထင်မြင်ချက်ကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ တောင်းဆိုပြီးနောက် ၎င်းထင်မြင်ချက်အတိုင်း သေချာစွာလိုက်နာ၍ အရေးယူရမည်။

၁၇၈၉။ ဆေးရုံတွင် ဆေးကုသခြင်းခံနေရသည့် တရားခံ မည်သူကိုမျှ ၎င်းဆေးရုံကို ကြီးကြပ်ကြည့်ရှုရသူ ဆေးရုံအုပ်နှင့် ဆေးဘက်ဆိုင်ရာ တာဝန်ခံအရာရှိထံမှ ရေးသားထားသော အခွင့်စာရရှိပြီး မဟုတ်ဘဲ တရားရုံးသို့ ထုတ်ယူရန် ကိစ္စအတွက်ဖြစ်စေ၊ အခြားကိစ္စအတွက် ဖြစ်စေ၊ ရဲတပ်ဖွဲ့ဝင်တို့က ရွှေ့

ပြောင်းယူဆောင်ခြင်း မရှိစေရ၊ ဆေးရုံကို ကြီးကြပ်ရသူ ဆေးဘက်ဆိုင်ရာ အရာရှိတို့က ၎င်းဆေးရုံမှ တရားခံကို ရွှေ့ပြောင်းရန် မသင့်လျော်ကြောင်း ထင်မြင်လျှင် ဤကဲ့သို့ ထင်မြင်ကြောင်း သက်သေခံလက်မှတ်တစ်စောင်ကို တရားခံအား ရွှေ့ပြောင်းယူရန် အခွင့်တောင်းသည့် ရဲအရာရှိသို့ ပေးအပ်ရမည်။

၁၇၉၀။ တရားခံမှာ ဒဏ်ရာဒဏ်ချက်ရရှိသဖြင့် သေဆုံးမည်ကို စိုးရိမ်သဖြင့် ရွှေ့ပြောင်းယူဆောင်ခြင်း မပြုနိုင်လျှင် စုံထောက် စစ်ဆေးသည့် ရဲအရာရှိက ၎င်းအကြောင်းကို စီရင်ခွင့် အာဏာရတရားသူကြီးထံသို့ ပါရားခံရှိရာ လာရောက်၍ တရားခံထွက်ချက်ရေးမှတ်ယူပါမည့် အကြောင်းနှင့် လျှောက်ထား ရမည်။ တရားသူကြီး မရှိသည့်အခါ ၎င်းအကြောင်းကို ဆေးဘက်ဆိုင်ရာ အရာရှိထံ အစီရင်ခံပြီးလျှင် ၎င်းအစီရင်ခံချက် မိတ္တူတစ်စောင်ကို ခရိုင်ရဲတပ်ဖွဲ့မှူးထံ ပေးပို့ရမည်။

၁၇၉၁။ မိမိကိုယ်ဝန်ကို မိမိဖျက်ကြောင်း၊ ကလေးသေကို စွန့်ပစ်၍ မွေးဖွားသည့် အကြောင်းအရာကို ထိမ်ချန်လျှို့ဝှက်ထားကြောင်း၊ သို့မဟုတ် မွေးဖွားသည့် အကြောင်းအရာကို ထိမ်ချန်လျှို့ဝှက်ရန် အလို့ငှာ၊ ကလေးကို သတ်ဖြတ်ကြောင်းနှင့် စွပ်စွဲခြင်းခံရသည့် မိန်းမတစ်ဦးတစ်ယောက်က ဤကဲ့သို့ စွပ်စွဲသည့် ပြစ်မှုကို ငြင်းဆိုရာ ငြင်းဆိုသည့်အတိုင်း မှန်မမှန် သိသာရန်၊ ၎င်းမိန်းမ "ကိုယ်" ကို ဆေးဘက်ဆိုင်ရာ ဌာနက စစ်ဆေးကြည့်ရှုရန် လိုသည့် လက္ခဏာ ရှိသည့် အမှုအရပ်ရပ်တွင်-

(က) စစ်ဆေးကြည့်ရှုသည့် အကြောင်းအရာကို ၎င်းမိန်းမ သဘော တူညီချက်နှင့်တကွ၊

(ခ) တရားသူကြီး၏ အမိန့်များကို ဖြစ်စေ၊

( ဂ ) တရားသူကြီး၏ အမိန့်တစ်ရပ်တည်းကို ဖြစ်စေ၊ ရှေးဦးစွာ နေရာတကျမရှိဘဲ၊ ၎င်းမိန်းမကို စစ်ဆေးကြည့်ရှုခံရန် မည်သည့် အကြောင်းနှင့်မျှ ရဲတပ်ဖွဲ့ဝင်တို့က ဆေးဘက်ဆိုင်ရာ အရာရှိထံသို့ မပို့ရ။ သဘောတူညီချက်ကို သက်သေတို့ရှေ့တွင် ရေးမှတ်၍ စီရင်ခွင့် အာဏာရ တရားသူကြီးထံ အစီရင်ခံစာနှင့် အတူတကွ ပေးပို့ရမည်ဖြစ်၍ အစစ်ဆေး ခံရန် မိန်းမကို ဆေးဘက်ဆိုင်ရာ အရာရှိထံသို့ ပို့ရန် တာဝန်မှာ ၎င်းတရားသူ ကြီးနှင့်သာ သက်ဆိုင်သည်။

၁၇၉၂။ ××××××××××××××××××××××။

# "က" နောက်ဆက်တွဲများ

နောက်ဆက်တွဲ(က-၁)

လက်ရှိလိုင်စင်နှင့် ထိုင်စဆောင်စနေသော လက်နက်များမှတ်ပုံတင်၊ မှတ်ပုံတင် (၁-က)

.............................. မြို့နယ် .................... ရဲစခန်းမှတ်ပုံတင် (၁)

လိုင်စင်ဖြင့် ကိုင်ဆောင်သော သေနတ် / လက်နက်များ

| အမှတ်စဉ် | အမည် | သေနတ် / လက်နက်ကိုင်ဆောင်သူ | | | | လိုင်စင်အမှတ်နှင့် ထုတ်ပေးသောခုနှစ် | သေနတ်လက်နက်အမျိုးအစား အမည်နှင့် နံပါတ် | ခွင့်ပြုသည့် အရေအတွက်နှင့် လက်ရှိ |
|---|---|---|---|---|---|---|---|---|
| | | လူမျိုး | မှတ်ပုံတင်ကတ်ပြားအမှတ် | အလုပ်အကိုင် | နေရပ်လိပ်စာ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

မှတ်ချက်။ ပါမစ်ဖြင့် ကိုင်ဆောင်သော သေနတ်/ လက်နက်များအတွက် သီးခြားစာတွဲတစ်ခု ဖွင့်လှစ်ရမည်။ "လိုင်စင်" ဆိုသောစကားများအစား "ပါမစ်" ဟုပြောင်းလဲသုံးရန်။

နောက်ဆက်တွဲ (က-၂)

## လက်ရှိပါမစ်ဖြင့် ကိုင်ဆောင်နေသော လက်နက်များမှတ်ပုံတင်၊ မှတ်ပုံတင် (၁-စ)

ပုံစံ - ၁၆

ကြီးကြပ်အုပ်ချုပ်သူ
လက်ပံစံဌာန

# လူဆိုးစာရင်း

## ပုံစံ-တ ။ လူဆိုးမရှိကြောင်း၊ လွတ်သွားကြောင်း၊ အစီရင်ခံချက်

ရဲစခန်း------------------------ မြို့နယ် ---------------------------- အမှတ်စဉ် ------------------------------

လူဆိုးအမည်၊ အဖအမည်နှင့် အမှတ်အသားများ ... (------------------------------

ပြစ်မှုကျူးလွန်သူတို့ကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စပ်လျဉ်းသည့် (------------------------------

မှတ်ပုံတင်စာရင်းစာအုပ်တွင် ပါသောအမှတ်နှင့် အထက်က ပြစ်မှု (------------------------------

ထင်ရှားစီရင်ခြင်းခံရဘူးသည့် အကြောင်းအရာ၊ (------------------------------

ကျူးလွန်သည့်ပြစ်မှုမျိုးမည်၊ ... ... (------------------------------

မည်သည့်အရပ်သို့ ထွက်ခွာသွားသည်၊ သို့မဟုတ် (------------------------------

မည်သည့်အရပ်သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်၊ (------------------------------

ရင်းမြင် မည်သည့်အကြောင်းကြောင့် ထွက်ခွာသွားသည့် (------------------------------

အကြောင်းများနှင့်တကွ ထွက်ခွာသွားသည့်အရပ်ရှိ ရင်းသူ (------------------------------

၏ဆွေမျိုးများနှင့် အပေါင်းအသင်းများအကြောင်းအရာ၊ (------------------------------

ဝိဝိ ခွာမှုထွက်သွားသည့် နေ့ရက် အချိန် နာရီ၊ (------------------------------

ယခုစာရင်းကို ပေးပို့သည့် နေ့ရက် အချိန် နာရီ၊ (------------------------------

ရေလွှတ်ပေးပို့သည် သို့မဟုတ် စာတိုက်မြင့် ပေးပို့အည်၊ (------------------------------

လက်မှတ် ------------------------------

နေ့စွဲ ------------------------------ ရာထူး ------------------------------

## လက်ခံရရှိကြောင်း ဝန်ခံချက် ဒုတိယလက်မှတ်

(ယခုဖြတ်ပိုင်းကို စုံထောက်ပြီးနောက် ဖြတ်ပြီးလျှင် ပြန်၍ပေးအပ်ရမည်)

လူဆိုးစာရင်း (ပုံစံ-က) အမှတ် ------------------------ကို ------------------------------ မြို့နယ်

------------------------ရဲစခန်းမှ ၊ အမည်ပါလူဆိုးသည် ယခုရဲစခန်းအပိုင်သို့ ဆိုက်ရောက်မရှိသေးကြောင်း၊ ၎င်းသူနှင့်စပ်လျဉ်း၍ စုံထောက်ဆဲ ဖြစ်ကြောင်း၊

လက်မှတ် ------------------------------

နေ့စွဲ ------------------------------ ရာထူး ------------------------------

---

လူဆိုး၏နာမည်ကို လက်ခံရရှိကြောင်း ဝန်ခံချက် ဒုတိယလက်မှတ်တွင် ထည့်သွင်းပါ။

လူဆိုးဆိုက်ရောက်ပြီးဖြစ်လျှင် "မရှိသေး" ဆိုသော စကားများကို လက်ခံရရှိကြောင်း ဝန်ခံချက် ဒုတိယလက်မှတ်တွင် ဖျက်ရမည်၊

## လက်ခံရရှိကြောင်း ဝန်ခံချက် ပထမလက်မှတ်

(ယခုဖြတ်ပိုင်းကို အထက်လူဆိုးစာရင်းရသည်နှင့် တပြိုင်နက် ဖြတ်ပြီးလျှင် ပြန်၍ ပေးအပ်ရမည်)

လူဆိုးစာရင်း (ပုံစံ-က) အမှတ် ------------------------------ကို ------------------------------ မြို့နယ်

------------------------ရဲစခန်းမှ ------------ခုနှစ် ------------------လ --------------ရက်နေ့ (မွန်းမတည့်မီ / မွန်းလွဲ) နာရီအချိန်တွင် ရရှိပါသည်၊ ၎င်းသူနှင့်စပ်လျဉ်း၍ စုံထောက်ဆဲဖြစ်ကြောင်း၊

------------------------ ခုနှစ်အတိုင်းတွင် နေထိုင်သည့်အခါ ရပ်ရွာလူထုအတွက်စာ ရိုးဖြောင့်ကြောင်းနှင့်စစ်ဆေးချက်ဖြင့် ရှိသည့်
သတင်းပေးတာ။

လက်မှတ် ------------------------------------

နေ့စွဲ ------------------------------ ရာထူး ------------------------------------

မြမ်း-၃၆/၅ - ၇၀ နောက်ဆက်တွဲ (ခ-၂...

# လူဆိုးစာရင်း

## ပုံစံ-ခ။ သတ်ပမောင်းရန်ရှိသူ ဧည့်သည်တစ်ဦးတစ်ယောက်ရောက်ရှိကြောင်း အစီရင်ခံစာ

ရဲစခန်း ______________________ မြို့နယ် ______________________

နိုင်ငံ ______________________ စာရင်းအမှတ်စဉ် ______________________

သတ်ပမောင်းရန်ရှိသူ ဧည့်သည် အမည်၊ မိဘအမည်၊ အမျိုးအနွယ်၊ အလုပ်အကိုင်နေရပ် နှင့်တကွ ကြောင့်ဆိုသည့်အထောက်အထားပြမှုသင့်ရောက် ရပ်ခံရမည့် အချက်များ ______________________

အမှတ်အသားများ ______________________

သတ်ပမောင်းရန်ရှိသော ဧည့်သည်တည်းခို နေထိုင်သည့် ရပ်ကွက်/ကျေးရွာနှင့် အတူတကွ နေထိုင်သူအမည်၊ ၎င်းဖြင့် ၎င်းသူအကျွမ်းဝင်ရှိနှင့် အပေါင်းအသင်းများအကြောင်း။ ______________________

ဆိုက်ရောက်သည့်နေ့ရက် ______________________

သတ်ပမောင်း ရန်ရှိသူ ဧည့်သည် က ပြောဆိုသည့်အတိုင်း ထွက်ခွာလာခဲ့ သည့်ရဲစခန်းနှင့် ရပ်ကွက်ကျေးရွာအမည်။ ______________________

သတ်ပမောင်းရန်ရှိသူ ဧည့်သည်က ပြောဆို သည့်အတိုင်း။ မိမိရပ်ကွက်/ကျေးရွာမှထွက်ခွာ လာခဲ့သည့်နေ့ရက်။ ______________________

သတ်ပမောင်း ရန်ရှိသူ ဧည့်သည် ထွက်ခွာသွားသည့် နေ့ရက်၊ အချိန် နာရီနှင့် တိုင်ကြားလာသူအမည်။ ______________________

သတ်ပမောင်းရန်ရှိသူ ဧည့်သည်သည် မိမိရပ်ကွက်/ကျေးရွာသို့ ပြန်မည်၊ သို့မဟုတ်အခြား ရပ်ကွက်/ကျေးရွာသို့သွားမည်။ ______________________

ယခုစာရင်းကိုပေးပို့သည့်နေ့ရက်၊ အချိန် နာရီ၊ လူပေးလွှတ်ပေးပို့သည်၊ သို့မဟုတ် စာတိုက်ဖြင့် ပေးပို့သည်။ ______________________

လက်မှတ် ______________________

နေ့စွဲ ______________________ ရာထူး ______________________

---

## လက်ခံရရှိသည့်အကြောင်းပြန်ကြားချက်လက်မှတ်

လူဆိုးစာရင်း (ပုံစံ-ခ) အမှတ် ______ ကို ______ မြို့နယ် ______ ရဲစခန်း

ခုနှစ် ______ လ ______ ရက်နေ့ ______ မွန်းမတည့်မီ / မွန်းလွဲ ______ နာရီအချိန်တွင်ရရှိကြောင်း။

လက်မှတ် ______________________

နေ့စွဲ ______________________ ရာထူး ______________________

ထောင်ပုံစံ (၆၅) နောက်ဆက်တွဲ (ခ-၂၅)

## အကျဉ်းထောင်မှ အကျဉ်းထောင်လက်စွဲ ဥပဒေပုဒ်မ (၅၄၄)၊ (၅၄၅) တို့အရ လွတ်မြောက်မည့်အကျဉ်းသားအမည်စာရင်း

| စဉ် | တရားခံနှင့် အမှုအမှတ် | ထောင်ဝင် အမှတ် | အမည်နှင့် အဖအမည် | နေရပ်လိပ်စာ | လူမျိုး ပုံသဏ္ဍာန် | ပုဒ်မ | ပြစ်ဒဏ် |  | တပြိုင်ပေး ရက်စွဲ | ထောင်မှ လွတ်မည့်ရက် |
|---|---|---|---|---|---|---|---|---|---|---|
|  |  |  |  |  |  |  | နှစ် | လ |  |  |
|  |  |  |  |  |  |  |  |  |  |  |

................................ ရုံး

............ ခုနှစ် ............ လ ........ ရက်

တာဝန်ခံအရာရှိ

ပြစ်မှုပုံစံ- ၁၀၄ နှောင်းဆက်တွဲ (စ-၂၈)

# အမှုပထမရက်ချိန်းကန့်သတ်ရန် တရားသူကြီးထံပေးပို့သည့်သတိပေးနှိုးဆော်စာ
## မြို့နယ်/ခရိုင်

အောက်၌ ဖော်ပြသော အမှုကို ရုံးတော်တွင်စစ်ရန်အဆင်သင့်ဖြစ်မည့်နေ့ ____________
ပထမရရှိသည့် သတင်းပေးအစီရင်ခံချက်အမှတ်နှင့် ခုနှစ် ____________
စွပ်စွဲသည့်ပြစ်မှု ____________
ရုံးသို့တင်သည့် တရားခံများ၏ အမည်များ (အချုပ် ____________
မနေရသေးသောသည့်တရားခံများရှိလျှင် ၎င်းကိုဖော်ပြရမည်) ____________
ပြစ်ချက်ဟောင်းများ (ရှိလျှင်) ____________
တရားလိုပြသက်သေများ၏အရေအတွက် ____________
အမှုအကြောင်းအရာ အတိုချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

____________

နေ့စွဲ ____________ အမှုစစ်ဆေးနေသောသည့်အရာရှိ
____________ ရုံးစာ

____________ တရားသူကြီးထံသို့ စစ်ဆေးဆုံးဖြတ်ရန် ပေးပို့လိုက်သည်။

နေ့စွဲ ____________ အမှုပို့ပေးသောအရာရှိ

အထက်ပါ ၎င်းအမှုကို ၎င်းရုံးတော်အမှုအမှတ် ____________ အရ ခုနှစ် လ ရက်
နေ့တွင် စစ်ဆေးမည်ဖြစ်၍ ရုံးအမှုလိုက်အရာရှိထံသို့ သိစေရန် ပြန်ပို့လိုက်သည်။

တရားသူကြီး
____________ မြို့

____________ ရုံးစာရေးမှ သက်သေများကို ချိန်းဆိုပြီး ဆင့်ချက်ကို ပူးတွဲ၍ ၎င်းရုံးတော်သို့ အကြောင်းကြားရန် သက်သေခံပစ္စည်းများရှိလျှင် ရုံးတော်သို့ အမှုရက်ချိန်းနေ့တွင်ဖြစ်စေ ရက်ချိန်းမတိုင်မီဖြစ်စေ တင်ပို့ရမည်။

နေ့စွဲ ____________ ရုံးအမှုလိုက်အရာရှိ
မြို့

သက်သေသမ်မန်ချက်ကိုပူးတွဲ၍ မြို့မှ အမှုလိုက်အရာရှိထံသို့ပြန်ပို့ပါသည်။
၎င်းအမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်း များကို ရုံးတော် သို့ရောက်အမှတ် နေ့စွဲ တရားသူကြီးပါကြောင်း
အမှုနှင့်ပါတ်သက်သော ပစ္စည်းများကို ရုံးတော်သို့ပို့ပါ။

ရုံးစာရေး

ပုံစံ-၂

နောက်ဆက်တွဲ (စ-၂)

နှင့်ဆိုင်သော ဝန်ထမ်းအကြီးပိုင်းစစ်ဆေးရေးဌာနချုပ် / အထက်တန်းပြစ်ဒဏ်ချမှတ်ရန်ခံရသူ အကျဉ်းသား၏ အသွင်သဏ္ဌာန်အကြောင်းအရာစာရင်း

နယ် ............................ မြို့နယ် ............................ ခုံနံ ............................

ရက်စွဲ၊ ............................ ခုနှစ် ............................ လ ............................ ရက်

| ထောင်ဒဏ်ကျခံရသူ၏ ထောင်အမှတ် (၁) | အကျဉ်းသားအမည် (၂) | အဘအမည် (၃) | နေရပ် (၄) | လူမျိုး (၅) | အသက် (၆) | အရပ်အမြင့် (၇) | ထင်ရှားသောအမှတ်အသား (၈) | ဖုံးမှတ် (၉) | အမှုအမှတ် နှင့် ရုံးတင်သော တရားရုံး ပြစ်ဒဏ်ချမှတ်ခံရသည့်အကြောင်း (၁၀) | အကြောင်းအရာ (၁၁) |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | |

**ခုံအရာရှိက စုံစမ်းစစ်ဆေးနေသည့်အတွင်း**
**တရားခံကိုချုပ်ထားရန်ဝရမ်းအမိန့်**
**(ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇)**

**မြို့** **တရားရုံး**

-------------------မြို့ရှိ အကျဉ်းထောင်ထောင်ဝန်စီ ကြားသိစေရမည်။

-----------------------၏ သားဖြစ်သူ ----------------- မြို့နေ-----------------------------တို့ -----------------------------------

----------------------------------- ------------------------------------------------------------------------------------ပြစ်မှုဖြင့် ဖမ်းဆီးထားရာ ရဲအုပ်ကို ဖမ်းဆီးထားသည့် ရက်ရှည်အချိန် ၂၄ နာရီအတွင်း စုံထောက် ဆောင်ရွက်မှုအား အပြီးသို့ မရောက်နိုင်၍ အောက်ပါအကြောင်းအရာများအရ လူကြီးမင်းထံ ရုံးသို့ ချုပ်ထားအပ်သည်။
ရုံးအမှတ်များမှာ-

ထို့ကြောင့် ယင်း ------------------------- မြို့ရှိ ---------------------------------တို့ ------------ ရက်မှ ------
-----------------လ ---------ရက် --------------နေ့ ------------နာရီ ထိန်းသိမ်း ချုပ်ထားရမည်။

------------------ ရက် --------------------------လ ----------ရက်

ပြစ်မှု - ၇၈ နောက်ဆက်တွဲ (ဂ - ၂၉)

# ရဲအရာရှိက စစ်ဆေးသည့်အတွင်း တရားခံကို ချုပ်ထားရန်ချုပ်မိန့်

ပြည်နယ်/တိုင်း

--------------------တွဲဖက်ပြည်နယ်/တွဲဖက်တိုင်း တရားသူ

မြို့နယ်

--------------------မြို့ရှိ အကျဉ်းထောင်/အချုပ်စခန်း ကြီးကြပ်အုပ်ချုပ်သူထံသို့ --------------------

--------------------၏ သား/သမီးဖြစ်သူ -------------------- မြို့ --------------------ရပ်ကွက်/ရွာနေ
--------------------ကို --------------------
--------------------ပုဒ်မများအရ ပြစ်မှုနှင့်
ဖမ်းဆီးထားရာ၊ ၎င်းအား ဖမ်းဆီးထားသည့် အချိန်မှ ၂၄နာရီအတွင်း စုံစမ်းသည့် မှုခင်းအပြီးသို့ မရောက်နိုင်၍
အောက်ပါအကြောင်းအချက်များအရ ၎င်းကို ချုပ်ထားရမည်။

## အကြောင်းအချက်များ

သို့ဖြစ်၍ ၎င်း -------------------- မြို့ --------------------ရပ်ကွက်/ရွာနေ
--------------------ကို --------------------ခုနှစ် --------------------လ --------------------ရက်နေ့
--------------------နာရီ တိုင်အောင် ချုပ်ထားပါ။

--------------------ခုနှစ် --------------------လ --------------------ရက်။

ရုံးတံဆိပ်

တရားသူကြီး

ပြစ်မှု ၁၁
ရဲ ၂၄

နောက်ဆက်တွဲ (၁-၃၀)

# အရေးကြီးသော အမှုကြီးဖြစ်ပွားကြောင်း နောက်ထပ်အစီရင်ခံစာ

ပြစ်မှု

| ခရိုင် | ရဲစခန်း | ပထမသတင်းချက် အမှတ်နှင့်နေ့စွဲ | ဖြစ်ပွားသည့်နေရာ | ဖြစ်ပွားသည့် နေ့ရက် | အရေးကြီးသောအမှုကြီးဖြစ်ပွားသည့် အကြောင်းပထမအစီရင်ခံစာနေ့စွဲ |
|---|---|---|---|---|---|
| | | | | | |

စုံထောက်စစ်ဆေး၍ သိရသည့်အကြောင်းအရာနှင့် ကူညီစုံထောက်သည့် အထက်ရာဝတ်အရာရှိကြီးတို့ အမည်။

မြဝမှ - ၁၄
ရဲ - ၃၂

နောက်ဆက်တွဲ (၈-၃၁)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့

## ပြန်ချုပ်ရန် ရိမန်အမိန့်လျှောက်လွှာ

..................ခရိုင်၊ ..................မြို့နယ်၊ ..................ရဲစခန်း၊

| ပထမရရှိသည့် သတင်းစကားအစီရင် ခံချက်အမှတ် | လျှောက်လွှာပေး ပို့သည့်နေ့စွဲ | အကျဉ်းသားအမည် | ဖမ်းဆီးသည့် နေ့ရက် အချိန်နာရီ | မည်သည့်နေ့ရက်တိုင် ရိမန်အမိန့်ရလိုကြောင်း |
|---|---|---|---|---|
| | | | | |

| အမှုအကြောင်းအကျဉ်းနှင့် ရိမန်အမိန့်လျှောက်ထားရခြင်းအကြောင်း | ယခုတင်ပို့သည့်အမှု နေ့စဉ် မှတ်တမ်းများနေ့စွဲ |
|---|---|
| | |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## တရားနံ့မှ စွဲချက်ပြန်တမ်း

| ခရိုင် | ရဲတပ်ဖွဲ့ စခန်း | (ပ)နံ ပါတ်နှင့် နေ့ စွဲ | စွဲချက် နံပါတ် နှင့် နေ့စွဲ | နံ အ မည် | အမှု နံ ပါတ် | အရေးယူ သည့် ဥပဒေ ပုဒ်မ | စွဲချက်ရှိ သော နေ့ စွဲ | အမှုဖြစ် ပြတ် သော နေ့စွဲ | ပစ္စည်း တန်ဖိုး ပျောက်ဆုံး/ ပြန်ရ | အမှုနှင့်ပတ် သက်သောသူများ အရက်သေစာ သောက်မသောက် | လက်ရွေးခံ ယူသောအရာ ရှိအမည်နှင့် ရာထူး | အကြောင်း အရာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |

| စဉ် | တရားခံအမည်၊ အဘ အမည်၊ အသက်၊ အလုပ် အကိုင်၊ နေရပ် လိပ်စာ | ကျွင့် ဝစ္စ အရက်သောက် ထားခြင်း ရှိ/မရှိ | တရားမဲ့ တင်စီတရား ခံ မပြုခြင်း သေခြင်း | တရား ခွဲတင် ခြင်း ရှိ/မရှိ | အမှုသို့ မဟုတ် အာမခံ နှင့် လွှတ် မလွှတ် | အာမခံ နှင့် လွှတ်/မ လွှတ် | စီရင်ချက် မချမီ လွှတ်မြောက် သေဆုံး | အမှု ပြီး ပြတ် ချက် | ထင်ရှား သော ပြစ် မှု | တရားခံအမြဲ တမ်းပြစ်မှုကျူး လွန်သူဟုတ်/မ ဟုတ်ခြင်း ချက် | တရားခံပြေး အထွက်ဝရမ်း ထုတ်ရန် လို/မလို |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

ပြစ်မှု - ၁၄
ရဲ - ၃၂

နောက်ဆက်တွဲ (ခ-၃၁)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့

## ပြန်ချုပ်ရန် ရိမန်အမိန့်လျှောက်လွှာ

__________ ခရိုင်၊ __________ မြို့နယ်၊ __________ (ရဲစခန်း)

| ပထမရရှိသည့် သတင်းစကားအစီရင်ခံချက်အမှတ် | လျှောက်လွှာပေးပို့သည့်နေ့စွဲ | အကျဉ်းသားအမည် | ဖမ်းဆီးသည့် နေ့ရက် အချိန်နာရီ | မည်သည့်နေ့ရက်တိုင် ရိမန်အမိန့်လိုကြောင်း |
|---|---|---|---|---|
| | | | | |

| အမှုအကြောင်းအရာနှင့် ရိမန်အမိန့်လျှောက်ထားရခြင်းအကြောင်း | ယခုတင်သွင်းသည့်အမှု နေ့စဉ် မှတ်တမ်းများနေ့စွဲ |
|---|---|
| | |

# မြန်မာနိုင်ငံရဲတပ်ဖွဲ့
## တရားရုံးမှ စွဲချက်ပြန်အမိန့်

| ခရိုင် | ရဲတပ်ဖွဲ့ စခန်း | (ပ)နံပါတ်နှင့် နေ့စွဲ | စွဲချက် နံပါတ် နှင့် နေ့စွဲ | မှု အမည် | အမှု နံပါတ် | အရေးယူ သည့် ဥပဒေ ပုဒ်မ | စွဲချက်ရှိ သော နေ့စွဲ | အမှုပြီး ပြတ် သော နေ့စွဲ | ပစ္စည်း တန်ဖိုး ပျောက်ဆုံး/ ပြန်ရ | အမှုနှင့်ပတ် သက်သောသူများ အရက်သေစာ သောက်မသောက် | လက်ခွေခံ ယူသောအရာ ရှိအမည်နှင့် ရာထူး | အကြောင်း အရာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |

| စဉ် | တရားခံအမည်၊ အဘ အမည်၊ အသက်၊ အလုပ် အကိုင်၊ နေရပ် လိပ်စာ | ကျင့် ၁၆၉ အရလွှတ် ထားခြင်း ရှိ/မရှိ | တရားမစွဲ တင်မီတရား ခံ ပြေးခြင်း သေခြင်း | တရား စွဲတင် ခြင်း ရှိ/မရှိ | အမှုသို့ မဟုတ် အာမခံ နှင့် လွှတ် မလွှတ် | အာမခံ နှင့် လွှတ်/မ လွှတ် | စီရင်ချက် မချမီ ထွက်ပြေး သေဆုံး | အမှု ပြီး ပြတ် ချက် | ထင်ရှား သော ပြစ် မှု | တရားခံအပြီး တမ်းပြစ်မှုကျူး လွန်သူဟုတ်မ ဟုတ်ခွဲခြား ချက် | တရားခံပြေး အတွက်ဝရမ်း ထုတ်ရန် လို/မလို |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

နောက်ဆက်တွဲ(ခ-၃၃)

# ပေါက်ကွဲစေတတ်သည်ဟု မသင်္ကာသော အရာဝတ္ထုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် ညွှန်ကြားချက်များ

## ပေါက်ကွဲစေတတ်သော ပစ္စည်းများ

၁။ ပေါက်ကွဲစေတတ်သောအရာဝတ္ထုများမှာ အောက်ပါအမျိုးအစားအတိုင်း တွေ့ရှိနိုင်ပါသည်-

(က) အရည်များ

(၁) နိုက်ထရိုဂလစ်ဆရင်း ( NITRO GLYCERINE )

(၂) နိုက်ထရိုဘင်ဇင်း ( NITRO BENZENE )

(၃) ဟိုက်ဒြိုဂျင်ပါအောက်ဆိုဒ်(HYDROGEN PEROXIDE )

(၄) အောက်စီဂျင်အရည် ( LIQUID OXYGEN )

(၅) ဟိုက်ဒရာဇင်းဟိုက်ဒရိတ်(HYDRAZINE HYDRATE )

(၆) တက်ထရာနိုက်ထရိုမီသိန်း(TETRA NITRO METHANE )

(ခ ) အရည်ရောများ

(၁) နိုက်ထရိုဘင်ဇင်း+ အမိုးနီးယား+ရေ
( NITROBENZENE+ AMONIA +WATER )

(၂) တက်ထရာနိုက်ထရိုမီသိန်း + တော်လူဝင်း
( TETRANITRO METHANE + TOLUENE )

(၃) ဟိုက်ဒြိုဂျင်ပါအောက်ဆိုဒ် + ဖော့စဖောရစ်အက်ဆစ်
(HYDROGEN PEROXIDE + PHOSPHORIC ACID )

(၄) ဟိုက်ဒရာဇင်းဟိုက်ဒရိတ် + မက်သနော + ရေ
(HYDRAZINE HYDRATE + METHANOL + WATER )

(၅) အောက်စီဂျင်အရည် + ဖယောင်း

( LIQUID OXYGEN + PARAFFIN )

(၆) မီသိုင်းနိုက်ထရိတ် + မက်သနော
( METHYL NITRATE + METHANOL )

(၇) အိုဇုန်း + ဟိုက်ဒရာဇင်း
( OZONE + HYDRAZINE )

(၈) ဖလိုရင်း + အမိုးနီးယား
( FLUORINE + AMONIA )

(ဂ) အနိုင်အခဲ

(၁) ဖောက်ခွဲယမ်း( BLASTING EXPLOSIVES )။ ဒိုင်းနမိုက်၊ဂျယ်လတင်းဒိုင်းနမိုက်၊ လက်စ်တင်းဂျယ်လ တင်း ၊ ဂျယ်လတီနိုက်ဒသည်တို့ဖြစ်ပြီး အရောင်နှင့်အစာ ၂ မျိုးတွေ့ရှိနိုင်သည်။

(၂) ယမ်းမဲမှုန့် ( GUN POWDERS )။ အညိုအညို နှင့် ညိုမှိုင်းသောအရောင်ရှိ ဗုံစောင်ခဲလေးများဖြစ်သည်။

(၃) ဂွမ်းယမ်း ( GUNCOTTON ) ။ ယမ်းဓါတ်ရှိသည့် ရိုးရိုးဂွမ်းအဖြူရောင်ဖြစ်သည်။

(၄) တွန်းကန်ယမ်း ( PROPELLANT )။ ကျည်ဆန်များ ပြောင်းဝမှထွက်သွားအောင် တွန်းကန်ပေးရသည့် ယမ်း ဖြစ်သည်။ အလုံး၊ လေးထောင့်ပြား ၊ အချောင်းစသော ပုံသဏ္ဌာန်များရှိသည်။ အဖြူ ၊ အဝါ ၊ ပန်းရောင်၊ အပြာ၊ အမည်းစသော အရောင်အားဖြင့် တွေ့ရှိနိုင်သည်။

(၅) ဖါလ်မနိတ်ယမ်း (FULMINATES )။ ပြဒါးယမ်းဟု ခေါ်ပြီး အလွန်အညှာလွယ်သည်။ အစပျိုးယမ်းအဖြစ် အသုံးပြုသည်။ အဖြူ သို့မဟုတ် ညိုမှိုင်းသော အရောင် ရှိသည့်အမှုန့်များဖြစ်သည်။

(၆) ပစ်ကရစ်အက်ဆစ်နှင့်ပစ်ကရိတ်ယမ်း (PICRIC ACID

AND PICRATES ) ။ အဝါရောင်ရှိသော အမှုန့်များဖြစ်ပြီး ယမ်းအဖြစ်အသုံးပြုသည်။

(၇) (ကက)အမိုနယ်လ်ယမ်း (AMMONAL) ။ ထရိုင်နိုက်ထရိုတော်လူဝင်းအမိုနီယမ်နိုက်ထရိတ်၊ အလူမီနီယမ်အမှုန့်နှင့် မီးသွေးမှုန့်တို့ ရောစပ်ထားသည်။ အညိုရောင် ယမ်းတွေ့ဖြစ်သည်။

(ခခ)အမာတောလ် (AMATOL) ။ ထရိုင်နိုက်ထရိုတော်လူဝင်းနှင့် အမိုနီယမ်နိုက်ထရိတ်ရောစပ်ထားသော အညိုရောင်ယမ်းများဖြစ်သည်။

(၈) ပိုတက်စီယမ် ကလိုရိတ်ယမ်း ( POTASSIUM CHLORATE ) ။ အဖြူရောင် သို့မဟုတ် ကြည်လင်သောပုံဆောင်ခဲလေးများဖြစ်သည်။

(၉) အာဆင်းနစ်ကလိုရိတ်ယမ်း (ARSENIC CHLORATE ) ။ အများအားဖြင့်အဝါ သို့မဟုတ် လိမ္မော်ရောင်အမှုန့်များဖြင့်တွေ့ရှိနိုင်သည်။

(၁၀) ကာဗိုက် သို့မဟုတ် ကယ်လ်စီယမ်ဖော့စဖိုက်ယမ်း (CARBIDE OR PHOSPHIDE OF CALCIUM ) ။ တစ်ခါတစ်ရံအလျှံပြင်းထန်စွာ ပေါက်ကွဲစေတတ်သည်။

(၁၁) ဒီတိုနေတာနှင့်ခေါင်းခွက်များ (DETONATORS AND CAPS ) ။ သတ္တုပြွန်နှင့်သတ္တုခွက်လေးများတွင်အလွန်အညှာလွယ်၍ ပြင်းထန်စွာ ပေါက်ကွဲစေတတ်သောယမ်းများထည့်သွင်းပြုလုပ်ထားသည်။ ၎င်းတို့ကို အစပျိုးယမ်းများအဖြစ်အသုံးပြုပြီး ပေါက်ကွဲတတ်သဖြင့် သတိနှင့်ကိုင်တွယ်ရသည်။

(၁၂) ယမ်းကြိုးများ (FUSE ) ။ ဖြည်းညှင်းစွာလောင်ကျွမ်းသည့်ယမ်းမည်းမှုန့်များကို ကြိုးကဲ့သို့ပြုလုပ်ထားသောအတော်

သို့မဟုတ် စက္ကူများအတွင်းထည့်သွင်းလိပ်ပတ်ထား သည်။

(၁၃) ယမ်းတောင့်များ(CARTRIDGES)။ စစ်သုံး သို့မဟုတ် အရပ်ဘက်သုံး သို့မဟုတ်အပျော်ပစ်စေတ်ရန်အသုံးပြုသည်။ ၎င်းတို့အထဲကွင်ငရဲမီးခွက်များနှင့်ပြောင်းချောသေနတ်သုံး ယမ်းတောင့်များတွင်ပေါက်ကွဲစေတတ်သော ယမ်းများကို ရေငွေ့မဝင်နိုင်စေရန် ပိုးအဝတ် သို့မဟုတ် သိုးမွေးအိတ် အထုပ် ကလေးများတွင် ထည့်သွင်းထားသည်။

(၁၄) ဗုံးများ(BOMBS)။ပေါက်ကွဲစေတတ်သော ယမ်းများကို အပိတ်ပြုလုပ်ထားသည့် ပုလင်းခွက်၊ချိုင့်၊ကုန်းမှုတ်ခွက်၊ စာအုပ်ဆံရှုက်သံဖူးသတ္တုဗူးဝါး စသည်တို့တွင်ထည့်၍ အဝေးသို့ ရောက်ရှိပေါက်ကွဲစေရန် ပြုလုပ်ထားသည်။ ပေါက်ကွဲစေတတ်သောယမ်းများကိုငရဲမီးခွက် ယမ်းကြီး များဖြင့်ပေါက်ကွဲနိုင်ရန်ပြုလုပ်ထားသည်။

(၁၅) မီးရှူးမီးပန်းများ( FIRE WORKS ) ။ ပေါက်ကွဲစေ / တတ်သောယမ်းများကို ဗိုင်းခံစက္ကူတွင်ထည့်ပြီး အနေး ယမ်းကြီးများဖြင့် ပေါက်ကွဲစေခြင်းဖြစ်သည်။ ရိုးရိုး ဗျောက်အိုး၊ အောက်သို့ပစ်ပေါက်ရသော ဗျောက်အိုး စသည်တို့ပါရှိသည်။ ပေါက်ကွဲစေတတ်သော ယမ်းများ ကို ယမ်းညင်းများကိုသာ အသုံးပြုသည်။ ယမ်းပြင်းများ ထည့်၍သုံးလျှင် ဗုံးဖြစ်သွားသဖြင့်ဖြည်းညင်းစွာပေါက်ကွဲ သောယမ်းညင်းများကိုသာသုံးသည်။

(၁၆) မီးကျည်များ(ROCKETS)။ အချို့ မီးကျည်များသည် မီးရှူးမီးပန်းတွင် အသုံးပြုသော ယမ်းများကိုအသုံးမပြုဘဲ ယမ်းပြင်းများကိုထည့်သွင်းအသုံးပြု၍ အလွန်အန္တရာယ် ဖြစ်စေနိုင်ပါသည်။အသက်ဆေးမှကာယ်ရန်နှင့် စစ်သုံးမီး ကျည်များသည် ပေါက်ကွဲတတ်၍ သတိနှင့်ကိုင်တွယ်ရ ပါသည်။

(ဂ) **အချက်ပြမီးကျည်(SIGNALS)။** သင်္ဘောမှအသုံးပြုသောအချက်ပြမီးကျည်များ၊ စမ်းသုံးအချက်ပြမီးကျည်များသည် မီးရှူးမီးပန်းများမဟုတ်ပါ။

(ဃ) **ဓာတ်ငွေ့များ(GASES)။** ရေနံဆီငွေ့၊ လေယာဉ်ဆီငွေ့၊ ဓာတ်ဆီငွေ့နှင့် ဆလင်ဒါအိုးများတွင် ဖိနှိပ်သိုလှောင်ထားသော အမိုးနီးယားအောက်ဆီဂျင်၊ဟိုက်ဒြိုဂျင်၊ အက်စီတလင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ အီသိန်းမက်သနော၊အက်သလင်းစသည့် ဓာတ်ငွေ့များသည် သင့်လျော်သော အစပျိုးပေါက်ကွဲရန်နည်းတစ်နည်းရှိပါက ပြင်းထန်စွာ ပေါက်ကွဲနိုင်သည်။

**ဆောင်ရွက်ရန်နည်းလမ်း**

၂။ ပေါက်ကွဲစေတတ်သော ပစ္စည်းများတွေ့ရှိပါက သက်ဆိုင်ရာရဲစခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းသတင်းပို့ရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးက ကိုယ်တိုင်ဖြစ်စေ၊ လက်အောက်ရှိတာဝန်ခံအရာရှိတစ်ဦးကဖြစ်စေ တွေ့ရှိသည့်အရာဝတ္ထုတစ်ခုတစ်ခုသည် အလွန်ဘေးအန္တရာယ်ဖြစ်စေတတ်သည်ဟု သံသယအနည်းငယ်ရှိသော်လည်း အန္တရာယ်မဖြစ်ဟု ထင်ရှားစွာသိသည့်တိုင်အောင် ၎င်းအရာဝတ္ထုသည် အလွန်ပြင်းထန် ပေါက်ကွဲစေတတ်သော အရာဟုမှတ်ယူထားရမည်။

၃။ ပေါက်ကွဲစေတတ်သည်ဟု မသင်္ကာသည့်အရာဝတ္ထုတစ်ခုတစ်ခုကိုကျွမ်းကျင်သူက တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့ခြင်း သို့မဟုတ် ဆောင့်ထိန်းခြင်း သို့မဟုတ် စစ်ဆေးကြည့်ရှုခြင်းများကို ဆောင်ရွက်ရာ၌ ရဲတပ်ဖွဲ့ဝင်များဖြစ်စေ ၊ အခြားသူများဖြစ်စေ၊ မသက်ဆိုင်သူများအား ထွက်ခွာသွားစေရမည်။

၄။ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ဖွင့်လှစ်ထားရှိသဖြင့် စစ်ဆေးကြည့်ရှုရသည့် အရာဝတ္ထုများနှင့်စပ်လျဉ်း၍ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဟုတ်/မဟုတ်ကို စစ်ဆေးနိုင်ရန် အနီးဆုံးရှိ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲများသို့ ထုပ်ပိုးပေးပို့ရမည်ဖြစ်သည်။ ဗုံးကဲ့သို့သောပစ္စည်းများမှာ ကြီးကြပ်ကန့်သတ်ပစ္စည်းဖြစ်၍ အနီးဆုံးရှိ စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ အကြောင်းကြားရမည်ဖြစ်သည်။

၅။ စစ်ဆေးကြည့်ရှုသည့်အရာဝတ္ထုသည် ပွင့်နေသောအိုးခွက်ထဲတွင်အရည် ဖြစ်လျှင်အောက်ပါအတိုင်းပြုလုပ်ရမည်—

(က) ခဲတံဖြစ်စေ တုတ်ချောင်းကလေးတစ်ခုကိုဖြစ်စေ ဖြည်းညင်းစွာသတိ ထားနှိုက်ထည့်ပြီး ၄င်းမှမင်နိုပ် သို့မဟုတ်သံဖြူကျပ်ပြားအပေါ် (ငွေနှင့်ပြုလုပ်ထားသောစက္ကူ) ပေါ်သို့တစ်စက်ချ၍ ကြည့်ရမည်၊ ၄င်းအစက်ချသည့်အရာကို အရည်ထည့်ထားသောအိုးမှ အနည်း ဆုံး၁၀ကိုက်ကွာသောနေရာသို့ယူဆောင်သွား၍သံပြားသို့မဟုတ် ကျောက်ပြားပေါ်သို့တင်ပြီး ထိပ်ပြားသောတူဖြင့် ဝေါ်ဆတ်ဆတ် ထုရိုက်ကြည့်ရမည်။ဤနည်းအတိုင်းအစက်များကို ယူ၍ ၃ ကြိမ် ပြုလုပ်ကြည့်ရမည်။မင်နိုပ်ပေါ်တွင်ချယူသောအစက်ကို မင်နိုပ်ပါ ဖယောင်းတိုင်သို့မဟုတ်အရက်ပျံမီးခွက်မှမီးနှင့်ရှို့ကြည့်ရမည်။

(ခ) ဤသို့ ပြုလုပ်ကြည့်ရာတွင် ပေါက်ကွဲခဲ့လျှင် သို့မဟုတ် လျှင်မြန်စွာ မီးလောင်ခြင်းရှိခဲ့လျှင် ဆေးကြောပြီးသော ပုလင်း ငယ်အလွတ်တစ်ခုအတွင်းအရည်ကိုအောင်စဝက်ခန့်ထည့်ပြီး ဖော့ဖြင့်ပိတ်ဆို့ရမည်။(ဖန် သို့မဟုတ် သတ္တုနှင့်မပိတ်ဆို့ ရ) ထိုပုလင်းကို တစ်ဖန် ဂွမ်းနှင့်ထုပ်ပြီး သတ္တု သို့မဟုတ် သံဘူးထဲတွင်ထည့်၍ ရဲတပ်ဖွဲ့ဝင် တစ်ဦးအား ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ အစီရင်ခံစာတစ်စောင်နှင့် အတူပေးပို့ရမည်။ အစီရင်ခံစာမိတ္တူတစ်စောင်ကို သက် ဆိုင်ရာ စစ်မြေပြင် အင်ဂျင်နီယာတပ်သို့ ပေးပို့ရမည်။ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ၏ ပြန်စာကို စောင့်ယူသွားရ မည်။

(ဂ) ဤသို့ ပြုလုပ်ကြည့်ရာတွင် မပေါက်ကွဲ သို့မဟုတ် လျှင်မြန်စွာ မီးမလောင်ကျွမ်းခဲ့လျှင် ယင်းအရည်အောင်စ ဝက်ခန့်ကို ပုလင်းငယ်ထဲထည့်ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ အစီရင်ခံစာတစ်စောင် နှင့် အတူ ပေးပို့ရမည်။ ကျန်အရည်များကိုဓာတုဗေဒစစ်ဆေး

ရေးဌာနခွဲ၏ ပြန်ကြားစာရမှ တစ်နေရာတွင်ထိန်းသိမ်းထားရမည်။

(ခ) ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ပို့လိုက်သောအရည်သည် ပေါက်ကွဲစေတတ်သောအရည်ဖြစ်သည်ဟုဆိုလျှင် သက်ဆိုင်ရာစာရွက်စာတမ်းထင်မြင်ချက်မိတ္တူများကို သက်ဆိုင်ရာစစ်မြေပြင်အင်ဂျင်နီယာတပ်သို့အစီရင်ခံစာဖြင့်ပေးပို့ပြီး၎င်းမှ အကြောင်းကြားသည့်တိုင်အောင် သိမ်းဆည်းထားရမည်။

၆။ စစ်ဆေးကြည့်ရှုသော အရာဝတ္ထုသည် ပိတ်ထားသောအိုးခွက်ထဲတွင်အရည်ဖြစ်လျှင် အောက်ပါအတိုင်းပြုလုပ်ရမည်–

(က) ပုလင်းတစ်ခုတွင်ထည့်လျက်တွေ့ရှိ၍သံသယမရှိသော်လည်း ဘူးဆို့ကိုရုတ်တရက်အားဖြင့်ဖွင့်ရာ မရလျှင် အားစိုက်၍မရရအောင်မဖွင့်ရ။ပုလင်းကိုထောင်၍ သေတ္တာတစ်ခုတွင် ကောက်ရိုး၊လွှစာ၊စက္ကူတို့နှင့် သေချာစွာ ထည့်ထုပ်ပြီး အနီးဆုံးဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အစီရင်ခံစာနှင့်အတူစေလွှတ်ပေးပို့ရမည်။ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲက ပေါက်ကွဲစေတတ်သောအရာဖြစ်သည်ဟုပြန်ကြားလျှင်ထင်မြင်ချက်စာရွက်စာတမ်းမိတ္တူကိုအစီရင်ခံစာဖြင့်သက်ဆိုင်ရာစစ်မြေပြင်အင်ဂျင်နီယာတပ်သို့ ပေးပို့အကြောင်းကြားရမည်။ ၎င်းမှအကြောင်းပြန်ကြားသည့်တိုင်အောင် သိမ်းဆည်းထားရမည်။

(ခ) အကယ်၍ ပုလင်းတစ်ခုထဲတွင်ထည့်လျက်တွေ့ပြီး ဗုံးဟုသံသယမရှိသည့်အပြင်ဘူးဆို့ကို ဖွင့်၍ရလျှင် အပိုဒ်(၅)ပါအတိုင်းပြုလုပ်ရမည်။

(ဂ) တွေ့ရှိသော အိုးခွက်သည် သတ္တုဖြစ်စေ၊ အခြားမာသောအရာနှင့်ဖြစ်စေပြုလုပ်ထားပြီးဗုံးဟုသံသယမရှိသော်လည်း ဘူးဆို့အပိတ်ကို ရုတ်တရက်အားဖြင့် ဖွင့်ရာမရခဲ့သော်အားစိုက်၍ မရရအောင်မဖွင့်ရ။ ၎င်းအိုးခွက်ကိုလူအများကင်းဝေးသည့်ဝင်းခြံကွင်းပြင်စသည့်နေရာများသို့ မပိတ်စင်စေရန် ဖြည်းညင်းစွာသတိပြုယူ ဆောင်သွားရမည်။ ကြိုးခိုင်ခိုင်နှစ်ချောင်းဖြင့် အိုးခွက်ကိုချည်ပြီး ကြိုးတစ်စ

ကို ချိတ် သို့မဟုတ် သစ်ပင်တစ်ပင်ကို ပတ်၍ ကြိုးစနစ်စကို အဆောက်အဦကွယ်ရာသို့ယူ၍အနီးအနားသို့ လူများကိုမလာစေဘဲ ကြိုးနှစ်စကို ရှေ့တိုးနောက်ဆုတ်ဆွဲခြင်းအားဖြင့် အိုးကို ပြင်းထန်စွာလှုပ်ရှားစေကာ ပေါက်စေရမည်၊ ဤသို့ပြုလုပ်ပြီး ထိုအိုးခွက်ကို ၁၂ နာရီခန့်ထားရမည်။ဤသို့ပြုလုပ်ရာတွင် မပေါက်ကွဲသည့်အပြင် အိုးခွက်မှာလည်း မကြီးလျှင် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ အစီရင်ခံစာနှင့်အတူ ပို့ရမည်။ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲက ပေါက်ကွဲစေတတ်သောအရာဖြစ်ကြောင်းပြန်ကြားလျှင်ထင်မြင်ချက်စာရွက်စာတမ်းမိတ္တူကို သက်ဆိုင်ရာစစ်ခြေပြင်အင်ဂျင်နီယာတပ်သို့ အစီရင်ခံစာဖြင့် ပေးပို့ရမည်။အကယ်၍ အိုးခွက်သည် အလွန်ကြီးခြင်း / အလေးချိန်များခြင်းကြောင့်မပို့နိုင်လျှင် အထက်ပါနည်းအတိုင်း အားစိုက်၍ ဖွင့်ရမည်။မဖွင့်နိုင်ခဲ့လျှင်၎င်းအိုးကို လွတ်သောနေရာ တစ်ခုသို့ယူပြီး သော့ခတ်၍ထားရမည်။သက်ဆိုင်ရာစစ်ခြေပြင်အင်ဂျင်နီယာတပ်သို့ အစီရင်ခံစာတစ်စောင်ဖြင့် ပေးပို့အကြောင်းကြားရမည်။

၇။ တွေ့ရှိသောအရာသည် အိုးခွက်ထဲမှအစိုင်အခဲဖြစ်လျှင်အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စက္ကူကတ်ပြား သို့မဟုတ် တုတ်ပြားတစ်ခုဖြင့် ၎င်းအရာဝတ္ထုအနည်းငယ်မျှကိုအနည်းဆုံး၁၀ကိုက်ခန့်ဝေးသောနေရာသို့ သတိနှင့်ယူဆောင်ပြီးကျောက်ပြား သို့မဟုတ် သံပြားတစ်ခုပေါ်သို့တင်၍ထိပ်ပြားသောတုတ်တစ်ခုဖြင့်ခတ်ဆတ်ဆတ်ထုရိုက်ကြည့်ရမည်။ ဤနည်းဖြင့် အနည်းငယ်စီယူငင်ပြီး ၃ ကြိမ်တိုင်အောင် ထုရိုက်ကြည့်ရမည်။မယောင်းတိုင်မီး သို့မဟုတ် အရက်ပျံဖြင့်ထွန်းသောမီးနှင့် ၎င်းအရာဝတ္ထုအနည်းငယ်ကို မင်နိပ်စက္ကူပေါ်တင်၍ မီးရှို့ကြည့်ရမည်။

(ခ) ထိုသို့မီးရှို့ကြည့်သည့်အခါပေါက်ကွဲလျှင် သို့မဟုတ် လျှင်မြန်စွာမီးလောင်လျှင် ၎င်းအရာဝတ္ထုအနည်းငယ်ကိုယူပြီး ရေနှင့်ရောစပ်ကြည့်ရမည်။မည်သို့မျှပြောင်းလဲခြင်းမဖြစ် ဓာတ်ငွေ့လည်းမထွက်

အပူငွေ့လည်းမလာလျှင်အောင်စဝက်ခန့်ကိုစင်ကြယ်သောပုလင်းငယ်တစ်ခုတွင်စင်ကြယ်သောရေနှင့် ရောစပ်ထည့်ရမည်။ (သတ္တုသို့မဟုတ်ဖန်ဘူးဆို့ကိုအသုံးမပြုရ)ဖော့ဘူးဆို့နှင့်ပိတ်ပြီး သတ္တုသို့မဟုတ်သံဘူးတစ်ခုတွင်ဂွမ်းနှင့်ထုပ်ပတ်၍ သေချာစွာထည့်ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အနီးဆုံး ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ အစီရင်ခံစာတစ်စောင်နှင့်အတူ ပို့ရမည်။ အစီရင်ခံစာမိတ္တူတစ်စောင်ကို သက်ဆိုင်ရာစစ်မြေပြင်အင်ဂျင်နီယာတပ်သို့ ပို့ရမည်။ ကျန်ရှိသော အရာဝတ္ထုများအား စင်ကြယ်သောရေနှင့်ရောစပ်ပြီး သီးခြားလုံခြုံသောနေရာတွင် သော့ခတ်၍ထားရမည်။ဓာတုဗေဒစစ်ဆေးရေးဌာနခွဲမှပေါက်ကွဲစေတတ်သောအရာဝတ္ထုဟုပြန်ကြားလျှင် ထင်မြင်ချက်မိတ္တူတစ်စောင်ကို အစီရင်ခံစာတစ်စောင်ဖြင့် သက်ဆိုင်ရာ စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ ပေးပို့၍ ၎င်းမှ အကြောင်းပြန်ကြားသည့်တိုင်အောင် သိမ်းဆည်းထားရမည်။

(ဂ) မီးရှို့ကြည့်သည့်အခါပေါက်ကွဲခြင်းရှိသို့မဟုတ်လျှပ်မြန်စွာလည်း မီးလောင်ကျွမ်းခြင်းမရှိလျှင် အထက်အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသည့်အတိုင်း အနည်းငယ်ကို ရေတွင်ထည့်၍ ကြည့်ရမည်။မည်ကဲ့သို့ပြောင်းလဲခြင်းမဖြစ်၊ဓာတ်ငွေ့လည်းမထွက်၊အပူငွေ့လည်းမရှိလျှင် အောင်စဝက်ခန့်ကို စင်ကြယ်သောပုလင်းငယ်တွင်ထည့်၍ရေနှင့်ရောစပ်ပြီးထည့်ရမည်။ ပုလင်းအဖုံးအား ဖော့ဆို့ဖြင့်သေချာစွာပိတ်၍ ထုပ်ပိုးပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အစီရင်ခံစာနှင့်အတူ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ပို့ရမည်။ ကျန်ရှိသောအရာဝတ္ထုများကို စင်ကြယ်သောရေနှင့် ရောစပ်ပြီး သီးခြားလုံခြုံသောနေရာတွင် သော့ခတ်၍ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲ၏ ပြန်ကြားစာရသည်အထိထိန်းသိမ်းထားရမည်။ဓာတုဗေဒစစ်ဆေးရေးဌာနခွဲမှ ပေါက်ကွဲစေတတ်သောအရာဝတ္ထု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေတတ်သောအရာဝတ္ထုဟုပြန်ကြားလျှင် သက်ဆိုင်ရာစစ်မြေပြင်အင်ဂျင်နီယာတပ်သို့အစီရင်ခံစာပေးပို့၍ ၎င်းမှအကြောင်းပြန်ကြားသည့်တိုင်အောင် သိမ်းဆည်းထားရမည်။

(ဃ) အကယ်၍ အထက်အပိုဒ်ခွဲ(ခ)နှင့်(ဂ) အတိုင်းရေထည့်ကြည့်၍ သဏ္ဍာန်ပြောင်းလဲခြင်း၊ဓာတ်ငွေ့ထွက်ခြင်း၊ အပူငွေ့ရှိခြင်းစသည် တို့ဖြစ်က အန္တရာယ်ကို ရှောင်ရှား၍ ... အခြောက်အတိုင်း အထက်ဖော်ပြပါနည်းများအရ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ ပို့ ရမည်။ကျန်ရှိသောအရာဝတ္ထုများကိုအခြောက်အတိုင်းထားရမည်။ ပုလင်းထဲသို့မထည့်သွင်းမီရေရှိ / မရှိခြောက်သွေ့ခြင်းရှိ / မရှိ သတိပြုရမည်။

၈။ တွေ့ရှိသောအရာဝတ္ထုသည် ပိတ်လျက်ရှိသောအိုးခွက်ထဲတွင် အစိုင်အခဲ ဖြစ်လျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပုလင်းတစ်ခုထဲတွင် ထည့်လျက်တွေ့ပြီး ဖုံးဟု သံသယမရှိသော် လည်း ဘူးဆို့ကို ရုတ်တရက်အားဖြင့် ဖွင့်ရ၍ မရလျှင်ပုလင်းကို ထောင်၍ သေတ္တာတစ်ခုတွင် ကောက်ရိုး၊လွှစာ၊စက္ကူ စသည်ဖြင့် သေချာစွာထုပ်ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓာတုဗေဒစစ်ဆေးရေး ဌာနခွဲသို့ အစီရင်ခံစာနှင့်အတူ ပို့ရမည်။

(ခ) ပုလင်းတစ်ခုထဲတွင် ထည့်လျက်တွေ့ပြီး ဖုံးဟုသံသယမရှိသော် လည်း ဘူးဆို့ကို ဖွင့်၍မရလျှင် အပိုဒ် (၇) တွင်ဖော်ပြသည့်အ တိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) တွေ့ရှိသော အိုးခွက်သည် သတ္တုဖြစ်စေ၊ အခြားမာသောအရာနှင့် ဖြစ်စေ ပြုလုပ်ထားပြီး ဖုံးဟုသံသယရှိလျှင် အပိုဒ် (၆) အပိုဒ်ခွဲ (ဂ) တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၉။ တွေ့ရှိသော အရာဝတ္ထုသည် ကယ်လ်စီယမ် ကာဗိုက် သို့မဟုတ် ကယ်လ်စီယမ်ဖော့စဖိုက်ဖြစ်ခဲ့လျှင် ၎င်းတို့ကိုဖျက်ဆီးလိုက ရေထဲသို့တဖြည်းဖြည်း ချပစ်ရမည်။ တစ်ခါချလျှင် ပေါင်ဝက်ထက်မများစေရ ၊ တစ်ခါချပြီး ဓာတ်ငွေ့ထွက် ၍ ကုန်မှသာလျှင် နောက်တစ်ခါချရမည်။

၁၀။ တွေ့ရှိသောအရာဝတ္ထုသည် ဓာတ်ငွေ့ဖြစ်ခဲ့လျှင် ဓာတ်ငွေ့များသည် အများအားဖြင့် ဆလင်ဒါပြောင်းအိုး သို့မဟုတ် မီးကူးစေရန် စီမံပြုလုပ်ထားသည့် ဝတ္ထုပစ္စည်းစသည်တို့တွင် သိပ်သွင်းထားလျက် တွေ့ရှိကြလိမ့်မည်။ ၎င်းတို့ကို

နေပူနှင့်နီးသောနေရာတွင် မထားရ၊ အေးသောနေရာ၌ သာထားရမည်။ ဆလင်ဒါ ပြောင်းကိုကောက်ရိုး သို့မဟုတ် လွှစာမှုန့် သို့မဟုတ် ဂွမ်းများနှင့် ရစ်ပတ်၍ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အစီရင်ခံစာနှင့်အတူ ပေးပို့ရမည်။ ဆလင်ဒါပြောင်းအငယ်စား သို့မဟုတ် မီးကျးစေရန် စီမံပြုလုပ်ထားသော ဝတ္ထုပစ္စည်းငယ်များကို ဂွမ်းနှင့်သေချာစွာထုပ်ပိုးပြီး သေတ္တာတွင် ထည့်၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ အစီရင်ခံစာနှင့်အတူ ပေးပို့ရမည်။

၁၁။ တွေ့ရှိသောအရာဝတ္ထုသည် ဒီတိုနေတာ၊ ငရဲမီးခွက်၊ ယမ်းတောင့်၊ မီးယန်း၊ မီးကျည်တို့ဖြစ်လျှင် တစ်ခုချင်း သို့မဟုတ် အနည်းငယ်စီကို တသီးတခြားစီသေချာစွာ ဂွမ်းများနှင့်ထုပ်ပြီးသစ်သားသေတ္တာတစ်ခုတွင်ထည့်၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ အစီရင်ခံစာနှင့်အတူ ပေးပို့ရမည်။ ကျန်သော အရာဝတ္ထုများကို သီးခြားနေရာတွင် သော့ခတ်သိမ်းဆည်းထားရ မည်။ ဓာတုဗေဒစစ်ဆေးရေးဌာနခွဲမှပြန်ကြားစာရရှိလျှင်စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ အစီရင်ခံစာဖြင့် ထင်မြင်ချက်မိတ္တူကို ပေးပို့ရမည်။

**ပေါက်ကွဲစေတတ်သော ဗုံးများ**

၁၂။ (က) ဗုံးအမျိုးအစားပုံသဏ္ဌာန်များကိုအောက်ပါအတိုင်းတွေ့ရှိရမည်ဖြစ်သည်-

(၁) တပ်မတော်တွင် အသုံးပြုသော လက်ပစ်ဗုံးများ။

(၂) တပ်မတော်တွင် အသုံးပြုသော လက်ပစ်ဗုံးသဏ္ဌာန်ပြုလုပ်ထားသည့် ဗုံးများ။

(၃) ဆိုဒါပုလင်း၊ ယိုဘူး၊ ရေစည်တွင်အသုံးပြုသော အိုးခွက်၊ အန်းမျတ်ခွက်၊ လျှော် သို့မဟုတ် ဂုန်နီထုပ်၊ ဝါးလုံးပြောင်း၊ စသည်တို့ဖြင့် ပြုလုပ်ထားသော ဗုံးများ။

(၄) စာအုပ်ကဲ့သို့ပြုလုပ်ထားသည့်ဗုံးများ သို့မဟုတ် ပစ္စည်းအထုပ်အပိုးကဲ့သို့ ပြုလုပ်ထားသည့် ဗုံးများ။

(၅) ပေးပို့သောစာကဲ့သို့ ပြုလုပ်ထားသည့် ဗုံးများ။

(ခ) မိုးကုဲ့သို့သော အထက်ပါအရာဝတ္ထုများအားအောက်ပါအတိုင်း ပြုလုပ်ရုံမျှဖြင့် ပေါက်ကွဲစေရန်ပြုလုပ်စီမံထားတတ်သည်–

(၁) မည်သည့်အနေအထားဖြင့်မဆိုနေရာရွှေ့လိုက်သည့်အခါ။

(၂) ပြောင်းပြန်လှန်လိုက်သည့်အခါ။

(၃) ရေထည့်လိုက်သည့်အခါ။

(၄) အောက်သို့ပစ်ချလိုက်သည့်အခါ။

(၅) စနက်တံကို မီးရှို့လိုက်သည့်အခါ။

(၆) နာရီစက်နှင့်ပြုလုပ်ထားသည့်အခါ။

(၇) ဓာတုဗေဒနည်းဖြင့်ပြုလုပ်ထားသည့်အခါ။

(ဂ) ကျွမ်းကျင်သူမှ ဗုံးကို မကိုင်တွယ်မီ တွေ့ရှိသည့်နေရာမှာပင် မီးရှို့ရန်မည်ကဲ့သို့စီမံထားကြောင်း သေချာစွာကြည့်ရှုစစ်ဆေးရမည်။ မောင်းရှိမရှိ၊ ရှိက မောင်းတင်ထားမထားကို ကြည့်ရှုရမည်။ ရွှေ့လျှင်ဘေးအန္တရာယ်ဖြစ်မည်ဟု သံသယရှိက အခြားသူများအန္တရာယ်မဖြစ်စေရန် အစောင့်တစ်ယောက်ထား၍အထက်အရာရှိထံ သတင်းပို့အစီရင်ခံရမည်။

၁၃။ (က) တပ်မတော်တွင်အသုံးပြုသော လက်ပစ်ဗုံးများနှင့် ပတ်သက်၍ ကျွမ်းကျင်မှုက ပထမပြုလုပ်ရမည့် အချက်များမှာ ထိုဗုံးတွင်ရှိသော လုံခြုံရေးအဆို့ နေရာတကျရှိမရှိ၊ ကျိုးခြင်း၊ ပွန်းပဲ့ခြင်း ရှိမရှိ အစများလျှင်မထွက်အောင်သေချာစွာ ထိန်းထားမထား၊ မောင်းလက်နှင့် မောင်းလက်တံများ ကောင်းမွန်စွာရှိမရှိ စသည်တို့ကို ကြည့်ရှုရမည်။ ဤကဲ့သို့ကြည့်ရှုပြီး၍ ကျေနပ်လျှင် အောက်ခံကိုဖြုတ်ဖွင့်ရမည်။ ဖြူးစ်တွေ့ရှိခဲ့လျှင်သတိနှင့်ဖြုတ်ပြီး ဖြူးစ်တခြားသို့ပြောင်းရွှေ့ထားရမည်။ သက်ဆိုင်ရာဖြူးစ်အစုံနှင့် ဗုံးကို ဝွမ်းစသည်တို့ဖြင့် ထုပ်ပိုးပြီးထားရမည်။ စစ်မြေပြင်

အင်ဂျင်နီယာတပ်သို့ ရဲတပ်ဖွဲ့ဝင်တစ်ဦးအားအစီရင်ခံစာနှင့်အတူ အကြောင်းကြားရမည်။

(ခ) အကယ်၍ လုံခြုံရေးအဆို့နှင့်မောင်းလက်များမတွေ့ဘဲ ရိုက်တံသည် ဗုံးအတွင်းတွင်ရှိနေလျှင် အစောင့်တစ်ယောက်ထားပြီး စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ ချက်ချင်းအကြောင်းကြားရမည်။

၁၄။ တပ်မတော်တွင်အသုံးပြုသောလက်ပစ်ဗုံးကလေးများသဏ္ဍာန် ပြုလုပ်ထားသည့် ဗုံးများသည် များသောအားဖြင့် မသေသပ်မချောမွတ်ချေ။ ၎င်းတို့ကို ကျွမ်းကျင်သူ များသာ ကိုင်တွယ်ရမည်။ အများအားဖြင့် ပေါက်ကွဲစေတတ်သည့် ဖြူးစ်သို့မဟုတ် တူဆံဖြူးစ် သို့မဟုတ် ဂွမ်းယမ်းအစကလေးများကို ထုတ်ယူလိုက်လျှင် ဘေးအန္တရာယ် မဖြစ်နိုင်ဟု စိတ်ချရမှသာ ၎င်းတို့ကို ထုတ်ယူရမည်။ ၎င်းလက်ပစ်ဗုံးအမျိုးအစား ကို ရေထဲမထည့်ရ။ မောင်းမပြုတ်နိုင်အောင်ပြုလုပ်ပြီးမှ ဂွမ်းစတို့ဖြင့်ထုပ်ပတ်ပြီးသစ်သားသေတ္တာတစ်ခုတွင်ထည့်ထားရမည်။ သက်ဆိုင်ရာ စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ ရဲတပ်ဖွဲ့ဝင် တစ်ဦးအား အစီရင်ခံစာနှင့်အတူ အကြောင်းကြားရမည်။

၁၅။ ဆိုဒါပုလင်းစသည်တို့တွင် ထည့်သွင်းပြုလုပ်စီမံထားသော ဗုံးအမျိုးအစားအား ရှေးဦးစွာ ကြိုးအိတ်တစ်ခုကို ရေနွေးထည့်ထားသော စည်ပိုင်းပေါ်တွင် ကြိုးရှည်တစ်စဖြင့်ဆွဲထား၍တွေ့ရှိသော ဗုံးကို ဖြည်းညင်းစွာ သတိနှင့်တိမ်းစောင်းခြင်းမရှိစေဘဲ ယူဆောင်လာကာ ထိုကြိုးအိတ်တွင်ထည့်ရမည်။ ဆွဲထားသော ကြိုးစကိုခပ်ဝေးဝေးက အဆောက်အဦတစ်ခု ကွယ်ရာသို့ယူပြီး အနီးအနားသို့ လူအများမလာစေဘဲကြိုးစကို တစ်ဖြည်းဖြည်းလျော့ချခြင်းဖြင့် ဗုံးကိုရေနွေးထဲသို့ ချနှစ်ပြီး ၂၄ နာရီထားရမည်။ ရေနွေးမှာ တဖြည်းဖြည်းအေးလာလိမ့်မည်။ နာရီ ၈၀ သောအခါ ထုတ်ယူ၍ ကောက်ရိုး သို့မဟုတ် ဂွမ်းစများနှင့်ထုပ်ပတ်ပြီး သစ်သားသေတ္တာတစ်ခုတွင် ထည့်၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ အစီရင်ခံစာနှင့်အတူ ပေးပို့ရမည်။ ဗုံးသည် သေချာစွာပြုလုပ်ထား၍ အတွင်းသို့ ရေမဝင်နိုင်ဟုထင်မြင်ပါက ဓာတုဗေဒစစ်ဆေးရေးဌာနခွဲသို့ မပို့မီအပိုဒ်(၆)အပိုဒ်ခွဲ (ဂ)တွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၆။ စာအုပ်ကဲ့သို့ပြုလုပ်ထားသည့်ဗုံးများ သို့မဟုတ် ပစ္စည်းအထုပ်အပိုးကဲ့သို့ပြုလုပ်ထားသည့် ဗုံးများသည် စာအုပ်ကိုဖွင့်လိုက်သည့်အခါဖြစ်စေ

လှန့်လိုက်သည့်အခါဖြစ်စေ ပေါက်ကွဲစေရန်ပြုလုပ်စီမံထားသည်။ သက်ဆိုင်ရာ စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ ချက်ချင်း အကြောင်းကြားဆောင်ရွက်ရမည်။

၁၇။ ပေးပို့သောစာကဲ့သို့ပြုလုပ်ထားသောဗုံးများသည်ပေါက်ကွဲစေတတ်သည့် အရာများပါရှိ၍ ဖွင့်လိုက်သောအခါ ပေါက်ကွဲစေရန်စီမံထားသည့်စာများဖြစ်သည်။ ထိုစာကို ပုံးတွင်းရှိရေထဲတွင်ထည့်လိုက်ရမည်။ အားလုံးရေစိုသောအခါ ဂွမ်းအစို ဖြင့်ထုပ်ပတ်ပြီး သံဘူးတစ်ခုတွင်ထည့်ထားရမည်။ သက်ဆိုင်ရာ စစ်မြေပြင် အင်ဂျင်နီယာတပ်သို့ အစီရင်ခံစာနှင့်အတူအကြောင်းကြားရမည်။

**လူအများကို ထောင်သောထောင်ချောက်ဗုံးများ**

၁၈။ မသင်္ကာသော အိမ်အဆောက်အဦများကို တက်ရောက်ရှာဖွေနေစဉ် ရှာဖွေသူ အရာရှိမျက်မှောက်တွင် ပေါက်ကွဲစေရန်ပြုလုပ်စီမံထားသည့် ဗုံးများဖြစ် သည်။ အရာရှိတစ်ဦးအား ဗုံးကို မည်သည့်အနေအထားဖြင့်မဆို ပြောင်းရွှေ့ခြင်း ကြောင့်လည်းကောင်း လျှပ်စစ်ခလုတ်တစ်ခုတစ်ရာကို ကိုင်တွယ်မိခြင်းကြောင့်လည်း ကောင်း ပေါက်ကွဲစေရန် နာရီစက် သို့မဟုတ် ဓာတုဗေဒနည်းဖြင့် အောက်ပါ အတိုင်းပြုလုပ်စီမံထားတတ်ကြသည်–

(က) အများအားဖြင့်ပြုလုပ်တတ်ကြသည်မှာအိမ်တစ်အိမ်တွင်ပထမဗုံး တစ်လုံးကို ဖယောင်းတိုင်မီးဖြင့် အချိန်ကိုက်ပေါက်ကွဲစေရန် ထား၍ ဒုတိယဗုံးတစ်လုံးကိုမူ ပထမဗုံးပေါက်ကွဲ၍သော်လည်း ကောင်း၊ဓာ/တယ်လီဖုန်း စသည်တို့ဖြင့်ခေါ်ဆောင်၍သော်လည်း ကောင်း လာရောက်စုံစမ်းသည့်အရာရှိရောက်ပြီး စုံစမ်းနေစဉ် ပေါက်ကွဲစေရန် စီမံထားရှိကြသည်။

(ခ) အခြားနည်းမှာ ပထမဗုံးပေါက်ကွဲ၍လာရောက်စုံစမ်းသောအရာရှိ တွေ့ရှိနိုင်ရန် ဒုတိယဗုံးတစ်လုံးကို ဖယောင်းတိုင်မီးဖြင့် ရှို့ရန် စီမံထားသည့်ပမာထားရှိပြီး စုံစမ်းသောအရာရှိက မီးမှုတ်သတ် လိုက်လျှင် ဘေးအန္တရာယ်မရှိဟုထင်ရလေအောင်စီမံပြုလုပ်ထား လေသည်။ အကယ်စင်စစ်မှာမူ ဗုံးကို ရွှေ့လိုက်သည်နှင့်တစ်ပြိုင် နက် ပေါက်ကွဲစေရန် စီမံထားလေသည်။

**ပေါက်ကွဲစေတတ်သော ဗုံးများနှင့်ပတ်သက်၍ ဆောင်ရွက်ရန်နည်းလမ်းများ**

၁၉။ (က) လူအများကို ထောင်ချောက်ဗုံးများဖြင့် ထောင်ထားသည်ဟု သတင်းရရှိသော အိမ်သို့မဟုတ် အခန်းများအတွင်းသို့ ရိုးရိုးဝင်လမ်းအပေါက်မှ မဝင်ရ။ ပထမ ပြူတင်းပေါက်မှန်သို့မဟုတ် တံခါးနှင့် မျက်နှာချင်းဆိုင်နံရံကိုတူရွင်းဖြင့် ဖောက်ပြီး တံခါးကို အန္တရာယ်မဖြစ်အောင်ဖွင့်နိုင်မဖွင့်နိုင်ကြည့်ရှုရမည်။

(ခ) အိမ် သို့မဟုတ် အခန်းအတွင်းသို့ဝင်သောအခါ ဖြည်းညင်းစွာ သတိထားပြီးဝင်ရမည်။ မည်သည့်အရာဝတ္ထုကိုမျှ သေချာစွာ မစုံစမ်းဘဲမကိုင်တွယ်ရ။ ကြိုးအစတစ်ဖက်တွင်ကွင်းလျှောပြုလုပ်ပြီးဗုံးဟုမသင်္ကာသည့်အရာဝတ္ထုပေါ်သို့ချွပ်၍၎င်းကို လက်နှင့်မကိုင်တွယ်ဘဲ အခန်းအပြင်ဘက်ကဖြစ်စေ အိမ်အပြင်ဘက်ကဖြစ်စေ ကြိုးစ၏ တစ်ဖက်စကို ခတ်ဆတ်ဆတ်ဆွဲခြင်းအားဖြင့် ၎င်း အရာဝတ္ထုလှုပ်ခါရမည်။ အချိန်အနည်းငယ်ကြာမှ အခန်း သို့မဟုတ် အိမ်အတွင်းသို့ ဝင်ရမည်။ သံဘူးများ သံသေတ္တာများ ရေနွေးအိုးများ မီးအိမ်များ ရေပုံးများ သေတ္တာများ နာရီများ စသည်တို့သည် ဗုံးများဖြစ်တတ်သည်။ သေတ္တာအဖုံးများကို ကြိုးချည်ပြီး အဝေးကွယ်ရာမှ နေ၍ ဆွဲဖွင့်ရမည်။

(ဂ) အကယ်၍ ဗုံးတစ်လုံးတွေ့ရှိ၍ဤနည်းအတိုင်းပြုလုပ်သော်လည်း မပေါက်ကွဲကစစ်မြေပြင်အင်ဂျင်နီယာတပ်သို့ချက်ချင်းအကြောင်းကြားရမည်။

**ပေါက်ကွဲစေတတ်သည့် သို့မဟုတ် မီးလောင်လွယ်တတ်သည့်အရာဝတ္ထုများနှင့် ပတ်သက်သော ဖြစ်ပွားမှုများအတွက် လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ**

၂၀။ ၁၉၃၄ ခုနှစ်၊ ရေနံအက်ဥပဒေနှင့်သက်ဆိုင်သည့် ရေနံသို့မဟုတ် အခြားအရာဝတ္ထုများနှင့်စပ်လျဉ်း၍ ပေါက်ကွဲခြင်း သို့မဟုတ် မီးလောင်ခြင်း ကြောင့် အကြီးအကျယ်မတော်တဆဖြစ်ပွားမှုများကို ထိုအက်ဥပဒေပုဒ်မ (၂၇) အရ အနီးဆုံး တရားသူကြီးထံဖြစ်စေ အနီးဆုံးရဲစခန်းမှူးထံဖြစ်စေ အကြောင်းကြား လိမ့် မည်။ ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုများနှင့်စပ်လျဉ်း၍ အလားတူဖြစ်ပွားမှုများကိုလည်း ၁၈၈၄ခုနှစ်၊ ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုအက်ဥပဒေပုဒ်မ(၈) အရ

အနီးဆုံးရဲစခန်းမှူးထံအကြောင်းကြားလိမ့်မည်။အကြီးအကျယ်မတော်တဆဖြစ်ပွားမှု ဆိုသည်မှာ လူ၏အသက်ဆုံးရှုံးသည့် ဖြစ်ပွားမှုဖြစ်စေ၊ လူ၏ကိုယ် သို့မဟုတ် ပစ္စည်းကို အကြီးအကျယ်ပျက်စီးစေသည့် ဖြစ်ပွားမှုဖြစ်စေ တစ်ခုခုကို ဆိုလို သည်။

၂၁။ မတော်တဆ သို့မဟုတ် တမင်ကြံရွယ်၍ ပြုလုပ်မှုကြောင့် ဖြစ်ပွားသော အကြောင်းများနှင့်စပ်လျဉ်း၍ အောက်တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်-

(က) ရဲစခန်းမှူးသည် မြို့နယ်ရဲတပ်ဖွဲ့မှူးမှတစ်ဆင့် ခရိုင်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းအကြောင်းကြားရမည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည်သက်ဆိုင်ရာစစ်မြေပြင်အင်ဂျင်နီယာတပ်နှင့် ပြည်နယ်/ တိုင်းရဲတပ်ဖွဲ့မှူးထံ ချက်ချင်းအကြောင်းကြားရမည်။ ပြည်နယ်/ တိုင်းရဲတပ်ဖွဲ့မှူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ အမြန်ဆုံးအကြောင်းကြားရမည့် အပြင် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့လည်း အကြောင်းကြားရမည်။

(ခ) အသက်ဆုံးရှုံးမှုဖြစ်ပွားလျှင်ဖြစ်စေ လူ၏ကိုယ် သို့မဟုတ် ပစ္စည်းကိုအကြီးအကျယ်ပျက်စီးမှုဖြစ်ပွားလျှင်ဖြစ်စေ၊ ရန်ကုန် အတိုင်းအတွင်း၌ ပထမသတင်းပေးတိုင်ချက်ရရှိသော ရဲစခန်းမှူး သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ ချက်ချင်းအကြောင်းကြား ရမည်။ ကျန်ပြည်နယ်/ တိုင်းများ၌ ခရိုင်ရဲတပ်ဖွဲ့မှူးသည် မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ ချက်ချင်းအကြောင်းကြားရမည်။

(ဂ) ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍အစီရင်ခံစာကိုပြည်နယ်/ တိုင်းရဲတပ်ဖွဲ့မှူး သည် ၄င်း၏မှတ်ချက်နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ အမြန်ဆုံး ဆက်လက်ပေးပို့ရမည်။

၂၂။ ၁၉၃၄ ခုနှစ်၊ ရေနံအက်ဥပဒေနှင့်သက်ဆိုင်သည့် ရေနံသို့မဟုတ် အခြားအရာဝတ္ထုများပေါက်ကွဲခြင်းသို့မဟုတ် မီးလောင်ခြင်းကြောင့် အလွန်ကြီးမား သော မတော်တဆဖြစ်ပွားမှုများ သို့မဟုတ် ဖြစ်လေ့ဖြစ်ထ မရှိသော မတော်တဆ ဖြစ်ပွားမှုများ ၄င်းအပြင်ပေါက်ကွဲစေသည့်အရာဝတ္ထုများနှင့်စပ်လျဉ်း၍ အလားတူ ဖြစ်ပွားမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် ပြည်ထဲရေးဝန်ကြီး ဌာနသို့ အစီရင်ခံရမည်။

၂၃။ သတ္တုတွင်းပေါက်ကွဲခြင်း သို့မဟုတ် မီးလောင်ခြင်းကြောင့် မတော်တဆဖြစ်ပွားမှုများနှင့် ပတ်သက်၍လည်း အထက်ပါနည်းလမ်းအတိုင်း အစီရင်ခံရမည်။

၂၄။ မတော်တဆဖြစ်ပွားသည့်အကြောင်းများကိုမသိလျှင် ပျက်စီးသည့်အတိုအစ သို့မဟုတ် အကျိုးအပဲ့များကို မရွှေ့မပြောင်းဘဲထားရှိပြီး သက်ဆိုင်ရာ စစ်မြေပြင် အင်ဂျင်နီယာတပ်သို့ အကြောင်းကြားရမည်။ အတိုအစအကျိုးအပဲ့တို့ အနေအထားမှာ မတော်တဆဖြစ်ပွားသည့်အကြောင်းရင်းကို ရှာဖွေဆုံးဖြတ်ရန် အရေးကြီးသောအချက်ဖြစ်သည်။

နောက်ဆက်တွဲ(ခ-၃၄)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
## ဓာတုဗေဒစစ်ဆေးရေးဌာန
## ရန်ကုန်

### ဓာတုဗေဒစစ်ဆေးရေးဌာနသို့ သက်သေခံပစ္စည်းများပေးပို့ရာတွင် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အချက်များ

၁။ ရဲစခန်းမှ ထင်မြင်ချက်တောင်းခံစာတွင် အမှုနှင့်သက်ဆိုင်သည့် (ပ)အမှတ်၊ ပုဒ်မ၊ စာအမှတ်၊ ရက်စွဲ၊ ရဲစခန်းတံဆိပ်ဝိုင်းနှင့် နမူနာတံဆိပ်တို့ ပြည့်စုံစွာပါရှိရမည်။

၂။ ယင်းထင်မြင်ချက်တောင်းခံစာတွင် အမှုဖြစ်စဉ်အကျဉ်းချုပ်၊ ပေးပို့သော ဖမ်းဆီးရမိပစ္စည်း၊ အရေအတွက်၊ သိလိုသောအချက်များ၊ ပေးပို့သူ၏အမည်၊ ရာထူး၊ လန့်ပါတ်နှင့် ရဲစခန်းမှူး၏အမည်၊ ထိုးမြဲလက်မှတ်၊ လန့်ပါတ် စသည်တို့ပါရှိရမည်။

၃။ ထင်မြင်ချက်တောင်းခံစာမိတ္တူတစ်စောင်ကို သက်သေခံပစ္စည်းထုပ်အတွင်း ထည့်သွင်းပေးပို့၍ မူရင်းကို သီးခြားစာအိတ်ဖြင့် ပူးတွဲပေးပို့ရမည်။

၄။ သက်သေခံပစ္စည်းများကို ခိုင်ခံ့လုံခြုံစွာထုပ်ပိုး၍ ရဲစခန်းချိပ်တံဆိပ်ရိုက်နှိပ်ပြီး အထုပ်ပေါ်တွင် (ပ)အမှတ်၊ ပုဒ်မနှင့် စာအမှတ်တို့ကို ထင်ရှားပီသစွာ ရေးသားထားရမည်။

၅။ ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှ အမျိုးအစားအလိုက် ခွဲခြား၍ သင့်လျော်သည့်အမှတ်အသားများ မှတ်သားပေးပို့ရမည်။

၆။ သွေး/သုတ်သွေးနှင့်ရေစိုနေသောပစ္စည်းများကို လေသလပ်ခံခြောက်သွေ့စေပြီးမှ ထုပ်ပိုးပေးပို့ရမည်။

၇။ ဖမ်းဆီးရမိသော ဆေးရည်၊ ဆေးပြား၊ ထိုးဆေး စသည်တို့ကို မူလပုလင်းအတိုင်း ပေးပို့ရမည်။

၈။ ဓာတုဗေဒဆေးရည်နှင့် အက်ဆစ်တို့ကို ၁၂၅ စီစီ ထက်မနည်း(ကော်မီသာဖင် တစ်ပုလင်းခန့်)၊ ရေနံကို ၅၀၀ စီစီ (ဘာလီတစ်ပုလင်းခန့်)ပေးပို့ရန် လိုအပ်ပါသည်။

၉။ စပါးနှင့် ဘိလပ်မြေတို့ကို ၅၀၀ ဂရမ်(နို့ဆီဘူးတစ်လုံးခန့်) ပေးပို့လျှင် လုံလောက်သော ပမာဏဖြစ်ပါသည်။

၁၀။ အတုအပပြုလုပ်မှုများ(ဆေးဝါး၊ အရက်၊ စီးကရက်) စသည်တွင် စံထား၍ တိုက်ဆိုင်စစ်ဆေးနိုင်ရန် သက်ဆိုင်ရာအစစ်အမှန်ပစ္စည်းများ ထည့်သွင်းပေးပို့ရပါမည်။

၁၁။ ဖမ်းဆီးရမိသောပစ္စည်းတစ်မျိုး၏ အရေအတွက်သည် ၁၀၀ အောက်ဖြစ်ပါက ပစ္စည်းအားလုံး ၁၀၀ မှ ၃၀၀ အထိ ဖြစ်ပါက ၅၀ ရာခိုင်နှုန်း နှင့် ၃၀၀ အထက် ဖြစ်ပါက ၁၀ ရာခိုင်နှုန်း ပေးပို့ရမည်။

၁၂။ မီးလောင်မှုများမှပစ္စည်းများကို ပလပ်စတစ် ၂ ထပ်၊ ထပ်၍ လုံခြုံစွာ ထုပ်ပိုးပေးပို့ရမည်။

၁၃။ အဆိပ်အတောက်အမှုများမှသိမ်းဆည်းရမိသော ပစ္စည်းပေးပို့ရာတွင် အမှုဖြစ်စဉ်အကျဉ်း၊ ဝေဒနာ၊လက္ခဏာနှင့် ခန့်မှန်းအဆိပ်အတောက် အမျိုးအမည် စသည်ဖြင့် ပြည့်စုံစွာပါရှိရန်လိုအပ်ပါသည်။

၁၄။ သက်သေခံပစ္စည်းများ လာရောက်ပေးပို့သူ/ ထုတ်ယူသူတို့သည် ရဲတပ်ဖွဲ့ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်ထားပြီး ခရီးသွားလာခွင့် အမိန့်/စိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၁၅။ မူးယစ်ဆေးဝါးအမှုများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မူးယစ်ဗဟိုရုံး၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပြီးမှ လာရောက်ပေးပို့ရမည်။

၁၆။ သက်သေခံပစ္စည်းများ ပြန်လည်ထုတ်ယူရာတွင် ဤရုံးမှ ထုတ်ပေးထားသော လက်ခံဖြတ်ပိုင်းနှင့်အတူ ပို့အပ်သူကိုယ်တိုင် သို့မဟုတ် တရားဝင်လွှဲစာပါရှိသူကိုသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၁၇။ သက်သေခံပစ္စည်းများ စာတိုက်မှတစ်ဆင့် ပေးပို့ခြင်းမပြုရ၊ ရဲစခန်းနှင့်မသက်ဆိုင်သောပစ္စည်း (ဥပမာ-ဆီး၊ သွေး၊ မှန်ချပ်) စသည်များကို ယူဆောင်လာခြင်းမပြုရ။

၁၈။ ဓာတုဗေဒဝန်၏ထင်မြင်ချက်ပြန်ကြားစာနှင့် သက်သေခံပစ္စည်းများကို ရက်ပေါင်း ၁၄ ရက်အတွင်း ပြန်လည်ထုတ်ယူရမည်၊ ပြန်လည်ထုတ်ယူခြင်းမပြုပါက လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်းပြုမည်ဖြစ်သည်။

၁၉။ အကြောင်းအမျိုးမျိုးကြောင့် ဓာတုဗေဒဝန်၏ထင်မြင်ချက်ပြန်ကြားစာ ပျောက်ဆုံးခြင်းနှင့် ပျက်စီးခြင်းဖြစ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှခွင့်ပြုမှသာလျှင် မိတ္တူပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၂၀။ အခါအားလျော်စွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပြန်ကြေညာသော ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားကြရန်ဖြစ်သည်။

ဓာတုဗေဒစစ်ဆေးရေးဌာန

ပုံစံ-၁၉
ရ -၃၁

# အကျဉ်းသားအထက်ကမှုပြစ်တင်ရှုံးစီရင်ခံရဘူးကြောင်းသက်သေခံလက်မှတ်

| | | |
|---|---|---|
| အမှတ် | အကျဉ်းသားအမည် | |
| | အဘအမည် | |

စာရင်း (က) ထောင်တွင်ခံရသည့်ပြစ်ဒဏ်စီရင်ချက်များ

| မှုအမည် | စွဲချက် | ပြစ်ဒဏ်စီရင်ချက် | နေ့စွဲ |
|---|---|---|---|
| | | | |

စာရင်း (ခ) အခြားထောင်များတွင် ခံရသော်လည်း.................................. ထောင် မှတ်ပုံတင်စာရင်းစာအုပ်တွင် ရေးမှတ်သည့်ပြစ်ဒဏ်စီရင်ချက်များ

| မှုအမည် | စွဲချက် | ပြစ်ဒဏ်စီရင်ချက် | နေ့စွဲ |
|---|---|---|---|
| | | | |

သက်သေခံလက်မှတ်

အထက်အမည်ပါအကျဉ်းသား ......................................သည်၊ စာရင်း (က)တွင် ဖော်ပြပါရှိသည့် ပြစ်ဒဏ်များကိုဖြစ်စေ၊ ၎င်းဒဏ်အသီးသီးအစိတ်အပိုင်းကိုဖြစ်စေ၊ ယခုထောင်တွင် ခံပြီးဖြစ်ကြောင်း၊ ၎င်းအကျဉ်းသားပေါ်လျှင် အထက်ပါစာရင်း (ခ)တွင် ဖော်ပြပါရှိသည့် ပြစ်ဒဏ်များကို ခံပြီးဖြစ်ကြောင်းနှင့်လည်း၊ ထောင်မှတ်ပုံတင်စာရင်းစာအုပ်တွင် ဖော်ပြပါရှိကြောင်း ကျွန်ုပ် ......................................က သက်သေခံလက်မှတ်ရေးထိုးသည်။

.................... ခုနှစ် .................................. လ၊ ........... ရက်။

ထောင်ပိုင်ဝန်

## မှာစာ

-------------------------------------------------------------------- ထောင်ပိုင်ဝန်ထံသို့၊ ------------------

ပြစ်မှုနှင့်စွဲဆိုခံလျှက်ရှိနေသဖြင့် ယခုပို့ရောက်ရှိသူ ------------------ အပေါ်တွင် အထက်က ပြစ်မှု ထင်ရှား စီရင်ခံရဘူးသည့် အချက်ရှိလျှင် ၎င်းအချက်နှင့် စပ်လျဉ်း၍၊ ကျောဘက်ပါ သက်သေခံ လက်မှတ်တို့ ဖြည့်သွင်း ရေးသားပြန်ပို့ပါမည့်အကြောင်း၊ ဆိုခဲ့သော ------------------------------------------------ သည်၊ ၎င်းသက်သေခံလက်မှတ်တွင် အမည်ပါရှိသူ အမှန်ဖြစ်ကြောင်း ထင်ရှားသိရှိသူ တစ်ဦးဦး အမည်တို့လည်း ရေးသားဖော်ပြမည့်အကြောင်း။

------------------------ ၌

---------------- ခုနှစ် ---------------------------- လ ------- ရက်

လက်မှတ်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့

### ရဲလက်စွဲ(ဒုတိယတွဲ) ပြန်လည်ပြင်ဆင်ရေးကော်မတီ

| | | | | |
|---|---|---|---|---|
| ၁။ | ရဲမှူးချုပ် | ဖော်ဝင်း | ရဲဦးစီးအရာရှိချုပ် | ဥက္ကဋ္ဌ |
| ၂။ | ရဲမှူးကြီး | ဝင်းကြည် | ညွှန်ကြားရေးမှူး (စီမံ/ လေ့ကျင့်) | ဒုဥက္ကဋ္ဌ |
| ၃။ | ဒုဗိုလ်မှူးကြီး | သန်းအောင် | လက်ထောက်စစ်ဥပဒေချုပ် ရန်ကုန်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ၄။ | ဒုရဲမှူးကြီး | မောင်မြင့် | ဒုညွှန်ကြားရေးမှူး (မှုခင်း) | ။ |
| ၅။ | ဒုရဲမှူးကြီး | တင်မောင်သိန်း | ဒုညွှန်ကြားရေးမှူး (ဥပဒေ/ စည်းကမ်း) | ။ |
| ၆။ | ဦးမြသိန်း | | ဒုညွှန်ကြားရေးမှူး (တရားရုံးချုပ်) | ။ |
| ၇။ | ဦးအောင်ကျော်လင်း | | ဒုညွှန်ကြားရေးမှူး (ရှေ့နေချုပ်ရုံး) | ။ |
| ၈။ | ဦးကျော်မြင့် | | လက်ထောက်ညွှန်ကြားရေးမှူး (စစစ) | ။ |
| ၉။ | ရဲမှူး | ဝင်းမြင့် | ရဲမှူး(ရ/ သုံး) | ။ |
| ၁၀။ | ရဲမှူး | စိန်မောင် | မှုခင်းတပ်ဖွဲ့ | ။ |
| ၁၁။ | ရဲမှူး | မျိုးချစ်ထွန်း | စည်ပင်သာယာရဲတပ်ဖွဲ့ | ။ |
| ၁၂။ | ဒုရဲမှူး | အောင်ဆွေ | ဥပဒေ၊ နည်းပညာနှင့် လေ့ကျင့်ရေး | ။ |
| ၁၃။ | ဒုရဲမှူး | အောင်သန်း | ရန်ကုန်တိုင်းရဲတပ်ဖွဲ့ | ။ |
| ၁၄။ | ဒုရဲမှူး | အောင်ချို | ရထားရဲတပ်ဖွဲ့ | ။ |

| | | | | |
|---|---|---|---|---|
| ၁၅။ | ဒုရဲမှူးကြီး | မောင်ကျော် | ဒုညွှန်ကြားရေးမှူး (ဥပဒေ၊နည်းပညာ နှင့်လေ့ကျင့်ရေး) | အတွင်းရေးမှူး |
| ၁၆။ | ရဲမှူး | နေမျိုးသူ | ဥပဒေ၊နည်းပညာ နှင့်လေ့ကျင့်ရေး | တွဲဖက်အတွင်းရေးမှူး |

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့

### ရဲလက်စွဲစာအုပ်များ ပုံနှိပ်ထုတ်ဝေရေးကော်မတီ

| | | |
|---|---|---|
| ၁။ ရဲမှူးချုပ်ဇော်ဝင်း | ရဲဦးစီးအရာရှိချုပ် | ဥက္ကဋ္ဌ |
| ၂။ ရဲမှူးကြီးဝင်းကြည် | ညွှန်ကြားရေးမှူး (စီမံ/လေ့ကျင့်) | အဖွဲ့ဝင် |
| ၃။ ဒုတိယရဲမှူးကြီးမောင်ကျော် | ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေ၊ နည်းပညာနှင့်လေ့ကျင့်ရေးဌာနခွဲ | ״ |
| ၄။ ဒုတိယရဲမှူးကြီးမြင့်သိန်း | ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ) | ״ |
| ၅။ ရဲမှူးဝင်းမြင့် | ရဲမှူး (ရသုံး) | ״ |
| ၆။ ရဲမှူးစိန်မောင် | မှူခင်းတပ်ဖွဲ့ | ״ |
| ၇။ ဒုတိယရဲမှူးအောင်ဆွေ | ဥပဒေ၊ နည်းပညာနှင့်လေ့ကျင့်ရေးဌာနခွဲ | ״ |
| ၈။ ရဲမှူးနေမျိုးသူ | ဥပဒေ၊ နည်းပညာနှင့်လေ့ကျင့်ရေးဌာနခွဲတွဲဖက်အတွင်းရေးမှူး | |
| ၉။ ရဲမှူးကျော်ရင် | ရဲမှူး (မှာ/ဝယ်) | အတွင်းရေးမှူး |